www.shwezinu.com မှ ကူးယူထားပါသည်။

## အထောက်တော် လှအောင် စူဇီဝေါင်း

ကျနော်အခု စတုတ္ထ စာအုပ်အဖြစ် စူဇီပေါင်း ကိုတင်ပေးပါမယ်..၊ ဒီစာအုပ် တွေတင်နိုင် ဘို့ရာ အတွက် ကျနော့် စာအုပ် များကို စာရိုက်ပေးကြတဲ့ ကျနော့် သမီးများကို အမည်တတ် ပြီး ကျေးဇူးတင်ကြောင်း ပြောပါအုန်းမယ်.၊ သမီးတွေဟာ သူတို့ ဆရာမ စိတ်ကျေနပ် ဘို့ စားချိန်မစား၊ အိပ်ချိန် မအိပ်၊ နားချိန်မနား၊ ချက်ချိန်မချက် ဘဲ ကျနော့် ဘလော့ လေး အတွက်ကျိုးစား ပေးပါ့မယ်တဲ့..။

ကျနော့် မှာ သမီးတွေ အများကြီးရှိပါတယ်..၊ အခု တာဝန်ယူထားတဲ့ သမီးများကတော့ မဝေခိုင်စိုး (အမည်လေးနဲ့ လိုက်အောင် ချောတယ် ခင်ဗျ)၊ နောက်တယောက် ကတော့ မငြိမ်းပြည့်စုံ တဲ့ သူလေး ကလည်း ချေသူမဟုတ်၊ နောက် တယောက် ကတော့ မမိုးမိုး ပါတဲ့ သူကလည်း ယဉ်ယဉ်လေး နဲ့ လှသူပါ။

အခု စူဇီဝေါင်း ကိုတော့ မသီဂီ ဆိုတဲ့ သဘောကောင်း သလောက် စက်မှာ လက်တတ်..အဲ.. လက်မှာ စက်တတ် ထားသလိုတောင် ထင်ရအောင် ရိုက်နိုင်သူလေးက တဦးတည်း တာဝန် ယူထားပါတယ် ခင်ဗျား...ကဲ၊ သမီး များ ကျေးဇူးတင် ကြောင်း ဘလော့မှာ တရားဝင်ဖော်ပြထားပြီ ဆိုတော့ ဘွာမခတ် တန်းနော်..၊ ပြော ပြီး ပြောစေ နော်..တော်ကြာ ဟို.သတင်းစာထဲက ဟို.ဟို လူကြီးတွေလို အခုတမျိုး တော်ကြာ တမျိုး မလုပ်ပါနဲ့.ဟင်း ပြင်းပြင်းထန်ထန် ..မသေမခြင်း လည်ပင်းကြိုးကွင်းစွပ် ပြီး ငရဲပြည် က ပြန်မလာနိုင်အောင်..အညိုးအတေး တွေ ကလည်း ပြင်းထန်လိုက်တာ..အမလေး လေး ဘာတွေများ ပြောမိနေပါလိမ့် ..။

တခြားသမီး တွေလည်း အများကြီး ရှိပါသေးတယ်.၊ ဒါပေမဲ့ ကျနော်လို ငွေမထွက်တဲ့ ကျေးဇူးတင် စကားတောင် ဘလော့ ထဲမှာဘဲ ပြောနိုင်တဲ့ (အပြင်မှာ မုံလေးတောင် ဝယ်မကျွေးတဲ့ ) သူတို့ ဆရာမ ကို လှည့် မကြည့်ကြဘူးဗျ..၊ အဲ နောက်ဆုံး အနေနဲ့ ပြောရရင် ကျန်တဲ့ သမီးများ အဲဒီလို ဘလော့ ပေါ်မှာ ကြော်ငြာစေချင်ရင် အခု အမြန်တန်းစီပြီး စာရင်းပေး လှည့်ကြပါ..၊ နောက်ဆက်တွဲ အနေနဲ့ ဖော်ပြ ပေးပါ့မယ်..။ နောက်ထပ် သမီးတွေ ထပ်ပြီး တိုးမယ်ဆိုရင် အစီအစဉ် တမျိုးပြောင်းပြီး ဓါတ်ပုံလေးနဲ့ ကျေးဇူးတင် ကြောင်း ပြောပေးမယ်နော် ...အမြန်လာကြပါ..

### အခန်း(၁)

မိန်းမပျိုသည် ဆုံလည်တံခါးကို တွန်းဝင်ကာ ကူးတို့သင်္ဘော စောင့်နေကြသည့် လူအုပ်ဆီသို့ လျှောက်လာသည်။

ကူးတို့သင်္ဘော စောင့်နေကြသည့် မိန်းမတိုင်းသည် ဘောင်းဘီနှင့် ချည်ကြမ်း အင်္ကျီများကို ဝတ်ထားကြသည်။ ယောက်ျားတိုင်း လိုလိုကတည်း ခြေညှပ်ဖိနပ်စီးပြီး ရွှေသွားကိုယ်စီနှင့်ဖြစ်သည်။

ယခု မိန်းမပျိုကမူ ပိုနီတေး လိုဆံပင်ကို နောက်မှာစုချည်ထားသည်။ ပြီးတော့ ဒူးဆစ်ဖုံးရုံမျှသာ ရှည်လျားသော ဂျင်းဘောင်းဘီ အစိမ်းရောင်ကို ဝတ်ဆင်ထားသည်။

ဆန်းတော့ အဆန်းသားဟုကျွန်တော် တွေးနေမိပါသည်။ တရုတ်မကလေးက ဂျင်းဘောင်းဘီ ဂတ်လို့။ မကြုံဖူးသူ နားလည်အောင် ဘယ်လိုရှင်းပြရပါ့။

ဆောင့်ကြောင့် ထိုင်ပြီး ဈေးရောင်းနေသည့် လမ်းဘေးဈေးသည်တစ်ယောက်ဆီသို့ သူလျှောက်သွားကာ ပိုက်ဆံ အကြွေထုတ်ပေးသည်ကို ကျွန်တော်အကဲခတ် ကြည့်နေမိပါသည်။ ဦးထုပ် အစုတ်ကြီး ဆောင်းထားသော ဈေးသည်က တရုတ်သတင်းစာ အစုတ်တစ်ရွက်ကိုကတော့လုပ်ပြီး ကွာစေ့များ ထည့်ပေးလိုက်သည်။ ပြီးတော့ မိန်းမပျို ကမ်းပေးသည့် ဆယ်ပြားစေ့ကိုယူသည်။

မိန်းမပျိုက တစ်ဖက် လှည့်ထွက်လာသည်။ လက်သည်းနီ ဆိုးထားသော လက်ချောင်းကလေး များဖြင့် ကွာစေ့ကို ယူကာ အမှတ်မထင် စားရင်းကျွန်တော်နှင့် သုံးပေခန့် အကွာမှာ လာရပ်သည်။

အလွန်ချမ်းသာသော တရုတ်သူဌေးကြီး တစ်ဦး၏ သမီးဖြစ်ပေလိမ့်မည် ဟုကျွန်တော် ထင်ပါသည်။ ဒါမှမဟုတ် ကျောင်းသူလေး တစ်ယောက်ဖြစ်ရမည်။ ဒါမှမဟုတ်လျှင် အရောင်း ဈေးသည်မကလေး လည်း ဖြစ်နိုင်သည်။

တရုတ်မကလေးများ၏ဘဝအမှန်ကို အကဲခတ်ရသည်မှာမလွယ်ကူပါ။

ကွာစေ့ကိုသွားနင့်ခွဲလိုက်သည်။ ကွဲသွားသည့် အခွံတစ်ဖက်ကို နောက်ဘက် လှန်ချိုးသည်။ ပြီးတော့ အထဲမှအဆန်ကို သွားဖြင့်ပင်ထုတ်ယူပြီးစားသည်။ အလွန်လွယ် ကူပါသည်။

မိန်းမပျိုကလေး၏ ဟိုဘက်ဘေးတွင် အင်္ကျီကော်လာမြင့်မြင့်နှင့် တရုတ်အဘိုးကြီး တစ်ယောက်ရှိသည်။ နက်ပြောင်နေသည့် သစ်သားလက်ကိုင်တုတ် အပေါ်မှာအားပြုရပ် ရင်းတစ်ပေလောက် ရှည်သော မုတ်ဆိတ်မွေး ဖြူဖြူ များကို ပွတ်သပ်နေသည်။ မိန်းမတစ်ယောက်၏ နောက်ကျောမှာ အဂတ်နှင့်သိုင်းပြီး ပိုးလွယ်ထားသောကလေးငယ်ကမူ ပတ်ဂန်းကျင်ကိုကြည့်နေသည်။ မျက်မှန်ထူထူနှင့် တရုတ် လူငယ်တစ်ယောက် က စာတစ်အုပ်ကို သူ့နှာခေါင်းနှင့်ထိလုနီးပါးကပ်ပြီး သဲကြီးမဲကြီး ဖတ်နေသည်။ စာအုပ်အမည်က "အေရိုဒိုင်နမစ်"။

မိန်းမပျိုသည် နောက်ထပ်ကွာစေ့ကိုယူပြီး ဖြူဖွေးညီညာသည့်သွားများဖြင့် ကိုက်ခွဲနေပြန်သည်။ ထိုအချိန်မှာပင် သူ့ကို စိုက်ကြည့်နေသည့် ကျွန်တော်နှင့်မျက်လုံးချင်းဆုံမိ သွားသည်။ ကျွန်တော့်ကို စိတ်ဂင်စား သွားသည့် အမူအရာမျိုးဟု ကျွန်တော်ထင်လိုက်သည်။ ထို့ကြောင့် ကျွန်တော်က စကားလှမ်းပြောမိရက်သား ဖြစ်သွားသည်။

"ကျုပ်လည်း အဲဒီလို လုပ်တတ်ချင်လိုက်တာဗျာ"

"ဟာ"

"ကွာစေ့စားတာလေ...အဆင်ပြေအောင်ဘယ်လိုကြိုးစား စားလို့မှမရဘူး"

"စကားမပြောနဲ့"

ချက်ချင်းသူမျက်နှာလွှဲသွားသည်။ သင်္ဘောအောက်ထပ်မှ ဆယ်ပြားတန်း နေရာယူရန် စောင့်နေကြသော လူအုပ်ကြီးကို သူငုံ့ကြည့်နေလိုက်သည်။ အောက်မှာ ကကူလီတွေ၊ တံခါသည် တရုတ်မတွေ၊ ဆေးမင်ကြောင် ထိုးထားသည့် လက်လုပ်လက်စားတရုတ် အမျိုးသားတွေ ပြည့်ညှပ်နေသည်။

မိန်းမပျိုကမူ ဣန္ဒြေကြီးတစ်ခွဲသားဖြင့်ကွာစေ့ဆက်စားနေသည်။

ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှ မခံစားရအောင် ကြိုးစားထိန်းနေမိသည်။ မိန်းမပျိုကလေးများကို စတင်မိတ်ဖွဲ့ရာတွင် ကျွန်တော်သည် အမြဲတမ်း ညံ့ဖျင်းစမြဲဖြစ် သည်။ သည်ကိစ္စမျိုးတွင် ကျွန်တော် သည် အမြဲတမ်း လူကဲခတ်ညံ့လှပါ၏။

ခဏကြာတော့ သူ စိတ်မကောင်းဖြစ်သွားပုံရသည်။ မှန်ပါသည်။ မျက်လုံးကလေး ထောင့်ကပ်ပြီး ကျွန်တော့်ကို မသိမသာ သူလှမ်းကြည့်လိုက်သည်။ ကျွန်တော့်အပေါ် အထင်မှား အမြင်မှား ဖြစ်မိသည် ဟုလည်း တွေးနေပုံရသည်။

ချက်ချင်း တစ်ဖက်သို့ လှည့်သွား ပြန်သည်။ ပြီးတော့ တစ်ချက်ခိုးကြည့်ပြန်သည်။ သည့်နောက်မှ လေသံကို ထိန်းပြီး လှမ်းမေးသည်။

"ရှင်က သင်္ဘောသားလား"

"ကျုပ်လား သင်္ဘောသား..မဟုတ်ရပေါင်ဗျာ.."

သူ အနည်းငယ် စိတ်သက်သာရာ ရသွားပုံပေါ် သည်။

"သေချာပါတယ်နော်"

"အိုး…သိပ်ကိုသေချာပါတယ်ဗျာ"

"ကောင်းပြီ…ရှင် စကားပြောချင်ရင် ကျွန်မတို့ ပြောမယ်"

"အင်း…ကောင်းပါလေ့ကွယ်"

ပြောရင်းကျွန်တော် တစ်ချက်ရယ်လိုက်မိပါသည်။

"ဒါပေမဲ့ ဘာကြောင့်များ သင်္ဘောသားတွေအပေါ် မင်း သဘောမကျသလဲဆိုတာ ကလေး သိစမ်း ပါရစေဗျာ"

"ကျွန်မ မဟုတ်ဘူး … အဖေ"

"မင်းအဖေက သင်္ဘောသားတွေကို မနှစ်မြို့ဘူးလို့ ဆိုလိုတာလား"

"မဟုတ်ဘူး…သင်္ဘောသားတွေက မိန်းကလေးတွေအများကြီးကို ဖမ်းပြီး ဒုက္ခပေး တယ်လို့အဖေကပြောတယ်"

"ဒါကြောင့် သင်္ဘောသားတွေနဲ့ စကားမပြောရဘူးလို့ မင်းအဖေကချုပ်ချယ်ထား တာလား"

"မဟုတ်ဘူး…သင်္ဘောသားတွေနဲ့ စကားပြောရင်နင့်ကိုငါရိုက်မယ်လို့ အဖေက ပြောတယ်"

"အင်း…ဒါဆိုရင်တော့ မင်းအဖေဟာ အတော်ပညာရှိမယ့်ပုံပဲ"

"ဟုတ်တယ်...ပညာရှိတယ်"

ကူးတို့သင်္ဘောကပ်လာသည်။ လူအုပ်ကြီးက သင်္ဘောဆီသို့ရွေ့သွားသည်။ ကျွန် တော်တို့ နစ်ယောက်လည်း ကုန်းဘောင်အတိုင်း သင်္ဘောပေါ်သို့တက်ခဲ့ပြီး အပေးဆုံးထပ် ကုန်းပတ်မှ သစ်သား ခုံရှည်များ အနက် တစ်ခုပေါ်တွင် နေရာယူလိုက်သည်။ ကူးတို့လုပ်ငန်း ကိုတရုတ်မျိုးများက ပိုင်ဆိုင်ပြေးဆွဲ နေခြင်းဖြစ်ပါသည်။ လုပ်ငန်း အလွန်ကျွမ်းကျင်ကြ သည်။

အင်ဂျင်ခုတ်မောင်းမှု အရှိန်နှင့် လှိုင်းပုတ်မှုကြောင့် သင်္ဘောကိုယ်ထည် မတုန်ခါမီမှာ ပင်ခုံတန်း ပေါ်မှာ ကျွန်တော်တို့ ဂင်ထိုင်ကြသည်။

ခဏကြာတော့ ကိုလုန်းဆိပ်ကမ်းကို သင်္ဘောက ခွာလာသည်။ ကျောက်ချထား သည့်ကုန်တင် သင်္ဘောကြီးများ၊ ရေမဘောက်တူကြီးများကို ကျော်ဖြတ်လာခဲ့သည်။

ရေလက်ကြား၏ဟိုဘက်ခြမ်း ကျွန်တော်တို့ရှေ့မှာ ဟောင်ကောင်။ ကိုက်ရာပေါင်း အနည်းငယ် မျှသာ ကျယ်လွင့်သော ကမ်းရိုးတန်းကလေးပေါ်မှာတည်ရှိသည့် ဟောင်ကောင်။

ကုန်းကျောကမ်းရိုးတန်း ကလေးက မိုင်အတော်များများ ရှည်လျားသည်။ ထိုအပေါ် တွင်မိုးထိတိုက်ငယ် များပြွတ်သိပ် ခဲနေသည်။ ရှည်လျားသည့် ကမ်းရိုးတန်းတစ်လျှောက် တွင်လည်း သမ္ဗန်တွေ၊ တုံကင်းတွေ၊ ဘောက်တူကြီးတွေက မျက်စိတဆုံး။ ရှုမဆုံး မျှော် မဆုံး။

သူတို့၏ ဟိုမှာဘက်တွင်မူ ဟောင်ကောင်မြို့ကို မိုးနေသည့် တောင်။ ထိုတောင် ပေါ်မှာကား လူ့မလိုင်ခဲများ ပိုင်ဆိုင်နေထိုင်သည့် ဗိုလ်တဲဖြူဖြူများနှင့် ဇိမ်ခံတိုက်အိမ်များ။

ကျွန်တော်တို့ ကူးတို့သင်္ဘောသည် ကိုလုန်းကျွန်းဆွယ်ကို ကွေ့ပတ်ပြီး ရေလက် ကြားကို ဖြတ်ကာ ဂမ်ချိုင်းဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းနေသည်။ ဂမ်ချိုင်းခရိုင်သည် ဟောင်ကောင်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး လူဦးရေ အထူထပ်ဆုံးဖြစ်သည်။

ဘေးမှာရှိနေသည့် မိန်းမပျို၏မျက်နှာကလေးကို ကျွန်တော် လှည့်ကြည့်မိသည်။ သူ့မျက်နှာက ပိုင်းပိုင်း၊ နညက် ချောမွတ်နေသည်။ နက်မှောင်သည့် မျက်လုံးအစုံက ခပ် လျားလျား။ မျက်ခုံးက ရေးဆွဲ ထားဘိအလား လေးကိုင်းသဏ္ဍာန်ရှိနေသည်။ ပါးရိုးများက တုတ်ခိုင်လေရာ မွန်ဂိုအနွယ်ဖြစ်ကြောင်း သိသာလှပါသည်။

"မင်းက မြောက်ပိုင်းသူလား"ဟုကျွန်တော်က မေးကြည့်သည်။

"ဟုတ်တယ် ရှန်ဟဲက..."

"ဒါပေမဲ့ အခုတော့ ဟောင်ကောင်မှာနေတာပေ့ါနော်..."

"မြောက်ဘက်ပွိုင့်မှာ"

"အင်မတန်ကောင်းတဲ့နေရာပဲ"

ထို့ကြောင့်လည်း ယခုကူးတို့သင်္ဘောပေါ်မှာ သူပါလာခြင်း ဖြစ်ပေသည်။ မြောက် ဘက်ပွိုင့်သည် ဂမ်ချင်း အလွန်မှာရှိသည်။ ဂမ်ချိုင်းဆိပ်ကမ်းမှဆင်းလျှင် အနီးဆုံးဖြစ် သည်။ တစ်ရပ်ကွက်လုံး အိမ်ကြီးရခိုင်များနှင့် လူချမ်းသာများသာ နေထိုင်ကြသည်။

"ဟုတ်တယ်...အိမ်နှစ်လုံးတောင်ရှိတယ်လို့ပြောနေတာလား"

"လေးလုံး"

"လေးလုံးကြီးများတောင်မှလား"

တရုတ်သူဌေးအချို့အိမ်နှစ်လုံး သုံးလုံးပိုင်သည်ကို ကျွန်တော် သိပါသည်။ သို့သော်လည်း အိမ်လေးလုံးတောင် ပိုင်ဆိုင်သည်မှာတော့ စံချိန်ဖြစ်သွားပါတော့သည်။ အချို့တရုတ်သူဌေးများ အလွန်ချမ်းသာ ကြသည်။ ချမ်းသာကြွယ်ဝလှပါသည်ဆိုသော ဥရောပတိုက်သားများနှင့်ယှဉ်လိုက်လျှင် ဥရောပတိုက်သား များမှာ ဆင်းရဲသားဘဝရောက် သွားလောက်အောင်ကို ချမ်းသာပါသည်။

"အဲဒီအိမ်တွေအားလုံး ဟောင်ကောင်မှာချည်းပဲလား"

"ဟုတ်လား ဟောင်ကောင်မှာချည်းပဲ၊ အဖေကလေ သိပ်ဌေးတာ၊ သိတယ်မဟုတ် လား..."

သူစိတ်ချမ်းသာနေပုံ ရပါသည်။ ပကတိ ရိုးသားဖြူစင်သော ကလေးငယ် တစ်ယောက်ကဲ့သို့လည်းရှိနေသည်။

"ကောင်းတာပေါ့ကွာ၊ ဒါ့ထက်ကျန်တဲ့အိမ်နှစ်လုံးက ဘယ်မှာရှိသလဲ"

မိန်းမပျိုက ပြောပြီးသား အိမ်နှလုံးကို လက်ချောင်းကလေးနှစ်ချောင်းချိုးပြီး ရေတွက်လိုက်သည်။ ပြီးတော့မှ တစ်ချောင်းချင်းချိုးကာ ဆက်ရေပြနေသည်။

"နံပါတ်သုံးက ကောင်ဂျူလမ်းမှာ၊ နံပါတ်လေးက တောင်ထိပ်ပေါ်မှာ၊ နံပါတ်ငါး..."

"နံပါတ်ငါး မရှိဘူးလေ"

"ရှိတယ် မေ့သွားလို့...နံပါတ်ငါး ပျော်စရာတောင်ကြားမှာ၊ ဒါပေမဲ့ အဲဒီအိမ်က သေး သေးလေးပါ၊ သိတယ် မဟုတ်လား...အခန်းဆယ်ခန်းပဲရှိတယ်"

"အို... ဘာဖြစ်လောက်တာ မှတ်လို့ကွာ"

ကျွန်တော် ရယ်လိုက်မိပြန်သည်။

"ဒါဖြင့်ရင် မော်တော်ကားတွေရော...မင်းအဖေမှာ မော်တော်ကားတွေ ဘယ်လောက် များများရှိသလဲ"

တရုတ်သူဌေးများသည် အိမ်ထက်မော်တော်ကားစီးရေ အများအပြားကို ပိုမိုဂယ်ယူ တတ်ကြသည်။

"မော်တော်ကားလား...နေဦး စဉ်းစားဦးမယ်"

မိန်းမပျိုက မျက်ခုံးကိုပင့်လိုက်သည်။ သူ့လက်ချောင်းကလေးများကိုချိုးပြီး ရေတွက်နေပြန်သည်။ ခဏကြာတော့ မှ ခစ်ခနဲ တစ်ချက်ရယ်လိုက်ပြီး သူ လက်လျှော့ လိုက်တော့သည်။

"အိုး…ကားတွေ ဘယ်လောက်များတယ်ဆိုတာ မေ့သွားပြီ မမှတ်မိတော့ဘူး"

"မင်းအတွက် ကိုယ်ပိုင်တော်တော်ကားတစ်စီးလည်း ရှိမှာပေ့ါနော်"

"မရှိဘူး…ကျွန်မက ကားစီးရမှာ သိပ်ကြောက်တာ၊ ဒါပေမဲ့ ဓာတ်ရထားကတော့ အရေးမကြီး ပါဘူး၊ သိတယ်မဟုတ်လား…ဓာတ်ရထားစီးရတာကို ကျွန်မ သဘောကျ တယ်"

ဆယ်ပြားဖိုးဂယ်လာသော ကတော့ထဲက ကွာစေ့လှော်ကို ကျွန်တော့်ဘက်တိုးပေး သည်။

"စားချင်ရင် စားလေ"

"စားချင်ပါတယ်၊ ဒါပေမဲ့ ရိုးရိုးသားသားပြောရရင် အခွံမခွာတတ်ဘူး၊ ကျုပ်ကို မင်း သင်ပေး ရလိမ့်မယ်"

"အရင်ကြိုးစားကြည့်ဦးလေ…"

ကျွန်တော် အကြိမ်ကြိမ် ကြိုးစားကြည့်ပါသည်။ သို့သော်လည်း ကွာစေ့လှော်များ ကကျွန်တော့် သွားကြားမှာ အစိတ်စိတ်အမြွှာမြွှာ ကျိုးကြေကုန်သည် ချည်းဖြစ်သည်။ အ ကောင်းပကတိ အဆန်ကို မည်သည့် နည်းနှင့်မျှ မရနိုင်။ အဆီအငေါ်မတည့်နိုင်သော ကျွန်တော့်အဖြစ်သည် မိန်းမပျိုအဖို့ တခစ်ခစ်ရယ် စေလေတော့သည်။ သူ့မျက်နှာကို လက်ကလေးနှစ်ဖက်ဖြင့် ကွယ်ပြီး သူရယ်သည်။ ပိုနီတေး ဆံပင်ကလေးက သွက်သွက်ခါ ယမ်းနေသည်။

ခဏကြာတော့မှ သူ အရယ်ရပ်သည်။ သို့သော်လည်း သူ့မျက်နှာက ပျော်ရွှင်မှု ကြောင့် ချိုပြုံးနေသည်။ ပြီးတော့ ကွာစေ့လှော်အခွံကို သွားကြားထဲမှာမည်သို့ခွဲရကြောင်း ပြသည်။ အခွံကို နောက်လှန်ချလိုက်ပြီး အသင့် ထုတ်ယူနိုင်သော အဆန်ကလေး တန်းလန်း ဖြင့် ကွာစေ့လှော်တစ်စေ့ ကျွန်တော့်ကို ကမ်းပေးသည်။

"အင်း…ကျုပ်လည်း ဒီအတိုင်းပဲ တစ်သဂေမတိမ်းလုပ်တာပဲ၊ မင်းစားတဲ့ ကွာစေ့ လှော်က အခွံခွာရတာ ပိုလွယ်တဲ့အစေ့နဲ့ တူတယ်"

"မဟုတ်ပါဘူး…အားလုံးအတူတူပဲ…"

"ဒါဆိုရင်တော့ ကျုပ် လက်လျှော့လိုက်ပြီး၊ မင်းနာမည်ဘယ်လိုခေါ်သလဲ…"

"ဂေါင်းမီလင်း"

"မီလင်း…သိပ်ချစ်စရာကောင်းတဲ့နာမည်ပဲ"

"ရှင့်နာမည်ကရော…"

"ရောဘက်လိုမက်ခ်ဇ်…ဒါမှမဟုတ် မင်းတို့နာမည်မှည့်ပုံမျိုးနဲ့ဆိုရင်လိုမက်ခ်ဇ်ရော ဘတ်ပေ့ါ"

"လောဘတ်"

"မဟုတ်ဘူး...ရကောက်သံ"

"ရောဘတ်...ရှင်က ဘယ်မှာနေသလဲ"

"အင်း...အမှန်ပြောရရင်"

"တောင်ပေါ်မှာလား"

"အင်း...ဟုတ်ပါတယ်၊ တောင်ခါးပန်း မှာပါ၊ ဘော်ဒါဆောင် တစ်ခုမှာနေတယ်၊ ဆန်းဆက် ဘော်ဒါဆောင် လို့ခေါ်တယ်"

ကျွန်တော့် အဖြေသည် အမှန်နှင့်အနီးစပ်ဆုံးသော အဖြေဟုဆိုရပါမည်။ လွန်ခဲ့ သောသုံးလေး ရက်အထိ ဆန်းဆက် ဘော်ဒါဆောင်မှာ အမှန်တကယ်ပင် ကျွန်တော် နေခဲ့ပါသည်။ လွန်ခဲ့သော သုံးလေး ရက်ကမှ ဂမ်ချိုင်းသို့ ကျွန်တော်ပြောင်းလာ ခဲ့ခြင်းဖြစ်သည်။ ယခုနမ်ကောက်ဟိုတယ်မှာ ကျွန်တော် နေသည်။ သို့သော်လည်း သည် မိန်းမပျိုလေး၏ အကြောင်းကို ဇာစ်ဇာစ်မြစ်မြစ် မသိသေး ဘဲနှင့် နမ်ကောက် ဟိုတယ်မှာ ကျွန်တော်နေ ကြောင်းပြောမပြနိုင်ပါ။

"ရှင်က အစိုးရအရာရှိလား၊ ဒါမှမဟုတ် ဘဏ်တိုက်မှာ လုပ်သလား"

"မဟုတ်ပါဘူး...နှစ်ခုစလုံး မဟုတ်ပါဘူး၊ အစကတော့ ရာဘာခြံမှာ လုပ်တယ်၊ အဲဒီအလုပ်က ထွက်လိုက်တာ နှစ်လလောက်ရှိသွားပြီ၊ ပန်းချီဆွဲချင်လို့လေ"

"ပန်းချီဆိုတာ ဘာလဲ"

"အရုပ်တွေဆွဲတာလေ"

သူ့ကိုပြရန် အိတ်ထဲမှ ပုံကြမ်းစာအုပ်ကို စမ်းကြည့်သည်။ မတွေ့တော့နမ်ကောက် ဟိုတယ်မှာ ကျွန်တော် ထားရစ်ခဲ့မိကြောင်း သတိရတော့သည်။ သည်အကြောင်း ဆက်မ ပြောတော့ဟု တွေးလိုက် မိသည်။

"အေး...သိပြီ ပန်းချီဆရာ"

"အခုအချိန်အထိတော့ ကိုယ့်ဟာကိုယ် ပန်းချီဆရာလို့ မခေါ်နိုင်သေးဘူးကွယ်"

သည်ကစပြီး သူနှင့်ကျွန်တော် လေပေးဖြောင့်သွားလေတော့သည်။ ထို့ကြောင့် ကျွန်တော်က တဆင့်တက်လိုက်သည်။ တစ်ညလောက် ကျွန်တော်နှင့်အတူတူ အပြင် ထွက်ပြီး ညစာစားဖို့ ဖိတ်မိသည်။ မိန်းမပျိုက ခါးခါးသီးသီး ငြင်းပစ်လိုက်သည်။

"ဒါဖြင့်ရင် နေ့လယ်စာရောကွာ"

"မဖြစ်ဘူး"

မိန်းမပျိုက ခေါင်းကို သွက်သွက်ကြီး ခါပစ်လိုက်သည်။ သူ့ခေါင်းနောက်မှာ တွဲ လောင်းကျ နေသည့် ပိုနီတေးကလေးက သွက်သွက်ယမ်း သွားသည်။

"ဒါပေမဲ့ မင်းနဲ့ ထပ်တွေ့ချင်ပါတယ် မီလင်း၊ တစ်ချိန်ချိန်မှာ မတွေ့နိုင်ဘူးလား ကွာ"

"မတွေ့နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မက မကြာခင် လက်ထပ်တော့မှာ"

လက်ထပ်တော့မည့်အကြောင်းနှင့် ပတ်သက်ပြီး ကျွန်တော့်ကို သူက ရှင်းပြသည်။

တရုတ်လူမျိုးတို့၏ ဓလေ့အတိုင်း သူ့မိဘများက စီစဉ်ပေးခြင်းဖြစ်ကြောင်း၊ သူနှင့် လက်ထပ်ရမည့်သူကို မမြင်ဖူးသေးကြောင်း၊ သို့သော်လည်း ဓာတ်ပုံတော့ တွေ့ပြီးပြီဖြစ် ကြောင်း၊ ဓာတ်ပုံထဲတွင် အလွန်ချောသည့် လူချော တစ်ယောက်ဖြစ်ကြောင်း၊ သူ့မှာလည်း ပိုက်ဆံတွေ အများကြီးရှိကြောင်း။

မည်သို့ဆိုစေ ယင်းအမျိုးသားနှင့် လက်မထပ်ရသေးသော်လည်း ကျွန်တော်နှင့် ချိန်းတွေ့၍ မဖြစ်နိုင်ကြောင်း၊ တရုတ်မကလေးများသည် အင်္ဂလိပ်မကလေးများနှင့်မတူကြောင်း၊ အင်္ဂလိပ်မကလေးများရရှိသည့် လွတ်လပ်ခွင့်မျိုးကို သူတို့တရုတ်မကလေးများ မရနိုင်ကြောင်း၊ အင်္ဂလိပ်မကလေးများသည် ယောက်ျားကလေး မိတ်ဆွေပေါင်းများစွာကို တစ်ပြိုင်တည်းထားနိုင်ကြောင်း၊ ထိုယောက်ျား ကလေးများနှင့်လည်း အတူတွဲကာ သွားလာလည်ပတ်နိုင်ကြောင်း၊ တွဲနေသည့် ယောက်ျား ကလေးတိုင်း ကိုလည်း မျှော်လင့်ချက်ပေးထား နိုင်ကြောင်း၊

တောင်ပေါ်မှာနေသည့် အင်္ဂလိပ်မကလေးတစ်ယောက်၏ အကြောင်းကို သူကြား ဖူးကြောင်း၊ ယင်းအင်္ဂလိပ်မကလေးသည် ယောက်ျားကလေးပေါင်းများစွာနှင့် နှစ်ပေါင်းများ စွာကြာအောင် တွဲခုတ် နေခဲ့ကြောင်း၊ နောက်ဆုံးတွင် ရာထူးအလွန်ကြီးသော အရာရှိကြီး တစ်ယောက်နှင့် ဟောင်ကောင် ဘုရားရှိခိုးကျောင်းတစ်ခုတွင် လက်ထပ်လိုက်ကြကြောင်း၊

သို့သော်လည်း တရုတ်မကလေးများအဖို့တော့ ထိုအပြုအမူမျိုးမှာ စိတ်ကူးထဲပင် ထည့်၍ မဖြစ် နိုင်ကြောင်း၊ သန့်ရှင်းစင်ကြယ်မှုဟူသည်မှာ လက်ထပ်ထိမ်းမြားရေးတွင် မည်သို့မှမျက်ကွယ်ပြု၍မရသော စည်းကမ်းချက် တစ်ရပ်ဖြစ်ကြောင်း၊ သန့်ရှင်းစင်ကြယ်သောမိန်းကလေး ဟုတ် မဟုတ်ကို ယောက်ျားကလေး၏ မိဘဆွေမျိုးများအနေဖြင့် မင်္ဂလာဦးနေ့မှာပင် စစ်ဆေးကြည့်ရှုခွင့်ရှိကြောင်း၊ မိန်းကလေးသည် သန့်ရှင်း စင်ကြယ်မှု မရှိပါက လက်ထပ်ထိမ်းမြားခြင်းလည်း ပျက်ပြားသွားကြောင်း၊ မိန်းကလေးသည် လမ်းပေါ်ရောက်သွားဖို့မှတစ်ပါး အခြားလမ်းမရှိတော့ကြောင်းများ မီလင်းက ကျွန်တော့်ကို အရှည် ကြီးရှင်းပြနေသည်။

"သိတယ်မဟုတ်လား...ဒါကြောင့်မို့လို့ ကျွန်မ ဘယ်တုန်းကမှရည်းစားမထားခဲ့ဘူး၊ အဖိုဆိုရင် ယင်ဖိုတောင် မသန်းဖူးဘူး"

သူက ဣန္ဒြေကြီးတစ်ခွဲသားဖြင့် ပြောချလိုက်သည်။

"ဟုတ်လား"

ကျွန်တော် ထိုမျှသာ ပြန်ပြောနိုင်ပါသည်။ သူ၏ပွင့်လင်းမှုကြောင့်လည်း ကျွန်တော် အထိတ်တလန့် ဖြစ်သွားမိပါသည်။

"မဖြစ်ဘူး...တစ်ခါကလေးတောင် မဖြစ်ဖူးသေးဘူး"

"အင်း...ကောင်းပါလေ့ကွယ်၊ မင်းမှာ အချိန်တွေအများကြီးကျန်နေပါသေးတယ်"

ပထမဆုံးအကြိမ် တွေ့တွေ့ချင်း ယခုလို ပွင့်ပွင့်လင်းလင်း ပြောကြခြင်းသည် တရုတ်လူမျိုးတို့၏ စစ်မှန်ပီသသော စရိုက်ပေလောဟု ကျွန်တော်တွေးနေမိပါသည်။

"အဲဒါကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲဟင်"

ဘာမှမသိ နားမလည်ရှာသူ တစ်ယောက်၏ အကြည့်မျိုးဖြင့် ကျွန်တော့်ကိုကြည့်ပြီး သူက မေးပါသည်။

"ဘာကို ဘယ်လိုခေါ်ရမှာလဲ"

"ဟိုဟာလေ...အဖိုဆိုရင် ယင်ဖိုတောင်မသန်းဖူးသေးဘူးဆိုတာ"

"ဪ...ဒါလား အပျိုစင်လို့ခေါ်တယ်"

"အပျိုစင်တဲ့လား အဲဒီလို ခေါ်ရသလား"

"ဟုတ်ပါတယ်"

"ဟုတ်ပြီ အပျိုစင်...အဲဒါ ကျွန်မပေါ့..."

လက်သည်းနီနီ ကလေးဆိုးထားသည့် လက်ညှိုးကလေးဖြင့် သူ့ကိုယ်သူပြန်ထိုးပြ ပြီး ပြောလိုက်သည်။ ကျွန်တော် ဂါးလုံးကွဲ ရယ်ချလိုက်မိပါသည်။

"မီလင်း မင်းဟာ သိပ်ကိုအံ့ဩစရာကောင်းတဲ့ မိန်းမထူးကလေးပဲ၊ ဘာပဲဖြစ်ဖြစ် ပေါ့လေ...အခုဆိုရင် ဒီကိစ္စနဲ့ပတ်သက်ပြီး တို့ရှင်းရှင်းလင်းလင်းသိသွားကြပြီ၊ အဲဒီတော့ ကျုပ်နဲ့အတူတူ မင်းညစာ လိုက်မစားနိုင်ဘူးလား၊ ဆိုလိုတာက ဒီလိုလေ..မင်းရဲ့ အပျိုစင် ဘဂကလေးကို ကျုပ်က ဖျက်ဆီး ပစ်ဖို့ မကြိုးစားပါဘူးလို့ ကတိပေးမယ်ဆိုရင်ပေါ့..."

သူကခေါင်းမာစွာဖြင့်ပင် ခေါင်းကို သွက်သွက်ရမ်းခါပြန်သည်။

"မဖြစ်ဘူး"

"ဒါပေမဲ့ မင်းပုံတူကို ကျုပ်က ပန်းချီဆွဲချင်တယ်ကွယ်"

"မဖြစ်ဘူး...ခဏကြာရင် ရှင်နဲ့ကျွန်မ ခွဲကြတော့မှာ..."

အင်ဂျင်စက်ရှိန်ကို မြှင့်လိုက်သည့်အတွက် သင်္ဘောကိုယ်ထည်တစ်ခုလုံးတုန်ခါ သွားသည်။ ဂမ်ချိုင်းကူးတို့ဆိပ် မှာ ကပ်မိလေပြီ။ ကုန်းဘောင်ထိုးလိုက်သည်။ ကျွန်တော် လည်းလူအုပ်ကြားမှာ မီလင်းနောက်က ဆင်းလိုက်ခဲ့တော့သည်။

ကမ်းပေါ်ရောက်တော့ လန်ချားသမားတွေထိုင်ငိုက်နေသည့်အနားမှာကျွန်တော်တို့ခဏရပ်ကြသည်။ ကျွန်တော် တည်းနေသည့် နမ်ကောက်ဟိုတယ်နှင့် သည်နေရာသည် အနီးကလေးဖြစ်သည်။ ဟိုတယ် အဝင်ပေါက်မှ အပြာရောင်နီယွန်မီးဆိုင်းဘုတ်ကို လှမ်းမြင်နေရသည်။ အပေါ်ဆုံးထပ် ကျွန်တော်နေသောထောင့်ခန်းမှ လသာ ဆောင်ကလေးကို တွေ့ရသည်။ လသာဆောင်ပေါ်မှာ ကျွန်တော် ပန်းချီဆွဲသည့် သုံးချောင်းထောက်စင်နှင့် လေးထောင့်ကင်းဘတ်အဖြူလည်းရှိနေသည်။ ထိုကင်းဘတ်ပေါ်တွင်ဂွမ်နီ၏ရုပ်ပုံကို မနက်ကပင်ကျွန်တော် စတင်ရေးဆွဲခဲ့ပါသည်။

ထိုနေရာကို ကျွန်တော် လှမ်းကြည့် လိုက်သောကြောင့် မီလင်းကလည်း လိုက်ကြည့်သည်။

"အဲဒီနောက် ဘာလဲဟင်"

"ဘယ်ဟာလဲ"

ကျွန်တော်က မရေမရာ ပြန်မေးသည်။ ပြီးတော့ သူ့အာရုံကို အမြန်ဆုံး ကျွန်တော် ပြောင်းပစ် လိုက်မိပါသည်။

"မင်း အခု ဘယ်ကိုသွားမှာလဲ မီလင်း"

"ဟင်နက်ဆီလမ်းကို"

"ဓာတ်ရထား သွားစီးမှာလား"

"မဟုတ်ဘူး...ဟင်နက်ဆီလမ်းမှာကျွန်မကို မော်တော်ကားစောင့်နေတယ်"

"ကားဆီအရောက် မင်းနဲ့တူတူ လိုက်လာလို့ဖြစ်မလား"

"မဖြစ်ဘူး...ဒရိုင်ဘာက အဖေ့ကို ပြန်တိုင်မှာပေ့ါ"

"ဒါဆိုရင် မင်းအဖေက ရိုက်လိမ့်မယ်ထင်တယ်"

"ဟုတ်တယ် ရိုက်မှာပဲ"

"ဒီလိုဆိုရင် ညစာစားဖို့ကိစ္စမင်းစိတ်ကို မပြောင်းနိုင်တော့ဘူးလား"

"မပြောင်းနိုင်တော့ဘူး...ကျွန်မသွားတော့မယ်"

ထုံးစံအတိုင်း နှုတ်ဆက်ရန် သူက လက်ကမ်းပေးလာသည်။ သူ့လက်ကို ကျွန်တော်ဆုပ်ကိုင် နှုတ်ဆက် လိုက်တော့ သူကမသိမသာ ခစ်ခနဲတစ်ချက် ရယ်သည်။ ပြီးတော့ တစ်ဖက်လှည့်ပြီး ဟင်နက်ဆီ လမ်းဘက်သို့ ပလက်ဖောင်းပေါ်က လျှောက်သွားလေ တော့သည်။ သူ့ခြေထောက် ကလေးများ လွင့်ပျံ နေသည်။ ပိုနီတေး

ဆံပင်ကလည်း လွင့်ပျံ နေပါသည်။ သမင်လည်ပြန် တစ်ချက် ကြည့်သေးသည်။ ခပ်သွက်သွက် လက်ဖေ့ ရမ်းပြ သွားသည်။

ပြီးတော့ စားသောက်ဆိုင်တွေ၊ လန်ချားတွေ၊ လမ်းသွားလမ်းလာတွေ ကြားထဲမှာ သူ နစ်မြုပ် ပျောက်ကွယ် သွား လေတော့သည်။

သွားပါပြီ။ ကျွန်တော် တွေးလိုက်မိပါသည်။ သူ ပျောက်ကွယ်သွားလေပြီ။

ကျွန်တော်လည်း ဆစ်ဖက်လှည့်ပြီး ဆိပ်ကမ်းကိုဖြတ်ကာ နမ်ကောက်ဟိုတယ်သို့ ပြန်လာခဲ့သည်။ အပေါ်ဆုံး ထပ်ရှိ ကျွန်တော့် အခန်း၏ လသာဆောင်ပေါ် ရောက်လျှင် ရောက်ချင်း ဝွမ်နီ၏ဆွဲလက်စ ပုံတူပန်းချီကား ရှေ့မှာ ရပ်နေမိသည်။

အနီးရှိ ပုံဆွဲပစ္စည်းတွေ ရှုပ်ပွနေသော စားပွဲပေါ်မှာ ခဲတံ တစ်ချောင်းကို ဆွဲယူကာ မီလင်း၏ပုံကြမ်းကို ရေးဆွဲလိုက်မိပါတော့သည်။ မှတ်ဉာဏ်များမပျောက်မပျက်ဘဲ သစ်လွင်နေဆဲမှာပင် ရေးဆွဲလိုက်ခြင်း ဖြစ်ပါသည်။

သူ့မျက်လုံးထဲမှာ မြင်ခဲ့ရသည့် အပြစ်ကင်းစင်သော မသိနားမလည်ဟန်ကလေးကို အမိအရ ဖမ်းယူ လိုက်ပါသည်။ လက်တစ်ဖက်က ကွာစေ့လှော်ထုပ်ကို ကိုင်ထားသည်။ ကျန်လက်တစ်ဖက်က သူ့ ကိုယ်သူ ပြန်ညွှန်ပြ နေသည်။ ပြီးတော့ အောက်မှာလည်း စာ ကလေးတစ်ကောင်း ရေးထည့်လိုက်မိပါတော့သည်။

"ဟုတ်ပြီ…အပျိုစင် အဲဒါ ကျွန်မပေါ့…"

ထိုပုံကြမ်းသည် ကောင်းလှသည်တော့ မဟုတ်။ သို့သော်လည်း သည်ပုံကြမ်း ကလေးက ကျွန်တော့်ကို ပြုံးစေသည်။ ထို့ကြောင့်လည်း ကျွန်တော် သိမ်းထားမိခဲ့ခြင်းဖြစ် သည်။

ယခုပင် ကျွန်တော် ပြန်ကြည့်မိပါသေးသည်။ ပုံကြမ်းကလေးသည် ညစ်ပတ်ပေရေ နေပြီ။ ပြီးတော့ မီလင်းကိုယ်တိုင် ဆွဲဆုတ်ပစ်ဖူးသဖြင့် စုတ်လည်းစုတ်နေပြီ။ သည်ပုံကြမ်း ကိုမီလင်းမကြိုက်ပါ။ စုတ်သွားသည့် နေရာကလေးများကို တိပ်ဖြင့်ပြန်ကပ်ပြီးဆက်ထားရ သည်။

သို့သော်လည်း သည်ပုံကြမ်းကလေးက ခုထက်တိုင်အောင် ကျွန်တော့်စိတ်ကို ရွှင် မြူးစေပါသည်။ ဘာကြောင့် လည်းဆိုတော့ သည်ပုံကြမ်းကလေးသည် မီလင်း၏ ပုံတူများ အနက်ကျွန်တော် ပထမဦးဆုံး ရေးဆွဲသည့် ပုံကြမ်းကလေးပင် မဟုတ်ပါလား။

ထိုအချိန်မှစပြီး သူ့ ပုံတူပန်းချီကားများကို အကြိမ်ပေါင်းဘယ်လောက်များအောင် ကျွန်တော် ရေးဆွဲခဲ့မိပြီ ဖြစ်ကြောင်း တွေးကြည့်နေမိပါသည်။ ကျွန်တော် ရေတွက်နိုင်စွမ်း မရှိပါ။

သူ့လက်တစ်ဖက်မှ စက္ကူကတော့ကလေးထဲရှိကွာစေ့လှော်ကလေးများထက်လည်း အရေအတွက် ပိုပါလိမ့်မည်။

သူ့ခေါင်းနောက်မှာ စုချည်ထားသော ပိုနီတေးကလေးထဲက ဆံပင်ချည်များထက် လည်း အရေအတွက် ပိုပါလိမ့်မည်။

## [အထောက်တော် လှအောင် စုဇီဝေါင်း အခန်း(၂)]

**အခန်း(၂)**

ကျွန်တော် ပန်းချီစတင်ရေးဆွဲရသည့်အကြောင်းရင်းခံမှာ ဂျော့ဂျီးလာကြောင့် ဖြစ်ပါသည်။

ဂျော့ဂျီးလာသည် မလေးရှားပြည်ရှိ ဘူကစ်မီရာ ရာဘာခြံမန်နေဂျာဖြစ်ပါသည်။ ရာဘာတော ထဲရှိကြီးမား လှသော မှောင်မှောင်မည်းမည်း ဗိုလ်တဲကြီးတစ်လုံးမှာ သူတစ် ယောက်တည်း နေပါသည်။ စိတ်ဓာတ် ကျပြီး မပျော်ပိုက်နိုင်သော သူတစ်ယောက်လည်း ဖြစ် သည်။

သူ့လက်ထောက် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ရန် အင်္ဂလန်မှ ကျွန်တော် ရောက်လာသည့်နေ့မှာပင် အောက်ပါအတိုင်း သူ့မိန့်ခွန်းကို ခြွေပါလေတော့သည်။

"ကျုပ်နဲ့ အလုပ်အတူတူလုပ်တဲ့အခါ နေရာတကာမှာ ချောမောပြေပြစ်နေတာကို မောင် တွေ့ရပါလိမ့်မယ်၊ ဒါပေမဲ့ ဒီရာဘာခြံမှာ ကျုပ်သည်းမခံနိုင်တဲ့ အချက်တစ်ခုတော့ ရှိတယ်၊ ဘာလဲဆိုတော့ သွေးနှော တဲ့ကိစ္စပဲ"

"ဘာအဓိပ္ပာယ်လဲဆိုတာ ကျွန်တော် ကောင်းကောင်း သဘောမပေါက်ပါဘူးခင်ဗျာ"

ကျွန်တော်က မနေတတ် မထိုင်တတ်ဖြင့် ပြန်မေးမိသည်။

"ဒေသခံတိုင်းရင်းသူ အမျိုးသမီးတွေနဲ့ ဇာတ်ရှုပ်နေတာကို ပြောတာ"

ခြင်လုံသံဇကာများ ကာထားသော လှောင်အိမ်တစ်ခုနှင့်တူသည့် သူ၏ဧည့်ခန်းကို ကျွန်တော် မျက်စိကစား ကြည့်မိသည်။ စာအုပ်စင်များပေါ်တွင် တောင်တက်ခြင်းဆိုင်ရာ စာအုပ်များဖြင့် ရှုပ်ပွနေသည်။ မဂ္ဂဇင်းများ ထဲမှ ဆွဲဆုတ်ထားသော တောင်တက်သည့် ရုပ် ပုံများကိုလည်း အခန်းနံရံများမှာ အပြည့်ကပ်ထားသည်။

မြင့်မားသည့် တောင်ထိပ်များပေါ် သို့သူတစ်ပါး အောင်မြင်စွာ တက်နိုင်သည်ကို ကြည့်ပြီး သူ စိတ်သက်သာ ရာကိုရှာဖွေရယူ ဟန်တူပါသည်။ ဒေသခံတိုင်းရင်းသူ အမျိုးသမီးတွေနှင့် သူကိုယ်တိုင် ဇာတ်မရှုပ်မိအောင် ရသေ့စိတ်ဖြေ လုပ်နေပုံ ရပါသည်။

သို့သော်လည်း သူ၏တားမြစ်ချက်ကို အခြားလက်ထောက်များကရော လိုက်နာကြ ပါသလောဟု ကျွန်တော် တွေးတောနေမိသည်။

သူ၏တားမြစ်ချက်သည် သူ့လက်ထောက်မန်နေဂျာများကို တစ်နည်းမဟုတ် တစ်နည်းဖြင့် ထိခိုက်ခဲ့ ကြောင်းများ မကြာမီ ကျွန်တော် သိရှိရပါတော့သည်။

ယခု ကျွန်တော် တာဝန်ယူရသည့် နေရာတွင် ထမ်းဆောင်သွားသူ တစ်ယောက် သည်ဂလက်စဂိုမြို့ရှိ မမြင်ဖူးသော မိန်းကလေးတစ်ယောက်ကို စာရေးဆက်သွယ်သည်။ ပြီးတော့ သူတို့ချင်း ချစ်ကြိုးသွယ်မိကာ လက်ထပ်ပြီးသည်နေရာမှ အလုပ်ထွက်သွား သည်။ ယခုဆိုလျှင် တတိယရင်သွေးရတနာပင် ရပေတော့မည်။

ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် လက်ထောက်မန်နေဂျာတစ်ယောက် ရှိသေးသည်။ သူ့အမည် ကတက်ဂေးလစ် ဖြစ်ပါသည်။ သူ့အသက်မှာ နှစ်ဆယ့်လေးနှစ်သာ ရှိသေးသည်။ သည်အသက်အရွယ် ကလေးတွင် မည်သည့်တိုင်းရင်းသူနှင့်မှ ဇာတ်မရှုပ်ရဘဲ ရာဘာခြံတောကြီးမျက်မည်းထဲမှာ တောမှီရသေ့ လို နေရရှာသည်။ သူ့ခမျာ ပျော်ပိုက်နိုင်သည့် အချိန်ဟူ၍ လုံးဝမရှိရှာ။

နောက် လက်ထောက်မန်နေဂျာတစ်ယောက်က တပ်ဘီပင်းဖိုးဖြစ်သည်။ သူလည်း အဘိုးကြီး၏ တားမြစ်ချက်ကို မလွန်ဆန်နိုင်ရှာ။ ထို့ကြောင့် သူက လုပ်ကြံဇာတ်တွေ၊ ညစ် တီးညစ်ပတ်ဇာတ်လမ်းတွေကို လူတကာအားပြောပြပြီး ရသေ့စိတ်ဖြေ လုပ်နေရသည်။ ကျွန်တော်တို့ကလည်း သူပြောပြသည်များကို ယုံကြည်ဟန် ဆောင်ကြရသည်။

သည်နေရာကို ကျွန်တော်ရောက်ပြီး တစ်လခန့်အကြာတွင် အဘိုးကြီး၏ တားမြစ် ချက်ကြောင့် ကျွန်တော်လည်း စိတ်အဆင်းရဲကြီး ဆင်းရဲရလေတော့သည်။

မလေးမိန်းမပျိုကလေးတစ်ယောက်ကို ကျွန်တော် ချစ်မိသောကြောင့် ဖြစ်ပါသည်။

ထိုမိန်းမပျိုကလေးသည် ကျွန်တော်တို့ရာဘာခြံ အလုပ်သမမဟုတ်ပါ။ သို့သော် လည်းတစ်နေ့ တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ ဗိုလ်တဲရှေ့မှ ဖြတ်လျှောက်လေ့ရှိပါ သည်။ အထူးသဖြင့် ဂရန်တာမှာ ကျွန်တော် ရှိနေတတ်သည့် ထမင်းစားချိန်များမှာ လျှောက်လေ့ရှိပါသည်။

ထိုအချိန်မျိုးမှာမှ သူဖြတ်လျှောက်ခြင်းသည် တိုက်ဆိုင်မှုဟု ဆိုရမည်လော။

ကျွန်တော်ကတော့ သံသယဖြစ်ပါသည်။

ကျွန်တော် ကြည့်နေမှန်းသူ သိသည့်အခါ ပြုံးရယ်နေသော မျက်လုံးရွဲကြီးများဖြင့် လည်းကျွန်တော့်ကို ကြာပစ်လေ့ရှိပါသည်။ သူ့အသားအရေသည် ပျားရည်လို နူးညံ့ချော မွတ်လှပါသည်။

သည်ကစပြီး မလေးတိုင်းရင်းသူ အပျိုမကလေးသည် ကျွန်တော်၏ စိတ်အာရုံမှာ ကြီးစိုးလေ့ ရှိပါတော့သည်။ ရာဘာတောထဲမှာ တစ်နေကုန် အလုပ်လုပ်နေရချိန်တွင်လည်း သည်ကလေးမ ကို မြင်တွေ့ခွင့် ရရေးအတွက် စိတ်အစောကြီး စောနေမိသည်။ ပြီးတော့ အဘိုးကြီး မသိအောင် သည်ကလေးမ ကို ပိုင်ဆိုင်ခွင့်ရဖို့ကိုလည်း စီမံကိန်းအမျိုးမျိုး ချမှတ် ရေးဆွဲနေမိသည်။

ဗိုလ်တဲရှေ့မှ ဖြတ်လျှောက်သွားချိန်တွင် သူ့နောက်ကို အပြေးလိုက်သွားဖို့လည်း အကြိမ်ပေါင်း တစ်ဒါဇင်လောက် ကြံစည်ခဲ့ဖူးသည်။ သို့သော် အလုပ်ပြုတ်မှာစိုးသော ကြောင့် တကယ်ပြေးမလိုက်မိခဲ့။

နောက်ဆုံးတော့ ထိုမိန်းမပျိုကလေးလည်း အလာရပ်သွားတော့သည်။ ကျွန်တော် လည်းစိတ်အဆင်းရဲကြီး ဆင်းရဲ ရတော့သည်။

သူနှင့် စကားလေးတစ်ခွန်းမျှလောက်ပင် ပြောခွင့်မရှိလိုက်ရသော ဘဝပါတကား။

သည့်နောက်ပိုင်း ရက်များကတော့ အလွန်တရာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလာ သည်။ အချိန်တွေကလည်း ကုန်ခဲလာသည်။ အားလပ်ချိန်များကို မည်သို့ကုန်ဆုံးလွန် မြောက်စေရမည်နည်း။ တပ်ဘီပင်းဖိုး၏ ညစ်တီးညစ်ပတ်ပုံတိုပတ်စများကို နားထောင်ရင်း အချိန်ဖြုန်းရမည်လော။

နောက်ဆုံးတော့ အရက်ကိုသာ အဖော်လုပ်ရတော့သည်။ အလုပ်တာဝန်အားလပ် နေသည့်အချိန်များတွင် အရက်ကိုသာ ဖိသောက်နေမိတော့သည်။

"ဒီအတိုင်း ဆက်သွားနေလို့ကတော့ တစ်နှစ်အတွင်း ငါပျက်စီးတော့မယ်၊ ဘာမှ သုံးမရအောင် အပျက်စီးကြီး ပျက်စီးတော့မယ်၊ ဒါကြောင့်တစ်ခုခုတော့ လုပ်ရတော့မယ်၊ ဂါသနာပါရာ တစ်ခုခုကိုတော့ ငါလုပ်ရတော့မယ်"စသည်ဖြင့် တစ်ညနေတွင် ကျွန်တော် ထိုင်စဉ်းစားနေမိသည်။

ထို့ကြောင့် ဗလာစာအုပ်အပေါင်းတစ်အုပ်နှင့် ဘောလ်ပင်တစ်ချောင်းယူပြီး ကျွန်တော် ပုံတွေစတင် ရေးဆွဲမိတော့သည်။

ကျွန်တော့်ဘဝတွင် ဘယ်တုန်းကမှ ပုံဆွဲခြင်း၊ ပန်းချီဆွဲခြင်းများမပြုလုပ်ခဲ့ဖူးပါ။

ကျောင်းသားဘဝတုန်းကတော့ တစ်ပတ်တစ်ကြိမ် ပန်းချီသင်တန်း မတက်မနေရ တက်ခဲ့ရသည်တော့ ရှိဖူးပါ၏။ သို့သော်လည်း ဘယ်တုန်းကမှ အမှတ်ကောင်းမရခဲ့ဖူးပါ။ ကျောင်းပိတ်ရက်များတွင် ပန်းချီပြခန်းများကို အခြားကျောင်းသားများနှင့်အတူ သွားရောက် လေ့လာရပါသည်။ သို့သော်လည်း ကျွန်တော်သည် ပန်းချီကားများကို ကြည့်ရှုလေ့လာခြင်းထက် ပန်းချီကားလာကြည့်သူများကိုသာ စိတ်ပြေနပြေ ထိုင်ကြည့် နေတတ် ပါသည်။

ရှိုင်ရယ်အကယ်ဒမီ ပန်းချီပြခန်းကို သွားကြည့်တုန်းကတော့ ဂေဖန်ရေးအတွေး ကလေးတစ်ခု ဖြစ်ပေါ် ခံစားခဲ့ဖူးပါသည်။

လူပုံ ပန်းချီကားများသည် ဘာကြောင့် ဒါလောက်တောင် ပျင်းရိငြီးငွေ့ဖွယ်ကောင်း နေရပါသနည်း။ အကြောင်းအရာတွေက ထပ်တူထပ်မျှလောက်ဖြစ်နေပြီး သစ်တုံးကြီး ထောင်ပြထားသလို ဘာကြောင့် ဖြစ်နေသနည်း။ ဘဝ၏အစိတ်အပိုင်းကလေးတစ်ခုကို သူတို့ ဖမ်းမယူနိုင်ကြပြီလော။

စရိုက်တွေ များစွာရှိသည်။ ခံစားချက်တွေ အပုံအပင်ရှိသည်။ အဓိပ္ပာယ်လေးနက် မှုတွေ၊ အသက်ပါမှုတွေ ကုဋေကုဋာရှိသည်။ ပန်းချီကားဘောင်ထဲမှ မျက်နှာတစ်ဒါဇင် လောက်ကို ကြည့်နေရခြင်းထက် ပန်းချီကား ကြည့်သူတစ်ယောက်၏ မျက်နှာကို မရေမရာ စူးစိုက်ကြည့်နိုင်တာတွေ ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ကျောင်းမှထွက်ပြီး စစ်ထဲသို့ ကျွန်တော် တန်းဝင်ခဲ့သည်။ တစ်နှစ် အတွင်းမှာပင် အိန္ဒိယပြည်သို့ ကျွန်တော်ရောက်လာသည်။

စစ်ကြီးပြီးဆုံးသွားသောအခါ အထက်မြန်မာပြည်မှာ ကျွန်တော်ရောက်နေသည်။

ရောဂတီဖြစ်ဆိပ်ကမ်းမှာ အဂတ်ထိုင်လျှော်နေသည့် မြန်မာအမျိုးသမီးတစ် ယောက်ကို ကျွန်တော် ထိုင်ကြည့်နေမိပါသည်။ မြန်မာအမျိုးသမီးသည် နီရဲတောက်ပသော ထဘီကို ဂတ်ထားသည်။

ထိုအချိန်တွင် ဒါကိုတာလေယာဉ်ပျံတစ်စီးက မြစ်ကြောင်းအတိုင်း ပျံသန်းလာ သည်။ အဂတ်လျှော် နေသော မြန်မာအမျိုးသမီးသည် လေယာဉ်ပျံကို လုံးဂအာရုံမထား။ သူ့ခေါင်းပေါ် တည့်တည့် လောက်သို့ လေယာဉ်ပျံ ရောက်တော့မှပင် တစ်ချက်မော့ကြည့် သည်။ လက်ကမူ အဂတ်လျှော်မပျက်။

သူကြည့်ပုံကလည်း အမှန်မထင် တစ်ချက်ကလေးမော့ကြည့်လိုက်ပုံမျိုး။ ဘာမှ မထူးခြားသည့်အကြည့်မျိုး။ စက်ဆုပ်ရွံရှာသော မထီလေးစားအကြည့်မျိုး။

သူ့တိုင်းပြည်သည် လေးနှစ်လုံးလုံး စစ်မြေပြင် စစ်တလင်းဖြစ်ခဲ့ရသည်ကို သူကြုံခဲ့ ဖူးပြီး။ နိုင်ငံခြား စစ်တပ်အချင်းချင်း သူ့တိုင်းပြည်ထဲမှာ ဘတပြန် ကျားတပြန် တိုက်ပွဲတွေ ဆင်နွှဲခဲ့သည်ကို သူကြုံခဲ့ဖူးပြီ။ ကြောက်မက်ဖွယ်သော လူသတ်ပွဲကြီးများကို သူကြုံခဲ့ဖူးပြီ။ တံတားရိုး၊ လမ်းဖျက်၊ အဆောက်အအုံ ဖြိုသော မိုင်းကွဲသံများကို သူကြားခဲ့ဖူးပြီ။ ထို့ ကြောင့် သူ့အဖို့ သည့်ထက်သည်ဘာမှ ပိုမို မဆိုးရွားနိုင်တော့။

ထို့ကြောင့်လည်း သူ အဂတ်လျှော်မပျက်။ ကလေးဘဂကတည်းက သူလုပ်လာ ခဲ့သည့်အလုပ်ဖြစ်သော အဂတ်လျှော်ခြင်းကို တစ်စက္ကန့်လေးမနား။ ထိုအတွေ့ အကြုံများ ရှိပြီးဖြစ်နေသည့် မြန်မာအမျိုးသမီး တစ်ယောက်က စက်ဆုပ်ရွံရှာမုန်းတီးစွာ မထီလေးစား မော့ကြည့်လိုက်သည့်အကြည့်။

သည်မြင်ကွင်းကို မြင်တွေ့လိုက်ရသောအခါ ကျွန်တော့်တစ်ကိုယ်လုံးမှာ ဂမ်းသာ အားရစိတ်တွေ၊ အားမာန်တက်ကြွမှုတွေ ဖုံးလွှမ်းသွားပါတော့သည်။

မြန်မာအမျိုးသမီး ၏ခေါင်းကိုမော့လိုက်ပုံကလေး၊ သူ့အကြည့်ကလေး၊ လက်က အရှိန်မပျက် အဂတ် ဆက်လျှော်နေပုံ ကလေးများသည် ကျွန်တော့်မျက်စိထဲမှာတော့ သာမန်ထက် အဆရာထောင် ပိုမိုထူးခြားသွားသော အလှတရားဖြစ်သွားပါတော့သည်။

သူတို့၏ ခံစားချက်ကို ဖော်ပြလိုက်သော၊ အမှန်တရားကို ဖော်ပြလိုက်သော အလွန်တရာထူးခြားသည့် အလှတရား ဖြစ်သွားပါတော့သည်။

တဒင်္ဂသော ထိုအချိန်ကလေးကို ကျွန်တော် ဖမ်းယူထိန်းသိမ်းထားလိုက်ချင်စမ်း ပါဘိ။

မြန်မာပြည်အကြောင်း၊ စစ်အကြောင်း၊ တိုင်းသူပြည်သားတွေအကြောင်း၊ ဘဂအကြောင်းကို အဓိပ္ပာယ် များစွာ မဆုံးနိုင်အောင် ဖွင့်ဆိုပြောပြသွားသော တဒင်္ဂကလေး ဖြစ်ပါ သည်။

သို့သော် ဒါကိုတာလေယာဉ်ပျံသည် တဖြည်းဖြည်းဂေးကာ ပျောက်ကွယ်သွားပါ သည်။ မြန်မာ အမျိုးသမီး၏ မျက်လုံးများကလည်း သူ့အလုပ်ဖြစ်သော အဂတ်လျှော်ခြင်း အပေါ် ပြန်လည် ကျရောက် လာပါသည်။

"တဒင်္ဂလေး"ကား ပျက်စီးပျောက်ကွယ်သွားလေပြီတကား။

ထို့နောက် ရက်အနည်းငယ်အတွင်းမှာပင် အရာရှိရိပ်သာတွင် ရှိနေသော မိတ်ဆွေ စစ်ဗိုလ်တစ်ဦးထံမှ ကင်မရာတစ်လုံးကျွန်တော် ဂယ်ယူလိုက်သည်။

အဆိုပါ ခံစားချက်ကလေးမျိုးကို ရလိုရငြား ကင်မရာတစ်လုံးနှင့် ကျွန်တော် တရစပ် အမိဖမ်းမှတ်တမ်း တင်လေသည်။

မြန်မာပြည်၏တကယ့်အလှ၊ မြန်မာပြည်၏တကယ့်ဘဝကို ရွှေတိဂုံဘုရားပေါ်မှာ၊ ပုဂံမြို့ဟောင်း၏ ဘုရားပြို ဘုရားပျက်များကြားမှာ ကျွန်တော်အမိအရ ရှာတော့သည်။ ထို ဘဝ ထိုအလှများကို ရကို ရရမည်ဟု ကျွန်တော်အခိုင်အမာ ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ထို့ကြောင့် မရေမတွက်နိုင်သော ဓာတ်ပုံများကို ကျွန်တော် ရိုက်ခဲ့သည်။

သို့သော် မှန်းချက်နှင့် နမ်းထွက်မကိုက်ပါ။ ကျွန်တော်လိုချင်သော ဓာတ်ပုံမျိုး၊ အလှမျိုး၊ ဘဝမျိုးကို ဟုတ်ဟုတ်ငြားငြား မရခဲ့ပါ။ ကျွန်တော် မျှော်လင့်ထားသလို ဖြစ်မလာ သည်ကို တွေ့ရတော့သည်။

သည့်နောက်တွင် တဖြည်းဖြည်း ကျွန်တော် သဘောပေါက်စပြုလာသည်။

တဒင်္ဂကလေးဟူသည်မှာ မည်သည့်နည်းနှင့်မျှ ထိုတဒင်္ဂကလေးတွင် ပြီးပြည့်စုံနိုင် မည်မဟုတ်။ လှုပ်ရှားမှုနှင့်ခံစားချက်၏ အစုအစဉ်ပေါ်မှာ မူတည်ပါသည်။ ထိုအစုအစဉ် သည်သာလျှင် တကယ့် ဖော်ပြချက် တကယ့်အမိပွာယ်ဖြစ်ပါသည်။

ထိုမျှမကသေး။ ဖြစ်ပျက်နေသော အစုအစဉ်သည် သူ့အလိုလို စောင့်ဆိုင်းလေ့ လာအကဲခတ် နေသူဖြစ်ပါသည်။ တဒင်္ဂလေးကို သူက အဓိပ္ပာယ်ဖွင့်ဆိုယူသည်။ ယင်းသို့ အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်း သူ့အလုံးအထည်၊ သူ့အတွေ့အကြုံ၊ သူ့ဆဟုသုတကို အခြေခံပါလိမ့်မည်။

ရောဂတီဖြစ်ဆိပ်တွင် အဂတ်လျှော်နေသည့် မြန်မာအမျိုးသမီး၏ ခံစားချက်အမူ အရာကို ကျွန်တော် ကောက်ချက်ချလိုက်မိခြင်းသည် ထိုအမျိုးသမီး၏ စစ်မှန်သော ခံစားချက်အမူအရာ ဟုတ်ချင်မှ ဟုတ်ပါလိမ့်မည်။

ကျွန်တော်ကိုယ်တိုင်က စစ်ကိုမုန်းတီးသည်။ အဖျက်လုပ်ငန်းများကို ရွံရှာသည်။ လူသတ်ပွဲများကို စက်ဆုပ်သည်။ ထိုအခြေခံတရားကို အရင်းခံပြီး ကျွန်တော့်ဘာသာ ကျွန်တော် ကောက်ချက်ချမိခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုအချိန်က ကျွန်တော့်ဘေးတွင် တစ်ယောက်ယောက် ရပ်နေမည်ဆိုပါက ထိုတဒင်္ဂ ကလေး ကို ကျွန်တော်မြင်သလို သူမြင် နိုင်မည်မဟုတ်ပါ။ တစ်ယောက်မက တစ်ဒါဇင်လောက် ရှိနေမည်ဆိုလျှင်လည်း မတူညီ သောတစ်ဒါဇင်လောက်အမြင်တွေ ဖြစ်ပေါ်လာပါလိမ့်မည်။

တပ်မှ ထွက်ခွင့်ရသည်နှင့် တစ်ပြိုင်တည်း အင်္ဂလန်သို့ ကျွန်တော် ပြန်သွားပါသည်။ အရှေ့တိုင်း နိုင်ငံများကို ကျွန်တော် ချစ်မြတ်နိုးပါသည်။

သို့သော်လည်း လန်ဒန်မှာ ခြေဦးတည့်ရာ လျှောက်နေရ သည့်ဘဝသို့ ပြန်ရောက်လာပါသည်။ ကျွန်တော့် စိတ်အာရုံ များလည်း ရှုပ်ထွေးနောက်ကျိနေပါသည်။

ကျွန်တော့်မိဘများလည်း ကွယ်လွန်ကုန်ကြပြီ။ အသက်မွေးဝမ်းကျောင်းပညာ ဆိုလို့လည်း ဘာတစ်ခုမှ ကျွန်တော်မတတ်။ သံယောဇဉ်တွယ်တာစရာလည်းမရှိ။ ပိုင်ဆိုင် ပတ်သက်စရာလည်းမရှိ။

ထိုအချိန်တွင် ဦးလေးတစ်ယောက်က ဆလုံးလမ်းရှိ သူ့ကုမ္ပဏီမှာ အလုပ်ခန့်ထား ပေးပါသည်။ ကျွန်တော် အလုပ်ကြိုးစားလျှင် အစုရှယ်ယာဝင်ဖြစ်အောင် ဆောင်ကြဉ်းပေး မည်ဟုလည်း ကတိပေးပါသည်။

သည်လိုဖြင့် ကျွန်တော် ညကျောင်းပြန်တက်သည်။

အိမ်စာတွေနှင့် လုံးလားထွေး လားဖြစ်နေသည်။ ကျွန်တော် ဝါသနာမပါသော ကုမ္ပဏီလုပ်ငန်းထဲမှာ နစ်မြုပ်နေသည်။ သည်ဘဝကို ကျွန်တော် ရွံမုန်းပါသည်။ သို့သော်လည်း သည်လုပ်ငန်းများကို မိမိဆောင် ရွက်နိုင်ကြောင်း ပြကို ပြရပေတော့မည်။

သို့သော်လည်း ကျွန်တော် ဆက်လက်သည်းမခံနိုင်စွမ်း မရှိတော့ပါ။ ထို့ကြောင့် မလေးရှားနိုင်ငံရှိ ရာဘာခြံ လုပ်ငန်းတွင် သွားရောက်လုပ်ကိုင်ရန် အစီအစဉ်လုပ်ရတော့ သည်။

"မင်း ကျပ်ကျပ်စဉ်းစားနော်၊ နောင်ကျတော့မှ မှားလေခြင်းဆိုပြီး နောင်တရနေဦး မယ်"ဟု ဦးလေး လုပ်သူက ပြောသည်။

သို့သော်လည်း အရှေ့လေကို ပြန်လည်ရှူရှိုက် လိုက်ရသည်နှင့် တစ်ပြိုင်တည်း ကျွန်တော်မှန်ပြီး ဦးလေး မှားကြောင်း သဘောပေါက် နားလည်လိုက်ပါတော့သည်။

လန်ဒန်မှာနေခဲ့ရသော ကျွန်တော့်ဘဝသည် အသက်ရှင်လျက်နှင့်သေနေရသည့် ဘဝမျိုး။ ယခုအရှေ့ဖျား နိုင်ငံသို့ ပြန်ရောက်လာသည်နှင့်တစ်ပြိုင်တည်း ကျွန်တော့်ဘဝကြီး တစ်ခုလုံး ပြန်လည်ရှင်သန်လာပါပြီ။ ခံစားတတ်သော အာရုံများအားလုံး နိုးကြားလာပါပြီ။

အရှေ့တိုင်း၏အလှ၊ အရှေ့တိုင်း၏ခံစားချက်၊ အရှေ့တိုင်း၏အမူအကျင့်များကို မြင်တွေ့ ရသည်နှင့် တစ်ပြိုင်တည်း စိတ်ဓာတ်များတက်ကြွလာပါသည်။ ဘူကစ်မီရာ ရာဘာခြံသို့ ရောက်ပြီး သုံးလအကြာ တစ်နည်းဆိုရသော် မလေးလူမျိုး မိန်းမပျိုကလေး ကျွန်တော့် ဗိုလ်တဲရှေ့မှ ဖြတ်မလျှောက် တော့သည့် နောက်ပိုင်းတွင် ဗလာစာအုပ်နှင့် ဘောပင်ယူပြီး ကျွန်တော် ပန်းချီစတင်ရေးဆွဲမိပါလေတော့သည်။

စတင်ရေးဆွဲစက ကျွန်တော့်ပုံများ အင်မတန်ကြမ်းတမ်းသည်မှာ မှန်ပါသည်။ သို့ သော်လည်း ကျွန်တော် စိတ်ချမ်းသာနေပါသည်။ ရုံးမှာထိုင်ပြီး လက်နှိပ်စက်တစ်လုံးနှင့် အလုပ်လုပ်နေရတာမျိုးမဟုတ်။ လက်နှိပ်စက်မှ မြင်နေကျ ခလုတ်များကိုမဟုတ်။ လက် နှိပ်စက်စားပွဲမှာ ထိုင်လိုက်မိပြီဆိုလျှင် "အရင်ကလည်း ဒီနေရာမှာ ငါထိုင်ဖူးတာပဲ" ဟူ သောအသိကြီးက ဝင်လာတတ်သည်။ ပြီးတော့ သည်လုပ်ငန်းမှာလည်း မိမိအကျွမ်းကျင် ဆုံးအတော်ဆုံးမဖြစ်နိုင်ကြောင်းပါ ခံစားလာရသည်။

အခြားလူများမှာ သူတို့လုပ်စရာ အလုပ်တွေရှိနေသည်။ သူတို့တတ်ကျွမ်းနိုင်နင်း သောအလုပ်များ ရှိနေသည်။ ထို့ကြောင့်လည်း သူတို့ကို မနာလိုဖြစ်ခဲ့မိပါသည်။

ယခုတော့ ကျွန်တော့်မှာလည်း လုပ်စရာကိုင်စရာ အလုပ်ရှိလာပါပြီ။ သည်အလုပ် ကမှ ကျွန်တော်ပိုင်ဆိုင်သောအလုပ်ဖြစ်သည်။ ရုံးစားပွဲမှာ ဂင်ထိုင်ရင်း ငြီးငွေ့သည့်စိတ်မျိုး မပေါ်။ သည်နေရာမှာ ငါ အရင်ကလည်း ထိုင်ခဲ့တာဟူသော ခံစားချက်မျိုးမပေါ်။

သည်လိုဖြင့်ပင် ပန်းချီဆွဲရခြင်းမှာ ကျွန်တော့် အာရုံများ အားလုံးကို အိတ်သွန်ဖာ မှောက်မြှုပ်ထား လိုက်ပါတော့သည်။
နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် ပန်းချီဆွဲဖို့ တစ်ခုတည်းကိုသာ အာရုံဂင်စားနေမိသည်။ ပုံကြမ်း စာအုပ် ကလေးကိုလည်း ကိုယ်နှင့်မကွာ အမြဲထားသည်။ ရာဘာခြံအတွင်း လှည့် လည်စစ်ဆေး သည့်အခါတွင် လည်း ယူဆောင်သွားလေ့ရှိသည်။ စိတ်ဂင်စားဖွယ် မျက်နှာ အမူအရာများကိုတွေ့တိုင်း မလွတ်တမ်း မှတ်တမ်းတင်ရေးဆွဲခဲ့သည်။

ရုံးလုပ်ငန်းများမှ အားလပ်ချိန်ကလေးတိုင်းသည် ကျွန်တော့်အဖို့ အဖိုးမဖြတ်နိုင် အောင်တန်ဖိုး ကြီးနေတော့သည်။

ပန်းချီရေးဆွဲခြင်းနှင့် ပတ်သက်၍ ညွှန်ကြားပြသမှုများကို အငမ်းမရကျွန်တော်လု ချင်လာသည်။ ထို့ကြောင့် ပန်းချီနှင့်စပ်လျဉ်းသည့် စာအုပ်များပို့ပေးရန် စင်ကာပူနှင့်လန်ဒန် သို့စာရေးမှာလိုက်သည်။

ပန်းချီစာအုပ်များ ရောက်လာသောအခါ ကျွန်တော်သည် နွားငတ်ရေကျဖြစ်မိပါ သည်။

ပန်းချီစာအုပ်များထဲက ပုံတွေကို ပြန်ကူးဆွဲသည်။ သတင်းစာထဲက ကာတွန်းများ ကိုလည်း ကူးဆွဲသည်။ မဂ္ဂဇင်းများထဲမှ သရုပ်ဖော်ပန်းချီစာလုံးများကိုလည်း ကူးဆွဲကြည့် သည်။ သူတို့၏ ဆွဲဆောင်မှု၊ ထိရောက်မှုများ ကို သေသေချာချာ လေ့လာသည်။

တင်ကလေး ယမ်းကာယမ်းကာဖြင့် ကျွန်တော့် ပိုလ်တဲရှေ့မှ ဖြတ်လျှောက်သွား လေ့ရှိသော တိုင်းရင်းသူမိန်းမပျိုကလေးကို ကျွန်တော် မေ့သွားပြီ။ ကျွန်တော်၏ စိတ်လှုပ် ရှားမှုများသည် မိန်းမပျိုကလေးဆီမှ ပန်းချီထဲသို့ ပြောင်းလာပြီ။

တိုင်းရင်းသူအမျိုးသမီးများနှင့် ဇာတ်မရှုပ်ဖို့ ဂျော့ဂျီးလားက တားမြစ်ထားသည်။ အမျိုးသမီးတွေနှင့် ဇာတ်မရှုပ်ရလျှင် ကျွန်တော့် ပန်းချီနှင့် ကျွန်တော် ဇာတ်ရှုပ်တော့မည်။ ထို့ကြောင့် ရှိသမျှခွန်အား၊ ရှိသမျှခံစားချက်၊ ရှိသမျှအချိန်အားလုံးကို ပန်းချီထဲသို့ ပုံအော သွန်းလောင်းချလိုက်ပါသည်။

ကျွန်တော်နှင့် မကိုက်ညီသည့် ရေးနည်းရေးဟန်များကို လက်ရှောင်ထားလိုက် သည်။ ကိုယ်ပိုင် ဟန်တစ်ခုရအောင် ကြိုးစားဖန်တီးယူသည်။

တစ်နှစ်တင်းတင်းပြည့် မြောက်သွားသောအခါ ကျွန်တော်၏ ကိုယ်ပိုင်ဟန်နှင့် အကျအနရေးဆွဲနိုင်သော အဆင့် သို့ရောက်လာသည်။

ထိုမျှမကသေး။ ကာလာဖြင့်ပါ ဆွဲတတ်လာပြီ။ စစချင်းတော့ တရုတ်ကုန်စုံဆိုင်သို့ ပြေးပြီး ကလေးတွေအသုံးပြုသည့် ဆေးရောင်စုံဂယ်ကာ အရေးကျင့်ခဲ့သည်။ ထိုမှတစ် ဆင့် အင်္ဂလန်မှ ပို့လိုက်သော ပါစတယ်နှင့် ဆက်ကျင့်သည်။ ယခုတော့ ဆီဆေးကားများ ပင်ကျွန်တော် ရေးဆွဲနိုင်ပါပြီ။

အလုပ်ချိန်အတွင်းမှာပင် ကျွန်တော် ပန်းချီထိုင်ဆွဲနေသည်ကို ဂျော့ဂီးလားက အကြိမ်ကြိမ်မြင်သော်လည်း ကန့်ကွက်ခြင်းမရှိပါ။ မကန့်ကွက်ရုံမက အားပေးသမှုပင်ပြုပါ သည်။ ကျွန်တော်သည် သူ့အားအထား ရဆုံးသော လက်ထောက်တစ်ဦးလည်းဖြစ်ပါသည်။ ပန်းချီဆွဲခြင်းသည် စိတ်သန့်ရှင်း သည်ဟုလည်း သူယူဆ ပါသည်။

တပ်ဘီပင်းဖိုးက မိန်းကလေးများနှင့် ရှုပ်ရှုပ်ထွေးထွေး လုပ်ချင်သည်။ သူ့စိတ် သည် မသန့်ရှင်းဟု ဂီးလားက သတ်မှတ် ထားသည်။ ထို့ကြောင့်လည်း တပ်ဘီပင်းဖိုးကို အရေးကြီးသည့် တာဝန်များ ပေးအပ်လေ့ မရှိ။

ဂီးလားက သူ့အတွက် ပန်းချီကားတစ်ကား ရေးဆွဲပေးဖို့ ကျွန်တော့်ကို တာဝန် ပေးအပ်လာပါသည်။ ထိုနှစ်သည် အယ်လီဇဘက်ဘုရင်မ နန်းတက်သည့်နှစ်လည်းဖြစ်ပါ သည်။ ပြီးတော့ ဧဝရက်တောင်ထိပ်ကို ရောက်အောင် အောင်မြင်စွာ တက်နိုင်သောနှစ် လည်းဖြစ်သည်။

ဧဝရတ်တောင်ထိပ်သို့ လူသားများ အောင်မြင်စွာရောက်သွားပုံကို ကင်းဘတ်ပေါ် တွင်ရေးဆွဲပေးပါရန် သူကပြောသည်။ နမူနာယူနိုင်ရန် တောင်တက်ခြင်းဆိုင်ရာ မဂ္ဂဇင်း များထဲမှ ဓာတ်ပုံများကိုလည်း ပေးသည်။

သူပေးသည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု ကျွန်တော်မထင်ပါ။ သို့သော်လည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားဆွဲပေးပါမည်ဟု ကတိပေးလိုက်သည်။

နောက်ဆုံးတော့ အတော်ညံ့သော ပန်းချီကားတစ်ချပ်ကို အောင်မြင်စွာ ရေးဆွဲနိုင် ခဲ့ပါသည်။ သို့သော် လည်း ဂီးလားက အလွန်သဘောကျသွားသည်။ သူ့အိပ်ခန်းနံရံပေါ် မှာတရိုတသေ ချိတ်ဆွဲထားသည်။ သူ့အိပ်ခန်း ထဲမှာ ဟိမဝန္တာတောင်ကြီးရောက်နေသည် ဟုသူခံစား ရလေတော့သည်။

တစ်ပတ်လောက်ကြာတော့ လန်ဒန်သတင်းစာတစ်စောင်မှ ဆောင်းပါးတစ်ပုဒ်ကို သူကပြသည်။ အူလ်မန်၏ ကိုယ်ပိုင်ပန်းချီပြခန်းတွင် ပန်းချီပြပွဲကျင်းပသည့် ပန်းချီဆရာမ နှင့်ဆောင်းပါးရှင်တို့ တွေ့ဆုံမေးမြန်းခန်း ဆောင်းပါးဖြစ်သည်။ ပန်းချီဆရာမသည် အသက် သုံးဆယ့်ငါးနှစ် လောက်သာ ရှိသေးသည်။ ပန်းချီဆွဲသည့် သက်တမ်းကလည်း တစ်နှစ်မျှ သာရှိသေးသည်။ သို့သော် သူ့ပန်းချီကား များကို မြင်ရသူအားလုံး ရင်သပ်ရှုမောဖြစ်ကြရ လေတော့သည်။

"မင်းပန်းချီဆွဲတဲ့ သက်တမ်းက သူ့ထက်တောင်များသေးတာပဲ၊ မင်းကားတွေထဲက တချို့ကို ပို့ကြည့်ပါလား"ဟု ဂျော့ဂီးလားကပြောပါသည်။

"ကျွန်တော့်ကားတွေက ဒီလောက် မကောင်းသေးပါဘူးခင်ဗျာ၊ ကိုယ့်ဟာကိုယ် တော့အတော်နိမ်မပ်နေပြီ ထင်မိတာပေါ့လေ၊ ဒါပေမယ့် တခြားလူတွေက ဒီလိုထင်ကြမှာ မဟုတ်ပါဘူး၊ အစမ်းသပ်ခံရမှာ ကျွန်တော် မရဲဘူးခင်ဗျ"

"ဘာပဲဖြစ်ဖြစ် စမ်းကြည့်ပေါ့ကွာ၊ မင်းမှာ ဘာမှ အရှုံးမရှိနိုင်ပါဘူး"

ကျွန်တော့်ကို နှစ်ကြိမ် ဆွယ်တရားဟောရန် မလိုပါ။ ဆီဆေးကားနှစ်ချပ်နှင့်ပါစ တယ်ကား အတော် များများကို ငွေကုန်ကြေးကျ အများကြီးခံပြီး လေကြောင်းခရီးနှင့် ချက်ချင်း ပို့လိုက်တော့သည်။

သို့သော်လည်း ပန်းချီကားများကို လက်ခံရရှိပါသည်ဟူသောအကြောင်းပြန်ကြား ချက်ကလေးကိုပင် ကျွန်တော် မရခဲ့ပါ။ နောက် ရှစ်လလုံးလုံး ထိုကားများနှင့်ပတ်သက်၍ တစ်စုံတရာ မကြားရတော့ပါ။

"မင်း ဘာမှအရှုံးမရှိနိုင်ပါဘူး"ဟုပြောခဲ့သော ဂီးလား၏စကားမမှန်ပါ။

ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်စိတ်ချမှုကိုတော့ တစ်စုံတရာသော အတိုင်း အတာအထိ ကျွန်တော် ဆုံးရှုံးလိုက်ရပါပြီ။ သည်အကြောင်းကို စဉ်းစားမိတော့ ရှက်လည်း ရှက်မိပါသည်။ ကျွန်တော့် ပန်းချီကားများကို မြင်တွေ့ရသောအခါ သူတို့လှောင်ပြောင် နေ ကြမည်လားဟု တွေးတောမိသောကြောင့် ဖြစ်ပါသည်။

ပန်းချီကားများ ပြန်ပို့ပေးဖို့လည်း ကျွန်တော် စာရေးမတောင်းရဲပါ။ ကျွန်တော်၏ မိမိကိုယ်မိမိ ယုံကြည်မှုများသည် ယိမ်းယိုင်လှုပ်ရှားလာပါသည်။ နောက်ထပ်လည်း မကြိုး စားပုံ့တော့ပါ။

ယောက်ျားတစ်ယောက်သည် သို့ကလို စိတ်လှုပ်ရှားလာသောအခါ အမျိုးသမီးများ ဘက်သို့ ခြေဦး လှည့်တတ်ပါသည်။

သည်လိုဖြင့်ပင် စတယ်လာနှင့် ကျွန်တော် ဆုံတွေ့ချစ်ကြိုက်မိကြတော့သည်။

စတယ်လာပလိုဒင်သည် အသက်နှစ်ဆယ့်လေးနှစ်ရှိပြီး အလွန်ချောမောလှပ သောအမျိုးသမီးဖြစ်ပါသည်။ ကျွန်တော်တို့ရာဘာခြံနှင့် ကပ်လျက်ခြံတွင် သူ့အမေနှင့်လာ ရောက်နေထိုင်ဖြင်းဖြစ်သည်။ စတယ်လာ ပလိုဒင် ရောက်လာသည်ဟူသောသတင်းကြား သည်နှင့်တစ်ပြိုင်တည်း ရွာနီးချုပ်စပ်မှ ယောက်ျားသား များသာမက မိုင်ပေါင်းများစွာက ပုရိသများပါ အညီရှိရာ ယင်အုံလာကြတော့သည်။ ကျွန်တော်လည်း သည်ထဲမှာ တစ် ယောက်ဖြစ်နေရပြီပေ့ါ။

တစ်နေ့တွင် စတယ်လာထံသို့ ညအိပ်ခရီးမှ မော်တော်ကားဖြင့် နောက်ပိုးလာသူ တစ်ဦးလမ်းမှာ ချုံခိုအတိုက်ခံရပြီး အသတ်ခံလိုက်ရသည်။ ထိုကစပြီး ခရီးဝေးက အမျိုး သားတွေလက်တွန့်သွားကြသည်။

နာတာလူးပွဲတော်နေ့မှာ သူ့အချစ်ကို ကျွန်တော် တောင်းခံပါသည်။

နောက်တစ်နေ့ ဒီဇင်ဘာ ၂၆ ရက်နေ့မှာ သူ့အချစ်ကို ကျွန်တော်လက်ခံရရှိပါ သည်။

နှစ်ဆန်းတော့ မသင်္ကာဖွယ်ရာအကြောင်းတွေ ပေါ်ပေါက်လာပါသည်။

ဧပြီလရောက်သောအခါ သူနှင့်ကျွန်တော် လက်တွဲဖြုတ်လိုက်ရပါတော့သည်။

သူနှင့်ကျွန်တော့်ကြား အဓိကပြဿနာမှာ ကျွန်တော့်ပန်းချီကိစ္စဖြစ်ပါသည်။

သူ့ပုံတူကို ရေးဆွဲခြင်းထက် မလေးရှားအမျိုးသမီးတို့၏ပုံတူကိုသာ တရစပ်ရေးဆွဲ နေသည့်အတွက် စတယ်လာ အဖို့ စိတ်ထိခိုက် ခဲ့ရပါသည်။

သည်ကိစ္စနှင့်စပ်လျဉ်းပြီး သူသဘောပေါက် နားမလည်နိုင်ပါ။ ကျွန်တော့်မှာ လိုလို ချင်ချင်ကိုယ်ဟန် ပြချင်သည့် စံပြမယ်ရှိနေပြီ။ အသားကလည်းဖြူသည်။ ညှို့ဓာတ်လည်း ရှိသည်။ လှပချောမောသည်။

ယောက်ျားတို့ တပ်မက်စေသည်။ သည်လိုမိန်းကလေးမျိုးရှိ နေပါလျက်နှင့် တိုင်းရင်းသူများထံမှာ ဘာကြောင့် ကျွန်တော့် အနုပညာများကို ဖြုန်းတီးပစ် နေရပါသနည်း။

ထို့ကြောင့် သူမှားစွာ စိတ်ထိခိုက်နေသည်။ ကျွန်တော်ကတော့ လုံးဝမရိပ်စားမိပါ။ သည်ပန်းချီကားများ ရေးဆွဲပြီးတိုင်း သူ့ကို ကျွန်တော်ပြလေ့ရှိသည်။ မှတ်ချက်များကို လည်း စိတ်အားထက်သန်စွာ ပေးတတ်သည်။ အမှားပါလျှင်လည်း ထောက်ပြတတ်သည်။ သို့သော်လည်း သူ့စိတ်ကို ချောက်ချား စေသည့် အမှားတစ်ခုကိုကား ထောက်ပြလေ့မရှိပါ။

ထိုအမှားကား သူ့ပုံကို ကျွန်တော် မရေးဆွဲခြင်းပင်ဖြစ်ပါသည်။

မည်သို့ဆိုစေ နောက်ဆုံးမှာတော့ သူဖုံးကွယ်မျိုသိပ်ထားနိုင်စွမ်းမရှိတော့ပါ။ သူ ပန်းချီအဆွဲခံလိုကြောင်း၊ သည်အတိုင်းနေရသည့်အတွက် သူစိတ်ပျက်ပြီး ငြီးငွေ့မိကြောင်း သူ့ကို ပန်းချီဆွဲရန် ကျွန်တော် စိတ်ဝင်စားမှုနည်းပါးသည့်အတွက် သူစိတ်ထိခိုက်ကြောင်း၊ ယနေ့မနက်ပင် သူ့အမေက ထိုကိစ္စနှင့် ပတ်သက်ပြီး သူ့ကို မေးကြောင်း၊ သူ့ပုံတူကို ကျွန် တော်ဆွဲမဆွဲမေးခြင်းဖြစ်ကြောင်း၊

"မဆွဲပါဘူး အမေရယ်... တခြားမလေး မလေးတစ်ယောက်ပုံကို သူဆွဲနေတယ်" ဟုသူပြန်ဖြေခဲ့ရကြောင်း၊ သည်လို ဖြေရသည့် အတွက် အရှက်ကြီးရှက်ခဲ့ရကြောင်း၊ ရှက်လွန်းသဖြင့် သေသာသေလိုက်ချင် ကြောင်းများ ကျွန်တော့်ကိုပြောပြသည်။

ကျွန်တော်တို့နှစ်ယောက် ဆုံတွေ့သည့်အချိန်တိုင်း သည်အကြောင်းကိုသာ အငြင်းအခုံဖြစ်ကြရသည်။ ငြင်းခုံမှုက တဖြည်းဖြည်းပြင်းထန်လာသည်။

နောက်ဆုံးမှာတော့ ခရီးလမ်းဆုံးသို့ ရောက်ကြရလေတော့သည်။

ထိုနေ့က ကျွန်တော်တို့ ပျော်ပွဲစားထွက်ကြပါသည်။ ပိန္နဲသီးများရွက်သွားသည့် မလေးအမျိုးသမီး သုံးယောက်၏ပုံကြမ်းကို ကျွန်တော်က ရေးဆွဲလိုက်သည်။ ထိုနေရာမှာ ပင် ထုံးစံအတိုင်း ငြင်းခုံပွဲ စရလေတော့သည်။

"ကျွန်မက ဘာဖြစ်နေလို့လဲ၊ ကျွန်မဟာ သိပ်ကိုအရုပ်ဆိုးဆိုးအကျည်းတန်နေ သလား၊ ဒါမှတဟုတ် တစ်ခုခုဖြစ်နေသလား"ဟု စတယ်လာကမေးပါသည်။

"ရုပ်မဆိုးပါဘူးကွယ်...ဘာမှမဖြစ်ပါဘူး..."

"ဒါပေမဲ့ အခုလုပ်ပုံကတော့ ကျွန်မကို သိပ်စော်ကားရာကျသွားပြီ၊ ပြီးတော့ သိပ်ကို သဘာဝ ကျရာရောက်သွားပြီ"

"မလေးအမျိုးသမီးတွေကို ပန်းချီဆွဲလို့လား"

"ဟုတ်လယ်...အထူးသဖြင့် ရှင် ကားဆယ်ကားရေးရင် ကိုးကားက မိန်းကလေး တွေချည်းပဲ၊ ဘယ်လောက်စိတ်ပျက်စရာကောင်းသလဲ"

"ဒါပေမဲ့ သူတို့က သိပ်ကိုချောတယ်ကွယ်...ပြီးတော့ အင်မတန်လည်း ချစ်စရာ ကောင်းတယ်..."

"ဘုရားရေ... ရှင် ဘယ်လိုစကားပြောလိုက်တာလဲ၊ ရှင့်စကားထဲမှာ ဘယ်လို အဓိပ္ပာယ်မျိုးမှ မပါဘူးလို့ ရှင်ဟန်များဆောင်နေသလား"

"ဟန်မဆောင်ပါဘူး...ဘာအဓိပ္ပာယ်နဲ့မှပြောတာ မဟုတ်ပါဘူး၊ တကယ့်ကို ရိုးရိုး သားသားပြောတာပါ"

ကျွန်တော်တို့နှစ်ယောက် ဆယ်မိနစ်လောက်ကြာအောင် အငြင်းအခုံဖြစ်ကြသည်။ တစ်ယောက်ကို တစ်ယောက်လည်း နာနာကြည်းကြည်း စကားများ ပြောမိကြသည်။ ပြီးတော့ နှစ်ယောက်စလုံး နှုတ်ပိတ် နေမိကြသည်။ သူ့ကို ပြောမိဆိုမိသည်များနှင့်ပတ် သက်ပြီး ကျွန်တော် ရှက်လာသည်။ ထို့ကြောင့် မျက်ဖြေစကား ပြောမိတော့သည်။

"ဘာပဲဖြစ်ဖြစ်ပေ့ါလေ...မင်းရဲ့ အခုပုံကို အခုပဲ ကိုယ်ပုံကြမ်းဆွဲထားလိုက်ချင်ပါ တယ်"

"ကောင်းပြီ...တစ်မိနစ်လောက်စောင့်ပါ"

စတယ်လာက ပြောပြောဆိုဆို သူ့လက်ကိုင်အိတ်ကို လှမ်းဆွဲယူသည်။

"မဟုတ်ဘူး...မဟုတ်ဘူး...မလှုပ်လိုက်နဲ့၊ အဲဒီအတိုင်းကလေးနေပါ၊ သိပ်ကိုအံ့သြ လောက်အောင် ကောင်းတဲ့ အမူအရာကလေး"

"မရှုးစမ်းပါနဲ့ရှင်"

ပြောပြောဆိုဆို သူ့ဆံပင်ကို ဘီးနှင့်ဖြီးသည်။ မျက်နှာပေါ်မှာ ပေါင်ဒါဖို့သည်။ နှုတ်ခမ်းနီပြင်ဆိုးသည်။ သူ့ကိုယ်သူ အလှဆုံးဖြစ်အောင် ပြင်ဆင်လေတော့သည်။

ကျွန်တော့်ရင်ထဲမှာ ရှိသမျှအရာအားလုံး အပေါက်ကြွကြီးပေါက်ကွဲသွားလေပြီ။

"သူခိုးမ နည်းနည်းမှအသုံးမကျတဲ့ သူခိုးမ၊ မလေးအမျိုးသမီးတွေကို ဘာကြောင့် ငါ ပန်းချီဆွဲနေတယ် ဆိုတာ နင်ခုထက်ထိ နားမလည်သေးဘူးလား၊ ဘယ်ဟာတွေ ထူးခြား နေတယ်ဆိုတာ အခုထက်ထိ နင် မမြင်သေးဘူးလား၊ နင့်မှာမရှိတဲ့ ရိုးသား စင်ကြယ်မှုတွေ၊ သဘာဝအလှတွေ သူတို့မှာ ရှိတယ်ဆိုတာ နင် မမြင်သေး ဘူးလား" စသည်ဖြင့် ကျွန်တော် အကျယ်ကြီး အော်ငေါက် ပြောလိုက်ချင်ပါသည်။

သို့သော်လည်း ကျွန်တော့်ပါးစပ်မှ ဘာစကားမှ ထွက်မသွားတော့ပါ။

သူ့စကတ်ကို သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် ပြင်လိုက်သည်။ ကိုယ်ဟန်အနေ အထားကိုလည်း ပြင်ထိုင်လိုက်သည်။

"ကဲ...ရပြီ ..ကျွန်မ အဆင်သင့်ဖြစ်ပြီ..."

"ကောင်းတယ်"ဟု ကျွန်တော်က ပြောပြီး ပုံကြမ်းလောင်းလိုက်ပါသည်။

နောက်နေ့ကျတော့ ကျွန်တော်သည် စတယ်လာအလိုရှိသည့် လင်ယောကျ်ားမျိုး မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စောစောစီးစီးက လမ်းခွဲကြလျှင် ကောင်းမည်ဖြစ်ကြောင်း စတယ်လာကို ကျွန်တော် ပြောပြ လိုက်တော့သည်။

ကျွန်တော့်စကားကို ကြားတော့ စတယ်လာ လွန်မင်းစွာ တုန်လှုပ်ချောက်ချားသွား ပါသည်။

"ပတ်ဂန်းကျင်ကို ကျွန်မ ဘယ်လိုသွားပြောရမှာလဲ၊ လူတွေကို ကျွန်မ ဘယ်လိုရှင်း ပြရမလဲ"

စတယ်လာက ထိုစကားကိုသာ တွင်တွင်ပြော နေတော့သည်။ လူတွေက ဘာထင် ထင်ကျွန်တော် ဂရုမစိုက်ပါ။ သူ အရက်တကွဲ အကျိုးနည်းဖြစ်ရမည် ဆိုသည်မှာလည်း သဘာဂတရားပင်ဖြစ်ပါသည်။

ကျွန်တော် ပန်းချီဆွဲခြင်းနှင့်ပတ်သက်ပြီး စတယ်လာ ဂမ်းနည်းပက်လက်ဖြစ်ရ သည်ကိုလည်း ကျွန်တော် သဘောပေါက်နားလည်လာပါသည်။ စတယ်လာနှင့် ပတ်သက် လာလျှင် ကျွန်တော့်ဘက်က မှန်သည် တရားသည်ဟု ကျွန်တော် လက်ခံထားပါသည်။ တကယ်ဆိုတော့ အနုပညာအတွက် ကျွန်တော်မှန်ခြင်း၊ တရားခြင်း ဖြစ်ပါသည်။

တီထွင်ဖန်တီးမှုသည် လိင်ကို အခြေခံသည်ဟု ဆိုကြပါသည်။ အခြားပန်းချီဆရာ များက ဂတ်လစ်စလစ်အမျိုးသမီးပုံများကို ရေးဆွဲကြပါသည်။ စံပြမယ်၏ ဂတ်လစ်စလစ် ကိုယ်ခန္ဓာသည် ပန်းချီဆရာ၏ အာရုံကို ဖမ်းယူထားနိုင်သည်ဟု ဆိုပါသည်။

ကျွန်တော့်အာရုံကတော့ သည်လိုမခံစားရပါ။ ဂတ်လစ်စလစ်ပုံကို ရေးဆွဲရခြင်း သည် မလေးအမျိုးသမီး များ၏ပုံကို ရေးဆွဲရခြင်းက ကျွန်တော့်စိတ်ကို ပိုမိုကြည်နူးစေပါ သည်။

မလေးအမျိုးသမီးတို့၏ သဘာဂပုံဟန်သည် ကျွန်တော့်စိတ်အာရုံကို ပိုမိုဖမ်းယူနိုင် ပါသည်။ ပိုမို သွေးကြွစေပါသည်။ မလေးအမျိုးသမီးများဘယ်လိုပဲ ကိုယ်ဟန်ပြနေစေကာ မူကျွန်တော့်စိတ်ကို လှုပ်ရှားထကြွစေပါသည်။

စတယ်လာက ဘယ်တုန်းကမှ ကျွန်တော့်စိတ်ကို နှိုးဆွနိုင်စွမ်းမရှိခဲ့ပါ။ ဒါကိုလည်း စတယ်လာသိခဲ့ပုံ ပေါ်ပါသည်။

"ကျွန်မပုံကို မဆွဲဘဲ မလေးအမျိုးသမီးပုံတွေကိုချည်း သူဆွဲနေတာဟာ ကျွန်မကို သူမချစ်နိုင်လို့ ဖြစ်မှာပေါ့"ဟုစတယ်လာ ပြောခဲ့ဖူးပါသည်။

ထိုအခါတွင် အနုပညာခံစားချက်နှင့်ပတ်သက်၍ စတယ်လာသဘောမပေါက် နားမလည်ကြောင်း ကျွန်တော်ပြောခဲ့ပါသည်။

သို့သော်လည်း စတယ်လာမှန်ပါသည်။ သူ့ကို ကျွန်တော် ဘယ်တုန်းကမှမချစ်ခဲ့ ဖူးပါ။ တဒင်္ဂကလေး လောက်တောင် မချစ်ခဲ့မိပါ။

စတယ်လာနှင့် ကျွန်တော် လမ်းခွဲပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် လန်ဒန်မှ စာရောက် လာပါသည်။ ကျွန်တော့်ပန်းချီကားများပို့လိုက်သော အုလ်မန်ပန်းချီ အရောင်းဆိုင်မှဖြစ်သည်။

စာနင့်အတူ ငွေခြောက်ဆယ့်သုံးပေါင်တန် ချက်လက်မှတ်တစ်စောင်လည်းပူးတွဲ ပါလာသည်။

စာကို ဒါရိုက်တာရှိုင်းအူလ်မန်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည်။

သူ့စာထဲတွင် ဆိုင်ခန်းခနင့် ဘောင်ဖိုးများ နုတ်လိုက်သဖြင့် ရငွေနည်းသွားသည့် အတွက် တောင်းပန် ကြောင်းပါရှိသည်။ စောစောတုန်းကဘာစာမှ မရေးခဲ့သည်နှင့်ပတ် သက်၍မူ တစ်စုံတစ်ရာ ရှင်းလင်း ဖော်ပြထားခြင်းမရှိ။

အခြား လူငယ်ပန်းချီဆရာလက်သစ်များ၏ လက်ရာများနှင့်အတူ ကျွန်တော့်ကား ဆယ့်လေးကားကို တင်သွင်းပြသခဲ့ကြောင်း၊ ကျွန်တော့်ပန်းချီကားများသည် အထားအသို အဖြတ်အတောက် နှင့် နည်းပညာပိုင်းတွင် အားနည်း နေသော်လည်း ပန်းချီကားများ၏ခံစား ချက်သည် အလွန်တရာ အားကောင်း လှကြောင်း၊ မချဲ့ထွင်ဘဲ အမှန်အတိုင်းပြောရမည်ဆို လျှင် ကျွန်တော့် ပန်းချီကားများက ပြပွဲကြီး တစ်ခုလုံးကို ဖုံးလွှမ်းကြီးစိုး သွားပါသည်ဟု ပြော ရမည်ဖြစ်ကြောင်း၊ ထိုအောင်ပွဲ အတွက် ကျွန်တော့်ကိုယ် ကျွန်တော် ချီးကျူးစကားပြော သင့်ကြောင်း မည်သို့ပင်ဆိုစေ...။

ထိုမည်သို့ပင်ဆိုစေက အရေးကြီးပါသည်။ နောက်ထပ်တစ်နှစ်လောက် ကျွန်တော့် ကားများကို ပြပွဲတင်ခြင်းလုံးဝမပြုလုပ်ရန် သူကအကြံပေးပါသည်။ နောက်ထပ်တင်သွင်း မည့်ကျွန်တော့်လက်ရာများကို မည်သူမှ မမှတ်မိသည်အထိ ပိုမိုကောင်းမွန်လာအောင် ထိုတစ်နှစ်အတွက် ကျွန်တော် ရေးဆွဲနိုင်မည်ကို သံသယ မဖြစ်မိကြောင်း ရေးသားထား သည်။

"တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းပြီး သမားရိုးကျမဟုတ်တဲ့ အနုပညာပါရမီ ခင်ဗျားမှာ ရှိပါတယ်၊ ခင်ဗျားဆီက အလွန်တရာပြောင်မြောက်တဲ့ ပန်းချီကားကောင်းများ ရတော့မယ်ဆိုတာ ကျွန်တော်တို့ မျှော်လင့်ထားနိုင်ကြောင်းလည်း သိပါတယ်"ဟုရေးပြီး စာကို အဆုံးသတ်ထားသည်။

ထိုစာကို ဖတ်ရတော့ ပထမဦးဆုံးသော ကျွန်တော်၏ ခံစားချက်မှာ ကြီးမားသော စိတ်လှုပ်ရှားခြင်းနှင့် စိတ်အားတက်ကြွခြင်းဖြစ်ပါသည်။ ထိုသို့ ခံစားရပြီး ပန်းတိုင်သို့ အရောက်ချီတက်မည်ဟူသော ယုံကြည်ချက်နှင့် ထက်မြက်ထူးချွန်မှု ရရမည်ဆိုသော စိတ် ဆန္ဒများကို ဆက်လက်ခံစားရပါသည်။

ကျွန်တော့်ကိုယ် ကျွန်တော်လည်း "အင်မတန်ကြီးကျယ်တဲ့ ငါပါကလား"ဟုစိတ် ကြီးဝင်မိပါသည်။ ထိုအချက်ကို ဂျော့ဂီးလားနှင့် တပ်ဘီပင်ဖိုးတို့နှစ်ယောက်ကလည်း အကဲခတ်မိကြပါသည်။ ကျွန်တော်၏ စိတ်ကြီးဝင်မှုသည် ရက်သတ္တပတ်တစ်ပတ်လောက် သာခံပါသည်။ တစ်ပတ်မျှအကြာတွင် ပုံမှန် အနေအထားသို့ ကျွန်တော် ပြန်ရောက်သွားပြီ ဖြစ်ကြောင်း ဂီးလားနှင့် ပင်းဖိုးတို့က မှတ်ချက်ချကြပါသည်။

တကယ်ကတော့ ပုံမှန်အနေအထားသို့ ကျွန်တော် ပြန်ရောက်သွားခြင်းမဟုတ်ပါ။ ပုံမှန်ထက်ပင် ပိုပြီး ကြုံလှီနိမ့်ကျသွားပါတော့သည်။ ကျွန်တော့်မှာ ရှိနေသည်ဆိုသော အနု ပညာပါရမီကို ရှာဖွေကြည့်မိသည်။ ဘာမှ မတွေ့ပါ။ ဘာတစ်ခုမှလည်း ကျွန်တော် မစွမ်း ဆောင်နိုင်တော့ပါ။

ထက်မြက်ထူးချွန်မှု ရရမည်ဟူသော ယုံကြည်ချက်များလည်း လွင့်စင်ကွယ်ပျောက် ကုန်ပါပြီ။ ထိုယုံကြည်ချက်အစား ဘာမှတိုးတက်သော၊ ဘာမှ မထူးခြားသော သူလို ကိုယ်လို အမြင် ခံစား လာရပါသည်။

ထိုခံစားချက်ကြောင့် ကျွန်တော် အများကြီး စိတ်ပျက်သွားပါသည်။ အူလ်မန်၏စာ ကိုအကြိမ်ကြိမ် အခါခါ ပြန်ဖတ်ပြီး ကိုယ့်စိတ်ကိုယ် တင်းပါသည်။ ကိုယ့်ဘာသာကိုယ် အား ပေးပါသည်။ သို့သော်လည်း အချည်းနှီးပင်။ သူ့စာကို အနစ်မပါ အကာသက်သက် ရိုးသား မှုမရှိဟု ထင်မြင်လာပါတော့သည်။

အနုပညာအာရုံများလည်း လျော့ကျကုန်ပြီ။ ဘာတစ်ခုမှလုပ်မရတော့။

ကျွန်တော် စိတ်ပျက်မှုကြောင့် နှစ်လလုံးလုံး ပန်းချီမဆွဲနိုင်ဘဲ ရှိခဲ့သည်။ နှစ်လ ကျော်တော့မှ စိတ်က အနည်ထိုင်လာသည်။ ကျွန်တော်သည် ထူးချွန်သောပါရမီရှင် မဟုတ်သလို သူလိုငါလို အညံ့စားထဲကလည်း မဟုတ်ကြောင်း ကိုယ့်ဟာကိုယ် သိလာ သည်။

စိတ်ရှည်ရမည်၊ ဇွဲရှိရမည်၊ ကြိုးစားရမည်ဟူသော အသိတရားရလာသည်။ လူ တော်တစ်ယောက် ဖြစ်အောင်၊ ထူးချွန်သောပါရမီရှင်ဖြစ်လာအောင် စိတ်ရှည်ခြင်း၊ ဇွဲရှိခြင်း၊ ကြိုးစားခြင်း တရားများကို ခါးဂတ်ပုဆိုး လို မြဲမြဲဆောင်ရမည်ဟု သဘောပေါက်လာသည်။

ထိုအခါကျတော့မှ လွင့်စင်ကွယ်ပျောက်သွားသော အနုပညာအာရုံများ ပြန်ရလာ သည်။ ဖန်တီးတီထွင်မှု အာရုံများ ပြန်လည် ရောက်ရှိ လာတော့သည်။
နောက်တစ်လလောက်ကြာတော့ စင်ကာပူသို့ ကျွန်တော် ဆင်းသွားသည်။ ကွာ လာလမ်ပူထက်ပိုကြီးသော မြို့ကြီးများသို့ မရောက်သည်မှာ တစ်နှစ်လောက် ကြာသွားပြီ။

စင်ကာပူလို မြို့ကြီးမျိုးကို ပြန်ရောက်ရသောအခါ စိတ်လှုပ်ရှားပျော်မြူးမိပါသည်။ တစ်ဈေးဝင် တစ်ဈေးထွက်၊ လမ်းဘေးဈေးတန်းလျှောက်၊ စားသောက်ဆိုင်များမှာ ဝင်စား၊ ရုပ်ရှင်ကြည့်၊ ပြဇာတ်ကြည့်၊ ကပွဲတွေသွားပြီး ကောင်မလေးတွေနှင့်တွဲက၊ ထင်တိုင်းပျော် ပစ်လိုက်သည်။

အပြန်မှာ ရထားနှင့်ပြန်လာခဲ့သည်။ ဘယ်နေရာကြည့်ကြည့် ရာဘာတော၊ ဘယ် နေရာကြည့်ကြည့် ရာဘာပင်။ မဆုံးနိုင်သည့် တစ်မျိုးတည်းသော မြင်ကွင်းကြီးရှိရာသို့ ပြန် သွားနေရခြင်းဖြစ်သည်။ ကျွန်တော့် အလုပ်ချိန်ကလည်း များလွန်းပါဘိ။ ပန်းချီကောင်း ကောင်းဆွဲနိုင်အောင် အားလပ်ချိန် များများစားစား မရ။

ဘူကစ်မီရာ ရာဘာခြံလုပ်ငန်းကို ကျောခိုင်းရလျှင် ကောင်းလေမည်လားဟု ကျွန်တော် စတင် တွေးတော မိတော့သည်။

မလေးရှားကိုရောက်ကတည်းက ကျွန်တော်စုထားသောငွေပေါင်းလေးရာလောက် ရှိပါသည်။ ထိုငွေသည် တစ်နှစ်လောက်ထိုင်စားနိုင်သောငွေဖြစ်ပါသည်။ ဘာအလုပ်မှ လုပ် စရာမလိုပါ။ တစ်နှစ်လုံးလုံး ပန်းချီထိုင်ဆွဲနေရုံသာဖြစ်သည်။

ကျွန်တော့်ခေါင်းထဲမှာ ထိုအတွေးပေါက်နေခိုက် ကျွန်တော့်တွဲထဲမှ ဗိုလ်မှူးတစ် ယောက်က ရုတ်တရက် သက်ပြင်းချရင်း ပြောပါသည်။

"ဟောင်ကောင်ကို ပြန်ချင်လိုက်တာနော် တကယ်ပါပဲ ..."

" ဘာဖြစ်လို့လဲဗျာ..." ဟုကျွန်တော်က မေးသည်။

"စင်ကာပူလည်း ကောင်းပါတယ်၊ ဒါပေမဲ့ ဒီလိုမြို့မျိုးကို ဘယ်နေရာမှာမဆို ရှာလို့ တွေ့နိုင်တယ်၊ ဟောင်ကောင်ကတော့ ဒီလိုမဟုတ်ဘူး၊ တကယ့်တရုတ်ပြည်ပဲ၊ မြို့လယ် ခေါင်ကနေ ဆယ့်လေးငါး မိနစ်လောက် လျှောက်ထွက်သွားရုံနဲ့ ဥရောပတိုက်သားဆိုလို့ တစ်ကောင် တစ်မြီးတောင် မမြင်ရတော့ဘူး၊ တကယ်ပါဗျာ...ယုံပါ သိပ်ကိုလှတဲ့မြို့..."

" ဟုတ်လယ်... ကျွန်တော်လည်း ကြားဖူးပါတယ်"

ထိုသို့ ကျွန်တော် ပြန်ပြောရင်း ကျွန်တော် ငယ်ငယ်က အိမ်မှာ ခန့်ထားသည့် ဥယျာဉ်မှူးကို သတိပြန်ရမိသည်။ ဥယျာဉ်မှူးသည် ဥယျာဉ်ကောင်းကောင်းလုပ်တတ်သူ တော့မဟုတ်ပါ။ သူသည် တရုတ်သင်္ဘောသားဖြစ်သည်။ သူ့လက်မှာဆေးမင်ကြောင်တွေ ထိုးထားသည်။ ခပ်မှိန်မှိန် တရုတ်နဂါးရုပ် များလည်းပါသည်။

ဟောင်ကောင်အကြောင်း သူပြောပြလေ့ရှိသည်။ ဘိန်းခန်းများအကြောင်း၊ တိုက် သင်္ဘောများအကြောင်း၊ ပြောက်အိုးများအကြောင်း၊ ပုလဲ(မြစ်၏အမည်)အကြောင်း၊ တရုတ်အသုဘချရာတွင်တီးသည့် ဘင်တီးဝိုင်း များအကြာင်း၊ အသုဘမှာ အခကြေးငွေယူ ပြီး ငိုပေးသည့် ငိုချင်းသည်တွေအကြောင်း ပြောပြတတ်သည်။ ကျွန်တော်ကလည်း စိတ် ဝင်တစား နားထောင်ခဲ့သည်။

" တကယ်ပြောတာပါဗျာ၊ တုန်ကင်ကြီးတွေ ရွက်စုံဖွင့်ပြီး ဝင်လာပုံများမြင်စေချင် စမ်းလှတယ်၊ အင်မတန် ကြည့်လို့ကောင်းတာပေါ့၊ ကျုပ်ပြောတာယုံပါ၊ ခင်ဗျားဟောင် ကောင်ကိုတော့ မြင်ဖူးအောင် သွားကြည့်ဖို့ကောင်းတယ်" ဟုဗိုလ်မှူးကစကားဆက်ပြန် သည်။

"အင်း...သွားဖြစ်အောင် သွားမယ်ဗျာ"

ကျွန်တော့်စိတ်ကို ယတိပြတ်ဆုံးဖြတ်လိုက်ပြီး ကျွန်တော်က စကားပြန်လိုက်ပါ သည်။

"ခင်ဗျားခွင့်နဲ့သွားမှာလား"

"မဟုတ်ဘူး... အဲဒီမှာ သွားနေတော့မယ်"

ရာဘာခြံသို့ ပြန်ရောက်လျှင်ရောက်ချင်း ကျွန်တော့်ဆုံးဖြတ်ချက်ကို ဂျော့ဂျီးလား အားဖွင့်ပြောလိုက်ပါသည်။

သူ သဘောမတူပါ။ ကျွန်တော့်ကို အလုပ်သင်ဘဝမှာပင် သူလခကောင်းကောင်း ပေးထားခဲ့သည်။ ထို့ကြောင့် သူ့ဆီမှာ အချိန်ကြာကြာ အလုပ်လုပ်လိမ့်မည်ဟု သူမျှော်လင့် ထားခဲ့သည်။ သို့သော်လည်း ကျွန်တော့်ဆုံးဖြတ်ချက်ကို ပျက်ပြားအောင် မလုပ်နိုင်တော့ ကြောင်း သဘောပေါက်သည်တွင် သူ့အနေဖြင့် မျက်နှာမပျက်အောင် ထိန်းသိမ်းရလေ တော့သည်။

"ကောင်းပြီလေ... တစ်နေ့မှာ မင်းနာမည်ကြီးပန်းချီဆရာတစ်ယောက်ဖြစ်လာမယ် ဆိုရင်တော့ မင်းအပေါ်မှာ ကျုပ်ကောင်းခဲ့ဖူးတယ် ဆိုတာလေးသတိရရတော့မှာပေါ့"ဟု သူကတည်တည်ကြီး ပြုံးပြီးပြောသည်။

သူတည်သော ဂီစကီကို ကျွန်တော်သောက်ရင်း စိတ်လက် ပေါ့ပါးသွားသည်။ သူ လည်း သက်တောင့် သက်သာ ဖြင့် နေတတ်ထိုင်တတ် ဖြစ်သွားပါသည်။

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ...ဒီကိစ္စကြီး ဒီလိုဖြစ်လာရတဲ့အတွက် ခင်ဗျားကိုယ် ခင်ဗျားပြန်ပြီး အပြစ်တင်ပေတော့၊ ခင်ဗျားနဲ့သာမတွေ့ရရင် ကျွန်တော်လည်း တစ်သက် မှာပန်းချီ စဆွဲဖြစ်တော့ မှာမဟုတ်ဘူး"

ကျွန်တော်က အားပါးတရ ရယ်ရင်း ပြန်ပြောသည်။

"မင်း ဘာကိုဆိုလိုတာလဲ"

"တိုင်းရင်းသူတွေနဲ့ သွေးမနှောရဘူးလို့ ခင်ဗျား ပိတ်ပင်ခဲ့တာလေ"

"ရုတ်တရက်တော့သူနားမလည်နိုင်သလို ဖြစ်သွားပါသည်။ ဆက်စပ်မှုကိုလည်း ကြိုးစား ရှာဖွေနေပုံ ရပါသည်။

"အလကားပါကွာ...ဒီက ကောင်မလေး တွေနဲ့ မင်းတစ်ခါမှရှုပ်ဖူးတာမှမဟုတ်ဘဲ၊ မင်းက အဲဒီလိုအစား ထဲက မဟုတ်ပါဘူး"

"အင်း...တကယ်ဆိုတော့..."

ကျွန်တော့်ပိုလ်တဲရှေ့မှ လျှောက်သွားလေ့ရှိသော မလေးလူမျိုး မိန်းမပျိုကလေး အကောင်းကို ကျွန်တော် ပြောပြရန် ကြံရွယ်လိုက်ပါသည်။ သို့သော်လည်း သူက စကား ဂင်ဖြတ်ပြောလိုက် သောကြောင့် မပြော ဖြစ်တော့ပါ။

"ဟုတ်ပါတယ်... မင်းဟာ အဲဒီလို ရှုပ်ရှုပ်ပွေပွေလုပ်တတ်တဲ့ အစားထဲကမဟုတ် ဘူး၊ မင်းစိတ်ဟာ အင်မတန်သန့်ရှင်းတယ်၊ ဇေရတ်တောင်ထိပ်ပန်းချီကားကို မင်းဆွဲလိုက် ကတည်းက ငါသိတယ်၊ ဒီလိုပန်းချီကားမျိုးကို စိတ်ဓာတ်အင်မတန်သန့်ရှင်းတဲ့လူမျိုးမှ ဆွဲ နိုင်တာကွ"

ကျွန်တော့်စိတ်ရင်းအမှန်ကို ဖွင့်ပြောလိုက်လျှင် ပန်းချီကားပေါ်မှာ သူထား`ရှိသည့် မြတ်နိုးတွယ်တာမှုများ ပျက်ပြားသွားပေတော့မည်။ ထို့ကြောင့် ဖွင့်မပြောတော့ရန် ဆုံးဖြတ် လိုက်ပါသည်။

"အဲဒီပန်းချီကားကို သဘောကျတယ်ဆိုလို့ ဂမ်းသာပါတယ်ဗျာ"

"တကယ်အနုပညာမြောက်တဲ့ ပန်းချီကားကွ"

ကျွန်တော့်နေရာကို အစားထိုးရန် ဒေသခံ တစ်ယောက်ကို ရွေးချယ်လိုက်ပါသည်။ သူ့နာမည်က ဟေးဂပ်ဘက် ဖြစ်သည်။ ဂိုးလားထံမှ လူတွေ့အစစ်ခံပြီး ကျွန်တော်နှင့် လာ တွေ့သည်။

"ကောင်မလေးတွေနဲ့ ဇာတ်ရှုပ်မယ့် ကိစ္စတော့မပူနဲ့တော့ ကိုယ့်လူရေ... ကျုပ်က တရားသမားဗျ..." ဟုဟေးဂပ်ဘက်ကပြောသည်။

သူပြောသည့်အတိုင်းလည်းမှန်ပါသည်။ တင်ပျဉ်ခွေထိုင်ပြီး တရားမှတ်လေ့ရှိသည်။ နှာခေါင်းကို လက်ချောင်းဖြင့်ဖိပြီး အသက်ပြင်းပြင်းရှူသည်။ အသက်ရှူခြင်းကို သူ့ရှေ့မှာ ချထားသည့် နာရီနှင့် ချိန်ကိုက်ပြီး ပြုလုပ်ခြင်းဖြစ်သည်။

သူ့ကို အလုပ်လွှဲရင်း၊ ရာဘာတောထဲက အကန့်တွေကို ပြရင်းဖြင့် ရက်သတ္တပတ် ခန့် ကျွန်တော် ဆက်နေရပါသေးသည်။

အားလုံးပြီးသောအခါ ဆီွတင်ဟန်သင်္ဘောဆိပ်သို့ ဂိုးလားကိုယ်တိုင် မော်တော် ကားမောင်းပြီး ကျွန်တော့်ကို လိုက်ပို့သည်။

မလက္ကာ၊ စင်ကာပူ၊ မနီလာနှင့် ဟောင်ကောင်သို့ ခုတ်မောင်းပြေးဆွဲနေသော နိက်ဂျာမင်စထရယ် သင်္ဘောဖြင့် ကျွန်တော် ထွက်ခွာ ခဲ့တော့သည်။

## အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၃)

အခန်း(၃)

နမ်ကောက်ဟိုတယ်ကို ပထမဆုံးစတွေ့လျှင် တွေ့ချင်းတော့ ဘာစိတ်ကူးမှ ကျွန်တော်မရခဲ့ပါ။ နမ်ကောက် ဟိုတယ်သည် တစ်မျိုးတော့လည်း ထူးဆန်းနေသည်ဟု ကျွန်တော်ထင်ခဲ့မိပါသည်။

ဟောင်ကောင်သို့ ကျွန်တော်ရောက်နေသည်မှာ ရက်သတ္တပတ်ငါးပတ်ကြာမြင့် သွားပါပြီ။

အိမ်ခန်းငှားမည်ဟူသော ကြော်ငြာကလေးတစ်ခု သတင်းစာထဲမှာတွေ့သောကြောင့် ဂမ်ချိုင်းခရိုင် အလွန် ရှိအိမ်တစ်လုံးကို ကျွန်တော်သွားကြည့်သည်။ ကြော်ငြာသူမှာ မစ္စက်မာဖြစ်သည်။ သူ့အခန်းကို ဒုတိယထပ်မှာ တွေ့ရသည်။ အခန်းတံခါးကို သူဖွင့်လိုက်သဖြင့်အတွင်းမှမြင်ကွင်းများကို မြင်လိုက်ရသည်နှင့် ကျွန်တော့် အတွက် မည်သို့မှအသုံးတည့်တော့မည်မဟုတ်ကြောင်း သိလိုက်ပါသည်။ သေးငယ်သည့် ဧည့်ခန်းကလေး ထဲမှာ ကလေးငယ် တွေ၊ အဘိုးအဘွားတွေ၊ အဒေါ်သားချင်းတွေ တစ်ဒါဇင်လောက် ပြွတ်သိပ်ထိုးထိုင်နေကြ သည်ကိုတွေ့ရသောကြောင့်ဖြစ်ပါသည်။ ကျွန်တော့်အတွက် မည်သည့် လွတ်လပ်ခွင့်မျိုးမှ မရနိုင်ပါ။

သို့သော်လည်း အခန်းကို တရုတ်မိသားစုတစ်စုက လက်ဦးသွားပြီဖြစ်ကြောင်း မစ္စက်မာက ပြောပြသဖြင့် စိတ်သက်သာရမိပါသည်။ မစ္စက်မာက ကျွန်တော်လိုလူမျိုးကို သာငှားရမည်ဟု စောစောကသိလျှင် အလွန် ကောင်းကြောင်း၊ အခန်းကိုမငှားဘဲ ချန်ထားနိုင်မည်ဖြစ်ကြောင်း၊ ကျွန်တော့်လို အင်္ဂလိပ် လူမျိုးတစ်ယောက် နှင့်အတူနေခြင်းအားဖြင့် သူတို့လင်မယား၏ အင်္ဂလိပ်စကားအပြောအဆို တိုးတက်အောင် လေ့ကျင့်နိုင်မည်ဖြစ် ကြောင်း ပြောပြပါသည်။ ပြီးတော့ တပင်တပန်းလာရပြီး အခန်းမရသောကြောင့် လက်ဖက်ရည်ကလေးတစ် ခွက်တော့ သောက်သွားပါဦးဆိုကာ အတင်းတားအတင်းဧည့်ခံနေသဖြင့် ကုလားထိုင် တောင့်တောင့်ကြီးပေါ်မှာ ဆက်ထိုင်နေရတော့သည်။

"ဖြစ်သမျှအကြောင်း အကောင်းပေါ့မှာ..ဂမ်ချိုင်းမှာတော့ တစ်ခန်းတလေရကောင်းပါရဲ့၊ ကျွန်တော် အိမ်မရှာရသေးတဲ့ခရိုင်တွေထဲမှာ ဂမ်ချိုင်းလည်းပါတယ်လေ" ဟုကျွန်တော်ကပြောသည်။ ကျွန်တော်ပြောသည် ကိုရယ်စရာမှတ်ပြီး မစ္စက်မာ၏မျက်နာပြုံးသွားပါသည်။ "ဂမ်ချိုင်းကိုတော့ ရှင်သဘောကျမှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့ သဘောမကျရမှာလဲဗျာ"

"အင်မတန်ဆူတယ်ရှင့်၊ ဂမ်ချိုင်းမှာဥရောပတိုက်သားတွေ မနေဘူး၊ တရုတ်လူမျိုးတွေပဲနေတယ်" ဟုမစွက် မာကရှင်းပြသည်။

"ကျွန်တော် လိုချင်တာကလည်း အဲဒါပါပဲ၊ အခု ကျွန်တော်နေနေတဲ့နေရာမှာ အင်္ဂလိပ်လူမျိုးတွေချည်းပဲ..."

ကျွန်တော်က ဆန်းဆက်ဘော်ဒါဆောင်အကြောင်း သူ့ကိုပြောပြသည်။ ဆန်းဆက်ဘော်ဒါဆောင်သည် တောင်ခါးပန်းအနိမ့်ဆုံးအရစ်တွင် ရှိသည်။ ဥရောပတိုက်သားများသည် လူသူလေးပါး အထင်ကြီးအောင် ထိုအရပ်တွင် နေကြသည်။ ကျွန်တော်ကမူ အထင်ကြီးခံချင်သောကြောင့် နေခြင်းမဟုတ်။ ဈေးပေါပေါနှင့် အခန်းမျိုး အခြား အရပ်မှာ မရနိုင်သေးသောကြောင့် နေရခြင်းဖြစ်သည်။

မစွက်မာကို အခြားအိမ်တွေအကြောင်းလည်း ကျွန်တော် ပြောပြနေမိသည်။ ထို အိမ်များတွင် မနက်ဆယ့်တစ်နာရီက စပြီး ဖဲဝိုင်းများ စတော့သည်။ တစ်နေကုန် ကစားကြ သည်။ ဖဲဝိုင်းနားမှာလည်း စကားကြောရှည်တတ်သော မိန်းမတွေရှိနေတတ်သည်။ သူတို့ နှင့်မျက်နှာချင်းဆိုင်မိလျှင် တော်တော်နှင့် ခွာသွားလို့မရနိုင်တော့။ ကျွန်တော့်အခန်း ကလေးသို့ရောက်အောင် မီးဖိုချောင်မှ တစ်ဆင့် ဖြတ်သွား ရသည်။

ထိုအကြောင်းများပြောပြတော့ မစွက်မာအဖို့ ရယ်စရာ ဖြစ်နေပါတော့သည်။ တကယ်ကတော့ ကျွန်တော် မရယ်နိုင်ပါ။ ကျွန်တော့်စိတ်တွေ အလွန်တရာချောက် ချားစပြုလာပါပြီ။ ဟောင်ကောင်သို့ ရောက်နေသည်မှာ တစ်လတင်းတင်း ပြည့်ခဲ့ပြီ။ သို့သော်အခြေတကျလုံးဝမဖြစ်သေး။ ဘာတစ်ခုမှအနည်မထိုင်သေး။ ဘာအလုပ် မှလည်း စတင်မလုပ်နိုင်သေး။

ဟောင်ကောင်ကိုရောက်စက လူဦးရေ မတော်မတရားများပြားနေသည်ကိုကြည့်ပြီး ကျွန်တော် စိတ်အလှုပ်ရှားကြီး လှုပ်ရှားခဲ့ရပါသည်။ အာရုံတွေလည်း ရောထွေးကုန်သည်။ လှုပ်ရှားမှုတွေ၊ အဖြစ်အပျက် တွေကလည်း မြန်ဆန်လွန်းသောကြောင့် ဘာတစ်ခုမှ မှတ် တမ်းတင်မထားနိုင်ပါ။

"နေသားကျအောင် လုပ်ရဦးမှာပေါ့လေ...တစ်ပတ် နှစ်ပတ်ကြာရင်တော့ ဟန်ကျ သွားမှာပါပဲ"ဟု ကိုယ့်ဟာကိုယ် ပြန်ပြောခဲ့မိသည်။

သို့သော်လည်း ဘာတစ်ခုမှ အသားကျမလာပါ။ တစ်ခုခုကို အာရုံစိုက်နိုင်စွမ်းလည်း မရှိပါ။ လုပ်ငန်းစနိုင်သည့် အကြောင်းအရာလည်းပေါ်မလာပါ။ ထို့ ကြောင့် စိတ်ပျက်လက်ပျက်ဖြင့် ကိုးကုန်းကိုးကျင်း လျှောက်နေမိတော့သည်။ ထိုသို့ လျှောက်လေ ပိုဆိုးလေဖြစ်လာသည်။ ပိုဆိုးမှန်း သိတော့ မှပင် ကျွန်တော်လည်း သဘော ပေါက်နားလည်စပြုလာတော့၏။

ကျွန်တော့်လုပ်ငန်းသည် ကရုဏာစိတ်ထားကို အခြေခံရသောလုပ်ငန်းဖြစ်သည်။ ကရုဏာစိတ်ပေါ်မှာ တည်မှီရသောလုပ်ငန်းဖြစ်သည်။ ကျွန်တော် ပုံကြမ်းဆွဲမည့်၊ သို့တည်း မဟုတ် ပုံချောရေးဆွဲမည့်လူများ၏ အာရုံခံစားမှုကို သိနားလည်ရမည်။ သူတို့၏ ဘဝကို သဘောပေါက်နားလည်ရမည်။ ကိုယ်တိုင်လည်း ခံစားတတ်ရမည်။

ယခုတော့ တစ်လမ်းဝင် တစ်လမ်းထွက် ကျွန်တော် လျှောက်သွားနေသည်။ သူတို့ ဘဝကို ခံစားမကြည့်။ သာမန် ပွဲကြည့်ပရိသတ်လို ဖြစ်နေသည်။ တရုတ်လူမျိုးများနှင့် ကျွန်တော့်ကြားတွင် ရောမ အုတ်တံတိုင်း ကြီးခြားနားကာရံထားသလိုဖြစ်နေရာ မည်သည့်နည်းနှင့် ကျွန်တော်ပန်းချီရေးဆွဲနိုင်ပါမည်နည်း။

ထို့ကြောင့် ဆန်းဆက်ဘော်ဒါဆောင်ကို ကျောခိုင်းလိုက်သည်။ အခန်းတစ်ခန်းရသည်။ထိုအခန်းကလည်း ကျွန်တော်အလုပ်ဖြစ်နိုင်မည့်အခန်းမဟုတ်သောကြောင့် နောက်တစ်နေ ရာရှာရပြန်သည်။ ဓာတ်ရထားစီးပြီး တစ်ရပ်ကွက်ဝင် တစ်ရပ်ကွက်ထွက်ရှာသည်။ တစ်လမ်းဝင် တစ်လမ်းထွက်ရှာသည်။ သည်လိုရှာပြန်တော့လည်း ဘယ်သွားသွား ရောမလူအုပ်ကြီးများ ဥဒဟိုသွားနေကြသည့်ကြားမှာသာ ညပ်နေတတ်သည်။ ခေါင်းပေါ်မော့ကြည့်လိုက်တိုင်း တို့လို့တွဲလောင်း လှန်းထားသည့် အဂတ်အစားမျိုးစုံကိုသာနေရာတကာမှာ တွေ့နေရသည်။
ဟောင်ကောင်သည် ကမ္ဘာပေါ်တွင် လူဦးရေ အထူထပ်အများပြားဆုံးသောမြို့ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစတုန်းကလူဦးရေငါးသိန်းလောက်သာရှိခဲ့သည်။ စစ်ကြီးပြီး သည့်အချိန်မှစပြီး တစ်စတစ်စများလာသည်။ တရုတ်ပြည်တွင် တော်လှန်ရေးကြီးပေါ် ပေါက်သည့်အချိန်မှစ၍ တဟုန်ထိုး များပြားလာရာ ယခုဆိုလျှင် လူဦးရေ နှစ်သန်းခွဲကျော် သွားပြီ။ အချို့ကလည်း သုံးသန်းတောင် ရှိနေပြီဟု ပြောကြလေသည်။

လူဦးရေ အဆမတန်များပြားလာသောကြောင့် အလွန်ကျဉ်းသည့် အခန်းကလေး တစ်ခန်းထဲမှာပင် လူဆယ်ယောက် ဆယ့်ငါးယောက်ငါးပိသိပ် ငါးချဉ်သိပ်နေကြရသည်။ ကျောခင်းဖို့ တစ်နေရာ စာကလေး ရလျှင်ပင် လုံလောက်ပါပြီဆိုသော သဘောဖြင့် နေထိုင် ကြရသည်။

အခန်းငှားခတွေကလည်း ခေါင်ခိုက်လာသည်။ ဥပဒေတွေကလည်း ဟန့်တားပိတ် ပင်နိုင်စွမ်းမရှိတော့။
သည်လိုအခြေအနေမျိုးတွင် အိမ်ခန်းကို ဘယ်လိုရှာရှာတွေ့ဖို့မလွယ်။ ခြေတိုရုံသာ ရှိပေမည်။ ထို့ကြောင့် လက်လျှော့ရတော့မလို ဖြစ်နေခိုက် မစွက်မာ၏ ကြော်ငြာကိုတွေ့ လိုက်ရခြင်းဖြစ်သည်။

အရုပ်ကလေးများ ရေးခြယ်ထားသည့် လက်ဖက်ရည်ပန်းကန်ကို ကျွန်တော် ပြန်ချ လိုက်သည်။
"အင်မတန်အရသာရှိတဲ့ လက်ဖက်ရည်ပါပဲဗျာ…ခင်ဗျားကတော့ စေတနာကြီးပါ ပေတယ်"ဟုလည်း မစွက်မာကို လှမ်းပြောလိုက်သည်။

"ဒါလောက်လည်း မဟုတ်ပါဘူးရှင်၊ ဒါလောက်လည်းမဟုတ်ပါဘူး၊ လက်ဖက်ရည်ကခပ်ညံ့ညံ့အစားထဲကပါ…"မစွက်မာက ယဉ်ကျေးသိမ်မွေ့စွာပြန်ပြောသည်။

"မညံ့ပါဘူးဗျာ…အင်မတန်အရသာထူးကဲတဲ့ လက်ဖက်ရည်ပါ"

ကျွန်တော်က ပြောပြောဆိုဆို ထိုင်ရာမှ ထသည်။

"ဂမ်ချိုင်းကို ရှင်တကယ်သွားမှာမဟုတ်ပါဘူးနော်"

မစွက်မာက တံခါးဆီသို့လျှောက်လာရင်း စိုးရိမ်ပူပန်သံမျိုးဖြင့် မေးသည်။

"သိပ်ကိုဆူညံတဲ့ရပ်ကွက်ပါ။ ညစ်လည်းအရမ်းညစ်ပတ်တယ်၊ ဂမ်ချိုင်းကလူတွေဟာသိပ်လည်း ဆင်းရဲတယ်၊ အဲဒီအရပ်မှာနေမိရင်တော့ ကျွန်မတို့တရုတ်လူမျိုးတွေကို ရှင် အထင်သေးသွားတော့မှာပါပဲ…ရှင်မသွားပါဘူးနော်" "ကောင်းပါပြီဗျာ…မသွားတော့ပါဘူး"

ထိုကဲ့သို့ ကျွန်တော် အဖြေပေးခဲ့သော်လည်း သွားဖြစ်အောင် သွားရပါတော့သည်။ ဂမ်ချိုင်း၏ ရပ်ကွက်ဟောင်းကြီးတစ်ခုဘက်မှ ကျွန်တော်ဝင်လာခဲ့သည်။ လမ်းဘေး ဈေးသည်တွေ၊ လမ်းသွားလမ်းလာတွေဖြင့်

ပြည့်ညပ်နေသည်။ ခေါင်းပေါ် မော့ကြည့်လိုက်တိုင်း လည်း ဂါးလုံးလျှိုးပြီး လှန်းထားသည့် တရုတ်မဘောင်းဘီတွေ၊ အတွင်းခံဘောင်းဘီတွေ တို့လို့တွဲလောင်းကို မျက်စိတဆုံးမြင်တွေ့နေရသည်။

စာတိုက်တစ်ခုကို မြင်သဖြင့် အထဲသို့ ဝင်ခဲ့သည်။ စာတိုက်စာရေးသည် အင်္ဂလိပ်စကား ပြောတတ်လိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် အခန်းအကြောင်း စုံစမ်းသောအခါ စာရေးက ခေါင်းရမ်းပြီး ပြန်ဖြေသည်။
"မရှိဘူး ဂမ်းနည်းပါတယ် မရောင်းဘူး..."

"ကျုပ် ဘာမှဂယ်မှာ မဟုတ်ပါဘူး၊ ငှားစရာ အိမ်ခန်းများ ဒီနားတစ်ဝိုက် ရှိမလားလို့ လိုက် ကြည့်တာပါ"ဟု ကျွန်တော်က ပြောသည်။

"ဂမ်းနည်းပါတယ်၊ တံဆိပ်ခေါင်းပဲ ရောင်းပါတယ်"

သူ့စကားဆုံးတော့ အပြင်ထွက်ပြီး ဟင်နက်ဆီလမ်းမကြီးကို ကျွန်တော်ဖြတ်လျှောက်လာသည်။ လမ်းမကြီးပေါ်တွင် ဓာတ်ရထားတွေ ဥဒဟိုပြေးနေသည်။ ကြီးမားသည့် ခေတ်မီရုပ်ရှင်ရုံကြီးနှစ်ရုံကို တွေ့ရသည်။ အမေရိကန်ဇာတ်ကားများပြနေသည်။ ကမ်းနားဘက်လျှောက်လာတော့ လွတ်ကောက် ဟိုတယ်ကိုတွေ့သည်။ အလွန်ကြီးသည့် ဟိုတယ်ကြီးဖြစ်သည်။ တရုတ်မင်္ဂလာ ဆောင်များအတွက် အခန်းငှားသည်။ နာမည်ကြီးသည်။ ဈေးလည်းအလွန်ကြီးပါသည်။ မည်သည့် နည်းနှင့်မျှ ကျွန်တော် တတ်နိုင်မည် မဟုတ်ပါ။

ကမ်းနားတစ်လျှောက် အုတ်တာရိုးအတိုင်း ဆက်လျှောက်လာခဲ့သည်။ အင်္ကျီမဝတ်၊ ဖိနပ် မစီးသော ကူလီများက ရေမတုံကင်ကြီးများပေါ်မှ ကုန်များကို သယ်ချနေကြသည်။ ကုန်းဘောင် များအတိုင်း တက်သူတက်၊ ဆင်းသူဆင်းဖြင့် ကုန်သယ်နေကြသည်မှာ ပုရွက်ဆိတ်တန်းကြီးကို ကြည့်ရသလို ရှိပါသည်။ တုံကင်းကြီးများမှာ သမ္ဗန်ကလေးတွေ တွဲချိတ်ထားသည်။ မလှမ်းမကမ်းမှ သင်္ဘောများ ဖြတ်မောင်း သွားတိုင်း လှိုင်းပုတ်ပြီး နိမ့်ချည်မြင့်ချည် ယိမ်းထိုးနေကြသည်။

လမ်း၏ တစ်ဖက်ခြမ်း အုတ်တာရိုးတစ်နေရာတွင် ရေထဲသို့ ဆင်းသည့် အုတ်လှေကား ရှိသည်။ ထိုနေရာသို့ ကျွန်တော်လျှောက်သွားမိသည်။ လမ်းတွင် ကလေးတွေ ထုပ်ဆီးထိုးတမ်း ကစားနေကြသည်။

လှေကားထိပ်မှာ ကျွန်တော် ထိုင်ချလိုက်ပါသည်။ ဘာလိုလိုနှင့် တစ်လကုန်သွားပြီ။ တစ်လလုံးလုံး ကုန်သွားပြီ။ ကျွန်တော် ဘာမှမလုပ်နိုင်သေး။ ကျွန်တော့်စိတ်ကို ကျွန်တော်ထိန်းပြီး မလုပ်မဖြစ် ဖွတ်ကို လုပ်ရတော့မည်ဟု ကျွန်တော် တွေးကြည့်နေမိသည်။

သို့သော်လည်း မဖြစ်နိုင်ပါ။ ကိုယ့်ဘာသာကိုယ် အတင်းအကျပ်စေခိုင်းခဲ့ဖူးပါသည်။ အလုပ်မဖြစ်ပါ။ ပန်းချီရေးဆွဲသည့် အလုပ်ကို ဖွတ်အဓမ္မစေခိုင်း၍ မရပါ။ နာရီစက်သံကို မကြားဟု မိမိကိုယ် မိမိ လှည့်စားသလို ဖြစ်ပါသည်။ ငါ့နားကမကြားဟု စိတ်ကို တင်းလေလေ နာရီစက်သံက ပိုမိုကျယ်လောင်လေဖြစ်တတ်ပါသည်။
တစ်ခါတလေကျတော့လည်း စိတ်တန်ခိုးသည် မိမိ၏ ရန်သူပြန်ဖြစ်နေတတ်ပါကလားဟု ကျွန်တော် စဉ်းစားနေမိသည်။ စိတ်တန်ခိုးကို အသုံးချပြီး ပန်းချီရေးဆွဲ၍ ရစကောင်းသည် မဟုတ် ပါ။

မှန်ပါသည်။ စိတ်ကိုလျှော့ထားရမည်။ စိတ်ကို လျှော့ထားမှ၊ ကိုယ်လိုချင်တာကို အတင်း အကျပ်မဆုပ်ကိုင်မှ၊ ကိုယ်ဖြစ်ချင်တာကို ဖွတ်အဓမ္မမလုပ်ကိုင်မှ ကိုယ်ဖြစ်ချင်တာများ အလိုလို ဖြစ်လာပေလိမ့်မည်။

နေရှိန်ကြောင့် ပူနွေးနေသော ကျောက်တုံးများကို ကျွန်တော် မှီထိုင်နေမိပါသည်။ လန်ချားတစ်စီးက ဖြတ်သွားသည်။ ကူလီတို့၏ ခြေသံပြင်းပြင်းများက လမ်းပေါ်မှာ မြည်ဟည်းနေ သည်။ ထိုအချိန်မှာပင် ဆိုင်တန်းများကြားမှ နီယွန်မီးချောင်း ဆိုင်းဘုတ်တစ်ခုကို လှမ်းမြင်မိသည်။ အပြာရောင် မီးချောင်းများသည် မှိတ်ချည် လင်းချည် ပြနေသည်။ တရုတ်စာလုံးများဖြစ်သည်။ နောက်ဆုံးစာနှစ်လုံးကို ကျွန်တော်မှတ်မိပါသည်။ ထိုစာလုံးနှစ်လုံးကား "ဟိုတယ်"ဟူသော အနက်ရလေသည်။

ကျွန်တော် တတ်နိုင်သည်ထက် ပိုဈေးကြီးမည့် ဟိုတယ်ဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။ ပြီးတော့ ကမ်းနားပေါ်မှာ အကွက်အကွင်းက ကောင်းကောင်း အလွန်သားနားသည့် ဟိုတယ်လည်း ဖြစ်ပေလိမ့်မည်။ သိပ်ကိုသားနားသည်ဆိုကတည်းက အဆင်ပြေဖို့အကြောင်းတယ်မရှိလှ။ သို့သော်လည်း ကြိုးစားကြည့်ခြင်းသည် ဘယ်လောက်မှ ဒုက္ခမများပါ။

ထိုင်ရာမှထပြီး အုတ်တာရိုးကို ဖြတ်လျှောက်သွားသည်။ အပြာရောင်နီယွန်မီးဆိုင်းဘုတ် အောက် ဂင်ပေါက်မှ ဂင်ခဲ့သည်။ ကျွန်တော် သံသယပပျောက်မသွားသေးပါ။ ခန်းမကြီးက အထင်ကြီးလောက်အောင် သားနား ခန့်ထည်နေသည်။ စားပွဲနောက်ရှိ လူလတ်ပိုင်းအရွယ် စာရေးဆီသို့ ကျွန်တော်လျှောက်သွားသည်။ ခေတ်ဟောင်းပုံစံအတိုင်းကြိုးနှင့်ဆွဲသည့် ဓာတ်လှေကားကိုတွေ့ရသည်။ လှေကားများ၏အခြေတွင် တောင်ထန်းပင်ကလေးများကို အိုးထဲထည့်စိုက်ထားသည်။ အင်္ဂလန်နိုင်ငံ ဘလွမ်းစ်ဘာရီအရပ်ရှိ မိသားစုပိုင် ဟိုတယ်ဟောင်းများကို အမှတ်ရမိသည်။ ယခု ဟိုတယ်က ဂမ်ချိုင်းခရိုင်၏ ကမ်းနားပေါ်မှာတည်ရှိနေသည်။ သည်လိုဆိုတော့လည်း အလွန်ဈေးကြီးသည့်ဟိုတယ် ဖြစ်ရပေလိမ့်မည်။

စားပွဲနားသို့ ကပ်သွားပြီး စာရေးကို ကျွန်တော် လှမ်းမေးလိုက်သည်။

"အခန်းခက တစ်လကို ဘယ်လောက်ပေးရပါသလဲ"

"တစ်လတောင်လား"

ပေသီးတွက်နေသည့် စာရေး၏ လက်ချောင်းကလေးများ လှုပ်ရှားမှုရပ်သွားသည်။ လယ်ဂျာစာအုပ်ထဲမှ ငွေစာရင်းများကို သူတွက်နေခြင်းဖြစ်ပါသည်။ သူ့ခေါင်းကို ပြောင်အောင် ရိတ်ထားသည်။ ငွေသွားတွေလည်း အများကြီးရှိသည်။

သူဂတ်ထားသည့် အဂတ်အစားများက သူ့ရုပ်ရည်ကို ပိုပြီး ရေးကျသွားစေပါသည်။

"တစ်လတောင်မှလား" သူက ထပ်မေးပြန်သည်။

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ၊ ခင်ဗျားတို့မှာ တစ်လလုံးပေါက်ငှားတဲ့စနစ် မရှိဘူးလား" ဟု ကျွန်တော်က ပြန်မေးသည်။

"ဘယ်လောက်ကြာကြာ နေချင်ပါသလဲခင်ဗျာ"

"အင်း...အနည်းဆုံး တစ်လဆိုပါတော့"

ကျွန်တော့်ကို သူက အထူးအဆန်းသဖွယ် ကြည့်သည်။ ပြီးတော့ ပေသီးများကို အသစ်တစ်ဖန်ပြန် တွက်နေသည်။ ပေသီးကလေးများသည် သူ့လက်ချောင်းအောက်တွင် အပေါ် တက်လိုက် အောက်ဆင်းလိုက်ဖြစ်နေကြသည်။ "ဒေါ်လာနှစ်ရာခုနှစ်ဆယ် ကျပါတယ်ခင်ဗျာ"ဟု နောက်ဆုံးတွင် သူကဈေးပြောသည်။

"တစ်လကိုလား"

"ဟုတ်ပါတယ်ခင်ဗျာ...တစ်လကိုပါ"

ဟောင်ကောင် တစ်ဒေါ်လာလျှင် တသျှီလင်နှင့် သုံးပဲနိတန်ဖိုးရှိသည်။ ထို့ကြောင့် တစ်ဆယ့်ခုနစ်ပေါင်နီးပါးကျသည်။ ဆန်းဆက်ဘော်ဒါဆောင်မှာထက်တော့ နည်းနည်းပိုများသည်။ သို့သော်လည်း အစားအသောက် ချွေတာလိုက်လျှင် ကျွန်တော် တတ်နိုင်ပါလိမ့်မည်။

အခန်းကို ကြည့်ချင်သည်ဟု ကျွန်တော်က ပြောသောအခါ အခန်းစောင့်တစ်ယောက်ကို တယ်လီဖုန်းနှင့်သူကလှမ်းခေါ်နေသည်။

ဓာတ်လှေကားအတွင်းသို့ ကျွန်တော်ဝင်ခဲ့သည်။ ဓာတ်လှေကားမောင်းသမားက မှန်ဘက်ခြမ်းကိုမှီပြီး တရုတ်သတင်းစာတစ်စောင်ကို ဖတ်နေသည်။ ကျွန်တော်ဝင်သွားတော့ သတင်းစာကို ခေါက်ပြီး ဓာတ်လှေကားတံခါးကို ပိတ်လိုက်သည်။ အထပ်တစ်ထပ်၏ ဝင်ပေါက် ထွက်ပေါက်သို့ ရောက်တိုင်း ဓာတ်လှေကားက အသံမြည်သွားလေ့ရှိသည်။

အပေါ်ဆုံးထပ်ရောက်တော့ ဓာတ်လှေကားထဲမှ ကျွန်တော် ထွက်ခဲ့သည်။ စားပွဲတစ်လုံးတွင် အခန်းစောင့်ကလေးတစ်ယောက် ထိုင်နေသည်။ သူ့စားပွဲပေါ်မှ ရေဒီယိုသေးသေးကလေးက တရုတ်သီချင်းသံများ ထွက်နေသည်။ အခန်းစောင့်ကလေးက လန်းဆန်းနေသည့် သူ့မျက်နှာကလေးကိုမော့ပြီး ပြုံးပြသည်။ အသက်နှစ်ဆယ်လောက်ပဲရှိဦးမည်။ အဖြူရောင်ရှပ်အင်္ကျီနှင့် ခြေထောက်ပွသော ဘောင်းဘီကို ဝတ်ထားသည်။ စင်္ကြံအတိုင်း ကျွန်တော့်ကို ဦးဆောင် ခေါ်သွားပြီး အစွန်ဆုံးအခန်းကို သော့ဖွင့်လိုက်သည်။

"အင်မတန်သားနားလှပတဲ့ အခန်းပါ ဆရာ" ဟုသူက ပြုံးပြုံးကြီးပြောသည်။

အခန်းက လုံးဝ မလှမပပါ။ သို့သော်လည်း သပ်သပ်ရပ်ရပ်တော့ရှိသည်။ ကြီးမားကျယ် လွင့်သောခုတင်တစ်လုံး။ ဈေးပေါပေါ အညံ့စားအလှပြင် မှန်တင်ခုံတစ်ခုနှင့် အဂတ်ဗီရိုတစ်လုံးရှိသည်။ ကြမ်းပေါ်မှာ ကြွေထွေးခံတစ်ခုလည်းချထားသည်။ တယ်လီဖုန်းတစ်လုံးနှင့် ရေနွေးကြမ်းအိုး ထည့်သည့် ခြင်းတစ်လုံးရှိသည်။

တရုတ်ဟိုတယ်များသည် ရေနွေးကြမ်းကို လိုသလောက် အခမဲ့ပေးကြောင်း ကျွန်တော် ကြားဖူးခဲ့သည်ကို ပြန်လည်အမှတ်ရလာသည်။ ရေနွေးသောက်ပြီး ကျွန်တော် အသက်ရှင်နေနိုင်ပါ သည်။ ဒါ တစ်ခုတည်းကပင် ငွေကုန်ကြေးကျအများကြီးသက်သာဖို့ နည်းလမ်းတစ်ခုဖြစ်သွားပြီ။ "နောက်ပြီးတော့ ရှုမျှော်ခင်းကလည်း သိပ်ကို သာယာပါတယ် ဆရာ"

အခန်းစောင့်ကလေးက ပြောပြောဆိုဆိုဖြင့် လသာဆောင်မှ တံခါးများကို လိုက်ဖွင့်နေသည်။ လသာဆောင်ကို အမိုးမိုးထားသည်မှာ မှန်သော်လည်း အလင်းရောင်ကောင်းကောင်းရနေသည်။ ကျွန်တော် ပန်းချီဆွဲဖို့ အလွန်သင့်လျော်သည့် စတူဒီယို ဖြစ်နိုင်သည်။ ရှုမျှော်ခင်းကတော့ တကယ်ပင် အံ့သြလောက်အောင် လှပပါပေသည်။ လသာဆောင်က အဆောက်အအုံ၏ ထောင့်တွင် ဖြစ်သောကြောင့် မြင်ကွင်းကျယ်ကြီးကို တမျှော်တခေါ် မြင်တွေ့နေရသည်။

တစ်ဖက်ခြမ်းတွင် ဂမ်ချိုင်းခရိုင်ကြီးတစ်ခုလုံး၏ အဆောက်အအုံများကို အပေါ်မှစီးပြီးမြင်နေရသည်။ ထို့နောက်မှာ မိုးထိတိုက်များ ထိုးထိုးထောင်ထောင် မြင့်တက်နေသည့် ဟောင်ကောင်။ ပြီးတော့ လူကုံထံများနေထိုင်ရာ တောင်ထွတ်။

သူတို့မျက်နှာမူရာတွင် ဆိပ်ကမ်း။ အရွယ်မျိုးစုံ၊ ပုံစံမျိုးစုံ၊ သင်္ဘောပေါင်းစုံတို့ကိုမြင်ရသည်။ ဆိုက်ကပ်ထားတာတွေလည်းရှိသည်။ ခုတ်မောင်းသွားလာနေတာတွေလည်း ရှိသည်။ ကုန်တင် သင်္ဘောများ၊ ခရီးသည်တင်သင်္ဘောများ၊ စစ်သင်္ဘောများ၊ ကူးတို့သင်္ဘောများ၊ တုံကင်ကြီးများ၊ သမ္ပန်ငယ်များ ရေတွက်ဆုံးနိုင်အံ့မထင်။

ဆိပ်ကမ်း၏ တစ်ဖက်ခြမ်းတွင်မူ ကျွန်းဆွယ်ဟိုတယ်ကို ကျွန်တော်တို့နှင့် ကပ်လျက်တွေ့ရသည်။ ပြူတင်းပေါက်များပင် ရေတွက်နိုင်သည်။ ယင်းဟိုတယ်ရှိသည့် နေရာကား ကိုလုန်းရပ်ကွက်ကိုပင် ရေတွက်နိုင်သည်။ ယင်းဟိုတယ်ရှိသည့် နေရာကားကိုလုန်းရပ်ကွက်၏ ကမ်းနားပိုင်း။ သူတို့နောက်မှာ တောင်ကတုံး အစီအရီရှိသည်။ တရုတ်ပြည်မကြီးထဲအရောက် နိမ့်ချည်မြင့်ချည်ပြန့်ပြောသွားသော တောင်တန်းများဖြစ်ပါသည်။

"ဒီအခန်းဆိုရင်တော့ မဆိုးပါဘူးကွာ"ဟု ကျွန်တော်က ပြောသည်။

"ကျွန်တော့်နာမည် တောင်းကောက်တိုင်းလို့ ခေါ်ပါတယ်ဆရာ" အခန်းစောင့်ကလေးက စောစောကနှင့်မတူသော အပြုံးမျိုးကို ပြုံးပြီး ပြောပါသည်။

"မှားနေတဲ့ ကျွန်တော့် အင်္ဂလိပ်စကားတွေကို ဆရာ ပြင်ပေးပါနော်"

"ပြင်ပေးစရာမရှိပါဘူး အတောင်း"

"ဆရာက သိပ်သဘောကောင်းတာပဲခင်ဗျာ"

ပြီးတော့ အခန်းထဲသို့ ကျွန်တော်တို့ ဝင်ခဲ့ကြသည်။

"ဒီမှာ အမျိုးသမီးတစ်ယောက်ထားဦးမှာလား ဆရာ"

"အမျိုးသမီးတစ်ယောက် မထားပါဘူးကွာ"

"ဒီမှာ"ဟူသော စကား၏ အဓိပ္ပာယ်ကို ဟောင်ကောင်မှာဟု ကျွန်တော်နားလည်လိုက် ပါသည်။

တုန်တုန်ချည့်ချည့် ဓာတ်လှေကားကြီးဖြင့် အောက်ထပ်သို့ ကျွန်တော်ပြန်ဆင်းခဲ့ပါသည်။ အခန်း လက်လွတ်မသွားရအောင် စရန်ငွေကို စာရေးလက်သို့ပေးလိုက်သည်။ ငွေလက်ခံဖြတ်ပိုင်းပေါ်တွင် သူက တရုတ်ဘာသာဖြင့် ရေးနေသည်။ အခန်းမကြီး၏ တစ်ဖက်ခြမ်းရှိ ဆင်နားရွက်တံခါးပေါက်ထဲမှ တေးဂီတသံများ လွင့်ထွက်လာသည်။ ထိုဘက်သို့ ကျွန်တော်က မေးငေါ့ပြီး စာရေးအား မေးကြည့်သည်။

"ဟိုဘက်အခန်းထဲက ဘာလဲ"

"ဘားခန်းပါခင်ဗျာ"

"ကောင်းသဗျာ...ဘီယာကလေးတော့ သောက်လိုက်ဦးမှပဲ"

ထိုသို့ပြောပြီး ခန်းမကြီးကိုဖြတ်ကာလျှောက်သွားမိပါသည်။ အနားရောက်တော့ ဆင်နားရွက်တံခါး ဖြုန်းခနဲ ပွင့်သွားပြီး ဘုရင့်ရေတပ်မတော်မှ ရဲဘော်တစ်ယောက်ထွက်လာသည်။ သူ့ ကိုယ်လုံးကိုယ်ထည်က ခပ်သေးသေး၊ ခပ်ညှက်ညှက်ပင်။ နေလောင်ထားသဖြင့် အသားက ညိုနေ သည်။ "အိပ်ချ်အမ်အက်စ်ပါလာစ်"ဟူသော ရွှေစာလုံးများပါသည့် ဦးထုပ်ကို ဆောင်းထားသည်။ ကျွန်တော့်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်တည်း သူက ရုတ်တရက်အလေးပြုလိုက်သည်။

"ကောင်းပါလေ့ ရဲဘော်ရာ...ဒီနေရာမှာ တွေ့ရမယ်လို့ မျှော်လင့်ထားတဲ့ နောက်ဆုံးဟာနဲ့မှလာတွေ့နေရတယ်" ဟုကျွန်တော်က ရယ်မောပြီး ပြောလိုက်ပါသည်။

ဟိုတယ်စာရေးက ကြည့်သလို သူကလည်း ကျွန်တော့်ကို အထူးအဆန်းသဖွယ်ကြည့်ပါသည်။ "ခင်ဗျား ဒီနေရာမှာ များများစားစား တွေ့ရမှာမဟုတ်ပါဘူး၊ နမ်ကောက်ဟိုတယ်လို နေရာမျိုးမှာ တွေ့ရဖို့ မလွယ်ပါဘူး"

"မတွေ့နိုင်ဘူးလား... ရဲဘော်ဆိုလိုတာက ဒီနေရာမှာ တရုတ်လူမျိုးတွေချည်းပဲ" ဟုသူက ပြန်ပြောသည်။

ထိုအခိုက်အတန့်ကလေးမှာပင် တံခါးက ပွင့်သွားပြန်သည်။ တရုတ်မကလေးတစ်ယောက် လျှပ်တီးလျှပ်ပြာနှင့် ထွက်လာသည်။ ပြီးတော့ ရေတပ်ရဲဘော်ကို ရယ်ရင်း လှမ်းစကားပြောသည်။

"ဟေး... ရှင် ကျွန်မကို ပစ်ထားခဲ့တယ်ပေ့ါလေ"

ဒေါက်မြင့်ဖိနပ်ကို စီးထားသည်။ ကော်လာအမြင့်၊ အောက်ခြေက ဘေးနှစ်ဖက်ကွဲ တရုတ် ဂါဝန်ကိုဝတ်ထားသည်။ အလွန်ချောမောလှပသော မိန်းကလေးဖြစ်ပါသည်။

"နောက်ပြီးတော့ သူတို့ကို ကောင်းကောင်းဆက်ဆံရင် သူတို့ကလည်း အင်မတန်ယဉ်ကျေးဖွယ်ရာပါတယ်ဗျာ" ရေတပ်ရဲဘော်က ကျွန်တော့်ကို ချေချေငံငံပင် ပြန်ပြောပြနေသည်။

"အား...နယ်လီ...ကိုယ်ပြောတာမမှန်ဘူးလားဟေ့..."ဟုလည်း တရုတ်မကလေးကို လှည့် မေးသည်။

"သိပ်မှန်တာပေ့ါ...ကျွန်မတို့က အင်မတန် သဘောကောင်းတာ"

အမျိုးသမီးက ရွှင်ရွှင်ကလေးပြောပြီး ရေတပ်ရဲဘော်၏ လက်ကို ဆွဲကိုင်လိုက်သည်။

"ကဲ...လာပါ... ရှင် သိပ်စကားများတာပဲ လူတောင် မွန်းချင်သလိုလို ဖြစ်လာပြီ..."

"ကိုယ့်ဆရာကြီး...ဒီနေရာထက် ပိုကောင်းတဲ့နေရာတော့ တခြားဘယ်မှာမှ မရှိဘူးဗျနော်"

ရေတပ်ရဲဘော်က ကျွန်တော့်ကို လှည့်ပြောပြီး ထွက်သွားသည်။ ရဲဘော်က အနည်းငယ်ယိုင်နေသည်။ တရုတ်မကလေးက ဒေါက်မြင့်ဖိနပ်ပေါ်မှာ သူ့ကိုယ်လုံးကလေး ဟန်ချက်ညီအောင်ထိန်းပြီး လျှောက်သွားသည်။

ခန်းမကြီးကိုဖြတ်ပြီး လျှောက်သွားသော သူတို့နှစ်ယောက်ကို ကြည့်ပြီး ကျွန်တော် တစ်ကိုယ်တည်းပြုံးမိသည်။ ဟုတ်ပါပြီ။ ကျွန်တော်သည် အလကားတော့ံးဟု ကိုယ့်ဟာကိုယ် ပြန်တွေးနေမိသည်။ အခန်းရနိုင် မရနိုင်မေးစဉ် ဟိုတယ်စာရေး၏ မျက်နှာပေါ်မှာ ဖြစ်ပေါ်သွားသည့် အမူ အရာကို မြင်ရကတည်းက ကျွန်တော် မှန်းဆနိုင်ခဲ့ဖို့ ကောင်းပါသည်။ တစ်လလုံးအတွက် အခန်းတစ်ခန်း။ အခန်းတွေကို နာရီပိုင်းကလေးအတွက်သာ သူငှားရမ်း

လေ့ရှိဟန်တူပါသည်။ ကျွန်တော်သည်နောက်ပြန်လှည့်ပြီးတံခါးကိုတွန်းဖွင့်ကာဘားခန်းထဲသို့ ဝင်ခဲ့တော့သည်။ နေ့အရောင် ရနေသော ခန်းမကြီးထဲနှင့်စာလျှင် ဘားခန်းထဲမှာက အနည်းငယ်ပိုမှောင်သည်။ ပြူတင်းပေါက်များကို ခန်းဆီးများချပိတ်ထားပြီး ညကလပ်များကဲ့သို့ လျှပ်စစ်မီးလုံးများကို ထွန်းထားသည်။ မျက်စိကျင့်သားရသွားအောင် ကျွန်တော်ခဏရပ်လိုက်သည်။ သည်တော့မှ မြင်ကွင်းများရှင်းလာသည်။ အရက်ကောင်တာသည် အခန်းထောင့်မှာ မြင်ကွင်းများ ရှင်းလာသည်။ အရက်ကောင်တာသည် အခန်းထောင့်မှာရှိနေသည်။ ကြီးမားသော ဓာတ်စက်ကြီးတစ်လုံးမှ "အထီးကျန်ခုနစ်ရက်" သီချင်းသံ ထွက်ပေါ်နေသည်။ တရုတ်စားပွဲထိုးများက ဘီယာခွက်များကိုဗန်းနှင့်သယ်ပြီး စားပွဲများကြားမှာ သွားလာလှုပ်ရှားနေကြသည်။ စားပွဲများမှာ သင်္ဘောသားများ ထိုင်နေကြသည်။ ပြီးတော့ အမျိုးသမီးများ။

ရေတပ်ရဲဘော် ပြောသွားသည်မှာမှန်ပါသည်။ သည်နေရာလောက် ပိုကောင်းသည့်နေရာကို ကျွန်တော် ရှာတွေ့နိုင်တော့မည် မဟုတ်ပါ။

ဟုတ်ပါသည်။ ကျွန်တော် စောင့်မျှော်တမ်းတနေသောနေရာသည် သည်နေရာ ဖြစ်ပါသည်။သည်နေရာမှာ ကျွန်တော့်လုပ်ငန်းစနိုင်ပါလိမ့်မည်။ လွတ်နေသည့်စားပွဲတစ်လုံးဆီသို့လျှောက်သွားပြီးဘီယာတစ်လုံးမှာလိုက်သည်။
(၂)
"တကယ်ပါ... ကျွန်မက သင်္ဘောသားတွေကြားထဲမှာ သိပ်ပြီး ထင်ပေါ်ကျော်ကြားလှတာ မဟုတ်ပါဘူး၊ ကျွန်မက သိပ်ပိန်တယ်လေ၊ အရိုးပေါ် အရေတင်မဟုတ်လား" ဂွမ်နီလီးက ကျွန်တော့်ကို ပြောပြနေသည်။

"ဒါပေမဲ့ မင်းဟာ သိပ်ကိုချောတာပါပဲ ဂွမ်နီ"

"မချောပါဘူး... ကျွန်မက သိပ်ပိန်လွန်းတယ်၊ ပြီးတော့ ညှို့ယူဆွဲဆောင်နိုင်စွမ်းလည်း မရှိဘူး၊ ဆွဲဆောင်မှုရှိဖို့ သိပ်အရေးကြီးတာ"
ဂွမ်နီလီးသည် ဆွယ်တာဆက်ထိုးနေသည်။ ဓာတ်စက်က "ကကြိုးတစ်မျိုးကနေသူကို တခြားကကြိုးတစ်မျိုးကနေသူက စကားပြောခွင့်မရှိ" ဟူသော သီချင်းသံပေါ်နေသည်။ ထိုသီချင်းကို ဆက်တိုက်သုံးကြိမ် ဖွင့်ပြီးခဲ့ပြီ။ "အထီးကျန်ခုနစ်ရက်" သီချင်းပြီးလျှင် ဒုတိယ လူကြိုက်အများ ဆုံးသီချင်းဖြစ်သည်။

လူလတ်ပိုင်းအရွယ်ရှိ သင်္ဘောသားတစ်ယောက်က စားပွဲတစ်လုံးတွင်ထိုင်ပြီး ဆေးတံဖွာနေသည်။ သူ့အသက်အရွယ်နှင့်သူ ကျေနပ်နစ်သိမ့်မှုကို တည်တည်ငြိမ်ငြိမ် ခံစားနေသည်။ သူ့ရင်ခွင်ထဲမှာ မိန်းကလေးတစ်ယောက်ရှိနေသည်။
အခန်းထဲမှာ မီးခိုးတွေများလွန်းသည်။ စားပွဲတွေကလည်း ဘီယာနံ့များဟောင်နေသည်။ အချိန်က အများကြီးစောနေသေးသည်။ ဟိုစားပွဲသည် စားပွဲများတွင် ထိုင်နေကြသည့် သင်္ဘောသားများမှာ တစ်ဒါဇင်လောက်ထက် ပိုမများသေးပါ။ အမေရိကန်သုံးယောက်ကလွဲပြီး အားလုံးအင်္ဂလိပ်လူမျိုးချည်းဖြစ်သည်။ အမေရိကန်သုံးယောက်သည် စခန်းချ အမေရိကန်ရေတပ်သင်္ဘောမှဖြစ်ပြီး ပုံမှန်ညေ့်သည်များဖြစ်သည်ဟု ဂွမ်နီလီးက ရှင်းပြသည်။ လောလောဆယ်တွင်မူဆိပ်ကမ်းမှာအလည်အပတ်ဝင်ကပ်သည့် အမေရိကန်သင်္ဘောလုံးဝ မရှိသေးချေ။ အမျိုးသမီးဦးရေက သင်္ဘောသားဦးရေထက် အများကြီးပိုများနေသည်။ စားပွဲတစ်လုံးမှာ အမျိုးသမီးငါးယောက် ပျင်းရိငြီးငွေ့စွာ စုထိုင်နေကြသည်။ ဂွမ်နီလီးသည် သူ့ဘေးလွယ်အိတ်ရှိ သိုးမွေးလုံးမှ သိုးမွေးများကို ဆွဲဆန့်ယူနေသည်။ ကျွန်တော်ထိုင်နေကျစားပွဲတွင်ထိုင်ပြီးခဏအကြာမှာပင် ကျွန်တော်နှင့်အတူ ဂွမ်နီလာထိုင်သည်။ ကျွန်တော်တို့နှစ်ယောက် တစ်နာရီလောက်ကြာအောင် စကားပြောပြီးပြီ။ သူ့အသက် နှစ်ဆယ့်ခြောက်နှစ်ရှိပြီ။

ကိုယ်လုံးကိုယ်ထည်က ပိန်သည်။ မျက်နှာက ဖြူဖပ်ဖြူရော်။ မျက်လုံးအစုံကမူ အလွန်တရာ နူးညံ့သိမ်မွေ့ ပါပေသည်။ အခြားမိန်းကလေးအများစု ဝတ်သော ဘေးကွဲတရုတ် ဂါဝန်ကို မဝတ်ဘဲ အနောက်တိုင်း ဂါဝန်ကို သူဝတ်ထားသည်။ သူ့လည်ပင်းမှာ ရွှေကြိုးနှင့်လက်ဝါးကပ်တိုင်ကလေးကို ဆွဲထားသည်။ ဂွမ်နီသည် ကက် သလစ်ဘာသာဝင် ဖြစ်ပြီး တရုတ်ပြည်တွင်းရှိ သာသနာပြုကျောင်းတစ်ကျောင်းမှာ ပညာသင်ကြားခဲ့ဖူးသည်။ ယခုတော့ ဂမ်ချိုင်းမှာပင် သူ့အမေ၊ သူ့ညီမတို့နှင့် အတူနေသည်။ အမေနှင့်ညီမကို သူကပင်ရှာဖွေကျွေးမွေး နေရသည်။ ညီမလေးသည်လူတကာလေးစားရသူဖြစ်ပြီး လင်ကောင်းသားကောင်းရရမည်ဟု သူ ဆုံးဖြတ်ချက် ချထားသည်။ ညီမလေး လင်ကောင်း သားကောင်း ရသည်နှင့် တစ်ပြိုင်တည်း နမ်ကောက်ဟိုတယ်မှာ သူလုပ် နေရသည့် အလုပ်ကို လုံးဝ စွန့်လွှတ် နိုင် တော့မည်ဖြစ်သည်။

"ဟုတ်တယ်…ဆွဲဆောင်မှုရှိတာ မရှိတာပေါ်မှာ တည်တာပဲ"

ဂွမ်နီက ဒဿနဆန်ဆန် ဆက်ပြောနေပြန်သည်။

"တချို့ကောင်မတွေဟာ အချောကြီး အလှကြီးမဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မထက်ပိုပြီး ပိုက်ဆံရအောင် ရှာနိုင် ကြတယ်၊ ဥပမာပြရရင် ဟောဟို တိုင်ဖူးဆိုတဲ့ကောင်မကို ကြည့်…"

တစ်ဖက်ခြမ်းမှ အမျိုးသမီးကလေးတစ်ယောက်ကို သူက မေးငေါ့ပြသည်။

"သူဟာ မချောပါဘူး၊ ဒါပေမဲ့ ဆွဲဆောင်မှုအတော်ရှိတယ်၊ အင်း… နောက်ပြီးတော့ ပိန်ပိန် ကပ်ကပ်ကလေး လည်း မဟုတ်ဘူးလေ"

"မင်းဟာ ဒါလောက်မဆိုးပါဘူး ဂွမ်နီရယ်" ဟု ကျွန်တော်က ပြန်ဖြေသိမ့်သည်။

"သိပ်ဟုတ်တာပေါ့…ဟောဒီမှာ ကြည့်…"

ဂွမ်နီက ပြောပြောဆိုဆိုဖြင့် သူ့ညီမကလေးအတွက် ထိုးပေးနေသော ဆွယ်တာကို လက်စတန်းလန်းဖြင့် ချထားလိုက်ပြီး လက်မောင်းမှ အင်္ကျီစကို မပြလိုက်သည်။ သူ့လက်မောင်း ကလေးများ အလွန်ပိန်ပါသည်။ အဖုအဖောင်းလည်းမရှိ။
"ကျွန်မလက်မောင်းပိန်ပိန်ကလေးတွေကို သူများမမြင်ရအောင် ဖုံးထားနိုင်တဲ့ အဝတ်မျိုးကိုပဲ အမြဲတမ်း ကျွန်မ ဝတ်နေရတယ်၊ အရမ်းပူအိုက်တဲ့ နွေရာသီဆိုရင် သိပ်အနေရခက်တာပဲ"

"တချို့ယောကျ်ားတွေကိုတော့ မင်း ဆွဲဆောင်နိုင်စွမ်း ရှိပါလိမ့်မယ် ဂွမ်နီ" ကျွန်တော်က ပြန်ပြောသည်။

"ဟုတ်ပါတယ်… တစ်ခါတလေတော့လည်း ကြုံတတ်ပါတယ်။ ချပ်လို့ခေါ်တဲ့ လူတစ်ယောက်ကို တွေ့ဖူးတယ်၊ သူက အမေရိကန်လေ၊ သူ့သင်္ဘောကဟောင်ကောင်မှာ ဝါးရက်ကြာနားသွားတယ်၊ သူ့ကိုကျွန်မသိပ်သဘော ကျတာပဲ၊ ကျားပရုတ်ဆီသူဌေး တည်ထားတဲ့ဘုရားကိုလည်းသူ့ကို ကျွန်မ လိုက်ပို့တယ်၊ တောင်ပေါ်ကိုလည်း ခေါ်သွားတယ်၊ သူဟာ သိပ်သဘောကောင်းတာပဲ၊ ကျွန်မဆီကို သူရေးလိုက်တဲ့စာ ကြုံတော့မှ ရှင့်ကို ပြရဦးမယ်"

ဂွမ်နီက ဘီယာပုလင်းကို ယူပြီး ကျွန်တော့်ဖန်ခွက်ထဲကို အကုန်ဖြည့်ထည့်လိုက်သည်။ "နောက်ထပ် ဘီယာ တစ်လုံး ယူဦးမလား" "ယူသေးတာပေါ့... မင်းရော နည်းနည်းပါးပါး မသောက်တော့ဘူးလား" "မသောက်တော့ ဘူး...တရုတ်မတွေဟာ အရက်ကိုများများစားစား သောက်လေ့မရှိဘူးလေ၊ သိတယ်မဟုတ်လား"

ဂွမ်နီက စားပွဲထိုးကို လှမ်းခေါ်ပြီး ကျွန်တော့်အတွက် ဘီယာတစ်လုံး ထပ်မှာပေးသည်။

"ချုပ်ရေးလိုက်တဲ့စာကို အခုပဲ ပြေးယူလိုက်ရင် ကောင်းမယ်ထင်တယ်၊ ရှင့်ကို ကျွန်မ ပြချင်တယ်"

"ဒုက္ခများမနေဘူးလား ဂွမ်နီရယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မအိမ်က အနီးကလေးရယ် အဲဒီစာကလည်း သိပ်စိတ်ချမ်းသာစရာ ကောင်းတယ်လေ၊ ရှင်ဖတ်ရရင် သဘောကျမှာ"

ထိုးလက်စ ဆွယ်တာကို ကျွန်တော့်စားပွဲပေါ်မှာ တင်ထားခဲ့ပြီး သူထွက်သွားသည်။ ဓာတ်စက်မှ သီချင်းဆုံးသွား သည်။ ဂွမ်နီ ညွှန်ပြခဲ့သည့်တိုင်ဖူးက ထိုင်ရာမှထပြီး သူ့အတွဲ သဘော်သားထံမှာ ပိုက်ဆံအကြွေတောင်း နေသည်။ စိတ်မရှည်နိုင်သလိုလည်း လက်ချောင်းများကို ကွေးချည်ဆန့်ချည် လုပ်နေသည်။

တိုင်ဖူးသည် မျောက်ကလေးတစ်ကောင်လို အရုပ်ဆိုးလှပါသည်။ သို့သော်လည်း သူ့ကိုယ်လုံးကိုယ်ပေါက်က အလွန်လှသည်။ ခြေထောက်များ အလွန်လှသည်။ သူဝတ်ထားသည့် ဂါဝန်ဘေးကွဲက သူများတကာတွေထက် ပိုပြီး အများကြီးခွဲထားသည်။ ထို့ကြောင့်လည်း ဖြူဖွေး သည့်ပေါင်တံကို ရှည်လျားစွာ မြင်တွေ့နေရသည်။

သဘော်သားက သူ့ကို ပိုက်ဆံအကြွေပေးလိုက်သည်။ သဘော်သား၏ ခေါင်းပေါ်မှ ဦးထုပ်ကို ဆွဲယူလိုက်ပြီး သူ့ခေါင်းမှာ ဆောင်းလိုက်သည်။ ထို့နောက် ဓာတ်စက်ရှိရာသို့ သွားပြီး အကြွေကိုထည့်ကာ နှစ်သက်ရာသီချင်း ဖွင့်ရန် ခလုတ်နှိပ်လိုက်သည်။ ပြီးတော့ နောက်သို့ အနည်းငယ်ဆုတ်ပြီး စောင့်ကြည့်နေသည်။ ခြေနှစ်ချောင်းကို အနည်းငယ်ကားထားသည်။ တင်ပါးပေါ်မှာလက်ထောက်ထားသည်။ သူ့လက်သည်းကလေးတွေက ကြက်သွေးရောင်။

သည်အနေအထားကလေးကို ကြည့်စမ်းပါ။ တရုတ်မကလေးသည် အင်္ဂလိပ်သဘော်သား တစ်ယောက်၏ ဦးထုပ်ကိုဆောင်းကာ ခါးကလေးထောက်လို့၊ ပြီးတော့ ဓာတ်စက်ကို ခပ်ငေးငေး ကလေးကြည့်လို့၊ သည်ပုံကလေးကို ကြည့်စမ်းပါ။ သည်မျက်နှာကလေးကို ကြည့်စမ်းပါ။ သည်အနေအထားထက် စိတ်ဝင်စားဖွယ် ကောင်းသော အခြားအနေအထားကို တွေ့နိုင်တော့မည် မထင်။

သူရပ်နေသည့်အနားရှိ စားပွဲမှ သဘော်သားတစ်ယောက် တိုင်ဖူး၏ ပေါင်တံဖြူဖြူကလေးကို သတိပြုမိသွား သည်။ တိုင်ဖူး၏ အတွဲကို မျက်လုံးတစ်ဖက်မှိတ်ပြကာ ဘီယာခွက်ထဲသို့ လက်ညှိုးနှစ်လိုက်သည်။ ပြီးတော့ သူ့ကိုယ်ကိုကိုင်းပြီး တိုင်ဖူး၏ပေါင်တံဖြူဖြူကလေးကို ဘီယာနှင့် ဆွတ်လိုက်သည်။ တိုင်ဖူးက ဒေါသတကြီးဖြင့် သူ့ဘက်လှည့်လိုက်သည်။"ဟေ့...ငါ့ကိုဘာကောင်မအောက်မေ့လို့လဲ၊လမ်းပေါ်ကအစားထဲက မှတ်လို့လား..." ထိုအချိန်ကလေးမှာပင် ဓာတ်စက်ကသီချင်းသံပေါ်လာပြီး တစ်ခန်းလုံးကို ဖုံးလွှမ်းသွားသည်။ တိုင်ဖူး၏ ညစ်တီး ညစ်ပတ် ဆဲရေးတိုင်းထွာသံများသည်လည်း ဓာတ်စက်ကြားမှာ နစ်မြုပ်ပျောက်ကွယ်သွားတော့သည်။ တိုင်ဖူးသည် ထိုသဘော်သားကိုလက်ဟန်ခြေဟန်ဖြင့် ရန်တွေ့နေသေးသည်။ ပြီးတော့မှ စောစောက သူ့အတွဲ ရှိရာသို့ ပြန်လာပြီး ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ရှင့်လူတွေက ကျွန်မ စိတ်မချမ်းသာအောင် လုပ်ကြတယ်၊ ကျွန်မမှာ ဂုဏ်သိက္ခာနဲ့ ရှင်သိတယ်မဟုတ်လား၊ ကျွန်မကို ဘယ်အစားထဲကလို့ သူတို့ထင်သလဲ" ဟုလည်း သူ့လူကို ပြော နေသည်။

ကျွန်တော်သည် ရေခဲစိမ်ဘီယာကို သောက်ရင်း ဆေးလိပ်ဖွာနေမိသည်။ ထိုအချိန်မှာပင် ဂွမ်နီလီး ပြန်ရောက်လာသည်။ လက်ကိုင်အိတ်ထဲမှ စာအိတ်တစ်လုံးထုတ်ပြီး ကျွန်တော့်ကို ကမ်းပေးသည်။ စာအိတ်ကလည်း စုတ်ပြဲကြေမွနေပြီ။"ရော့…ဖတ်ကြည့်…သိပ်ကောင်းတဲ့စာ…အဲဒီလူကလည်းသိပ်သဘောကောင်းတယ်လေ…"

စာအိတ်ပေါ်တွင်…

သို့

မစ္စဂွမ်နီလီး

နမ်ကောက်ဟိုတယ် (ဘားစခန်း)

ဂမ်ချိုင်း၊ ဟောင်ကောင်

ဟုရေးထားသည်။ စာတိုက်အမှတ်အသားကို ကြည့်တော့ တစ်နှစ်ကျော်နေပြီဖြစ်ကြောင်း တွေ့ရသည်။ အိတ်ထဲမှ စာရွက်သည်လည်း ခေါက်ရိုးများပြတ်မတတ် ကြေနေပြီ။ စာကို ကျွန်တော် စဖတ်တော့ ဂွမ်နီက အလွန်တရာ စိတ်ချမ်းသာသည့် အမူအရာဖြင့် အကဲခတ်ကြည့်နေသည်။

ချစ်သောဂွမ်နီ

အံ့ဩလွန်းလို့ အသက်တော့ ထွက်မသွားလိုက်ပါနဲ့နော်။ ဒီအချိန်လောက်ဆိုရင် စာတစ် စောင်တော့ မင်းရနေဖို့ ကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် အချိန်သိပ်နောက်မကျသေးပါဘူး။ ဒါကြောင့် ကိုယ့်ကတိအတိုင်း ဒီစာကို ရေးလိုက်ပါတယ်။

မင်းလို မိန်းကလေးမျိုးနဲ့ တွေ့ဆုံရတဲ့အတွက် ကိုယ်ဟာ အင်မတန်ကံကောင်းတဲ့လူ ဖြစ်ပါတယ်။ အထူးသဖြင့် ကိုယ့်တိုင်းပြည်မှာ ကျန်ခဲ့တဲ့ရည်းစားဆီက စာတစ်စောင်ရပြီးတဲ့နောက်မှာ ဒီအသိဝင်လာတာ ဖြစ်ပါတယ်။ မင်းနဲ့တွေ့ရတာ ကိုယ်အင်မတန်ကံကောင်းတယ်ဆိုတာ သေချာပါတယ်။ ကိုယ့်ရည်းစားရဲ့စာကို ဖတ်ရတော့ ကိုယ် တော်တော်စိတ်ညစ်သွားတယ်။

သူကတော့ အလကားကောင်မပါပဲ ဂွမ်နီရယ်။ မင်းကို သူတွေ့စေချင်စမ်းလှတယ်။ တရုတ်မကလေးတွေဟာ လူရိုင်းခေတ်တုန်းကလို သစ်ရွက်တွေနဲ့ အရှက်လုံအောင် ဖုံးတုန်းပဲလို့ သူထင်နေပုံရတယ်။ မင်းလို တရုတ်မလေးတစ်ယောက်ကို သူတွေ့ရမယ်ဆိုရင် ဘယ်လောက်များအံ့ဩ လိုက်မယ် မသိဘူး။

ဟောင်ကောင်ကို ကိုယ်တို့ သင်္ဘောခွာတော့ ကိုယ် မျက်နှာမဖော်ပံ့ဘူး။ (ရယ်စရာပြောတာ မဟုတ်ဘူးနော်) ကိုယ်ငိုတာကို တခြားလူတွေမြင်မှာစိုးလို့ ခေါင်းငုံ့ထားရတာပါ။ အရှေ့ဖျားတိုင်းပြည်က ဆိပ်ကမ်းတွေအားလုံးမှာ ကိုယ်တို့သင်္ဘောကပ်ခဲ့တယ်။ ဒါပေမဲ့ ဘယ်မိန်းကလေးမှ ကိုယ်လက်နဲ့တောင် မတို့တော့ဘူး။ ဒါ မှန်ကြောင်း ဘုရားသခင်ကို တိုင်တည်ပြီး ပြောပါတယ်။

သတင်းကောင်းပြောရဦးမယ် ဂွမ်နီ။ နောက်လဆိုရင် ကိုယ်တို့ တိုင်းပြည်ကို ပြန်တော့မယ်။ အပြန်မှာ ဟောင်ကောင်ကို တစ်ခေါက် ပြန်ဝင်ချင်ပါသေးတယ်။ ဒါပါပဲ ဂွမ်နီ။ မင်းဟာ အင်မတန်ချစ်စရာကောင်းတဲ့ မိန်းကလေးပါ။ ဒါကြောင့် ကျေးဇူးတင်ကြောင်း ထပ်ပြောပါရစေ။

ချုပ်။
ဝွမ်နီသည် ဆွယ်တာထိုးရင်း ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်နေသည်။

"ဘယ်လိုလဲ... အင်မတန်ကောင်းတဲ့ စာတစ်စောင်လို့ မထင်ဘူးလားဟင်" ဟုလည်း ကျွန်တော့်ကို လှမ်းမေးသည်။
"အင်မတန်ကောင်းပါတယ် ဝွမ်နီ၊ မင်းကလည်း သူ့အလိုတွေ အများကြီးလိုက်လိုက်တယ် ထင်တယ်"

"တခြားကောင်မတွေလည်း စာတွေ အများကြီး ရတတ်ကြတယ်၊ ကျွန်မရဲ့ အချစ်ဆုံး သူငယ်ချင်း စူဇီဆိုရင် ငါးစောင်တောင် ရတယ်၊ လွန်ခဲ့တဲ့အပတ်တုန်းကလည်း တစ်စောင် ထပ်ရသေးတယ်၊ အဲဒီစာကလည်း အင်မတန်ချစ်စရာကောင်းတယ်၊ ဂျိုးဆိုတဲ့သူက ရေးလိုက်တာ၊ ဒါပေမဲ့ စူဇီက သူ့ကိုမမှတ်မိတော့ဘူး၊ ဂျိုးဆိုတဲ့နာမည်နဲ့ သင်္ဘောသားတွေက အများကြီး မဟုတ်လား"

ဖြုန်းခနဲ စကားစဖြတ်ပစ်လိုက်သည်။ ပြီးတော့ ကျွန်တော့်ကို ကြည့်ပြီး မေးသည်။

"ဘာဖြစ်တာလဲဟင်"

သူ့စကားကို ကျွန်တော် အာရုံမစိုက်တော့သောကြောင့် မေးခြင်းဖြစ်သည်။

ကျွန်တော်က ဂင်ပေါက်တံခါးဆီသို့ မေးငေါ့ပြလိုက်သည်။ တံခါးက ရုတ်တရက် ပွင့်သွားသည်။ ရေတပ် တပ်ထိန်းလေးယောက် ဂင်လာသည်။ ဂင်လာပုံကလည်း စော်ကား မော်ကားပုံမျိုး။ အမေရိကန်နှစ်ယောက်။ အင်္ဂလိပ်နှစ်ယောက်။
"ဘာဖြစ်တာလဲ ဝွမ်နီ...ဂင်ဖမ်းတာလား" ဟုကျွန်တော်က စိုးရိမ်တကြီးမေးသည်။

ဝွမ်နီက တပ်ထိန်းများဆီသို့ တစ်ချက်သာ လှမ်းကြည့်သည်။

"အိုး...တပ်ထိန်းတွေပါ" ထိုမျှပြောပြီး သူ့ဆွယ်တာကို ဆက်ထိုးနေသည်။

"ဘာတွေ..."
"လူကောင်းတွေပါ၊ ဒီမှာ ရန်တွေ ဘာတွေ ဖြစ်နေသလားဆိုတာ လာကြည့်တာပါ"

တပ်ထိန်းများကို ကျွန်တော် လှမ်းကြည့်သည်။ ဘုရင့်ရေတပ်မတော်မှ အရာရှိတစ်ဦးနှင့် တပ်ကြပ်ကြီးတစ်ဦး။ အမေရိကန်ရေတပ်မှ အရာရှိတစ်ဦးနှင့် တပ်ကြပ်ကြီးတစ်ဦးတို့ ဖြစ်ကြသည်။

မိန်းကလေးတစ်ယောက်ကို လက်တစ်ဖက်နှင့် ဖက်ထားသော အမေရိကန် စခန်းချ စစ်သင်္ဘောမှ ရဲဘော်က သူတို့ကိုလှမ်းခေါ်သည်။ ကုလားထိုင်တစ်လုံးကိုလည်း ဆွဲယူသည်။ သို့သော် မိန်းကလေးကိုပါ ဖက်ထားရသောကြောင့် လက်နှင့်မမီ။ ထို့ကြောင့် ခြေထောက်တစ်ဖက်နှင့် လှမ်းဆွဲယူသည်။

အမေရိကန်တပ်ကြပ်ကြီးက ဂင်ထိုင်သည်။ အရာရှိလုပ်သူကမူ ထိုင်နှင့်သူကို နှုတ်ဆက်ရင်း သူ့ကုလားထိုင် သူဆွဲထိုင်သည်။

အင်္ဂလိပ်အရာရှိနှင့် တပ်ကြပ်ကြီးက အခြားစားပွဲလွတ်တစ်ခုမှာ နေရာယူသည်။ တပ်ကြပ်ကြီးက သူ့အရာရှိအတွက် ကုလားထိုင်တစ်လုံး ဆွဲပေးသည်။ အရာရှိထိုင်တော့မှ သူ့အတွက် ကုလားထိုင်ဆွဲထိုင်သည်။ ခေါင်းမှ ဦးထုပ်များကို ချွတ်ကာ စားပွဲပေါ်မှာ ပက်လက်လှန်တင်ထား လိုက်သည်။ လက်ကိုင်ပဝါများထုတ်ပြီး မျက်နှာကို သုတ်နေသေးသည်။ သူတို့နှင့် မလှမ်းမကမ်းရှိ စားပွဲများတွင် ထိုင်နေကြသော သင်္ဘောသားများက သူတို့ကို မမြင်ချင်ယောင် ဆောင်နေကြသည်။

ဘားကောင်တာနောက်မှ မန်နေဂျာက ကပျာကယာထွက်လာကာ အင်္ဂလိပ်အရာရှိနှင့် တပ်ကြပ်ကြီးဆီ ကပ်သွားပြီး အရက်သုံးဆောင်ပါရန် လောကွတ်လုပ်နေသည်။ သူတို့နှစ်ယောက် ကခေါင်းခါပြကြသည်။ ထို့ကြောင့် အမေရိကန်စားပွဲဆီသို့ ပြေးသည်။ လောကွတ်လုပ်ပြန်သည်။ အမေရိကန်နှစ်ယောက်ကလည်း ခေါင်းခါပြကြသည်။

"ဟေ့...မန်နေဂျာကြီး လာစမ်းပါဦး"

တစ်ဖက်လှည့်ထွက်သွားနေသည့် မန်နေဂျာ၏ အင်္ကျီစကို အမေရိကန်တပ်ကြပ်ကြီးက လှမ်းဆွဲလိုက်သည်။

"ဒီဟိုတယ်နာမည်ရေးထားတဲ့ တူတွေ ရှိသေးသလား၊ ဟိုတလောက စစ်ဗိုလ်တစ်ယောက်ကို ခင်ဗျားပေးလိုက်တဲ့ တူမျိုးလေ.. ရှိ ရှိ သွားကြည့်စမ်းပါဦး၊ အမှတ်တရပစ္စည်းအဖြစ် သိမ်းထား ချင်လို့"

အမေရိကန်တပ်ကြပ်ကြီး၏ စကားဆုံးတော့ မန်နေဂျာက ခပ်သုတ်သုတ်ထွက်သွားသည်။ ခဏကြာတော့ တူများကိုယူပြီး ပြန်လာပေးသည်။

"ဟုတ်တယ်... ဟုတ်တယ်...ဒါမျိုးကိုပြောတာ" ဟု အမေရိကန်တပ်ကြပ်ကြီးက ပြန်ပြော သည်။

ဂွမ်နီက ဆွယ်တာထိုးနေရင်း ကျွန်တော့်ကို မော့ကြည့်သည်။

"ပန်းချီဆရာဆိုတာမျိုးကို အရင်တုန်းက တစ်ခါမှ ကျွန်မ မတွေ့ဖူးဘူး၊ ဒါပေမဲ့ ပန်းချီဆရာ တစ်ယောက်အကြောင်း ရုပ်ရှင်တစ်ကား ရောက်စီရုံမှာ တစ်ခါကြည့်ဖူးတယ်၊ သိပ်ကောင်းတာပဲ၊ အဲဒီပန်းချီဆရာလည်း ဘားခန်းထဲမှာ ပန်းချီဆွဲတယ်၊ ဒါပေမဲ့ အရပ်ကလေးက သိပ်ပုတာပဲ"

"တူးလောက်လိုထရက် ထင်တယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

"သူ့နာမည်တော့ ကျွန်မ မမှတ်မိတော့ဘူး၊ ဒါပေမဲ့ အဲဒီဇာတ်လိုက်မင်းသားဟာ ဒူးခေါင်းနဲ့ လမ်းလျှောက်တယ်လို့ သတင်းစာထဲမှာရေးထားတာတော့ မှတ်မိတယ်၊ ဖိနပ်ကို ခြေထောက်မှာမစီးဘဲ ဒူးခေါင်းမှာ စီးတယ်တဲ့၊ သိပ်တော်တာပဲနော်"

"အဲဒီ ရုပ်ရုပ်ကိုတော့ မကြည့်ဖူးဘူး၊ သူ့ပန်းချီကားတွေကိုတော့ မြင်ဖူးတယ်၊ သိပ်ကောင်း တာပဲ"

"ရှင့်ပန်းချီတွေက ပိုကောင်းပါတယ်"

"အဲဒီလိုဖြစ်ချင်လိုက်တာ ဂွမ်နီရယ်"

ကျွန်တော်က ရယ်ချလိုက်မိပါသည်။

"ကျွန်မသာ ပန်းချီဆရာဆိုရင်လေ တောင်တွေကို ပန်းချီဆွဲမှာပဲ၊ ဘာဖြစ်လို့ တောင်တွေကို ပန်းချီမဆွဲတာလဲဟင် ဘားခန်းထဲမှာမှ ဘာဖြစ်လို့ ဆွဲချင်ရတာလဲ"

"ကိုယ်က လူတွေကိုသာ စိတ်ဝင်စားလို့ပေါ့ကွယ်၊ အလှတားဟာ လူတွေမှာ ပိုရှိတယ်"ဟု ကျွန်တော်က ပြန်ဖြေသည်။

"ဒီဟိုတယ်မှာ ရှင်လာနေတာဟာလည်း သိပ်ရယ်စရာကောင်းတာပဲနော်၊ အရင်တုန်းက ဘယ်သူမှ ဒီမှာ လာမနေဖူးဘူး၊ တခြားကောင်မတွေနဲ့ ရှင့်ကို မိတ်ဆက်ပေးရဦးမယ်၊ သူတို့ သိပ် စိတ်ဝင်စားမှာ"

သည့်နောက်မှာတော့ မိန်းကလေးတွေတပြုံကြီး ကျွန်တော့်စားပွဲမှာ လာထိုင်ကြသည်။ တိုင်ဖူး၊ အဲလစ်အသေးလေး၊ ဗုဒ္ဓဟူး လူးလူးတို့လည်း ပါသည်။

အဲလစ်သည် ကိုယ်လုံးကိုယ်ထည် အလွန်ညှက်ပြီး ငှက်ကလေးတစ်ကောင်လို ဂလုံးနေသည်။ ထို့ကြောင့် သူ့ကို အဲလစ်ကလေးဟု အမည်ပေးထားကြခြင်းဖြစ်သည်။ အသံမြည်သည့် နားကွင်းကလေးများကို နားမှာ ပန်ထားသည်။ ကိုယ်လုံးကလေးကို လှုပ်ယမ်းပြီး တခစ်ခစ် လည်းရယ်တတ်သည်။

ဗုဒ္ဓဟူး လူးလူးကတော့ စကားနည်းသည်။ အများတကာ၏ လှုပ်ရှားမှုများကိုသာ ကြည့်ရှု အကဲခတ်နေတတ်သည်။ သူစကားပြောလျှင်လည်း အဓိပ္ပာယ်ပါပါပြောတတ်သည်။ သူ့မျက်နှာကလေးက ပိုင်းစက်ချောမွတ်နေသည်။

တိုင်ဖူးကတော့ စကားကို မြင်းအီးပေါက်သလို တရစပ် ဗလုံးဗထွေးပြောလေ့ရှိသည်။ ယခု လည်းမနေ့ညက အတွေ့အကြုံကိုပြန်ပြောပြနေသည်။ ဘားခန်းထဲသို့မဝင်ချင်သော လူတစ်ယောက်က မိန်းကလေးတစ်ယောက် လောက်လိုချင်ကြောင်း ပြောနေသည်ဟု စားပွဲထိုးတစ်ယောက်က သူ့ကိုလာပြောကြောင်း၊ သူထွက်လိုက်သွားသောအခါ လမ်းဘေးရှိလန်ချားတစ်စီးပေါ်တွင် လူတစ်ယောက်ထိုင်နေကြောင်း၊ ထိုသူသည် ကုန်တင်သင်္ဘောတစ်စီးမှ ကပ္ပတိန်ဖြစ်ကြောင်း၊ တိုင်ဖူး အလွန်အထင်ကြီး သွားကြောင်း လက်ဟန်ခြေဟန်နှင့် ပြောပြနေသည်။

သူတို့ပြောဆိုနေကြသည့် သူတို့၏ အတွေ့အကြုံများကို စိတ်ဝင်တစား ကျွန်တော် ထိုင်နားထောင်နေမိသည်။ ခဏကြာတော့ သင်္ဘောသားတွေတပြုံကြီး ရောက်လာကြသည်။ ဆယ့်လေးငါးယောက်တော့ရှိပေမည်။ မိန်းကလေးအားလုံး တိတ်သွားကြသည်။ ဝင်လာသည့် သင်္ဘောသားများက အလျှဉ်းသင့်ရာစားပွဲများမှာ ဝင်ထိုင်ကြပြီး ဘီယာများမှာကြသည်။ အမျိုးသမီးများကို စိတ်မဝင်စားလေဟန် တစ်ချက်လောက်သာ လှမ်းကြည့်သည်။

ခဏကြာတော့ ဂွမ်နီလီးမှ တစ်ပါး ကျွန်တော့် စားပွဲမှာ ထိုင်နေကြသည့် မိန်းကလေးများ အားလုံး ထသွားကြကာ သင်္ဘောသားများထံ ချဉ်းကပ်သွားကြသည်။ ခဏထိုင်ပါရစေဟုပြောပြီး သင်္ဘောသားများ၏ စီးကရက်ကို မီးညှိပေးခြင်း၊ ဘီယာငှဲ့ပေးခြင်းများ ပြုလုပ်ကြသည်။ သည်တော့မှပင် စောစောက အနေရအထိုင်ရခက်နေကြသည့် သင်္ဘောသားများလည်းပြုံးရွှင်လာကြကာ နေတတ်ထိုင်တတ် ဖြစ်ကုန်တော့သည်။

"ဂွမ်နီ မင်းကို ကိုယ်က ဆွဲထားသလို ဖြစ်နေပြီ" ဟုကျွန်တော်က လှမ်းပြောသည်။

"အို မဟုတ်ပါဘူး..."

ဂွမ်နီက ခပ်မြန်မြန်ဖြေရင်း ထိုးလက်စ ဆွယ်တာကိုသာ ငုံ့ကြည့်ပြီး ဆက်ထိုးနေသည်။

" မင်း ပိုက်ဆံနည်းနည်းပါးပါးရအောင် မရှာတော့ဘူးလားကွယ်"

နမ်ကောက်ဟိုတယ်မှာ ရှိနေကြသည့် မိန်းကလေးများအားလုံး စွဲမက်စရာကောင်းကြသည်မှာ မှန်သော်လည်း မည်သည့် မိန်းကလေးနှင့်မှ ကျွန်တော် ဆက်ဆံမည်မဟုတ်ကြောင်း ဝွမ်နီလီးကို ကျွန်တော်ပြောပြထားခဲ့ပြီး ဖြစ်ပါသည်။ သည်ဟိုတယ်မှာ သူတို့နှင့်အတူတူ ကျွန်တော် နေနေသည်။ သူတို့နှင့် ကျွန်တော် အဆက်အဆံ လုပ်မိပါက သူတို့ကြားတွင် မည်သို့ဆက်နေရမည်ကို ကျွန်တော်မသိပါ။

"ကောင်းပြီလေ... ကျွန်မ အလုပ်သွားလုပ်ပါတော့မယ်၊ ရှင့်ကိုတစ်ယောက်တည်းထားခဲ့ ရမှာ ရိုင်းစိုင်းရာများ ကျနေမလားလို့"
နောက်ဆုံးကျမှ ဝွမ်နီက ပြောသည်။ ကျွန်တော့် အကြံပေးချက်ကို လက်ခံလိုက်သဖြင့် စိတ်သက်သာရာ ရသွား ပုံလည်း ပေါ် သည်။

"ကိစ္စမရှိပါဘူးကွယ်... ဘာမှမဖြစ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ... ကျွန်မ ကံကောင်းမယ်တော့ မထင်မိဘူး"

မည်သို့ဆိုစေ နောက်နာရီဝက်လောက်ကြာတော့ ဝွမ်နီသည် အလွန်ထွားကျိုင်းသော ကိုးရိုးကားရား သဘော်သားကြီးတစ်ယောက်နှင့်အတူ စားပွဲတစ်လုံးမှ ထလိုက်ကြကြောင်း ကျွန်တော်လှမ်းမြင်လိုက်ရပါသည်။ ဝွမ်နီက သဘော်သားကို တံခါးပေါက်ဆီသို့ ဦးဆောင်ခေါ်သွားသည်။ သူ့ကိုယ်လုံးကိုယ်ထည် ပိန်သော်လည်း အလွန် သိမ်မွေ့နူးညံ့ပါသည်။ ပြီးတော့ ဣန္ဒြေလည်း ဆောင်ထားသည်။ ဘုရင်ခံ၏ အိမ်တော်သို့ ညစာစားပွဲတက်ရန် ရောက်ရှိလာသော ဂုဏ်သရေရှိအမျိုးသမီးတစ်ယောက်လို ဣန္ဒြေဆောင်ထားခြင်းဖြစ်ပါသည်။ သဘော်သားက သူ့ နောက်မှ တရွတ်တိုက်ပါသွားသလို ရှိချေသည်။

ဓာတ်စက်မှ "အထီးကျန်ခုနစ်ရက်" သီချင်းသံ ပေါ်နေသည်။ ခဏကြာတော့ ရပ်သွားသည်။ သဘော်သား တစ်ယောက်က ထသွားပြီး ပိုက်ဆံအကြွေထည့်ကာ ခလုတ်ကို နှိပ်လိုက်သည်။ "အထီးကျန်ခုနစ်ရက်" သီချင်းပင် ပြန်ထွက်လာသည်။

စားပွဲထိုးကို ကျွန်တော် မျက်ရိပ်လှမ်းပြလိုက်ပြီး ကျွန်တော့် ဖန်ခွက်ကို လက်နှင့်ကိုင်ပြလိုက်သည်။ သူထွက် သွားပြီး ခဏကြာတော့ ဘီယာတစ်လုံးယူလာပေးသည်။

(၃)
စောစောပိုင်းက ရက်များတုန်းက ဘားခန်းထဲမှာ ဟုတ်တိပတ်တိ ကျွန်တော် အလုပ်မလုပ်နိုင်ခဲ့။ ပုံကြမ်းဆွဲဖို့ ကျွန်တော်ပြင်ဆင်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော့်ပတ်လည်သို့ အမျိုးသမီးတွေ ဝိုင်းအုံလာတတ်ကြ သည်။ သူတို့ ဝိုင်းအုံနေကြသောကြောင့် အသက်ရှုရပင်ခပ်ကျပ်ကျပ် ဖြစ်ခဲ့သည်။

သူတို့ ပုံကြမ်းကလေးများကို ကျွန်တော်က တစ်မဟုတ်ချင်း ဆွဲပြလိုက်သည်။ သူတို့ အတွဲ တစ်ချို့၏ ပုံတူကိုပါ ဆွဲပြလိုက်သည်။ ထိုအခါမျိုးတွင် သူတို့ အများကြီးပျော်ကြသည်။

တဖြည်းဖြည်းနှင့် သူတို့အဖို့ရိုးသွားသည်။ ကျွန်တော်နှင့်လည်း ရင်းနှီးခင်မင်လာကြပြီ။ တစ်ခါတရံ သူတို့ ပုံတူကို ကျွန်တော် ရေးဆွဲနေမှန်းသိသော်လည်း သူတို့ အရေးမစိုက်တော့။ အားလုံး နေတတ်ထိုင်တတ်

ဖြစ်သွားကြလေပြီ။

ကျွန်တော်လည်း နေ့ခင်းဆယ့်တစ်နာရီ ဆယ့်နှစ်နာရီလောက်တွင် ဘားခန်းထဲသို့ ဆင်းသွားလေ့ ရှိသည်။ အမျိုးသမီးများလည်း ထိုအချိန်မျိုးမှာပင် စတင်ရောက် ရှိလာတတ်ကြသည်။ ကျွန်တော့်စားပွဲမှာ ထိုင်ပြီး ရောက်တတ်ရာရာစကားဝိုင်းဖွဲ့ကြသည်။ သင်္ဘောသားများရောက်လာပြီး သူတို့ အလုပ်ကောင်းကောင်း ဖြစ်သည့် အချိန်အထိ စကားထိုင်ပြောခြင်း ဖြစ်သည်။

ထမင်းကိုလည်း ဘားခန်းထဲမှာပင် ကျွန်တော် စားလေ့စားထရှိပါသည်။ အသားတစ်ခုခု နှင့်သော်လည်းကောင်း၊ ပုစွန်နှင့်သော်လည်းကောင်း ထမင်းကြော်တစ်ပွဲ ကျွန်တော်မှာသည်။ တစ်ဒေါ်လာလောက်ပဲကျသည်။ ဒါလောက်ဆိုလျှင် ကျွန်တော့် တစ်ဝမ်းဖူလုံပြီ။ ထမင်းကြော်နှင့် အတူတူ လက်ဖက်ရည် တစ်ခွက်လည်း ပါသည်။ တရုတ်ဟိုတယ်များတွင် လက်ဖက်ရည်ကို အခမဲ့ ပေးသည်။

နမ်ကောက်ဟိုတယ်သည် ဆောင်ကြာမြိုင်ကား မဟုတ်ပါ။ ဟောင်ကောင်တွင် ဆောင်ကြာမြိုင်ထားခြင်းကို ဥပဒေသ ခွင့်မပြုပါ။ ဟိုတယ်၏ အဓိကဝင်ငွေနှင့် အမြတ်အစွန်းသည် အခန်းငှားခ ဖြစ်သည်။ တစ်ခါတရံတွင် အခန်းတစ်ခန်းတည်းကို နှစ်ဆယ့်လေးနာရီအတွင်း အကြိမ်ကြိမ် ငှားရတတ်သည်။ တစ်နေကုန်နေမည်မဟုတ်ဘဲ အချိန်တိုအတွက် ငှားလျှင်လည်း တစ်နေ့တွက်ပင်ပေးရသည်။ ထို့ကြောင့် အခန်းတစ်ခန်းကို နှစ်ဆယ့်လေးနာရီအတွင်း အကြိမ်ကြိမ် ငှားရလျှင် တွက်ခြေ အများကြီးကိုက်သွားသည်။

အမျိုးသမီးများသည် ပြင်ပမှာ နေထိုင်ကြခြင်းဖြစ်သည်။ သူတို့ဖောက်သည်များနှင့် ဆက်ဆံလျှင် သူတို့ဈေးကို သူတို့ သတ်မှတ်နိုင်သည်။ နှစ်ဖက်သဘောတူပြီဆိုလျှင် အခန်းငှားသည်။ ဟိုတယ်အခန်းငှားခရအောင် ထိုနည်းဖြင့် သူတို့က ဖန်တီးပေးကြသည်။

ဘားခန်းသည် သူတို့စခန်းချရာနေရာ ဖြစ်သည်။ တစ်နည်းဆိုသော် သားကောင်ကို အမိဖမ်းရာ၊ ဖောက်သည် ရှာရာ နေရာဖြစ်သည်။ ဘားခန်းထဲမှာ ဖောက်သည်တွေ့ပြီဆိုလျှင် အခြား အရပ်ဒေသသို့ ခေါ်မသွားရ ဆိုသော စည်းကမ်းချက်တော့ ရှိပါသည်။

တစ်ခါတလေတော့လည်း ထိုစည်းကမ်းကို မလွဲမသွေ ချိုးဖောက်ရသည်များရှိတတ်သည်။ နမ်ကောက်၏ အခန်းခက ဈေးကြီးသည်။ တစ်ညအတွက် ဆယ်ဒေါ်လာယူသည်။ အချိန်တိုအတွက် လျှော့ပေးခြင်းမရှိ။ သင်္ဘောသားမှာ ငွေနည်းနေပြီဆိုလျှင် အခြားဟိုတယ်မှ အခန်း တစ်ခန်းမှာ သွားတွေ့ရန် အမျိုးသမီးက အကြံပေးတတ်သည်။ ဘားခန်းထဲမှနေပြီး နှစ် ယောက်အတူတူ တွဲထွက်သွားလို့တော့ မဖြစ်။ သင်္ဘောသားက ဘားခန်းထဲမှ အရင်ထွက်သွားရမည်။ အမျိုးသမီးက ခဏကြာမှ မယောင်မလည် ထွက်လိုက်သွားရမည်။ သူတို့ နှစ်ယောက် အပြင်တစ်နေရာမှာတွေ့ပြီး ဈေးနည်းသည့်ဟိုတယ်သို့ ခရီးဆက်ကြခြင်းဖြစ်သည်။

သည်နေရာတွင်လည်း မန်နေဂျာလစ်ချိန်ကို ကြည့်ရသည်။ မန်နေဂျာ မယုံသင်္ကာ ဖြစ်မည်ကိုမခံနိုင်။ တစ်ခါတရံတော့လည်း မန်နေဂျာက ဖမ်းမိတတ်သည်။ ပထမအကြိမ် ဖမ်းမိလျှင် ထိုအမျိုးသမီးသည် နမ်ကောက် ဟိုတယ်သို့ တစ်ပတ်လာခွင့်မရှိ။ ဒုတိယအကြိမ်ဖမ်းမိလျှင် လာခွင့်ကိုနှစ်ပတ်ပိတ်ပင်သည်။ တတိယ အကြိမ်ဆိုလျှင်ကား ရာသက်ပန် လာခွင့်မရှိတော့။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီတုန်းက ဟောင်ကောင်တွင် တရားဝင် ဆောင်ကြာမြိုင်တွေ ရှိခဲ့ဖူးသည်။ ရဲအဖွဲ့က စစ်ဆေးပြီး လိုင်စင်ထုတ်ပေးသည်။ ရဲအဖွဲ့၏ ကွပ်ကဲထိန်းသိမ်းမှုအောက် မှာရှိသည်။ ဆရာဝန်နှင့် စစ်ဆေးပြီး ရောဂါကင်းရှင်းကြောင်းလက်မှတ် ထုတ်ပေးသည်။ ထိုလက်မှတ်မရှိလျှင် အလုပ်လုပ်ခွင့် မရှိ။

ထိုကိစ္စနှင့်ပတ်သက်ပြီး အင်္ဂလန်ပါလီမန်မှာ အမျိုးသမီးအမတ်တစ်ဦးက ဆူပူကန့်ကွက်ခဲ့သည်။ သည်လိုကိစ္စမျိုး ဗြိတိသျှအင်ပါယာကြီးအတွင်း၌ ရှိနေသည်ဆိုခြင်းမှာ ရှက်ဖွယ်ကောင်းကြောင်း၊ လူသားတို့၏ အကျင့်စာရိတ္တကိုဖျက်ဆီးနေခြင်းဖြစ်ကြောင်းကန့်ကွက်ခဲ့သည်။ သို့ဖြင့် တရားဝင် ဆောင်ကြာမြိုင်များ ဖျက်သိမ်းလိုက်ရသည်။ ထိုအချိန်မှစပြီး အမျိုးသမီးအားလုံးသည် လန်ဒန်မြို့ကြီးမှာကဲ့သို့ပင် လမ်းများပေါ်သို့ ရောက်ကုန်ကြတော့သည်။ လမ်းပေါ်မှာတွေ့သော ဖောက်သည်များနှင့်အတူ လမ်းကြိုလမ်းကြားသို့ ရောက်ကုန်ကြတော့သည်။ လူနေအိမ်များ၏ နောက်ဖေးခန်းများထဲသို့ ရောက်ကုန်ကြတော့သည်။

ယခုလည်း လိုင်စင်များထုတ်ပေးခြင်းမရှိပါ။ သို့ကလို လိုင်စင်ထုတ်မပေးသဖြင့်ဟောင်ကောင်တွင် ပြည့်တန်ဆာလုပ်ငန်းပပျောက်သွားဟန်ဆောင်နေကြသည်။ အရှက်တကွဲ အကျိုးနည်း မဖြစ်တော့ဟု သဘောထားလိုက်နိုင်ကြသည်။
သည်လိုဖြင့်ပင် နမ်ကောက်ဟိုတယ်မျိုးတွေ ပေါ်လာခြင်းဖြစ်သည်။ ဥပဒေကို လက်တလုံး ခြားလှည့်ကြသည်။ ရဲအဖွဲ့ကလည်း မသိချင် မမြင်ချင်ယောင် ဆောင်နေလိုက်သည်။ အမျိုးသမီး တွေက သင်္ဘောသားတွေကို ရှာကြပါစေ။ သင်္ဘောသားတွေက အမျိုးသမီးများကို ရှာကြပါစေ။ သူတို့အတွက် နမ်ကောက်ဟိုတယ်မျိုးတွေက အပုံအပင်။
နမ်ကောက်ဟိုတယ်သည် စည်းမဲ့ကမ်းမဲ့တော့ မဟုတ်ပါ။ သူ့ဟိုတယ်မှာ စတည်းချသည့် အမျိုးသမီးတိုင်းကို တစ်ပတ်လျှင်တစ်ကြိမ်ကျ ဂမ်ချိုင်းအမျိုးသမီးဆေးကုခန်းတွင် သွားရောက်စစ်ဆေးခံစေသည်။ ရောဂါကင်းရှင်းကြောင်း ဆေးထောက်ခံစာပါမှ အခန်းတွင်းသို့ ဝင်ခွင့်ပြုသည်။ သို့သော်လည်း လုံးဝ ရောဂါကင်းရှင်းသည်ဟုကား ကျွန်တော် မထင်မှတ်မိပါ။

နမ်ကောက်မှာ ရှိနေကြသည့် အမျိုးသမီးများသည် စည်းကမ်းကောင်း ကလေးတွေတော့ ထားတတ်ကြသည်။ သူတို့ ဖောက်သည်များ၏ အငြိုအငြင်ကို မခံ။ ပြီးတော့ တစ်ယောက်ဆို တစ်ယောက်ပဲ တွဲစေချင်ကြသည်။ သင်္ဘောသားတစ်ယောက်သည် တစ်နေ့လာ အမျိုးသမီးတစ် ယောက်၊ နောက်တစ်နေ့လာ တခြားတစ်ယောက်လဲတွဲသည်ကို သူတို့မုန်းတီးစက်ဆုပ်ကြသည်။ ထိုလူမျိုးကို "လိပ်ပြာ"ဟု သူတို့ကခေါ်ကြသည်။

သူတို့အားလုံးလိုလို စေတနာလည်း ကောင်းကြသည်။ အချင်းချင်း တစ်ယောက်အပေါ် တစ်ယောက်လည်း သစ္စာရှိကြသည်။ ပျော်ပျော်ပါးပါးလည်း နေကြသည်။ လူ့ဘောင်တွင် သူတို့ဘဝ အောက်တန်းကျသည်မှာ မှန်ပါသည်။ ဂုဏ်သရေရှိရှိ အသိုင်းအဝိုင်း၏ ကြည့်ထားခြင်း ခံရသည်မှာလည်း မှန်ပါသည်။ သို့သော်လည်း သူတို့ကိုယ် သူတို့ တန်ဖိုးထားကြသည်။ ဂုဏ်သိက္ခာ ဆည်ကြသည်။ သင်္ဘောသားတစ်ယောက်ယောက်က သူတို့ကို မလေးမစား ဆက်ဆံ မိသည်ဆိုလျှင်...

"ရှင် ကျွန်မကို ဘယ်အစားထဲက အောက်မေ့လို့လဲ၊ လမ်းပေါ်က ပြည့်တန်ဆာလို မှတ်လို့လား" ဟူသော စကားလုံးမျိုးဖြင့် ချက်ချင်း တုံ့ပြန်တတ်သည်။ လမ်းပေါ်က အမျိုးသမီးများထက် သူတို့က အဆင့်အတန်းမြင့်ကြောင်း သူတို့ကိုယ်သူတို့ သတ်မှတ်ထားကြသည်။

နမ်ကောက်မှာရှိနေသည့် အမျိုးသမီးများအနက် နှစ်အုပ်စု ကွဲနေသည်ကတော့ မှန်သည်။ ကန်တုန်ကလာသည့် အုပ်စုနှင့် ရှန်ဟဲမှလာသည့် အုပ်စုဟူ၍ ဖြစ်သည်။ အမျိုးသမီးဦးရေလည်း အညီအမျှလောက် ဖြစ်သည်။ သူတို့ နှစ်အုပ်စုလောက်သာ အပြန်အလှန် မနာလိုခြင်း၊ စကားများ ရန်ဖြစ်ခြင်းများပေါ်ပေါက်တတ်သည်။

ဘာသာစကားချင်းလည်း မတူ။ ထို့ကြောင့် နမ်ကောက်တွင် အများသုံးဘာသာစကားမှာ အင်္ဂလိပ်ဘာသာ ဖြစ်နေသည်။ မည်သို့ဆိုစေ ထိုနှစ်အုပ်စု၏ နေ့စဉ်ဆက်ဆံမှုက အားလုံးလိုလို အဆင်ပြေနေသည်သာ ဖြစ်ပါ၏။ ဂွမ်နီနှင့် တိုင်ဖူးအပြင် ကျွန်တော်နှင့် ရင်းနှီးသော အမျိုးသမီးများ ရှိပါသေးသည်။ သူတို့ကား ဗုဒ္ဓဟူးလူးလူး၊ မင်နီဟိုးနှင့် ဂျင်နီချန်းတို့ဖြစ်သည်။

ဂျင်နီချန်းသည် အလွန်မျက်နှာချိုသည်။ အသားအရောင်ကလည်း မြေဖြူလို ဆွတ်ဆွတ် ဖြူသည်။ နက်မှောက်သောဆံပင်တွေကလည်း သန်စွမ်းလှသည်။ အမြဲတမ်းလိုလို အနက်ရောင် စက်တ်နှင့် ခြေအိတ်အနက်ကို ဝတ်တတ်သည်။ ထိုအဝတ်အစားမျိုးကို သူတစ်ယောက်တည်းသာ ဝတ်ပါသည်။ လမ်းမှာ တွေ့လို့တော့ သူ့ကို ဒီအစားထဲကဟု မည်သူမှ မပြောနိုင်ပါ။ တကယ် ဆိုလျှင် သူတစ်ယောက်တည်းသာ မဟုတ်ပါ။ နမ်ကောက်မှာရှိနေကြသည့် မည်သည့် အမျိုးသမီး မဆို အပြင်ပန်းကို ကြည့်ခြင်းအားဖြင့်တော့ သူတို့၏ အသက်မွေး ဝမ်းကျောင်းကို အကဲဖမ်း၍ မရ နိုင်ပါ။

ဂျင်နီချန်းသည် သူတို့အားလုံးထဲတွင် အရက်အကြောက်အကြီးဆုံးလည်း ဖြစ်သည်။ စိတ်နေစိတ်ထားနှင့် အမူအကျင့်ကလည်း အလွန်သိမ်မွေ့လှသည်။

မင်နီဟိုးကလည်း တစ်မျိုးဖြစ်သည်။ အမွေ့အဖက် အပွတ်အသပ် အင်မတန်ကြိုက်သည်။ ကြောင်ကလေးတစ်ကောင်နှင့်ပင် တူသေးတော့သည်။ ဘားခန်းထဲသို့ သူမို့ ဝင်လာပြီဆိုလျှင် သူဝင်လာရာနီးတစ်ပိုက်ရှိ မည်သည့် ယောကျ်ားကိုမဆို ပွေ့ဖက်သွားသည်ချည်းဖြစ်၏။ အပွေ့ အဖက်များ ခံနေရလျှင် ဖောက်သည်တစ်ယောက်ယောက်က အပေါ်ထပ်တက်ကြစို့ဆိုတောင် သူတယ်မလှုပ်ချင်။ သူပွေ့ဖက်စရာ သင်္ဘောများမရှိတော့လျှင် သူတို့အမျိုးသမီးအချင်းချင်း တစ်ယောက် ယောက်နှင့်တော့ သွားဖက်ထားတတ်သည်။ တစ်ချိန်ကလည်း ကျွန်တော့် လက်မောင်းကို လာဖတ် ထားဖူးသည်။ သူ့ပါးနှင့် ကျွန်တော့်ပခုံးစွန်းကို ပွတ်သပ်နေရင်း ကျွန်တော့် မျက်နှာကိုလည်း မော့ကြည့်နေသည်။ ချစ်စရာကောင်းသော သူ့အပြုအမူကြောင့် ကျွန်တော့်စိတ်ကို အများကြီး ထိန်းသိမ်းခဲ့ရပါသည်။

သူ့ကိုလည်း လူကြိုက်များပါသည်။ သို့သော်လည်း သူ့လုပ်ငန်းနှင့် ပတ်သက်ပြီး ဦးနှောက်ကောင်း လှသည်ဟု မဆိုနိုင်။ တစ်ခါတုန်းက သင်္ဘောသားတစ်ယောက်နှင့် အချိန်တို လိုက်သွားပြီး ပြန်လာသည်။ ကျွန်တော့် လက်မောင်းတစ်ဖက်ကို ဖတ်ရင်း သူထိုင်နေသည်။ ခဏ ကြာတော့ ဘာမပြော ညာမပြောနှင့် သူ့ပါးစပ်ကို လက်နှင့်ပိတ်ပြီး ရုတ်တရက် အော်လိုက်ပါတော့ သည်။

" အိုး... ငါ နည်းနည်းမှ သောက်သုံးမကျပါလား"

"ဘာဖြစ်ရပြန်တာလဲ" ဟု ကျွန်တော်က မေးသည်။

" ဟိုသင်္ဘောသားဆီက ပိုက်ဆံတောင်းလိုက်ဖို့ ကျွန်မ မေ့သွားတယ်"

သူ့စကားကြောင့် ကျွန်တော် အားပါးတရရယ်မိသည်။ သည်လို ချစ်စရာကောင်းသည့် အဖြစ်အပျက်ကလေးများနှင့်လည်း ကြုံတွေ့ရတတ်သည်။ သို့သော်လည်း မင်နီဟိုးက ထိုအဖြစ်ကြောင့် အရှက်ကြီး ရှက်သွားသည်။ တခြားလူတွေကို ပြန်မပြောပါနှင့်ဟုလည်း ကျွန်တော့်ကို တောင်းပန်နေသည်။ အများတကာက သူ့ကို ဟားတော့မည်ဟု ဆိုသည်။

ဗုဒ္ဓဟူး လူးလူးသည် နမ်ကောက်မှာရှိသော အမျိုးသမီးများအနက် တရုတ်အစစ်မဟုတ်သည့် တစ်ဦးတည်းသောအမျိုးသမီးဖြစ်သည်။ အဖေက ဂျပန်၊ အမေက ရှန်ဟဲမှ ပြည့်တန်ဆာ၊ အမေကို အလွန်ချစ်သည်။ အမေက ရှန်ဟဲမှာကျန်ခဲ့သည်။ တရုတ်ဘဏ်တိုက်မှတစ်ဆင့် အမေ့ထံသို့သူ ငွေမှန်မှန်ပို့နေသည်။

ဟောင်ကောင်မှာပဲ ဆက်နေရမလား။ အမေနှင့် ဥမကွဲ သိုက်မပျက်နေရအောင် ရှန်ဟဲပြန် သွားပြီး ကွန်မြူနစ်အစိုးရကပေးမည့် အလုပ်တစ်ခုခုကိုပဲ လုပ်နေရမလားဟု အမြဲစဉ်းစားနေတတ် သည်။

သူသည် နမ်ကောက်မှာရှိနေကြသည့် အမျိုးသမီးများအားလုံးအနက် စည်းကမ်းအကြီးဆုံးအမျိုးသမီးတစ်ယောက် လည်း ဖြစ်သည်။ တစ်ညတွင် စခန်းချ အမေရိကန်စစ်သင်္ဘောမှ ရေတပ်သားတစ်ယောက်ရောက်လာသည်။ သူရောက်လာချိန်တွင် သူ့အတွဲအမျိုးသမီးက အခြား ဖောက်သည်နှင့် ထွက်သွားနှင့်သည်။ ထို့ကြောင့် ရေတပ်သားက လူးလူးကို ချဉ်းကပ်သည်။ လူးလူးက ငြင်းသည်။ အခြားအမျိုးသမီးတွေက တိုက်တွန်းကြသည်။ ရေတပ်သားကလည်း ကြေး ပိုပေးပါမည်ဟု ပြောသည်။ သို့သော်လည်း လူးလူးကတော့ ကျင့်ဝတ်ကို မချိုးဖောက်စကောင်းဟု ဆိုကာ ခါးခါးသီးသီး ငြင်းလွှတ်လိုက်သည်။

နာမည်သူ အဲလစ်နှစ်ယောက်လည်း ရှိသေးသည်။ တစ်ယောက်က သေးသေးကလေး ဖြစ်ပြီး တစ်ယောက်က ထွားထွားကျိုင်းကျိုင်းကြီး ဖြစ်သည်။

သည်လိုဆိုတော့လည်း အဲလစ်ကလေးနှင့် အဲလစ်ကြီးပေါ့။

အဲလစ်ကြီး၏အသက်မှာ နှစ်ဆယ့်လေးနှစ်သာရှိသေးသည်။ ဘယ်တော့မှ သပ်သပ်ရပ်ရပ်မရှိတတ်။ တစ်ခါတရံ မျက်နှာမှာ ဘာမှ မလိမ်းမခြယ်ဘဲ အဝတ်အစားဖိုသီဖတ်သီနှင့် ရောက်လာတတ်သည်။ တစ်ခါတရံကျပြန်တော့လည်း အဝတ်အစားကို လွန်လွန်ကျူးကျူးဝတ်သည်။ မျက်နှာပေါ်မှာ မိတ်ကပ်တွေမြင်မကောင်းအောင် လိမ်းထားတတ်သည်။ နှုတ်ခမ်းနီကိုလည်း နှုတ်ခမ်းသားထက်ပိုပြီး ဆိုးထား တတ်သည်။ တစ်မျိုးတော့လည်း သူ့အဖို့ ကောင်းတာဆွေ ရှိပြန်သည်။ အချို့သင်္ဘောသားများက သပ်သပ်ရပ်ရပ်ဝတ်ထားသူများထက် ဖိုသီဖတ်သီဝတ်ထားသော အဲလစ်ကြီးကို သဘောကျကြသည်။ ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်သွားသလို ခံစားရသတဲ့လေ။

အဲလစ်ကြီး၏ ဆွယ်နည်းတစ်မျိုးရှိသေးသည်။ စားပွဲတစ်လုံးမှာ တစ်ကိုယ်တည်း ထိုင်နေ တတ်သည်။ ပြီးတော့ အတွဲရထားသော သင်္ဘောသားတစ်ယောက်ယောက်ကို ထိုစားပွဲမှနေ၍ မမိုတ်မသုန် ထိုင်ကြည့် နေတတ်သည်။ သူ့အကြည့်က စိတ်ညှို့သလိုလည်းဖြစ်သည်။ ဆွဲဆောင်မှု လည်းရှိသည်။ ထိုသို့ အကြည ့်ခံရသော သင်္ဘောသားသည် ပထမတော့ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ အဲလစ်ကြီး၏ မျက်လုံးဒဏ်ကို ရှောင်တိမ်းဖို့ ကြိုးစားသေးသည်။ ခဏကြာတော့ ပင့်ကူအိမ်မှာ ယင်ကောင်မိသလို အဲလစ်ကြီး၏ နောက်သို့ ကောက်ကောက်ပါသွားလေတော့သည်။

အဲလစ်ကြီးသည် ဘာစည်းကမ်းမှ လိုက်နာခြင်းလည်းမရှိ။ အမျိုးသမီးတိုင်း၏ အတွဲကို သူ ရအောင်ဆွယ်ပြီး တွဲခုတ်ဖူးသည်ချည်းဖြစ်၏။ ထို့ကြောင့်လည်းရှန်ဟဲအမျိုးသမီးအုပ်စုက သူ့ကို သိပ်သဘောမကျလှ။

အဲလစ်ကလေးကမူ တစ်ဘာသာ။ တခစ်ခစ်နှင့် အရယ်သန်သည်။ သူလည်း ဖောက်သည်များသူတစ်ယောက်ဖြစ်သည်။ သူ့အမူအကျင့်ကတော့ နစ်သက်စရာကောင်းလှသည်မဟုတ်။ သူနှင့် တွေ့တွေ့ချင်း သည်မိန်းကလေးသည် ပေါ့ပျက်ပျက်နိုင်ကြောင်း၊ တာဝန်ပေါ့လျော့တတ်ကြောင်း၊ ဘာကိုမှ လေးလေးရာရာ မထားတတ်ကြောင်း ကျွန်တော် အကဲ ခတ်မိခဲ့ပါသည်။

ထူးခြားသော သူ့အကျင့်သုံးခုလည်း ရှိသေးသည်။ မလိုင်နှင့် ချောကလက်ကို အထူးနစ် သက်ခြင်း၊ ရုပ်ရှင်နစ်သက်ခြင်း၊ ရုပ်ရှင်မပြတ်ကြည့်ခြင်းနှင့် အဂတ်အစားသစ်များ မပြတ်ဂတ်ခြင်း ဖြစ်သည်။

နေ့တိုင်းဆိုသလို သူ့ကိုယ်ပေါ်မှာ အဂတ်အစားအသစ် အထူးအဆန်းတစ်ခုခုတော့ မြင်ရ စမြဲပင်။ အဂတ်အစားတစ်ခုကို သူမကြိုက်တော့ဆိုလျှင်လည်း တစ်ခါတလေဂတ်ရုံမျှဖြင့် စွန့်ပစ် လိုက်တတ်သည်။ သို့သော် သူတစ်ပါးကို အလကားပေးခြင်းကား မရှိ။ တစ်ခါတုန်းက သူ တစ်လ လောက်ဂတ်ပြီးဖြစ်သည့် ဘရိုကိတ်အင်္ကျီကို စွမ်နီက ကြိုက်လှချည်ရဲ့ဆိုသည်။ အဲလစ်ကလေး သည်ဆိုင်က သူဂယ်ခဲ့သည့် အသစ်ဈေးအတိုင်း ပြန်ရောင်းခဲ့သည်။

သူများနှင့်မတူသော အချက်ကလေးတစ်ခုလည်း ရှိသေးသည်။ အခြားအမျိုးသမီးများသည် အသက်အရွယ်ကြီးသော သို့တည်းမဟုတ် လူလတ်ပိုင်းအရွယ်ရှိသော သင်္ဘောသားများကို ပိုတွဲချင်ကြသည်။ အဲလစ်ကလေးကတော့ သည်လိုမဟုတ်။ အသက်နစ်ဆယ် လောက်ကောင်လေးတွေ၊ သည့်ထက်ပိုငယ်သောကောင်လေးတွေကိုသာ သူနစ်သက်သည်ဟုဆို သည်။ သင်္ဘောသားမှာ ပိုက်ဆံပြတ်နေပါပြီ ဆိုလျှင်လည်း သူက တစ်ပြားတချပ်မှ မယူတော့။ တကယ့်ဟာမ ဖြစ်သည်။

ဒေါရစ်နှင့် လီလီလောင်းတို့နစ်ယောက်မှ အပ အမျိုးသမီးအားလုံးသည် အသက်နစ်ဆယ် ကျော် အစိတ်ပိုင်းမျှသာရှိကြသေးသည်။
လီလီလောင်းက သူ့အသက် လေးဆယ့်တစ်နစ်ရှိပြီဟု ပြောသည်။ တစ်ခါကလည်း ကျွန်တော့်နားနားသို့ကပ်ပြီး "ကောင်မလေးတွေကတော့ ကိုယ့်ကိုသုံးဆယ့် ခုနစ်နစ်ပဲရှိသေးတယ်လို့ ထင်ကြတာကွ သိလား၊ မင်း သူတို့ကို ကိုယ့်အသက်အမှန် သွားမပြောလိုက်နဲ့နော်၊ မောင်လေးက လိမ္မာပါတယ်ကွယ်"ဟုပြောပြီး ကျွန်တော့်လက်ကို ပွတ်နေလိုက်သေးသည်။ အမှန်တော့ သူ့အသက် ငါးဆယ်အောက်တစ်ရက်မလျော့ကြောင်း အမျိုးသမီးများအားလုံးက သိထားကြသည်။

လီလီလောင်းကို မြင်ရတော့ ကျွန်တော့်တို့အရပ်မှ ပြဇာတ်မင်းသမီးကြီး တစ်ယောက်ကို ပြန်လည်အမှတ်ရမိသည်။ ထိုပြဇာတ်မင်းသမီးကြီးသည် အသက်ကြီးလာသောကြောင့် အလုပ် ကောင်းစွာ မဖြစ်တော့။ သို့သော်လည်း နောက်တက်လာသည့် မင်းသမီးငယ်ငယ်ကလေးတွေကို သူ စိတ်တိုင်းမကျ။ သူ့လောက်မတော် မတတ်သူ့လောက် အတွေ့အကြုံမရှိဆိုကာ အထင်သေး အမြင်သေးတတ်သည်။ လီလီလောင်းလည်း ထို့အတူဖြစ်သည်။ သူက ရှန်ဟဲမြို့ရှိ ဆောင်ကြာမြိုင် တစ်ခုမှာ သင်တန်းကောင်းကောင်းရခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် သူက အမျိုးသမီးငယ်ငယ် တွေထက် ပိုပြီး အတွေ့အကြုံကြီးကြောင်း ပြောပြလေ့ရှိသည်။

နောက်ပြီးတော့ ဒေါ်ရစ်။ သူ့နာမည်က ဒေါ်ရစ်ပုး။ သူ့အသက်အရွယ်နှင့် မလိုက်အောင် သူ့အသားအရေက နုးညံ့လွန်းလှသည်။ ထို့ကြောင့် ရုပ်ကအပျံစားထဲက ဖြစ်သည်။ မှန်ကို ကွပ် သည့်ကိုင်းမပါသောမျက်မှန်ကို တပ်လေ့ရှိသည်။
ဟိတ်ကြီးဟန်ကြီးလည်း လုပ်လွန်းသည်။ ဘယ်သူနှင့်မှ မတူသလို မတန်သလို နေတတ် သည်။ ဘားခန်းထဲရောက်လာလျှင် အခြားအမျိုးသမီးများနှင့် မရောနှောဘဲ ကျောင်းဆရာမကြီး တစ်ယောက်လို ဟန်ကြီးတစ်ခွဲသားဖြင့် တသီးတခြားနေတတ်သည်။ တစ်ခါတရံ ဘားခန်းထဲမှာ နေ့ခင်းမှ ညသန်းခေါင်အထိ ဆယ့်နှစ်နာရီလုံးလုံး ထိုင်နေတတ်သည်။ နောက်ဆုံး လုံးဂ အလုပ် မဖြစ်ဘဲ အိမ်ပြန် ရသည့် အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်တော့။

ဒေါ်ရစ်ပုးသည် အမျိုးသမီးများအားလုံး၏ ချဉ်ဖတ် ဖြစ်နေသည်။ အဲလစ်ကြီးကို ချဉ်သည် ထက်ပင် ပိုသေးသည်။
သူ့ကို အများက ပိုင်းချဉ်နေသောကြောင့် ယခုလို ဖြစ်ရကြောင်း ကြင်ကြင်နာနာ ဆက်ဆံ မည်ဆိုလျှင် သည်လိုဖြစ်မည် မဟုတ်ကြောင်း ကျွန်တော်တွေးမိသည်။ ထိုအကြောင်းကိုလည်း အမျိုးသမီးများကို ကျွန်တော် ပြောပြဖူးသည်။ သည်လိုပြောတော့ ကဲ့ရဲ့သော အကြည့်မျိုးဖြင့် ကြည့်ခြင်းကိုသာ ကျွန်တော် ခံခဲ့ရပါသည်။ လူတစ်ဖက်သားအပေါ်တွင် သနားကြင်နာတတ်သော ဂွမ်နီလီးကိုပင် ကျွန်တော် ဆွဲဆောင်ဖျောင်းဖျ၍မရ။ တစ်နေ့မနက် ကျွန်တော် မြို့ထဲမှ ပြန်လာတော့ ဓာတ်ရထားပေါ်မှာ ဒေါ်ရစ်ပုးနှင့်သွား တိုးသည်။ သူ့ကို ကြင်ကြင်နာနာဆက်ဆံလျှင် မည်သို့ တုံ့ပြန်မှုရမည်ကို စမ်းသပ်ကြည့်ရန် အခွင့် ကောင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်နှင့်အတူတူ နေ့လယ်စာ လိုက်စားဖို့ သူ့ကို ဖိတ်လိုက် ပါသည်။ ဟင်နက်ဆီလမ်း ဓာတ်ရထားမှတ်တိုင်နားမှာ စားသောက်ဆိုင်ကလေးတစ်ဆိုင် ရှိသည်။ ထိုဆိုင်မှာ ကျွန်တော် စားဖူးသည်။ ဒေါ်လာအနည်းငယ် လောက်ဖြင့် ကိစ္စပြီးစီးနိုင်သည်။

ကျွန်တော့်ဖိတ်ခေါ်ချက်ကို သူလက်ခံပါသည်။ သို့သော်လည်းကျွန်တော်ပြောသည့် စားသောက်ဆိုင်သို့ရောက် တော့ သူပျောက်သွားသည်။ တယ်လီဖုန်းသွားပြောနေခြင်းဖြစ်သည်။ သည်ဆိုင်သို့ရောက်အောင် ကျွန်တော့်ကို ခေါ်လာပေးသည့်အတွက် ဆိုင်မန်နေဂျာထံမှာ ကော်မရှင်တောင်းနေခြင်းဖြစ်ကြောင်း ဗေဒင်မေးစရာ မလို တော့ပါ။ ကျွန်တော် ကောင်းကောင်း သိပါသည်။

ကျွန်တော့်ဆီသို့ သူပြန်လာသောအခါ ကျွန်တော်နှင့် လုံးဂမတိုင်ပင်ဘဲ အစားအသောက်များကို သူ့ သဘော အတိုင်းမှာ ပါလေတော့သည်။

ဟင်းတွေ တစ်ပွဲပြီး တစ်ပွဲရောက်လာသည်။ တစ်နာရီလုံးလုံး ဟင်းတွေ အလာမရပ်နိုင် အောင် ဖြစ်နေသည်။ နောက်ဆုံး ငွေတောင်းခံလွှာက ကျွန်တော့်ဆီရောက်လာသည်။

လေးဆယ့်ရှစ်ဒေါ်လာကြီးများတောင် ရှင်းလိုက်ရသည်။

ကျသင့်ငွေ ထုတ်ပေးရင်း သက်သက် ငွေညှစ်ခံလိုက်ရခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်မိပါ သည်။ ဆက်ပြီး ငွေအညှစ်မခံသင့်တော့။သို့သော်လည်း ဆက်တိုက်ခံရပါသေးသည်။

စားသောက်ဆိုင်အပြင်ဘက်ရောက်တော့ ချော့သလို မြှူသလိုလေသံမျိုးဖြင့် ကျွန်တော့်ထဲမှ ငွေငါးဒေါ်လာ ချေးပါသည်။ နမ်ကောက်ဟိုတယ်သို့ တက္ကစီငှားပြန်လိုသောကြောင့်ဟု ပြောသည်။

တင်းတင်းမာမာ ဆက်ဆံဖို့ အချိန်ရောက်လာပြီဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ "ဒီနေ့တစ်မနက်လုံး ကျွန်တော် တစ်ခါမှ တက္ကစီ မစီးသေးဘူး၊ တက္ကစီခလည်း ကျွန်တော် မတတ်နိုင်ဘူး၊ ဓာတ်ရထားနဲ့ ဘာဖြစ်လို့ မသွားတာလဲ"ဟု ကျွန်တော်က ပြန်ပြောသည်။

သူ့မျက်နှာသွေးရောင်လွှမ်းသွားသည်။ သူ့မျက်လုံးအစုံမှာလည်း ဒေါသရိပ်များ ပေါ်လာ သည်ကို မြင်တွေ့လိုက်ရသည်။

"ကျွန်မဟာ ငွေရှာနေတဲ့မိန်းမ၊ ကျွန်မ ဖြုန်းတီးလိုက်ရတဲ့ အချိန်တွေအတွက် ရှင် ပိုက်ဆံပေးဖို့ တာဝန်ရှိတာပေါ့၊ ရှင်နဲ့အတူတူ ကျွန်မနစ်နာရီလောက် အချိန်ဖြုန်းပစ်လိုက်ရပြီလေ" ဟုသူက မကျေမချမ်းပြန်ပြောသည်။ အငြင်းအခုံဖြစ်မနေလိုတော့သည့်စိတ် ချက်ချင်းပေါ်ပေါက်လာပါသည်။ ထို့ကြောင့် အိတ် ထဲမှာ စမ်းကြည့်သည်။ အကြွေအနည်းငယ်နှင့် ဆယ်တန်တစ်ရွက်သာ တွေ့တော့သည်။

"ရော့..."

ကျွန်တော်က ဆယ်တန်ကို ထုတ်ပေးရင်း အေးတိအေးစက်ပြောလိုက်သည်။ ဒေါ်ရစ်သည် ကျေးဇူးတင်စကား ကလေးတစ်ခွန်းမျှပင် မပြောတော့ဘဲဆယ်တန်ကိုယူကာ လမ်းတစ်ဖက်ခြမ်းသို့ ခပ်သုတ်သုတ် လှည့်ထွက်သွားသည်။ တစ်ဖက်ကမောင်းလာသည့် ဓာတ်ရထားနှင့်တိုက်မိတော့မလိုဖြစ်ပြီး သီသီကလေး လွတ်သွားသည်။

ကျွန်တော့်ကို ငွေညှစ်ပြီး လူလည်ကျသွားသောကြောင့် ကျွန်တော် အကြီးအကျယ် ဒေါသ ဖြစ်နေမိပါသည်။ ထို့ကြောင့် သူ့ကို ဓာတ်ရထားတိုက်လိုက်ပါစေဟုပင် စိတ်ထဲက ကျိတ်ဆုတောင်း လိုက်မိသည်။

ထိုဒေါသသည် ရက်များစွာ မခံလိုက်ပါ။ နောက်တစ်နေ့ညမှာပင် သူ့ကို လုံးဝ ခွင့်လွှတ်လိုက်မိပါတော့သည်။ ဒေါ်ရစ်သည် သူ့ထုံးစံအတိုင်း ကျောင်းဆရာမကြီးတစ်ယောက်လို တစ်ယောက်တည်း တောင့်တောင့်ကြီး ထိုင်နေပါသည်။ သူ့ကို ကျွန်တော် တစ်ချက်လှမ်းကြည့်လိုက်သည်။

သူ့မျက်လုံးများမှိတ်ထားပြီး မျက်မှန်နောက်မှ မျက်ရည်များစီးကျနေသည်ကို မြင်တွေ့လိုက်ရသဖြင့် တော်တော် အံ့သြသွားပါသည်။

"ဟိုမှာ ကြည့်စမ်း... ဒေါ်ရစ် ဘာဖြစ်နေတာလဲ" ဟု ကျွန်တော်က အနီးရှိဂွမ်နီကိုပြောပြီး လက်ညှိုးထိုးပြလိုက်သည်။ "သူ့ကလေးတွေကြောင့်လေ ...သူ့မှာ ကလေးနှစ်ယောက်ရှိတာ ရှင်သိတယ် မဟုတ်လား"

"သိတယ် ..ကလေးတွေ နေမကောင်းလို့လား၊ ဒါမှမဟုတ် တစ်ခုခုဖြစ်လို့လား" ဟုကျွန်တော်က ပြန်မေးသည်။

"ဖျားလို့မဟုတ်ဘူး ဒါပေမဲ့ သူ့မှာပိုက်ဆံတစ်ပြားမှ မရှိတော့ဘူးလေ၊ ပြီးခဲ့တဲ့ တစ်ပတ်လုံး သူ ငွေမရှာ နိုင်ဘူး"

ကျွန်တော်က ဂွမ်နီကို ငွေတစ်ဆယ်ထုတ်ပေးပြီး ဒေါ်ရစ်၏ လက်ကိုင်အိတ်ထဲသို့ သွား ထည့်ထားခိုင်းလိုက်ပါသည်။ သည်ငွေတစ်ဆယ်ကား ကျွန်တော် စေတနာသန့်သန့်နှင့် ပေးလိုက်သော ငွေတစ်ဆယ် ဖြစ်ပါသည်။

သူ့အပေါ်မှာ အကြင်နာတရားကို ကျွန်တော် ပြခဲ့သော်လည်း အရာမထင်ခဲ့ဖူးပါ။ ယခုတော့ အာဃာတ စိတ်များအားလုံးသည် သည်အဖြစ်အပျက်ကလေးတစ်ခုနှင့်ပင် ပြေပျောက် သွားပါလေ တော့သည်။

အခန်း (၄)မျှော်

[အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၄)](#)

အခန်း(၄)

ဒေါ်ရစ်ကို နေ့လယ်စာကျွေးမိသည့် အဖြစ်အပျက်သည် နမ်ကောက်ဟိုတယ်သို့ ကျွန်တော်ရောက်ပြီး ဆယ်ရက်အကြာ တွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုနေ့မှာပင် ထူး ခြားသော အဖြစ်အပျက်တစ်ခုနှင့် လည်း ကြုံကြိုက် ခဲ့ရပါသေးသည်။

ဒေါ်ရစ်၏ အပြုအမူကြောင့် ကျွန်တော့်စိတ်များ မူမမှန်နိုင်အောင် ဖြစ်နေသည်။ စိတ်မူ မမှန်တော့ အလုပ် ကောင်းကောင်း မလုပ်နိုင်တော့။ သို့ဖြင့် ညနေငါးနာရီမှာ အလုပ် သိမ်းလိုက်သည်။

ကျွန်တော် ကြည့်ချင်သည့် ရုပ်ရှင်ကားတစ်ကား နယူးယောက်ရုပ်ရှင်ရုံတွင် ပြနေ သည်။ ရုပ်ရှင်ကြည့်ပြီး ဖြုန်းတီးနိုင်လောက်အောင် ကျွန်တော့်မှာ ငွေကြေးမပြည့်စုံပါ။ သို့ သော်လည်း နေ့လယ်စာ စားမိသည့် အဖြစ်ဆိုးကြီးနှင့် ကြုံကြိုက်ခဲ့ပြီးမှတော့ နောက်ထပ် နစ်ဒေါ်လာလောက် ဖြုန်းတီးပစ်ခြင်းသည် ဘာများ အကြောင်းထူး ပါဦးမည်နည်း။

ကျွန်တော့်လက်များကို ဆေးကြောသုတ်သင်ပြီး မျက်နှာသုတ်ပဝါ လှည့်ရှာသည်။ မျက်နှာသုတ်ပဝါ ကုလားထိုင်နောက်မှီပေါ်မှာ ရှိနေသည်။ ကုလားထိုင်ပေါ်မှာတော့ ဆွဲ လက်စပုံကြမ်းများ၊ ပန်းချီဆွဲ ပစ္စည်းများဖြင့် ရှုပ်ပွနေသည်။ လက်သုတ်နေရင်း ပုံကြမ်း ကလေးတစ်ခုကို သွားမြင်သည်။ ကူးတို့သင်္ဘောပေါ်တွင် တွေ့ခဲ့သော အပျိုစင်မကလေး မီလင်း၏ ပုံကြမ်းဖြစ်ပါသည်။

သူနှင့်တွေ့ပြီး နမ်ကောက်ဟိုတယ်သို့ ကျွန်တော်ပြောင်းခဲ့သည်။ ပတ်ဂန်းကျင်သစ်တွင် အာရုံနစ်မြုပ်နေသည့် အတွက် မီလင်းကို ကျွန်တော်မေ့နေသည်။ သို့သော်လည်း တစ်ပတ်လောက် ကြာတော့ အထိုက်အလျောက် နေသားကျသွားပြီမို့ အပျိုစင်မလေးမီလင်းကို အမှတ်ရမိပြန်သည်။ အပြစ်ကင်းစင်သည့် ရိုးသားသောမျက်နှာ၊ ပိုနီတေး၊ ဒူးဖုံးသည့် ဂျင်းဘောင်ဘီများ... မျက်စိထဲမှာ တစ်ခုပြီး တစ်ခု ပေါ်လာသည်။

လွန်ခဲ့သည့် နှစ်ရက်လောက်က ဆိပ်ကမ်းမှာ သူ့ကို ကျွန်တော် တွေ့ခဲ့ပါသည်။ ကူးတို့သင်္ဘောမှ လူအုပ်ကြီး ဆင်းလာသည်။ ထိုအထဲမှာ မီလင်းရော ပါလာသည်ကို တွေ့လိုက်ရသည်။ အံ့သြခြင်း၊ စိတ်လှုပ်ရှားခြင်းများကို ကျွန်တော် ခံစားလိုက်ရသည်။ သူ့ဆီသို့ ကျွန်တော် ပြေးသွားသည်။ သို့သော်လည်း တုံကင်ကြီးတစ်ခုမှ ကုန်းဘောင်က ခံနေသောကြောင့် သူ့ဆီသို့ အချိန်မီ ရောက်မသွား။ ထိုအချိန်မှာပင် သူက လန်ချားတစ်စီးကို လှမ်းခေါ် နေပြီ။

ကျွန်တော့်ရင်ထဲမှာ နာလာသည်။ လန်ချားပေါ်တက်ပြီး လန်ချားလည်း ထွက်သွား သည်။ ကျွန်တော်က မီလင်း၏ နာမည်ကို တကြော်ကြော်အော်ခေါ်သည်။ လန်ချားသမားက သမင်လည်ပြန် လှည့်ကြည့်သည်။ ပြီးတော့ ခြေလှမ်းကို နှေးပေးသည်။

" မီလင်း..."

ကျွန်တော်က ထပ်အော်ခေါ်ပြန်သည်။

" ဟာ..."

လန်ချားပေါ်မှ အမျိုးသမီးက အာမေဋ္ဌိတ်သံပြုပြီး နားမလည်သလို ကျွန်တော့်ကို လှမ်းကြည့်သည်။ ရွှေသွား နှစ်ချောင်းကို မြင်တွေ့လိုက်ရသည်။ ကျွန်တော် လူမှားနေချေပြီ။

"ဂမ်းနည်းပါတယ်ဗျာ၊ ကျွန်တော့် အသိထင်လို့ ခေါ်မိတာပါ"

"ဟာ..."

"ကိစ္စမရှိပါဘူးဗျာ"
ကျွန်တော့်ကို သူက အထူးအဆန်းသဖွယ်ကြည့်နေစဉ်မှာပင် လှည့်ထွက်ခဲ့သည်။ အင်မတန် ရှုးကြောင်ကြောင် နိုင်သည့် အဖြစ်ဟုလည်း ကိုယ့်ဟာကိုယ် နားလည်လိုက်သည်။ တစ်ပြိုင်တည်းမှာပင် ဘာမဟုတ်သည့် ကိစ္စအတွက်ခံစားနေရသောကြောင့် ကိုယ့်ဘာသာကိုယ်လည်း အားမလိုအားမရ ဖြစ်မိသည်။

ကျွန်တော့်လက်ကို ခြောက်အောင် သုတ်နေရင်း ပုံကြမ်းအောက်မှ ပုံစာကိုကြည့်ပြီး တစ်ကိုယ်တည်းပြုံး မိသေးသည်။
"ဟုတ်ပြီ....အပျိုစင်...အဲဒါ ကျွန်မပေါ့..."

အခန်းထဲမှ ကျွန်တော်ထွက်လာခဲ့သည်အထိ ထိုအကြောင်းကလေးကို စဉ်းစားမိရင်း၊ ရွှင်မြူးနေမိသည်။ ဓာတ်လှေကားမောင်းသူနှင့် စကားပြောနေသော အခန်း စောင့်အတောင်းကို ကျွန်တော် သော့လှမ်းပေးသည်။ အောက်ထပ်မှ တစ်စုံတစ်ယောက်က ဓာတ်လှေကားခေါ်နေသည်။ ဘဲလ်သံက အဆက်မပြတ် မြည်နေ သောကြောင့် ဒေါသတကြီး ခေါ်နေဟန်တူသည်။

ဓာတ်လှေကား အောက်ထပ်သို့ ဆင်းလာသည့် အချိန်အထိ ဘဲလ်က အဆက်မပြတ် မြည်နေသည်။ အောက်ထပ်ရောက်ပြီး တံခါးဖွင့်လိုက်တော့ သဘော်သား တစ်ယောက်နှင့် အတူရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ သူ့လက် တစ်ဖက်က ဓာတ်လှေကား ဘဲလ်ခလုတ်ပေါ်မှာ တင်ထားဆဲဖြစ်သည်။ ဓာတ်လှေကား ရောက်လာသည်ကိုတွေ့ပါလျက်နှင့် ဒေါသတကြီး နှစ်ခကျ ဆက်နှိပ်လိုက်သေးသည်။
နမ်ကောက်ဟိုတယ်သို့ ကျွန်တော် ရောက်နေသည်မှာ ဆယ်ရက်ရှိပြီ။ သည်အမျိုးသမီးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသေး။ အမျိုးသမီးအချို့သည် နေထိုင်မကောင်းသောကြောင့် အလုပ်မဆင်း သည်လည်းရှိ၏။ အမြဲတမ်း ဖောက်သည် တစ်ဦးဦးနှင့် ခရီးရက်ရှည်ထွက်သွားရသောကြောင့် အလုပ် မဆင်း ဖြစ်သူတွေလည်း ရှိသည်။ ယခုအမျိုးသမီးသည် အလွန်တရာ ချောမောလှပသည်။ လှစ်ခနဲမြင်လိုက်ရုံမျှဖြင့် မည်မျှချောမော လှပကြောင်း သိသာ လွန်းပါသည်။ ဓာတ်လှေကားထဲမှ အပြင်သို့ ကျွန်တော် ထွက်လိုက် သည်။ သူနှင့် လူချင်းနီး သွားသည်။ သူ့ကို တစ်ချက်လှမ်းကြည့် လိုက်မိသည်။ တုံ့ခနဲ ကျွန်တော် ရပ်မိရက်သား ဖြစ်သွားတော့သည်။

"မီလင်း"
ကျွန်တော့်အဖြစ်သည် မယုံကြည်နိုင်ဖွယ်ကောင်းလောက်အောင် မိုက်မဲသည်ဟုလည်း ဆိုနိုင်ပါသည်။ သို့သော် သည်တစ်ခါတော့ ကျွန်တော် မမှားပါ။ မည်သည့်နည်း နှင့်မှ လူမှားခြင်းမဖြစ်နိုင်တော့ပါ။ မီလင်းမှ မီလင်း အစစ်ဖြစ်ပါသည်။ သူ့ဆံပင်များကို ပိုနီတေးအဖြစ် နောက်မှာစုချည်မထားဘဲ ပခုံးပေါ် ဝဲဖြန့်ချထားခြင်း

သာကွာသည်။ ဂျင်းဘောင်ဘီအစား ဘေးကွဲ တရုတ်ဂါဝန် ဂတ်ထားခြင်းသာကွာသည်။ ဘာပဲ ဖြစ်ဖြစ် မီလင်းဖြစ်ကြောင်း ကတော့ အငြင်းပွားဖွယ် မရှိပြီ။ကျွန်တော်ခေါ်သည်ကို သူကြားပုံမရပါ။

"မီလင်း"
ကျွန်တော်က ထပ်ခေါ်သည်။အမျိုးသမီးက ကျွန်တော့်ဘက် လှည့်ကြည့်သည်။ ကျွန်တော့်ကို ကြည့်သော်လည်း မမြင်သည့်ပုံမျိုး။ ကျွန်တော့်ကို သူမှတ်မိပုံ မပေါ်။ သူ့နာမည်ကိုလည်း သူပြန်မှတ်မိပုံ မပေါ်။ ပြီးတော့ ဓာတ်လှေကားထဲသို့ ဝင်သွားပြီး ဓာတ်လှေကားမောင်းသူကို တရုတ်လိုပြောသည်။ ဓာတ်လှေကားမြန်မြန် ဆန်ဆန် ဆင်းမလာသောကြောင့် မကျေမနပ် ရန်တွေ့နေပုံမျိုးဖြစ်သည်။ သဘော်သားက နောက်မှဝင်လိုက်သွားသည်။ တံခါးပိတ်ပြီး ဓာတ်လှေကားအပေါ် တက်သွားသည်။

ကျွန်တော် ကြောင်ပြီး ရပ်နေမိသည်။ သည်အမျိုးသမီးကတော့ မီလင်းအစစ် ဖြစ်ပါသည်။ သည်အတိုင်းဆိုလျှင်တော့ ကျွန်တော် ရူးတော့မည်။ တစ်ဖက်လှည့်ပြီး အပြင်သို့ ကျွန်တော် ထွက်ခဲ့သည်။

ကမ်းနားတစ်လျှောက် တဖြည်းဖြည်းချင်း ကျွန်တော် လျှောက်လာခဲ့သည်။ သည်အကြောင်းကို တည်တည်ငြိမ်ငြိမ်ဖြင့် စဉ်းစားဖို့ ပိုင်းဖြတ်လိုက်သည်။

ယခုကြုံရခြင်းသည် ဒုတိယအကြိမ်မြောက် ဖြစ်သည်။ ပထမအကြိမ် လန်ချားစီးသွားသော အမျိုးသမီးနှင့်တုန်းကလို မဟုတ်။ ယခုတစ်ကြိမ်က သူနှင့် နစ်ပေသုံးပေကွာမှာ ကပ်တွေ့ရခြင်းဖြစ်သည်။ သူကား မီလင်းအစစ်ဖြစ်သည်။ ကျွန်တော် အလွန်သေချာပါသည်။

သည်ကိစ္စတွင် ဖြစ်နိုင်ဖွယ်ရာ အကြောင်းနှစ်ခုရှိသည်။ပထမအကြောင်းက မီလင်းသည် ကူးတို့သင်္ဘောပေါ်တွင် ကျွန်တော်နှင့် တွေ့ပြီး လွန်ခဲ့သည့်ရက် အနည်းငယ်အတွင်းက သည်ဘဂသို့ ဆိုက်ရောက်သွားခြင်း ဖြစ်နိုင်သည်။ ဒုတိယအကြောင်းက ကူးတို့သင်္ဘောပေါ်တွင် ကျွန်တော့်ကို ပြောပြသွားသော ဇာတ်လမ်းမှာ "လန်ကြုတ်"ဇာတ်လမ်းဖြစ်နိုင်သည်။
လွန်ခဲ့သော ရက်သတ္တတစ်ပတ်လောက်တုန်းက အပျိုစင် ဖြစ်နေခဲ့သော မိန်းကလေး တစ်ယောက်သည် သင်္ဘောသားတစ်ယောက်နှင့်အတူ အပေါ်ထပ်သို့ ကမန်းကတန်းတက်လိုသဖြင့် ဓာတ်လှေကားဘဲလ်ကို သည်းမခံနိုင်လောက်အောင် တရစပ်နှိပ်ခြင်းသည် သဘာဝကျပါ၏လော။

သည်မိန်းကလေးသည် သည်အရပ်မှာ အလွန်ကျွမ်းကျင်ပုံရသည်။ ဘယ်နေရာမှာ ဘာရှိသည်ကို သိသည်။ မျက်စိမှိတ်သွားဦးတော့ သူ သွားလိုသည့်နေရာကို ရောက်နိုင်ပုံ ရသည်။ ထို့ကြောင့် ပထမအကြောင်းကို ကျွန်တော် ပယ်လိုက်သည်။

ထို့ကြောင့် ကူတို့သင်္ဘောပေါ်တုန်းက ပြောသွားသည်များမှာ ဇာတ်လမ်းပမာသာ ဖြစ်တော့သည်။ အလွန်ချမ်းသာသောအဖေ၊ ကိုယ်ပိုင်အိမ်ငါးလုံး၊ မရေမတွက်နိုင်သော မော်တော်ကားများ၊ လက်ထပ်ဖို့ အရာရာ စီစဉ်ပြီးသည်များအားလုံး လုပ်ကြံဇာတ်လမ်း များသာဖြစ်ရမည်။

သည်လိုလည်း မဖြစ်နိုင်သေးဟု ကျွန်တော် တွေးမိပြန်ပါသည်။ သူပြောသွားသည့် အချက်ကလေး များထဲတွင် ယုံကြည်လောက်သော အချက်ကလေးတွေလည်း ပါနေပြန်၏။ ဓာတ်ရထားစီးရသည်ကို သဘောကျပါသည်ဟု

သူပြောသွားသည်။ အကယ်၍ လုပ်ကြံ ဇာတ်လမ်းကြီးကို သူပြောနေသည်ဆိုလျှင် အလွန်ခမ်းသာသည့် သူဌေးသမီးတစ်ယောက် အနေဖြင့် ဇာတ်ရထားကိုလည်း အထင်သေး ဟန်ဆောင်ပြရမည်ဖြစ်သည်။ ထိုအချက်ကလေးများကိုစဉ်းစားကြည့်တော့ မမှန်သည့် ဇာတ်လမ်းကို လုပ်ကြံပြောသွားခြင်းမဟုတ်နိုင်ဟု ကောက်ချက်ချမိပြန်သည်။

ထို့ကြောင့် ဒုတိယအချက်ကိုလည်း ကျွန်တော် ပယ်ချက်လိုက်ရပြန်သည်။ ကျွန်တော် လူမှားခြင်းသာ ဖြစ်ရပါမည်။

သည်လိုဆိုတော့ ကိုယ့်လမ်း ကိုယ်လျှောက်ရတော့မည်။ သည်ကိစ္စအတွက် စိတ်ရှုပ်ခံနေစရာအကြောင်း မရှိ။ ဘာမဟုတ်သည့် ဇာတ်လမ်းတွေ ရောပါနေခြင်းအားဖြင့် ကျွန်တော်၏ ဂုဏ်သိက္ခာကိုပင် ထိခိုက်လာနိုင်ပါသည်။ သို့ကလို စိတ်တုံးတုံးချနိုင်တော့မှပင် ရုပ်ရှင်ရုံသို့ ဇာတ်ရထားစီးသွားရန် ဟင်နက်ဆီလမ်းဆီသို့ ကမန်တော် ဆက်လျှောက်လာနိုင်တော့သည်။

ရုပ်ရှင်ပြီးတော့ ကျွန်တော် လမ်းလျှောက်ပြန်လာခဲ့သည်။ ညဆယ်နာရီ အချိန် လောက်သာရှိသေးသည်။ ကမ်းနားတစ်လျှောက်တွင် ဈေးဆိုင်တွေ မီးတထိန်ထိန်ဖြင့် ရောင်းချကောင်းနေဆဲရှိသည်။ အပ်ချုပ်ဆိုင်မှ စက်ချုပ်သံများပေါ်ထွက်နေသည်။ ဟိုဘက်ဘေးက အလုပ်ရုံတစ်ခုကတော့ သံဂဟေဆက်နေသည်။ ကာဘွန်မီးရောင်က စူးစူးကြီးပေါ်နေသည်။ အခန်းတစ်ခန်းရှေ့ရောက်သောအခါ နေရာတကာမှာ ကြားရမြဲဖြစ်သည့် မာဂျောင်းမွှေသံကို ကြားနေရသည်။ မာဂျောင်းကစားဝိုင်းတွေ ဟောင်ကောင်မှာ အပြည့်ရှိသည်။ ဆိုင်တန်းတွေ လွန်လာတော့ နမ်ကောက်ကို လှမ်းမြင်ရပြီ။ ဘာလုပ်ရမှန်းမသိသော ကြောင်တစ်ကောင်လို ဘားခန်းအပြင်မှာ ရပ်နေသည့် မင်နီဟိုးကို လှမ်းမြင်ရသည်။ ကျွန်တော့်ကိုတွေ့သည်နှင့် တစ်ပြိုင်နက် "အို... ရောဘတ် ကျွန်မကို အထဲခေါ်သွားပေးပါလားရှင်" ဟုပြောတော့မည်ဖြစ်ကြောင်း ကျွန်တော် အတပ်သိလိုက်ပါသည်။

ထိုစကားများကို တစ်နေ့တစ်နေ့ အကြိမ်ပေါင်းများစွာ ကျွန်တော် ကြားရစမြဲဖြစ်သည်။ နမ်ကောက်ဟိုတယ် ဘားခန်းအတွင်းသို့ အမျိုးသမီးများကို ယောက်ျားဖော်မပါဘဲ ဝင်ခွင့်မပြု။ ဒါကလည်း ဥပဒေကို လက်တလုံးခြား လုပ်ထားခြင်း ဖြစ်သည်။ နမ်ကောက်ဟိုတယ်သည် ဆောင်ကြာမြိုင်မဟုတ်။ ထို့ကြောင့် ဖောက်သည် ရှာရန် ဘားခန်းအတွင်းသို့ အမျိုးသမီးများ မဝင်ရ။ သူ့ဟာသူ အပြင်ကအတွဲရလာသော အမျိုးသမီးမျိုးကိုတော့ ဘားခန်းဖြစ်နေသောကြောင့် မဝင်ပါနှင့်ဟု တားဆီးပိတ်ပင်နိုင်ခွင့်မရှိဆိုသည့် သဘောသာဖြစ်ပါသည်။

ထို့ကြောင့် ဘားမန်နေဂျာသည် အလစ်မပေးတတ်။ တစ်ယောက်တည်း ခိုးဝင်လာသော အမျိုးသမီးကို တွေ့ပြီဆိုလျှင် မဆိုင်းမတွ ကန်ထုတ်ပစ်လိုက်တော့သည်။ သည်ကစပြီး ဘားခန်းထဲသို့ မကြာခဏဝင်လေ့ရှိသော ကျွန်တော်သည် အမျိုးသမီးများအဖို့ အသုံးအဝင်ကြီးဝင်နေတော့သည်။ မနက်ပိုင်းများတွင် ဘားခန်းထဲ၌ ကျွန်တော် ရှိမရှိကို အမျိုးသမီးများက မှန်ပေါက်မှချောင်းကြည့်စမြဲဖြစ်သည်။ ရှိနေလျှင် မှန်ကို အသာအယာ ခေါက်လိုက်သည်။ ထိုအခါတွင် ကျွန်တော်က အပြင်ထွက်သွားပြီး သူတို့ကို အတွင်းသို့ ခေါ်လာပေးရသည်။ တစ်ခါတရံတွင် တစ်ကြိမ်တည်း ခြောက်ယောက် ခုနစ်ယောက်ပါလာတတ်သည်။

ထိုနည်းအားဖြင့် အပြင်မှာ အချိန်အကြာကြီး ဖြုန်းကာ ပထမဆုံးရောက်လာမည့် သဘောသားကို စောင့်ရသည့် ဒုက္ခမှ သူတို့ ကင်းဝေးကြတော့သည်။

ကျွန်တော် အနားသို့ ရောက်သွားသည်ကို မင်နီဟိုးက ချက်ချင်းသိလိုက်သည်။

"အိုး… ရောဘတ် ကျွန်မကို အထဲခေါ်သွားပေးပါလားရှင်"

ထုံးစံအတိုင်း ဆီးပြောလေတော့သည်။ ကြောင်တစ်ကောင်အော်သံနှင့် ဘာမှ မခြား။

"ရပါတယ် မင်နီ"

လက်လှမ်းမီသည်နှင့် တစ်ပြိုင်တည်း ကျွန်တော့်လက်မောင်းတစ်ဖက်ကို ဆွဲယူပွေ့ဖက်လိုက်ကာ ကန္တဲ့ကလျ လုပ်ပါလေတော့သည်။ ပြီးတော့ သက်ပြင်းကလေးတစ်ချက် ချရင်း…

"အို… ရောဘတ် ရှင်ဟာ သိပ်ချစ်စရာကောင်းတာပဲကွယ်" ဟမ်းသာအားရပြောတော့သည်။ ကျွန်တော်ရောက် မလာလျှင် ဘယ်လောက်ကြာအောင် သူတစ်ယောက်တည်း ဘားခန်းအပြင်မှာ စောင့်နေရဦးမည်ကို မသိနိုင်။ ယခုမူ ထိုဒုက္ခမကင်းလွတ်သွားသောကြောင့် သူ စိတ်ချမ်းသာသွားခြင်း ဖြစ်ပါသည်။

တံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ကျွန်တော် ဝင်ထိုင်လိုက်သည်။ အထဲမှာ လူတွေများပြီး အလွန်တရာ ဆူညံနေသည်။ ရေချိုန်လွန်တော့မည့်ဆဲဆဲ အမူးသမားအမြောက် အမြားကိုလည်း တွေ့ရသည်။

မင်နီသည် မျက်မှန်တန်းမိသူများကို ရှာနေသည်။ တွေ့တော့ သူ့လက်ချောင်း ကလေးနှစ်ခုကို သူ့နှုတ်ခမ်းမှာ ကပ်လိုက်ပြီး ကျွန်တော့်နာခေါင်းပေါ်သို့ လက်ကလေး နှစ်ချောင်းကို ပြောင်းတင်ပေးသည်။ ပြီးတော့ အလုပ်ဖြစ်မည့်နေရာသို့ ထွက်သွားသည်။

အမေရိကန်အချို့နှင့် အတူထိုင်နေသော ဝွမ်နီကို လှမ်းမြင်ရသည်။ လူအနည်းဆုံး စားပွဲတစ်လုံးကို ရှာပြီး ကျွန်တော် ဝင်ထိုင်သည်။ ထိုစားပွဲတွင် သင်္ဘောသားတစ်ယောက် သာရှိသည်။ ခေါင်းငိုက်စိုက်ကျပြီး သူ့မျက်နှာကို လက်ဖါးနှစ်ဖက်ထဲမှာ ထည့်ထားသည်။ ဖြတ်လျှောက်သွားသောစားပွဲထိုးတစ်ယောက်ကို ဘီယာအသေးတစ်လုံး ယူလာပေးရန် ကျွန်တော်မှာလိုက်သည်။

သင်္ဘောသားက မှိုင်းဝေနေသော သူ့မျက်နှာကြီးကို မော့လာသည်။

"ဖရက်လား" ဟု သူက မေးသည်။ ဝါးနေသည့် သူ့မျက်လုံးများအမြင် ကြည်လင်စေရန်လည်း ကြိုးစားနေသည်။ "မဟုတ်ပါဘူး" ဟုကျွန်တော်က ပြန်ဖြေသည်။ "ဖရက် ဘယ်မှာလဲ …ကျုပ်သူငယ်ချင်း ဘယ်မှာလဲ" "ကျုပ်လည်း မသိဘူး၊ ခုပဲ ကျုပ်ဝင်ထိုင်တာ" "ဖရက်ဟာ ကျုပ်သူငယ်ချင်း… ကျုပ်တို့နှစ်ယောက်ဟာ ညီအစ်ကိုအရင်းလို ချစ်ကြတဲ့ သူငယ်ချင်း၊ ဖရက်နဲ့ ကျုပ်ဟာ … ဖရက်နဲ့…"

အမေရိကန်သင်္ဘောသားသည် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားတော့သည်။ ပြီးတော့ ဗလုံးဗထွေး ဆက်ပြော နေသည်။
ထိုအချိန်မှာပင် ဓာတ်လှေကားအဝင်အထွက်မှာ ဆုံခဲ့သည်။ အမျိုးသမီးကို ကျွန်တော် လှမ်းမြင်လိုက်သည်။ အမေရိကန် သင်္ဘောသားတစ်ယောက်နှင့်အတူထိုင်နေသည်။ ရွှတ်တီးရွှတ်နောက် လုပ်နေသည်။ သင်္ဘောသား၏ လက်မောင်းကို ချိုင်းကြားညှပ်ကာ လက္ခဏာကြည့်ပေးသလို လုပ်နေသည်။

ယခုအခါမှာတော့ မီလင်းနှင့် သိပ်မတူချင်တော့ပါ။ ချောမွတ်နုညက်သော မျက်နှာဝိုင်းဝိုင်းကလေး၊ နက်မှောင်သောမျက်လုံးများ ရှိသည်ကတော့ မှန်ပါ၏။ သို့သော်လည်း သည်တစ်ကြိမ်တော့ လူမှားခြင်းအလုပ်မျိုးကို ကျွန်တော် မိုက်မဲစွာ မပြုလုပ်တော့ပါ။

အမျိုးသမီးတစ်ဦးက ကုလားထိုင်နောက်မှ နေ၍ ကျွန်တော့်ကို ဖျစ်လိုက်သည်။ လှည့်ကြည့်လိုက်တော့ အပြက်အရွှန်းပြောတတ်သော ဇီဇီချန်းဖြစ်နေသည်ကို တွေ့ရသည်။

"ဟေး ထမင်းကြော်ကြီး... ရှင် သိပ်ဂနေပြီနော်"

သူက အားပါးတရပြုံးပြရင်း ကျွန်တော့်ကို ပြောသည်။ "ထမင်းကြော်" ဟူသည်မှာ ကျွန်တော့်ကို သူပေးထားသည့် နာမည်ပြောင်ဖြစ်သည်။ အမြဲတမ်းထမင်းကြော်ချည်း စားနေသောကြောင့် ထိုသို့ခေါ်ခြင်းဖြစ်သည်။
"ဇီဇီ ဟောဟို အမျိုးသမီးက ဘယ်သူလဲကွ"

မီလင်းနှင့် လူမှားနှုတ်ဆက်မိသော အမျိုးသမီးကို ကျွန်တော်က ညွှန်ပြလိုက်သည်။

"ဟိုကောင်မလား ..စူဇီလေ"

"အိုး...အဲဒါလား စူဇီ"

"ဟုတ်တယ်... ဒီနေ့ပဲ သူပြန်ရောက်လာတာ၊ သူ့အမြဲတမ်းဖောက်သည်က ဒီနေ့မနက်ပဲ သွားပြီလေ၊ ဘာဖြစ်လို့လဲ..ထမင်းကြော်ကြီးက သူ့ကို သဘောကျလို့လား"

"မဟုတ်ပါဘူးကွာ... တစ်ခုစဉ်းစားနေမိလို့ပါ"

"အမျိုးသမီးတစ်ယောက်လောက် လိုချင်တယ်ဆိုရင်တော့ ကျွန်မကို ယူပါနော်"

ဇီဇီက ပြုံးမြဲ ပြုံးနေသည်။

"ဇီဇီ မင်းအပြောက တကယ်ဟားရတယ်ကွာ"

"ဘာဖြစ်လို့လဲ ထမင်းကြော်ကြီး၊ အိပ်ရာထဲဝင်တာ တခြားဘာကိစ္စရှိသေးလို့လဲ၊ တခြားလူတွေလို မဟုတ်က ဟုတ်က မလုပ်ဘူးလား"

"မင်းနဲ့တော့ မဖြစ်သေးပါဘူးကွာ"

သည်လိုဆိုတော့ စူဇီဆိုတာ သူပါကလား။ ဂွမ်နီ၏ သူငယ်ချင်း စူဇီ။ ဂွမ်နီ လေးစားချစ်ခင်သည့် စူဇီ။ အချိန်အတော်ကြာအောင် သဘော်အဂင်အထွက်မရှိဘဲ အလုပ် လုံးဂ မဖြစ်သော အချိန်မျိုးကို သူတို့ နှစ်ကြိမ်ကြုံဖူးသည်။ ထိုအချိန်များတုန်းက ဂွမ်နီကို စူဇီက ငွေရေး ကြေးရေး ထောက်ပံ့ထားခဲ့ရဖူးသည်။ စူဇီသည် လူကြိုက်အလွန်များသောမိန်းကလေး ဖြစ်သည်။ ဂွမ်နီ့ဂင်ငွေထက် နှစ်ဆ သုံးဆ ပိုရစမြဲ ဖြစ်သည်။

သူ့ကို ဂွမ်နီ အလွန်ချစ်သည်။ စူဇီအကြောင်း ချီးမွမ်းခန်းတွေ ဖွင့်လို့မဆုံး။ စူဇီ ပြန်ရောက်လာမည့်ရက်ကို လည်တဆန့်ဆန့်ဖြင့် သူမျှော်ခဲ့ရသည်။ စူဇီသည် သူ့အတွဲတစ်ယောက်နှင့် ထွက်သွားသည်မှာ နှစ်ပတ်လောက်ရှိသွားပြီဟုဆိုသည်။ ထိုအတွဲ၏ သင်္ဘောက သင်္ဘောကျင်းတင်ပြီး ပြင်ဆင်နေရသောကြောင့် အချိန်အများကြီးရနေသည်။ စူဇီပြန်ရောက်လာလျှင် ကျွန်တော်နှင့်လည်း မိတ်ဆက်ပေးရဦးမည်ဟု ဆိုသည်။

ခဏကြာတော့ ကျွန်တော့်စားပွဲသို့ ဂွမ်နီလာထိုင်သည်။ အမူးလွန်နေသော သင်္ဘောသားဘေးက ကုလားထိုင်မှာ နေရာယူသည်။ သင်္ဘောသားက ကျယ်လောင်စွာဟောက်ညည်းနေသည်။ သို့သော်လည်း ဂွမ်နီက အရေးစိုက်ပုံမပေါ်။ သူ အလွန်အမင်း စိတ်အားတက်ကြွနေပုံရသည်။

"ကျွန်မ သူငယ်ချင်းပြန်ရောက်လာပြီ၊ သိတယ်မဟုတ်လား စူဇီလေ၊ သူပြန်ရောက်လာပြီ" ဟု အားတက်သရော ပြောသည်။ " ဟုတ်တယ်… ဟောဟိုမှာလေ … ကိုယ်သူ့ကို တွေ့ပြီးပြီ" ဟု ကျွန်တော်က ပြန်ပြောသည်။

" ရှင် သူနဲ့ စကားမပြောရသေးဘူး မဟုတ်လား"

ဂွမ်နီ၏ အမူအရာသည် ပူပင်သောကရောက်သလို ဖြစ်သွားပြန်၏။

"မပြောရသေးပါဘူးကွယ်"
သည်တော့မှ စိတ်သက်သာရာ ရသွားသည့်အလား သူပြုံးသည်။ ကျွန်တော်တို့ နှစ်ယောက်ကို သူကိုယ်တိုင် မိတ်ဆက်ပေးဖို့ စိတ်အားထက်သန်နေခဲ့သည် မဟုတ်ပါလား။ "သူ့ကို ဘယ်လိုထင်သလဲဟင်….သူချောတယ်လို့ ရှင် မထင်ဘူးလား"

စူဇီကို ကျွန်တော်တစ်ချက် လှမ်းကြည့်လိုက်မိပြန်ပါသည်။ အမေရိကန်သင်္ဘောသားကသူ့ကို အခန်းထောင့်ဆီသို့ နောက်ပြန်တွန်းလိုက်ပြီး နမ်းရန်ကြိုးစားသည်။ အမျိုးသမီးက ရုန်းကန်နေသည်။ ပြန်လည်ကန်ကြောက်နေသည့် သူ့ခြေထောက်နှစ်ချောင်းနှင့် ဂါဝန်ဘေးကွဲမှ ပေါင်သားဖြူဖြူကလွဲလို့ ဘာကိုမှမမြင်ရပါ။ ထို့ကြောင့် ကျွန်တော်က တစ်ချက်ရယ်ရင်း ပြန်ပြောသည်။

" ဟား…ဟား…ဘာပဲဖြစ်ဖြစ် သူ့ခြေထောက်တွေကတော့ အင်မတန် လှတယ်ကွ"

" အင်း…ကိုယ်လည်း မပြောတတ်တော့ပါဘူးကွာ"

"အိုး… သူဟာ တကယ်လှတာ၊ သိပ်ကို ချစ်စရာကောင်းတာ၊ ရှင်တို့ နှစ်ယောက် ကို ကျွန်မ မိတ်ဆက်ပေးတဲ့အခါကျရင် တွေ့ပါလိမ့်မယ်"

ဂတ်စုံအနက်ဂတ်ဆင်ထားသည့် မန်နေဂျာက သူတို့နှစ်ယောက်ဆီသို့ အသော့ နှင်သွားသည်။ ဘားခန်းထဲမှာ အမြင်မတော်သော အပြုအမူများ ပြုလုပ်ခွင့်မရှိ။ မန်နေဂျာက သင်္ဘောသား၏ ပခုံးကို ပုတ်လိုက်သည်။ မသက်မသာလည်း ပြုံးနေရသည်။ သင်္ဘောသားများသည် အလွတ်တကူ ပေါက်ကွဲတတ်ကြကြောင်းကိုလည်း သူသိသည်။
ထို့ကြောင့် သင်္ဘောသားအစား စူဇီကိုသာ ဆူပူကြိမ်းမောင်းရတော့သည်။ စူဇီက လည်း ပြန်လည်ကန့်ကွက်

ငြင်းခုံသည်။ သဘော်သားက ကြီးမားသော သူ၏ လက်ကြီးကို မသယ်ချင့်သယ်ချင် မြှောက်၍ ဖေ့ ရမ်းပြသည်။ ဟေ့ မနှောင့်ယှက်စမ်းနဲ့... ကျုပ်တို့ နှစ်ယောက်က အခုပဲ အပေါ်ထပ်တက်ကြတော့မလို့"

မန်နေဂျာ နောက်ပြန်ဆုတ်သွားသည်။ ကျေနပ်သွားပုံရသည်။ စူဇီကတော့စိတ်ကုန်ခန်းနေပုံရသည်။ လက်ကိုင်အိတ်ကိုဖွင့်ပြီး သူ့မျက်နှာကို ပေါင်ဒါပြန်ရိုက်နေသည်။ သဘော်သားက သူ့လည်ပင်းကို နမ်းသည်။ စူဇီက ဆောင့်တွန်း ပစ်လိုက်သည်။

"သူ့စိတ်က အင်မတန်ဆတ်တာ" ဟု ဝွမ်နီက ဂုဏ်ယူပင့်ကြွားစွာ ပြောသည်။ ပြီးတော့ ခစ်ခနဲ တစ်ချက်ရယ်လိုက်သေးသည်။
"တစ်ခါတုန်းက သဘော်သားတစ်ယောက်ကို ဘီယာပုလင်းနဲ့ ပေါက်ပြီးပြီ၊ သဘော်သားက သိပ်ရိုင်းတယ်လေ...စူဇီက သိပ်သတ္တိရှိတာပဲ"

"လွဲသွားရော့လား"

"ဘယ်လွဲမလဲ သေသေချာချာထိတာပေ့ါ၊ ဟောဒီနေရာ... ဟောဒီနဖူးတည့်တည့်ကို ထိတာ၊ အဲဒီကောင် ဆယ်မိနစ်လောက် သတိလစ်နေတယ်"

"သူသတိပြန်ရလာတော့ ဘာပြောသလဲ"

"မန်နေဂျာကို ပုလိပ်အတိုင်ခိုင်းတာပေ့ါ၊ မန်နေဂျာက တယ်လီဖုန်း ကောက်ဆက်ချင်ယောင်ဆောင်တယ်၊ တကယ်တော့ ပုလိပ်ကို ဘယ်ဆက်ပါ့မလဲ၊ တွေ့ရာနံပါတ်တွေကို လျှောက်လှည့်နေတာပါ၊ ဒီတော့ ဘယ်ကမှ ပြန်မထူးဘူးလေ မန်နေဂျာကလည်း စူဇီကို သိပ်သဘောကျတာ"

"သူ့ ဖောက်သည်အမျိုးသား ထွက်သွားပြီလို့ စူဇီက ပြောသလား"

"အို ... သေသေချာချာ ပြောတာပေ့ါ၊ အဲဒီလူက သိပ်ပြီး လူကောင်း သူကောင်း တစ်ယောက်တော့ မဟုတ်ပါဘူးတဲ့၊ ဒါပေမဲ့ စူဇီ ဂမ်းနည်းနေတယ်"

"ဘာဖြစ်လို့လဲ... လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုရင် ဘာဂမ်းနည်းစရာ ရှိသလဲ" ဟု ကျွန်တော်က ပြန်မေးသည်။
ပြီးတော့ စူဇီကို ကျွန်တော် လှမ်းကြည့်နေသည်။ အမေရိကန်သဘော်သားနှင့်အတူ ထိုင်ရာမှ ထသည်။ ယခုလို မတ်တတ်ရပ်လိုက်တော့ မီလင်းနှင့် ပိုတူလာပြန်သည်။ ကျွန်တော့် စိတ်ထဲမှာလည်း မရေရာ မသေချာသော စိတ်ကလေး ထပ်မံပေါ်ပေါက်လာပြန်သည်။ ထိုအချိန်မှာပင် သူ့အရပ် အလွန်မြင့်သည်ကို သတိထားမိသည်။ အတော့်ကို အရပ်မြင့်ပါသည်။ စားပွဲတွေကြားမှာ သဘော်သားကို သူက ဦးဆောင်ခေါ်သွားသည်။ သူ့နောက်မှ သဘော်သား လိုက်လာသည့်အတွက် အလွန်တရာလည်း ငြီးငွေ့ စိတ်ပျက်နေပုံရသည်။

"ရှင် ဒီနေ့ညနေ သူနဲ့ စကားမပြောရသေးပါဘူးနော်" ဟု ဝွမ်နီက မေးပြန်သည်။

"မပြောရသေးဘူးပဲ ဆိုပါတော့ကွယ်၊ တစ်ခွန်းတော့ ပြောမိတယ်၊ ကူးတို့ သင်္ဘော ပေါ်မှာ ကိုယ်တွေ့ခဲ့ဖူးတဲ့ မိန်းကလေးထင်လို့"
"ဒါပေမဲ့ သူမဟုတ်ဘူး မဟုတ်လား"

"မဟုတ်ပါဘူး မဟုတ်နိုင်ပါဘူး၊ ကူးတို့ သင်္ဘောပေါ်မှာ ကိုယ်တွေ့ခဲ့ရတဲ့ မိန်းကလေးက တခြားစီ..."

စကားကို အဆုံးမသတ်တော့ဘဲ တုံးတိကြီး ကျွန်တော် ရပ်ပစ်လိုက်ပါသည်။ စူဇီကို လှမ်းကြည့်နေမိသော ကြောင့် ဖြစ်သည်။ စူဇီသည် တိုင်ဖူးတို့ စားပွဲနားသို့ရောက်လာပြီး အနီးရှိ အချိုရည်သောက် ပိုက်ကလေး တစ်ချောင်းကိုဆွဲယူပြီး တိုင်ဖူး၏ ဆံပင်ထဲသို့ ထိုးထည့်ပစ်ခဲ့သည်။ တိုင်ဖူးက မသိလိုက်။ စူဇီက သူ့ဘာသာသူ သဘောကျကာ တခစ်ခစ်ရယ်ရင်း တစ်ဖက်သို့ လှည့်ထွက်သွားသည်။

ဟုတ်ပါပြီ။ သည်လိုရယ်ပုံမျိုးသည် မီလင်းရယ်ပုံမျိုးဖြစ်သည်။ ကျွန်တော်ကွာစေ့ လှော်မစားတတ်သည်ကို ကြည့်ပြီး တခစ်ခစ်ရယ်ခဲ့သော မီလင်း၏ ရုပ်ပုံမျိုးဖြစ်သည်။ ဆိပ်ကမ်းတွင် ကျွန်တော့်ကို နှုတ်ဆက်ပြီး ထွက်ခွာသွားရင်း ရယ်ပုံမျိုးဖြစ်သည်။

သူသည် မီလင်းအစစ် ဖြစ်ပါသည်။

ကျွန်တော် လုံးဝ သံသယမဖြစ်တော့ပါ။ စူဇီသည် မီလင်း စစ်စစ်ပင် ဖြစ်ချေသည် တကား။

"ဂွမ်နီ သူ့နာမည်အမှန်က ဘယ်သူလဲဟင်"

ကျွန်တော်က ဂွမ်နီကိုမေးသည်။ အဖြေကို ကျွန်တော် အတပ်သိပြီးဖြစ်သော်လည်း မေးဖြစ်အောင် မေးလိုက် မိသည်။
"စူဇီဝေါင်း"
"သူ့ရဲ့တရုတ်နာမည်အစစ်ကို မေးတာ"

"ဝေါင်းမီလင်း"
ဟုတ်ပြီ... မှန်ပါပြီ။ ဝေါင်းမီလင်း။

သင်္ဘောသားများနှင့် စကားပြောခွင့်မရှိဟု ဆိုခဲ့သော မိန်းကလေး။ ဟိုတုန်းကတည်းက ကျွန်တော် မှန်းဆနိုင်မိ ခဲ့ဖို့ကောင်းပါသည်။ ဂုဏ်သရေရှိ မိန်းကလေးများအကြောင်းကို သူသိပါသည်။ ဂုဏ်သရေရှိ အမျိုးကောင်း မိန်းကလေးများသည် သင်္ဘောသားများကို စကားမပြော။

စူဇီတို့နှစ်ယောက် တံခါးဖွင့်ပြီး အပြင်ထွက်သွားသည်ကို ဂွမ်နီက လှမ်းကြည့် နေသည်။

"အိုး... ဒုက္ခပါပဲ သူတို့အပေါ်ထပ်တက်သွားကြပြီ၊ ကိစ္စမရှိပါဘူးလေ သူအောက် ပြန်ဆင်းလာတော့ ရှင်နဲ့ မိတ်ဆက်ပေးပါ့မယ်" ဟု ဂွမ်နီက ပြောနေသည်။

မီလင်း၏ ပုံကြမ်းကလေးကို ကျွန်တော် ပြန်သတိရနေသည်။ အပြစ်ကင်းစင်သည့် မျက်လုံးကလေးများဖြင့် သူ့ကိုယ်သူ လက်ညှိုးပြန်ထိုးရင်း "ဟုတ်ပြီ အပျိုစင် အဲဒါ ကျွန်မပေါ့" ဟု ပြောနေပုံလေးကို ကျွန်တော့် မျက်စိထဲမှာ မြင်ယောင်လာပြီး ကျွန်တော် အားပါးတရ ရယ်ချလိုက်မိတော့သည်။

ဂွမ်နီက ကျွန်တော့်ကို အံ့သြတကြီး လှမ်းကြည့်သည်။

"ဘာဖြစ်တာလဲ" ဟုလည်း မေးသည်။

"ဘာမှမဟုတ်ပါဘူး ဂွမ်နီ၊ ကိုယ်ဟာ တော်တော်ရူးတဲ့ အကောင်ပဲ၊ အဲဒါကလွဲပြီး ဘာမှ မဟုတ်ပါဘူး၊ ကိုယ်ဟာ လူတွေရဲ့အတွင်းစိတ်ထဲအထိ ထိုးဖောက်နိုင်စွမ်း ရှိတယ်လို့ ကိုယ့်ဟာကိုယ် အမြဲတမ်းဂုဏ်ယူခဲ့တယ်"

"ရှင်ဟာ သိပ်ကို နားလည်တတ်တဲ့လူလို့ ကျွန်မ ထင်ပါတယ်"

"အင်း… ဘာပဲဖြစ်ဖြစ် ကိုယ်ဟာ ယုံလွယ်တတ်တယ်၊ ဟား… ဟား… ဟား… မင်းဟာ ချန်ကေရှိတ်ကတော် ဖြစ်တယ်လို့ ကိုယ့်ကိုပြောစမ်း။ ကိုယ်သေသေချာချာယုံမှာပဲ ဂွမ်နီ၊ ကိုယ်ဟာ အဲဒီလိုအကောင်စား… တစ်ယောက်ယောက်က ကိုယ့်ကို ဘာပြောပြော ကိုယ်ယုံပစ်လိုက်တာပဲ"

(၂)
ထိုနေ့ညက စူဇီဝေါင်းခေါ် ဝေါင်းမီလင်း ပြန်ပေါ်မလာတော့ချေ။ နောက်တစ်နေ့ မနက်အထိ သူ့ကို ကျွန်တော် ပြန်မတွေ့ရတော့ပါ။
နောက်တစ်နေ့ နေ့လယ်စာ စားချိန်မှာတော့ ဘားခန်းအတွင်းသို့ သူဝင်လာသည်။ ကူးတို့ သင်္ဘောပေါ်မှာ တွေ့ခဲ့တုန်းက ဝတ်စားဆင်ယင်ထားသည့် အတိုင်း ဖြစ်သည်။ အစိမ်းရောင် ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ ဆံပင်ကို ပိုနီတေးကလေးလုပ်ထားသည်။ မတော်တဆ တိုက်ဆိုင်ပြီး ဝတ်လာမိသည့်သဘောမျိုး လုံးဝ မဖြစ်နိုင်ပါ။ ကျွန်တော့်ကို တမင်လုပ်ပြလိုက်ခြင်းသာလျှင် ဖြစ်ရပါမည်။မျက်နှာပြောင်တိုက်ပြလိုက်ခြင်းသာလျှင် ဖြစ်ရပါမည်။
"စူဇီ"
ကျွန်တော်က လှမ်းခေါ်သည်။ သူက မကြားချင်ယောင်ဆောင်ပြီး ဆက်လျှောက် သွားသည်။ မည်သို့ဆိုစေ သူ့အမူအရာကတော့ အလွန်တရာ အံ့သြနေပုံရသည်။ မိနစ် အနည်းငယ်ကြာတော့ ကျွန်တော့် စားပွဲဆီသို့ သူ့သဘောနှင့်သူ လျှောက်လာသည်။

"ကျွန်မထိုင်ရင် စိတ်မရှိပါဘူးနော်"

"ဘယ်လိုမှ မအောက်မေ့ပါဘူး စူဇီ"

သူလှုပ်ရှားနေပုံက မှတ်မိသည်ဟု ဝန်ခံပုံလည်းမရ။ မမှတ်မိပါဟုလည်း ငြင်းဆိုပုံမျိုးလည်းမဟုတ်။ တရုတ်လူမျိုးများသည် ဟန်ဆောင်မှုကင်းသည်ကို ကျွန်တော်သိပါသည်။ သူတို့မျက်နှာပေါ်မှ ခံစားချက်ကို အလွယ်တကူ အကဲဖမ်းယူနိုင်ပါသည်။ ယခု စူဇီကမူ အတတ်နိုင်ဆုံး ဟန်ဆောင်ထားသည်။ သို့သော်လည်း သူ့မျက်လုံးထဲမှာ ဟန်မဆောင်နိုင်တော့သည့် အရိပ်အရောင်ကို ကျွန်တော်မြင်တွေ့နေရပါသည်။

"ရှင် ဒီဟိုတယ်မှာ နေနေသလား" ဟု သူက မေးသည်။ အလွန်ယဉ်ကျေးသိမ်မွေ့ သည့်လေသံမျိုးဖြစ်သည်။
"ဟုတ်တယ်...မှန်ပါတယ်"
"ဘယ်အထပ်လဲ"
"အပေါ်ဆုံးထပ်"
"အခန်းနံပါတ်ကရော"
"၃၁၆"
"ကျွန်မသိတယ် ထောင့်ခန်းပဲ"

ပြောရင်း သူက ခေါင်းညိတ်သည်။

"ဒီမှာနေရတာ သဘောကျရဲ့လား"

"သိပ်ကို သဘောကျပါတယ်"

"ဘယ်လောက်ကြာအောင် နေမှာပဲ"

ယဉ်ကျေးသိမ်မွေ့ဟန်နှင့် အသုံးအနှုန်းများကိုမိနစ်ပေါင်းအတော်ကြာအောင်သူထိန်းသိမ်းနေသည်။ နောက်ဆုံးတွင်တော့ ပုံစံပြောင်းသွားလေတော့သည်။ ကျွန်တော့် ကိုမျက်လုံးချင်းဆိုင်ပြီး သေသေချာချာစိုက်ကြည့်သည်။ "ကောင်းပါပြီလေ... တစ်ချို့တဂက်တော့ ရှင်သိပြီ မဟုတ်လား၊ ကူးတို့သင်္ဘောပေါ်တုန်းက ရှင့်ကို ကျွန်မညာခဲ့တယ်၊ အကုန်လုံး မမှန်တာတွေ ချည်းပဲ ပြောခဲ့တယ်"

ယခုလို တဲ့တိုးကြီးပြောချလိုက်သောကြောင့် ကျွန်တော် အံ့အားသင့်သွားသည်။ နောက်ပိုင်းသူနှင့် လက်ပွန်းတတီးရှိလာတော့မှ သူ့စရိုက်ကို ကျွန်တော် လက်ခံတတ်လာသည်။ သူသည် သူ့စိတ်ထဲမှာ ရှိနေသမျှများကို ဖုံးကွယ်ထားတတ်သူ မဟုတ်။ ပထမ ငါးမိနစ်လောက်တော့ နိဒါန်းပျိုးနေဦးမည်။ ထို့နောက်တွင်မူ ဘာကိုမဆို ပွင့်ပွင့်လင်းလင်း တဲ့တိုးပြောတော့သည်။ လူတစ်ဖက်သား၏ မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး စိတ်ထဲရှိတာများကို ဖွင့်ပြောတတ်သည်။

မျက်နှာကို တည့်တည့်ကြီးကြည့်ပြီး ပြောချင်ရာကိုတည့်တည့်ပြောတတ်သော စူဇီလို မိန်းကလေးမျိုးကို ကျွန်တော် မမြင်ဖူးသေးပါ။ ထို့ကြောင့်လည်း စူဇီကို လိမ်ညာလှည့်ဖြားဖို့ဆိုသည်မှာ အလွန်ခက်ပါသည်။

"အင်း.. ဒီအတွက်မပူပါနဲ့ စူဇီ၊ ကိုယ်လည်း မဟုတ်တာတွေကို အမြဲတမ်းပြောတာပဲ၊ ကိုယ့်စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ပါဘူး" ဟု ကျွန်တော် ပြန်ပြောသည်။

"ဘာဖြစ်လို့ အဲဒီလိုညာပြောတယ်ဆိုတာ ရှင်သိသလား"

"ကိုယ့်ကို ရှင်းပြဖို့ မလိုပါဘူးကွယ်၊ အေးလေ ... ရှင်းပြချင်တယ် ဆိုရင်တော့လည်း..."

"ကျွန်မ ရှင်းပြချင်ပါတယ်၊ ရှင် ရုပ်ရှင်ကြည့်လေ့ ရှိသလား"

သူက ကျွန်တော့်မျက်လုံးများကို စိုက်ကြည့်နေသည်။

"ရုပ်ရှင်လား... အင်း... မကြာခဏ ကြည့်တတ်ပါတယ်"

"ဒီလိုဆိုရင် တစ်နေ့မှာ ရုပ်ရှင်ကားတစ်ကား သွားကြည့်တယ်ဆိုပါစို့။ အဲဒီရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသားက သိပ်ချမ်းသာတယ်၊ ရုပ်ကလည်း သိပ်ချောတယ်၊ ဇိမ်ခံကားကြီးတစ်စီးလည်း ပိုင်တယ်၊ ပြီးတော့ အင်မတန် ချောတဲ့ ရည်းစားတစ်ယောက် လည်း ရှိတယ်၊ သူတို့ ချစ်သူနှစ်ယောက် တောင်တန်းတွေဆီသွားတယ်၊ မြင်မြင်သမျှ အရာအားလုံးဟာ သိပ်လှနေတယ်၊ ဆီးနှင်းဖြူဖြူတွေလည်း ကျနေတယ်၊ သူတို့နှစ်ယောက် ဟာလည်း သိပ်ပျော်နေကြတယ်၊ ကောင်းပြီ... အဲဒါတွေအားလုံး အမှန် တွေချည်းပဲလို့ ရှင် ယုံသလား"

"အင်း... ရုပ်ရှင်ကြည့်နေတုန်းတော့ ယုံမှာပဲ၊ စိတ်ချမ်းသာဖို့အတွက် ယုံလိုက်မှာပါ ပဲလေ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ဟုတ်ပါတယ်... ဇာတ်လိုက်ဟာ သရုပ်ဆောင်နေတယ် ဆိုတာကိုတော့ ရှင်သိထားတာပေါ့၊ ဒါပေမဲ့ သူဟာ မကြာသေးခင်ကလေးကမှ သူ့မိန်းမနဲ့ ကွာရှင်းပြတ်စဲ လိုက်ရတဲ့အတွက် ဝမ်းနည်းကြေကွဲနေတယ် ဆိုတာကို သတင်းစာထဲမှာ ဖတ်ထားရလို့ ရှင်သိနေတယ်၊ ပြီးတော့ ရုပ်ရှင်ဟာ တခြားတစ်ယောက်ယောက်ရဲ့ စိတ်ကူးနဲ့ ဖန်တီး ထားတာဆိုတာကိုလည်း ရှင်သိနေတယ်၊ ဒါဟာ စိတ်ကူးယဉ်ဇာတ်လမ်းသက်သက်ပဲ ဆိုတာကိုလည်း ရှင်သိနေတယ်၊ ဒီဇာတ်လမ်းကို ရှင်ယုံတယ်... ဒါပေမဲ့ ရှင်မယုံဘူး"

" ဒါ အင်မတန် မှန်တာပေါ့ စူဇီ"

" ကောင်းပြီ... ဒါကြောင့် တစ်ခါတလေကျတော့ ကျွန်မ စိတ်ကူးယဉ်ပြီး ဇာတ်လမ်းတစ်ခုကို ဖန်တီးတယ်၊ ဒီဇာတ်လမ်းကို ကျွန်မယုံတယ်၊ ဒါပေမဲ့ မယုံဘူး"

ထိုရှင်းလင်းချက်ကို ကျွန်တော် သဘောပေါက်နားလည်အောင် ပြတ်ပြတ်သားသားကြီး ဆက်ရှင်းပြနေသည်။ သူရှင်းလင်းပြပုံမှာ ကောင်းမွန်ပြတ်သားလှ သောကြောင့် ကျွန်တော် အသက်ရှုပင် မှားမိပါသည်။

သူ ဘာလုပ်နေသည်ကို သူကိုယ်တိုင် သေသေချာချာ သိသည်။ တကယ့် ဘဝအမှန်က ဘာလဲ။ ညစ်ညမ်းသော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကို လုပ်ကိုင်နေရသည့်၊ ပြီးတော့ လူ့အသိုင်းအဝိုင်း၏ "ကြဉ်" ထားခြင်းကိုခံရသည့် ဘဝ။ အမျိုးကောင်း ယောကျာ်းတစ်ယောက်နှင့် လက်ထပ်ခွင့်မရနိုင်တော့သည့် အကျင့်စာရိတ္တပျက်ပြားသော မိန်းကလေး။

သည်တော့ သူ ဘာဖြစ်ချင်သနည်း။ ဂုဏ်သရေရှိမိသားစုမှ ပေါက်ဖွားသော သူဌေးသမီးလေး ဖြစ်ချင်သည်။ အဖိုးဆိုလျှင် ယင်ဖိုတောင်မသန်းဖူးသေးသောအပျိုစင်နှင့်၊ လက်ထပ်ဖို့ အစစအရာရာ စီစဉ်ပြီးသော အမျိုးသမီး ကလေးဖြစ်ချင်သည်။

ထိုအခါတွင် ထိုဇာတ်လမ်းကလေးကို လူစိမ်းတစ်ယောက်အား ပြောပြရမည်။ တကယ်ပါလားဆိုတာ ယုံကြည် အောင်ပြောရမည်။ ယုံကြည်လောက်အောင် အသေးစိတ် ကလေးများကိုလည်း ပြောပြရမည်။ သူဌေးသမီးကလေးသည် ဓာတ်ရထားစီးရသည်ကို နှစ်သက်သဘောကျပါသည်ဆိုတာမျိုး။ ရုပ်ရှင်ကြည့်နေရင်း ရုပ်ရှင်ဇာတ်လမ်းကို တကယ် ပါလားဟု ယုံကြည်သလို သူကိုယ်တိုင်ကလည်း ပြန်ယုံကြည်ရမည်။ ပြီးတော့ မယုံကြည် ဘဲလည်း ရှိရမည်။

"ဒါပေမဲ့လေ... ရှင်ကတော့ ကျွန်မလို ယုတ်ညံ့တဲ့အလုပ်မျိုး ဘယ်တုန်းကမှ လုပ်ခဲ့ဖူးတာ မဟုတ်ပါဘူး၊ ဒါကြောင့် ရှင် နားလည်နိုင်လိမ့်မယ်လို့ ကျွန်မ မထင်ဘူး" သူရှင်းပြ၍ အပြီးတွင် ဆက်တိုက်ပြောချလိုက်သည်။

"ကိုယ် သေသေချာချာသဘောပေါက် နားလည်ပါတယ် စုဇီ"

"မဖြစ်နိုင်ဘူး"

စုဇီသည် ချက်ချင်း ပုံစံပြောင်းသွားပြန်သည်။ ထိုအကြောင်းတွေ ကျွန်တော့်ကို ပြောပြလိုက်မိသည့်အတွက် ဂမ်းနည်းပက်လက်ဖြစ်သွားပုံလည်း ရသည်။ မလိုတမာ စိတ်ဂင်လာပုံလည်း ပေါက်သည်။

"ဘရှင် သဘောပေါက် နားလည်တယ်လို့ ကျွန်မ မထင်ဘူး၊ ရှင်က သူဌေး... ပညာတတ်... အထက်တန်းလွှာက ကျွန်မ သိပါတယ်လေ၊ ရှင် ဘယ်လိုနည်းနဲ့မှ နားလည် သဘောပေါက်နိုင်မှာ မဟုတ်ပါဘူး"

"ဒါပေမဲ့ လူတိုင်းဟာ စိတ်ကူးယဉ်ဇာတ်လမ်းတွေ ဖန်တီးနေကြတာ စုဇီ... ကိုယ်တို့ အားလုံးဟာ တစ်ခုမဟုတ် တစ်ခုတော့ ဟန်ဆောင်နေကြတာပဲ မဟုတ်လား၊ တစ်ခုပဲကွာတယ် ကိုယ့်ဟာကိုယ် ဟန်ဆောင်နေတာကို ဖြစ်ဖြစ် စိတ်ကူးယဉ်နေတာကို ဖြစ်ဖြစ် လူတွေဟာ မင်းလို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဂန်ခံနိုင်လောက်အောင် ရိုးသားမှု မရှိကြဘူး"

သူက ကျွန်တော့်ကို မျက်လုံးထောင့်ကပ်ပြီး မျက်မှောင်ကုပ်ကြည့်နေသည်။ ကျွန်တော့် လေသံထဲမှာ အထက်စီးယူသလို၊ လူကြီးက လူငယ်ကို ပြောသလိုဖြစ်သွား ကြောင်း ကျွန်တော် သတိထားလိုက်မိပါသည်။ အလွန်တရာ အဆင့်အတန်းမြင့်သော အထက်တန်းလွှာမှ လူကြီးလူကောင်းတစ်ယောက်က အလွန်တော်သည့် လမ်းပေါ်က မိန်းကလေးတစ်ယောက်ကို အထက်စီးနင့် ပြောနေသည့် လေသံမျိုး ဖြစ်သွားပါသည်။ အလွန်တော်သည့် မိန်းကလေး။ မယုံကြည်နိုင်လောက်အောင် ထက်မြက်သည့် မိန်းကလေး။

အလွန်အရုပ်ဆိုးသွားသလိုရှိပါသည်။

ဒါကိုလည်း သူ သဘောပေါက်လိုက်သည်။ သင်ခုန်းစားသွားလို အလွန်ထက်သည့် မိန်းကလေးဖြစ်သည်။ အသိရခက်လောက်အောင် အပြစ်ကင်းမဲ့သည့် မျက်နှာချော မွတ်မွတ် ကလေးပိုင်ရှင် စုဇီမီလင်း။ သူ ကောင်းစွာ ရိပ်စားမိသွားပြီ။ ကောင်းစွာ အကဲခတ်မိသွားပြီ။

"မဖြစ်နိုင်ဘူး ... ရှင် ဘယ်နည်းနဲ့မှ နားလည်နိုင်မှာ မဟုတ်ပါဘူး" သူက ခေါင်းကိုသာ ရမ်းခါနေသည်။

" ကဲ... နားမလည်ဘူးပဲ ထားလိုက်ပါတော့ စုဇီ၊ ကိုယ်တို့နှစ်ယောက် နေ့လယ်စာ စားလိုက်ကြရအောင်လား"

"မစားချင်ဘူး"

ကျွန်တော်က အားပါးတရ ရယ်လိုက်မိသည်။

"ဒီတစ်ချီတော့ မင်းကို အလွတ်မခံနိုင်တော့ဘူးနော်၊ ကိုယ် သင်ခန်းစာ ကောင်း ကောင်းရခဲ့ပြီးပြီ" သူက ကျွန်တော့်ကို မယုံသင်္ကာသလို ကြည့်နေသည်။

"ရှင် ဘာဖြစ်လို့ ကျွန်မကို ထမင်းစားဖိတ်တာလဲ"

"ဘာဖြစ်လို့လဲ... ဟုတ်လား အင်း... ကိုယ်လည်း မသိတော့ပါဘူးကွာ၊ မင်းကို သဘောကျလို့ ဖြစ်ပါလိမ့်မယ်"

"မဖြစ်နိုင်ပါဘူး... ရှင်လိမ်တာ"

"တကယ်ပြောနေတာလား ... ဒီလိုဆိုရင် မင်းကို ကိုယ်သဘောကျတယ် မကျဘူး ဆိုတာ မင်း ဘယ်လိုလုပ်သိသလဲ၊ ပြောပြစမ်းပါဦး"

"ရှင်သဘောကျတာက မီလင်း... ဟိုကူးတို့ သင်္ဘောပေါ်မှာ တွေ့ခဲ့တဲ့ အပျိုစင် ကလေး မီလင်း... ကျွန်မက စူဇီ..."

"ဒီကိစ္စကြောင့်တော့ ထမင်းဆာတာ ပျောက်ပျက်မသွားပါဘူးကွာ၊ ကဲ... လုပ်ပါ ကိုယ်တို့ ဘာစားကြမလဲ" ဟု ကျွန်တော်က ဆက်ပြောသည်။

သို့သော်လည်း စူဇီက ခေါင်းမာမြဲ မာနေသည်။ သည်ကိစ္စနှင့် ပတ်သက်၍လည်း အပြတ်ရှင်းရန် ပိုင်းဖြတ်လိုက်ပုံရသည်။

"ဒီအလုပ် ကျွန်မလုပ်လာတာ ဘယ်လောက်ကြာပြီလဲ ဆိုတာ ရှင်သိသလားဟင်၊ ခြောက်နှစ်ရှိပြီ...ကျွန်မအသက် ဆယ့်ခုနစ်နှစ်သမီးကတည်းက စလုပ်ခဲ့တာ"

"ဒီလိုဆိုရင် မင်းအသက် နှစ်ဆယ့်သုံးနှစ် ရှိပြီပေါ့... ဒါပေမဲ့ မင်းအသက် ဒါလောက် ကြီးပြီလို့ မထင်ရဘူး စူဇီ..."

"ခြောက်နှစ်... ခြောက်နှစ်လုံးလုံး ယောက်ျားတွေနဲ့ အတူတူ သွားခဲ့တယ်၊ အတူတူ အိပ်ခဲ့တယ်"

မျက်နှာကိုလည်း ရှုံ့မဲ့ပြလိုက်သေးသည်။ သည်အဖြစ်ကြီးအပေါ်မှာ ပိုပြီး နာကြည်း စက်ဆုပ်စေလိုသည့်သဘော ဖြစ်သည်။

"အဲဒီခြောက်နှစ်အတွင်းမှာ ယောက်ျားတွေ အများကြီး တွေ့ခဲ့ဖူးမှာပေါ့နော်၊ ဘယ်လောက်တောင်များမလဲဆိုတာ သိချင်စမ်းပါဘိတော့ကွာ"

"ကျွန်မလည်း မသိဘူး၊ ဘယ်တော့မှ ရေမထားဘူး၊ နှစ်ထောင်လောက်တော့ ရှိမှာပေါ့"

"အောင်မယ်လေး... မနည်းပါလား ... ဟား ဟား"

ကျွန်တော် ရယ်ချလိုက်မိပြန်သည်။

"ဘာဖြစ်လို့ ရယ်တာလဲ"

"မင်းပြောပုံနဲ့ အဖြစ်က ရယ်စရာကောင်းလွန်းလို့ပါ စူဇီ၊ ကိုယ်ဆိုလိုတာက ဒီလိုပါ... မင်းဟာ အပျိုစင်ကလေးတစ်ယောက်ဖြစ်ကြောင်း ဇာတ်လမ်းလုပ်ပြီး ကိုယ့်ကို အောင်ပြောခဲ့တယ်၊ ဟော ... အခုတော့ ယောက်ျားပေါင်းနှစ်ထောင်လောက်နဲ့ တွေ့ခဲ့ပြီး ပြီလို့ ကိုယ့်ကို ပြောပြနေပြန်ပြီလေ"

"သုံးထောင်လောက်လည်း ဖြစ်နိုင်တယ်၊ လေးထောင်လောက်လည်း ဖြစ်နိုင်တယ်"

"အင်း... တခြားမိန်းကလေးတွေလည်း မင်းလို ကြိုးစားကြည့်ဖို့ ကောင်းတယ် ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ မင်းရဲ့အသားအရေဟာ သိပ်ကိုစိုပြည်တာပဲ စူဇီ... မင်း ရုပ်ဟာလည်း သိပ်ကိုလှတာပဲ၊ မင်းကိုယ်မင်း ပြန်ကြည့်စမ်း၊ အသားကလေး ချောမွတ်နူး ညံ့နေပုံက သိပ်ချစ်စရာကောင်းတာပဲ၊ တရုတ်မတွေရဲ့ အသားအရေဟာ ဖျက်ဆီးလို့ မရဘူးဆိုတာ မှန်တယ်"

"ဟုတ်တယ် နူးညံ့တယ်... ဒါပဲ ရှင်သိတယ်၊ ရှင်မမြင်ရတဲ့အရာတွေ ရှိပါသေးတယ်"

"အိုး... တော်ပါတော့ စူဇီ၊ ဒါတွေ ဆက်မပြောပါနဲ့တော့၊ တခြားတစ်ခုခုပြောင်းပြီး စားရအောင်ပါ၊ မင်း ဘာစားချင်သလဲ ပြော..."

"ကျွန်မ မသိဘူး... သွားတော့မယ်"

"စူဇီ ထိုင်ပါဦး"

"မထိုင်ဘူး… ကျွန်မ အလုပ်လုပ်ရဦးမယ်၊ မီလင်းကို ရှင်သွားရှာပါ။ အပျိုစင် မိန်းကလေးတစ်ယောက်ကို သွားရှာပါ"

ပြီးတော့ သူထသွားကာ စောစောကလေးက ဝင်လာသည့် အမေရိကန် နီဂရိုး သင်္ဘောသားစားပွဲမှာ ဝင်ထိုက်လိုက်လေသည်။

(၃)

နောက်တစ်နေ့ ညဆယ်နာရီလောက်တွင် ကျွန်တော့်တယ်လီဖုန်း ခေါင်းလောင်း သံမြည်လာသည်။

"ဟဲလို… မော်လီ စကားပြောနေပါတယ်"

"ဘယ်သူ…"

ကျွန်တော်က ပြန်မေးသည်။

"မော်လီလေ…"

စကားပြောသံနှင့် သီချင်းသံများကို တယ်လီဖုန်းထဲမှာ ကြားနေရသည်။ အောက်က ဘားခန်းအသံမျိုးနှင့် ဆင်ဆင်တူသည်။ နမ်ကောက်တွင် မော်လီနာမည်ဖြင့် အမျိုးသမီးကို ကျွန်တော် မသိဖူးပါ။ တစ်ဖက်မှအသံက ဆက်ပြောနေသည်။

"ဘာလဲ… ရှင် ကျွန်မကို မေ့သွားပြီပေါ့လေ၊ အရင်အပတ်တုန်းက ကျွန်မကို ရှင်ဖမ်းထားပြီးတော့"

"အဲဒါ ကျုပ်လုံးဝ မဟုတ်ရပါဘူးဗျာ"

"ဟုတ်တယ်… ရှင် ကျွန်မကို တစ်ညလုံး…"

"ကျုပ် ဒါမျိုး ဝါသနာမပါဘူး အမိရယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

"ဘာ အခုမှ မုန်လာဥလုပ်တာလဲ… လိပ်ပြာကြီး ခုတော့ ရှင်က မေ့သွားပြီပေါ့၊ ကောင်မတွေအများကြီးကို ရှင် လိုက်ဖမ်းနေတာကို လိပ်ပြာကြီး ဘယ်မှတ်မိတော့မှာလဲ… ဒါလောက်တောင် များလွန်းတော့"

အလွန်စိတ်ချမ်းသာသွားသည့် ရယ်မောသံကလေးများကို ကျွန်တော် ကြားရပါသည်။ စကားပြောခွက်ကို ချလိုက်သံလည်း ကြားရသည်။ ပြီးတော့ တစ်ကြိမ် ကောက်ကိုင်လိုက်သည့် အသံကို ကြားရပြန်သည်။

"ဟယ်လို …ဝွမ်နီ စကားပြောနေတယ်"

ကျွန်တော် မှတ်မိသော ဝွမ်နီ၏ အသံပေါ်လာသည်။

"ခုနဟာ စူဇီရယ်လေ…မရိပ်မိဘူးလား ကျွန်မတို့ ရှင့်ကို စနေတာပါ"

"ဟုတ်လား ပျော်လိုက်တာကွာ … ဟား… ဟား… ကိုယ်နဲ့ စူဇီ စကားပြောနေရတယ်လို့ လုံးလုံး မထင်မိဘူး"

"ကျွန်မလေ ရှင့်အကြောင်းတွေ သူ့ကို အကုန်လုံး ပြောပြလိုက်တယ်၊ ရှင်ဟာ စိတ် ကောင်းရှိကြောင်း၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးကြောင်း ပြောပြလိုက်တယ်၊ မနေ့က ဖြစ်တာနဲ့ ပတ်သက်ပြီး စူဇီက သိပ်စိတ်မကောင်းဖြစ်နေတယ်၊ အခု သူက ရှင်နဲ့ တွေ့ချင် လို့တဲ့"

ဝွမ်နီ၏ အသံ ချက်ချင်းပျောက်သွားသည်။ စကားပြောခွက်ကို လက်ပြောင်းလိုက်သံ ကြားရသည်။

"ဟယ်လို"

ပထမအသံ ပြန်ပေါ်လာသည်။ အလွန်လည်း သဘောကျနေသည့် မထီလေးစား အသံမျိုးဖြစ်သည်။

"ဒရှင် အခု ဘာလုပ်နေသလဲဟင်"

"ဘာမှ မလုပ်ပါဘူးဗျာ"

"ကောင်းတယ် ... ကျွန်မ ရှင်နဲ့ လာတွေ့မယ်"

မိနစ်နှစ်ဆယ်လောက်ကြာတော့ ကျွန်တော့်အခန်းထဲသို့ စူဇီရောက်လာသည်။ တယ်လီဖုန်းစကားပြောတုန်းက မထီလေးစားအမူအရာ အပြောအဆိုမျိုး မရှိတော့ပြီ၊

အခန်းထဲမှာ ပတ်ချာလှည့်ကြည့်သည်။ တစ်ခုပြီး တစ်ခု ကောက်ကိုင်ကြည့်ရင်း "ဒါက ဘာသုံးရသလဲဟင်" ဆိုတာမျိုး၊ "ဒါ ဘယ်လောက်ပေးရသလဲ" ဆိုတာမျိုးတွေကိုသာ မေးနေသည်။ ကော်လာကျပ်ကျပ် မြင့်မြင့်နှင့် ဘေးကွဲတရုတ်ဂါဝန်ကို သူဝတ်ထားသည်။ သူ့ရုပ်နှင့် ကြည့်ကောင်းသည်မှာ မှန်သော်လည်း လိုက်ဖက်လှသည်ဟု မထင်။ သူ့ဟန်ပန်အမူအရာနှင့် ဆိုလျှင် ဂျင်းဘောင်းဘီနှင့်က ပိုပြီးလိုက်ဖက်သည်။ ပိုနီတေးကလေးနှင့် ပိုကြည့်ကောင်းသည်။ ယခုမူ မိတ်ကပ်တွေကလည်း ထူလွန်းလှသည်။

အပေါ်ထပ်သို့ တက်လာဖို့ မိနစ်နှစ်ဆယ်လောက် ကြာနေသည်မှာ သူ့မျက်နှာကို အလှပြင်နေသောကြောင့် ဖြစ်နိုင်သည်။ သူ့အပေါ် ကျွန်တော် အထင်အမြင်သေးသွား မည်ကို စိုးသည့်အတွက် ယခုလို ပြင်ဆင်လာပုံရသည်။

ဖန်ခွက်နှစ်လုံးတွင် ရေနွေးကြမ်းထည့်ပြီး လသာဆောင်သို့ ကျွန်တော်တို့ နှစ်ယောက် ထွက်ခဲ့သည်။ ဆိပ်ကမ်းဘက်မှာ မီးရောင်များကို မြင်တွေ့ရသည်။ ဥဒဟို ခုတ်မောင်းသွားလာနေကြသည့် သင်္ဘောများ၊ မော်တော်များ၊ သမ္ဗန်များကို မြင်ရသည်။ ကူးတို့သင်္ဘောနှစ်စီး မျက်နှာချင်းဆိုင် ခုတ်လာပြီး နှစ်စီးရောင်ကာ ဆန့်ကျင်ရာ အရပ်ဆီသို့ ခုတ်သွားကြသည်ကိုလည်း မြင်ရသည်။

ဟိုဘက်မှာက တောင်။ တောင်ပေါ်တက်သွားသည့် ဓာတ်ရထားမှ မီးရောင်ကိုလည်း မြင်ရသည်။ ပြီးတော့ ကျောက်သံပတ္တမြားလို မီးရောင်စုံ တဖိတ်ဖိတ် လက်နေသည့် ဟောင်ကောင်မြို့ကြီး။

"သွားတော့မယ်" ဟု စူဇီက ပြောသည်။

"ဟောဗျာ... မင်း ခုပဲရောက်လာတာ"

"အလုပ် လုပ်ရဦးမယ် သိတယ်မဟုတ်လား..."

သည်စကားမျိုးကိုပင် သူ ထပ်ဆိုလာပြန်သည်။

"ကိုယ့်ကို ဘာဖြစ်လို့ လာတွေ့တာလဲ စူဇီ"

ကျွန်တော်က နားမလည်နိုင်သလို ပြန်မေးသည်။

သူက ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

"ဘာအကြောင်းမှ မရှိပါဘူး... တစ်ခါတလေကျတော့လည်း အဲဒီဘားခန်းထဲမှာ ထိုင်နေရတာ ငြီးငွေ့လွန်းလို့၊ ဆေးလိပ်မီးခိုးတွေကလည်း မွှန်ထူနေတာပဲ၊ ကြာကြာ ထိုင်ရင် ခေါင်းကိုက်တယ်"

လသာဆောင်မှ အတွင်းဘက်သို့ သူပြန်လှည့်ဝင်လိုက်သည်။ သို့သော်လည်း ကျွန်တော့် ခုတင်အောက်မှ တစ်စုံတစ်ခုကြောင့် သူ တုံ့ခနဲ ရပ်လိုက်သည်။

"ဒီဥစ္စာ ဘာလဟင် ဓာတ်စက်လား"

"မဟုတ်ဘူး တိပ်ရီကော်ဒါ"

ကျွန်တော် တရုတ်စကားပြောလေ့ကျင့်ရန်အတွက် ဈေးပေါပေါနှင့် ငှားထားသော အသုံ့စား တိပ်ရီကော်ဒါဖြစ်ပါသည်။ သို့သော်လည်း ဟုတ်တိ ပတ်တိ ကျွန်တော် အသုံးမချဖြစ်။

"ဘာသုံးရသလဲဟင်"

"ဒါဟာ ဓာတ်စက်တစ်မျိုး ဆိုပါတော့၊ ဒါပေမဲ့ ဒါက မင်းအသံကို မင်းပြန်သွင်းလို့ရတယ်"

သူက ဘာမှ မထူးခြားသလို ခေါင်းညိတ်နေသည်။ စိတ်ဝင်စားပုံလည်း ဆက်မပြ တော့။ တိပ်ရီကော်ဒါကို အကြောင်းပြုပြီး သူ့ကို ဆွဲထားဖို့၊ သူနှင့် စကားဆက်ပြောခွင့် ရအောင် ဖန်တီးဖို့ ကျွန်တော် စဉ်းစားလိုက်မိသည်။ ထို့ကြောင့် အိပ်ရာအောက်မှ ရီကော်ဒါကို ဆွဲထုတ်ပြီး ပလပ်ပေါက်မှာ တပ်လိုက်သည်။ မှန်တင်ခုံပေါ်ရှိ မိုက်ကရိုဖုန်းနှင့် ဆက်လိုက်သည်။ အသံဖမ်းသည့် ခလုတ်ကို နှိပ်ပြီး မီးဖွင့်လိုက်သည်။

"ကျွန်မသိပြီ... ဒါ ရုပ်ရှင် ရုပ်ရှင်ရိုက်တာ" ဟု စူဇီက ပြောသည်။

"မဟုတ်ဘူး... ဒီတိပ်ခွေဟာ ရုပ်ရှင်ရိုက်တဲ့ဖလင် မဟုတ်ဘူး"

"သွားတော့မယ်"

"ခဏလေးစောင့်ပါဦး"

ကျွန်တော်သည် ရုပ်ရှင်အကြောင်းများကို စကားစရှာပြီး တစ်မိနစ် နှစ်မိနစ်လောက် ဆက်ပြောနေလိုက်သည်။ ထို့ကြောင့် ရုတ်တရက် သူထွက်မသွားနိုင်။ ပြီးတော့ တိပ်ခွေကို နောက်ပြန်ရစ်လိုက်သည်။ ပြန်ဖွင့်သည်။ စစချင်း ကျွန်တော် တရုတ်စကားပြောကျင့်သည့် အသံများ ထွက်လာသည်။ ခဏကြာတော့မှ စူဇီ၏ အသံ ပေါ်လာသည်။

"ကျွန်မသိပြီ... ဒါ ရုပ်ရှင် ရှင်ရှင်ရိုက်တာ"

သက်ပြင်းချသံကလေး ပေါ်လာသည်။ ပြီးတော့ ပြတ်သွားသည်။ တစ်ခါ ကျွန်တော့် အသံ ပေါ်လာပြန်သည်။

"မဟုတ်ဘူး .. ဒီတိပ်ခွေဟာ ရုပ်ရှင် ရိုက်တဲ့ဖလင်မဟုတ်ဘူး"

"သွားတော့မယ်"

စူဇီ၏အသံ။

စူဇီသည် ရီကော်ဒါကို နားမလည်နိုင်သလို စိုက်ကြည့်နေသည်။ ထွက်ပေါ်နေသည့် အသံများကို သူမှတ်မိပုံ မပေါ်သေး။

"ရေဒီယိုလား" ဟု သူကမေးသည်။

"မဟုတ်ဘူး စူဇီ.. မင်းနဲ့ ကိုယ်နဲ့ ပြောတဲ့ စကားသံတွေလေ"

အသံဖမ်းသည့်ခွက်ကို ကျွန်တော်က လက်ညှိုးထိုးပြသည်။ ရုပ်ရှင်ထဲမှာ အသံဖမ်း ခွက်ပေါင်းများစွာကို သူမြင်ဖူးပါသည်။ ထို့ကြောင့် ချက်ချင်း သဘောပေါက် နားလည်သွား သည်။ ရီကော်ဒါဘက်သို့ ပြန်လှည့်လာသည်။

"ဟုတ်တယ်... ကျွန်မ မကြာ မကြာ သွားကြည့်တယ်"

သူ့အသံ ဆက်မြည်နေသည်။

"ရောက်စီရုံတို့ ပရင့်ဆက်ရုံတို့ မဂျက်စတီရုံတို့ နယူးယောက်ရုံတို့ သို့ ရုံတိုင်းကို သွားကြည့်တာ"

သူ့အမူအရာ အထိတ်တလန့်ဖြစ်နေသည်။

"ကျွန်မလား... အဲဒါ ကျွန်မအသံလား" ဟုမေးသည်။

"ဟုတ်တယ်"

မယုံကြည်နိုင်သလို သူ နားထောင်နေသည်။ ပထမဆုံးအကြိမ် အဖြစ် ကိုယ့်အသံ ကိုယ်ပြန်ကြားရသည်မှာ ချက်ချင်းတော့ အကဲမဖမ်းမိနိုင်။ မယုံကြည်နိုင်။ တဖြည်းဖြည်းနှင့် သူ တခစ်ခစ်ရယ်လာသည်။ သူ့ဟာသူလည်း သဘောကျစပြုလာသည်။ ထိုအခိုက်မှာပင် အသံများ ရပ်သွားတော့သည်။

"ပြီးသွားပြီလားဟင်..."

စိတ်ပူပင်ဟန်ဖြင့် သူကမေးသည်။
"နားထောင်ချင်ရင် ပြန်နားထောင်လို့ရတယ်"
"နားထောင်ချင်တယ် လုပ်ပါဦး တစ်ခါ..."

တိပ်ခွေကို ကျွန်တော် ပြန်ရစ်လိုက်သည်။ ကျွန်တော်တို့ စကားပြောသည့် အသံများကို ပြန်ဖွင့်ပြသည်။ ကျွန်တော့် ခုတင်စွန်းမှာ သူထိုင်နေသည်။ မဆုံးနိုင်အောင် တခစ်ခစ်ရယ်နေသောကြောင့် ကျွန်တော့် ခေါင်းအုံးတစ်လုံးကို ယူပြီး သူဖက်ထားသည်။ သို့သော်လည်း သူ အရယ်မရပ်ပါ။ ထို့ကြောင့် အိပ်ရာပေါ်မှာ လူးလိမ့်ပြီး ခေါင်းအုံးနှင့် မျက်နှာကို အပ်ထားသည်။ ကျွန်တော်လည်း သူ့ကို သဘောကျလွန်းသဖြင့် အတောမသတ်အောင် ရယ်မိတော့သည်။

အသံများ တုန်သွားပြန်သည်။ သူက မော့ကြည့်သည်။ ပျော်လွန်းသဖြင့် သူ့မျက်နှာ ပန်းရောင်ပြေးနေသည်။
"တစ်ခါလုပ်ပါဦး"
"တခြားတစ်မျိုး ဖမ်းကြရအောင် စူဇီ၊ မင်း သီချင်းဆိုတတ်သလား"
"ဆိုတတ်တယ် ပီကင်းသီချင်း၊ ရှန်ဟဲသီချင်း၊ သီချင်းတွေ အများကြီးရတယ်"

သူ အလွန်စိတ်အားထက်သန်လာသည်။ ပြီးတော့ အတည်ပေါက်ကြီး လုပ်လာသည်။ သီချင်းဆိုလေ့ကျင့်ရန်ဟု ပြောပြီး လသာဆောင်သို့ ထွက်သွားသည်။ သူ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် လေ့ကျင့်ရန် ဖြစ်သည်။ ကျွန်တော် မကြားအောင် တံခါးကိုလည်း ပြန်ပိတ်လိုက်သေးသည်။ နောက်ဆယ်မိနစ်လောက်ကြာတော့ သူ ပြန် ဝင်လာသည်။

"ပီကင်းသီချင်းတစ်ပုဒ် ဆိုပြမယ်" ဟု သူက ပြောသည်။

"သီချင်းက တိမ်နတ်သမီးကလေးကို ချစ်နေမိတဲ့ တိမ်နတ်သားကလေးအကြောင်း၊ ဒါပေမဲ့ တိမ်နတ်သမီးကလေးက ပြောတယ်၊ "ရှင်ဟာ အလကား နတ်သား... စိတ်နလုံးထဲ မကောင်းဘူး၊ ကျွန်မက စိတ်နလုံးထားကောင်းတဲ့ နတ်သားကို စောင့်နေတာ" အဲဒီလို အပြောခံရတော့ တိမ်နတ်သားကလေး သိပ်ကို ဂမ်းနည်းသွားတာ ပေါ့၊ ဒါနဲ့ သူ စတင်ငိုကြွေးတော့တယ်၊ ကျလာတဲ့ သူ့မျက်ရည်တွေက မိုးဖြစ်သွားရော၊ ဘာဖြစ်လို့လဲဆိုတော့ မိုးတွေ ရွာကျလာတာဟာ တိမ်တွေငိုလို့ မဟုတ်လား၊ အဲဒါနဲ့ မြေပြင်ပေါ်မှာ အဘိုးကြီးတစ်သူ့လယ်ကွင်းတွေထဲမှာ ရေမရှိဘူးလေ၊ ဒါကြောင့် မြေကြီးဟာ ကျောက်တုံးလို မာနေတယ်၊ ဒီတော့ စပါးစိုက်လို့ မရဘူး၊ ဒါကြောင့် တိမ်နတ် သမီးလေးက တိမ်နတ်သားကလေးကို ပြောတယ်၊ "ရှင် အလုပ်ကောင်းတစ်ခုကို လုပ်လိုက်တယ်၊ ဒါဆိုရင် ရှင်ဟာ လူဆိုးတစ်ယောက်တော့ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်" ဒါနဲ့ အဆုံးမှာ သူတို့နှစ်ယောက် လက်ထပ်လိုက်ကြတယ်"

အသံဖမ်းခွက်ရှေ့မှာ သူ စိတ်လှုပ်ရှားနေသည်။ သီချင်းဆုံးသွားတော့ ပြန်ဖွင့်ပြီး နားထောင်ကြည့်သည်။
"မကောင်းဘူး... တစ်ခါပြန်ဆိုဦးမယ်"

ဒုတိယအကြိမ်ကိုမူ မလွန်အားရစရာကောင်းလောက်အောင် သူ ဆိုပါသည်။ အသံကလေးက လွင့်ကာ လွင့်ကာ တက်လာသည်။ သူ သေသေချာချာ နားထောင်သည်။ သည့်ထက်ကောင်းအောင် သူမဆိုနိုင်တော့ပါဟု ပြောသည်။ ပြီးတော့ ချက်ချင်းပင် ရီကော်ဒါကို သူ စိတ်ဝင်စားမှု မရှိတော့။

မည်သို့ဆိုစေ ကျွန်တော်နှင့်အတူ သူဆက်နေပြီး စကားပြောခွင့်ကိုတော့ ရလိုက်ပါ ချေပြီ။

ကျွန်တော်တို့နှစ်ယောက် ရေခွေးကြမ်းသောက်ရင်း စကားဆက်ပြောကြသည်။
"ကျွန်မ အခန်းကိုလည်း ရှင့်ကို ခေါ်ပြီး ပြရဦးမယ်၊ ဒါမှ ကျွန်မကလေးကို ရှင်တွေ့ရမှာ"
သူသည် ကျွန်တော့်ခုတင်စွန်းမှာ ထိုင်ရင်း ခြေထောက်နှစ်ဖက်ကို လွှဲနေသည်။
"မင်းကလေးလား"
"ဟုတ်တယ်... သိပ်ချစ်စရာကောင်းတဲ့ကလေး"
"ဒါပေမဲ့ စူဇီ... ရယ်စရာမလုပ်စမ်းနဲ့၊ မင်းကလေးအရင်း မဟုတ်ပါဘူး"
ကျွန်တော်က ရယ်ပြီး ပြန်ပြောသည်။
"ဟုတ်တယ်.. ကျွန်မကလေး.. ကပြားလေး"
"အဖေက ဘယ်သူလဲ စူဇီ"
"ကျွန်မရည်းစားပေ့ါ အင်္ဂလိပ်ရဲအရာရှိ သူ ဘော်နီယိုကို ထွက်သွားပြီ"
"သားလေးလား.. သမီးလေးလား"
"သားလေး.. သိပ်ချောတာပဲ၊ မကြာခင် အခါလည်းပြည့်တော့မယ်။ ကျွန်မ သူ့ကို သိပ်ချစ်တာပဲ"
"ဒါပေ့ါလေ... မင်း ချစ်ရမှာပေ့ါ"
"ဟုတ်တယ်... တခြားကောင်မတွေကတော့ ကပြားကို မကြိုက်ဘူး၊ ဒါကြောင့် သူများကို ပေးပစ်လိုက်တယ်၊ ကျွန်မကတော့ ကျွန်မသားကို ချစ်တယ်၊ ဘယ်တော့မှ သူများကို ပေးမပစ်ဘူး"
"မင်း အလုပ်သွားနေတဲ့အချိန်မှာ သူ့ကို ဘယ်သူက ထိန်းသလဲ"
"ကလေးထိန်းရှိတယ်လေ... အို... ဟုတ်ပါရဲ့ ကလေးထိန်းကို ကျွန်မ ပိုက်ဆံတွေ အများကြီးပေးတယ်"
ထိုသို့ပြောရင်း စိတ်ပူပင်ဟန်ပေါက်လာသည်။
"ကျွန်မသားကလေးက ချောင်းသိပ်ဆိုးတာပဲ၊ သိတယ်မဟုတ်လား တဟွပ်ဟွပ်နဲ့ အရမ်းဆိုးတာပဲ၊ ကျွန်မ ကလေးထိန်းက သူ့ကို လေတိုက်ထဲမှာ ပစ်ထားတယ်လို့ ထင်သလား ဟင်"
"ကိုယ်လည်း မပြောတတ်ပါဘူး စူဇီ"
"ကျွန်မတော့ ဒီလိုပဲထင်တယ်၊ ကလေးကို လေတိုက်ကြီးထဲမှာ ပစ်ထားတယ်လို့ ထင်တယ်"

ရေခွေးကြမ်းထပ်ဖြည့်ပေးရန် ကျွန်တော်က ခေါင်းလောင်းတီးပြီး အတောင်းကို ခေါ်လိုက်သည်။ အတောင်းရေခွေးကြမ်းထည့်နေခိုက် စူဇီသည် မျက်လုံးထောင့်ကပ်ပြီး ကျွန်တော့်ကို အကဲခတ်နေသည်။ သူပြောစရာရှိသည့် စကားကို ကျွန်တော် နားထောင် လိုစိတ် ရှိ မရှိ အကဲခတ်နေသည့် သဘောမျိုးဖြစ်သည်။ အတောင်း ထွက်သွားသည်။ တံခါးပိတ်သွားသည်။ တစ်မိနစ် နှစ်မိနစ်လောက်ကြာအောင် ရောက်တတ်ရာရာများကို ဆက်ပြောနေသေးသည်။ ပြီးတော့ စူဇီသည် ကျွန်တော့်ကို တည့်တည့် စိုက်ကြည့်လိုက် သည်။

"ရှင့်အခန်းကို ကျွန်မ ဘာဖြစ်လို့ လာတယ်ဆိုတာ ရှင် သိသလား" ဟု ကောက် ကာငင်ကာ မေးလိုက်သည်။
"ကိုယ်တွေ့ မစဉ်းစားတတ်ဘူး စူဇီ"
"ဒီလိုဆိုရင် ကျွန်မပြောပြမည်၊ ညဦးပိုင်းတုန်းက သင်္ဘောသားတစ်ယောက်နဲ့ အပေါ်ထပ်ကို ကျွန်မ တက်သွားတယ်၊ ပြီးတော့ ပြန်ဆင်းလာတယ်၊ ခန်းမထဲမှာ သူနဲ့ နှုတ်ဆက်ကြတယ်၊ ကျွန်မတစ်ယောက်တည်း ဘာခန်းထဲကို ပြန်သွားတယ်၊ တခြား သင်္ဘောသားတစ်ယောက်က ကျွန်မလက်မောင်းကို လာဆွဲတယ်၊ "ယမ်..ယမ်..ဟေ့..မိန်းမချောလေး..ငါ့ပေါင်ပေါ်မှာ လာထိုင်စမ်း" လို့ပြောတယ်၊ ကျွန်မက သွားထိုင်တယ်၊

နောက် စကားပြောမတည့်တာနဲ့ ကျွန်မကလည်း သူ့ပေါင်ပေါ်က ထပြီး ဂွမ်နီနဲ့ သွားထိုင်နေလိုက်တယ်၊ ဂွမ်နီက မပျော်ဘူးလို့၊ ယမ်.. ယမ်နဲ့ ပြောတတ်တဲ့ သဘော်သား တွေကို သဘောမကျဘူးလို့၊ အရင်အပတ်က ကျွန်မ တွေ့ခဲ့ရတဲ့ လူလို တစ်ယောက်ဆို တစ်ယောက်ပဲ သတ်သတ်မှတ်မှတ် တွဲချင်တယ်လို့၊ ဒါနဲ့ ဂွမ်နီက ပြောတယ်၊ စူဇီ… မင်းမသိသေး ဘူးထင်တယ်၊ ရောဘက်က မင်းကို သဘောကျနေတာ၊ ငါထင်တယ်၊ မင်းကို သူ အရမ်း သဘောကျ နေတယ်လို့ပြောတယ်၊ ဒါနဲ့ ကျွန်မတို့ ရယ်ကြတယ်၊ ပြီးတော့ ရှင့်ဆီကို ဖုန်းလှမ်းဆက်ကြပြီး ကျွန်မ တက်လာတာပဲ၊ ဒါပေမဲ့ ဒီရောက်တော့ ကျွန်မ ကြောက်သွားပြန်ရော"

"ဘာဖြစ်လို့ ကြောက်ရတာလဲ စူဇီ…"

"ကျွန်မထင်တယ်… ဒီရောဘတ်ဆိုတာဟာ သူဌေး၊ လူကြီးလူကောင်း ထိပ်တန်းစားကြီး၊ သိပ်အရေးကြီးတဲ့ပုဂ္ဂိုလ်၊ သူ့မှာ သိပ်ကောင်းတဲ့ဘီးလည်းရှိတယ်၊ သိပ် ကောင်းတဲ့ အဝတ်အစားတွေ၊ ညဝတ်အင်္ကျီတွေလည်း ရှိတယ်၊ အကုန်လုံး အကောင်းစား ချည်းပဲ၊ ဒါကြောင့် ယုတ်ညံ့ စုတ်ပဲ့တဲ့ ယမ်ယမ် ကောင်မလေးကို သူလိုချင်မှာ မဟုတ်ဘူးလို့ တွေးမိတယ်၊ ဒါနဲ့ ကမန်မ ထွက်ပြေးချင်စိတ် ပေါက်လာရော၊ အဲဒီအချိန်မှာ ဟိုရီကော်ဒါကို ရှင်ဖွင့်တယ်၊ ကျွန်မလည်း တအားရယ်တယ်၊ ကြောက်စိတ်တွေလည်း ပြေသွားတယ်"

"ယုတ်ညံ့စုတ်ပဲ့တဲ့ ယမ်ယမ်ကောင်မလေးပဲ ဆိုတဲ့ ခံစားချက်မျိုးလည်း မရှိတော့ဘူး မဟုတ်လား"

"ဒီလိုတော့ မဟုတ်ဘူး၊ ယုတ်ညံ့စုတ်ပဲ့တဲ့ ယမ်ယမ် ကောင်မလေးပါပဲဆိုတဲ့ အသိကြီးကတော့ ပျောက်မသွားဘူး၊ တစ်ခုပဲ စဉ်းစားတယ်၊ ငါ့ကို သူသဘောကျရင် ကောင်းမှာပဲလို့၊ သူ သဘော မကျဘူး ဆိုရင်လည်း ဘာမှ လုပ်စရာမရှိတော့ဘူးလို့… ဒါပါပဲ လေ… ကျွန်မကို ရှင် သဘောကျရဲ့လား"

"မင်းကို ကိုယ် အရမ်းသဘောကျပါတယ် စူဇီ"

"ဒီလိုဆိုရင် ကျွန်မကို ပုံမှန်အတွဲအဖြစ်နဲ့ ယူပါလားရှင်"

"ဟား…ဟား…ဟား… ပုံမှန်အတွဲအဖြစ် မိန်းကလေးတစ်ယောက်ကို လိုချင်မယ် ဆိုရင် မင်းကိုပဲ ယူပါ့မယ် စူဇီ၊ ဒါပေမဲ့ ကိုယ် မတတ်နိုင်ဘူး"

"ရှင့်အတွက်ဆိုရင် ကျွန်မ ဈေးလျှော့ပေးမယ်လေ၊ တစ်လကို ခြောက်ရာ"

"အောင်မယ်လေး.. ကိုယ်မတတ်နိုင်ဘူး စူဇီရယ်"

"ကျွန်မဟာ အင်မတန် အလုပ်ကြိုးစားပါတယ်၊ ရှင်လာစေချင်တဲ့ အချိန်ကို အမြဲလာ ပါ့မယ်၊ တခြား ဘယ်ယောက်ျားနဲ့မှ မဆက်ဆံဘူး"

"ဒါလည်း ကိုယ်ယုံပါတယ် စူဇီ၊ ဒါပေမဲ့ ဘယ်နည်းနဲ့မှ ဒါလောက်ငွေကို အကုန်မခံ နိုင်ပါဘူး"

သူ ပြန်စဉ်းစားနေသည်။ သူ့လက်ချောင်းကလေးများကိုလည်း ချိုးပြီး ရေတွက် နေသည်။ ပြီးတော့မှ ဆက်ပြောသည်။

"ကောင်းပြီလေ.. ဒေါ်လာငါးရာပဲ ပေးတော့"

"စူဇီ… ကိုယ် မှန်တဲ့အတိုင်း ပြောပါ့မယ်၊ ကိုယ်ဟာ သူဌေးမဟုတ်ပါဘူး၊ အင်မတန်ဆင်းရဲတဲ့ ဆင်းရဲသားတစ်ယောက်ပါ၊ ကိုယ်ဟာ တစ်လလုံးမှ ဒေါ်လာခြောက်ရာနဲ့ လောက်ငအောင် နေနေရတဲ့လူပါ"

သူက ကျွန်တော့်ကို ငေးစိုက်ကြည့်နေသည်။

"ဒေါ်လာခြောက်ရာ တစ်လလုံးမှာလား" ဟုလည်း မေးသည်။

"ဟုတ်တယ် တစ်လလုံး…"

"ဒါပဲလား"

"ဒါပဲ"

"အခန်းအတွက်ရော၊ စားတာသောက်တာရော အားလုံးမှ ဒေါ်လာခြောက်ရာနဲ့လား" ဟု သူက ဆက်မေးသည်။

"အားလုံးအတွက် ဒေါ်လာခြောက်ရာပါ"

"ဒါဆို မနိမ့်ဘူးပေါ့"

"မနိုင်ပါဘူးကွာ"

"မနိုင်လိုက်တာနော်" ဟု ပြောပြီး သူ ငြိမ်ထိုင်နေသည်။ စိတ်ပျက်သွားပုံလည်း ရသည်။ သူ့လက်သည်းကလေးများကို စိတ်မချမ်းမသာဖြင့် ပြန်ကြည့်နေသည်။ တစ်မိနစ် လောက်ကြာသွားသည်။ ပြီးတော့မှ မော့ကြည့်သည်။

"ကောင်းပြီလေ... ဒီနေ့တစ်ညရော ကျွန်မကို ဒီမှာ အိပ်စေချင်သလား"

"အဲဒီတစ်ညလေးအတွက်တောင် ကိုယ်မတတ်နိုင်ပါဘူး စူဇီရယ်..."

ဒေါ်ရစ်ကို နေ့လယ်စာကျွေးလိုက်မိသည့်အတွက် ကျွန်တော်၏ ငွေရေးကြေးရေး အခြေအနေမှာ လွန်မင်းစွာ ဆိုးရွားနေပါသည်။

"ရှင့်ကို ကျွန်မ သဘောကျတယ်၊ ရှင်ဟာ လူကောင်းတစ်ယောက်ပါပဲ၊ ဒါကြောင့် ဒီညအတွက် ကျွန်မ ပိုက်ဆံတစ်ပြားမှ မယူဘူး"

"စူဇီ မင်းရဲ့ စေတနာဟာ အံ့သြစရာကောင်းလောက်အောင် ကြီးမားပါပေတယ်ကွယ်၊ ပြီးတော့ ကိုယ် အများကြီး စိတ်ချမ်းသာသွားပါတယ်၊ ဒါပေမဲ့ ဒီလို မင်းကို လက်ခံလိုက်မိရင် ကိုယ့်ဟာကိုယ် စိတ်ဒုက္ခ ပေးသလိုသာ ဖြစ်တော့မယ်၊ နောက်နေ့ကျတော့ ကိုယ့်စိတ်ကိုယ် ထိန်းသိမ်းနိုင်တော့မှာ မဟုတ်ဘူး၊ သင်္ဘောသား တွေနဲ့ အတူတူ မင်း အပေါ်ထပ်တက်သွားတာကို ကိုယ် ဒီအတိုင်း ထိုင်ကြည့်နေနိုင်စွမ်းရှိမှာ မဟုတ်ဘူး"

"ဒါဆို ကျွန်မ သွားတော့မယ်"

ထိုင်ရာမှ သူ ထသည်။ တံခါးပေါက်အထိ သူနှင့်အတူ ကျွန်တော် လျှောက်လိုက် သွားသည်။

"ဘားခန်းထဲကို ပြန်မသွားဘူး မဟုတ်လား စူဇီ" ဟု ကျွန်တော်က မေးသည်။

"မသွားတော့ဘူး"

"ဒါဖြင့်ရင် မင်း ဘယ်ကို သွားမှာလဲ"

"အိမ်ပြန်မယ်၊ ကျွန်မသားလေးကို ပြန်ကြည့်ဦးမယ်၊ သူ ချောင်းဆိုးတာနဲ့ ပတ်သက်ပြီး ကျွန်မ စိတ်ပူလာပြီ"

စင်္ကြံအတိုင်း သူလျှောက်သွားသည်။ ဓာတ်လှေကားတံခါး ပွင့်သွားပြီး တိုင်ဖူး ထွက်လာသည်။ သူ့ပိုက်ဆံအိတ်ထဲမှာ ဆေးလက်မှတ်ကို ရှာနေသည်။ သူ့နောက်မှ အမေရိကန်သင်္ဘောသားတစ်ယောက် ထွက်လာသည်။ တိုင်ထူးက အတောင်းကို ဆေးလက်မှတ်ပြနေသည်။ အတောင်းက မှန် မမှန်စစ်ဆေးနေသည်ကို စောင့်နေကြသည်။ ပြီးတော့ အတောင်းက မှတ်တမ်းစာအုပ်ထဲမှာ ထည့်သွင်းရေးမှတ်သည်။

သင်္ဘောသားက လျှောက်လာသော စူဇီကို အံ့သြတကြီး ကြည့်နေသည်။ သူ့ပါးစပ်မှာ ခဲထားသည့် စီးကရက်

ကျွတ်ကျသွားသည်။ စူဇီ၏ တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား ကြည့်နေသည်။ တိုင်ဖူးနှင့် နိုင်းယုဉ်နေသည်။ စူဇီနှင့်သာ ပိုအဆင်ပြေမည်ဟု တွေးနေပုံပေါက်သည်။ ဓာတ်လှေကားအတွင်းသို့ စူဇီ ဝင်ရောက်ပျောက်ကွယ်သွားသည်။ သဘော်သားက တိုင်ဖူးဘက်သို့ လှည့်လိုက်သည်။

ကျွန်တော့်အခန်းသို့ ပြန်လာခဲ့သည်။ တိုင်ဖူးနှင့် သဘော်သားတို့ မျက်နှာချင်းဆိုင်မှ အခန်းထဲသို့ ဝင်သွားသံကြားရသည်။ လေဝင်ပေါက်မှ သူတို့ စကားပြောသံများကို ကြားရသည်။ ရီကော်ဒါကို ကျွန်တော်ဖွင့်လိုက်သည်။ စူဇီဒ သီချင်းသံကလေးပေါ်လာသည်။

"တိမ်နတ်သားကလေးက သိပ်ကို ဝမ်းနည်းသွားတာပေါ့၊ ဒါနဲ့ သူစတင်ငိုကြွေးတော့တယ်၊ ကျလာတဲ့ သူ့မျက်ရည်တွေက မိုးဖြစ်သွားရော၊ ဘာဖြစ်လို့လဲဆိုတော့ မိုးတွေ ရွာကျလာတာဟာ တိမ်တွေငိုလို့ မဟုတ်လား၊ ဒါနဲ့ အဆုံးမှာ သူတို့နှစ်ယောက် လက်ထပ်လိုက်ကြတယ်"

အိပ်ရာထဲသို့ ကျွန်တော် ဝင်လိုက်သည်။ ဘားခန်းသို့ သူ ပြန်မသွားဆိုသည့်အတွက် ကျွန်တော် ဝမ်းသာမိပါသည်။ ဘာပဲဖြစ်ဖြစ် ဒါတွေကို ကျွန်တော် ကျင့်သားရဖို့ လိုပါသည်။ မည်သို့ဆိုစေ၊ ယနေ့ည ဘားခန်းသို့ မသွားတော့သည့်အတွက် ကျွန်တော် ဝမ်းသာမိပါသည်။

အခန်း (၅) မျှော်၂၂.၁၂.၀၉

## အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၅)

**အခန်း(၅)**

သည့်နောက်ပိုင်းတွင် စူဇီသည် ကျွန်တော့်အခန်းသို့ အမြဲလာလေ့ရှိသည်။ နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် မည်သည့်အချိန်မဆို ရောက်လာတတ်သည်။ လူကိုယ်တိုင် မလာနိုင်လျှင်လည်း တယ်လီဖုန်း လှမ်းဆက်လေ့ ရှိသည်။

တကယ်တော့ တယ်လီဖုန်းဆက်သည်မှာ အကြောင်းထူးရှိသောကြောင့်ကား မဟုတ်ပါ။ ဆက်ရိုးဆက်စဉ် ဆက်သည့်သဘောသာဖြစ်ပါသည်။ ဟောင်ကောင်မြို့ သူဆက်တတ်သည်။

"ဟယ်လို... မော်လီစကားပြောနေပါတယ်" ဟု သူပြောတတ်သည်။ မော်လီ စကားပြောနေပါတယ်ဟူသော ဟာသကလေးကို မပျောက်ပျက်အောင် သူထိန်းထားသည်။ တစ်ခါ တစ်ခါတော့လည်း ညစ်တီးညစ်ပတ် များကို ဆက်ပြောနေတတ်သည်။
"ဟယ်လို ...... မော်လီ"
"ရှင် မနေ့ညတုန်းက တော်တော်ဆိုးတယ်"

သူဖုန်းစကားပြောလျှင် အကျယ်ကြီးအော်ပြောလေ့ရှိသည်။ ထို့ကြောင့် နားနှင့်ခြောက်လက်မ လောက် ခွာထားရလေ့ရှိသည်။

"ဟုတ်လား ....... မော်လီ၊ မနေ့ညတုန်းကတော့ ဘာဖြစ်လို့ မပြောတာလဲကွယ်"

"ပြောချိန်မှ ရှင်မပေးဘဲကိုး"

ပြီးတော့သူ တခစ်ခစ်ရယ်သည်။ သည့်နောက်မှ စူဇီအစစ် ပြန်ဖြစ်သွားသည်။

"ကျွန်မ ဖောက်သည်တစ်ယောက်နဲ့ ရောက်စီရုပ်ရှင်ရုံကို ရောက်နေတယ်လေ၊ အပြင်မှာ သူစောင့်နေတယ်၊ ဒါပဲနော် သွားတော့မယ်"

ကျွန်တော့်ကို သူ၏ 'နံပါတ်တစ်ချစ်သူ'အဖြစ် ဘားခန်းထဲမှ သူကြေညာပြီးဖြစ်သည်။ ကျွန်တော့ကိုလည်း သူတစ်တည်းပိုင် မိတ်ဆွေလိုလုပ်နေသည်။ အခြားအမျိုးသမီးများကို ကျွန်တော် ပုံကြမ်းရေးဆွဲလျှင် သူမကြိုက်ချင်။

တကယ်ဆိုတော့ ကျွန်တော်တို့နှစ်ယောက်သည် သန့်ရှင်းစင်ကြယ်သော မေတ္တာစိတ်ဖြင့် ပေါင်းသင်းနေကြခြင်း ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော်အခန်းသို့ အမြဲတစေ စူဇီ ဝင်ထွက်သွားလာ နေသည်ကို မြင်တွေ့ရသောကြောင့် အခြားအမျိုးသမီး များက မယုံကြည်ချင်ကြ။

ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးအမှန်ကို ပြောမပြလိုက်ပါနှင့်ဟု စူဇီက တောင်းပန်ရှာသည်။ သည်ကိစ္စကိုမူ ကျွန်တော်က ကတိမပေးသောကြောင့် သူစိတ်ထိ ခိုက်ရသည်။

မဟုတ်ဘဲနှင့် အဟုတ်လုပ်ပြီး ကျွန်တော် ဟန်မဆောင်ချင်။ ပြီးတော့ အခြားအမျိုးသမီးများနှင့် အဆက်အဆံ မပျက် ခင်ခင်မင်မင် ကျွန်တော် ဆက်လက်ပေါင်း သင်းနေထိုင်ချင်ပါသည်။ ကျွန်တော့်ကို

သူတစ်ယောက်တည်း အပိုင်းစီးထားချင်မှုကို အနည်းငယ်စိတ်ပျက် ငြီးငွေ့မှုလည်း ကျွန်တော် ဖြစ်လာပါသည်။

ထိုအချိန်တွင် ဘက်တီလောင်းအမည်ရှိ အမျိုးသမီးအသစ်တစ်ယောက် ဘားခန်းမှာ အလုပ်လုပ်ဖို့ ထပ်ရောက်လာသည်။ ဘက်တီလောင်းသည် ကန်တုန် တရုတ်လူမျိုးဖြစ်သည်။

သို့သော်လည်း အလွန် အနောက်တိုင်းဆန်သည် လမ်းလျှောက်ဟန်ကလည်း နာမည်ကျော် အမေရိကန် ရုပ်ရှင်မင်းသမီး တစ်ယာက်လမ်းလျှောက်ပုံမျိုးဖြစ်သည်။

သူလမ်းလျှောက်ပုံက သူ့အတွက် အောင်မြင်မှုကို ရရှိစေပါသည်။ ဘက်တီမို့ လမ်းလျှောက် လာပြီဆိုလျှင် မြင်ရသူ ယောက်ျားသားတို့ မရိုးမရွ ဖြစ်ကုန်ကြသည်။ လေချွန်သူကချွန်၊ ကြောင်လို အော်သူက အော်ဖြင့် သဘော်သားတွေ တရုန်းရုန်းဖြစ်ကုန် ကြလေ့ ရှိသည်။ လူပြက်မလေး ဖီဖီချမ်း ကတော့ သူလမ်းလျှောက်ပုံကို တုပြီး သူ့ကွယ်ရာမှာ လျှောက်ပြပြီး ဖြစ်ချေသည်။

တစ်နေ့ စူဇီနှင့် ကျွန်တော်အတူထိုင်နေခိုက် ဘားခန်းထဲသို့ ဘက်တီဝင်လာ သည်။ ထုံးစံအတိုင်း တင်ကိုယမ်းပီးလျှောက်လားသည်။ ဘက်တီအပေါ်မှာ ကျွန်တော် ဘယ်လို မြင်သလဲဟု စူဇီကမေးသည်။ ကျွန်တော့်ကို စူဇီ အကဲခတ်နေကြောင်း ကျွန်တော် သတိမထား မိလိုက်ပါ။ ထို့ကြောင့် ဘက်တီ၏

လမ်းလျှောက်ဟနသည် ယောကျ်ားတွေကို ဆွဲဆောင်နိုင်မှု ရှိကြောင်း စိတ်ထဲရှိသည့်အတိုင်း ရိုးရိုးသားသား ပြန်ပြောမိသည်။
စူဇီငြိမ်နေသည်။ ဘက်တီကို သူမသဘောကျဖြစ်လေပြီ။
နောက်နှစ်ရက် အကြာတွင် နေ့လည်စာမစားမီ ကျွန်တော်ဘီယာထိုင်သောက် နေသည်။ ထိုအခိုက် ဘက်တီဝင်လာပြီး ကျွန်တော့်စားပွဲမှာ လာထိုင်သည်။ သူနှင့် ကျွန်တော် တစ်ကြိမ်တစ်ခါမှ စကား မပြောဖူးသေးပါ။

ဘက်တီသည် ရှည်လျားကော့ပျံသည့် သူ၏မျက်တောင်ကြီးများကို ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ကျွန်တော်၏လက်မောင်းကို တယုတယ ပွတ်သပ်နေသည်။ တစ်ဆက်တည်း ဒုက္ခရောက်နေသည့် အမျိုးသမီးများကို ကျွန်တော်ကူညီစောင့်ရှောက် တတ်ကြောင်း သူကြားဖူး ပါသည်ဟု ပြောသည်။

ထိုစကားကို ကြားရတော့ သတိကြီးကြီးထားပြီး ကျွန်တော်စဉ်းစားရတော့သည်။ ထိုစကားပြီးလျှင် ဘာဆက်ပြောရမည်နည်း။ ကျွန်တော့်ထံမှ ပိုက်ဆံချေးမည်လော။ သို့တည်း မဟုတ် ကိုယ်ဝန်ဖျက်ချဖို့ အကူအညီတောင်းမည်လော။

ကျွန်တော်ကလည်း ဒါလောက် အထင်မကြီးစေလိုကြောင်း၊ ခေါင်းကိုက်သည့် အမျိုးသမီးများကို ခေါင်းကိုက်ပျောက်ဆေးကလေးလောက်သာ ပေးဖူးခြင်းဖြစ်ကြောင်း ပြန်ရှင်းပြသည်။ မည်သို့ဆိုစေ ကျွန်တော်၏ စိုးရိမ်ပူပန်မှုများသည် ချက်ချင်းပျောက်ကွယ် သွားတော့သည်။

သူ့ဒုက္ခသည် ဘာမျှမကြီးကျယ်ပါ။ အိုင်ယာလန်ငွေ ငါးပေါင်တန်ကိစ္စဖြစ်သည်။ သဘော်သား တစ်ယောက်ထံမှ သူလက်ခံရရှိခဲ့သည်။ သို့သော်လည်း ထိုငွေကို ဘယ်မှာမှ လဲမရသောကြောင့် အခက်တွေ့ နေရသည်ဟု ဆိုသည်။ ထိုကိစ္စအတွက် ကျွန်တော်က ကူညီ နိုင်ပါမည်လား။

ကျွန်တော်ဘဏ်တိုက်မှာ ကြိုးစားကြည့်ပါဦးမည်ဟု ကတိပေးလိုက်သည်။ နောက်တစ်နေ့တွင် ဘဏ်တိုက်မှ ဟောင်ကောင်ဒေါ်လာ ၇၆ ဒေါ်လာဖြင့် အလွယ်တကူ လဲလှယ်ရရှိခဲ့သည်။

ထိုငွေအားလုံးကို ဘားခန်းထဲမှာပင် ဘက်တီလောင်းကို ကျွန်တော် ပေးလိုက်သည်။ သို့သော်လည်း စူဇီမရှိသည် အချိန်ကို သတိကြီးစွာထားပြီး ရွေးရသေးသည်။ ယခုလို ငွေလဲပေးသည့်အတွက် စူဇီအနေနှင့် တစ်ခုခု အငြင်းပွားရနိုင်သည်ဟု ကျွန်တော်ကြိုမြင်ထားသည်။ ဘယ်လောက်ပင် ကြိုတင်ကာကွယ် မှုတွေ ပြုလုပ်ထားထား အချည်းနှီးဖြစ်ရပါတော့သည်။

နောက်နာရီ အနည်းငယ်ကြာတော့ ကျွန်တော့အခန်းထဲမှ တယ်လီဖုန်း ခေါင်းလောင်း းမြည်လာသည်။
"ဟယ်လို........ စူဇီစကားပြောနေတယ်"
မော်လီမဟုတ်ပါလား။ သည်လိုဆိုတော့ ဆိုးတာပေါ့။

"ဟယ်လို........စူဇီ"

"အခုရှင်ဘာလုပ်နေလည်း"

"ဘာမှမလုပ်ပါဘူး"

"ကောင်းပြီ........ကျွန်မ အခုလာတွေ့မယ်"

ငါးမိနစ်လောက်ကြာတော့ ကျွန်တော့အခန်းထဲ သူရောကလာသည်။ ခဏကြာအောင် ယဉ်ကျေးဖွယ်ရာ စကားများ ပြောနေသေးသည်။ ထိုသို့ ပြောနေချိန်တွင် မျက်လုံးထောင့်ကပ်ပြီး ကျွန်တော့်ကို အကဲခတ်နေသည်။

သည့်နောက်တော့ တည့်တည့်စိုက်ကြည့်ပြီး တဲ့တိုးပြောချပါလေတော့သည်။

"ကန်တုန်ကောင်မနဲ့ ရှင်အတူတူသွားတယ်၊ ကျွန်မအားလုံးသိတယ်"

"ဘာ ကန်တုန်ကောင်မလဲ"

ကျွန်တော်က အပြစ်မရှိသူလို ပြန်မေးသည်။

"ဟိုကောင်မ...... သူ့ကို ရှင် ဂုဏ် ဒေါ်လာပေးတယ်"

စူဇီ၏ သေချာမှုပင်ဖြစ်သည်။ ငွေအတိအကျကို သူပြောနိုင်သည်။ ထိုကိစ္စသည် ဘားခန်းထဲမှာ ပျံ့နှံ့နေပြီဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်ပါသည်။ ဘက်တီလောင်း ကလည်း အဖြစ်မှန်ကို ရှင်းပြမည် မဟုတ်။ မမှန်ရာကို အများထင်နေကြ သည့်အတွက် သူက ဂမ်းပင်သာချင် သာနေပေ လိမ့်ဦးမည်။

ကျွန်တော်က အဖြစ်အပျက်အမှန်ကို ရှင်းပြသည်။

"ရှင်လိမ်တယ်..... ကန်တုန်ကောင်မနဲ့ ရှင် အတူတူသွားအိပ်တယ်"

စူဇီသည် ထိန်းမနိုင် သိမ်းမရ ဒေါသပေါက်ကွဲတော့သည်။ သဘော်သားများထံမှ တက်လာသည့် ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများဖြင့် ကျွန်တော့်ကို ဆဲရေးတိုင်းထွာသည်။

သည်လောက်ရုန့်ရင်းသည့် စကားလုံးများသူသုံးသည်ကို ကျွန်တော်တစ်ခါမှ မကြားဖူးသေး။

ကျွန်တော်သည် သူ့စွပ်စွဲချက်များ မမှန်ကြောင်း ငြင်းမြဲ ငြင်းသည်။ ပြီးတော့ စူဇီသည် ကျွန်တော့ကို ဖန်ခွက်နှင့် လှမ်းပေါက်သည်။ နံရံကိုထိပြီး ကွဲသွားသည်။ ကျွန်တော့အိပ်ရာ တစ်ခုလုံး ဖန်ခွက်ကွဲအစ များဖြင့် ဖုံးလွှမ်း သွားတော့သည်။

"ရှင်လိမ်တယ်...... ကျုပ်ကတော့ ရှင့်ကို လူကြီးလူကောင်းလို့ ယုံစားလိုက်ရတာ၊ ဒါပေမဲ့ ကျုပ်မှားသွားပြီ၊ အလကားလူကြီး...... လိမ်ပြာကြီး......"

"စူဇီ မင်းဖြစ်နေတာ ဘယ်လောက်ရယ်စရာကောင်းနေပြီးလဲ၊ ကိုယ်ဟာ မင်းပိုင်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူးလေ၊ ကိုယ့်ကို မင်းပိုင်တဲ့ လူအဖြစ် မင်းချုပ်ချယ်ပိုင်ခွင့် မရှိဘူးလေ ဒါမျိုးကို ကိုယ်မကြိုက်ဘူး"ဟု ကျွန်တော် ပြန်ပြောမိသည်။

"ဟော....... အခုမှ ရှင်အမှန်အတိုင်းပြောတယ်၊ တကယ်ကတော့ ကျွန်မကို ရှင်လိုချင်တာ မဟုတ်ဘူး၊ ယုတ်ညံ့စုတ်ပဲ့တဲ့ ယမ်ယမ်ကောင်မလေး အဖြစ်နဲ့ပဲ ကျုပ်ကို တော်သတ်မှတ် ထားတယ်၊

ကောင်းပြီ.... ပြီးသွားပြီ... ဇာတ်လမ်းဆုံးပြီ ကျုပ်သွားပြီ......."
တစ်ဆက်တည်း အခန်းအပြင်သို့ သူထွက်သွားတော့သည်။

ထိုညက ဘားခန်းထဲမှာ ကျွန်တော့်အနီးမှာ သူဖြတ်လျှောက်သွားသည်။
နောက်နေ့တစ်နေ့မနက်ကျတော့ ကမ်းနားလမ်းအတိုင်း နမ်ကောက်သို့ သူလမ်းလျှောက်လာသည်ကို တွေ့ရသည်။

သူ့ကို ကျွန်တော်စကားပြောပါသည်။ သို့သော် မျက်နှာတစ်ဖက်လွှဲပြီး ဆက်လျှောက် သွားသည်။ သည်အတိုင်း ရက်ပေါင်းများစွာ သူဆက်လုပ်နေသည်။ တယ်လီဖုန်းလည်း လုံးဝမဆက်။

သို့ကလို ကျွန်တော့်အခန်းသို့၊ သူရောက်မလာခြင်း၊ တယ်လီဖုန်းမဆက်ခြင်းများ ကြောင့်၊ ကျွန်တော် စိတ်ဆင်းရဲ မိပါသည်။ သူ့ကို ကျွန်တော်လွမ်းမိပါသည်။

သည်တော့မှ သူ့အပေါ် ကျွန်တော်မည်မျှ သံယောဇဉ်ကြီးမားနေပြီဖြစ်ကြောင်း ကိုယ့်ဘာသာကိုယ် သဘောပေါက်မိလေတော့သည်။

တစ်နေ့မနက်တွင် အင်္ကျီအိတ်တစ်ခုအတွင်းမှ စက္ကူတစ်ရွက် ထွက်ကျလာသည်။ ကောက်ကြည့်တော့ ဘက်တီလောင်း၏ အိုင်ယာလန် ငွေငါးပေါင်ကို လဲပေးသည့် ဘဏ်တိုက်မှ စာရွက်ကလေး ဖြစ်နေကြောင်း တွေ့ရသည်။ သည်စာရွက်လေး လက်ခံ ရရှိခဲ့သည်ကို ကျွန်တော် လုံးလုံးမေ့နေမိသည်။

အတောင်းကို ကျွန်တော်လှမ်းခေါ်ပြီး တရုတ်စာအချို့ကို ရေးခိုင်းသည်။ ထိုတရုတ်စာလုံး များကို ငွေလဲသည့် စာရွက်ကလေး၏ နောက်ကျောမှာ ကျွန်တော် ပြန်ကူးရေးသည်။ အဓိပ္ပာယ်ကား "မင်းကို ကိုယ်အရမ်းလွမ်းနေပြီ" ဟူသတည်း။
ညဦးပိုင်းကျတော့ ဂွမ်နီမှတစ်ဆင့် ထိုစာရွက်ကလေးကို စူဇီအား ပေးခိုင်းလိုက်သည်။
တစ်နာရီလောက်ကြာတော့ တယ်လီဖုန်းခေါင်းလောင်းမြည်လာသည်။
"ဟယ်လို........ စူဇီ စကားပြောနေတယ်"
"ဟယ်လို........ စူဇီ"
"ဘာတွေလုပ်နေလည်း"
"ဘာမှမလုပ်ပါဘူးကွာ"
"ကောင်းတယ်......... ကျွန်မလာတွေ့မယ်"
သူရောက်လာပြီး ထုံးစံအတိုင်း ရောက်တတ်ရာရာတွေကို ပြောနေသေးသည်။ ပြီးတော့ ထုံးစံအတိုင်းပင် တည့်တည့်ကြည့်ပြီး တဲ့တိုးပြောတော့သည်။

"ရှင်ဟာ တကယ့်လူကောင်း......... မလိမ်ဘူး၊ ကျွန်မ မှားသွားတယ်"
ကျွန်တော်ရယ်မိပါသည်။ ပြီးတော့ ဘက်တီလောင်းကိုလည်း ကျွန်တော် စိတ်မဟင်စားကြောင်း ပြောပြမိသည်။
သူ ဘာကြောင့် ပေါက်ကွဲရသည်ကို တည်တည်ငြိမ်ငြိမ် ရှင်းပြနေသည်။ ကျွန်တော်သည် သူ၏ချစ်သူ ဖြစ်ကြောင်း အခြားအမျိုးသမီးများကို ပြောပြထားပြီးသည့် နောက် ဘက်တီလောင်းနှင့်

ယခုအဆက်အဆံ လုပ်ခြင်းသည် သူအရှက်တကွဲ အကျိုးနည်း ဖြစ်ကာ မျက်နှာပျက် ရပါသည်ဟု ရှင်းပြသည်။
"ကျွန်မလေ ဘားခန်းထဲကိုတောင် မသွားရဲတော့ဘူး........ သိလား.... ကျွန်မ အရမ်းရှက်မိတယ်၊ သားလေး သာမရှိရင် ကျွန်မကိုယ်ကျွန်မ သတ်သေမိမှာပဲ"
"စူဇီ ဒီလောက်တောင်ပဲလား"
"ဟုတ်တယ် အစ်ကိုရယ်... ကျွန်မ အရမ်းရှက်တာပဲ"
"ကဲ... ဒါဖြင့်လာ ..... ကိုယ်ဘာတွေလုပ်နေတယ်ဆိုတာ ကြည့်ပါဦး"
ကူးတို့သင်္ဘောပေါ်က ပုံကြမ်းလေးကို ဆီဆေးပန်းချီကားအဖြစ် ကျွန်တော် ကူးပြောင်း ရေးဆွဲ ထားသည်။ ထိုကားကလေးကို ပြလိုက်သည်။ ပတ္တူစ၏အရွယ်အစားကို မြင်ရုံမျှဖြင့် သူအလွန် သဘောကျ သွားသည်။ သူ့အမျိုးသမီး သူငယ်ချင်းများကို ခေါ်ပြခြင်း အားဖြင့် သူဘယ်လောက် ဂရုစိုက် ခံရကြောင်း သက်သေထူနိုင်ပေတော့မည်။ ယခုမှ သူ့စိတ်သူ ထိန်းနိုင်လာသည်။

ကျွန်တော့်ကို ဖန်ခွက်နှင့် ပါက်မိသည့်အကြောင်း ပြန်စဉ်းစားမိပြီး သူက တခစ်ခစ် ရယ်တော့သည်။
"ကျွန်မပေါက်တာလေ...... အကို့ကိုမှန်တော့မလို့..... ကံသီပေလို့သာ ပေါ့ကွယ်"
"ဟုတ်တယ်...... အဲဒီနေ့ကစပြီး ဖန်ခွက် ကွဲတွေကို နေ့တိုင်း အစ်ကို ရှာကောက် နေရတယ်"
သူအရယ်ရပ် သွားပြီး။ အိပ်ရာပေါ်မှာ ပျော်မြူးစွာ လူးလိမ့်နေသည်။

(၂)
တစ်ခါတစ်ရံတွင် မနက်ပိုင်းများ၌ သူ့သားကလေးကို ကျွန်တော့ထံခေါ်လာပြီး ပြတတ်သည် တရုတ် အင်္ဂလိပ် ကပြားမျက်နှာကလေးနှင့် တကယ့်ကလေးလေးဖြစ်သည်။ သို့သော်လည်း မျက်နှာကတော့ ရင့်နေသည်။
စူဇီကတော့ သူကလေးကို ချစ်ရာလွန်းသည်။ တယုတယဖြင့် ရင်ခွင်ထဲမှာ ပွေ့ပိုက်ချော့မြူနေတတ်သည်။ ဒါကိုတွေ့တော ကျွန်တော် အံ့အားသင့်မိသည်။ တကယ်ဆိုတော့ စူဇီ၏ ဟန်ပန်သည် မိခင်ဟန်ပန်မျိုးမဟုတ်။

"ဟေး...... ဘာဖြစ်လို့ အခုထက်ထိ ချောင်းဆိုနေရတာလဲ၊ ဘာဖြစ်လို့ မင်းဒါလောက် ကဲရတာလဲ၊ ဟုတ်တယ်.........အင်မတန်ကဲတဲ့ကလေးလေး၊ မင်းဟာ သိပ်ချောလွန်းလို့ မင်းကို မေမေ ခွင့်လွှတ် နိုင်တာပေါ့၊ အို........ ဟုတ်ပါရဲ့ သိပ်လှတဲ့သားကလေးပဲကွယ်၊ မင်းကြီးလာရင် ရုပ်ရှင်မင်းသား ဖြစ်မယ်" စသည်ဖြင့် လည်း ပြောနေတတ်သည်။

ကျွန်တော်တို့သည် လသာဆောင်ပေါ်မှာ စောင်တစ်ထည်ဖြင့် ခင်းပြီး ထွက်ထိုင်တတ်ကြသည် စူဇီကတော့ သူ့သားကလေးနှင့် စောင်ပေါ်မှာ ဆော့ကစားနေလေ့ရှိ သည်။ သည့်နောက် ဆိပ်ကမ်းမှာ စောင့်နေသည့် ကလေးထိန်းကလေးဆီသို့ ကလေးပြန်ပို့သည်။ ကလေးထိန်းက ကလေးကို ကျောမှအဝတ်နှင့် သိုင်းပိုးရင်း ပြန်သွားတတ်သည်။ ကလေးကလည်း ချက်ချင်း အိပ်ပျော်သွားတတ်သည်။ ကလေးနှင့် ကလေးထိန်း ထွက်သွားသောအခါ ဘားခန်းထဲသို့ သူ ပြန်ဝင်သွားတော့သည်။

သူ့အမျိုးသမီးသူငယ်ချင်းများကိုလည်း ကျွန်တော့အခန်းသို့ ခေါ်လာတတ်သည်။ ကျွန်တော့်အခန်းသို့ လေ့လာရေးထွက်လာပြီး လာရောက်လှလာကြသလို သူက တစ်ခုချင်း ရှင်းပြနေတတ်သည်။ ကျွန်တော် ပန်းချီကားများကိုပြပြီး တန်ဖိုးကိုလည်း သူထင်ရာမြင်ရာတွေ ပြောနေ တတ်သည်။

"ဟောဒါကခေါင်းဖြီးတဲ့ဘီး...... တကယ့်ငွေအစစ်....... သိတယ်မဟုတ်လား၊ (အမှန်က ငွေမဟုတ်ပါ)၊ ငါ့ရည်းစားရဲ့ လက်ပတ်ကြိုးကို ပြရဦးမယ်၊ ဟောဒီမှာ ရွှေအစစ်......

ဒေါ်လာသုံးရာလောက်တန်တယ်"

ပြီးတော့ စားပွဲအံဆွဲကို သူဆွဲဖွင့်သည်။

"ကိစ္စမရှိပါဘူး......... စိတ်မပူပါနဲ့ ကိုယ့်ရည်းစားက သဘောကောင်းပါတယ်၊ ဘယ်လိုမှ မအောက်မေ့ပါဘူး"ဟု ပြောသည်။

နောက်ဆုံးတော့ တိပ်ရီကောဒါဆီ ရောက်လာသည်။ ငှားထားသည်ဟု ဖွင့်မပြောဘဲ ဒေါ်လာနစ်ထောင် တန်သည်ဟု ဇာတ်လမ်းခင်းတော့သည်။ ပြီးတော့ ကျွန်တော့်ကိုခေါ်ကာ သူ့သူငယ်ချင်းများ၏ အသံကို ဖမ်းခိုင်းတော့သည်။ ကျွန်တော် အသံဖမ်းနေခိုက်တွင် စူဇီကတော့ သည်ရီကော်ဒါကို သူတိုယ်တိုင်ပင် တီထွင်ထားလေဟန် ပုံစံမျိုး ဖမ်းနေတတ်သည်။

အမျိုသမီးတွေကို ကျွန်တော့အခန်းထဲမှာ နေတတ် ထိုင်တတ်ဖြစ်လာကြပြီဆိုသည်နှင့် တစ်ပြိုင်တည်း ကျွန်တော်အလုပ်လုပ်စရာ ရှိနေသေးသည်ဟုပြောကာ အားလုံးကို သူမ,ထုတ်သွား တတ်သည်။ ထိုသို့ မ,ထုတ်သွားရင်း စကြံ့ထဲရောက်တော့ သူက ဆက်ပြောသေးသည်။

"ကိုယ့်ရည်းစားက တကယ့်ပုဂ္ဂိုလ်ကြီး.......သိယ်မဟုတ်လား...... တစ်နေ့ကျရင် သူဆွဲထားတဲ့ ပန်းချီကားတွေ အားလုံးအတွက် ဒေါ်လာငါးထောင်ကြီးများတောင် ရဦးမှာ၊ အို...... မဟုတ်ဘူး....... မဟုတ်ဘူး.... တစ်ကားကို ငါးထောင်ရမှာ......"

သူသည် ယောက်ျားတွေကိုလည်း ခေါ်လာတတ်သည်။ သင်္ဘောသားကလေးများ၏ လစာမှာ မများလှပါ။ ထိုအထဲက ကျွန်တော့်အခန်းထဲ အချိန်လာဖြုန်းနေသည့်အတွက် သူတို့ကို ပြန်သွားခိုင်း ရသည်လည်း ရှိတတ်သည်။

တစ်ကြိမ်တွင်မူ ရေကြောင်းပညာ လေ့လာနေသော အမေရိကန် ဥပဒေကျောင်းသားကို ကျွန်တော့

ဆီခေါ်လာပြီး မိတ်ဆက်ပေးသည်။ ကျွန်တောတို့ စကားလက်ဆုံကျရင်း နောက်တော့

အငြင်းအခုံဖြစ်ကြရသေးသည်။ စူဇီနှင့် အချိန်မဖြုန်းရဘဲ ကျွန်တော်နှင့် ညလုံးပေါက် စကားထိုင်ပြော နေသည့်အတွက် ကျွန်တော်က တောင်းပန်စကားပြောမိသည်။

"အရေးမကြီးပါဘူးဗျာ..... ကျွန်တော်ကလည်း အဲဒီအမျိုးသမီးကို စိတ်မဝင်စားပါဘူး၊ ကျွန်တော်ပြောတာ သဘောပေါက်တယ် မဟုတ်လား" ဟု သူပြောသည်။

"ဟ...... ဘာသဘောလဲ... သူနဲ့ ဘာမှမလုပ်ဘဲ မောင်ရင်က ဘာဖြစ်လို့ အလကားသက်သက် ငွေကုန်ခံတာလဲ"

"ဒါကဒီလိုလေ... သင်္ဘောပေါ်မှာရှိတဲ့ အကောင်တွေက ကျွန်တော့ကို အခြောက်လို့ ထင်ကြတယ်၊ ဒါကြောင့် သူတို့နဲ့ အတူတူ ဒီနေ့ည ထွက်လာတယ် သူတို့ရှေ့မှာဘဲ အဲဒီအမျိုး သမီးကို

ခေါ်လာခဲ့တယ်၊ ကျွန်တော်ဟာ ယောကျ်ားပီသတဲ့ လူတစ်ယောက်ဖြစ်ကြောင်း သူတို့ကို သက်သေ ထူပြလိုက်တာပါ"

"ဒီလိုဆိုရင် တစ်ညလုံး ငါနဲ့ထိုင်ပြီး ဆွေးနွေးနေတယ်ဆိုတာ သူတို့ကို ပြန်မပြော တော့ဘူးပေါ့"

"ဘယ်ပြောပဲ့မလဲဗျာ ... တစ်ညလုံး သူတို့စံချိန်တွေ ချိုးပစ်လိုက်တယ်လို့ ပြောရမှာပေါ့"

စူဇီသည် သူ့ဖောက်သည်ကို ပစ်ထားခဲ့ပြီး သူတစ်ယောက်တည်းလည်း ရောက်လာတတ်သည်။ ကျွန်တော်တို့ နှစ်ယောက်စကားထိုင်ပြောကြသည်။ ဗိုက်ဆာလာသော အခါ စူဇီက

တယ်လီဖုန်းကောက်ကိုင်ပြီး အနီးဝန်းကျင်မှ စားသောက်ဆိုင်တစ်ခုခုသို့ စားစရာ လှမ်းမှာတတ်သည်။ သန်းခေါင်းကျော်မှာလည်း မှာနိုင်သည်။ လင်းအားကြီးမှာလည်း မှာနိုင်သည်။

ထိုသို့မှာပြီး ခဏအကြာတွင် တောင်းနှစ်လုံးကို ရှေ့နောက်ထမ်းကာ ထမ်းပိုးနှင့် လျှို့ထမ်းလာသော အထမ်းသမား ရောက်လာတတ်သည်။ တောင်းထဲမှာ ကြက်သား၊ ဂဏ်သား၊ ငါး၊ စားစရာ အစုံပါသည်။ အမျိုးအမည်များကို ကျွန်တော်မသိ။ ခေါ်လည်း မခေါ်တတ်။ အလွန်ခံတွင်းတွေ့သည်။ ငွေရှင်းပေး ရတော့လည်း အလွန်စျေးသက်သာကြောင်း တွေ့ရသည်။ ကျသင့်ငွေကို စူဇီက သူပေးဖို့ အမြဲကြိုးစား တတ်သည်။ ကျွန်တော်က အပေးမခံ။ သို့သော် တစ်ခါ တစ်ရံသူပေးသွား သည်လည်း ရှိသည်။ ကျွန်တ်ပေးသည့် အခါတွင် အထမ်းသမားကို ဘောက်ဆူး ဘယ်လောက်ပေးရသလဲဟု မေးတတ်သည်။

"ပြားငါးဆယ်" ဟု ကျွန်တော်က ပြောသည်။ ပြားငါးဆယ်သည် အများပါ။ ခုနှစ်ပဲနိလောက်သာ ကျပါသည်။

"သိပ်များတယ်... ဒါလောက်မပေးနဲ့လို့ အစ်ကို့ကို ပြောထားတယ် မဟုတ်လား"

"ဟုတ်တယ်..... အထမ်းသမားကို ပြားငါးဆယ်သာပေးနေရင် တစ်နေ့ ကျုအစ်ကိုလည်း ဆင်းရဲမှာပဲ၊ ပြားနှစ်ဆယ်ဆို တော်ပြီ၊ သူသိပ်သဘောကျသွားပြီ"

တစ်ည အချိန်မတော် စူဇီရောက်လာပြန်သည်။ ထိုနေ့ညက စူဇီနှင့် ပတ်သက်ပြီး အံ့ဩတကြီး အဖြစ်တစ်ခုနှင့် ကျွန်တော့ကြုံရသည်။

ပင်မင်းဆိုင်မှ ငွေတောင်းခံလွှာရောက်လာသည်။ တရုတ်လို ရေးထားသည် ကျသင့်ငွေမှာ စုစုပေါင်း ကျသင့်တာထက် ပိုနေသည်ဟု ကျွန်တော်ထင်သည်။ ထို့ကြောင့် ငွေတောင်းခံလွှာထဲမှ အဂတ်အစား အမျိုးအမည်များ ဖတ်ပြရန် စူဇီကို ကျွန်တော်ကပြောသည်။ သူက တစ်ချက်ကလေး ကြည့်ရုံသာ ကြည့်သည်။
"ဘာမှမမှားပါဘူး အစ်ကို"
"ဒါပေမဲ့ ကိုယ်ဘာတွေလျှော်ခိုင်းလိုက်တယ် ဆိုတာမှ မင်းမသိပဲ"ဟု ပြန်ပြောသည်။
"အဲဒီ ပင်မင်းဆိုင်က အင်မတန်ရိုးသားပါတယ်အစ်ကို၊ ဘယ်တော့မှ မဟုတ်တာ မလုပ်ပါဘူး"
"ဒီလိုဆိုရင်တော့ ဒီတစ်ခါ သူမဟုတ်တာလုပ်ပြီဆိုတာ သေချာတယ်"
သာမန်အားဖြင့်ဆိုလျှင် ကျွန်တော့်ကို ငွေပိုတောင်းမှာ လူလိမ်မှာကို အမြဲတမ်း သူပူပင်လေ့ရှိသည်။ ယခုမူ ထိုသို့မဟုတ်။
"ဘာပဲဖြစ်ဖြစ် ရုပ်အင်္ကျီဘယ်နှစ်ထည်အတွက် သူငွေယူထားသလဲ ကြည့်ပေးစမ်းပါ၊ ပြီးတော့ တခြားရေးထားတာတွေက ဘာလဲ" ဟု ကျွန်တော်ကဆက်မေးသည်။
ငွေတောင်းခံလွှာကို လက်ထဲမှာကိုင်ပြီး သူလေ့လာနေသည်။ ပြီးတော့ ကျွန်တော့်ကို သူမော့ကြည့်သည်။ တည့်တည့်စိုက်ကြည့်ခြင်းဖြစ်သည်။ သူအဖြေရခက်နေပြီကို ဖွင့်ပြောတော့မည်

ဆိုသည့် အကြည့်မျိုးဖြစ်သည်။
"အရင်တုန်းက အစ်ကို့ကို ဖွင့်မပြောခဲ့ဖူးသေးတာ ကျွန်မမှာ ရှိနေတယ်အစ်ကို၊ ဘာကြောင့်လည်းဆိုတော့ ကျွန်မသိပ်ရှက်လို့ပါ"
"ဘာကို ဖွင့်မပြောခဲ့တာလဲ"
"ကျွန်မစာမဖတ်တတ်ဘူး"
"ဘာ......."
"လုံးလုံးမတက်ပါဘူး အစ်ကိုရယ်"
မယုံကြည်နိုင်အောက်အောင် ကမန်တော် အံ့သြတကြီး ဖြစ်သွားမိပါတော့သည်။ စူဇီသည် စာမတတ် ပေမတတ်မိန်းကလေး ဖြစ်သည်ဟု သိနိုင်လောက်သောအကြောင်းလည်း မပေါ်ဖူးခဲ့။

ဘားခန်းထဲမှာ ရှိသော အမျိုးသမီးအများစုသည် ထိုက်အလျောက် ရေးတတ် ဖတ်တတ်သူများသာ ဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ထို့ကြောင့် စူဇီလည်း အများနည်းတူ ရေးတတ်ဖတ်တတ်သည်ဟု

ကျွန်တော်ထင်ခဲ့သည်။ ထိုမျှမကသေး။ သူနေပုံထိုင်ပုံ ပြောပုံဆိုပုံ တွေးပုံခေါ်ပုံများကို ကြည့်ခြင်းအားဖြင့် အဆင့်အတန်းနိမ့်သော ပတ်ဝန်းကျင်မှာ ကြီးပြင်းခဲ့ရသည်ဟု ထင်မြင်စရာ အကြောင်းမရှိ။
"ဒါပေမဲ့ စူဇီ၊ မင်းနာမည်ကို မင်းရေးနေတာ ကိုယ်မြင်နေရတာပဲ"
သူ့နာမည်ကို တရုတ်လိုရော အင်္ဂလိပ်လိုပါ ရေးနေသည်ကို ကျွန်တော် ပြန်အမှတ်ရနေမိသည်။ အင်္ဂလိပ်လို 'စူဇီ'ဟု ရေးတာတောင် (Z) စာလုံးက ပြောင်းပြန်ဖြစ်နေသည်။ ပြီး အဆက်ကလေး များလည်း မဆက်မိဘဲ ဖြစ်နေသည်။
"ဟုတ်ပါတယ် .... ကျွန်မနာမည်တစ်ခုကိုပဲ ရေးတတ်ပါတယ်၊ ကျွန်မနာမည်ကို ရေးတတ်အောင် ဂွမ်နီက သင်ပေးလို့"

"ဒါဖြင့် ဘဏ်တိုက်က စာရွက်ကလေး အပေါ်မှာ ကိုယ်စားရေးပြီး ပို့လိုက်တာ ကျတော့ရော အဲဒါလည်း ဂွမ်နီကပဲ ဖတ်ပြသလား"

"ဟုတ်ပါတယ်..... အစ်ကိုပြောတာ ဒီဟာမဟုတ်လား"

သူက ပြောပြောဆိုဆို ပိုက်ဆံအိတ်ကိုဖွင့်ပြီး စာရွက်ကလေးကို ထုတ်ပြသည်။

"တယ်ဟုတ်ပါလား... အခုအထိ ဒီစာရွက်ကလေးရှိနေတုန်းပဲလား"

"ဟုတ်ပါတယ် ကျွန်မ သိမ်းထားတာ"

"ဘာလုပ်ဖို့ သိမ်းထားတာလဲ စူဇီ"

"အစ်ကိုရေးလိုက်တာကလေးကို သဘောကျလို့လေ၊ အစ်ကိုရေးလိုက်တာ သိပ်ချစ်စရာ ကောင်းတာပဲ၊ မင်းမရှိတော့ ငါမပျော်နိုင်ဘူး၊ မင်းကို လွမ်းနေတယ်... လို့ ရေးတယ် မဟုတ်လား၊ ဂွမ်နီက ကျွန်မကို ဒီအတိုင်း ပြောတယ်"

ထိုသို့ပြောရင်း သူ့အမူအရာသည် မသေချာ မရေရာသလိုဖြစ်သွားပြန်သည်။

"ဂွမ်နီ တမင်ဖန်တီးပြောတာလည်း ဖြစ်ချင် ဖြစ်မှာပေ့ါလေ"

"မဟုတ်ပါဘူး စူဇီ... သူဖန်တီးပြောတာ မဟုတ်ပါဘူး"

"အစ်ကိုရေးတာ ဒီအတိုင်းပဲလားဟင်"

"ဒီအတိုင်းပါပဲ"

"ကျွန်မဆီကို ဘယ်သူမှ ဒီလို မရေးဖူးသေးဘူး"

"အင်း... ကိုယ်တကယ် ပြောတာပါ၊ စိတ်ထဲရှိတဲ့အတိုင်း ရေးလိုက်တာပါ၊ မင်းကို တကယ်ပဲ လွမ်းမိပါတယ်"

"အစ်ကို့စိတ်ထဲက ခံစားချက်တစ်မျိုးပြောင်းသွားလို့ ဖြစ်မှာပေ့ါနော်၊ စာမရေးတတ်တဲ့... စာလည်း မဖတ်တတ်တဲ့ ယုတ်ညံ့တဲ့ ယမ်ယမ်ကလေးမလေး အဖြစ်ကို ဂရုမစိုက်တော့လို့လည်း ဖြစ်မှာပေ့ါနော်"

"စူဇီ အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့"

"တစ်ခါတုန်းကတော့ စာသင်ကြည့်ဖူးပါသေးတယ်၊ အရင် နှစ်နှစ်လောက်ကပေ့ါ၊ ဒါပေမဲ့ စာလုံးတွေက ထောင်နဲ့ချီ ရှိနေတာ မဟုတ်လား၊ သိပ်ခက်တာပဲ အစ်ကိုရယ်"

"တစ်ခါမှ ကျောင်းမနေဖူးဘူးလား စူဇီ"

"မနေဖူးဘူး... ကျွန်မ ဦးလေးက ကျောင်းထားမပေးဘူး၊ တစ်စက်ကလေးမှ ကောင်းတဲ့ ဦးလေး မဟုတ်ပါဘူး အစ်ကိုရယ်၊ သိတယ်မဟုတ်လား"

ထိုမှစပြီး သူ့ကလေးဘဝအကြောင်း၊ သူ့ဘဝအကြောင်း၊ ဟောင်ကောင်ကို မည်သို့ မည်ပုံ ရောက်လာကြောင်း၊ နမ်ကောက်တွင် မည်သို့ စတင်အလုပ်လုပ်ခဲ့သည့်အကြောင်းများကို စီကာပတ်ကုံး ပြောပြတော့သည်။

သူ့အဖေသည် စီးပွားရေးလုပ်ငန်းကြီးများကို လုပ်ကိုင်ရင်း အောင်မြင်နေသူဖြစ်သည်။ ရှန်ဟဲတွင် နေထိုင်ပြီး ကိုယ်ပိုင် သင်္ဘောများဖြင့် ဖိလစ်ပိုင်နှင့် ကုန်ကူးနေသူဖြစ်သည်။ စူဇီကတော့ သူ့အဖေသည် သူပိုင်သင်္ဘောတစ်စီးဖြင့် မနီလာသို့ ထွက်ခွာသွားသည့် အချိန်ကလေးအထိသာ မှတ်မိတော့သည်။

သူ့အဖေ ခရီးမထွက်မီ သူ့အမေက ဗေဒင်ဆရာထံ သွားပြီး ဗေဒင်မေးကြည့်သေးသည်။ အဖေ ခရီးထွက်မည့်နေ့သည် ခရီးမသွားကောင်းသည့်နေ့ဖြစ် ကြောင်း၊ ဘေးအန္တရာယ်နှင့် ကြုံတွေ့ နိုင်ကြောင်း ဗေဒင်က ဟောသည်။ အမေက အဖေ့ကို အမျိုးမျိုးတောင်းပန်ပြီး ကန့်ကွက်သည်။ သို့သော်လည်း အဖေ့စီးပွားရေးလောဘက ဗေဒင်ကို မယုံကြည်နိုင်လောက်အောင် ဖုံးလွှမ်းထားသည်။

ထို့ကြောင့် ဘယ်လိုတောင်းပန်လို့မှမရ။ သူသတ်မှတ်ထားသည့်နေ့တွင် ကုန်အပြည့် တင်ပြီး သင်္ဘောဖြင့် ထွက်ဖြစ်အောင် ထွက်သွားသည်။ ထိုက စပြီး အဖေ ပြန်မလာတော့။

အဖေသင်္ဘောလည်း မနီလာသို့ လုံးဝမရောက်တော့။ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး နစ်မြုပ် သွားဟန်တူသည်။ နောက်နှစ်တွင် အမေပါ ဆုံးသွားသည်။ ထိုအချိန်က စူဇီသည် ငါးနှစ်သမီးအရွယ် ကလေးသာ ရှိသေးသည်။ သူ့ကို အဖေ့ညီက ကောက်ယူမွေးစားသည်။

ဦးလေးသည် ယစ်ထုပ်ကြီးဖြစ်၏။ အကျင့်စာရိတ္တကောင်းသူလည်း မဟုတ်။ အလုပ်ကိုလည်း မည်မည်ရရမလုပ်။ သူ့မှာ သမီးနှစ်ယောက်ရှိသည်။ ထိုသမီးနှစ်ယောက် ကိုတော့ ကျောင်းထားပေးသည်။ တရုတ်မိသားစုတို့၏ ထုံးတမ်းစဉ်လာအတိုင်းဆိုလျှင် စူဇီကိုလည်း သမီးများနှင့် တန်းတူ အခွင့်အရေး ပေးရမည် ဖြစ်သည်။

သို့သော်လည်း ဦးလေးကတော့ စူဇီကို အစေခံအဆင့်မှာသာ ထားသည်။ မိန်းကလေး စာသင်ပေးလို့ အပိုပေ့ါဟု ဆိုကာ ကျောင်းထားမပေး။ သူ့အဖေ ၏ စီးပွားရေးလုပ်ငန်းအားလုံးကိုလည်း

ဦးလေးကသာ ဦးစီးလုပ်ကိုင်သည်။ သူတို့ပိုင်သည့် သင်္ဘောအားလုံး၊ ပစ္စည်းအားလုံးကိုလည်း ဦးလေးက လက်ဝါးကြီးအုပ်လိုက်သည်။ သို့သော် စူဇီ လူလားမြောက်လာသည့် အချိန်တွင်မူ ထိုပစ္စည်းပစ္စယ များအားလုံး တက်တက်ပြုန်းလေပြီ။

စူဇီ၏ ဘဝတစ်လျှောက်လုံးတွင် သံယောဇဉ်တွယ်တာစရာ ဆိုလို့ ဦးလေး၏ သမီးအငယ် အစ်မဂမ်းကွဲ ယူလန်းတစ်ယောက်သာ ရှိသည်။ ယူလန်းက သဘောကောင်း သည်။ ဖြစ်သလို

နေတတ်သည်။ ဘာကိုမှ လေးလေးနက်နက် သဘောမထား။ ပျင်းလည်း ပျင်းသည်။ မည်သို့ဆိုစေ စူဇီကိုတော့ ယူလန်းက ချစ်သည်။ စူဇီကလည်း ယူလန်းကို အချစ်ကြီးချစ်မိသည်။ ယူလန်းဘာလုပ်နေနေ စူဇီကတော့ သဘောကျ ကျေနပ်နေစမြဲ။

တရုတ်ပြည်တွင် ကွန်မြူနစ်ပါတီ အာဏာရလာသောအခါ ယူလန်း အသက်နှစ်ဆယ် ရှိပြီ။ စူဇီကား ဆယ့်ခြောက်နှစ်။ မကြာမီပင် ဟောင်ကောင်ရှိ အမျိုးတွေထံ သွားရောက်လည်ပတ်မည်ဟု ယူလန်းက

လိမ်လျှောက်သည်။ အစိုးရက သွားခွင့်ပြုလိုက် သည်။ ယုလန်းထွက်ခွာသွားခြင်းသည် စူဇီအဖို့ အကြီးမား ဆုံးသော ဘေးအန္တရာယ် ကျရောက်ခြင်းပင် ဖြစ်တော့သည်။ တစ်ပတ်လုံးလုံး မနားတမ်း ငိုကြွေး နေခဲ့သည်။

တစ်နေ့တော့ သူ့ဦးလေးက စူဇီကို ခေါ်ပြီး ဘာကြောင့် ဒါလောက်တောင် ငိုနေရ သလဲဟု မေးသည်။

"ယူလန်းကို ကျွန်မ အရမ်းချစ်လို့ပါ၊ အခု သူထွက်သွားပြီ၊ သူ့ကို လွမ်းလို့ ငိုမိတာပါ" ဟု စူဇီက ပြန်ဖြေသည်။

"မငိုနဲ့တော့... မင်း အခု လူကြီးဖြစ်နေပြီ၊ လူကြီးဆိုတာ မငိုရဘူး၊ မင်း လူကြီးဖြစ်နေတာ ငါလည်း အခုမှ သတိထားမိတယ်" ဟု ဦးလေးက ပြောသည်။

"ကျွန်မ လူကြီးမဖြစ်သေးပါဘူး ဦးလေးရယ်... ကလေးပဲ ရှိပါသေးတယ်"

"ဒီလိုဆိုရင် မင်း ကလေးမဟုတ်ကြောင်း ပြရတာပေါ့ကွာ ... လာ... လိုက်ခဲ့"

သူ့ဦးလေးနောက်သို့ လိုက်သွားသည်။ ထိုနေ့က စူဇီ၏ ဘဝတစ်ဆစ်ချိုးပြောင်း ရရှာသည်။ သည်တုန်းက သူ့အသက် ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် စူဇီမှာ ခိုကိုးရာမဲ့သူမို့ တခြားသို့လည်း ထွက်မပြေးရဲ။ သည်အတိုင်း နေရင်း သူ့ဘဝကို အဆုံးခံနေရရှာသည်။

ထို့နောက်ပိုင်းတွင် ယူလန်းထံမှ လစဉ် ဒေါ်လာငါးဆယ် ပို့ပေးလေ့ရှိသည်။ ဟောင်ကောင်ရှိ ဈေးဆိုင်တစ်ဆိုင်တွင် တစ်လ ဒေါ်လာလေးရာဖြင့် အလုပ်ရနေပြီဟု ဆိုသည်။

စူဇီသည် ယူလန်းကိုသာ တမ်းတနေမိသည်။ ယူလန်းဆီသို့ ထွက်ပြေးဖို့သာ ကြံစည်နေသည်။ မဖြစ်နိုင်သော အစီအစဉ်များကို ချမှတ်နေသည်။ တစ်နေ့တော့ သူ့ဦးလေးက သူ့ကို ခေါ်ပြန်သည်။

" ဟောင်ကောင်မှာ ရှိနေတဲ့ယူလန်းနဲ့ အတူတူသွားနေဖို့ မင်းစိတ်ကူးဖူးသလား" ဟု မေးသည်။

"တစ်ခါမှ စိတ်မကူးဖူးပါဘူး"

စူဇီက ထိတ်ထိတ်လန့်လန့် ဖြင့်ပြန်ဖြေသည်။ သူစိတ်ကူးနေသည်များကို ဦးလေး သိသွားပြီဟုလည်း တွေးထင်နေမိသည်။

"ဒီလိုစိတ်ကူးမျိုး ကျွန်မ ခေါင်းထဲကို တစ်ခါမှ မရောက်ဖူးပါဘူး" ဟုလည်း ကာကွယ်သည်။

"ဒီလိုဆိုရင် အခု စဉ်းစားပေတော့၊ ဟောဒီမှာ ယူလန်းက စာရေးလိုက်တယ်၊ သူ အလုပ်လုပ် နေတဲ့ဆိုင်မှာ မင်း အလုပ်ရမယ်တဲ့၊ သူ့လိုပဲ တစ်လကို ဒေါ်လာလေးရာ ရမယ်တဲ့၊ မင်းကို မိဘမဲ့ဘဝကနေ လူတလုံး သူတလုံးဖြစ်လာအောင် ကျွေးမွေးခဲ့တဲ့ တို့ ကျေးဇူးကို မမေ့နဲ့၊ ဒီကျေးဇူးကို မင်း ပြန်ဆပ်ရမယ်၊ ဒါကြောင့် ဟိုမှာ အလုပ်သွားလုပ်ပြီး ငါ့ဆီကို တစ်လ ဒေါ်လာတစ်ရာ မှန်မှန် ပြန်ပို့ ... ကိုင်း ... ဘယ်လိုသဘောရသလဲ"

"ဒီအိမ်ကို ကျွန်မ ခွဲမသွားနိုင်ပါဘူးရှင်" သူ့ကို ထောင်ဖမ်းသည်ဟု စူဇီက သင်္ကာမကင်းဖြစ်နေဆဲ ရှိသည်။

"မင်းကို လွှတ်တော့ မလွှတ်ချင်ဘူးပေါ့၊ မင်းကို လွှတ်ရမယ်ဆိုရင် ငါ့မှာလည်း တစ်ဖက်က ဆုံးရှုံးရတာပဲ၊

ဒါပေမဲ့ မင်းကျေးဇူးရှင်တွေကို ရှာဖွေကျွေးမွေးခွင့်ရတဲ့ အခွင့် အရေးကို ပိတ်ပင်ပစ်ရင် ငါ့အနေနဲ့ တစ်ကိုယ်ကောင်း ဆန်ရာ ကျတယ်၊ ဒါကြောင့် မင်း ဟိုမှာ အလုပ်သွားလုပ်ပြီး ငွေဆီကို လတိုင်း ဒေါ်လာတစ်ရာ မှန်မှန် ပြန်ပို့ပါ"

နောက် ခြောက်လကြာတော့ စူဇီ ခရီးသွားခွင့်ရသည်။ ရှန်ဟဲမှ ရထားဖြင့် ထွက်ခဲ့သည်။ သူ့တစ်သက် တွင် တစ်ခါမှ ခရီးမထွက်စဖူး။ မြို့ပြင်ဘက် မိုင်အနည်းငယ်ခန့်သို့သာ ရောက်ဖူးခဲ့သည်။

ကန်တုန်တွင် ရထားပြောင်းစီးရသည်။ နယ်ကြားခြားသို့ရောက်ပြီး တရုတ်ပြည်ကြီးက နောက်ပိုင်းမှာ ကျန်ခဲ့သည်။ ဗြိတိသျှကိုလိုနီ ဖြစ်သော ဟောင်ကောင်ပိုင်နက်တွင်းသို့ ခြေချမိပြီ။

နယ်ခြားမှာ ရထားပြောင်းရပြန်သည်။ ယောက်ျားတွေ၊ မိန်းမတွေ၊ ကလေးတွေ၊ ခြင်းတွေနှင့် ထည့်ထားသောဂက်တွေ ကျွတ်ကျွတ်ညံနေသည့် ရထားတွဲထဲမှာ နေရာရခဲ့သည်။

အခြားခရီးသည်များ ပြောဆိုနေကြသည့် တရုတ်စကားမှာ ကန်တုန်တရုတ် စကားများဖြစ်သောကြောင့် သူ နားမလည်။

ကိုလုန်းဘူတာရုံမှာ ရထားဆိုက်သည်။ သူ့ကို လာကြိုနေသည့် ယူလန်းကို ပလက်ဖောင်းပေါ်မှာ မြင်လိုက်ရသည်။ စူဇီသည် ဟန်မဆောင်နိုင်တော့ဘဲ အပြေးသွားကာ ယူလန်း၏ ရင်ခွင်တွင်းသို့

ဂင်လိုက်မိသည်။ ပြီးတော့ ဂမ်းသာလွန်းသဖြင့် မျက်ရည်များ သွန်ချ လိုက်မိတော့သည်။

ယူလန်းသည် မလိုအပ်ဘဲ အပိုငွေကုန်ခံသူမဟုတ်။ သို့သော်လည်း ထိုနေ့တုန်း ကတော့ တက္ကစီငှားပြီး သူ့အခန်းရှိရာသို့ စူဇီကို ခေါ်လာခဲ့သည်။ အခန်းကလေးက ကျဉ်းတော့ ကျဉ်းပါသည်။

သို့သော်လည်း ယူလန်းပိုင်သည့် အခန်းဖြစ်သည်။

ယူလန်းက အိပ်ရာပေါ်မှာ သက်သောင့်သက်သာ လဲလျောင်းရင်း ပန်းကန်ပြားထဲမှ ကွာစေ့လှော်များကို ယူစားနေသည်။ စူဇီကတော့ စိတ်လှုပ်ရှားရလွန်းသဖြင့် ထိုင်ပင် မထိုင်နိုင်။

မတ်တတ်ရပ်ပြီး ပြူတင်းပေါက်မှ အပြင်သို့ ကျော်ကြည့်နေမိသည်။ လမ်းပေါ်မှာ ဆူညံကာ ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသည်။

"မမ အလုပ်လုပ်တဲ့ဆိုင်က ဘယ်လောက်ဝေးသလဲဟင်၊ ဒီလမ်းထဲမှာပဲလား" ဟု ယူလန်းကို လှမ်းမေးသည်။

ယူလန်းက ကွာစေ့လှော်စားရင်း ရယ်နေသည်။ အခွံများကို ထွေးခံထဲသို့ ပစ်ထည့် နေသည်။ ယူလန်း၏ ကိုယ်လုံးသည် အများကြီးဂနေသော်လည်း အခါတိုင်းထက် ပို၍ လှနေသည်။ ပိုးသားအစစ် ဘေးကွဲ တရုတ်ဂါဂန် အကောင်းစားကို ဂတ်ထားသည်။

"တကယ်ကတော့ ဈေးဆိုင်မှာ အလုပ်လုပ်တာ မဟုတ်ပါဘူးကွယ်၊ အိမ်သားတွေ စိတ်ချမ်းသာအောင် လိမ်ပြောတာပါ၊ ဒီကို ရောက်စတုန်းကတော့ ဈေးဆိုင်တစ်ဆိုင်မှာ တစ်ပတ်လောက်ကြာအောင် အလုပ်လုပ်ပေးပါသေးတယ်၊ ဒါပေမဲ့ အဆင်မပြေပါဘူး၊ တစ်နေ့နဲ့ ညတစ်ဂက်အလုပ်လုပ်မှ တစ်လကို

ဒေါ်လာတစ်ရာ့ငါးဆယ်ပဲရတယ်၊ လူနှစ် ဆယ်လောက်နဲ့ အခန်းတဲမှာ စုနေပြီး ကျောင်းစရာ နေရာကလေးတစ်ခုနဲ့ ရောင့်ရဲနိုင်မှ လောက်ငရုံပဲရှိတဲ့ ငွေပါ၊ နောက်ပြီးတော့လည်း ဆိုင်ရှင်တွေက ကန်တုန်တရုတ်တွေများတယ်၊ ကန်တုန်စကားမပြောတတ်သူကိုလည်း သူတို့က သဘော မကျဘူး၊ ဆက်ဆံရာမှာလည်း အရမ်းနိမ့်တယ်။

"ဒီလိုနဲ့ ကံအားလျော်စွာ ရှန်ဟဲအမျိုးသမီးတစ်ယောက်နဲ့ သွားတွေကတယ်၊ သူက ကလပ်မှာ အလုပ်လုပ်နေတာ၊ သူက မန်နေဂျာနဲ့ မိတ်ဆက်ပေးတယ်၊ အဲဒီအချိန်ကစပြီး အခုထက်ထိ မမလည်း ကလပ်မှာပဲ အလုပ်ဆက်လုပ်နေတော့တယ်၊ မင်းအကြောင်း မမက မန်နေဂျာကို ပြောပြတယ်၊ မင်းအသက် ၁၆ နှစ်ပဲ ရှိသေးတယ်လို့ မမက ပြောတော့ သူ သိပ်သဘောကျသွားတယ်၊

မင်းအသက် ၁၇ နှစ်ရှိပြီဆိုတာ မမ သိပါတယ်၊ ဒါပေမဲ့ ကလပ်မှာ အသက်ငယ်လေ မျက်နှာပွင့်လေပဲ၊ ဒါကြောင့် မိန်းကလေးတိုင်း အသက် သိပ်မကြီးခင် ဒီအလုပ်ကို စလုပ်ကြတာ"

"ကလပ်ဆိုတာ ဘာလဲ" ဟု စူဇီက ပြန်မေးသည်။

"ရှန်ဟဲမှာ အရင်တုန်းက ရှိခဲ့တာမျိုးပေါ့၊ ကွန်မြူနစ်တွေ တက်လာတော့ ပိတ်ပစ် လိုက်တယ်လေ၊ အခု မမလုပ်နေတဲ့ ကလပ်က သိပ်သားနားတယ်၊ တီးဝိုင်းကောင်းကောင်းလည်းရှိတယ်။

သူဌေးတွေမှ လာနိုင်တာ၊ ဟောင်ကောင်မှာကလည်း သူဌေးတွေက ရိုက်သတ်လို့ မကုန်နိုင်ဘူး မဟုတ်လား၊ အတွဲ အတွက် တစ်နာရီကို ရှစ်ဒေါ်လာပေးရတယ်၊ အတွဲက တစ်ဝက်ရတယ်၊ တွဲကရုံလေး အတွက် တစ်နာရီကို လေးဒေါ်လာ"

"ဒီအတိုင်းဆိုရင် တစ်ည တစ်ည ပိုက်ဆံတွေ အများကြီးရမှာပေါ့နော်" ဟု စူဇီက မေးသည်။

"အင်း... အမြဲတမ်း ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ဘယ်သူကမှ မတွဲလို့ တစ်ညလုံး ဒီအတိုင်း ထိုင်နေရတဲ့ မိန်းကလေးတွေလည်း အများကြီးရှိတယ်၊ ကိုယ်အဂယ်ခံရတဲ့ အခါကျတော့မှ တကယ့် ပိုက်ဆံကို ရတာ"

"အဂယ်ခံရတယ်...... အဲဒါက ဘာအဓိပ္ပာယ်လဲ"

"ဒီလိုလေ ယောက်ျားတစ်ယောက်က မင်းကို သဘောကျပြီဆိုရင် အပြင်ကို ခေါ်သွားမယ်၊ ကလပ်ပိတ်ချိန်အထိ တစ်နာရီကို ရှစ်ဒေါ်လာနှုန်းနဲ့ ရှင်းပေးသွားမယ်၊ အဲဒီငွေအပေါ်ကလည်း မင်းတစ်ဝက် ရမယ်၊ မင်းကိုသူက ညစာကျွေးမယ်၊ ပြီးတော့ ကိုယ်ပိုင် အစီအစဉ်အတွက် မင်းကို ဒေါ်လာ ခြောက်ဆယ် ပေးမယ်၊ အဲဒီငွေကတော့ မင်းတစ်ယောက်တည်း လုံးလုံးလျားလျား ရတဲ့ငွေပဲ"ဟု ယူလန်းက ရှင်းပြသည်။

"သူတို့နဲ့ အပြင်လိုက်သွားပြီး ညစာအတူတူစားပေးတဲ့အတွက် ဒေါ်လာ ခြောက်ဆယ်ကြီးတောင် ပေးတယ်လို့ ဆိုလိုတာလား"

"မင်းက ဘာမှ နားမလည်သေးဘဲကိုး" ဟု ပြောရင်း ယူလန်းက ရယ်သည်။

"ဒီလိုတော့လည်း ဘယ်ဟုတ်မလဲကွယ်၊ ဟိုတယ်တစ်ခုခုမှ တစ်ညနေရမှာပေါ့၊ ဒါပေမယ့် အန္တရာယ်မရှိပါဘူး၊ ယောက်ျားတွေကလူကောင်းသူကောင်းတွေချည်းပါပဲ၊ စစချင်းတော့ မမလည်း လန့်မိတယ်၊ နောက်တော့လည်း အဆင်ပြေသွားတာပါပဲ၊ အခုဆိုရင် ဒီအလုပ်ကို မမသိပ်သဘော ကျနေပြီ"

"ယောက်ျားနဲ့ အတူတူနေရမယ့်အလုပ်ကို စိတ်ကုန်လွန်းလို့ပါ မမရယ်"

စုဇီက စကားပြောမိပြီးနောက် ယုလန်း၏အဖေ သူ့ဦးလေးကြောင့် သူ့ဘဝ ရေတိမ်နစ်ခဲ့ပြီး ဖြစ်သည့်အကြောင်းများကို ဖွင့်ပြောပြနေမိတော့သည်။ သည်အကြောင်း ကြားရလျှင် ယုလန်း တုန်လှုပ် ချောက်ချား သွားလိမ့်မည်ဟု စုဇီထင်ထားသည်။ သို့သော်လည်း ယုလန်း၏ အမူအရာက ဘာမှ မထူးခြားသလိုရှိသည်။

"အဖေကဒီလိုလူစားမျိုး မင်းမသိဘူးလား...... ပိုက်ဆံတွေဟာ အရက်သောက်လို့ ကုန်တာထက် မိန်းကလေး တွေကြောင့် ကုန်ရတာများတယ်၊ ကွန်မြူနစ်တွေ အာဏာရလာတော့ ပြည့်တန်ဆာ အိမ်တွေ ပိတ်ပစ် လိုက်တယ်လေ၊ ဒီတော့ အဖေဟာ ဘယ်မှာမှ မိန်းမရှာလို့ မရတော့ဘူး၊ ဒါကြောင့် မင်းဘက် သူလှည့်လာတာပေါ့"

"မမရယ် ........ ကျွန်မတော့ ဈေးဆိုင်မှာပဲ အလုပ်လုပ်ချင်ပါတယ်"ဟု စုဇီကပြော သည်။

"ဟောင်ကောင်မှာ တစ်လဂင်ငွေ ဒေါ်လာတစ်ရာ့ငါးဆယ်နဲ့ နေရမယ်ဆိုရင် မကြာခင် မင်းစိတ်ပြောင်း လာမှာပါပဲ၊ သြော်...... နောက်တစ်ခု မမမေ့နေတာရှိသေးတယ်၊ မင်းကစာမတတ်ဘူး၊ ဒါကြောင့် တစ်လကို တစ်ရာ့ငါးဆယ် ရနိုင်ဖို့လည်း မလွယ်ဘူး"

"ကလပ်မှာ အလုပ်လုပ်ပြီး ယောက်ျားတွေ ခေါ်ရာကိုတော့ မလိုက်ဘူးဆိုရင်ကော ဖြစ်မလားဟင်"

"မဖြစ်နိုင်ဘူး....... ဒီနေရာဟာ အချိန်းအချက်လုပ်တဲ့နေရာတော့ မဟုတ်ဘူး။ ဒါပေမဲ့ တကယ့်အဖြစ်မှန်ကတော အချိန်းအချက်လုပ်တဲ့နေရာပဲ၊ ကလပ်ကိုလာတဲ့ ဖော်ကသည်တွေအပေါ် တာဝန် မကျေပွန်ဘူးဆိုရင် မန်နေဂျာက မင်းကို ကန်ထုတ်လိုက်မှာပေါ့၊

အေး...... တစ်ခုတော့ ရှိပါတယ်လေ မင်းကိုတော့ မမ အကျပ်မကိုင်ပါဘူး၊ မမခိုင်းတဲ့အလုပ်ကို လုပ်ရတဲ့ အတွက် နောင်တစ်နေ့ ကျတော့ မင်း နောင်တရရတာမျိုးလည်း မဖြစ်စေချင်ပါဘူး၊ ဈေးဆိုင်မှာပဲ လုပ်ချင်သပ ဆိုရင်လည်း ကြိုးစားလုပ်ကြည့်သေးတာပေါ့၊ အဲဒီလိုလုပ်ရင် အခြား အခန်းကျဉ်းလေး တစ်ခုမှာ ကျော်ချရုံတော့ သွားနေဖို့ မလိုပါဘူး၊ ဒီအခန်းထဲမှာပဲ မင်းနေချင်သလောက်နေပါ၊ လခ မယူပါဘူး"

ထိုနေ့ညက ကလပ်သို့ ယုလန်းသွားနေခိုက် စုဇီက အိပ်ရာပေါ်မှာ လှဲရင်း စဉ်းစားခန်း ဝင်နေမိသည်။ ဆုံးဖြတ်ချက် တစ်ခုခုကိုတော့ ချမှတ်ရတော့မည်ဖြစ်ကြောင်း နားလည်သဘော ပေါက် လာသည်။

သူ့ဘဝသည် အပျိုစင်မဟုတ်တော့။ ထို့ကြောင့် ယောက်ျားမရနိုင်တော့။ သူ့ဘဝကို သူ့ဦးလေးက ဖျက်ဆီးပစ်လိုက်ပြီး။ သည်ကစပြီး ယောက်ျားများနှင့် ဆက်ဆံ ရမည်ကို စက်ဆုပ် ရွံရှာခဲ့သည်။ ငြီးငွေ့ ခဲ့သည်။ ဈေးဆိုင်တစ်ဆိုင်မှာ မဖြစ်စလောက် လစာကလေးနှင့် အလုပ်လုပ် ရမည်ဆိုသည်မှာလည်း လွန်စွာမှ ငြီးငွေ့ စိတ်ပျက်ဖွယ်ရာ ကောင်းချေသည်။

သည်လိုဆိုလျှင် ဘာလုပ်မည်နည်း။ နှစ်ခုစလုံးက စက်ဆုပ်ရွံရှာဖွယ်ချည်း ဖြစ်သည်။ ထိုနှစ်ခုအနက် တစ်ခုခုကိုတော့ ရွေးချယ်ရတော့မည်။

ထိုအချိန်မှာပင် ယူလန်းကလည်း ကလပ်တွင် သူဌေးတစ်ယောက်၏ အချိန်းအချက်ကို ငြင်းနေသည်။ ခေါင်းကိုက်သည်ဟု အကြောင်းပြသည်။ သူဌေးက ရှစ်ဆယ့်ငါးဒေါ်လာအထိ တိုးပေးသည်။ သို့သော် ယူလန်းကတော့ တစ်ယာက်တည်းထားခဲ့ရသည့် မီလင်းကိုသာ သတိရနေသည်။

ဟောင်ကောင်သို့ ရောက်လာသည့် ပထမဆုံးညတွင် တစ်ယောက်တည်း ပစ်မထားသင့်ဟု သူစဉ်းစားနေမိသည်။ ထို့ကြောင့် သောကြာနေ့ကျမှ တွေ့ပါရစေဟု တောင်းပန်ပြီး လန်ချားတစ်စီးဖြင့် သူ့အခန်းသို့ ပြန်လာခဲ့သည်။

အခန်းသို့ သူပြန်ရောက်လာတော့ သူ့အဂတ်အစားဗီရိုကို ငေးကြည့်နေသော မီလင်း ကလေးကို တွေ့ရသည်။ သူ့ဗီရိုထဲမှာ အကောင်းစား အဂတ်အစားများ၊ အဖိုးတန်အဂတ်အစားများချည်းရှိသည်။ မီလင်းက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဆီးပြောသည်။

"ကျွန်မဆုံးဖြတ်ချက် ချလိုက်ပြီ၊ ကလပ်မှာပဲ ကျွန်မ အလုပ်လုပ်တော့မယ်"

"သေသေချာချာစဉ်းစားတာရော ဟုတ်ရဲ့လားကွယ်၊ မင်းနဲ့ အဆင်မပြေဖြစ်မှာ စိုးရိမ်ရတယ်၊ လူမျိုးတစ်ရာ့တစ်ပါးနဲ့ ဆက်ဆံရမှာနော်၊ အဘိုးကြီးတွေပါမယ် ကန်တုန် တရုတ်တွေပါမယ်" ယူလန်းက သေချာအောင်ထပ်မေးသည်။

"ဟုတ်ကဲ့.......ကျွန်မသိပါတယ်"

"ဒါပေမဲ့ မင်း အရေးမစိုက်ဘူးပေါ့........"

"အရေးမစိုက်ပါဘူး.... အဲဒီအရှုးတွေကမှ သူတို့ ပိုက်ဆံကို ဖြုန်းတီးပစ်ချင်သပ ဆိုရင် ကျွန်မကလည်း မျက်စိစုံမှိတ်ပြီး အဂတ်အစား အသစ်အဆန်း တွေဂယ်ဖို့ စိတ်ကူးနေလိုက်ရုံပဲပေါ့" ဟု မီလင်းက နောက်ဆုံးတွင် ပြန်ပြောလိုက်လေသည်။

"ဟုတ်ကဲ့.... ကျွန်မသိပါတယ်"

"ဒါပေမဲ့ မင်းအရေးမစိုက်ဘူးပေါ့...."

"အရေးမစိုက်ပါဘူး... အဲဒီအရှုးတွေကမှ သူတို့ ပိုက်ဆံကို ဖြုန်းတီးပစ်ချင်သပ ဆိုရင် ကျွန်မကလည်း မျက်စိစုံမှိတ်ပြီး အဂန်အစား အသစ်အဆန်းတွေဂယ်ဖို့ စိတ်ကူးနေလိုက် ရုံပဲပေါ့"ဟု မီလင်းက နောက်ဆုံး တွင် ပြန်ပြော လိုက်လေသည်။

## အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၆)

### အခန်း(၆)

(၁)

"စူဇီ... မနက်သုံးနာရီတောင် ထိုးနေပြီ၊ မင်းဖောက်သည် ဆီကို ပြန်သွားဦးလေ" ဟု ကျွန်တော် က သတိပေးသည်။

"အရေးမကြီးပါဘူး..."
စူဇီက သူ့ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။
"သူနိုးလာတဲ့အခါ အနားမှာ မင်းမရှိတာကို သိရင် ပြဿနာတွေ ပေါ်ကုန်မယ်နော်"
"ကိစ္စမရှိပါဘူး... အရက်အရှိန်မူးနေတယ်၊ သတိတောင်လစ်နေပြီ..."
စူဇီက ကျွန်တော့်ခုတင်ပေါ်မှာ တင်ပျဉ်ခွေထိုင်ရင်း အရေးမစိုက်သလို ပြန်ပြော သည်။ စားပွဲပေါ်မှာ တရုတ်အစားအစာတွေ ပွစာကြဲနေသည်။ ယနေ့ည အေးသောကြောင့် လသာဆောင်မှာ ကျွန်တော် တို့ထွက်မစား ဘဲ အိပ်ခန်းထဲမှာပဲ စားခဲ့ကြသည်။

"အဲဒါနဲ့ ကလပ်ကနေပြီး ကျွန်မ အလုပ်ထုတ်ပစ်ခံလိုက်ရတာကို ဆက်ပြောပြ ရဦးမယ်"
"အလုပ်ထုတ်ပစ်ခံရတယ် တကယ်ပြောတာလား စူဇီရယ် ဘာကြောင့် အလုပ် ထုတ်ခံရတာလဲ"
"ပိုက်ဆံတွေ ခိုးလို့..."
"ဘုရားရေ ...ဘယ်သူ့ပိုက်ဆံတွေများ မင်းက သွားခိုးရတာလဲ"
ကျွန်တော်က တအံ့တသြကြီး ပြန်မေးသည်။
"အိုး... လူတွေအများကြီးပဲ၊ လူတိုင်းရဲ့ ပိုက်ဆံကို ကျွန်မ ခိုးတာပဲ"

ဘဝအသစ်တစ်ခုအတွင်းသို့ သူရောက်လာပြီ ဖြစ်သည်။ ကလေးဘဝတုန်းက စိတ်ကူး ယဉ်ခဲ့ရသည့်ဘဝတွေလည်း အားလုံး ပျက်စီးသွားပြီ။ အပျိုပေါက် ကလေးဘဝတုန်းက စိတ်ကူးယဉ် ခဲ့ရသော မေတ္တာဇာတ်လမ်းတွေလည်း ကြေမွလွင့်စင် ကုန်ပြီ။ သူ့အဖို့ ဘာကိုမှလည်း လေးလေးနက်နက် သဘောထားနေစရာ အကြောင်းလည်း မရှိတော့။ သူ့ဘဝကို ဖျက်ဆီးခဲ့သည့် ဦးလေးကို အကြောင်းပြုပြီး ယောက်ျားမှန်သမျှကို သူမုန်းတီးသည်။ သည်တော့လည်း ယောက်ျားအားလုံးကို ဖြစ်သည့် နည်းနှင့် ခေါင်းပုံဖြတ်ဖို့ပဲ ရှိတော့တာပေါ့။

မည်သို့ ဆိုစေ စူဇီသည် ကလပ်မှာ အလွန်အောင်မြင်သည်။ သူ့အစ်မ ယူလန်းထက် ပိုပြီး အောင်မြင်သည်။ ရှိရှိသမျှ အမျိုးသမီးများထဲမှာ အအောင်မြင်ဆုံးဟု ဆိုနိုင်သည်။ သည်ကစပြီး သူဌေးပေါင်း များစွာနှင့် ဆက်သွယ်ခွင့်ရလာသည်။ ဟိုတယ်ကြီး တစ်ခု၏ ပိုင်ရှင်တစ်ဦးနှင့်လည်း အဆက်အသွယ်ဖြစ်သည်။
တစ်ညတွင် ဟိုတယ်ပိုင်ရှင်အိပ်နေတုန်း သူ့ပိုက်ဆံအိတ်ထဲမှ ဒေါ်လာခြောက်ရာကို ခိုးယူပြီး ဖိနပ်ထဲမှာ ပုက်ထားလိုက်သည်။ ဟိုတယ်ပိုင်ရှင်က သူ့ကို မသင်္ကာ။ ထိုနောက်ပိုင်းတွင် စူဇီနှင့် အဆက်အဆံ မလုပ်တော့။

သို့သော် အရေးမကြီးပါ။ သူ့နေရာမှာ ချန်ကေရှိတ်အစိုးရအဖွဲ့မှ ဂန်ကြီးဟောင်း တစ်ဦးက အစားထိုး နေရာ ယူလာသည်။
သူနှင့်ဆက်ဆံရသော ယောက်ျားတိုင်း၏ ပိုက်ဆံကို ဖြစ်သည့်နည်းဖြင့် ရအောင် ခိုးသည်။ ညတိုင်းဆိုလျှင် ပိုက်ဆံခိုးဖို့ကိုသာ အကြံယူနေတတ်သည်။ ခိုးရသမျှ ပိုက်ဆံများကိုလည်း ကောင်းပေ့ ဆိုသော အဝတ်အစား၊ ဆန်းပေ့ဆိုသော အဝတ်အစားများနှင့် လက်ဝတ်လက်စားများ ဝယ်ဝတ်ပစ်သည်။ တကယ်တော့လည်း သူအသုံးအဖြုန်းကြီးလွန်းသောကြောင့် ပိုက်ဆံများသည် စက္ကူစုတ်လောက်ပင် တန်ဖိုး မရှိ သည်ကို မြင်တွေ့လာရသည်။

သူ့အသက်က ၁၇နှစ်သာရှိသေးသဖြင့် လူတိုင်းက သူ့ကိုသာ လိုချင်ကြသည်။ သူအောင်မြင်သည်မှာ မှန်သော်လည်း သူ့အရွယ် သူ့ဂင်ငွေနှင့် သူ ဂတ်စားထားသည် များမှာ မလိုက်ဖက်အောင် ဖြစ်နေသည်။ ထို့ကြောင့် အခြားအမျိုးသမီးများကလည်း သူ့အပေါ် မနာလိုရှုံသာမကတော့ဘဲ မယုံသင်္ကာများလည်း ဖြစ်လာသည်။ စူဇီတို့ကတော့ အထွတ်အထိပ်ရောက်နေပြီမို့ ဘယ်သူ့ ဂရုစိုက်ရမှာလဲပေါ့။

တစ်ညတွင် ချန်ကေရှိတ်ဂန်ကြီးဟောင်း၏ ပိုက်ဆံအိတ်ထဲမှ ဒေါ်လာလေးရာ ခိုးသည်။ တစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက် ခိုးခြင်းဖြစ်သည်။ သူခိုးကြောင်း သက်သေ အထောက်အထားပြစရာလည်း မရှိ။ သို့သော် ဂန်ကြီးဟောင်းက မန်နေဂျာ၏ နားထဲသို့ စကားတစ်လုံးနှစ်လုံး သွင်းပေးလိုက်သည်။ စူဇီ အလုပ်ထုတ်ခံရလေတော့သည်။

နောက်ထပ် အလုပ်တစ်ခုထပ်ရဖို့ ဘာမျှမခက်ပါ။ သည်တစ်ခါတော့ ဟောင်ကောင်ဘက်ခြမ်းမှာ ဖြစ်သည်။ ဂရာဒါနာ အမည်ရှိ ကလပ်ဖြစ်သည်။ မှဆိုးစိုင်သင် ဆိုသလို သူ့အတွေ့အကြုံတွေက သူ့ကို သင်တန်းအမျိုးမျိုးပေးထားပြီ။ အောင်မြင်အောင် ဘာလုပ်ရမည်ကိုလည်း သူ ကောင်းကောင်းသိထားပြီ။

သို့သော်လည်း သူ့ဘဂ သူပြန်သုံးသပ်ရင်း သူ တုန်လှုပ်ချောက်ချားလာသည်။ သူ့ အသက် ၁၇ နှစ်သာ ရှိသေးသည်။ ရသမျှ ငွေတွေအားလုံးက အဂတ်အစား၊ လက်ဂတ်လက်စားများအတွက် သွန်ကုန်နေသည်။ ပြီးတော့လည်း ထိုအဂတ်အစားအားလုံးက မျက်စိအောက်မှာပင် ပျောက်ပျက်သွားသည်။ သည်တော့ တည်တည်ငြိမ်ငြိမ်လုပ်တော့မှ ဖြစ်မည်ဟု သူ စဉ်းစားမိသည်။ ချီကောက်လိုက်နေခြင်းထက် သတ်သတ် မှတ်မှတ်တွဲသင့်ပြီဟု သဘောပေါက်လာသည်။

ထိုအချိန်မှာပင် အပြောင်းအလဲဖြစ်စရာ အကြောင်းတစ်ခုပေါ်လာသည်။

တစ်ညတော့ ကလပ်မှနေ၍ အင်္ဂလိပ်လူမျိုးတစ်ယောက်က သူ့ကို ဂယ်သွားသည်။ သူ့အမည်က အေလင်မွားဖြစ်သည်။ ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်သည်။ နူးညံ့သိမ်မွေ့သည်။ စိတ်ကောင်းရှိသည်။ တရုတ်စကားကို ဟိုစပ်စပ် သည်စပ်စပ် ပြောနိုင်သည်။

ဟိုတယ် တစ်ခုသို့ မသွားမီ စားသောက်ဆိုင်တစ်ခုမှာ သူတို့နှစ်ယောက် ညစာ သွားစားကြသည်။ ညစာ စားနေတုန်း တန်းလန်းမှာပင်

" ငါ စိတ်ပြောင်းလိုက်ပြီကွာ၊ ဒီနေ့ညတော့ မင်းနဲ့ အချိန်မဖြုန်းတော့ဘူး" ဟု အေလွင်မွားက ရုတ်တရက်ပြောချသည်။

"ဘာဖြစ်လို့လဲ" ဟု စူဇီက ပြန်မေးသည်။

"ဘာကြောင့်လဲဆိုတော့ မင်းက ငယ်ဂုဏ်မောက်လွန်းတယ်၊ ဒီတော့လည်း မင်းလည်း ငါနဲ့ပျော်မှာ မဟုတ်ဘူး၊ ငယ်ဂုဏ်မောက်တဲ့ မင်းလို မိန်းကလေးမျိုးနဲ့ ငါလည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး" အေလင်က ခပ်ပြုံးပြုံးပင် ပြောသည်။

သူ့လေသံသည် နူးညံ့သိမ်မွေ့သည်မှာ မှန်သည်။ သို့သော်လည်း သုံးနှုန်းလိုက်သည့် စကားလုံးက

ရင့်သီးလှသည်။

စော်ကားမော်ကားပြုရာလည်း ကျသည်။ စူဇီ ဒေါသပေါက်ကွဲလေတော့သည်။ စောစောက နှစ်ယောက်သဘောတူထားတဲ့ပြီးမှ ယခု ဖျက်ခြင်းသည် နည်းလမ်းမကျ။ သူ့ကို ပိုက်ဆံမပေးလိုသောကြောင့် လိမ်ခြင်းဖြစ်သည်ဟု စူဇီက ပြောသည်။

" အိုး ဒီအတွက်မပူပါနဲ့ကွာ၊ မင်းမျှော်လင့်ထားတဲ့ လက်ဆောင်ကို ငါပေးပါ့မယ်၊ အလကား အငြင်းပွားပြီး အချိန်ကုန်မခံချင်ပါနဲ့၊ ကဲ..ရော့.. ဟောဒီမှာ ဒေါ်လာငါးဆယ်"

သည်တော့မှ ပိုဆိုးသွားသည်။ သဘောတူခေါ်လာပြီး ဒေါ်လာငါးဆယ် အလကား ပေးလွှတ်ခြင်းသည် စူဇီ၏ဂုဏ်သိက္ခာကို စော်ကားခြင်းမှ တစ်ပါး အခြားဘာမှမဖြစ်နိုင်။ သို့သော်လည်း အလကားရသည့် ငွေငါးဆယ်ကို ယူလိုက်ပြီး သူ့ကိုယ်သူပင် ပြန်ရှိုးကျိုး နေမိတော့သည်။

နောက်တစ်နေ့ကျတော့ ကလပ်သို့ အေလင်မွားရောက်လာပြန်သည်။ စူဇီနှင့် တွဲကဖို့ လာပြောသည်။ စူဇီက ခါးခါးသီးသီး ငြင်းပစ်လိုက်သည်။ အေလင်မွားက မန်နေဂျာကို သွားတိုင်သည်။ မန်နေဂျာက စည်းကမ်းမရှိုးဖောက်ရဟု ပြောသည်။

စူဇီသည် စိတ်မပါဘဲ အေလင်မွားရင်ခွင်တွင်းဝင်ပြီး တွဲကရတော့သည်။ အေလင်မွားက နူးညံ့သိမ်မွေ့သော လေသံနှင့် သူ့ကို အမျိုးမျိုး ကျီစယ်နေသည်။ စူဇီ ဒေါသပေါက်ကွဲပြန်ပြီ။ ထို့ကြောင့် သူ့ရင်ခွင်ထဲမှ ရုန်းထွက်သည်။ အေလင်မွားက မလွှတ်ဘဲ တင်းတင်းကျပ်ကျပ်ဖက်ထားသည်။ ပြီးတော့ မန်နေဂျာဆီသို့ အတင်းဆွဲခေါ် သွားသည်။

"ဒီမိန်းကလေးကို ကျုပ်ဂယ်သွားမယ်" ဟု မန်နေဂျာကို ပြောသည်။

ထိုအချိန်က ကိုးနာရီသာ ရှိသေးသည်။ ထို့ကြောင့် ခန်းမပိတ်ရန် လေးနာရီကျန် သေးသည်။ အေလင်မွားက သုံးဆယ့်နှစ်ဒေါ်လာ ထုတ်ပေးသည်။ စူဇီကို ဆယ့်ခြောက် ဒေါ်လာတန်လက်မှတ် ထုတ်ပေးသည်။ ရက်သတ္တပတ်ကုန်လျှင် စုထုတ်ရန်ဖြစ်သည်။ မည်သို့ဆိုစေ အပြင်ရောက်တော့ သူနှင့် အတူတူ ဆက်မလိုက်နိုင်ကြောင်း စူဇီက ငြင်းဆန်ပြန်သည်။

"ဒီလိုဆိုရင်လည်း ပုလိပ်ခေါ်ရုံပေါ့ကွာ၊ မင်းအတွက် ငါ ပိုက်ဆံပေးခဲ့ပြီးပြီပဲ..."

"ကျွန်မ ဂရုမစိုက်ဘူး" ဟု စူဇီက ပြန်ပြောသည်။

"ဒါပေမဲ့ မင်းအကျိုးအတွက်တော့ ငါနဲ့အတူတူ ညစာလိုက်စားသင့်ပါတယ်"

"ဘာဖြစ်လို့လဲ"

"ဒါမှ မင်း ငါ့ကို ဘယ်လောက်မုန်းတယ်ဆိုတာ ပြောပြနိုင်တော့မှာပေါ့"

ညစာ စားပွဲကိုလည်း စူဇီ၏ မျက်ရည်ဖြင့်ပင် အဆုံးသတ်ခဲ့ရပါသည်။ ယနေ့ညတော့ ဟိုတယ်တစ်ခုသို့ သူ့ကို ခေါ်သွားလိမ့်မည်ဟု စူဇီ၏ စိတ်ထဲမှာ ကျိတ်ပြီး မျှော်လင့်ထားမိသည်။ သူ့ကို စူဇီ သဘောကျမိပြီလေ။ သို့သော်လည်း သူမခေါ်ပါ။ မနက်ဖြန်ကျလျှင် နေ့လယ်စာ အတူ စားကြသေး တာပေါ့ဟုသာ သူပြောသွားသည်။

သည်ကစပြီး နေ့လယ်စာ အနပ်ပေါင်းများစွာကို သူတို့ အတူစားဖြစ်ကြတော့သည်။ သူတို့နှစ်ယောက် အလွန်ရင်းနှီးလာကြသည်။ နောက်ဆုံးညစာ စားရန် လေးလင်မွားက ချိန်းသည်။ ထိုညက ဟိုတယ်တစ်ခုသို့ စူဇီကို ခေါ်သွားသည်။ သူ့ထံမှ ပိုက်ဆံယူရန် စူဇီက ငြင်းသည်။ သို့သော်လည်း သူက ငွေငါးဆယ် အတင်းထည့်ပေးလိုက်သည်။

နောက်နေ့ညမှာ သူတို့ ထပ်တွေ့ပြန်သည်။ မနကမိုးလင်းတော့ အေလင်မွားက ရေချိုးခန်းဂင်နေသည်။ စားပွဲပေါ်မှ ပိုက်ဆံအိတ်ကို စူဇီ သတိထားမိသည်။ ပိုက်ဆံအိတ် ဆီသို့ သူ့လက်က အလိုလို ရောက်သွားသည်။

" ငါ ဘာတွေလုပ်နေတာလဲ၊ ငါ ဘာတွေလုပ်နေတာလဲ" ဟု သူ့ကိုယ်သူ ပြန်မေး သည်။ တကယ်ကတော့ သူ့ကိုယ်သူ မေးနေသလို ရှိသည်။ သူမသိသည့် မျက်နှာစိမ်း တစ်ယောက်ယောက်က သူ့ကို အကဲခတ်ကြည့်နေသလိုလည်း ခံစားရသည်။ သို့သော် မည်သူကမှ သူ့ကို ထိန်းသိမ်းနိုင်စွမ်း မရှိပါ။ ပိုက်ဆံအိတ်ကိုဖွင့်ပြီး ဒေါ်လာသုံးရာ နှိုက်ထား လိုက်တော့သည်။

ခဏကြာတော့ အေလင်မွား ပြန်ထွက်လာသည်။ ပိုက်ဆံအိတ်ကို အိတ်ထဲသို့ မထည့်မီ တစ်ချက်ဖွင့်ကြည့်လိုက်သေးသည်။ ပိုက်ဆံပျောက်နေသည်ကို သူ သတိပြုမိ ပါလိမ့်မည်။ သို့သော်လည်း ဘာမှမပြော။ စူဇီ၏ လက်ကိုသာ လှမ်းဆွဲသည်။

"မနက်ဖြန် တနင်္ဂနွေ... တို့ ရီပတ်စ်ပင်လယ်အော်ကို ကားနဲ့သွားပြီး ရေကူးကြရ အောင်"

"မလိုက်နိုင်ဘူး... ကျွန်မက အလုပ်များတယ်"ဟု စူဇီက ပြန်ပြောသည်။

"မင်းကိုယ်မင်း အလုပ်မများအောင် လုပ်ပေါ့ကွာ၊ ဘာကြောင့်လဲဆိုတော့ မင်းအတွက် အကောင်း ဖြစ်လာနိုင်တယ်"

နောက်ဆုံး သဘောတူလိုက်ပြီး လူချင်းခွဲကြသည်။ ဘာကြောင့် သူတစ်ပါးပိုက်ဆံ တွေကို ခိုးနေပါလိမ့်ဟု သူ့ဟာသူ ပြန်တွေးကြည့်နေမိသည်။ ယခင် ကလပ်မှ အလုပ် ထုတ်ခံရပြီးနောက် ယခု ပထမဦးဆုံးအကြိမ်အဖြစ် ပိုက်ဆံခိုးမိခြင်းဖြစ်သည်။ သည်လိုပိုက် ဆံခိုးသည့် အကျင့်ကို အေလင်နှင့်ကျမှ ဘာကြောင့် ပြန်စမိပါလိမ့်။ နောက်ဆုံးတော့ သူတရားကြောင်း တဖြည်းဖြည်း စဉ်းစားမိလာသည်။

"ဘာပဲဖြစ်ဖြစ် ငါဟာ သူနဲ့အတူတူ အချိန်တွေကို ဖြုန်းတီးပစ်နေရတယ်၊ ဒီတော့ တခြားလူတွေပေးသလို သူလည်း ငါ့ကို ပေးသင့်တာပေါ့" ဟု သူ့ကိုယ်သူ ပြန်ပြော နေမိ သည်။

နောက်ဆုံးတော့ သည်အလုပ်သည် တရားကြောင်း သူ ဆုံးဖြတ်လိုက်သည်။ သူ့ ကို စူဇီမုန်းသောကြောင့် ဖြစ်သည်။

နောက်တစ်နေ့ ရီပတ်စ်ပင်လယ်အော်ကမ်းခြေမှာ တွေ့ကြတော့ စူဇီက သူ့ကို နည်းမျိုးစုံဖြင့် ရန်ထောင်သည်။ ညစ်ညမ်းသော စကားလုံးများဖြင့် ဆဲရေးတိုင်းထွာသည်။ သို့သော်လည်း စူဇီ၏

ဆဲရေးတိုင်းထွာသော စကားလုံးများသည် အေလင်မွားအဖို့ ရယ် စရာစကားလုံးများ ဖြစ်နေသည်။ ပန်းပွင့်ကလေးများနှင့် ပစ်ပေါက်သလို ဖြစ်နေသည်။ သည်လိုဖြစ်လေ စူဇီသည် သူ့ကို မုန်းတီးလေဖြစ်လာသည်။ သည်အကြောင်းကိုလည်း စူဇီက တဲ့တိုးပင် ဖွင့်ပြောချလိုက်သည်။

အေလင်မွားကတော့ တဟားဟားရယ်နေသည်။

"မင်း ငါ့ကို ဘာဖြစ်လို့ ဒါလောက်တောင် မုန်းနေသလဲဆိုတာ မင်း သိသလား၊ ဘာ ကြောင့်လဲဆိုတော့ ငါ့ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို မင်း ခိုးခဲ့လို့ပဲ၊ ဒါပေမဲ့ အဲဒီပိုက်ဆံနဲ့ မင်း ထိုက်တန်ပါတယ်၊ ငါ ဘယ်လိုမှ မအောက်မေ့ပါဘူး"

"မဟုတ်တာမပြောနဲ့… ရှင့်ပိုက်ဆံကို ကျွန်မ ဘယ်တုန်းကမှ မခိုးဘူး"

" မင်း သေသေချာချာ ခိုးခဲ့တာပေါ့၊ ဘာကြောင့် ခိုးသလဲဆိုတာ ငါ ပြောပြမယ်၊ တကယ်ကတော့ ဒီပိုက်ဆံကို မင်းလိုချင်လို့ မဟုတ်ဘူး၊ ငါ့ကို ဒဏ်ခတ်ချင်လို့ပဲ၊ ယောက်ျားတွေကို ဒဏ်ခတ်ချင်လို့ပဲ၊ ယောက်ျားတွေကို မင်း မုန်းတယ်မဟုတ်လား"

"မဟုတ်ဘူး"

"ဟုတ်တယ်… ယောက်ျားတွေကို မင်းမုန်းတယ်၊ မင်းအဖို့တော့ တို့ဟာ အတူတူပဲ၊ ယောက်ျားတိုင်းဟာ အတူတူပဲ၊ တစ်ယောက်တည်းပဲလို့ မင်းမြင်နေတယ်၊ ဘာကြောင့် ဒီလိုဖြစ်ရတယ် ဆိုတာတော့ ငါ မသိဘူးပေါ့ကွာ၊ ဒါပေမဲ့ မင်းဘဝမှာ ပထမဦးဆုံး ကြုံတွေ့ ခဲ့ဖူးတဲ့ယောက်ျားကို ငါ မသင်္ကာချင်ဘူး" ဟု သူက ဆက်ပြောသည်။

စူဇီ၏ တစ်မျက်နှာလုံး သွေးရောင်လွှမ်းသွားအောင် အရှက်ကြီး ရှက်လိုက်မိသည်။ အခါတိုင်းရှက်ပုံမျိုးနှင့် မတူ။ မထိန်းနိုင် မသိမ်းနိုင်အောင် အရှက်ကြီး ရှက်လိုက်မိခြင်းဖြစ် သည်။ သည်အဖြစ်ကိုလည်း အေလင်မွားမြင်သွားသည်။ သို့သော် သူ မမြင်လိုက်ရလေ ဟန်ဆောင်ပြီး အဝေးသို့ လှမ်းကြည့်နေသည်။ စူဇီကတော့ သူမြင်သွားကြောင်း သိလိုက် ပါသည်။

"ဘာမှအဓိပ္ပာယ်မရှိဘူး… အဓိပ္ပာယ်ရှိတဲ့ စကားတွေ ရှင်ပြောနေတယ်၊ ကျွန်မရဲ့ ပထမဦးဆုံးရည်းစားဟာ သိပ်သဘောကောင်းတာ၊ သိပ်ချောတာ၊ ကျွန်မတို့ တစ်ယောက် ကိုတစ်ယောက် တအားချစ်ကြတာ၊ သိပ်စိတ်ကောင်းရှိတဲ့လူ၊ ရှင့်လိုမဟုတ်ဘူး" ဟု စူဇီက ပြန်ပြောသည်။

မည်သို့ဆိုစေ နောက်ရက်အနည်းငယ်ကြာတော့ စူဇီ၏ စိတ်များ ပြန်လည်တည် ငြိမ်လာသည်။ ထိုအခါတွင် သည်အကြောင်းကိုပင် သူတို့ စကားပြန်စပ်မိကြပြန်သည်။

သည်တစ်ချီတွင်တော့ စူဇီသည် သူ့ဦးလေးအကြောင်းကို ဖွင့်ဟပြောမိလျက်သား ဖြစ်နေတော့သည်။ ယောက်ျား တွေကို သူမုန်းသည်မှာလည်း မှန်ကန်နိုင်ဖွယ်ရာ ရှိကြောင်း ဝန်ခံမိသည်။ ယောက်ျား တွေအားလုံး ကို ဒီပုတ်ထဲက ဒီပဲဟုလည်း သဘောထားခဲ့မိကြောင်း ဖွင့်ပြောမိသည်။

ထိုအချိန်မှစပြီး မည်သူ့ ပိုက်ဆံကိုမှ စူဇီ မခိုးတော့။ နမ်ကောက်ဟိုတယ်တွင် သင်္ဘောသား တစ်ယောက်၏ ပိုက်ဆံကို တစ်ကြိမ်ခိုးဖူးတာတော့ ရှိသည်။ သို့သော်လည်း ထိုသင်္ဘောသားက သူ့အပေါ်

ကလိမ်ကျသောကြောင့် ခိုးမိခြင်းဖြစ်သည်။ ဒါကတော့ တုံ့ပြန် လက်စားချေ သည့် သဘော။

အေလင်မွားနှင့် စူဇီတို့ ဆက်တွဲနေကြသည်။ အေလင်မွားကို စူဇီချစ်မိပြီ။ သူ့ ဘဝတွင် ပထမဦးဆုံးအကြိမ်အဖြစ် ယောကျ်ားတစ်ယောက်ကိုချစ်မိခြင်းဖြစ်သည်။ သည်လိုဖြင့် သူရသမျှ ပိုက်ဆံများနှင့် လက်ဆောင်ပစ္စည်းများဂယ်ကာ အေလင်မွားကို ပေးရသည်မှာလည်း မမောနိုင် မပန်းနိုင်။ အေလင်မွားအတွက်ဆိုလျှင် ဘာကိုပဲစွန့်လွှတ်ရ စွန့်လွှတ်ရ စွန့်လွှတ်နိုင်သည်။ ယုတ်စွအဆုံး အသက်ကိုပင် အဆုံးခံနိုင်သည်။

တစ်နေ့တွင် အေလင်မွားက သူ့ကို ပြောဖူးသည်။
"ဒီနေ့ကို မင်းသေသေချာချာမှတ်ထား၊ ဒီနေ့ဟာ မင်းဘဝမှာ အရေးအကြီးဆုံးနေ့ ..ဒီနေ့ကျတော့မှ မင်းဟာ တကယ့်မိန်းမအစစ် ဖြစ်သွားပြီ"
ထိုနေ့ကား ကြာသပတေးနေ့ဖြစ်သည်။ စနေနေ့မှာ သူတို့ချိန်းပြီး ထပ်တွေ့ကြသေး သည်။ ထိုနေ့က ရွှေလက်ကောက်တစ်ကွင်း အေလင်မွားက ပေးသည်။ သူတို့နှစ်ယောက်၏ နာမည်နှင့် ကြာသပတေးနေ့ကို စာလုံး ထွင်းထားသည်။

နောက်နေ့က တနင်္ဂနွေနေ့ဖြစ်သည်။ အေလင်မွားက တရုတ်မိတ်ဆွေတစ်ယောက် ၏သင်္ဘောကို ငှားပြီး ပင်လယ်ထဲမှာ ရေသွားကူးသည်။ ရေကူးနေစဉ် ငါးမန်းနှင့်တွေ့ပြီး သူ၏ ညာဘက်ခြေတစ်ချောင်း ပါသွားသည်။ ဆိပ်ကမ်းသို့ သင်္ဘောပြန်မကပ်မီ အေလင်မွား အသက်ပျောက်တော့သည်။

အေလင်မွားသည် သူ့လူမျိုးများအတွက် အင်မတန်တော်သော သံအမတ်ကြီး အဖြစ် တာဝန် ထမ်းဆောင် သွားသည်ဟု ဆိုရပါမည်။ ထိုအချိန်ကစပြီး စူဇီသည် အင်္ဂလိပ် လူမျိုးများကို အလွန် သဘောကျ သွားသောကြောင့် ဖြစ်သည်။ ဂရာဒါခန်းမထဲသို့ အင်္ဂလိပ် လူမျိုးမို့ ဝင်လာပြီဆိုလျှင် ရှေ့ဆုံးမှ စူဇီ ရောက်သွားတတ်သည်။

အေလင်မွားကွယ်လွန်ပြီး တစ်လလောက်ကြာသောအခါ အင်္ဂလိပ်လူမျိုး ဒုရဲအုပ် တစ်ယောက်နှင့် စူဇီတွေ့သည်။ သူက အခြား လူပျိုအင်္ဂလိပ်အရာရှိများလို မဟုတ်။ စူဇီတို့ လိုမိန်းကလေးများနှင့် ပြောင်ပြောင်တင်းတင်း အချိန်းအချက်မလုပ်လို။ ထို့ကြောင့် သတ်သတ်မှတ်မှတ် မိန်းကလေး တစ်ယောက် ရွေးပြီး တိတ်တိတ်ပုန်းတွဲလိုသည်။ စူဇီကို သူ သဘောကျသည်။

သည်ကစပြီး သူနှင့် စူဇီတွဲမိသည်။ ဂရာနာဒါကိုလည်း စူဇီမသွားတော့။ သူအလို ရှိသည့်အချိန်တွင် အမြဲအသင့်ရှိနေစေရန် ဖြစ်သည်။ ညပေါင်းများစွာ သူ့အခန်းမှာ အချိန် ကုန်လွန်စေခဲ့သည်။
ရဲအရာရှိသည် သုံးဆယ့်ငါးနှစ်ခန့်ရှိမည်။ သူ့အမည်က ဂျရယ်ပါရီ။ သူ့ကို စူဇီ သံယောဇဉ်တွယ်မိပြီ။ ငွေရေးကြေးရေးအတွက် မဟုတ်။ တကယ်တော့ စူဇီ မိန်းမစင်စစ် ဖြစ်ခဲ့ပြီ မဟုတ်ပါလား။ အေလင်မွားနှင့် အတူနေရင်း မိန်စင်စစ်ဖြစ်ခဲ့ပြီ မဟုတ်လား။ ပြီးတော့ အေလင်မွား ကွယ်လွန်ပြီးနောက် လောလော လတ်လတ် သူတွဲရသည့် ယောကျ်ားသည် ဂျရယ်ပါရီပင် ဖြစ်ချေသည်။

မကြာမီမှာပင် သူ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း သိရတော့သည်။ ယခု ကိုယ်ဝန်ရှိ ခြင်းသည် ပထမအကြိမ် မဟုတ်ပါ။ ယခင်ကလည်း ရှိခဲ့ဖူးသည်။ သို့သော် ယခင်က အကြောင်းမဟုတ်ပါ။

ယခုတော့ သည်လိုမဟုတ်ပြီ။ အေလင်မွားနှင့် တွေ့ဆုံခဲ့ရပြီးနောက် အရူးအမူး ကလေးလိုချင်ခဲ့သည်။ အေလင်မွား၏ကလေး မဟုတ်ချင်လည်း နေပါစေတော့။ သူ့လို မိန်းကလေးပေါင်းများစွာတို့မှာလည်း ကလေးရှိကြသည်။ သူတို့ချင်း သူတို့သားသမီးကလေးများအကြောင်း ပြောဆိုနေကြသည်ကို ထိုင်နားထောင်ရင်း မနာလိုစိတ်များ၊ အားကျစိတ်များ တဖွားဖွားပေါ်ခဲ့ရသည်။ ထို့ကြောင့် သည်တစ်ကြိမ် တော့ သည်ကလေးကို သူမွေးတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

စူဇီသည် ယခုအချိန်အထိ ယူလန်းနှင့် တစ်ခန်းတည်း အတူတူနေတုန်းဖြစ်သည်။ သို့သော်လည်း ကိုယ်ဝန်ရှိနေကြောင်း ယူလန်းကို လုံးဝမပြောပြ။ သည်ကလေးကို သူမွေးမည်ဆိုသည့်အကြောင်းတော့ ဝေလာဝေး။ သူ့စိတ်မှ မှန်သေးရဲ့လားဟု ယူလန်းက ထင်သွားမှာ စိုးသည်။

ဂျရယ်ပါရီကိုလည်း သူ ဖွင့်မပြောရဲ။ စိတ်ဆိုးသွားမှာ ကြောက်သည်။ နောက်ဆုံး ဆုံးဖြတ်ချက်ကို အခိုင်အမာချပြီး သတ္တိမွေးကာ ပါရီကို ဖွင့်ပြောလိုက်သည်။ သည်ကလေးကို သူမွေးဖြစ်အောင် မွေးမည်။ ပါရီနှင့် သူ၏ ဆက်ဆံမှု ပြတ်စဲသွားသည့် တိုင်အောင် ကလေးကိုတော့ သူမွေးတော့မည်ဟု ပြောပြ လိုက်မိသည်။

ပါရီသည် နားထောင်ရုံသာ နားထောင်နေပြီး ဘာစကားမှ ပြန်မပြော။ ထိုမျှမက နောက်ထပ်နှစ်ရက်လုံးလုံးလည်း စကားမပြောဘဲနေသည်။ သူနှင့်လည်း လုံးဝမဆက်ဆံဘဲ နေသည်။

သို့သော် တတိယနေ့ညနေတွင် ပါရီ၏အိမ်သို့ စူဇီရောက်သွားသော အခါ အံ့သြ စရာနှင့် ကြုံရတော့သည်။ ပါရီက သူ့ကို ဂမ်းသာအယ်လဲကြိုဆိုသည်။ မည်သည့်အခါမှ သည်လို ဖက်လှဲတကင်း မကြိုစဖူး။ တစ်မျက်နှာလုံး ရွှင်ပြုံးနေသည်။

အံ့သြမဆုံးနိုင်မီမှာပင် ယခုလို ကိုယ်ဝန်ရှိသည့်အတွက် သူ ဂမ်းသာမဆုံးရှိကြောင်း၊ သည်ကလေးကို စူဇီက မွေးမည်ဟု ပြောသည့်အတွက် ပိုလို့ပင် ဂမ်းသာအားရမဆုံးဖြစ်မိကြောင်း၊ စူဇီ၏ သတ္တိ၊ သစ္စာရှိမှု၊ မိန်းမပီသမှုများကို သိရှိရသဖြင့် ဂမ်းအသာကြီး သာမိကြောင်း၊ မိန်းမများကြောင့် သူ စိတ်ဆင်းရဲ ခဲ့ရကြောင်း၊ ဘယ်မိန်းမမှ သူ့အပေါ်မှာ မကောင်းခဲ့ကြောင်း၊ မျိုးကောင်း ရိုးကောင်းထဲက ဂုဏ်သရေရှိ မိန်းမများသည်ပင်လျှင် စက်ဆုပ်ဖွယ်ရာကောင်းကြောင်း။

အင်္ဂလန်ကိုစွန့်ခွာပြီး ဟောင်ကောင်သို့ ပြောင်းလာရခြင်းသည်လည်း မိန်းမတစ် ယောက်ကြောင့် ဖြစ်ကြောင်း၊ ယခုတော့ သူ၏ ယုံကြည်ချက်များပြောင်းသွားပြီ ဖြစ်ကြောင်း၊ တရုတ်မ ကလေးတစ်ယောက်၏ သစ္စာရှိမှု၊ မိန်းမပီသမှုများကို သူမြင်တွေ့ရပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် စူဇီကို ထိုက်တန်စွာ ချီးမြှောက်ရမည်ဖြစ်ကြောင်း၊ စူဇီကို သူ လက်ထပ်ယူလိုကြောင်းများကို တသီကြီး ပြောပြ တော့သည်။

"မဖြစ်ပါဘူး...ဒီလိုလုပ်လို့ မတော်ပါဘူးရှင်" ဟု စူဇီက ပြန်ပြောသည်။

"ဘာဖြစ်လို့လဲ... ဘာဖြစ်လို့ မတော်ရမှာလဲ"

"တရုတ်မကလေးတစ်ယောက်နဲ့ ရှင်လက်ထပ်လိုက်ရင် တခြားအင်္ဂလိပ်လူမျိုးတွေက ရှင့်ကို ဒုက္ခပေးတော့မှာပေါ့၊ ရဲမင်းကြီးကလည်း ရှင့်ကို ဒုက္ခပေးမှာပဲ၊ ရှင့်ကို သူ့ရုံးခေါ်လိုက်လိမ့်မယ်၊ သူ့ရုံးခန်းထဲကို ရှင်ဝင်သွားတော့ "ဂွတ်ဒ်မောနင်း မင်းကို အလုပ်က ထုတ်ပစ်လိုက်ပြီ" လို့ ဆီးပြောမှာပေါ့"

"ကိုယ် အလုပ်ထွက်မယ်ကွာ၊ စီးပွားရေးလုပ်ငန်းတစ်ခုခု ဝင်လုပ်မယ်ကွာ၊ ကိုယ့်မှာ အဆက်အသွယ်တွေ အများကြီးရှိပါတယ်၊ အခုရနေတဲ့ လခထက်တောင် ပိုပြီး ပိုက်ဆံတွေ အများကြီးရဦးမယ်"

စူဇီ၏သတင်းကို ကြားရတော့ ယူလန်းသည် ထိတ်လန့်တကြားဖြစ်သွားလေသည်။ စူဇီသည် သည်အလုပ်ထဲမှာ စိတ်ဝင်စားသည်ဟု သူမထင်ခဲ့။ ယခုတော့ သူ့ကံကြမ္မာက ဘယ်လောက် ကောင်းလိုက်လေသနည်း။ အင်္ဂလိပ်လူမျိုးတစ်ယောက်နှင့် လက်ထပ်ရတော့မည်။ အခြားအိမ်တွေမှာ လှည့်လည်သွားလာနေစရာ မလိုတော့။ ကလပ်တွေမှာ အချိန်ဖြုန်းနေစရာ မလိုတော့။

ယူလန်းသည် စိတ်အားထက်သန်စွာဖြင့် အပြင်ပြေးထွက်သွားပြီး နားကပ်တစ်ရံ ဝယ်လာခဲ့သည်။ စူဇီတို့၏ မင်္ဂလာဆောင်အတွက် ကြိုတင်လက်ဖွဲ့လိုက်လေတော့သည်။

ပါရီကလည်း သူတို့ရှေးရေးနှင့် ပတ်သက်ပြီး စိတ်အားထက်သန်စွာ စီမံကိန်းတွေ ချနေသည်။ ဘယ်နေရာမှာ သွားနေမည်။ တရုတ်မနှင့် လက်ထပ်ရပါမည်လားစု တစ်စုံတစ်ယောက်က အပုပ်ချလာလျှင် မည်သို့ တုံ့ပြန်မည် စသည်ဖြင့် ပြောမဆုံးနိုင်အောင် ရှိချေသည်။

သို့သော် ထိုသို့ စိတ်အားထက်သန်မှုသည် သုံးလေးလသာ ခံသည်။ နောက်ပိုင်း တော့ စကားစပ်လို့တောင် သည်အကြောင်းကို ပါရီမပြောတော့ပြီ။ စူဇီကိုလည်း ခပ်ရှာရှာ လုပ်လာပြီ။ တစ်ညတွင် စူဇီက ဘယ်တော့ အလုပ်ထွက်မှာလဲ၊ တခြားအလုပ်ကို ဘယ်တော့ ရှာမှာလဲဟု မေးမိသည်။

ပါရီက စိတ်မရှည်နိုင်သလို ဖုတ်ပူမီးတိုက် အလုပ်မထွက်နိုင်သေးကြောင်း၊ ရဲတပ်ဖွဲ့ကို ကျောမခိုင်း နိုင်သေးကြောင်း၊ နောက်ထပ် တစ်နှစ်ခွဲလောက်လုပ်ရဦးမည် ဖြစ်ကြောင်း၊ ပြီးတော့မှ အနားယူမည်ဖြစ်ကြောင်းများ ပြောပြပြီး စူဇီကို အိမ်ပြန်ပို့လိုက်သည်။

နောက်ညတွင်လည်း စူဇီကို အိမ်ပြန်အိပ်ခိုင်းသည်။ သည်လိုဖြင့် ညပေါင်းများစွာ စူဇီကို အိမ်ပြန်လွှတ်လေ့ရှိသည်။ တစ်ညတော့ စူဇီက ပါရီ၏ အိမ်သို့ တစ်ကျော့ပြန် သွား ကြည့်သည်။ သူ့အိမ်ထဲမှာ အထုပ်အပိုးတွေနှင့် ပြည့်နေသည်ကို တွေ့ရသည်။

"ရှင် ဘယ်သွားမလို့လဲဟင်" ဟု စူဇီက မေးသည်။

"ဘော်နီယိုကို"

ထိုမျှပြောပြီး စူဇီကို သူစိမ်းတစ်ယောက်လိုကြည့်နေသည်။ ထို့နောက် ပိုက်ဆံအိတ် ထဲမှ ဒေါ်လာငါးရာ ထုတ်ယူပြီး လှမ်းပေးသည်။

"ကဲ... မင်းသွားတော့"

"ဘော်နီယိုမှာ ရှင် ဘယ်လောက်ကြာမှာလဲ"

"ဘယ်လောက်ကြာရမလဲ... ဘော်နီယိုရဲတပ်ဖွဲ့ကို ငါ အလုပ်ပြောင်းလိုက်တာ၊ အပြီးပြောင်းလိုက်တာ..."

"လက်ထပ်ဖို့ကိစ္စက ဘယ်လို" ဟု စူဇီက ဆက်မေးသည်။

"ဘာဖြစ်တယ်ကွ"

"လက်ထပ်ဖို့ကိစ္စလေ"

စုဇီကို နားမလည်နိုင်သလို ထိတ်လန့်တကြီးဖြင့် သူငေးကြည့်နေသည်။ သူ ရူးသွားပြီလားဟု စုဇီ ထင်လိုက်မိပါသည်။

" မင်း ဘာစကားတွေ လာပြောနေတာလဲ"

"အင်္ဂလိပ်ဘုရားရှိခိုးကျောင်းမှာ ကျွန်မတို့ လက်ထပ်မယ်လို့ ရှင်ပြောခဲ့တယ်လေ၊ ပြီးတော့ မြောက်ဘက်ပွိုင့်မှာ အိမ်ကောင်းကောင်းနဲ့ နေမယ် ဆိုတာလေ"

ထိုစကားကို ကြားရသောအခါ သူ့မျက်လုံးအစုံသည် ဒေါသအရောင်ဖြင့် ဖိတ်ဖိတ် တောက်လာသည်။

" မင်းဘာလာလုပ်နေတာလဲ၊ ငါ့ကို အကျပ်ကိုင်ပြီး ငွေညှစ်နေတာလား"

"အကျပ်ကိုင်ပြီး ငွေမညှစ်ရပါဘူးရှင်... ရှင်ဟာ ကျွန်မ ဗိုက်ထဲက ကလေးရဲ့အဖေပဲ"

"ဒါက မင်းပြောတဲ့ ဇာတ်လမ်းပဲ၊ ဒါပေမဲ့ ကလပ်က မိန်းကလေးတွေ အားလုံး အလကားဟာတွေပဲဆိုတာ ငါ သိတယ်၊ ကောင်းပြီ... ကလေးစရိတ်အဖြစ် တစ်လကို ဒေါ်လာ ငါးဆယ်ပို့ပေးမယ်၊ မတော်တရော်တွေလုပ်မယ်မကြံနဲ့၊ မင်း နောင်တရလို့ မဆုံးအောင် ဖြစ်သွားမယ်၊ ကိုင်း... ငါ့အိမ်ထဲက ထွက်"

နောက်နှစ်လလောက်ကြာတော့ ကလေးမျက်နှာမြင်သည်။ မကြာမီ ငွေပို့လွှာဖြင့် စာတိုက်မှ ငွေငါးဆယ် ရောက်လာသည်။ နောက်ထပ် သုံးလလောက် မှန်မှန်ဆက်လာနေ ပြီး ရပ်သွားတော့သည်။ ပါရီ၏ သတင်းကိုလည်း လုံးဝမကြားရတော့။

စုဇီ ကလေးမျက်နှာမြင်ပြီး မရှေးမနှောင်းမှာပင် ယူလန်းကလည်း ဂျပန်ပြည်သို့ ထွက်ခွာသွားသည်။ ဂျပန်ပြည်ရှိ ညကလပ်များမှာ အလုပ်လုပ်ရန် ဖြစ်သည်။ ဟောင်ကောင်ရှိ ငွေကြေးချမ်းသာသူ အမြောက်အမြားတို့မှာ ဖော်မိုဆာသို့ ရွှေ့ပြောင်းသွား ကြသည်။ ထိုအချိန်မှ အစပြုပြီး ဟောင်ကောင် ညကလပ်များမှာလည်း အလုပ်အကိုင်ပျက်လာသည်။

သို့သော် တိုကျိုရှိ ညကလပ်များကတော့ တရုတ်မကလေးများနှင့် ကြီးစွာ အလုပ် ဖြစ်နေသည်။ ထို့ကြောင့် ဂျပန်တစ်ယောက်က လူလာစုရာ ယူလန်းလည်း အခြားတရုတ်မကလေးငါးယောက်နှင့်အတူ ပါသွားလေတော့သည်။

စုဇီကား သားတစ်ကောင်နှင့် တို့လို့တွဲလောင်းဖြစ်နေပြီမို့ ဂျပန်ပြည်သို့ လိုက်ခွင့် မကြုံတော့ချေ။ ယူလန်းကို ပို့ဆောင်နှုတ်ဆက်ရင်း လေဆိပ်မှာ မျက်ရည်စက်လက်ဖြင့် ကျန်ရစ်ခဲ့ရှာတော့သည်။

ယူလန်းရှိနေသေးသည့် အချိန်အထိတော့ စုဇီမှာ ပြဿနာမပေါ်။ ဂရာနာဒါမှာပင် သူ အလုပ်ဆက်လုပ်နေသည်။ ယူလန်း၏ အခန်းမှာပင် ကွန်ခြွေမပျက် ဆက်နေသည်။ ကလေးအတွက် ကလေးထိန်းငှားထားလိုက်သည်။ ယူလန်းမရှိတော့ ဟောင်ကောင်သို့ စုဇီ ပြောင်းလာသည်။ နေ့စဉ်နှင့်အမျှ ကူးတို့သင်္ဘော အသွားအပြန်စီးနေရသည့်အတွက် အချိန်ကုန်သက်သာစေရန် ဖြစ်သည်။

ဗေဒင်ဆရာထံသွားပြီး အိမ်ပြောင်းရမည့် နေ့ကောင်းရက်သာကို မေးသည်။ ဗေဒင် ဆရာဟောလိုက်သည့် နေ့အတိုင်း အတိအကျ ပြောင်းခဲ့သည်။ သို့သော် သူပြောင်းသည့် အခန်းနှင့် အဆင်မပြေ။ နောက်နေ့ကစပြီး သူ အပြင်းဖျားတော့သည်။ တစ်ပတ်ထက် တစ်ပတ် ဆိုးလာသည်။ အရိုးပေါ် အရေတင် ဘဝသို့

ရောက်သွားသည်။ နောက်ဆုံးတွင် သုံးလလုံးလုံး အိပ်ရာထဲမှာ ဗုန်းဗုန်းလဲတော့သည်။

ထိုသို့ မကျန်းမာသည့် အချိန်အတွင်း စုဆောင်းထားသည့် ငွေကြေးကလေးများ လည်း လုံးပါးပါးလာသည်။ ထို့ကြောင့် လုံးလုံးလျားလျား ကျန်းမာသည့် အချိန်ကို မစောင့် နိုင်တော့ဘဲ တစ်နေ့တွင် အလုပ်ရှာထွက်ရတော့သည်။ အလယ်ပိုင်းခရိုင်ရှိ ဂရာနာဒါညကလပ်သို့ ဓာတ်ရထားစီးပြီး လာခဲ့သည်။ ခန်းမက သတ္တမထပ်မှာရှိသည်။ ထိုနေ့က ဓာတ်လှေကားပျက်နေသဖြင့် ရိုးရိုး လှေကား အတိုင်း တက်ခဲ့ရသည်။

အပေါ်ထပ်ကို ရောက်တော့ အသက်ထွက်မတတ် မောနေပြီ။ အဝင်ဝမှာ ဆိုင်းဘုတ် အသစ်တစ်ခုကိုတော့ တွေ့ခဲ့သည်။ သို့သော် စာမဖတ်တတ်သဖြင့် အတွင်းသို့သာ တောက်လျှောက်ဝင်ခဲ့သည်။ အတွင်းရောက်တော့မှ ဂရာနာဒါ ကလပ်ခန်းမ ဘဂမှ စားသောက်ဆိုင်ဘဂသို့ ပြောင်းလဲနေပြီဖြစ်ကြောင်းကို တွေ့ရတော့ သည်။

သို့ကလို အပြင်ထွက်ပြီး အလုပ်ရှာမိသည့်အတွက် အိပ်ရာထဲမှာ ရက်သတ္တ သုံးပတ် ပြန်လဲသွားပြန်သည်။ လခမပေးနိုင်သောကြောင့် ကလေးထိန်းမိန်းမလည်း အလုပ် ထွက်သွားပြီ။ ကလေးအတွက်လည်း နို့မှုန့်မရှိတော့။ ပိုက်ဆံလည်း မရှိတော့။

မတတ်နိုင်သည့် အဆုံးတွင် နောက်ဆုံးလက်ကျန် လက်ဝတ်ရတနာကလေးကို ထုတ်ရောင်းပစ်တော့ရန် ဆုံးဖြတ်လိုက်ရသည်။ အေလင်မွှားနှင့် နောက်ဆုံးတွေ့လိုက်ရစဉ်က ပေးသွားသည့် ရွှေလက်ကောက်ကလေး ကျန်သေးသည်။ ရွှေလက်ကောက်ကလေးကို သွားရှာတော့ လုံးဝပျောက်နေပြီ။ ကလေးထိန်း မိန်းမက သူ့လခများအဖြစ် ယူသွားချေပြီ။

စိတ်ဓာတ်ကျခြင်းနှင့်အတူ အပြင်းဖျားပြန်သည်။ သို့သော်လည်း ကလေးက တဝို တည်းဝိုနေသောကြောင့် အိပ်ရာထဲမှာ လှဲမနေသာ။ ပိုက်ဆံချေးရန် အမျိုးသမီးသူငယ်ချင်းထံ ထွက်လာခဲ့ရပြန်သည်။ အမျိုးသမီးသူငယ်ချင်းကိုလည်း အိမ်မှာ မတွေ့။

ဖြစ်ချင်ရာဖြစ်စေတော့ဆိုပြီး လမ်းထောင့်မှာ ရပ်နေမိသည်။ နောက်ဆုံးကူလီ တစ်ယောက်က သူ့ကိုခေါ်သည်။ နစ်ဒေါ်လာပေးသွားသည်။ ထိုအဖြစ်ကို ရှက်လွန်း သဖြင့် မည်သူ့မျှ သူဖွင့်မပြော။ ယုတ်စွအဆုံး သူအချစ်ဆုံး ဂွမ်နီကိုပင် ဖွင့်မပြော။

နောက်နေ့မှာတော့ ညကလပ်တစ်ခုမှာ အလုပ်ရသည်။ သို့သော် အလုပ်မကောင်း တော့သောကြောင့် ဝင်ငွေနည်းလွန်းလှသည်။ ထိုမျှမကသေး သူလို အမျိုးသမီးတွေကလည်း သိပ်များနေသည်။ ကလေးထိန်းနှင့် အိမ်လခအတွက် မနည်းကြီး ကြိုးစားရှာန်းကန်နေရသည်။

တစ်နေ့တွင် ဂရာနာဒါတုန်းက လုပ်ဖော်ကိုင်ဖက် ရှန်ဟဲတရုတ်မကလေး တစ်ယောက်နှင့် အမှန်မထင် သွားတွေ့သည်။ ထိုအမျိုးသမီးဝတ်စားထားသည်မှာလည်း အပျံစားဖြစ်နေသည်။ ကောင်းကောင်း အလုပ်ဖြစ်နေပုံရသည်။ ဥရောပသင်္ဘောသားများ ကျက်စားရာ ဟိုတယ်တစ်ခုမှာ အလုပ်လုပ်နေကြောင်း ပြောပြသည်။ စူဇီက ဒါမျိုးမလုပ် ချင်။ ကလပ်မှာသာ သူလုပ်လိုသည်။ အမျိုးသမီးကမူ ဟိုခန်းမများမှာလို

တစ်ညလုံးကနေဖို့ မလိုကြောင်း၊ ကိုယ့်ကြိုက်မည့်သူ တွေ့သည်နှင့် ဟိုတယ်အပေါ်ထပ်သို့ တက်သွားလိုက်ရုံသာဖြစ်ကြောင်း ပြောပြသည်။

စူဇီက ခေါင်းကို ရမ်းခါပစ်လိုက်သည်။ ဒါလောက် အဆင့်အတန်းနိမ့်သည့် ဘဂကို သူစက်ဆုပ်မိသည်။ ညကလပ်ခန်းမမှာ အလုပ်လုပ်သည့် မိန်းကလေးများက သူတို့ကိုယ် သူတို့ ပြည့်တန်ဆာမဟု မသတ်မှတ်။ ကပွဲအတွက် အတွဲဟု သတ်မှတ်သည်။ ယောကျ်ားကလည်း သူတို့ကို သဘောကျ၊ သူတို့ကလည်း ယောကျ်ားကို သဘောကျရင် အတူသွားရုံရှိသည်။ ထိုသို့ အတူသွားသည့်အတွက် လက်ဆောင်အဖြစ် ပိုက်ဆံရသည်။ သည်လိုငွေရဖို့အတွက်ကလည်း အလွန်ကြီးကျယ်ခမ်းနားသည်။ ဟန်ကြီး ဟိတ်ကြီးနှင့် ညစာ အတူသွားစားရမည်။ အေးအေးဆေးဆေး စကားပြောမည်။ ပြီးတော့မှ အဆင်ပြေရာ တစ်နေရာရာမှာ တစ်ညတာ အချိန်သွားဖြုန်းကြမည်။ ဘယ်လောက် ထိပ်တန်းကျလိုက်သလဲ။

ညကလပ်တွင် အလုပ်လုပ်သော အမျိုးသမီးများက ဟိုတယ်ဘားခန်းမှာ အလုပ် လုပ်သည့် အမျိုးသမီးများကို အထင်သေးသည်။ ဘားခန်းမှ အမျိုးသမီးများက လမ်းပေါ်မှ အမျိုးသမီးများကို အထင်သေးသည်။

"ဒီ အလုပ်မျိုးကို မင်း ဘာကြောင့်များ လုပ်နေတယ်ဆိုတာ ငါတော့ နားမလည် နိုင်တော့ဘူးကွယ်"ဟု စူဇီက ပြောသည်။ သူ့တွင် ပိုက်ဆံတစ်ပြားမှ မရှိစဉ်က လမ်းဘေး ကူလီထံမှ နှစ်ဒေါ်လာယူခဲ့ရသည်ကို မေ့သွားပြီ။

အမျိုးသမီးက ရယ်သည်။ ထိုအမျိုးသမီးသည် အဲလစ်ကလေးဖြစ်သည်။

"ကိုယ်ကတော့ ဒီမှာ အလုပ်ရတာ သဘောကျတယ်ကွာ၊ ဂရာနာဒါတုန်းကလို နွားအိုပေါင်ကျိုးကြီးတွေ မဟုတ်ဘူး၊ ကဲ... ပြေးလိုက်ဦးမယ်၊ ဒီနေ့မနက် အမေရိကန် သင်္ဘောနှစ်စီး ဝင်လာတယ်၊ တကယ်လို့ မင်း စိတ်ဝင်စားမယ် ဆိုရင်တော့ ကမ်းနား သင်္ဘောဆိပ်နားက ဟိုတယ်ကို လာခဲ့"

တစ်ဖက်သို့ လှည့်ထွက်သွားသည့် အဲလစ်ကလေးကို မျက်စိတဆုံး လိုက်ကြည့်နေမိသည်။ ထိုနေ့ညက ခန်းမထဲမှာ ငါးနာရီကြာအောင် ထိုင်နေပြီးမှ အိမ်ပြန် လာသောအခါတွင် သူ့ပိုက်ဆံအိတ်သည် ပြားကပ်လျက် ရှိချေသည်။

လက်ရှိဘဂကို ရဲရဲရင်ဆိုင်ဖို့ အချိန်ကျရောက်လာလေပြီ။ ထို့ကြောင့် နောက်နေ့တွင် ဗေဒင်ဆရာဆီပြေးပြီး ဗေဒင်မေးရပြန်ပါသည်။

ဗေဒင်ဆရာက ယခုလဆန်းပိုင်းတွင် အလုပ်မပြောင်းနှင့်။ နောက်လဆန်းကျမှ အလုပ်ပြောင်းလျှင် လုပ်ငန်းအောင်မြင်မည်။ ခရီးသွားရမည်။ ပညာအသစ် အဆန်းများ လေ့လာတတ်မြောက်မည်။ ကံအကောင်းဆုံးအချိန်သည် ညနေ ၃ နာရီ မှ ၆ နာရီကြားဟု ဟောလိုက်သည်။

နောက်လဆန်း ၃ ရက်နေ့ ညနေပိုင်းတွင် နမ်ကောက်ဟိုတယ်မှာ စူဇီ အလုပ်စဝင် လေတော့သည်။

(၂)

သူ့ခြေထောက်ကြားမှာရှိနေသည့် စောင်ကို စိတ်မှတ်မထင် ဆွဲယူနေသည်။

"စစချင်းတော့ ဒီနေရာကို သိပ်မုန်းတာပဲ အစ်ကိုရယ် သိလား၊ လုပ်ရကိုင်ရတာ အင်မတန်ခက်တယ်၊ သင်္ဘောသားတွေကလည်း ညစ်ပတ်တယ်၊ အရက်သိပ်မူးနေတယ်၊ ရိုင်းစိုင်းတယ်၊ နင်တို့နဲ့ ငါမလိုက်ဘူးလို့ ပြောမိတယ်၊ တခြားအမျိုးသမီးတွေက ကျွန်မကို သိပ်ခေါင်းမာတာပဲလို့ ပြောကြတယ်" ဟုစူဇီက

သူ့အဖြစ်အပျက်များကို ဆက်ရှင်းပြနေသည်။

သို့သော်လည်း ယခုတော့ သူကျင့်သားရသွားပြီ။ အသားကျသွားပြီ။
"ကျွန်မ ဒီအခြေအနေရောက်အောင် ပတ်ဝန်းကျင်အခြေအနေတွေက ဖန်တီးပေးလိုက်တာပါပဲ၊ ဒါပေမဲ့ ကျွန်မက တခြားလူနဲ့ မတူဘူး၊ တခြားသူတွေကတော့ သူတို့သဘာဝကိုက ဒီနေရာနဲ့ ပတ်သက်နေတယ်လေ၊ ကျွန်မကတော့ တစ်မျိုး၊ ဒီနေရာနဲ့ ကျွန်မ မဆိုင်ဘူး"
"ဟုတ်လား... လူတစ်ယောက်ဟာ ဘယ်အရာကိုမဆို ကျင့်သားရသွားတတ်တယ်လို့ ကိုယ်ထင်တယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

ထိုစကားကို ပြောရင်း ကျွန်တော် စဉ်းစားနေမိသည်။ စစ်ဖြစ်သည် ဆိုပါစို့။ စစ်နှင့် ရင်ဆိုင်ကြုံတွေ့ရသူများသည် စစ်မဖြစ်မီ နှစ်နှစ် သုံးနှစ်လောက်က အခြေအနေများ မဟုတ်တော့သည်ကို သဘော ပေါက်မည်။ ဟိုတုန်းက အလွန်လုံခြုံငြိမ်းချမ်းခဲ့သည့် ကောင်းကင်ကြီးသည် ယခုအခါတွင် မလုံခြုံမငြိမ်းချမ်းတော့ဘဲ သူတို့အပေါ်သို့ ပုံးမိုးများ ရွာချနေကြောင်း၊ စက်သေနတ်ကျည်ဆန်တွေ သွန်ချနေကြောင်း တွေ့ကြရပေလိမ့်မည်။ သည်တော့လည်း ကြုံလာသည့် ဘဝကို ကြုံသလို ဖြေရှင်း ကြရတော့မည်ပေါ့။

လက်ပတ်နာရီကို ကျွန်တော် ငုံ့ကြည့်လိုက်သည်။ စူဇီကို အတောင်းလာခေါ်သည်မှာ မိနစ်နှစ်ဆယ် ကြာသွားပြီ။ သဘော်သား အိပ်ရာက နိုးလာပြီး စူဇီ ဘယ်ရောက်သွားသလဲ မေးနေသည်တဲ့။
"စူဇီ မင်းသွားဖို့ကောင်းပြီထင်တယ်" ဟု ကျွန်တော်က ပြောသည်။
"ခဏကြာရင် သွားမှာပါ"
တင်ပျဉ်ခွေကို ပြင်မထိုင်ဘဲ စားပွဲပေါ်ရှိ ရေနွေးကြမ်းအိုးကို လမ်းဆွဲသည်။ သူ့ဖန်ခွက်ထဲ ထည့်သည်။ တစ်ကျိုက်သောက်လိုက်ပြီး မျက်မှောင်ကုပ်သည်။
"ကျွန်မကလေးဟာ အခုထက်ထိ ချောင်းဆိုးနေတုန်းပဲ သိလား... ကျွန်မ စိတ်ပူတယ်"
"ဆရာဝန်ဆီ သွားမပြဘူးလား စူဇီ"
"ပြပါတယ် ဆေးရုံကို သွားပြဖူးတယ်၊ ဆေးရုံက ဆရာဝန်က ဘာမှ မဖြစ်ပါဘူး ကလေးနေကောင်းပါတယ်တဲ့၊ ဒါပေမဲ့ ချောင်းကတော့ တဆိုးတည်း ဆိုးနေတာပဲ အစ်ကိုရယ်"
တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ ကျွန်တော်က ကောက်ကိုင်လိုက်သည်။ အတောင်းက သူ့စားပွဲမှ လှမ်းဆက်ခြင်းဖြစ်သည်။ သဘော်သားက စူဇီကို ထပ်မေးနေ ကြောင်းနှင့် စူဇီပြန်လာဖို့ကို အတောင်းက ယဉ်ကျေးစွာ ပြောပြနေသည်။ သူ့စိတ်ကိုလည်း ချုပ်တည်းထားရပုံ ရသည်။

"သူပြန်မလာရင် ကျွန်တော်တို့ ဟိုတယ် နာမည်ပျက်တော့မှာပေါ့ ဆရာရယ်" ဟုလည်း ပြောသည်။
"အဲဒီလိုမဖြစ်စေရပါဘူး အတောင်း" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။
စူဇီ ထိုင်ရာမှ ဖြုန်းခနဲထပြီး တံခါးပေါက်ဆီသို့ လျှောက်သွားသည်။
"ကျွန်မ သွားတော့မယ်"
"ဘယ်လိုဖြစ်ဖြစ် အခု သဘော်သားကတော့ လူကောင်းကလေးနဲ့ တူပါတယ်ကွယ်" ဟု ကျွန်တော်က လှမ်းပြောသည်။

စူဇီက ပခုံးနစ်ဖက် တွန့်လိုက်သည်။
"စူဇီ မင်းသိပ်လှတာပဲ"
သူက သင်္ဘောသားပြောသလို ပြောသည်။
" သူက မင်းကို ဒီလိုပဲ ပြောသလား" ဟု ကျွန်တော်က မေးသည်။
"သင်္ဘောသားတိုင်းက ဒီလိုပဲပြောတယ်"
"အင်း... မင်းက ဒါကို သဘောမကျဘူးလား"
"ဂရုမစိုက်ပါဘူး... "စူဇီ မင်းသိပ်လှတာပဲ" ဒီလိုပြောပြီး သူ သွားလေရော... နောက် သင်္ဘောသားတစ်ယောက် လာပြန်ရော ... " စူဇီ မင်းသိပ်လှတာပဲ" ပြော ပြန်ရော၊ ပြီးတော့ သူလည်း သွားပြန်ရော ဘယ်မှာလဲ ကောင်းတာ၊ " စူဇီ မင်းသိပ်လှတာပဲ" ဆိုတဲ့ စကားကို ယောကျ်ားတစ်ယောက်တည်းကပဲ နေ့တိုင်း ပြောတာကို ခံချင်တယ်၊ တစ်ယောက်တည်းပဲ ဖြစ်ရမယ်"
"နေ့တိုင်းလောက်နီးပါး ကိုယ် ပြောပါတယ်ကွယ်"
"ဒါလည်း ဘယ်မှာကောင်းလို့လဲ၊ အစ်ကိုဟာ တကယ့် တကယ်ကျတော့ ကျွန်မရဲ့ ရည်းစားအစစ်မှ မဟုတ်ဘဲ"
"ဒီကိစ္စက အရေးကြီးလို့လား စူဇီရယ်..."
"ဟုတ်တယ် အရေးကြီးတယ်"
"ကောင်းပါပြီလေ... ဒီလိုဆိုရင်လည်း ဒါကိုတွေးနေလို့ အလကားပဲ၊ ကိုယ်က ငွေကြေးတတ်နိုင်တဲ့ အကောင်မှ မဟုတ်ဘဲ" ဟု ကျွန်တော်က ပြန်ပြောသည်။
"အစကတည်းက အစ်ကို့ကို ကျွန်မ ပြောခဲ့ဖူးပါတယ်၊ ကျွန်မ ပိုက်ဆံမလိုချင်ပါဘူးလို့၊ အစ်ကို့ဆီက ဘာမှ မလိုချင်ဘူး၊ ဒါပေမဲ့ အစ်ကိုကတော့ "အလကား မနိုပ်တဲ့ကောင်မလေး... အခုပဲ သင်္ဘောသား ရင်ခွင်ထဲက ထွက်လာတာ"လို့ ထင်နေမှာပေ့ါလေ"
"ဒီကိစ္စကို မင်း သဘောပေါက်နားလည်နိုင်ပါတယ် စူဇီရယ်"
"မဟုတ်ဘူး... သင်္ဘောသားဆီ ကျွန်မ သွားရတာက ပိုက်ဆံရဖို့ လုပ်ငန်းအတွက် သွားရတာ၊ အချစ်မပါဘူး... ခံစားချက်မပါဘူး၊ ကပွဲမှာ အတူ တွဲကတဲ့ လူတစ်ယောက်ရဲ့ ကိုယ်လုံးကို ဖက်ထားရတာမျိုးနဲ့ အတူတူပဲ"
"ဒီလိုသဘောမျိုးတော့လည်း မဟုတ်ပါဘူးကွယ်"
"ဟုတ်တယ် အတူတူပဲ"
"မင်းနဲ့ အတူနေရမယ်ဆိုရင် ကိုယ်ဟာ မင်းကို ပိုင်တယ်လို့ ခံစားမိလိမ့်မယ်၊ တကယ်ကတော့ ကိုယ်ပိုင်တာ မဟုတ်ဘူးလေ"
"ဟုတ်တယ် ပိုင်တယ်၊ သင်္ဘောသားနဲ့ အတူနေရတဲ့အခ်ိန်မှာ ကျွန်မ ရင်ထဲမှာ ဘာခံစားချက်မှ မရှိဘူး၊ အသည်းနှလုံးထဲမှာ ဘာခံစားချက်မှ မရှိဘူး၊ အစ်ကိုနဲ့ အတူနေရမယ်ဆိုရင် အားလုံးဖြစ်မယ်... အချစ်လည်း ပေါ်လာမယ်၊ ကျွန်မ ချစ်တယ်၊ ခံစားချက်ကလည်း အံ့ဩစရာ လှပနေမယ်၊ ကျွန်မက "ဒါ ငါ့အမျိုးသား"လို့ ထင်မယ်၊ အစ်ကိုက "ဒါ ငါ့အမျိုးသမီး"လို့ ထင်မယ်၊ ကျွန်မတို့ အပြန်ပြန် အလှန်လှန် ပိုင်ဆိုင်မယ်"
"ပြောသလောက်တော့ မလွယ်နိုင်ဘူးနော် စူဇီ"
"ဟုတ်တယ်... လွယ်တယ်... သိပ်ကို လွယ်တယ် အစ်ကို နားမလည်ဘူး"
အခန်းထဲမှ ထွက်ဖို့ သူ ခြေလှမ်းပြင်လိုက်သည်။
"စူဇီ နားထောင်ပါဦး"

"နားမထောင်ဘူး... ကောင်းတာတွေများ ဘာပြောလို့လဲ၊ အစ်ကို ပြောတာတွေက ယုတ်ညံ့စုတ်ပဲ့တဲ့ ယမ်ယမ် ကောင်မကလေးထက် အလိမ္မာပိုပါပေတယ်။ ဒါပေမဲ့ ယုတ်ညံ့ စုတ်ပဲ့တဲ့ ယမ်ယမ် ကောင်မလေးက အချစ်အကြောင်းကို နားလည်တယ်၊ အစ်ကိုက နားမလည်ဘူး"

"စူဇီ တစ်မိနစ်လောက် ထိုင်ပါဦး"

"မထိုင်ဘူး... သင်္ဘောသားဆီ ပြန်သွားရမယ်၊ သူ့သင်္ဘောမထွက်ခင် တာဝန် ထမ်းဆောင်ရဦးမယ်"

"စူဇီ..."

"မလာဘူး"

အခန်းတံခါးပိတ်ပြီး သူ ထွက်သွားလေတော့သည်။

(၃)

ကျွန်တော် အိပ်မပျော်တော့ပါ။ အမှောင်ထဲမှာ မျက်စိကြောင်နေသည်။ တံခါးဝမှာ မတ်တတ်ရပ်နေသော စူဇီကို မြင်ယောင်နေမိသည်။ သူပြောသွားသည့် စကားများကိုလည်း ကြားယောင်နေမိသည်။

"ကျွန်မချစ်တယ် ခံစားချက်ကလည်း အံ့ဩစရာ လှပနေမယ်၊ ကျွန်မက " ဒါ ငှါ့အမျိုးသား"လို့ ထင်မယ်၊ အစ်ကိုက "ဒါ ငှါ့အမျိုးသမီး"လို့ ထင်မယ်၊ ကျွန်မတို့ အပြန်အပြန် အလှန်လှန် ပိုင်ဆိုင်မယ်"

ဘယ်လောက် ရိုးသားလိုက်ပါသလဲ။ အလွန်တရာလှပတဲ့ ဖြူစင်ရိုးသားမှုကလေးပါလား။ စာမရေးတတ်သော စာမဖတ်တတ်ရှာသော မိန်းကလေးတစ်ယောက်၏ အလွန်ချစ်စရာကောင်းသော ဖြူစင်ရိုးသားမှုကလေးပါလား။ သန့်ရှင်းသောစိတ်ဓာတ်မှ ပေါ်ထွက်လာသည့် စိန်တုံးကို တည့်တည့်ပပသွေးထားသော ပြတ်သားတိကျမှုမျိုးကို ဖြူစင်ရိုးသားမှုကလေးပါလား။

ပြီးတော့ စိန်တုံးလိုပင် ဖျက်ဆီးခြေမွ၍မရ။ နစ်ထောင်မကလို့ ဘယ်လောက်ပင် အရေအတွက်များသည့် ယောက်ျားတွေပင် ဖျက်ဆီးခြေမွလို့ မရ။ ဘယ်လိုယောက်ျားကမှ ထတို့ ကိုင်တွယ်ခြင်း မရှိသေးသည့် သူ့ခန္ဓာကိုယ်ထဲမှ အစိတ်အပိုင်းတစ်ခု။ မည်သူမှ နတ်ထုတ်ယူဆောင်နိုင်ခြင်းငှာ မစွမ်းနိုင်သော အပျိုစင်။

မှန်ပါသည်။

အသည်းနှလုံး၏ အပျိုစင်။

"ကျွန်မချစ်တယ်၊ ခံစားချက်ကလည်း အံ့ဩစရာ လှပနေမယ်၊ ကျွန်မတို့ အပြန်ပြန် အလှန်လှန် ပိုင်ဆိုင်မယ်"

သည်စကားလုံးတွေကြောင့် ကျွန်တော့်စိတ် အများကြီး လှုပ်ရှားသွားပါတော့သည်။

သူနှင့် အတူတူနေရလျှင် ကျွန်တော် ပျော်မည်ဟု ထင်မိပါသည်။

ပြီးတော့ အမှောင်ထဲမှာ အိပ်မပျော်ဘဲ အိပ်မက်မက်နေသူလို ကျွန်တော် တစ်ခေါင်းလုံး အတွေးပေါင်းစုံဖြင့် ပြည့်လာတော့သည်။

သူ့ကို နမ်ကောက်ဟိုတယ်မှ ကျွန်တော် ကယ်တင်သွားရမည်။ သူနှင့် ကျွန်တော် လက်ထပ်ရမည်။ အနီးအနားက ကျွန်းကလေးပေါ်မှာ စရိတ်ကျဉ်းကျဉ်းနှင့် ကျွန်တော်တို့ နှစ်ယောက် သွားရောက်နေထိုင်ရမြည်။ တံငါလှေကလေးတွေက ကမ်းသို့ မပြတ်ဝင်လာ ဆိုက်ကပ်နေရမည်။ တစ်နာရီလောက် ကျွန်တော်တို့ တခြားသွားပြီး ပြန်လာသော်လည်း တံငါလှေကလေးတွေက ဝင်လာမစဲ တသဲသဲရှိရမည်။

ဒါမှမဟုတ်လျှင်လည်း ဘုန်းကြီးကျောင်းရှိရာ လန်တောင်းကျွန်းပေါ်မှာ သွားနေ နိုင်သည်။ စိတ်ချမ်းမြေ့ကြည်နူးစရာကောင်းသော ဘုရားဂတ်တက်သည့် ကြေးစည်သံ ကလေးများကိုလည်း ကြားနေရမည်။ ဗုဒ္ဓဘာသာ သံဃာတော်များထံမှလည်း စိတ်ချမ်းမြေ့ ဖွယ်ရာ တရားဓမ္မများကို နာယူနိုင်မည်။

ပြီးတော့ ကျွန်တော့်စိတ်ထဲက ထင်မည်။ "ဒါ ငါ့အမျိုးသမီး" သူ့စိတ်ထဲကလည်း ထင်မည်။ "ဒါ ငါ့အမျိုးသား" ကျွန်တော့် တစ်ကိုယ်လုံးမှာ ချစ်ရည်များ ထုံမွမ်းနေပါသည်။ ကျွန်တော် အိပ်မပျော်ပါ။ အမေရိကန်စစ်သင်္ဘောမှ နံနက်ပိုင်း ခရာတွက်သံသည် တိတ်ဆိတ်သော ဆိပ်ကမ်းတစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

အရုဏ်တက်ပြီ။ ပြည်မကြီးဘက်မှာ ကြယ်ကလေးတွေ ဂင်ရောက်ပျောက်ကွယ်သွား ကြပြီ။ ကျွန်တော့် အခန်းထဲသို့ အညိုရောင် အလင်းတန်းကလေးဂင်လာပြီ။ ရုပ်ရှင်ရုံတံခါး ပေါက်များကို ဖွင့်လိုက်သောအခါ အပြင်မှ ဂင်လာသည့် အလင်းရောင် ကြောင့် ပိတ်ကားပေါ်မှ အရုပ်များ မှေးမှိန် ပျောက်ကွယ်ရသည်။ ထိုနည်းတူစွာ ကျွန်တော့်အာရုံထဲမှာ ပေါ်နေသည့် မြတ်နိုးဖွယ် စိတ်ကူးယဉ်မှုကလေးများသည် မှေးမှိန ် ပျောက်ကွယ်စ ပြုလာသည်။

အပေါစား အဂတ်ဗီရို၊ မှန်တင်ခုံနှင့် အလှပြင်စားပွဲ။ ပြီးတော့ ညက စားကြွင်းစားကျန် တရုတ် အစားအစာများ...။ တစ်ခုချင်းကို ကျွန်တော် လိုက်ကြည့် နေမိသည်။ အားလုံး ရုပ်လုံးပေါ်လာပါပြီ။

နေ့၏ အလင်းရောင်။ အမှန်တရား။ ပြီးတော့ ကျွန်တော်သည် ယခင်ကအတိုင်းပင် စူဇီနှင့် ဆက်လက် စခန်းသွားနေရဦး မည်ဖြစ်ကြောင်း သိလာသည်။ သူနှင့် အတူနေလိုပါသည် ဆိုလျှင်လည်း သင်္ဘောသားများနှင့် သူ့ဇာတ်လမ်းကို စိတ်ထဲမှ ဖယ်ထုတ်ပစ်ရပါမည်။ ရနိုင်ကောင်းပါ၏လောဟု ကျွန်တော် စဉ်းစားကြည့်မိသည်။ ကျင့်သားရသွားဖို့သာ အရေးကြီးပါသည်။ မည်သူမဆို ဘယ်အရာမှာပဲဖြစ်ဖြစ် တစ်နေ့မဟုတ် တစ်နေ့တော့ ကျင့်သားရစမြဲ အသားကျရစမြဲသာ မဟုတ်ပါလား။

ကျွန်တော် စဉ်းစားရင်း အိပ်ပျော်သွားသည်။ သို့သော်လည်း ဇာတ်လမ်းက ရှေ့မဆက်နိုင်တော့ဘဲ သည်နေရာမှာပဲ အဆုံးသတ် သွားပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့မှာပင် ဘင်ဂျက်ဖ်ကော့နှင့် စူဇီတို့ တွေ့ဆုံကြသောကြောင့်ပင်တည်း။

## စာအုပ် (၂) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၁)

**စာအုပ် (၁) ပြီး၍ စာအုပ် (၂) စပြီ**

**အခန်း(၁)**

ဘင်းဂျက်ဖ်ကော့ကို နမ်ကောက်ဟိုတယ်မှာ စူဇီ တွေ့တာမှန်သော်လည်း သူသည် သင်္ဘောသား မဟုတ်ပါ။ သို့သော်လည်း စစ်အတွင်းတုန်းက သင်္ဘောသားတော့ ဖြစ်ခဲ့ဖူးပါသည်။ တကယ်ပြောရမည်ဆိုလျှင်လည်း သင်္ဘောသားမဟုတ်သေးပါ။ ရေတပ်မတော်မှ စစ်သင်္ဘောတစ်စီး၏ ဦးစီးမှူး ဖြစ်သည်။

အတ္တလန္တိတ်သမုဒ္ဒရာထဲမှာ ဖြစ်ပွားခဲ့သည့် တိုက်ပွဲတစ်ခုကြောင့် သူရဲကောင်း ဘွဲ့ကို ရရှိခဲ့သူဖြစ်သည်။ ထိုတိုက်ပွဲမှာပင် သူ့သင်္ဘောနစ်မြုပ်သွားသည်။

ထိုတိုက်ပွဲအကြောင်းကို ကျွန်တော် သေသေချာချာမသိပါ။ သူပြောပြသည်ကို တစ်ကြိမ်သာ ကြားဖူးပါသည်။ ထိုတိုက်ပွဲအပြီး နောက်ခြောက်လကြာတော့ သူ့သင်္ဘော တစ်စီး နစ်မြုပ်ပြန်သည်။ အသက်ကယ်လှေကလေးနှင့် ဆယ်ရက်လုံးလုံး သူမျောနေခဲ့ သည်။ ထိုဆယ်ရက်သည် သူ့ဘဝအတွက် အကောင်းဆုံးသော အတွေ့အကြုံများလည်း ဖြစ်သည်ဟု သူပြောသည်။ အသက်ရှင်ရေးအတွက် တစ်ကိုယ်တော် တိုက်ပွဲဝင်ရခြင်း ဖြစ်သောကြောင့် ယောက်ျားကောင်းအတွက် တစ်ယောက်၏ အကောင်းဆုံးသော အရည် အချင်းများကို ရရှိလိုက်ပါသည်ဟု ဆိုသည်။

"သာမန်အရပ်သားဖြစ်လာတဲ့အခါကျတော့ အဲဒီယောကျ်ားကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေကို ဘယ်နေရာမှာ သွားအသုံးချရသလဲ၊ လေအေးစက်ရောင်းချရတဲ့ အလုပ်မှာ အသုံးချနေရတော့တာပေါ့ဗျာ" ဟုလည်း ဘင်းက မကြာမကြာ ပြောတတ် သည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့လုပ်ငန်းတော့များစွာ အောင်မြင်နေပါသည်။ စစ်ကြီးပြီးသွား သောအခါ ဟောင်ကောင်တွင် လေအေးစက်ရောင်းသည့် ဧဂျင်စီတစ်ခုကို သူပိုင်ဆိုင်နေ သည်။ အဆောက် အအုံသစ်တွေ၊ ဟိုတယ်တွေများပြားလာသည့်အတွက် သူ့လေအေးစက် တွေ ရောင်းမလောက် ဖြစ်ခဲ့သည်။ ဂင်ငွေ အလွန်ကောင်းခဲ့သည်။ တောင်ပေါ်မှာ အိမ် ကောင်းကောင်းတစ်လုံး ဂယ်ပြီးပြီ။ တန်ဖိုးကြီး သည့် ဇိမ်ခံကားကြီးရှိပြီ။ စနေ တနင်္ဂနွေများမှာ ဇိမ်ခံဖို့ ရွက်လှေရှိပြီ။

သူ့အသက် သုံးဆယ့်ငါးနှစ်အရွယ်တွင် သူ့ဘဝ အသားကျပြီး အောင်မြင်သူ တစ်ယောက် ဖြစ်နေလေတော့သည်။

တစ်ည သန်းခေါင်ကျော် တစ်နာရီအချိန်လောက်ကြီးမှာ ကျွန်တော် အခန်းထဲသို့ သူ ရုတ်တရက် ရောက်လာသည်။

စူဇီက အခြားအခန်းတစ်ခုမှ နေ၍ သူတို့ အလည်လာမည်ဖြစ်ကြောင်း ဖုန်းလှမ်း ဆက်သည်။ မလာရန် ကမန်တော် တားပါသေးသည်။ သို့သော်လည်း အချိန် သိပ်နောက် ကျသွားပါပြီ။ သူ့ဖောက်သည် သည် ပညာတတ်ဖြစ်ကြောင်း ချစ်စရာကောင်းကြောင်း၊ သည်လိုလူတစ်ယောက်နှင့် တွေ့ဖြစ်အောင် တွေ့သင့်

ကြောင်းဖွတ် ပြောတော့သည်။

နောက် ငါးမိနစ်လောက်ကြာတော့ အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ် လူတစ်ယောက်ကို ကျွန်တော့်အခန်းထဲသို့ တွန်းသွင်းလာတော့သည်။ လူချော တစ်ယောက်ပင် ဖြစ်ပါသည်။ တံခါးပေါက်မှာ အနည်းငယ် ယိမ်းထိုးနေသည်။ ရီဝေမှုန်ဂါး သည့် မျက်လုံးများဖြင့်လည်း ကျွန်တော့်ကို ရန်လိုသလို ကြည့်နေသည်။

"ဟမ်..." ဟု သူက အသံပြုသည်။

ကျွန်တော် ပေါင်းရမည်ဆိုသော သူသည် အကြီးအကျယ်မူးနေပါပေါ့ကလား။

စူဇီကို ကျွန်တော် လှမ်းကြည့်သည်။ ကျွန်တော့်မျက်နှာပေါ်က မနှစ်မြို့သော အမူအရာကို အကဲခတ်မိချင်ပါသည်။ ပြီးတော့ ဧည့်သည်ဘက်သို့ ကျွန်တော် လှည့်လိုက် သည်။

"ကျွန်တော့်အခန်းထဲကို လည်လည်တဲ့ ဧည့်သည်ထဲမှာ ခင်ဗျားဟာ ပထမဦးဆုံး သော ကျွန်တော့်နိုင်ငံသားဖြစ်ပါတယ်ဗျာ... ဂုဏ်ယူပါတယ်"

"ဟမ်..."

"ကျွန်မ မိတ်ဆွေရဲ့ နာမည်က ဘင်း..."

စူဇီက ဂမ်းသာအားရ မိတ်ဆက်ပေးသည်။

"သူ့တခြားနာမည်တော့ ကျွန်မ မမှတ်မိတော့ဘူး" ဟု ဆက်ပြောသည်။

ပြီးတော့ သူ့ထုံးစံအတိုင်း ကျွန်တော့်အခန်းထဲမှာ လှည့်လည်ပြတော့သည်။ ဘင်းသည် အခန်းအလယ်မှာ မသိမသာကလေး ယိမ်းထိုးနေသည်။ သူသည် ယခုဖြစ်နေသလောက် အမှန်တကယ်မူးနေခြင်း မဟုတ်ကြောင်း၊ နမ်ကောက်ဟိုတယ်လို နေရာမျိုးသို့ သူရောက်လာသည်ကို ကိုယ့်နိုင်ငံသားချင်း၊ ကိုယ့်လူမျိုးချင်းက တွေ့သွား သဖြင့် ရှက်ကိုးရှက်ကန်းဖြစ်နေကြောင်း၊ ထို့ကြောင့် အရက်မူးဟန်ဆောင်နေကြောင်းကို ကျွန်တော် အကဲခတ်လိုက်မိပါသည်။

စူဇီသည် အခန်းအကြောင်း ရှင်းလင်းတင်ပြခြင်းကို ဖြုန်းခနဲ ရပ်ပစ်လိုက်သည်။ တိပ်ရီကော်ဒါကိုပင် ပြမနေတော့။ သူ့ပိုက်ဆံအိတ်ကို ကောက်ကိုင်လိုက်သည်။

"ကဲ... ဒါပဲ ... ကျွန်မ သွားတော့မယ်"

ကျွန်တော်က အထိတ်တလန့် လှမ်းကြည့်သည်။

"သွားတော့မလို့လား"

"ဟုတ်တယ် ... ကျွန်မ ကလေးကို သွားကြည့်လိုက်ဦးမယ်"

သူ့မျက်လုံးအစုံက တစ်စုံတရာ အွန္တရာယ်ပေးတော့မလို တောက်ပနေသည်။ နောက်ဆုံးတော့ သူ့ယစ်ထုပ်ကြီးကို ကျွန်တော့်အခန်းထဲ ပစ်သွင်းသွားသည့်သဘော ဖြစ်သည်။ သူအိမ်ပြန်သွားနေတုန်း သူ့ယစ်ထုပ်ကြီးကို ကျွန်တော်က စောင့်ရှောက်ထိန်း သိမ်းပေးထားရန် ထိုးအပ်သွားသည့်သဘော ဖြစ်သည်။

"မင်း တော်တော် ခက်ပါလား" ဟု ကျွန်တော်က လှမ်းပြောသည်။

"မကြာပါဘူး ဆယ်မိနစ်"

"မင်း အိမ်ရောက်အောင် ပြန်မှာဆိုရင်..."

"မိနစ်နှစ်ဆယ်ပေါ့"
ပြောပြောဆိုဆို အပြင်ထွက်သွားတော့သည်။
ယိမ်းထိုးနေသော ခန္ဓာကိုယ်ကြီးဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"အပြင် လသာဆောင်မှာ ထွက်ထိုင်ကြရအောင်လား၊ အထဲမှာက နည်းနည်း အိုက်တယ်၊ အပြင်မှာ ထိုင်လိုက်ရင် ခင်ဗျားလည်း နေသာထိုင်သာ ရှိသွားမယ်"

လသာဆောင်ရှိ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။ ကျွန်တော်က အခြားတစ်လုံးမှာ ထိုင်သည်။ ပြီးတော့ ဟောင်ကောင်မှာပဲ နေပါသလားဟု ကျွန်တော်က ယဉ်ယဉ်ကျေးကျေးမေးသည်။

"ဟမ်..."

သူက ဒါပဲပြန်ဖြေသည်။

ကိုယ်ရေးကိုယ်တာအကြောင်းတွေ မပြောဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ဟောင်ကောင် ဆိပ်ကမ်းသည် ကမ္ဘာပေါ်မှာ အလှဆုံးဆိပ်ကမ်းတစ်ခုဖြစ်သည်ဟု ထင်ကြောင်း ပြောမိသည်။

"ဟမ်..."

"ရိုင်ယိုဆိပ်ကမ်းလည်း အင်မတန်လှတာတော့ မှန်ပါတယ်၊ ရိုင်ယိုဆိပ်ကမ်းကို ရောက်ဖူးသလားခင်ဗျာ"

ကိုယ့်လူ တော်တော် စပ်စပ်စုစု နိုင်ပါလား" ဟု သူက ရန်လိုသလို ပြန်ပြောသည်။

"အများကြီးဂမ်းနည်းပါတယ်ဗျာ"

"ဟမ်..."

တိတ်သွားကြသည်။ ခုတင်ပေါ် ပြန်အိပ်နေတာပဲ အကောင်းဆုံးဖြစ်မည်ဟု ကျွန်တော် တွေးလိုက် မိသည်။ ထိုအခိုက် သူက ရုတ်တရက်ပြောချလိုက်သည်။

"ဒီလိုနေရာမျိုးကို ကျုပ်ရောက်ဖူးတာ ဒါ ပထမဆုံးအကြိမ်ပဲ..."

ရန်လိုသည့် အကြည့်မျိုးဖြင့် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြန်သည်။

"ကျုပ်ကို ခင်ဗျား မယုံဘူးလား"

"အမှန်အတိုင်း ခင်ဗျားပြောတယ်ဆိုရင် ယုံပါ့ဗျာ"

"အမှန်အတိုင်းပြောတာ... ဒါ ပထမဆုံးအကြိမ်ပဲ"

မာရေကျောရေနိုင်သော သူ၏လေသံများကို သတိပြုမိသွားဟန်တူသည်။ အနည်းငယ်လည်း ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ ပြီးတော့ ကျွန်တော် စိတ်ကျေနပ်စေရန် လေသံကို ပြင်ပြောသည်။

"ဒီမှာ မိတ်ဆွေကြီး ... ကျုပ်တို့ အရက်သောက်လို့ ရမလား"

"ခင်ဗျား အတော်ကလေးမူးနေပြီ ထင်တယ်"

သူ့အရိုက်ကို မှန်သွားဟန်တူသည်။ တစ်ချက်တည်း ပေါက်ကွဲပါလေတော့သည်။

"ကျုပ်ကို လစ်ဖ်ရဲ့ အပေါက်မျိုးတွေနဲ့ လာမချိုးစမ်းပါနဲ့"

"ဘာအပေါက်မျိုးဗျ..."

"ထားလိုက်စမ်းပါ... အပေါ်ကို တစ်ခုခုပို့ပေးဖို့ မှာလို့ရမလား"

ဘားခန်းသို့ ကျွန်တော် ဖုန်းလှမ်းဆက်လိုက်သည်။ ခဏကြာတော့ သူ့အတွက် ဂီစကီနှစ်ခွက်နှင့် ကျွန်တော့်အတွက် ဘီယာတစ်လုံးကို စားပွဲထိုးက ယူလာပေးသည်။ သူက ငွေစက္ကူတစ်ရွက် လှမ်းပေးသည်။

ပိုတဲ့ငွေ ယူလိုက်တော့ဟုလည်း ပြောသည်။ လက်ထဲသို့ ဂီစကီခွက် ရောက်သွားတော့ သူ နေသာထိုင်သာ ရှိသွားသည်။

"ကျုပ် ရိုင်းစိုင်းမိခဲ့တာတွေအတွက် ဂမ်းနည်းပါတယ်ဗျာ" ဟု သူက ပြောသည်။

" ကျုပ် အရက်မူးလွန်သွားရင် ဒီအတိုင်းချည်းဖြစ်တာပဲ၊ အရက်မမူးရင် ကျုပ်စိတ် ဓာတ်ဟာ အင်မတန်ပျော့ပျောင်းတယ်၊ ခုန ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ် ဟောင်ကောင်မှာနေတာ အတော်ကလေးကြာပြီ၊ ဒါပေမဲ့ အခုလို ဆောင်ကြာမြိုင်မျိုးကို ရောက်လာတာတော့ ဒါ ပထမဆုံးအကြိမ်ပဲ၊ တရုတ်မနဲ့ တွေ့ဖူးတာလည်း ဒါ ပထမဆုံး အကြိမ်ပဲ၊ မထူးပါဘူးလေ... ဖြစ်လာသမျှကို ရင်ဆိုင်ရုံ ရှိတော့တာပေါ့၊ ကျုပ်ဟာ လစ်ဇ်အတွက်တော့ တကယ့်စံပြယောက်ျားပဲဗျ..."

"ဒါဖြင့် လစ်ဇ်ဆိုတာ ခင်ဗျားမိန်းမပေါ့"

"သွေးထွက်အောင် မှန်တာပေါ့"

စူဇီသည် ပြောသွားသလို ချက်ချင်း ပြန်ရောက်လာမည်ဟု ကျွန်တော် မျှော်လင့်မထားပါ။

နောက်တစ်နာရီလုံးလုံး သူ၏ အိမ်ထောင်ရေး အဆင်မပြေပုံများကို ယစ်ထုပ်ကြီးက ပြောပြ နေပါတော့သည်။

သူ ရွှတ်တိုက်ဂါသနာကြီးသည့်အတွက် သူ့ဇနီးအယ်လီဇဘက်အဖို့ နေမထိ ထိုင်မထိ ရှိနေပုံရသည်။ ဘင်းကလည်း စီးပွားရေးလုပ်ငန်း လုပ်ရသည်ကို စိတ်ကုန်သည်။ စစ်ပြီးသွားကတည်းက သူ့ဘဝကို သူမကျေနပ်နိုင်တော့ဟု ဆိုသည်။ ထို့ကြောင့် အားအား ရှိတိုင်း ရွှက်သွားတိုက်နေတတ်သည်။ ရွှက်တိုက ်နေရသည့်အတွက် စစ်အတွင်းက တာဂန်ထမ်းဆောင်ခဲ့သည့် ရေတပ်အတွေ့အကြုံကလေးများကို ပြန်လည် အမှတ်ရစေသည်။

ထို့ကြောင့် အချို့ ယောက်ျားများက မိန်းမနှင့် ပြန်တွေ့ဖို့ကို စိတ်အားထက်သန်သလို သူကလည်း စနေ တနင်္ဂနွေတွင် သူ့ရွှက်လှေကလေးနှင့် ပြန်တွေ့ဖို့ကိုသာ စိတ်စောနေမိသည်။ အယ်လီဇဘက်ကလည်း ထိုအကျင့်ကို အလွန်မုန်း သည်။ ထို့ကြောင့် စနေ တနင်္ဂနွေ သူရွှက်တိုက်ရာက အပြန်တွင် သူတို့လင်မယား စကား များလေ့ရှိသည်။

နောက်ဆုံးတော့ စနေနေ့ညနေတွင် ရွှတ်တိုက်မည်။ တနင်္ဂနွေတစ်နေ့လုံး အယ်လီဇဘက်နှင့် အတူနေမည်ဟု သူ့ဘက်က အလျှော့ပေးလိုက်သည်။ သည်လို လျှော့ပေးလိုက်သော်လည်း ငြိမ်းချမ်းရေးကား မရ။ အပြန်နောက်ကျသောကြောင့် ညှော့ သည်တွေ ကသိကအောက်ဖြစ်ရသည် ဆိုတာမျိုးက စပြီး စကားများကြသည်။ ထိုတစ်ည နှင့်လည်း မပြီး။ နောက်တနင်္ဂနွေတစ်နေ့လုံးအထိ ဆက်ဖြစ်နေတတ်သည်။

သည်လိုဖြင့် တနင်္လာနေ့မနက် သူအလုပ်သွားတော့ စိတ်ဆင်းရဲကာ နွမ်းနယ်ပင်ပန်းနေတော့သည်။ မတတ်သာသည့်အဆုံး ရွှတ်တိုက်သည့်အကျင့်ကို စွန့်လွှတ်လိုက်ရန် ဆုံးဖြတ်ရ တော့သည်။ ရွှက်လှေကိုလည်း ရောင်းပစ်လိုက်သည်။ ရွှက်တိုက်ခြင်းအစား ကစ်ကက် ကလပ်မှာ အချိန်သွားဖြုန်းသည်။ ကစ်ကက်ကလပ်သည် ဗဟိုခရိုင်မှာရှိသည်။ နံနက်စာ စားနိုင်သည်။ နေ့လယ်စာ စားနိုင်သည်။ ညနေတိုင် အရက်သောက်နိုင်သည်။ ကလပ်မှာ သူ့အသိ တစ်ယောက်မဟုတ် တစ်ယောက်တော့

အမြဲတွေ့နေတတ်သည်။ ညနေတိုင်း ရုံးဆင်းချိန် အပြီး မှန်မှန်ဂင်လေ့ရှိသည်။ သည်ကစပြီး အိမ်အပြန်နောက်ကျရပါမည်လားဆိုကာ လင်မယားရန်ပွဲများ ပြန်ဖြစ်လာပြန်သည်။ ညစာ စားတုန်းဖြစ်သည်။ အိပ်ရာထဲရောက်တော့လည်း ဖြစ်သည်။ မနက်လေးနာရီထိုးသည့် တိုင်အောင် ရန်ပွဲက အဆုံးမသတ်သေး။

ယနေ့ည သူအိမ်ပြန်ရောက်သည့်အခါတွင် ထမင်းစားခန်းထဲက ကုလားထိုင် တစ်လုံး အိမ်ဖော်တစ်ယောက်ကြောင့် ကျိုးသွားကြောင်း အယ်လီဇဘက်က ဆီးပြောသည်။ ထမင်းစားခန်းထဲရှိ မီးချောင်းတစ်ချောင်း ဖြုးစ်ပြုတ်နေသည်ကို အိမ်ဖော်က ကုလားထိုင်နှင့် တက်ပြင်ရင်း ကျိုးသွားခြင်းဖြစ်ကြောင်း၊ ကစ်ကက်ကလပ်မှာ မဟုတ်ဘဲ အိမ်မှာသာ ဘင်းရှိနေလျှင် ထိုသို့ဖြစ်မည်မဟုတ်ကြောင်း ဆီးပြောသည်။

"သြော် ... ဟိုကောင် လှေကားသွားယူရမှာ ပျင်းတာဟာ ငါ့အပြစ်ပေါ့လေ" ဟု ဘင်းက ပြန်ပြောသည်။
"ရှင့်ကို အပြစ်တင်နေတာ မဟုတ်ဘူး... ကျွန်မ ပြောတာက..."
နောက်တစ်နာရီကြာတော့ ညစာစားကြရင်း သည်အကြောင်းကိုပင် ဆက်ပြော နေကြရပြန်သည်။ ဘင်းက ခက်ရင်းနှင့် ဇွန်းကို ရုတ်တရက်ပစ်ချလိုက်သည်။

"နားထောင်စမ်း... ဒီအကြောင်းနဲ့ပဲ တို့ စကားများနေရတာ တစ်ပတ်ရှိသွားပြီ၊ ငါ ဒီတစ်ညတောင် သည်းမခံနိုင်တော့ဘူးကွ... မင်းဆက်ပြောနေရင် ငါ ကစ်ကက်ကို ပြန် သွားမယ်"
"ဒီအကြောင်း ရှင်က စတာ"
"ဘယ်သူက စစ ငါ ဂရုမစိုက်ဘူး၊ မင်းကို ငါ သတိပေးလိုက်တယ်"
"ရှင့်အိမ်ထက်ပဲ ကစ်ကက်ကို ခုံမင်တယ်ဆိုရင် သွားပေါ့"
ဘင်းသည် ဘာစကားမှ မပြောတော့ဘဲ မော်တော်ကားမောင်းပြီး ကစ်ကက်ဘက်သို့ ထွက်လာခဲ့တော့သည်။ ကစ်ကက်ရောက်တော့ ဂေးဘလက်ဆိုသော မိတ်ဆွေတစ်ယောက်နှင့် အရက်ထိုင်သောက်နေသည်။ ထိုအချိန်မှာပင် ဘေးလ်ဟားပါးနှင့် မွိုင်ရာဂမ်းတို့နှစ်ယောက် ဂင်လာသည် ကို တွေ့ရသည်။

မွိုင်ရာဂမ်းသည် အသက်နှစ်ဆယ့်ခြောက်နှစ်ရှိ တရုတ်အမျိုးသမီးဆရာဂန် ဖြစ်သည်။ အလွန်ချောမောလှပသည်။ ဘေးလ်ဟားပါးနှင့် အတူတူ ဘင်းတို့နှင့် မလှမ်းမကမ်းစားပွဲမှာ ညစာ ထိုင်စားနေသည်။ ဂမ်းက ဟားပါး၏ တူများကို လက်သုတ်ပဝါဖြင့် သုတ်ပေးပုံ၊ ကောင်းနိုးရာရာ ဟင်းဖတ်များ ထည့်ပေးပုံတို့ကို မြင်တွေ့ ရသောအခါ ဘင်း၏စိတ်များ ဖောက်ပြန်လာတော့သည်။
အရှေ့တိုင်းသူများသည် လင်ကို ယုယချစ်ခင်ကြ၏။ ပြုစုကြ၏။ မိန်းမပီသကြ၏။ အနောက်တိုင်းသူများမှာ ဒါမျိုးမရှိ။ အယ်လီဇဘက်မှာ ဒါမျိုး မရှိ။

မွိုင်ရာဂမ်း၏ လှုပ်ရှားပုံများကို ထိုင်ကြည့်နေရင်း အယ်လီဇဘက်အပေါ်မှာ ဒေါသတွေ ပိုထွက်လာသည်။ ဒေါသနှင့်အတူ သည်လို ကြင်ကြင်နာနာ ယုယပြုစုတတ်သည့် အမျိုးသမီးတစ်ယောက် လိုချင်လာသည်။ အချစ်ဆာလောင်မွတ်သိပ် လာသည်။ သူ့စိတ်ကို သူ အခိုင်အမာ ဆုံးဖြတ်လိုက် တော့သည်။

သည်လိုဖြင့် တက္ကစီဒရိုင်ဘာတစ်ဦး၏ အကူအညီဖြင့် နမ်ကောက်ဟိုတယ်သို့ သူ ရောက်လာသည်။ အခန်းတစ်ခန်းငှားပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ ဟိုတယ်ပေါ်သို့ ရောက်လျှင် တရုတ်မကလေးတွေ တန်းစီနေလိမ့်မည်ဟု သူ ကြားဖူးသည်။ သို့သော်လည်း ယခု လက်တွေ့တွင်မူ ဘာတရုတ်မမှ မရှိ။

နောက်ဆုံးတော့ အခန်းစောင့်ကို ဘဲလ်တီးပြီး ခေါ်ရတော့သည်။ အကျိုးအကြောင်း ရှင်းပြသည်။ အခန်းစောင့်ကလည်း မိမိတို့ ဟိုတယ်သည် အထူးသဖြင့် နိုင်ငံခြားသဘော်သားများသာ စတည်း ချလေ့ရှိကြောင်း၊ အမျိုးသမီးများကို လိုချင်လျှင် ဘားခန်းထဲမှာ သွားရှာနိုင်ကြောင်း ပြောပြသည်။ ဘားခန်းထဲကိုတော့ ဘင်း မသွားပံ့ပါ။ ထို့ကြောင့် အခန်းစောင့်ကိုပဲ ဆို့ဆို့ပို့ပို့ ပိုက်ဆံပေးကာ မိန်းကလေး တစ်ချို့ခေါ်ပေးဖို့ ပြောလိုက်ရသည်။ ပြီးတော့ ခုတင်ပေါ်မှာ ခြေဆန့် လက်ဆန့် အိပ်နေလိုက်တော့သည်။

ခဏကြာတော့ အမျိုးသမီးလေးယောက်နှင့်အတူ အခန်းစောင့် ပြန်လာသည်။ အမျိုးသမီးလေးယောက်က ဘင်းစိတ်ကြိုက်ရွေးနိုင်ရန် တန်းစီပြသည်။ သည်ကောင်မလေးတွေကို သူမကြိုက်ပါ။ သူ့မျှော်လင့်ချက်များ ကွယ်ပျောက်သွားတော့ သည်။ သူ တကယ်လိုချင်သည်က မိန်းမပီပီ သသဖြင့် သူ့ကို ယုယဖို့ပြုစုဖို့ ချစ်ခင်ဖို့။ ယခုတော့ တလွဲတွေဖြစ်ကုန်ပြီ။

ထိုအချိန်မှာပင် အယ်လီဇဘက်ကို ပြေးသတိရလိုက်သည်။ သတိရခြင်းနှင့်အတူ သူ့စိတ်ဓာတ်ကလည်း ပြန်လည်ခိုင်မာလာသည်။

ဟိုဘက်အစွန်ဆုံးမှ ဒုတိယမိန်းကလေးကို လက်ညှိုးထိုးပြလိုက်သည်။

"သူ့လိုချင်တယ်"

သူကား စူဇီဖြစ်ချေသည်။

စူဇီ ပြန်ရောက်လာသည်။ အသက်ရှူမမှန်အောင် မောနေသည်။ လသာဆောင်သို့ အဝင် တံခါးပေါက်မှာ သူရပ်နေသည်။

"ကျွန်မ ကြာသွားတာ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မကလေးက သိပ်ဖျားပြီး ချောင်းအရမ်းဆိုးနေပါတယ်၊ သူ့ကို သီချင်းဆိုပြီး ချော့သိပ်နေရတယ်၊ သူ အိပ်ပျော် သွား တော့မှ ကျွန်မ ဒုန်းစိုင်းပြီး ပြန်ပြေးလာတာ၊ အိုး... မောလိုက်တာ၊ ခဏနေဦးနော်... ကျွန်မ ရေနွေးကြမ်းယူလိုက်ဦးမယ်"

အခန်းထဲသို့ သူပြန်ဝင်သွားသည်။ ဝင်သွားပုံက သူ့အိမ်သူ့ရာလို ပိုင်စိုးပိုင်နင်းရှိ သည်။ ဘင်းက သူ့ကို သဘောကျနှစ်ခြိုက်စွာ ကြည့်နေသည်။ ပြီးတော့မှ ကျွန်တော့်ဘက် လှည့်မေးသည်။

"အတော်နိုပ်တဲ့သူငယ်မဗျာ... နေစမ်းပါဦး ခင်ဗျားက သူနဲ့ ဘယ်လိုပတ်သက်တာလဲ"

"မိတ်ဆွေပါပဲ"

"ကောင်းပြီ... ဒီလိုဆိုရင် မနက်ဖြန် သူနဲ့ ကျုပ် ထပ်တွေ့မယ်ဆိုရင် ခင်ဗျား စိတ်မဆိုးပါဘူးနော်"

"ကျွန်တော် စိတ်ဆိုးတာ မဆိုးတာနဲ့ ဘာမှမဆိုင်ပါဘူးဗျာ၊ သူ့ကိုယ်သူပိုင်တာပဲ၊ သူ့သဘောနဲ့ သူပါဗျာ... ကျွန်တော်နဲ့က ဘာဆိုင်တာမှတ်လို့"ဟု ကျွန်တော်က ပြန်ပြော သည်။

"ဟုတ်ပါပြီလေ... ဟား..ဟား..ဟား.. ကျုပ်ဆိုလိုတာက.." ပြောရင်း အားပါးတရ သူရယ်ချလိုက်စဉ်မှာပင် အခန်းထဲသို့ စူဇီပြန်ဝင်လာသည်။

"ကျွန်မကလေးထိန်းက ကျွန်မကို ဘာပြောလိုက်တယ်ထင်သလဲ"

စူဇီသည် စိတ်အားထက်ကြွနေပုံရသည်။ စားပွဲစွန်းမှာ ဝင်ထိုင်ပြီး ခြေထောက်နှစ်ချောင်းကို လွှဲနေသည်။

"အင်္ဂလိပ်လူမျိုးတစ်ယောက် ဒီနေ့ အိမ်ကို ရောက်လာတယ်တဲ့၊ ကျွန်မသားလေးကို ကြည့်ပြီး သိပ်ချောတာပဲ၊ သိပ်ချစ်စရာကောင်းတာပဲလို့ ပြောသွားတယ် တဲ့" စူဇီက တခစ်ခစ်ရယ်နေသည်။

"ဒီမှာ မနက်ဖြန် ဆယ့်နှစ်နာရီမှာ မင်းဘာလုပ်စရာရှိသလဲ"ဟု ဘင်းက လှမ်းမေးသည်။

"ညဘက်လား" စူဇီက မထူးခြားသလို ပြန်မေးသည်။

"မဟုတ်ဘူး...နေ့ခင်း"

"ရှင် ပိုက်ဆံပေးထားတာက ဒီတစ်ညအတွက်ပဲနော်၊ သိတယ်မဟုတ်လား မနက်ဖြန်ဆိုရင် ရှင် ပိုက်ဆံထပ်ပေးရမှာ"

"ဒါအတွက် မပူပါနဲ့ကွာ" ဟု ဘင်းကပြောသည်။

"ကောင်းပြီလေ..ကျွန်မကို ဘားခန်းထဲမှာ လာတွေ့ပါ"

ဘားခန်းထဲသို့ ဘင်းက မလာချင်။ ထို့ကြောင့် ဂရာနာဒါခန်းမတွင် စူဇီ အလုပ် လုပ်စဉ်က သွားလေ့ရှိသော ဟိုတယ်မှာတွေ့ရန် ချိန်းဆိုကြသည်။ ဘင်းက သူပြန်တော့မည်ဟုပြောသည်။ သူ့မော်တော်ကားကို ကစ်ကက်ကလပ်မှာ ထားပစ်ခဲ့သည်။ ထို့ကြောင့် နောက်ဖေးလမ်းရှိ အငှားကားသမားဆီသို့ ကျွန်တော်က လိုက်ပို့ပေးလိုက်သည်။ ထိုကားသမားကတော့ ဘယ်အချိန်နှိုးနှိုး အကြောင်းမဟုတ်။

ကျွန်တော့်အခန်းသို့ ပြန်ရောက်တော့ စူဇီသည် ကျွန်တော့်အိပ်ရာပေါ်မှာ ထိုင်ပြီး လန်ဒန် ဓာတ်ပုံစာအုပ်တစ်အုပ်ကို ကြည့်နေသည်။ ဓာတ်ပုံများကို တစ်ပုံချင်း သေသေချာချာ စူးစိုက် ကြည့်နေသည်။

ပြီးတော့ ကျွန်တော့်ဘက်သို့ စာအုပ်ထိုးပြပြီး တစ်နေရာကို လက်ညှိုးထိုးပြသည်။ ဘာကင်ဟမ်နန်းတော်ရှေ့တွင် လူအုပ်ကြီးကို တွေ့ရသည်။

"ဟောဒီမိန်းမကို ကြည့်စမ်းပါ... သူ့လက်ထဲမှာ ကိုင်ထားတာ ဘာလဲဟင်" ဟု မေးသည်။

"ပေါင်မုန့်နဲ့ တူတာပဲ၊ သူဈေးဝယ်ပြီး ပြန်လာတာ ဖြစ်မှာပေါ့" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

"ဘုရင်မအတွက် သူဝယ်လာတာဖြစ်မယ်" ဟု စူဇီက ပြောသည်။ သူသည် ဘုရင်မကို အလွန်စိတ်ဝင်စားသည့်မိန်းကလေး ဖြစ်သည်။ ပြီးတော့ စာအုပ်ကို ပိတ်ပစ်လိုက်သည်။

"ကိုင်း... ကျွန်မ ပြန်တော့မယ်"

"မနက်ဖြန်နေ့ခင်း မင်းတို့ ချိန်းထားတာ မမေ့နဲ့နော်..." ဟု ကျွန်တောက သတိပေးလိုက်သည်။

"ကျွန်မ သွားဖြစ်မယ် မထင်ပါဘူး၊ အဲဒီလူကြီးက မူးကြီးပဲ... သူလည်း မေ့သွားမှာနဲ့ တူပါတယ်"

"ကိုယ်တော့ မထင်ဘူး..."

"ဘာပဲဖြစ်ဖြစ်လေ ဒီလူကြီးက တယ်မနိုင်ပါဘူး"

"အရက်များသွားလို့ပါကွာ..."

"မဟုတ်ပါဘူး... လူကောင်ကြီး ကြီးသလောက် အရှက်အကြောက်က သိပ်ကြီးတာ"

## စာအုပ် (၂) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၂)

**အခန်း(၂)**

အမူးလွန်နေသောကြောင့် မနက်ဖြန်ကျလျှင် ဘင်း မေ့သွားလိမ့်မည်ဟု စူဇီတွက်သည်မှာ မှားသွားပါသည်။

စူဇီက ချိန်းသည့်နေရာသို့ မသွားဘဲနေသည်။ သို့သော် ဘင်းက တဂ္ဂစီငှားပြီး နမ်ကောက်ဟိုတယ်သို့ လိုက်လာသည်။ ဘားခန်းထဲရှိ စူဇီကို ဒရိုင်ဘာအား လိုက်ရှာခိုင်း သည်။ စူဇီကို တွေ့တော့ အခြား ဟိုတယ်တစ်ခုသို့ ခေါ်သွားသည်။

ထိုနေ့မှစပြီး နေ့စဉ်နေ့တိုင်း သူတို့နှစ်ယောက် တွေ့ကြသည်။ နေ့စဉ်ဆယ့်နှစ်နာရီ မှာတွေ့ပြီး ဟိုတယ်တစ်ခုခုတွင် နေ့လယ်စာ စားကြခြင်းဖြစ်သည်။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးအခြေအနေနှင့် ပတ်သက်၍ စူဇီက ကျွန်တော့်ကို အသေးစိတ် ပြန်ပြောပြစမြဲ ဖြစ်သည်။

သူတို့နှစ်ယောက်၏ ဆက်ဆံမှု ခိုင်မြဲသည်ထက် ခိုင်မြဲလာသည်။ နောက်ဆုံးတွင် ဘင်းက စူဇီကို လစဉ် ဒေါ်လာတစ်ထောင်ပေးရန် သဘောတူသည်။ စူဇီကလည်း သဘောတူ လက်ခံလိုက်သည်။ ထိုအချိန်မှစပြီး ဘားခန်းတွင်းသို့ သူမဝင်တော့။ သဘော်သားများနှင့် အဆက်အဆံ မလုပ်တော့။

ညကြီးမင်းကြီး ကျွန်တော့်အခန်းသို့ ဘင်းရောက်လာပြီးနောက် သူနှင့် ကျွန်တော် ထပ်မတွေ့ရတော့ပါ။ သူကလည်း နမ်ကောက်ဟိုတယ်ဘက်သို့ ခြေဦးမလှည့်ချင်။ သို့ဖြင့် တစ်လနီးပါးကြာသွားသည်။

တစ်နေ့မနက် ဗဟိုခရိုင်၏ လမ်းပေါ်တွင် ကျွန်တော် လမ်းလျှောက်နေခိုက် ကျွန်တော့် နာမည်ကို ခေါ်သံကြားရသည်။ မီးပွိုင့်ရှိ ကားတစ်စီးထဲတွင် ပြုံးနေသော ဘင်းကို တွေ့ရသည်။ သူက ကားတံခါးကို ဖွင့်ပေးသည်။

"မြန်မြန်တက် မီးစိမ်းတော့မယ်" ဟုလည်းပြောသည်။

သူ့ဘေးမှာ ကျွန်တော် ဝင်ထိုင်လိုက်သည်။ သူ၏ ဖော်ရွေပျူငှာမှု ကျွန်တော်သိထားသဖြင့် ကျွန်တော်နှင့် ထပ်တွေ့ရန် သူ ဝန်လေးပေလိမ့်မည်ဟု ထင်ထားခဲ့သောကြောင့် ဖြစ်ပါသည်။

"အဲဒီဘက်တံခါး ကျပါတယ်နော်" ထိုအခိုက် မီးစိမ်းသဖြင့် မောင်းထွက်လာခဲ့သည်။

"ကိုယ့်လူကို ပြန်ပေးဆွဲလာရတာ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ခင်ဗျားနဲ့တွေ့ရတာ သိပ်ဟန်ကျ သွားတယ်၊ ဒါပေမဲ့ ခင်ဗျား အလုပ်အားပါတယ်နော်၊ ကောင်းတယ်... ကျုပ်နဲ့ အတူတူ ကစ်ကက်ကိုလိုက်ပြီး ကော်ဖီလေး တစ်ခွက်လောက် သောက်ပါဦး၊ လစ်ဖ်နဲ့ ကျုပ် တွေ့ဖို့လည်း ရှိနေတယ်"

"ပြဿနာ မပေါ်နိုင်ဘူးလား" ဟု ကျွန်တော်က ပြန်မေးသည်။
"ဘာပြဿနာပေါ်ရမှာလဲ ဘာဖြစ်လို့လဲ"
"ကျွန်တော့်ကို ဘယ်လိုလုပ်ပြီး မိတ်ဆက်ပေးမယ်"

"အိုး...ဟုတ်သားပဲ... တစ်ခုခု စဉ်းစားကြည့်သေးတာပေါ့လေ၊ ကျုပ်မိန်းမကို ခင်ဗျားတွေ့စေချင်တယ်၊ ဟိုညက ဖြစ်ရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်စိတ်ထဲမှာ အပြစ်တစ်ခုခု ကျူးလွန်မိသလို ခံစားနေရတယ်၊ တကယ်ကတော့ သူ့မှာ ဘာအပြစ်မှ မရှိပါဘူး၊ ကျုပ်မိန်းမဟာ မိန်းမကောင်းတစ်ယောက်ပါ။ သူ့ကို တွေ့ရင် ခင်ဗျား သိပ်သဘောကျသွားမယ်"

သည်စကားကို ကြားရပြန်တော့ စောစောက သူ့ဖော်ရွေပျူငှာမှုကို မြင်ပြီး အံ့အား သင့်ရသည်ထက် ပိုပြီး အံ့သြသွားပြန်ပါတော့သည်။ သူသည် စိတ်အားထက်သန်စွာဖြင့် ယုံယုံကြည်ကြည် ပြောနေသည်။ သူ့မိန်းမ အပေါ်တွင် သစ္စာအလွန်ရှိပြီး အလွန်ချစ်မြတ်နိုး သည့် ယောကျ်ားတစ်ယောက်ဟန်မျိုးဖြင့် ပြောနေသည်။ တကယ် ကတော့ နေ့စဉ်နေ့တိုင်း စူဇီနှင့် ချိန်းတွေ့နေကျဖြစ်သည်ကို ကျွန်တော်သိသည်။ ကျွန်တော် သိကြောင်း ကိုလည်း သူသိသည်။ ထိုကြားထဲက အယ်လီဇဘက်အကြောင်းကို ဘာကြောင့် အရှက်မရှိ ပြောနေ ပါလိမ့်။

"ဟုတ်တယ်... ခင်ဗျားတို့နှစ်ယောက်တွေ့ရင် သိပ်ခင်သွားမှာပါ။ အိုး... ကားရပ်စရာ နေရာလည်း မရှိပါလား"
ကျွန်တော်တို့သည် ကားရပ်ရမည့်နေရာကို လှည့်ရှာနေကြသည်။

"ဒီတစ်လတည်းမှာချည်းပဲ ကျုပ်ကား အဖမ်းခံရတာ နှစ်ခါရှိသွားပြီ၊ ကျုပ်က လစ်ဇ်လို မလျင်ဘူး၊ ကျုပ်မိန်းမကတော့ အံ့သြစရာပါပဲဗျာ၊ သူ့ကို ယဉ်ထိန်းရဲ မဖမ်းအောင် အင်မတန်ပြောတတ်တယ်၊ နောက်ဆုံး တော့ သူ့အပြောမှာ ယဉ်ထိန်းရဲ အရည်ပျော်သွား တာပဲ"
နောက်ဆုံးတော့ "ယဉ်မရပ်ရ" ဆိုသော နေရာမှာပင် ကျွန်တော်တို့ကားကို ရပ်ထား ခဲ့ကြရတော့သည်။

အနီးမှ အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်ခဲ့ကြသည်။ ကစ်ကက်ကလပ်သည် ပထမထပ်မှာရှိသည်။ ကြမ်းကို ပြောင်အောင်တိုက်ထားပြီး စားပွဲ ကုလားထိုင်များခင်းကျင်း ထားသည့် ခန်းမကြီးတစ်ခုမျှသာ ဖြစ်ပါသည်။ စားပွဲထိုးများအပြင် ကော်ဖီသောက်နေသော အမျိုးသမီးနှစ်ယောက်မှအပ ကလပ်အတွင်းမှာ လူရှင်းနေသည်။ စားပွဲတစ်လုံးမှာ ကျွန်တော်တို့ ဝင်ထိုင်ကြသည်။ ဘင်းက ပြုံးနေသည်။ သူ့အသက် ဆယ်နှစ်လောက် ငယ်သွားသည်ဟု ထင်မှတ်ရသည်။

"အင်း... ပြောရဦးမယ်၊ ဟိုညက နမ်ကောက်ဟိုတယ်ကို ကျုပ်ရောက်လာတာ ကျုပ်အဖို့ ကံကောင်းဖို့ ဖြစ်လာတာပဲ"
"ဖောက်သည်တွေက ကျေနပ်တယ်ဆိုတာကြားရလို့ ဝမ်းသာပါတယ်ဗျာ"ဟု ကျွန်တော်က ပြန်ပြောသည်။
"စူဇီဟာ အင်မတန် အံ့သြစရာကောင်းတဲ့ မိန်းကလေးဗျ... သိတယ် မဟုတ်လား၊ သိပ်ကို အံ့သြစရာ ကောင်းတယ်"

သူသည် ငယ်ရွယ်သည့် ရေတပ်အရာရှိတစ်ယောက်ဘဝသို့ ပြန်ရောက်သွားသလို ရှိသည်။ လူပျို ပေါက်ကလေးတစ်ယောက်လို စိတ်အားထက်သန်စွာ ပြောနေသည်။

"ဟုတ်ပါတယ်... စူဇီက ချစ်စရာကောင်းပါတယ်"

"ခင်ဗျားကို ပြောပြဖို့ ဂန်မလေးပါဘူးဗျာ၊ သူနဲ့ တွေ့ရတာ ကျုပ်ဘဝကြီးတစ်ခုလုံး ပြောင်းလဲသွားတယ်"

ထိုသို့ ပြောရင်း စားပွဲထိုးတစ်ယောက်ယောက်များ ကြားသွားလေမည်လားဟူသော စိုးရိမ်မှုမျိုးဖြင့် ပတ်ဂန်းကျင်ကို သူ လှည့်အကဲခတ်လိုက် သေးသည်။ ပြီးတော့မှ သူ့အကြောင်းများကို ဆက်ပြော ပြနေသည်။

ဘင်းသည် မိန်းမများနှင့် ဆက်ဆံပေါင်းသင်းရခြင်းကို ယုတ်ညံ့သည်ဟု ယုံစားခဲ့ သူဖြစ်သည်။ အရှက်အကြောက်လည်း ကြီးခဲ့သည်။ ထို့ကြောင့် အတတ်နိုင်ဆုံး ကင်းအောင် ရှောင်ခဲ့သည်။ ဆယ့်ကိုးနှစ်သားအရွယ်တုန်းကမူ လန်ဒန်တွင် ပြည်တန်ဆာ မတစ်ယောက်နှင့် တွေ့ခဲ့သည်။ သူ့ဘဝ၏ ပထမဆုံး အတွေ့အကြုံလည်းဖြစ်သည်။ ပြီးတော့ ရောဂါများ ရလေမလားဟု လပေါင်းများစွာ စိုးရိမ် ထိတ်လန့်နေရတော့သည်။ ထိုအချိန်မှစပြီး မိန်းမဆိုလျှင် ဝေးဝေးကရှောင်ခဲ့သည်။

သည့်နောက် ရေတပ်ထဲရောက်သည်။ ပြီးတော့ အယ်လီဇဘက်နှင့် လက်ထပ်သည်။ အယ်လီဇဘက်နှင့် အိမ်ထောင်ရေးသည် မသာယာခဲ့။ မိန်းမများနှင့် ဆက်ဆံပေါင်းသင်းသည့် အတတ်ပညာ သူ့မှာ ချို့တဲ့ခဲ့သည်။ သူတို့အိမ်ထောင်သက်မှာ ခုနစ်နှစ်ရှိပြီ။

ထိုအချိန်တွင် စူဇီနှင့် တွေ့သည်။ စူဇီနှင့်တွေ့တော့မှ သူ့အသိဉာဏ်တွ ပွင့်လင်း လာတော့သည်။ အမှန်တရားကို မြင်လာတော့သည်။

"ဒါကို အယ်လီဇဘက်က မသိဘူးလား၊ စူဇီအကြောင်း အယ်လီဇဘက်ကို ခင်ဗျား ပြောမပြဘူးလား"

"လစ်ဇ်ကို ပြောပြဖို့လား... ဖြစ်မှ ဖြစ်ရလေ သူငယ်ချင်းရယ်... သွားပြောပြလို့ ဘယ်ဖြစ်ပ့ါမလဲ"

"သူ့ကို အသိမပေးဘဲ ဘယ်လိုလုပ်ပြီး စူဇီနဲ့ခင်ဗျား တွဲခုတ်နေသလဲ"ဟု ကျွန်တော်က ပြန်မေးသည်။

"အင်မတန်အံ့ဩစရာ မကောင်းဘူးလားဟင်"

သူ့ရှင်းလင်းချက်ကို ကျွန်တော် စောင့်နေသည်။ ထိုအချိန်မှာပင် ပွင့်လာသည့်တံခါးကို ကြည့်ပြီး ဘင်း၏ မျက်နှာ အရောင် တဖိတ်ဖိတ်တောက်ပ ဝင်းလက်သွားတော့သည်။

"အား... ဟောဟိုမှာ လစ်ဇ်... သူ ဘင်ကီကိုပါ ခေါ်လာတာကို ဟော့... ခွေးကောင်ကြီး ဘင်ကီ"

အယ်လီဇဘက်သည် ကြိုးနှင့်ဆွဲခေါ်လာသော ခွေးကို ကျွန်တော်တို့ဆီသို့ လွှတ်ပေးလိုက်သည်။ ပြောင်ချော နေသည့် ကြမ်းပေါ်မှာ ခွေးက ခြေချော်နေသေးသည်။ ခွေး၏ အသက်မှာ အတော်ကြီး ပုံရပါသည်။ ခွေးက ဘင်း၏ ကုလားထိုင်ကို ကျောနှင့် လာပွတ်နေသည်။ ဘင်းက ခွေးကို ပွတ်သပ် ပေးနေသည်။

"ဒါလင်ရေ... ကျွန်မ နောက်ကျသွားတာ စိတ်မဆိုးနဲ့နော်" ဟု အယ်လီဇဘက်က ပြောသည်။

"နောက်ပြီးတော့ ကျွန်မ တစ်စက္ကန့်တောင် နေနိုင်မှာ မဟုတ်ဘူး၊ ဂွမ်မေသာနဲ့ ဆံပင် အလှပြင်တဲ့ ဆိုင်မှာတွေ့ဖို့ ချိန်းထားပြီး ကျွန်မဆံပင်ပုံကို သူက သဘောကျလို့တဲ့လေ ... အဲဒီအတိုင်း ပြင်ခိုင်းမလို့တဲ့..."

အယ်လီဇဘက်၏ အမူအရာသည် တမင်ဟန်လုပ်နေသော အမူအရာမျိုးဖြစ်သည်။

ကျွန်တော်ရှိနေသောကြောင့်လည်း တမင်ဟန်လုပ်နေပုံ ရသည်။ အသက်ကသုံးဆယ် ကျော်လောက် ရှိဦးမည်။ ရုပ်ရည် ချောမောလှပသည်။ အဖိုးတန် အကောင်းဆုံးအဝတ် အစားများကို သပ်ရပ်စွာ ဝတ်ဆင် ထားသည်။ ဖက်ရှင်ပြိုင်ပွဲဝင်ပြီး ဇာတ်ခုံပေါ်မှ ဆင်းလာစလို ထင်ရသည်။ ဘင်းက ခွေးနှင့် အလုပ်ရှုပ်နေသည်။

"ဒါလင်... သည်းထိတ်ရင်ဖိုစရာကလေးနဲ့တွေ့ဖို့ ကျွန်မ တစ်စက္ကန့်တောင် သည်းခံပြီး မစောင့်နိုင် တော့ဘူး၊ ဒါလင်ရဲ့ အင်မတန်သဘောကျစရာကောင်းတဲ့ သူငယ် ချင်းနဲ့ မိတ်ဆက်ပေးဖို့ စောင့်နေ တာလေ" ဟု ပြောရင်း ကျွန်တော့်ဘက်သို့ အပြုံးကလေး တစ်ချက် ပစ်လိုက်သည်။ စကားလုံး ကလေး ကတော့ သူ့ကိုယ်ပေါ်မှ အဝတ်အစားများ အတိုင်း လှပပါပေသည်။

"ဟုတ်ပါ့ဗျာ... ကိုယ်မေ့သွားတယ်"

ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။ ကျွန်တော့်ကို ကစ်ကက်မှာတွေ့ပြီး ခင်သွားသည်ဟု ရှင်းပြသည်။ ကျွန်တော်သည် ပန်းချီဆရာဖြစ်ပြီး ဂမ်ချိုင်းဘက်မှာ နေကြောင်းများ ပြောပြသည်။

"အံမယ်လေး ... အသည်းထိတ်စရာကောင်းလိုက်တာရှင်... ဂမ်ချိုင်းမှာက ဆောင်ကြာမြိုင်တွေကလွဲပြီး တခြား ဘာမှရှိတာမဟုတ်ဘူး၊ ဆောင်ကြာမြိုင်မှာတော့ ရှင် မနေပါဘူးနော်"

အယ်လီဇဘက်က အံ့သြတကြီးပြောသည်။

"မနေပါဘူးခင်ဗျာ... ဟိုတယ်တစ်ခုမှာ နေပါတယ်"

ကျွန်တော်ကလည်း တရားဥပဒေအရ မှန်သောစကားကို ပြန်ပြောလိုက်သည်။

"သနားစရာကောင်းတာပေါ့... ကျွန်မဖြင့် ဆောင်ကြာမြိုင်မှာ နေချင်လိုက်တာ၊ အထိန်းအကွပ်မရှိဘဲ ယေကျ်ားတွေ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြတာကို ကြည့်ရတာပေါ့၊ ကဲ... ကျွန်မပြေး တော့မှဖြစ်မယ်၊ ဒါလင် နေ့လယ်စာ အတူတူစားမလားဟင်..."

"ဂမ်းနည်းပါတယ်ကွာ... အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး နေ့လယ်စာစားဖို့ ချိန်းထားပြီးနေပြီ"

"လွန်တာပေါ့... အခုတလော ဒါလင် အလုပ်တွေချည်း ဖိလုပ်နေတယ်။ အရေးမကြီးပါဘူးလေ... ကျွန်မအတွက် အဝတ်အစားအသစ်တစ်စုံ ဝယ်နိုင်တာပေါ့၊ ဒါမှ မဟုတ်ရင် ဒီအဝတ်ဟောင်းကြီးတွေပဲ ပြန်ဝတ်နေရလို့ ဟောင်ကောင်တစ်မြို့လုံးက ပိုင်းအော်ပြီးလှောင်တာ ဒါလင် ကြားရလိမ့်မယ်၊ ကဲ... သွားတော့မယ် ဒါလင်"

အယ်လီဇဘက်က ဘင်း၏နဖူးကို တစ်ချက်နမ်းကာ ခွေးကို ဆွဲခေါ်ပြီး ထွက်သွား တော့သည်။

အယ်လီဇဘက် ထွက်သွားတော့ ဘင်းက ကျွန်တော့်ဘက်လှည့်ပြီး ဂုဏ်ယူဟင့် ကြွားသည့် အပြုံးမျိုး ပြုံးပြလိုက်သည်။

"ဘင်း ... ခင်ဗျားဟာ ဘုရင့်ရေတပ်မတော်ရဲ့ ဂုဏ်သိက္ခာကျဆုံးအောင် လုပ်သလို ဖြစ်နေပြီ၊ ဒီကိစ္စကြီးကို ခင်ဗျား ဘယ်လိုဖြေရှင်းနေတယ်ဆိုတာ ကျွန်တော်ဖြင့် နားမလည် နိုင်တော့ဘူး"

"ဘယ်လိုကိစ္စကြီးကိုလဲ ကိုယ့်ဆရာ.."

"အယ်လီဇဘက်ကို အရူးလုပ်ပြီး လိမ်နေတာပေါ့"

"ကျုပ်က သူ့ကို အရူးလုပ်ပြီး မလိမ်ရပါဘူး သူငယ်ချင်းရာ၊ ကျုပ်တကယ်ပြောတာပါ။ သူ့ကို

ကျုပ်အရမ်းချစ်တယ်၊ အခုအချိန်ဟာ အချစ်ဆုံးပဲ၊ ဒါကို သူ သဘောပေါက်တယ်၊ ဒါကြောင့် သူ့သဘောထား ကိုတောင် ပြောင်းလိုက်ပြီ၊ ကျုပ် ရွက်တိုက်ချင်ရင် ရွက်လှေအသစ်တစ်စီးဂယ်ပြီး ပြန်တိုက်ပါတော့တဲ့၊ ရွက်တိုက်တာကိုတော့ ခွင့် ပြုနပြုလာပြီဗျ၊ ဒါပေမဲ့ ဒီအချိန်မှာ ကျုပ်ကတော့ ရွတ်တိုက်နေပြီ မဟုတ်လား ဟား...ဟား...ဟား..."

"ဘင်း... ခင်ဗျားဟာ မှန်တာကို ပွင့်ပွင့်လင်းလင်း အင်မတန်ပြောတတ်တဲ့လူပဲ၊ ဒါပေမဲ့ အခုထက်ထိ အယ်လီဇဘက်ကို ကျွန်တော် နားမလည်နိုင်သေးဘူး၊ ဘာဖြစ်လို့ သူ ဒီလောက်တောင် စိတ်အား တက်ကြွနေရတာလဲ"

ကျွန်တော်ကလည်း သူနှင့်အတူ ရယ်ရင်း မေးမိသည်။

"ကျုပ် ရှင်းပြနိုင်ပါတယ်၊ ဒါပေမဲ့ ကိုယ့်လူ ချောက်ချားသွားမှာတော့ စိုးတယ်"

သူက အပေါ်စီးရထားသူလို မသိမသာပြုံးလိုက်သည်။

"နမ်ကောက် ဟိုတယ်မှာနေတဲ့ လူတစ်ယောက်အဖို့ ချောက်ချားတယ်ဆိုတာ "ပြီး"နေပါပြီဗျာ"

ဘင်းသည် အမျိုးသမီးများကို ဘယ်တုန်းကမှ မြှောက်လုံးပင့်လုံးများ မပြောခဲ့။ အမျိုးသမီး တစ်ယောက်ကို "မင်းဟာ သိပ်လှတာပဲ" ဟု ပြောသည်ဆိုပါစို့၊ အမျိုးသမီးက တကယ် လှနေလျှင် အကြောင်းမဟုတ်။ မှန်ရာကို မှန်သည့်အတိုင်း ပြောခြင်းသာဖြစ်သည်။ သို့သော်လည်း အမျိုးသမီးက မလှလျှင် သူ့ကို တမင်သရော်ရာ ရောက်သွားတတ်သည်။ ထို့ကြောင့်လည်း ထိုအပြော အဆိုမျိုးကို သူ တစ်သက်လုံး ရှောင်ခဲ့သည်။

သို့သော် စူဇီနှင့်တွေ့တော့ သူ့အသိဉာဏ်တွေ ပွင့်လင်းလာသည်။ စူဇီကလည်း သူ့ အသိဉာဏ် များပွင့်အောင် ဖွင့်ပေးသည်။ မိန်းမတိုင်း အမြှောက်ကြိုက်ကြောင်း၊ ထို့ကြောင့် လှသည်ဖြစ်စေ မလှသည်ဖြစ်စေ မြှောက်ပေးရမည်သာဖြစ်ကြောင်း စူဇီက သူ့ကို သင်ခန်းစာပေးသည်။

အယ်လီဇဘက်နှင့် သူ့အိမ်ထောင်ရေးသည် မသာယာခဲ့။ အမြဲတမ်း တကျက်ကျက်ဖြစ်နေခဲ့ကြရသည်။ တစ်ခါရန်ဖြစ်လျှင် အနည်းဆုံး ၂၄ နာရီကြာသည်။ တိုက်ရေယာဉ်နှင့် စစ်တစ်ပွဲတိုက်အပြီး မောပန်း ရသည်ထက်ပင် အယ်လီဇဘက်နှင့် ရန်ဖြစ်ရသည်က သူ့အဖို့ ပိုမိုခြေကုန်လက်ပန်း ကျစေသည်။

စူဇီထံမှ သင်ခန်းစာရပြီးနောက် စနေတစ်ရက်တွင် ပင်လယ်ကမ်းခြေသို့ သူတို့ လင်မယားနှစ်ယောက် သွားကြသည်။ ရေကူးဂတ်စုံဂတ်ထားသော အယ်လီဇဘက်သည် သောင်ပြင်ပေါ်မှာ ဖြန့်ခင်းထားသည့် မျက်နှာသုတ် ပဝါပေါ်မှာ ပက်လက်လဲလျောင်းနေသည်။ ဘင်းက ဘေးမှာ ထိုင်နေသည်။

"လစ်ဇ် မင်းရဲ့ ကိုယ်တစ်ခြမ်းစောင်းပုံကလေးဟာ သိပ်လှလိုက်တာကွယ်" ဟု ဘင်းကပြောသည်။

"ဘာပြောလိုက်တယ်"ဟု အယ်လီဇဘက်က ပြန်မေးသည်။

"ကိုယ်မေ့နေတယ် မင်းကို ပထမဦးဆုံး စပြီး ကိုယ်ချစ်မိတာ မင်းရဲ့ ဘေးတိုက်တစောင်းပုံကလေးကို မြင်ရလို့ပဲ၊ ဘေးတိုက်ပုံဟာ သိပ်ကို လှတာပဲကွယ်"

အယ်လီဇဘက်က အားပါးတရ ရယ်သည်။ ပြီးတော့ သူ့စိတ်ထဲမှာ ဘာတွေ ရောက်နေ သနည်း ဟုလည်းမေးသည်။ ဘင်းကမူ တကယ်လှလို့ လှကြောင်း ပြောရပါသည်ဟု ပြန်ဖြေသည်။

ပြီးတော့ သူတို့ ရေဆင်းကူးကြသည်။ ရေထဲမှာ ကလူကျီစယ်ကြသည်။ မြှောက်လုံးပင့်လုံးကလေးများကို ဘင်းက အခွင့်ကြုံတိုင်း ပြောသည်။

သည်ကစပြီး အယ်လီဇဘက်၏ စိတ်ဓာတ်များ ပြန်လည် တက်ကြွလာသည်။ စိတ်ချမ်းသာလာသည်။ သူ့အပေါ်လည်း အစစအရာရာ အလိုလိုက်လာသည်။ ရန်ထောင်သော စကားများကို မပြောတော့။

"အဖြစ်ကတော့ အဲဒါပဲ ကိုယ့်လူရေ" ဟု ဘင်းက အဆုံးသတ်လိုက်သည်။

သူပြောသည်များကို နားထောင်ရင်း ကျွန်တော် ပြုံးနေမိသည်။ ရှစ်နာရီထိုးတော့မည်။ ကျွန်တော် တို့လည်း သွားချိန်တန်ပြီ။

"စူဇီနဲ့မတွေ့ခင် ရုံးမှာ စာနစ်စောင်ရေးခိုင်းဖို့ ရှိသေးတယ်ဗျာ" သူ့ကုလားထိုင်ကို နောက်သို့ တွန်းဖယ်ရင်း ပြောသည်။

"ဒါနဲ့ စကားမစပ် သူ တကယ်ပဲ ထိန်းထိန်းသိမ်းသိမ်း နေနေသလား၊ သဘော်သားတွေနဲ့ အဆက်အဆံ မလုပ်တော့ဘူး မဟုတ်လား"

"မလုပ်တော့ပါဘူး... သူဟာ ခင်ဗျားအပေါ်မှာ သိပ်ကို သစ္စာရှိပါတယ်ဗျာ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ကျုပ်လည်း ဒီလိုပဲ စိတ်ကူးယဉ်နေမိတာပါ။ ကဲ... ကျုပ် လစ်မယ်၊ ဘယ်လိုမှ မအောက်မေ့ပါဘူးနော်"

"ရပါတယ်ဗျာ... လစ်ပေတော့... ကားမရပ်ရတဲ့နေရာမှာ ရပ်ထားတဲ့အတွက် ဒဏ်အရိုက်မခံရပါစေနဲ့လို့ ဆုတောင်း လိုက်ပါတယ်"

## စာအုပ် (၂) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၃)

**အခန်း(၃)**

စူဇီသည် သူ့ကိုယ်သူ ထိန်းသိမ်းပြီး မည်သူနှင့်မှ အဆက်အဆံမလုပ်ကြောင်း တစ်ဘက်မှာ ဘင်းကို ကျွန်တော် ပြောလိုက်ခြင်းသည် ထိုအချိန်ထိ အမှန်ကို ပြောခြင်းဖြစ်ပါသည်။

သို့သော်လည်း ထို့နောက် အနည်းငယ်ကြာလာတော့ စူဇီဖောက်လာသည်။

တစ်ညဦးတွင် ဘားခန်းထဲမှာ စူဇီထိုင်နေတုန်း သဘော်သား တစ်ယောက်ရောက်လာသည်။ လွန်ခဲ့သည့် ရှစ်လလောက်က စူဇီ၏ ဖောက်သည် ဟောင်းဖြစ်သည်။ ယခုတစ်ဖန် သူတို့သင်္ဘော ဟောင်ကောင်သို့ ပြန်အဝင်တွင် စူဇီကို လာတွေ့ခြင်းဖြစ်သည်။

စူဇီသည် ဘင်းနှင့် နေ့လယ်စာ အတူစားကြသည့်အချိန်မှစပြီး သူ့ကိုယ်သူ ထိန်းသိမ်း ခဲ့သည်မှာ မှန်ပါသည်။ ညဦးပိုင်းအချိန်များတွင် သူအားနေသည်။ အားချိန်တွင် ကျွန်တော့်အခန်း လာပြီး ထွေရာ လေးပါး ပြောနေတတ်သည်လည်း ရှိသည်။ တစ်ခါတစ်ရံ ဘားခန်းထဲသွားပြီး အမျိုးသမီးများနှင့် အတူ ထိုင်ကာ

စကားပြော နေတတ်သည်။

ထိုအချိန်မျိုးတွင် သဘော်သားတစ်ယောက်ယောက်က ချဉ်းကပ်လာပါက အချိုသာဆုံး စကားဖြင့် မှန်မှန် ငြင်းပယ်လေ့ရှိသည်။

ယခု သဘော်သားကတော့ ဖောက်သည်ဟောင်း ဖြစ်သောကြောင့် စူဇီက လက်ခံလိုက်သည်။

စူဇီည် သူ့သားကလေး၏နောင်ရေးအတွက်လည်း အမြဲတွေးနေသူဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကလေး၏ နောင်ရေး စိတ်အေးရအောင် ရတုန်းရခိုက်တွင် ငွေရှာမည်ဟု ဆုံးဖြတ် လိုက်သည်။

တစ်ခါ ခြံခုန်ဖူးသော နွားသည် ဆက်ကာဆက်ကာ ခြံခုန်သည် ဆိုသည့်အတိုင်း ထိုအချိန်မှ စပြီး စူဇီလည်း မကြာခဏ ခြံခုန်လေတော့သည်။

သည်လိုမလုပ်သင့်ကြောင်း ကျွန်တော်ပြောဖူးသည်။ ထိုအခါတွင် စူဇီသည် စိတ်ဆိုးမာန်ဆိုးဖြင့် "ရှင်နဲ့ ဘာဆိုင်သလဲ... ကိုယ့်အလုပ်ကိုယ်လုပ်ပါ" ဟူသော စကားမျိုးဖြင့် ပြန်ပက်သည်။ ပြီးတော့မှ သူ့စကား လွန်သွားကြောင်း သိကာ တောင်းပန်သည်။

သူလေးစားသည့်အတွဲကို ဘယ်တော့မှ သစ္စာဖောက်မည်မဟုတ်ကြောင်း၊ သစ္စာဖောက် ဖို့ပင်အိမ်မက် မမက်ဖူးကြောင်း၊ ဘင်းကိုတော့ နည်းနည်းကလေးမှ သူလေးစားလို့မရကြောင်း၊ ဘင်းမှာ ရင့်ကျက်သည့် စိတ်ထား ရှိသည်ဟု မထင်ကြောင်းများ စူဇီက ရှင်းပြသည်။

"မင်းများတာပေါ့ကွာ..... ဘင်းဟာ စစ်ကြီးအတွင်းက အင်မတန်ပြောင်မြောက်တဲ့ သူရဲကောင်း၊ သူရဲကောင်းဘွဲ့ကိုလည်း ရခဲ့တယ်"ဟု ကျွန်တော်က ပြောပြသည်။

သို့သော်လည်း စူဇီက လက်မခံပါ။ ကိုယ်ခန္ဓာကြီးမားသလောက် သဘောထားသေး ကြောင်း၊ စိတ်နှလုံးထား မကောင်းလှကြောင်းသာ တွင်တွင်ပြောသည်။

"သူဟာ အင်မတန်စိတ်ကောင်းရှိတယ်လို့ ကိုယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ... သူ့ပိုက်ဆံယူပြီး သူ့ကို ဟန်ဆောင်ပြ နေတာကတော့ ခွင့်လွှတ်ဖို့ မကောင်းတဲ့ အပြုအမူပဲ၊ သူ့ကို မင်းလိမ်နေတာပဲ"

"ဟုတ်တယ် လိမ်နေတာ"

"ဒီလိုဆိုရင် မင်းကိုယ်မင်း ပြန်မရှက်ဘူးလား"

"မရှက်ပေါင်...."

နောက်တစ်ပတ်အကြာတွင် ပြဿနာပေါ်ပေါက်လေတော့သည်။ ထုံးစံအတိုင်း ပြဿနာထဲမှာလည်း ကျွန်တော် ရောထွေးပါရပြန်သည်။

တစ်ည ဆယ့်တစ်နာရီလောက်တွင် ကမန်တော် အိပ်ရာထဲဝင်ရုံရှိသေးသည်။ ကြမ်းကြမ်း တမ်းတမ်း တံခါးခေါက်သံ ကြားရသည။ အမူးသမား တစ်ယောက်ယောက် အခန်းတံခါးများခေါက် သည်ဟု ထင်သည်။

"ဘယ်သူလည်း" ဟု ကျွန်တော်လှမ်းအော်သည်။

"ဘင်း....."

သူသည် ထိုမျှပြောပြီး ကျွန်တော့်အဖြေကိုပင် မစောင့်တော့ဘဲ အခန်းတွင်းသို့ တန်းဝင်လာသည်။ ခုတင်ခြေရင်းမှာရပ်ပြီး ကျွန်တော့်ကို မိုးကြည့်နေသည်။ ကျွန်တော့်အခန်းသို့ ပထမဆုံးအကြိမ် ရောက်လာစဉ်ကလောက် အရက်မူးမနေသည်မှာ မှန်ပါသည်။ သို့သော်လည်း သူ့မျက်နှာ တင်းမာနေသည်။ ရန်ကိုတွေ့ ပြီး ဖြစ်သဖြင့် ပစ်မိန့်ပေးတော့မည့် စစ်ဗိုလ်တစ်ယောက် ၏မျက်နှာ အမူအရာဖြစ်နေသည်။

"ကိုယ့်လူအဝတ်လဲစမ်း.... ကျုပ်တို့ အလုပ်တစ်ခု လုပ်စရာရှိတယ်"ဟု သူကပြောသည်။

"ဘာဖြစ်လာရပြန်တာလဲ......ဘင်း"

"ဟိုမိန်းမကပေါ့.... သဘော်သားတစ်ကောင်နဲ့ အိပ်နေတယ်"

"ဘုရားရေ... အဲဒါကို ခင်ဗျားက ဘာသွားလုပ်ဦးမလို့လဲ"

"ဒီကောင်မကို အမိဖမ်းရမယ်"

"ဒါပေမဲ့ ခင်ဗျား ဒီလိုလုပ်လို့ ဘယ်ဖြစ်..."

"လုပ်မနေစမ်းပါနဲ့ ကိုယ့်လူရာ... အဝတ်မြန်မြန်လဲ...ခင်ဗျား အဝတ်လဲနေရင်း စကားပြောမယ်"

ကျွန်တော် အဝတ်ထလဲပါသည်။ အချိန်ဆွဲသည့်အနေဖြင့်လည်း ခပ်ဖြည်းဖြည်း လုပ်နေမိသည်။

ထိုအချိန်မှာပင် ဘင်းက ဇာတ်လမ်းကို ရှင်းပြသည်။

သူ့လေအေးစက်များဂယ်နေကျ ဖောက်သည်တရုတ်သူဌေးတစ်ယောက် ယနေ့ ညစာစားပွဲတစ်ခု တည်ခင်းသည်။ ယောကျာ်းများ ချည်းတက်ရသော ညစာစားပွဲဖြစ်သည်။ ထိုပွဲတွင် စားပွဲထိုး တရုတ်မကလေး တစ်ယောက် တွေ့သည်။ တရုတ်မ ကိုမြင်ရတော့ စူဇီကို သူသတိရလာသည်။ အရက် ကလည်း ဝင်ထားပြီမို့ သူ ဘယ်လိုမှ မထိန်းသိမ်း နိုင်တော့။

ထို့ကြောင့် ညစာစားပွဲပြီးသည်နှင့် တစ်ပြိုင်တည်း နမ်ကောက်ဟိုတယ်သို့ သူကိုယ်တိုင် ကားမောင်း လာသည်။ ဘားခန်းထဲသို့ တောက်လျှောက်ဝင်သွားသည်။ စူဇီကို ရှာမတွေ့။ ထို့ကြောင့် အမျိုးသမီးတစ်ယောက်ကို မေးကြည့်သည်။ အမျိုးသမီးက သူမသိကြောင်း ပြန်ပြောသည်။ ထိုအမျိုးသမီး သည် စူဇီ၏ သူငယ်ချင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် အခြားအမျိုးသမီးတစ်ယောက်ကို သူ သွားမေးပြန်သည်။ လမ်းလျှောက်လျှင် တင် ဘယ်ညာယမ်းပြီး လျှောက်တတ်သော အမျိုးသမီးဖြစ်သည်။ ထိုအမျိုးသမီးက အမေရိကန် သဘော်သား တစ်ယောက်နှင့် စူဇီအပေါ်ထပ် တက်သွားကြောင်း ပြောပြသည်။

"အင်း... အဲဒါ ဘက်တီလောင်းဖြစ်ဖို့ သေချာတယ်၊ သူက စူဇီနှင့် မျက်နှာကြောတည့်တာ မဟုတ်ဘူးလေ"ဟု ကျွန်တော်က ပြန်ပြောသည်။

"ကဲ... ကိုယ့်လူ နေရာက မရွှေ့နိုင်ဘူးလား"

"ဘင်း... သူများအခန်းကိုသွားပြီး ကျွန်တော်တို့ ဖွင့်ခိုင်းလို့မဖြစ်ဘူး"

"ဘာကြောင့်မဖြစ်ရမှာလဲ..."

"ဘာကြောင့်ရမလဲဗျာ...အားလုံး ရှုပ်ကုန်တော့မှာပေါ့"ဟု ကျွန်တော်က ပြန်ဖျောင်းဖျသည်။

"ရှုပ်ကုန်မှာကို ကျုပ်ကိစ္စ ထားလိုက်စမ်းပါ၊ ကဲ...အဖြေလဲ"

"ဘင်း...ဒီကိစ္စထဲမှာ ကျွန်တော်ဝင်ပါစရာ ဘာအကြောင်းမှ မရှိဘူး"

"ကောင်းပြီ... မောင်ရင့်မှာ သတ္တိမရှိရင် ကျုပ်အလုပ် ကျုပ်လုပ်မယ်"

ပြောပြောဆိုဆိုဖြင့် ဒေါသတတကြီး အပြင်သို့ လှည့်ထွက်သွားသည်။ မိနစ်ပေါင်းများစွာ ကြာသွားသည်။

ထို့နောက် ကျွန်တော့်အခန်းထဲသို့ အတောင်းဝင်လာသည်။ စိတ်မသက်မသာဖြင့် မျက်စိမျက်နှာပျက် ဖြစ်နေသည်။ စူဇီ ဘယ်အခန်းမှာ ရှိသလဲဟု ဘင်းက သူ့ကို စစ်ဆေးကြောင်း၊ သည်အထပ်တွင် စူဇီမရှိကြောင်း ပြောပြလိုက်သောအခါ အောက်ထပ်သို့ ဆင်းသွားကြောင်း၊ ဘင်း၏ အခြေအနေသည် အန္တရာယ်ဖြစ်နိုင်သည့်အခြေအနေ ရောက်နေကြောင်း၊ စူဇီကို သူတွေ့ သွားပါက ဘာတွေဖြစ်လာမည်ကို စဉ်းပင် မစဉ်းစား ရဲကြောင်း၊ ထို့ကြောင့် ဘင်းကို ထိန်းပေးစေလို ကြောင်း ကျွန်တော့်ကို တောင်းပန် နေသည်။

အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျွန်တော်ကလည်း ချက်ချင်းပင် သဘောတူ လိုက်သည်။ အတောင်းနှင့် အတူလိုက်ထွက်သွားသည်။ အောက်ထပ် အခန်းစောင့်၏ စားပွဲမှ ပြန်ထွက် လာသော ဘင်းကို တွေ့ရသည်။

"အား... ဒါ လုပ်သင့်တယ်လို့ ခင်ဗျား သဘောပေါက်သွားပြီ မဟုတ်လား"

ဘင်းသည် ကျွန်တော့်ကို ဖြတ်ပြီး လေ့ကားဆီသို့ သုတ်သုတ်ကြီးလျှောက်သွားသည်။

"ဒီကောင်မ ဒီအထပ်မှာ မရှိဘူး၊ အောက်ထပ်တစ်ထပ်ပဲ ကျန်တော့တယ်" ဟုလည်း ဆက်ပြောသွားသည်။

"ကျွန်တော်ပြောတာ နားထောင်ဦး ဘင်း... ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်သိတယ်၊ သူ့အခန်း နံပါတ်ကို တွေ့အောင်ရှာနိုင်ရင် ကျွန်တော်တို့ ဖုန်းနဲ့ စကားလှမ်းပြောနိုင်တာပဲ၊ ခင်ဗျားအသံကို ကြားလိုက် ရရင် သူသိပ်ကို တုန်လှုပ်သွားမှာပါဗျာ"

သူယုံကြည်လာအောင် ကျွန်တော် ကြိုးစားပြောပါသည်။

"သူ့ကို တယ်လီဖုန်းနဲ့ စကားပြောဖို့ ကျုပ်စိတ်ကူးမထားဘူး"

အောက်ထပ်သို့ ကျွန်တော်တို့ ရောက်လာကြသည်။ အခန်းစောင့်၏ စားပွဲသို့ သူတန်းလျှောက် သွားသည်။

"စူဇီဂေါင်း ဘယ်အခန်းထဲမှာ ရှိသလဲ"

"အား..."

"ငါပြောတာကို မင်းကြားတယ်... စူဇီဂေါင်း"

အခန်းစောင့်က ခေါင်းကို ခါရမ်းနေသည်။ သူသည် အမေရိကန်ရုပ်ရှင်မင်းသား မင်းသမီး ရုပ်ပုံများ ပါသော တရုတ် ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်ကို ဖတ်နေသည်။ သည်အထပ်သို့ ကျွန်တော် မရောက် ဖူးပါ။ ထို့ကြောင့် သူ့ကိုလည်း ကျွန်တော် မသိပါ။

"ဒီအထပ်မှာ မရှိဘူး"

သူက မျက်လုံးလွှဲလိုက်သည်။ ညာပြောနေကြောင်းလည်း သိသာလှသည်။

ဘင်းက တစ်စုံတစ်ရာ ထပ်ပြောတော့မည်အပြုတွင် စကြံ့ံတံခါးတစ်ချပ်ပွင့်သွားသည်။ ထိုတံခါးပေါက်မှ ဂျင်နီ ထွက်လာသည်။ သူ့နောက်က အမေရိကန်ရေတပ်သားတစ်ယောက် ပါလာသည်။ ရေတပ်သားက သူ့ဦးခေါင်းပေါ်မှ ဦးထုပ်ကို လက်တစ်ဖက်နှင့် ပြင်ဆောင်းရင်း ကျန်လက်တစ်ဖက်ဖြင့် တံခါးတစ်ချပ်ကို ခေါက်နေသည်။

"ဟေး ... ဟန့်ခ်" ဟုလည်း အတွင်းသို့ အော်ခေါ်သည်။

"ဘာလိုချင်လို့လဲ...ဟန့်ခ် အလုပ်များနေတယ်"

အခန်းထဲမှ အမျိုးသမီးအသံ ထွက်လာသည်။

"ဟေး ... ဖီဖီလား...တို့ ထမင်းသွားစားတော့မလို့... ဟန့်ခ်ကို ပြောပြလိုက်"

"ဂျိုးလား... "

အခန်းထဲမှ ဟန့်ခ်၏အသံ ထွက်လာသည်။

"ဟုတ်တယ်...အခုပြောတာ ဟန့်ခ်လား"

"အေး...မင်းတို့ဘယ်မှာ သွားစားမှာလဲ"

အခန်းတွင်းမှ အသံ။

ဂျင်နီက သူ့မျက်နှာကလေးကို တံခါးနားကပ်ပြီး ပြောသည်။

"ဟေး... ဖီဖီ ဂျိုးကို ဂါဗစ်တရီခေါ်သွားမယ်၊ ဟန့်ခ်ကိုခေါ်ပြီး မင်း လိုက်ခဲ့မလား"

"ခေါ်ခဲ့မယ်... ခေါ်ခဲ့မယ် ...သူ့ကြောင့် ကိုယ် တအားဗိုက်ဆာနေပြီ"

"တို့သွားပြီဟေ့..."

ဂျိုးက ခေါင်းပေါ်မှ သူ့ဦးထုပ်ကို ပြင်ဆောင်းသည်။ ဂျင်နီက သူ့လက်မောင်းကိုဆွဲပြီး ကျွန်တော်တို့နားမှ လှေကားအတိုင်း ဆင်းသွားသည်။

"ဘုရား...ဘုရား... ဘယ်လိုနေရာမျိုးများ ရောက်နေရပါလိမ့်"

ဘင်းက ညည်းတွားလိုက်သည်။ ပြီးတော့ အခန်းစောင့်ဘက်သို့ ပြန်လှည့်လာသည်။

"ကိုင်း...ပြောစမ်း... အဲဒီကောင်မ ဘယ်မှာလဲ၊ ငါ ရဲ့အရာရှိကွ"

"အား..."

"ရဲအရာရှိ..."

ဘင်းသည် သူ့ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်သည်။ မျက်လုံးကမူ အခန်းစောင့်ထံမှ တစ်ချက် ကလေးမခွာ။ ပိုက်ဆံအိတ်ကို ဆွဲဖွင့်ပြီး စားပွဲပေါ်သို့ ဖွင့်လျက်သား ပစ်ချလိုက်သည်။ အထဲမှာ လချေးပြားအကန့်ရှိသည်။ တစ်ဖက်တွင် အစိုးရတံဆိပ်တုံးရိုက်နှိပ်ထားသည့် အမှတ်အသား တစ်ခုကို တွေ့ရသည်။

အံ့အားသင့်ပြီး ကျွန်တော် ငေးကြည့်နေမိသည်။ ဘင်း၏ အရာရှိဟန်ပန်သည် ထင်းထင်းကြီးပေါ်နေသည်။ သူသည် ကျွန်တော် ထင်ထားသလို ရိုးရိုးကုန်သည်မဟုတ်ဘဲ အစိုးရ အရာရှိ တကယ်ပဲ ဖြစ်နေလေသလားဟု စဉ်းစားနေမိသည်။

ထို့ကြောင့် သူ့ပိုက်ဆံအိတ်ကို အနီးကပ်ပြီး ကျွန်တော် သေသေချာချာ ကြည့်မိသည်။ သည်တော့မှပင် အစိုးရတံဆိပ်တုံး ခပ်နှိပ်ထားသည့် အရာသည် ယာဉ်မောင်းလိုင်စင်ဖြစ်ကြောင်း သိရတော့သည်။

မည်သို့ဆိုစေ အခန်းစောင့်သည် ပိုက်ဆံအိတ်ကို တစ်ချက်မျှသာ လှမ်းကြည့်ပြီး မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"အခန်းနံပါတ် ၁၄ မှာပါ ဆရာ" ဟု ပြန်ဖြေသည်။

ဘင်းသည် ပိုက်ဆံအိတ်ကို ပြန်ကောက်ယူပြီး စင်္ကြံအတိုင်း လျှောက်လာသည်။ အခန်းစောင့်နှင့် ကျွန်တော်က သူ့နောက်မှ လိုက်သွားသည်။ အခန်းစောင့်သည် ပျာပျာသလဲ ဖြစ်နေသည်။ မန်နေရျာရော သူတို့အပါအဝင် နမ်ကောက်ဟိုတယ်မှာ ရှိရှိသမျှ လူအားလုံးတို့သည် ရဲအဖွဲ့ကို အာခံနိုင်စွမ်းမရှိကြ။

ဖီဖီ နှင့် ဟန့်ခ် တို့၏အခန်းထဲမှ ဗလုံးဗထွေးသံများသည် လေဝင်ပေါက်မှ အန်ထွက်နေသည်။ မျက်ပေါက်ကျဉ်းကျဉ်းနှင့် အလုပ်သမ အဘွားကြီးတစ်ယောက်က လူမရှိသည့် အခန်းတစ်ခုထဲသို့ ဝင်သွားသည်။ သူ့ပါးစပ်ထဲမှာ ရွှေသွားများကို မြင်လိုက်ရသည်။ အပြောရောင် အင်္ကျီကို ဝတ်ထားသည်။ အိပ်ရာခင်း အသစ်များကို လက်မောင်းပေါ်မှာ တင်ထားသည်။

အခန်းနံပါတ် ၁၄ သည် ဟိုဘက်နစ်ခန်းကျော်မှာ ရှိသည်။ ဘင်းက အခန်းတံခါးကို လက်သီးဆုပ်ဖြင့် ခပ်ပြင်းပြင်းခေါက်လိုက်သည်။

"ရဲတပ်ဖွဲ့ကကွ"

အတွင်းမှ တီးတိုးစကားပြောသံများကို ကြားရသည်။ အထိတ်တလန့်လှုပ်ရှားသံများကိုပါ ဆက်တိုက်ကြားရသည်။ ဘင်းက တံခါးဖွင့်ဖို့ ကြိုးစားသည်။ သို့သော်လည်း အတွင်းမှ မင်းတုပ်ထိုး ထားသည်။

"တံခါးဖွင့်ဖို့ အချိန် ဆယ်စက္ကန့်ပေးမယ်"

တံခါးစောင့်က စိုးရိမ်တကြီးဖြင့် တံခါးသွားခေါက်နေသည်။ တံခါးနားသို့ ကပ်ပြီးတော့လည်း ကန်တုန်ဘာသာဖြင့် အတွင်းကို လှမ်းပြောနေသည်။ ကျွန်တော်လည်း ဘာမှ မတတ်နိုင်တော့ပါ။ ဘယ်လိုနည်းနှင့်မှ ကြားဝင်ဖြေရှင်းပေးလို့ မရနိုင်တော့ပါ။ ထို့ကြောင့် သည်အတိုင်း လက်ပိုက်ပြီး ရပ်ကြည့် နေရတော့သည်။

ဘင်းက သူ့လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"ငါးစက္ကန့်ပဲ လိုတော့တယ်" ဟု အော်ပြောသည်။

တံခါးက လက်မအနည်းငယ်ကလေး ဟလာသည်။

သူငယ်တစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ ရင်အုပ်ကျယ်သည်။ လက်မောင်းနစ်ဖက်မှာ ဆေးမင်ကြောင်ထိုးထားသည်။ ရင်ဘတ်ပေါ်တွင် အမွေးအမှင်ထူထပ်လှသောသူ ဖြစ်လေရာ ဂေါ်ဇီလာ ရင်ဘတ်မျိုးနှင့် တူနေသည်။ နာခေါင်းကလည်း ကလေးငယ်၏ နာခေါင်းလို အပေါ်လန်နေသည်။ သို့သော်လည်း ကိုယ်လုံး ကိုယ် ထည်ကတော့ ကြံ့ခိုင်လှသည်။

ဘင်းက တံခါးကို ခြေထောက်နှင့် ရုတ်တရက် ကန်ဖွင့်လိုက်သည်။ ခုတင်နားမှာ စူဇီရပ်နေ သည်ကို တွေ့ရသည်။ ကုလားထိုင်ပေါ်မှာ တင်ထားသည့် သူ့ဂါဝန်ကို လှမ်းဆွဲနေခိုက်ဖြစ်သည်။ သို့သော်လည်း ပုန်းခန် တံခါးပွင့်သွားသောကြောင့် ခုတင်ပေါ်သို့ သူပြန်ရောက်သွားသည်။ အိပ်ရာခင်းကိုဆွဲပြီး သူ့လက်ပင်းအထိ ဆွဲဖုံးလိုက်သည်။

ဘင်းဂင်လာသည်ကို သတိပြုမိသွားသည်။ ဘင်းနောက်က အခန်းစောင့်နှင့် ကျွန်တော် ပါလာသည်ကိုပါ မြင်သွားသည်။ မယုံကြည်နိုင်လောက်အောင် အံ့ဩသွားပုံရသည်။ ထိုမျက်နှာကို ပြန်စဉ်းစားမိတိုင်း အူတက်မတတ် ကျွန်တော် ရယ်မိမြဲဖြစ်သည်။ မျက်လုံးများက ပန်းကန်ပြားလို ပိုင်းစက်သွားသည်။ မျက်ခုံးအစုံက စက်ဝိုင်းခြမ်းသဖွယ် အပေါ်သို့ ကွေးတက်သွားသည်။ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။

"ဂီး..."

သဘော်သားပါးစပ်မှ အသံထွက်လာသည်။

သူ့အသံက ကျယ်သော်လည်း ပျော့ပျောင်းသည်။ ဂေါ်ဇီလာရင်ဘတ်က ထွက်လာသောအသံ မဟုတ်။ ကလေးငယ် တစ်ယောက်၏ နှာတံကဲ့သို့သော မျက်နှာမှ ထွက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ဘာမှ ဒုက္ခပြန်ပေး မည့်သူ မဟုတ်ကြောင်း သေချာသွားသည်။

"အဂတ်ဂတ်ပြီး မင်းထွက်တော့" ဟု ဘင်းက သဘော်သားကိုပြောသည်။

"ဂီး...ကျွန်တော်တို့ အမှားတစ်ခုမှ မလုပ်မိပါလားဗျာ" ဟု သူက ပြောသည်။ အနည်းငယ်လည်း သတ္တိပြန်ရှိလာပုံရသည်။

"အထဲမှာ ယောကျ်ားတစ်ယောက်ရှိနေတုန်း နောက်ထပ်ယောကျ်ားတစ်ယောက် ဂင်လာခွင့် ရှိတယ် ဆိုတဲ့ ဥပဒေမျိုး ကျွန်တော် မကြားဖူးပေါင်ဗျာ..."

"ထွက်သွား... ဒီကောင်မက မူးယစ်ဆေးဂါးသယ်တဲ့ကောင်မကွ..."

ဘင်းက အတည်ပေါက်မျက်နှာထားဖြင့် သူ့ကို မျက်မှောင်ကုပ်ကြည့်သည်။

"ဂီး..."

နောက်ဆုံးကျတော့မှ စူဇီ စကားပြောနိုင်တော့သည်။ ဘင်းကို နည်းမျိုးစုံဖြင့် ဆဲရေး ဆိုင်းထွာသည်။ ဘင်းကိုသာမက အခန်းစောင့်ကိုလည်း တရုတ်ဘာသာဖြင့် အကြီးအကျယ် ဆူပူကြိမ်းမောင်းနေသည်။ ဘင်းက စူဇီကို အရေးမစိုက်၊ သဘော်သားဘက်သို့ လှည့်သွားသည်။ သဘော်သားက ကမန်းကတန်း အဂတ်ဂတ်နေသည်။

"မင်း သူ့ကို ပိုက်ဆံဘယ်လောက်ပေးရသလ"

"ဟိုဒင်းခင်ဗျာ... တစ်ညလုံးအတွက်"

"ဘယ်လောက်လဲ..."

ဘင်းက စိတ်မရှည်နိုင်သလို ဖြတ်မေးသည်။

"ဟောင်ကောင်ဒေါ်လာ တစ်ရာပါခင်ဗျာ"

"မင်းကို သက်သက်အချဉ်ဖမ်းလိုက်တာ"

ဘင်းက ပြောပြောဆိုဆိုဖြင့် သူ့ပိုက်ဆံအိတ်ထဲမှ ရာတန်တစ်ရွက်ထုတ်ပြီး သဘော်သားကို လှမ်းပေးသည်။

"မယူနဲ့... သူလိမ်နေတာ သူ ပုလိပ်မဟုတ်ဘူး၊ ကျွန်မအတွဲ သူ့ကို အခန်းထဲက မောင်းထုတ် လိုက်စမ်း..."

စူဇီက ဖြတ်အော်ပြောသည်။

"ကျွန်တော်ကတော့ ဘာမှ နားမလည်တော့ပါဘူးခင်ဗျာ၊ အားလုံးရှုပ်ကုန်ပါပြီ၊ ကျွန်တော့်ဟာ ကျွန်တော်

အေးအေး ဆေးဆေးပဲ ကိုယ့်လမ်းကိုယ်သွားပါရစေတော့"

သဘော်သားက စိတ်မချမ်းသာသည့် လေသံမျိုးဖြင့် ပြောသည်။

" ရှင်လည်း သောက်ကြောက်ပဲ"

စူဇီက ဘင်းကို ခံချဖို့ သဘော်သားအား မြှောက်ပေးနေသည်။ သို့သော် သဘော်သားက မသက်မသာပြုံးနေသည်။ လက်တစ်ဖက်ဖြင့် သူ့နောက်စေ့ကို သူကိုင်ကြည့်နေသည်။ ဘင်း၏ လက်ထဲမှ ရာတန်ကိုလည်း မယုံကြည်နိုင်သလို ကြည့်နေသည်။

"ဂီး… အမေရိကန်ပုလိပ်တွေဟာ ပိုက်ဆံပြန်ပေးတယ် ဆိုတာမျိုး ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူးဗျာ"

"မင်း ထွက်တော့"

သဘော်သားသည် ရှက်ကိုးရှက်ကန်းဖြင့် အခန်းအပြင်သို့ ထွက်သွားလေတော့သည်။ စူဇီက ဘင်းကို ရန်တွေ့ရင်း ဆဲရေးတိုင်းထွာတော့သည်။ လက်ဟန်ခြေဟန်ဖြင့် ရန်တွေ့သောကြောင့် အိပ်ရာခင်းက ခြေထောက် အထိ ပုံကျသွားသည်။

"ရှင် ကျွန်မကို ဘာကောင်မ ထင်လို့လဲ၊ ရှင့်ကျေးကျွန် အောက်မေ့လို့လား၊ ကျွန်မဟာ ဘယ်သူ့ရဲ့ ကျေးကျွန်မှ မဟုတ်ဘူး၊ ဒီအခန်းထဲကို ရှင်လာဖို့ ဘာအခွင့်အရေးမှ မရှိဘူး၊ ဒီအခန်းကို ကျွန်မ ဖောက်သည်က ပိုက်ဆံပေးပြီး ငှားထားတာ"

"ပါးစပ်ပိတ်" ဟု ဘင်းက ပြောသည်။

"မပိတ်ဘူး… ရှင့်ပါးစပ်သာပိတ်ထား… ထွက်သွား… ခု ထွက်သွား သင်္ချိုင်းကုန်းကို သွားသေလိုက်"

ဘင်းက ခုတင်ဆီသို့ တိုးသွားသည်။ စူဇီကို လှမ်းဆွဲသည်။ စူဇီက ရုန်းထွက်သွားသည်။ ခုတင်တစ်ဖက်သို့ ရောက်သွားသည်။ ဘင်းက ခုတင်ပေါ်သို့ ကိုယ်ကိုကိုင်းပြီး အလွယ်တကူဖမ်းယူ သည်။ လက်ကောက်ဝတ် ကို ဖမ်းဆွဲမိသည်။ ဖွတ်တစ်ကောင်ကို အမြီးမှ ဆွဲယူသလို ဆွဲယူလိုက်သည်။

အလွန်တရာကြီးမားသည့် ဘင်း၏ခန္ဓာကိုယ်ကြီးနှင့် ယှဉ်လိုက်တော့ စူဇီ၏ ကိုယ်လုံးကလေးမှာ အလွန်တရာ သေးငယ်သွားတော့သည်။ စူဇီက ခြေထောက်နှင့် ပြန်ကန်ပြီး လက်တစ်ဖက်ဖြင့်လည်း ပြန်ရိုက်နေသည်။ ဘင်းက လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်သည်။ စူဇီက သူ့လက်တစ်ဖက်ကို ဖမ်းကိုက် သည်။ ဘင်းက စူဇီ၏ ခေါင်းကို တွန်းဖယ်ပစ်လိုက်သည်။ သူ့လက်မှ သွေးများ အိပ်ရာခင်းပေါ်သို့ ကျသွားသည်။ စူဇီကို မှောက်လျက်ဖြစ်သွားအောင် လုပ်လိုက်ပြီး ကျောပေါ်ကို တံတောင်တစ်ဖက် နှင့် ဖိထား လိုက်လေတော့သည်။

တင်ပါးကို လက်ဝါးကြမ်းကြမ်း ဖြင့် အချက်ပေါင်း များစွာ ရိုက်နေသည်။ စူဇီက အသံကုန်အော်သည်။ သူ့အော်သံသည် နမ်ကောက်ဟိုတယ်ကြီး တစ်ခုလုံးသို့ ပဲ့တင်ရိုက်သွားသည်။ ခဏပဲ သူအော်နိုင်ပါသည်။ ပြီးတော့ ကလေးငယ် တစ်ယောက်လို ရှိုက်ကြီးတငင် ငိုနေသည်။

ပတ်လည်ကို ကျွန်တော် လှည့်ကြည့်လိုက်သည်။ အံ့သြတကြီးဖြစ်နေကြသော မျက်နှာပေါင်း များစွာကို တွေ့ရသည်။ အလုပ်သမ အဘွားကြီး၊ သဘော်သားသုံးယောက်၊ ဖီးဖီး၊ ဗုဒ္ဓဟူးလူးလူးနှင့် ဂွမ်နီ။

အသားစုံကြော် တစ်ပန်းကန်မှာသည်။ ဘင်းတစ်ယောက်တည်း အကုန်စားပစ်လိုက်သည်။ စူဇီနှင့် ကျွန်တော်သည် မဆာသောကြောင့် လက်ဖက်ရည် သောက်ရင်း ကွာစေ့လှော် ထိုင်စားနေ ကြသည်။

"တရုတ်အစားအစာတွေနဲ့ ပတ်သက်ပြီး ကျုပ် ကျွမ်းကျင်လှတယ်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ ကန်တုန်အစားအစာ ထက် ပီကင်း အစားအစာကို ပိုကြိုက်တယ်"ဟု ဘင်းက ပြောသည်။

စကားပိုင်းမှာ ဘင်းကသာ ဒိုင်ခံပြောသည်။ စူဇီနှင့် ကျွန်တော်ကတော့ နှုတ်ဆိတ်နေပြီး သူပြောသမျှ ကိုသာ ထိုင်နားထောင်နေကြသည်။ စူဇီ မည်သို့မှ မတုံ့ပြန်သည်ကို သူက သတိ မပြုမိလေဟန်ဆောင် နေသည်။ စည်းကမ်း ဖောက်ဖျက်သော အရာရှိ တစ်ယောက်ကို ပြစ်ဒဏ် ပေးလိုသော်လည်း တာဝန် အရ ပြစ်ဒဏ် ပေးလိုက်ရသည့် ပုံစံမျိုး။ ပြီးတော့ သည်အကြောင်းကို ပြည်ဖုံးကား ချထားလိုက်သည့် ဟန်ပန်မျိုး ကို သူက ဆောင်နေသည်။

"လက်ဖက်ရည် ထပ်ယူဦးမလား"

စူဇီကို သူက လှမ်းမေးသည်။ စူဇီက ခေါင်းခါပြသည်။ စူဇီကိုက်သဖြင့် ဒဏ်ရာရသွားသော သူ့လက်ကို ခပ်ယဲ့ယဲ့ပြုံးရင် တစ်ချက်ငုံ့ကြည့်သည်။ ဒဏ်ရာကို လက်ကိုင်ပဝါဖြင့် ပတ်ထားသည်။

"ဒီဒဏ်ရာကိစ္စကတော့ အတော် ရှင်းပြရဦးမှာပဲ၊ ပတ်တီးကို မဖြေဘဲ ဒီအတိုင်းထားမှ ဖြစ်မယ်၊ တံခါးပိတ်ရင်း ခိုက်မိတာလို့ ပြောရမယ်"

စူဇီက ဒဏ်ရာကို လှစ်ခနဲ တစ်ချက်ခိုးကြည့်လိုက်သည်။ သူ စိတ်ပူသွားပုံရသည်။ ယခုအချိန်အထိ သူ သုန်သုန် မှုန်မှုန်ကြီးလုပ်နေသည်။ တကယ်ဆိုတော့ ဘာမှ သုန်သုန်မှုန်မှုန် လုပ်နေစရာ အကြောင်း မရှိတော့ကြောင်း သတိရသွားဟန်တူသည်။ သူ၏ ဂုဏ်သိက္ခာအတွက် သုန်မှုန် နေခြင်းသာဖြစ်သည်။ ဘင်း ဒဏ်ရာ ရသွားအောင် ကိုက်လိုက်မိသည့်အတွက် သူ စိတ်ချမ်း သာသွားသည့် အမူအရာမျိုးကို ကြိုးစား လုပ်ပြနေသည်။ သို့သော် ရာနှုန်းပြည့်တော့ မအောင်မြင်ပါ။

"ဘယ်အချိန်ရှိသွားပါလိမ့် ကျုပ်လစ်တော့မှ ဖြစ်မယ်"

ဘင်းက ပြောပြောဆိုဆို ထိုင်ရာမှ ထသည်။ သူ မတ်တပ်ရပ်သည်ကို စူဇီက ကြည့်နေသည်။ သူ့ကိုဆက်ပြီး အလိုရှိ မရှိ သူသိချင်ပုံ ပေါ်သည်။ သို့သော်လည်း ဖွင့်မေးလျှင် အောက်ကျ နောက်ကျ နိုင်သည်ဟု တွေးမိပုံပေါ်သည်။

ဘင်းက ကျသင့်ငွေများကို ထုတ်ပေးသည်။ သူကားရပ်ထားရာ နေရာအထိ ကျွန်တော်တို့ လျှောက်လိုက်သွားကြသည်။ ကားထဲဝင်ထိုင်ကာ တံခါးပိတ်ပြီး ပြူတင်းပေါက်မှ မျက်နှာထွက်လာသည်။

"ကျုပ် အရေးတကြီးပြန်ရမယ်၊ မင်းတို့နှစ်ယောက် ကိုယ့်ဟာကိုယ်ပဲ လျှောက်ပြန်ကြပေ တော့နော်"

အထဲသို့ ပြန်ဝင်သွားသည်။ ကားစက်နှိုးသည်။ စူဇီသည် ဆက်ပြီး တင်းထားနိုင်စွမ်း မရှိတော့။ ထို့ကြောင့် လှမ်းမေးသည်။ သို့သော်လည်း သူ့လေသံကို ဘာမှ မထူးခြားသလို လေသံမျိုးဖြစ်အောင် ကြိုးစား ပြောသည်။

"မနက်ဖြန် ကျွန်မကို လာစေချင်သေးသလား"

"နက်ဖြန် လာစေချင်သေးသလား ဟုတ်လား..." ဘင်းက အံ့သြတကြီးဟန်ဖြင့် ပြန်မေးတယ်။

"မနက်ဖြန် မင်းကို သိပ်လာစေချင်တာပေါ့ကွယ်...ဘာဖြစ်လို့လဲ"

"ရှင် ကျွန်မကို စိတ်မဆိုးပါဘူးနော်..."
စူဇီက မယုံကြည်နိုင်အောင် ဖြစ်နေသည်။

"မဆိုးပါဘူး... ကဲ ... ဒါကို တို့မေ့လိုက်ကြရအောင်၊ ဒါပေမဲ့ ရှေ့လျှောက်လို့တော့ အဲဒီဘားခန်းနဲ့ မင်း ဝေးဝေးနေပါ၊ လုံးဝ မပတ်သက်ပါနဲ့ နားလည်တယ်မဟုတ်လား"
ပြီးတော့ မော်တော်ကားကို ဂီယာထိုးကာ မောင်းထွက်သွားတော့သည်။

စူဇီနှင့် ကျွန်တော်သည် မော်တော်ကားကို တိတ်ဆိတ်စွာ ရပ်ကြည့်နေမိကြသည်။ သူပျော်သွားသည်ကို ကျွန်တော် သိလိုက်ရပါသည်။ ပြီးတော့ မော်တော်ကား အသွားအလာရှင်းနေသည့် လမ်းမကြီး တစ်လျှောက် ကျွန်တော်တို့ လျှောက်လာကြသည်။

ပလက်ဖောင်းပေါ်မှာ စက္ကူစုတ်တွေ၊ စီးကရက်ဘူးခွံတွေ၊ အသီးမျိုးစုံ၏ အခွံတွေ၊အစေ့တွေဖြင့် ရှုပ်ပွေညစ်ပတ်နေပါသည်။ ပလက်ဖောင်းကို အိုးအိမ်အဖြစ် သတ်မှတ်ပြီး အိပ်စက်နေကြသူ အမြောက် အမြား ကိုလည်း တွေ့ရသည်။ အချို့က မိသားစုလိုက်ဖြစ်သည်။ ပုစုခရုတွေလည်း ပါသည်။ သူတို့ပိုင် ပစ္စည်းများဖြစ်သော ပန်းကန် ခွက်ယောက်များ၊ တောင်းစုတ် ပလုံးစိုတ်များသည် သူတို့ဘေးမှာ ပြန့်ကျဲနေသည်။

မီးရောင်ထိန်ထိန်လင်းနေသည့် ခေတ်မီ စျေးဆိုင်တစ်ဆိုင်၏ ရှေ့သို့ ကျွန်တော်တို့ ရောက်လာပါသည်။ ဖိနပ်မျိုးစုံကို သပ်ရပ်စွာ ခင်းကျင်းပြသထားသည်။ လူတစ်ယောက်မှ မရှိတော့သည့် ယခုလို အချိန် မတော်ကြီးအထိ ဆိုင်ဖွင့်ထားခြင်းကို ကြည့်ပြီး ကျွန်တော်တို့ အညို့ခံလိုက်ရသလိုပင် ဖြစ်သွားပါသည်။ ထို့ကြောင့် ဆိုင်ရှေ့မှာ ခဏရပ်မိကြသည်။
"ဒီဆိုင်မြင်တော့မှ သတိရတယ် စူဇီ... ကိုယ် ဖိနပ်အသစ်ဝယ်ဖို့ လိုနေပြီ" ဟု ကျွန်တော်က ပြောသည်။

"ဟုတ်ကဲ့..."
သူက စိတ်မပါသလို အမှတ်မထင် ပြန်ပြောသည်။
"ခြေညှပ်ဖိနပ်က စျေးပေါမယ်၊ ဒီဖိနပ်တွေ မင်း သဘောကျရဲ့လား:
ဖိနပ်များကို ကျွန်တော်က လက်ညှိုးထိုးပြသည်။ ကျွန်တော်နှင့် မည်သည့် အဂတ်အစားများ လိုက်ဖက်သည် ကို စူဇီမြင်တတ်သည်။ ထို့ကြောင့် သူ့ကို အသိမပေးဘဲ၊ သူသဘောမကျဘဲ မဝယ်ပါနှင့်ဟု စည်းကမ်း လုပ်ထားဖူးသည်။ ယခုမူ ကျွန်တော်ပြသည့် ခြေညှပ်ဖိနပ်များကို စိတ်မှတ်မထင် တစ်ချက်သာ လှမ်းကြည့် သည်။ ကြည့်သော်လည်း သူ မြင်ပုံမရပါ။

"ဟုတ်တယ်... သိပ်ကောင်းတယ်"
အလိုအလျောက် သူ့ပါးစပ်မှ ထွက်လာသည်။ ပြီးတော့ ခစ်ခနဲ ရုတ်တရက်ရယ်ချလိုက်သည်။
"သူ ကျွန်မကို ရိုက်တာ သိပ်နာတာပဲ သိလား... တကယ့်ကိုနာတယ်"
"နာမယ်ဆိုတာ ကိုယ်သိပါတယ်"

"စားသောက်ဆိုင်တုန်းကလေ ထိုင်လို့မရဘူး... သိပ်နာတာပဲ၊ ဖင်ခုထိုင်ဖို့ ကူရှင်တောင်းဦးမလို့... ဒါပေမဲ့ ပြန်စဉ်းစားမိတယ်၊ ကျွန်မ ဘယ်လောက် နာသွားတယ် ဆိုတာ သူ့ကို ပြောပြသလို ဖြစ်သွားမှာပေါ့ ရှက်စရာကြီး..."

"အဲဒီခြေညှပ်ဖိနပ်တွေ ကို မင်း တကယ် သဘောကျတာလား စူဇီ..."

"သဘောကျပါတယ်လို့ ဘယ်နှစ်ခါ ပြောရမှာလဲ၊ အခုနလည်း ပြောပြီးပြီ သိပ်ကောင်းတယ်" သူက စိတ်မရှည်သလို ပြန်ပြောသည်။ ပြီးတော့ "ဟုတ်တယ်.. သူ တကယ်သန်တာ... ဟူး... တကယ့်ကြွက်သားကြီးတွေနဲ့ သိပ်သန်တာ" ဟု ဆက်ပြောနေသည်။

"မင်း အမြဲတမ်း ဒီစကားမျိုး ပြောခဲ့တာပဲ"

"ဒါပေမဲ့ အစတုန်းက သူ့ကို ကျွန်မ အကဲခတ်မှားခဲ့တယ်၊ သူဟာ သဘောထားသေးတယ်လို့... အခုတော့ သူသဘောထားကြီးတာ တွေ့ရတယ်၊ စိတ်ကောင်းရှိတာ တွေ့ရတယ်၊ သူ့ကို ကျွန်မ လိမ်ခဲ့တယ်၊ တပတ်ရိုက်ခဲ့တယ်၊ ဒါတောင် သူက စိတ်မဆိုးပါဘူး... "ဒါကို တို့ မေ့လိုက်ကြရအောင် မင်းကို ငါခွင့်လွှတ် ပါတယ်" လို့ ပြောသွားတယ်၊ သဘောထား ကြီးလို့ ဒီစကားမျိုး သူပြောနိုင်တာပေါ့"

"ဒီစကားကြားရတာ ကိုယ် စိတ်ချမ်းသာလိုက်တာကွာ"

"သူက စူဇီ မေ့ပစ်လိုက်တော့" တဲ့... ဒီစကားလုံး ကလေးဟာ သိပ်လှတာပဲလို့ ကျွန်မ ထင်တယ်၊ ဒီစကားကို ပြောတာ သိပ်လှတာပဲ"

ကျွန်တော်တို့ ဆက်လျှောက်လာကြသည်။မီးရောင်နှင့် ဝေးရာသို့ ရောက်လာသည်။ စူဇီ၏ လက်မောင်းသည် ကျွန်တော့် လက်မောင်းနှင့် ပွတ်မိနေသည်။ သို့သော်လည်း သူသည် အခြားကမ္ဘာ တစ်ခုထဲတွင် လမ်းလျှောက်နေသည်။

ကျွန်တော် လိုက်ပါနိုင်စွမ်းမရှိသော ကမ္ဘာထဲမှာ လမ်းလျှောက် နေခြင်းဖြစ်သည်။ သူ့အကောင် အထည်အဖြစ် ရပ်တည်နိုင်ဖို့ အတွက် ကျွန်တော်က ပျောက်ကွယ်ပေးခဲ့ပြီ။ သူ့ဘေးမှ ခွာပြီး လမ်းဘေးသို့ ကျွန်တော် ဆင်းသွားသည်ကိုလည်း သူ သတိပြုမိတော့မည် မဟုတ်ပါ။ အရေးစိုက် တော့မည်လည်း မဟုတ်ပါ။

ကျွန်တော့် အသည်းနှလုံးများ နာကျင်လာသည်။

သို့သော်လည်း သည်လို အသည်းနာခြင်းသည် အဓိပ္ပာယ်ကင်းမဲ့ခြင်းသာ ဖြစ်သည်ဟု ကျွန်တော် တွေးလိုက်မိပါသည်။ သည်လို သန်မာထွားကျိုင်းသော ယောကျ်ားကြီးများသည် ဘာမဟုတ်သော ရိုးရိုး မိန်းကလေးများအဖို့ အထင်ကြီးစရာသာ ဖြစ်တတ်သည်။ တာဇံရုပ်ရှင်ကား ကြည့်ရင်း မူးမူးမေ့မေ့ ဖြစ်သွားတတ် ကြသော မိန်းကလေးများနှင့် ဘာမှမခြား။ တာဇံသည် သူတို့ အထင်ကြီးသော စံပြ ဇာတ်လိုက် ကြီး မဟုတ်ပါလား။

စူဇီလို စာမတတ် ပေမတတ် မိန်းကလေး အနေဖြင့်လည်း ဒါမျိုးသာဖြစ်ပေလိမ့်မည်။ သူလို မိန်းကလေး မျိုးအတွက်တော့ ကျွန်တော်က အသည်းနာစရာလိုပြီ။

မည်သို့ဆိုစေ အသည်းနှလုံးတွေ နာကျင်ခြင်းက ပိုဆိုးလာသည်။ စူဇီနှင့် ပတ်သက်ပြီး သဂၤန်တိုစိတ် များကို ပထမဆုံး အကြိမ်အဖြစ် ခံစားမိခြင်း ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။

**စာအုပ် (၂) အခန်း (၄) မျှော်**

## စာအုပ် (၂) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၄)

**အခန်း(၄)**

စူဇီသည် ထိုအချိန်မှစပြီး စည်းကမ်းကို တိကျစွာ လိုက်နာတော့သည်။ သူအထင်ကြီး လေးစားသူ တစ်ယောက်အပေါ် ဘယ်တော့မှ ဟန်ဆောင်ဖုံးကွယ်ခြင်း မပြုလုပ်ပါဟု စူဇီ ပြောခဲ့ဖူးသည်။ ထိုစကား သည် အမှန်အတိုင်း ပြောခြင်းဖြစ်ပါသည်။

ယခုတော့ ဘင်းကို သူ အထင်ကြီးလေးစားသွားပြီ။ သူ၏ သစ္စာတိုင်ကြီးကို မည်သည့် အရာကမှ နဲ့လို့ရတော့မည် မဟုတ်ပါ။ သူ့သားကလေး၏ နောင်ရေးလုံခြုံစိတ်ချရရေးကလည်း နဲ့နိုင်တော့မည် မဟုတ်ပါ။ သူ့သားကို ဟောင်ကောင်မှာရှိသော အကောင်းဆုံးကျောင်းမှာ ထားဖို့ သူကြိုးစားခဲ့သည်။ ပြီးလျှင် အောက်စဖို့တက္ကသိုလ် ပို့မည်။ ပြီးလျှင် ရုပ်ရှင်မင်းသားဖြစ်ရမည်။ ဒါတွေကလည်း အရေးမကြီး တော့ပါ။

သူ့ကို ဘင်းက ရိုက်ခဲ့သည့် ဇာတ်လမ်းသည် သူ့ဘဝတွင် ဂုဏ်ယူဖွယ် အကောင်းဆုံး သောအဖြစ်အပျက်ကြီး ဖြစ်နေတော့သည်။ နမ်ကောက်မှာရှိနေကြသည့် မိန်းကလေးများသည် ထိုအကြောင်းကိုပင် ဂုဏ်ယူဖွယ် ပြောမဆုံးအောင် ရှိကြသည်။ နမ်ကောက်ဟိုတယ်သို့ ကိုယ်ပိုင် ကားကြီးကို မောင်းလာကြောင်း၊ ရဲအရာရှိ အယောင်ဆောင် လူကြီးတစ်ယောက် ဆင်းလာကြောင်း၊ အခန်းထဲမှ သဘော်သားကို ကန်ထုတ်ပစ်လိုက်ကြောင်း၊ အင်မတန်ကြီးကျယ်သည့် ချစ်မေတ္တာ ဇာတ်လမ်း ကြီး အဖြစ် အားပါးတရ ပြောဆို နေကြတော့သည်။

"မနေ့ညကလေ ကျွန်မအိပ်မပျော်ဘဲ ဘင်းအကြောင်းကို တွေးနေမိတယ်၊ ကျွန်မအိပ်ပျော်သွားရင် သူ့အကြောင်း အိပ်မက် မက်မယ် မမက်ဘူးဆိုတာ မသေချာဘူးလေ၊ အိပ်မက် မက်ရင်တော့ ကောင်းပါရဲ့၊ မမက်ရင် ခက်မယ်၊ ဒါကြောင့် မအိပ်ဘဲ ကျွန်မ ဒီအတိုင်း နေပစ်လိုက်တယ်" ဆိုတာမျိုးတွေ စူဇီက ကျွန်တော့်ကို ပြောလာသည်။

ထိုမျှမကသေး။

"သူ့ကို ကျွန်မ ချစ်နေမိပြီလားဆိုတာ တွေးကြည့်နေမိတယ်။ အစ်ကို ဘယ်လိုထင်သလဲဟင်... သူ့ကို ကျွန်မ ချစ်နေပြီလို့ အစ်ကိုထင်သလား" ဆိုတာမျိုးတွေလည်း မေးလာတတ်သည်။

"သိပ်မှန်တာပေါ့... မင်းတစ်ကိုယ်လုံး အချစ်ရည်တွေ ဖုံးနေပြီ"

"ဟုတ်တယ်... ကျွန်မလည်း ဒီလိုပဲထင်တယ်" ဟု ပူပုံပွားဟန်မျိုးဖြင့် ခေါင်းညိတ်ပြတတ်သည်။ ပြီးတော့ ကျေနပ်နှစ်သက်စွာ ဆက်ပြောတတ်သေးသည်။

"ပြီးတော့လေ... သူ့မိန်းမကို ကျွန်မ မုန်းတယ်၊ အဲဒီမိန်းမကြီးကို အရမ်းမုန်းတာပဲ၊ ဒါကြောင့် သူ့ကို ကျွန်မ ချစ်နေတာ ဖြစ်ကို ဖြစ်ရမယ်"

သူ့ ကိုယ်သူလည်း ဖွတ်ယုံခိုင်းနေသည်။ တစ်နေ့တွင် ဘင်းက အယ်လီဇဘက်နှင့် ကွာရှင်းပြတ်စဲပြီး သူ့ကို လက်ထပ်ယူလိမ့်မည်ဟုလည်း သူ ယုံစးနေသည်။ သည်ကစပြီး လန်ဒန် အကြောင်း မဆုံးနိုင်အောင် ကျွန်တော့်ကို မေးတော့သည်။ ဘင်းက သူ့ကို လန်ဒန်ခေါ်သွားလျှင် လန်ဒန်အကြောင်း ဘာမှသိမထား သဖြင့် အရှက်တကွဲဖြစ်ရတာမျိုး သူ မဖြစ်ချင်ပါဟု ဆိုသည်။

"စူဇီ မင်းပြောနေတဲ့ စကားတွေကို ကိုယ် သိပ်ယုံချင်တာ မဟုတ်ဘူးနော်" ဟု သူ့ကို ကျွန်တော် ပြောခဲ့မိသည်။

ကျွန်တော့် ရင်ထဲက သဂန်တိုစိတ်တွေ ကြီးထွားသည်ထက် ကြီးထွားလာပြီ။ သည်လို လွန်ကျူးသည့် မျှော်လင့်ချက်မျိုးတွေကိုလည်း ကျွန်တော် မုန်းတီးလာပြီ။

"ဒါပေမဲ့ ဘင်းက ကတိပေးပြီးပြီ၊ သူ ခဏခဏ ပြောတယ်၊ "စူဇီ မင်းကို လန်ဒန်မြို့ကြီး ပြချင်တယ်၊ မင်းရဲ့ တရုတ်သွေးနဲ့ ဆိုရင် လန်ဒန်မှာ သိပ်လှမှာပဲ၊ ဟုတ်တယ်... တစ်နေ့ကျရင် မင်းကို ခေါ်သွားပြီး အားလုံးကို လိုက်ပြရမယ်၊ ပြီးတော့ တို့လက်ထပ်..." ဘယ်မှာဆိုတာ ကျွန်မ မေ့သွားပြီ၊ ဒါပေမဲ့ သိပ်နာမည်ကြီး တာပဲလေ၊ ဘုရင်မကြီးလက်ထပ်တဲ့ ဘုရားရှိခိုးကျောင်းဟာ"

"ဂက်စ်မင်စတာအက်ဘေးလား"

"ဟုတ်တယ်... ဂက်စ်မင်စတာအက်ဘေး အဲဒီမှာ လက်ထပ်မယ်တဲ့၊ ကျွန်မကို တရုတ်မင်းမျိုး မင်းနွယ် ထဲက မင်းသမီးကလေးဆိုပြီး ဟန်ဆောင်ရမယ်တဲ့"

သည်အကြောင်းတွေကို နေ့လယ်စာ စားရင်း၊ အိပ်ရာပေါ်မှာ လဲလျောင်းရင်းက ရယ်စရာ မောစရာ များအဖြစ် ပြောခဲ့တာပဲ ဖြစ်ရမည်။ ဒါတွေကိုလည်း စူဇီက အလေးအနက်ထားနေလိမ့်မည်ဟု သူထင်ပုံ မရ။ အယ်လီဇဘက်နှင့် သူ ကွာရှင်းပြတ်စဲဖို့ ဆိုသည်မှာလည်း အလွန်မလွယ်သော ကိစ္စ ဖြစ်ကြောင်း ကျွန်တော်က ထောက်ပြသည်။

"အို... ဒီအတွက် မပူပါနဲ့.. ဟောင်ကောင်မှာရှိတဲ့ ကြီးကြီးမာစတာ တွေအားလုံးကို ဘင်းသိတယ်၊ အစိုးရ အိမ်တော်ထဲကို သူဝင်သွားပြီး "ကောင်းသော မင်္ဂလာနံနက်ခင်းပါ ဘုရင်ခံကြီး... ကျွန်တော့မိန်းမ မကောင်းဘူး... သူနဲ့ ကျွန်တော် ကွာချင်တယ်"လို့ တစ်ခွန်းပြေလိုက်ရရုံပဲ၊ ဘုရင်ကြီးကလည်း "သိပ်ကောင်း တာပေါ့၊ ခင်ဗျားနဲ့ ကျွန်တော် နေ့လယ်စာ အတူစားနေတုန်း တစ်ယောက်ယောက်ကို စီစဉ်ခိုင်း လိုက်မယ်လေ"လို့ ပြန်ပြောမှာပဲ" စသည်ဖြင့် အခိုင်အမာကြီး ပြန်ပြောနေတော့သည်။

ပြီးတော့ လန်ဒန်မြို့ ဓာတ်ပုံစာအုပ်ကို ကောက်ကိုင်ပြီး ကြည့်နေသည်။ သည်စာအုပ်ကို ယခင်က ထက်ပိုပြီး သူ စိတ်ဝင်စားလာသည်။ ထို့နောက် လန်ဒန်မျှော်စင်ပေါ်မှ ပျားဖွပ်သူတစ်ယောက်၏ ဓာတ်ပုံကို လက်ညှိုးထိုးပြပြီး

"ဒီလူကြီးကို ကြည့်ပါဦး၊ ဘယ်လောက်ဂသလဲ၊ လန်ဒန်ကို ကျွန်မ ရောက်ရင်တော့ သူ့ကို ကျွန်မ ပြောရမယ်၊ "ဟေ့လူကြီး.. ရှင်တအားဂတယ်၊ ရှင် တော်တော်အစားပုပ်တယ်"လို့ ပြောရမယ်" သူအရမ်း ပျော်သွားသည်။ ထို့နောက် စာအုပ်မှ ရုတ်တရက် ခွာထွက်သွားပြီး"အူး" ဟု တစ်ချက် အော်လိုက်ကာ နာကျင်ဟန်ဆောင်နေသည်။

"ဒါက ဘာဖြစ်သွားရပြန်တာလဲ" ဟု ကျွန်တော်က မေးသည်။

"ပျားဖွပ်တဲ့လူကြီးက အခုပဲ ကျွန်မကို ပြောတယ်၊ "နင့်ဟာ လူကြီးမှန်းမသိ လူငယ်မှန်း မသိ" တဲ့၊ ပြီးတော့ အဲဒီအသံချွန်ကြီးနဲ့ ရိုက်လိုက်တယ်"

ကျွန်တော့်အခန်းသို့ စူဇီ နေ့တိုင်း လာရောက်လည်ပတ်ပါသည်။ ဘားခန်းကိုတော့ ဝေးဝေးက ရှောင်ပါသည်။

သို့သော်လည်း သူ့အပေါင်းအသင်း အမျိုးသမီးများနှင့် ဘားခန်းထဲမှာ ထိုင်ပြီး ထွေရာလေးပါး စကားပြောရသည်ကို စူဇီ အလွန်နှစ်သက်ပါသည်။ ထို့ကြောင့် စကားတော့ သွားပြောခွင့်ပေးပါဟု ဘင်းထံမှာ ခွင့်ပန်ကြည့်ပေးသည်။ ဘင်းက အပြတ်ငြင်းပစ်လိုက်သည်။

နောက်ဆုံးတော့ ညဦးပိုင်းများတွင် စူဇီတစ်ယောက်တည်း အထီးကျန်ဖြစ်နေရသည့် ဘဝမှ သက်သာရာရစေရန် ဗဟိုခရိုင်ရှိ ကပွဲခန်းမသစ်တစ်ခုမှာ အလုပ်လုပ်ခွင့်ကို ပြုလိုက်သည်။ ယင်းကပွဲ ခန်းသို့ တရုတ်လူမျိုးနှင့် ဥရောပတိုက်သားများ သွားလေ့ရှိသည်။ အထင်ကြီး လေးစား လောက်သော ခန်းမတစ်ခုဖြစ်ပါသည်။ စစချင်းတော့ အတူကသည့် အမျိုးသမီးများကို အပြင် တွဲမထုတ်သေးသဖြင့် ဘင်းက ခွင့်ပြုလိုက်ခြင်းလည်း ဖြစ်သည်။

ကပွဲမှာ ကရသည်ကို စူဇီ အလွန်သဘောကျပါသည်။ တစ်ညဦးပိုင်းလုံး သူ ကနေတတ် သည်။ သူကိုယ်တိုင်လည်း စိတ်ချမ်းသာရသည်။ ပြီးတော့ ဆယ်ဒေါ်လာ ဆယ့်နှစ်ဒေါ်လာလောက် လည်း မှန်မှန် ရနေသေးသည်။ အပြင် ခေါ်တာလိုက်ပြီး ညစာ စားရလျှင်တော့ မြိုးမြိုးမြက်မြက် ကလေး ရပေမပေါ့။

သို့သော်လည်း ညစာစားဖို့ အဖိတ်ခံရလျှင် စူဇီက စောစောကတည်းက ရှင်းအောင် စည်းကမ်းချက် သတ်မှတ်ထားတတ်သည်။ ညစာ စားရုံ သက်သက်ပဲ။ ဘာမှမလုပ်ရ။ တခြားဘယ် ကိုမှ ခေါ်မသွားရ။ ပြီးတော့ သူ့အိမ်ကိုလည်း မော်တော်ကားနှင့် ပြန်ပို့မပေးရ။

စူဇီမှာ သင်ခန်းစာတွေလည်း ရခဲ့ပြီ။ ထိုသို့ ကြိုကြိုတင်တင် အကာအကွယ်တွေ လုပ်ထားနိုင်မှ တန်ကာကျသည်။ အိမ်ကို ဓာတ်ရထားနှင့် ပြန်ခြင်းက အစစအရာရာ ဒုက္ခငြိမ်းသည်။

အသစ်ဖွင့်သော ထိုကပွဲခန်းမ၏ အမည်မှာ အက်စ်တိုးရီးယား ဖြစ်သည်။ အက်စ်တိုးရီးယားမှာ စူဇီ အလုပ်ဝင်သည့်အတွက် ကျွန်တော် စိတ်ထိခိုက်စရာ အကြောင်းတစ်ခု ပေါ်လာလေတော့သည်။

ရော့ဒ် နေတက်စ်လာဆိုသူတစ်ယောက် ကျွန်တော်တို့၏ ဘဂထဲသို့ ရောက်လာသည်။ အထူးသဖြင့် စူဇီက ဘင်းနှင့် ဆက်ဆံနေရသည့်အတွက် ရော့ဒ်နေတက်စ်လာကို သိပ်အရေး မပေးနိုင်လေရာ ထိုဂန်ထုပ်ကြီး သည် ကျွန်တော့် ခေါင်းပေါ်သို့သာ လုံးလုံးလျားလျား ကျရောက် လာတော့သည်။

သည်ကိစ္စကလည်း ဘင်းနှင့် စတင်ကြုံခဲ့ရသည့်အတိုင်း တစ်သဝေမတိမ်း တူညီပါသည်။

ညတစ်ည သန်းခေါင်အချိန်တွင် ကျွန်တော့်ကို စူဇီ ဖုန်းလှမ်းဆက်သည်။ သူ့အတွဲက ညစာ ခေါ်ကျွေးသဖြင့် မြို့ထဲရှိ စားသောက်ဆိုင်တစ်ခုသို့ လိုက်စားရင်း ကျွန်တော့်ဆီ ဖုန်းဆက် ပြောခြင်း ဖြစ်သည်။ ညစာ လိုက်မစားမီ ကတည်းက ကြိုတင်စည်းကမ်းချက်တွေ သတ်မှတ်ရာ နောက်ဆုံးတော့ ပြဿနာ ပေါ်ပြီဟု ကျွန်တော် ကောက်ချက်ချလိုက်မိပါသည်။

သူ့လူသည် ပညာတတ်တစ်ယောက်ဖြစ်သည်။ အထက်တန်းလွှာထဲက ဖြစ်သည်။ ပန်းချီကိုလည်း စိတ်ဝင်စားသည်။ ထမင်းစားရင်း ကျွန်တော့်အကြောင်း ပြောပြမိသည်။ သူ့လူက ကျွန်တော့်ဆီ ခေါ်သွားပေးပါဟု နားပူနားဆာလုပ်သည်။ သူကိုယ်တိုင်လည်း ပန်းချီဆရာဖြစ်မည်ဟု စူဇီက ထင်သည်။ သို့သော် အသေအချာတော့ မပြောနိုင်။ ကျွန်တော့် ပန်းချီကားများကိုလည်း ကြည့်လိုပါသည်ဟု ဆိုသည်။ ကျွန်တော်က လက်ခံမည်ဆိုလျှင် သူသိပ်စိတ်ချမ်းသာပါမည်ဟု ဆိုသည်။

သူ့လူက သူ့ကို ကျားပိန်တွယ် တွယ်နေသောကြောင့် ခွာအချရခက်နေသည်ကလည်း တစ်ကြောင်း ပါသည်။

ကျွန်တော် တုံ့ဆိုင်းဆိုင်းဖြစ်နေမိသည်။ ပြီးတော့မှ မသေမချာ ပြန်ပြောပါသည်။

"ကောင်းပြီလေ... သူ့ကို ခေါ်ခဲ့ပါ"

စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်မိပြီး ဖုန်းကို ပြန်ချထားခဲ့သည်။ နမ်ကောက်ဟိုတယ်ရောက်မှ ကျွန်တော်ဆွဲသည့် ပန်းချီကားများကို အတောင်း၊ စူဇီနှင့် သူ့သူငယ်ချင်း အမျိုးသမီးအချို့အပြင် သဘော်သား အချို့သာ ကြည့်ဖူးသည်။ အခြား မည်သူ့ ကိုမှ မပြရသေး။

ကျွန်တော့် ပန်းချီကားတွေကောင်းကြောင်း သူတို့က ချီးမွမ်းစကားပြောလျှင် ကျွန်တော် ဂမ်းသာလို့ မဆုံးနိုင်အောင် ဖြစ်ခဲ့ရသည်။ သို့သော်လည်း ကျွန်တော့်ကားကို ကျွန်တော် ပြန်ကြည့်ပြီး "ဘာပဲဖြစ်ဖြစ်... ဒါတွေဟာ အနုပညာမြောက်တဲ့ ဝေဖန်ချက်တွေ မဟုတ်ပါဘူးလေ" ဟု သဘောထားကာ သူတို့၏ မှတ်ချက် များကို ပစ်ပယ်လိုက်စမြဲ ဖြစ်ပါသည်။

ယခုတော့ သည်ကားတွေကို ကွက်ခနဲ တစ်ချက်လှမ်းကြည့်မိသည်။ စောစောတုန်းကတော့ သူတို့တန်ဖိုးကို

အသိအမှတ်ပြုဖို့ ကျွန်တော့်အတွက် ဂန်မလေးမိ။ တစ်ကားနှစ်ကားသည် အလွန် အနုပညာမြောက်သည်ဟုပင် ကျွန်တော် စွဲစွဲမြဲမြဲ ယုံကြည်ခဲ့သည်။

သို့သော် ယခုမူကား ထိုသို့ မဟုတ်တော့ပြီ။ ကျွန်တော် မသိသာ လူစိမ်း ဝေဖန်ရေးသမား၏ အကြည့်ဖြင့် ကြည့်မိသည်တွင် ကျွန်တော့်ယုံကြည်ချက်များ လွင့်စဉ် ပျောက်ပျက်ကုန်တော့သည်။ ဘာအဓိပ္ပာယ်မှ မရှိသည့် ဆေးခြယ်ထားသော ပတ္တူစများပါတကား ဟု ထင်ချင်သလို ဖြစ်လာသည်။

ဘုရား... ဘုရား... မလာပါနဲ့ဟု ပြောလိုက်မိလျှင် ကောင်းလေစွဟုလည်း တွေးမိသည်။

မကောင်းသောကားများကို တကယ်သုတ်နှင့်ပြီး ကျွန်တော် ဂုဏ်မိသည်။ ကောင်းသည်ဟု ထင်ရသောကားများကို သပ်သပ်ရပ်ရပ် ခင်းကျင်းရသည်။ ဒါတောင်မှ စိုးရိမ်စိတ်ကြောင့် မသပ်မရပ်များ ခင်းကျင်း မိလေသလားဟု ပူပင်သောက ရောက်ရသေးသည်။

မိနစ်နှစ်ဆယ်ကြာတော့ တံခါးခေါက်သံ ကြားရသည်။ လူငယ်တစ်ယောက်နှင့်အတူ စူဇီ ဝင်လာသည်။ လူငယ်က ဆံပင်တိုတို ညှပ်ထားသဖြင့် အမေရိကန်လူမျိုးဖြစ်ကြောင်း ဖော်ပြသလို ရှိနေသည်။ အလွန်တန်ဖိုးကြီးသည့် အဝတ်အစားများကို ဝတ်ဆင်ထားသည်။ စီးထားသည့် ဖိနပ်က ဆိတ်သားရေ နနကလေးကို ချုပ်ထားသည့် တန်ဖိုးကြီး အကောင်းစား ရှူးဖိနပ်။

ခင်မင်ဖွယ်ကောင်းသော ပွင့်လင်းသော လူငယ်ပီသသော အပြုံးမျိုး ပြုံးပြီး ကျွန်တော့်ဆီသို့ လက်ကမ်းပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဘော့... ခင်ဗျားကို ဘော့လို့များ ခေါ်ကြပါသလား"

သူ့လက်ကလေးကလည်း နူးညံ့နေသည်။ အမှတ်အသားတံဆိပ်ပါသော ရွှေလက်စွပ်တစ်ကွင်းကို ဝတ်ထားသည်။ သူ့အသံကလည်း အမေရိကန်သံပင်။ သူ့ဆံပင် သူ့အသံများကို မမြင်ရ မကြားရစေဦးနှင့်၊ သူ့အပြုံးနှင့် သူ့လက်ဆွဲနှုတ်ဆက်ပုံကို ကြည့်ခြင်းအားဖြင့်...

"ကျွန်တော်ဟာ အမေရိကန်လူမျိုးတစ်ယောက် ဖြစ်ရတဲ့အတွက် ဂုဏ်ယူပါတယ်၊ ကျွန်တော်နဲ့ လက်ဆွဲနှုတ်ဆက်တဲ့အခါမှာ ခင်ဗျားဟာ ကျွန်တော် တစ်ယောက်တည်းနဲ့ လက်ဆွဲနှုတ်ဆက်နေတာ မဟုတ်ပါဘူး၊ အမေရိကန်ပြည်ထောင်စုကြီးနဲ့ လက်ဆွဲနှုတ်ဆက်နေတာ ဖြစ်ပါတယ်၊ တစ်ပြည်လုံးကို ဖြန့်ထားနိုင်တဲ့ ရုပ်မြင်သံကြားလုပ်ငန်းတွေနဲ့ အင်မတန်ကြီးကျယ်တဲ့ မော်တော်ကားထုတ်လုပ်ရာ စက်ရုံကြီးတွေနဲ့ အမေရိကန်ရဲ့ လွတ်လပ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးနဲ့ လက်ဆွဲနှုတ်ဆက်နေတာ ဖြစ်ပါတယ်" ဟု ထုတ်ဖော်ကြေညာနေသည်ဟု ထင်မှတ်မိပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ၏ပွင့်လင်းမှုကိုတော့ ကျွန်တော် ချက်ချင်း သဘောကျသွားမိပါတော့သည်။ ဒီလို သူငယ်မျိုး တစ်ယောက်ကို စူဇီ ဘာကြောင့် သဘောမကျနိုင်ပါလိမ့်ဟုလည်း တွေးလိုက်မိသည်။

"ကိုယ့်ကို ဘော့လို့တော့ ခေါ်လေ့ခေါ်ထ မရှိကြပါဘူး၊ ဒါပေမဲ့ ကိုယ်ဘယ်လိုမှ မအောက်မေ့ပါဘူး"ဟု

ကျွန်တော်က ပြုံးရင်း ပြန်ပြောမိသည်။

"ကောင်းပါလေ့ဗျာ... ဒီလိုဆိုရင် ခင်ဗျားကို ရက်ဒ်လို့ မှားခေါ်မိရင်လည်း စိတ်ဆိုးမှာ မဟုတ်ဘူးလို့ ကျွန်တော် ထင်ပါတယ်"

"ဘာလဲ... ရက်ဒ်"

"ဒီလိုပါ ဘော့... ကျွန်တော့်မှာ ခင်ဗျားနာမည်နဲ့ဆင်တဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် ရှိပါတယ်၊ သူ့နာမည်က ရက်ဒ်လိုမက်ခ်ဖ်၊ ခင်ဗျားနာမည် ရောဘတ်လိုမက်ခ်ဖ်ဆိုတာ ကြားရကတည်းက တစ်ချိန်လုံး ရက်ဒ်အကြောင်းကို သတိပြန်ရနေမိတယ်၊ ဒါပေမဲ့ သူ့အကြောင်းကို ခင်ဗျားသိမယ်ဆိုရင် သူနဲ့ မှားခေါ်ပေမယ့် ခင်ဗျား ဘယ်လိုမှ အောက်မေ့တော့မှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်၊ သူက အင်မတန်ကိုတော်တဲ့လူပါ။ အင်မတန်တော်တယ် ဆိုတာထက် ဟိုဘက်ကို အများကြီးလွန်ပါသေးတယ်၊ ခင်ဗျားတို့ နှစ်ယောက်မှာ အဲဒီလိုတော်တဲ့အချက်တွေ အတူတူပဲ ရှိနေကြတယ်လို့ ကျွန်တော် ထင်ပါတယ်"

"အင်း... ကိုယ်တော့ စိတ်ကြီးဝင်သွားပြီ"

"ခင်ဗျားအကြောင်းတွေ စူဇီက ဘယ်လိုပြောပြတယ်ဆိုတာ ကြားစေချင်တယ်၊ ခင်ဗျားရဲ့ ကြော်ငြာကိုယ်စားလှယ်အဖြစ်နဲ့ သူ့ကို ခန့်ဖို့ ကောင်းတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင် ခင်ဗျားကိုတွေ့ရပြီ၊ သူပြောတာတွေ အားလုံး အမှန်ချည်းပဲ၊ ဒီစကားကို ကျွန်တော် အူထဲ အသည်းထဲက ပြောတာပါရက်ဒ်..."

သူ နာမည်မှားခေါ်လိုက်မိကြောင်း သတိထားမိသွားသည်။ လက်ချောင်းကလေးများနှင့် နှုတ်ခမ်းကို တို့လိုက်သည်။ ပြီးတော့မှ ပြုံးရင်း ဆက်ပြောသည်။

"ကဲပါလေ... ဒါတွေ ထားလိုက်ပါတော့ ရက်ဒ်... (သူ ထပ်မှားပြန်သည်) ခင်ဗျားဟာ အလွန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ကြောင်း ကျွန်တောတို့အားလုံး သိကြပါတယ်၊ ဒါပေမဲ့ အခုလောလောဆယ်မှာ ဘော့နဲ့ ကျွန်တော်ဟာ စကားပြောနေကြရတယ်၊ ဒီလိုစကားပြော ရင်း ကျွန်တော်တို့ နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် အင်မတန်ခင်တဲ့ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းတွေ ဖြစ်သွားတော့မှာ သေချာတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ခံစားနေရပါတယ်"

သည်လိုလုပ်ဇာတ်ကလေး ခင်းနေသည်ကို အနည်းငယ် နားမလည်သလို ဖြစ်မိသည်။ ကျွန်တော့်ကို ရက်ဒ်ဟု မှားခေါ်နေခြင်းမှာ တကယ်မှားခြင်း မဟုတ်ဘဲ ရည်စူးချက်ဖြင့် တမင်ခေါ် နေခြင်းဖြစ်ကြောင်း ကျွန်တော် သိနေသည်။ သို့သော်လည်း ကျွန်တော့်အခန်းကို သဘောကျကြောင်း၊ လသာဆောင်မှ မြင်ရသည့် မြင်ကွင်းကျယ်ကြီးကို နှစ်သက်ကြောင်း ချီးမွမ်း စကားတွေ ဆက်ပြောနေသောကြောင့် ကျွန်တော် မေ့ပစ်လိုက်ပါသည်။ အမေရိကန်လူမျိုးတို့သည် သည်လိုအကောင်းကလေးတွေကိုမှ ရွေးပြီး ပြောတတ်ကြသည်။ ကမ္ဘာ့ပေါ်မှာ စိတ်ချမ်းသာစရာအကောင်းဆုံးသော ဧည့်သည်များလည်း ဖြစ်နေသည်။ သူလည်း ခင်မင်ဖွယ်ကောင်းသူဟု ကျွန်တော် ထင်လိုက်မိပါသည်။

ဂလောက်စတာဟိုတယ်တွင် သူ တည်းနေကြောင်း ကျွန်တော် သိရပါသည်။ ပေါင်ကောင်တွင်

ဈေးအကြီးဆုံးနှင့် ထိပ်တန်းအကျဆုံးသော ဟိုတယ်ကြီး ဖြစ်ပါသည်။ ထိုဟိုတယ်တွင် မိသားစုအခန်းကို သူ ငှားနေရသည်။ သူရောက်လာသည့်နေ့က တစ်ယောက်ခန်းများအားလုံး ကုန်နေပြီဖြစ်သောကြောင့် ထိုအခန်းကို ယူလိုက်ရခြင်းဖြစ်သည်။

ငွေကုန်ကြေးကျ များသည်မှာ အကြောင်းမဟုတ်။ သို့သော်လည်း အခန်းကြီးက သူတစ်ယောက်တည်း အတွက် သိပ်ကြီးနေသောကြောင့် အထီးကျန်တစ်ယောက်လို ခံစားနေရသည်ဟု ဆိုသည်။

ဟောင်ကောင်လိုနေရာမျိုးသို့ ရောက်လာခိုက် ဟောင်ကောင်၏ တကယ့်ဘဂကို သိလိုပါက ယခု ကျွန်တော်နေသည့် နေရာမျိုးကိုသာ ရွေးချယ်သင့်သည်ဟု သူက ပြောသည်။ တစ်ဆက်တည်း ကျွန်တော့်အခန်းကိုလည်း ကြိုက်လှချည်ရဲ့ဟု ဆက်ပြောနေသည်။

"ဒါထက် ဘော့… ခင်ဗျား ရေချိုးခန်းကို ကျွန်တော် သုံးလို့ရမလားဗျာ၊ အစာစားတိုင်း ရေနွေးကြမ်းချည်း သောက်နေရတော့တယ် ဒုက္ခများတာပဲ" ဟုပြောသည်။
"ကိုယ့်မှာ ကိုယ်ပိုင်ရေချိုးခန်းမရှိပါဘူးကွာ" ဟု ကျွန်တော်က တောင်းပန်စကားပြောသည်။

"ဘော့…ခင်ဗျားကလည်း ကျွန်တော့်ကို အရမ်းအထင်ကြီးနေတာကို ဒီလိုမြင်ကွင်းမျိုးသာ ရမယ်ဆိုရင် ဂလောက်စတာဟိုတယ်မှာ ရှိတဲ့ ကျွန်တော့အခန်းနဲ့ ဟောဒီအခန်းကို အချိန်မရွေး လဲပါတယ်ဗျာ"
သူ့ကို ကျွန်တော် အပြင်ခေါ်လာပြီး စင်္ကြံအတိုင်း လမ်းညွှန်လိုက်သည်။ တရုတ်ပုံစံနှင့် အနောက်တိုင်းပုံစံ အိမ်သာနှစ်ခုအနက် ကြိုက်ရာကို သုံးနိုင်ကြောင်းပါ ပြောလိုက်သည်။ တရုတ်ပုံစံအိမ်သာက ကျန်းမာရေးနှင့် ပိုမိုညီညွတ်ကြောင်းပါ အကြံပေးလိုက်သည်။ ပြီးတော့ အခန်းတံခါးပိတ်ပြီး အတွင်းသို့ ဂင်ခဲ့သည်။

"သူဟာ အင်မတန်တော်တဲ့ လူကောင်းကလေးတစ်ယောက်ပဲ စူဇီ၊ ဘာဖြစ်လို့ သူ့ကို မင်း သဘောမကျတာလဲ" ဟု စူဇီကို ကျွန်တော်က မေးသည်။
"သူနဲ့အတူ လိုက်မအိပ်ဘူးဆိုလို့ စိတ်ဆိုးတယ်လေ၊ ကြောက်စရာ စကားလုံးတွေကိုလည်း ပြောတယ်"
"ဒီသူငယ်က ပြောတာလား… ကိုယ်တော့ အံ့သြသွားပြီ"

"သူစိတ်ဆိုးတဲ့အခါမှာ အင်မတန်ကြောက်စရာကောင်းတာတွေ ပြောတယ်၊ ကျွန်မဖြင့် အသည်းထိတ်လွန်းလို့" ဟု စူဇီက ရှင်းပြသည်။
သူနှင့် ထိပ်တိုက်မတွေ့အောင် ရှောင်ရတော့မည်ဟု စူဇီက ပြောသည်။ ထို့ကြောင့် သူ့ကလေးကိုကြည့်ဖို့ ခဏပြန်သွားကြောင်း၊ပြန်လာမည်ဖြစ်ကြောင်း ပြောပြပါဟု ကျွန်တော့်ကို ခိုင်းသည်။ ပြီးလျှင် သူဖုန်းလှမ်းဆက်မည်။ ကလေးနေမကောင်းသောကြောင့် မလာနိုင်တော့ကြောင်း ပြောမည်ဟုဆိုသည်။

အကြောင်းမဲ့ ဇာတ်လမ်းရှုပ်အောင် မလုပ်သင့်ဟု ကျွန်တော်ထင်သည်။ သို့သော်လည်း ငြင်းခုံနေဖို့ အချိန်မရတော့။ သဘောတူပြီး သူ့ကို ခွင့်ပြုလိုက်ရတော့သည်။ တစ်မိနစ်လောက်ကြာတော့ ရှော့ဒ်နေ

ပြန်ရောက်လာသည်။

"ဟယ်လို... ကျွန်တော်တို့ မိတ်ဆွေ ဘယ်ရောက်သွားပြီလဲ" ဟု မေးသည်။ ကျွန်တော်က ရှင်းပြရသည်။ နာရီဂက်အတွင်း ပြန်လာမည်ဖြစ်ကြောင်း၊ ကိုယ့်အိမ်ကိုယ့်ရာလို လွတ်လွတ်လပ်လပ် နေနိုင်ကြောင်း ပြောလိုက်သည်။ သူက နှစ်လိုဖွယ်ရာ ပြုံးသည်။ မမှန်ရာကို ပြောရသောကြောင့် ကျွန်တော် အလွန်ရှက်သွားပါသည်။

"ခင်ဗျားကတော့ အင်မတန် တော်ပေတာပဲဗျာ၊ ခင်ဗျားမှာ တကယ့်ဧည့်ဝတ်ကျေပွန်မှု၊ မိတ်ဆွေပီသမှုတွေ ရှိနေတာကို တွေ့ရတယ်၊ ဒီလိုခေတ်အခါမျိုးမှာတော့ တကယ့်ကို ချီးကျူးရမယ့် အရည်အချင်းတွေပါပဲ"

"ဒီလိုခေတ်အခါ ဆိုတာ ဘာကိုပြောတာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။

"ကိုင်း... ဒီလိုဆိုလည်း လူကြီးစကားပဲ ပြောကြတာပေါ့ဗျာ၊ အမေရိကန်ရဲ့ အခြေအနေဟာ လောလောဆယ်မှာ အတော်နိမ့်ကျနေသေးတယ်၊ အထူးသဖြင့် တရုတ်ပြည်နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ ဂါဒသဘောထားကိုပဲ ကြည့်ဗျာ၊ ကွန်မြူနစ်ဂါဒကို ကျွန်တော်တို့က အကြောက်ကြီး ကြောက်နေကြတယ်၊ ဒါပေမဲ့ တစ်ခုတော့ သတိရပါတော့၊ ကျွန်တော်တို့ တိုင်းပြည်ရဲ့ လွတ်လပ်ရေးသက်တမ်းဟာ ခင်ဗျားတို့နဲ့ ယှဉ်ရင် အများကြီးနုသေးတယ်၊ ကျွန်တော်တို့ လေ့လာစရာတွေ အများကြီး ရှိသေးတယ်၊ ခင်ဗျားတို့ အင်္ဂလိပ်နဲ့ ယှဉ်ရင် ကျွန်တော်တို့ရဲ့ အဆင့်အတန်းဟာ ဘာမှ မပြောပလောက်ပါဘူး"

"ဒါလောက်လည်း မဟုတ်ပါဘူး ငါ့ညီရယ်" ဟု ကျွန်တော်က ပြောမိသည်။ တစ်မိနစ်ထက် တစ်မိနစ်လည်း သူ့ကိုပိုပြီး ကျွန်တော် သဘောကျလာသည်။

"ဒါကတော့ ခင်ဗျားတို့ အင်္ဂလိပ်ရဲ့ ဘာခေါ်ရမလဲ၊ ဗိုင်းကောင်းကျောက်ဖိ ခေါ်ရမလား... အဲဒီဟာမျိုးကြောင့် ခင်ဗျား ဒီစကားပြောတာပါ၊ ကဲ... ထားပါတော့လေ၊ ပန်းချီကားတွေ ကြည့်ရအောင်လား၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျား ဘာတွေများဆွဲထားသလဲဆိုတာ ကျွန်တော် အရမ်းကြည့်ချင်နေပြီဗျာ"

သူသည် ပန်းချီဆရာတော့ မဟုတ်ကြောင်း၊ သို့သော်လည်း ပန်းချီကို စိတ်အဂင်စားဆုံး ဖြစ်ကြောင်း ပြောပြသည်။

သူတို့ တစ်မိသားစုလုံး ပန်းချီကို စိတ်ဂင်စားကြသည်။ သူ့မိခင်သည် နယူးယောက်မြို့ရှိ ပန်းချီကားစုဆောင်းသူများအနက် အများဆုံး စုဆောင်းနိုင်သူတစ်ယောက်ဖြစ်သည်။ သူ၏ ကမ္ဘာ တစ်ပတ်ခရီးစဉ်တွင် အီတလီသို့ ရောက်ပါက သူ့မိခင်အတွက် ပန်းချီကားတစ်ကားနှစ်ကား ဂယ်သွားရန်လည်း ကြံရွယ်ထားသည်။

:ကျွန်တော့်အမေဟာ မစ်ဖို့ကို ပိုင်ခဲ့တယ်လေ၊ အမှန်ကတော့ နယူးယောက်မှာ မစ်ဖို့ကို စထောင်ခဲ့တာဟာ ကျွန်တော့် အမေရဲ့အဖေပဲ၊ ဒါပေမဲ့ အဘိုးဆုံးသွားတာ နှစ်နှစ်လောက်ရှိပြီ၊ အဲဒီ အချိန်ကစပြီး မစ်ဖို့က ပန်းချီပြပွဲတွေကို ကျွန်တော့် ဦးလေးကပဲ တာဂန်ယူပြီး လုပ်ပေးနေရတယ်"

ကျွန်တော် ဘာမှနားမလည်ဘဲ သည်အတိုင်း ထိုင်ပြုံးနေသည်ကို သတိပြုမိသွားဟန် တူပါသည်။

"မစ်ဖို့ကို ခင်ဗျား မသိဘူးထင်တယ်၊ အင်း... ဒါဆိုရင်တော့ ခင်ဗျား နယူးယောက်ကို မရောက်ဖူးသေးဘူး

ဆိုတဲ့ သဘောပဲ၊ အမှန်က မစ်ဖို့ဆိုတာ ပန်းချီသိပ္ပံ ဆိုပါတော့၊ ပြက်လုံး တစ်ခုတောင် ရှိတယ်၊ မစ်ဖို့ရှေ့က အမေရိကန် ပန်းချီဆရာတွေ ဖြတ်လျှောက်သွားရင် ဘယ်သူမှ ဦးထုပ်မချွတ်ဘဲ မလျှောက်ပံ့ဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ အမေရိကန်ပန်းချီဆရာပေါင်း မြောက်မြားစွာကို ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်အောင် မစ်ဖို့က လုပ်နိုင်ခဲ့တယ်လေ"

"အဲဒါက ဘာလဲ... ပြခန်းလား"

"အစကတော့ ပြခန်းပဲ၊ ပြခန်းက စတာပဲ၊ အခုတော့ ပန်းချီစာအုပ်တွေကိုလည်း ထုတ်ဝေဖြန့်ချိတယ်၊ ပန်းချီဆရာတွေအတွက် အေဂျင်စီလုပ်ငန်းကိုလည်း လုပ်ပေးတယ်၊ ဒါကြောင့် ခင်ဗျား ပန်းချီကားတွေကိုလည်း အဲဒီပို့ဖို့ ကောင်းတယ်"

"ကိုယ့်ကားတွေကို မောင်ရင်မြင်ရတဲ့အချိန်အထိ စောင့်ပါဦးလေ"

"ကောင်းပြီလေ... ပါစတယ်နဲ့ ဆွဲထားတာတွေ ဆိုရင်တော့ ကျွန်တော် ကြိုက်မှာပါပဲ"

ကျွန်တော့ ပန်းချီကားများကို သူကြည့်ရှုလေ့လာနိုင်အောင် သုံးချောင်းထောက်ပေါ်မှာ တစ်ကားချင်း တင်ပြရတော့သည်။ ကျွန်တော်၏ ဂိညာဉ်ကို သူ့လက် ဂကွက်အပ်နေရသကဲ့သို့ ကျွန်တော် ခံစားရပါသည်။

ကျွန်တော့် ပန်းချီကားများကို လိုက်လိုက်လှဲလှဲ သဘောကျပါသည်။ သူသည် ပန်းချီအကြောင်းကို နိုက်နိုက်ချွတ်ချွတ် နားလည်သည့် လူငယ်တစ်ယောက် ဖြစ်နေပါတကား။ ကျွန်တော် နားမလည်သည့် ပန်းချီအသုံးအနှုန်းများကိုလည်း သူပြောသည်။

ကျွန်တော် မကြားဖူးသည့် ပန်းချီဆရာတို့၏ အမည်ကို ထုတ်ဖော်ပြောဆိုကာလည်း ကျွန်တော့် ပန်းချီကားများနှင့် နှိုင်းယှဉ်ဝေဖန်သုံးသပ်သည်။ သို့သော်လည်း သူ့ဝေဖန်ချက်များသည် အမှန်ကို တိတိကျကျ ထောက်ပြနိုင်သော ဝေဖန်ချက်များဖြစ်နေသည်။ ကျွန်တော် ကိုယ်တိုင်လည်း ဂမ်းသာလုံးဆို့နေမိပါတော့သည်။

"တစ်ခုတော့ ကျွန်တော်ဂန်ခံပဲ့မယ် ဘော့၊ ခေတ်ပေါ်ပန်းချီကိုတော့ ကျွန်တော် ဒါလောက် မကြိုက်လှပါဘူး၊ တစ်ဆင့်ပြန်လည်တင်ကြတဲ့ ပန်းချီသဘောက ခေတ်ကုန်သွားတာတော့ မှန်ပါ တယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ကားတွေ ကတော့ အောင်မြင်မှာပါ၊ အသက်ဂင်နေကြတယ် မဟုတ်လား၊ ဥပမာပြောရရင် ဟောဒီကားကို ကြည့်ပါ၊ အမျိုးသမီးတွေနဲ့ သင်္ဘောသားဟာလေ... ဒီကားဟာ သိပ်အသက်ဂင်တယ်၊ သူတို့ ဘာတွေစဉ်းစားနေတယ် ဆိုတာတောင် ကျွန်တော့်နားထဲမှာ ကြားနေရတယ်၊ ဒီဖက် ပိုအရေးကြီးတာက ဒီကားကို ရေးဆွဲတဲ့ ပန်းချီဆရာဟာ ဘာတွေ တွေးနေတယ်ဆိုတာတောင် ကြားနေရတယ်"

ပြီးတော့ ကျွန်တော့်ကားများအနက် လက်ရွေးစင်များကို မစ်ဖို့သို့ပို့ပေးရန် တိုက်တွန်းသည်။ သူကိုယ်တိုင်ကလည်း သူ့ဦးလေးဆီ စာရေးပြီးကျွန်တော့် အကြောင်းများ ပြောပြမည်ဟု ပြောသည်။

"တစ်ခုတော့ အခုကတည်းက ရှင်းရှင်းလင်းလင်း ပြောခဲ့ဦးမယ် ဘော့ ဘယ်လိုကတိမျိုးကိုမှ ကျွန်တော် မပေးနိုင်ဘူးနော်၊ သူတို့ရဲ့ ဦးတည်ချက်က စီးပွားရေးသက်သက်ပဲ၊ ခင်ဗျားရဲ့ ပန်းချီကားတွေအပေါ်က အမြတ်အစွန်းရနိုင်မှု မရနိုင်မှု ဆိုတာကိုပဲ သူတို့အလေးထားပြီး စဉ်းစားလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော့်အထင်ကတော့ ဒီကားတွေကို သူတို့ သေသေချာချာ သဘောကျမှာပါ၊ သူတို့ မကြိုက်ဘူးဆိုရင်တော့ ကျွန်တော် အံ့ဩလို့ဆုံးတော့မှာ မဟုတ်ဘူး"

သူ့စကားကို ရပ်လိုက်သည်။ ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်းမြည်သည်။ ဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်ချိန်တွင် ရှော့ဒ်နေ၏ ကိုယ်ထည်မှာ အနည်းငယ်တောင့်သွားသည်။

"ဟယ်လို... စူဇီ စကားပြောနေပါတယ်"

ကျွန်တော့်နားထဲသို့ အသံက စူးစူးဝါးဝါး ဝင်လာသည်။ စူဇီသည် ဖုန်းစကားပြောတိုင်း အကျယ်ကြီးအော်ပြောလေ့ရှိသည်။ ထိုသို့ အော်ပြောမှ တစ်ဖက်လူကြားရမည်ဟု သူ ယုံကြည်ထားသည်။

"ဟိုလူ အခုထိ ရှိနေတုန်းလား"

သူ့အသံကို ရှော့ဒ်နေမကြားရအောင် ဖုန်းခွက်ကို ကျွန်တော့်နားနှင့် ဖိကပ်ထားလိုက်ပါ တော့သည်။ နားပင်းချင်လျှင်လည်း ပင်းပါစေတော့။ ပြီးတော့ သူ့ကလေးနေမကောင်းဟု ဆိုသောကြောင့် စိတ်မကောင်းကြောင်း အနည်းငယ် ပြောပြီး ဖုန်းပြန်ချထားခဲ့သည်။

"အခုဆက်နေတာ စူဇီမဟုတ်လား" ဟု ရှော့ဒ်နေက ကောက်ကာ ငင်ကာမေးသည်။

သူ့ဘက်သို့ ကျွန်တော် လှည့်လိုက်သည်။ သူ့အမူအရ ပြောင်းလဲသွားသည်ကို မြင်ရသောကြောင့် ခဏတော့ ကျွန်တော် ကြောင်သွားသည်။ သူသည် တောင့်တောင့်ကြီး ရပ်နေသည်။ သူ့မျက်နှာပေါ်တွင်လည်း သွေးရောင် မရှိတော့။ လူငယ်တစ်ယောက်နှင့် မတူဘဲ လူလတ်ပိုင်းအရွယ်ဟု ထင်ရလောက်အောင် အိုစာသွားသည်။ သူ့မျက်လုံးထဲမှာလည်း ဒေါသရိပ်ကလေးများကို မြင်တွေ့လိုက်ရသည်။

"ဟုတ်တယ်... စူဇီပဲ ဖုန်းဆက်ပြီးတော့..." ကျွန်တော်ပြောမည် အကြံမှာပင် သူက ကျွန်တော့်စကားကိုဖြတ်ပြီး ဝင်ပြောသည်။

"ကောင်းပြီ... ကျွန်တော် ခန့်မှန်းကြည့်နိုင်ပါတယ်" စိတ်ချပ်တည်းသည်းခံနေရသလို ပြောသည်။

"ကျွန်တော် ခန့်မှန်းနိုင်ပါတယ် ဘော့၊ သူ ပြန်မလာတော့ဘူး၊ မဟုတ်လား"

"မလာတော့ဘူး... သူလည်း အတော်ကို စိတ်မကောင်းဖြစ်နေပါတယ်၊ ဒါပေမဲ့ သူ့ကလေး နေမကောင်းဘူး"

"အလကားပါဗျာ" ဟူသော စကားကိုမူ သတိနှင့် သူပြောပုံရသည်။

"ကလေးက ချောင်းဆိုးရောဂါရှိနေတာ ကိုယ်သိပါတယ်၊ ဒီရောဂါအတွက် စူဇီ သောကရောက်ခဲ့တာ ကြာလှပြီ"

"အလကားပါလို့ ကျွန်တော် ပြောပြီးပြီ ဘော့"

ကျွန်တော်တို့နှစ်ယောက် အပြန်အလှန် ငေးကြည့်နေမိကြသည်။ သူ့မျက်လုံးထဲမှာ ပေါ်လာသော ဒေါသရောင်သည် အန္တရာယ်ပေးတော့မည့်သဘောကို ဖော်ပြနေသည်။ သည်တော့မှပင် ဘာကြောင့် စူဇီ အသည်းထိတ်သည့် ဆိုခြင်းကို သဘောပေါက်ပါတော့သည်။ သူ့စိတ်ကို ပင်ပန်းကြီးစွာ ထိန်းသိမ်းထားရသည့် ဟန်မျိုးဖြင့်ပင် သူက ဆက်ပြောပြန်သည်။

"အခုဟာကတော့ ကျွန်တော့်အပေါ်မှာ အင်မတန်စုတ်စုတ်ပွဲပွဲနဲ့ကလိမ်ကျသွားတာပဲ ဘော့၊ သိပ်ကို စိတ်ပွဲတဲ့ ကလိမ်ကျတာမျိုးပဲ၊ ကျွန်တော့်ကို ဒါမျိုးလုပ်လို့ မရဘူး၊ ဒီအပေါက်မျိုးချိုးသွားတာ ကျွန်တော် မခံနိုင်ဘူး၊ ဒါကြောင့် သူ ဘယ်မှာနေတယ်ဆိုတာ ကျွန်တော့်ကို ပြောပြနိုင်ရင် သိပ်ကျေးဇူးတင်ပါတယ်

ဘော့..."

ရှော့ဒ်နေ မင်း ဒီလိုလုပ်လို့ ဘယ်ဖြစ်..."

"ခင်ဗျားကို ကျွန်တော် မေးခွန်းတစ်ခု မေးနေပါတယ် ဘော့၊ ခင်ဗျားမကြားလိုက်ဘူးဆိုရင် ကျွန်တော် ထပ်မေးပါဦးမယ်၊ ဒီကောင်မ ဘယ်မှာနေတယ်ဆိုတာ ကျေးဇူးပြုပြီး ကျွန်တော့်ကို ပြောပြနိုင်ပါသလား"

"သူ ဘယ်မှာနေတယ်ဆိုတာ ကိုယ်မသိဘူး" ဟု ကျွန်တော် လိမ်လိုက်ရတော့သည်။

"ဒီမှာ ဘော့... ခင်ဗျားဟာ ကျွန်တော့်သူငယ်ချင်းလို့ ကျွန်တော် သတ်မှတ်ခဲ့တယ်၊ တကယ့်သူငယ်ချင်း အရင်းခေါက်ခေါက်တစ်ယောက်ကို ဒီကနေ့ည ကျွန်တော်ရလိုက်ပြီလို့ ထင်ခဲ့တယ်၊ သူငယ်ချင်းတစ်ယောက် အတွက်သာဆိုရင် ဘာကိုပဲ လုပ်ပေးရ လုပ်ပေးရ ကျွန်တော် လုပ်ပေးဖို့လည်း ဆုံးဖြတ်ထားခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော် မှားသွားပြီ၊ ကျွန်တော် ထင်တာတွေအားလုံးမှားသွားပြီ၊ ခင်ဗျားဟာ ကျွန်တော့သူငယ်ချင်းမှ တဟုတ်ဘဲ၊ ကျွန်တော့် မိတ်တွေမှ မဟုတ်ဘဲ၊ ဒီမျှမကဘဲ ကျွန်တော့်ကိုတောင် တစ်နည်းနည်းနဲ့ ဆန့်ကျင်နေသေးတယ်၊ ဒါမှမဟုတ် ကျွန်တော်မေးတာကို ခင်ဗျားဖြေပါ"

"မောင်ရင့်ကို ကိုယ် ဘာမှ မဆန့်ကျင်ရပါလားကွာ"

"ဒီလိုဆိုရင် ကျွန်တော့်ကို လိမ်မနေပါနဲ့တော့၊ ဒီကောင်မ ဘယ်မှာနေသလဲ"

"ဝမ်းနည်းပါတယ်ကွာ... ကိုယ် ပြောမပြနိုင်ဘူး"

ကျွန်တော် ဆက်ငြင်းမြဲ ငြင်းသောအခါ သူသည် ဒေါသကို ချုပ်တည်းမနေတော့ဘဲ ပေါက်ကွဲပါလေတော့သည်။ သူ့မျက်နှာပေါ်မှာ ဒေါသကြောင့် သွေးရောင်လွှမ်းနေသည်။ ကျွန်တော့်ကိုလည်း ရင့်သီးသည့် စကားလုံးများဖြင့် ပြောဆိုတိုက်ခိုက်လေတော့သည်။ သူ အခန်းထဲသို့ ဝင်လာသည့်အချိန်မှ စပြီး သူ့ကို ကျွန်တော် သဘောမကျကြောင်း၊ သူ့ဆီက တစ်စုံတစ်ရာ အလိုရှိသောကြောင့်သာ ဟန်ဆောင်ပြီး ဧည့်ဝတ်ကျေပွန်နေရခြင်းဖြစ်ကြောင်း စွဲချက်တွေ တင်တော့သည်။

သူ့စွပ်စွဲချက်များကို ငြင်းဆိုနေ၍လည်း အကြောင်းထူးတော့မည် မဟုတ်။ ဘာပြန်ပြောရမည်ကိုလည်း ကျွန်တော် မသိ။ ထို့ကြောင့် ခိုကိုးရာမဲ့ပသူလို ကျွန်တော် ရပ်နေမိသည်။ ငါးမိနစ်လောက်ကြာတော့ သူ၏ တိုက်ခိုက်မှုများ ရပ်စဲသွားသည်။ နောက်ထပ် မိနစ်အနည်းငယ်ကြာတော့ ကုလားထိုင်ပေါ်သို့ သူ ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဂါးနှင့်အုပ်ကာ ကြုံ့ကြုံ့ပါအောင် ငိုပါလေတော့သည်။

"ကျွန်တော် ဝမ်းနည်းပါတယ် ဘော့... ကျွန်တော် သိပ်ကို ဝမ်းနည်းပါတယ်ခင်ဗျာ၊ သိပ်ကို ဝမ်းနည်းမိပါတယ်၊ ခင်ဗျားနဲ့ သူငယ်ချင်းဖြစ်ဖို့ ကျွန်တော် အရမ်းလိုလားပါတယ်၊ အခုတော့ ဒါတွေ အားလုံးကို ကျွန်တော် ဖျက်ဆီးပစ်လိုက်မိပြီ၊ အားလုံးရှုပ်ကုန်အောင် ကျွန်တော် လုပ်လိုက်မိပြီ၊ အခုတော့ ကျွန်တော့်ကို ခင်ဗျားအထင်သေးသွားပြီ" ဟု ငိုရင်း ပြောနေသည်။

သူ့ကို ကျွန်တော် နှစ်သိမ့်ချော့မော့ရတော့သည်။ သူထင်သလို မဟုတ်ကြောင်း ရှင်းပြ ရသည်။ တဖြည်းဖြည်းနှင့် သူ နေသာထိုင်သာရှိလာသည်။ နောက်ထပ်ငါးမိနစ်လောက်ကြာတော့ မူလအနေအထားသို့ ပြန်ရောက်သွားသည်။ ထိုမျှမကသေး။ စောစောက ဘာမှ မဖြစ်ခဲ့သလိုပင် နှစ်လိုဖွယ်ကောင်းသော

လူငယ်တစ်ယောက်၏ အပြုံးမျိုးဖြင့် ကျွန်တော့်ကို ပြုံးကြည့်နေပြန်တော့သည်။

"ခင်ဗျားဟာ အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးပါ ဘော့၊ ဒါကို ခင်ဗျားသိတယ်မဟုတ်လား၊ ကျွန်တော်တော့ ခင်ဗျားကို အရမ်း အရမ်းကြီး သဘောကျသွားပြီဗျာ၊ ကဲ... ခင်ဗျားကို အင်မတန် ပုဂ္ဂိုလ်ရေးဆန်တဲ့ မေးခွန်းတစ်ခု ကျွန်တော် အခုမေးမယ်၊ ကျွန်တော့်ကို မြင်မြင်ချင်း ခင်ဗျား ဘယ်လိုထင်သလဲ၊ သေသေချာချာစဉ်းစားပြီး ဖြေပါနော်၊ ဟောဟို တံခါးပေါက်က ကျွန်တော် ဝင်လာတာကို မြင်မြင်ချင်း ကျွန်တော့်အပေါ်မှာ ခင်ဗျား ဘယ်လို မြင်လိုက်ရသလဲ"

"မင်းညှပ်ထားတဲ့ ဆံပင်ပုံကို မြင်လိုက်ရုံနဲ့ မင်းဟာ အမေရိကန်လူမျိုးတစ်ယောက် ဖြစ်ကြောင်း သိလိုက်ပါတယ်၊ အမေရိကန်လူမျိုးတစ်ယောက်အနေနဲ့ မင်းဝတ်ထားတဲ့ အဝတ်အစားတွေဟာ သိပ်ကို သပ်ရပ် သားနားနေပါကလားလို့ ထင်လိုက်မိတယ်၊ ကိုယ်ဆိုလိုတာက အရုပ်တွေ ရေးခြယ်ထားတဲ့ လည်စည်းမျိုးကို မသုံးဘူး၊ ဒါမှမဟုတ် အဲဒီလို သဘောမျိုးပေါ့ကွာ၊ ရှုပ်ရှုပ်ထွေးထွေးလည်စည်းမျိုး မဟုတ်ဘူး..."

"ဆက်ပြောပါဦး..."

"အင်း... မင်းဟာ ဘယ်လောက်နှစ်လိုဖွယ်ကောင်းပြီး ဘယ်လောက်ခင်မင်စရာကောင်းတယ် ဆိုတာကိုလည်း တွေးလိုက်မိတယ်၊ မင်းဟာ ကိုယ့်ကိုယ်ကိုယ် အင်မတန် ယုံကြည်စိတ်ချတဲ့..."

"ကျွန်တော် ဖြတ်မေးပါရစေခင်ဗျာ... စိတ်မရှိပါနဲ့... ကိုယ့်ကိုယ်ကိုယ် အင်မတန်ယုံကြည် စိတ်ချတယ်ဆိုတဲ့ စကားလုံးကို ခင်ဗျား သုံးလိုက်တယ်နော်"

"ဟုတ်တယ်... သေသေချာချာ သုံးလိုက်တာပေါ့၊ ငါ့ကို ဘော့လို့ ခေါ်ရင် ဖြစ်မလားလို့ မင်းမေးလိုက်ပုံ... ပြီးတော့ ငါ့နာမည်နဲ့တူတဲ့ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက် မင်းမှာ ရှိတယ်လို့ ပြောပြပုံ... အဲဒါမျိုးတွေ ပေါ့ကွာ..."

"အခု ခင်ဗျားပြောနေတာတွေဟာ သိပ်ကို စိတ်ဝင်စားစရာကောင်းတဲ့ စကားလုံးတွေပါပဲ ဘော့... ဘာကြောင့်လို့ဆိုတော့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းကဆိုရင် လူစိမ်းတစ်ယောက်ရဲ့ အခန်းထဲကို ဝင်သွားမိတဲ့အခါမှာ ကျွန်တော် ပါးစပကိုတောင် မဖွင့်ရဲခဲ့ဘူး၊ သေနတ်နဲ့ပစ်ပြီး အဆုံးစီရင်မယ့် လက်နက်ကိုင် လက်မရွံ့သားတွေနဲ့ မျက်နှာချင်းဆိုင်ရပ်နေမိသလို စိတ်ထဲမှာ ခံစားရတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အင်မတန်ယုံကြည် စိတ်ချရတဲ့လူလို့ ခင်ဗျားပြောလိုက်တဲ့အခါမှာ ကျွန်တော် ဘယ်လိုခံစားရမယ်ဆိုတာ သဘောပေါက်ပြီ မဟုတ်လား၊ ဒီစကားကို ခင်ဗျား တကယ်ယုံကြည်ပြီး ပြောလိုက်တယ်လို့ ကျွန်တော်ထင်ပါတယ်၊ ခင်ဗျားရဲ့ အင်မတန်ရိုးသားတဲ့အမြင်လို့လည်း ကျွန်တော် ထင်ပါတယ်၊ ကဲ... အခုလောက်ဆိုရင် ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်ကလေးကိုတော့ ဖွင့်ပြောရတော့မှာပေါ့ဗျာ၊ ဒီကိုလာရင်း တက္ကစီကားထဲမှာ ကျွန်တော် ဘာတွေစဉ်းစားခဲ့တယ် ထင်သလဲ၊ ခင်ဗျားနဲ့တွေ့ရင် မစ္စတာလို မက်ခ်ဖ်လို့ ခေါ်ရမလား... ဒါမှမဟုတ် ရောဘတ်လို့ ခေါ်ရမလား... ဒါမှမဟုတ် ဘော့လို့ ခေါ်ရမလားလို့ စဉ်းစားခဲ့တယ်၊ နောက်ဆုံးတော့ ခင်ဗျားနာမည်နဲ့ ပတ်သက်ပြီး ဇာတ်လမ်းကလေး တစ်ခုကို ကျွန်တော် ဖန်တီးရတော့တယ်"

"ဒါပေမဲ့ ဒါဟာ အမှန်ပဲမဟုတ်လား၊ လိုမက်ခ်ဖ် ဆိုတဲ့ ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက် မောင်ရင့်မှာ တကယ်ရှိခဲ့တာ မဟုတ်လား" ဟု ကျွန်တော်က ဖြတ်မေးသည်။

"ဒီနေ့ညအတိုင်ခင်အထိ ကျွန်တော့်ဘဝ တစ်လျှောက်လုံးမှာ လိုမက်ခ်ဖ်ဆိုတဲ့ နာမည်မျိုးနဲ့ လူတစ်ယောက်မှ မတွေ့ခဲ့ဖူးသေးပါဘူးဗျာ"

ထိုစကားကို ကြားတော့ ကျွန်တော် အံ့အားသင့်သွားသည်။ ကျွန်တော် အံ့အားသင့်သွားပုံကို ကြည့်ပြီး သူကပြုံးသည်။ ပြီးတော့မှ ဆက်ပြောပြန်သည်။

"ကျွန်တော့်တိုင်းပြည်က လူတစ်ယောက်ရဲ့ လုပ်ပုံကလေးကို ကျွန်တော် အတုခိုးလိုက်တာပါ၊ အဲဒီလူဟာ အစတုန်းကတော့ သာမန်အရောင်းစျေးသည်ကလေးပါပဲ၊ နောက်တော့ အရမ်းကို အောင်မြင်တဲ့ စီးပွားရေးသမားကြီးဖြစ်သွားတော့တယ်၊ သူ ဘာကြောင့် ဒီလိုအောင်မြင်လာတယ် ဆိုတာ ကျွန်တော့်ကို ပြောပြဖူးတယ်၊ စျေးဝယ်လာသူနဲ့ စကားပြောခွင့် ရဖို့ကို လှည့်ကွက်ကလေးတစ်ခု သူလုပ်ရတယ်တဲ့၊ သူစျေးရောင်းချင်တဲ့လူက သူ့ကို ဟက်ဟက်ပက်ပက် ပြန်ပြီး မဆက်ဆံရင် အဲဒီလူနဲ့ နာမည်ချင်းဟူတဲ့ သူ့သူငယ်ချင်းတစ်ယောက် အကြောင်း ပြောပြရတယ်တဲ့၊ ဒီလိုပြောရင်း အဲဒီလူရဲ့နာမည်ကိုလည်း ရက်ဒ်ရဲ့နာမည်နဲ့ ရောပြီး အယောင်ယောင်အမှားမှား ခေါ်ပေးရတယ်တဲ့၊ ဒီလိုပြောရင်း ခဏကြာတော့ သူတို့နှစ်ယောက်ဟာ ပေါင်းဟောင်းသင်းဟောင်းတွေလို ရင်းနှီးသွားကြတော့တယ်တဲ့၊ အဲဒီမှာ သူ့ကုန်ပစ္စည်း စွံတော့တာပဲ"

"ဟုတ်လား... ကိုယ်တော့ အကဲမခတ်မိတာ တော်တော်တုံးတာပဲကွာ" ဟု ကျွန်တော် ပြန်ပြောမိသည်။

"ခင်ဗျားရေချိုးခန်းကို သုံးပါရစေလို့ ကျွန်တော် ပြောတုန်းကရော ကျွန်တော် တကယ်သုံးချင်တယ်လို့ ခင်ဗျားထင်သလား"

"ကိုယ်ကတော့ တကယ်သုံးချင်တယ်ပဲ ထင်ခဲ့တယ်"

"မဟုတ်ဘူး လုံးလုံးမဟုတ်ဘူး၊ ရေချိုးခန်းသွားပါရစေလို့ မျက်နှာစိမ်းတစ်ယောက်ကို ပြောရမှာ ကျွန်တော် အမြဲတမ်း နှုတ်ဆွံ့ခဲ့တယ်၊ ပြောမထွက်ဘူး၊ စကားကုန်အောင် ပြောရမယ်ဆိုရင် အွန္တရာယ်မလွယ်နိုင်လို့ ထွက်ကျခါမှ ထွက်ကျရော၊ ကျွန်တော့်ပါးစပ်က ဖွင့်မပြောရဲဘူး၊ အဲဒါကြောင့် စောစောက ကျွန်တော် ပြောကြည့်တာ၊ အခုတော့ ကျွန်တော် ပြောရဲသွားပြီဆိုတာ တွေ့ရတော့တယ်၊ ကျွန်တော် ဒီလို အောင်မြင်မှုကလေးတွေရတိုင်း ဒေါက်တာဂျွန်ဟောင်းဂပ်ဆော်လ်တာကို စိတ်ထဲကနေပြီး ဦးခိုက်လိုက်မိတယ်"

"အဲဒီလူက ဘယ်သူလဲ"

"ဒေါက်တာဟောင်းဂပ်ဆော်လ်တာ ဆိုတာ အလွန့်အလွန် ကိုတော်တဲ့ ပုဂ္ဂိုလ်၊ နယူးယောက်မှာ နေတယ်၊ တစ်နေ့ကြုံရင် ခင်ဗျားနဲ့ တွေ့စေချင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူဟာ ကျွန်တော်အလေးစားဆုံး အကြည်ညိုဆုံးနဲ့ အထင်အကြီးဆုံးပုဂ္ဂိုလ်တစ်ယောက် ဖြစ်လို့ပါပဲ"

ထို့နောက် သူက ဆက်ရှင်းပြသည်။

ဒေါက်တာဟောင်းဂပ်ဆော်လ်တာသည် စိတ်ရောဂါအထူးကုသမားတော်ကြီးဖြစ်သည်။ ရော့ဒ်နေသည် လွန်ခဲ့သည့် နှစ်နှစ်လုံးလုံး တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် မိနစ်ငါးဆယ် ကြာအောင် ဒေါက်တာဆော်လ်တာထံတွင် အကုအသခံခဲ့ရသည်။

စိတ်ရောဂါဆရာဝန်များသည် လူနာကို အကြံပေးလေ့မရှိကြ။ သို့သော်လည်း နောက်ဆုံးမှာတော့ ရော့ဒ်နေကို ယခုအသိုက်အမြုံထဲမှ ခေတ္တဖြစ်ဖြစ် ရောင်ထွက်သွားရန် အကြံ ပေးရတော့သည်။ သူ့မိခင်သည် သူ့အပေါ်မှာ အစစအရာရာ ချုပ်ချယ်လွန်းသည်။ မိသားစု၏ လောင်းရိပ်ကြီးက သူ့ကို စိုးမိုးနေသည်။

ထို့ကြောင့် ကမ္ဘာတစ်ပတ်ခရီးသွားပါက အမျိုးသမီးနှင့် ပေါင်းသင်းဆက်ဆံပါ။ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားပါ။ သို့မှသာလျှင် မိခင်၏ ချုပ်ချယ်သော နှောင်ကြိုးများမှ လွတ်မြောက်ပြီး စိတ်ဓာတ် မှန်ကန်သူ တစ်ယောက်ဘဝသို့ ပြန်ရောက်မည်ဟု အကြံပေးသည်။

ယခုဆိုလျှင် သူ့တိုင်းပြည်မှ ထွက်လာခဲ့သည်မှာ နှစ်လတွင်းသို့ ရောက်လာပြီ။ ဟောင်ကောင်သည် သူနားနေသည် တတိယမြောက်မြို့ ဖြစ်သည်။ သည်ကိုမရောက်မီက ဟာဝိုင်ယီနှင့် ဂျပန်မှာ ဝင်နေခဲ့သေးသည်။

မည်သို့ဆိုစေ အားငယ်တတ်သော စိတ်ဓာတ်ကိုမူ ဟုတ်ဟုတ်ငြားငြားပယ်ဖျောက်၍ မရသေး။ မိန်းမတွေအကြောင်း သူစဉ်းစားကြည့်သည်။ သို့သော် မိန်းမတွေကို သူချစ်လို့မရ။ သဘောကျလို့မရ။ မိန်းကလေးတစ်ယောက်ယောက်က သူ့ကို သဘောကျသည်ဆိုလျှင် ထိုမိန်းကလေးသည် တစ်ခုခုတော့ မှားနေရမည်။ အဘယ့်ကြောင့်ဆိုသော် သူ့မှာ မိန်းကလေးတွေ နှစ်သက်သဘောကျစရာမရှိ။ ထိုကြားထဲက သူ့ကို နှစ်သက်သဘောကျပါသည်ဆိုလျှင် ထိုမိန်းကလေးသည် သာမန်ထဲကမဟုတ်ဘဲ တစ်ခုခုမှားနေသောကြောင့်သာ ဖြစ်ရမည်။

ယနေ့ည စူဇီ၏ အပြုအမူသည် သူ့အဖို့ စမ်းသပ်ချက်တစ်ရပ်ဟုလည်း ဆိုနိုင်သည်။ ကပွဲမှာတွေ့သည့် အမျိုးသမီးတိုင်းသည် ယောက်ျားတစ်ယောက်ယောက်ကို ကြိုက်ပြီဆိုလျှင် ထိုယောက်ျားခေါ်ရာသို့ လိုက်သည်ဟု သူကြားခဲ့ဖူးသည်။ ထိုယောက်ျားနှင့် အတူအိပ်သည်ဟု သိခဲ့ဖူးသည်။ ယခု စူဇီက ငြင်းဆန်သည့်အတွက် သူ စိတ်ထိခိုက်ရသည်မှာ မှန်သည်။ သို့သော်လည်း သူသည် မိန်းကလေးကြိုက်နိုင်သည့် လူစားမျိုး မဟုတ်သည်မှာ မှန်ကန်ကြောင်း ဖော်ပြရာ ရောက်သည်။ သို့ကလို ကိုယ့်အကြောင်း ကိုယ်သိရသည့်အတွက်လည်း သူဝမ်းမြောက် မိပါသည်ဟု ဆိုသည်။

ပျော်ရွှင်မှုကို မရသောအခါ စိတ်ပိုဖောက်လာတတ်သည်။ သူပြောပြသည်များကို နားထောင်ရင်း ကျွန်တော် မလှုပ်မယှက်ထိုင်နေမိသည်။ စိတ်ရောဂါရှင်များသည် ခန္ဓာကိုယ်မှာ ဝေဒနာခံစားရသူများထက် ပိုမိုသနားစရာကောင်းပါသည်။ အဆုတ်ရောဂါဖြစ်နေသူ၊ ကင်ဆာရောဂါ ဖြစ်နေသူကို တတ်စွမ်းသမျှ အကူအညီပေးနိုင်ပါသည်။သို့သော်လည်း စိတ်ရောဂါရှင်ကို အကူအညီပေးဖို့ ဆိုသည်မှာ မလွယ်ကူပါ။ သူ့ကို သနားဖို့ ကျွန်တော် ကြိုးစားကြည့်ပါသည်။ သို့သော် ထင်သလောက် သနားနိုင်စွမ်း မရှိပါ။

ဒါကိုလည်း တဖြည်းဖြည်းနှင့် ကျွန်တော် သဘောပေါက်နားလည်စပြုလာပါသည်။ သူပြောပြနေသော အကြောင်းအရာများသည် အမှန်မဖြစ်နိုင်။ သူ၏စိတ်ရောဂါကို အမှန်အတိုင်း ပြောပြခြင်း မဟုတ်ဘဲ အပိုကလေးများ ဖြည့်စွက်ချဲ့ထွင်ပြောနေသည်ဟု ကျွန်တော်ထင်ပါသည်။ အခြားသူက သူ့ကို ပိုပြီး စိတ်ဝင်စားလာအောင်၊ သူ့အပေါ် ကရုဏာသက်လအောင် လုပ်ဇာတ်ကလေးတွေ ဖန်တီးထားခြင်းသာ ဖြစ်ပေလိမ့်မည်။

နာမည်တူ သူ့ကျောင်းနေဖက်သူငယ်ချင်းအကြောင်း၊ ရေချိုးခန်းသွားသည်မှာလည်း တကယ်သွားလိုသောကြောင့် မဟုတ်ကြောင်းများသည် မမှန်ရာကို ပြောနေခြင်းသာဖြစ်ကြောင်း ကျွန်တော်

သဘောပေါက်လာပါသည်။

မည်သို့ဆိုစေ သူသည် တစ်နည်းတဖုံအားဖြင့်တော့ စိတ်ရောဂါကို ခံစားနေရသူဖြစ်သည်မှာ အမှန်ပင်။ သူ့မှာ ငွေပေါသည်။ ထင်သလို သုံးနိုင်သည်။ သို့သော် ဘာအလုပ်မှ လုပ်စရာမရှိ။ ထို့ကြောင့်လည်း တစ်နည်းတဖုံအားဖြင့် စိတ်ဝေဒနာရလာခြင်း ဖြစ်နိုင်သည်။

သူ့ကိုကြည့်ပြီး ဆင်းရဲသော ကိုယ့်ဘဝကိုပင် ကိုယ်ပြန်လည်ကျေနပ်မိပါသည်။ အလွန်အမင်း ချမ်းသာကြွယ်ဝခြင်းသည် ကောင်းကျိုးကို မပေးနိုင်ပါကလား။

ကျွန်တော်၏ ရာနှုန်းပြည့် ကရုဏာမသက်နိုင်သည့် စိတ်ဓာတ်သည် ရှော့ဒ်နေကို အလို အလျောက် ရောင်ပြန်ဟပ်သွားသည် ထင်၏။ ပြန်ရန် ထိုင်ရာမှ သူထလိုက်သည်။ ကျွန်တော်နှင့် လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်သည်။ ကျွန်တော်၏ အံ့သြဖွယ်ကောင်းသော သည်းခံနိုင်စွမ်းနှင့် နားလည်နိုင်စွမ်းများအတွက် ကျေးဇူးတင်ကြောင်း၊ စစ်မှန်သော မိတ်ဆွေ အပေါင်းအသင်းကို သူမရခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ပြောပြသည်။

ထိုသို့ပြောသောအခါ သူ့အမူအရာသည် အလွန်တရာ ရိုးသားနေပြန်၏။ ထို့ကြောင့် သူ့အပေါ် အကဲဖြတ်ချက်များမိလေခြင်း ဆိုကာ ကျွန်တော် စိတ်မကောင်းဖြစ်မိပြန်ပါသည်။ သူ့ကိုလည်း သဘောကျစပြုလာပြန်ပါသည်။ သို့သော် ခဏသာခံပါသည်။ ကျွန်တော်တို့နှစ်ယောက် မခွဲခွာမီ အပေါက်ဝတွင် စကားရပ်ပြောနေခိုက် သူ၏ပုံးများကို ဖြုတ်ချလိုက်လေတော့သည်။

"ဒီမှာ ဘော့... ဂလောက်စတာဟိုတယ်မှာ ကျွန်တော် မနေတော့ဘဲ ခင်ဗျားနဲ့အတူတူ ဒီမှာလာနေရရင် ကောင်းမယ် ထင်တယ်ဗျာ၊ ဒါကလည်း ခင်ဗျားဘက်က မကန့်ကွက်ဘူးဆိုမှပါ"

သူ ဒီမှာလာနေလျှင် ကောင်းမှာပဲဟု စောစောပိုင်းက ကျွန်တော် တွေးမိခဲ့ဖူးပါသည်။ ထက်ထက်သန်သန်ကား မဟုတ်ပါ။ ယခုတော့ သူက ထုတ်ဖော်ပြောနေပြီ။ ကျွန်တော့်အနေဖြင့် ကန့်ကွက်စရာအကြောင်း ဘာမှမရှိပါ။ ကန့်ကွက်ပိုင်ခွင့်လည်း မရှိပါ။ ထို့ကြောင့် မကန့်ကွက်ရုံမက ဝမ်းမြောက်ဝမ်းသာပင် ကြိုဆိုပါကြောင်း ပြန်ပြောမိသည်။

"ကျွန်တော် ပြောင်းလာမှာနဲ့ ပတ်သက်ပြီး ဘာမှ စိတ်မပူပါနဲ့တော့၊ ပန်းချီဆရာတစ်ယောက်အတွက် လွတ်လပ်ခွင့်ဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသိပါတယ်၊ တစ်ယောက်တည်း စိတ်ကူးနဲ့ ဖန်တီးနေနိုင်ဖို့ဆိုတာ အင်မတန်လိုအပ်ကြောင်း ကျွန်တော် သိပါတယ်၊ ဒါကြောင့် ခင်ဗျားအခန်းဝမှာ "ကူးစက်ရောဂါ ဖြစ်ပွားနေသည်"ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားသလို သဘောထားပါ့မယ်"

"ကိုယ် ဒီမှာနေရတာ ကိုယ့်အတွက် ထူးခြားတဲ့ အခွင့်အရေးတွေ ရနေတာလည်း ပါပါတယ်လေ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ဟုတ်ပါတယ်... အမျိုးသမီးတွေအားလုံးက ခရစ်တော်ကို ကိုးကွယ်သလို ခင်ဗျားကို ကိုးကွယ်နေကြတယ်လို့ စူဇီက ပြောပါတယ်၊ ဒါအတွက်လည်း မပူပါနဲ့ဗျာ၊ ခင်ဗျားရဲ့ အဝန်းအပိုင်းထဲကို

ကျွန်တော် မကျူးပျော်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဘယ်သူကမှလဲ ကျွန်တော့်ကို ခရစ်တော်နဲ့ မှားကြမှာမဟုတ်ပါဘူး"

သူ့စကားကို ကြားရတော့ ကျွန်တော် မနေတတ် မထိုင်တတ်ဖြစ်သွားပါသည်။ အမျိုးသမီးများအားလုံး ကျွန်တော့်အပေါ် အထင်ကြီးလေးစားနေသည်ကို ပြိုင်ဘက်မရှိ ကျွန်တော် ဆက်လက်ရယူလိုပါသည်။ အခြားသူတစ်ယောက်ယောက်က ဝင်လာမည်ဆိုလျှင် မနာလို သဝန်တိုစိတ်ကို ကျွန်တော် ထားမိပါလိမ့်မည်။ ယခုတော့ ကျွန်တော် ဘာမှ မတတ်နိုင်ပြီ။ "ကောင်းပါလေ့ မောင်ရာ… မောင်ရင် ပြောင်းလာချင်သပ ဆိုရင် ပြောင်းခဲ့တာပေါ့" ဟု ပြန်ပြောလိုက်မိသည်။

"ကျေးဇူးတင်ပါတယ် ဘော့… ခင်ပျားစိတ်ဓာတ်ဟာ အင်မတန်ရက်ရောပေတာပဲ၊ ကျွန်တော်တို့နှစ်ယောက်ဟာ အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်းတွေ ဖြစ်လာတော့မယ်ဆိုတာ ကျွန်တော် အသေအချာသိနေပါပြီဗျာ"

နောက်တစ်နေ့မနက်တွင် သူ တကယ် ပြောင်းလာသည်။ ကျွန်တော်နှင့် တစ်ထပ်တည်း တစ်ခန်းကျော်က အခန်းမှာ သူ နေရာရသည်။ သူရောက်လာသည့်အချိန်သည် မနက်ကိုးနာရီ ဖြစ်သည်။

(၂)

နမ်ကောက်ဟိုတယ်သို့ ရော့ဒ်နေတက်စ်လာ ရောက်ခြင်းအားဖြင့် ကျွန်တော့်အနေအထားသည် တစ်စုံတစ်ရာပြောင်းလဲသွားခြင်းမရှိပါ။ သူလိုလူမျိုးနှင့် ကျွန်တော် အပေါင်းအသင်းလုပ်သည့်အတွက် အံ့ဩမှုများ ရှိသည်မှာတော့ အမှန်ပင် ဖြစ်ပါသည်။

သူ့ကိုမြင်လျှင် မြင်ချင်း သူ ဘယ်လိုလူစားမျိုးဖြစ်သည်ကို အမျိုးသမီးအားလုံးက သိလိုက်ကြပြီး ဖြစ်သည်။ အမျိုးသမီးများ လူကဲခတ်ကောင်းသည်ကတော့ အံ့ဩမဆုံးနိုင်အောင် ရှိပါသည်။ ရော့ဒ်နေသည် ဟန်လုပ်နေခြင်းသာဖြစ်ကြောင်း၊ ယုံကြည်စိတ်ချရသူ မဟုတ်ကြောင်း သူတို့ မှတ်ချက်ချလိုက်ကြသည်။

မည်သို့ဆိုစေ လက်ဖျားငွေသီးနေသူ ဖြစ်သောကြောင့် သူ့အပေါ်မှာ စိတ်ကောင်းထားဟန်ပြကြသည်။ သို့သော်လည်း စိတ်ထဲကတော့ ကျိတ်ပြီး သူ့ကို လှောင်ပြောင် နေတတ်ကြမြဲဖြစ်သည်။ သူ့ကိုလည်း "လိပ်ပြာ"ဟု နာမည်ပြောင်းပေးလိုက်ကြပြီး ဖြစ်သည်။

ဘားခန်းမှာရှိသည့် အမျိုးသမီးတိုင်းကို ထည်လဲနှင့် သူတွဲသည်။ တစ်နေ့တစ်ယောက် ပြောင်းသည်။ အသက်ကြီးပြီဖြစ်သော လီလီလောင်းနှင့် ဒေါရစ်တို့နှစ်ယောက်ကိုပင် ချမ်းသာမပေး။ အမျိုးသမီးများကို ငွေကြေးပေးရာတွင်လည်း အင်မတန်ရက်ရောသည်။ တစ်ခါတစ်ရံကျတော့လည်း ငါးပြား၊ ဆယ်ပြားကိစ္စမှာပင် ကတ်ကတ်သတ်သတ် ဈေးဆစ်နေတတ်ပြန်သည်။ အမျိုးသမီးများသည် သူ့အပေါ်မှာ ခေါင်းပုံဖြတ်နေကြသည်ဟု စွပ်စွဲ တတ်သည်များလည်း ရှိသည်။

ဗုဒ္ဓဟူးလူးလူးနှင့် မင်နီဟိုးတို့နှစ်ယောက်ကတော့ သူ့အကပ်ကို လုံးဝမခံ။

ဗုဒ္ဓဟူးလူးလူးက မူနှင့် ငြင်းပယ်ခြင်းဖြစ်သည်။ သူ့သူငယ်ချင်းပေါင်းများစွာနှင့် ဆက်ဆံထားသူကို သူ မဆက်ဆံသင့်ဟူသောမူဖြင့် ငြင်းခြင်းဖြစ်သည်။

မင်နီဟိုးကတော့ သူ့ကို သဘောမကျလို့ဟူသည့် ရိုးစင်းသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်းဖြစ်သည်။ မင်နီဟိုးသည် သဘောဖြူ အူစင်း အမျိုးသမီးကလေးဖြစ်သည်။ လူတစ်ယောက်ကို ကြည့်မရပါ၊ သဘောမကျနိုင်ပါဟု ပြောသံကို ကျွန်တော် မကြားဖူးပါ။ မည်သူနှင့်မဆို အဆင်ပြေအောင် ပေါင်းသင်း ဆက်ဆံတတ်သူဖြစ်သည်။ ရှော့ဒ်နေကျမှ သူကြည့်မရအောင် ဖြစ်နေသည်။ သို့သော်လည်း သူ့စားပွဲမှာ ရှော့ဒ်နေ လာထိုင်ပြီဆိုလျှင်တော့ အညှို့ခံထားရသလို ဖြစ်နေတတ်သည်။

ရှော့ဒ်နေဘက်ကလည်း ဗုဒ္ဓဟူးလူးလူးနှင့် မင်နီဟိုးကိုသာ ရမည်ဆိုပါက ငွေဘယ်လောက် ပုံပေးရ ပုံပေးရဟု ဈေးခေါ်လာသည်။ သို့သော် သူမအောင်မြင်ပါ။ နောက်ဆုံးတွင် ကျွန်တော့်ကို အောင်သွယ်ခိုင်းသည်။
မအောင်မြင်သောအခါ လှည့်ကွက်မျိုးစုံ သုံးလာသည်။

တစ်ခါတွင် အောက်ထပ်မှ အခန်းတစ်ခန်းကို သူငှားသည်။ မင်နီဟိုးကို လှမ်းခေါ်ခိုင်းသည်။ မင်နီဟိုး၏ ဖောက်သည်ဟောင်း သင်္ဘောသားတစ်ယောက်စောင့်နေသည် ဆိုသည့်သဘောမျိုးဖြစ်သည်။ မင်နီဟိုးက အဟုတ်ထင်ပြီး လိုက်လာသည်။ အခန်းထဲရောက်ပြီး ရှော့ဒ်နေကို မြင်သောအခါ ခဏတော့ ကြောင်သွားသည်။

သို့သော် ခဏအကြာမှာပင် ကြောင်မကလေးလို သဘောကောင်းသော မင်နီဟိုးသည် ကျားမအသွင်သို့ ပြောင်းသွားတော့သည်။ ရှော့ဒ်နေ၏ မျက်နှာကို စိတ်ရှိလက်ရှိ ကုတ်ခြစ်ပစ်ခဲ့ပြီး ထွက်ပြေးသွားတော့သည်။
ကျွန်တော်နှင့်တွေ့သောအခါ သူ့မျက်နှာပေါ်မှ ကုတ်ခြစ်ရာများသည် အရက်မူးနေသော သင်္ဘောသားတစ်ယောက်က လမ်းပေါ်တွင် သူ့ကို ဂင်ရောက်တိုက်ခိုက်ရာမှ ရလာခြင်းဖြစ်ကြောင်း ပြောပြသည်။ သည်လိုပြောပြရဲသည့် သတ္တိမှာလည်း အတော်ထူးဆန်းသည်။ အဖြစ်မှန်သည် ကျွန်တော့်နားသို့ မုချမသွေ ရောက်လာရမည်ကို သူသိဖို့ ကောင်းသည်။ သိလည်း သိပါသည်။ သိလျက်နှင့်ပင် မဟုတ်မမှန်သော လုပ်ကြံဇာတ်လမ်းကြီးကို ကျွန်တော်နှင့် တွေ့တိုင်း ဖွတ်ပြောပြနေသည်။
တဖြည်းဖြည်းနှင့် သာမန်ပြောပြရုံမျိုး မဟုတ်တော့။ တစ်ခါထက် တစ်ခါ ဇာတ်လမ်းကို အသေးစိတ်ချဲ့ထွင် ပြောဆိုလာသည်။ သူတို့ ရန်ဖြစ်သည့် နေရာ သည်နေရာပါပဲဟု ဆိုကာ လမ်းဘေးတစ်နေရာကို ညွှန်ပြသည်လည်း ရှိသည်။ တစ်ခါမှာတော့ လန်ချားစီးသွားသည့် သင်္ဘောသားတစ်ယောက်ကို လက်ညှိုးထိုးပြကာ သူ့ကိုတိုက်ခိုက်သွားသူသည် ထိုသင်္ဘောသားဖြစ်ကြောင်း ပြောပြသည်။
"ဒါဆိုရင် ဟောဟိုမှာ ပုလိပ်ရှိနေတာပဲ၊ ဘာဖြစ်လို့ မဖမ်းခိုင်းတာလဲ" ဟု ကျွန်တော်က မေးသည်။
"ကျွန်တော့်မှာ သက်သေမရှိဘူးလေ၊ သူက ငြင်းမှာပေါ့" ဟု ပြန်ပြောသည်။

သူပြောပြနေသည်များကို မယုံကြည်ကြောင်း ဖွင့်ပြော၍လည်း မဖြစ်နိုင်ပါ။ သည်လိုဖွင့်ပြောလိုက်လျှင် ပေါက်ကွဲမှုတွေ ဖြစ်ပေါ်လာဦးမည်။ ကျွန်တော်သည် သူ့အပေါ်မှာ သစ္စမရှိ၊ သူငယ်ချင်းကောင်း မပီသ ဆိုသော စွပ်စွဲချက်များ ပေါ်ပေါက်လာဦးမည်။ နောက်ဆုံးမှာ တော့ သူငိုမည်။ သည်လိုဖြင့်ပင် သူပြောပြသည့်ဇာတ်လမ်းကို ယုံကြည်ယောင်ဆောင်လိုက်ရတော့သည်။

ဗုဒ္ဓဟူးလူးလူးနှင့် မင်နီတို့နှစ်ယောက်ကို သူကြိုးစား၍ မရသဖြင့် ခိုးလိုးခုလုဖြစ်နေသည့် ကြားကပင် စူဇီကိုလည်း သူ တမ်းတမ်းစွဲဖြစ်နေသည်။ ထို့ကြောင့် စူဇီနှင့် ကျွန်တော် နှစ်ယောက်တည်း စကားပြောခွင့်ကြုံသည်ဟူ၍ မရှိတော့။ အမြဲတမ်း သူပါ ရှိနေတတ်သည်။

ကျွန်တော့်ထံသို့ စူဇီအလည်လာလျှင် သူ့ကို အကြောင်းကြားပါဟု ကျွန်တော့်ကို သူမှာထားသည်။ စိုးသောလက် မခြောက်စေလိုသဖြင့် ကျွန်တော်ကလည်း ကတိပေးလိုက်ရသည်။ သို့သော် ကျွန်တော့် ကတိအတိုင်း ဆောင်ရွက်ရသည်ဟူ၍ မရှိပါ။ ကျွန်တော့်အခန်းသို့ စူဇီရောက်လာလေတိုင်း နောက်မှ သူ ကပ်ပါလာစမြဲ ဖြစ်သည်။ စူဇီ၏ အရိပ်အခြည်ကို သူ မပြတ်စောင့်ကြည့်နေပုံ ရသည်။ စူဇီ၏ ခြေသံကိုပင် သူမှတ်မိနေပုံရသည်။ စကြံအတိုင်း သူ့အခန်းရှေ့မှ စူဇီလျှောက်လာသည်နှင့် တစ်ပြိုင်တည်း ကျွန်တော့်အခန်းသို့ မရောက်မီမှာပင် စကြံထဲသို့ သူရောက်နှင့်ပြီး ဖြစ်တော့သည်။

စူဇီ ဖြတ်လျှောက်လာသည့်အချိန်တွင် သူ့အခန်းထဲမှာ အခြားမိန်းကလေးတစ်ယောက်ယောက် ရှိနေသည်ဆိုလျှင်လည်း အရေးမကြီးပါ။ ထိုမိန်းကလေးကို သည်အတိုင်းပစ်ထားခဲ့ပြီး ကျွန်တော့် အခန်းသို့ ရောက်လာလေတော့သည်။

နေမြင့်လေ အရှုးရင့်လေ ဆိုတာကို စူဇီအပေါ်မှာ သူ၏စွဲလမ်းမှုသည် ကြီးမားသည်ထက် ကြီးမားလာသည်။ စူဇီကိုလည်း အရူးအမူးချစ်မိပါပြီဟု သူထုတ်ဖော်ပြောတော့သည်။ ထိုမျှမက သူ့တိုင်းပြည်က ထွက်လာသည့်အချိန်မှစ၍ တွေ့ဖူးသမျှ အမျိုးသမီးများအားလုံးအနက် စူဇီတစ်ယောက်သာလျှင် သူတကယ်ချစ်မိသည့် အမျိုးသမီးဖြစ်ပါသည်ဟုလည်း ပြောသည်။ စူဇီကို "ကိုယ့်ရဲ့ နတ်သမီးကလေး"ဟု သူက ခေါ်တတ်သည်။

နမ်ကောက်ဟိုတယ်သို့ ရော့ဒ်နေ ရောက်လာပြီး တစ်လခန့်အကြာ တစ်ညတွင် ဖြစ်သည်။ ညဆယ့်တစ်နာရီလောက်တွင် ကျွန်တော့်အခန်းထဲသို့ စူဇီဝင်လာသည်။ မကျေမချမ်းဖြစ်နေသည့် မျက်နှာမျိုးဖြင့် အခန်းတံခါးပြန်ပိတ်သည်။
"မျက်နှာကြီးက ဘယ်လိုဖြစ်လာရပြန်တာလဲစူဇီ" ဟု ကျွန်တော်က ဆီးမေးသည်။

"လမ်းပေါ်က ကောင်မတစ်ယောက်နဲ့အတူတူ အဲဟို လိပ်ပြာကောင် သူ့အခန်းထဲ ဝင်သွားတာ အခုပဲ တွေ့ခဲ့တယ်"
စူဇီ၏ အကျင့်တစ်ခုမှာ သူမကြိုက်မနှစ်သက်သူကို ဘယ်တော့မှ နာမည်ခေါ်လေ့ မရှိ။ ဘက်တီလောင်းကို "အဲဟို ကန်တုန်ကောင်မပေါ့" ဆိုတာမျိုး။ ရော့ဒ်နေကို "အဲဟိုလိပ်ပြာကောင်"ဆိုတာမျိုးကိုသာ သုံးနှုန်းလေ့ရှိသည်။

လမ်းပေါ်က ကောင်မကို သူမြင်လိုက်ရသည်။ အဂတ်အစားကို ကြည့်ခြင်းအားဖြင့် အပေါ စားကောင်မဖြစ်ကြောင်း သူသိလိုက်သည်။ တကယ်ဆိုတော့ လမ်းပေါ်က အပေါစားမိန်းကလေးများကို ရော့ဒ်နေ ခေါ်သည်မှာ ယခုပထမဆုံးအကြိမ်မဟုတ်ပါ။ နမ်ကောက် ဟိုတယ်က အမျိုးသမီးများသည် သူ့အဖို့ ရိုးအီလာပြီ။ ငြီးငွေ့စရာ ကောင်းလာပြီ။ ထို့ကြောင့် အပြောင်းအလဲလုပ်လာခြင်းဖြစ်သည်။

သို့သော် အဆင့်အတန်းမြင့်မြင့်ကို မရွေးဘဲ အပေါစားတွေကိုမှ သူပိုမိုနှစ်သက်နေသည်မှာ တစ်မျိုးတဖုံတော့လည်း ထူးဆန်းသလို ဖြစ်နေသည်။ ကပွဲခန်းမမှ အမျိုးသမီးများကို သူမရွေး။ လမ်းပေါ်ကဟာတွေကိုသာ သူ ရွေးနေသည်။

စူဇီအနေဖြင့် စောစောက မသိခဲ့။ ယခုမှ ပထမဆုံးအကြိမ်အဖြစ် သတိပြုမိခြင်းဖြစ်သည်။
"တော်တော် ညစ်ပတ်စုတ်ပွဲတဲ့လူ" ဟုလည်း ဆက်ပြောရင်း စူဇီ ပခုံးကို တွန့်လိုက်သီည်။
ထိုအချိန်မှာပင် အခန်းထဲသို့ ရော့ဒ်နေ ဝင်လာသည်။ စူဇီ၏ အလှကြောင့် သူအသက်ရှူမှားကာ မူးမေ့သွားတော့မယောင် ဟန်ဆောင်လိုက်သည်။ ပြီးတော့ စူဇီ၏ ရှေ့မှာ ဒူးထောက်ထိုင်သည်။ သည်အကျင့်မျိုးတွေကို မြင်ရဖန်များသဖြင့် ကျွန်တော့်အဖို့တော့ ရိုးနေပါပြီ။ သူက စူဇီ၏လက်ကို ယုနမ်းသည်။

"ကိုယ့်ရဲ့နတ်သမီးကလေး"
စူဇီက စက်ဆုပ်ရွံရှာသည့် အမူအရာဖြင့် သူ့လက်ကို ပြန်ရုတ်လိုက်သည်။
"ဟိုလမ်းပေါ်က ကောင်မဆီကို ရှင်ပြန်သွားရင် ပိုကောင်းမယ်" ဟု လည်းပြောသည်။
"ဘယ်လမ်းပေါ်က ကောင်မလဲ"
"ရှင့်အခန်းထဲမှာ ရှိနေတဲ့ လမ်းပေါ်က ကောင်မလေ၊ ဟိုကောင်မကို ဒီလိုစောင့်ခိုင်းထားတာတော့ မတော်ပါဘူး၊ သူတို့ခမျာ ဟိုဆိပ်ကမ်းက ကူလီတွေနဲ့ အင်မတန် အလုပ်များရှာတာပါ"
"ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ဘယ်တုန်းကမှ လမ်းပေါ်က ကောင်မနဲ့ မဆက်ဆံဖူးပါဘူး"
စူဇီက သူ့ကို ဂရုမစိုက်တော့ဘဲ ကျွန်တော့် ဘက်လှည့်ပြီး စကားပြောနေသည်။ မနက်ဖြန် နေ့ခင်းတွင် ဘင်း အလုပ်မအားသောကြောင့် သူနှင့် အတူတူ ထုံးစံအတိုင်း နေ့လယ်စာ စားနိုင်တော့မည် မဟုတ်ကြောင်း စူဇီက ကျွန်တော့်ကို ပြောပြသည်။

ထိုအခါတွင် ရော့ဒ်နေသည် စူဇီ၏ မျက်နှာသာပေးခြင်းခံရအောင် ကြိုးစားပြန်သည်။ ပျော်ပွဲစားထွက်ရင်း ရေသွားကူးကြမည်။ မော်တော်ကား တစ်စီး သူငှားမည်။ နေ့လယ်စာအတွက် ဟိုတယ်တစ်ခုမှ ဝယ်သွားမည်ဟု ပြောသည်။

စောစောပိုင်းတွင် စူဇီက ခါးခါးသီးသီးငြင်းနေသည်။ နောက်ဆုံး ကျွန်တော်ပါလိုက်ရမည် ဟူသော စည်းကမ်းချက်ဖြင့် သဘောတူလိုက်သည်။ ရုတ်တရက်တော့ ကျွန်တော် တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါသည်။ သို့သော် ကျွန်တော် ငြင်းနေလျှင် စူဇီပြန်မည်မဟုတ်။ ကျွန်တော်လည်း အိပ်ရတော့မည်မဟုတ်။ ထို့ကြောင့် သဘောတူလိုက်ရပြန်သည်။

စူဇီ ပြန်သွားပြန်တော့ ရော့ဒ်နေက တစ်မျိုးကဲလာပြန်သည်။ မနက်ဖြန် ပျော်ပွဲစားထွက်သည့် အချိန်တွင် သူနှင့်စူဇီ နှစ်ယောက်တည်းတွေ့နိုင်အောင် တစ်ချိန်တော့ ဖန်တီးပေးရမည်ဟု တောင်းဆိုလာသည်။ အကြောင်းတစ်ခုခုပြပြီး ကျွန်တော်က ရှောင်ပေးရမည်ဟု ပြောသည်။ မရိုးသားသော သည်လို အလုပ်မျိုးကို မလုပ်လိုကြောင်း ကျွန်တော် ပြောသောအခါ ထုံးစံအတိုင်း သူစိတ်ဖောက်တော့မလို ဖြစ်လာ ပြန်သည်။

နောက်ဆုံးတော့ ကျွန်တော် သဘောတူလိုက်ရပြန်ပါသည်။ ပျော်ပွဲစားအတူထွက်မည်။ နေ့လယ်စာ အတူစားမည်။ ပြီးလျှင် အနည်းဆုံး နာရီဝက် ကျွန်တော်က ရှောင်ပေးမည်။ သည်တော့မှ ကျွန်တော့်အဖို့ ငြိမ်းချမ်းရေး ရတော့သည်။ အိပ်ရာထဲသို့ ဝင်ခွင့်ရတော့သည်။

နောက်တစ်နေ့တွင် အလွန်ကြီးမားသည့် ဖြူကားကြီးသည် ကျွန်တော်တို့၏ အသုံးတော်ခံရန် နမ်ကောက်ဟိုတယ်ရှေ့မှာ အခန့်သားရောက်နေသည်။ အရောင်က မှန်ကြည့်လို့ ရမတတ် တဖိတ်ဖိတ် တောက်နေသည်။ ဘားခန်းထဲသို့ဝင်ရန် အတွဲစောင့်နေသည့် အဲလစ်ကလေးနှင့် လီလီလောင်း တို့နှစ်ယောက်သည် မော်တော်ကားကြီးကို ကြည့်ပြီး ပါးစပ် ဟောင်းလောင်း ဖြစ်နေကြတော့သည်။

ယူနီဖောင်းဝတ်ထားသည့် တရုတ်ဒရိုင်ဘာက နောက်ဘက်မှ တံခါးကို ဖွင့်ပေးသည်။ ကူရှင်ထဲမှာ ကျွန်တော်တို့ နစ်မြုပ်သွားသည်။ သည်လိုလည်း မဟုတ်သေးပါ။ ကူရှင်ထဲတွင် နစ်မြုပ်သွားခြင်းမဟုတ်ပါ။ လွင့်မျောနေခြင်းသာဖြစ်ပါသည်။ အဲလစ်ကလေးတို့ကို လက်ပြနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ဖိမ်ခံကားကြီး၏ ငြိမ့်ညောင်းညင်သာမှုက အရသာထူးကဲလှပါသည်။

ဟိုတယ်ကြီးတွေ ပြည့်နေသော ခေတ်မီအဆောက်အအုံတွေ အစီအရီ ရှိနေသော၊ တရုတ်သန်းကြွယ် သူဌေးတစ်ယောက် ဆောက်ထားသည့် အင်္ဂလိပ်ရဲတိုက်ကြီးတစ်လုံးရှိသော၊ ရေကူးသူ၊ နေပူစာလှုံသူ တွေနှင့် ပြည့်ကျပ်နေသော ရီပတ်စ်ပင်လယ်အော်ကမ်းခြေကို ကျွန်တော်တို့ ကျော်လာကြ သည်။ လူရှင်းသည့် ကမ်းခြေကလေးတစ်ခုမှာ နေရာယူ လိုက်ကြသည်။

ရေကူးဝါသနာကြီးလှသော စူဇီသည် ရေကူးဝတ်စုံကို အမြန်ဆုံးလဲကာ ပင်လယ်ထဲသို့ ရှေ့ဆုံးမှ ပြေးဆင်းသွားသည်။ သူ့နောက်သို့ ကျွန်တော်တို့ နှစ်ယောက် လိုက်သွားသည်။ ဂမ်းသာအားရ ရေကူးရင်း တခစ်ခစ်ရယ်ကာ ကျွန်တော့်ကို ရေနှင့်ပက်နေသည်။ ရှော့ဒ်နေကို လုံးဝ ရှုမစိုက်။ ရှိနေသည်ဟုပင် သူမထင်။ ကျွန်တော်ကလည်း ပြန်ပက်သည်။ အတော်ကြာ အောင်ကျွန်တော် တို့နှစ်ယောက် အပြန်အလှန် ပက်နေကြပြီး အူတက်မတတ် ရယ်နေမိကြသည်။

ထိုအချိန်မှာပင် ရှော့ဒ်နေ ဝင်လာသည်။
"ကဲ...လာ... ဒီတစ်ခါ ကိုယ့်အလှည့်" ဟု ပြောရင်း စူဇီကို ရေနှင့်ပက်သည်။
စူဇီ အရယ်ရပ်သွားသည်။ သူ့ကို အေးတိအေးစက် အမူအရာဖြင့် ပြန်ကြည့်နေသည်။

"ရှင် ဘာလုပ်တာလဲ... ကျွန်မ ရေမွန်းပြီး သေသွားအောင် သတ်နေတာလား"ဟု ပြန်မေးသည်။ တစ်ဆက်တည်း သူ့ကို ကျောခိုင်းလိုက်ကာ ကျွန်တော့်ဘက်လှည့်ပြီး တခစ်ခစ် ရယ်ရင်း ဆက်ပက် နေသည်။
ရှော့ဒ်နေသည် အခါတိုင်းထက် ပိုပြီး စိတ်အားထက်သန်နေပုံရသည်။ ဘာကိုမှလည်း အလေးထား ဂရုစိုက်နေပုံ မပေါ်တော့။ သောင်ပြင်ပေါ်မှာ ကျွန်တော်တို့ သွားရောက်လဲလျောင်း နေကြခိုက်တွင် စူဇီ၏ရှေ့မှာ ဒူးထောက်ထိုင်သည်။ ပြီးတော့ စူဇီ၏ ပန်းရောင်ခြေချောင်း ကလေးများကို နမ်းသည်။

"ကိုယ့်ရဲ့အလှဆုံးနတ်သမီးကလေး၊ နတ်သမီးကလေးရဲ့ရှေ့မှောက်မှာ ကျွန်တော်မျိုးကြီး ဂပ်စင်း ပါတယ်ဗျာ" ဟုလည်း ပြောလိုက်သေးသည်။

စူဇီက ရွှံမုန်းတီးသလို တစ်ချက်ကြည့်ပြီး သူ့ခြေထောက်ကို ပြန်ရုပ်လိုက်သည်။ ထိုမျှမကသေး။ တစ်ဖက်သို့ လှည့်သွားကာ ရော့ဒ်နေကို ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟုပင် သဘောမထားဟန် ဆောင်လိုက်ပြန်သည်။ ထိုအချိန်ကလေးတွင် သူ ငိုများ ချလိုက်တော့မည်လားဟု ကျွန်တော် စိုးရိမ်သွား မိပါသည်။

နောက် နာရီဝက်လောက်ကြာတော့ နေ့လယ်စာ စားသြည်။ ထိုအခါတွင် သူ့အတွက် ကျွန်တော် အများကြီး စိတ်မကောင်းဖြစ်သွားမိတော့သည်။ သူဝယ်လာသည့် နေ့လယ်စာများသည် အလွန်တန်ဖိုးကြီးသည့် အစားအစာများဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် သူနှင့် စူဇီ စကားပြောဖြစ်အောင် နည်းအမျိုးမျိုးဖြင့် ကျွန်တော် လမ်းကြောင်းပေးမိသည်။ တဖြည်းဖြည်း နှင့် စူဇီလည်း သူနှင့် စကားပြောဖြစ်လာသည်။ ရန်ထောင်ဖို့လည်း သတိရတော့ဟန်မပေါ်။ စိတ်ပါ လက်ပါ ကျွန်တော် ဆောင်ရွက်ရန် အချိန်ကျပြီဟု ဆုံးဖြတ်လိုက်မိပါသည်။ ထို့ကြောင့် ထိုင်ရာမှ ထလိုက်သည်။
"ဟောဟိုမှာ သဘာဝအလှတွေက ကိုယ့်ကို လှမ်းခေါ်နေပြီဟေ့" ဟု ပြောကာ ကျောက်ဆောင်များရှိရာသို့ လျှောက်လာခဲ့သည်။

ကျောက်ဆောင်များအောက်မှာ သက်သောင့်သက်သာနေနိုင်သည့် နေရာကောင်းကလေးတစ်ခု တွေ့သည်။ ထိုထဲသို့ဝင်ပြီး တစ်ရေးအိပ်လိုက်မိသည်။

ဒီရေတက်လာပြီး ကျောက်ဆောင်လိုဏ်ခေါင်းများကို လှိုင်းပုတ်သံက ကျယ်လောင်စွာ မြည်နေသဖြင့် အိပ်ရာမှ ကျွန်တော် လန့်နိုးသွားသည်။ နာရီကို မြှောက်ကြည့်လိုက်တော့ လေးဆယ့်ငါးမိနစ်လောက် ကြာသွားပြီဖြစ်ကြောင်း တွေ့ရသည်။ ရော့ဒ်နေကို လွတ်လပ်ခွင့် ဆက်ပေးထားရန် ဆုံးဖြတ်ပြီး နောက်ထပ် ဆယ့်ငါးမိနစ်ခန့် ဆက်လှဲနေမိသည်။ ပြီးတော့မှ အိပ်ရာမှ ထပြီး သူတို့ဆီသို့ ပြန်လျှောက်လာသည်။

ကျောက်ဆောင်များပေါ်သို့ ကုတ်ခြစ်တက်ပြီး ကျွန်တော့်ကို လိုက်ရှာနေသည့် စူဇီကို တွေ့ရသည်။ ကျွန်တော့်ကို တွေ့တော့ သူ ကြိမ်းမောင်းပါလေတော့သည်။
"အစ်ကို ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာဖြစ်လို့ ဒီလိုထွက်သွားရတာလဲ၊ အင်မတန်ဒုက္ခပေးတဲ့ လိပ်ပြာကောင်နဲ့ ဘာဖြစ်လို့ ကျွန်မကို လွှတ်ထားခဲ့ရတာလဲ၊ ကျွန်မ သိပ်စိတ်ဆိုးတယ် မရယ်နဲ့... ကျွန်မ တကယ်ပြောနေတာ"

"ကိုယ် တကယ်စိတ်မကောင်းပါဘူး စူဇီ၊ ဒါပေမဲ့ ဒီငတိက မင်းနဲ့ နှစ်ယောက်တည်း နေခွင့်ရဖို့ အရမ်း စိတ်အားထက်သန်နေလို့ပါကွာ"
"ဟုတ်တယ်... ဘာဖြစ်လို့ နှစ်ယောက်တည်း တွေ့ချင်တာလဲ သိလား၊ သူက ကျွန်မကို ဟိုခေါ်သွားချင်တယ်၊ ဗန်ကောက်မြို့ရှိတာ ဘယ်တိုင်းပြည်လဲဟင်..."
"ထိုင်းလင်း..."
"အဲ...ဟုတ်တယ်... ထိုင်းလင်း... သူက ကျွန်မကို အဲဒီခေါ်သွားချင်တယ်တဲ့၊ တစ်လကို ဒေါ်လာ သုံးထောင်

ပေးပါ့မယ်တဲ့"

စူဇီသည် စိတ်ဆိုးဟန်ဆောင်နေသည်ကို ရပ်လိုက်ပြီး ခစ်ခနဲရယ်လိုက်သည်။

"ဟုတ်တယ်... တကယ်ပြောတာ မင်းကို တစ်လ သုံးထင်ပေးမယ်တဲ့၊ ဘင်းဆီက အခုရနေတာရဲ့ သုံးဆပေးမယ်တဲ့"

"စူဇီ... မင်း လက်မခံလိုက်ပါဘူးနော်"

ကျွန်တော်က သူ့ကိုငေးကြည့်နေရင်း မေးမိသည်။

"လက်ခံပါ့မလား အစ်ကိုရယ်" ဟုဇီ၏ အမူအရာမှာ မနှစ်မြို့သလို ဖြစ်သွားသည်။

"အဲဒီလိပ်ပြာကောင်နဲ့ အတူတူ တခြားထွက်သွားဖို့ ကျွန်မကများ လက်ခံလိမ့်မယ်လို့ အစ်ကို ထင်နေသလား"

"ကိုယ်ဂမ်းသာလိုက်တာ စူဇီရယ် ဒီစကားမင်းပြောတော့ တစ်မိနစ်လောက် ကိုယ်ကြောက်လိုက်တာ၊ မင်းသာလိုက်သွားရင် ကိုယ် လွမ်းနေရတော့မှာပဲ"

"ဒေါ်လာတစ်သောင်းပေးတောင် ဒီလိုလူမျိုးနဲ့ ကျွန်မ လိုက်မသွားဘူး၊ အဲဟိုလမ်းပေါ်က ကောင်မကို ရှင် ဘာဖြစ်လို့ ခေါ်မသွားတာလဲ၊ ကူလီတွေ လက်ထဲကနေပြီး သူ့ကို အနားပေးလိုက်ပါလားလို့ ကျွန်မက ပြန်ပြောလိုက်တယ်"

စူဇီက သည်လိုငြင်းလိုက်တော့ ရှော့ဒ်နေ စိတ်ကောက်သွားလိမ့်မည်ဟု ကျွန်တော်ထင်သည်။ စိတ်ကောက်ရာကနေပြီး တောင်းပန်မည်။ ပြီးတော့ ငိုမည်။ နောက်ဆုံးတော့ ဒေါသပေါက်ကွဲမည်။ ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများဖြင့် ဆဲရေးတိုင်းထွာမည်။ တစ်ဆက်တည်း သူ့မျက်လုံးထဲမှာ ကြောက်စရာကောင်းသည့် အရိပ်အရောင်များ ပေါ်လာမည်။ စူဇီလည်း အကြောက်ကြီး ကြောက်သွားမည်။ သို့ဖြင့် ထွက်ပြေးလာပြီး ကျွန်တော့်ကို လိုက်ရှာခြင်းဖြစ်မည်။

ကျွန်တော်တို့နှစ်ယောက်ကို သောင်ပြင်ပေါ်မှာ သည်အတိုင်းပစ်ထားခဲ့ပြီး၊ ဒေါသတကြီးဖြင့် သူပြန်သွားပြီဟု စူဇီက ထင်သည်။

သို့သော်လည်း နောက်ဆုံး ကျောက်ဆောင်ပေါ်ကို ကျွန်တော်တို့ တက်လိုက်တော့ သောင်ပြင်ပေါ်တွင် လဲလျောင်းနေသည့်သူ့ကို လှမ်းမြင်ရသည်။ ကျွန်တော်တို့ သူ့အနားရောက်သွားတော့ မတ်တတ်ရပ်သည်။ သူ့မျက်နှာပြုံးနေသည်။ စူဇီ၏ ရှေ့မှာ စစ်သားတစ်ယောက်လို ခြေစုံရပ်ပြီး အလေးပြုလိုက်သည်။

"ဗိုလ်ကြီးရှော့ဒ်နေတက်စ်က သတင်းပို့နေပါတယ်ခင်ဗျာ၊ သူ့ရဲ့နတ်သမီးကလေးကို ပြောခဲ့ဆိုခဲ့ မိတာတွေနဲ့ ပတ်သက်ပြီး အလွန့်အလွန်ကို သူစိတ်မကောင်းဖြစ်နေပါတယ်ခင်ဗျာ၊ သူ့စိတ်တွေ ထွေပြားနေတဲ့အတွက် ဘာစကားပြောခဲ့မိတယ် ဆိုတာကိုတောင် သူ့ဟာသူ မသိဘူးလို့ ကျွန်တော် ထင်ပါတယ်ခင်ဗျာ၊ ကောင်းပါပြီ သူ့ကို ခွင့်လွှတ်နိုင်ပါ့မလား၊ ခွင့်မလွှတ်နိုင်ဘူးဆိုရင် ခေါင်းတစ်ချက် ညိတ်ပါ၊ ခွင့်လွှတ်နိုင်တယ်ဆိုရင် ခေါင်းနှစ်ချက်ညိတ်ပါ ခင်ဗျာ" စူဇီက လေးလံထိုင်းမှိုင်းသည့် အမူအရာဖြင့် ခေါင်းနှစ်ချက် ဆက်လိုက်သည်။

"ဒါဆိုရင် ကျွန်တော့်အဖို့ လုံလောက်သွားပါပြီခင်ဗျာ၊ တက်စ်လာဆိုတဲ့အကောင်ဟာ နတ်သမီးလေးကို နောက်တစ်ကြိမ် ဒီစကားမျိုးပြောမယ် ဆိုရင် ကျွန်တော့်ကို အသိပေးစေလိုပါတယ်၊ သူ့လည်ပင်းကို ကျွန်တော် ကိုယ်တိုင် ညှစ်ပစ်ပါ့မယ်"

ကျွန်တော်တို့ ကြုံတွေ့နေရသည့် အခြေအနေကလေး သက်သောင့်သက်သာနှင့် ရွှင်ရွှင်လန်းလန်း ဖြစ်သွားစေရန် ကျွန်တော်က ဖင်ပြောလိုက်ရသည်။

"ကောင်းပါပြီ... အင်မတန်ကောင်းတဲ့ နေ့လယ်စာနဲ့ တည်ခင်းတဲ့အတွက် တို့တစ်တွေ အများကြီးဂုဏ်ယူနိုင်အောင် ဗိုလ်ကြီးတက်စ်လာက ဖန်တီးလိုက်ပါတယ်၊ ဒါဟာ အောင်ပွဲတစ်ခုပါပဲ"

ရှော့ဒ်နေက ကျွန်တော့်ကို လုံးဝဂရုမစိုက်။ စူဇီဘက်သို့သာ လှည့်သွားသည်။

"ရေတစ်ခါ ထပ်ကူးကြဦးစို့လား" ဟု စူဇီကို လှမ်းမေးသည်။

နားမလည်နိုင်သလို သူ့ကို ကျွန်တော် ငေးကြည့်နေမိသည်။ ကျွန်တော့်ကို သူ တမင် နှိမ်လိုက်ခြင်းလော၊ စော်ကားလိုက်ခြင်းလောဟု မသေမချာ ဖြစ်နေမိသည်။ သို့သော် ကျွန်တော့် မျက်လုံးများကို သူ ဆိုင်မကြည့်ပါ။ မျက်နှာလွှဲမြဲ လွှဲထားသည်။ သူ့အနားသို့ ကျွန်တော်တို့ ပြန်ရောက်သည့် အချိန်မှ စ၍ ကျွန်တော့်ကို သူ လုံးဝမကြည့်သေးကြောင်းလည်း သတိပြုမိလိုက်သည်။

ထို့ကြောင့် ကျွန်တော်က တစ်ချက်ရယ်ပြီး ဆက်ပြောသည်။

"ကိုင်း... ကိုယ့်ဆရာ ... ကိုယ်ဟာဘေးကို ပအထုတ်ခံထားရတာမျိုးတော့ မဟုတ်ပါဘူးနော်" ရှော့ဒ်နေ့က မျက်နှာလွှဲမြဲ လွှဲထားသည်။ ကျွန်တော်ပြောသည်ကိုလည်း မကြားဟန်ဆောင်နေသည်။

"ဒါမျိုးတွေ လုပ်မနေစမ်းနဲ့ ရှော့ဒ်နေ၊ ငါက ဘာလုပ်ရမှာလဲ"

ကျွန်တော့်ကို လှစ်ခနဲ သူ တစ်ချက်လှမ်းကြည့်သည်။ သူ့မျက်လုံးများအရောင် တောက်နေသည်။

"ကျုပ် ဘယ်သိမှာလဲ" ဟု ပြန်ပြောသည်။ ပြီးတော့ စူဇီဘက် လှည့်ပြီး ကြိုးစားပြုံးပြသည်။

"ကဲ... လုပ်ပါလေ... ရေကူးဂတ်စုံကလေးနဲ့ မင်းကို တစ်ခါထပ်ကြည့်ချင်ပါသေးတယ်၊ အဲဒီရေကူး ဂတ်စုံလေးနဲ့ ဆိုရင် မင်းဟာ အရမ်းကို ချစ်စရာကောင်းတာပဲ"

နောက်တစ်နာရီလောက်ကြာတော့ ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ ထိုအချိန်အထိ ကျွန်တော့်ကို သူ အရေးမစိုက်ဘဲ လုပ်နေသည်။ စူဇီက ကျွန်တော်တို့နှစ်ယောက် ကြားမှာ ထိုင်နေသည်။ ရှော့ဒ်နေက သူ့ကို အာရုံ စိုက်လာအောင် စကားတွေ အမျှင်မပြတ် ပြောလသည်။ စူဇီက ကောင်းကောင်း နားမထောင်၊ သူ့အတွေးနှင့်သူ တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာသည်။ ခဏကြာတော့ သူ့စကားများကို နားမထောင် တော့ဘဲ ကျွန်တော့်ဘက် လှည့်ပြောသည်။

"ဒီနေ့ညနေ ဗေဒင်ဆရာဆီကို ကျွန်မသွားရမယ်၊ အစ်ကိုရော လိုက်ဦးမလား"

"ကောင်းတယ်... ဒီနေ့ညနေ တို့သွားကြမယ်၊ သိပ်ဟန်ကျမှာပဲနော်" ဟု ရှော့ဒ်နေက ကမန်းကတန်းဖင်ပြောသည်။

စူဇီက သူ့ကို အရေးမစိုက်။ ကျွန်တော့်ကိုသာ ဆက်ပြောနေသည်။

"တိဘက်ဘုန်းကြီးဆီကို သွားရင် ကောင်းမယ်လို့ ကျွန်မထင်တယ်၊ ဖေးတော့ ဖေးတာပေါ့လေ... ဒါပေမဲ့ သူက ရုန်ဟဲတရုတ်စကားပြောတတ်တယ်၊ ဂမ်ချိုင်းမှာရှိနေတဲ့ ဗေဒင်ဆရာတွေထဲမှာ ရုန်ဟဲတရုတ် စကားပြောတတ်တာ တစ်ယောက်မှမရှိဘူး၊ ဗေဒင်မေးတဲ့အခါမှာ ဗေဒင်ဆရာ ဟောတာတွေကို သေသေ ချာချာ နားလည်ဖို့ အရေးကြီးတယ်၊ ကောင်းကောင်း နားမလည်ရင် အလကားပဲ"

ထိုစကားကို အကြောင်းပြုပြီး ကျွန်တော်တို့ သုံးယောက်စလုံး စကားပြောဖြစ်ကြသည်။ ရှော့ဒ်နေနှင့် ကျွန်တော်ကား တစ်ယောက်ကို တစ်ယောက် မပြော။ စူဇီကိုသာ သူတစ်ခွန်း ငါတစ်ခွန်း ပြောနေကြခြင်းဖြစ်သည်။

စူဇီကို ဂမ်ချိုင်းမှာ ကျွန်တော်တို့ ချထားပေးခဲ့မည်။ သို့မှ သူ့ကလေးကို သူဝင်ကြည့်နိုင်မည်။ ပြီးလျှင် နမ်ကောက်မှာ ကျွန်တော်တို့နှင့် လာဆုံမည်။ ဗေဒင်ဆရာဆီသို့ ကျွန်တော်တို့ သုံးယောက် အတူတူ သွားကြမည်ဟု သဘောတူညီချက် ရလိုက်သည်။

စူဇီနေသည့်လမ်းသည် ကျဉ်းလွန်းသောကြောင့် မော်တော်ကားဝင်လို့ မရပါ။ ထို့ကြောင့် လမ်းထိပ်မှာပင် သူ့ကို ချထားပေးခဲ့သည်။ ရှော့ဒ်နေနှင့် ကျွန်တော်တို့ တိတ်ဆိတ်စွာပင် နမ်ကောက်ဟိုတယ်သို့ ပြန်လာကြသည်။ ရှော့ဒ်နေသည် သူ၏မကျေနပ်မှုကို ကြာရှည် ကျိတ်ခံစားတတ်သူမဟုတ်ကြောင်း ကျွန်တော်သိပါသည်။ထို့ကြောင့် တစ်ခုခုဖြစ်လာမည်ကို စောင့်နေလိုက်သည်။

ကြာကြာမစောင့်ရပါ။ ငါးမိနစ်လောက်ကြာတော့ တံခါးခေါက်သံနှင့် အတူ အတောင်းဝင်လာသည်။ သူ့အမူအရာမှာ မနေတတ် မထိုင်တတ်ဖြစ်နေသည်။ တစ်စုံတစ်ရာကို နားမလည်သလိုလည်း ရှိသည်။ ကျွန်တော့်ကို စာအိတ်တစ်လုံး လှမ်းပေးသည်။

"ဆရာ့သူငယ်ချင်းဆီက "ဟုလည်းပြောသည်။

စာအိတ်ကို ကျွန်တော် ဖွင့်နေရာ အတောင်းက စိတ်ဝင်စားစွာ စောင့်ကြည့်နေသည်။ အထဲက စာရွက်ပေါ်တွင် ရှော့ဒ်နေ၏ လှပသပ်ရပ်သော လက်ရေးကို တွေ့ရသည်။ အင်္ဂလိပ်စာလုံးများကို အကြီးစာလုံးဖြင့် ရေးထားသည်။ စာရွက်၏ အလယ်တည့်တည့်တွင် တံဆိပ်ခေါင်းလေးလုံးစာ လေးထောင့် စတုရန်းကျကျ ရေးထားသည်။

မော်တော်ကားပေါ်တွင် ကျွန်တော်တို့ သဘောတူညီခဲ့သည့်အတိုင်း ဗေဒင်ဆရာဆီသို့ သွားရာတွင် စူဇီနှင့်အတူ ကျွန်တော် နှစ်ယောက်တည်း သွားလိုပါသည်။ ကျွန်တော်တို့ကိစ္စတွင် ခင်ဗျားကြည့်ဝင် နှောင့်ယှက်ခြင်းမပြုဘဲ နေနိုင်ပါမည်လော။ ကျွန်တော်တို့၏ ပျော်ရွှင်မှုကို တမင်ဖျက်ဆီးခြင်းမပြုဘဲ နေနိုင်ပါမည်လော။

ရှော့ဒ်နေတက်စ်လာ။

ကျွန်တော်က အားပါးတရ တစ်ချက်ရယ်လိုက်ပြီး အတောင်းကို ခဏစောင့်ရန် ပြောသည်။ ပြီးတော့ သူ့စာအောက်မှာ ဆက်ရေးလိုက်သည်။

သဘောမတူနိုင်ဘူး။ မင်း ဒါမျိုးမလုပ်ရဘူးကွ လူမိုက်ရ...။

ထိုစာကို အံ့သြထိတ်လန့်နေသည့် အတောင်း၏ လက်ထဲသို့ ကျွန်တော် ပြန်ထည့်လိုက်သည်။ နောက် ဆယ်မိနစ်လောက်ကြာတော့ ပိတ်ထားသည့် စာအိတ်တစ်လုံးယူပြီး အတောင်း ပြန်ရောက်လာပြန်သည်။ ယခုအကြိမ်တွင်မူ အတောင်း၏ မျက်နှာသည် ကျွန်တော်တို့ ဘာဖြစ်နေကြသနည်း ဆိုသည်ကို သိချင်ဇောထက်သန်နေပုံရသည်။ စာအိတ်ကို ဖွင့်ပြီး စာရွက် အသစ်တစ်ရွက်ကို ကျွန်တော် ဆွဲထုတ် လိုက်သည်။

သည်လိုဆိုလျှင် ခင်ဗျားအပေါ်မှာ မိတ်ဆွေကောင်းတစ်ယောက်အနေဖြင့် ကျွန်တော် သဘောထား ဆက်ဆံခဲ့သည်များကို ပြန်သတိရပါဟု ပြောလိုပါသည်။ (သို့သော်လည်း တူညီသော တုံ့ပြန်မှုမျိုးကို ခင်ဗျားမပြုလုပ်ခဲ့)။ ထိုမျှမက သည်အခွင့်အရေး ကလေးတော့ ပေးပါဟု တောင်းဆိုလိုပါသည်။ စော်ကား သော စကားလုံးများ ရေးသားထားသည့်စာကို ဟိုတယ်အလုပ်သမားများမမြင်တွေ့ရစေရန် စာအိတ် ပိတ်ပြီး ပြန်ပို့ပါဟုလည်း မေတ္တာရပ်ခံလိုက်ပါသည်။

ရှော့ဒ်နေတက်စ်လာ။

ကျွန်တော်က ထိုစာအောက်ကပင် ပြန်ရေးပေးလိုက်သည်။

တောင်းသည့် အခွင့်အရေးကိုပေးရန် ငြင်းဆိုသည်။ အဘယ့်ကြောင့်ဆိုသော် စူဇီနှင့် သဘောတူချက် ရရှိသောကြောင့် ဖြစ်သည်။ စာများကို စာအိတ်ထဲ ထည့်ပိတ်ပြီး ပေးရန်လည်း ငြင်းဆိုသည်။ အဘယ်ကြောင့်ဆိုသော် (က) ယခုအလုပ်သည် ကလေးဆန်သည်။ (ခ) သနားစရာ ကောင်းသော အတောင်း၏ ခြေထောက်မှ ဖိနပ်ပါးအောင် လုပ်နေသည့်အလုပ်မျိုး ဖြစ်သည်။ စာကြွင်း။ ။ စော်ကားခြင်းမရှိ၊ ထို့ကြောင့် စာအိတ်မလို။

ထိုစာကို အတောင်းလက်သို့ ကျွန်တော် ပေးလိုက်သည်။ အတောင်းက တုံ့ဆိုင်းဆိုင်းလုပ်နေသည်။ ပြီးမှ သူက မေးသည်။

"ကျွန်တော့်ကို မေးခွင့်ပြုပါ ဆရာ၊ ဆရာ့သူငယ်ချင်းနဲ့ ဆရာ ရန်ဖြစ်နေတာများလား..."

"ဒီလိုပဲပြောရမလို ဖြစ်နေပါပြီ အတောင်းရာ ... ဟား... ဟား... ဟား... " ကျွန်တော်က ပြန်ဖြေရင်း ရယ်မိသည်။

"ဘာအကြောင်းနဲ့ ပတ်သက်နေတာပါလဲ ဆရာ"

"အင်း... အဲဒါ ဒုက္ခပေါ့ကွာ... ဘာကြောင့် ဖြစ်နေရတယ်ဆိုတာကို တောင် ငါ သေသေချာချာ မသိပါဘူး"

အတောင်း ထွက်သွားသည်။ သည်တစ်ခါတော့ သူ့အမူအရာတစ်မျိုးပြောင်းသွားသည်။ ကျွန်တော်တို့ နှစ်ယောက်ကြားတွင် ငြိမ်းချမ်းရေးရရှိပြီး သင့်မြတ်သွားအောင် ဆောင်ရွက်ပေးနိုင်သည့် ဖျန်ဖြေရေး သမားပုံမျိုး ဖမ်းသွားသည်။ ထိုမျှမကသေး ကျွန်တော်တို့ နှစ်ယောက် အဆင်မပြေမချင်း မနားမနေ ဆောင်ရွက် ပေးတော့မည် ဟူသည့် ဟန်ပန်အမူအရာမျိုးလည်း ဖြစ်သည်။

မည်သို့ဆိုစေ ရှော့ဒ်နေသည် ကြီးမားသော မကျေနပ်ချက်နှင့်အတူ အတောင်းကို ဆက်မခိုင်း တော့ပုံရသည်။ အတောင်းပြန်မလာတော့ပေ။ နောက်ဆယ့်ငါးမိနစ်လောက်ကြာတော့ ကျွန်တော့် တံခါးကို လာခေါက်ပြန်သည်။ သည်တစ်ချီမှာတော့ ရှော့ဒ်နေကိုယ်တိုင် ဖြစ်သည်။

"ဒီမှာ ဘော့... ကျွန်တော့် ဂုဏ်သိက္ခာတွေ ကျချင် ကျပါစေတော့လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်၊

ဒါကြောင့် ခင်ဗျားဆီကို ကျွန်တော် ကိုယ်တိုင်လာပြီး အသနားခံတာပါ။ ဘာကြောင့်လဲဆိုတော့ ဒီအမျိုးသမီးကို ကျွန်တော် အရမ်း ... အရမ်းကြီးချစ်နေမိပြီဗျာ.. ဒီကိစ္စကို ခင်ဗျားသိမယ်ဆိုရင် ကျွန်တော် သိပ်စိတ်မချမ်းမသာ ဖြစ်နေရတာကို ခင်ဗျား သိမယ်ဆိုရင်..." တစ်ဆက်တည်း သူ စတင်ငိုကြွေးလေတော့သည်။

သူ့မျက်ရည်များသည် အမြဲတမ်းဆိုသလို ကျွန်တော့် စိတ်ဓာတ်ကို ပျော့ညံ့စေပါသည်။

သူ အငိုတိတ်သည်အထိ ကျွန်တော် စောင့်နေပါသည်။ အငိုတိတ်တော့မှ ဗေဒင်ဆရာကိစ္စကို ကျွန်တော် အရေးမစိုက်ကြောင်း၊ သူ့တောင်းဆိုချက်များကို ကျွန်တော် လိုက်လျောနိုင်ကြောင်း၊ သို့သော်လည်း လိုက်လျောသင့်သည့်အခြေအနေများ ဖြစ်ပေါ်လာမှသာလျှင် လိုက်လျော နိုင်မည်ဖြစ်ကြောင်း ပြန်ပြော သည်။

ကျွန်တော့်စကားမဆုံးမီမှာပင် ရင့်သီးသောစကားလုံးများနှင့် ကျွန်တော့်ကို သူရန်တွေ့တော့သည်။ သူငှားသည့်ကားကိုစီးပြီး သူကျွေးသည့် ထမင်းကို စားကာ အရှက်မရှိ စူဇီကို မြှောက်ပေးကြောင်း၊ လမ်းပေါ်က ကောင်းမလေးများနှင့် သူပျော်ပါးတတ်သည့်အကြောင်းကို စူဇီကို ကျွန်တော် တိုးတိုး ပြောပြတာ သူကြားကြောင်း၊ ထမင်းစားစဉ်ကလည်း သူ့အပေါ် စူဇီ စိတ်မဝင်စားအောင် ဖန်တီး နေကြောင်း များ တသီကြီးပြောသည်။

ကျွန်တော် အများကြီး ငြီးငွေ့ စိတ်ကုန်သွားပါသည်။
"ရော့ဒ်နေ... ဒါတွေ အားလုံး ဘာမှ အဓိပ္ပာယ် မရှိဘူး ဆိုတာ မင်းသိတယ်၊ စူဇီနဲ့ ပတ်သက်လာရင် မင်း နည်းနည်းမှ ကံမကောင်းဘူး၊ မင်းဟာမင်း ကံမကောင်းတာ ငါ့အပြစ်ဆိုပြီး ပုံချနေတယ်၊ ဒါကို ငါ သည်းမခံနိုင်တော့ဘူး၊ သိပ်ပင်ပန်းသွားပြီ၊ ဒီတော့ တခြား တစ်ယောက်ကို သွားပြီး မင်းဟာမင်း ရန်ဖြစ်ပေတော့"
နောက်ထပ်နာရီဝက်လောက် ဆက်စကားများပြန်သည်။ ကျွန်တော်သည် စိတ်မမှန်သူ တစ်ယောက်ဖြစ်ကြောင်း၊ စိတ်ရောဂါရနေသူတစ်ယောက်ဖြစ်ကြောင်း၊ ထို့ကြောင့် လန်ဒန် ဖြစ်ဖြစ်၊ ဗီယင်နာဖြစ်ဖြစ်၊ နယူးယောက်ဖြစ်ဖြစ် သွားပြီး စိတ်ရောဂါအထူးကု ပါရဂူတစ်ယောက်ယောက်နှင့် ကုသရန် အကြံပေးလိုကြောင်းများ ဆက်ပြောပြန်သည်။
နောက် ငါးမိနစ်ကြာတော့ မူလအစီအစဉ်အတိုင်း ကျွန်တော်တို့ သုံးယောက်စလုံး ဗေဒင်ဆရာဆီသို့ သွားကြမည်ဟု သဘောတူညီချက်ရကာ လက်ဆွဲနှုတ်ဆက်နေရပြန်သည်။ ထိုအချိန်ကလေးမှာပင် ကျွန်တော်တို့ကို ခေါ်ဖို့ စူဇီရောက်လာသည်။

ဇိမ်ခံ ပြု့ကားကြီးက ရှိနေဆဲပင်။ ကားနောက်ခုံပေါ်မှာ ကျွန်တော်တို့ ဝင်ထိုင်ကြရပြန်သည်။ ရော့ဒ်နေသည် အတတ်နိုင်ဆုံး အလိုက်သင့် အလျားသင့် ကြိုးစားဆက်ဆံနေပုံရသည်။ စူဇီကလည်း ကျွန်တော်တို့ နှစ်ယောက်ကို မခွဲခြားဘဲ စကားပြောလာသည်။

ဟောင်ကောင်၏ လူစည်ကားရာ စီးပွားရေးရပ်ကွက်ကို ကျော်လာသည်။ အနောက်ဘက် ခရိုင်အတွင်းသို့ ဝင်စပြုလာပြီ။ ထိုအချိန်မှာပင် ကျွန်တော် မြင်နေကျတင်းမာမှုကို ရော့ဒ်နေ၏ မျက်နှာ ပေါ်မှာ

မြင်လိုက်ရပြန်သည်။

မသိမသာ သူ့ကို ကြည့်လိုက်သည်။ အင်မတန်သေချာပါသည်။ တောင့်တောင့်ကြီး ထိုင်နေသည်။ မျက်နှာထားတည်တည်ကြီး လုပ်နေသည်။ ထိုအခိုက်ရှေ့မှ ဒရိုင်ဘာကို သူက လက်လှမ်းပုတ်ပြီး ကားအရပ်ခိုင်းသည်။ ဘာတွေ ဖြစ်သွားပြန်သည်ကို ကျွန်တော် မစဉ်းစား တတ်တော့ပါ။

ဒရိုင်ဘာက ကားအရှိန်ကို လျှော့လိုက်သည်။ ဘယ်နေရာမှာ ကပ်ရပ်ရမည်နည်းဟု နေရာ ရှာသည်။ လမ်းဘေးတစ်လျှောက်လုံးတွင် ကားတွေက အကြားအလပ်မရှိအောင်ပင် စီတန်းရပ်ထားကြသည်ကိုသာ တွေ့ရသည်။

"မင်းကို ငါ ကားအရပ်ခိုင်းနေတယ် မဟုတ်လား" ရှော့ဒ်နေက စိတ်မရှည်နိုင်သလို အော်လိုက်သည်။

"ဘာကိစ္စလဲ... ဘာဖြစ်တာလဲ" ဟု စူဇီက မေးသည်။ သူလည်း ကျွန်တော်ကဲ့သို့ပင် အထိတ်တလန့် ဖြစ်နေပုံရသည်။

ရှော့ဒ်နေက စူဇီကို အရေးမစိုက်။ ဒရိုင်ဘာက လမ်းမလယ်ကြီးမှာ ကျိုးနွံစွာ ရပ်လိုက်သည်။ နောက်မှာ ရှိနေသည့် မော်တော်ကားတန်းကြီး ရပ်သွားပြီး ပိတ်ဆို့ကုန်တော့သည်။ သို့သော်လည်း ခရိုင်ဘာက ဘာမှမဖြစ်သလို ငြိမ်သက်စွာ ထိုင်နေသည်။

ရှော့ဒ်နေသည် ကားအောက်သို့ ဆင်းသွားပြီး တံခါးကို ဆောင့်ပိတ်လိုက်သည်။ ဒရိုင်ဘာဆီသို့ လျှောက်သွားပြီး ပိုက်ဆံအိတ်ကို ထုတ်လိုက်သည်။

"သူတို့နှစ်ယောက်သွားချင်တဲ့နေရာ လိုက်ပို့ပြီး မင်းပြန်တော့"

သူက ပြောပြောဆိုဆို ဒရိုင်ဘာကို ပိုက်ဆံထုတ်ပေးသည်။ ပြီးတော့ ကျွန်တော်တို့ရှိရာ ကားနောက်ပိုင်း သို့ ပြန်လျှောက်လာပြီး ပြူတင်းပေါက်မှ နေ၍ ကျွန်တော်တို့ကို ငုံ့ကြည့်သည်။ သူ့မျက်နှာအမူအရာသည် အလွန်တရာ ရန်ငြိုးကြီးသည့် အမူအရာမျိုးဖြစ်နေသည်။ မျက်လုံးအစုံက မုန်းတီးစိတ်ကြောင့် ဖိတ်ဖိတ် တောက်နေသည်။ တံခါးပေါ်မှာ ထောက်ထားသည့် သူ့လက်တုန်ယင်နေသည်။

"ခင်ဗျားဆို့လိုချင်တာ ဒါပဲမဟုတ်လား၊ တစ်နေ့လုံး ခင်ဗျားတို့ စောင့်နေကြတာ ဒီလိုဖြစ်ဖို့အတွက်ပဲ မဟုတ်လား၊ ကျုပ်ကို ပထုတ်ပစ်လိုက်ဖို့လေ၊ ကောင်းပါတယ် အခု ခင်ဗျားတို့ စိတ်ချမ်းသာနိုင်ကြပါပြီ၊ ကျုပ် စဉ်းစားလိုက်မိတော့..."

သူ့နှုတ်ခမ်းကို သူ ပြန်ကိုက်လိုက်သည်။ သည့်ထက်ပိုပြီး စိတ်မထိန်းနိုင်တော့သည့် အမူအရာလည်း မျက်လုံးထဲမှာ ပေါ်လာသည်။ ပြီးတော့ ချာခနဲ လှည့်ကာ လမ်းကို ဖြတ်ပြီး တစ်ဖက်သို့ လျှောက်သွားသည်။ ဥဒဟိုမောင်းသွားနေသည့် မော်တော်ကားများကိုလည်း ဂရုမစိုက်တော့။ လမ်းတစ်ဖက်ပလက်ဖောင်းပေါ်ရှိ လူအုပ်ကြားထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

စူဇီနှင့် ကျွန်တော်သည် တစ်ယောက်ကို တစ်ယောက် အပြန်အလှန်ငေးကြည့်နေမိကြသည်။

"အခုဟာက ဘယ်လိုဖြစ်သွားတာလဲ စူဇီ... ဘာကြောင့် သူ့စိတ်တွေ ကပြောင်ကပြန် ဖြစ်ကုန်

ရတာလဲ"ဟု ကျွန်တော်က မေးသည်။

"ကျွန်မလည်း မသိဘူး၊ သူ့ကို ကျွန်မ ကောင်းကောင်းမွန်မွန် ဆက်ဆံနေသားပဲ"

ကျွန်တော်တို့နောက်မှာ စီတန်းပိတ်ဆို့နေသည့် မော်တော်ကားများက ဒေါသတကြီးဖြင့် အဆက်မပြတ် ဟွန်းတီးနေကြသည်။ ဒရိုင်ဘာမှု ဘာမှ မဖြစ်သလို အေးအေးဆေးဆေး စီးကရက်မီးညှိနေသည်။ ဆက်မောင်းဖို့ ကျွန်တော်က ပြောသည်။ သူက မီးခြစ်ဆံကို ခပ်ဖြည်းဖြည်းပင် အပြင်သို့ ပစ်လိုက်သည်။ စီးကရက်ကို ပြာခံခွက်ထဲမှာ ထည့်သည်။ ပြီးမှဂီယာ ထိုးပြီး မောင်းထွက်လာသည်။

"ကျွန်မ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်၊ အစ်ကို မြင်တယ်မဟုတ်လား"

ကောင်းကောင်းမွန်မွန် ဆက်ဆံသော်လည်း ဆရာမထင်သဖြင့် သူဒေါသထွက်လာပုံရသည်။

"လမ်းပေါ်က ကောင်းမနဲ့ သူတွဲပြီးတဲ့နောက် သူ့ကို ကျွန်မ လက်ခံစကားပြောတာပဲ သူ ကံကောင်းလှပြီ၊ စကားပြောရုံမကဘဲ လိုက်လိုက်လျောလျောတောင် ကျွန်မလုပ်နေသေးတာပဲ"

"ကိုယ်တို့ စကားပြောနေကြတုန်း ကိုယ့်ဒူးပေါ်မှာများ မင်းလက်တင် ထားမိသေးသလား"

"မတင်ပါဘူး... အစ်ကိုတို့ တစ်ခုခု စကားပြောမှားသွားတာ ဖြစ်နိုင်တယ်"

"ဒီလိုဆိုရင် အစ်ကိုတို့ တစ်ခုခု စကားပြောမှားသွားတာ ဖြစ်နိုင်တယ်"

ရော့ဒ်နေ ရုတ်တရက် ဒေါသပေါက်ကွဲသွားသည်နှင့် ပတ်သက်ပြီး ကျွန်တော်တို့ အဖြေရှာ ကြည့်ကြသည်။ သို့သော်လည်း အချည်းနှီးပင်။ ထို့ကြောင့် ကျွန်တော်တို့ စိတ်ကူးကြည့်၍ မရနိုင်သောအရာအဖြစ် သဘောထားလိုက်ရသည်။ သည်လိုမှ မဟုတ်လျှင်လည်း သူ့စိတ်က အလုလို ဖောက်ပြန်သွားသောကြောင့်သာ ဖြစ်ရပေလိမ့်မည်။

သူ့အတွက် ကျွန်တော် စိတ်ပူလိုက်မိပါသည်။ ပြင်းထန်သောစိတ်ဝေဒနာကို ခံစားနေရကြောင်း သူ့မျက်နှာက ဖော်ပြနေပါသည်။ စိတ်ချောက်ချားသွားပြီး တစ်စုံတစ်ရာကိုလည်း သူလုပ်နိုင်သည်။ သူ့ကိုယ်သူ သတ်သေသည်အထိ ဖြစ်သွားနိုင်သည်ဟု ကျွန်တော် ထင်မိပါသည်။ ထိုအကြောင်း စူဇီကို ကျွန်တော် ပြောပြတော့ သူက ခေါင်းကို ခါရမ်းနေသည်။

"မသတ်ပါဘူး သူ့ကိုယ်သူ သတ်မသေပါဘူး၊ ဒီနေ့ဟာ မဖြစ်နိုင်သေးဘူးလေ"

"ဒီကောင်က စိတ်ချရတဲ့ကောင် မဟုတ်ဘူးနော်၊ အစ်ကိုတို့ကြောင့် သူ့ခမျာ ဒီလိုဖြစ်သွားရတယ် ဆိုပြီး အစ်ကိုတို့ စိတ်မချမ်းမသာဖြစ်အောင် လုပ်ချင်လုပ်မယ့် အကောင်စားမျိုး၊ ပြောလို့ရတာ မဟုတ်ဘူး၊ ဒါနဲ့ နေစမ်းပါဦး၊ သူ့ကိုယ်သူ သတ်မသေပါဘူးလို့ သေချာပေါက်ကြီး မင်း ဘာကြောင့် ပြောနိုင်ရတာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။

"ကျွန်မ အလိုလို သိနေတယ်၊ ကျွန်မ သေသေချာချာ ပြောနိုင်နေတယ်"

သူ၏ဆဋ္ဌမအာရုံအရ သူ သေသေချာချာ သိကြောင်း၊ ယုံယုံကြည်ကြည်ကြီးလည်း ပြောခြင်း ဖြစ်ကြောင်း သူက ပြောပြနေသည်။ မျက်စိမ်ငြိသူများသည် အခြားအာရုံများမှာ ထက်သန်ကြစမြဲဖြစ်သည်။ ထို့အတူ စူဇီသည်လည်း စာမတတ်သူဖြစ်လေရာ သည်လိုနေရာမျိုးတွင် သူ့အာရုံသည် ထက်သန်စမြဲဖြစ်သည်။ ထို့ကြောင့် သူ့ကို ကျွန်တော် ယုံကြည်လိုက်ပါသည်။

"ဒီအတိုင်းဆိုရင်တော့ ဘုရားသခင်ကိုပဲ ကျေးဇူးတင်ရတော့မှာပေါ့ကွာ...သူ့အတွက် ကိုယ်တို့ စိတ်ပူစရာ

အကြောင်းမရှိတော့ဘူးပေါ့"

အပြင်သို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ပောင်ကောင်၏ ရှုးအကျဆုံးသော ရပ်ကွက်ထဲမှာကျွန်တော်တို့ ဖြတ်သန်းမောင်းနှင်နေကြပြီ။ တစ်ဖက်က ပင်လယ်၊ တစ်ဖက်က ကျောက်ဆောင်ကြီးတွေ မိုးနေသည့် တောင်တန်း။ မြေအနေအထားက ကိုက်သုံးလေးရာလောက်ပဲ ကျယ်သည်။ ဆိပ်ကမ်း ဘက်ဆီသို့ လမ်းတိုကလေးတွေက ဖြာထွက်သွားသည်။ ပေါ်တူဂီပိုင် မကာအိုနှင့် ပောင်ကောင် ကို ပြေးဆွဲနေသော ကူးဆို့သင်္ဘော ဗက်ရှမ်းကို လှမ်းမြင်လိုက်ရသည်။ ပြီးတော့ ရွက်ဖွင့်ပြီး ရွေ့လျား နေကြသည့် တုံကင်ပေါင်းများစွာ။ သင်္ဘောပေါင်းများစွာ။

"ရောက်ခါနီးပြီလား စူဇီ"
"ဟုတ်တယ်... ခဏကြာရင် ရောက်တော့မယ်"
"ဒါနဲ့ စကားမစပ် မေးစမ်းပါရစေဦး၊ ဘာကိစ္စအတွက် ဗေဒင်သွားမေးမှာလဲ"
စူဇီသည် အရေးကြီးသည့် အကြောင်းတစ်ခုခု သူ့စိတ်ထဲမှာ ရှိမနေဘဲနှင့်တော့ ဗေဒင်မေးလေ့ရှိသူ မဟုတ်ပေ။
"ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး မေးချင်လို့... နောက်တော့ ကျွန်မ ပြောပြမယ်"
သူက ဖေ့လည်ကြောင်ပတ် ပြန်ဖြေသည်။
"ကောင်းပြီလေ..."
"ဒရိုင်ဘာ ရပ်တော့... ကျွန်မတို့ ဒီကနေ ဆင်းလျှောက်သွားမယ်၊ တောင်ပေါ်ကို တက်ရမှာ" ဟု စူဇီက ပြောပြီး ဒရိုင်ဘာကို ရပ်ခိုင်းလိုက်သည်။

မော်တော်ကားကို ပြန်လွှတ်လိုက်ပြီး လမ်းဘေး လူသွားလမ်းကလေးအတိုင်း လျှောက်ခဲ့ကြသည်။ လမ်းဘေးဈေးဆိုင်တွေ လမ်းသွားလမ်းလာတွေနှင့် ပြည့်ကျပ်နေသည်။ ဈေးဆိုင်တန်းများက တောင်ကမ်းပါးယံ ရောက်တော့ ဆုံးသွားသည်။ ခေါင်းပေါ် တစ်ဖက်တစ်ချက်တွင် လျှော်ပြီး အဝတ်များကို ဂါးလုံးများဖြင့်လျှိုကာ အခြောက်လှန်းထားသည်။ ကျွန်တော်တို့သည် ဥမင်လိုဏ်ခေါင်းတစ်ခုထဲမှာ လမ်းလျှောက် နေရသကဲ့သို့ ရှိသည်။

အပေါ်တက်သည့် လှေကားထစ်များက မဆုံးနိုင်သလို ရှိနေသည်။ အပေါ်သို့ ရောက်လာလေ လှေကားထစ်များက ပိုမိုမက်စောက်လေ ဖြစ်လာသည်။ ထို့ကြောင့် တဖြည်းဖြည်း ချင်း တက်လာရသည်။

ဖိမ်ခံကုလားထိုင်ကြီးတစ်လုံးကို တုတ်နှစ်ချောင်းတပ်ကာ အလုပ်သမားလေးယောက်က ထမ်းလာသည်။ ကုလားထိုင်ပေါ်တွင် ကိုယ်လုံးကိုယ်ထည် သေးသေးနှင့် တရုတ်မအဘွားကြီး တစ်ယောက်က အပေါ်စား စက္ကူယပ်တောင်တစ်ချောင်းကို တဖျပ်ဖျပ်ခပ်ရင်း ထိုင်လိုက်သွားသည်ကို တွေ့ရသည်။

လမ်းဆုံတစ်ခုသို့ ရောက်လာကြသည်။ တစ်ဖက်က ဟင်းသီးဟင်းရွက်ဈေးသို့ သွားသည့်လမ်းဖြစ်သည်။ ဟိုတစ်ဖက်တွင် ယုန်မွေးသည့်လှောင်အိမ်များကို တွေ့ရသည်။ ယုန်မွေးသည့်လှောင်အိမ်များလွန်တော့ လူနေသည့် လှောင်အိမ်များကို တွေ့ရသည်။ တိုက်များကို အထပ်ထပ်ဆောက်ထားသည်။ သစ်သား

အိမ်တွေလည်း ပြွတ်သိပ်နေသည်။ ပြူတင်းပေါက်ကလေးတွေနှင့် လှုဂင်ပေါက်များမှာ ယုန် ဂင်ပေါက် ထွက်ပေါက်များနှင့်ပင် တူသေးတော့သည်။ မြေနေရာနှင့် လူဦးရေ မမျှမတဖြစ်နေရာ အိမ်များကို ဖြစ်သလို ဆောက်လုပ်နေထိုင်ကြရသည်။

အုတ်လှကားများအတိုင်း စူဇီနောက်မှ ကျွန်တော် တက်လိုက်သွားသည်။ ကလေးအော်သံများ၊ လူပေါင်းများစွာတို့ စကားပြောနေကြသည့် အသံများ၊ မာရောင်းမွှေသံများကို နားငြီးလောက်အောင် ကြားနေရသည်။ အလင်းရောင် နည်းပါးလှသည့် အင်္ဂတေခင်းလမ်းကျဉ်း ကလေးအတိုင်း ဆက်လျှောက် လာပြီး တံခါးတစ်ချပ်ကို စူဇီက ခေါက်လိုက်သည်။

ခေါင်းတုံးပြောင်ပြောင်တစ်ခု ပေါ်လာသည်။ ထိုခေါင်းတုံး၏ အောက်တွင် ရင်းရင်း နီးနီးဖြင့် အားပါးတရပြုံးနေသည့် အပြုံးတစ်ခုကို တွေ့ရသည်။ တံခါးကို ကျယ်ကျယ်ကြီး ဖွင့်ပေးသည်။ ထိုအခါ ကျတော့မှ အရောင်ပြယ်လွင့်နေပြီဖြစ်သော သက်န်းရုံထားသည့် တိဘက်ဘုန်းကြီး ဗေဒင်ဆရာကို တွေ့ရတော့သည်။

ကျွန်တော်တို့ကို လက်ဆွဲနှုတ်ဆက်ပြီး အတွင်းသို့ဂင်ရန် ဖိတ်ခေါ်သည်။ မျက်နှာပေါ်ရှိ အပြုံးက မပျက်။ ရှန်ဟဲ တရုတ်စကားဖြင့် ဖော်ရွေစွာ စကားပြောနေသည်။ သူကိုယ်တိုင်လည်း ရှန်ဟဲမှာ မွေးကြောင်း သိရသည်။

အခန်းကို ပတ္တူစဖြင့် ကာထားသည်။ ပတ္တူစအကာ၏ နောက်ဘက်မှ စကားပြောသံများ ထွက်လာသည်ကို ကြားနေရသည်။ လူတွေ အလွန်များဟန် တူသည်။ ထို့ကြောင့် သူတို့ချင်း တိုးတိုးပြောလို့ မဖြစ်နိုင်။ အသားတစ်ခုခုကို ကြော်နေသည့် အညှော်နံ့လည်း မွှန်နေသည်။ အိုးတစ်လုံးတွင်စိုက်ကာ ထွန်းညှိ ထားသော အမွှေးတိုင်များမှ အနံ့ကလည်း တထောင်းထောင်း ထွက်နေသည်။ ညှော်နံ့နှင့် အမွှေးတိုင်နံ့တို့ရောနေသောကြောင့် နှာခေါင်းထဲမှာ မွှန်လာသည်။

အမွှေးတိုင်တင်ထွန်းသည့် ဗေဒင်ဆရာ၏ အပေါ်စား စားပွဲဘေးမှာ သန္နိဋ္ဌာန်နေ့စဉ် ကြယ်စာအုပ်ပုံကြီး ရှိသည်။ လိပ်ခွံနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကိုလည်း တွေ့ရသည်။ စားပွဲမှာ ထောင့်အတွင်း ကျကျတွင် ချထားသည်။ အခန်းတစ်ခုလုံးကို ကြီးမားသော အနက်ရောင် ကုလားထိုင်ကြီးက နေရာယူ ထားသလိုရှိသည်။ ထိုကုလားထိုင်တွင် ကျွန်တော် ထိုင်ရန် ဗေဒင်ဆရာက ပြောသည်။ စားပွဲ တစ်ဖက်တွင် စူဇီကို ထိုင်စေပြီး သူက စားပွဲနောက်မှာ နေရာဂင်ယူသည်။

သည်လို နေရာယူပြီးသောအခါ သူ၏ဗေဒင်ဟောခြင်းလုပ်ငန်း စလေတော့သည်။ စုစုပေါင်း တစ်နာရီလောက်တော့ ကြာပါသည်။ ဗေဒင်ဆရာသည် သူ၏သန္နိဋ္ဌာန် နေ့စဉ် ကြယ်စာအုပ်များကို ကြည့်လိုက်၊ စူဇီ၏ လက္ခဏာကို ကြည့်လိုက်နှင့် အလုပ်များနေသည်။ စူဇီ၏ ခေါင်းကို လည်း ကိုင်ကြည့်သည်။

ထိုအချိန်မှာ ကျွန်တော့်အဖို့ မနေတတ် မထိုင်တတ်ဖြစ်နေမိပါသည်။ ကုလားထိုင်နောက်မှီကလည်း မတ်မတ်ကြီးဖြစ်နေသည်။ ထိုအခိုက် ကျွန်တော့်ကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေကြောင်း သတိထား

လိုက်မိသည်။

အခန်းကို ခြားကာထားသည့် ပတ္တာျူစရှိ အပေါက်ကလေးတစ်ခုမှ နေ၍ ကျွန်တော့်ကို ချောင်းကြည့်နေသော ကလေးမျက်လုံးကလေးတစ်စုကို မြင်ရသည်။ ကျွန်တော်က မျက်တောင်မခတ်ဘဲ တည့်တည့်ကြီး ပြန်စိုက်ကြည့်လိုက်သည်။ ထိုမျက်လုံးကလေးက ချက်ချင်းပျောက်သွားသည်။

တစ်ဖက်သို့ ကျွန်တော် မျက်နှာလွှဲလိုက်သည်။ ထိုအပေါက်တွင် မျက်လုံးကလေး ပြန်ရောက်လကြောင်း မျက်လုံးစွေအကြည့်တွင် မြင်ရသည်။ ကျွန်တော်က ပြန်စိုက်ကြည့်လိုက်ပြန်သည်။ မျက်လုံးကလေး ပျောက်သွားပြန်သည်။ ပြီးတော့ ပြန်ရောက်လာပြန်သည်။ ကျွန်တော် စိုက်ကြည့်လိုက်ပြန်သည်။

သည်အတိုင်း ဆယ့်ငါးမိနစ်လောက်ကြာအောင် ကျွန်တော်တို့ ဆက်ကစားနေကြသည်။ မသက်မသာထိုင်နေရသော ကုလားထိုင်၏ အထိအတွေ့အသိလည်း မရှိတော့ပြီ။ စူဇီက သူ့ကုလားထိုင်မှ နေ၍ ကျွန်တော့်ဘက် လှည့်ကြည့်လိုက်သည့်အချိန်အထိ ထိုမျက်လုံးကလေးနှင့် ကျွန်တော် အပြန်အလှန် ကစားနေခြင်းဖြစ်သည်။

"ကဲ... ပြီးသွားပါပြီ" ဟု စူဇီက ပြောသည်။
သူ့မျက်နှာသည် ကျေနပ်နစ်သိမ့်မှုဖြင့် ဝင်းလက်ရွှင်ပြုံးနေသည်။ သူလိုချင်သည်ကို ကြားသိရသောကြောင့်ဖြစ်သည်။
သူ့ပိုက်ဆံအိတ်ကို ဖွင့်ပြီး ငါးဒေါ်လာတန် တစ်ရွက်ထုတ်ကာ ဗေဒင်ဆရာကို လှမ်းပေးလိုက်သည်။ ဗေဒင်ဆရာက အပေါက်ဝထိ ဖော်ရွေပျူငှာစွာဖြင့် ကျွန်တော်တို့ကို လိုက်ပို့သည်။ အပေါက်ဝရောက်တော့ ရုတ်တရက် နောက်ပြန်လှည့်ပြီး ပတ္တာျူစအပေါက်မှ မျက်လုံးကလေးကို ကြည့်သည်။ မျက်လုံးကလေး ရှိနေပြန်သည်။ သို့သော်လည်း ပျောက်မသွားဘဲ ကျွန်တော့်ကို အံ့သြတကြီး ပြန်ကြည့်နေသည်ကို တွေ့ရသည်။

လာလမ်းအတိုင်း ကျွန်တော်တို့ ပြန်ဆင်းလာကြသည်။ စူဇီသည် ဘာစကားမှမပြောဘဲ ရွှင်လန်းအားရစွာဖြင့် စိတ်ဓာတ်တက်ကြွနေပုံရသည်။ ယုန်လျှောင်အိမ်များကို ကျော်ခဲ့သည်။ ဈေးကို ဖြတ်ခဲ့သည်။ လမ်းပေါ်မှာ ဟင်းသီးဟင်းရွက်အနွမ်းအကြွေပေါင်းစုံဖြင့် ညစ်ပတ်ပေရေနေသည်။ ဟင်းသီး ဟင်းရွက်အပုပ်နံ့များလည်း တဟောင်ဟောင် နံစော်နေသည်။
"ကျွန်မ အင်္ဂလန်ကို သွားရမယ်" ဟု စူဇီက ပြောသည်။

"ဘာ... မင်းဘာပြောလိုက်တာလဲ စူဇီ"
"ကမန်မ အင်္ဂလန်ကို သွားရမယ်၊ သုံးနှစ်အတွင်း သွားရမယ်တဲ့"
စူဇီ၏ လေသံက အလွန်တရာ တက်ကြွနေသည်။
"သိပ်ကောင်းတာပေါ့ စူဇီ... မင်း တကယ်ပြောနေတာလား"
"ဟုတ်တယ်... ဗေဒင်ဆရာက ပြောလိုက်တယ်၊ ဘင်းက ကျွန်မကို ခေါ်သွားလိမ့်မယ်၊ ဟောင်ကောင်မှာ သူ့မိန်းမနဲ့ သူကွာမယ်၊ ပြီးတော့ ကျွန်မကို အင်္ဂလန်ခေါ်သွားမယ်"

"ဟုတ်လား... သိပ်ကို အံ့သြစရာကောင်းတာပေါ့ကွာ... မင်း ဗေဒင်မေးတာ ဒီကိစ္စလား"
"ဟုတ်တယ်... ကျွန်မစိတ်ထဲမှာ သိပ်စိုးရိမ်နေခဲ့တယ်၊ ဘင်းက ကျွန်မနဲ့ အဆက်အသွယ် ဖြတ်ပစ်လိုက်ပြီဆိုပြီး ကျွန်မ အရမ်းကြောက်နေခဲ့တယ်"

ပြီးတော့ သူတို့အကြောင်းကို ဆက်ရှင်းပြနေသည်။ ယခုတလော သူတို့၏ နေ့လယ်စာ စားပွဲများသည် မမှန်တော့။ ဘင်းက သူ့အလုပ်များကို အကြောင်းပြပြီး မကြာခဏ ပျက်နေသည်။ ထို့ကြောင့် စူဇီက တစ်စထက်တစ်စ မသင်္ကာစိတ်တွေ ပိုမိုကြီးထွားလာသည်။ ဘင်းက သူ့ကို မချစ်တော့မှာ အကြောက်ကြီး ကြောက်လာသည်။ ဘင်းသည် တခြား တရုတ်အမျိုးသမီးကလေးတစ်ယောက်ယောက်နှင့် အဆက် အသွယ် လုပ်နေပြီလားဟုလည်း တွေးစပြုလာသည်။

ထိုအကြောင်းများကို စဉ်းစားရင်း စိုးရိမ်စိတ်တွေ ပိုသည်ထက်သာပိုလာရသည်။ ညတိုင်လျှင်လည်း အိပ်မပျော်တော့။ သည်လို အိပ်မပျော်သည်မှာ ယခုဆိုလျှင် ရက်သတ္တနှစ်ပတ်ပင် ကြာမြင့်ခဲ့ပြီ။

"ဒါပေမဲ့ စူဇီ ကိုယ်တော့ လုံးလုံး အကဲမခတ်မိခဲ့ဘူး၊ မင်း ဘာဖြစ်လို့ ကိုယ့်ကို မပြောတာလဲ"
"ကျွန်မ အရမ်းရှက်တယ်၊ မျက်နှာပျက်ရမှာကို သိပ်ကြောက်နေတယ်"
"စူဇီ... ကိုယ့်ကို အမှန်အတိုင်း ဖွင့်ပြောဖို့တောင် ရှက်တယ်ဆိုတော့ လွန်တာပေါ့ကွာ"

"ကျွန်မထင်နေတဲ့အတိုင်းသာ အမှန်ဖြစ်ရင် ကျွန်မရှက်လို့ ဆုံးနိုင်တော့မှာ မဟုတ်ဘူး၊ ကျွန်မ ကိုယ်တောင် ကျွန် ပြန်သတ်မိမလား မသိဘူး၊ အခုတော့ အဆင်ပြေသွားပြီလေ၊ ကျွန်မကို အခုအထိ သူချစ်နေတုန်းပဲ၊ ဗေဒင်ဆရာကလည်း ပြောတယ်၊ မင်းချစ်သူဟာ မင်းကို ချစ်နေတုန်းပဲတဲ့"

"အင်း... ကောင်းတာပေါ့ကွာ မင်း ဘယ်လောက် စိတ်ချမ်းသာသွားတယ်ဆိုတာကို အမူအရာ ကြည့်တာနဲ့ သိနိုင်တယ်၊ ဘာမှအံ့သြစရာမရှိပါဘူး"
"နောက်ပြီးတော့ အင်္ဂလန်ကိုသွားရမယ့် ဇာတာလည်းပါတယ်တဲ့၊ အချိန်ကိုတော့ တိတိကျကျ သူတွက်လို့မရဘူး၊ သုံးနှစ်ဖြစ်ချင်ဖြစ်မယ်တဲ့၊ နောက်နှစ်နှစ်ခွဲကနေ သုံးနှစ်ခွဲအတွင်း သွားရမှာ ဖြစ်နိုင်တယ်လို့ ဟောလိုက်တယ်"

တောင်ခြေသို့ ကျွန်တော်တို့ ရောက်တော့မည်။ မှောင်စလည်းပြုလာပြီ။ ညရောက်လာပြီ ဖြစ်သောကြောင့် စောစောက အခြောက်လှန်းထားသည့် အဂတ်အစားများကိုလည်း အသီးသီး အသက ပြန်ရုပ်သွားကြပြီ။ လမ်းပေါ်မှာ လူတွေကတော့ ကျပ်နေတုန်းဖြစ်သည်။ မော်တော်ကားတွေ၊ ဓာတ်ရထားတွေ ဥဒဟို မောင်းပြေးနေကြသည်။ မြို့ကြီး၏ ဆူညံသံများသည် စက်ရုံကြီးတစ်ရုံ၏ ဆူညံသံများလို ကျွန်တော်တို့နားထဲသို့ အစုလိုက်အပြုံလိုက် ပြေးဝင်လာသည်။

"အင်္ဂလန်ရောက်ရင် ကျွန်မ ဘာဂတ်ရမလဲဟင်၊ တရုတ်အဂတ်အစားဂတ်ရင် ကောင်းမလား၊ ဒါမှမဟုတ် အင်္ဂလိပ်မတွေလိုပဲ ဂတ်ရမလား"ဟု စူဇီက ကျွန်တော့်ကို မေးသည်။
"ဒီကိစ္စ စဉ်းစားဖို့ အချိန်တွေအများကြီး ကျန်ပါသေးတယ် စူဇီရယ်၊ သုံးလေးနှစ်ဆိုတာ အဂေးကြီး

ကျန်သေးတာပဲ"ဟု ကျွန်တော်က ပြန်ဖြေသည်။

"မကြာပါဘူး သုံးနှစ်ဆိုတာ ခဏကလေးကုန်သွားမှာ၊ ပြောစမ်းပါအစ်ကိုရယ်... ဘာဂတ်ရင် ကောင်းမလဲလို့" စူဇီက ဖွတ်ပင် မေးနေတော့သည်။ လန်ဒန်မှာ မင်းကို လူတွေ စိတ်ဝင်စားကြမှာပေါ့"

"ဟုတ်တယ် ကျွန်မကလည်း တရုတ်အဂတ်အစားပဲ ကောင်းမယလို့ ထင်နေတာ" သူက ခေါင်းညိတ်ပြရင်း ပြန်ဖြေသည်။

အောက်ဆုံးသို့ ကျွန်တော်တို့ရောက်တော့ လုံးဂ မိုးချုပ်သွားပြီ။ လမ်းမကြီးပေါ်မှာ နီယွန်မီးရောင်တွေ ထိန်ထိန်လင်းနေပြီ။

ဓာတ်ရထားတစ်စီး ဆိုက်လာသည်။ အပေါ်ဆုံးထပ်သို့ ကျွန်တော်တို့ တက်ခဲ့ကြသည်။ ကားတွေ၊ လူတွေ၊ မီးရောင်စုံတွေကြားထဲမှာ ဓာတ်ရထားက တရိပ်ရိပ်ပြေးနေသည်။ သည်လိုဖြင့် ဂမ်ချိုင်းသို့ ကျွန်တော်တို့ ပြန်ရောက်လာကြသည်။

"ဒီနေ့ညတော့ ကပွဲကို ကျွန်မ ပြန်မသွားချင်တော့ဘူး၊ ကျွန်မ အရမ်းပျော်နေပြီ" ဟု စူဇီက ပြောသည်။

"တစ်နေရာရာမှာ ညစာ သွားစားကြမလားဟင်"

"ကောင်းတယ် ပီကင်းအစားအစာရတဲ့ဟိုတယ်ကို သွားရအောင်လေ" သူက တစ်ချက်ရယ်သည်။

"ကျွန်မတင်ပါးကို တဖြန်းဖြန်း သူရိုက်ပြီး ခေါ်သွားတဲ့ ဟိုတယ်လေ" ဟု ဆက်ပြောသည်။

ဟိုတယ်ကို ရောက်တော့ ဟိုညကထိုင်သည့် စားပွဲမှာပင် ထိုင်လိုပါသည်ဟု သူကဆိုသည်။ သည်လို ထိုင်ရခြင်းအားဖြင့် ဘင်းနှင့် သူ ပြန်လည်ပြီး နီးနီးစပ်စပ်နေရသည်ဟု စိတ်ထဲမှ ခံစားနေနိုင်မည်။ ညစာစားနေသည့် တစ်ချိန်လုံး ဘင်းအကြောင်းနှင့် အင်္ဂလန်သို့သွားရမည့် အကြောင်းများကိုသာ မမောနိုင် မပန်းနိုင် သူပြောနေသည်။

သူစိတ်ချမ်းသာနေသည်နှင့်အမျှ သူ့အမူအရာများ မြူးကြွနေသည်။ ပို၍လည်း သူ လှလာသည်။ သို့သော် သူနှင့် ကျွန်တော်ကား ဝေးကွာလှချေသည်။ ကျွန်တော့်အနားမှာ သူမရှိ။ ကျွန်တော် ဝင်လိုက်မသွားနိုင်သော အိပ်မက်ကမ္ဘာကြီးတစ်ခုထဲသို့ သူရောက်နေသလို ရှိသည်။ နောက်ပြီးတော့ သူနှင့် ကျွန်တော့်ကြားမှာ မှန်ချပ်ကြီးတစ်ခု ခြားထားသလို ဖြစ်နေသည်။

ညစာ စားပြီးသောအခါ သူနှင့်အတူ သူ့အိမ်သို့ ကျွန်တော် လမ်းလျှောက်လိုက်ခဲ့ရမလားဟု ကျွန်တော်က မေးသည်။

"အစ်ကိုလိုက်ချင်တယ်ဆိုရင် လိုက်ခဲ့လေ" ဟု သူက ပြန်ပြောသည်။ ကျွန်တော် လိုက်သည်ဖြစ်စေ၊ မလိုက်သည်ဖြစ်စေ သူ့အတွက် ဘာမှ အကြောင်းထူးတော့မည် မဟုတ်သလိုမျိုး။

"လိုက်ချင်လို့တော့ မဟုတ်ပါဘူး၊ ကိုယ်က တန်းပြန်သွားရရင် ကောင်းမလားလို့"

"ကောင်းပြီလေ... ဂွတ်နိုက်နော်... ဒီညတော့ ကျွန်မ ကောင်းကောင်း အိပ်လို့ပျော်ပြီ"

"ဟုတ်တယ် နှစ်နှစ်ခြိုက်ခြိုက် ပျော်အောင် အိပ်လိုက် စူဇီ"

ဆိပ်ကမ်းဘက်သို့ ကျွန်တော် လျှောက်လာခဲ့သည်။ လမ်းဘေးဆိုင်တွေက မီးတထိန်ထိန်ဖြင့် ခင်းကျင်းရောင်းချနေကြသည်။ တရုတ်ဆီးသီးတွေ အတွဲလိုက် ချိတ်ရောင်းနေသည်ကို တွေ့ရသည်။ ကျွန်တော် ငယ်စဉ် အင်္ဂလန်မှာ နေစဉ်တုန်းက စည်သွပ်ထားသည့် တရုတ်ဆီးသီးကိုသာ အထူးအစားအစာ တစ်ရပ်အနေဖြင့် စားခဲ့ရဖူးသည်။ ယခုလို အစိမ်းလတ်လတ်ဆတ်ဆတ်ကို မစားခဲ့ဖူးချေ။ ဟောင်ကောင်သို့ ကျွန်တော် ရောက်တော့မှပင် စားဖူးခြင်းဖြစ်သည်။

ဆိုင်တစ်ဆိုင်မှာဝင်ပြီး တရုတ်ဆီးသီး ဝယ်သည်။ ဆိုင်ရှင်က အတွဲမှ ခြွေပြီး ချိန်ခွင်ထဲသို့ ထည့်ချိန်သည်။ ပြီးတော့ စက္ကူအိတ်တစ်လုံးမှာ ထည့်ပေးလိုက်သည်။ နမ်ကောက်ဟိုတယ်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။ လန်ချား လေးငါးခြောက်စီးက ကျွန်တော့်ကို ကျော်တက်သွားကြသည်။ နမ်ကောက်ရှေ့သို့ ရောက်သောအခါ ထိုလန်ချားများပေါ်မှ သင်္ဘောသားများဆင်းကြပြီး ပိုက်ဆံပေးကာ ဘားခန်းထဲသို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။

ခန်းမကြီးအတိုင်း ကျွန်တော် ဖြတ်လျှောက်လာခဲ့ပြီး ဓာတ်လှေကားအပေါက်ဝမှာ ရပ်စောင့် နေလိုက်သည်။ ထိုအချိန်မှာပင် ရှော့ဒ်နေအကြောင်းကို စဉ်းစားမိသည်။ သူ့ကိုယ်သူ သက်မသေဟု စူဇီ ပြောသည်မှာ မှန်ပါစေဟုလည်း ဆုတောင်းနေမိသည်။ သူ့လက်ကောက်ဝတ်က သွေးပြင်ကြောကို မဖြတ်ပါစေနှင့်၊ မျက်နှာကြက်မှာ ကြိုးတွဲလောင်းဖြင့် ကျမနေပါစေနှင့်။

ထိုအခိုက် ဓာတ်လှေကား ဆင်းလာသည်။ တံခါးပွင့်သွားသည်။ အတွင်းမှာ ရပ်နေသူကား ရှော့ဒ်နေ။

သူ ခပ်သုတ်သုတ်ထွက်လာသည်။ ဆံပင်တိုတို ညှပ်ထားသော ခေါင်းက ငိုက်စိုက်ကျနေသည်။ သူ ဘယ်ကိုသွားနေကြောင်းလည်း သတိပြုမိပုံ မပေါ်။ ကျွန်တော်ရှိရာ တည့်တည့်ဆီသို့ လျှောက်လာသည်။ ပြီးတော့ ကျွန်တော့်ကို ဝင်တိုးသည်။ လက်ထဲမှ ဆီးသီးထုပ် လွတ်ကျမလို ဖြစ်သွားသည်။ ဆီးသီးအချို့ ထွက်ကျပြီး ကြမ်းပြင်ပေါ်မှာ လိမ့်သွားသည်။ သူက တောင်းပန်စကားပြောသည်။

"ကျွန်တော် ဝမ်းနည်း..."

ထိုမျှပြောပြီး ကျွန်တော်မှန်း မှတ်မိသွားသည်နှင့် စကားဆုံးအောင် မပြောတော့ဘဲ တစ်ပိုင်းတစ်လန်းမှာ ရပ်ပစ်လိုက်သည်။ သူ့မျက်လုံးများသည် ရန်လိုသည့်အသွင်သို့ ပြောင်းသွား ကြပြန်သည်။ ဒေါသရောင်ဖြင့် အရောင်တောက်နေသည်။ တစ်ဆက်တည်း ကျွန်တော့်ကို မမှန်မိတော့သလို အမူအရာပြောင်းလိုက်သည်။ သည်နေရာမှာ ကျွန်တော်ရှိနေသည်ကိုပင် မမြင်တော့သလို ကြိုးစားဟန်ဆောင်လိုက်သည်။ ဖြုန်းခနဲ တစ်ဖက်သို့ လှည့်ကာ ဘားခန်းတွင်းဝင်သွားတော့သည်။

ကျွန်တော် တစ်ကိုယ်တည်း ပြုံးမိပါသည်။ ဘာပဲဖြစ်ဖြစ် လည်ပင်ကြိုးတန်းလန်းနှင့် မြင်ရသည် ထက်တော့ အများကြီး ပိုကောင်းသည်ဟု တွေးလိုက်မိသည်။ သည်လိုဖြစ်လျှင် သူ့လည်ပင်း နာပါ လိမ့်မည်။ ကျွန်တော်ကလည်း သူ့အတွက် စိတ်မကောင်းဖြစ်မိပါလိမ့်မည်။ ငါ တစ်ခုခုလုပ်ပေးနိုင်ခဲ့ရင် ကောင်းပေ

မှာပဲဟု ခံစားမိပေလိမ့်မည်။

ကြမ်းပြင်ပေါ် လိမ့်သွားသည့် တရုတ်ဆီးသီးများကို လိုက်ကောက်ပြီး ဓာတ်လှေကားထဲသို့ ဝင်ခဲ့သည်။ ကြိုးဆွဲဓာတ်လှေကားက အထပ်တစ်ခုသို့ ရောက်တိုင်း "ဂလောက် ဂလောက်"ဖြင့် မြည်သွားသည်။

**စာအုပ် (၂) အခန်း (၅)မျှော်ပါ**

## စာအုပ် (၂) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၅)

**အခန်း(၅)**

(၁)
နောက်နှစ်ရက်ကြာမှ ကျွန်တော့်အခန်းသို့ စူဇီ ရောက်လာသည်။ လာနေကျ အချိန်လည်းမဟုတ်ဘဲ ညနေ သုံးနာရီတွင် ရောက်လာခြင်းဖြစ်သည်။ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေသည်။ တုန်လှုပ် ချောက်ချား နေပုံ ရသည်။ တရားသူကြီးက သူ့ကို သေမိန့်ချကြောင်း စီရင်ချက်ချနေသည်ကို နားထောင်ရလျှင်ပင် ယခု လောက် တုန်လှုပ် ချောက်ချားမည် မဟုတ်ဟု ကျွန်တော် ထင်မိပါသည်။

"စူဇီ ဘာဖြစ်လာတာလဲ" ဟု ကျွန်တော်က ဆီးမေးသည်။
"ဘာမှမဖြစ်ပါဘူး"
နံရံမှာ ကပ်ထောင်ထားသည့် ပန်းချီကားကို သူကြည့်ချင်ယောင်ဆောင်နေသည်။
"ဒီကားကို ဘယ်တုန်းက ဆွဲတာလဲ" ဟုမေးသည်။
"အဲဒီကားလား... ကြာလှပြီလေ... ရက်ပေါင်းကို မရေနိုင်တော့ဘူး"

သူက ခေါင်းညိတ်ရုံသာ ညိတ်သည်။ သူ့ကိုယ်ကို မတ်မတ်ရပ်လိုက်သည်။ ဘင်းနှင့် အတူတူ နေ့လယ်စာ စားပြီး ပြန်လာခြင်းဖြစ်ကြောင်း ကျွန်တော်သိသည်။ နေ့လည်စာ စားရင်း ဘာတွေ ဖြစ်လာခဲ့ကြသနည်းဟု ကျွန်တော် ဆက်စဉ်းစားနေမိသည်။ ဘင်းက သူ့ကို အလိုမရှိတော့ကြောင်း ပြောလိုက်ပြီဟု မှန်းကြည့် မိသည်။ ဘင်းသည် သူနှင့်အတူတူ နေ့လည်စာ မစားနိုင်တော့ဘဲ အလုပ်တွေပိနေသောကြောင့် အလုပ် ကိစ္စများ အတွက်သာ ဖောက်သည်တွေနှင့် အတူ နေ့လည်စာ စားနေရသည်ဆိုသည့် ဇာတ်လမ်းကို ကျွန်တော် မယုံပါ။ ထို့ကြောင့် သူ့ကို ဘယ်နေ့ ပထုတ်လိုက်မလဲဟု ကျွန်တော် မျှော်လင့်နေခဲ့သည်။ ပြီးတော့ ဗေဒင်ဆရာဟောလိုက် သည်ကိုလည်း စူဇီ ယုံသလို ကျွန်တော် မယုံပါ။

သုံးချောင်းထောက်ပေါ် ရှိ ပတ္တူစပေါ် မှာ ပန်းချီကားကို သူ စိုက်ကြည့်နေသည်။
"ဒီဥစ္စာ ဘယ်သူ့ပုံလဲ"

"မင်းပုံလေ"
သူက ထုံထုံ မှိုင်းမှိုင်းဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ပြီးတော့မှ ပြောသည်။
"ကျွန်မ အခုပဲ ဘင်းနဲ့ တွေ့ခဲ့တယ်"
"အိုး... ဟုတ်လား"
"ကျွန်မတို့ ဇာတ်လမ်း ဆုံးသွားပြီ"
"စုဇီ... ကိုယ် စိတ်မကောင်းပါဘူးကွာ"
ကျွန်တော်က မရေမရာ ပြန်ပြောသည်။

"ကျွန်မ ဗေဒင်ဆရာ တစ်ခုခုများတာ ဖြစ်ရမယ်၊ ဘင်းက ပြောတယ်၊ သူ့မိန်းမက အားလုံး သိသွားတဲ့အတွက် တို့ဇာတ်လမ်းကို ရပ်ကြစို့လို့ ဘင်းက ပြောတယ်၊ အိုး... ဟုတ်တယ်၊ သူ့မိန်းမ သိသွားလို့ ကျွန်မတို့ ဇာတ်လမ်း ကို ရပ်ပစ်လိုက်ရတာ၊ သူက ကျွန်မကို အခုထက်ထိ ချစ်နေသေးတယ်၊ သိလား"
ထိုအချက်ကို သူမယုံကြည်ဘဲ ပြောနေခြင်းဖြစ်ကြောင်း ကျွန်တော်သိပါသည်။ သိက္ခာဆည်သည့် အနေဖြင့် ထိုစကားကို သူပြောခြင်းဖြစ်ပါသည်။ သူ့လေသံက ယုံကြည်မှု လျော့ပါး နေကြောင်းကိုလည်း သူ့ဟာသူ ပြန်သိနေပုံရသည်။

"ဟုတ်တယ်... ကျွန်မကို သူချစ်နေတုန်းပဲ၊ သူက ပြောတယ်၊ မင်းကို အသည်းကွဲမတတ် ချစ်ပါတယ် စုဇီရယ်တဲ့... ကိုယ့်ဘဝမှာ ဘယ်သူ့ကိုမှ ဒါလောက် မချစ်ခဲ့ဖူးပါဘူးတဲ့"
ထိုစကားကိုပြောရင်း သူ တောင့်တောင့်ကြီး ရပ်နေသည်။ သူ့မျက်နှာမှာလည်း ဖြူရော်ပြီး တင်းမာ နေသည်။

"ကောင်းပြီလေ... ရုပ်ရှင်သွားကြည့်လိုက်ဦးမယ်" ဟု ဆက်ပြောသည်။
"ရုပ်ရှင်သွားမလို့လား စုဇီ... စကားနည်းနည်း ပြောရအောင် ခဏထိုင်ပါဦး၊ ကိုယ် ရေနွေးကြမ်းအသစ် တောင်းလိုက်မယ်"

"မထိုင်ချင်တော့ဘူး... ရုပ်ရှင်ပဲ သွားကြည့်ချင်တယ်၊ ရောက်စီရုံမှာ ပြနေတဲ့ ရုပ်ရှင်ကားက သိပ်ကောင်း တာပဲတဲ့၊ တေးဂီတ ရုပ်ရှင်လေ သူများပြောတာ အစ်ကိုကြားဖူးတယ် မဟုတ်လား"
"ကောင်းမယ်လို့ ကိုယ်မထင်ပါဘူးကွာ"

"အိုး... အဲဒီကားအကြောင်းကို လူတိုင်း ပြောနေကြတာပဲ၊ ကောင်းလွန်းလို့တဲ့... ကျွန်မတော့ ဒီကားကို အလွတ်မခံနိုင်ဘူး"
တံခါးပေါက်ဆီသို့ သူလျှောက်သွားသည်။ ရုပ်ရှင်ကြည့်ဖို့ ကိစ္စမှတစ်ပါး အခြားဘာကိုမှ ဂရုမစိုက် လေဟန် ကြိုးစား ဟန်ဆောင်နေသည်။
"မင်းနဲ့အတူတူ ကိုယ်လိုက်ကြည့်လို့ ဖြစ်မလား စုဇီ"
"မလိုက်နဲ့... ကျွန်မတစ်ယောက်တည်း သွားမယ်၊ အဲဒီကားကို အစ်ကို စိတ်ဝင်စားမယ်လို့ ကျွန်မ မထင်ဘူး"

တံခါးကို သူဖွင့်သည်။ ပြီးတော့ ခဏရပ်ကာ နောက်သို့ လှည့်ပြီး ပြောသည်။ သူ့လေသံကလည်း ယုံယုံကြည်ကြည် ပြောနေခြင်း မဟုတ်ကြောင်း သိသာသည်။

"ပိုက်ဆံအတွက်ပဲ ကျွန်မက စိတ်မကောင်းဖြစ်တာပါ၊ ဒါပါပဲ သူနဲ့ဇာတ်လမ်းပြီးသွားရတဲ့အတွက် ကျွန်မ စိတ်မကောင်းဖြစ်တာဟာ ပိုက်ဆံ ဆက်မရတော့မယ့် အကြောင်းတစ်ခုပဲ ရှိတယ်၊ ကျွန်မကို သူ မချစ်တော့ဘူး ဆိုရင်တော့ ကျွန်မ စိတ်ထိခိုက်ချင် ထိခိုက်မယ်၊ အခုဟာက သူ့မိန်းမကြောင့် ဖြစ်ရတာ၊ သူ့ မိန်းမ ကြောင့် ဒီဇာတ်လမ်းကို ရပ်ပစ် လိုက်ရတာ၊ အစ်ကို ယုံတယ်မဟုတ်လား"

"ယုံပါတယ် စူဇီ"

ကျွန်တော် လိမ်ပြောလိုက်ရတော့သည်။

"အိုး... ဟုတ်ပါတယ်၊ ဘာမှ စိတ်ပူမနေနဲ့၊ သူ့မိန်းမကြောင့် ဒီလိုဖြစ်ရတာ၊ အခုထက်ထိ ကျွန်မကို သူ အရမ်း ချစ်နေတုန်းပဲ၊ ဒီကိစ္စအတွက် အစ်ကို့အနေစိတ်ပူစရာ အကြောင်းမရှိပါဘူးလေ"

ပြီးတော့ ခပ်တောင့်တောင့်ကြီး ထွက်သွားကာ တံခါးကို ပြန်ပိတ်ထားခဲ့သည်။

(၂)

လသာဆောင်မှ ကုလားထိုင်ပေါ်မှာ ထိုင်ရင်း ဘင်းသည် ခြေထောက်ကို ဆန့်ထားသည်။ လက်နှစ်ဖက်ကို ဂမ်းဗိုက်ပေါ်မှာ တင်ထားသည်။

"ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ဆက်ဆံကြရာမှာ အရေးအကြီးဆုံးက စိတ်ဓာတ်ချင်း ပူးပေါင်း နိုင်ဖို့ဟာ အရေးအကြီးဆုံးပဲ၊ စိတ်ဓာတ်ချင်း အပြန်အလှန် အဖော်သဟဲ ဖြစ်နေဖို့ အဓိကပဲ၊ ခန္ဓာကိုယ် ဆိုတာ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ တစ်ပြားဖိုးတောင် အဓိပ္ပာယ်ရှိတာ မဟုတ်ဘူး"

ဘင်းက ရုတ်တရက် စကားကိုဖြတ်လိုက်ပြီး ကျွန်တော့်ကို လှစ်ခနဲ တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ မခံချိ မခံသာလေသံမျိုးဖြင့် ပြောသည်။

"အေး... ပြုံးပေါ့... ကိုယ့်လူရာ ပြုံးပေါ့... ကိုယ့်လူ ပြုံးချင်ရင် ပြုံးနိုင်ပါတယ်၊ ကိုယ့်ကို ဘယ်လိုမှ မထိခိုက်ပါဘူး"

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ၊ ဘယ်လိုသဘောနဲ့မှ ပြုံးတာမဟုတ်ပါဘူး၊ ကစ်ကက်မှာ ကော်ဖီသောက်ကြရင်း ခင်ဗျားပြောခဲ့ဖူးတဲ့စကားကို ပြန်သတိရလို့ ပြုံးမိတာပါ၊ ယောက်ျား မိန်းမ နီးနှောမှု လျော့နည်းနေရင် လူတွေရဲ့ စိတ်ဓာတ် မမှန်ကန်နိုင်တော့ဘူးဆိုတာ သဘောပေါက်လာပြီလို့ ခင်ဗျား ပြောခဲ့တယ်လေ"

"အဲဒီတုန်းက ပြောခဲ့တာတွေဟာ အလကားပါ... အဓိပ္ပာယ်မရှိ ပြောခဲ့တာတွေပါ၊ အဲဒီ အချိန်ကတော့ ကျုပ်ဟာ ကစားစရာအရုပ်အသစ်ကလေးတစ်ခု ရလာတဲ့ ကလေးတစ်ယောက်လို ဖြစ်ခဲ့တယ်လေ၊ အေး... တစ်ခုတော့ ပြောနိုင်ပါတယ်၊ ဒီအတွေ့အကြုံတွေအတွက်တော့ ကျုပ် ဂမ်းမနည်းပါဘူး၊ ကျုပ်ရဲ့ အသိဉာဏ်တွေ ပွင့်လင်းတိုးတက်လာဖို့အတွက် ဒါဟာ အမှန်တကယ် လိုအပ်တယ်ဆိုတာ ကိုယ် သေသေ ချာချာ

သိပါတယ်၊ ဒီလိုဖြစ်ခဲ့ရတဲ့ အတွေ့အကြုံကြောင့် ကျုပ် အာရုံခံစားတတ်လာတယ်၊ အခုတော့ ဟိုတုန်းက ပြောခဲ့တာတွေဟာ ဘာအဓိပ္ပာယ်မှ မရှိဘူးဆိုတာ ကျုပ် ကောင်းကောင်းသဘော ပေါက်သွား ပြီ၊ လိင်မှုကိစ္စကို အလေးထား တယ်ဆိုတာ တကယ်ကတော့ ဘာမှ အဓိပ္ပာယ်မရှိဘူး"

"သဲကန္တာရထဲမှာရှိနေတဲ့ လူတစ်ယောက်က ရေဟာ ဘာမှ တန်ဖိုးမရှိဘူးလို့ သဘောထားတာနဲ့ တူနေဦးမယ်နော်" ဟု ကျွန်တော်က ပြန်ပြောသည်။

"ကိုယ့်လူပြောတဲ့ အဓိပ္ပာယ်ကို ကျုပ် ကောင်းကောင်းနားမလည်ဘူး"

"ဒီလိုလေဗျာ... သဲကန္တာရထဲမှာရှိနေတဲ့ လူတစ်ယောက်ဟာ ရေကို အလွန်အကျူးသောက်ထားရတယ် ဆိုပါတော့၊ ဒီအချိန်မျိုးမှာ ရေဟာ သဲကန္တာရထဲမှာ ဘယ်လောက်မှ အရေးမကြီးဘူးလို့ ထင်တာမျိုး ဖြစ်နေဦးမယ် လို့ ဆိုလိုတာပါ"

"အင်း... ခင်ဗျားပြောတာ ကျုပ် အရေးမစိုက်ပါဘူး၊ ကျုပ်က ဒီကိစ္စကြီးကို လက်တွေ့ ကြုံတွေ့ ခဲ့ရပြီးပြီလေ၊ မောင်ရင်လည်း တစ်နေ့ကျတော့မှ ကိုယ့်ဘာသာကိုယ် ကြုံရပြီး ကိုယ်တွေ့ သိလာမယ်"

သူသည် တစ်ခါမျှ ယခုလောက် စကားကြီး စကားကျယ်တွေကို မသုံးနှုန်းခဲ့ဖူးချေ။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ... ဒီကိစ္စမှာတော့ ဘယ်လီဇဘက်ဟာ အင်မတန် အံ့သြစရာ ကောင်းလောက် အောင် ကိုင်တွယ် ဖြေရှင်းသွားတယ်၊ တကယ့်ကို မယုံကြည်နိုင်စရာ ကောင်းလောက် အောင်ပါပဲ"

ကျွန်တော့်အခန်းထဲမှ စူဇီထွက်သွားပြီး ခဏအကြာမှာပင် ကျွန်တော့်ကို သူ ဖုန်းလှမ်းဆက်သည်။ ကျွန်တော်နှင့် လာတွေ့ပါရစေဟု ပြောသည်။ ယခု ဖြစ်ရသည့် ကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်ကို ဖြေရှင်း ပြမှ ဖြစ်မည်ဟု သူ ယုံကြည်နေပုံ ပေါက်သည်။

စူဇီနှင့် သူ့အကြောင်း အယ်လီဇဘက်ကို ဖွင့်ပြောလိုက်သည် ဆိုခြင်းမှာ အမှန်ဖြစ်ပါသည်။ အမှားတစ်ခု ကျူးလွန် ထားမိသဖြင့် ဖွင့်ဟဝန်ခံခြင်းမျိုးမဟုတ်။ အယ်လီဇဘက် စိတ်ထိခိုက်စေ လိုသောကြောင့် သူ ဖွင့်ပြောခြင်း ဖြစ်သည်။

သူတို့လင်မယားနှစ်ယောက် ရန်မဖြစ်ကြတော့ဘဲ အဆင်ပြေနေကြပြီဖြစ်ကြောင်း ကစ်ဘက်တွင် ကျွန်တော့်ကို သူပြောပြခဲ့သည်။ သို့သော်လည်း ထိုအခြေအနေကလေးသည် အချိန်ကြာမြင့်စွာ တည်မြဲ မနေ။ ရက်များ မကြာမီမှာပင် လင်နှင့်မယား လျှာနှင့်သွား ဆိုသကဲ့သို့ တကျက်ကျက်ဖြစ်မြဲ ပြန်ဖြစ်ကြ တော့သည်ဟု ဆိုသည်။ သူတို့အိမ်မှာ ညေ့ခံပွဲကလေးလုပ်သည့် ညက သူကလည်း အရက်မူးမူးနှင့် လင်မယား ရန်ဖြစ်ကြသည်။ အယ်လီဇဘက်က အလွန်နာကြည်း စရာကောင်းသည့် စကားလုံး တွေသုံး သည်။

ထို့ကြောင့် သူနှင့်စူဇီ နေ့လည်စာ အတူစားရင်း တွေ့နေကြသည့် ဇာတ်လမ်းကို သူက ဖွင့်ပြောပစ် လိုက်ခြင်း ဖြစ်သည်။

စစချင်းတော့ အယ်လီဇဘက်က မယုံ။ တဖြည်းဖြည်းနှင့် သူ့တစ်ကိုယ်လုံး သွေးဆုတ်သွားသည်။ နောက် ဘာစကားမှ မပြောတော့ဘဲ အိပ်ရာထဲ ဝင်သွားသည်။ ၁၅ မိနစ်ကြာသောအခါ ကားမောင်း ထွက်သွားသံ ဘင်း ကြားလိုက်ရတော့သည်။ ဘင်းက ဂီစကီ ထပ်သောက်ပြီး စိတ်တည်ငြိမ်အောင် ကြိုးစား နေသေးသည်။ ညသန်းခေါင် တိုင်အောင် အယ်လီဇဘက် ပြန်မလာသောအခါ သူ စိတ်ပူစ ပြုလာသည်။

မိတ်တွေအပေါင်းအသင်းများ အိမ်သို့ ဖုန်းဆက်သည်။ ဟိုတယ်များကို ဖုန်းဆက်စုံစမ်းသည်။ သို့သော်လည်း အယ်လီဇဘက်၏ အရိပ်အရောင်ကို မည်သူကမှ မမြင်ကြဟု ပြောသည်။

"ကျွန်မကတော့ ကိုယ့်ဟာကိုယ်များ သက်သေမယ်ဆိုရင် ဟောဒီနေရာကနေ ခုန်ချလိုက်မှာပဲ" ဟု အယ်လီဇဘက်က တစ်ခါပြောဖူးသည့် စကားကို သူအမှတ်ရသည်။ ကျွန်း၏ အစွန်ဆုံးရှိ ကျောက်ဆောင်ကြီး၏ ထိပ်ဖျားနေရာသို့ လမ်းလျှောက်သွားကြရင်း ပြောခဲ့ခြင်းဖြစ်သည်။

အယ်လီဇဘက် သူ့ကိုယ်သူ သက်သေသွားပြီဟု ဘင်းက ယုံကြည်လိုက်သည်။ စိတ်အပူကြီး ပူလာသည်။ ထို့ကြောင့် တက္ကစီကားတစ်စီး လှမ်းခေါ်ပြီး ထိုနေရာကို သွားရှာသည်။ သို့သော်လည်း ဘာအရိပ် အရောင်မှ မတွေ့ရ။

သူပြန်လာတော့ မိုးထိန်ထိန်လင်းနေပြီ။ အိမ်ပြန်ရောက်သောအခါ အယ်လီဇဘက်ကိုမတွေ့ရသေး။ ထို့ကြောင့် ရဲစခန်းများသို့ တကျော့ပြန် ထွက်သွားသည်။ မနက်ရှစ်နာရီခွဲလောက်တွင် အကြီးအကျယ် စိတ်ဆင်းရဲ ခြင်းနှင့်အတူ အိမ်ပြန်ရောက်လာပြန်သည်။ ထိုအခါကျတော့မှ အိမ်ပေါက်ဝမှနေ၍ အယ်လီဇဘက် ကိုယ်တိုင် သူ့ကို ပြုံးရွှင်စွာ ဆီးကြိုနေသည်ကို တွေ့ရတော့သည်။

"အိုး... ဟယ်လို ဒါလင်" ဟု ဘာမှမဖြစ်သလို ပြုံးပြုံးရွှင်ရွှင် ဆီးကြိုနှုတ်ဆက်သည်။ အခါတိုင်း သူ ရုံးမှ ပြန်လာသည့်အခါ ကြိုဆိုနှုတ်ဆက်ပုံမျိုးပင် ဖြစ်နေသည်။ ထိုသို့ ဆီးကြိုရင်း ဘင်း၏ မျက်နှာပေါ်မှ အံ့သြသည့် အမူအရာများကို အယ်လီဇဘက်က သတိပြုမိသွားသည်။

"ဒါလင်... ဘာတွေ လျှောက်လုပ်နေတာလဲဟင်"ဟု ဆက်မေးသည်။
ထိုညက အယ်လီဇဘက်သည် မိတ်ဆွေတစ်ယောက်အိမ်မှာ အိပ်သည်။ ထိုအိမ်ကို ဘင်း ဖုန်းဆက်သေးသည်။ သို့သော်လည်း အယ်လီဇဘက်က မရှိဘူး ပြောပါဆိုသဖြင့် အိမ်ရှင်က ထိုအတိုင်း ဖြေခဲ့သည်။ အိပ်ဆေး သောက်ပြီး သူ အိပ်နေခဲ့သည်။

"အိပ်ဆေးသောက်ပေမယ့် ကောင်းကောင်း အိပ်လို့ မပျော်ပါဘူး... ကြက်အိပ် ကြက်နိုးပါပဲ ဒါလင်ရယ်" အယ်လီဇဘက်က ပြုံးပြုံးရွှင်ရွှင်ကြီး ပြောနေသည်။ ပြီးတော့မှ စာတစ်စောင် ကမ်းပေးသည်။

"အိုး... မေ့နေလိုက်တာ ဒါလင်ရယ်၊ ဟောဒီမှာ ကျွန်မရဲ့ ရာဇဝင်" ဟုလည်း အော်လိုက်သေးသည်။

အယ်လီဇဘက်၏ ရာဇဝင်ကို မိတ်ဆွေတစ်ယောက်၏ မှတ်စုစာရွက်တစ်ရွက်ပေါ်မှာ ရေးထားသည်။ ဘင်းနှင့်အတူ ဆက်လက်ပေါင်းသင်းနေထိုင်ဖို့အတွက် စည်းကမ်းချက်တွေ ရေးထားသည်။

ရုံးချိန်ပြီးသည်နှင့် တစ်ပြိုင်တည်း ကစ်ကက်တွင် လုံး၀ အရက် ၀င်မသောက်ရ၊ စူဇီနှင့် ချက်ချင်း အဆက်အသွယ်ဖြတ်ရမည် ဆိုတာတွေ ပါသည်။

ဘင်း ရွက်တိုက်သည်ကို ကန့်ကွက်မိခြင်းမှာ သူ၏ အမြင် ကျဉ်းမြောင်းခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယခု ရွက်ပြန်တိုက်ခွင့် ပြုကြောင်းလည်း ပါရှိသည်။

"တကယ့်ကို အံ့သြစရာကောင်းပါတယ် ကိုယ့်လူရယ်… ပြဿနာကြီး တစ်ခုလုံးကို လိမ်လိမ်မာမာကလေးနဲ့ ကိုင်တွယ် ဖြေရှင်းပစ်လိုက်တာပဲ၊ အယ်လီဇဘက်လို တော်တဲ့ မိန်းမမျိုး တစ်ရာမှာ တစ်ယောက်တောင် ရှိမှာ မဟုတ်ဘူး၊ အင်း… ဒါလည်း မမှန်သေးဘူး၊ တစ်ထောင်မှာ တစ်ယောက်တောင် မရှိနိုင်ဘူး"
ကျွန်တော် ဘာမှမပြောဘဲ ငြိမ်ထိုင်နေမိသည်။ အယ်လီဇဘက်သည် ယခုထက်ပိုပြီး အလိမ္မာသုံးလိုက်နိုင်ဦးမည် ဆိုလျှင် သူတို့၏ အနာဂတ်ဘ၀သည် ပို၍ပင် ကောင်းမွန်သွားပေလိမ့်ဦးမည်ဟု ကျွန်တော် စဉ်းစားနေမိပါသည်။

ဘင်းက ကျေကျေနပ်နပ်ကြီး ဆက်ပြောနေပြန်သည်။

"ဒီအဖြစ်ဟာ ကျုပ်တို့ အိမ်ထောင်ရေးရဲ့ အလှည့်အပြောင်းကြီးတစ်ခုပဲ၊ ဒါအတွက်တော့ ဘာမှ သံသယဖြစ်စရာ မရှိဘူး၊ ကျုပ်တို့နှစ်ယောက်စလုံး ဘ၀သင်ခန်းစာ ရသွားကြပြီလေ၊ အခုဆိုရင် စိတ်ဓာတ်ရေးရာအရ ဘ၀အဖော်အဖြစ် ကျုပ်တို့ အိမ်ထောင်ရေးကို ခရီးဆက်နိုင်ပြီ၊ စူဇီနဲ့ ဆိုရင်တော့ ဒါမျိုး မရနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် သူနဲ့ ဇာတ်လမ်းကို အပြီးသတ်လိုက်ဖို့တော့ ကျုပ်ဆုံးဖြတ်ပြီးပြီ"
"ကောင်းပါတယ်ဗျာ ခင်ဗျားစိတ်လည်း အနည်ထိုင်လာပြီလို့ ကျွန်တော် ထင်ပါတယ်" ဟု ကျွန်တော်က ပြောသည်။

"ကဲပါ…တည့်တည့်ပဲ ပြောကြပါစို့၊ စူဇီနဲ့ ကျုပ်ရဲ့ ဆက်ဆံရေးဟာ ဇာတ်လမ်းစကတည်းက နိုပ်ခဲ့တာ မဟုတ်ဘူး၊ စိတ်ဓာတ်ရေးရာအရ ပေါင်းလို့ သင်းလို့ရခဲ့တာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ ကျုပ်က သူ့ကို အပြစ်ဆိုနေတာတော့ မဟုတ်ပါဘူး၊ ဒါတော့ မောင်ရင် သဘောပေါက်ထားပါ၊ သူ လုပ်နေရတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ သူကြီးပြင်းလာခဲ့ရပုံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် စူဇီဟာ အင်မတန် တော်တဲ့ မိန်းကလေးဖြစ်တယ်၊ သူ ကျောင်းမနေရတဲ့အတွက် စာမတတ် ပေမတတ် ဖြစ်နေတာ ဟာလည်း သူ့အပြစ် မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျုပ်တို့ နှစ်ယောက်မှာ တူတာ ဘာတစ်ခုမှ မရှိဘူး၊ စကားပြော စရာ ဘာအကြောင်းမှ မရှိဘူး"

"ဒါမျိုးတွေ ကျွန်တော်တို့ အမြဲတမ်း ကြုံတွေ့နေကြရတာပဲ မဟုတ်လားဗျာ"
"ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ကျုပ်တော့ သူနဲ့ပတ်သက်ပြီး ဘယ်လိုမှ စဉ်းစားလို့ မရဘူး၊ သူ့ကို ကျုပ် သတင်းစာဖတ်ပြတယ်ဗျာ၊ စီးပွားရေးလုပ်ငန်းအကြောင်း၊ နိုင်ငံရေးအကြောင်း၊ ရွက်တိုက်တဲ့အကြောင်း၊ ဒါပေမဲ့ သူ ဘာမှ နားမလည်ဘူး၊ ဆာဂင်စတန်ချာချီရဲ့ နာမည်ကိုတောင် သူ မကြားဖူးဘူးဆိုတာ တွေ့ရတော့တယ်" ဟု သူက ပြောသည်။

"အံ့ဩစရာကြီးပါလား... ဟုတ်ကော ဟုတ်ရဲ့လားဗျာ"

"ဒီမှာ ကိုယ့်ဆရာ... သေသေချာချာကို ဟုတ်တာပေါ့၊ ကျုပ်က ပြောပြတယ်၊ ဒါတော့ မင်း ကြားဖူးရမှာပေါ့လို့၊ ဒုတိယကမ္ဘာ စစ်ကြီးအတွင်းက ဗြိတိန်နိုင်ငံရဲ့ ဂန်ကြီးချုပ်ပဲလို့၊ အဲ... အဲဒီမှာ ခွကျပြန်ရော... ဂန်ကြီးချုပ် ဆိုတာကိုလည်း ဘာမှန်း သူမသိဘူး..."

"အင်း... ခင်ဗျား မကြားဖူးဘူး ဖြစ်နိုင်တဲ့ မော်စီတုန်းတို့၊ ဆွန်ယက်ဆင်တို့၊ ချင့်မင်းတို့ ဆိုတာတွေတော့ သူ ကြားဖူးရမှာပေါ့ဗျာ" ဟု ကျွန်တော်က ပြောသည်။

"ရှေ့က နှစ်ယောက်တော့ ကျုပ်သိတယ်၊ ဒါပေမဲ့ နောက်ဆုံး ငတိကိုတော့ မသိဘူး"

"အဲဒါက ငတိမဟုတ်ပါဘူး... ကွယ်လွန်သွားသူတွေကို ဂုဏ်ပြုတဲ့ တရုတ်ပွဲတော်တစ်ခုရဲ့ နာမည်ပါ" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ဩော်... ဟုတ်ပြီ၊ ကျုပ်မှန်မိပြီ၊ တော်တော် အနှောင့်အယှက်ကပေးတဲ့ ပွဲတော်ပဲ၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီပွဲတော်နေ့ ရောက်လာပြီဆိုရင် ကျုပ်ရုံးမှာ ရှိနေတဲ့ တရုတ်အမှုထမ်းတွေ အားလုံးက လစာအပြည့်နဲ့ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးစေချင်ကြတယ်၊ ကျုပ်တို့ကလည်း မလွှဲသာတော့ ပိတ်ပေး ရတယ်၊ သူတို့က ဘာလုပ်တယ်ထင်သလဲ၊ သုသာန်သွားပြီး အမျိုးတွေ အဆွေတွေရဲ့ အုပ်ဂူကို ရှင်းကြတာပဲ၊ ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောရဦးမယ်ဗျာ... အုတ်ဂူတွေ သွားရှင်းတာဟာ မှန်တယ်လို့ ယုံကြည်နေတဲ့ တရုတ်မကလေး တစ်ယောက်နဲ့ ဘယ်လိုလုပ်ပြီး စိတ်ဓာတ်ရေးရာအရ ဘဂကြင်ဖော် ဖြစ်နိုင်ပါ့မလဲ"

သူ ပြန်ဖို့ ထိုင်ရာမှ ထပြီး ပင်လယ်ပြင်သို့ လှမ်းမျှော်ကြည့်သည်။ လေလှော်ရွက်တိုက်အသင်းမှ ရွက်လှေများ ရွက်တိုက်နေကြသည်ကို လှမ်းမြင်ရသည်။ ရွက်ကလေးများမှာ နေရောင်အောက်တွင် ဖွေးဖွေးလှုပ်နေကြသည်။ ဒါကိုမြင်တော့ သူ့မျက်လုံးအစုံမှာ မျှော်လင့်ချက်များဖြင့် အရောင်တဖိတ်ဖိတ် တောက်လာသည်။

"တနင်္ဂနွေနေ့မှာ ကျုပ် လုပ်ရမယ့် အလုပ်ဟာ အဲဒါပဲ" ဟုလည်း ပြောသည်။

"ခင်ဗျား ရွက်တိုက်ခွင့်ရမှာက စနေနေ့ညနေလို့ ကျွန်တော် ထင်ပါတယ်ဗျာ"

ကျွန်တော့်ပါးစပ်မှ စကားမဆုံးမီမှာပင် သူ ရက်မှားပြောမိသည်ကို သူ့ဟာသူ ပြန်သဘောပေါက်သွားပုံရသည်။

"ဟုတ်ပါရဲ့ စနေနေ့ပဲ၊ ကျုပ်ပြောတာလည်း စနေနေ့ကို ပြောတာပါပဲလေ"

သူ့မျက်လုံးများ အရောင်မတောက်တော့ပါ။ တစ်စုံတစ်ရာဖြင့် ရှုပ်ထွေးနေဟန် ပေါ်လာပြန်သည်။

ဆိပ်ကမ်းတွင် တစ်စုံတစ်ရာကို သူ သတိပြုမိဟန်တူသည်။ ကျွန်တော် လှမ်းကြည့်လိုက်သောအခါ ရေတပ်မှ တိုက်သင်္ဘောတစ်စီးနှင့် စခန်းချနေသည့် ဗြိတိသျှ ဘုရင့်ရေတပ်မတော်မှ စစ်သင်္ဘောတစ်စီးကို မြင်ရသည်။

သူ့မျက်လုံးများကို ကျွန်တော် လှမ်းကြည့်လိုက်မိပြန်သည်။ စောစောက ရှုပ်ထွေးနေသည့် အမူအရာများ

လွင့်စင် ကွယ်ပျောက်ပြီး အရောင်တောင်လာပြန်သည်။ စစ်သင်္ဘောကို မြင်ရတော့ စစ်ဗိုလ်ဘဂသို့ သူ ပြန်ရောက်သွားဟန်တူသည်။ သူ စစ်ဗိုလ်ဘဂတုန်းက မိန်းမ မရှိ။ မိန်းမနှင့် ဆက်ဆံခြင်း မရှိ။ စိတ်ကူးယဉ်ခြင်း မရှိ။ စိတ်လှုပ်ရှားခြင်း မရှိ။

သူ မျက်နှာလွှဲလိုက်သည်။ သူ့မျက်လုံးထဲ တောက်ပြောင်မှုတွေ ပျောက်ကွယ်သွားပြန်သည်။ စောစောက ရှုပ်ထွေးသည့် အမူအရာ များ ပေါ်လာပြန်သည်။ သူ့ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်သည်။

"ကျုပ်အတွက် တစ်ခုလောက် လုပ်ပေးပါဗျာ... လုပ်ပေးနိုင်မယ်မဟုတ်လား၊ စူဇီကို ကျုပ် ပိုက်ဆံပေးဖို့ ကြိုးစားပါတယ်၊ အမျိုးမျိုး ကြိုးစားပြီး ပေးကြည့်ပါတယ်၊ ဒါပေမဲ့ ခြူးတစ်ပြားတောင် သူ လက်မခံဘူးဗျာ၊ ဒီတော့ ကျုပ်ကိုယ်စား ခင်ဗျားကပဲ သူ့ကို ညစာလိုက်ကျွေးပေးပါ၊ သူလည်း စိတ်ပြေလက်ပျောက် ဖြစ်သွားအောင်ပေါ့"

ကျွန်တော့်ကို ရာတန်တစ်ရွက် ပြောရဦးမယ်၊ သူက ကျုပ်ကို နည်းနည်းကလေးမှ ဂရုစိုက်တာ မဟုတ်ဘူး၊ သူ တကယ်ချစ်နေတဲ့လူက မောင်ရင်ပဲ ဆိုတာ ကျုပ် အမြဲတမ်း တွေးနေမိတယ်၊ ခင်ဗျား အကြောင်းတွေကို သူပြောပုံကြည့်ရင် သိနိုင်ပါတယ်၊ ကျုပ် အမှန်အတိုင်း ပြောနေတာပါ၊ သူ့တစ်ကိုယ်လုံး မှာ သူ့စိတ်အာရုံထဲမှာ မောင်ရင်သာ ကြီးစိုးနေတာပါ" ဟု သူက ပြောသည်။

"အဲဒါက သူ့တင်ပါးကို ခင်ဗျား လက်ဂါးနဲ့ မရိုက်ခင်က ဖြစ်ပါလိမ့်မယ်ဗျာ၊ တာဖ်ကို အထင်ကြီးတာမျိုး ဖြစ်သွားတယ်"

"ဟုတ်လား... ကျုပ်တော့ မသိပါဘူးဗျာ"

"တကယ် ထိရောက်တယ်ဗျ၊ သူ့တင်ပါးကို ခင်ဗျားရိုက်လိုက်တာ သူ့ကို ခင်ဗျားရဲ့ ကျေးကျွန်ဖြစ်အောင် လုပ်လိုက်တာနဲ့ အတူတူပဲ၊ ခင်ဗျား အယ်လီဇဘက် ကို အဲဒီအတိုင်း စမ်းသပ် ကြည့်စမ်းပါလား"

သူ့မျက်နှာကြီး ပြုံးသွားသည်။

"အယ်လီဇဘက်ကို စမ်းရမှာလား၊ ဒီမှာ ကိုယ့်ဆရာ... ကျုပ် အိပ်မက်တောင် မမက်ရဲ... အေးလေ...တနင်္ဂနွေနေ့မျိုးမှာ လုပ်စရာ အလုပ်တစ်မျိုးတော့ တိုးလာတာပေါ့၊ ကျုပ် စဉ်းစား ကြည့်ပါဦး မယ်လေ"

(၃)

"အဲဒီလူဟာ အလကားလူ၊ နည်းနည်းမှ ကောင်းတဲ့လူ မဟုတ်ဘူး၊ သူနဲ့ ဆက်ဆံဖူးတဲ့ မိန်းကလေးတွေကို ကျွန်မတော့ သနားတယ်၊ နည်းနည်းမှ အသုံးကျတဲ့လူ မဟုတ်ဘူး၊ အမြဲတမ်း လိမ်ညာနေတာပဲ၊ မမှန်တာတွေကိုပဲ အမြဲတမ်းပြောနေတာပဲ၊ "စူဇီ...မင်းဟာ သိပ်ချစ်စရာကောင်းတယ်၊ စူဇီ... ပြီးတော့ မင်းကို လန်ဒန်ခေါ်သွားရမယ်" သူပြောခဲ့တဲ့ စကားတွေလေ... ဟုတ်တယ် ဒီစကားမျိုးတွေ ပြောတာ အကြိမ်ပေါင်း ငါးဆယ် မကဘူး၊ တစ်ရာမကဘူး၊ တစ်ထောင်မကဘူး၊ အဲဒီလိုပြောပြီး အခုတော့ ကျွန်မကို သူ ကန်ထုတ် လိုက်ပြီလေ"

ပြောက်အိုးများ ပေါက်ကွဲသလို စူဇီသည် ကျွန်တော့်အခန်းထဲမှာ ဆောက်တည်ရာ မရနိုင်အောင်

ပေါက်ကွဲလေတော့သည်။

စူဇီ ရုပ်ရှင်သွားမကြည့်ပါ။ တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် ခြေဦးတည့်ရာ လျှောက်နေခဲ့သည်။ သုံးနာရီလောက် ဦးတည်ရာမရှိ လမ်းလျှောက်ပြီး ကျွန်တော့်အခန်းသို့ ပြန်ရောက်လာသည်။ သူ့စိတ်များ ဆောက်တည်ရာ မရလောက်အောင် ခံစားချက် ပြင်းထိန်နေသော်လည်း ကျွန်တော့်အခန်းထဲသို့ ပြန်ရောက်စ တုန်းကမူ မည်သို့မျှ မနာကြည်းသလို ဟန်ဆောင်နေရသေးသည်။

နောက်ဆုံး မထိန်းနိုင်တော့သည့်အဆုံးတွင် အစွမ်းကုန် ပေါက်ကွဲလေတော့သည်။ လေမုန်တိုင်းမွှေသလို အခန်းထဲမှာ ထင်တိုင်းကျဲတော့သည်။ သူ့မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ကျွန်တော့် ဆေးလိပ်ပြာခံခွက်ကို ကောက်ယူပြီး နံရံဆီသို့ တအား လွှဲပေါက်လိုက်သည်။ အစိတ်စိတ် အမွှာမွှာ ကြေမွသွားသည်။ တစ်ခန်းလုံး ပြာခံခွက်အကွဲတွေ ဖုံးလွှမ်း သွားတော့သည်။

ထိုအပြုအမူသည် အလွန်ကျန်းမာသန်စွမ်းသည့် လက္ခဏာဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ပြီးတော့ ကျွန်တော် စိတ်ချမ်းသာသွားသည်။ ဆေးလိပ်ပြာခံခွက်ကွဲသွားတော့ အခန်းထဲရှိ အခြားကွဲနိုင်ရှိနိုင်သည့် အရာအားလုံးကို ကျွန်တော် သိမ်းဆည်းရတော့သည်။

"ဟုတ်တယ်... ကျွန်မကို ကန်ထုတ်လိုက်တယ်၊ ပြီးတော့ ကျွန်မကို ပိုက်ဆံအတင်းပေးနေသေးတယ်"

စူဇီသည် ပန်းချီဆွဲသည့် စုတ်တံတစ်ချောင်းကို ကောက်ယူပြီး ကျွန်တော့်အိပ်ရာကို တဗုန်းဗုန်း ရိုက်နေသည်။ ထိုစုတ်တံကို ကျွန်တော် အသုံးပြုပြီး အမှတ်တမဲ့ မဆေးဘဲ ထားခဲ့မိသည်။ ထို့ကြောင့် စောင်နှင့် အိပ်ရာခင်းများကို ပန်းရောင်ဆေးများ စွန်းကုန်သည်။ စောင်မှ အမွေးများလည်း စုတ်တံမှာ ကပ်ပါသွားသည်။ သူ ဘာကိုင်ထားမိသည်ကိုလည်း သတိပြုမိဟန် မတူ။ သူ့ လက်များမှာ၊ သူ့အင်္ကျီ အစားများမှာ၊ သူ့မျက်နှာမှာလည်း ပန်းရောင်ဆေးများ ပေကျံကုန်သည်။

"စူဇီ... အဲဒီဟာ ကိုယ့်ကို..."

ကျွန်တော်ပြောသည်ကို သူ နားမထောင်ပါ။

"ဟုတ်တယ်... သူက ကျွန်မကို ပိုက်ဆံပေးဖို့ ကြိုးစားသေးတယ်၊ ကျွန်မကို လမ်းပေါ်က ကောင်မလို့ ရှင် ထင်နေသလားလို့ ပြန်မေးလိုက်တယ်၊ မသန့်ရှင်းတဲ့ ရှင့်ပိုက်ဆံတွေ ရှင့်ဟာရှင် သိမ်းထားလို့ ပြန်ပြော လိုက်တယ်"

"ဒီလို ပြန်ပြောလိုက်တာ ကောင်းတာပေါ့ စူဇီ"

ကျွန်တော်က အလိုက်သင့် ပြန်ပြောမိပါသည်။ ပထမတစ်ခေါက် သူ ရောက်လာစဉ်တုန်းက ဒီလိုမဟုတ်။ ငွေအတွက်သာ သူ အဓိကထားပါသည်။ ငွေကြေးမရတော့မည့်အတွက် စိတ်မကောင်းဖြစ်မိပါသည်ဟု ပြောသွားခဲ့သည်။ ယခုတော့ ပိုက်ဆံမလိုချင်ကြောင်း သူငြင်းခဲ့သည်ကို ပြန်ပြောပြနေသည်။ သို့သော်လည်း ခွင့်လွှတ်နိုင်သော အပြုအမူ အပြောအဆိုများသာ ဖြစ်ပါသည်။

"အဲဒီလူ ဒုက္ခရောက်သွားအောင် ကျွန်မ လုပ်ရမယ်၊ ဟုတ်တယ်... လုပ်ကို လုပ်ရမယ်၊ မနက်ဖြန်ကျရင် သူ့ရုံးကို သွားရမယ်၊ သူ့ရုံးက လူတိုင်းကို ပြောပြရမယ်၊ ရှင်တို့ဆရာဟာ အလကားလူလို့ ...ကျွန်မဟာ အပျိုကလေးလို့... မိကောင်းဖခင် သမီးလေးလို့... ရှင်တို့ဆရာက ကျွန်မကို ပန်းကောင်းအညွှန့်ချိုး လုပ်သွားတယ်လို့ ပြောကို ပြောပစ်ရမယ်"

ထိုစကားများကို ပြောရင်း ထိုအချက်အားလုံးသည် အမှန်များချည်း ဖြစ်သည်ဟု သူ ယုံကြည် လာပုံလည်း ပေါ်သည်။ ထိုသို့ ယုံကြည်မှု ရှိလာသည်နှင့်အတူ ပို၍ ဒေါသကြီးလာပြန်သည်။ ဘင်းကို ဒုက္ခပေးနိုင်မည့် အခြားနည်းလမ်းများကိုလည်း သူ စဉ်းစားလာသည်။ ရုံးကိုသာမက အိမ်ကိုလည်း သွားရမည်ဟု ဆိုသည်။ အိမ်မှာရှိနေသည့် အခိုင်းအစေတွေအားလုံး၊ အိမ်ထော်အားလုံးကို သည်အကြောင်း ပြောပြပြီး သူ့အရှက်ခွဲရမည်။

အကောင်းဆုံးနည်းလမ်းကတော့ ဟောင်ကောင်မှာရှိနေသည့် နံပါတ်-၁အင်္ဂလိပ်အရာရှိကြီးထံ စာရေးတိုင်ရမည်။ မည်သို့မည်ပုံ ရေးရမည်ကို သူက ပြောပြမည်။ ကျွန်တော်က လိုက်ရေးပေးရမည်။ နမ်ကောက်ဟိုတယ်ထဲမှာ သူ အရိုက်ခံရသည့် အကြောင်းနှင့် ထိုသို့ လာရိုက်စဉ်က သူ့ကိုယ်သူ ရဲအရာရှိပါဟု အယောင်ဆောင်သွားကြောင်းများ ထည့်ရေးရမည်။ မျက်မြင်သက်သေတွေရှိကြောင်း ဖော်ပြရမည်။ သည်လိုသာ တိုင်စာရေးလိုက်လျှင် သေချာပေါက် သူ ထောင်ကျသွားမည်။

"ဟုတ်တယ်... သူတို့က သူ့ကို ထောင်ထဲ ပို့ပစ်လိုက်မှာ သေချာတယ်၊ နံပါတ် ၁ အင်္ဂလိပ် အရာရှိကြီးက သူ့ကို ထောင်ထဲ ထည့်ပစ်လိုက်မှာပဲ၊ နှစ်နှစ်လောက် ကျသွားနိုင်တယ်၊ သုံးနှစ်လည်း ဖြစ်နိုင်တယ်၊ ဒါမှ သူ့နှာခေါင်း ကျည်ပွေ့ တွေ့သွားမယ်၊ တွေ့လည်း တွေ့ထိုက်တယ်"

ဘင်းကို ထောင်ထဲ ထည့်ပစ်ရမည် ဟူသော စိတ်ကူးပေါ်လာသည်တွင် စူဇီ အတန်ငယ် စိတ်သက်သာသွားပုံရသည်။ သူ့ဒေါသအရှိန်လည်း သိသိသာသာကြီး လျော့ပါးသွားသည်။

"သုံးနှစ်လောက် ထောင်ကျသွားနိုင်တယ်လို့ ကိုယ်တို့ မှန်းကြည့်နိုင်တယ်၊ ဒါကလည်း သူ့အတွက် ထိုက်တန်တဲ့ ပြစ်ဒဏ်ပါပဲ" ဟု ကျွန်တော်ကလည်း သူ့ကို အားပေးအားမြှောက်ပြုသလို ဂင်ပြောပေးရသည်။ စူဇီက စိတ်တုံးတုံးမချနိုင်သေးသလို ပြန်ပြောသည်။

"ဟုတ်တယ်... အဆိုးဆုံးအချိန်တွေနဲ့ သူ ရင်ဆိုင်ရမယ်"

ကျွန်တော်ကပါ ဂင်ပြီး ဘင်းကို အပြစ်တင်ခြင်းနှင့် ပတ်သက်၍မူ သူသိပ်ဘဂင်ကျချင်ပုံမရ။ ယခုကိစ္စသည် သူ့ကိစ္စလုံးလုံးဖြစ်သည်။ ကျွန်တော်နှင့်မဆိုင်။ ထိုမျှမကသေး ဘင်းကိုပင် သူက ကာကွယ် လာပြန်သည်။ ယခုလို ဖြစ်ရသည်မှာ ဘင်းတွင် အပြစ်မရှိ၊ သူ့မိန်းမ အယ်လီဇဘက်ကြောင့်သာ ယခုလို ဖြစ်ရသည်ဆိုကာ အယ်လီဇဘက်အပေါ် အပြစ်အားလုံး ပုချတော့သည်။ သူတတ်စွမ်းသမျှ စကားလုံး မျိုးစုံဖြင့် အယ်လီဇဘက်ကို အပြစ်ဖို့ကာ ဆဲရေးတိုင်းထွာတော့သည်။

အတော်ကလေး ကြာတော့မှ သူ့စိတ်များ ငြိမ်သက်သွားပြီး ပုံမှန်အနေအထားသို့ ပြန်ရောက်လာလေတော့သည်။

"စူဇီ မင်းမျက်နှာ ဘာတွေဖြစ်နေသလဲ သိလား၊ မှန်ထဲမှာ သွားကြည့်စမ်း" ဟု ကျွန်တော်က ပြောလိုက်သည်။

မှန်ထဲမှာ သူ သွားကြည့်သည်။ ညိုးညိုးငယ်ငယ်ကလေး တစ်ချက်ပြုံးလိုက်သည်။

"ဒါတွေက ဘာဖြစ်တာလဲ၊ ပန်းချီဆွဲတဲ့ ဆေးတွေလား၊ နေစမ်းပါစေ... အရေးမစိုက်ပါဘူး"

သို့သော်လည်း ချက်ချင်းဆိုသလိုပင် သူ ပြုံးလာပြန်သည်။ သူ့ကိုယ်သူ ကြိုးစားပြီးပြုံးသည့် အပြုံးမျိုး လည်း ဖြစ်သည်။

"ကျွန်မ သူ့ရုံးကို သွားရမယ်၊ ကျွန်မ အပျိုစင်ကလေး မဟုတ်ဘူးဆိုတာ သူတို့သိမှာမှ မဟုတ်ဘဲ၊ သူ ဒုက္ခမျိုးစုံ ရောက်သွားအောင် ကျွန်မ လုပ်နိုင်တယ်"

"ကိုယ်ကတော့ ဘုရင်ခံဆီ စာရေးပြီးတိုင်တဲ့ အကြံဉာဏ်ကိုပဲ ပိုသဘောကျတယ်"

ကျွန်တော့်စကားကိုကြားတော့ ကျွန်တော့်ကို သောကမျက်လုံးများနှင့် သူ လှမ်းကြည့်ပါသည်။ သူ ခြိမ်းခြောက် နေသည့် အတိုင်း မလုပ်ဖြစ်အောင် ကျွန်တော်ကများ ဂင်ရောက်ဟန့်တားလေမည်လားဟု စိုးရိမ်ပုံ လည်း ပေါ်နေသည်။

"မတိုင်ဘူး.... တိုင်စာရေးတာ မကောင်းဘူး၊ တိုင်စာရေးရင် သူ့မိန်းမဘာအပြစ်မှ ရမှာ မဟုတ်ဘူး၊ ထောင်ထဲကို သွားရမှာက သူ့မိန်းမ၊ သူ့မိန်းမကို ထောင်ထဲ ထည့်ပစ်ရမယ်"

သူ့လက်များကို ပြန်ကြည့်ရင်း သူ ခစ်ခနဲ တစ်ချက်ရယ်လိုက်သည်။

"ပေကျံနေတာပဲ"ဟုလည်း ပြောသည်။

"ဟောဒီမှာ ဖမ်း"

ဆေးချွတ်ဆီသုတ်ထားသော အဂတ်စကို သူ့ဆီသို့ ကျွန်တော် လှမ်းပစ်ပေးလိုက်သည်။

"ဒါလောက်တောင် ဒေါသတွေပေါက်ကွဲပြီးမှတော့ မင်း တအား ဆာနေရောပေါ့ စူဇီ... ကိုယ်တို့ တစ်ခုခု သွားစားကြရအောင်လား"

"မစားဘူး... ဘာတစ်ခုမှလည်း မျိုလို့ကျမှာ မဟုတ်ဘူး"

"ဒါပေမဲ့ ကြိုးစားပြီး စားကြည့်ပါဦးလား၊ ဘာဖြစ်လို့လဲဆိုတော့ ဘင်းရဲ့ ပိုက်ဆံကို ကိုယ် လက်ခံထားတာနဲ့ ပတ်သက်ပြီး မင်းစိတ်ထဲမှာ လိပ်ပြာမသန့် ဖြစ်လာလိမ့်မယ်၊ အဲဒီလိုဖြစ်တာကိုတော့ ကိုယ်မခံနိုင်ဘူး၊ မင်းကို ညစာလိုက်ကျွေးဖို့ ဒေါ်လာတစ်ရာ ကိုယ့်ဆီမှာ ရှိနေတယ်၊ လာပါကွာ... ကိုယ်တို့ဟာ ကိုယ်တို့ စိတ်ချမ်းသာအောင် ကြိုးစားကြည့်ကြသေးတာပေါ့" ဟု ကျွန်တော်က ထပ်မံ တိုက်တွန်း မိသည်။

သည်တစ်ခါတော့ သူ လက်ခံလိုက်ပါသည်။ သို့သော်လည်း လိုလိုလားလားကြီးတော့ မဟုတ်။ သူ့လက်နှင့် မျက်နှာမှာပေနေသည့် ဆေးများကို ဆေးကြောပြီးသောအခါ ကျွန်တော်တို့ အပြင်ထွက် လာကြသည်။ တာဂန်ချိန်ပြီးသဖြင့် အိမ်ပြန်တော့မည့် အတောင်းကို ဓာတ်လှေကားနားမှာ တွေ့ရသည်။ ကျွန်တော်တို့ကို သူက ပြုံးနှုတ်ဆက်သည်။

"ဆရာ့သူငယ်ချင်းတော့ အပြင်ထွက်သွားတယ်၊ ဆရာ လုံခြုံသွားပြီပေါ့" ဟု အတောင်းက ပြောသည်။

"ဘုရားသခင်ရဲ့ ကျေးဇူးပေါ့ကွာ"ဟု ကျွန်တော်က ပြန်ပြောသည်။ စူဇီကိုရော ကျွန်တော့်ကိုပါ စကားမပြောဘဲ နေသည်။ အတောင်းကလည်း ကျွန်တော်တို့နှစ်ယောက်ကို သူ ကြားဂင်ဖျန်ဖြေ စေ့စပ်ပေး၍ မရနိုင်မှန်း သိနေသောအခါ ရော့ဒ်နေ၏ လှုပ်ရှားမှုမှန်သမျှ ကျွန်တော့်ကို မှန်မှန် သတင်းပို့ပေးနေသည်။ ထို့ကြောင့် ရော့ဒ်နေနှင့် တွေ့ပြီး စိတ်အနှောင့်အယှက် ဖြစ်ရမည့် အန္တရာယ်ကို ကျွန်တော် သတိထား ရှောင်တိမ်းနိုင်ခဲ့သည်။

"အဲဒီ လိပ်ပြာတောင်ပံခတ်သလို အင်မတန်မိုက်မဲတဲ့ သတ္တဂါပဲ" စူဇီက လက်နှစ်ဖက်ကို လိပ်ပြာ တောင်ပံခတ်သလို ခတ်ပြရင်း ပြောသည်။

"အင်း... ကျွန်မ စိတ်တော်တော် ငြိမ်သွားပြီ၊ ဟုတ်တယ်... အခုမှ ကျွန်မ တကယ်ဆာလာတယ်"

"သိပ်ကောင်းတာပေါ့ စူဇီ... ကိုယ်တို့ ဘယ်ကိုသွားရင် ကောင်းမလဲ"

"ဆိုင်သေးသေး ကလေးတစ်ခုကို သွားမယ်၊ မဟုတ်သေးဘူး... မဟုတ်သေးဘူး ဟိုတယ်ကြီးကြီး တစ်ခုကို သွားမယ်၊ ဟုတ်တယ် တီးဝိုင်းလည်းရှိတဲ့ ဟိုတယ်အကြီးကြီးကို သွားမယ်၊ ဒါမှ ကျွန်မတို့ စိတ်ချမ်း သာအောင် အဲဒီလူ လုပ်ပေးသလို ဖြစ်တော့မှာပေါ့"

ကိုလုန်းမှာရှိသော ဟိုတယ်တစ်ခုကို ကျွန်တော်တို့ ရွေးလိုက်ကြသည်။ ကလည်း ကနိုင်သည်။ ဟိုတယ်က တီးဝိုင်းနှင့်လည်း ဖျော်ဖြေသည်။

ထိုဟိုတယ်သို့ သွားမည်ဆိုလျှင် စူဇီ အဝတ်အစား ပြန်လဲရမည်။ ထို့ကြောင့် နောက် လေးဆယ့်ငါးမိနစ်အကြာတွင် သဘော်ဆိပ်မှာ တွေ့ရန် ကျွန်တော်တို့ ချိန်းလိုက်ကြသည်။

စူဇီပြန်သွားတော့ ကျွန်တော့်အခန်းသို့ ပြန်လာပြီး အဝတ်အစားလဲသည်။ နက္ကတိုင်တပ်သည်။ ထို့နောက် ကမ်းနားမှ အင်္ဂတေလမ်းတစ်လျှောက် ကျွန်တော် လျှောက်လာခဲ့သည်။

သဘော်ဆိပ်သို့ ကျွန်တော် အရင်ရောက်နှင့်သည်။ စူဇီကို စောင့်ရင်း ဆိပ်ခံဖောတံတားမှာ ကြိုးချည်ထားသည့် သမ္ဗန်ကလေးထဲတွင် မာကျောင်း ကစားနေကြသော မိန်းမတစ်ယောက်နှင့် ယောကျ်ား တစ်ယောက်ကို ကျွန်တော် ကြည့်နေမိသည်။ အောက်လင်းဓာတ်မီး ထွန်းထားသည်။ အလယ်မှာ စက္ကူ သေတ္တာတစ်လုံး ချခင်းပြီး ထိုပေါ်မှာ မာကျောင်းမွှေ နေခြင်းဖြစ်သည်။ လှိုင်းပုတ်သောကြောင့် သမ္ဗန် ကလေး က ယိမ်းထိုးနေသည်။ သူတို့ကား မမှု။

ထိုအဖြစ်ကို ကြည့်ရင်း လှိုင်းမူးသလို မူးနောက်နောက်ဖြစ်လာသောကြောင့် ဆက်ကြည့် မနေတော့ဘဲ တစ်ဖက်သို့ လှည့်လိုက်သည်။

ထိုအချိန်မှာပင် လန်ချားစီးပြီး စူဇီ ရောက်လာသည်ကို တွေ့ရသည်။ အဖြူရောင် ဘေးကွဲ တရုတ်ဂါဝန်ပေါ်တွင် ဘရိုကိတ်အင်္ကျီမှ ရွှေချည်မျှင်များနှင့် လိုက်ဖက်စေရန် ရွှေရောင်လက်ကိုင်အိတ်ကို ကိုင်ထားသည်။ သူ့လက်သည်းများ ကိုလည်း ဆေးအသစ် ဆိုးလာသည်။

"စူဇီ လှလိုက်တာကွာ၊ ဒါလောက် အချိန်ကလေးအတွင်းမှာ မင်း သေသေချာချာ အလှပြင်နိုင်ခဲ့တာပဲ"ဟု ကျွန်တော်က ဆီးကြိုပြောသည်။

"ကျွန်မ အရမ်းဒေါသဖြစ်လာတယ်၊ အဲဒီလန်ချားပေါ် တက်တုန်းက ကျွန်မ ခြေအိတ် ငြိပြီး စုတ်သွားတယ်"

စုဇီက ပြောပြောဆိုဆို ကိုယ်ကိုလိမ်ကာ နောက်ဘက်သို့ ပြန်ကိုင်းပြီး သူ့ခြေအိတ်ကို စစ်ဆေး ကြည့်နေသည်။

"တံစို့ကလေးနဲ့ လျှိုပြီး သီမထားလိုက်ဘူးလား"
"ဘာလဲ တံစို့ ..."
"မင်း မသိဘူးလား ... သင်္ဘောပေါ်ကျတော့မှ ပြမယ်"
ဆံုလည် ဒလက်တံခါးမှ ကျွန်တော်တို့ ဝင်လာကြတော့ ကျွန်တော့် လက်မောင်းကို သူက ဆွဲကိုင်လိုက်လာသည်။

"ကျွန်မ အခု ပျော်နေပြီ အစ်ကို၊ သိလား ကျွန်မစိတ်ထဲမှာ သိပ်ကို ကြည်နူးနေပြီ"
တကယ်ဆိုတော့ သူကြိုးစားပြီး ရွှင်မြူးဟန်ဆောင်နေခြင်းဖြစ်ပါသည်။ ခံစားနေရသည်။ စိတ်ဝေဒနာကို ဟန်ဆောင်ပြုံးကလေးအောက်မှာ အထင်းသား မြင်တွေ့နေရသေးသည်။ မည်သို့ဆိုစေ ဇာတ်လမ်းအားလုံး ဆုံးသွားပြီ ဆိုသည့် အဖြစ်ကိုမူ သူ ကောင်းကောင်း လက်ခံထားပြီး ဖြစ်သည်။ သို့ကလို ဇာတ်လမ်းပြီး ဆုံးသွားသည့်အတွက် သူ စိတ်ဆင်းရဲမခံတော့ဟု သူ့စိတ်ကို သူ ဆုံးဖြတ် ထားဟန် လည်း တူသည်။

ကူးတို့ သင်္ဘောပေါ်ရောက်တော့ ကျွန်တော်တို့သည် အမေရိကန်သို့ သွားမည့် ပင်လယ်ကူး သင်္ဘောကြီး တစ်စီးပေါ်သို့ ရောက်နေသည့်အလား သူ ဟန်ဆောင်နေသည်။ သူ့လက်ကိုင်ပဝါကလေးကို မြှောက်ကာ ယမ်းကာဖြင့် ဘင်းကို လှမ်းနှုတ်ဆက်သလိုလည်း ပြောနေသည်။

"ဂွတ်ဘိုင်... ဂွတ်ဘိုင်... ရှင့်ကို ခွဲထားခဲ့ရတာ စိတ်မကောင်းပါဘူးရှင်၊ ကျွန်မ အမေရိကန် သူဌေးတစ်ယောက်နဲ့ လက်ထပ်ရတော့မှာမို့ သွားရတာပါ"
တစ်ဖက်ကမ်း ကိုလုန်းမှာ ကျွန်တော်တို့ ကူးတို့သင်္ဘော ကပ်တော့လည်း သူက ပြောသေး သည်။
"နယူးယောက်မြို့ကြီးမှာ တရုတ်လူမျိုးတွေ ဒါလောက်များမှန်း ကျွန်မ မသိဘူး၊ ကိုလုန်းအတိုင်းပဲနော်"

ဘင်း၏ ပိုက်ဆံနှင့် တက္ကစီကားဖိုးတော့ ကျွန်တော်တို့ တတ်နိုင်သည်ဟု သဘောရကြသည်။ သို့သော်လည်း တက္ကစီကားတစ်စီးမျှ မတွေ့ရ။ သို့ဖြစ် လန်ချားနှစ်စီး ခေါ်လိုက်ရတော့သည်။
နသန်လမ်းပေါ်သို့ တက်ခဲ့ကြသည်။ ဘက်စ်ကားများ၊ ကိုယ်ပိုင်ကားများဖြင့် ကျပ်ညပ်နေသည်။ လန်ချား သမားကတော့ ထိုယာဉ်ပေါင်းစုံတို့ကြားမှာ ခြေလှမ်းမှန်မှန်နှင့် ဆွဲပြေး နေသည်။ ခြေထောက်မှာ ဘာမှ စီးမထား။ မာကျောသည့် လမ်းပေါ်မှာ ပြေးနိုင်လောက်အောင် သူတို့ခြေထောက်များကလည်း မာကျော နေချေသည်။ ကျွန်တော့် လန်ချားသမား၏ အင်္ကျီမှာ အစုတ်အပြဲတွေ ဗရပွနှင့် ဖြစ်သည်။ သူ့လက်ပြင် ကြွက်သားများ ခုံးခုံးထသွားသည်ကိုပင် မြင်နေရ သည်။

မီးပွိုင့်များမှာ ရပ်စောင့်ကြသည်။ မီးစိမ်းတော့ ဘယ်ဘက်လမ်းအတိုင်း လိုက်ခဲ့သည်။ အနီရောင် နီယွန်မီးချောင်းဆိုင်းဘုတ်ကြီးနှင့် အဆောက်အအုံရှေ့မှာ ရပ်ကြသည်။ ဆိုင်းဘုတ်က စာတန်းကြီး ပေါ်လာသည်။ ပျောက်သွားသည်။ တစ်လုံးချင်းပေါ်လာပြန်သည်။ အတန်းပြည့်သွားတော့ ပျောက်သွား သည်။ နောက် အတန်းလိုက် ပြန်ပေါ်လာသည်။ ပျောက်သွားသည်။ နောက် တစ်လုံးချင်း ပြန်ပေါ် လာပြန်သည်။

အပေါ်ဆုံးထပ်ရှိ စားသောက်ခန်းသို့ ဓာတ်လှေကားဖြင့် တက်ခဲ့သည်။ အဖြူရောင် ညစာဂတ်စုံ ဂတ်ထားသည့် တရုတ်မန်နေဂျာက လူများပြည့်ကျပ်နေသည့် ခန်းမကြီးထဲသို့ ကျွန်တော်တို့ကို ဦးဆောင်ခေါ်သွားသည်။ စားပွဲပေါင်းများစွာမှ ပါတီပွဲတွေ ခင်းကျင်းဧည့်ခံနေသည်ကို တွေ့ရသည်။ တရုတ်လူမျိုးတွေရော ဥရောပတိုက်သားတွေပါ အစုံ ဖြစ်သည်။ အများစုက ညစာစားပွဲ ဂန်စုံများကို ဂတ်ဆင်ထားကြသည်။

တွဲကဖို့ နေရာရှိသည်။ တီးဝိုင်းတစ်ခုလည်းရှိသည်။ စူဇီသည် တရုတ်မန်နေဂျာ ခေါ်ဆောင်ရာသို့ ဟန်နှင့်ပန်နှင့် ကျွန္တေြကီးတစ်ခွဲသားနှင့် လိုက်သွားသည်။ ဟောင်ကောင်သို့ရောက်စ ကာလပ်ခန်းမတွင် အလုပ်လုပ်စဉ်က သည်လိုနေရာမျိုးတွေကို သူ အကြိမ်ကြိမ် လာခဲ့ရဖူးသည်။ ထို့ကြောင့် သည် နေရာများ နှင့် သူ ကောင်းစွာ အကျွမ်းတဂင် ဖြစ်နေသည်။

တီးဝိုင်းနှင့် ပေအနည်းငယ်သာ ကွာဂေးသည့် စားပွဲတစ်လုံးတွင် ကျွန်တော်တို့ကို မန်နေဂျာက နေရာချထားပေးသည်။ ကျွန်တော်က ဈေးများမနေတော့ဘဲ လက်ခံလိုက်တော့မလို ပြုသည်။ သို့သော် စူဇီက ဂင်ပြောသည်။

"ဒီနေရာက သိပ်ဆူလွန်းတယ်၊ ဟောဟိုက စားပွဲက ပိုကောင်းမယ်"

"အဲဒီစားပွဲက သီးသန့်စားပွဲပါခင်ဗျာ၊ (သီးသန့်) ဆိုတဲ့ စာတန်းကလေးတင်ထားတာ မြင်တယ် မဟုတ်ပါလားခင်ဗျာ"

မန်နေဂျာက အပြုံးကလေးဖြင့်ပြောသည်။

"ဒီစားပွဲမှာ ထိုင်ရရင်တော့ ကျွန်မတို့ နားပင်းတော့မှာပဲ"ဟု စူဇီကပြန်ပြောသည်။

"ဂမ်းနည်းပါတယ်ခင်ဗျာ လွတ်တဲ့ စားပွဲဆိုလို့ ဒီတစ်လုံးပဲ ကျန်ပါတော့တယ်"

"ကောင်းပြီလေ... ကျွန်မတို့ တခြားဟိုတယ်ကို သွားကြတာပေ့ါ၊ ရှင်တို့ ဟိုတယ်က သိပ် ဈေးကြီးယူတယ်၊ ကျွန်မတို့ကလည်း ဈေးကြီးကြီးပေးပြီး နားအပင်းတော့ မခံနိုင်ဘူး" ဟု စူဇီက ပြန်ပြော သည်။

"ကောင်းပါပြီခင်ဗျာ.... ပါတီလုပ်မယ့်သူတွေက အဲဒီစားပွဲကို မသုံးတော့ဘူးနဲ့ တူပါတယ်၊ ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

(သီးသန့်) ဆိုသော စားပွဲဆီသို့ ကျွန်တော်တို့ကို ခေါ်သွားသည်။ စားပွဲပေါ်က (သီးသန့်) ဆိုသော စာတန်းရေးထားသည့် သစ်သားတုံး ကလေးကို ကောက်ယူလိုက်သည်။ ကျွန်တော်၏ စီးကရက်ကိုလည်း မည်သို့မျှ မထူးခြားသော အမူအရာနှင့် မီးညှိပေးနေသည်။ ထို့နောက် စားပွဲထိုး တစ်ယောက်ကို လှမ်းခေါ်ပြီး ကျွန်တော်တို့ စားပွဲနားမှာ နေစေကာ ထွက်သွားတော့သည်။

သူထွက်သွားတော့ ကျွန်တော် အားပါးတရ ရယ်လိုက်မိပါသည်။

"စူဇီ...သူကတော့ မင်းကို အရမ်း အထင်ကြီးသွားပြီ၊ ကိုယ်လည်း မင်းကို အရမ်းအထင်ကြီးလိုက်မိတယ်၊ မင်းကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်နဲ့ ... ဟိတ်ကြီး ဟန်ကြီး အပြည့်နဲ့ပဲကွာ"

"ဘာလဲ… အဲဒီ ဟိတ်ကြီးဟန်ကြီးဆိုတာ ဘာအဓိပ္ပာယ်လဲ" စူဇီက ကျွန်တော်သုံးလိုက်သည့် အင်္ဂလိပ်စကားလုံး၏ အဓိပ္ပာယ်ကို နားမလည်သောကြောင့် ပြန်မေးသည်။

"ဟောဒီအခန်းထဲမှာရှိနေတဲ့ မိန်းမတွေအားလုံးထက် မင်းက သာသွားပြီလို့ ဆိုလိုတာပါ"

စားသောက် စာရင်းစာအုပ်ကို စားပွဲထိုးက သူ့လက်ထဲ ထည့်ပေးသည်။ ကျွန်တော်က မေးငေါ့ ပြလိုက်သည်။

"ကဲ… မင်း ဘာစားမလဲ ကြိုက်ရာ မှာ…"

ကျွန်တော့်စကားဆုံးတော့ မနေတတ်မထိုင်တတ်သည့် အမူအရာမျိုးဖြင့် ကျွန်တော့်ကို မော့ကြည့်သည်။ သည်တော့မှ စာမတတ်သည့် အကြောင်းကို ကျွန်တော် ချက်ချင်း သတိရတော့သည်။ ထို့ကြောင့် ကျွန်တော် ရယ်လိုက် မိပြန်ပါသည်။

"စူဇီ… ကိုယ့်အဖြစ်က ဘယ်လောက် ရယ်စရာကောင်းသလဲကွာ၊ အခုမှပဲ ပေါ်တော့တယ်… မင်း ဟန်ဆောင် ကောင်းပုံကြောင့် စာမတတ်တာကို ကိုယ်တောင် မေ့သွားတော့တယ်"

"ကျွန်မအတွက် အစ်ကို ရှက်သွားပြီပေါ့လေ"

"ဘာလို့ ရှက်ရမှာလဲ စူဇီ၊ ဒီစကားမျိုး နောင်တစ်ခါ ပြောကြည့်… မင်းကို မှောက်လျက်ထားပြီး ဘင်းက ရိုက်သလို ကိုယ်ရိုက်ပစ်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဒီအခန်းထဲမှာရှိတဲ့ လူတွေအားလုံး မင်းကို ငေးနေကြတာကို တွေ့တယ်၊ ဒါကြောင့် မင်းအတွက် အများကြီး ဂုဏ်ယူလိုက်မိတယ်"

တကယ်ပဲ ကျွန်တော် ဂုဏ်ယူမိပါသည်။ သူ့လို ချစ်စရာကောင်းသည့် မိန်းမချောကလေးနှင့် တွဲလာရသည့်အတွက် ကျွန်တော် အမှန်ပဲ စိတ်ကြီးဝင်မိပါသည်။

ကျွန်တော်တွေ့မြင်ခဲ့ရသည့် ကာလတစ်လျှောက်လုံးတွင် စူဇီသည် ယနေ့ည ချစ်စရာ အကောင်းဆုံး ဖြစ်နေပါသည်။ အဖြူရောင် ဘေးကွဲ တရုတ်ဂါဝန်ကို သူဝတ်ထားသည်။ ပိတုန်းရောင်လို နက်မှောင်နူးညံ့သည့် ဆံပင်များက ပခုံးပေါ်မှာ ဂဲပုံကျနေသည်။ ဖြူအေးသော သူ့မျက်နှာလေးကို အနက်ရောင် ဘောင်ခတ် ပေးထားသလို ဖြစ်နေသည်။ ထိုအနက်ရောင် ဘောင်ထဲမှ မွန်ဂိုလီယံအနွယ် ပါးရိုး ကားကား နှင့် ဘဲဥသဏ္ဌာန် မဟူရာရောင် မျက်လုံးအစုံတို့က ရွှန်းလက်နေသည်။

ထိုမျှမက တည်ကြည်ခန့်ညားသော ဗိုင်းကောင်းကျောက်ဖိ သူ့အမူအရာကလည်း လေးစား လောက်ပါ ပေသည်။ တရုတ်လူမျိုးတို့၏ အမူအကျင့်အတိုင်း ကုလားထိုင် နောက်မှီကို မမှီဘဲ မတ်မတ်ကလေး ထိုင်နေပုံ၊ သူ့အင်္ကျီကော်လာ ကျပ်ကျပ်က မြင့်နေပုံတို့မှာ အလွန်ကြည့် ကောင်းလှ ပါသည်။

အင်္ဂလန်တွင် ဗိတိုရိယခေတ်တုန်းက အမျိုးသမီးများ ကော်လာမြင့်မြင့်နှင့် ဂါဝန်များကို ဝတ်လေ့ ရှိခဲ့ကြသည်ကို ကျွန်တော် ပြန်သတိရနေမိသည်။ သူတို့၏ လည်ပင်းသားကို အခြားသူများ မမြင်စေ လိုသောကြောင့် ဖုံးကွယ်သည့် အနေဖြင့် ဝတ်ဆင်ခဲ့ကြခြင်း ဖြစ်သည်။ ယခုတော့ သည်အမြင် ကလေးက ကျွန်တော့် စိတ်ကို ရွှင်မြူးစေ ပါတော့သည်။

"ဟောဟိုလူတွေ ပီကင်းဘဲကင် စားနေကြတယ်၊ အစ်ကိုရော ပီကင်းဘဲကင် ကြိုက်သလားဟင်"ဟု စူဇီက

မေးသည်။

"ကိုယ် တစ်ခါပဲ စားဖူးတယ်၊ သိပ်ဈေးကြီးတယ်၊ သိပ်လည်းကြိုက်တယ်၊ ဒီညတော့ အစ်ကိုတို့ တတ်နိုင်ပါတယ်လေ၊ စားတာပေါ့၊ ပြီးတော့ တရုတ်ပိုင်လည်း သောက်ကြ ရအောင်နော်"

"ပိုင်အပြင်းလား"

"အို... ဟုတ်ပါရဲ့... အပြင်းက ပိုကောင်းတယ်"

အစားအသောက်များ က ကောင်းလှသည်။ အရသာ ထူးကဲလှသည်။ သို့သော် စူဇီက နှုတ်ဆိတ် နေသည်။ ပြီးတော့ နည်းနည်းပဲ စားသည်။

ကျွန်တော်တို့ စကားလည်း များများစားစား မပြောဖြစ်ကြပါ။ ပီကင်းမြို့သူ အဆိုတော်ကလေး ထွက်လာတော့မှ သူ့အကြောင်း အနည်းငယ် စကားစပ်မိသည်။

အဆိုတော် ကလေးသည် ရှည်လျားတောက်ပြောင်သည့် အနက်ရောင်ဘေးကွဲ တရုတ်ဂါဝန်ကို ဝတ်ဆင်ထားသည်။ ဂါဝန်ပေါ်မှာ အရောင်တလက်လက် တောက်နေသည့် ငွေချည်များလည်း ထိုးထားသည်။ အလွန် လှပသည့် တရုတ်ကော်ပတ်ရုပ် ကလေးလို တောင့်တောင့်ကလေး ဖြစ်နေသည်။ သီချင်း ဆိုတော့လည်း ကြိုးဆွဲပေးခြင်း ခံနေရသည့် ရုပ်သေးရုပ်ကလေးလို ခပ်တောင့်တောင့် အမူအရာ ဖြင့်ပင် ဆိုနေသည်။

သူ့အင်္ကျီမှ ကော်လာသည် စူဇီထက်ပင် မြင့်သေးသည်။ သစ်ကုလားအုပ်လည်ပင်းလို ရှည်လျားလွန်းသည်ဟု ထင်မှတ်ရသည်။ ထွက်လာစတုန်းက အဖြူရောင် သားမွေးခြုံထည်ကို ခြုံလာသည်။ သီချင်း ဆိုရင် ထိုခြုံထည်ကို နောက်သို့ ပစ်လိုက်သည်။ သူ့နောက်မှာ ရှိသည့် စန္ဒယားကြီးပေါ်တွင် ငန်းဖြူကြီး တစ်ကောင် နားနေသလို တင်သွားသည်။

ကျွန်တော်တို့ ထိုင်နေသည့် နေရာမှ လှမ်းကြည့်လိုက်တော့ သူ့အသက် နှစ်ဆယ့်ငါးနှစ်ထက် ကျော်ဦးမည် မဟုတ်ဟု ထင်ရသည်။ သို့သော် အနည်းဆုံး အသက်လေးဆယ်ရှိပြီဟု စူဇီက ပြောပြသည်။ တရုတ် သူဌေးကြီး တစ်ယောက်၏ မယားငယ် ဖြစ်သည်။

အဆိုတော်က ရုပ်သေးရုပ်ကလေးလိုပင် သီချင်းများကို ဆက်ဆိုနေသည်။ မျက်နှာအမူအရာက မပြောင်း သောကြောင့် ဆိုနေသည့် သီချင်းသည် ပျော်စရာသီချင်းလား၊ ကြေကွဲဖမ်းနည်းစရာ သီချင်းလား အကဲဖမ်း၍ မရနိုင်ပါ။

"မင်းလည်း သီချင်းကောင်းကောင်း ဆိုတတ်တယ်လို့ ကိုယ်ထင်တယ် စူဇီ... မင်းက သူ့ထက်ပိုပြီး အသက် ဝင်အောင် ဆိုနိုင်မှာ သေချာတယ်၊ ဒါပေမဲ့ အဲဒီလောက် ကော်လာမြင့်မြင့် ကျပ်ကျပ်ကြီးနဲ့ သူ သီချင်း ဆိုနိုင်တာတော့ အင်မတန် အံ့ဩစရာပဲ"ဟု ကျွန်တော်က စူဇီကို လှမ်း ပြောသည်။

"အဲဒီကော်လာ သိပ်မိတာပဲ၊ ဟုတ်တယ် ကော်လာမြင့်မြင့်တွေဟာ သိပ်မိတာပေါ့"

သူ့ကော်လာထက် ပိုမြင့်နေသောကြောင့် အနည်းငယ် မနာလိုသံကလေးနှောကာ စူဇီက ပြန်ပြောသည်။

"ကိုယ်တို့ ကကြရအောင်"

ကျွန်တော်သည် လူတန်းစေ့အောင် ကတတ်သူ မဟုတ်ပါ။ သို့သော်လည်း စူဇီကား အလွန်

အကတော်သော မိန်းကလေး ဖြစ်ချေသည်။ ငှက်တောင်ကလေးတစ်ချောင်းလို ပေါ့ပါးစွာ လွင့်မျော နေအောင် ကသည်။ သူနှင့် တွဲကနေသူကိုလည်း မသိမသာကလေး ဦးဆောင်သွားသည်။

သူ အကကောင်းလွန်းတော့ သူနှင့် တွဲကနေရသူသည် လူတန်းစေ့အောင် မကတတ်ပါကလားဟုလည်း မထင်နိုင်တော့ပြီ။ ယခုလို ကျွမ်းကျွမ်းကျင်ကျင်ကနေခြင်းသည် ကိုယ် ကိုယ်တိုင်က တကယ် တတ်မြောက်သောကြောင့် ကနေနိုင်သည် ဟုပင် ထင်မှတ်လာရသည်။

ကျွန်တော်သည လူတန်းစေ့အောင် ကတတ်သူ မဟုတ်သောကြောင့် ကပွဲကြမ်းပြင်ပေါ်သို့ ရောက်တိုင်း မိမိကိုယ်ကို အကြီးအကျယ် ပြန် စိတ်ပျက်မိလေ့ရှိသည်။ ယခုတော့ ထိုသို့မဟုတ်ပြီ။ ယခု ကရသလောက် ဘယ်တုန်း ကမှ ကျွန်တော် ကြည်နူးနှစ်သိမ့်ခြင်း မဖြစ်မိခဲ့။ ယခင်က ကိုယ်နှင့်အတူ ကနေကြသည့် အခြားအတွဲများ ၏ ကြည်နူးမှုကိုပင် ကျွန်တော် နားမလည်နိုင်အောင် ဖြစ်ခဲ့ဖူးသည်။

ယခုမူ စည်းချက်သည် ပိုးချည်မျှင်ကလေးလို ဆွဲထုတ်ဆန့်ယူပြီးကျွန်တော်တို့ နှစ်ယောက်ကို ရစ်ပတ်နှောင်ဖွဲ့လိုက်သလို၊ ပြီးတော့ ကျွန်တော်တို့၏ ခန္ဓာကိုယ်နှစ်ခုသည် တစ်ခုတည်း တစ်သွေးတည်း တစ်သားတည်း ဖြစ်သွားကာ ပိုးအိမ်ကလေးအတွင်း ရောက်ရှိသွားသလို ခံစားရတော့သည်။

အထီးကျန်ဘဝမှ ကျွန်တော်တို့ လွတ်မြောက်သွားသလို ရှိသည်။ စောစောတုန်းကတော့ ကျွန်တော်တို့၏ ခန္ဓာကိုယ်နှစ်ခုသည် ပြည့်စုံခြင်းမရှိသော "အခြမ်းတစ်ခြမ်း"စီလို ဖြစ်နေသည်။ ယခုမူ ပြည့်စုံခြင်းမရှိသော "အခြမ်းနှစ်ခြမ်း" ကို ပူးပေါင်းပေးလိုက်သောအခါ ပိုးအိမ်ကလေးအတွင်းမှ ပြည့်စုံသော "တစ်ခု"အဖြစ်သို့ ရောက်လာ လေသည်။
သီချင်းဆုံး သွားသည်။

ကျွန်တော်တို့ကို ထွေးပိုက်နှောင်ဖွဲ့ထားသော ပိုးအိမ်ကလေး ရုတ်ချည်းပျက်စီးသွားပါသည်။ စောစောက ပြည့်စုံသော "တစ်ခု"သည် ယခုမပြည့်စုံသော "အခြမ်းနှစ်ခြမ်း"ဘဝသို့ ပြန်ရောက်သွားသည်။

မိမိ၏ ခန္ဓာကိုယ်မှ အစိတ်အပိုင်းတစ်ခုခုကို ဖြတ်ယူခြင်း ခံလိုက်ရသလို စိတ်ထဲမှာ ခံစား လိုက်ရသည်။ ထိုခံစားချက်နှင့်အတူ ကျွန်တော် ချောက်ချားသွားမိပါသည်။ တစ်ပြိုင်တည်းမှာပင် မပြည့်စုံသော အခြမ်းတစ်ခြမ်းအဖြစ် မနေတတ် မထိုင်တတ်သလိုလည်း ဖြစ်လာမိပါသည်။

စူဇီကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ သူလည်း ကျွန်တော် ခံစားရသကဲ့သို့ပင် ထပ်တူ ထပ်မျှ ခံစားနေရကြောင်း စိတ်ထဲမှ အလိုလို သိလာပါသည်။ သူ့ခန္ဓာကိုယ်မှ အစိတ်အပိုင်း တစ်ခုခုကို ဖြတ်ယူသွားခြင်း ခံလိုက်ရသလိုသူလည်း ခံစားနေရသည်မှာ သေချာပါသည်။

ကျွန်တော်တို့ စားပွဲရှိရာသို့ တိတ်ဆိတ်စွာ ပြန်လာခဲ့ကြသည်။ မိနစ်ပေါင်းများစွာကြာအောင် ကျွန်တော်တို့ စကားမပြောမိကြပါ။

သည့်နောက်ကျမှ စူဇီက မသေချာ မရေရာသော မျက်လုံးများဖြင့် ကျွန်တော့်ကို လှမ်း ကြည့်သည်။

"ဘင်းဟာ အခုလောက်ဆိုရင် သူ့မိန်းမနဲ့ ပျော်နေပြီလို့ အစ်ကို ထင်သလားဟင်.."

"ကိုယ်တော့ မထင်ဘူး စူဇီ၊ သူ အချိန်ကြာကြာကြီး ပျော်နိုင်မှာ မဟုတ်ပါဘူး" ဟု ကျွန်တော်က ပြန်ဖြေသည်။

"ဘာဖြစ်လို့ သူ မပျော်နိုင်ရမှာလဲ အစ်ကို"

"အင်း... ကိုယ်ထင်တာကတော့ အယ်လီဇဘက်ဟာ အခုလောက်ဆိုရင် မပြီးနိုင် မစီးနိုင် မြည်တွန်တောက်တီးနေရောပေါ့... ပြီးတော့ သူ့ကို အရမ်းချုပ်ချယ်နေရော့ပေါ့"

"အစ်ကိုက အယ်လီဇဘက်ကို အပြစ်တင်နေတာလား၊ ဒါတွေဟာ သူ့အပြစ်ချည်းပဲလို့ ထင်သလား"

"သူ့အပြစ်က အများဆုံးပဲလို့ ကိုယ်ထင်တယ်၊ မင်းက ဒီလို မထင်ဘူးလား"

"မထင်ဘူး"

သူက ခေါင်းရမ်းလိုက်သည်။

"ဒါပေမဲ့ အစက မင်း ဒီအတိုင်းပဲထင်ခဲ့တာ မဟုတ်လား"

ကျွန်တော် အံ့အားသင့်သွားမိပါသည်။

"ကိုယ့်အခန်းထဲမှာတုန်းက သူ့ကို မင်းအပြစ်တင်နေခဲ့တာပဲ၊ ဒါတွေ အားလုံး သူ့ကြောင့် ဖြစ်ကုန် ရတာလို့ မင်းပြောခဲ့တာပဲ"

"အစ်ကို့ အခန်းထဲမှာတုန်းက ကျွန်မ ဆောက်တည်ရာမရ ဖြစ်နေခဲ့တာပါ၊ စိတ်တွေ ကယောင် ချောက်ချား ဖြစ်ခဲ့ရတာပါ၊ ဒါကြောင့် ပါးစပ်ထဲရောက်လာသမျှ စကားလုံးတွေ အကုန်ပြောချလိုက်မိတယ်၊ ဒါပေမဲ့ ဒါတွေဟာ အယ်လီဇဘက်ရဲ့ အမှားတွေ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ်၊ သူ့မိန်းမဟာ နည်းနည်းကလေးမှ စိတ်မချမ်းသာခဲ့ရဘူးလို့ ကျွန်မထင်တယ်"

ထို့နောက် သူ့ထင်မြင်ချက်များကို ဆက်ပြောပြနေသည်။

အယ်လီဇဘက်အနေဖြင့် ဘင်းကို အချိန်ရှိသရွေ့ မြည်တွန်တောက်တီးနေခြင်း၊ ဆူပူကြိမ်းမောင်းနေခြင်း၊ လွန်ကျူးစွာ ချုပ်ချယ်နေခြင်းများသည် တကယ်ဆိုတော့ ချစ်ခြင်းမေတ္တာ ငတ်မွတ် ခေါင်းပါး မှုကို ခံစားနေရကြောင်း။

ဘင်းသည် မည်သည့် အမျိုးသမီးကိုမဆို အမှန်တကယ် ချစ်မြတ်နိုးနိုင်စွမ်းမရှိသည့် ယောကျ်ားမျိုးဖြစ်ကြောင်း၊ ထိုအချက် သည်သာလျှင် အဓိကဖြစ်ကြောင်း၊ သူသည် ရာဂစိတ် မွှန်ခဲ့သော ကြောင့် ဘင်း၏ စရိုက်အမှန်ကို မသိနားမလည် ဖြစ်ခဲ့ရကြောင်း၊ စတွေ့တွေ့ချင်း ဘင်းအပေါ်မှာ သူ ချမှတ်ခဲ့သည့် ကောက်ချက်သည်သာ အမှန်ဖြစ်ကြောင်းများ ပြောပြနေသည်။

"သူဟာ လူဆိုးကြီးတစ်ယောက်တော့ မဟုတ်ပါဘူး၊ တစ်ဖက်သား ထိခိုက်နစ်နာအောင် လုပ်ချင်တဲ့ စိတ်ဓာတ်မျိုး သူ့မှာ မရှိဘူး၊ သိတယ်မဟုတ်လားအစ်ကို... တကယ်တော့ သူဟာ လူကောင်း တစ်ယောက်ပါ၊ စိတ်ကောင်းရှိပါတယ်၊ ကြင်နာတတ်ပါတယ်၊ ဒါပေမဲ့ သူ့အသည်းနှလုံးက သိပ်သေးတယ်၊ စိတ်ခံစား ချက်တွေ အများကြီးကို သိုမှီးထားတတ်တဲ့ အသည်းနှလုံးမျိုးမဟုတ်ဘူး၊ သူ့အတွက်တော့ လုံလောက်တဲ့

အသည်းနှလုံးဖြစ်ကောင်း ဖြစ်နေပါ လိမ့်မယ်၊ ဒါပေမဲ့ လူတစ်ဖက်သားကို မျှဝေပေးနိုင်လောက်တဲ့ အသည်းနှလုံးမျိုး မဟုတ်ဘူး၊ သူဟာ အဲဒီလို လူစားမျိုး"

"မင်းရဲ့ အတွေးအခေါ်များသည် ကျွန်တော့်ထက်ပင် ပိုရင့်ကျက်ပြီး အမှန်တရားနှင့် နီးစပ် ကြောင်း တွေ့ရသည်မှာ ယခုအကြိမ်သည် ပထမအကြိမ်မဟုတ်ပါ။ ယခုလည်း ကြည့်ပါ။ အယ်လီ ဇဘာက်ကို သူ လုံးဝ မမြင်ဖူးချေ။ သို့သော်လည်း ယခုအမှားများသည် အယ်လီဇဘာက်၏အမှား အဟုတ်။ လူ တစ်ဖက်သားကို စစ်စစ်မှန်မှန် မချစ်တတ်သော ဘင်းကြောင့် သူ့ဘဝ မလုံခြုံသလို ခံစားလာရသည်။ ချစ်ခြင်း မေတ္တာ ဝတ်မွတ်ခေါင်းပါးလာရသည်။ ထို့ကြောင့် အယ်လီဇဘာက်က ဘင်းကို အမြဲတမ်း ရန်ထောင်ပြီး အမြဲတမ်း ချုပ်ချယ်နေခြင်း ဖြစ်သည်ဟု သူ ကောက်ချက် ချလိုက် သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ... ဘင်းနဲ့ ပတ်သက်ပြီး မင်းက အဲဒီလိုမြင်တယ်ဆိုရင် အခုဖြစ်ရတာကြောင့် မင်း သိပ်ပြီး စိတ်မထိခိုက် တော့ဘူးပေါ့"

"စိတ်ထိခိုက်ရပါပြီလား အစ်ကိုရယ်... ကျွန်မ သိပ်ကို စိတ်ဆင်းရဲရတာပေါ့၊ ကျွန်မရဲ့ ဂုဏ်သိက္ခာ ကျသွားပြီလေ... ပတ်ဝန်းကျင်မှာ ကျွန်မရဲ့ အဖေ ဘော်နီယိကို ထွက်သွားတုန်းက ခံစားရသလို၊ အရှက်ကြီး ရှက်ခဲ့ရသလို အခုလည်း တစ်သဝေမတိမ်း ခံစားရတာပါပဲ၊ ကလေးအဖေကိုလည်း ကျွန်မ မချစ်ခဲ့ပါဘူး၊ ဒါပေမဲ့ ကျွန်မ ဂုဏ်သိက္ခာအတွက် ကျွန်မ စိတ်ထိခိုက် ရတာပါ"

နောက်တစ်ကြိမ် ကရန် ကျွန်တော်တို့ ထိုင်ရာမှ ထကြသည်။ စားပွဲများကြားတွင် စူဇီ နောက်မှ ကျွန်တော် လျှောက်လိုက်သွားခိုက် ကျွန်တော့်နာမည်ခေါ်သံ ကြားရသည်။

"ဟယ်လို... ရောဘတ်"

လှည့်ကြည့်တော့ ကျွန်တော် ငွေစာရင်းဖွင့်ထားသော ဘဏ်တိုက်မှ လက်ထောက် မန်နေဂျာ ဂေါ်ဒွန်ဟာမီလ်တန်ကို တွေ့ရသည်။ သူတို့ဘဏ်တိုက်မှာ ကျွန်တော် ငွေအပ်ထားရာမှ သူနှင့် ရင်းနှီး ခဲ့သည်။ လူတစ်ဖက်သား၏ အခက်အခဲကိုလည်း ကူညီဖြေရှင်းပေးတတ်သည့် စကော့ လူမျိုး လူငယ် တစ်ယောက် ပင်ဖြစ်သည်။

"ဟယ်လို..."

ကျွန်တော် သည်တစ်လုံးသာ ပြန်အော်ပြီး နှုတ်ဆက်ခဲ့သည်။ သူနှင့် ရပ်စကားပြောနေလျှင် ကရမည့်နေရာသို့ တော်တော်နှင့် ရောက်နိုင်တော့မည်မဟုတ်ပါ။ ဒါလောက် အချိန်ကိုပင် ကျွန်တော် သည်းခံ မစောင့်နိုင်တော့ပါ။

ရှေ့က လျှောက်သွားနှင့်သော စူဇီကို လှမ်းကြည့်လိုက်သည်။ အဖြူရောင် ပိုးသားဂါဝန်က သူ့ကိုယ်ပေါ်မှာ အချိုးပြေပြေရှိနေသည်။ ပခုံး၊ ခါး၊ တင်ပါးများ၏ ကောက်ကြောင်းပေါ်နေသည်။ နူးညံ့သည့် ဆံပင်နက်များလည်း ထိုအဖြူရောင်ပေါ်မှာ လျှောကျနေသည်။ အဆုံးမရှိနိုင်သော အမြီးကလေးများ တန်းနေသလိုရှိသည်။ သူ့ဆံပင်များကို ထိတွေ့ရသည်မှာ မူးမေ့ချင်သလိုလိုပင် ဖြစ်မိပါသည်။ ဘာကြောင့် ဟူ၍တော့ ကျွန်တော် သိနိုင်စွမ်း မရှိပါ။

ကျွန်တော့် ရင်ခွင်ထဲသို့ သူ ဝင်လာသည်။
ခဏကလေးအကြာမှာပင် အံ့ဩဖွယ် ကောင်းသော အဖြစ်အပျက်ကြီးက ပြန်လည်ပေါ် ပေါက်လာပြန်ပါသည်။ တေးဂီတ၏ စည်းချက်များသည် ကျွန်တော်တို့နှစ်ယောက်ကို ပိုးချည်မျှင် ကလေးနှင့် ရစ်ပတ်နှောင်ဖွဲ့လိုက်သလို ဖြစ်သွားသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး ပိုးအိမ်ကလေး ထဲသို့ ရောက်သွားကြပြန်သည်။ မပြည့်စုံသော "အခြမ်းနှစ်ခြမ်း" ဘာဂမှ ပြည့်စုံသော "တစ်ခု" အဖြစ်သို့ ဖန်တီးပေးလိုက်ပြန်သည်။

စည်းချက်အတိုင်း ကျွန်တော်တို့ လွင့်မျောနေကြသည်။ စင်ရော်ငှက်ကလေးတစ်ကောင် လေထဲမှာ ဂဲပျံနေသလို လေဟုန်စီးနေသလို ဖွေ့ဝိုက်နေသလို ရှိပါသည်။
အချိန်အတိုင်းအဆ မရှိ။ အရပ်ဌာန မရှိ။ ပြည့်စုံသော "တစ်ခု"အဖြစ် စိတ်ချမ်းမြေ့ ပျော်ရွှင်မှု တစ်ခုတည်း ကိုသာ ကျွန်တော်တို့ သိတော့သည်။

တေးသံဆုံးသွားတော့ ခွဲခွာရခြင်းဒုက္ခကို ကျွန်တော် ခံနိုင်ရည် မရှိတော့ပါ။ ထို့ကြောင့် စူဇီ၏ လက်ကို မလွှတ်တော့ဘဲ ဆုပ်ကိုင်ထားမြဲ ဆုပ်ကိုင်ရင်း ကသည့်နေရာကို ကျောခိုင်းခဲ့သည်။ ထိုအချိန်မှာပင် ဇေါ်ဒွန်ဟာ မီလ်တန်ကို သတိရသဖြင့် စူဇီလက်ကို လွှတ်လိုက်ပြီး သူတို့ စားပွဲရှိရာသို့ လျှောက်လာရတော့သည်။ အနက်ရောင်လည်စည်းကို သူ တပ်ထားသည်။ နှုတ်ခမ်း မွှေးက ထင်းနေသည်။ သူ့မျက်လုံး များက နှစ်လိုစဖွယ် ဝင်းလက်နေသည်။ သူ့ဇနီးအိုက်ဆိုဘယ်နှင့် မိတ်ဆက်ပေးသည်။ သူ့ဇနီး၏ မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် တောက်ပနေပါသည်။ ညပိုင်း ပွဲလမ်းသဘင်တက် ရှည်လျား သော ဂါဝန်ကြီးကို ဝတ်ထားသည်။

"ခင်ဗျား ကမ်းနားဘက်မှာ နေတဲ့အကြောင်း ကျွန်တော့်ဇနီး အိုက်ဆိုဘယ်ကို အခုပဲ ပြောပြနေရသေးတယ်ဗျာ၊ ခင်ဗျားရဲ့ လျှို့ဝှက်ချက်ကလေးကို ထုတ်ပြောလိုက်မိတဲ့အတွက် စိတ်မဆိုးပါဘူးနော်"
"စိတ်မဆိုးပါဘူးဗျာ... ဒါဟာ လျှို့ဝှက်ချက်မှ မဟုတ်ဘဲ..." ဟု ကျွန်တော်က ပြန်ပြောသည်။
"အဲဒီအရပ်ဒေသက တကယ့်ကို လျှို့ဝှက်အပ်တဲ့ အရပ်ဒေသပဲလို့ ကြားဖူးတာပဲ"
အိုက်ဆိုဘယ်က ဝင်ပြောသည်။ ပြောပုံဆိုပုံနှင့် လေသံကြောင့် ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းတွင် ကြီးပြင်းခဲ့ ရကြောင်း သိသာလှပါသည်။ သဘောထား ကြီးပုံလည်းရသည်။ အမှန် တကယ်လည်း ခေတ်မီ ဆွေကြီးမျိုးကြီးမှ ပေါက်ဖွားခဲ့သူဖြစ်ကြောင်း နောင်မှ သိရသည်။ ကျွန်တော့်ကိုလည်း လှိုက်လှဲစွာ ပြုံးပြ ပါသည်။

"ဒီညကတော့ ခင်ဗျားည ဖြစ်သွားပါပြီဗျာ၊ ဟောဟိုနေရာမှာ ခင်ဗျားအကောင်းဆုံး ကနိုင်ခဲ့တာပဲ"
ဟာမီလ်တန်၏ မျက်လုံးများ သည် ပီတိဖြင့် အရောင်တောက်နေသည်။

"အံ့မယ်လေး... သူနဲ့တောင် မလိုက်ဘူးလို့ ပြောရမလို ဖြစ်နေပြီ" ဟု အိုက်ဆိုဘယ်က မှန်ချက် ချသည်။ သူတို့လို ခေတ်မီသော အသိုင်းအဝိုင်းမှ အမျိုးသမီးများသည် ရင်းနှီးမှုရှိလာသော အခါ ယဉ်ကျေးဖွယ်ရာ

ထုံးတမ်းစဉ်လာစကားတွေနှင့် သွယ်ဝိုက်နေလေ့ မရှိ၊ ပြောစရာကို တဲ့တိုးသာ ပြောချတတ်စမြဲဖြစ်သည်။
"တကယ်နိမ့်တဲ့ အမျိုးသမီးကလေးပဲဗျာ" ဟု စာမီလ်တန်က ဆက်သည်။

"သူက ဘာလဲဗျ... အင်မတန်ချမ်းသာတဲ့ တရုတ်သူဌေးကြီးတစ်ယောက်ရဲ့ သမီးလား... ငွေအိတ်ကြီးတွေ တစ်ထမ်းကြီးနဲ့ ကိုယ်ပိုင်ကားနဲ့ ဟာမျိုးလား"
"လုံးဂ မဟုတ်ရပါဘူးဗျာ..."
"ကိုင်း... ကိုယ့်ဆရာ... ဒီအမျိုးသမီးဟာ ခင်ဗျားတို့ ကမ်းနားကဟာ တစ်ယောက်ပါပဲလို့ ကျွန်တော့်ကို ဖြန်းမယ်တော့ မကြံလေနဲ့၊ ဒါလောက် သားနားတဲ့ အမျိုးသမီး မျိုးတော့ ရှာမှ ရှားပဲ"
ကျွန်တော် လိမ်ပြောဖို့ စဉ်းစားလိုက်သေးသည်။ ထိုသို့ စဉ်းစားလိုက်မိသည့်အချိန်မှာပင် တုံ့ဆိုင်းဆိုင်းဖြစ်သွားမိသည်။ ကျွန်တော်၏ ခန္ဓာကိုယ်ထဲရှိ တစ်စုံတစ်ရာက လိမ်မပြောဖြစ်အောင် ဟန့်တားနေသလို ဖြစ်နေသည်။

"ဟုတ်ပါတယ်ဗျာ... ကျွန်တော်ပြောတာ ယုံပါ၊ အမှန်အတိုင်းပြောတာပါ... ဒီအမျိုးသမီးဟာ ကျွန်တော်တို့ ကမ်းနားကပါပဲ"
"ဖြစ်မှ ဖြစ်ရလေဗျာ... အင်း... ကျွန်တော်သာ အိမ်ထောင်သည်မဟုတ်ရင်တော့ ဟင်း... ဟင်း..."
ဟာမီလ်တန်က အားပါးတရ ပြုံးလိုက်ရင်း သူ၏ နှုတ်ခမ်းမွေးထူထူကြီးကို ဆွဲလိမ်နေသည်။
သူ့မိန်းမက လုံးဂမယုံကြည်နိုင်သလို ဖြစ်နေသည်။ ပြီးတော့ ကျွန်တော့်ကိုလည်း လှမ်း ပြောလိုက်သေးသည်။

"မိုက်မဲတယ်လို့ပဲ ပြောပြော ကျွန်မတော့ မယုံနိုင်ဘူးရှင်... ဒီအမျိုးသမီးဟာ ရှင်ပြောသလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ရှင်တို့ ဟိုတယ်မှာ ကျက်စားနေကျ အမျိုးသမီးဆိုတာ ဒီပုံပန်းမျိုးနဲ့တော့ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ဘူး ထင်ပါတယ်"
"သူ ပြောနေပြီလေကွာ၊ သူတို့ဟိုတယ်က အမျိုးသမီးပါလို့" ဟု ဟာမီလ်တန်က ပြောသည်။
"ဒါပေမဲ့ ကျွန်မ ထင်တာက ဒီလိုလေ... သူတို့ဟာ သင်္ဘောသားတွေနဲ့သာ..."

သူ စကားမဆက်နိုင်အောင် ဖြစ်သွားသည်။ ကပွဲကြမ်းပြင်ပေါ်မှာ ကျွန်တော်တို့နှစ်ယောက် တည်တည်ငြိမ်ငြိမ် ကနေသည်ကိုလည်း တွေ့ခဲ့ရသည်။ မိန်းမပျက် ကလေးသာဖြစ်ပါသည်ဆိုသော ကျွန်တော်၏ စကားကိုလည်း ယခုသူကြားရသည်။ ထို့ကြောင့် သူ့ အသိဉာဏ်တွေ ရှုပ်ထွေးသွားတော့သည်။ မသွယ်မဝိုက်ဘဲ သူပြောမိသည့် စကားအတွက်လည်း ကျွန်တော့်ကို အားတုံ့အားနာဖြစ်သွားပုံရသည်။

"ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်... အိုက်ဆိုဘယ်က ကလေးသာသာ အရွယ်ပဲ ရှိသေးတယ်၊ ဘာမှ နားလည် တတ်သေးတာ မဟုတ်ဘူး၊ လူ့ဘဝအကြောင်း သူ့ကို သင်ပေးရဦးမယ်ဗျာ"
ဟာမီလ်တန်က ကျွန်တော့်ကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ပြီး အားလုံး စိတ်သက်သာရာ ရသွားစေရန် စကားဖန် ဂင်ထိုးလိုက်သည်။
သူတို့ကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ စူဇီကိုမကြာခဏ လှမ်းကြည့်ပြီး ပြောနေကြသည်ကို မမြင်ပါစေနှင့်။ သူ့အကြောင်း ပြောနေသည်ကိုလည်း မခန့်မှန်းမိပါစေနှင့်ဟု စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်း လိုက်မိပါသည်။

သို့သော်လည်း သူ့အနားသို့ ကပ်သွားသည့် ကျွန်တော့်ကို သူမော့ကြည့်သည်။ သူ့မျက်နှာပေါ်မှာ ဘာခံစားချက်မှမရှိပါ။ သည်အမူအရာကြောင့် ကျွန်တော်တို့၏ အပြုအမူကို သူမြင်သွားပြီဖြစ်ကြောင်း သိလိုက်ရပါပြီ။ ကျွန်တော် ထိုင်ပြီးသည်နှင့် တစ်ပြိုင်တည်း သူက ဆီးမေးသည်။

"အစ်ကိုတို့ ကျွန်မအကြောင်း ပြောနေကြတာ မဟုတ်လား"

"ဟုတ်တယ်... အဲဒီလူက ဘဏ်တိုက်ကလေ... သူက မင်းကို တကယ့်သူဌေးသမီးကလေးလို့ ထင်နေတယ်တဲ့"

"အဲဒီအမျိုးသမီးက ကျွန်မကို လှမ်းကြည့်နေတုန်းပဲ" ဟု စူဇီက ပြောသည်။

"အဲဒါက သူ့မိန်းမလေ"

"အဲဒီအမျိုးသမီးကတော့ ဟိုကောင်မလေးဟာ ယုတ်ညံ့တဲ့ ယမ်ယမ်ကောင်မလေးပဲလို့ ထင်မှာပဲ"

"မင်း နမ်ကောက်ဟိုတယ်မှာ အလုပ်လုပ်တယ်လို့ ကိုယ် ပြောပြခဲ့တယ်"

"ဘာဖြစ်လို့လဲ... ဘာဖြစ်လို့ ဒီလို ဖွင့်ပြောရတာလဲ"

"ကိုယ်လည်းမသိဘူး...စူဇီ မင်းနဲ့ ပတ်သက်ပြီး ကိုယ် လိမ်ပြောလို့ မရတာ တွေ့ရတယ်၊ ဘာကြောင့်မှန်း လဲ ကိုယ်မသိဘူး"

စူဇီ ငြိမ်နေသည်။ မျက်နှာအမူအရာကတော့ ဘာခံစားချက်မှ မရှိသည့် ပုံမျိုး။ မျက်လုံးအမူအရာကတော့ သည်လို မဟုတ်ပါ။ သိနိုင်ရန် ခက်ခဲသော တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးခေါ် စဉ်းစားနေသည့်ပုံမျိုး ပေါက်နေသည်။

အပြန်အလှန် စကားမပြောကြဘဲ အကြာကြီး တိတ်ဆိတ်နေကြသည်။ လည်ပင်းရှည်ရှည်နှင့် ချောမောလှပသော အဆိုတော် အမျိုးသမီးကို လှမ်းကြည့်လိုက်သည်။ သူ့ သီချင်းသံသည် ခန်းမထဲမှာ ဖုံးလွှမ်းနေပြန်သည်။ စူဇီဘက်သို့ ကျွန်တော် ပြန်လှည့်လိုက်သည်။ သူ့မျက်နှာပေါ်မှာ ကျေနပ်နှစ်သိမ့်ခြင်းဖြင့် စိတ်အားတက်ကြွသော အရိပ်အရောင်များအပြင် အသိရခက်သော လျှို့ဝှက်အပြုံးကလေးတစ်ခုကိုပါ မြင်တွေ့လိုက်ရသောကြောင့် ကျွန်တော် အံ့အားသင့်သွားပါသည်။

ကျွန်တော် တစ်ချက်ရယ်လိုက်သည်။

"စူဇီ ... ကိုယ့်ကို မင်း စိတ်ဆိုးသွားပြီလို့ ကိုယ် ထင်လိုက်မိတယ်"

သူက ခေါင်းကို ခပ်သာသာရမ်းလိုက်သည်။

"မဆိုးပါဘူး"

"မင်းစိတ်ဆိုးမယ် ဆိုရင်လည်း ဆိုးခွင့် ရှိပါတယ်ကွယ်၊ ဆိုးသင့်ပါတယ် ဘာပဲဖြစ်ဖြစ်လေ... စိတ်မဆိုးဘူး ဆိုတော့ သိပ်ကောင်းတာပေါ့၊ ကဲ... ကိုယ်တို့ ကကြဦးစို့"

စူဇီက တုံ့ဆိုင်းဆိုင်းလုပ်နေသည်။ နားမလည် သဘောအပေါက်သလိုလည်း ဖြစ်နေသည်။

"အစ်ကိုက ထပ်ကချင်သေးလို့လား"

"သိပ်ကချင် တာပေါ့ မင်း မကချင်တော့လို့လား"

"ကချင်ပါတယ် အစ်ကိုရယ်..."

ကျွန်တော်တို့ အကြိမ်ပေါင်းများစွာ ကကြဖို့ အချိန်တွေ ကျန်သေးသည်။
ကရမည့်နေရာသို့ လျှောက်သွားသည့်အခါ စူဇီက ဖြတ်လမ်းဖြစ်သော ဟာမီလ်တန်တို့ စားပွဲဘေးမှ ဖြတ်လျှောက် သွားသည်။ ထိုစားပွဲကို ကွင်းပြီး ပိုဝေးသောဘက်သို့ မလျှောက်။ သူလမ်းလျှောက် ပုံကလည်း ဖြည်းဖြည်းလေးလေးနှင့် ကိုယ်ကို မတ်မတ်ထားသည်။ မျက်နှာကို တင်းတင်းမော့ကာ သူ မရှက်ကြောင်း ဣန္ဒြေဆောင်ထားလိုက်သည်။ ကကြိုး တစ်ပိုဒ်ဆုံးတော့ ကျွန်တော်တို့ ပြန်လာကြသည်။ လက်ချင်း ချိတ်ထားသည်ကို မဖြုတ်။

သူ့မျက်နှာပေါ်မှာ လျှို့ဝှက်သော စိတ်အားတက်ကြွမှုကလေး ရှိနေဆဲပင်။ ဘာကြောင့် သည်လို ဖြစ်နေသည်ကို ကျွန်တော် သဘောပေါက်နိုင်စွမ်း မရှိပါ။
နောက်ဆုံးတစ်ကျော့ ကပြီးသောအခါ ကျသင့်ငွေများ ရှင်းပေးခဲ့ပြီး ဓာတ်လှေကားနှင့် အောက်သို့ ဆင်းခဲ့သည်။ ပလက်ဖောင်းပေါ်မှ လျှောက်ရင်း တက္ကစီကားရှာသည်။ သူနှင့် ကျွန်တော်၏ လက်တွဲကိုကား မဖြုတ်မီ။

တက္ကစီကားတစ်စီးတလေမျှ မတွေ့ရပါ။ စူဇီမှာလည်း ခွာမြင့်ဖိနပ်နှင့်မို့ လမ်းအလျှောက်ရခက်နေသည်။ ထို့ကြောင့် လမ်းတစ်ဖက်ခြမ်းရှိ လန်ချားနှစ်စီးကို ကျွန်တော် လှမ်းခေါ်လိုက်သည်။
"နှစ်ယောက်ထိုင်စီးလို့ရတဲ့ လန်ချား ရှိစေချင်လိုက်တာကွယ်၊ ဒါမှ မင်းလက်ကလေးကို မလွတ်တမ်း ဆုပ်ကိုင်ထားနိုင်မယ်" ဟု ကျွန်တော်က ပြောမိသည်။
"ဒီလိုဆိုရင် ဘတ်စ်ကားနဲ့ သွားပါလား"

"မင်းက ဘာကို ပိုသဘောကျသလဲ၊ ဘတ်စ်ကားလား လန်ချားလား" ဟု ကျွန်တော်က မေးသည်။
"ဘတ်စ်ကား၊ လက်တွဲမဖြုတ် ရဘူးပေါ့..."
ကျွန်တော်တို့ဘက်ခြမ်းသို့ ကူးလာရသည့်အတွက် လန်ချားသမားနှစ်ယောက်ကို တစ်ဒေါ်လာပေးပြီး ပြန်လွှတ် လိုက်သည်။ သည်လို ပေးသည်ကို မလိုအပ်ဘဲ အပိုသက်သက်ဖြုန်းတီးသည်ဟု စူဇီက ထင်သည်။ သို့သော်လည်း ကျွန်တော့်အိတ်ထဲမှာ ဘင်းပေးသည့် ငွေတစ်ရာအနက် တစ်ဂက်လောက် ကျန်နေသေးသည်။

ဘတ်စ်ကားမှတ်တိုင်ရှိရာ နသန်လမ်းထောင့်ဆီသို့ လျှောက်ခဲ့ကြသည်။ နှစ်ထပ်ဘတ်စ်ကားတစ်စီး ရောက်လာသည်။ လန်ဒန်က ဘတ်စ်ကားအတိုင်း ဖြစ်ပါသည်။ လန်ဒန်ဘတ်စ်ကားက အနီရောင်ဖြစ်ပြီး သည်မှာက အစိမ်းရောင်ဖြစ်နေခြင်းသာ ကွာပါသည်။ လှေကားကျဉ်းကျဉ်းကလေးအတိုင်း အပေါ်ဆုံးထပ်သို့ တက်ခဲ့ပြီး ရှေ့ဆုံးခုံ ဘယ်ဘက်ခြမ်းမှာ နေရာယူလိုက်ပါသည်။
လန်ဒန်မှာ ဘတ်စ်ကား စီးတုန်းကလည်း သည်နေရာသည် ကျွန်တော်သဘောအကျဆုံးနေရာ ဖြစ်ပါသည်။ ရှေ့ဆုံးခုံဖြစ်သောကြောင့် မြင်ကွင်းကျယ်ကျယ် မြင်ရသည်။ ဘယ်ဘက်ခုံဖြစ်သောကြောင့် ညာဘက်မှ ကားအသွားအလာများ၏ အန္တရာယ်နှင့်ဝေးသည်။

စူဇီ၏ မျက်နှာသည် ကျေနပ်ရောင့်ရဲခြင်းဖြင့် ရွှင်နေသည်။ လျှို့ဝှက်သော အပြုံးကလေးကိုလည်း ပြုံးမြဲ ပြုံးနေသည်။ ကျွန်တော် အောင့်အည်းသည်းခံနိုင်ခြင်း မရှိတော့ပါ။
"စူဇီ... မင်း ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ချမ်းသာတဲ့ပုံမျိုး ပေါက်နေတာလဲ၊ ကိုယ့်ကို ပြောပြစမ်းပါ"

"ဟို အင်္ဂလိပ်မကို အစ်ကို ပြောလိုက်လို့ပါ၊ ကျွန်မဟာ ညစ်ပတ်စုတ်ပဲ့တဲ့ ယမ်ယမ်ကောင်မလေးဖြစ်ကြောင်းကို အစ်ကို ပြောပြလိုက်လို့ ကျွန်မ စိတ်ချမ်းသာသွားတာပါ"

"ကိုယ်ပြောခဲ့တဲ့ စကားလုံးက ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီလိုပြောတာကို မင်း ဘာဖြစ်လို့ ဒါလောက်သဘောကျနေရတာလဲ" ဟု ကျွန်တော်က ဆက်မေးသည်။

"ကျွန်တော့် အမျိုးသမီးဟာ အလကားကောင်မလေးပါ၊ ညစ်ညမ်းတဲ့ အလုပ်တွေကို သူလုပ်တယ်လေလို့ အစ်ကို ပြောချင် ပြောမယ်၊ ဒါမှမဟုတ်ရင်လည်း ဒီသဘောကိုပဲ တခြားစကားလုံးနဲ့ ပြောမယ်၊ ဒါပေမဲ့ အစ်ကို မရှက်ဘူး၊ မရှက်ရုံမက ဂုဏ်တောင်ယူနေသေးတာ ကျွန်မတွေ့ရတယ်၊ မိန်းမကောင်း မိန်းမမြတ်ကလေးတစ်ယောက် အကြောင်း ပြောပြနေရသလို အစ်ကို ဂုဏ်ယူနေတယ်၊ ပြီးတော့ ကျွန်မကို ကဖို့ခေါ်တယ်၊ အဲဒီအင်္ဂလိပ်မရဲ့ ရှေ့က ဖြတ်ပြီး ကျွန်မလက်ကို ဆွဲခေါ်သွားတယ်၊ ဟုတ်ပါတယ်... အစ်ကိုဟာ အင်္ဂလိပ်မရဲ့ ရှေ့မှာ ယမ်ယမ်ကောင်မလေးရဲ့လက်ကို ပြောင်ပြောင်ဆွဲပြီး ခေါ်သွားတယ်၊ အဲဒီ အချိန်တုန်း ကလည်း အစ်ကို ရှက်နေပုံမရဘူး၊ မရှက်ရုံတင်မကသေးဘူး၊ ကမန်မဟာ ဘုရင့်သမီး တစ်ယောက်လိုကို အစ်ကိုက ဂုဏ်ယူသေးတယ်၊ ဒါကြောင့် ကျွန်မ သိပ်စိတ်ချမ်းသာသွားတယ်၊ ကျွန်မတစ်သက် မှာ ကျွန်မ ဒါလောက်စိတ်ချမ်းသာအောင် ဘယ်သူကမှ မလုပ်ဖူးသေးဘူး"

တစ်မိနစ်လောက်ကြာအောင် ကျွန်တော် စကားမပြောနိုင်ပဲ ဖြစ်နေမိသည်။ သူ့လက်ကို တင်းတင်းဆုပ်ထားမိသည်။ ပြီးတော့မှ တစ်ခွန်းသာ ကျွန်တော်က ပြောနိုင်သည်။

"စူဇီ... အချစ်ရယ်"

"အချစ်ရယ်..."

စူဇီက ကျွန်တော့်စကားကို ပြန်ဆိုကြည့်ပြီး ခစ်ခနဲရယ်လိုက်သည်။

"စူဇီ... ကိုယ် ဂုဏ်ယူမိနေတာဟာ တကယ်တော့ မင်းကြောင့် ဖြစ်ပါတယ်၊ မင်းအတွက် ဂုဏ်ယူမိတာပါ၊ ဒါကြောင့်မို့လို့ မင်းနဲ့ပတ်သက်ပြီး မဟုတ်တဲ့စကားကို ကိုယ် လိမ်မပြောနိုင်ခဲ့တာပဲ ထင်တယ်၊ မင်းကို မင်းအဖြစ်နဲ့ပဲ ကိုယ် ဂုဏ်ယူမိပါတယ်၊ မင်းဟာ တခြားတစ်ယောက်ဖြစ်ပါတယ် ဆိုတာမျိုးနဲ့ ကိုယ် ဟန်ဆောင်နိုင်စွမ်း မရှိပါဘူး"

"ဘင်းဟာ ကျွန်မနဲ့ပတ်သက်ပြီး ဘယ်တုန်းကမှ ဂုဏ်မယူဖူးဘူး၊ ကျွန်မနဲ့ပတ်သက်ပြီးသူ အမြဲတမ်း ရှက်နေတတ်တယ်၊ တစ်ခါတုန်းက စားသောက်ဆိုင်တစ်ခုကို သူနဲ့ ကျွန်မ သွားတယ်၊ အဲဒီမှာ သူ အရမ်းကြောက်ပြီး အရမ်းရှက်နေတာ တွေ့ရတယ်၊ သူ့မျက်နှာလည်း ဖော့ချွေးတွေ ပြန်နေပြီ၊ ဘာကိုမှလည်း မြဲမြဲကိုင်လို့ မရတော့ဘူး၊ ဟိုဟာတွေလွတ်ကျ... ဒီဟာတွေ လွတ်ကျ ဖြစ်နေတယ်၊ ပါးစပ်ကလည်း "စူဇီ... ငါသိတဲ့လူတစ်ယောက်ယောက် ရှိနေပြီထင်တယ်၊ စူဇီ မင်းဟာ မကောင်းတဲ့ မိန်းကလေးဆိုတာ သူတို့သိတယ် ထင်သလား" ဆိုတာတွေကိုပဲ တတွတ်တွတ် ပြောနေတော့တယ်"

"ကိုယ် သဘောပေါက်ပါတယ် စူဇီ၊ ဒါပေမဲ့ အခုဟာက ဘင်းနဲ့ တခြားစီပဲ၊ ဘင်းက ဒီအရပ်မှာ စီးပွားရေးလုပ်နေရတဲ့လူ မဟုတ်လား၊ နောက်ပြီးတော့ သူ့မှာကလည်း မိန်းမရှိနေတယ်၊ ဒါကြောင့် ကိုယ်စိတ်ပူဖို့ မလိုတာ တွေမှာ သူ စိတ်ပူနေရတော့တာပေါ့"

"ဒါပေမဲ့ သူ ဘယ်တုန်းကမှ ဂုဏ်မယူဖူးဘူး၊ ကျွန်မနဲ့ နှစ်ယောက်တည်းနေနေတဲ့ အချိန်မှာတောင် ဂုဏ်မယူဖူးဘူး၊ သူ ဘယ်တော့မှ မချစ်ဘူး၊ ဘယ်တော့မှ မပျော်ဘူး၊ ဘာတစ်ခုမှ သူ့စိတ်ထဲမှာ ဟုတ်တိပတ်တိ ခံစားရတာ မဟုတ်ဘူး၊ အိုး... အဲဒီလူကို ကျွန်မ စိတ်ကုန်လိုက်တာ လွန်ပါရော၊ ဘယ်အခါဖြစ်ဖြစ် သူ့မှာ စကားပြောစရာအကြောင်းလည်း ဘာမှ မရှိဘူး"

စူဇီနှင့် ပတ်သက်ပြီး ဘင်းပြောဖူးသည့်စကားကို ကျွန်တော် ပြေးအမှတ်ရလိုက်သည်။ ထို့ကြောင့် အားပါးတရ ရယ်ချလိုက်မိသည်။ စူဇီက နားမလည်သလို မော့ကြည့်သည်။

"ဘာဖြစ်လို့ ရယ်ရတာလဲ"

"ဘာမှမဟုတ်ပါဘူးကွာ... ဘင်းပြောဖူးတဲ့ စကားတစ်ခွန်းကို သတိရလို့ ရယ်မိတာပါ၊ စူဇီ ဂင်စတန်ချာချီဆိုတာ မင်း ကြားဖူးသလား"

"ထပ်ပြောပါဦး"

"ဂင်စတန်ချာချီ"

"အဲဒီမြို့က ဘယ်မှာရှိသလဲ... အမေရိကမှာလား" ဟု စူဇီက ပြန်မေးသည်။

"စူဇီ မကြားဖူးဘူးလား... အဲဒါ မြို့မဟုတ်ဘူး... လူနာမည်"

"ဒီနာမည် တစ်ခါမှ မကြားဖူးဘူး"

အင်္ဂလိပ် နာမည်များကို တရုတ်လို အသံထွက်သောအခါ မူလအသံအတိုင်းမဟုတ်ဘဲ တစ်မျိုးကွဲလွဲထွက်ကြောင်း ကျွန်တော် သတိရသည်။ အင်္ဂလိပ်နာမည်ကို တရုတ်ဘာသာနှင့် ရေးသောအခါ အသံထွက်က တစ်မျိုး ပြောင်းသွားတတ်သည်။ အသံထွက်ပြောင်းသွားသောအခါ အဓိပ္ပာယ်လည်း တစ်မျိုး ထွက်သွားတတ်သည်။ ထို့ကြောင့် "ဂင်စတန်ချာချီ"ကို တရုတ်လို အသံထွက်အတိုင်း ကျွန်တော်က ထပ်ရွတ်ပြလိုက်သည်။

စူဇီ၏ မျက်နှာကလေး ရုတ်တရက် ဝင်းလက်သွားသည်ကို မြင်လိုက်ရပါသည်။

"အစ်ကိုပြောတာ ဂမ်းရဈျူးချီးချီးလား" ဟု သူက ပြန်မေးသည်။

"ဟုတ်တယ် အဲဒါမျိုးဆိုပါတော့ ဂမ်းရှူးချီးချီး"

ကျွန်တော့်ကို အသိပညာနည်းပါးသော လူမိုက်တစ်ယောက်ကို ကြည့်သလို ပြန်ကြည့်နေသည်။

"စောစောက ဘာဖြစ်လို့ အဲဒီလိုမပြောတာလဲ၊ ရယ်စရာကောင်းတဲ့ နာမည်ကြီးကို စောစောက ဘာဖြစ်လို့ ခေါ်ရတာလဲ" ဟု သူက ပြန်မေးနေသည်။

"ထားပါတော့လေ... ကဲ... သူ ဘယ်သူလဲ"

"ဂမ်းရှူးချီးချီး... သူဟာ အင်္ဂလန်ရဲ့ နံပါတ်တစ် ထိပ်ဆုံးကလူ၊ အခု မဟုတ်တော့ဘူး ... ပြီးသွားပြီ ... ဆေးပြင်းလိပ်အကြီးကြီးကို အမြဲတမ်း သောက်တတ်တယ်၊ ကိုယ်လုံးကြီးက အကြီးကြီး မျက်နှာကလည်း ဖြူဖြူ ဝိုင်းဝိုင်းကြီး၊ အို... တစ်ခါတုန်းက ဂွမ်နီကိုတောင် ကျွန်မ ပြောဖူးသေးတယ်၊ ရုပ်ရှင် ကားတစ်ခုထဲမှာ သူ့ကို မြင်ရတုန်းကလေ... ဂွမ်နီရယ် အဲဒီ ဂမ်းရှူးချီးချီးက ငါ့သားကလေးနဲ့ တူလိုက်တာလို့..."

ကျွန်တော်ရယ်ပြီး သူ့ကို လက်နှင့် သိမ်းကျုံးဖက်ကာ နမ်းလိုက်မိပါသည်။

"မှန်လိုက်လေ စူဇီရယ်... အခု မင်းပြောတာတွေ ဘင်းကို ကြားစေချင်လိုက်တာ"

ကျွန်တော့်ကို ကနွဲ့ကလျ သူမှီနေပါသည်။ ခဏကြာအောင် ကျွန်တော်တို့ စကားမပြောဘဲ တိတ်နေမိကြသည်။ သည်နောက်မှ သူက ပြောသည်။

ခေအစ်ကို ဘင်းပြောလေ့ရှိတာ ဘာလဲ... သိသလား"
"မသိဘူး... ဘာပြောသလဲ"

"သူ အမြဲပြောလေ့ရှိတယ်၊ "စူဇီ မင်းဟာ ငါ့ကိုချစ်တာ မဟုတ်ဘူး၊ မင်းချစ်နေတာက ရောဘတ်... မင်းပြောပုံဆိုပုံတွေ ကြည့်တာနဲ့ မင်းဟာ ရောဘတ်ကို အရူးအမူးချစ်နေတာ သိနိုင်တယ်"လို့ ပြောတတ်တယ်"

"ဟုတ်တယ်... သူကလည်း ကိုယ့်ကို ပြောဖူးတယ်၊ ဒါပေမဲ့ ဒီစကားမမှန်ဘူးလို့ ကိုယ်ထင်ပါတယ်ကွာ"
"ဟုတ်တယ်... အဲဒီစကား အမှန်ပဲ"

"စူဇီ ... ဟောစိုမှာ ကူးတို့သင်္ဘော၊ အဲဒီသင်္ဘောမမီရင် ကိုယ်တို့ ဒီဘက်ကမ်းမှာ သောင်တင်နေပြီ..."

ဂမ်ချိုင်းဘက်ကူးသည့် နောက်ဆုံးကူးတို့သင်္ဘောကို ကျွန်တော်တို့ မီလိုက်သည်။ ဟောင်ကောင်ကမ်းနားလမ်းတစ်လျှောက်ရှိ မီးရောင်စုံတို့မှာ အားလုံးလောက်နီးနီး ငြိမ်းနေကြပြီ။ ကိုလုန်း ကုန်ရုံဆိပ်ကမ်းမှာ ကျောက်ချထားသည့် တိုက်သင်္ဘောတစ်စီးကတော့ ဦးမှပဲ့အထိ မီးရောင်တထိန်ထိန်နှင့် ရှိနေသည်။ သင်္ဘောအမည်ကိုလည်း နီယွန်မီးရောင်စုံများဖြင့် ထွန်းညှိထားသည်။

ထိုင်ခုံမှာ ကျွန်တော်တို့နှစ်ယောက် ခပ်ခွာခွာထိုင်ကြရသည်။ သူများ မမြင်နိုင်အောင် ကိုယ်လုံးနှစ်ခုကြားတွင် ခပ်ကွယ်ကွယ် လက်ချင်းဆုပ်ထားရသည်။ အများမြင်ကွင်းတွင် လက်ပွန်းတတီးနေခြင်းကို တရုတ်လူမျိုးများအနေဖြင့် ရိုင်းစိုင်းသည်ဟု သတ်မှတ်ထားသည်ဟု စူဇီက ပြောပြသော ကြောင့် ယခုလို နေရခြင်းဖြစ်သည်။

ဂမ်ချိုင်းဆိပ်ကမ်းရောက်တော့ သင်္ဘောပေါ်မှ ဆင်းခဲ့သည်။ ကုန်းဘောင် အတိုင်း စူဇီနောက်မှ ကျွန်တော် လျှောက်လိုက်လာခဲ့သည်။ ထို့နောက် ဆုံလည်ဒလက်တံခါးမှ ထွက်ခဲ့သည်။

ဆိပ်ကမ်း အင်္ဂတေလမ်းပေါ်ရောက်တော့ သူက ကျွန်တော့်ကို ရပ်စောင့်နေသည်။ အမှောင်ထဲမှာ သူ့ဆံပင်နက်နက်များကို မမြင်ရတော့ပါ။ သူ့မျက်နှာဖြူဖြူကလေးရယ်၊ သူ့အင်္ကျီ ဖြူဖြူကလေးရယ်၊ သူ့ဖိနပ်ဖြူဖြူကလေးရယ်ကိုသာ မြင်ရတော့သည်။

သူ့လက်ကလေးကို ကျွန်တော် ဆွဲယူလိုက်မိပြန်ပါသည်။
"စူဇီ ... ကိုယ့်အခန်းကို မင်း လိုက်ခဲ့ပါလားကွယ်..."
သည်စကားကိုကြားတော့ ဖြူဖွေးသည့် သူ့မျက်နှာကလေး မော့လာသည်။
အိပ်ဖို့ ပြောတာလား အစ်ကို... အစ်ကိုနဲ့ကအတူတူ အိပ်စေချင်လို့လား"

"ဟုတ်ပါတယ် စူဇီ... ကိုယ်နဲ့အတူတူ လိုက်အိပ်စေချင်လို့ပါ၊ ဒီတစ်ညလုံး မင်းကို အရမ်း သဘောကျနေမိတယ်၊ ဒါပေမဲ့ ဘင်းနဲ့ မင်းရဲ့ ဇာတ်လမ်း သိမ်းသွားတာက အချိန်ဘာမှ မကြာသေးတော့ စောစောက ကိုယ့်ဘာသာကိုယ် ပြန်ရှက်နေမိခဲ့တယ်၊ ဒါပေမဲ့ ဒီနေ့ည ကိုယ်တို့ နှစ်ယောက် မခွဲခွာစတမ်း တပူးတွဲတွဲနေခဲ့ကြတယ်၊ အတူတူကခဲ့ကြတယ်၊ ဘာပြဿနာမှ မပေါ်ဘူး၊ ပြီးတော့ ကိုယ့်စိတ်ထဲမှာလည်း ရှက်စိတ်တွေ မရှိတော့ဘူး၊ ဒီတော့ ကိုယ်နဲ့ အတူတူ လိုက်ခဲ့ပါကွယ်"

သူ့နဖူးကလေးကို ကျွန်တော့်ဘက်သို့ ယိမ်းလိုက်သည်။ ထို့ကြောင့် ကျွန်တော့ မေးဖျားအောက်မှာ သူ့နဖူးကလေး ရောက်လာသည်။

"ကျွန်မလိုက်ချင်ပါတယ် အစ်ကိုရယ်၊ ဒါပေမဲ့ ကျွန်မကိုယ် ကျွန်မ စိတ်ပျက်သွားတာမျိုး မဖြစ်ရအောင် မလိုက်ပါရစေနဲ့ပတော့..."

"ဘာဖြစ်လို့လဲ စူဇီ.. ဘင်းကြောင့်လား"

"မဟုတ်ပါဘူး အစ်ကို... ဘင်းကြောင့် မဟုတ်ပါဘူး၊ ပြောပြလို့လည်း မကောင်းပါဘူး၊ ကျွန်မ မပြောချင်ဘူး အစ်ကိုရယ်"

"ပြောပြစမ်းပါ စူဇီ"

"ကောင်းပြီလေ..."

စူဇီသည် ထိုမျှပြောပြီး ရပ်သွားပြန်သည်။ ခဏကြာတော့မှ ဆက်ပြောသည်။

"အစ်ကို ဒီလောက်ကြားချင်ရင်လည်း ပြောပြပါ့မယ်၊ ကျွန်မဟာ သာမန်မိန်းကလေးတစ်ယောက်ပဲ ဆိုကြပါစို့၊ ဒီနေ့ည အပြင်ကို အစ်ကိုခေါ်သွားတဲ့ သာမန် အင်္ဂလိပ်မကလေးဖြစ်တယ် ဆိုကြပါစို့၊ အစ်ကိုက အဲဒီအင်္ဂလိပ်မကလေးကို အစ်ကိုနဲ့လိုက်လာပြီး အိပ်စေချင်တယ်ဆိုပါစို့၊ သူဟာ အစ်ကိုနဲ့ လိုက်လာမယ်လို့ ထင်သလား အစ်ကို"

"ကိုယ်လည်း မပြောတတ်ဘူး၊ မပြောတတ်တာတော့ မဟုတ်ဘူး၊ သူလိုက်လာလိမ့်မယ်လို့ ကိုယ်မထင်ဘူး"

ကျွန်တော့် မေးစေ့အောက်မှ သူ ခေါင်းညိတ်နေသည်။

"ဒါဟာ မဖြစ်နိုင်တဲ့ မိုက်မဲတဲ့ အတွေးအခေါ်မျိုးလို့ ကျွန်မထင်ပါတယ် အစ်ကိုရယ်၊ ဒါပေမဲ့ ကျွန်မဟာ အစ်ကို့အတွက် သာမန်မိန်းကလေးတစ်ယောက် ဖြစ်လိုက်ချင်ပါတယ်၊ မလိုက်ပါရစေနဲ့လို့ ကျွန်မ ငြင်းလိုက်ချင် ပါတယ်"

ကျွန်တော် ရယ်မိပါသည်။

"စူဇီ ... မင်းဟာ အင်မတန် ချစ်စရာကောင်းတာပဲ"

"ဒီစကားကြားရင် အစ်ကို ရယ်တော့မယ်ဆိုတာ ကျွန်မ သိပါတယ်"

"ကိုယ် တကယ်ရယ်တာ မဟုတ်ပါဘူးကွာ၊ မင်းထင်သလို ရယ်လိုက်တာမျိုး မဟုတ်ပါဘူး စူဇီ..."

"မနက်ဖြန်ကျရင် ကျွန်မ လက်ခံပါ့မယ်၊ ဒီတစ်ကြိမ်ကလေးပဲ ကျွန်မ ငြင်းချင်တာပါ၊ ဒီလို ငါ ငြင်းခဲ့ဖူးတာပဲ ဆိုတာကို ကျွန်မ ပြန်သတိရနေနိုင်မယ်လေ၊ အစ်ကို သဘောပေါက်ရဲ့လားဟင်..."

"သေသေချာချာ သဘောပေါက်ပါတယ်"

"ကျွန်မ အခုလို ငြင်းရတဲ့အတွက် ဂမ်းနည်းပါတယ် ရှောဘတ်"

သူက ပုံမှန်အသံဖြင့် ဆက်ပြောသည်။

"ဒီနေ့ညဟာ အင်မတန် ချစ်စရာကောင်းပါတယ်၊ ပြီးတော့ ရှင့်ကိုလည်း ကျွန်မ သိပ်သဘောကျပါတယ်၊ ဒါပေမဲ့ ကျွန်မဟာ မိကောင်းဖခင်သမီးကလေးပါရှင်၊ သိတယ်မဟုတ်လား၊ ကျွန်မဟာ အခုအချိန်အထိ အဖိုဆိုရင် ယင်ဖိုတောင် မသန်းဖူးသေးတဲ့ အပျိုစင်ကလေးဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်မ ဂမ်းနည်းပါတယ်၊ ရှင်နဲ့ လိုက်ပြီး မအိပ်နိုင်ပါဘူး"

"ကိုယ် အရမ်းကြီးကို စိတ်မကောင်းဖြစ်သွားပါတယ် စူဇီ၊ ဘယ်လိုမှ ကိုယ်တောင်းပန်လို့ မရတော့ဘူးလား"

"မတောင်းပန်ပါနဲ့ ရှင်... ကျွန်မ ဂမ်းနည်းပါတယ်"

"ကိုယ့်ပန်းချီကားကလေးတွေ ကြည့်ရှုံတောင် မလိုက်နိုင်တော့ဘူးလား၊ ကိုယ့်စိတ် ကိုယ်ထိန်းပြီး စောင့်စည်းပါ့မယ်လို့ ကတိပေးပါတယ်"

"မဖြစ်ပါဘူး ရောဘတ်၊ ရှင့်ကို ကျွန်မ သဘောကျပါတယ်၊ ကျွန်မ ကိုယ်ကျွန်မ ထိန်းသိမ်းရမယ်၊ ကျွန်မ အိမ်ပြန်တော့မယ်"

"မင်းကို အိမ်အရောက် လိုက်ပို့လို့တော့ ဖြစ်ပါတယ်နော်"

"ဒါလောက်တော့ ဖြစ်ပါတယ်၊ ကျွန်မအိမ်ပေါက်ဝ အရောက်တော့ လိုက်ပို့ပေးနိုင်ပါတယ်ရှင့်"

(၄)

နောက်တစ်နေ့တွင် ကမ်းနားလမ်းတစ်လျှောက် ကျွန်တော်တို့နှစ်ယောက် လျှောက်လာကြသည်။ ကျွန်တော်တို့ ရုပ်ရှင်ကြည့်ပြီး နမ်ကောက်ဟိုတယ်သို့ ပြန်လာကြခြင်းဖြစ်သည်။ ဟင်နက်ဆီလမ်းမကြီးအတိုင်း ဈေးဆိုင်များ၏ အဇီတွေအောက်က လျှောက်ခဲ့ကြသည်။ လူတွေ ကျပ်နေသည့် လက်ဖက်ရည်ဆိုင်များကို ကျော်ခဲ့ကြသည်။ မီးရောင်ထိန်လင်းနေသည့် စတိုးဆိုင် များကို ဖြတ်ခဲ့ကြသည်။

ထို့နောက် လင်ကွန်းလမ်းတွင်းသို့ ချိုးဝင်ခဲ့သည်။ လေထိုးအောက်လင်းဓာတ်မီးရောင်တွေ ထိန်ထိန် လင်းနေသည်။ အောက်လင်းဓာတ်မီးများမှ တရှဲရှဲမြည်သံများကို ကြားနေရသည်။ စားသောက် ဆိုင်တန်း ဖြစ်ပါသည်။ ဆောင့်ကြောင့် ထိုင်ကာ ဆန်ပြုတ် သောက်နေကြသည့် ယောက်ျားပေါင်း များစွာကို တွေ့ရ သည်။

ကမ်းနား ဘက်ရောက်တော့ မာရျောင်းကစားသည့် အခန်းတွေကို တတန်းကြီးမြင်နေရသည်။ မာရျောင်းမွှေသံတွေ ညံနေသည်။ "အိပ်ချိုအမ်အက်စ် အသိန်းသင်္ဘောမှ မိတ်တွေများကို ကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်ကြီး ချိတ်ထားသည့် ရေတပ်ယူနီဖောင်းချုပ်သော အပ်ချုပ်ဆိုင်တစ်ဆိုင်ကိုလည်း တွေ့ခဲ့ ရသည်။

ထိုဆိုင်ကျော်တော့ ရုတ်တရက် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်တော် ပါးစပ်းအဟောင်းလောင်း ပွင့်သွားသည်။ သင်္ဘောတစ်စီးမှ ထိုးထားသော ကုန်းဘောင်သေးသေး ပေါ်တွင် အမူးသမား တစ်ယောက်သည် ဒယီးဒယိုင်ဖြင့် လျှောက်နေသည်။ ရေထဲသို့ ကျလုကျလု ဖြစ်သွားသည်။ သူ့ကိုယ်ကို ပြန်မတ်လိုက်ပြန်သည်။ ပြန်ယိုင်သွားသည်။ ဆပ်ကပ်ထဲတွင် ကြိုးတန်းလျှောက်ပြနေသော ဆပ်ကပ် လူပြက်လို ဖြစ်နေသည်။ နောက်ဆုံးတော့ အောင်မြင်စွာဖြင့် ကုန်းပေါ်သို့ ရောက်လာသည်။

စူဇီက မလှမ်းမကမ်းမှနေ၍ ကျွန်တော့်ကို ရပ်စောင့်နေသည်။ သူ့ကို လှမ်းကြည့်လိုက်သောအခါ နေရာမှ ကျွန်တော် မရွေ့နိုင်အောင် ဖြစ်သွားပြန်သည်။

ဆိပ်ကမ်းအင်္ဂတေ လမ်းပေါ်မှာ သူရပ်နေသည်။ ကျွန်တော်နှင့် ကိုက်အနည်းငယ်ကွာဝေးသည်။ တစ်ဖက်မှ လမ်းမီးရောင်မှိန်မှိန်များက သူ့ကိုယ်ပေါ်သို့ ထိုးကျနေသည်။ သူ့မျက်နှာ၊ သူ့လက်နှင့် သူ့ခြေထောက်များသည် မီးရောင်ဖြင့် လင်းလက်နေသည်။

ကျွန်တော့်စိတ်ထဲမှာ တစ်စုံတစ်ရာကို သတိရလာသည်။ သို့သော် သဲသဲကွဲကွဲမရှိ။ ကျွန်တော် ကြိုးစား စဉ်းစားသည်။ သို့သော်လည်း ထွက်ပြေးနေသည့် ငှက်တစ်ကောင်ကို ဖမ်းမမိသလို ခဏ ကြာအောင် စဉ်းစားမရ ဖြစ်နေသည်။

နောက်ဆုံးတွင်မှ ကျောင်းနေစဉ် ကလေးဘဝတုန်းက မြင်ခဲ့ဖူးသည့် ရုပ်ပုံကားတစ်ချပ်ကို သွားသတိရသည်။

ကျွန်တော် ကျောင်းစနေတော့ ရောင်စုံသရုပ်ဖော်ပုံများပါသော သမ္မာကျမ်းစာအုပ် တစ်အုပ် ရသည်။ စာအုပ်ထဲတွင် ဂျေရုဆလင်မြို့လယ် လမ်းတစ်လမ်း၏ ရောင်စုံသရုပ်ဖော်ပုံ ပါသည်။ ပုံ၏ရှေ့မျက်နှာစာ တွင် ပခုံးတစ်ဖက်နှင့် မှောက်ထားသော လက်တစ်ဖက်ကို တွေ့ရသည်။ နောက်ဘက်မှာ ဖြူဖွေးသည့် အုတ်တံတိုင်းကြီးရှိသည်။ အုတ်တံတိုင်းကြီး၏ ခြေရင်းတွင် အနာကြီးရောဂါသည်နှစ်ယောက် ဆောင့်ကြောင့် ထိုင်နေသည်။သူတို့၏ ကိုယ်လက်အင်္ဂါများသည် အနာကြီးရောဂါကြောင့် မပြည့်မစုံ ဖြစ်နေ ကြသည်။

သူတို့ရှေ့တွင် တတိယမြောက် သူတောင်းစားတစ်ယောက်ကို တွေ့ရသည်။ သူသည်လည်း အစုနကလေးတုန်းက ကိုယ်လက်အင်္ဂါမစုံသည့် အနာကြီး ရောဂါသည်ပင် ဖြစ်ခဲ့သည်။ ယခုတော့ သူ့ရောဂါများ ယူပစ်လိုက်သလို ပျောက်ကင်းသွားပြီး အကောင်းပကတိဖြင့် မတ်မတ်ကြီးရပ်နေပြီ။ သူ့ကို တစ်ဖက်မှ အလင်းရောင်က ထိုးပေးထားသည်။ ယခု ရှေ့နားမှာ ရပ်နေသည့် စူဇီ၏ ကိုယ်ပေါ်သို့ အလင်းရောင်များ ဖြာကျနေသည်နှင့် တစ်ထေရာတည်း တူညီသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသောအခါ ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းသော အံ့သြဖွယ် အသိအာရုံတစ်ခု ဝင်လာသည်။

စူဇီသည် အပျိုစင်ကလေးဖြစ်ချင်သည်။ လောက၏ အပြစ်အနာအဆာကင်းသော၊ အကုသိုလ်တရားကို မသိနားမလည်သော မိန်းကလေး ဖြစ်ချင်သည်။ ယခု သည်နေရာမှာ သူရပ်နေသည်။ အလွန်တရာ သန့်ရှင်းစင်ကြယ်စွာရပ်နေခြင်း ဖြစ်သည်။ သူ့ဦးလေးကြောင့် ရေတိမ် နစ်ခဲ့ရတာတွေ၊ သူ့အသက် မွေးဝမ်းကျောင်းလုပ်ငန်းကြောင့် စွန်းထင်းခဲ့ရသည့် အညစ်အကြေးတွေ အားလုံးမှာ စောစောက ဂျေရုဆလင်လမ်းရှိ အုတ်တံတိုင်းရှေ့က အနာကြီးရောဂါသည် တစ်မုဟုတ်ချင်း ရောဂါ ပျောက်ကင်း သွားသလို ပျောက်ကင်းသွားတော့သည်။

ကြည့်နေရင်းမှာပင် သူသည် အသန့်ရှင်းဆုံး ဖြစ်သွားတော့သည်။ အစင်ကြယ်ဆုံး ဖြစ်သွားတော့သည်။ အဖိုးအထိုက်တန်ဆုံး ဖြစ်သွားတော့သည်။ လူသားဆန်သော ခံစားချက်ကို ကျွန်တော် မြင်လိုက်ရသည်။ အံ့မဆုံးသော မြင်ကွင်းကို ကျွန်တော် မြင်လိုက်ရသည်။

ကျွန်တော်လည်း အံ့သြမဆုံးတော့ပါ။ ထို့ကြောင့် သည်အတိုင်း ငေးစကြည့်နေရုံမှတစ်ပါး လုံးဝမရွေ့လျားနိုင်တော့ပါ။ စူဇီကလည်း လုံးဝ မရွေ့ပါ။ ကျွန်တော့်ကို သူလည်း ငေးစိုက်ကြည့်နေ ပါသည်။ ကျွန်တော့် စိတ်ထဲမျ ခံစားချက်ကို ကောင်းစွာ နားလည်သဘောပေါက်ဘိအလား ပြန်ကြည့် နေခြင်း ဖြစ်ပါသည်။

ပြီးတော့ သူ့ဆီသို့ ကျွန်တော် လျှောက်သွားကာ ပွေ့ယူလိုက်သည်။ မော့လာသည့် အပျိုစင်ကလေး၏ မျက်နှာဖြူဖြူကလေးကို နမ်းလိုက်မိပါသည်။ တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမပြုဘဲ ကျွန်တော့်အနမ်းကို သူ လက်ခံပါသည်။ သူ့မျက်နှာကလေးပေါ်မှာတော့ မြတ်နိုးစရာ အပြုံးကလေး တစ်ခုကို ဆင်မြန်းထားပါသည်။

ဆိပ်ကမ်းမှ ကူးတို့ သင်္ဘောဥသြသံ ပေါ်ထွက်လာသည်။ ထိုအခါ ကျမှပင် ဆိပ်ခံသင်္ဘောတံတားဆီသို့ ကျွန်တော်တို့ လှမ်းကြည့်မိကြတော့သည်။ တကယ့်ဘဝမှန်သို့ ပြန်ရောက်ကြတော့သည်။ ထူးဆန်း အံ့သြဖွယ်သော အဖြစ်အပျက် မရှိတော့ပြီ။ နဂိုနေဘဝသို့ ပြန်ရောက်သွားပါလေပြီ။

အင်္ဂတေလမ်းအတိုင်း ဆက်လျှောက်လာကြသည်။ စိတ်ချမ်းသာသည့် အရိပ်အရောင်များအား သူ့မျက်နှာပေါ်မှ ပျောက်မသွား။ ရွှင်လန်းအားရမှုများကား လျော့ပါးမသွား။ ကျွန်တော့်စိတ်ထဲမှာ ဘာတွေ ခံစားနေရသည်ကို သူသိသည်ဟု ထင်ပါသည်။

"အစ်ကို... ဒီကနေ့ ကျွန်မလုပ်နေပုံတွေကို အစ်ကို သိပါတယ်နော်၊ အစ်ကိုဟာ ကျွန်မဘဝမှာ တွေ့ကြုံဖူးတဲ့ ပထမဆုံးယောကျာ်းအဖြစ် ကျွန်မ ဟန်ဆောင်နေခဲ့တယ်၊ ဒါဟာ အမှန်မဟုတ်ဘူး ဆိုတာကိုလည်း ကျွန်မ သိပါတယ်။ ဒါပေမဲ့ ဒါဟာ အမှန်ပဲလို့ ကျွန်မစိတ်ထဲမှာ ခံစားနေရ ပြန်ရော အစ်ကို.."

သူက စကားကို ခဏဖြတ်ပြီး မသိမသာကလေးရယ်သည်။ ပြီးမှ ဆက်ပြောသည်။

"ကျွန်မရင်ထဲမှာ ကြောက်သလိုလိုကြီး ဖြစ်နေတယ်ကွယ်... ရယ်စရာ မကောင်းဘူးလား အစ်ကို၊ ပထမဆုံး ကြုံတွေ့ရတဲ့ အတွေ့အကြုံလို ဖြစ်နေတယ်၊ ကျွန်မ ဘာဆက်လုပ်ရမှန်း မသိတော့ဘူး အစ်ကိုရယ်"

"အစ်ကိုလည်း စိတ်ထဲမှာ ကြောက်ရွံ့နေတာကို ခံစားနေရပါတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

"ကျွန်မ သိပ်ကို ကြောက်နေပြီ အစ်ကိုရယ်..."

အားလုံး အံ့သြဖွယ်ရာများချည်း ဖြစ်ကုန်ကြပြီကို ကျွန်တော် တွေးနေမိပါသည်။ စူဇီ၏ ခန္ဓာကိုယ်ထဲမှ အံ့သြဖွယ်ရာများ မဟုတ်ပါ။ သူ့အသည်းနှလုံးထဲမှ အံ့သြဖွယ်ရာများ ဖြစ်ပါသည်။ မှန်ပါသည်။ ချစ်ခြင်းမေတ္တာတရားဆိုသည်မှာ အံ့သြဖွယ်ရာပင် မဟုတ်ပါလား။

အံ့သြဖွယ်တရားသည် သူ၏ အတိတ်ကြောင်းများကို ဖယ်ထုတ်ပစ်လိုက်သည်။

သူ့အသည်းနှလုံးကို သန့်ရှင်းစင်ကြယ်သွားအောင် ဆေးကြောသန့်စင်ပေးလိုက်သည်။

အပျိုစင်ကလေး၏ လှုပ်ရှားမှုများနှင့် အံ့သြဖွယ်ရာများကို ဖန်တီးပေးလိုက်သည်။ ယုံကြည်မှုတရားကလည်း ပေါ်လာသည်။

ကျွန်တော်သည် သူ၏ ပထမဆုံးသော ချစ်သူဖြစ်ဖို့ သူ လိုလားသည်။ သူနှင့် ပထမဆုံးဆက်ဆံရသည့် ယောကျာ်းဖြစ်စေချင်သည်။

ကျွန်တော့်စိတ်ထဲမှာလည်း ထို့အတူ ယုံကြည်လာသည်။

ကျွန်တော်သည် သူ့ဘဝ၏ ပထမဆုံးသောချစ်သူ။ အတိတ်အကြောင်းဟူသည် ဘာမှ အဓိပ္ပာယ်မရှိတော့ပါပြီ။

လမ်းမကိုဖြတ်ပြီး နမ်ကောက်ဘက်သို့ လျှောက်ခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာလျှောက်လာသည်။ တစ်ယောက်နှင့် တစ်ယောက် မသိကျွမ်းသော မျက်နှာစိမ်းတွေလို ဖြစ်သွားပြန်သည်။ သူ့လမ်းသူသွားပြီး ကိုယ့်လမ်းကိုယ်သွားကာ တစ်နေရာတွင် လူသစ်များအဖြစ် သွားဆုံကြရတော့မလို ခံစားလာရသည်။

ခန်းမကြီးထဲသို့ ဖြတ်ဝင်လာခဲ့ကြသည်။ လူရှင်းနေသည်ကို တွေ့ရသဖြင့် ကျေးဇူးတင် မိသေးတော့သည်။ ကျွန်တော်တို့၏ စိတ်ခံစားချက်ကလေးသည် နုနုရွရွကလေး ဖြစ်နေသည်။ တစ်စုံတစ်ရာ ကိုတွေ့ပြီး သည်ခံစားချက်ကလေး ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေမိသည်။

ဓာတ်လှေကားကိုစောင့်ရင်း ဘားခန်းထဲမှ အမျိုးသမီးတစ်ယောက်ယောက်နှင့် သဘော်သားတစ် ယောက် ယောက် ရောက်မလာပါစေနှင့်ဟု ကျိတ်ပြီး ဆုတောင်းနေမိသည်။ အပေါ်ထပ်သို့ တက်သွား ခိုက်တွင်လည်း ဘာခံစားချက်မှ ရှိသော မျက်လုံးပိုင်ရှင် အမျိုးသမီးများနှင့် သဘော်သား များကို မဆုံတွေ့ ပါရစေနှင့်ဟု ဆုတောင်းနေမိသည်။

ဒါတွေကို မြင်တွေ့ရလျှင် စူဇီ၏ အတိတ်ကြောင်းများက ကျွန်တော့်အသိအာရုံတွင်းသို့ ပြန်လည်ဝင်ရောက်လာပေလိမ့်မည်။ သူ့ကို တခြားဟိုတယ်တစ်ခုသို့ ခေါ်သွားမိလျှင် ကောင်းပေမှာပဲဟု စဉ်းစား မိသည်။ ယခုလို စွန့်စားရတာမျိုးနှင့် ကင်းဝေးသွားနိုင်သည်။

ဓာတ်လှေကား ဆင်းလာသည်။ တံခါးပွင့်သွားသည်။ ဓာတ်လှေကားမောင်းသူမှတစ်ပါး မည်သူမျှ မရှိသည်ကို တွေ့ရသည်။ စိတ်သက်သာရာ ရသဖြင့် သက်ပြင်းတစ်ချက်ချလိုက်ရင်း စူဇီနောက်မှ အတွင်းသို့ ဝင်လိုက်သွားသည်။

အပေါ်သို့ ဓာတ်လှေကားတက်လာခိုက် ဒေါသတကြီးအော်ဟစ်နေကြသည့် အသံများကို ကြားနေရသည်။ ကျွန်တော့်ရင်ထဲမှ ပရိဒေဝမီးများ တောက်လောင်သလို ခံစားလာရပါသည်။ အပေါ်ဆုံး ထပ်နှင့် နီးလာလေ အသံတွေက ပိုမိုကျယ်လောင်လာလေ ဖြစ်လာသည်။

အပေါ်ဆုံးထပ်သို့ရောက်ပြီး ဓာတ်လှေကား ရပ်သွားသည်။ တံခါးပွင့်သွားသည်။ စင်္ကြံထဲမှ ကျွန်တော် မြင်နေကျ မြင်ကွင်းတစ်ခုနှင့် ရင်ဆိုင်လိုက်ရလေတော့သည်။
ဗုဒ္ဓဟူးလူးလူးကို ဘားမန်နေဂျာနှင့် အမျိုးသမီးနှစ်ယောက်က ဖမ်းချုပ်နေသည်။ လူးလူးက အော်ဟစ်ဆဲဆိုရင်း ရုန်းကန်နေသည်။ သူ့မျက်နှာသည် ဒေါသကြောင့် အရုပ်ဆိုးအကျည်း တန်နေ သည်။ သဘော်သား တစ်ယောက်ကို အော်ဟစ်ဆဲဆိုကာ ရန်တွေ့နေသည်။
သဘော်သားသည် အတန်ငယ် အရက်မူးနေပုံရသည်။ သူ့မျက်နှာသည်လည်း ဒေါသရောင်ကြောင့် ရဲရဲနီနေသည်။ သူကလည်း လူးလူးကဲ့သို့ပင် ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများဖြင့် ပြန်လည် ဆဲရေး တိုင်းထွာ နေသည်။
စင်္ကြံထဲမှာ အမျိုးသမီးတွေ၊ သဘော်သားတွေဖြင့် ပြည့်ကျပ်နေသည်။ ရန်ဖြစ်သံကြောင့် အခန်း အသီးသီး မှ

ထွက်လာကြပြန်တူသည်။

သူတို့ကို ကျော်ပြီး ကျွန်တော့်အခန်းရှိရာသို့ အရောက်သွားဖို့ မဖြစ်နိုင်တော့ပေပါ။ ဓာတ်လှေကား အပြင်မှာရပ်ပြီး သည်အဖြစ်အပျက်ကြီးကို စိတ်မချမ်းမသာဖြင့် ငေးကြည့်နေရပါ တော့သည်။

ဗုဒ္ဓဟူးလူးလူး သည်မျှ ဒေါသကြီးသည်ကို ကျွန်တော် တစ်ခါမှ မမြင်ခဲ့ဖူးပါ။ သူသည် အမြဲတမ်းဆိုသလို သိမ်မွေ့နူးညံ့စွာ နေထိုင်ဆက်ဆံတတ်ပါသည်။ စကားပြောလျှင်လည်း ယဉ်ကျေးသိမ်မွေ့စွာ ညင်ညင် သာသာ ပြောဆိုလေ့ရှိပါသည်။ ယခုတော့ သူ့ဒေါသက ထိုအရာအားလုံးကို ချေဖျက်ပြစ် လိုက်ပါ တော့သည်။

ဘားမန်နေဂျာကလည်း အော်ဟစ် ငေါက်ငမ်းနေသည်။ သို့သော်လည်း သဘော်သားနှင့် လူးလူးတို့၏ အသံကြားမှာ သူ့အသံ နစ်မြုပ်ပျောက်ကွယ်သွားသည်။

သဘော်သားက တစ်ဖက်သို့ လှည့်ထွက်သွားသည်။ ပါးစပ်ကတော့ ဆဲရေး တိုင်းထွာနေတုန်း ပင်ဖြစ်သည်။ ထိုအခိုက် လူးလူးသည် ချုပ်ထားသည့် လက်များထဲမှ လွတ်ထွက်သွားသည်။ သဘော်သားကို ခုန်အုပ်လိုက်သည်။ မျက်နှာကို လက်နှစ်ဖက်ဖြင့် စိတ်ရှိလက်ရှိ ရိုက်ပစ်သည်။ သဘော်သားမှာ မမျှော်လင့်ဘဲ အလစ်တွင် ဝင်ရောက်အတိုက်ခံလိုက် ရခြင်းဖြစ်သည်။ မန်နေဂျာနှင့် အမျိုးသမီး နှစ်ယောက်က ပြေးဆွဲပြီး ချုပ်ထားလိုက်ပြန်သည်။

သဘော်သားက ရွံ့ရှာမုန်းတီးစွာဖြင့် တံတွေးတစ်ချက်ထွေးပြီး ထွက်သွားသည်။

ဓာတ်လှေကား တံခါးပေါက်နားမှ ရပ်ကြည့်နေသော အဲလစ်ကလေးက တခစ်ခစ်ရယ်သည်။ ပြီးတော့ သူ့ဘေးနားမှ သဘော်သားလက်မောင်းကို ကိုင်ပြီး ဆွဲခေါ်သည်။

"ဟေး... ဂျက်ကီ လာ... သွားကြစို့ ... ဘာမှ စိတ်ဝင်စားစရာ မရှိတော့ဘူး"

သဘော်သားက သူခေါ်ရာသို့ လိုက်ရင်း အခန်းတံခါး ပိတ်မည်လုပ်သည်။ ထိုအချိန်တွင် စူဇီကို သူမြင်သွားသည်။ မျက်နှာပြုံးသွားသည်။

"ဟေး...စူဇီ"

စူဇီက သူ့ဘက် လှည့်ကြည့်သည်။ သို့သော်လည်း သူ့မျက်နှာပေါ်မှာ မည်သို့သော ခံစားချက်မှ မရှိ။

"ဂျက်လေကွာ... ကိုယ့်ကို မှတ်မိတယ်မဟုတ်လား ဂျက်ကီလေ... အသိန်းသဘော်က ဂျက်ကီလေ... လွန်ခဲ့တဲ့ ဖွန်လထဲတုန်းက မင်းနဲ့ ကိုယ်တွေ့ခဲ့ကြသေးတာပဲ၊ သွားမယ်နော်... နောက်မှ တွေ့ကြသေး တာပေါ့..."

တံခါးပိတ်သွားသည်။ စူဇီက ခံစားချက်ကင်းမဲ့နေသော သူ၏မျက်နှာကို စင်္ကြံဘက်သို့ ပြန်လှည့်လိုက်သည်။ ဗုဒ္ဓဟူးလူးလူးနှင့် ရန်ဖြစ်သော သဘော်သားလည်း အောက်သို့ ဆင်းသွား သည်။ စင်္ကြံထဲမှ ပွဲကြည့်ပရိသတ်တဖြည်းဖြည်း လူအုပ်ကွဲသွားသည်။ မိမိတို့နှင့် သက်ဆိုင်ရာ အခန်းများ အတွင်းသို့ ပြန်ဝင်သွားကြသည်။

ရှေ့သို့ ကျွန်တော်တို့ ဆက်လျှောက်လာကြသည်။ ကျွန်တော်သည် စိတ်မချမ်းမသာဖြင့် စူဇီ၏ နောက်မှ လိုက်လာခဲ့သည်။ စောစောက ခံစားနေခဲ့ရသည့် အာရုံကလေးများကို ပြန်မှ ရယူနိုင်ပါဦး တော့မည်လောဟု ကျွန်တော် စဉ်းစား နေမိသည်။

အခန်းထဲရောက်ပြီး တံခါးပိတ်လိုက်သည်။ အပြင်က အသံများကို သဲသဲကွဲကွဲ မကြားရတော့။ နောက်ဘက်သို့ ပြန်လှည့်ကြည့်သည်။ အခန်းအလယ်မှာ စူဇီရပ်နေသည်။ သည်အခန်းထဲသို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသူလို ဖြူဖွေးသောမျက်နှာပေါ်တွင် ရှက်ကိုးရှက်ကန်း အမူအရာကလေးကို မြင်တွေ့ရသည်။ အံ့ဩဖွယ်ကောင်းသော အာရုံများ ကျွန်တော့်ရင်ထဲမှာ ချက်ချင်းပြန်ပေါ်လာသည်။

စကြာံထဲမှာ တွေ့ခဲ့ရသည့် မြင်ကွင်း၊ ဗုဒ္ဓဟူးလူးလူးနှင့် သင်္ဘောသားတို့၏ ဒေါသပေါက်ကွဲနေသောမျက်နှာ၊ သူတို့အော်ဟစ်ပြောနေကြ ဆိုနေကြသည့် ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများ၊ လွန်ခဲ့သည့် ဖွန်လတုန်းက စူဇီနှင့်တွေ့ ခဲ့သည်ဆိုသော အသိန်းသင်္ဘောမှ ဂျက်... အားလုံး ကျွန်တော့် အာရုံထဲမှ ပျောက်ကွယ် သွားတော့သည်။

ကျွန်တော်က ဘဲလ်တီးလိုက်သည်။ နံပါတ်နှစ် အခန်းစောင့်က ရေနွေးကြမ်းလာပေးသည်။ အကြမ်း ဖန်ခွက်တစ်လုံးစီ ကိုင်ပြီး လသာဆောင်သို့ ကျွန်တော်တို့ ထွက်ခဲ့ကြသည်။ ဆိပ်ကမ်းကို ကျော်ကြည့်လိုက်တော့ မီးရောင်တွေ ထိန်ထိန်လင်းနေသော ကျွန်းဆွယ်ဟိုတယ်ကို တွေ့ရသည်။ တိုက်သင်္ဘောမှ မီးရောင်များကိုလည်း မြင်ရသည်။ တိုက်သင်္ဘော၏ အမည်ကို ရောင်စုံမီးများဖြင့် ထွန်းပြ ထားသည်။

"အဲဒီသင်္ဘောက ရှိနေတုန်းပဲနော်" ဟု စူဇီက မေးသည်။

"ဟုတ်တယ်... မနက်ဖြန်မှ ထွက်မယ်ထင်တယ်"

"ကျွန်မ ကြောက်နေတုန်းပဲ အစ်ကိုရယ်" ဟု စူဇီက ပြောသည်။

"ဟုတ်တယ်... အစ်ကိုလည်း ကြောက်နေတယ်၊ ဒါပေမဲ့ အားလုံး အဆင်ပြေသွား မှာပါကွယ် မဟုတ်ဘူးလား..."

"ဟုတ်ပါတယ်"

"သွားအိပ်ကြစို့ စူဇီ"

သူ လုံးဝမလှုပ်။ အခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ပြီးတော့ အိပ်ရာထဲ ဝင်လိုက်သည်။ စူဇီသည် လသာဆောင်ပေါ်မှာပင် ရှိနေသေးသည်။

အတော်ကလေးကြာတော့ သူဝင်လာသည်။ ကျွန်တော့်ကို မကြည့်ပါ။ မှန်တင်ခုံမှာ သွားရပ်နေသည်။ ကျွန်တော့်ဘီး၊ ကျွန်တော့်စာအုပ်များ၊ မနေ့က သူခွဲပစ်လိုက်သဖြင့် အတောင်းက အစားပေးထားသော ပြာခံခွက် အသစ်များကို ပျင်းရိငြီးငွေ့စွာ ကိုင်တွယ်ကြည့်နေသည်။ ပြီးတော့ ဘီးကို ကောက်ယူလိုက်ပြီး ခပ်မှိုင်မှိုင် အမူအရာဖြင့် ခေါင်းဖြီးသည်။ တစ်စုံတစ်ရာသော အတွေးထဲမှာ နစ်မြုပ်နေပုံမျိုးဖြစ်နေသည်။

မှန်ထဲသို့ တစ်ချက်ကြည့်လိုက်ပြီး ဘီးကို ပြန်တင်ထားလိုက်သည်။ ပြီးတော့ သူ့အင်္ကျီ လကမောင်းအောက်မှ ဇစ်ကို စတင်ဖြုတ်သည်။ သို့သော် အဆုံးအထိ ဆွဲမချဘဲ ဖြုန်းခနဲ ရပ်ပစ် လိုက်သည်။

"အစ်ကို မီးပိတ်လိုက်ပါကွယ်"

ထိုအသံကိုကြားတော့ ကျွန်တော် ရယ်မိသည်။
"စူဇီ ... မင်း မရှက်တတ်ပါဘူးကွယ်"
"ရှက်တယ်... အစ်ကိုနဲ့ကျတော့ ရှက်တယ်"

မီးခလုတ်ကို ကျွန်တော် ပိတ်လိုက်သည်။ ပွင့်နေသော လသာဆောင် ပြူတင်းပေါက်မှ တစ်ဆင့် ကောင်းကင်ကြီးကို လှမ်းမြင်ရသည်။ ထိုကောင်းကင်နောက်ခံနှင့် စူဇီ၏ ခန္ဓာကိုယ် ကောက်ကြောင်း အရိပ်ကို လှမ်းမြင်နေရသည်။ ကိုယ်ကိုကုန်းပြီး ခြေအိတ်ချွတ်တော့ သူ့ဆံပင်များသည် ရှေ့သို့ လျှောကျ သွားသည်။

ခဏကြာတော့ ကျွန်တော့်အနားသို့ ဝင်လာသည်။ သူ့ကိုယ်လုံးသည် အေးနေသည်။ မည်သူမှ မထိမတို့ ဖူးသေးသော သန့်ရှင်းစင်ကြယ်သည့်ကိုယ်လုံးကလေးဖြစ်ပါသည်။
ကျွန်တော်တို့ဘဝတွင် ချစ်မြတ်နိုးဖွယ် အကောင်းဆုံးသော တဒင်္ဂကလေးဖြစ်ကြောင်းလည်း ကျွန်တော် သဘောပေါက် နားလည်လိုက်ပါသည်။
ပိုးချည်မျှင်ကလေးက ရစ်ပတ်နှောင်ဖွဲ့လိုက်သည်။ ပိုးအိမ်ကလေးအတွင်းသို့ ကျွန်တော်တို့ ရောက်သွား ကြသည်။

မပြည့်စုံသော "အခြမ်းနှစ်ခြမ်း" ဘဝမှ ပြည့်စုံသော "တစ်ခု" အဖြစ်သို့ ကူးပြောင်းရောက်ရှိသွားသည်ဟု ကျွန်တော် ခံစား လိုက်ရပါသည်။
တစ်ဆက်တည်းမှာပင် စူဇီ၏ တရှိုက်ရှိုက်ငိုသံကလေးက ကျွန်တော့်နားထဲသို့ တိုးဖွဖွ ဝင်ရောက် လာပါတော့သည်။

## စာအုပ် (၂) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၆)

### အခန်း(၆)

(၁)
မနက်ကိုးနာရီမှ အိပ်ရာက ကျွန်တော် နိုးပါသည်။ စူဇီ ကမူ နစ်နစ်မြိုက်မြိုက် အိပ်ပျော်နေဆဲ ဖြစ်ပါသည်။ သူ့ကိုကျော်ပြီး ခုတင်ဘေးရှိ စားပွဲပေါ်မှ ဂတ္တူစာအုပ်ကို ကျွန်တော် လှမ်းဆွဲယူသည်။ သို့သော်လည်း ဂတ္တူထဲမှာ ကျွန်တော် စိတ်မဝင်စားနိုင်ပါ။ ကျွန်တော် အရမ်းပျော်နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် စာအုပ်ကို ချထားလိုက်ရတော့သည်။

နစ်မြိုက်စွာ အိပ်ပျော်နေသည့် စူဇီ၏ မျက်နှာကလေးကို ထိုင်ကြည့်နေမိသည်။ ကလေးငယ် တစ်ယောက် ၏ မျက်နှာကဲ့သို့ အေးချမ်းလှပါသည်။ မျက်လုံးပေါ်မှာ ဖုံးနေသည့် မျက်လွှာများသည် နူးညံ့ ချောမွတ်နေသည်။ မျက်တောင်မွေးကလေးများသည် ဂျပန် ယပ်တောင်ကလေးတစ်ချောင်းလို သပ်ရပ်စွာ

ပြန့်ကားနေသည်။ တစ်ချောင်းချင်းကိုပင် ရေးလို့ရနေပါသည်။

သူ အိပ်မက်များ မက်နေသလားဟု ကျွန်တော် စဉ်းစားကြည့်နေမိပါသည်။ တရုတ်လူမျိုးများသည် ဘယ်လို အိပ်မက်မျိုးကိုများ မက်တတ်ပါလိမ့်။ ကလေးတွေ၊ ပုစဉ်းရင်ကွဲ အော်သံတွေ၊ ပူနွေးသော ဂိုင်အရက်တွေ၊ ချစ်ခြင်းမေတ္တာတရားတွေကိုများ မက်တတ်ကြလေသလော။

တစ်နာရီလောက်ကြာအောင် ငြိမ်သက်စွာ သူ အိပ်ပျော်နေပါသည်။ ထို့နောက်မှ အသက်ပြင်းပြင်း တစ်ချက်ရှူကာ တစ်ဘက်သို့ အသာကလေး စောင်းပြီး နေရာပြင်လိုက်သည်။
"အချစ်ရေ... ၊ ထပါတော့လားကွယ်..." ဟု ကျွန်တော်က ပြောသည်။

"ဒါလင်..."
အိပ်ချင်မူးတူးသံဖြင့် သူက ပြန်ထူးသည်။
"ထတော့လေကွယ်"
ကျွန်တော့်ဘက်သို့ သူ စောင်းလိုက်ပြန်သည်။ ပြီးတော့ ကျွန်တော့်ကို ကန့်ကလျ ကိုင်တွယ်နေသည်။ သာသာ ကလေးလည်း ရယ်နေသည်။
"သိပ်လှတာပဲ မောင်ရယ်..."
"ဘာတွေက လှနေတာပဲဟင်"

"အချစ်ရေလို့ မောင်ခေါ်လိုက်တဲ့ အသံပေါ့၊ တကယ့် လှိုက်လှိုက်လှဲလှဲခေါ်သံ...၊ အသည်းနှလုံးထဲက ထွက်လာတဲ့အသံ...၊ လှလိုက်တာ မောင်ရယ်"
သူပြောနေသံကလည်း ကျွန်တော့်နားထဲမှာ လှနေပါသည်။

"ရေနွေးကြမ်း တောင်းလိုက်ဦးမယ်နော်၊ အခန်းထဲကို အတောင်းဂင်လာရင် သူ့မျက်နှာ အမူအရာ ဘယ်လို ပြောင်းသွားသလဲဆိုတာ ကြည့်ကြရအောင်"
ခုတင်ဘေးရှိ ဘဲလ်ကို ကျွန်တော် နှိပ်လိုက်သည်။ စူဇီသည် မျက်လုံးမဖွင့်ဘဲ စောင်ကို မေးစေ့အရောက် ဆွဲခြုံလိုက်သည်။

တံခါးခေါက်ပြီး အတောင်း ဂင်လာသည်။ ရေနွေးကြမ်းအိုး သယ်လာသည်။ စူဇီကို တွေ့တော့ သူ့ခြေတောက် များ တုံ့ကနဲရပ်သွားသည်။ သူ့မျက်လုံးအစုံမှာ ကော်ဖီပန်းကန်ပြားလို ဝိုင်းစက်သွားသည်။

ပြီးတော့မှ သူ့ကိုယ်သူ ပြန်သတိရသွားပြီး စားပွဲဆီသို့ ဆက်လျှောက်သွားသည်။ ခုတင်ဘက်သို့ လုံးဝ ပြန်လှည့်မကြည့်တော့။ သူ့မျက်နှာ အမူအရာကိုလည်း တည်တည်ကြီး ဖြစ်အောင် ကြိုးစား ဟန်ဆောင်နေသည်။ ရေနွေးကြမ်းအိုး အပေါင်းနှင့် အသစ်ကို လဲနေသည်။ ကျွန်တော်၏ အပြုအမူ ကြောင့် သူတော်တော်ကြီး အနေခက်သွားပြီကို နားလည်လိုက်သည်။ ဒါလောက်ဆိုလျှင် လုံလောက်ပြီဟု သဘော ရလိုက်သည်။

"အံ့ဩမသွားဘူးလား အတောင်း"

ကျွန်တော့်ကို သူ မော့ကြည့်သည်။ ကျွန်တော် ရယ်နေသည်ကို သူ တွေ့သွားသည်။ တဖြည်းဖြည်း သူ့မျက်နှာ ပြုံးလာကာ စိတ်သက်သာရာ ရသွားလေတော့သည်။

"ဟုတ်ပါတယ်ဆရာ...၊ ကျွန်တော် ပျော်သွားပါတယ် ဆရာ"

အတောင်း အမှန်တကယ် စိတ်ချမ်းသာသွားကြောင်း၊ ကျွန်တော် သိပါသည်။ နမ်ကောက်မှာ ကျွန်တော် ဒါလောက် ကြာကြာကြီး နေခဲ့ပြီဖြစ်သော်လည်း မည်သည့် မိန်းကလေးနှင့်မှ ဇာတ်မရှုပ်ခဲ့။ ထို့ကြောင့် ကျွန်တော့်မှာ တစ်ခုခုများ မှားနေသလား။ ဒါမှမဟုတ် စုံထောက်တစ်ယောက် ဖြစ်နေသလားဟု သူ သံသယဖြစ်ခဲ့သည်။

ယခုမူ ကျွန်တော်သည် အများနည်းတူ အမျိုးသမီးကလေး တစ်ယောက်နှင့် အိပ်ရာထဲမှာ အတူတူ ရှိနေသည်။ အားလုံး အဆင်ပြေသွားပြီ။ သူ သံသယဖြစ်နေတာတွေ တစ်ခုမှ မဟုတ်တော့။ ကျွန်တော်တို့ အတွက် ဖန်ခွက်နှစ်လုံးထဲမှာ ရေနွေးကြမ်း ထည့်ပေးသည်။ ပျော်ပျော်ရွှင်ရွှင်ကြီး ပြုံးနေသည်။ ပြီးတော့ အခန်းထဲမှ သူ ထွက်သွား တော့သည်။

စူဇီကတော့ မျက်လုံးအစုံကို မှိတ်ထားဆဲပင်။

"အချစ်ရေ..."ဟုလည်း ကျွန်တော် ခေါ်သည့်အတိုင်း လိုက်ခေါ်ကြည့်နေသည်။

ဆယ့်တစ်နာရီထိုးတော့ ပင်းမင်းအပ်ထားသည့် ကျွန်တော့် အဂတ်အစားများကိုယူပြီး အတောင်း ပြန်ရောက်လာသည်။ ယခုအချိန်အထိ ကျေကျေနပ်နပ်ကြီး သူပြုံးနေဆဲ ဖြစ်ပါသည်။ ကျွန်တော်နှင့်အတူ စူဇီ ရှိနေတုန်းပဲလားဟု ရှော့ဒ်နေက မေးကြောင်း၊ သူက ဘာမှ မသိသည့်အကြောင်းကို လိမ္မာပါးနပ်စွာဖြင့် ပြန်ဖြေလိုက်ကြောင်း ပြောပြသည်။

"စူဇီ ဒီအခန်းထဲမှာ ရှိနေတယ်ဆိုတာ သူ ဘယ်လိုလုပ်သိသွားတာလဲ"

"မနေ့ညတုန်းက ဂျူတီကျတဲ့ အခန်းစောင့် နံပါတ် ၂ က ပြောပြလိုက်တာပါဆရာ"

အတောင်း ထွက်သွားသည်။ စူဇီက အိပ်ရာထဲမှာ ထထိုင်သည်။

"မောင်ရေ... ဘယ်အချိန် ရှိသွားပြီလဲ၊ ကျွန်မ ကလေးကို ပြေးကြည့်လိုက်ဦးမှ ဖြစ်မယ်"

"ကိုယ်ရော လိုက်လို့ရမလား"

"မရဘူး"

"ဘာဖြစ်လို့လဲ"

"အချစ်ရေလို့ မခေါ်လို့"

"မောင်ပါ အတူတူလိုက်လာလို့ရမလား အချစ်ရေ..."

"အိုး... လိုက်ခဲ့ပါ မောင်ရယ်"

ကျွန်တော်တို့ အဂတ်အစားလဲပြီး သူ့အိမ်ခန်းသို့ လမ်းလျှောက်သွားကြသည်။ သူဂတ်ထားသည့် ညစာစားပွဲတက် ဂတ်စုံသည်။ ယခုလို မနက်မှာ တောက်ပြောင်လွန်းနေသည်။ အထူးသဖြင့် သူနေသည့်

ရပ်ကွက်မှ နောက်ဖေးလမ်းကြားကလေးထဲသို့ ဂင်လာသောအခါ ပိုပြီး တောက်ပြောင်နေတော့သည်။

စူဇီ၏ အိမ်ခန်းသည် လမ်းနစ်ခုဆုံရာထောင့် စက္ကူဆိုင်၏ အပေါ်ထပ်တွင်ဖြစ်သည်။

စက္ကူဆိုင်ဆိုသည်မှာ ရောင်စုံစက္ကူများ။ ရောင်စုံစက္ကူများဖြင့် ပြုလုပ်ထားသည့် သင်္ဘော၊ လှေ၊ သမွန်၊ အိမ်၊ မော်တော်ကား၊ စက္ကူ အဂတ်အစား စသည်များအပြင် ဒေါ်လာငွေစက္ကူပုံ ရိုက်နှိပ်ထားသည့် စက္ကူမျိုးစုံ ဖြစ်သည်။ တရုတ်လူမျိုးများသည် ဆွေမျိုးထဲမှ တစ်စုံတစ်ယောက် အနိစ္စရောက်လျှင် ထိုစက္ကူ ပုံစံမျိုးစုံကို ဂယ်ပြီး မီးရှို့ကြသည်။ ဒေါ်လာပုံစံ စက္ကူသန်းပေါင်း များစွာ ကိုလည်း မီးရှို့ကြသည်။ သေဆုံး သွားသူ၏ ဂိညာဉ်က ထိုအရာများ အားလုံးကို လက်ခံရရှိကြသည်ဟု ယုံကြသည်။

ဂမ်ချိုင်းတွင် ကုန်မျိုးစုံဆိုင်များထက် ယင်းသို့ စက္ကူရောင်းသည့် ဆိုင်တွေက ပိုများသည်။ ယခုလို စက္ကူဆိုင်၏ အပေါ်ထပ်မှာ နေရသည့်အတွက် ကံမကောင်းဟု စူဇီက ထင်နေသည်။ သို့သော်လည်း တစ်ဘက်ခန်းက ခေါင်းရောင်းသောဆိုင် ဖြစ်လေရာ ထိုဆိုင်အပေါ်ထပ်ခန်း မဟုတ်သဖြင့် အထိုက် အလျောက် တော့ တော်သေးသည်ဟု ပြောသည်။

သူ့အိမ်ပေါ်သို့ တက်သည့် လှေကားမှာ စက္ကူဆိုင်နှင့် ခေါင်းရောင်းသည့် ဆိုင်ကြားမှာ ရှိသည်။ လှေကားကျဉ်းကျဉ်းကလေးအတိုင်း သူ့နောက်မှ ကျွန်တော် တက်လိုက်သွားသည်။ အိမ်က အိမ်အိုကြီး ဖြစ်ပြီး ခနော်နီခနော်နဲ့နိုင်လှသည်။ လမ်းတွေက ညစ်ပတ်သည်။ ဟင်းနဲ့ ကျွေးနံ့နှင့် ကျင်းငယ် နံ့များ တထောင်းထောင်း ထွက်နေသည်။

အောက်ထပ် နစ်ခန်းတွင် အိမ်သားဆယ့်လေးငါးယောက်တို့ ငါးပိသိပ်ငါးချဉ်သိပ် နေကြရသည်ကို တွေ့ရသည်။ အချို့အခန်းတွင် ကလေးများက ထမင်းစားနေကြသည်။ နို့တိုက်သည့် မိခင်များ လည်းရှိသည်။ ယောက်ျားအချို့က အသေကောင်လို စန့်စန့်ကြီး အိပ်နေကြသည်။ ရန်ဖြစ်နေသည့် အသံများ ကိုလည်း ကြားရသည်။

မည်းမှောင်နေသည့် အပေါ်ဆုံးထပ်သို့ ရောက်လာသည်။ ဘယ်ဘက်တစ်ခန်း၊ ညာဘက်တစ်ခန်း ခွဲခြားထားသည်။ စူဇီ၏ အခန်းထဲသို့ ဂင်ခဲ့သည်။ အိမ်ခန်းက ကျဉ်းကျဉ်းကလေး ဖြစ်ပါသည်။ အထိုက် အလျောက် သန့်ရှင်းမှု ရှိသော်လည်း ကျေနပ်လောက် သည့် အနေအထားကား မဟုတ်ပါ။

နံရံနှင့် လသာဆောင်ကလေးမှာ အမျိုးအမည်ပေါင်း များစွာသော ပစ္စည်းအဟောင်းအမြင်းတွေ တပုံကြီးရှိနေသည်။ တရုတ်လူမျိုးတို့သည် အဟောင်းတစုတ်များကိုပါ အလွယ်တကူ လွှင့်ပစ်ရိုးထုံးစံမရှိ။ ပုလင်းခွံတွေ၊ ဘူးခွံတွေ၊ စက္ကူသေတ္တာတွေကို သည်အတိုင်း သိမ်းဆည်းထားကြလေ့ရှိသည်။

ကလေးထိန်း အဘွားကြီးသည် ကြမ်းပြင်ပေါ်မှာထိုင်ပြီး စူဇီ၏ အင်္ကျီတစ်ထည်ကို ချုပ်နေသည်။ ကလေးက ဘူးခွံတစ်ခုနှင့် ဆော့နေသည်။ စူဇီကို မြင်တော့ ဘူးခွံနှင့် ကြမ်းပြင်ကို တဒိုင်းဒိုင်းထုပြီး ပြုံးပြသည်။ စူဇီက ကလေးကို ကောက်ချီလိုက်သည်။ ကလေးမျက်နာမှာ သွားရည်တွေ ရွှဲနေသော်လည်း သူ့အင်္ကျီဖြူကလေး

ညစ်ပေသွားမည်ကို အရေးမထား။ ကလေးကို ချီရင်း တရုတ်လိုချော့မြူနေသည်။

:ကလေးက အင်မတန်ချစ်စရာကောင်းတာပဲ စူဇီ"

ကလေး၏ ကပြားမျက်နှာကလေးကို မြင်တိုင်း ကျွန်တော့် စိတ်ထဲမှာ နာကြင်မိသည်မှာ အမှန်ဖြစ်သော်လည်း ထိုစကားကို ကျွန်တော် ပြောပစ်လိုက်ပါသည်။

"သူ အခုထက်ထိ ချောင်းဆိုးတုန်းပဲမောင်ရယ်..၊ ဟေး... ဘာကြောင့် မင်း ဒါလောက်တောင် ချောင်းဆိုးနေရတာလဲ... လူကဲကလေး"

စူဇီက ပြောရင်း ကလေးကို ကလိထိုးနေသည်။ ကလေးက သဘောကျလွန်းသဖြင့် တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရယ်နေသည်။

"ဟုတ်တယ်...၊ မေမေ့ရဲ့ သားချောလေး၊ မေမေ့ရဲ့ သားလှကလေး၊ မေမေ့ ရည်းစားကို စကားပြောလိုက်စမ်း၊ တစ်နေ့ကျရင် သူကသားကို ဓာတ်ပုံရိုက်ပေးမှာ"

စူဇီ၏ စကားကိုကြားတော့မှ ကလေးကို ဓာတ်ပုံရိုက်ပေးဖို့ ကျွန်တော် ကတိပေးထားဖူးကြောင်း အမှန်ရတော့သည်။ သို့သော်လည်း ကျွန်တော်၏ ကင်မရာမှာ ကျကွဲ သွားသောကြောင့် ပြန်ပြင်မရ နိုင်တော့သည့် အခြေအနေ ရောက်နေသည်။

ထို့ကြောင့် ကလေးကို ဓာတ်ပုံဆိုင်ခေါ်သွားပြီး ရိုက်ပေးရလျှင် ကောင်းမယ်ဟု ကျွန်တော်က အကြံပေးသည်။ စူဇီကို ဘာလက်ဆောင်ပေးရလျှင် ကောင်းမည်နည်းဟု တစ်မနက်လုံး ကျွန်တော် စဉ်းစားနေခဲ့သည်။ ယခု အကြံသည် အကောင်းဆုံးလက်ဆောင်ပင် ဖြစ်ချေသည်။

ထိုစိတ်ကူးကို ကြားရတော့ စူဇီ သိပ်ပျော်သွားသည်။ ဓာတ်ပုံရိုက်၍ ကောင်းနိုင်မည့် အဝတ်အစားများကို တစ်ထည်ပြီး တစ်ထည် ပြောင်းလဲဝတ်ဆင်ကြည့်နေသည်မှာ မိနစ်ပေါင်းများစွာ အချိန်ကုန်သွားသည်။ ကလေးထိန်းအဘွားကြီးက စောင်တစ်ထည်ကို ဖြန့်ကိုင်ပြီး ကွယ်ပေးထားသည်။ စူဇီက ထို့နောက်တွင် အဝတ်များကို တစ်ထည်ပြီး တစ်ထည် လဲကြည့်နေခြင်းဖြစ်သည်။

ကလေးထိန်း အဘွားကြီးသည် ကျွန်တော်တို့နှင့် အတူတူလိုက်လာမည်ဖြစ်သည်။ ထို့ကြောင့် သူ စိတ်ချမ်းသာ သွားပုံရသည်။ ငွေသွားတွေပေါ်အောင် ပြုံးနေသည်။ သူ့မျက်နှာပေါ်မှာ အသားအရေတွေ တွန့်လိပ်နေပြီ။ ယခင် လယ်သူမကြီးဖြစ်ခဲ့သည်။ အသားအရေတွေ တွန့်လိပ်နေပြီဖြစ်သော်လည်း မျက်လုံး အစုံကမူ ကလေးငယ် တစ်ယောက်၏ မျက်လုံးကဲ့သို့ ကြည်လင်နေသည်။

အပြာရောင် အင်္ကျီနှင့် ဘောင်းဘီအနက်ကို ဝတ်ဆင်ထားသည်။ ခြေညှပ်ဖိနပ် စီးထားသည်။ ဖြူဖွေးနေသည့် ဆံပင်များကိုအပေါ်စားပလတ်စတစ် ဘီးတစ်ချောင်းဖြင့် စုထုံးထားသည်။

အဘွားကြီးကို စူဇီ အလွန်ချစ်ပါသည်။ သို့သော်လည်း အိုးတိုးအတ နိုင်လွန်းသောကြောင့် မကြာခဏ ဆူပူကြိမ်းမောင်းရသည်။ စူဇီက ဘယ်လောက် ဆူဆူ အဘွားကြီးက ကျေနပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စူဇီကို အထင်ကြီး သောကြောင့်ဖြစ်သည်။ စူဇီသည် ငွေတွေအများကြီး ရှာနိုင်သည်။ အဝတ်အစား လှလှတွေ အများကြီး ဝယ်နိုင်သည်။ အိမ်ခန်းတစ်ခုနှင့် ကျကျနန နေနိုင်သည်။ နိုင်ငံခြား သဘော်သား များနှင့်

ဆက်သွယ် လုပ်ကိုင်ရသည့် လုပ်ငန်း အလွန်အောင်မြင် နေသောကြောင့်လည်း အဘွားကြီး က စူဇီကို အလွန်အထင်ကြီးနေသည်။

အဘွားကြီးက စောင်တစ်ထည်ကို ခေါက်ပြီး ကျောမှာ သိုင်းသည်။ ထိုစောင်ထဲမှာ ကလေးကို ထည့်သည်။ စောင်ထဲသို့ ရောက်သွားပြီး ခဏအကြာမှာပင် ကလေးငယ်သည် လက်မ တစ်ချောင်းကို စုပ်ရင်း အိပ်ပျော်သွားတော့သည်။

"အဆင်သင့်ဖြစ်ပြီနော်၊ ကဲ... သွားကြစို့"ဟု စူဇီက ပြောသည်။
အိမ်ကြိုအိမ်ကြားရှိ လမ်းကျဉ်းကလေးများအတိုင်း ဟက်နက်ဆီလမ်းမကြီးဆီသို့ လျှောက်လာ ကြသည်။ အဘွားကြီးက နောက်မှလိုက်လာသည်။ ဟင်နက်ဆီ လမ်းပေါ်ရောက် တော့ ဓာတ်ပုံ ဆိုင်ပေါင်း များစွာ စီတန်းနေသည်။ ထိုဆိုင်များမှာ ချိတ်ထားသည့် နမူနာဓာတ်ပုံများ ကို ကြည့်ကြသည်။

တစ်ဆိုင်တွင် အင်္ဂလိပ် သင်္ဘောသားလူငယ်တစ်ယောက်၏ ဓာတ်ပုံကြီးကို ချိတ်ထားသည်။ ဆံပင်က ကောက်ရိုးရောင်၊ ပါးနှစ်ဖက်က ပန်းနုရောင်၊ မျက်လုံးက အပြာရောင်နှင့် အင်္ဂလိပ်လူငယ်တစ်ယောက်။ သူ့ပုံပတ်လည်တွင် တရုတ်မကလေးများ၊ တရုတ်ကလေးများ၊ နှစ်ယောက် တွဲပုံများကို ချိတ်ထားသည်။

"ဒီပုံတွေ ကြည့်ရတာ ပိုကောင်းတယ်"
စူဇီကပြောရင်း ဆိုင်တွင်းသို့ ဝင်သွားသည်။

ဓာတ်ပုံဆရာသည် တရုတ်လူမျိုး လူငယ်တစ်ယောက်ပင် ဖြစ်သည်။ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ သူ့ကိုယ်သူ အလွန်အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ယောက် ဂိုက်မျိုး ဖမ်းထားသည်။ သို့သော်လည်း စူဇီသည် ကိုယ်ဘာလိုချင်သည်ကို ကောင်းစွာသိသည့် မိန်းကလေးဖြစ်သည်။ ထို့ကြောင့် ဓာတ်ပုံဆရာ ဘယ်လိုပုံမျိုး ဖမ်းဖမ်း သူ့နေရာမှန်သို့ ပြန်ပို့ပစ် လိုက်သည်။

ကိုယ်ဟန် အနေအထားကို သူ့ဘာသာသူ ပြင်သည်။ စိတ်တိုင်းကျသောအခါ ဓာတ်ပုံဆရာကို ခလုတ်နှိပ်ခိုင်းသည်။ ဓာတ်ပုံဆရာ အဆင်သင့် မဖြစ်သည်ကို တွေ့သောအခါ ဆူပူကြိမ်းမောင်း လိုက်သေး သည်။

"ဘယ်လိုလဲ၊ ကျွန်မကလေး မျက်နှာသေကြီးနဲ့ ထိုင်နေတော့မှ ရှင်ခလုတ်နှိပ်နိုင်မှာလား၊ နေဦး... အခု မရိုက်နဲ့ဦး၊ ကလေးရယ်အောင် လုပ်လိုက်ဦးမယ်"
စူဇီက ပြောပြောဆိုဆို ကလေးရယ်လာအောင် ချော့မြူသည်။ သူ စိတ်တိုင်းကျသည့် အမူအရာနှင့် အနေအထား ကိုရတော့မှ ဓာတ်ပုံရိုက်စေသည်။
ဓာတ်ပုံဆရာတိုင်းသည် နောက်ခံကားလှလှများ ချိတ်ဆွဲထားဖို့ တယ်ပြီး ဂါသနာပါကြပုံမပေါ်။ သူတို့ဆိုင်များမှာ ထားလေ့ရှိသည့် နောက်ခံကားများသည် ခပ်တုံးတုံး ခပ်ညံ့ညံ့များချည်း ဖြစ်တတ်သည်။

စူဇီသည် ကလေး တစ်ယောက်တည်းကိုပင် အနေအထားမျိုးစုံ လုပ်ပြီး ရိုက်ခိုင်းသည်။ စိတ်တိုင်း ကျတော့ ကလေးနှင့် သူ တွဲရိုက်သည်။ ထို့နောက် ကလေးနှင့် ကလေးထိန်း အဘွားကြီးကို တွဲရိုက် စေသည်။

နောက်ဆုံး တွင် ကျွန်တော် ဂင်ရတော့သည်။ စူဇီက ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။ ကလေးကို ပေါင်ပေါ်မှာ တင်ထားသည်။ ကျွန်တော်က သူ့နောက်မှာ ရပ်ရသည်။

"စူဇီ ..အခုလိုရပ်နေရတော့ ကိုယ်ဟာ ကလေးရဲ့အဖေလို ဖြစ်မနေပေဘူးလား" ကျွန်တော်က ကန့်ကွက်သလို ပြောသည်။
"ဟုတ်တယ်လေ၊ မောင် သဘောမကျလို့လား"
"မဟုတ်ပါဘူးဗျာ..၊ စိတ်ကြီးတောင် ဂင်သွားမိပါသေးတယ်"ဟု ကျွန်တော် ပြန်ပြောမိလျက်သား ဖြစ်နေတော့သည်။
စူဇီက ခစ်ခနဲ ရယ်လိုက်သည်။

"ဓာတ်ပုံပြပြီး သားလေးကို ပြောပြရမယ်၊ အဲဒါ သားရဲ့အဖေပဲလို့၊ ဒါကြောင့် သားဟာ ဒါလောက်ချော နေတာလို့ ပြောရမယ်"
"အခုထက်ပိုပြီး စိတ်ချတဲ့အသံမျိုးနဲ့ မင်းပြောမှဖြစ်မှာနော်၊ ကိုင်း ရယ်စရာတွေ ပြောမနေနဲ့တော့၊ ကိုယ် ရယ်လိုက်လို့ ဓာတ်ပုံပျက်သွားဦးမယ်"

ထို့နောက် စူဇီ ပိုက်ဆံအိတ်ဖွင့်သည်ကို အချိန်မီသည်ဆိုရုံကလေး ကျွန်တော် တားလိုက် နိုင်သည်။ ဓာတ်ပုံအတွက် စရန်ငွေကို သူပေးပါမည်ဟု အတင်းလုပ်နေသေးသည်။ ဖြတ်ပိုင်းကို ကျွန်တော်ယူပြီး ဆိုင်ပြင် ထွက်ခဲ့ကြသည်။ ကျောက စောင်ထဲမှာ ပြန်အိပ်ပျော်သွားသည့် ကလေးနှင့်အတူ ကလေးထိန်း အဘွားကြီးက အိမ်ပြန်သွားသည်။ ပလက်ဖောင်းပေါ်မှာ ကျွန်တော်တို့ ရပ်နေကြသည်။ ထိန်ထိန်ကြဲ နေသည့် နေရောင်အောက်မှာ ဓာတ်ရထားတွေ ဥဒဟို သွားနေကြသည်။

"အခု ဘာဆက်လုပ်ကြရင် ကောင်းမလဲ စူဇီ"
"ရုပ်ရှင်သွားကြည့်မလား"
"ရုပ်ရှင်တော့ မကြည့်ချင်ဘူးကွယ်၊ ဓာတ်ရထား အပေါ်ထပ်မှာ တက်ထိုင်ပြီး မရပ်မချင်း ထိုင်စီး နေကြရအောင်"
"ကောင်းတယ် မောင်"
ရော်ကီဂမ်သို့သွားသော ဓာတ်ရထားပေါ်သို့ တက်ခဲ့ကြသည်။ ရော်ကီဂမ်သည် သင်္ဘောတွေ၊ စက်လှေတွေ တည်ဆောက်သည့် ရွာကလေးဖြစ်သည်။

ဓာတ်ရထားစီးလာရင်း ခဏကြာတော့ ယနေ့ စနေနေ့ဖြစ်ကြောင်း ကျွန်တော် သတိရသည်။ မွန်းလွဲပိုင်းတွင် မြင်းပွဲရှိသည်။ ထိုအကြောင်းပြောပြတော့ မြင်းပွဲမရောက်ဖူးသော စူဇီကလည်း စိတ်ဂင်စား သွားသည်။ ဓာတ်ရထားပေါ်မှဆင်းပြီး မြို့ထဲပြန်သွားသည့် ဓာတ်ရထားတစ်စီးပေါ် တက်ခဲ့ကြသည်။

ဗဟိုခရိုင်က မှတ်တိုင်တစ်ခုမှာ ဆင်းပြီး နေ့လယ်စာစားရန် စားသောက်ဆိုင်တစ်ဆိုင်သို့ ဂင်ခဲ့သည်။ ကန်တုန် လူမျိုးပိုင်သော စားသောက်ဆိုင် အကြီးကြီးဖြစ်သည်။ စားသောက်ဖွယ်ရာများ ထည့်ထားသည့် ဗန်းကို ကိုင်ရင်း စားပွဲထိုးအမျိုးသမီးကလေးများက ဆိုင်ထဲမှာ သွားလာ လှုပ်ရှားနေကြသည်။ မိမိ ကြိုက်နှစ်

သက်ရာ အစားအစာကို ဇန်းထဲမှ ရွေးယူရန်ဖြစ်သည်။ ခပ်လှမ်းလှမ်းရှိ အမျိုးသမီး ဇန်းထဲမှာ မိမိ ကြိုက်နှစ်သက်ရာ ရှိနေမည်ဆိုလျှင်လည်း လှမ်းခေါ်နိုင် သည်။

ဆိုင်ထဲမှာ စားပွဲထိုး အမျိုးသမီးပေါင်း သုံးလေးဆယ်လောက်ရှိသည်။ သူတို့ ဇန်းထဲမှာ ကြက်ကြော်၊ ကြက်ကင်၊ ဘဲကင်၊ ငါးမန်းတောင်ဟင်းချို၊ ဂဏ်သားအမျိုးမျိုး၊ ပုစွန်ကြော် အပါအဝင် အမျိုးပေါင်း မရေမတွက်နိုင်သည့် ကန်တုန်အစားအစာတွေ ရှိသည်။ ထိုအမျိုးသမီးက စားပွဲများ ကြားတွင် မပြတ်လပ်ရအောင် ဥဒဟိုသွားလာနေကြရာ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရသည့် ဒုက္ခမှလည်း ကင်းဝေးသွားတော့သည်။

ကျသင့်ငွေတွက်သည့် အမျိုးသမီးကလေး ရောက်လာပြီး ပန်းကန်တွေကို ရေတွက်တော့ ကျွန်တော်တို့ စားပွဲပေါ်မှာ ပန်းကန်လွတ်တွေ တစ်ဒါဇင်ကျော်လောက် ရှိနေပြီ။ သည်လိုဆိုင်မျိုးသည် အလွန် ဈေးချိုကြောင်း ကျွန်တော် သိပါသည်။ သို့သော်လည်း ယခု ကျသင့်ငွေ တွက်လိုက်တော့ ကျွန်တော် မျှော်မှန်းထားသည်ထက်ပင် အများကြီး နည်းနေပြန်သည်ကို အံ့သြဖွယ် တွေ့ရတော့သည်။

"မြင်းပွဲမှာ ပိုရှုံးနိုင်အောင် ထမင်းဖိုးက နည်းသွားတာပေါ့ကွာ၊ ကဲ... ကံသွားစမ်းကြည့်ကြစို့ စူဇီ"

မြင်းပြိုင်ကွင်းသည် ဂမ်ချိုင်းအနောက်ဘက် ဟဲပီးဗယ်လီမှာ ရှိသည်။ စင်အသစ်ကြီးများ ဆောက်လုပ်ထားရာ ထိုစင်များပေါ်မှနေ၍ ကြည့်နိုင်သည်။ ပြိုင်ပွဲမည့် မြင်းများကို စတီးဂပ် လူကြီးများ စစ်ဆေး ကြည့်ရှုနိုင်ရန် အနီးရှိ ဘောလုံးကွင်းထဲမှာ လှည့်လည်ပြရသည်။

ကွင်းထဲသို့ ကျွန်တော်တို့ ရောက်သွားတော့ ပထမပွဲပင် ပြီးသွားနှင့်ချေပြီ။ တန်းစီဝင်နေကြသည့် တရုတ်ပေါင်းများစွာကို မြင်ရသည်။ မြက်ဦးထုပ်ကြီးတွေ ဆောင်းထားကြသည်။ အချို့က ခြေထောက်မှာ ဖိနပ်ပင်စီးမထား။ တူညီဂတ်စုံ ဂတ်ထားသည့် တရုတ်ဘင်တီးဝိုင်း တစ်ခုကလည်း "ကဗျာဆရာနှင့် လယ်သမား" သီချင်းကို တီးမှုတ်ဖျော်ဖြေနေ သည်။

ဂရင်းစတင်းနှင့် အနီးတဝိုက်မှာ လူတွေ ကျပ်နေသည်။ အင်္ဂလိပ်ကုန်သည်ကြီးများနှင့် သူတို့၏ဇနီးများ၊ လက်ကိုင်တုတ်ကို ဟန်ကျပန်ကျ ကိုင်ထားသည့် အင်္ဂလိပ်စစ်ဗိုလ်များကို တွေ့ရသည်။ သို့သော်လည်း သူတို့သည် တရုတ်သူဌေးများကြားတွင် လူနည်းစုကလေး ဖြစ်နေသည်။ တရုတ်သူဌေးတွေကလည်း များလှသည်။ သည်နေရာ ရောက်တော့မှပင် ပိုများကြောင်း တွေ့ရသည်။ ဂတ်ကောင်း စားလှများကို ဂတ်ဆင်ထားကြသည်။ အချို့က ဥရောပဂတ်စုံဂတ်ပြီး အချို့က တရုတ်အဂတ်အစားကိုပင် ဂတ်ထား သည်။

သူတို့ ဇနီးများက ပိုလို့ပင် တောက်ပြောင်သေးသည်ဟု ဆိုရမည်။ ဂတ်စားထားသည့် အဂတ်အစား များက အကောင်းစား။ အဖိုးတန် စိန်ရွှေရတနာတွေလည်း ဖိတ်ဖိတ်တောက်နေသည်။ ပြင်သစ် ရေမွှေးနံ့ ကတော့ တထောင်းထောင်း။

"အပျိုချောချော ကလေးတွေ အများကြီးပဲ မောင်ရယ်...၊ မောင့်ကို လက်လွတ်သွားမှာ ကြောက်လိုက် တာ" ဟု စူဇီက ပြောသည်။

"အဓိပ္ပာယ်မရှိတာ မပြောစမ်းပါနဲ့ အချစ်ရယ်..၊ သူတို့အားလုံးထက် မင်းက ပိုချောပါတယ်"
"မောင့်လက်ကို မလွတ်တမ်း မြဲမြဲကိုင်ထားရမယ်၊ နို့မဟုတ်ရင် မောင် လိပ်ပြာဖြစ်သွားလိမ့်မယ်"

မြင်ကွင်းထဲမှာ ဘွတ်ကီဒိုင်မရှိပါ။ ထို့ကြောင့် တုတ်ဒိုင်သို့သွားကြရသည်။ စူဇီသည် အလောင်းအစား ဝါသနာကြီးသော တရုတ်လူမျိုးတစ်ယောက်ဖြစ်လေရာ မြင်းလောင်းနည်းနှင့် ပတ်သက်ပြီး ရှည်ရှည် ဝေးဝေး ရှင်းပြနေစရာ မလိုပါ။ ချက်ချင်း သဘောပေါက်နားလည်သွားပါသည်။ သူကိုယ်တိုင်လည်း မကြာခဏ ဆိုသလို မာဂျောင်း ကစားလေ့ရှိသည်။ အခြား လောင်းကစားနည်းတွေ မှာလည်း အခွင့် ကြုံတိုင်း ဝင်ရောက် လောင်းကစားလေ့ရှိသည်။

ကျွန်တော်တို့ ငါးဒေါ်လာစီ လောင်းကြသည်။ ကျွန်တော်က "အပေးမှားခြင်း" အမည်ရှိ မြင်းကို ငါးဒေါ်လာ ဝင်ထိုးလိုက်သည်။ အိတ်ထဲမှ ပိုက်ဆံ ထုတ်လိုက်သည့်အခါတွင် အပေးမှားလေပြီဟု ခံစား လိုက်ရ သောကြောင့် ထိုမြင်ကွင်းကို တမင်ရွေးပြီး ထိုးခြင်းဖြစ်ပါသည်။

စူဇီကတော့ နံပါတ် ၇ မြင်းကိုထိုးသည်။ ယနေ့အဖို့ သူ့အတွက် ကံကောင်းသောဂဏန်းသည် နံပါတ် ၇ ဖြစ်သည်ဟု ဆိုသည်။
တုတ်ဒိုင်ကိုခွာပြီး သံတန်းများရှိရာသို့ လျှောက်လာသည်။ ထိုအခိုက်စူဇီက ကျွန်တော့်လက်ကို ရုတ်တရက် ညှစ်လိုက်သည်။
"ဟောဟိုမှာ လိပ်ပြာကောင်..."

ကျွန်တော်တို့ တည့်တည့်သို့ လျှောက်လာသော ရော့ဒ်နေကို ကျွန်တော် လှမ်းမြင်လိုက်သည်။ သူထိုးထားသည့် မြင်းပွဲလက်မှတ်ကို သဲကြီးမဲကြီး ငုံ့ကြည့်နေသည်။ အစိမ်းနရောင် ရှပ်စကင်ဂျတ်စုံနှင့် အစိမ်းပြောက် ကလေးတွေရှိသော ဘိုးတိုင်ကို ဂုတ်ထားသည်။ ဖိနပ်က ထုံးစံအတိုင်း ဆိတ်သားရေ အပျော့စား အကောင်းဆုံး ရှူးဖိနပ်။ မကြာသေးခင်ကမှ ဆံပင်ညှပ်ဆိုင်က ပြန်လာပုံရသည်။ သူ့ဆံပင် တိုတိုကလေး သည် ညှပ်ပြီးစကလေး ဖြစ်ကြောင်း တွေ့ရသည်။

"မြန်မြန်လျှောက် စူဇီ... မောင်တို့ကို သူ မမြင်သေးဘူး" ဟု ကျွန်တော်က ပြောသည်။
သို့သော်လည်း ထိုအချိန်မှာပင် ရော့ဒ်နေက ခေါင်းမော့ လိုက်သဖြင့် ကျွန်တော်တို့ကို မြင်သွားသည်။ သူ့ကို ကျွန်တော်တို့က ရှောင်ဖယ်ဖယ် လုပ်နေသည်ဟု သူမထင်အောင် ကျွန်တော် ဟန်ဆောင ်လိုက်ပါသည်။
"ဟယ်လို..." ကျွန်တော်က နှုတ်ဆက်သည်။
ရော့ဒ်နေက တစ်ခွန်းမှ ပြန်မပြောဘဲ ကျွန်တော်တို့ကို ဖြတ်လျှောက်သွားသည်။
"လူကောင်းမဟုတ်ဘူး... အလကားလူ"ဟု စူဇီက ပြောသည်။
"အရေးမကြီး ပါဘူးလေ၊ မောင်တို့ရဲ့ ချစ်စရာကောင်းတဲ့ ဒီနေ့ကလေးကို သူ ဖျက်ဆီးနိုင်ခွင့် မရတော့ဘူးပေါ့"

သံတန်းများမှာ လူတွေ ပြည့်ကျပ်နေသည်။ ထို့ကြောင့် ထိုလူအုပ်၏ နောက်မှာပင် ကျွန်တော်တို့ ရပ်နေပြီး

မြင်းပွဲစမည့်အချိန်ကို စောင့်နေကြသည်။
စုဇီသည် အမျိုးသမီးတို့ ထုံးစံအတိုင်း အခြားအမျိုးသမီးများကို စိတ်ဝင်တစား လေ့လာကြည့်ရှုအကဲခတ်ရင်း ကျန်တာတွေကို မေ့နေပုံရသည်။ အခြား အမျိုးသမီးများ၏ မျက်နှာ၊ ဆံပင်ပုံ၊ ဝတ်ဆင်ထားသည့် လက်ဝတ်ရတနာများ၊ အဝတ်အစားများ၊ ဖိနပ်များကို အသေးစိတ် လေ့လာနေသည်။ ထိုအခိုက် လူအုပ်ကြီး၏ အော်သံ ဟိန်းထွက်လာသည်။

"မြင်းပွဲစပြီ စုဇီ"
တရုတ်မ ချောချောကလေးကို ငေးကြည့်နေသည့် စုဇီသည် စိတ်မပါ့တပါဖြင့် မျက်နှာပြန် လွှဲလာသည်။ တရုတ်မချောချောကလေးသည် ဆံပင်တိုတိုကလေးကို စိန်ဆံညှပ်ကလေးဖြင့် စုညှပ်ထားသည်။ သို့သော်လည်း ဘောလုံးကွင်း နောက်ဘက်ရှိ ဂိတ်မှ မြင်းများ စုပြုံပြေးထွက်လာပြီ ဖြစ်သောကြောင့် စုဇီက တရုတ်မ ချောချောကလေးကို ဆက်မကြည့်တော့ပေ။

တစ်မိနစ် နှစ်မိနစ်လောက်ကြာတော့ မြင်းကျောကုန်းပေါ်မှာ နီမွဲချည် မြင့်ချည် ဖြစ်နေသော ဂျော်ကီများကို လူအုပ်၏ ခေါင်းပေါ်မှ ကျော်ပြီးမြင်ရသည်။ ကျွန်တော်တို့ ရှေ့မှဖြတ်ကာ ပန်းဝင် သွားကြသည်။ စုဇီ၏ နံပါတ် ၇ မြင်းသည် နောက်ဆုံးမှ ဖြစ်သည်။

"ဘယ်သူနိုင်သလဲ၊ မောင့်မြင်းလား"ဟု စုဇီက မေးသည်။
"အခုထိ မောင့်မြင်းကို မမြင်ရသေးဘူး"

ကျွန်တော့်စကားအဆုံးတွင်"အပေးမှားခြင်း" မြင်းသည် ဂျော်ကီမပါဘဲ ကျွန်တော်တို့ ရှေ့မှ ဖြတ်ပေးသွားသည်။ ခုန်ဆွခုန်ဆွနှင့် အလွန်မြူးနေသည်။ ဂျော်ကီ ပါမလာတော့ကြောင်းသိ၍ သူ့ဟာသူ လည်း အလွန်သဘော ကျနေပုံပေါ်သည်။

"မဟုတ်ဘူး၊ မောင့်မြင်းက ဘိတ်ချီး၊ သူ့ဂျော်ကီက ပြိုင်မြင်းစီးတဲ့ အလုပ်ကိုစွန့်ပြီး ဟောဟို ဘောလုံး ကွင်း ထဲမှာ ဘောလုံးကန်နေပြီနဲ့တူတယ်"
စုဇီက ကျွန်တော့် လက်မောင်းကိုဆွဲပြီး ဆံပင်တိုတိုနှင့် တရုတ်မချောချောကလေးကို မေးငေါ့ပြသည်။

"သိပ်မိတာပဲ၊ အဲဒီကလေးမကလေးရဲ့ ဆံပင်ပုံ မလှဘူးလားမောင်"
"လှတယ်၊ ဒါပေမယ့် စိတ်ကူးတော့ မလွှဲလိုက်နဲ့နော်၊ မင်းဆံပင်တွေ ဖြတ်ခွင့် မောင် မပေးနိုင်ဘူး"
"သူ့ကိုယ်က ရေမွှေးကလည်း သိပ်မွှေးတာပဲနော်"
"ကိုင်း... နောက်ပွဲမှာ ဘယ်မြင်း ထိုးမလဲ ပြော"
"နံပါတ် ၇"
ထိုနေ့ တစ်နေ့လုံး နံပါတ် ၇ မြင်းကိုသာ သူ မပြောင်းမလဲ ဖိထိုးနေသည်။ နှစ်ကြိမ် နိုင်သည်။

ပထမအကြိမ် တိုက်တုန်းက သူ့နံပါတ် ၇ မြင်းသည် ဒုတိယဖေးဘရိတ်ဖြစ်နေရာ လျော်ငွေနည်းနည်းသာရသည်။ ဒုတိယအကြိမ်နိုင်တော့ သူ့မြင်းက လူကြိုက်နည်းသည့်မြင်း ဖြစ်နေသည်။ ထို့ကြောင့်

ဒေါ်လာနှစ်ရာ လျော်ငွေရလိုက်သည်။ ကျွန်တော်ကတော့ တစ်ပွဲပဲနိုင် သည်။ နောက်ဆုံး စာရင်း တွက်လိုက်တော့ ဆယ်ဒေါ်လာသာ အနိုင်ကျန်တော့သည်။

ရော့ဒ်နေနှင့် ထပ်မတွေ့အောင် ကျွန်တော်တို့ သတိထားပြီး ရှောင်တိမ်းနေကြရသည်။ ဒါတောင် လူအုပ်ထဲမှာ လူချင်းသွားတိုးမိအောင် တိုးလိုက်ကြသေးသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး တာဝန် ထမ်းဆောင်နေကြသည့် စုံထောက်များလို တစ်ယောက်ကိုတစ်ယောက် မသိလေဟန် မျက်နှာများ လွှဲထားလိုက်ကြသည်။

ဒုတိယအကြိမ် စူဇီ နိုင်သည့်ပွဲသည် ဒုတိယ နောက်ဆုံးပွဲဖြစ်သည်။ ထို့ကြောင့် လျော်ငွေသွားထုတ်ပြီး လူအုပ်ကြီးထဲမှာ ညပ်မနေအောင် စောစောပင် ကွင်းထဲမှ ထွက်ခဲ့ကြသည်။ အပြင်ရောက်ပြန်တော့ ဓာတ်ရထား မှတ်တိုင်များမှာ တန်းစီစောင့်နေသည့် လူတွေက များပြားလွန်းလှသည်။ ကျွန်တော်တို့လည်း စောင့်မနေတော့ဘဲ ဂမ်ချိုင်းသို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။

လမ်းခုလတ်တစ်နေရာတွင် ဆိုင်တစ်ဆိုင်မှာဝင်ပြီး ကျွန်တော် စီးကရက်ဝယ်သည်။ ဆိုင်ပြင် ပြန်ထွက်လာတော့ စူဇီကို မတွေ့။ မိနစ်ပေါင်း အတော်ကြာအောင် ပတ်လည်မှာ ကျွန်တော် ရှာကြည့်နေသည်။ လုံးလုံး ပျောက်နေသည်။ ကျွန်တော့်ကို ဘာမှမပြောဘဲ သူ လစ်ပြေးသွားလေပြီလားဟု တွေးမိကာ ကျွန်တော် အနည်းငယ် စိတ်ပူလာသည်။

ခဏကြာတော့ ဆိုင်တစ်ဆိုင်ထဲက ထွက်လာသည်ကို လှမ်းမြင်ရသည်။
"မင်း ထွက်ပြေးသွားပြီလို့ မောင်က ထင်နေတာ၊ ဘယ်မှာ ဘာသွားလုပ်နေတာလဲ" ဟု ကျွန်တော်က ဆီးမေးသည်။
"ကျွန်အတွက် ရေမွှေးသွားဝယ်နေတာပါ မောင်"
"ရေမွှေး...:
"ဟို... ဆံပင်တိုတိုနဲ့ အမျိုးသမီးကလေး ဆွတ်တာမျိုးလေ"

ပါဆယ်ထုပ်ကလေး တစ်ခုကို မြှောက်ပြသည်။ သူ့ဟာသူ အလွန်စိတ်ချမ်းသာနေပုံရသည်။ ကျွန်တော် လည်း စောစောက ဖြစ်ပေါ်ခဲ့သည့် သောကစိတ်များကို မေ့ပျောက်သွားကာ ရယ်မော နေမိသည်။

ဟင်နက်ဆီလမ်းမကြီးကို ဖြတ်ကျော်ပြီး ကမ်းနားဘက်သို့ လျှောက်လာခဲ့ကြသည်။
ထောင့်ချိုးကို ကွေ့လိုက်တော့ နမ်ကောက်ဟိုတယ်ရှေ့တွင် တက္ကစီကားပေါ်မှ ဆင်းလာသော ရော့ဒ်နေကို လှမ်းမြင်လိုက်ရသည်။ သူ အလျင်ဝင်သွားချိန်ရအောင် ကျွန်တော်တို့ ခဏစောင့်နေကြသည်။ ပြီးတော့မှ နောက်က ခပ်ခွာခွာ လိုက်သွားသည်။

အပေါ်ထပ်ရောက်တော့ သူ့အခန်းတံခါး ဟနေသည်ကို တွေ့ရသည်။ ထို့ကြောင့် အသံမမြည်အောင် ခြေဖျားထောက်ပြီး ကျွန်တော့် အခန်းရှိရာသို့ လာခဲ့ကြသည်။ အခန်းထဲ ရောက်တော့ ဘဲလ်တီးပြီး ရေနွေးကြမ်း တောင်းသည်။ ရေနွေးကြမ်းအိုးကို ယူပြီး လသာဆောင်သို့ ထွက်ခဲ့ကြသည်။

"ကျွန်မ ရေမွှေးပုလင်းကို မောင် မကြည့်ချင်ဘူးလားဟင်"
စုဇီက ကျွန်တော့်ကို လှမ်းမေးသည်။ ပြီးတော့ ပါဆယ်ထုပ်ကလေးကို ကမ်းပေးသည်။
"မောင် ဖွင့်ကြည့်လေ"
အပေါ်မှာ ချည်ထားသည့်ကြိုးကို ဖြေပြီး ထုပ်ထားသော အညိုရောင် စက္ကူကို ခွာလိုက်သည်။ အထဲက ထွက်လာသည်မှာ ရေမွှေးပုလင်း မဟုတ်ပါ။ ငွေသေတ္တာကလေး ဖြစ်နေ သည်ကို တွေ့ရသည်။

"သိပ်လှတာပဲ စုဇီ၊ ဒါပေမယ့် မောင်တော့ နားမလည်ဘူး၊ ဘာဖြစ်လို့ ရေမွှေးပုလင်းလို့ ပြောရတာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။
"အံ့သြသွားစေချင်လို့၊ အဲဒါ မောင့်ဖို့"
"မောင့်ဖို့လား...စုဇီ... ရယ်စရာတွေ မလုပ်နဲ့လေ"
"ဟုတ်တယ်၊ မောင့်အတွက် လက်ဆောင်"

"စုဇီ...မင်း ရူးသွားပြီလား အချစ်ရယ်၊ ဒါအတွက် မင်းပိုက်ဆံတွေ အများကြီး ပေးခဲ့ရမှာပေါ့"
"ကျွန်မ တစ်ပြားမှ မပေးရပါဘူး မောင်ရယ်၊ နံပါတ် ၇ မြင်းက ပေးလိုက်တာပါ"
"မောင်တော့ ဘာပြောရမှန်းတောင် မသိတော့ဘူး စုဇီ၊ ဒီအလုပ်မျိုးကို မလုပ်စေချင်ဘူး"
"ဒီမှာကြည့်၊ မောင့် ဘီးနဲ့လိုက်အောင် ဒီငွေသေတ္တာကလေးကို ဝယ်ခဲ့တာ"
စုဇီက ငွေသေတ္တာကလေးကိုယူပြီး အခန်းထဲဝင်သွားသည်။ သူ့နောက်မှ ကျွန်တော် လိုက်သွားသည်။ မှန်တင်ခုံပေါ်ရှိ ကျွန်တော့်ဘီးဘေးမှာ သေတ္တာကလေးကို သူ တင်လိုက်သည်။
"တွေ့တယ်မဟုတ်လား မောင်၊ နှစ်ခုစလုံး ငွေချည်းပဲ"
"ဒါပေမယ့် မောင့်ဘီးက ငွေအစစ်မဟုတ်ဘူး စုဇီ" ဟု ကျွန်တော်က ပြန်ပြောသည်။

"မဟုတ်ဘူးလား၊ ဒီလိုဆိုရင်လည်း နံပါတ် ၇ မြင်းက မောင့်ကို သေတ္တာကလေး ပေးလိုက်တာ သိပ်ဟန်ကျသွားတာပေါ့၊ မောင် တကယ်လူကြီးလူကောင်း၊ တကယ်အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်လား၊ ငွေထည် အစစ်တစ်ခုတော့ မောင့်မှာ ရှိဖို့လိုတာပေါ့"

"စုဇီ၊ ကျေးဇူးတင်ပါတယ်ကွယ်"
"ဒီသေတ္တာကလေးထဲမှာ စီးကရက်လည်း ထည့်နိုင်တာပဲ၊ ဒါမှတဟုတ် ကြယ်သီးတွေလည်း ထည့်နိုင်တာပဲ၊ ဟုတ်တယ်၊ ကြယ်သီးထည့်တာက ပိုကောင်းမယ်ထင်တယ်၊ မောင့် အဝတ်အစားတွေက ကြယ်သီးတွေ ပြုတ်သွားရင် ဒီထဲ သိမ်းထားနော်၊ ကျွန်မ လာတော့ ပြန်တပ်ပေးမယ်၊ မောင် နားလည်တယ် မဟုတ်လား"

သူ့ကို ကျွန်တော် နမ်းလိုက်ပါသည်။ သူ့အသားနှင့် ထိလိုက်ရတော့ တစ်ကိုယ်လုံး ပူထူရှိန်းဖိန်းသွားပါသည်။ သူနှင့် ကိုယ်ချင်းခွာလိုက်ပြီး တံခါးမင်းတုပ်ချရန် တံခါးဆီသို့ လျှောက်သွား မိသည်။
သို့သော်လည်း တံခါးမင်းတုပ်ကို လှမ်းကိုင်လိုက်ချိန်မှာပင် ကျွန်တော့်လက်များ ရပ်သွားသည်။ တံခါးအောက် လေဝင်ပေါက်မှနေ၍ အစိမ်းရောင် ရုပ်စကင် ဘောင်းဘီစနှင့် ဆိတ်သားရေပျော့ ရှူးဖိနပ်တစ်ရံကို မြင်တွေ့လိုက်ရပါသည်။ ထိုခြေထောက်အစုံသည် လုံးဝမလှုပ်ဘဲ ငြိမ်ငြိမ်ကြီး ရပ်နေသည်။

ကျွန်တော် ခဏစောင့်နေမိသေးသည်။ ထို့နောက် မင်းတုပ်ထိုးပြီး နောက်သို့ ပြန်လှည့် ထွက်ခဲ့သည်။ ထိုအချိန်မှာပင် တံခါးခေါက်သံ ပေါ်လာသည်။ ကျွန်တော် ပြန်သွားပြီး တံခါးဖွင့်ပေးလိုက်မိသည်။

"ကျွန်တော် ဝင်ခွင့်ရှိပါသလား" ဟု ရှေ့ဒ်နေက မေးသည်။
"ဝင်ချင်ဝင်လေ"

ဟန်ဆောင်ထားသော မျက်နှာ၊ တောင်ပြောင်သော မျက်လုံးများနှင့် သူ ဝင်လာသည်။ လသာဆောင်ဆီသို့ လျှောက်သွားသည်။ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ကာ မျက်နှာကို လက်ဝါးနှစ်ဖက်ထဲမှာ ထည့်ထားသည်။ စူဇီနှင့် ကျွန်တော်က သူ့ကို ရပ်ပြီး အကဲခတ်ကြည့် နေမိသည်။

"ခင်ဗျားတို့သာ အကြောင်းသိမယ်ဆိုရင် ဒီလို လုပ်ရက်ကြမှာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ တစ်ခါမှ ဒီလောက် မရက်စက်ဖူးကြပါဘူး" ဟု ရှေ့ဒ်နေက ပြောသည်။
"တို့က ဘာကို သိရမှာလဲ"ဟု ကျွန်တော်က ပြန်မေးသည်။
"ခင်ဗျားတို့ကြောင့် ကျွန်တော် ဘယ်လောက်စိတ်ထိခိုက်နေရတယ်ထင်သလဲ၊ ညတိုင်း ကျွန်တော် ငိုနေရတယ်ဗျာ"
"စိတ်မကောင်းပါဘူး ရှေ့ဒ်နေ"
သူ့မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်မြဲ အုပ်ထားသည်။

"ကောင်းပါပြီလေ...၊ ခင်ဗျားတို့ အနိုင်ရသွားပါပြီ၊ ကျွန်တော့်မှာ သူငယ်ချင်းဆိုလို့ ခင်ဗျားတို့ နှစ်ယောက်ပဲ ရှိတာပါ၊ ခင်ဗျားတို့နဲ့ ရင်းရင်းနှီးနှီး ပေါင်းခွင့်ကိုပဲ ကျွန်တော် လိုတာပါ၊ ဒီတော့လည်း ကျွန်တော့် ဘက်က အရှုံးပေးရတော့မှာပေါ့ဗျာ"

သူ့မျက်နှာပေါ်မှ လက်ဝါးနှစ်ဖက်ကို ဖယ်လိုက်သည်။ ထိုင်ရာမှထသည်။ ခြေစုံရပ်သည်။ စစ်သား တစ်ယောက် သတိအနေအထားတွင် ရပ်နေသလို လက်နှစ်ဖက်ကို အောက်ချထားသည်။
"ကောင်းပါပြီ၊ ဒီအတွက် ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြပါစို့ဘော့"
ကျွန်တော်တို့နှစ်ယောက် ခပ်တည်တည်ကြီး လက်ဆွဲနှုတ်ဆက်ကြသည်။ ပြီးတော့ စူဇီနှင့် လက်ဆွဲနှုတ်ဆက်သည်။

"ခင်ဗျားတို့နှစ်ယောက် ကံကောင်းကြပါစေလို့ ဆုတောင်းပါတယ်ဗျာ၊ ခင်ဗျားတို့ နှစ်ယောက်စလုံး အရမ်းကြီးကို ပျော်နေကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"ဟု ဆက်ပြောသည်။
"ကျေးဇူးတင်ပါတယ်"
ကျွန်တော်ကလည်း ခပ်ကြောင်ကြောင် ပြန်ဖြေမိသည်။

"ဒီအဖြစ်ကြီး အဆုံးသတ်သွားတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်ဗျာ"
အိပ်မက်ဆိုးမက်ပြီး အိပ်ရာမှ နိုးလာသူလို သူ့ခေါင်းကို ယမ်းလိုက်သည်။ ပြီးတော့ လက်နှစ်ဖက်ဖြင့်

သူ့ဆံပင် တိုတိုများကို ပွတ်နေသည်။ စူဇီကို သူ လှမ်းကြည့်လိုက်သည်။ သူ့မျက်နှာပေါ်မှာ အပြုံးကလေးရှိနေသည်။ အလွန်အဆော့သန်သည့် ကလေးတစ်ယောက်က သူ့ အမူအရာသည် လူချစ်သည့် အမူအရာဖြစ်ကြောင်း၊ သိထားပြီး သူလိုချင်သော အရာမှန်သမျှ ရရမည်ဟု ယုံကြည် စိတ်ချ ထားသော အပြုံးမျိုးဖြစ်သည်။

"ကိုင်း...၊ ကျွန်တော်က ရေနွေးကြမ်းကလေးများ သောက်သုံးလိုပါတယ်ဆိုရင် သူကိုယ်တိုင် ဘာလုပ်ရမလဲခင်ဗျာ" ဟု ပြောသည်။
စူဇီက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ ရေနွေးကြမ်းယူရန် အခန်းထဲသို့ ဂင်သွားသည်။
ရှော့ဒ်နေက ပြန်ထိုင်သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်ခြင်းဖြစ်သည်။ ပြီးတော့ ကျွန်တော့် ဘက်သို့ ကိုယ်ကို ကိုင်းလိုက်သည်။

"ဒီမှာ ဘော့၊ ခင်ဗျားကို ကျွန်တော် မေးချင်နေတာတစ်ခုရှိတယ်၊ အခုအချိန်ကစပြီး ကျွန်တော့်ကို စိတ်မဆိုးပါနဲ့တော့၊ ကျွန်တော်ဟာ စိတ်ရောဂါ ရနေတဲ့ အမေရိကန်ကောင်လေး တစ်ယောက် ဖြစ်တယ် ဆိုတာကို သတိရစေချင်ပါတယ်၊ ဒါကို ကျွန်တော် ဝန်ခံပါတယ်၊ ကောင်းပြီ၊ ကျွန်တော် မေးတော့မယ်၊ ဒီနေရာကနေပြီး တရုတ်ပြည်နယ်အရောက် ဘယ်နှစ်မိုင်လောက်ရှိမယ်ဆိုတာများ ပြောပြနိုင်ပသလား"
"မိုင်သုံးဆယ်လောက် ရှိမယ်ထင်တယ်"ဟု ကျွန်တော်က ပြန်ပြောသည်။
"မိုင်သုံးဆယ်၊ အိုကေ... ကောင်းပြီ၊ တရုတ်ပြည်မှာ လူဦးရေ ဘယ်လောက်ရှိမလဲ"
"သန်းပေါင်းလေးရာ ဆိုပါတော့"

"ဆိုပါတော့ သန်းပေါင်းလေးရာ၊ အိုကေ... ကောင်းပြီ၊ ဒီကနေ မိုင်သုံးဆယ်လောက်ဝေးတဲ့ နေရာမှာ တရုတ်ကွန်မြူနစ်တွေ သန်းပေါင်းလေးရာလောက် ရှိနေတယ်၊ သူတို့နဲ့ မိုင်ပေါင်း သုံးဆယ်လောက်ဝေးတဲ့ ဟောင်ကောင်မှာတော့ ခင်ဗျားတို့ အင်္ဂလိပ်လူမျိုးပေါင်း ထောင်ဂဏန်းကလေးနေထိုင်ကြတယ်၊ ဒီနေ့ခင်းက မြင်းပွဲနဲ့ပဲ နှိုင်းချိန်ကြည့်ရအောင်၊ အဲဒီမြင်းပွဲမှာ ခင်ဗျားတို့ အင်္ဂလိပ်လူမျိုးတွေ အနေနဲ့ ချွေးကလေးတစ်ပေါက်မစို့ဘူး၊ ဆံပင်မွေးကလေးတစ်ချောင်းမထောင်ဘူး၊ ကောင်းပြီ ဘော့... ကျွန်တော် သိချင်တာက ဒါပဲ၊ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ၊ ခင်ဗျား ရူးသလား၊ ဒါမှတဟုတ် ကျွန်တော် ရူးသလား"

ရှော့ဒ်နေသည် နောက်ထပ် တစ်နာရီလောက်ကြာအောင် ကျွန်တော့် အခန်းထဲမှာ ရှိနေသည်။ စူဇီကတော့ အခန်းထဲသို့ ဂင်သွားပြီး၊ သက်မကြီးတွေကို အကြိမ်ကြိမ် ချနေသည်။ ဖန်ခွက်များကိုလည်း စားပွဲပေါ်သို့ ဆောင့်ကြီး အောင့်ကြီး တင်နေသည်။
"ရှင်ဟာ ယောက်ျား၊ မစစ်တစစ် ဖြစ်မယ်ဆိုရင်တောင် ဒီကောင်ကို အခန်းထဲက ကန်ထုတ်လိုက်မှာ သေချာတယ်" ဟူသော အဓိပ္ပာယ်ပါသည့် အကြည့်မျိုးဖြင့်လည်း ကျွန်တော့်ကို မကြာခဏ လှမ်းလှမ်း ကြည့်နေသည်။

ကျွန်တော်ကလည်း သည်းမခံနိုင်တော့သောအခါ ထိုင်ရာမှထပြီး လသာဆောင်ပေါ်မှာ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေမိတော့သည်။ ကျွန်တော်၏ မနှစ်မြို့သော အမူအရာကို ရှော့ဒ်နေက ဂရုမစိုက်ပါ။ စူဇီ၏ မကျေမနပ်ဆူဆောင့်နေသည်များကိုလည်း အရေးမထား။ အဓိပ္ပာယ် မရှိသော မေးခွန်း များကိုသာ မနားတမ်း

မေးနေသည်။

မတတ်နိုင်တော့သည့် အဆုံးတွင် သူ အခန်းထဲမှ ကိုယ့်ဟာကိုယ့် ထွက်သွားရန် ဆယ်မိနစ် အချိန်ပေးမည်ဟု ပြောင်ဖွင့်ပြောရတော့သည်။ ဆယ်မိနစ်ပြည့်သွားသော်လည်း သူ မလှုပ်။ ထို့ကြောင့် ကျွန်တော့်မှာ အလုပ်ရှိနေကြောင်း၊ အခန်းထဲမှ မထွက်လျှင် ဆွဲထုတ်ရတော့မည်ဖြစ်ကြောင်း အတိအလင်း ပြောလိုက် ရတော့သည်။

ရန်လိုသည့် အမူအရာများ သူ့မျက်လုံးများထဲမှာ ပြန်ပေါ်လာပြန်သည်။
"ကျွန်တော် စိတ်မကောင်းပါဘူး ဘော့၊ ခင်ဗျားနဲ့ ကျွန်တော် ဆွေးနွေးနေရတာကို စိတ်ဝင်စား နေပါတယ်၊ ဒီလို ဆွေးနွေးနေရတဲ့အတွက်လည်း စိတ်ချမ်းသာနေရပါတယ်၊ ခင်ဗျားအပေါ်မှာ ကျွန်တော် ခင်မင်မိတာဟာ ခင်ဗျားအတွက် အကျိုးတစ်စုံတရာ ရှိစေတတ်လို့လည်း ခင်ဗျား ထင်မှတ် စေချင်ပါတယ်၊ ဒါပေမယ့် နောက်ဆုံးကျတော့ ကျွန်တော် ထင်တာတွေအားလုံးမှားတော့တာပဲ"
စကားဆုံး သည်နှင့် တပြိုင်တည်း ကျွန်တော်တို့နှစ်ယောက်ကို လုံးဝ မကြည့်တော့ဘဲ အခန်းထဲမှ ထွက်သွား လေတော့သည်။

ကျွန်တော် ဘာမှမပြောဘဲ တိတ်တိတ်ဆိတ်ဆိတ်ပင် တံခါးကို မင်းတုပ်သွားထိုးထားလိုက် သည်။
ထို့နောက် သူက ကလေးကိုကြည့်ရန် စူဇီ ပြန်သွားသည်။ တစ်နာရီလောက် ကြာတော့ စူဇီ ပြန်လာသည်။ လမ်းထောင့်ရှိ စားသောက်ဆိုင်မှ အစားအသောက်များ လာပို့ခိုင်းပြီး အခန်းထဲမှာပင် ညစာစားလိုက်ကြသည်။
ဆယ်နာရီထိုးတော့ ကျွန်တော်တို့ အိပ်ရာဝင်ကြသည်။
မိနစ်နှစ်ဆယ်လောက်ကြာသောအခါ တံခါးလာခေါက်သံ ကြားရသည်။

စူဇီကို ကျွန်တော် တင်းတင်းကြီး ဖက်ထားမိသည်။ မျက်လုံးကိုလည်း စုံမှိတ်ထားမိသည်။ ကျွန်တော်တို့၏ စိတ်ချမ်းသာမှုကလေး ပျက်ပြားသွားစေမည့် မည်သည့် အနှောင့်အယှက်မှ အဝင်မခံနိုင်ပါ။
ရှော့ဒ်နေသည် တံခါးအောက်မှ ထွက်နေသည့် မီးရောင်ကို မြင်ဟန်တူသည်။ သို့သော်လည်း ကျွန်တော်တို့ ဘာမှမတတ်နိုင်ပါ။

"ကျွန်တော် စကော့စကီတစ်လုံး ယူလာတယ်" ဟု သူက အခန်းအပြင်မှနေ၍ ပြောသည်။
ခဏ တိတ်သွားသည်။ အထိတ်တလန့်ဖြင့် ကျွန်တော်တို့နှစ်ယောက် ငြိမ်နေကြသည်။

"ခင်ဗျားကို ဂီစကီပုလင်း ပေးခဲ့ရုံလေးပါ၊ ခင်ဗျားအခန်းထဲမှာ ကျွန်တော် မနေပါဘူး" ရှော့ဒ်နေက ဆက်ပြောသည်။
"ကျေးဇူးပြုပြီး ပြန်သွားပါတော့၊ ကျေးဇူးပြုပြီး ဂေးရာကို သွားပါတော့ဟု ကျွန်တော်တို့ စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းနေမိကြသည်။ သို့သော်လည်း အခန်းအပြင်မှာ သူ ရပ်နေသေးသည့် အသံကို ကျွန်တော်တို့ ကြားနေရပါသည်။ စိတ်လှုပ်ရှားမှုကြောင့် အသက်ရှူသံက ပြင်းနေသည်။ နားထောင် နေရင်းမှာပင် ပို၍ ပြင်းထန် သည်ထက် ပြင်းထန်လာသည်။

"ကောင်းပြီ..၊ ခင်ဗျားက ကျုပ်ကို ဒီလိုဆက်ဆံသလား၊ လုပ်လိုက်ပေါ့ဗျာ၊ ကျုပ်အဖို့ကလည်း ဒါဟာ နောက်ဆုံး အကြိမ်ပါပဲ၊ တော်ပါပြီ"

သူ ထွက်သွားတော့သည်။ သူ့အခန်းတံခါး ဆောင့်ပိတ်လိုက်သံကို ကြားရသည်။ ကျွန်တော်တို့ နှစ်ယောက်သည် စိတ်လှုပ်ရှားစွာဖြင့် ငြိမ်နေမိကြသည်။ အချိန်အတော်ကြီး ကြာသည်အထိ စကား မပြောဖြစ်ကြ။

(၂)

နောက်နှစ်ရက်လုံးလုံး အပြင်သို့ ကျွန်တော်တို့ လုံးဝမထွက်ပါ။ ကျွန်တော်တို့၏ ကြည်နူးချမ်းမြေ့ဖွယ် ဘဝကလေး ပျက်စီးသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

စူဇီသာလျှင် သူ့ကလေးကိုကြည့်ဖို့ နာရီအနည်းငယ် ထွက်သွားလေ့ရှိသည်။ မနက်ပိုင်းများတွင် သူ့သားကလေးကို ကျွန်တော့်အခန်းသို့ ခေါ်လာတတ်သည်။ လသာဆောင်ပေါ်မှာ စောင်ကို ဖြန့်ခင်း လိုက်ကြသည်။ ကလေးကို ထိုအပေါ်မှာ ဆော့ကစားစေသည်။ ကလေးက လမ်းလျှောက် သင်ခါစ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်ကြားမှာ လူးလားခေါက်တုံ့ လျှောက်စေသည်။

ပါးစပ်မှ သွားရည်တွေ စီးကျနေပြီး လက်ကလေးမြှောက်ကာ မြှောက်ကာဖြင့် ပျော်မြူးနေတတ်သည်။ ကလေးက မရယ်တော့သောအခါတွင်လည်း စူဇီက ကလေးရယ်သည်အထိ ကလိထိုးစနေတတ်သည်။

"ဟေး..၊ မင်း ရုပ်ရှင်မင်းသား ဖြစ်ချင်တယ်ဆိုရင် လမ်းကောင်းကောင်း လျှောက်တတ်အောင် ကြိုးစားနော်၊ ဟုတ်တယ်၊ သားလေးဟာ ကြီးပြင်းလာရမယ်၊ ဂယ်ရီကူးပါးလို ရုပ်ချောချောကြီး ဖြစ်ရမယ်၊ မေမေ့ရည်းစားလို လိုက်လိုက်လှဲလှဲ အသည်းနဲ့လည်း စကားပြောတတ်ရမယ် "ဟယ်လို... အချစ်ရေ"လို့ သားရဲ့ ချစ်သူကို ခေါ်တတ်ရမယ်" စသည်ဖြင့် ကလေးနှင့် စကားပြောနေတတ်သည်။

ဆယ့်နှစ်နာရီထိုးတော့ ဟိုတယ်အောက် ကမ်းနားမှာ စောင့်နေသည့် ကလေးထိန်းအဘွားကြီးလက်သို့ ပြန်ပို့ပေးလေ့ရှိသည်။ ကလေး ပို့ပေးပြီးသောအခါ အစားအသောက်များကို ထမ်းပိုး လျှိုလမ်းထားသည့် အလုပ်သမားတက်လာကာ ကျွန်တော်တို့ အတွက် နေ့လယ်စာ လာပို့သည်။ ကျွန်တော်တို့ ဆွေးခိုင်း ထားသည့် ပိုင်အရက် ပုလင်းကိုလည်း အတောင်းက လာပို့သည်။

ဒုတိယနေ့ မနက်တွင် အတောင်းသည် အခန်းထဲမှာ ငါးမိနစ် ဆယ်မိနစ်လောက် ကြာအောင် နေပြီး စူဇီနှင့် စကားပြောနေသည်။ ကန်တုန်စကားဖြင့် ပြောနေခြင်းဖြစ်သည်။ စူဇီသည် ကန်တုန်စကားကို အင်္ဂလိပ် စကားပြောတတ် သလောက် ပြောတတ်နေပြီ။ အတောင်း ထွက်သွားတော့ ဘာတွေ ပြောကြ တာလဲဟု ကျွန်တော်က မေးကြည့်သည်။

ရုတ်တရက်တော့ စူဇီက ငြင်းနေသေးသည်။ ကျွန်တော် အတင်းအကျပ် မေးတော့မှပင် ပြန်ပြော ပြသည်။ ကျွန်တော်တို့ နှစ်ယောက်သည် ရက်ပေါင်း များစွာကြာအောင် တရင်းတနှီး ပေါင်းခဲ့ကြကြောင်း၊ သို့သော် ဘာမှမဖြစ်ခဲ့ကြပဲ ယခုမှ ဘာကြောင့် ချစ်သူများ ဖြစ်သွားကြသနည်းဟု အတောင်း ကမေး ကြောင်း ရှင်းပြသည်။

"ဒီတော့ မင်းက ဘာပြန်ပြောပြလိုက်သလဲ" ဟု ကျွန်တော်က မေးသည်။

"အမှန်အတိုင်းကျွန်မ ပြောပြလိုက်တယ်၊ အစကတည်းက ကျွန်မက မောင့်ကို ချစ်နေတာပါလို့၊ ဒါပေမယ့် ကျွန်မ သဘော်သားတွေနဲ့ ဆက်ဆံနေသမျှ မောင်က ကျွန်မကို လက်မခံဘူးလို့ ပြောလိုက် တယ်" ကျွန်တော် ငြိမ်နေမိပါသည်။
ကျွန်တော်တို့၏ ကြည်နူးချမ်းမြေ့ဖွယ် ဘဂကလေး ပြိုကွဲပျက်စီးချိန် နီးကပ်လာပါပြီ။ ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း။

စူဇီကို ပိုက်ဆံပေးဖို့ ကျွန်တော် ကြိုးစားပါသည်။ ဘယ်လိုပေးလို့မှမရ။ အမြဲငြင်းသည်။ မတတ်နိုင်သည့် အဆုံးတွင် သူ့ ပိုက်ဆံအိတ်ထဲသို့ အသာကလေးထည့်ထားလိုက်သည်။ သို့သော်လည်း ထိုပိုက်ဆံကို ကျွန်တော့် အကျီအိတ် တစ်လုံးထဲမှာ ပြန်တွေ့ရစမြဲသာဖြစ်သည်။

သူ စုဆောင်းထားသည့် ငွေကြေးကလေးများကို ထုတ်သုံးနေရပြီဖြစ်ကြောင်း ကျွန်တော် သိပါသည်။ သူစုထားသော ပိုက်ဆံများလို သံဘူးကလေး ထဲမှာ ထည့်ပြီး သူ့အိတ်ထဲမှာ ဂှက်ထားသည်။ ထိုသံဘူး ထဲမှာ ဒေါ်လာ သုံးထောင် လောက် ရှိသည်။

သူ့သားကလေး သူလို စာမတတ် ပေမတတ် မဖြစ်ရလေအောင် ထိုငွေများဖြင့် ကျောင်းကောင်းကောင်း မှာ ထားပေးဖို့ သူ ဆုံးဖြတ်ထားသည်။ နောက်ဆုံးတွင် ဟောင်ကောင် တက္ကသိုလ် သို့ ပို့ပေးမည်။ ထို့ကြောင့်လည်း ဒါလောက် ဂရုတစိုက် ငွေစုနေခြင်းဖြစ်သည်။ အပတ်တိုင်း လည်း ဆက်ပြီး စုခဲ့သည်။

ယခုတော့ ကျွန်တော်နှင့် အတူတူ လာနေရသည့်အတွက် သူ စုဆောင်းထားသည့် ငွေကလေးများကို ထုတ်ယူသုံးစွဲနေရပေမည်။
သည်အကြောင်းကို အတောင်း ပြန်ရောက်လာသည်။ ရေနွေးကြမ်း အသစ်နှင့် လဲပေးသည်။ ကျွန်တော့် အာရုံထဲမှာ ပေါ်လာသည့် စိတ်ရှုပ်ထွေးဖွယ်သော အတွေးကြီးကို မောင်းထုတ် ပစ်လိုက်ပါသည်။ ကြည်နူး ချမ်းမြေ့ဖွယ် ဘဂကလေးထဲသို့ ပြန်ရောက်နိုင်အောင် ကြိုးစားရပြန်ပါသည်။

သည်အခန်းကလေးထဲမှာ စူဇီနှင့် ကျွန်တော် နှစ်ယောက်တည်းရှိသည်။ အပြင်လောကတွင် ဘာတွေမှ မရှိ။ ရှိနေလျှင်လည်း ဘာကိုမှ ကျွန်တော်တို့ စိတ်မဂင်စား။
ထိုစိတ်ကလေးကို မွေးပြီး တစ်နေ့လုံး စိတ်ချမ်းသာသလို နေလိုက်သည်။

နောက်တစ်နေ့ မနက်တွင် စူဇီနှင့် ကျွန်တော်သည် အိပ်ရာထဲမှာပင် ထိုင်ရင်း လက်ဖက်ရည် သောက်နေကြသည်။ ဆယ့်တစ်နာရီထိုးတော့ စူဇီက ထသွားပြီး အဂတ်အစားလဲသည်။
"စူဇီ၊ မင်း သားကလေးကို ဒီနေ့မနက် ခေါ်လာဦးမယ်မဟုတ်လား" ဟု ကျွန်တော်က မေးသည်။
"မခေါ်တော့ဘူး"
စူဇီက ခေါင်းယမ်းပြသည်။
"မခေါ်တော့ဘူးလား၊ ဘာဖြစ်လို့လဲ"
"ဒီနေ့ မခေါ်တော့ဘူး"

သူ အဂတ်အစား ဂတ်ပြီးသည်ထိ နားမလည်နိုင်သလို ကျွန်တော် ငေးကြည့်နေမိပါသည်။ စူဇီသည် အဂတ်လဲပြီး သောအခါ တံခါးဆီသို့ လျှောက်သွားသည်။ တံခါးနား ရောက်တော့ ခဏရပ်နေသည်။

"သွားမယ်နော်... ညကျမှ ပြန်လာတော့မယ်"

"ညကျမှ ပြန်လာမယ်...ဟုတ်လား၊ စူဇီ ဘာစကားတွေ မင်းပြောနေတာလဲ"ဟု ကျွန်တော်က ပြန်မေးသည်။

"အားလပ်ရက်တွေ ကုန်ဆုံးသွားပြီလေ..."

စူဇီက ထိုသို့ပြောရင်း ကျွန်တော့်မျက်လုံးများကို တည့်တည့် စိုက်ကြည့်နေသည်။ ပြီးတော့မှ ဆက်ပြောသည်။

"ကျွန်မ အလုပ်ပြန်လုပ်ရတော့မယ်"

"စူဇီ၊ မဟုတ်တာတွေ မပြောစမ်းနဲ့၊ လာ ဒီမှာထိုင်ဦး မောင်တို့ စကားပြောကြရအောင်"

"စကားပြောလို့လည်း အပိုပါပဲ မောင်ရယ်"

သူက တံခါး ဖွင့်လိုက်သည်။ ကျွန်တော်က အိပ်ရာပေါ်မှ ခုန်ဆင်းလိုက်ပြီး တံခါးကို ပြေးပိတ်သည်။

"စူဇီ၊ မင်း ဒီလိုထွက်သွားလို့မဖြစ်ဘူး၊ မောင်တို့ တစ်ခုခုစဉ်းစားကြည့်ကြမယ်၊ တစ်ယောက်ယောက် စီက မောင်တို့ ပိုက်ဆံ ချေးမယ်၊ ဘင်းဆီကလည်း မောင်တို့ ချေးနိုင်တာပဲ"

စူဇီက ခေါင်းကို ယမ်းမြဲသာ ယမ်းခါနေသည်။

"မဖြစ်ပါဘူး မောင်ရယ်...၊ ကျွန်မတို့ ပိုက်ဆံချေးရင်လည်းကျွန်မတို့ရဲ့ အားလပ်ရက်ကလေးဟာ နောက်ထပ် ရက်သတ္တပတ် သက်တမ်းပိုရှည်ရုံပဲရှိမှာပေါ့၊ တစ်ပတ်ကုန်သွားရင် အားလပ်ရက်တွေလည်း ကုန်ပြန်ရော၊ ဒီနေ့လိုပဲ ပြန်ဖြစ်ဦးတော့မှာပေါ့"

"တစ်ပတ်ဆိုရင်လည်း မောင်တို့ စဉ်းစားဖို့ အချိန်ပိုရတာပေါ့ကွယ်၊ မင်းအတွက် အလုပ်တစ်ခုခု ရှာနိုင်တာပဲ"

"ဟုတ်တယ်၊ တစ်လကို ဒေါ်လာတစ်ရာနဲ့လေ"

"ဒီထက်ပိုပြီး မင်း ရနိုင်ပါတယ် စူဇီရယ်"

"မရနိုင်ပါဘူး မောင်၊ စားမရေးတတ်ဘူး၊ မဖတ်တတ်ဘူး၊ တစ်လတစ်ရာပဲ"

"တစ်လ သုံးရာရအောင် မောင် ကြိုးစားပေးနိုင်ပါတယ်၊ ဒါလောက်နဲ့ဆိုရင် မင်း နေလောက်ပါတယ်" ဟု ကျွန်တော်က ဆက်ပြောသည်။

"ဟုတ်တယ်၊ နေလောက်ပါတယ်၊ ကျွန်မသားလေး ကူလီအဖြစ် ကြီးပြင်းလာတာကို ထိုင်ကြည့်နေရမယ်လေ၊ ထမ်းပိုးတစ်ချောင်းနဲ့ထမ်းပြီး လူတွေအတွက် ထမင်းသွားပို့နေတာကို ထိုင်ကြည့်နေရမယ်လေ၊ ထမ်းပိုး ထမ်းရလွန်းလို့ သူ့ပခုံးမှာ ကျွဲပခုံးထနေတာကို ကြည့်နေရမယ်လေ"

"စူဇီ၊ အနည်းဆုံးတော့ မောင်တို့ နည်းလမ်းရှာနိုင်မှာပေါ့ကွယ်၊ အကောင်းဆုံးဖြစ်နိုင်တာကို မောင်တို့ စဉ်းစား နိုင်ကြတာပေါ့"

"မဖြစ်ပါဘူး၊ ကျွန်မ အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်ပြီးပါပြီ၊ ဘာလုပ်ရင် ကောင်းမလဲဆိုတာ တစ်နေ့လုံး

စဉ်းစားတယ်၊ တစ်ညလုံးစဉ်းစားတယ်၊ ဒါပေမဲ့ ကျွန်မတို့ လုပ်နိုင်တာ ဘာမှမရှိတော့ပါဘူး မောင်" သူက တံခါးကို ဖွင့်လိုက်ပြန်သည်။

"ကဲ... ကျွန်မ သွားတော့မယ်နော်၊ ညဆယ်နာရီကျရင် ပြန်လာခဲ့မယ်၊ ဆယ့်တစ်နာရီလည်း ဖြစ်ချင်ဖြစ်သွားမှာပေါ့။ လုပ်ငန်းပေါ်မှာ မူတည်ပါတယ် မောင်" တံခါးပိတ်လျက် ကျန်ရစ်ခဲ့တော့သည်။

အိပ်ရာပေါ်တွင် အကြာကြီး လဲလျောင်းနေမိသည်။ အထီးကျန်ဘဝဖြင့် သည်အခန်းထဲမှာ ကျွန်တော် ဆက်လက်နေထိုင်နိုင်စွမ်း မရှိတော့ပါ။

ထို့ကြောင့် အဝတ်အစား ထလဲပြီး အပြင်ထွက်ခဲ့သည်။ ဦးတည်ရာမရှိ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွား နေမိသည်။ နေ့လယ်စာ စားချိန်အထိ လမ်းလျှောက် နေမိခြင်းဖြစ်သည်။ အသင့်တွေ့ရသော လက်ဖက်ရည် ဆိုင် တစ်ဆိုင်မှာ ဝင်ထိုင်သည်။ အသားကြော် တစ်ပွဲ မှာလိုက်သည်။ အသားကြော် ပန်းကန် ရောက်လာသော အခါ မစားနိုင်ပါ။ ရင်ထဲမှာ အလိုလို ပြည့်နေသည်။ အတုံးသေးသေး ကလေး နှစ်တုံးကိုပင် ကြိုးစားပြီး မျိုချခဲ့ရသည်။ တစ်နာရီလောက် ကြာအောင် လက်ဖက်ရည် ထိုင်သောက်ပြီး ကျသင့်ငွေ ရှင်းပေးကာ ဆိုင်ပြင်သို့ ထွက်ခဲ့သည်။

ဟင်နက်ဆီ လမ်းမကြီးပေါ်မှာ ကျွန်တော် လျှောက်နေမိပြန်သည်။ ဘာလုပ်ရမည်ကိုလည်း မသိပါ။ နမ်ကောက်ကိုလည်း ပြန်မသွားလိုပါ။ သဘော်သားနှင့်တွဲပြီး အပေါ်ထပ်တက်သွားသည့် စူဇီကို မြင်ရမှာ ကြောက်ရွံ့နေမိသည်။

ရုပ်ရှင်ရုံတစ်ရုံတွေ့သည်။ လက်မှတ်ဝယ်ပြီး အထဲဝင်ခဲ့သည်။ ရုပ်ရှင်ကတော့ ကျွန်တော့် စိတ်အာရုံကို ဖမ်းစား နိုင်လိမ့်မည်ဟု ထင်ပါသည်။ ထိုရုပ်ရှင်သည် အသစ်ဝင်လာသော အမေရိကန် ရုပ်ရှင်ကား ဖြစ်သည်။

ရုပ်ရှင်စပြသည်။ ဇာတ်လိုက်မင်းသားသည် သူ့ရည်းစားနှင့် အခြားယောကျ်ားတစ်ယောက်တို့ ဖက်ရမ်းနမ်းရှုပ်နေကြသည်ကို ဖမ်းမိသွားသည်။ ဇာတ်လိုက်မင်းသား ကြမ်းလေတော့သည်။

ဘုရား...၊ ဘုရား.. သည်လို အဖြစ်မျိုးနှင့်များ ကျွန်တော် ကြုံတွေ့ရမည်ဆိုလျှင် မည်သို့ လုပ်ရပဲ့။ ကျွန်တော့်ချစ်သူသည် နမ်ကောက် ဟိုတယ် အပေါ်ထပ်တွင် သဘော်သားတစ်ယောက်နှင့် အတူရှိနေသည်ကို သိနေလေရာ စိတ်ကို ဘယ်လိုထိန်းရပါ။

ထို့နောက် သတင်းကားတစ်ခု ပြသည်။ ပို့စ်မောက် ဆိပ်ကမ်းတွင် ရေတပ်မတော် မြင်ကွင်း သတင်းကားဖြစ်သည်။ ဖျက်သဘော်တစ်စီး၏ ကုန်းပတ်ပေါ်တွင် ဘုရင့် ရေတပ်မတော်သားတွေ တန်းစီရပ်နေကြပုံမှာ အလွန် ကြည့်ကောင်း လှသည်။

သူတို့ကို ကြည့်ရင်း ကျွန်တော် အတွေးနယ်ချဲ့နေမိသည်။ ထိုရဲဘော်တွေထဲတွင် အရှေ့ဘက်ပိုင်းသို့ ရောက်ဖူးသည့် ရဲဘော်ဘယ်နှစ်ယောက် ပါမည်နည်း။

ထိုသို့ ရောက်ဖူးကြသူများအနက် နမ်ကောက် ဟိုတယ်သို့ ရောက်လာသူ ဘယ်နှစ်ယောက် ပါမည်နည်း။

နမ်ကောက်ဟိုတယ်သို့ ရောက်လာကြ သူများအနက် စူဇီနှင့် ဆက်ဆံဖူးသူ ဘယ်နှစ်ယောက် များ ရှိလေမည်နည်း။

ရုပ်ရှင်ပြီးတော့ နမ်ကောက်ဟိုတယ်သို့ ကျွန်တော် ပြန်ခဲ့သည်။ ဓာတ်လှေကားကို အောက်မှာ အသင့်တွေ့ရသောကြောင့် အပေါ်ထပ် တက်ခဲ့သည်။ မည်သူနှင့်မှ မတွေ့ရဘဲ အခန်းထဲသို့ ကျွန်တော် ပြန်ရောက်လာသည်။ စိတ်သက်သာရာရခြင်းနှင့်အတူ တံခါးပိတ်လိုက်သည်။

နမ်ကောက်ဟိုတယ်မှာ အလုပ်များချိန်ဖြစ်သည်။ ဓာတ်လှေကား ဆင်းသံတက်သံကို မကြာခဏ ကြားနေရသည်။ စကားတပြောပြောနှင့် လျှောက်လာကြသည့် အတွဲများ၊ အခန်းတံခါး ပိတ်ဥများကို ကြားနေရသည်။ စကြံ အတိုင်း လျှောက်သွားနေသည့် ခြေသံများကိုလည်း ကြားရသည်။

စူဇီသည် တတ်နိုင်မည်ဆိုပါက ကျွန်တော်ရှိနေသည့်အထပ်သို့ တက်လာမည်မဟုတ်ကြောင်း ကျွန်တော် သိပါသည်။ အမျိုးသမီးတစ်ယောက်ယောက်၏ အသံကို ကြားရတိုင်း စူဇီ၏ အသံဟု ကျွန်တော် အာရုံစွဲနေမိပါသည်။

နောက်ဆုံး ဘယ်လိုမှ မတတ်နိုင်တော့သည့်အဆုံးတွင် အပြင်ပြန်ထွက်လာခဲ့ပြီး တခြား ရုပ်ရှင်ရုံတစ်ခုမှာ ဂင်ထိုင်နေမိတော့သည်။

ညကိုးနာရီခွဲတော့ နမ်ကောက်သို့ ကျွန်တော် ပြန်ရောက်သည်။ လသာဆောင်မှာ ထွက် ထိုင်နေမိသည်။ သို့သော်လည်း လသာဆောင်က အခန်းထဲမှာထက် ပိုဆူနေသည်။ ကပ်လျက် အခန်းများရှိ လသာဆောင်တံခါးများကို ဖွင့်ထားကြသောကြောင့် အသံပေါင်းစုံတို့က လုံးဂင်နေသည်။

သို့ဖြင့် အိပ်ခန်းထဲသို့ပင် ကျွန်တော် ပြန်ဂင်ခဲ့ရပြန်သည်။ မိနစ်အနည်းငယ်ကြာတော့ တံခါးခေါက်သံနှင့်အတူ စူဇီ ဂင်လာသည်။ ဘာမှမဖြစ်ခဲ့သလို ပုံမှန်အတိုင်း ပြန်ဂင်လာပုံမျိုးနှင့် ဂင်လာခြင်းဖြစ်ပါသည်။ သာမန် မိန်းကလေးတစ်ယောက် အလုပ်မှ ပြန်လာပြီး အိမ်ပြန်ရောက်သဖြင့် ဂမ်းသာနေပုံမျိုးနှင့်လည်း ဘာမှမခြားပါ။ တစ်ခုပဲရှိပါသည်။ ကျွန်တော့်စိတ်ထဲက ထိုသို့ ခံစားလာရအောင်၊ ထိုသို့ ယုံကြည်လာအောင် သူ လုပ်ပြနေခြင်းသာ ဖြစ်ပါသည်။ သူ့ရင်ထဲမှာလည်း တင်းကျပ်နေပါသည်။ ကျွန်တော့်စိတ်ထဲမှာ မည်သို့ ခံစားနေရသည်ကို သိချင်ဇောဖြင့် စောင့်ဆိုင်းနေခြင်းသာ ဖြစ်ပါသည်။

"ဒီနေ့ည စောစောပဲ အလုပ်ပြီးသွားတယ် မောင်၊ ဘားခန်းက သိပ်ဆူလွန်းတယ်ကွယ်...၊ ထိုင်နေရင်း စိတ်ကုန်လာရော" ဟု သူက ပြောသည်။

ကျွန်တော် စကားတစ်ခွန်းမှ ပြန်မပြောမိပါ၊ သူ့ကိုယ်ပေါ်မှာ ထပ်ဂတ်ထားသည့် ဘရိုကိတ် အင်္ကျီကို ချွတ်သည်။ ချိတ်တစ်ခု ယူချိတ်ပြီး အဂတ်ဗီရိုကို ဖွင့်ကာ တန်းမှာချိတ်သည်။ ဗီရို၏ ဘယ်ဘက်ခြမ်းတွင် သူ့အဂတ်အစားများကို ထားပါသည်။ ဗီရိုတံခါးကို သူ ပြန်ပိတ်လိုက်သည်။ ကျွန်တော့် အကြည့်ကို

ရင်ဆိုင်မကြည့်ဘဲ မျက်နှာလွှဲနေသည်။ သူ့လက်နှစ်ဖက်ကို သူ ပြန်ကြည့်သည်။
"မနက်တုန်းက လက်ကို ဆူးစူးသွားတယ်၊ ဆူးကိုလည်း ရှာမတွေ့ဘူး၊ မောင် ရှာပေးပါလားဟင်"
သူ့လက်ကို ကျွန်တော့်ဘက်သို့ ဆန့်တန်းပေးလိုက်သည်။

"စုဇီ...၊ ဒီလိုအဖြစ်ကြီးကတော့ တစ်စက်ကလေးမှ မကောင်းပါဘူးကွယ်" ဟု ကျွန်တော်က လှမ်းပြောသည်။
သူ့လက်ကို သူ ပြန်ရုပ်လိုက်သည်။ မျက်နှာမော့လာသည်။ တည်ငြိမ်သော မျက်လုံးများဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။
"ကျွန်မကို မောင် မလိုချင်တော့ဘူးလား" ဟု ပြန်မေးသည်။

"မင်းကို မောင် အင်မတန် လိုချင်ပါတယ်ကွယ်၊ ဒါပေမဲ့ ဒီလိုပုံမျိုးတော့ မဟုတ်ဘူး၊ မင်း နားမလည်နိုင်ဘူးလား"
"နားမလည်ဘူး" သူက ခေါင်းယမ်းလိုက်သည်။ "ကျွန်မ နားမလည်ဘူး၊ မနေ့တုန်းက ကျွန်မကို မောင် ချစ်ခဲ့တယ်၊ ဟုတ်ရဲ့လား မောင်"
"ဟုတ်ပါတယ်၊ သိပ်ကို ချစ်ပါတယ်"

"ဒီလိုဆိုရင် မနေ့ကလိုပဲ အခု ကျွန်မ ပြန်လာတာလေ၊ ပြန်လာတဲ့ ကျွန်မ ဆိုတာကလည်း ဒီတစ်ယောက်တည်းပဲ၊ အလုပ်လုပ်ဖို့ ကျွန်မ အပြင်ထွက်သွားတယ်၊ ဟော... အလုပ်ပြီးတော့ အခု ပြန်လာတယ်၊ ဘာမှမပြောင်းလဲပါဘူး မောင်၊ ကျွန်မဟာ ဒီမိန်းကလေးပါပဲ၊ ဒီခန္ဓာကိုယ်ပါပဲ၊ တစ်ယောက် တည်း အတူတူပါပဲ"
"ဒီအဖြစ်ကြီးကို မောင် မခံနိုင်ဘူး စုဇီရယ်..."
"ကောင်းပြီလေ၊ ဒါဆိုရင် ဇာတ်သိမ်းပြီပေါ့"

အဂတ်ဗီရိုဘက်သို့ သူပြန်လျှောက်သွားသည်။ ဗီရိုတံခါးကို ဖွင့်သည်။ စောစောက ချိတ်လိုက်သည့် ဘရိုကိတ်အင်္ကျီကို ဖြုတ်ယူသည်။ အင်္ကျီချိတ်က တန်းပေါ်မှာ လှုပ်ယမ်းနေသည်။ ကျွန်တော့်ကို လုံးဝမကြည့်ဘဲ အင်္ကျီကို အပေါ်မှ ထပ်ဝတ်လိုက်သည်။ ဗီရိုတံခါးကို ပြန်ပိတ်ပြီး တံခါးပေါက်ဆီသို့ ပြန်လျှောက်သွားသည်။

"စုဇီ"
"ဘာလဲ မောင်"
ကျွန်တော်တို့နှစ်ယောက် အပြန်အလှန် ငေးကြည့်နေမိကြသည်။
"စုဇီ... ဒီအဖြစ်ကြီးက အင်မတန် ဆိုးတာပဲကွယ်"
သူသည် နောက်ပြန်လှည့်သွားပြီး တံခါးသွားဖွင့်သည်။ ခဏ တုံ့ဆိုင်းဆိုင်းလုပ်နေပြန်သည်။ ပြီးတော့ ကျွန်တော့်ကို လှည့်ကြည့်သည်။

"မောင့်ကို ကျွန်မ အရမ်းချစ်ပါတယ်၊ မောင် သိတယ်မဟုတ်လား၊ ကျွန်မ သားကလေးနဲ့ ထပ်တူ မောင့်ကို ချစ်ရတယ်၊ အို... မောင့်ကို ချစ်ရတာက ပိုချင်ပိုနိုင်ပါသေးတယ် မောင်...၊ တစ်ခုပဲကွာတယ်၊ မောင်က လူလားမြောက်ပြီးသား လူကြီး၊ ကျွန်မ သားကလေးက မွေးကင်းစ သေးသေးကလေး၊ ဒီတော့ ကျွန်မ

သားကလေးအတွက် ကျွန်မ ရှိမှဖြစ်မယ်၊ ဒါကြောင့် ကျွန်မ သားကလေးကို ပထမဦးစားပေးပြီး အဓိကထား စဉ်းစားရမယ်၊ မောင် နားလည်ပါတယ်နော်..."

"နားလည်ပါတယ် စူဇီ"

"ဒါဖြင့် ကျွန်မ သွားတော့မယ်"

သူ အပြင်ထွက်သွားပြီး တံခါးပိတ်ထားခဲ့သည်။ စင်္ကြံတလျှောက် တဖြည်းဖြည်း ငေးပြီး ပျောက်သွားသော သူ့ခြေသံကို ကျွန်တော် လိုက်နားထောင်နေမိသည်။

သင်္ဘောသား တစ်ယောက်သည် အသံကျယ်ကျယ်ဖြင့် အတောင်းနှင့် စကားများနေကြသည်။ ဆဲသံကို ကြားလိုက် ရသည်။

ဓာတ်လှေကား တက်လာသံ ကြားရသည်။ တံခါးဖွင့်သံ ကြားရသည်။ ရုတ်တရက် တခစ်ခစ် ရယ်ချသံကိုလည်း ဆက်တိုက်ကြားရသည်။ အဲလစ်ကလေးဖြစ်ပါသည်။ အဲလစ်ကလေး တခစ်ခစ်ရယ်သလို မည်သူမှ မရယ်တတ်ပါ။

လသာဆောင်သို့ ကျွန်တော် ထွက်ခဲ့သည်။ ကျွန်တော် ထိုင်ချလိုက်သည့်အတွက် ကုလားထိုင်က အသံမြည် သွားသည်။ တခစ်ခစ် ရယ်သံလည်း ရပ်သွားသည်။ ဒိုင်းခနဲ တံခါးပိတ်လိုက်သံကို ရုတ်တရက် ကြားလိုက်ရသည်။

ကုန်တင်သင်္ဘောတစ်စီး ကမ်းကိုခွာပြီး တိတ်တိတ်ဆိတ်ဆိတ် ထွက်ခွာသွားသည်ကို တွေ့ရသည်။ သင်္ဘောမှ ထွက်လာသည့် မီးခိုးတန်းက လထိန်ထိန်သာနေသော ငွေရောင် ကောင်းကင်ပေါ်သို့ တလိပ်လိပ် တန်းတက်သွားသည်။

နောက်နေ့တွင် စူဇီကို ကျွန်တော် မတွေ့ရပါ။ အခန်းထဲမှာ တစ်နေကုန် ကျွန်တော် ထိုင်ပြီး သူ့တံခါးခေါက်သံကို စောင့်နေမိပါသည်။ တစ်နေသာ ကုန်သွားသည်။ သူ ပေါ်မလာပါ။ ဘားခန်း ထဲသို့လည်း ကျွန်တော် ဆင်းမသွားပါ။ စူဇီနှင့် သင်္ဘောသား တစ်ယောက်ယောက် တွဲထိုင်နေ သည်ကို တွေ့ရမှာ ကျွန်တော် ကြောက်ပါသည်။

နောက်တစ်နေ့တွင်လည်း ထို့အတူ ဖြစ်ပါသည်။

ထိုနေ့၏ နောက်တစ်နေ့သည်လည်း ထိုနည်း၎င်းပင် ဖြစ်ပါသည်။

ထို နောက်တစ်နေ့၏ နောက်နေ့တွင်မူ ကျွန်တော့်စိတ်ကို ကျွန်တော် တင်းမထားနိုင်တော့ပါ။

ထို့ကြောင့် သူ့ကို လိုက်ရှာရန် ကျွန်တော် ဆုံးဖြတ်လိုက်ရပါတော့သည်။

အခန်းတံခါးဆီသို့ ကျွန်တော် လျှောက်သွားသည်။ ထိုအချိန်မှာပင် တံခါးခေါက်သံကို ကြားရသည်။ ရေနွေးကြမ်းအိုး အသစ်တစ်လုံးနှင့်အတူအတောင်းဝင်လာသည်။ သူ့အမူအရာက မသက်မသာ ဖြစ်နေပုံ ရပါသည်။ ကျွန်တော့်ကိုလည်း မကြည့်ဘဲ မျက်နှာလွှဲထားပါသည်။ ဘာဖြစ်နေတာလဲဟု ကျွန်တော်က မေးကြည့် ပါသည်။

"ဘာမှမဖြစ်ပါဘူး ဆရာ"
"ဘာမှ မဖြစ်ဘူးဆိုရင် ငါ့မျက်နှာကိုမကြည့်ဘဲ မင်း ဘာကြောင့် မျက်နှာလွှဲနေရတာလဲ အတောင်း"
စိတ်မပါသော အမူအရာဖြင့် ကျွန်တော့်ကို သူ လှမ်းကြည့်ပါသည်။

"မစ္စတာ တက်စ်လာ ထွက်သွားတာ ဆရာ သိပါတယ်နော်"
"ရော့ဒ်နေ ထွက်သွားပြီလား"
"ဟုတ်ပါတယ် ဆရာ၊ ဒီနေ့မနက်ဘဲ ထွက်သွားပါတယ်"
"ဆက်ပြောစမ်း အတောင်း" ဟု ကျွန်တော် စကားထောက်ပေးလိုက်သည်။
သူက မျက်လွှာကို ချလိုက်သည်။
"ဆရာ့ အမျိုးသမီးကလေးကို သူ ခေါ်သွားပါတယ်ဆရာ၊ သူတို့ ဘန်ကောက်ကို ထွက်သွားကြပါပြီ"

**စာအုပ် (၂) အခန်း (၇) မျှော်**

## စာအုပ် (၂) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၈)

### အခန်း(၈)

(၁)

ဘက်တီလောင်းသည် ကျွန်တော့်ကို မငြင်းပါ။ စူဇီနှင့် သူသည် မျက်နှာကြောတည့်ကြသူများ မဟုတ်သောကြောင့် ကျွန်တော့်ကို ငြင်းရန်အကြောင်း မရှိပါ။ သို့သော်လည်း ဘက်တီကို နောက်ထပ် ကျွန်တော့်အခန်းသို့ မခေါ်တော့ပါ။ ဘက်တီကိုသာ မဟုတ်၊ အခြား မည်သည့် မိန်းကလေးကိုမှလည်း မခေါ်တော့ပါ။

ဘက်တီလောင်းကို ကျွန်တော့်အခန်းသို့ ခေါ်မိသည့်အတွက် နာခေါင်းကျည်ပွေ့ တွေ့ရလေတော့သည်။

နောက်နေ့တွင် နမ်ကောက်မှာ ရှိနေကြသည့် အမျိုးသမီးအားလုံး ထိုအကြောင်းကို သိကုန်ကြတော့သည်။ ဘက်တီလောင်းက မောင်းထုလိုက်ခြင်းဖြစ်သည်။ ကျွန်တော်က စူဇီအစား သူ့ကို ရွေးလိုက်ပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် သူသည် ကျွန်တော်၏ အမြဲတမ်းဖောက်သည်ဖြစ်ကြောင်း ဇာတ်လမ်းဖန်ပြီး ပြောလေ တော့သည်။ ကျွန်တော် ဘားခန်းထဲသို့ ဝင်သွားလျှင်လည်း သူက လိုက်လိုက်လဲ့လဲ့ ကြိုသည်။ ပြီးတော့ ကျွန်တော့် စားပွဲမှာ ထိုင်ကာ အားရပါးရ စကားပြောတော့သည်။ အခြားမိန်းကလေးများ မြင်အောင် တမင် လုပ်နေခြင်းဖြစ်သည်။

သူ့အပြောကို အခြားအမျိုးသမီးများ ယုံကြည်လိမ့်မည်ဟု ကျွန်တော် မထင်ပါ။ သို့သော်လည်း ကျွန်တော့် အပေါ်မှာ သူတို့ထားရှိသည့် လေးစားမှုကမူ လျော့နည်းသွားပါတော့သည်။

သူတို့သည် ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေကြသည်မှာ မှန်ပါ၏။ ကျွန်တော့် စားပွဲတွင် ဘက်တီလောင်း မရှိဘဲ တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့လျှင် စကားလာပြောကြပါသည်။ သူတို့ စိတ်ထဲမှာ မည်သို့ ခံစားနေရသည်ကို လိမ္မာပါးနပ်စွာ ဖုံးကွယ် ထားနိုင်စွမ်း ရှိကြပါသည်။

သို့သော်လည်း ကျွန်တော့်ထံမှ ဘာအကူအညီမှ မတောင်းတော့။ စူဇီနှင့် ပတ်သက်၍လည်း စကားစပ်ပြီး ပြောလားဆိုလား မရှိတော့။ ကျွန်တော်နှင့်လည်း ရယ်စရာ မောစရာလေးတွေ မပြောတော့။

သူတို့အားလုံးအနက် ဂွမ်နီသည် ခံစားချက် အပြင်းထန်ဆုံးဖြစ်သည်။ သူငယ်ချင်းအပေါ်တွင် သစ္စာအကြီးဆုံးဖြစ်သည်။ ယခင်တုန်းက ကျွန်တော့်ကို သူအလွန်လေးစားသည်။ ယခုမူအခြား သဘော်သားတွေနှင့် ကျွန်တော့်ကို တတန်းတစားတည်း သတ်မှတ်လိုက်လေတော့သည်။

ထိုအချိန်မှစပြီး ဘားခန်းကို ကျွန်တော် အတတ်နိုင်ဆုံး ရှောင်တော့သည်။ မြို့၏ အနောက်ဘက် မှာရှိသော တောင်တန်းများဆီသို့ ရောက်အောင် ကျွန်တော် တစ်ယောက်တည်း လမ်းလျှောက်သွားလေ့ရှိသည်။

စိတ်ဆင်းရဲမှု ဝေဒနာများလည်း တဖြည်းဖြည်း လျော့ပါးသက်သာလာသည်။ ကိုယ့်ဟာကိုယ်လည်း အထိုက်အလျောက် ထိန်းသိမ်းလာနိုင်သည်။ တစ်နေ့တွင် ကျွန်တော့်ရင်ထဲမှာ မီးတောက်ကလေး ထတောက်လိုက်သလို ခံစားရသည်။ စူဇီအတွက် တောက်လောင်ရသော အပူမီးတောက်မျိုး မဟုတ်ပါ။

မိမိကိုယ်တွက်မှတပါး အခြားမည်သူ့ကိုမှ ပိုအရေးမထားနိုင်ဆိုသော အသိတရားမီးတောက် ဖြစ်ပါသည်။ ထိုမီးတောက်ကလေးနှင့်အတူ ကျွန်တော် စိတ်ချမ်းသာလာသည်။ ပုံမှန် အနေအထားသို့ ပြန်ရောက်လာသည်။
ပတ်ဂန်းကျင်ကို စိတ်ဝင်စားသောအာရုံ ချစ်ကြင်နာသော အာရုံများ ပြန်လာရသည်။

မစ်ဖို့က ရေးလိုက်သောစာကို ပြန်ရှာသည်။ ဖတ်ကြည့်သည်။ ယခုပင် ရောက်လာသော စာတစ်စောင်ကဲ့သို့ ဝမ်းအသာကြီးသာသွားမိပါသည်။ ထို့ကြောင့် ချက်ချင်း ပြန်စာရေးလိုက်သည်။ မစ္စတာဂိန်းဘမ်း အကြံပေးသည့် အတိုင်း ဟောင်ကောင်မြင်ကွင်း နောက်ခံနှင့် ပန်းချီကားနစ်ကား အပါအဝင် လိုအပ်သည့် ပန်းချီကားများကို တစ်လအတွင်း ပို့ပေးပါမည်ဟု ကတိပေးလိုက်သည်။

တစ်နေ့တွင် ဗဟိုခရိုင်နားမှာ ကျွန်တော် ပုံကြမ်းလောင်းနေပါသည်။ ထိုအခိုက် မလှမ်းမကမ်းတွင် အင်္ဂလိပ်မ ကလေးတစ်ယောက် မောရစ်ကားကလေးကို လက်ကိုင်ဂေါက်နှင့် လှည့်ပြီး စက်နှိုးနေသည်ကို လှမ်းမြင်ရသည်။
သူ့ဆီကိုသွားပြီး ကျွန်တော် အကူအညီပေးပါသည်။ ဒုတိယတချီ အလှည့်လိုက်တွင် ဂေါက်တံက နောက်ပြန်လည်ပြီးကျွန်တော့်လက်ကောက်ဝတ်ကို ရိုက်လိုက်မိသည်။ ကျွန်တော် လက်လျှော့လိုက်ရပါတော့သည်။
သို့သော်လည်း စက်ဖုံးကိုဖွင့်ပြီး အင်ဂျင်ကို စစ်ဆေးကြည့်ရှုပေးသည်။ သည်တော့မှ ဘက်ထရီမှ အက်ဆစ်များစဉ်ပြီး စက်နှိုးသည့် စတာတာမှခဲများစားနေသည်ကို တွေ့ရလေသည်။ စက်ပြင်ဆရာခေါ်ရုံမှတပါး အခြားမတတ်နိုင်တော့ပြီ။
စက်ပြင်ဆရာ ရောက်လာပြီး ကားကို စပြင်သည်။

"ကော်ဖီ သွားသောက်ကြရအောင်လား၊ မော်တော်ကားပြင်တာလည်း စောင့်ရင်းပေါ့"

ကျွန်တော်က ဖိတ်ခေါ်လိုက်ပါသည်။ အမျိုးသမီးကလေးသည် အလွန်ချောပါသည်။ သူ့မျက်လုံးညိုကြီးတွေက လည်းရွှဲနေသည်။ ပါးစပ်ကလေးကလည်း ရယ်လိုက်လျှင် အလွန်လှသည်။ သူ အင်မတန် ချောမော လှပ ကြောင်း တစ်နေ့တော့ ကျွန်တော်ပြောဖြစ်အောင် ပြောပြရဦးမည်ဟု စိတ်ထဲမှာ တေးမှတ်ထားလိုက်မိသည်။
အနီးမှာရှိနေသော လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ ကျွန်တော့် လက်ထဲက ပုံကြမ်းစာအုပ်ကို မြင်သွားပြီး ကျွန်တော် ဘာအလုပ်လုပ်သလဲဟု မေးသည်။ ပန်းချီဆွဲကြောင်း သူ သိသောအခါ...။

"ပန်းချီဆရာတို့ အနုပညာသည်တို့ဆိုတာ လက်တွေ့လုပ်ငန်းတွေမှာ ဘာမှမကျွမ်းကျင်ဘူးလို့ပဲ ကျွန်မ နားလည်ထားတာ၊ ဒါပေမယ့် ရှင်ကတော့ မော်တော်ကားနဲ့ ပတ်သက်ပြီး တော်တော်ကြီးကို ကျွမ်းကျင် နေတာ တွေ့ရတယ်" ဟု ပြောသည်။

"မလေးရှားမှာ ရာဘာခြံလုပ်ငန်း လုပ်နေတုန်းက ကိုယ်ပိုင်ကား ရှိခဲ့ဖူးတယ်၊ မင်းရော ဘာအလုပ် လုပ်သလဲ"

"ကျွန်မက စိန့်မာဂရက်ကပါ"

"အဲဒါက ဘာလဲ၊ ကျောင်းလား၊ မင်းက ကျောင်းဆရာမတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ဘူး..ဆေးရုံပါ၊ ကျွန်မက သူနာပြုဆရာမ"

သူ့နာမည်သည် ကေးဖလက်ချာ ဖြစ်ပါသည်။

ထိုနေ့ညက ကျွန်တော်တို့နှစ်ယောက် ထပ်တွေ့ကြပြီး တရုတ်ထမင်းဟင်း သွားစားကြသည်။ နောက် လေးရက်အကြာတွင် တစ်ခါ ထပ်တွေ့ကြပါသည်။ ထိုကစပြီး ညနေတိုင်းလိုလို ကျွန်တော်တို့ တွေ့ကြသည်။ သူ ရက်အားရသည့်နေ့မှာလည်း တစ်နေ့လုံး ချိန်းတွေ့နေတတ်ကြသည်။

သည်လိုဖြင့် ရင်းနှီးလာသောအခါ နမ်ကောက်ဟိုတယ်နှင့် စူဇီအကြောင်းကို ကျွန်တော်က ပြောပြသည်။
သင်္ဘောသားတွေနှင့် စူဇီ အလုပ်လုပ်နေခြင်းကို ကျွန်တော်က အလေးမထားဘဲ ခွင့်လွှတ်ရမည်ဟု အိုနေးလ်က အကြံပေးသွားကြောင်း ပြောပြသောအခါ ကေးဖလက်ချာသည် အတော် တုန်လှုပ်ချောက်ချားသွားလေတော့သည်။

မည်သို့ဆိုစေ ဘက်တီအကြောင်းကိုတော့ ကျွန်တော် လုံးလုံး ပြောမပြပါ။ သည်အကြောင်းကြီးကို ပြန်စဉ်းစားမိတိုင်း ကျွန်တော် ရှက်မဆုံးအောင် ဖြစ်မိသည်။ ထို့ကြောင့် ကိုယ်တိုင်ကလည်း သည်အကြောင်း ကို မေ့ပျောက်ပစ်ချင်ပြီ။

တစ်ညတွင် ကိုလုန်းဘက်ကမ်းသို့ကူးပြီး တရုတ်အော်ပရာတစ်ခုကို သွားကြည့်ပါသည်။ အော်ပရာပြီးတော့ ကူးတို့သင်္ဘောဆိပ်သို့ နသန်လမ်းမကြီးအတိုင်း လမ်းလျှောက်ပြန်လာခဲ့ကြသည်။ ဆိုင်တစ်ဆိုင်ရှေ့တွင် ကေးက ရပ်ပြီး ရှပ်အင်္ကျီတစ်ထည်ကို လက်ညှိုး ထိုးပြပါသည်။

"အဲဒီ အင်္ကျီမျိုး တစ်ထည်လောက်တော့ ရှင် ဝယ်ဝတ်ဖို့ ကောင်းတယ်၊ ရှင့်မှာ အင်္ကျီကောင်းကောင်း

မရှိတော့ဘူး"ဟုလည်းပြောပါသည်။

"အင်း၊ ကြည့်ရတာ ဈေးလည်း ပေါပုံပါပဲ"

ထိုဆိုင်သည် ကုလားဆိုင်ဖြစ်သည်။ ညဥ့်နက်ပိုင်းအထိ ဖွင့်လေ့ရှိသည်။ သို့သော်လည်း ရှိနေသည့် ရုပ်အင်္ကျီက ကျွန်တော်နှင့် သေးနေသည်။ ကျွန်တော်နှင့် တော်သော အရွယ်က မရှိ။ ဆိုင်ရှင် ကုလားဂဂက သူ့လက်နှစ်ဖက်ကို ပွတ်ပြီး.."

"မနက်ဖြန်ရအောင် ကျွန်တော် ချုပ်ပေးပါ့မယ်၊ မနက်ဖြန်ကျတော့ တစ်ခေါက်ပြန်လာပါ ခင်ဗျာ" ဟု ပြောသည်။

ကျွန်တော့်တိ့ ဆိုင်ပြင်ရောက်တော့...

"ပိုသေချာသွားအောင် သန်ဘက်ခါကျမှ ပြန်လာတာ ပိုကောင်းမယ်"ဟု ကေးက ပြောသည်။

"သန်ဘက်ခါမဟုတ်ဘဲ ဖိန်းနွဲ့ခါဆိုရင် ပိုမသေချာဘူးလား" ဟု ကျွန်တော်က ပြန်မေးသည်။

တကယ်ကျတော့ ထိုရုပ်အင်္ကျီအကြောင်း ရက်သတ္တတစ်ပတ်လောက် ကျွန်တော် မေ့နေပါသည်။ တစ်ညနေတွင် ကိုလုန်းဘက်ကမ်းသို့ ကူးတို့သင်္ဘောနှင့် ကျွန်တော် ကူးသွားသည်။ ကုလားဆိုင်သည် ကူးတို့ဆိပ်နှင့် မဝေးလှပေ။ ကျွန်းဆွယ်ဟိုတယ်ရှိသည့် လမ်းပေါ်မှာ ရှိသည်။ ကျွန်တော် ဆိုင်ထဲဝင် သွားသည်နှင့် တပြိုင်တည်း ဆိုင်ရှင်ကုလားက ချက်ချင်း မှတ်မိသည်။ ပြုံးပြီး ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်သည်။

"ရုပ်အင်္ကျီရွေးဖို့လာတာ မဟုတ်လားခင်ဗျာ"

"အမှန်ပေါ့ဗျာ"

"ကျေးဇူးပြုပြီး မနက်ဖြန်တစ်ခေါက် ပြန်လာခဲ့ဦးခင်ဗျာ"

အခေါက်အခေါက်အခါခါ လာနေရသည်မှာ ဒုက္ခများကြောင်း ကျွန်တော်က ပြောပြသည်။ သူက ဈေးလျှော့ပေးပါမည်ဟု ပြောသည်။ နောက်ဆုံးတွင် မတန်တဆ ဈေးလျှော့ချလိုက်ခြင်းအားဖြင့် ကျွန်တော် မငြင်းနိုင်အောင် ဖြစ်သွားသည်။ သို့သော်လည်း သူ့မှာ အမြတ်ကျန်နိုင်သေးသည်မှာ သေချာပါသည်။ ကျွန်တော် လည်း ပြန်လာမည်ဟု ကတိပေးပြီး အပြင်ထွက်ခဲ့တော့သည်။

လမ်းတစ်ဘက်ခြမ်းတွင် လေကြောင်းကုမ္ပဏီမှ ဘတ်စ်ကားတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ ကျွန်းဆွယ်ဟိုတယ် အဆုံး လေယာဉ်ရုံး အဆောက်အအုံရှေ့မှာ ရပ်ထားခြင်းဖြစ်သည်။ ထိုမြင်ကွင်းကို မြင်ရတော့ စူဇီနှင့် ရှော့ဒ်နေတို့ကို ကျွန်တော် သတိရလိုက်မိပါသည်။ သူတို့နှစ်ယောက် ဘန်ကောက်ကို ထွက်ခွာ သွားကြပြီလော၊ သို့တည်းမဟုတ် နယ်မြေသစ်က ဟိုတယ်မှာပင် ရှိနေကြသေးသလောဟု တွေးနေမိသည်။

သို့သော် ကျွန်တော် ကြာကြာမတွေးဖြစ်တော့ပါ။ ဟိုတယ်အဝတွင် ကျွန်တော် မှတ်မိသည့်

လူပုံသဏ္ဌာန်တစ်ခု ရပ်နေသည်ကို တွေ့ရသည်။ ရှော့ဒ်နေကိုယ်တိုင် ဖြစ်နေတော့သည်။

ထိုအခိုက် နောက်ထပ် လေယာဉ်ကုမ္ပဏီ ဘတ်စ်ကားတစ်စီးက ထိုးရပ်လိုက်သဖြင့် သူ့ကို ကွယ်သွားသည်။ ကျွန်တော် လူများမှားလေသလား၊ ရှော့ဒ်နေကို စိတ်စွဲနေမိသောကြောင့် သူဖြစ်သည်ဟု ထင်မိလေသလား မသေချာပါ။

သေချာအောင် သွားကြည့်ခြင်းသည် မမှားနိုင်ဟု တွက်လိုက်သည်။ လမ်းတစ်ဘက်ခြမ်းသို့ လျှောက်သွားပြီး လေယာဉ်ကုမ္ပဏီ ဘတ်စ်ကားနှစ်စီးကြားမှ ဝင်သွားသည်။ စောစောကလူသည် ဟိုတယ် အဝ လှေကားထစ်များပေါ်မှာ ရပ်နေဆဲပင် ဖြစ်ပါသည်။

ယခုအခါတွင် ကျွန်တော့်ဘက်ကို ကျောခိုင်းထားသည်။ သို့သော်လည်း ဆိတ်သားရေအပျော့ ရှူးဖိနပ်ကို တွေ့ရသည်။ အင်္ဂလိပ်ပုံ ချုပ်ထားသည့် ဂုတ်စုံကိုမြင်ရသည်။ ခေါင်းကလည်း ဆံပင်တိုတိုနှင့် ကျွန်တော် မှတ်မိသည့်ခေါင်း။

ကျွန်တော် မမှားနိုင်တော့ပါ။ ရှော့ဒ်နေ ဖြစ်သည်မှာ သေချာသွားပါပြီ။ ကျွန်တော့်ကို သူ မြင်လိုက်သောကြောင့် တဘက်သို့လှည့်ကာ ကျောခိုင်းသွားခြင်း ဖြစ်ပေလိမ့်မည်။ ခန်းမကြီးထဲသို့ တံခါးပေါက် အတိုင်း မမှိတ်မသုန် စိုက်ကြည့်နေသည်။ ခန်းမထဲမှာလည်း မည်သူ တစ်စုံတစ်ယောက်မျှ မရှိပါ။

"ရှော့ဒ်နေ..."

ကျွန်တော့်အသံသည် အပြေးပြိုင်ပွဲ တာလွှတ်သေနတ်သံလို ဖြစ်သွားသည်။ ကျွန်တော့်အသံ ထွက်သွားသည်နှင့် တပြိုင်တည်း နောက်သို့ လုံးဝ လှည့်မကြည့်ဘဲ ရုတ်တရက် ရှေ့သို့ တဟုန်ထိုး ထွက်သွားသည်။ ပြီးတော့ ခန်းမထဲမှာ ပျောက်သွားသည်။ ပလက်ဖောင်းပေါ်မှာ ရပ်နေသည့် လေယာဉ်မယ်က ခရီးသည်များကို စစ်ဆေးပြီး ဘတ်စ်ကားပေါ် တက်ခိုင်းနေသည်။ "မစ္စတာ တက်စ်လာ ဘယ်ထွက်သွားပြန်ပါလိမ့်" ဟု ပြောနေသည်။

လှေကားထစ်များအတိုင်း သူ့နောက်သို့ ကျွန်တော် ပြေးလိုက်သွားသည်။ တရုတ် ပိုးထည်များပြထားသည့် မှန်ဗီရိုဘက်သို့ လှည့်ပြီး ကျွန်တော့်ကို ကျောခိုင်းရပ်နေသည်။ လောယဉ် လွယ်အိတ်တစ်လုံးကို ပခုံးမှာ လွယ်ထားသည်။

"ရှော့ဒ်နေ"

မလှည့်ချင် လှည့်ချင်နှင့် သူ လှည့်လာသည်။ သူ့မျက်လုံးများကလည်း ရန်လိုသည့် အရောင် ဆောင်နေသည်။

"အို... ဟဲလို ...၊ ခင်ဗျားကိုး"

"ရှော့ဒ်နေ၊ မင်း တခြားတစ်နေရာရာကို သွားတော့မလို့လား"

"ဟုတ်တယ်၊ အခုပဲ ခရီးထွက်တော့မလို့"
သူ လွယ်ထားသည့် လေယာဉ်ခရီးဆောင်အိတ်တွင် ဘန်ကောက်သို့ ဟူသော လေယာဉ် အမှတ်အသား တံဆိပ် ချိတ်ထားသည်ကို တွေ့ရသည်။
"စူဇီ ဘယ်မှာလဲ" ဟု ကျွန်တော်က မေးသည်။

"ဒီမှာ၊ ကျုပ် ဂမ်းနည်းပါတယ်ဗျာ၊ ကျုပ် အခုပဲ သွားရတော့မှာ"
သူက ပြောပြောဆိုဆို တဘက်သို့လှည့်ပြီး ထွက်သွားသည်။ ကျွန်တော်က သူ့လက်ကို ဖမ်းဆွဲထားလိုက်သည်။
"ရှော့ဒ်နေ၊ စူဇီ ဘယ်မှာလဲ"
ထိုအချိန်တွင် လေ့ကားထစ်များအတိုင်း လေယာဉ်မယ် တက်လာသည်။

"အိုး.. မစ္စတာ တက်စ်လာ၊ စိတ်မရှိပါနဲ့ရှင်"
"လာပြီ.. လာပြီ၊ အခုလာပြီ" ဟု ရှော့ဒ်နေက ပြန်ပြောသည်။
"ရှော့စ်နေ၊ စူဇီ ဘယ်မှာလဲ"
ကျွန်တော်က သူ့လက်မောင်းကို မလွှတ်ဘဲ ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားသည်။

ရုတ်တရက် ကျွန်တော့်ဘက်သို့ သူ ပြန်လှည့်လိုက်သည်။ သူ့မျက်နှာပေါ်တွင် ဒေါသရိပ်တွေ လွှမ်းနေသည်။
"ဒီမှာ နားထောင်၊ ကျုပ် မသိဘူး၊ ကျုပ် ဘာကိုမှလည်း ဂရုမစိုက်ဘူး၊ မဟုတ်တာတွေ ရပ်ပြောနေဖို့ ကျုပ်မှာ အချိန်မရှိဘူး"

ကျွန်တော့်လက်ထဲမှ သူ ရုန်းထွက်သွားသည်။ လေ့ကားအတိုင်း ဆင်းပြေးသွားကာ လေယာဉ်မယ်ဘေးမှ ဖြတ်ပြီး ဘတ်စ်ကားပေါ်သို့ တက်သွားသည်။ သူ့နောက်မှ ကျွန်တော် ဆင်းလိုက်သွားပြီး လေယာဉ်မယ်ကို မေးကြည့်သည်။

"ဒီဘတ်စ်ကားနဲ့ လေယာဉ်ပျံကွင်းကို ကျွန်တော် လိုက်လို့ရမလားဗျာ"
"ရပါတယ်ရှင်၊ ဒါပေမယ့် ငါးဒေါ်လာ ပေးရပါတယ်"

ကျွန်တော် ဘတ်စ်ကားပေါ်သို့ တက်လာသည်ကို မြင်သောအခါ ရှော့ဒ်နေသည် ဒေါသ ပေါက်ကွဲတော့မလို ပေကပ်ထိုင်နေသည်။ ကိုယ်ကို ရှေ့သို့ ကိုင်းပြီး သူ့ကို စကားပြောသည်။ သူက အပြောမခံဘဲ မျက်နှာကို တဘက်သို့ လှည့်ထားသည်။ လေယာဉ်ပျံကွင်းသို့ ရောက်သည်အထိ တစ်လမ်း လုံး သူ စကားတစ်ခွန်းမှ ပြန်မပြော။

ဘယ်လိုပဲဖြစ်ဖြစ် လေယာဉ်ပျံကွင်း ရောက်တော့ သူ့အနားက လုံးဝ မခွာဘဲ ကျွန်တော် ကပ်လိုက်နေသည်။ ဘတ်စ်ကားပေါ်မှ ကပ်ပြီး ဆင်းလိုက်ခဲ့သည်။ ခရီးသည်များ အခန်းထဲသို့လည်း ဝင်လိုက်သွားသည်။ သူ့လက်မှတ်ကို စစ်ဆေးခြင်း၊ သူ့ပစ္စည်းတွေကို ပေါင်ချိန်ယူခြင်းများ လုပ်နေသည့်

အချိန်မှာလည်း သူ့ကို မခွာဘဲကပ်ထားသည်။

"အကောက်ခွန်ဌာနက မစစ်ဆေးခင် နာရီဝက်လောက် အချိန်ရပါတယ် မစ္စတာတက်စ်လာ၊ ဧည့်ခန်းထဲမှာ ကော်ဖီသွားသောက်ချင်ရင် သောက်နေနိုင်ပါတယ်" ဟု စာရေးက ပြောသည်။

ဧည့်ခန်းထဲသို့ သူ့နောက်မှ ဝင်လိုက်သွားသည်။ သူထိုင်သည့် စားပွဲမှာပင် ဝင်ထိုင်သည်။ ကျွန်တော်က အလျှော့ မပေးဘဲ နှောင့်ယှက်မြဲ နှောင့်ယှက်နေသည်။ ခဏကြာတော့ သူ့မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ပြီး တစ်ကိုယ်လုံး သိမ့်သိမ့်တုန်နေတော့သည်။ သူ ငိုနေပြီဟု ထင်ရသည်။ ပြီးတော့ မျက်နှာပေါ်မှ လက်ကိုမဖယ်ဘဲ စိတ်လှုပ်ရှားသောလေသံနှင့် ပြန်ပြောသည်။

"ကောင်းပြီ၊ ခင်ဗျား ဒါလောက်တောင် သိချင်နေတယ်ဆိုရင် ပြောပြရတာပေါ့ဗျာ၊ သူက ကျုပ်ကို အင်မတန် အထင်သေးတယ်"

"စူဇီကလား"

"ကျုပ်တိုင်းပြည် ပြန်ရောက်သွားရင် မင်းဟောင်ကောင်မှာ ဘာတွေ လုပ်ခဲ့သလဲလို့ ပိုင်းမေးလိမ့်မယ်၊ ဆိပ်ကမ်းက ပြည့်တန်ဆာမကလေးနဲ့ အတူတူ ကျုပ် အချိန်ဖြုန်းခဲ့တယ်ဆိုတာ ပြောပြရင် သူတို့ကလည်း ကျုပ်ကို အထင်သေးကြဦးမယ်" ဟု အစချီပြီး စူဇီနှင့် သူ့အကြောင်းကို ပြောပြလေတော့သည်။

ပထမတစ်ပတ် နှစ်ပတ် လောက်မှာတော့ သူနှင့်စူဇီ၏ အခြေအနေသည် သိပ်ပြီး ဆိုးဆိုး ရွားရွား မဖြစ်သေး။ သို့သော်လည်း စူဇီအပေါ်မှာ သူ၏ သဝန်ကြောင်မှုသည် တဖြည်းဖြည်း ကြီးထွားလာသည်။ နောက်ဆုံး သူ့မျက်စိအောက်မှ အပျောက်မခံနိုင်သည်အထိ ဖြစ်လာသည်။

အဓိကအကြောင်းမှာ စူဇီက သူ့ကလေးကို သွားကြည့်ရာက စသည်။ ကလေးကို ရွာထဲမှာ ကလေးထိန်းနှင့် အတူထားသည်။ ကလေးဆီ သွားသောအခါ ရော့ဒ်နေကို လိုက်ခွင့်မပေး။ ထိုသို့ လိုက်ခွင့်မပေးခြင်းသည် မရိုးသားသောကြောင့် ဖြစ်ကြောင်း၊ တရုတ်အမျိုးသားတစ်ယောက်နှင့် သွားပြီး ချိန်းတွေ့သောကြောင့် ဖြစ်ကြောင်း စီပ်စွဲလာသည်။

ထိုသို့ စွပ်စွဲချက်မှာ မမှန်ကန်ကြောင်းကို သူကိုယ်တိုင်လည်း သိသည်။ တစ်ကြိမ်တုန်းက စူဇီကို နောက်ယောင်ခံပြီး ရွာထဲသို့ သူလိုက်သွားဖူးသည်။ စူဇီက သူ့ကလေးရှိသည့် အိမ်ထဲ ဝင်သွားသည်။ ပြီးတော့ ကလေးကို ခေါ်ပြီးကလေးထိန်း အဘွားကြီးနှင့်အတူ ပင်လယ်ကမ်းစပ်သို့ သွားသည်။

ဒါတွေအားလုံး သူကိုယ်တိုင် မြင်တွေ့ထားသော်လည်း နောက်ပိုင်း စူဇီကို ပြန်ပြောပြတော့ တစ်မျိုးဖြစ်နေသည်။ စူဇီကို သူလိုက်ချောင်းကြောင်း၊ အိမ်တစ်အိမ်ထဲ ဝင်သွားပြီးနောက် ယောက်ျား တစ်ယောက်နှင့်အတူ ပြန်ထွက်လာသည်ကို သူကိုယ်တိုင် မြင်တွေ့ရကြောင်း ပြောတော့သည်။

ထိုအကြောင်းကို အခိုင်အမာပြောနေသည်။ ပတ်ဝန်းကျင်အခြေအနေတွေကိုပါ သက်သေထူနေသည်။ မင်နီဟိုးနှင့် ဖြစ်တုန်းက သူ ဇာတလမ်းဆင်ပြောခဲ့သလို ပြောသည်။ သူ့ကို ဝင်ရောက်တိုက်ခိုက်သူမှာ

ဟောဟိုက လန်ချားစီးသွားတဲ့ သဘော်သားပါပဲဟု ပြောသကဲ့သို့ပင် လမ်းမှာတွေ့သည့် ယောက်ျား တစ်ယောက်ကို လက်ညှိုးထိုးပြကာ ထိုယောက်ျားနှင့် စူဇီ အတူသွားခြင်းဖြစ်သည်ဟု ပြောပြသည်။ သူပြသော ယောက်ျားကို စူဇီတစ်သက်တွင် တစ်ကြိမ် တစ်ခါမှ မမြင်ဖူးခဲ့။

စူဇီက သူ့ကို မုန်းတီးလာအောင်၊ အထင်သေးလာအောင် လုပ်ဖို့ သူ၏ မသိစိတ်က သူ့ကို နှိုးဆော်နေသည်။ တဖြည်းဖြည်းနှင့် စူဇီက သူ့ကို မုန်းလာသည်။ အထင်သေးလာသည်။ ထိုအမှုအရာများကို မြင်ရသောအခါစူဇီကို သတ်မှတ်သဘောတူထားသည့် ငွေအပြင် နောက်ထပ် ငွေအမြောက်အမြားကို ရက်ရောစွာ ပေးကမ်းသည်။

သူပေးသည့်ငွေများကို ချက်ချင်းပင် သူ့ဟာသူ ပြန်ခိုးထားသည်။ ပြီးတော့ ငွေပျောက်ရပါမည်လားဆိုကာ စူဇီကို ပြစ်တင်ကြိမ်းမောင်းသည်။ သူမြတ်မြတ်နိုးနိုးပေးသော လက်ဆောင်ကို ဂရုတစိုက် မထိန်းသိမ်းခြင်း သည် သူ့ကို ဂရုမစိုက်သောကြောင့် ဖြစ်သည်ဟု စွပ်စွဲသည်။ သူ့ပိုက်ဆံကို တန်ဖိုးမထား၊ စူဇီ၏ အထင်သေး မှုကို ငွေနှင့်လည်း ဂယ်မရနိုင်ပါလားဟု အပြစ်တင်လာသည်။

ဘယ်လိုမှ သည်းမခံနိုင်တော့သောအခါတွင် သူ့ထံမှ ထွက်သွားရန် စူဇီ နှစ်ကြိမ်တိုင်တိုင် ကြိုးစားသည်။ ပြောင်လည်း ဖွင့်ပြောသည်။ သို့သော်လည်း မအောင်မြင်။
မည်သို့ဆိုစေ တစ်မနက်မှာတော့ စူဇီရော၊ သူ့ကလေးနှင့် ကလေးထိန်းအဘွားကြီးပါ ပျောက်သွားတော့သည်။ သူ အကြီးအကျယ် ပေါက်ကွဲတော့သည်။ သူ့သေတ္တာတစ်လုံး ပျောက်ဆုံးနေသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ပစ္စည်းခိုးယူမှုဖြင့် ပုလိပ်တိုင်ပြီး ထောင်ထဲထည့်ပစ်ရန် သူ ကြံသည်။

သူ့အကြံ မအောင်မြင်ပါ။ ခဏအကြာမှာပင် အငှားကားတစ်စီး ရောက်လာပြီး သူ့သေတ္တာကို ပြန်ပေးသည်။ ထိုအငှားကားဖြင့် စူဇီကို ကိုလုန်းသို့ လိုက်ပို့ပေးရကြောင်း၊ ရုတ်တရက် ထွက်သွား ရသည့် အတွက် သူ့သေတ္တာကို ခဏယူသုံးကြောင်း စူဇီက တောင်းပန်စကား ပြောလိုက်သည်။

ထိုသို့ ဖြစ်ခဲ့သည်မှာ နှစ်ပတ်လောက် ကြာသွားပြီ။ ရှော့ဒ်နေသည် ကိုလုန်းသို့ ပြန်လာပြီး ကျွန်းဆွယ်ဟိုတယ်မှာ တည်းသည်။ သူ၏ ကမ္ဘာလှည့်ခရီးစဉ်ကို ဆက်လက် အကောင်အထည် ဖော်ရန် ဆုံးဖြတ်သည်။ ဘန်ကောက်လေယာဉ်ပျံလက်မှတ် ဂယ်ယူခြင်း ဖြစ်သည်။

တစ်ည နှစ်ညကြာတော့ နသန်လမ်းပေါ်မှာ စူဇီနှင့် သွားတွေ့သည်။ သူ့ဆီသို့ ပြန်လာရန် စူဇီကို တောင်းပန်သည်။ စူဇီ ပြန်လာမည်ဆိုပါက သူ့ခရီးစဉ်ကို ဖျက်မည်ဖြစ်ကြောင်း ပြောသည်။ စူဇီက ငြင်းသည် သူသည် ကိုလုန်းတွင် အိမ်ခန်းတစ်ခန်း ငှားထားပြီဖြစ်ကြောင်း၊ ကိုလုန်းက ဘားခန်းတစ်ခုမှာ အလုပ် လုပ်နေပြီဖြစ်ကြောင်း ပြောပြကာ ထွက်သွားသည်။ နောက်က သူလိုက်ခေါ်သေးသော်လည်း လူအုပ်ထဲမှာ ပျောက်သွားသည်။ ထိုသို့ တွေ့ခြင်းသည် နောက်ဆုံး တွေ့ခြင်းပင် ဖြစ်လေသည်။

"ဘယ်ဘားခန်းမှာ လုပ်နေတယ်ဆိုတာ သူ ပြောပြမသွားဘူးလား" ဟု ကျွန်တော်က မေးသည်။

"မပြောဘူး၊ ဒါပေမဲ့ ဖောက်သည်တွေနဲ့ အချိန်းအချက်လုပ်တဲ့ ဘားခန်းတစ်ခုခု ဖြစ်မှာပဲလို့ ကျွန်တော်ထင်တယ်"

"ဒါပေမဲ့ ကိုယ်တော့ သဘောမပေါက်နိုင်ဘူးကွာ၊ ဒီအလုပ်မျိုးကို သူ ပြန်လုပ်မယ်ဆိုရင် ဘာဖြစ်လို့ နမ်ကောက်ကို သူ ပြန်မလာတာလဲ" ဟု ကျွန်တော်က ထပ်မေးသည်။

ရှော့ဒ်နေသည် တစ်စုံတစ်ရာကို ပြောတော့မည်လုပ်ပြီးမှ သူ့စိတ်ကို သူ ပြန်ပြင်လိုက်ပုံရသည်။ မျက်လွှာချလိုက်ပြီးမှ ဘာမှမသိသလို ပခုံးနှစ်ဘက်ကို တွန့်ပြသည်။

"ခင်ဗျားကို ကျွန်တော် ပြောမပြနိုင်ဘူး"

ထိုအချိန်မှာပင် နံရံရှိ အသံချဲ့စက်မှ အမျိုးသမီးတစ်ယောက်၏ အသံပေါ်လာသည်။ ဘန်ကောက်၊ ရန်ကုန်၊ ကာလကတ္တား မြို့များသို့ပင် အမေရိကန် လေယာဉ်ပျံဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသည်များ အကောက်ဌာနသို့ သွားရောက် အစစ်ခံရန် ကြေငြာခြင်း ဖြစ်သည်။

ရှော့ဒ်နေသည် ထိုင်ရာမှထပြီး လေယာဉ်အိတ်ကို ပခုံးမှာ လွတ်လိုက်သည်။

"ကဲ... သွားတော့မယ်ဗျာ၊ ဂွတ်ဘိုင် ဘော့"

"ရှော့ဒ်နေ၊ နမ်ကောက်ကို စူဇီ ဘာကြောင့် ပြန်မလာသလဲဆိုတာ မင်းမသိတာ သေချာရဲ့လား"

"ကျွန်တော် မသိပါဘူးလို့ ခင်ဗျားကို ပြောပြပြီးပြီ မဟုတ်လား"

"ငါ တွေးနေမိတယ်ကွာ"

"ခင်ဗျားကတော့ ကျွန်တော့်ကို လူလိမ်တစ်ယောက်လို့ ထင်တော့မှာပဲ၊ စိတ်မကောင်းပါဘူးဗျာ"

တစ်ဖက်သို့ သူ လှည့်ထွက်သွားသည်။ ချက်ချင်းပင် တုန့်ဆိုင်းဆိုင်း ဖြစ်သွားပြန်သည်။

"မထူးပါဘူးလေ၊ ဘာဖြစ်ရဦးမှာလဲ၊ ခင်ဗျား သိချင်တယ်ဆိုရင်လည်း ပြောရတာပေါ့၊ ခင်ဗျားရှိနေလို့ နမ်ကောက်ကို သူ ပြန်မလာဘူးဗျ"

"ငါ့ကြောင့်..."

"ဟုတ်တယ်၊ ဘက်တီလောင်းနဲ့ ခင်ဗျား ဖြစ်နေတဲ့အကြောင်းကို သူ ကြားတယ်၊ ဒါမျိုး သူကမရဘူး"

"ဒီလိုလား၊ ဒီလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ရှော့ဒ်နေ၊ ဒီအတိုင်းဆိုတော့ မင်းနဲ့ငါ အတူတူ ဖြစ်သွားပြီပေါ့ကွာ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"အခုတော့ ငါ့ကိုလည်း သူ အထင်သေး အမြင်သေး ဖြစ်သွားပြီလို့ ဆိုလိုတာပါကွာ"

"ခင်ဗျားအပေါ်မှာ လုံးလုံး အထင်သေး အမြင်သေး မဖြစ်ဘူး"

သူက ခပ်မြန်မြန် ပြန်ဖြေသည်။ မနာလိုသည့် လေသံက ပိုများနေသည်။ သူ အထင်သေးခံရခြင်းကို ဂုဏ်ယူပြီး ထိုအထင်သေးခံရမှုကို ကျွန်တော်နှင့် ခွဲဝေမယူနိုင်သည့် သဘောမျိုး ဖြစ်သည်။

"ခင်ဗျားကို အထင်သေးရုံလောက်ဆိုရင် နမ်ကောက်ကို သူ ပြန်ရောက်နေတာ ကြာလှပြီ၊ ဒီအတွက်တော့ မပူပါနဲ့၊သူက ခင်ဗျားကို အရူးအမူး အသည်းစွဲဖြစ်နေတာ၊သူ အထင်သေးတာက ကျွန်တော်

တစ်ယောက်တည်းပါဗျာ"

"ဟုတ်လား၊ ဒီအတိုင်း မင်းက ပြောနေတယ်ဆိုရင်တော့ လက်ခံလိုက်ရတော့မှာပေါ့ကွာ၊ မင်းရဲ့ စိတ်ချမ်းသာ မှုကလေးကို ငါ မဖျက်ချင်ပါဘူး၊ ဟား.. ဟား.. ဟား"
ကျွန်တော်က တဟားဟားရယ်ရင်း သူ့ဆီသို့ လက်ကမ်းပေးလိုက်သည်။ ကျွန်တော့် လက်ကို သူ ဆွဲယူ နှုတ်ဆက်ခြင်း မပြုပါ။ သူ့မျက်လုံးများသည် ရန်လိုသည့် အရောင်များဖြင့် ဖုံးသွားပြန်ပါသည်။

"ခင်ဗျားရဲ့ မှတ်ချက်ကြီးကို ကျုပ်မကြိုက်ဘူး ဘော့"
"ရှော့ဒ်နေ၊ ထားလိုက်ပါတော့ကွာ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ငါပြောတာက..."
"ဒီမှတ်ချက်ဟာ အလွန့်အလွန်ကို ညစ်ပတ်စုတ်ပွဲ့တဲ့ မှတ်ချက်ပဲ ဘော့၊ ဒီလိုမှတ်ချက်မျိုး ပါးစပ်ကထွက်လာတဲ့အတွက် ကျွန်တော် အများကြီး ဝမ်းနည်းတယ်၊ ဘာကြောင့်လဲဆိုတော့ ဟောင်ကောင် မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက် ကျန်နေရစ်ခဲ့တယ်လို့ ကျွန်တော့် စိတ်ထဲမှာ ခံစားနေရတယ်၊ တစ်ဦးတည်းသော သူငယ်ချင်းပဲ၊ ဒါပေမဲ့ အခုတော့ ကျွန်တော့် အထင် မှားသွားပြီ"
သူ ဖြုန်းခနဲ လှည့်ထွက်ကာ အကောက်ဌာနရုံးခန်းတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားလေတော့သည်။

ကျွန်တော် တစ်ကိုယ်တည်း ပြုံးနေမိပါသည်။ ဟောင်ကောင်မှာ သူငယ်ချင်းတစ်ယောက်ကို ချန်ထားခဲ့သည်ဟူသော အတွေးမျိုး ရှော့ဒ်နေမှာ မပေါ်နိုင်ပါ။ ရှော့ဒ်နေသည် သူ့ကိုယ်သူ ပြန်သနား နေတတ်သည့် လူစားမျိုး ဖြစ်သည်။ မနာလိုဂန်တိုစိတ်တွေ မွှန်ထူနေသည့် လူငယ်တစ်ယောက် ဖြစ်သည်။ ထိုစိတ်မျိုး မွေးနေသမျှ ကာလပတ်လုံးတော့ ဘယ်လိုနည်းနှင့်မှ မိတ်ဆွေကောင်းများကို သူ ရနိုင်မည်မဟုတ်ပါ။

အပြင်သို့ ကျွန်တော် ထွက်ခဲ့ပြီး သံစကားနားမှာ သွားရပ်နေပါသည်။ ခရီးသည်တွေ ကွင်းထဲသို့ ဆင်းသွားကြပြီ။ လေယာဉ်ပျံရှိရာသို့ လျှောက်သွားနေကြသည်။
"ရှော့ဒ်နေ..."
ကျွန်တော်က လှမ်းအော်ခေါ်ပြီး လက်ဖေ့ယမ်းပြသည်။ သူငယ်ချင်းတစ်ယောက် ကျန်ခဲ့သည်ဟူသော အသိစိတ်ကလေးဖြင့် သူ ခရီးဆက်နိုင်စေရန် ဖြစ်ပါသည်။ အခြားခရီးသည်တွေ ပြန်လှည့်ကြည့် ကြသော်လည်း ရှော့ဒ်နေကတော့ လုံးဝလှည့်မကြည့်ပါ။ လေယာဉ်ပျံရှိရာသို့သာ စိုက်စိုက် မတ်မတ် သွားနေသည်။

လေယာဉ်ပျံ ကောင်းကင်ပေါ် တက်သွားတော့ ကျွန်တော် တစ်ကြိမ် လက်လှမ်းပြပါသေးသည်။ ပြူတင်းပေါက်မှ ပြန်ကြည့်နေလျှင် မြင်လိုမြင်ငြား ဟူသော သဘောနှင့် ဖြစ်ပါသည်။ လေယာဉ်ပျံသည် အပေါ်သို့ ထောင်တက်သွားပြီး တစ်ပတ်ဝဲကာ ဟောင်ကောင် ကမ်းနားအတိုင်း မျဉ်းပြိုင် ပျံသန်း ထွက်ခွာသွားပါသည်။ ရေထဲမှ ငါးတစ်ကောင် အလျင်အမြန် ကူးပြေးသွားသလိုလည်း အရိပ်ထင် သွားပါသည်။ ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားသည် အထိ ရပ်စောင့်ကြည့်နေလိုက်သည်။
ပြီးတော့ စူဇီကို ရှာပုံတော်ဖွင့်ရန် ဘတ်စ်ကားစီးပြီး ကိုလုန်းသို့ ကျွန်တော် ပြန်လာခဲ့တော့သည်။

(၂)

နသန်လမ်းမကြီးပေါ်မှာ ဖောက်သည်တွေနှင့် အချိန်းအချက်လုပ်သည့် ဘားခန်းများ အများအပြား ရှိပါသည်။ အချိန်စောနေသေးသောကြောင့် ရုပ်ရှင်ဝင်ကြည့်ပြီး အချိန်ဖြုန်းနေရပါသေးသည်။ စောစောပိုင်းအချိန်တွင် ဘားခန်းများမှာ ဘာအလုပ်မှ မဖြစ်ပါ။ အမျိုးသမီးတွေလည်း စုံစုံညီညီ ရောက်ကြဦးမည် မဟုတ်ပါ။

ဂင်းမေးလ်အမည်ရှိ ဘားခန်းထဲသို့ ကျွန်တော် ဦးဦးဖျားဖျား ဝင်လိုက်သည်။ အချိန်မှာ ခုနစ်နာရီ ထိုးနေပါပြီ။

ဂင်မေးလ်သည် ခပ်ကျဉ်းကျဉ်း ဘားခန်းဖြစ်ပါသည်။ စားပွဲ တစ်ဒါဇင်လောက် ခင်းကျင်း ထားသည်။ စားပွဲများပေါ်တွင် ဈေးခပ်ပေါပေါ အစားအစာများ ရှိသည်။

စစ်သားနှစ်ယောက်နှင့် တရုတ်မကလေးတစ်ယောက် စားပွဲတစ်လုံးမှာ ထိုင်နေကြသည်။ ကိုလုန်းသို့ ရေတပ်သားနှင့် သင်္ဘောသားများ လာခွင့်မရှိပါ။ ဟောင်ကောင်ဘက်ကမ်းမှာသာ ပျော်ပါးခွင့် ရှိပါသည်။ ကိုလုန်းကိုတော့ နယ်မြေသစ်တွင် တပ်စွဲထားသည့် တပ်မှ စစ်သားများအတွက် သီးသန့်ကျက်စားရာ နယ်မြေအဖြစ် သတ်မှတ်ထားသည်။

စားပွဲတစ်လုံးမှာ ကျွန်တော် ဝင်ထိုင်တော့ အမျိုးသမီးတစ်ယောက်က လှမ်းကြည့်သည်။ ပြီးတော့ ခိုးကြောင်ခိုးဝှက် လှမ်းပြုံးပြသည်။ ခင်ပွန်းဖြစ်သူနှင့်အတူ ထိုင်နေရာမှ မလှမ်းမကမ်းရှိ တိတ်တိတ်ပုန်း ချစ်သူကို ခိုးကြောင် ခိုးဝှက် ပြုံးပြလိုက်ပုံမျိုး ဖြစ်ပါသည်။

ခဏကြာတော့ စစ်သားနှစ်ယောက်ကို ခွင့်ပန်ပြီး ကျွန်တော့်ဆီသို့ လျှောက်လာသည်။ ယခု အပြုံးကတော့ အလုပ်သဘောဆန်သည်။ လေယာဉ်မယ်ကလေး ပြုံးသည့် အပြုံးမျိုးနှင့်လည်း တူသည်။ သူတို့၏ အလုပ်သဘောချင်းမှာ ထပ်တူထပ်မျှ တူညီသည်ဟု ကျွန်တော် ထင်ပါသည်။ ဖောက်သည်ကို စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဟန်လုပ်ပြီး ပြုံးပြကြရသည့် အလုပ်ပင် ဖြစ်ပါသည်။ ဘားခန်းက အမျိုးသမီးကလေးများက တူညီဝတ်စုံ မဝတ်ကြဘဲ လေယာဉ်မယ်များကတော့ တူညီဝတ်စုံ ဝတ်ကြခြင်းသာလျှင် ကွာပါသည်။

"စူဇီလို့ခေါ်တဲ့ အမျိုးသမီးကလေးတစ်ယောက်ကို ကိုယ် လိုက်ရှာနေတာပါ၊ ဒီမှာ စူဇီဆိုတာများ အလုပ်လုပ်နေတာ ရှိသလား" ဟု ကျွန်တော်က ပြောပြသည်။

သူက ခေါင်းခါပြသည်။ သို့သော်လည်း အိုကေကလပ်မှာ ရှိနိုင်ကြောင်း၊ ဂင်းမေးလ်တွင် လူပါးသည့်အခါ အိုကေကလပ်သို့ အလုပ်သွားလုပ်လေ့ရှိကြောင်း၊ ထိုကလပ်မှာ လွန်ခဲ့သည့် နှစ်ပတ်လောက်က အမျိုးသမီး အသစ် တစ်ယောက် အလုပ်ဝင်ကြောင်း၊ ထိုအမျိုးသမီး၏ အမည်ကို ကောင်းစွာ မမှတ်မိသော်လည်း အလုပ်ဝင်ကြောင်း၊ ထိုအမျိုးသမီး၏ အမည်ကို ကောင်းစွာ မမှန်မိသော်လည်း စူဇီဟုပင် ထင်ကြောင်း ပြောပြသည်။

"ဟုတ်တယ်၊ စူဇီပဲဖြစ်မယ်၊ အင်း.. ကျွန်မ အခုမှ မှတ်မိတော့တယ်၊ အဲဒီလူသစ်နာမည် စူဇီပါပဲ"

ကျွန်တော် စိတ်ချမ်းသာစေလိုသောကြောင့် ထိုစကားကို သူ ဆက်ပြောသည်ဟု ထင်ပါသည်။ အိုကေကလပ်သည် အနီးကလေးမှာပင် ရှိသည်။ ထို့ကြောင့် ကျွန်တော် ဆက်လာခဲ့ရပြန်သည်။

အိုကေကလပ်သည် ဂင်းမေးလ်ထက် ပိုကြီးသည်။ ဘားကောင်တာနားမှာ အမျိုးသမီး လေးငါး

ခြောက်ယောက် စိတ်ပျက်လက်ပျက် ပိုင်းထိုင်နေကြသည်ကို တွေ့ရသည်။

ကျွန်တော် ထိုင်လိုက်သည်နှင့် တစ်ပြိုင်တည်း အမျိုးသမီးသုံးယောက် လျှောက်လာကြသည်။ အလုပ်သဘောအပြုံးမျိုး ပြုံးပြနေကြသည်။ အခြားသုံးယောက်ကတော့ ကျွန်တော် ကြိုက်ရာရွေးနိုင်ရန်ဟူသည့် သဘောမျိုးဖြင့် ထိုင်မြဲထိုင်နေကြသည်။ သူတို့လည်း အလားတူ အပြုံးမျိုးနှင့် ဖြစ်သည်။ ကျွန်တော့်ကို ပိုင်းကြည့်နေကြသည်။

ကျွန်တော်လာရသည့် အကြောင်းရင်းကို ရှင်းပြလိုက်သည်။ သူတို့၏ ဖောက်သည် မဖြစ်နိုင်သည်ကို သိရသည်နှင့် တစ်ပြိုင်တည်း စောစောက အလုပ်သဘော အပြုံးမျိုး၊ အလုပ်သဘော အမူအရာမျိုးတွေ ပျောက်ကွယ်သွားတော့သည်။ သက်သောင့်သက်သာဖြင့် နေတတ်သလို ပြန်နေလိုက်ကြသည်။

စူဇီအကြောင်းကို ကျွန်တော်က မေးတော့ ခေါင်းခြောက်လုံးစလုံး ယမ်းခါကြသည်။
"ဒါဖြင့်ရင် နောက်ဆုံးရောက်လာတဲ့ လူသစ်ဆိုတာ ဘယ်သူလဲ" ဟု ကျွန်တော်က မေးသည်။
"ကျွန်မပါ၊ ကျွန်မနာမည်က လူးလူး" ဟု တစ်ယောက်ကဖြေသည်။

ကျွန်တော် မအောင့်နိုင်ဘဲ ရယ်ချလိုက်မိသည်။ ဆေးရောင်စုံ ခြယ်ထားသော တရုတ်မျက်နှာကလေး ခြောက်ခုသည် ဘာမှနားမလည်သလို ကျွန်တော့်ကို ငေးကြည့်နေကြသည်။
"မင်းကတော့ တနင်္လာလူးလူး ဖြစ်ရမယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

ပြီးတော့ နမ်ကောက်တွင်လည်း ဗုဒ္ဓဟူး လူးလူးနှင့် စနေလူးလူး ရှိကြောင်း၊ လူးလူးချင်း မှားသောကြောင့် သူတို့ ဆေးခန်းသွားသည့်နေ့ကို တွဲပြီး ကွဲပြားအောင် ခေါ်ရခြင်းဖြစ်ကြောင်း ရှင်းပြရသည်။

သည်လို ရှင်းပြတော့ သူတို့ ပါးစပ်ကလေးတွေကို လက်ဝါးနှင့် အုပ်ပြီး သဘောကျစွာ ရယ်ကြသည်။
ခဏကြာတော့ စူဇီ ရာပုံတော်အတွက် သူတို့ ခေါင်းခြောက်လုံး ဆိုင်ကြသည်။

ကျွန်တော့်ကို အကူအညီပေးဖို့ သူတို့ အလွန်တရာ စိတ်အားထက်သန်နေကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အသည်းနှလုံးရေးရာကို အလွန်တရာ တန်ဖိုးထားကြသောကြောင့် ဖြစ်ပါသည်။

သာမန် မိန်းကလေးများနှင့် မတူပါ။ သာမန် မိန်းကလေးအနေဖြင့် အသည်းနှလုံးရေးရာကို ဒါလောက် တန်ဖိုးထားချင်မှ ထားပေမည်။ သို့သော်လည်း သူတို့ကတော့ သည်လိုမဟုတ်ပါ။ သူတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည် ယောကျ်ားတကာနှင့် ဆက်ဆံနေရသောလုပ်ငန်း ဖြစ်သည်။ သို့သော် အချစ်မပါ။ အသည်းနှလုံးမပါ။ ခံစားချက်မပါ။

ထို့ကြောင့် အသည်းနှလုံးရေးရာနှင့် ပတ်သက်လာလျှင် သူတို့ ကြီးမားစွာ တန်ဖိုးထားကြခြင်း ဖြစ်ပါသည်။
မိန်းကလေး တစ်ယောက်က စာရွက်နှင့် ခဲတံယူပြီး ဘားခန်းအမည်များကို ရေးချသည်။ ကျန်

အမျိုးသမီးတွေက ဘေးမှ ဝိုင်းပြီး စဉ်းစားပေးကြသည်။ စာရွက်ကုန်သွားတော့ နောက်တစ်ရွက်မှာ ဆက်ရေးကြသည်။ သူတို့ သိသလောက် ဘားခန်းတွေ ကုန်သွားပြီ။ ဘားခန်းတွေကို ရေးသည်မှာ တည်နေရာ ကျော်လွှားပြီး ရေးခြင်းမဟုတ်။ စီတန်းပြီး ကျွန်တော် တ ဂွတ်တိုက် ဝင်သွားနိုင်အောင် တည်နေရာ အစဉ်လိုက် ရေးပေးခြင်းဖြစ်သည်။ သို့မှသာ ကျွန်တော့်အဖို့ အရှေ့ပြေးလိုက်၊ အနောက်ပြန်လာလိုက်၊ အရှေ့ပြန်ပြေးလိုက် အဖြစ်မျိုးမှ ကင်းဝေးစေမည်ဟု ဆိုသည်။

စာရင်းထိပ်ဆုံးက ဘားခန်းသို့ ကျွန်တော် သွားရတော့မည်။ လူးလူးက သူလိုက်ပို့ပေးမည်ဟု ဆိုသည်။ တောင်းပန်၍မရပါ။ ကျွန်တော့်ဟာ ကျွန်တော်ဆိုလျှင် အလွယ်တကူ ရှာတွေ့မည်မဟုတ်ဟု ပြောပြီး ဖွတ်လိုက်ပို့ပေးသည်။

ဘားခန်းအဝရောက်တော့ ကျွန်တော့်ကို နှုတ်ဆက်ပြီး တခစ်ခစ်ရယ်ကာ တနလာလူးလူး ပြန်သွားလေတော့သည်။

နောက်ထပ် ဘားခန်းခြောက်ခု ခုနစ်ခုလောက်သို့ ရောက်ခဲ့သေးသည်။ အားလုံး ဘားခန်းအသေးစားကလေးတွေချည်း ဖြစ်သည်။ အမျိုးသမီးအနည်းငယ်နှင့် စစ်သားအချို့ကိုသာ တွေ့ရ သည်။ ထိုဘားခန်းများသည် နမ်ကောက်လို ဟိုတယ်နှင့် တွဲထားခြင်းမျိုးမဟုတ်။ သဘောတူလျှင် အနီးတဝိုက်ရှိ ဟိုတယ်တစ်ခုခုသို့ သွားကြရုံသာဖြစ်သည်။ စစ်သားများသောက်သည့် အရက်ဖိုးပေါ်မှ ကော်မရှင်ကို အမျိုးသမီးများက ရသည်။

ဘားခန်းတစ်ခုသို့ ရောက်တော့ စူဇီ အပြင်သို့ ပါသွားသည်ဆိုသောကြောင့် ကျွန်တော်ထိုင်စောင့်နေသည်။ နာရီဂက်လောက်ကြာတော့မှ စူဇီ ပြန်ရောက်လာသည်။ အရပ်က လေးပေလောက် ပုပုကလေး။ သို့သော်လည်း ကိုယ်လုံးကိုယ်ထည်က အလွန်ဂသော စူဇီဖြစ်သည်။ ကျွန်တော် တွေ့ဖူးသမျှ တရုတ်မတွေထဲမှာ အဂဆုံးတရုတ်မကလေးဖြစ်သည်။

အပြင်ရောက်တော့ လန်ချားခေါ်ပြီး ကိုးကုန်းကိုးကျင်း လျှောက်နေသောကြောင့် ကျွန်တော် ခြေတိုနေပြီ။ ဖိနပ်ပေါက်ချင်သလိုလိုလည်း ဖြစ်လာသည်။ ထို့ကြောင့် ဘယ်နည်းနှင့်မှ လမ်းဆက်မလျှောက်နိုင်တော့ပါ။

ယခုဝင်ရဦးမည့် ဘားသည် ကျွန်တော် ရှာပုံတော်အဆုံးသတ်ရတော့မည့် နောက်ဆုံး ပိတ်ဘားလည်း ဖြစ်ချေသည်။

ထိုဘားခန်းမှာ "ချမ်းမြေ့သာယာဘားခန်း" ဖြစ်ပါသည်။ ကျွန်တော် ရောက်ခဲ့ပြီး သမျှသော ဘားခန်းများ အားလုံးအနက် အသားနားဆုံး ဘားခန်းလည်း ဖြစ်ပါသည်။ ဥကလပ် အသေးစား ကလေးနှင့်လည်း တူပါသည်။ ကပွဲနေရာလည်း ရှိသည်။ ကနေသူအချို့ကိုလည်း တွေ့ရသည်။ စားပွဲသုံးလေးလုံးမှသာ လူရှိသည်။

စားပွဲတစ်လုံးမှာ ကျွန်တော် ဝင်ထိုင်သည်။ အမျိုးသမီးကလေးတစ်ယောက် ရောက်လာသည်။ ထုံးစံအတိုင်း မေးခွန်းကိုပင် မေးရလေတော့သည်။

"ဟုတ်တယ်၊ စူဇီဆိုတဲ့ အမျိုးသမီးတစ်ယောက်တော့ ရှိပါတယ်"

"စူဇီပေါင်းလား" ဟု ကျွန်တော်က မေးသည်။ ကျွန်တော့်ရင်တွေ တဆတ်ဆတ် ခုန်လာသည်။

"ဟုတ်ပါတယ်ရှင်၊ ပေါင်းမီလင်း နောက်ဘက်ကအခန်းမှာ တခြားအမျိုးသမီးတွေနဲ့ မာရျောင်း သွားကစားနေပါတယ်၊ ဒီနေ့ညက လူသိပ်ပါးတာပဲ၊ ခဏနေဦးနော်၊ ကျွန်မ သွားခေါ်ပေးမယ်"
ကတ္တီပါခန်းဆီးချထားသည့် အပေါက်ဝတွင်းသို့ သူ ဝင်ရောက်ပျောက်ကွယ်သွားသည်။ တစ်မိနစ် နှစ်မိနစ်လောက်ကြာတော့ ဓာတ်စက်မှ "အထီးကျန် ခုနစ်ရက်" သီချင်းသံ ထွက်ပေါ်လာပါသည်။ နမ်ကောက်ဟိုတယ်တွင် လူကြိုက်များသည့် သီချင်းဖြစ်ပါသည်။ ထိုမျှ မကသေး၊ စူဇီနှင့် ကျွန်တော်၏ အထိမ်း အမှတ်သီချင်းဟုလည်း ကျွန်တော်တို့ သတ်မှတ်ထားကြပါသည်။

ကျွန်တော့် ရင်ထဲမှာ အဟောင်းတွေ အသစ်ဖြစ်လာကြပြန်သည်။ ထိုသီချင်းသံ ပေါ်လာခြင်းမှာ တိုက်ဆိုင်မှုကြောင့် မဟုတ်နိုင်ပါ။ စူဇီက အမှတ်တရကလေးဖြစ်စေရန် တမင် ဖွင့်ခိုင်းလိုက်ခြင်းသာ ဖြစ်ရပါမည်။ ကျွန်တော် ဂမ်းသာလုံး ဆို့သွားပါတော့သည်။ စိတ်သက်သာရာလည်း ရသွားပါသည်။ ကျွန်တော် ရောက်လာသည့်သတင်းကို ကြားရသဖြင့် ဂမ်းမြောက်ဂမ်းသာ ဖြစ်ပြီး ဖွင့်ခိုင်းခြင်းမှတစ်ပါး အခြားဘာမှမဖြစ်နိုင်ပါ။

ခဏကြာတော့ သူ ထွက်လာသည်။ ကတ္တီပါခန်းဆီးကို မပြီး ခဏရပ်နေသေးသည်။ နောက်ကမီးရောင်ဖြင့် သူ့ခန္ဓာကိုယ် ကောက်ကြောင်းကိုသာ ကျွန်တော် တွေ့ရပါသည်။ သည်လို ရပ်နေပုံကလေးကို မြင်လိုက်ရရုံဖြင့် ကျွန်တော့် ရင်ခွင်ထဲသို့ သူ ဝင်လာလေသလားဟုပင် ကျွန်တော် တွေးထင်လိုက်မိပါတော့သည်။ ကျွန်တော်တို့နှစ်ယောက် ပြန်လည်တွေ့ဆုံကြခြင်းအတွက် ကျွန်တော့် တစ်ကိုယ်လုံးမှာ ပီတိတွေ ဖုံးလွှမ်းသွားပါတော့သည်။

ခန်းဆီးကို ချထားခဲ့ပြီး အခန်းထဲသို့ သူဝင်လာပါသည်။ ကျွန်တော့်ကို သူ မမြင်ပါ။ ထို့ကြောင့် တစ်နေရာမှာ ခဏရပ်နေသည်။ ပတ်လည်ကို လှည့်ရှာနေသည်။ သူမြင်နိုင်အောင် ကျွန်တော်က မတ်တပ်ရပ်ပြလိုက်သည်။ သူမြင်သွားပါသည်။ ကပွဲကြမ်းပြင်ကို ဖြတ်ပြီး ကျွန်တော့်ဆီသို့ လျှောက်လာသည်။

"ဟယ်လို...စူဇီ"

ကျွန်တော်က လှမ်းခေါ်သည်။ သူသည် ဘာစကားမှမပြောဘဲ တောင့်တောင့်ကြီး ရပ်နေပါသည်။ ထိုပုံကို ကြည့်ခြင်းအားဖြင့် "အထီးကျန် ခုနစ်ရက်"ကို သူ လိုလိုလားလားနှင့် ဖွင့်ခိုင်းခြင်း မဟုတ်ကြောင်း၊ တစ်စုံ တစ်ယောက်က ဖွင့်သည်နှင့် တိုက်ဆိုင်မှုသာဖြစ်ကြောင်း ကျွန်တော် သဘောပေါက် နားလည်သွား ပါတော့သည်။

သို့သော်လည်း ကျွန်တော်က ပိုမိုသေချာသွားစေလိုသည့် သဘောဖြင့် -
" နားထောင်ကြည့်ပါဦး စူဇီ၊ ကိုယ်တို့အတွက် အထိမ်းအမှတ် သီချင်းလေ" ဟု ပြောလိုက်ပါသည်။

သူ နားစွင့်လိုက်ပါသည်။ သို့သော် ဘာကိုမှ အမှတ်ရပုံမပေါ်ပါ။ သူ့ အမူအရာ ဘာမှထူးခြားမလာပါ။ ကျွန်တော် နားလည်လိုက်ပါပြီ။ တိုက်ဆိုင်မှု သက်သက်ပင် ဖြစ်ချေသည်တကား။

"ရှင်ဘာဖြစ်လို့ ဒီကိုလာတာလဲ" ဟု အေးတိအေးစက်မေးသည်။

"စူဇီ ထိုင်ပါဦး၊ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်"
သူ တုန့်ဆိုင်းဆိုင်း လုပ်နေသေးသည်။ ခဏနေတော့မှ ခုံတစ်လုံး၏ အစွန်းမှာ မထိုင်ချင့် ထိုင်ချင်နှင့် ခပ်တောင့်တောင့် ဝင်ထိုင်သည်။ သူ့မျက်နှာပေါ်မှာ မည်သို့သော ခံစားချက်မှ မရှိသည်ကို တွေ့ရသည်။ စားပွဲထိုးရောက်လာပြီး ဘာသောက်မလဲဟု မေးသည်။ စူဇီက ခေါင်းယမ်းပြသည်။ သို့သော်လည်း ကျွန်တော်က သူ့အတွက် အချိုရည်နှင့် ကျွန်တော့်အတွက် ဘီယာ မှာလိုက်သည်။

"အချိုရည်ကလေးလောက်တော့ မင်း သောက်နိုင်ပါတယ်နော်" ဟု ကျွန်တော်က မေးသည်။
"ရှင်ဘာဖြစ်လို့ ဒီကိုလာတာလဲ" ဟု သူက အေးတိအေးစက် မေးပြန်ပါသည်။

"ဘာကြောင့်လဲဆိုတော့ မင်းကို လွမ်းလို့ စူဇီ၊ မင်းကို မမြင်ရရင် မနေနိုင်လို့၊ မင်းကို ကိုယ်ဘက်လောက် လွမ်းရတယ်ဆိုတာ မင်း သဘောပေါက်နိုင်မှာ မဟုတ်ဘူး"
"ဘာဖြစ်လို့ ကျွန်မကို လာပြီး ရှင်ညာနေရတာလဲ၊ ရှင့်မှာ မိန်းကလေးအဖော် ရနေပြီပဲ၊ မဟုတ်ဘူးလား"
"ဘက်တီလောင်းကို ပြောတာလား"

"ကျွန်မ မသိဘူး"
သူ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းသည့်အနေဖြင့် နာမည်ကို မသိဟန်ဆောင်ပြီး၊ သူပြောခြင်း ဖြစ်ပါသည်။
"ရှင်နဲ့ မိန်းမတစ်ယောက်နဲ့ ဖြစ်နေကြပြီဆိုတာပဲ ကျွန်မကြားတယ်၊ သူ့နာမည်ကို မကြားမိဘူး၊ အရေးမကြီးပါဘူးလေ၊ ရှင့်မှာ အမျိုးသမီးတစ်ယောက် တွဲစရာရှိနေပြီဆိုတာဟာ ကျွန်မကို ဘာမှ ထိခိုက်စရာအကြောင်း မဟုတ်ပါဘူး"

"စူဇီ၊ ဘက်တီနဲ့ ပတ်သက်တဲ့ သတင်းတွေဟာ အလကားအဓိပ္ပာယ် မရှိတာတွေပါ"
"ကျွန်မ ကြားရတဲ့ သတင်းကတော့ အဓိပ္ပာယ်မရှိတာ မဟုတ်ပါဘူး၊ ဟုတ်တယ်၊ ကျွန်မ ကြားတာ အဲဒီကောင်မပဲဖြစ်မယ်၊ အခုမှ ကျွန်မ သတိရတယ်၊ အဲဟို ကန်တုန်ကောင်မလေ၊ သူဟာ ရှင့်ရဲ့ အမြဲတမ်းအတွဲ ဖြစ်နေပြီလို့ ကျွန်မကြားတယ်"

"ဒီသဘောမျိုး မဟုတ်ပါဘူးစူဇီ၊ ကိုယ့်အခန်းကို သူတစ်ခါလာတာ မှန်ပါတယ်၊ အဲဒီတစ်ခါတည်းပဲယုံပါ၊ မင်းထွက်သွားတဲ့နောက်ပိုင်းမှာ ကိုယ်တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရတယ်၊ အလုပ်လည်း လုပ်လို့မရတော့ဘူး၊ နောက်တစ်ကြောင်းက မင်းအပေါ်မှာ သစ္စာထားစရာမလိုမယ့် ကိုယ်ခေါ်ရင်လည်း မငြင်းမယ့် အမျိုးသမီးက သူတစ်ယောက်တည်းပဲ ရှိပါတယ်၊ ဒါပေမဲ့ အင်မတန် စိတ်ထိခိုက်စရာကောင်းပါတယ် စူဇီ၊ ကိုယ်ဘယ်လိုမှ မဖြေသာပါဘူး၊ အဲဒီအချိန်ကစပြီး ကိုယ့်အခန်း ထဲကို သူ နောက်ထပ် လုံးဝမလာရတော့ပါဘူး"

"ရှင် ဘာဖြစ်လို့ မဟုတ်တာတွေကို ဒါလောက်တောင် ပြောနေရတာလဲ"
"မဟုတ်တာတွေကို ကိုယ်မပြောပါဘူး စူဇီ"

"ဟုတ်တယ်၊ လိမ်နေတာ၊ ရှင် အမြဲတမ်း အဲဒီကန်တုန်ကောင်မကို စိတ်ဝင်စားနေတာပဲ၊ ကျွန်မကို ရှင် တစ်ခါပြောဖူးတာ ကျွန်မ မှတ်မိနေသေးတယ်၊ အဲဒီကောင်မက ရှင့်စိတ်တွေ ဖောက်ပြန်လာအောင် တတ်နိုင်တယ်ဆိုတာလေ၊ အင်မတန် ဆွဲဆောင်မှုရှိတယ်၊ သူ လမ်းလျှောက်ပုံကြောင့် ကိုယ့်စိတ်ကိုယ်တောင် မထိန်းနိုင်သလောက်ပဲလို့ ရှင် တစ်ခါက ပြောဖူးတယ်လေ"

"ကိုယ့်စိတ်ထဲက ပါလို့ပြောခဲ့မိတာ မဟုတ်ပါဘူး စူဇီရယ်၊ ဘာပဲဖြစ်ဖြစ်လေ ကိုယ်ရူးမတတ် ဖြစ်ခဲ့ရတယ်၊ ဘာလုပ်လို့ ဘာကိုင်မိမှန်းလည်း မသိခဲ့ပါဘူး၊ အခုတော့ သူ့ကို ကိုယ်လုံးလုံး ကြည့်လို့မရပါဘူးကွယ်"

"ဒီလိုဆိုရင် ရှင့်ရဲ့ အမြဲတမ်းအတွဲအဖြစ်နဲ့ ဘာဖြစ်လို့ သူ့ကို ဆက်လက်ခံထားတာလဲ"

"ဆက်မတွဲပါဘူး စူဇီ"

"တွဲတယ်၊ ရှင် သူနဲ့ ဆက်တွဲနေတယ်ဆိုတာ လူတိုင်းက ကျွန်မကို ပြောတယ်"

"ဒါကြောင့်မို့လို့ နမ်ကောက်ကို မင်း ပြန်မလာတာလား"

သူ တုန့်ဆိုင်းဆိုင်း ဖြစ်သွားသည်။ ပြီးတော့ မျက်နှာကို အပေါ်သို့ မော့လိုက်သည်။ သူ့မျက်လုံးများကို ကျွန်တော် မမြင်ရတော့ပါ။ သို့သော်လည်း ကျွန်တော့်ကို ရင်ဆိုင်တော့မည်ဖြစ်ကြောင်း ကျွန်တော် ခန့်မှန်းလိုက်မိပါသည်။

"ဟုတ်တယ်၊ အဲဒါကြောင့်ပဲ၊ အဲဒါကြောင့် ပြန်မလာတာ၊ နမ်ကောက်ကို ပြန်သွားဖို့ ကျွန်မ အရမ်းရှက်နေတယ်၊ ကျွန်မ ဘယ်လောက် မျက်နှာပျက်ရသလဲ၊ နမ်ကောက်ကို ပြန်သွားမယ့်အစား သေပစ်လိုက်ရတာက ပိုကောင်းဦးမယ်"

စားပွဲထိုး ရောက်လာသည်။ အချိုရည်ဖန်ခွက်ကို စူဇီရှေ့မှာ ချပေးသည်။ ကျွန်တော့်ရှေ့မှာ ဖန်ခွက်တစ်လုံးချကာ ဘီယာငှဲ့ထည့်ပေးသည်။ ဘီယာလက်ကျန်နှင့် ပုလင်းကို ထားရစ်ခဲ့ပြီး ပြန်ထွက်သွားသည်။

"စူဇီ၊ ကိုယ်ရှင်းပြတာကို ခဏကလေးတော့ သေသေချာချာ နားထောင်ပါ"

ဘက်တီလောင်းအကြောင်း ကျွန်တော် ထပ်ရှင်းပြသည်။ ဘက်တီနှင့် ပတ်သက်သော ခံစားချက်ကို ရှင်းပြသည်။ ထိုတစ်ကြိမ်သာဖြစ်ပြီး နောက်ထပ် လုံးဝအဆက်အဆံ မလုပ်တော့သည့် အကြောင်းများကို ရှင်းပြသည်။ အမှန်အတိုင်း ပြောပြနေခြင်းဖြစ်သောကြောင့် သူ ယုံကြည်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ သို့သော်လည်း အကြောင်းထူးမလာပါ။

"ကောင်းပြီ၊ ရှင့်ကို ကျွန်မယုံပြီ၊ အခု ရှင်စိတ်ချမ်းသာနေသလား"

သူ့လေသံသည် စောစောကအတိုင်းပဲ လှိုက်လှိုက်လှဲလှဲ ရှိမလာပါ။ အေးတိအေးစက် ဖြစ်မြဲ ဖြစ်နေသည်။

"စိတ်မချမ်းသာပါဘူး စူဇီ၊ ကိုယ့်အပေါ်မှာ မင်း ယုံကြည်မှုမရှိတာ တွေ့ရတဲ့အတွက်လည်း စိတ်မကောင်း ဖြစ်မိပါတယ်၊ ပြီးတော့ မင်းဒီမှာ အလုပ်လုပ်နေတာ တွေ့ရတဲ့အတွက်လည်း ကိုယ် စိတ်မချမ်းမသာ

ဖြစ်ရပါတယ်၊ ဒီမှာက မင်း ပိုက်ဆံများများစားစား ဘယ်ရနိုင်ပါ့မယ်"

"ဒီနေ့က သောကြာနေ့လေ၊ သောကြာနေ့ဆိုရင် ဒီလိုပဲ လူပါးတယ်"

"တခြားရက်တွေကျတော့ ပိုကောင်းသလား"

"ဟုတ်တယ်၊ ပိုကောင်းတယ် ဧည့်သည်တွေ ပိုများတယ်၊ ကျွန်မ ပိုက်ဆံဖွ အများကြီးရတယ်၊ ဟိုတယ်ကို လိုက်မသွားဘဲ ဒီမှာထိုင်နေရင်း အရက်ပေါ်ကရတဲ့ ကော်မရှင်ကကို အများကြီးပဲ၊ ဘယ်လောက်ရမှန်းတောင် မသိတော့ဘူး"

သူ့လေသံသည် ယုံယုံကြည်ကြည်ကြီး ပြောနေသည့် လေသံမျိုး မဟုတ်ကြောင်း သူ့ဟာသူလည်း သတိပြန်ထားမိပုံရသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ဟို လိပ်ပြာတောင်ဆီက ပိုက်ဆံတွေ အများကြီးရလိုက်တယ်၊ ကျွန်မ စုထားတာ ဒေါ်လာနစ်ထောင်နီးပါးလောက်တောင် ရှိနေပြီ"

"စူဇီ မင်းဘာဖြစ်လို့ နမ်ကောက်ကို ပြန်မလာတာလဲကွယ်"

"ပြန်မလာတော့ဘူး၊ ကျွန်မ ဘယ်တော့မှ ပြန်မလာတော့ဘူး၊ ဟောဒီ ချမ်းမြေ့သာယာ ဘားခန်းမှာပဲ နေတော့မယ်"

သူ့စိတ်ပြောင်းလဲအောင် ကျွန်တော် မည်သို့မျှ စွမ်းဆောင်နိုင်တော့မည် မဟုတ်ကြောင်း သဘောပေါက်လာပါသည်။ ထို့ကြောင့် တစ်ကျော့လောက် အတူကရန် ကျွန်တော်က ပြောသည်။ အတူ တွဲပြီးကရလျှင် ဟိုတစ်ခါက ရခဲ့ဖူးသည့် စိတ်အာရုံတွေ ပြန်လည်ရရှိမည်ဟု ကျွန်တော် မျှော် လင့်မိပါသည်။ သို့သော်လည်း သူက ခါးခါးသီးသီး ငြင်းနေသည်။

မည်သို့ ဆိုစေ သူ့အိမ်အရောက်တော့ ကျွန်တော့်ကို လိုက်ပို့ခွင့်ပြု လိုက်ပါသည်။

ဘတ်ကားစီးပြီး နသန်လမ်းမကြီးသို့ ကျွန်တော်တို့ လာခဲ့ကြသည်။ ထိုမှတစ်ဆင့် ကူးတို့ သင်္ဘောစီးပြီး ဝမ်ချိုင်းသို့ ပြန်မည်။ စူဇီသည် ကိုလုန်းတွင် မနေပါ။ ဝမ်ချိုင်းရှိ စက္ကူဆိုင်အပေါ်ထပ်မှ မူလအခန်းမှာပင် ဆက်လက်နေထိုင်ပါသည်။

ရော့ဒ်နေနှင့် အတူ လိုက်သွားတုန်းက ထိုအခန်းကို ပြန်အပ်လိုက်ပြီဟု ပြောခဲ့သည်။ ကိုလုန်းမှာ ပြောင်းနေပြီဟု ပြောထားသည်။ နောင်ရေးအတွက် စိတ်အေးရစေရန် ထိုအခန်းကို ပြန်မအပ်ခြင်း ဖြစ်ပါသည်။ ရော့ဒ်နေ လိုက်လံ နှောင့်ယှက်နေမှာ စိုးသောကြောင့် ပြန်အပ် လိုက်ပြီဟု ပြောခြင်းဖြစ်သည်။

ကူးတို့သင်္ဘောပေါ်ရောက်တော့ ကျွန်တော်တို့နှစ်ယောက် ပထမဦးဆုံး စတွေ့သည်မှာလည်း ယခု ကူးတို့သင်္ဘောပေါ်မှာပင် ဖြစ်ကြောင်း ကျွန်တော်က အစပြန်ဖော် ပေးပါသည်။ ပြီးတော့ သူ့လက်ကလေး တစ်ဖက်ကို ဆွဲယူလိုက်မိသည်။ သို့သော် သူက ရုန်းသွားသည်။ ကျွန်တော်နှင့် ခပ်လှမ်းလှမ်း နေရာသို့လည်း ရွှေ့သွားကာ ခပ်တောင့်တောင့် ရပ်နေလိုက်သည်။

စကားမပြောကြဘဲ သူ့အိမ်ရှိရာသို့ တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြသည်။ အိမ်ဝရောက်တော့ နှုတ်ဆက်ကြသည်။

"ကိုင်း... ကျွန်မတို့ ဇာတ်လမ်းပြီးသွားပါပြီ"
"မင်းနဲ့ကိုယ် ထပ်မတွေ့နိုင်ဘူးလား စူဇီ"
"မဖြစ်ဘူး၊ ကျွန်မ မတွေ့ချင်ဘူး၊ ရှင်နဲ့ ကင်းကင်းပြတ်ပြတ်ပဲ နေချင်တယ်"
ကျွန်တော်တို့ ထုံးတမ်းစဉ်လာကဲ့သို့ လက်ဆွဲနှုတ်ဆက်ကြသည်။ လမ်းကျဉ်းကလေးများအတိုင်း ကျွန်တော် ပြန်လျှောက်လာခဲ့သည်။ သူနှင့် ကျွန်တော် ယခုတွေ့ဆုံခြင်းသည် နောက်ဆုံးဖြစ်ကြောင်းကို မယုံကြည်ချင်ပါ။ ယုံကြည်လို့လည်း မရပါ။

လမ်းလျှောက်လာရင်း အကြောင်းတစ်ခုကို သွားစဉ်းစားမိသည်။ ဟင်နက်ဆီလမ်းပေါ်က ဓာတ်ပုံတစ်ဆိုင်မှာ သူတို့သားအမိနှင့် ကျွန်တော် ဓာတ်ပုံရိုက်ဖူးသည်။ ရှေ့ဒ်နေနောက်သို့ သူလိုက်သွားပြီး လေးငါးရက်အကြာတွင် ထိုဓာတ်ပုံများကို ကျွန်တော် သွားရွေးခဲ့သည်။ ထိုဓာတ်ပုံတွေကို သူ မမြင်ရသေးပါ။ ထိုဓာတ်ပုံများ ပေးဖို့အကြောင်းပြပြီး သူနှင့် ကျွန်တော် သွားတွေ့နိုင်ပါသေးသည်။

ကျွန်တော့်အခန်းသို့ ပြန်ရောက်လာတော့ ထိုဓာတ်ပုံများကို ဆွဲဖုတ်လိုက်သည်။ ကျွန်တော့် အတွက် အပိုကူးထားသည့်ပုံများကို သတ်သတ်ရွေးဖယ်ထုတ်သည်။ ကျန်ပုံများကို စာအိတ်တစ်လုံးထဲမှာ ထည့်သည်။ မနက်ဖြန် ညဦးပိုင်းတွင် ချမ်းမြေ့သာယာ ဘားခန်းသို့သွားပြီး ထိုဓာတ်ပုံများကို သူ့လက်ထဲထည့်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့မနက် ကျွန်တော် အိပ်ရာကနိုးတော့ မိုးကြီးသည်းထန်စွာ ရွာနေသည်ကို တွေ့ရသည်။ ကျွန်တော် ဟောင်ကောင်သို့ ရောက်ကတည်းက ဘက်တီလောင်းနှင့် တွေ့သည့်နေ့ တစ်နေ့သာ မိုးဖွဲဖွဲကလေး ရွာသည်နှင့် ကြုံဖူးသည်။

အတောင်းရေနွေးကြမ်း လာပို့သည်။
"မိုးရာသီတော့ စပြီဆရာ" ဟု သူကပြောသည်။
အိပ်ရာထဲမှာ ကျွန်တော် ထလိုက်သည်။
"ဟိုက်... ဒုက္ခပဲ အတောင်းရေ၊ ဟိုမှာကြည့်ပါဦး"
လသာဆောင် ပြူတင်းပေါက်မှနေ၍ အတွင်းသို့ မိုးပက်နေသည်။ လသာဆောင် ကြမ်းပြင်ပေါ်မှာ ရေတွေအိုင်နေသည်။ ကျွန်တော်၏ ပန်းချီကားပေါင်း တစ်ဒါဇင်လောက် အပါအဝင် လသာဆောင်ပေါ်မှာရှိသော ပစ္စည်းများ အားလုံး ရေတွေရွဲနေသည်။

ရှိသမျှပစ္စည်းတွေကို ကျွန်တော်တို့နှစ်ယောက် အခန်းထဲသို့ သယ်သွင်းကြသည်။ ရေစိုသွားသည့် ပစ္စည်းများကို ခြောက်အောင် ရေသုတ်ယင်းဖြင့် တစ်နာရီလောက် အချိန် ကုန်သွားသည်။ လသာဆောင် ထဲက ပစ္စည်းတွေ အခန်းထဲ ပြန်သွင်းရသဖြင့် ပွစကဲနေသည်။ ပစ္စည်းများ နေသားတကျ ဖြစ်အောင် ရှင်းလင်းရသည်။ ကျွန်တော် အလုပ်လုပ်ဖို့ နေရာကလေးတစ်ခု ရအောင်လည်း ဖန်တီးရသည်။

ထိုအချိန်မှာပင် ကေးကို ဖုန်းဆက်ဖို့ ကျွန်တော် သတိရသည်။ မနေ့ညတုန်းက ကေးနှင့် တွေ့ရန်

ချိန်းထားခဲ့သည်။ သို့သော်လည်း စူဇီကို သွားရှာရမည် ဖြစ်သောကြောင့် မတွေ့နိုင်တော့ ကြောင်း စာတိုကလေးရေးကာ ဆေးရုံမှာ ပေးထားခဲ့ရသည်။ ဘာကြောင့်ဆိုသည်ကိုလည်း ရှင်းမပြခဲ့။

ရုတ်တရက်တော့ ဖုန်းနှင့်ဆက်ပြီး မပြောလိုပါ။ သို့သော်လည်း ဖုန်းဆက်ခြင်းသာလျှင် အကောင်းဆုံးဖြစ်သည်။ စူဇီအကြောင်းကို ဖုန်းဖြင့်ပြောမပြချင်။ ထို့ကြောင့် ညဘက်ကိုလုန်းသို့ ကျွန်တော်မသွားမီ ခြောက်နာရီခွဲ အချိန်တွင် ဂလောက်စတာဟိုတယ်မှာ တွေ့ရန် ချိန်းလိုက်ရတော့သည်။

ညနေခြောက်နာရီထိုးသည်အထိ မိုးရွာဆဲဖြစ်သည်။ ကျွန်တော့်မှာလည်း မိုးကာအင်္ကျီ မရှိပါ။ ထို့ကြောင့် အနီးဆုံး ဆိုင်တစ်ဆိုင်သို့ မိုးရွာထဲမှာ ဖြတ်ပြေးပြီး အစိမ်းရောင် တရုတ်ထီးတစ်ချောင်း ဝယ်ရသည်။ တစ်ဒေါ်လာပဲ ပေးရသည်။ မိုးကောင်းကောင်း လုံပါသည်။ တစ်ဒေါ်လာပဲ ပေးရသည့်အတွက် ပျောက်သွားလျှင်လည်း အရေးမကြီးလှ။

ဂလောက်စတာဟိုတယ်သို့ ကားအလျင် ရောက်နှင့်သည်။ ကျွန်တော့်အတွက် အရက်မှာ လိုက်သည့် အချိန်မှာပင် ကေးဝင်လာသည်ကို တွေ့ရသည်။ ကျွန်တော့်ကို မြင်တော့ သူက ဂမ်းသာအားရ နှုတ်ဆက်သည်။

"ဟေး… ကျွန်မထင်တာ မှန်သွားပြီ" ဟုလည်း ပြောသည်။ ဘာကိုဆိုလိုကြောင်း ကျွန်တော်က ထပ်မေးပြန်သည်။

"မနေ့ညနေတုန်းက ကျွန်မနဲ့ ချိန်းထားတာကို ရှင် ဖျက်ပစ်လိုက်တော့ စူဇီကြောင့်ပဲ ဖြစ်ရမယ်လို့ ကျွန်မ စိတ်ထဲမှာ ထင်နေခဲ့တယ်၊ အခု ရှင့်ကို ကြည့်ရတာ ကြောက်တက်တက်နဲ့ ရက်ကိုးရက်ကန်း ဖြစ်နေတာကို တွေ့ရတယ်။ ဒါကြောင့် ကျွန်မတွေးတာ မှန်သွားပြီ၊ ကဲ… ပျော်ပျော်ရွှင်ရွှင် ကလေး နေစမ်းပါ၊ မနေ့ညနေ ကတည်းက ရှင်နဲ့မတွေ့ရလို့ ကျွန်မ တော်တော် စိတ်ပျက်နေတာ"

အဖြစ်အပျက်အားလုံးကို ကျွန်တော်က ပြောပြလိုက်သည်။ စူဇီကို တွေ့ရသည့်အတွက် ကျွန်တော် မည်သို့ ခံစားနေရကြောင်းပါ ပြောပြသည်။ ပြီးတော့မှ စူဇီကို ကျွန်တော် သွားတွေ့ မည်ဆိုလျှင် ရှုးရာများကျမည် ထင်မလားဟု သူ့ကို မေးကြည့်သည်။

"ရှင့်ဘက်ကနေကြည့်ပြီး ပြောရမှာလား၊ ဒါမှမဟုတ် ကျွန်မအမြင် ပြောရမှာလား၊ ဒါမှမဟုတ် စူဇီရဲ့ ရှုထောင့်ဘက်က ပြောရမှာလား"

"ကိုယ်သိချင်တာက သူဘယ်လိုမြင်မလဲ ဆိုတာပါပဲ၊ သူဟာ ကိုယ့်ကို တကယ်ပဲ မတွေ့ချင်တော့ဘူးလို့ မင်းထင်သလား၊ ဒါမှမဟုတ် သူတားထားပေမယ့် ဒါတွေကို ကိုယ်ဂရုစိုက်မနေဘဲ သူ့ကို လာတွေ့ ဖြစ်အောင် တွေ့မှာပဲလို့ သူ့စိတ်ထဲမှာ ကျိတ်မျှော်လင့် နေမလား"

"မိန်းကလေး တော်တော်များများဟာ ယောက်ျားက သူတို့တားတာကို မနာခံဘဲ ဇွတ်လာတွေ့တာမျိုးကို မျှော်လင့်တတ်ကြစမြဲပဲ၊ ဒါနဲ့ပတ်သက်လို့တော့ သံသယဖြစ်စရာမရှိဘူး၊ ဒါပေမဲ့ အခု ရှင်ပြောပြတဲ့ စူဇီအကြောင်းကို ကြားရတော့ ဒီလိုမဟုတ်ဘူး၊ လာမတွေ့ပါနဲ့တော့ဆိုတော့ သူ တကယ်ပြောလိုက်တာလို့ ကျွန်မ ထင်တယ်"

"ဒီလိုဆိုရင် ဒီနေ့ည သူ့ကို ကိုယ်သွားမတွေ့သင့်ဘူးပေါ့၊ ဒီဓာတ်ပုံတွေကို စာတိုက်ကပဲ ပို့လိုက်ရတော့မှာလား"

"မဟုတ်ဘူး၊ ရှင်သွားတွေ့ကြည့်ဖို့ ကောင်းပါတယ်၊ ဒီလိုသွားတွေ့မကြည့်ရင် ရှင်ဟာ မသေမချာ ဖြစ်နေမယ် မဟုတ်လား၊ နောက်ပြီးတော့ အကြံဉာဏ်မှားပြီး ပေးရကောင်းလားဆိုပြီး ကျွန်မကို အပြစ်တင်နေဦးမယ်"

"တစ်ခုတော့ ရှိပါတယ်လေ၊ ကိုယ့်ရုပ်အင်္ကျီရွေးဖို့ ကိုလုန်းဘက်ကမ်းကို ကူးစရာတော့ ရှိပါတယ်"

"အင်း... ရှင်က တစ်ဖက်လှည့်နဲ့ ကိုယ့်ဟာကိုယ် ဆင်ခြေကလေး ပြန်ပေးနေသေးတာကိုး"

"ကေး... စူဇီနဲ့ ပြဿနာကြီးကို ကိုယ်မရှင်းနိုင်သေးသမျှ မင်းနဲ့ကိုယ် ထပ်မတွေ့ရင် ကောင်းမလားလို့ စဉ်းစားနေမိတယ်ကွယ်" ဟု ကျွန်တော်က ပြောသည်။

"ဒါကတော့ ရှင့်အပေါ်မှာ တည်ပါတယ်လေ၊ ဘာပဲဖြစ်ဖြစ် ကူးတို့ဆိပ်ကိုတော့ ကျွန်မကားနဲ့ ရှင့်ကို လိုက်ပို့ပေးမှဖြစ်မှာပဲ၊ မိုးက တအားရွာနေပြီ"

ကူးဆို့ ဆိပ်ရောက်တော့ မိုးသည်းသည်း ရွာနေသဖြင့် မြင်ကွင်းတွေ ပိတ်နေသည်။ ကူးတို့သင်္ဘောနှင့် တစ်ဖက်ကမ်းသို့ ကျွန်တော် ကူးခဲ့သည်။ ကိုလုန်းဘက်ကမ်းရောက်တော့ ချမ်းမြေ့သာယာ ဘားခန်းသို့ တက္ကစီငှားပြီး သွားရန် ဆုံးဖြတ်လိုက်သည်။ ငွေအကုန်များချင်လည်း များပါစေတော့။ လမ်းမှာ ကုလားဆိုင်သို့ ဝင်ရသေးသည်။ ကျွန်တော့်ကို မြင်သောအခါ ကုလားက လက်ဆွဲနှုတ်ဆက်ရင်း ပြုံးနေသည်။

"ကျွန်တော့်အင်္ကျီ မရသေးဘူးဆိုတာ ကျွန်တော် လောင်းရဲတယ်ဗျာ" ဟု ကျွန်တော်က ပြောသည်။

"အား... ဒါဆိုရင် ဆရာရှုံးသွားပြီ၊ ရှုံးသွားပြီ"

သူ အားပါးတရ ပြုံးသည်။ ပါးစပ်က နားရွက်နှစ်ဖက်မှာ သွားချိတ်နေပြီလား ထင်ရသည်။ ပြီးတော့မှ ရုပ်အင်္ကျီကို ဂုဏ်ယူဝင့်ကြွားစွာ မြှောက်ပြပြီး အညိုရောင်စက္ကူနှင့် ထုတ်ပေးသည်။ သူ့မျက်နှာ အမူအရာကိုလည်း ဂမ်းနည်းဟန် ဆောင်ထားသည်။

"ဆရာဟာ ဈေးဝယ်ရမှာတော့ အင်မတန် တော်ပေတာပဲခင်ဗျာ၊ ဒီအင်္ကျီကို သူ့တန်ဖိုးထက် ပိုပြီးနည်းတဲ့ဈေးနဲ့ရအောင် ဆရာဝယ်နိုင်ပေတယ်၊ ကျွန်တော်ကတော့ ရှုံးသွားပါပြီ" ဟုလည်း စိတ်မကောင်းသည့် လေသံဖြင့် ပြောလိုက်သေးသည်။

"ဒီလိုဆိုရင် ဒီအင်္ကျီကို ကျွန်တော် ယူမသွားစေချင်ဘူးလား"

ကျွန်တော်က မျှော်လင့်ချက်ကလေးဖြင့် ပြန်မေးမိသည်။ ရုပ်အင်္ကျီမှာ နေသာသည့် ရာသီဥတုတွင် အလွန်ကြည့်ကောင်းသည်မှာ မှန်ပါသည်။ သို့သော် အလင်းရောင်နည်းသည့် ယခုလို မိုးရာသီမှာတော့ ကြည့်မကောင်းတော့ပါ။

"အို... ဒီလိုမဟုတ်ပါဘူးဆရာ၊ လုပ်ငန်းဟာ လုပ်ငန်းပါပဲ၊ ကျွန်တော့်ကတိကိုတော့ ကျွန်တော် တည်အောင် ထိန်းသိမ်းရမှာပေါ့ခင်ဗျာ၊ မဟုတ်ဘူးလား" ဟု သူက ဆက်မေးလိုက်သေးသည်။

ချမ်းမြေ့သာယာ ဘားခန်းရောက်တော့ တက္ကစီခပေးလိုက်ပြီး အထုပ်အပိုးများကို ပိုက်ကာ မိုးရေထဲမှာဖြတ်ပြီး ဘားခန်းထဲသို့ အပြေးဝင်ခဲ့သည်။ ညနေက တစ်ခေါ်လာပေးပြီး ဝယ်လိုက်သည့် ထီး

ပျောက်သွားပြီ။ ကေး၏ ကားထဲမှာ ကျန်ခဲ့သလား၊ ကူးတို့သင်္ဘောပေါ်မှာ ကျန်ခဲ့သလား၊ အင်္ကျီဂင်ရွှေးသည့် ကုလားဆိုင်မှာ ကျန်ခဲ့သလား၊ ကျွန်တော် မမှတ်မိတော့ပြီ။ အတွင်းသို့ ကျွန်တော် ဂင်လာခဲ့သည်။ မိုးသည်းသည်း ရွာနေသောကြောင့် ဧည့်သည်တွေ မလာနိုင်တော့ပုံရသည်။ ဘားခန်းထဲမှာ လူရှင်းနေသည်။ သို့သော် စူဇီကိုတော့ လူငယ်တစ်ယောက်နှင့် စားပွဲတစ်လုံးမှာ ထိုင်နေသည်ကို တွေ့ရသည်။

စူဇီနှင့် စကားတစ်ခွန်း နှစ်ခွန်း ပြောခွင့်ပြုရန် ကျွန်တော်က ခွင့်တောင်းသောအခါ လူငယ်သည် ယဉ်ကျေးသိမ်မွေ့သည့် အမူအရာဖြင့် ထိုင်ရာမှထသည်။ ကျောင်းအုပ်ဆရာကြီး ရောက်လာချိန်တွင် နေရာမှထပေးသော ကျောင်းသားကလေးနှင့်ပင် တူသေးတော့သည်။

"ရပါတယ်ဗျာ၊ အေးအေးဆေးဆေး ပြောကြပါ၊ ခင်ဗျားအမျိုးသမီးကို ကျွန်တော် လစ်မပြေးမိပါဘူးဗျာ၊ ဟုတ်ပါတယ်နော်" ဟု သူကပြောသည်။

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် ဂမ်းသာလှပါပြီဗျာ" ဟု သူက ပြောလိုက်သေးသည်။

ထိုနေရာတွင် အလင်းရောင်က မှိန်လွန်းလှသည်။ ထို့ကြောင့် ကတ္တီပါ ခန်းဆီးကာထားသည့် အပေါက်မှ တစ်ဖက်စကြံ အတွင်းသို့ ကျွန်တော်တို့ ထွက်ခဲ့ကြသည်။ ထိုနေရာမှာ အုပ်ဆောင်းမရှိသည့် မီးလုံးတစ်လုံး ထွန်းထားသည်။ အိမ်သာနံ့ကလည်း နံလှသည်။

ဓာတ်ပုံများ ကျွန်တော် ယူလာပေးသည့်အတွက် စူဇီ အလွန်ပျော်နေသည်။ သူ့သားကလေးက ကင်မရာကို အံ့ဩတကြီး စိုက်ကြည့်နေသောပုံများကို မြင်ရသည်တွင် သူ့ဟာသူ သဘောကျလွန်းသဖြင့် တခစ်ခစ်ရယ်မဆုံး ဖြစ်နေသည်။ ထိုပုံလေးပုံပြီးသွားတော့ ကလေး၏ အဖေပုံမျိုးဖြင့် သူ့နောက်မှာ ကျွန်တော် ရပ်နေသောဓာတ်ပုံ ထွက်လာသည်။ ဘာစကားမှ မပြောဘဲ ထိုပုံကို စိုက်ကြည့်နေသည်။ ခဏကြာတော့ မှတ်ချက်တစ်စုံတစ်ရာ မပေးဘဲ အခြားပုံများနောက်သို့ ထိုးယွင်းလိုက်သည်။ နောက်ပေါ်လာသည့်ပုံသည် သူ့သားကလေး တစ်ယောက်တည်း ရိုက်ထားသောပုံ ဖြစ်သည်။

"အဲ... ဟိုပင်လယ်ကမ်းစပ်က ရွာကလေးမှာ သွားနေခဲ့ပြီးတဲ့နောက် သူ နေကောင်းသွားတယ်၊ အရင်လို မဟုတ်တော့ဘူး၊ ဟုတ်တယ်၊ အခုဆိုရင် သူ အရမ်းကြည့်ကောင်းတာပဲ၊ ပါးကြီးတွေက ပန်းနုရောင်ပြေးပြီး ဟောဒီလိုဖောင်းလို့"

ပြောပြောဆိုဆိုဖြင့် သူ့ပါးနှစ်ဖက်ကို ဖောင်းပြသည်။ မျက်လုံးအစုံကလည်း ဂမ်းသာကြည်နူးစိတ်ဖြင့် အရောင်တဖိတ်ဖိတ် တောက်နေသည်။

"နောက်ပြီးတော့လေ ချောင်းလည်းမဆိုးတော့ဘူး၊ ဟုတ်တယ်၊ လုံးလုံး ချောင်းမဆိုးတော့ဘူး၊ သူ ကောင်းကောင်းကျန်းမာသွားပြီ"

"ဟုတ်လား စူဇီ၊ သိပ်ကောင်းတာပေါ့"

"လုံးလုံးပျောက်သွားတယ်၊ ပင်လယ်လေကို ရှူခဲ့ရလို့နဲ့တူတယ်၊ နောက်ပြီးတော့ ပင်လယ်ရေလည်း

မှန်မှန်ချိုးခဲ့တယ်လေ၊ ဟုတ်တယ်၊ သူ နေ့တိုင်းရေချိုးတယ်၊ သိတယ်မဟုတ်လား၊ ပင်လယ်ထဲမှာလေ လှိုင်းလုံးကြီးတွေက အကြီးကြီးတွေပဲ၊ လိမ့်လိမ့်လာပြီး သူ့ကိုလဲသွားအောင် တိုက်ပစ်လိုက်တယ်လေ"

သူဝမ်းသာအားရ ရယ်နေသည်။ မနေ့တုန်းက ကျွန်တော်နှင့် ဆက်ဆံခဲ့ရသလို မဟုတ်။ စိတ်ကောင်းလည်း ဝင်နေသည်။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ခြားထားသည့် အရံအတား ကြီးများအားလုံး ပျောက်ကွယ်ကုန်ပြီဟု ကျွန်တော် ထင်ပါသည်။

နောက်ထပ် လာမတွေ့ပါနှင့်တော့ဟု သူပြောသည့် စကားကို နားမထောင်ဘဲ ယခုလို လာမိသည့်အတွက် ကျွန်တော့်ကိုယ် ကျွန်တော် ကျေးဇူးပြန်တင်မိပါသည်။

အလင်းရောင် ပိုရအောင် သူ့လက်ကလေးကို မြှောက်ပြီး ဓာတ်ပုံများကို ကြည့်နေသည်။ ကျွန်တော်က သူ့လက်ကိုကိုင်ပြီး ပိုမြင့်အောင် မြှောက်ပေးလိုက်သည်။ ယခုလို အသားချင်းထိ လိုက်တော့မှ အပြောင်း အလဲတစ်ခုက ရုတ်တရက်ပေါ်လာသည်။ စူဇီက သူ့အသးကို အထိမခံဘဲ ဆက်ခနဲ ရုန်းလိုက်သည်။ ပျားတုပ်ခံလိုက်ရသလို ဖြစ်သွားသည်။ ကျွန်တော်ကလည်း စိတ်ထိခိုက် စွာဖြင့် ပြန်ရုပ်လိုက် မိသည်။

ဓာတ်ပုံများကို မြင်တွေ့ရသောကြောင့် သူ စိတ်ချမ်းသာသွားသည့်အပေါ်တွင် ကျွန်တော်၏ အကဲဖြတ်ချက် များယွင်းသွားပါပြီ။ သူနှင့် ကျွန်တော့်အကြားတွင် ခြားထားသည့် အရံအတားများသည် ရှိမြဲရှိနေပါသေးသည်။

ကေးပြောသည်မှာ မှန်ပါသည်။ စူဇီသည် သူ့စိတ်ထဲမှာ တကယ်ရှိနေသည်ကို ဖွင့်ပြောခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော့်ကို သူ အလိုမရှိတော့ပါ။ အရံအတားတွေကို ကျွန်တော် ကြိုးစားပယ်ဖျက်လျှင် ရကောင်း ရပါလိမ့်မည်။ သို့သော်လည်း စူဇီ ကျေနပ်မည် မဟုတ်ပါ။

"ကောင်းပြီ စူဇီ၊ ကိုယ်သွားတော့မယ်" ဟု ကျွန်တော်က ပြောသည်။

"ဟုတ်ကဲ့၊ ပိုင်ဖန်ခွက်တစ်ခွက်ကို သွန်ပစ်လိုက်တာက ပိုကောင်းတယ်၊ ကျွန်မပြောခဲ့ဖူးတာ မှတ်မိတယ်မဟုတ်လား"

သူက ကျွန်တော့်မျက်လုံးများကို တည့်တည့်စိုက်ကြည့်ပြီး ပြန်ပြောသည်။

"အင်း... ကိုယ်မှတ်မိပါတယ် စူဇီ"

တစ်ခါတုန်းက တရုတ်စကားပုံတစ်ခုကို သူ ပြောပြဖူးသည်။ ပိုင်အရက်ကို လုံးဝမသောက်ခြင်းက ကောင်းသည်။ တစ်ခွက်သောက်မိပါက နောက်ထပ် ဖြည့်ပေးစရာ ပိုင်အရက်မရှိတော့ကြောင့် အာသာမပြေဘဲ စိတ်ဒုက္ခရောက်ရမည်ဟူသော သဘောဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ နှစ်ယောက်လည်း ချစ်သူများအဖြစ် ဆက်လက် သဘောမထားနိုင်တော့သည့် အတူတူ ကိုယ့်လမ်းကိုယ် သွားကြဖို့သာ ရှိသည်။ သည်လိုမှ မဟုတ်လျှင် စိတ်သောကရောက်နေကြရုံသာ ရှိမည်။

"ကဲ... နှုတ်ဆက်ခဲ့ပါပြီ စူဇီ၊ မင်းအဆက်အသွယ် လုပ်ချင်တဲ့အခါမှာ ကိုယ်ဘယ်မှာ ရှိတယ်ဆိုတာ

မင်းသိသားပဲ၊ အကူအညီလိုရင် အချိန်မရွေး ဖုန်းဆက်ပါ"
"ကောင်းပါပြီ ရောဘတ်၊ ဂွတ်ဘိုင်..."

အပြင်သို့ ကျွန်တော် ထွက်လာခဲ့သည်။ အပြင်မှာ မိုးရွာနေဆဲရှိသည်။ ထို့ကြောင့် နသမ်လမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်ခဲ့သည်။ မိုးရေစက်များက ကျွန်တော့်မျက်နှာကို ပြေးလာတိုက်ခိုက်နေကြသည်။ ကျွန်တော့်လက်ထဲမှ အကျီထုပ်မှာလည်း မိုးရေကြောင့် အပေါက်များ ဖြစ်ကုန်ပြီ။

(၃)
မိုးက တစ်ပတ်လုံးလုံး ဆက်ရွာနေသည်။ ရပ်ကွက်အတော်များများမှာ ရေတွေ လျှံနေသည်။ အချို့လမ်းများမှာ မြစ်တွေ၊ ချောင်းတွေလို ဖြစ်နေသည်။ တောင်စောင်းမှာ ကပ်ဆောက်ထားသည့် အိမ်အတော် များများလည်း ပြိုကျကုန်သည်။

ကျွန်တော် လသာဆောင်မှ လှမ်းကြည့်လိုက်လျှင် ဘာမြင်ကွင်းကိုမှ မမြင်ရတော့။ တသည်းသည်း ရွာနေသည့်မိုးက ကန့်လန့်ကာလို ကာရံထားသည်။
နမ်ကောက်ဘားခန်းထဲမှာလည်း အမျိုးသမီးများမှတစ်ပါး ခြောက်ကပ်နေပြီ။ မိုးသည်းထန်စွာ ရွာနေသောကြောင့် သင်္ဘောသားတွေလည်း ကုန်းပေါ်ကို မတက်နိုင်ကြ။
တစ်နေ့တွင် ဘားခန်းထဲမှာ ကျွန်တော်ထိုင်ပြီး မာရျောင်းကစားနည်းကို ဂွမ်နီထံမှာ သင်နေသည်။ ထိုအခိုက် မန်နေဂျာ ရောက်လာပြီး ကျွန်တော့်အတွက် ဖုန်းလာနေကြောင်း ပြောသည်။
ဘားခန်းထဲမှ ဖုန်းကို လှမ်းဆက်သူမှာ စူဇီပင် ဖြစ်ရပေမည်။ ဘားခန်းထဲမှ ဖုန်းကို ဆက်မည့် အခြားသူမရှိ။ ထိုင်ရာမှ ခုန်ထပြီး ဖုန်းရှိရာသို့ ကျွန်တော် အူယားဖားယား ပြေးခဲ့သည်။
သို့သော်လည်း ကေးဖလက်ချာ ဖြစ်နေသည်။

"ကျွန်မ ဖုန်းဆက်တာ ရှင် စိတ်မဆိုးပါဘူးနော်" ဟု ကေးက ပြောသည်။
"မဆိုးပါဘူး ကေး၊ ဒါပေမဲ့ ကိုယ် ဘားထဲမှာရှိနေတာ မင်းဘယ်လို လုပ်သိတာလဲ" ဟု ကျွန်တော်က ပြန်မေးသည်။
"ကျွန်မ မသိဘူး"
"အိုး... အော်ပရေတာက ဒီကို ထိုးပေးလိုက်တာနဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ မင်းအသံကို ကြားရတာ စိတ်ချမ်းသာလိုက်တာ ကေးရယ်"
"ဟိုညတုန်းက စူဇီနဲ့ ရှင်တွေ့တော့ ဘာတွေများ ဖြစ်ခဲ့သလဲဆိုတာ ကျွန်မ စဉ်းစားနေတာ"

"သူနဲ့ပတ်သက်ပြီး မင်းပြောတာ သွေးထွက်အောင် မှန်တယ် ကေး၊ သူက ကိုယ့်ကို မတွေ့ချင်တော့ဘူး၊ ဒါကြောင့် အဲဒီအချိန်ကစပြီး ကိုယ်ကလည်း သူ့ကို ဒုက္ခထပ်မပေးတော့ပါဘူး"
"ဟုတ်လား၊ မိုးတွေ တအားရွာနေတော့ ကျွန်မလည်း ဘာလုပ်ရမှန်း မသိတော့ဘူး၊ အခန်းထဲ အောင်းနေရတာ စိတ်ကုန်လွန်းလို့၊ ဒီနေ့ည ကျွန်မကိုခေါ်ပြီး ညစာမကျွေးချင်ဘူးလား" ဟု ကေးက မေးသည်။

"ကောင်းတယ်ကွာ၊ ကိုယ် အင်မတန်လုပ်ချင်တဲ့ အလုပ်ပေါ့"

ထိုနေ့ညက တရုတ်ထမင်းဟင်း ကျွန်တော်တို့ သွားစားကြပါသည်။ ထမင်းစားပြီးတော့ ရုပ်ရှင်သွားကြည့်ကြသည်။ ရုပ်ရှင်ရုံထဲက ထွက်လာသောအခါ မိုးက သည်းထန်စွာ ရွာနေပြန်သည်။ ရှေ့ကမြင်ကွင်း ပိတ်နေသည်။ ကိုက်အနည်းငယ်မျှလောက်သာ လှမ်းမြင်ရသည်။ တစ်နာရီလျှင် ငါးမိုင်နှုန်းလောက်ဖြင့် ခက်ခက်ခဲခဲ ကားမောင်းလာခဲ့ရသည်။

နမ်ကောက်ဟိုတယ်ရှေ့ရောက်တော့ မိုးအနည်းငယ် စဲသွားအောင် စောင့်ရင်း ကားထဲမှာ ပင်ထိုင်ပြီး ကျွန်တော်တို့ စကားပြောနေကြသည်။ ကေးတစ်ယောက်တည်း ပြန်မောင်းသွားရမည် ဖြစ်သောကြောင့် မိုးအစဲကို စောင့်ခြင်းဖြစ်သည်။

"ဒီနေ့မနက် ဖုန်းဆက်တာ ကျွန်မမှန်းလည်း သိလိုက်ရော ရှင် အကြီးအကျယ် စိတ်ပျက် သွားတယ် မဟုတ်လား" ဟု ကေးက မေးသည်။
"အိုး... မဟုတ်ရပါဘူး ကေးရယ်"
"ရှင်လိမ်တာကြီးက ပေါ်နေပြီ၊ ရှင့်ကို ဖုန်းဆက်တာ စူဇီဖြစ်ရမှာပဲလို့ ရှင်တွေးခဲ့မိတယ် မဟုတ်လား၊ မညာနဲ့၊ မှန်မှန်ပြော"
"အင်း... ဘားခန်းထဲကို လှမ်းဆက်တယ်ဆိုတော့..."

"ဒါကို ကြည့်ရင် စူဇီကို ရှင် မပြတ်နိုင်သေးဘူးဆိုတာ ပြနေတာပဲ"
"တစ်ချိန်ချိန်တော့ သူ လှမ်းဖုန်းဆက်လိမ့်မယ်လို့ ကိုယ့်စိတ်ထဲမှာ ထင်နေတယ်၊ ဒီလိုထင်တာလည်း ရယ်စရာကောင်းပါတယ်လေ၊ သူ ဆက်မှာ မဟုတ်ပါဘူး၊ ဒါထက် ကေး မင်း ဘယ်နေ့ရက်အားရမလဲ"

"ကြာသပတေး"
"ကိုယ်တို့ တွေ့နိုင်ဦးမလား"
"အဲဒီနေ့မရောက်ခင် စူဇီ ဖုန်းမဆက်ဘူးဆိုရင် တွေ့တာပေ့ါလေ"
"သူ ဆက်မှာမဟုတ်ပါဘူး၊ ကြာသပတေးနေ့ မင်းနဲ့ တွေ့မယ်နော်"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ပလက်ဖောင်းကိုဖြတ်ပြီး ဟိုတယ်ထဲသို့ ပြေးဝင်ခဲ့သည်။ အပေါက်ဝမှာ ကျွန်တော်ရပ်ပြီး ကေး ကားမောင်းထွက်သွားသည်ကို လှမ်းကြည့်နေလိုက်သည်။ ကားဘီးလိမ့် သွားသောကြောင့် မိုးရေစက်တွေ ဘေးသို့ လွင့်စင်သွားသည်။

ဘားခန်းထဲဝင်လာပြီး ဘီယာတစ်လုံးသောက်သည်။ ပြီးတော့မှ အပေါ်ထပ် ကျွန်တော့် အခန်းရှိရာသို့ တက်လာခဲ့သည်။ နောက်ဆယ်မိနစ်လောက်ကြာတော့ တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။
"ဟယ်လို... စူဇီ စကားပြောနေတယ်"
ကျွန်တော် ရုတ်တရက် ဘာစကားမှ ပြန်မပြောနိုင်ပါ။ အလွန်တရာ အံ့အားသင့်ခြင်းနှင့်အတူ ပြုံးနေ မိသည်။ ခေါင်းလောင်းမြည်စက အိမ်သို့ ချောချောမောမော ပြန်ရောက်ပြီဖြစ်ကြောင်း ကေး ဆက်ပြော ခြင်းဖြစ်မည်ဟု ထင်ခဲ့ပါသည်။ သို့တည်းမဟုတ် ကြာသပတေးနေ့တွင် မတွေ့နိုင်ကြောင်း၊ သို့တည်း မဟုတ် အချိန်ပြောင်းလိုကြောင်းပြောဖို့ ဖုန်းဆက်ခြင်းဖြစ်မည်ဟု ကျွန်တော် ထင်ခဲ့သည်။

"စုဇီ.. မင်း အဖေကြီးက စကားပြောနေတာလား၊ မင်းအသံ သိပ်တိုးနေတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

ဘာစကားမှ ပြန်မမေးဘဲ အကြာကြီး ရပ်နေသည်။ နောက်ဘက်မှ တရုတ်သံတွေကိုလည်း ကြားနေရသည်။ ဆိုင်တစ်ဆိုင်ထဲမှ သူ ပြောနေပုံရသည်။ တစ်ခုခုတော့ မှားနေပြီဟူသော အထင်နှင့်အတူ ကျွန်တော့် မျက်နှာပေါ်က အပြုံးလည်း ပျောက်ကွယ်သွားပါတော့သည်။

"စုဇီ... ဘာအကြောင်းလဲ၊ ဘာဖြစ်တာလဲ စုဇီ"

ဘာမှပြန်မပြောဘဲ အကြာကြီး ရပ်နေပြန်သည်။ နောက်ဆုံးတွင်မှ အသံသေးသေးကလေး ပြန်ပေါ်လာသည်။

"ကျွန်မသားလေး... ကျွန်မသားလေး သေသွားပြီ

စာအုပ် (၂) ပြီးပြီ

## စာအုပ် (၃) အထောက်တော် လှအောင် စုဇီဝေါင်း အခန်း(၁)

### အခန်း(၁)

သူလမ်းထောင့်မှ သူစောင့်နေသည်။ ပလက်ဖောင်းပေါ်မှာ သူရပ်နေသည်။ မိုးရွာနေသည်ကို သူသိပုံမရပါ။ သူ့ဆံပင်တွေ ရွှဲရွှဲစိုကာခေါင်းပေါ်မှာ ပြားကပ်နေသည်။ ပါးနှစ်ဖက်ပေါ်မှာ ဆံပင်တွေကပ်နေသည်။ ပခုံးပေါ်မှာလည်း တွဲလောင်းဖြစ်နေကာ ရေတစက်စက် ကျနေသည်။ ကိုယ်ပေါ်မှအင်္ကျီမှာ ရွှဲနစ်နေပြီ။ အသားနှင့်လည်း ကပ်နေသည်။ ခွာမြင့်ဖိနပ်အဖြူကလေးမှာလည်းရွှံ့တွေပေကျံနေသည်။ ရေကန်ထဲမှ ယခုပင်တက်လာသလား ဟု ထင်ရသည်။

လမ်းကိုဖြတ်ပြီး သူ့ဆီကိုကျွန်တော်ပြေးသွားသည်။ ကျွန်တော်အပြေးလာခဲ့သောကြောင့် ရှပ်အင်္ကျီမှာလည်း မိုးရေနှင့်ချွေးများ ရွှဲနစ်နေပြီ။ သူ့သားကလေးဘာကြောင့်ဆုံးသွားကြောင်း ဖုန်းထဲမှာသူမပြောပါ။ ဘာဖြစ်သည်ကိုလည်း ကျွန်တော်မသိရသေးပါ။ သူ့အနားသို့ကျွန်တော်ရောက်သွားသော်လည်း သူမလှုပ်ရှားပါ။ သူ့မျက်နှာဖြူဖြူကလေးပေါ်တွင်လည်း မည်သို့သော ခံစားချက်ကိုမှာ ကျွန်တော်မတွေ့ရပါ။

"စုဇီ...သနားစရာကောင်းလိုက်တဲ့စုဇီရယ်"ဟုကျွန်တော်ကပြောပါသည်။ သူ့လက်နှစ်ဖက်ကိုဘေးမှာတွဲလောင်းချထားသည်။ မိုးရေစက်များက မျက်နှာပေါ်နှင့်မေးစေ့မှ စီးကျနေသည်။"ကျွန်မသားလေးသွားပြီ"ဟု ပြောသည်။

"ဘာဖြစ်တာလဲ စူဇီ၊ ဖျားလို့လား" "မဟုတ်ဘူး၊ ကလေးထိန်းအဘွားကြီးလည်း သွားပြီ" "အဘွားကြီး လည်း သေသွားပြီလို့ ဆိုလိုတာလား" "ဟုတ်တယ်၊ နှစ်ယောက်စလုံး သွားပြီ"

"စူဇီ…အဖြစ်ဆိုးလိုက်တာကွယ်"
"လူတွေအများကြီးလည်း သွားပြီ၊ ဟိုမှာကြည့်"

သူ့အိမ်ရှိသည့်ဘက်သို့ မေးငေါ့ပြသည်။ မိုးရွာကြီးထဲမှာ ရပ်နေသော လူတွေကြောင့် လမ်းက ပိတ်ဆို့နေသည်။ အချို့က ထီးဆောင်းထားသည်။ အချို့က သည်အတိုင်းရပ်နေကြသည်။ လမ်းဘက်သို့ကျွန်တော်တို့ လျှောက်လာကြသည်။ လူအုပ်ကြားထဲသို့ တိုးဝင်ခဲ့သည်။ သူတို့ မျက်လုံးများသည် စိုစွတ်နေကြပြီး မျက်နှာများက မျက်နှာသေများဖြစ်နေသည်ကို တွေ့ရသည်။ ထိုလူအုပ်ကြီးလွန်တော့ အလုပ်သမားများ အလုပ်လုပ် နေကြသည်ကို အောက်လင်းဓာတ်မီးများ၊ လက်နှိပ်ဓာတ်မီး များကြားမှာ တွေ့ရသည်။

လူအုပ်ကြီး၏ ရှေ့သို့ကျွန်တော်တို့ရောက်လာသည်။ လူအုပ်ကြီးရှေ့မတိုးနိုင်အောင် ကြိုးတစ် ချောင်းနှင့် တားထားသည်ကိုလည်း တွေ့ရသည်။ ပလက်ဖောင်းပေါ်မှာရော၊ လမ်းမပေါ်မှာပါ အကျိုးအပဲ့ တွေပုံနေသည်။ စူဇီ၏အိမ်မရှိတော့သည်ကို သတိထားမိသည်။ ဗုံးကျကွဲသည်ဟု ကျွန်တော်ထင်ပါသည်။ စစ်အတွင်း တုန်းက သည်လိုမြင်ကွင်းတွေ လန်ဒန်မှာမြင်ခဲ့ဖူးသည်။
"စူဇီ….ဘာဖြစ်တာလဲ"

"အိမ်ပြိုကျသွားတာ"
"ဗုံးပေါက်သွားတာလား"
"မဟုတ်ဘူး၊ ပြိုကျသွားတာ"
"ဘယ်လိုလုပ် ပြိုတာလဲစူဇီ"
"မိုးကြောင့်၊ မိုးတအားရွာလို့ မိုးရွာထဲမှာ ပြိုကျသွားတာ"

မိုးမှာအဆက်မပြတ်ရွာနေသောကြောင့် ချမ်းမြေ့သာယာဘားခန်းမှာ ညည့်သည်အလွန်ပါးနေ သည်။ ဘာမှ အလုပ်မဖြစ်တော့သောကြောင့် စူဇီစပ်စောစောပြန်လာခဲ့သည်။ ပြန်ရောက်တော့ သူ့အိမ်ပြို ကျသွားခြင်း ဖြစ်သည်။

အသက်ရှင်နေသေးသူများကို အပြင်သို့ သယ်ထုတ်နေကြသည်။ အသက်ရှင်သူ အများစုမှာ အောက်ဆုံး ထပ်တွင် နေထိုင်ကြသူများဖြစ်သည်။ အပေါ်ဆုံးထပ်မှာ ကျလာသည့်သူ့သားနှင့် ကလေးထိန်း အဘွားကြီး အတွက်တော့ မျှော်လင့်ချက်မရှိတော့ပါပြီ။ မည်သို့ဆိုစေ သူ့ကလေး အလောင်း ကို မတွေ့ရဘဲနှင့်တော့ သည်နေရာမှ စူဇီခွာတော့မည် မဟုတ်ချေ။
"သွားမေးကြည့် ရအောင် စူဇီ"ဟုကျွန်တော်ကပြောသည်။

တားထားသည့်ကြိုးအောက်ကို ခေါင်းလျှိုဝင်လိုက်သည်။ တရုတ်လူမျိုးပုလိပ်တစ်ယောက်က ကျွန်တော်တို့ ကို တားမလိုလုပ်သေးသည်။ သို့သော်ကျွန်တော်အင်္ဂလိပ်လူမျိုးဖြစ်နေသည်ကို တွေ့ရသဖြင့် တုံ့သွား သည်။

သူစိတ်မပြောင်းမီ အတွင်းသို့ဂင်ဖြစ်အောင် စူဇီကိုဆွဲခေါ်ခဲ့သည်။

အိပ်ပျက်အကျိုးအပဲ့များပေါ်မှ ကျွန်တော်တို့ဖြတ်လျှောက်လာကြသည်။ အထိမ်းအမှတ်စက္ကူ ဆိုင်သည် လုံးဝပျောက်သွားပြီ။ ခေါင်းရောင်းသည့် ဆိုင်အပေါ်ထပ်က အိမ်လည်း ပြိုကျသွားပြီ။ သို့သော် ခေါင်းရောင်းသည့်ဆိုင်ကမူ ကလိုဏ်းကလေးလို့ ဖြစ်နေသည်။ ရှည်လျားလှသည့် ခေါင်းများက ပြိုကျလာသည့် အိမ်များကို ဒေါက်ထောက်ထားသလို ထောက်ထားပေးသည်။

အိမ်ပျက်အကျိုးအပဲ့များအောက် တူးဖော်နေသည်ကို တရုတ်နှင့်အင်္ဂလိပ် ရဲ့အရာရှိများက ကြီးကြပ်ကွပ်ကဲကာ အမိန့်ပေးနေသည်။ အလုပ်သမားများက အကျိုးအပဲ့များကို သယ်သွားသည်။ သူတို့အားလုံး လုပ်နေပုံမှာ နေ့စဉ်နှင့်အမျှ သည်လုပ်ငန်းကို လုပ်နေကျဖြစ်သကဲ့သို့ အလွန်တရာ ကျွမ်းကျင် စေ့စပ်လှသည်။

သစ်သားချောင်းတစ်ခုအောက်မှာ လူတစ်ယောက်ရှိနေသည်။ ရဲအရာရှိတစ်ယောက်က ကိုယ့်ကို ကိုင်းပြီး နလုံးခုန်သံ နားထောင်ကြည့်သည်။
"ဟောဒီတစ်ယောက် အသက်ရှင်နေသေးတယ်"

အင်္ဂလိပ်အရာရှိတစ်ယောက် လာကြည့်သည်။ ပိနေသည့် သစ်သားချောင်းကို စစ်ဆေးကြည့်သည်။
"ဒါကြီးကို ဖယ်ဖို့တော့ မလွယ်ဘူးထင်တယ်၊ သစ်သားချောင်းကအကြီးကြီး၊ ပြီးတော့ အရှည်ကြီး"
"ရအောင်ဖယ်ပေါ့ကွ"ဟု တစ်ယောက်ကလှမ်းအမိန့်ပေးသည်။ ထိုသူ့ကိုလှမ်းကြည့်လိုက်တော့ ပုခုံးပေါ်မှ အမှတ်အသား များအရ ရဲမင်းကြီးဖြစ်ကြောင်းသိရသည်။
"သူ့အပေါ်မှာ ပိနေတဲ့ရက်မကြီးက သိပ်ရှည်ပါတယ် မင်းကြီး၊ ဟိုတက်အစွန်းကနေပြီး စမှရမယ် ထင်ပါတယ်"

"လွှနဲ့ဖြတ်ထုတ်ပါလားကွ၊ ဒီနေရာမှာ လွှကိုမသုံးရင် ဘာအတွက်မင်းတို့လွှယူလာတာလဲ၊ ဟိုလူအသက်ရှင်နေသေးတယ်၊ မြန်မြန်လုပ်"ဟု ရဲမင်းကြီးက ခပ်ဆတ်ဆတ်ပြန်ပြောသည်။
"ကောင်းပါပြီ မင်းကြီး၊ ဟေး...လွှကိုင်ထားတဲ့ရဲဘော"
ရဲမင်းကြီး လည်း နေသာထိုင်သာ ရှိသွားပုံပေါ်သည်။ သူ့ဆီကို ကျွန်တော်ကမေးသည်။
"ခြောက်ယောက် တွေ့တယ်"

ရက်မပေါ်တွင် လွှနှင့်ဖြတ်သင့်သည့်နေရာကို သူတို့ရွေးချယ်နေကြသည်။
"ကျွန်တော်ကြည့်လို့ရမလား မင်းကြီး"
ရဲမင်းကြီးက လှည့်ကြည့်သည်။ စူဇီကိုတွေ့သွားသည်။ ကျွန်တော့်ကို နားမလည်သလိုကြည့် သည်။ ပြီးတော့ သည်ကိစ္စကားကြောရှည်နေဖို့ သူ့မှာမချိန်မရှိကြောင်း သဘောပေါက် သွားပုံရသည်။
"တာပေါ်လင်အောက်မှာ ဖုံးထားတယ်"

ထိုမျှပြောပြီး လွှဖြတ်မည့်ကိစ္စဘက်သို့ သူ့အာရုံပြန်ရောက်သွားတော့သည်။
အကျိုးအပဲ့ များပေါ်မှဖြတ်ပြီး ကျွန်တော်တို့ပြန်လှည့်ခဲ့သည်။ လူနာတင်ကားပေါ်သို့ ထမ်းစင်

တစ်ခုသယ်သွားသည်။ ထမ်းစင်ပေါ်တွင် အော်ဟစ်ငိုယိုနေသော လူငယ်တစ်ယောက် ပါသွားသည်။ လမ်းဘေးတစ်လျှောက်တွင် တာပေါ်လင်စနှင့်အုပ်ထားသည့် အလောင်းများကိုတွေ့ရသည်။ တာပေါ်လင်စပေါ်တွင် မိုးရေတွေ အိုင်ထွန်းနေသည်။ ကလေးအလောင်းခြောက်လောင်းကို တွေ့ရသည်။ တာပေါ်လင်စကို မကြည့်တော့ မှတ်မိဖွယ်ရာမရှိအောင် ရုပ်ပျက်နေသည်ကို တွေ့ရသည်။

စူဇီ၏သားအရွယ် ကလေးနှစ်ယောက်ကို တွေ့သည်။ ကလေး၏လက်ဖဝါးနှင့် ခြေဖဝါးကလေးများ ကိုစူဇီက သေသေ ချာချာစစ်ဆေးကြည့်နေသည်။ အင်္ဂလိပ်ရဲအရာရှိတစ်ယောက်ကလာပြီး လက်နှိပ်ဓာတ်မီး ထိုးပြသည်။ စူဇီကကလေးလက်နှင့် ခြေထောက်များကို ခပ်မြန်မြန်ပြန်ချ လိုက်သည်။ ဆေးရုံပို့ ရသည့် ကလေးရှိ မရှိ အရာရှိကို ကျွန်တော်မေးကြည့်သည်။

"မိန်းကလေးတစ်ယောက်တော့ ပို့လိုက်သည်၊ ဒါပေမဲ့အသက်ရှင်ဖို့ မလွယ်ပါဘူး"ဟု သူကပြန် ဖြေသည်။ ယနေ့ မွန်းလွဲပိုင်းက ကိုလုန်းတွင်လည်း အိမ်တစ်လုံးပြိုကျကြောင်း၊ ထိုအိမ်သည် အလွန်ဟောင်း နေသောကြောင့် ၁၉၃၉ခုနှစ်ကတည်းက ဖြိုချပစ်ဖို့ အမိန့်ထုတ်ခဲ့ကြောင်း၊ သို့သော်လည်း စစ်ဖြစ်လာသော ကြောင့် မဖြိုဖြစ်ခဲ့ကြောင်း၊ စစ်ပြီးပြန်တော့လည်း လူဦးရေက မတန်မဆများပြား လာသောကြောင့် မဖြိုဖြစ်ပြန်ကြောင်းများ ရဲအရာရှိက ပြောပြနေသည်။

ခဏကြာတော့ အကျိုးအပဲ့များ အစပ်မှာရပ်ပြီး ကျွန်တော်တို့ကြည့်နေကြသည်။ စူဇီစုထားသည့် ငွေအကြောင်း ရုတ်တရက်စဉ်းစားလိုက်မိသည်။ သံဘူးထဲမှာထည့်ပြီး ကြည့်နေကြသည်။ စူဇီစုထားသည့် ငွေအကြောင်း ရုတ်တရက်စဉ်းစားလိုက်မိသည်။ သံဘူးထဲမှာထည့်ပြီး ကြမ်းအောက်မှာ သူသိမ်းထားသည်။ ထိုအကြောင်း သူ့ကိုသတိပေးလိုက်မိသည်။
"ဟုတ်တယ်၊ ကျွန်မသိတယ်"
"ငွေဘယ်လောက်တောင်ရှိမလဲ စူဇီ"
"မေ့သွားပြီ"
သူကပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

"ငွေတော်တော်များမယ်ထင်တယ်၊ ရော့ဒ်နေဆီက ရတဲ့ငွေကလည်း မင်းထပ်စုထားသေးတာပဲ မဟုတ်လား"ဟု ကျွန်တော်ကမေးကြည့်သည်။
"ဟုတ်တယ်၊ ဒေါ်လာငါးထောင်လောက်တော့ ရှိမယ်ထင်တယ်"
"အို...အများကြီးပါလား"
"ဟုတ်တယ်၊ သွားပြီ"

"ဒါပေမဲ့ရှာရင်ပြန်ရနိုင်ပါလိမ့်မယ်"ဟု ကျွန်တော်ကနှစ်သိမ့်စကားပြောသည်။
"ဟောဟိုအလုပ်သမားတွေရှိနေမှတော့ ဘယ်ပြန်တွေ့နိုင်တော့မှာလဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ အဲဒီ ပိုက်ဆံတွေက ကျွန်မသားလေးအတွက် စုထားတာပဲ၊ သားလေးမရှိတော့ဘူးဆိုတော့ ကျွန်မလည်း ပိုက်ဆံ မလိုတော့ပါဘူး"
သူ့လေသံက ဘာမှမထူးခြားသည့် လေသံမျိုးဖြစ်နေသည်။

"ဒါပေမဲ့သွားကြည့်ကြရအောင်"
လူသုံးပစ္စည်းများ စုပုံထားသည့်နေရာသို့ သူ့ကိုကျွန်တော်ခေါ်ခဲ့သည်။ သံဘူးတွေ၊ အိမ်ထောင် ပရိဘောဂ အကျီုးပဲ့တွေ၊ အဂတ်အစားတွေ၊ ဖိနပ်တွေစုပုံနေသည်ကို တွေ့ရသည်။ စားပွဲတင်နာရီ တစ်လုံးက မိုးရေထဲမှာ စက်မရပ်ဘဲ တချပ်ချပ်ဖြင့် သွားနေသည်ကိုပါ မြင်ရသည်။

အစောင့်ကကျွန်တော်တို့ကို ရှာခွင့်ပြုလိုက်သည်။ ဘယ်နည်းနှင့်မျှရှာ၍လွယ်ကူနိုင်မည်မဟုတ်ပါ။ စူဇီက ဘာမှမထူးဆန်းသလို ပခုံးကိုသာတွန့်ပြနေသည်။ ရင်သွေးအရင်းကိုတောင် စွန့်လွှတ်လိုက် ရပြီဆိုတော့ ငွေတွေ ပျောက်ဆုံးကုန်သည်မှာ သူ့အဖို့ အကြောင်းမဟုတ်တော့ပြီ။

သူပိုင်ဆိုတာမှန်သမျှ အားလုံးပျောက်ပျက်ကုန်ပြီ။ သူ့ကိုယ်ပေါ်မှာ ဂတ်ထားသည့် ရေစိုနေသော အဂတ်တစ်ထည်သာကျန်တော့သည်။ ချမ်းမြေ့သာယာဘားခန်းမှ ပြန်လာစဉ်က သူ့လက်ထဲမှာ ပိုက်ဆံအိတ် နှင့် ထီးပါခဲ့သည်။ ယခုထိုပိုက်ဆံအိတ်နှင့် ထီးလည်းဘယ်ရောက်သွားပြီကို သူမသိ တော့။ လူ့လောက အလယ်တွင် အဂတ်တစ်ထည်ကိုယ်တစ်ခုနှင့် ကျန်ရသည်ဆိုခြင်းမှာ စူဇီအတွက် အမှန်ဆုံး ပါလား။

သူ့တစ်ကိုယ်လုံးတဆတ်ဆတ်တုန်လာသည်။ ချောက်ချားမှုကြောင့်ဖြစ်နိုင်သည်။ သို့တည်း မဟုတ် ချမ်းသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်သည်။ သွားချင်းတဆတ်ဆတ် ရိုက်နေသည်။ သူ့မျက်နှာနှင့် နှုတ်ခမ်းများ လည်း ရေခဲလိုအေးနေသည်။ သည်နေရာမှာဆက်နေ၍ ဘာမှ အကြောင်းမထူးတော့ကြောင်း ကျွန်တော်ကပြောသည်။ သို့သော်လည်း သူကငြင်းသည်။
"ကျွန်မကလေး ကို တွေ့အောင်စောင့်ဦးမယ်"

"စူဇီကိုယ်စောင့်နေမယ်၊ မင်းဆိုင်တစ်ခုခုထဲမှာ သွားနေပါ၊ ဒါမှမဟုတ်အမိုးတစ်ခုခုအောက်မှာ သွားနေပါ၊ ဒါမှမင်းနွေးသွားမယ်"
"မသွားတော့ဘူး၊ ဒီကပဲစောင့်မယ်"
"ဒါဖြင့်လည်း စောင့်လေ၊ မင်းနွေးသွားအောင် ဘရန်ဒီသွားရှာလိုက်ဦးမယ်"

လမ်းဘက်သို့ ကျွန်တော်ဆင်းလာခဲ့သည်။ ရဲကားနှင့်လူနာတင်ကားများ အလွယ်တကူ ဂင်ထွက် သွားလာနိုင်ရန်အတွက် လမ်းပေါ်မှလူအုပ်ကို ရှင်းထားပြီးပြီ။ ဆိုင်တွေအားလုံးပိတ်ထားသည်။ ဆိုင်ရှင်အချို့ဆိုင်ပြင်ထွက်ကြည့်နေကြသည်ကို တွေ့ရသော်လည်း ဘရန်ဒီမရှိပါ။ အဂတ်အစား ရောင်းသည့်ဆိုင်တွေ့ရသဖြင့် ရရာယောကျ်ားဂတ် ဆွယ်တာတစ်ထည်ဂယ်ခဲ့သည်။ စူဇီကိုထိုဆွယ်တာဂတ်ပေးပြီး လှေကားတစ်ခုအောက်သို့ ခေါ်ခဲ့သည် သူဘာလုပ်နေသည်ကို လုံးဂသိပုံမရပါ။ အိမ်ပျက်ကြီးဆီသို့သာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ဆွယ်တာအကျႌ လက်ကရှည်လွန်းသဖြင့် ကျွန်တော်ကလိပ်တင်ပေးရသည်။

လှေကားအောက်သို့မိုးကပက်နေသည်။ ထို့ကြောင့်မိုးလုံနိုင်မည့်နေရာကို ကျွန်တော်လှည့်ရှာ သည်။ တာပေါ်လင်စနှင့် ဖုံးထားသည့်အလောင်းများနားမှာ လန်ချားတစ်စီးကို စောစောက ကျွန်တော် တွေ့ခဲ့သည်။ ထိုလန်ချားကို ကျွန်တော်သွားဆွဲယူလာခဲ့သည်။ စူဇီကို လန်ချားထဲမှာ ဂင်ထိုင်စေသည်။ လန်ချားပေါ်မှာ

တွေ့သည့်တာရပတ်စတစ်ခုနှင့် သူ့ခြေထောက်များကို ဖုံးပေး လိုက်သည်။ သူ့စကားတစ်ခွန်းမှမပြောပါ။ သွားချင်းတဆတ်ဆတ်ရိုက်နေသည်မှ တစ်ပါး လှုပ်ရှားခြင်းလည်း လုံးဝမပြုပါ။ သူ့ရှေ့မှ ဖြတ်သယ်သွားသည့် ထမ်းစင်များကိုသာ မျက်တောင်မခတ် လှမ်းကြည့် နေသည်။ ထိုအချိန် မှာပင် အသံချဲ့စက်ဖြင့် ကြေညာသံပေါ်လာသည်။ ကန်တုန်ဘာသာ၊ ရှန်ဟဲဘာသာ၊ အင်္ဂလိပ် ဘာသာများဖြင့် ကြေညာခြင်းဖြစ်သည်။ အိမ်ပျက်ထဲတွင် အသက်ရှင်လျက် ကျန်ရစ်နေ သူများရှိတော့မည်မထင်ကြောင်း၊ ပိုင်ရှင်မပေါ်သေးသောအလောင်းနှင့် ပိုင်ရှင်ကမသင်္ဂြိုဟ်လို သော အလောင်းများကို အစိုးရကတာဝန်ယူပြီး သင်္ဂြိုဟ်ပေးမည်ဖြစ်ကြောင်း၊ ပစ္စည်းများကို အထောက် အထားပြပြီး မနက်ဖြန်မနက်တွင် လာရောက်ရွေးယူနိုင်ကြောင်း၊ တူးဖော်မှုကိုမူ ဆက်လက် ပြုလုပ်နေမည် သာဖြစ်ကြောင်း၊ လူအားလုံးကိုယ့်အိမ်ကိုယ်ပြန်ကြစေလိုကြောင်း ရဲအဖွဲ့ ကကြေညာသွားသည်။

ကျွန်တော်ကစူဇီထံသွားပြီး ရဲအဖွဲ့ကပြောသကဲ့သို့ပင် ပြန်ကြဖို့ပြောသည်။ သို့သော် သူကတော့ ခေါင်းခါမြဲ ခါနေသည်။

"ကျွန်မကလေးကို စောင့်ဦးမယ်"

နောက်ထပ်တစ်နာရီလောက် အချိန်ကုန်သွားသည်။ စူဇီ၏ကလေးထိန်းအဘွားကြီးအလောင်း သယ်လာသည် ကိုတွေ့ရသည်။ အဘွားကြီးနှင့်ကလေးသည် သိပ်အဝေးကြီးမဖြစ်နိုင်။ ထို့ကြောင့် နောက်ထပ် သယ်လာမည့် ထမ်းစင်တွင်ကလေးပါလာနိုင်သည်ဟု ကျွန်တော်တွေးကြည့်လိုက် သည်။

ထိုအကြောင်းကိုပြောရန် စူဇီဆီသို့ ကျွန်တော်ပြန်လာသည်။ စူဇီသည်လန်ချားပေါ်မှဆင်းပြီး ထမ်းစင် တစ်ခုနောက်သို့ လိုက်သွားသည်ကိုတွေ့ရသည်။ ထိုထမ်းစင်ပေါ်တွင် ဘာပါသွားကြောင်း လန်ချား ရှိသည့်နေရာမှ လှမ်းမြင်ဖို့မဖြစ်နိုင်ပါ။ သို့သော်လည်း သူ့စိတ်ထဲက အလိုလိုသိနေပုံရ သည်။

ထိုထမ်းစင်ပေါ်မှာ ကလေးအလောင်းတစ်ခုပါသွားသည်။ သို့သော်လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေ ပြီ။ လက်ဖဝါးနှင့် ခြေဖဝါးကလေးများကို သူစစ်ဆေးကြည့်နေသည်။ ရဲအရာရှိတစ်ယောက် မီးထိုးပြသည်။ သူစစ်ဆေး ကြည့်နေသည့် လက်နှင့်ခြေထောက်ကလေးများကို ညင်သာစွာ ပြန်ချပြီးထိုင်ရာမှထသည်။

"ဟုတ်တယ်၊ ကျွန်မသားလေး"

ထိုစကားကိုပြောပြီး နောက်သို့လှည့်ထွက်သွားသည်။

"ခွင့်ပြုပါနော်၊ ခဏစောင့်ပါဦး၊ ဟေး...ကလေးမ၊ ခဏစောင့်ဦးလေ"

ဟုရဲအရာရှိက စူဇီကိုလှမ်းခေါ်သည်။ သူကခဏရပ်နေသည်။

"သင်္ဂြိုဟ်ဖို့ကိစ္စက ဘယ်လိုလဲ၊ မင်းဟာမင်းသင်္ဂြိုဟ်မလား"ဟု ရဲအရာရှိက မေးသည်။

"ဟင့်အင်း....ပြီးသွားပြီ" ဟု ရဲအရာရှိက ဆက်မေးသည်။

"ဟုတ်ကဲ့၊ သင်္ဂြိုဟ်လိုက်ပါတော့"

နောက်သို့ချာခနဲသူလှည့်ထွက်သွားသည်။ သူ့နောက်သို့ ကျွန်တော်ကမန်းကတန်းလိုက် သွားသည်။

"စူဇီ... သင်္ဂြိုဟ်ဖို့ ကုန်ကျမယ့်ငွေအတွက် ဘာမှမပူပါနဲ့၊ ကိုယ်စီစဉ်ပေးပါ့မယ်"

"မလိုပါဘူး၊ ပြီးသွားပြီ"

သူကခေါင်းယမ်းပြသည်။

"သေချာရဲ့လား စူဇီ၊ ပိုက်ဆံကြောင့်မဟုတ်ဘူးဆိုတာ မင်းတကယ်သေချာရဲ့လား" သူ့အမူအရာကို ကျွန်တော်အကဲခတ်နိုင်ပါသည်။ တရုတ်လူမျိုးများသည် ကလေးအသုဘကို အကျယ်ချဲ့လေ့မရှိကြ။ လူကြီးအသုဘများလို ဘင်တီးဝိုင်းတွေ စီတန်းလှည့်လည်ပွဲတွေ လုပ်လေ့လုပ်ထမရှိကြ။ အချို့ငွေကြေးချမ်းသာသူများသည် ကလေးတစ်ယောက်ယောက် သေဆုံးသည်ဆိုက သုဘရာဇာကို ငွေပေးပြီး သင်္ဂြိုလ်ခိုင်းလိုက်တတ်သည်။ "ပိုက်ဆံကြောင့်မဟုတ်ပါဘူး"ဟု စူဇီကခေါင်းယမ်းပြရင်းပြန်ပြောသည်။

"မဖြစ်ပါစေနဲ့လို့ဘဲ ဆုတောင်းပါတယ် စူဇီ၊ ကိုယ့်ဆီကပိုက်ဆံချေးရမှာ စိတ်ထဲမှာဘယ်လိုမှ စနိုးစနောင့် မဖြစ်ပါနဲ့၊ မင်းစိတ်ချမ်းသာဖို့ အရေးကြီးပါတယ်" သူ့လက်ကို သူပြန်ကြည့်သည်။ သူ့ပိုက်ဆံအိတ်ကို ကြည့်ခြင်းဖြစ်သည်။ သို့သော်ပိုက်ဆံအိတ် လည်း မရှိတော့ပြီ။ သူ့ခြေလှမ်းရပ်လိုက်သည်။ "အဲဒါဆိုရင် ကျွန်မကို ဆယ်ဒေါ်လာလောက် ချေးပါနော်၊ စိတ်မရှိပါနဲ့" "အရေးမကြီးပါဘူး စူဇီ၊ ဒါပေမဲ့ မင်းဒီမျှမက ငွေလိုလိမ့်မယ် ထင်တယ်"

"လောလောဆယ်တော့ကျွန်မငွေတစ်ဆယ်ပဲ လိုပါတယ်၊ ကျွန်မသားလေးအတွက် တစ်ခုခုဝယ် ရမယ်" သူ့စကားကြား တော့ ကျွန်တော့အမူအရာက သဘောမပေါက်သလို ဖြစ်သွားပုံရသည်။ ထို့ကြောင့် သူက ဆက်ပြောသည်။
"ကျွန်မသား လေးဟာ သေသွားတာမဟုတ်ပါဘူး၊ သူ့ရဲ့ခန္ဓာကိုယ်ပါ၊ ကျွန်မသားလေးက တစ်နေရာရာ မှာသွားပြီး အသက်ရှင်နေတယ်၊ ဒါကြောင့်သူ့ကိုကျွန်မ စောင့်ထိန်းရဦးမယ်၊ သူ့အတွက် လက်ဆောင်တွေ ပို့ပေးရမယ်"
ကျွန်တော် သဘောပေါက်စပြုလာပါပြီ။

"စက္ကူလက်ဆောင်ကို ပြောတာလား" "ဟုတ်တယ်၊ စက္ကူ၊ သူရောက်နေတဲ့နေရာသစ်မှာ သူ့အတွက်လိုအပ်တဲ့ ပစ္စည်းတွေ အများကြီးရှိ နေတယ်" ထိုစက္ကူမျိုးစုံ ရောင်းသည့်ဆိုင်တွေ အနီးတစ်ဝိုက်မှာ အများအပြားရှိပါသည်။ သို့သော်လည်း အားလုံး အလိုလို ပိတ်ထားကြသည်။ နောက်ဆုံးကျမှ သစ်သားတန်းများနှင့် ရှေ့မှာပိတ်ထားသည့် ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။ ဘောင်းဘီတိုဝတ်ထားသော ဆိုင်ရှင်နှင့်တူသည် သစ်သားခုတင် ပေါ်မှာ အိပ်နေသည်။ ကျွန်တော်တို့နှိုးတော့ ထလာပြီး သစ်သားချောင်းများကို ဘေးဖယ်ကာ တံခါးဖွင့်ပေးသည်။

ဆိုင်ထဲမှာ အမွှေးတိုင်များ၊ ပြောက်အိုးများ၊ တရုတ်ဘုရားပုံတော်များ၊ လေယာဉ်ပျံစာအိတ်များ၊ အိမ်သာသုံးစက္ကူများကိုတွေ့ရသည်။ စက္ကူနှင့်ပြုလုပ်ထားသည့် အရုပ်မျိုးစုံကို အပေါ်မှာချိတ်ထား သည်။ စူဇီက သူအလိုရှိသည်များကို ပြောပြသည်။ ဆိုင်ရှင်က တုတ်နှင့်ထိုးယူပြီး ဖြုတ်ပေးသည်။

တံတား တစ်ခုကိုရွေးသည်။ သူ့သားကလေးတခြားကမ္ဘာနှင့်ဆက်သွယ် သွားနိုင်စေရန်ဖြစ်သည်။ အရွယ်ချင်း

မတူသော စက္ကူဂုတ်စုံသုံးစုံဖြုတ်သည်။ သန်းပေါင်းများစွာသော ဒေါ်လာငွေစက္ကူ ပုံလွှာန် ရိုက်နှိပ်ထားသည့်စက္ကူတစ်ထပ်ကို ယူသည်။ သဘော်တစ်စီးကိုရွေးသည်။ ကြက်တူရွေး အိမ်လောက် ရှိသောအိမ်ကလေးတစ်လုံးဂယ်သည်။ ကိုယ်ပိုင်အိမ်နှင့် ကျကျနနနေရမှ ယခုလို အိမ်ပြိုသည့်အဖြစ်ဆိုးမှသူ့သားကလေးကင်းဝေးမည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။

နောက်ထပ်သူ့အလိုရှိသည့် ပစ္စည်းတစ်ခုသည်ဆိုင်ထဲမှာ မရှိပါ။ သို့သော်လည်း သူ၏မေတ္တာရပ် ခံချက်အရ ဆိုင်ရှင်က စက္ကူအချို့နှင့် ကတ်ကြေးယူပြီး ချက်ချင်းလုပ်ပေးသည်။ စက္ကူကလေးတွေ ကို စုထပ်ပြီး အနီရောင်စက္ကူနှင့် ဖုံးလိုက်သည်။
"အဲဒါဘာလဲ စူဇီ၊ စာလုပ်လား"
ကျွန်တော်မေးကြည့်သည်။

"ဟုတ်တယ်၊ သားလေးကို စာသင်ပေးဖို့ စာအုပ်တွေ၊ သားလေးကို စာဖတ်တတ်ရေးတတ်အောင် အဲဒီ စာအုပ်တွေက သင်ပေးလိမ့်မယ်၊ ဒါမှသူကူလီမဖြစ်မှာ"
စာအုပ် အဖုံးတွင် ရေးရမည့်စာကို ဆိုင်ရှင်အား စူဇီပြောပြသည်။
ဆိုင်ရှင်ကရေးပေးသည်။

ဆိုင်ပြင်သို့ ထွက်လာတော့ အအေးဓာတ်နှင့် ရင်ဆိုင်တိုးရပြန်သည်။
စူဇီဂယ်လာသည့် ပစ္စည်းများကိုပွေ့ပိုက်ရင်း လူသွားလူလာကင်းရှင်းနေသည့် လမ်းများအတိုင်း လျှောက်လာခဲ့ကြသည်။
"စူဇီမင်းနမ်ကောက်ဟိုတယ်ကို လိုက်မလား၊ ဒါမှမဟုတ် တခြားဟိုတယ်တစ်ခုခုကို သွားချင် သလား"
"ကောင်းတယ်၊ အခန်း တစ်ခုခုရမှာတော့ သေချာပါတယ်"

စူဇီသည် တအောင့်ကြာအောင် တိတ်သွားသည်။ ပြီးတော့မှ မရေမရာပြန်ပြောသည်။
"ကောင်းပြီလေ"
"စူဇီကိုယ့်အခန်းကိုလိုက်ချင်ရင် လိုက်နိုင်ပါတယ်၊ ဒီနေ့ညတော့ မင်းတစ်ယောက်တည်း မနေသင့်ဘူးလို့ ကိုယ်ထင်တယ်"
"မနေသင့်ဘူး"

"ကိုယ့်အခန်းကို လိုက်လာရင်ကောင်းမယ်လို့ ဆိုတဲ့သဘောလား"
"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မကို ရှင်ကလိုက်စေချင်မှပါ"
"အင်မတန်လိုက်စေချင်ပါတယ် စူဇီရယ်"

နမ်ကောက်ကို ကျွန်တော်တို့ ပြန်ရောက်ကြတော့ မနက်လေးနာရီခွဲနေပြီ။ အတောင်းသူ့စားပွဲမှာ အိပ်ပျော်နေသည်ကို တွေ့ရပါသည်။ သူ့ကိုကျွန်တော် နှိုးဆော်လိုက်ရသည်။ အတောင်း ယူလာပေး သည့် မျက်နှာသုတ် ပဝါများဖြင့် ကျွန်တော်တို့ကိုယ်လုံးများ ခြောက်သွားအောင် ပွတ်တိုက်ကြ သည်။

ထို့နောက် ခုတင်ပေါ်မှာထိုင်ရင်း ရေနွေးကြမ်းပူပူကို သောက်နေကြသည်။ စူဇီငြိမ်နေပြန်သည်။ သူ့မျက်လုံးများ ဂမ်းနည်းကြေကွဲနေသည်ကိုတွေ့ရသည်။ ကုလားထိုင်ပေါ်မှာ လှန်းထားသည့် သူ့အဂတ်အစား၊ စုတ်နေသော ခြေအိတ်နှင့် ပျက်စီးသွားပြီဖြစ်သော ရှူးဖိနပ်များကို သူလှမ်းကြည့် နေသည်။ သူ့ဘဂတွင် သူပိုင်ဆိုင်သောပစ္စည်းဆိုလို့ ဒါပဲရှိတော့သည်။ စိတ်သက်သာရာ ရပါစေ တော့ဆိုသည့် သဘောဖြင့် မှန်တင်ခုံပေါ်မှာ တင်ထားသော စက္ကူပုံစံကလေးများကို လှမ်းကြည့် သည်။ ပြီးတော့ ထိုင်ရာမှ ထသွားသည်။

"ကောင်းပြီလေ။ အဲဒီလက်ဆောင်ပစ္စည်းကလေးတွေ ကျွန်မသားလေးဆီ ပို့လိုက်ဦးမယ်၊ သစ်သားမီးခြစ် ရှိသလားဟင်"

"ဒန်မီးခြစ်ရှိတယ်"

စက္ကူပုံစံကလေးများကို ယူပြီး လသာဆောင်ဘက်သို့ ထွက်သွားသည်။ သမံတလင်းပေါ်မှာ ချလိုက်သည်။ ပြီးတော့အခန်းထဲ ပြန်ဂင်လာပြန်သည်။

"ကျွန်မ တံခါးပိတ်ထားလိုက်မှ ကောင်းမယ်၊ နို့မဟုတ်ရင် အခန်းထဲမှာ မီးခိုးလိမ့်မယ်"

ခုတင်ပေါ်သို့ ကျွန်တော်ပြန်တက်ခဲ့သည်။ လသာဆောင်ပေါ်မှာ သူဆောင့်ကြောင့်ထိုင်နေသည်ကို မှန်တံခါးမှနေ၍ ကျွန်တော်လှမ်းမြင်နေရသည်။ သူမီးရှို့မည့်စက္ကူပုံစံ ကလေးများကို အစီအစဉ် လိုက်ချ နေသည်။ ဂရုတစိုက် ပြုလုပ်နေခြင်းဖြစ်သည်။ တစ်ခုနစ်ခု ကို နေရာချင်း ပြန်လဲသည်။

ကျွန်တော့ဘောင်းဘီတစ်ထည်နှင့် ရုပ်အကျႌတစ်ထည်ကို သူဂတ်ထားသည်။ ရုပ်အကျႌအပေါ်က အပြဲတွေ များနေပြီဖြစ်သောကြောင့် ကျွန်တော်စွန့်ပစ်ထားသည့် အကျႌဖြစ်သည်။ ဒန်မီးခြစ်ကို သူခြစ်ကြည့်သေးသည်။ ပြီးတော့မှ စက္ကူပုံကလေးတစ်ခုကို မီးစတင်မီးရှို့သည်။ သူ့လက်ချောင်းကလေးများကို အပူဟတ်လာအောင် သေးသွားတော့မှာ သမံတလင်းပေါ်သို့ ပစ်ချသည်။ မီးငြိမ်းသွားတော့ ကျန်ပစ္စည်းများကို ဆက်ရှို့သည်။ မီးငြိမ်းသွားပြန်သောအခါ သမံတလင်းပေါ်မှာ မလောင်ဘဲ ကျန်နေသေးသည့် စက္ကူအစကလေးများကို စုပုံကာ မီးရှို့ပြန် သည်။ လေကလေးခပ်သာသာ တိုက်လိုက် သောကြောင့် စက္ကူပြာများ ဥဒဟို လွင့်သွားသည်။ မှန်တံခါး ဆီသို့လည်း လွင့်လာသည်။

ငွေစက္ကူပုံစံများကို ရှို့သည်။ ပြီးတော့ မီးခြစ်ကိုင်ပြီး အခန်းထဲပြန်ဂင်လာသည်။ "ဓာတ်ဆီကုန်သွားပြီ"ဟု ပြောသည်။

ကျွန်တော်က ဓာတ်ဆီဖြည့်ပေးလိုက်သည်။ အပြင်ပြန်ထွက်သွားပြီး လသာဆောင်တံခါးကို ပြန်ပိတ်ပေး ခဲ့သည်။ ဆယ်မိနစ်လောက်ကြာတော့ မီးဆက်ရှို့စရာ အိမ်ကလေးတစ်လုံးသာ ကျန်တော့သည်။ အိမ်ကလေး ကို သမံတလင်းပေါ်မှာ ချပြီးရှို့သည်။ မီးတောက်က အတော်မြင့်မြင့် တက်သွားသည်။ ခဏ ကြာတော့ ငြိမ်သွားသည်။ မလောင်သေးသော အစကလေးများနှင့် ဂါးခြမ်းပြား အစကလေးများကို စုပုံပြီး မီးရှို့ နေပြန်သည်။ အားလုံးပြီးတော့မှ အခန်းထဲသို့ပြန်ဂင် လာသည်။

တံခါးဖွင့်လိုက် သောအခါ စက္ကူညော်နံ့များ အခန်းထဲသို့ဂင်လာသည်။ သူ့မျက်လုံးများ တည်ငြိမ် နေလေပြီး။

ခုတင်ပေါ်တက်လာပြီး ကျွန်တော့်ဘေးမှာ ဝင်အိပ်သည်။ ကျွန်တော်ကမီးပိတ် လိုက်သည်။ ကျွန်တော့် ဘေးမှာ သူလူးလွန့်လိုက်သည်။ သူ့မျက်နှာပေါ်မှာ မျက်ရည်များကို စမ်းမိသည်။ အတော် ကလေးကြာအောင် အသံမထွက်ဘဲ ငိုနေသည်။ ငို၍အားရသောအခါ ငြိမ်ငြိမ်ကလေးအိပ်နေသည်။ ထို့နောက် ညှိုးငယ်သော လေသံကလေးနှင့်မေးသည်။

"တစ်ခုခုများ မောင်သိမလားဟင်၊ အဲဒီလက်ဆောင်ပစ္စည်းတွေကို ကျွန်မနည်းနည်းကလေးမှ မယုံဘူး၊ ကျွန်မသားလေး အဲဒါတွေကို ရမယ်ဆိုလုံးဝမယုံဘူး"
"မယုံဘူးလား စူဇီ၊ ဒါပေမဲ့ အဲဒါတွေကို မင်းရှို့နေတုန်းက ယုံနေသားပဲ၊ မဟုတ်ဘူးလား"

"တစ်ဝက်ပဲ၊ ကျွန်မတစ်ဝက်ပဲယုံတယ်၊ ကျွန်မသားလေးရုပ်ပျက်ဆင်းပျက်နဲ့ အသက်ကုန်နေတာကိုတွေ့ရတော့ ကျွန်မစဉ်းစားမိတယ်၊ သားလေးရဲ့ဘဝပြီးသွားပြီဆိုတာကို ငါယုံကြည်လိုက်ရင် အသည်းကွဲရတော့မယ်လို့၊ အသည်းကွဲတဲ့ဝေဒနာနဲ့ ရူးသွားမှာပဲလို့၊ ဒါကြောင့်သားလေးဟာ တစ်နေရာရာမှာ သွားပြီး အသက်ရှင်နေတယ်လို့ ယုံကြည်နိုင်အောင် ကျွန်မကြိုးစားရမယ်၊ ဒီလို အသက်ရှင်နေတယ်ဆိုရင် သူ့ကို ကျွန်မထိန်းသိမ်းစောင့်ရှောက်ရဦးမှပေါ့၊ မောင်နားလည်ရဲ့ လားဟင်"
"နားလည်ပါတယ် စူဇီ"

သူနှင့်ကျွန်တော်ကူးတို့သင်္ဘောပေါ်မှာ ပထမဆုံးအကြိမ်တွေ့ကြသည့် အကြောင်းကိုပြန်သတိရ သည်။ သူသည် သဌေးသမီးအပျိုစင်ကလေးဟု ဟန်ဆောင်ခဲ့သည်။ သူဟန်ဆောင်နေကြောင်း လည်း သူ့ဟာသူသိသည်။ ယခုလည်းသူလုပ်နေသည်ကို သူယုံကြည်နိုင်အောင် ကြိုးစားနေသည်။ တကယ်ဆိုတော့ ယုံကြည်စရာအကြောင်းမရှိ။ သို့သော်လည်း သူယုံကြည်လိုက်သည်။ ထိုစိတ်ထားနှင့် ပတ်သက်လာလျှင် သူအင်မတန်တော်ပါသည်။

"အခုတော့လေ ကျွန်မထိန်းသိမ်းစောင့်ရှောက်ရမယ့်လူ မောင်ကလွဲပြီး တစ်ယောက်မှမရှိတော့ဘူး၊ မောင်နဲ့အတူတူနေပြီး မောင့်ကိုထိန်းသိမ်းစောင့်ရှောက်ပေးစေချင်သလားဟင်"
ကျွန်တော်ကိုသူတင်းတင်းကြီး ဖက်လိုက်ပါသည်။ သူ့မျက်နှာကို ကျွန်တော့်လည်ပင်းထဲမှာ မြှုပ်ထားသည်။
"စောင့်ရှောက်စေချင်ပါတယ် စူဇီ၊ မင်းနေချင်သလောက် ဒီမှာနေနိုင်ပါတယ်"

"အခုအချိန်ကစပြီး မောင့်ကို ဘယ်တော့မှခွဲမသွားတော့ဘူး၊ မောင်ကစူဇီထွက်သွားတော့လို့ မပြောမချင်း ကျွန်မဘယ်ကိုမှ မသွားတော့ဘူး"
"ဘာပဲဖြစ်ဖြစ် အထိုက်အလျောက်တော့ မင်းငွေလိုဦးမှာပေါ့ စူဇီ၊ အဝတ်အစားတွေလည်း ဝယ်ရဦးမယ်"
"တစ်ထည် ဆိုရင် လုံလောက်ပါပြီ မောင်"
"အဲဒီတစ်ထည်ဆိုတာကိုတောင် ကိုယ်တတ်နိုင်မှာမဟုတ်ပါဘူး"

"တစ်ထည် ကလေးမှ မတတ်နိုင်ရင်လည်း အရေးမကြီးပါဘူး မောင်ရယ်၊ မောင့်ရုပ်အကျႌတွေ ဝတ်ပြီး ဒီအခန်းထဲမှာပဲ ကျွန်မနေနိုင်ပါတယ်၊ အပြင်ကိုထွက်ဖို့မှ မလိုတော့ဘဲ"
"မင်းငြီးငွေ့သွားမှပေါ့"

"မငြီးငွေ့ပါဘူး၊ မောင့်ကိုပြုစုရတာနဲ့ပဲ ကျွန်မမအားနိုင်အောင် ဖြစ်နေမှာလေ၊ ငြီးငွေ့ချိန်ရှိတော့မှာ မဟုတ်ပါဘူး၊ မောင်အဝတ်အစားတွေက ပြုတ်သွားတဲ့ ကြယ်သီးတွေ တပ်ပေးရမယ်၊ မောင့်ဖိနပ် ကို ဆေးသုတ်ပြီး တိုက်ပေးရမယ်၊ မောင့်ဆံပင်တွေကို ဖြီးပေးရမယ်၊ မောင့်ဆံပင်တွေကို ဖြီးပေးတာ ကြိုက်လားဟင်"
"မပြောတတ်ဘူး၊ တစ်ခါမှမကြုံဖူးဘူး"

"မောင့်နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေလည်း ရိတ်ပေးရမယ်၊ မောင့်အတွက်ခြေအိတ်လည်း ထိုးပေးရမယ်၊ ခြေအိတ်ဘာအရောင်ကို မောင်ကြိုက်သလဲ"
"အဝါရောင်လို့ ထင်တာပဲ"
"ကောင်းပြီ၊ အဝါရောင်ကလေးတွေထိုးပေးမယ်၊ မောင့်အတွက်အားလုံးလုပ်ပေးမယ်၊ မောင်တွေ့ဖူး သမျှထဲမှာ အကောင်းဆုံးမိန်းကလေး သူငယ်ချင်းဖြစ်အောင် ကြိုးစားပါ့မယ်"
"ဒီလိုမိန်းကလေးသူငယ်ချင်းမျိုး တစ်ခါမှမရှိခဲ့ဖူးပါဘူး"

"ဒါပေမဲ့ ကျွန်မကို မောင်လိုချင်တယ်မဟုတ်လား၊ မောင်ဟန်ဆောင်နေတာ မဟုတ်ပါဘူးနော်"
"မဟုတ်ပါဘူး၊ ဟန်မဆောင်ပါဘူး"
စူဇီကမီးဖွင့်လိုက်သည်။

"ဘာဖြစ်လို့လဲစူဇီ"ဟု ကျွန်တော်ကမေးသည်။
"ဟန်များဆောင်နေသလားဆိုတာ ကြည့်ချင်လို့"
"ဟန်ဆောင်သလား"

မီးပြန်ပိတ်လိုက်ပြီး ကျွန်တော့်ဘေးမှာ ညင်ညင်သာသာကလေး ပြန်အိပ်လိုက်သည်။
"မဆောင်ဘူး၊ မောင်ဟန်ဆောင်နေတယ်လို့ ကျွန်မမထင်ဘူး"ဟု ပြောသည်။

**အခန်း (၂) မျှော်**

## စာအုပ် (၃) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၂)

**အခန်း(၂)**

ထို့နောက်ပိုင်းရက်များ သည် အလွန်တရာ စိတ်ချမ်းသာပြီး ပျော်ရွှင်ရသော ရက်များ ဖြစ်ခဲ့သည်။ ကျွန်တော် လည်း ဘယ်တုန်းကနင့်မှ မတူအောင် အလုပ်တွေ လုပ်နိုင်ခဲ့သည်။

ယခင်တုန်းက ကျွန်တော့်အခန်းထဲမှာ အခြားသူ တစ်ယောက်ယောက် ရှိနေလျှင် ကျွန်တော် ပန်းချီဆွဲ၍ မရ ခဲ့။ ယခုတော့ သည်လိုမဟုတ်တော့ပြီ။ အခန်းထဲမှာ စူဇီရှိနေသည့်အတွက် ဘာအနှောင့် အယှက်မှမဖြစ်။ အနှောင့်အယှက် မဖြစ်ရုံမက ပို၍ပင် အာရုံဝင်စားလို့ ရနေသည်။ အခန်းထဲမှာ စူဇီမရှိလျှင် ကျွန်တော် ကောင်းကောင်း အလုပ်မတွင်ချင်တော့။

သူသည် အလွန်စိတ်ရှည်သည်။ ကျွန်တော် ပန်းချီဆွဲနေသမျှ တစ်ချိန်လုံး ခုတင်ပေါ်မှာ တင်ပျဉ်ခွေပြီး ထိုင်စောင့် နေတတ်သည်။ တစ်ခါတစ်ရံ နာရီပေါင်းများစွာ ကြာသည်။ အရုပ် စာအုပ်တွေ ထိုင်ကြည့်ချင် ကြည့်နေတတ်သည်။ တစ်ခါတစ်ရံတွင်လည်း အတွေးထဲမှာ နစ်ချင်နစ်နေတတ်သည်။

တစ်ခါတစ်လေ ကျတော့ သူ့စိတ်ကူးထဲမှာ ပေါ်နေသည်များကို လှမ်းမေးတတ်သည်။ သူ့ဟာသူလည်း ကောက်ချက် ချ အဖြေထုတ်နေတတ်သည်။
"နမ်ကောက်ကိုကြည့်ပြီး ဘုရားသခင်ကတော့ သိပ်သဘောကျနေမှာပဲလို့ ကျွန်မ ထင်တယ်မောင်၊ ယောကျ်ားနဲ့ မိန်းမ လက်ထပ်တာကို ဘုရားသခင်က ဂရုစိုက်လိမ့်မယ်လို့ ကျွန်မ မထင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ တိရစ္ဆာန်တွေ အချင်းချင်း လက်ထပ်ဖို့ ဖန်ဆင်း ပေးမထားဘူး။ ငါးတွေ၊ ပန်းပွင့်ကလေးတွေ အချင်းချင်း လက်ထပ်ဖို့ ဖန်ဆင်း ပေးမထားဘူး၊ ပန်းပွင့်ကလေးတွေမှာလည်း လူတွေလိုပဲ၊ အဖိုရယ် အမရယ် ရှိတာပဲ"

"ဒါဖြင့် မောင်တို့လူတွေကိုလည်း ဘုရားသခင်က တိရစ္ဆာန်တွေ၊ ပန်းပွင့်ကလေးတွေလိုပဲ မြင်တယ်လို့ မင်းထင်သလား" ဟု ကျွန်တော်က ပြန်မေးတယ်။
"ဟုတ်တယ်၊ ကျွန်မတို့က ဦးနှောက်ရှိတယ်၊ ဒါပဲ ကွာတယ်၊ ကြောင်တစ်ကောင်ထက် ပိုကောင်းတဲ့ ဦးနှောက် ကျွန်မမှာ ရှိတယ်၊ ဒါပေမဲ့ ကြောင်မှာရော၊ ကျွန်မမှာရော အသက် ရှိတယ်၊ အတူတူပဲ၊ ဘုရားသခင်က ကျွန်မထက် ကြောင်တစ်ကောင်ကို ပိုပြီး သဘောကျ ချင်ကျမယ်၊ ဘယ်သူတွေက သိနိုင်မှာလဲ၊ ကျွန်မတို့ထဲကို အသက်ဆိုတာ ဖန်ဆင်း ထည့်ပေးထားပြီးတော့ ကျွန်မတို့ ပျော်နေတာပဲ ဘုရားသခင်က ကြည့်ချင်မှာပေါ့၊ ဒါကြောင့် နမ်ကောက်ဟိုတယ် ဘားခန်းထဲမှာ စည်းစည်းကားကား ဖြစ်နေတာကို ဘုရား သခင်ကမြင်ရင် သူ့လက်နှစ်ဖက်ကို ပွတ်လိုက်ပြီး "အင်း ... ငါဖန်ဆင်းပေးထားတာဟာ ဘယ်လောက် ဟန်ကျ လိုက်သလဲ" လို့ စဉ်းစားနေမှာပဲ"

ထိုစကားကိုကြားတော့ ကျွန်တော် ရယ်မိပါသည်။
"မိန်းကလေးတွေ ဆေးထိုးရအောင် သွားတာကိုမြင်တော့ကော ဘယ်လိုလဲ၊ ဘုရားသခင် က လက်နှစ်ဖက်ကို ပွတ်လိုက်တာပဲလို့ မင်းထင်သလား"
"မပွတ်ဘူး၊ ဆေးထိုးတာကို ဘုရားသခင် မကြိုက်ဘူး၊ အဲဒီဆေးတွေကြောင့် ဘုရားသခင် စိတ်ဆိုးတယ်"
နေ့တိုင်း ကျွန်တော်တို့ လမ်းလျှောက်ထွက်ကြသည်။

ထွက်တိုင်းလည်း အတွေ့အကြုံ အသစ်အဆန်းတွေ၊ ပျော်စရာ အသစ်အဆန်းတွေ အမြဲ တွေ့နေရသည်။ မရောက်ဖူးသည့် လမ်းကြိုလမ်းကြားဟူ၍ မရှိတော့သလောက် ဖြစ်သည်။ လမ်းဘေး စားသောက်ဆိုင် တွေမှာလည်း ကြုံသလို ဝင်စားလိုက်ကြသည်။ တံငါလှေ ကလေးတစ်စီးနှင့်လည်း လိုက်သွားဖူးသည်။

တောင်ထိပ် သို့လည်း တက်ခဲ့သည်။ ကျားပရုပ်ဆီသူဌေး၏ ခြံသို့သွားကာ ညစ်ထေးညစ်ပတ် ကျောက်ရုပ် တွေကြည့်ပြီး ရယ်ခဲ့ ကြသေးသည်။

တစ်မနက်တွင် စက်သေနတ်သံတွေ အဆက်မပြတ် ကြားရသောကြောင့် အိပ်ရာမှ ကျွန်တော် လန့်နိုးလာသည်။ နယ်ခြားကို ကွန်မြူနစ်တွေ ဖြတ်ကျော်လာပြီး စစ်ပွဲ အသစ်တစ်ခု ဖြစ်ပြီဟု ကျွန်တော် ထင်လိုက်မိသည်။ ပြီးတော့မှ တစ်ယောက်ကို တစ်ယောက် ကြည့်ကာ အတောမသတ် ရယ်မိကြတော့သည်။ "ဗြောက်အိုးတွေ ဖောက်နေတာ"

သည်လို စောစောစီးစီး ဗြောက်အိုးဖောက်တာမျိုးကို ကျွန်တော်တို့ မကြုံဖူး။ အလံလွှင့် ထားသော သင်္ဘော သုံးစီးဖြင့် ပျော်ပွဲစားထွက်သူတွေ လိုက်ပါသွားကြသည်။ ထိုသင်္ဘော ပေါ်က ဗြောက်အိုးပေါင်း များစွာကို ဖောက်ခြင်း ဖြစ်သည်။

ထိုနေ့သည် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့ ကိုးကွယ်သည့် မေခလာ နတ်သမီး နေ့ဖြစ်ကြောင်း အတောင်းပြောပြမှ သိရသည်။ တံငါရွာကလေး တစ်ရွာ သို့ ဘတ်စ်ကား စီးပြီး ကျွန်တော်တို့ သွားကြသည်။ ခြသေ့်ခေါင်းစွပ်ပြီး ကနေသူများနှင့် လူပေါင်းများစွာတို့ စီတန်းလှည့် လည်နေသည်ကို တွေ့ရသည်။ အစားအသောက်တွေ ကလည်း စုံပါဘိ။ များပါဘိ။ စေတနာ ပိုပါဘိ။ နေ့စဉ် အနည်းဆုံး တစ်နာရီလောက်တော့ စူဇီကို ကျွန်တော် စာဖတ်ပြလေ့ ရှိသည်။ ဗြိတိသျှကောင်စီ စာကြည့်တိုက်မှ စာအုပ်များ ကျွန်တော် သွားငှားသည်။ သူနားမလည် သည့် စကားလုံးများကို ရှင်းပြရသည်။ စူဇီသည် ဂတ္ထု၊ အတ္ထုပတ္တိနှင့် ခရီးသွား စကာပေ များကို စိတ်ဝင်စားသည်။

သို့သော်လည်း သူအကြိုက်ဆုံးဂတ္ထုမှာ ဂိုင်းဒီမောပါဆွန့်၏ "ဘောင်းဒီဆူး" ဂတ္ထု ဖြစ် သည်။ ဂတ္ထုဇာတ်လမ်း မှာ ပြင်သစ်လူမျိုး ပြည့်တန်ဆာမကလေးသည် အရင်းရှင်းကြီး တစ်ဦးနှင့်အတူ ခရီးသွားသည်။ အရင်းရှင်ကြီး က ပထမပိုင်းတော့ ပြည့်တန်ဆာမ ကလေးကို အထင်သေးသည်။ နောက်တော့ ပြည့်တန်ဆာမကလေးကို အသုံးချသည်။ သူ့ဆန္ဒနှင့် ဆန့်ကျင်ပြီး ခိုင်းစေခြင်းများလည်း ခံရသည်စသော ဇာတ်လမ်း ဖြစ်သည်။

ထိုဂတ္ထုကို ဖတ်ပြသောအခါ စိတ်ဝင်စားစွာ နားထောင်သည်။ ပြီးတော့ မဆုံးနိုင်အောင် မေးခွန်းတွေ မေးလေတော့သည်။ ဘောင်းဒီဆူးဆိုသော ပြည့်တန်ဆာမကလေးသည် ထိုဘဝသို့ ဘာကြောင့် ရောက်လာရသနည်း၊ လူပေါင်း ဘယ်လောက်များများနှင့် တွေ့ခဲ့ သနည်း၊ အခကြေးငွေ ဘယ်လောက်ယူသနည်းဆိုသော မေးခွန်းများ ဖြစ်သည်။

ဘားခန်းထဲမှာရှိသော အခြားအမျိုးသမီးများကိုလည်း သူက ထိုဂတ္ထုဇာတ်လမ်းကို ပြန်ပြောပြသည်။ အမျိုးသမီးတွေက ကြိုက်လွန်းသောကြောင့် အကြိမ်ကြိမ် ထပ်ပြောခိုင်းတတ် သည်။ ထိုဂတ္ထုပြောပြီဆိုလျှင် အမျိုးသမီး များအားလုံးသူ့ဘေးမှာ ဝိုင်းနေကြသည်။

ယခုဆိုလျှင် စူဇီသည် ဘားခန်းထဲမှာ ဘုရင်မကြီးလို ဖြစ်နေသည်။ အားလုံးက သူ့ကို လေးစားကြသည်။ ကျွန်တော်နှင့် အတည်တကျ အတူနေနေပြီကို တွေ့ရသောကြောင့် ပိုလေးစားလာသည်။

ကျွန်တော်တို့ နှစ်ယောက်ကိုလည်း တရားဝင် လက်ထပ်ထားသည့် အကြင်လင်မယား အဖြစ် သဘောထား ဆက်ဆံ လာကြသည်။ လက်ဆောင်ပစ္စည်းကလေးများ ယူလာကာ ကျွန်တော်တို့အခန်းသို့ လာရောက် ်လည်ပတ်တတ်ကြသည်။ ကျွန်တော်တို့ နှစ်ယောက်တည်းနေဖို့ အချိန်တန်ပြီဆိုလျှင်လည်း လိမ္မာပါးနပ်စွာ အလျိုလျို ပြန်သွားကြသည်။

ကျွန်တော်တို့အခန်းသို့ အများဆုံးလာရောက် လည်ပတ်သူမှာ ဂွမ်နီနှင့် နောက်ရောက် လာသည့် လူသစ် မေရီကီး ဖြစ်သည်။ မေရီကီးသည် အရုက်အကြောက် ကြီးသည်။ စူဇီက သူ့ကို အစစ အရာရာ သွန်သင်ဆုံးမသည်။ အကြံကောင်း ဉာဏ်ကောင်းတွေလည်း ပေးလေ့ရှိသည်။ ကျောင်းဆရာမ ကြီးတစ်ယောက် က ကျောင်းသူကလေးတစ်ယောက်ကို သင်ကြားပေးနေသည်နှင့်ပင် တူသေးတော့သည်။ အခြား မိန်းကလေးများနှင့် တွေ့လျှင် စူဇီသည် ယခင်တုန်းက "ကျွန်မရည်းစား" ဟု ကျွန်တော့်ကို ညွှန်းလေ့ ရှိသည်။ ယခုတော့ ထိုအသုံးအနှုန်းကို လုံးဝမသုံးတော့။ "ကျွန်မ ယောက်ျား" ဟု ပြောင်းလဲ သုံးနှုန်း လာသည်။

ထိုအကြောင်းနှင့် ပတ်သက်ပြီး တစ်ခါတုန်းက ကျွန်တော့်ကို သူပြောပြဖူးသည်။
"ကျွန်မယောက်ျားလို့ ပြောရတာ ပိုကောင်းတယ် ထင်လို့ပါမောင်ရယ်၊ ဒါပေမဲ့ မောင့်ကို အရင်မေးမကြည့်ဘဲ ကျွန်မဟာကျွန်မ ဒီလိုပြောမိတာတော့ စိတ်မကောင်း ဖြစ်မိပါတယ်"
"ဘယ်လိုပဲခေါ်ခေါ် အရေးမကြီးပါဘူး စူဇီ၊ မင်းကြိုက်သလို ခေါ်နိုင်ပါတယ်"

"ဒါပေမဲ့ ကျွန်မတို့နှစ်ယောက် ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူးလို့ သူတို့ကို ပြောပြ ထားပါတယ်၊ 'ငါ့ယောက်ျားဟာ အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီး၊ တစ်နေ့ကျရင် သူ သိပ်နာမည်ကြီးသွားမယ်၊ တစ်ကမ္ဘာလုံး မှာ ဟိုးဟိုးကျော်သွားမယ်၊ သတင်းစာထဲမှာ သူ့ပန်းချီကားတွေ ပါလာတာ မင်းတို့ မြင်ရမယ်၊ သတင်းကား တွေထဲမှာ သူ့ပန်းချီကားတွေ ပါလာတာ မင်းတို့ မြင်ရမယ်၊ ဒါကြောင့် ငါ့ကို သူ လက်ထပ်လို့ မဖြစ်ဘူးလေ၊ အင်္ဂလိပ်မ ကလေးတစ်ယောက်နဲ့ သူ လက်ထပ်ရမှာ' လို့ သူတို့ကို ကျွန်မက ပြောပြ ထားတယ်"

"ရှေ့ရေးနဲ့ ပတ်သက်ပြီး မောင်လည်း ဟုတ်တိပတ်တိ မစဉ်းစားမိပါဘူး စူဇီရယ်" ဟု ကျွန်တော်က ပြန်ပြောမိသည်။
နေ့လည်ခင်း ကျွန်တော်တို့ အနားယူနေကြခိုက် ဖြစ်သည်။

"ဒါထက် ... ဟို ... ဂေါ့စ် ... ဘာလဲ၊ အဲဒီစကားလုံးရဲ့ အဓိပ္ပာယ်က ဘာလဲဟင်"
"ဂေါ့ဆမာကို ပြောတာလား"
နေ့လည်စာ စားတုန်းက သူ့ကို ဖတ်ပြခဲ့သည့် စာတစ်အုပ်တွင် ထိုစကားလုံးပါကြောင်း ကျွန်တော် အမှတ်ရ မိသည်။
"ဟုတ်တယ်၊ ဂေါ့ဆမာ"

အဓိပ္ပာယ်ကို ကျွန်တော် ရှင်းပြသည်။ ထိုမှဆက်ပြီး ပင့်ကူများအကြောင်း၊ ပင့်ကူအိမ် လုပ်သည့် အကြောင်းများကို ကျွန်တော် ပြောပြသည်။

"ရေ့ရေးနဲ့ပတ်သက်ပြီး မောင်လည်း ဟုတ်တိပတ်တိ မစဉ်းစားမိပါဘူး စူဇီရယ်" ဟု ကျွန်တော်က ပြန်ပြောမိသည်။

နေ့လည်ခင်း ကျွန်တော်တို့ အနားယူနေကြခိုက် ဖြစ်သည်။

"ဒါထက်... ဟို ဂေါ့စ်... ဘာလဲ၊ အဲဒီစကားလုံးရဲ့ အဓိပ္ပာယ်က ဘာလဲဟင်"

"ဂေါ့ဆမာ ကို ပြောတာလား"

နေ့လည်စာ စားတုန်းက သူ့ကို ဖတ်ပြခဲ့သည့် စာတစ်အုပ်တွင် ထိုစကားလုံးပါကြောင်း ကျွန်တော် အမှတ်ရမိသည်။

"ဟုတ်တယ်၊ ဂေါ့ဆမာ"

အဓိပ္ပာယ်ကို ကျွန်တော် ရှင်းပြသည်။ ထိုမှဆက်ပြီး ပင့်ကူများအကြောင်း၊ ပင့်ကူအိမ်လုပ်သည့် အကြောင်းများကို ကျွန်တော် ပြောပြသည်။

မလေးရှားမှာ ကျွန်တော် နေစဉ်က ပင့်ကူများကို နာရီပေါင်းများစွာ လေ့လာကြည့်ဖူးသည်။ သစ်ပင်ကြီးနှစ်ပင်ကို ဆက်ထားသည့် ပင့်ကူအိမ်လုပ်ရာတွင် ပထမအမျှင်များကို ဘယ်လိုများ ဆက်ပါလိမ့် ဟု ကျွန်တော် သိချင်ခဲ့သည်။ ထို့ကြောင့်လည်း နာရီပေါင်းများစွာ စောင့်ကြည့်ခဲ့သည်။

ပင့်ကူတစ်ကောင်သည် သစ်ပင်တစ်ပင်၏ အကိုင်းတစ်ခုမှ ပင့်ကူမျှင် တစ်ချောင်းဖြင့် တွဲလောင်းချနေသည်။ လေတိုက်သောအခါ တစ်ဖက်သို့ လွင့်သွားသည်။ အခြားသစ်ပင်မှာ သွားတွယ် မိသည်။ သို့ဖြင့်ပင် သစ်နှစ်ပင်ကို ဆက်သော ပထမအမျှင် ရလေတော့သည်။ ထိုပထမတစ်မျှင် ရပြီဆိုလျှင် ကြီးမားသော ပင့်ကူအိမ်ကြီးလုပ်ဖို့ အခက်အခဲမရှိတော့ပြီ။

စူဇီသည် အလွန်ဗဟုသုတ လိုချင်သည့် မိန်းကလေးဖြစ်သည်။ ကျွန်တော် ပြောပြသည်များကို စိတ်ဝင်တစား နားထောင်သည်။ မှတ်ဉာဏ်လည်း ကောင်းသည်။ သူ စာမတတ်သည်မှာ ကျွန်တော့်အဖို့ တစ်မျိုး ချစ်စရာ ကောင်းနေသည်။

ထိုနေ့က ပင့်ကူနှင့် ပင့်ကူအိမ်အကြောင်း ပြောပြနေရင်း ကျွန်တော့် စိတ်ထဲမှာ အတွေးတစ်ခု ရုတ်တရက် ပေါက်လာသည်။ စူဇီနှင့် အတူနေရသည်မှာ ကျွန်တော့် ဘဝတွင် အပျော်ဆုံးဖြစ်သည်။ အခြားသူများနှင့် အတူနေခဲ့ရသည်ထက် အဆပေါင်းများစွာ ပိုမိုစိတ်ချမ်းသာမိသည်။

သူနှင့် ကျွန်တော် လက်ထပ်ချင်လှပါသည်။

သို့သော်လည်း ဒီအကြောင်းကို ကျွန်တော် ဖွင့်မပြောမိ။ ထိုမျှမက ကျွန်တော် ကိုယ်တိုင်ကလည်း ဘာဆုံးဖြတ်ချက်မှ မချသေးဘဲ ထားလိုက်သည်။ ယောက်ျားတစ်ယောက်သည် ဆိပ်ကမ်းမှ အမျိုးသမီး များနှင့် လက်မထပ်ဘဲ အတူနေနိုင်သည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့် စူဇီနှင့် ဘာကြောင့် လက်မထပ်ဘဲ နေရမည်နည်း။ သူ့ဘဝ၏ အတိတ်အကြောင်းနှင့် ပတ်သက်ပြီး ကျွန်တော် လုံးဝ ဂရုမစိုက်ပါ။ ကျွန်တော့် စိတ်ကို နည်းနည်းကလေးမှ မထိခိုက်စေပါ။ ယခုဆိုလျှင် သူ့အတွေ့အကြုံများကိုပင် ကျွန်တော် မေးကြည့် နေမိသည်။ သူ ပြောပြနေသည်များကို စိတ်ဝင်တစား ထိုင်နားထောင်နေနိုင်စွမ်းလည်း ရှိနေပြီ။

ပင့်ကူနှင့် ပင့်ကူအိမ်များအကြောင်း ပြောနေရင်းမှာပင် သူနှင့် လက်ထပ်ဖို့ကိစ္စ ပြောမိတော့မလို ဖြစ်သွား

သည်။ ထိုအချိန်မှာပင် ကျွန်တော့် ခန္ဓာကိုယ်အတွင်းမှ အသံတစ်သံကို ကြားနေရသလိုရှိသည်။

"မင်း မရှူးစမ်းနဲ့၊ တစ်နေ့ကျရင် မင်း နောင်တကြီးစွာ ရမယ်ဆိုတာကို မင်းသိတယ်၊ သူ့ကို မင်းလက်ထပ်ချင်တယ်ဆိုတာ သူ့ရဲ့ မသိနားမလည်မှုက မင်းရဲ့ အတ္တစိတ်ကို ကြီးအောင်လုပ်ပေးနေလို့ပဲ၊ မင်းကို သူက အထင်ကြီး လေးစားနေလို့ပဲ"

ကျွန်တော်ကလည်း အာခံသောမေးခွန်းမျိုး ပြန်မေးမိသည်။

"အဲဒီလိုထင်တာ ဘာမှားသလဲ၊ ငါ့ကို အထင်ကြီးလေးစားတာ ငါက မသာယာရဘူးလား၊ ဘာပဲဖြစ်ဖြစ် တစ်ခါတလေမှာ သူ့ကြောင့် ငါစိတ်ဆင်းရဲရတာတော့ ရှိတာပေါ့၊ ဒါကလည်း သူရဲ့ မသိနား မလည်မှုကြောင့်ပါ၊ သူဟာ ငါ့ထက် ပိုပြီး သန့်ရှင်းလက်ဆက်တယ်၊ ငါ့ဆီက သူ လေ့လာရ တာတွေရှိသလို သူ့ဆီမှာ ငါ လေ့လာရတာတွေလည်း အများကြီးရှိတယ်၊ တစ်ချိန်လုံး သူ့ဆီက ငါ လေ့လာနေရတာ၊ ဘဝ ကိုလည်း အင်မတန် သန့်ရှင်းတဲ့ အမြင်နဲ့ သူ မြင်တယ်၊ ဘဝကို သူ့မျက်စိအမြင်နဲ့ ငါကြည့်ရတာတွေ ရှိတယ်"

အတွင်းကအသံ။ ။ "ကောင်းပြီ၊ သူ့ကို မင်းလက်ထပ်ပြီး ဒီမှာပဲ နေမယ်ဆိုရင် ပြဿနာမရှိဘူး၊ ဒါပေမဲ့ အင်္ဂလန်ကိုတော့ သူ့ကို မင်းခေါ်သွားလို့ မဖြစ်ဘူး၊ မင်းမိတ်ဆွေ တွေက သူ့ကို အိမ်ထဲအဝင်ခံမှာ မဟုတ်ဘူး"

ကျွန်တော်။ ။ "အိမ်ထဲအဝင်မခံချင်တဲ့ အကောင်တွေ ငရဲပြည် သွားကြပေါ့၊ လက်ခံချင်တဲ့လူတွေ သေချာပေါက်ရှိရမယ်"

အတွင်းကအသံ။ ။ "ဟုတ်တယ်၊ အဲဒီလက်ခံချင်တဲ့ သူကလည်း သူ့ကို ကြေးစားအဖြစ်နဲ့ လက်ခံတာပဲဖြစ်ရမယ်၊ မင်း ဟောင်ကောင်မှာ သင်္ဘောသားတွေနဲ့ လုပ်ခဲ့တာမျိုးလေး လုပ်ပြစမ်းပါကွာ၊ အဲဒါလေး ကြည့်ချင်လို့ ဆိုတာမျိုးပဲ ပြောမှာပေါ့"

ကျွန်တော်။ ။ "ဒီလိုဆိုရင် သူ့ကို အင်္ဂလန် ပြန်ခေါ်မသွားဘဲ နေရုံပေါ့၊ ဒီအရှေ့ပိုင်းမှာပဲ ငါဆက်နေရုံပဲ မဟုတ်လား"

အတွင်းကအသံ။ ။ "ဒီအရှေ့ပိုင်းမှာလည်း လူမှုဆက်ဆံရေးမှာ သူဟာ အနှောင့်အယှက်ကြီး ဖြစ်နေမှာပဲ"

ကျွန်တော်။ ။ "မင်းပြောနေပုံက ငါဟာ လူမှုဆက်ဆံရေးတွေကို ရှေ့တန်းတင်နေတဲ့ အတိုင်းပဲ၊ ငါဟာ ကိုလိုနီအစိုးရအလုပ် ဝင်လုပ်မယ့်အကောင် မဟုတ်ဘူး၊ ငါဟာ ပန်းချီဆရာပဲ၊ နောက်ပြီးတော့ ကိုယ့်စံပြမယ် ကိုယ်ပြန်ယူတဲ့ ပန်းချီဆရာဟာ ငါပထမဦးဆုံး မဟုတ်ဘူး"

အတွင်းကအသံ။ ။ "ကောင်းပြီ၊ မင်းအတွက် ထိန်းသိမ်းထားနိုင်စွမ်း မရှိတော့ဘူး ဆိုရင်တော့ သဘောပေါ့၊ ဒါပေမဲ့ စူဇီရဲ့ အကျိုးကျေးဇူးအတွက် မင်းစိတ်ကို မင်းထိန်းထားပါ၊ ဒီအကြောင်း အခု ဖွင့်မပြောလိုက်နဲ့ဦး၊ ဘာတစ်ခွန်းမှ မဟနဲ့ဦး၊ တစ်ပတ်လောက် မင်းစောင့်ကြည့်ပါ၊ နောက်အပတ် ဒီအချိန်လောက်ဆိုရင် မင်းစိတ်တွေ တစ်မျိုးပြောင်းသွားတာ တွေ့ရပါလိမ့်မယ်၊ မင်းမှာ သူနဲ့ လက်ထပ်ချင်တဲ့စိတ်တွေ မရှိတော့တာ တွေ့ရပါလိမ့်မယ်"

နောက် ရက်ပေါင်းများစွာ ကြာလာသော်လည်း ကျွန်တော့်စိတ် မပြောင်းပါ။ သူနှင့် လက်ထပ်လိုသည့်ဆန္ဒသည် ပိုလို့သာ ကြီးမားခိုင်မြဲလာပါသည်။ သူနှင့် လက်ထပ်ရမည်ဟုလည်း ပျော်ရွှင်စွာ တွေးတောနေမိသည်။ အဆင်ပြေအလျဉ်းသင့်သည့် တစ်နေ့မှာတော့ သည်အကြောင်း သူ့ကို ဖွင့်ပြောရမည်။ ဖွင့်ပြောရန်လည်း ဆုံးဖြတ်ချက် ချလိုက်မိလေတော့သည်။

လောလောဆယ်မှု အချိန်မကျသေး။ ထို့ကြောင့် သည်အကြောင်းကို ဘေးဖယ်ထားလိုက်သည်။

မမျှော်လင့်ဘဲ အံ့သြဖွယ်ရာ အကြောင်းတစ်ခု ပေါ်လာသည်။

တစ်မနက် ဆယ့်တစ်နာရီခန့်တွင် ကျွန်တော် ပန်းချီဆွဲရင်း အလုပ်ရှုပ်နေခိုက် တံခါးခေါက်သံ ကြားရသည်။ စူဇီသည် လသာဆောင်မှာ ဂွမ်နီ၊ မေရီကီးတို့နှင့် စကားပြောနေသည်။ တံခါးခေါက်သံကြားတော့ စူဇီ ပြေးသွားသည်။ ကျွန်တော့်ကို အနှောင့်အယှက်မဖြစ်အောင် အကာအကွယ် ပေးဖို့ တာဝန်ကို သူ တက်တက်ကြွကြွ ထမ်းဆောင်လေ့ရှိသည်။

အတောင်းကို လေသံကလေးနှင့် ပြန်ပြောနေကြောင်း ကြားရသည်။ ပြီးတော့ တံခါးပိတ်ထားခဲ့သည်။ ကျွန်တော့်ဆီသို့ ပြန်လာသည်။ သူ့ကိုယ်သူ အလွန်အရေးပါ အရာရောက်သည့်ပုံမျိုး ဖမ်းထားသည်။ ကျွန်တော ့်ဆီသို့ စာအိတ်တစ်လုံး ကမ်းပေးသည်။

"မောင့်ဖို့ ကြေးနန်းတစ်စောင် အခုပဲရောက်လာတယ်"

"အလိမ္မာမကလေးလုပ်ပြီး မောင့်အတွက် မင်းကပဲ ဖောက်ပေးပါလား စူဇီ"

ဂွမ်နီနှင့် မေရီတို့ရှေ့တွင် ကျွန်တော့်အတွက် သည်လိုတာဝန်တွေ ယူပြရသဖြင့် သူဘယ်လောက် စိတ်ချမ်းသာသွားမည်ဖြစ်ကြောင်း ကျွန်တော် ခန့်မှန်းကြည့်မိပါသည်။

ဂုဏ်ယူဝင့်ကြွားမှုကြောင့် သူ့အမူအရာ တက်ကြွလာသည်။ ဟိတ်ကြီး ဟန်ကြီးဖြင့် စာအိတ်ကို ဂရုတစိုက်ဖွင့်သည်။ အတွင်းမှ စာရွက်ကို လှမ်းပေးသည်။

ကျွန်တော့်တစ်သက်တွင် မြင်ဖူးသမျှ အရှည်ဆုံး ကြေးနန်းဖြစ်သည်။ ရုတ်တရက်တော့ ကျွန်တော့်အတွက် မဟုတ်ဘဲ လူမှားပြီး လာပေးခြင်းများ ဖြစ်လေသလားဟု စဉ်းစားလိုက်မိသေးသည်။ ထို့နောက်မှ နယူးယောက်မြို့ရှိ မစ်ဖို့ပန်းချီ ပြခန်းမှ ရိုက်လိုက်သော ကြေးနန်းဖြစ်ကြောင်း သတိပြုမိသည်။ စုစုပေါင်း စာကြောင်းရေ ဆယ့်နှစ်ကြောင်း ပါသည်။

အတိုချုပ်မှာ ကျွန်တော်ပို့လိုက်သည့် ပန်းချီကားများကို နိုင်ငံတကာသို့ ဖြန့်ချိနေသော နာမည်ကြီး အမေရိကန် ရုပ်စုံမဂ္ဂဇင်း တစ်စောင်က ဖော်ပြပြီး ဆောင်းပါးရေးလိုကြောင်း၊ ထိုမှမက ကျွန်တော် ဂျပန်ပြည်သွားပြီး "ဂျပန်ပုံကြမ်း" စာအုပ် တစ်အုပ် အတွက်လည်း ပန်းချီများ ရေးဆွဲပေးစေလိုကြောင်း၊ ပန်းချီ ရေးဆွဲခများအပြင် ဂျပန်ပြည်သို့ သွားသည့် အသွားအပြန် လေယာဉ်ခ၊ ဂျပန်တွင် နေထိုင်ရမည့် နှစ်လ အတွက် ကုန်ကျစရိတ်များကို သီးခြားကျခံမည့် ဖြစ်ကြောင်းများ ပါရှိသည်။

ဟောင်ကောင် ပန်းချီကားများအတွက် ရမည့်ငွေနှင့် ဂျပန်သို့ သွားပြီး ရေးဆွဲပေးရမည့် ပန်းချီကား များအတွက် ရမည့်ငွေနှစ်ရပ်ပေါင်းကို အမေရိကန် ဒေါ်လာနှင့် ပေးချေမည်ဖြစ်သည်။ ရမည့်ငွေတွေက

များလှသည်။ ယခုအဆင့် အတန်းအတိုင်း စူဇီနှင့် ကျွန်တော် ဆက်နေမည်ဆိုလျှင် အနည်းဆုံး တစ်နှစ်ကျော်ကျော် မပူမပင် မကြောင့်မကြ နေနိုင်မည်ဖြစ်သည်။

ကြေးနန်း၏ နောက်ဆုံးသုံးကြောင်းကမူ ယခုလို စီးပွားရေးလုပ်ငန်းအပေါ်တွင် အထင်မသေး စေလိုကြောင်း၊ ဒါကို အခြေပြုပြီး နောက်ထပ် ပြပွဲတွေမှာ ကျွန်တော့်အတွက် အလားအလာ ကောင်းကြောင်း ရေးထားသည်။

ကျွန်တော် ဘယ်လောက် ဂမ်းသာသွားသည်ကို ဖော်ပြနိုင်စွမ်းမရှိပါ။ ထို့ကြောင့် အကြွင်းမဲ့ လက်ခံပါကြောင်း ချက်ချင်း ကြေးနန်းပြန်ရိုက်လိုက်သည်။ ကျွန်တော် ရမည့်ငွေကြေးနှင့် ပတ်သက်၍လည်း ရှင်းရှင်းလင်းလင်း သိလိုကြောင်း ထည့်မေးလိုက်သည်။

နောက် လေးဆယ့်ရှစ်နာရီကြာတော့ ကြေးနန်းပြန်လာသည်။ ပထမကြေးနန်းတွင် ဖော်ပြထားသည့် ငွေကြေးအတိုင်းပင် ဖြစ်ကြောင်း ပါလာသည်။
ရော့ဒ်နေ ထွက်ခွာသွားသည့် အချိန်မှစ၍ ယခု ပထမဦးဆုံး ရော့ဒ်နေကို သတိရမိသည်။ ယခုလို အချိန်မျိုးတွင် ကျွန်တော့်အနားမှာ သူ ရှိစေချင်လှသည်။ ရော့ဒ်နေကြောင့်မဟုတ်လျှင် သည်အခွင့်အရေး ပေါ်လာစရာအကြောင်းမရှိ။ ထို့ကြောင့် အနားမှာ သူရှိနေမည်ဆိုလျှင် သူ့လည်ပင်းကို အားပါးတရ ပြေးဖက်မိပေလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

နောက်ထပ် တစ်နာရီကြာတော့ ကြေးနန်းတစ်စောင် ထပ်ရောက်လာပြန်သည်။

ဂျပန်သို့ အသွားအပြန် လေယာဉ်လက်မှတ် ဝယ်ယူရန်ငွေနှင့် ကျွန်တော့်အတွက် ပထမအရစ် ဘဏ်ပူဖော်ခ ငွေကို ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်တိုက်တွင် ထုတ်ယူရန်နှင့် ဂျပန်သို့ အမြန်ဆုံးသွားရန် မေတ္တာရပ်ခံကြောင်း ပါရှိသည်။

ဘဏ်တိုက်မှာ ငွေများသွားထုတ်ယူပြီး ဂျပန်အသွားအပြန် လက်မှတ်ကို ဘီအိုအေစီလေကြောင်း ကုမ္ပဏီမှာ သွားဝယ်သည်။ ကျွန်တော့်ကို ပထမတန်းမှစီးရန် ငွေထတ်ပေးသော်လည်း ရိုးရိုးတန်း လက်မှတ်ကိုပင် ကျွန်တော် ဝယ်ယူလိုက်သည်။ ပိုသည့် ငွေများဖြင့် စူဇီအတါက် လိုအပ်သည့် ပစ္စည်းများ ဝယ်ပေးသည်။

အိမ်ပြန်ကျပြီး သူ့ပစ္စည်းတွေအားလုံး ဆုံးရှုံးကုန်ကတည်းက စူဇီအတွက် အပေါစား အင်္ကျီနှစ်ထည်နှင့် အတွင်းခံ အနည်းငယ်သာ ဝယ်နိုင်ခဲ့သည်။ ကျွန်တော်က ဝယ်ပေးလိုသော်လည်း ငွေကုန်မည် စိုးသောကြောင့် သူက အဝယ်မခံ။

ယခုတော့ ကျွန်တော်တို့ ဝယ်နိုင်ပြီ။ ရှူးဖိနပ်တွေ၊ ခြေညှပ်ဖိနပ်တွေ၊ ခြေအိတ်တွေ၊ ဂျင်းဘောင်းဘီနှင့် ဂျင်းအင်္ကျီတွေ၊ ဘေးကွဲတရုတ်ဂါဝန်တွေ၊ ပြီးတော့ လိုအပ်သည့် မိန်းမအသုံးအဆောင်တွေ တစ်ထမ်းကြီး ဝယ်ကြသည်။

ဈေးဝယ်ပြီးသောအခါ ဂေါ်ဒန်ဟာမီလ်တန်ရှိရာ ဘဏ်တိုက်သို့ လာကြသည်။ စူဇီ၏ အမည်ဖြင့် ငွေစာရင်းဖွင့်ပေးရန် ဖြစ်သည်။ စူဇီ၏ ဘဝတွင် သူ့အမည်ဖြင့် သူပိုင်ချက်စာအုပ်ကို ပထမဆုံး ရရှိဖူးခြင်း ဖြစ်လေသည်။ ဟာမီလ်တန်ကလည်း ငွေထုတ်လိုပါက သူ့ဆီသို့ အားမနာတမ်းလာပါ၊ လိုသည့် ငွေပြောပါ၊ သူ ရေးပေးမည်၊ စူဇီက လက်မှတ်ထိုးရုံသာဖြစ်သည်ဟု ပြောပြသည်။

စူဇီ၏ နမူနာလက်မှတ် တောင်းသည်။ သူ့လျှာကလေးကို တစ်လစ်ကလေးလုပ်ပြီး ဂရုတစိုက် လက်မှတ်ထိုးသည်။ ထုံးစံအတိုင်း ဇက်(Z)စာလုံးကကြီးပြီး အစက်ကလေးတွေက မထိ။ ထို့ပြင် (Z)က ပြောင်းပြန်လှည့်နေသည်။

"ဘရာဗို ကောင်းလိုက်တာဗျာ၊ လူတိုင်းရေးထိုးနေကြတဲ့ လက်မှတ်တွေအားလုံး အဖတ်ရလွယ်စေချင်နေတာ" ဟု ဟာမီလ်တန်က ပြောသည်။

နောက် ဆယ့်ရှစ်နာရီကြာတော့ လေယာဉ်ပျံထဲမှာ ကျွန်တော် ရောက်နေပြီ။ လေယာဉ်ပျံ အပေါ် ပျံတက်တော့ ပြူတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။ သံစကာတွေနောက်တွင် ဂျင်းဘောင်းဘီနှင့် ဂျင်းအင်္ကျီ အသစ်ကလေးဝတ်ပြီး လက်ပ‌ေ့ယမ်းပြကာ ခုန်နေသည့် စူဇီကို မြင်ခဲ့ရလေသည်။

နောက် နာရီအနည်းငယ်ကြာတော့ အိုကီနာဂါမှာဆင်းပြီး လေယာဉ်ဆီဖြည့်သည်။ ခဏကြာတော့ ပြန်တက်သည်။ နေဝင်ချိန်တွင် ကျွန်တော်တို့ လေယာဉ်ပျံသည် အမြင့်ပေနှစ်သောင်းမှာ ပျံသန်းနေသည်။ နေဝင်သွားပြီ။ မိုးကုတ်စက်ဝိုင်းဆီမှာသာ လိမ္မော်ရောင် အလင်းရောင်တွေ ဖြာကျနေသည်။

ထိုအခိုက် ယင်းလိမ္မော်ရောင် အလင်းရောင်ကို နောက်ခံပြုထားသော ကန်တော့ပုံသဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။

"ဖူဂျီတောင်"ဟု လေယာဉ်မယ်က ပြောသည်။ ဂျပန်ပြည်ကို ပထမဦးဆုံး ကျွန်တော် စတင်မြင်ဖူးလိုက်ခြင်းဖြစ်ပါသည်။

နာရီဝက်ကြာသောအခါ ဟာနေဒါလေဆိပ်မှာ ကျွန်တော်တို့ လေယာဉ်ပျံဆင်းသည်။ တိုကျိုမြို့ထဲသို့ လေကြောင်း ကုမ္ပဏီမှ ဘတ်စ်ကားဖြင့်ပင် လာခဲ့ပြီး အင်ပီရီယယ်ဟိုတယ်မှာ တစ်ညအိပ်လိုက်သည်။ နောက်နေ့မနက်တွင် မဂ္ဂဇင်းတိုက်၏ တိုကျိုရုံးခွဲသို့ ကျွန်တော် ရောက်သွားလေသည်။

"ကိုကာကိုလာ သုံးဆောင်တာပေ့ါနော်" ဟု အမေရိကန်လူမျိုး မန်နေဂျာက မေးသည်။ တစ်ဆက်တည်း "မစ္စယာမာဂူရှီ၊ ကိုကာကိုလာနှစ်လုံးယူခဲ့ပါ" ဟုလည်း လှမ်းမှာသည်။ ကိုကာကိုလာသောက်ရင်း ကျွန်တော်တို့ စကားပြောကြသည်။

မန်နေဂျာ၏ ရုံးခန်းကြီးက ကြီးကျယ်ခမ်းနားလှလေရာ ကျွန်တော့်ကို ခြိမ်းခြောက်နေသလို ဖြစ်နေသည်။ ကျွန်တော်သည် ပြည့်ပြည့်စုံစုံ နေနိုင်သော ပန်းချီဆရာ တစ်ယောက် ဖြစ်သည်ဟု မန်နေဂျာက ထင်နေသည့် အတွက်လည်း အနေရအထိုင်ရ ခက်လာသည်။

မဟုတ်မမှန်ဘဲ ဟန်ဆောင်နေမိသလိုလည်း ကိုယ့်ဟာကိုယ် ခံစားလာရသည်။

ကျွန်တော်သည် စိတ်ချမ်းသာမှုအတွက် ပန်းချီစတင်ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ကိုယ်စိတ်ချမ်းသာသည့် လုပ်ငန်းကို ဆောင်ရွက်ရန် အခကြေးငွေပေးပြီး တာဝန်ပေးခြင်း ခံရသည့်အတွက် စိတ်ထဲမှာ မနေတတ် မထိုင်တတ် ဖြစ်နေသည်မှာလည်း မှန်ပါသည်။

ကျွန်တော့် လုပ်ငန်းအတွက် ငွေတွေ အမြောက်အမြား ပေးနေသည်ကို တွေ့ရတိုင်း ရှက်စိတ်လည်း ပေါ်မိသည်။

နောက်ဆုံးတွင် ကျွန်တော်၏ နေရေးထိုင်ရေးနှင့် ပတ်သက်၍ မန်နေဂျာက ပြောပြသည်။ အကောင်းဆုံးဟိုတယ်မှာ တည်းရမည်။ ဖိမ်အရှိဆုံး ခရီးသွားရမည်ဟု ဆိုသည်။ ကျွန်တော်ကမူ အရေး မကြီးကြောင်း၊ ဖြစ်သလိုလည်း နေတတ်ပါကြောင်း ပြန်ပြောသည်။ သို့သော်လည်း ထိုစည်းကမ်းများမှာ သူတို့ သတ်မှတ်ပြီးဖြစ်သောကြောင့် ဘာမှမပြောသာပါ။ သူတို့ သတ်မှတ်ပေးသည့် အဆင့်အတန်းနှင့် ကျွန်တော် နေနိုင် မနေနိုင်ကိုသာ မန်နေဂျာက မေးနေသည်။

မတတ်နိုင်သည့်အဆုံးတွင် အမှန်အတိုင်း ကျွန်တော် ဖွင့်ပြောရတော့သည်။

ယခု ကျွန်တော့်ကိုပေးထားသည့် တစ်နေ့တွက်စရိတ်သည် ဟောင်ကောင်မှာဆိုလျှင် အမျိုးသမီး တစ်ယောက်နှင့်တွဲပြီး နှစ်ပတ်လုံးလုံး နေလောက်ကြောင်း၊ ကျွန်တော်သည် လည်ပတ်သည့်အချိန်ကို အနည်းဆုံး သတ်မှတ်ပြီး အလုပ်လုပ်ချိန်ကို အများဆုံး သတ်မှတ်မည်ဖြစ်ကြောင်း ပြောပြလိုက်သည်။

ပြီးတော့ အစီအစဉ်များ ရေးဆွဲကြသည်။

တိုကျိုမှာ တစ်ပတ်နေရမည်။ တိုကျိုနှင့် တောင်ပိုင်းမှာ တစ်လနေရမည်။ ပြီးလျှင် တိုကျိုသို့ တစ်ပတ်ပြန်လာနေရမည်။ နောက်ဆုံး မြောက်ပိုင်းကျွန်းဖြစ်သော ဟိုကာအီဒိုတွင် နှစ်ပတ်နေရမည်။

အင်ပီရီယယ်ဟိုတယ်သည် ဂျပန်၏ အနံ့အသက်များကို မရနိုင်။ ထို့ကြောင့် ဂျပန်ယဉ်ကျေးမှု အပြည့်ရှိသော ဟိုတယ်သို့ ကျွန်တော် ပြောင်းရသည်။

ထိုဂျပန်ဟိုတယ်သို့ ရောက်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော့်ကမ္ဘာသည် လုံးဝ ပြောင်းလဲသွားပါတော့သည်။ လူမျိုးချင်း လုံးဝမတူသော၊ ယဉ်ကျေးမှုချင်း လုံးဝမတူသော၊ ခေတ်ချင်း လုံးဝမတူသော ဘဝသို့ ရောက်သွားတော့သည်။

အခန်းထဲသို့ ဝင်လျှင် ဖိနပ်ကို အပေါက်ဝမှာ ချွတ်ထားခဲ့ရသည်။ ခြေအိတ်နှင့် ဆက်လျှောက် သွားရသည်။ တစ်ပေလောက်မြင့်သော စားပွဲကလေးဘေးမှာ ဖင်ချထိုင်ပြီး ထမင်းစားရသည်။ ရေချိုး ကြွေကန်ကြီးထဲမှာ ရေနွေးနှင့် ရေချိုးရသည်။ ကြမ်းပြင်ပေါ်မှ ချခင်းပေးထားသော မွေ့ရာပေါ်မှာ အိပ်ရ သည်။

ကျွန်တော့်အနားမှာ ကီမိုနိုဝတ်ထားသည့် ချောမောလှပသော ဂျပန်ဂေးရှား မယ်ကလေး ခြောက်ယောက် လောက် အမြဲရှိသည်။ ကျွန်တော့်အတွက် လိုလေသေးမရှိ ပြုစုသည်။ ကျွန်တော် အပြင်ထွက်တော့ မည်ဆိုလျှင် အပေါက်ဝမှာ ကျုံ့ကျုံ့ထိုင်ပြီး ကြမ်းပြင်ပေးချထားသော လက်ဂါးနှစ်ဖက်ကို နဖူးနှင့်ထိကာ နှုတ်ဆက်သည်။ ပြန်လာပြန်တော့လည်း ထိုအတိုင်း ကြိုဆိုနှုတ်ဆက်သည်။

ထိုဟိုတယ်ပိုင်ရှင် အမျိုးသမီးသည်လည်း ယခင်က ဂေးရှားမယ်ဖြစ်သည်။ အသက်သုံးဆယ် ကျော်လောက်

ရှိပြီ။ အလွန် ချောမောလှပသည်။ သည်ဟိုတယ်သို့ ကျွန်တော် ပြောင်းလာတော့ ကီမိုနို ဝတ်ပြီး ကျွန်တော့်ကို ကြိုဆိုသည်။ ဆံပင်ပုံက ဂျပန် ပန်းချီကားများထဲမှာ တွေ့ရတတ်သော ပုံမျိုးပင် ဖြစ်သည်။

နောက်တစ်နေ့ ပန်းခြံထဲမှာ ငါးရံ့ကိုယ်နှင့် အမျိုးသမီးတစ်ယောက်ကို နောက်ဘက်မှ လှမ်းတွေ့ရသည်။ ဘောင်းဘီဝတ်ထားသည်။ ဆံပင်ကို စုချည်ထားသည်။ အမေရိကန် အမျိုးသမီးတစ်ယောက်ဖြစ်မည်ဟု ကျွန်တော် ထင်မိသည်။ ကျွန်တော့်ဘက် လှည့်ကြည့်ပြီး ပြုံးနှုတ်ဆက်သောအခါကျမှ ဟိုတယ် ပိုင်ရှင် ဖြစ်ကြောင်း သိရတော့သည်။

ကျွန်တော့်ဘေးခန်းမှာ လာတည်းနေသူကြောင့်လည်း ကျွန်တော် အံ့ဩမဆုံး ဖြစ်ခဲ့ရသေးသည်။ ကျွန်တော်ရောက်သည့် ညနေတုန်းက အနောက်တိုင်းဝတ်စုံနှင့် သားရေအိတ်ဆွဲပြီး သူဝင်လာသည်ကို တွေ့ခဲ့ရသည်။

နောက်တစ်နေ့ သူ့အခန်းဘက်သို့ ကျွန်တော် လျှောက်သွားသောအခါ သူ့အခန်းဝမှ တွန်းတံခါး ဟနေသည်ကို တွေ့ရသည်။ အတွင်းသို့ လှမ်းကြည့်လိုက်သောအခါ ထိုသူသည် အနောက်တိုင်း ဝတ်စုံနှင့် မဟုတ်တော့။ ကီမိုနို ဝတ်ပြီး ဖျာတစ်ချပ်ပေါ်မှာ ထိုင်နေသည်။ အခန်းထဲမှာ ပန်းနှစ်ပွင့်၊ အရွက်တစ်ရွက်သာ ထိုးထားသော ပန်းတစ်အိုးကို တွေ့ရသည်။ နံရံပေါ်မှာ ပိုးပန်းချီကားတစချပ် ချိတ်ထားသည်။

ကျွန်တော် ကြည့်ဖူးသည့် ဂျပန်ရာဇဝင် ရုပ်ရှင်ကားများကို သတိရလိုက်မိသည်။ ဆာမူရိုင်းသူရဲကောင်း တစ်ယောက်သည် ပုန်းနေရာမှ ပေါ်ထွက်လာပြီး သူ့ကို ဓားတစ်လက်နှင့် တိုက်ခိုက်သည်ဟု မြင်ယောင်လာမိသည်။

ထိုစိတ်ကူးကလေးကို ကျွန်တော် အမိအရ ဖမ်းထားလိုက်ပါသည်။ ဂျပန်ပြည်မှာ ကျွန်တော် ရေးဆွဲမည့် ပန်းချီကားများတွင် ထိုအကြောင်းအရာများကို အများဆုံး ထည့်သွင်း ရေးဆွဲရန်လည်း ဆုံးဖြတ်လိုက်သည်။

ရှုမျှော်ခင်းတွေ ဒါလောက် သာယာသောတိုင်းပြည်၊ လူတွေကလည်း ဒါလောက် အကြင်နာတရားကြီးပြီး ဖော်ရွေသော တိုင်းပြည်မျိုးကို ကျွန်တော် တစ်ခါမှ မရောက်ဖူးသေးပါ။
သည်တိုင်းပြည်သို့ စူဇီကို မခေါ်ခဲ့မိသည့်အတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိပါသည်။ သူ့ကို ဒါလောက် လွမ်းမိသည်ကို သတိထားမိသောအခါ ကိုယ့်ဟာကိုယ်ပင် အံ့ဩမဆုံး ဖြစ်မိပါသည်။

ဟောင်ကောင်မှ ထွက်မလာမီ သူနှင့်လက်ထပ်ဖို့ကိစ္စ ဖွင့်ပြောဖို့ စဉ်းစားမိသေးသည်။ သို့သော်လည်း ကျွန်တော် မရောက်ဖူးသေးသည့် တိုင်းပြည်သို့ ရောက်သွားသောအခါ ပတ်ဝန်းကျင်သစ်နှင့် လူမျိုးအသစ်ကြားတွင် နစ်မျောသွားပြီး သူ့ကိုများ မေ့သွားလေမည်လားဟူသော အတွေးက ပေါ်လာသောကြောင့် မပြောဖြစ်ခဲ့။

ယခုတော့ ကျွန်တော်၏ အထီးကျန်ဘဝကို ခံစားမိပြီ။ စူဇီပါလာလျှင် ဘယ်လောက်ကောင်းမည်နည်းဟု တွေးမိပြီ။ သည်လောက်လှပသော မြင်ကွင်းများကို စူဇီအား ပြလိုက်ရလျှင် ဘယ်လောက်ကောင်း မည်နည်း ဟု

တွေးမိပြီ။

တစ်ညတွင် သစ်တောတစ်ခုထဲမှာ ကျွန်တော် လမ်းလျှောက်နေသည်။ ပိုးစုန်းကြည်းကလေးတွေ မြောက်မြားစွာ တွေ့ရသည်။ အလွန်တရာ လှပသော မြင်ကွင်း ဖြစ်သည်။ "လှလိုက်တာ၊ စူဇီသာ ပါလာမယ်ဆိုရင် ငါ ဒီဖက်တောင် ပျော်ဦးမယ်" ဟု စဉ်းစားမိသည်။

သူ့ဟာသူလည်း အလွန်ပျော်ပေလိမ့်မည်။ ကျွန်တော်သည် ကမ္ဘာလောကကို စူဇီ၏ အမြင်ကလေးနှင့် ကြည့်ရသည့်အရသာမှာ ယစ်မူးနေမိသည်။ ထိုအမြင်ကလေးနှင့် ကြည့်ရသောအခါ ကလေးတစ်ယောက်လို ကျွန်တော် ပျော်ရွှင်မြူးထူးလာစမြဲ ဖြစ်သည်။ အပြစ်ကင်းစင်သောသူ၏ အမြင်ကလေးများကို ကျွန်တော် လည်း မျှဝေခံစားနိုင်သည်။ ရိုးရိုး စင်းစင်းကလေး မြင်တတ်သော သူ့အမြင်ကလည်း မြတ်နိုးစရာ ကောင်းလှသည်။ ရိုးရိုးစင်းစင်း အမြင်ကလေးကိုလည်း ကျွန်တော် မျှဝေခံစားနိုင်မည်။ ယခုတော့ စူဇီ မပါသည့်အတွက် ကျွန်တော့်အဖို့ ဟာတာတာကြီး ဖြစ်နေသည်။ စူဇီကို ကျွန်တော် ဘယလောက် ချစ်မိနေပြီဖြစ်ကြောင်း သိပါပြီ။

ကျိုတိုမြို့သို့ ကျွန်တော်ရောက်တော့ စူဇီ ပို့လိုက်သည့် ပထမဆုံး ပို့စကတ်ကလေးကို လက်ခံရရှိသည်။ တိုကျိုမြို့ရှိ ရုံးမှတဆင့် ပို့ပေးလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့်လိပ်စာ အသင့်ရေးပြီးသား ပို့စကတ်အတော်များများ စူဇီကို ပေးခဲ့သည်။ ကတ်ပြားပေါ်တွင် လက်မှတ်ထိုးရုံသာဖြစ်ကြောင်း၊ မကြာခဏ ပို့ပေးစေလိုကြောင်း၊ သို့မှသာ စူဇီနေကောင်းကြောင်း သိရမည်ဖြစ်ကြောင်း မှာခဲ့သည်။ ယခု ပထမဆုံး ရောက်လာသော ပို့စကတ်သည် မဟုတ်တာတွေ ကျွန်တော် ရေးပြီး ရယ်စရာလုပ်ခဲ့သော ပို့စကတ်ဖြစ်သည်။ ရုံးပုံစံတစ်ခုလို မလိုတာတွေ ဖျက်ပစ်ပြီး လိုတာ ချန်ထားရန် ဖြစ်သည်။

မောင့်ကို ကျွန်မ ချစ်/မုန်းတယ်။ မောင်ထွက်သွားတဲ့ အချိန်က စပြီး အခုအထိ သင်္ဘောသား နှစ်ယောက်/ခြောက်ယောက်/ခြောက်ဆယ့်သုံးယောက်နဲ့ အတူနေခဲ့တယ်။ /မနေပါ။

ထိုပုံစံကလေးပေါ်တွင် ပထမစာကြောင်းမှ မုန်းကို ဖျက်ထုတ်ပစ်လိုက်သည်။ ဒုတိယစာကြောင်းမှ နှစ်ယောက်/ခြောက်ယောက်/မနေပါတို့ကို ဖျက်ထုတ်သည်။ ထို့ကြောင့်- မောင့်ကို ကျွန်မ ချစ်တယ်။

မောင်ထွက်သွားတဲ့ အချိန်ကစပြီး အခုအထိ သင်္ဘောသား ခြောက်ဆယ့်သုံးယောက်နဲ့အတူ နေခဲ့တယ်ဟု ဖြစ်သွားလေတော့သည်။

နေရာလွတ်ကလေးတွင်လည်း ဂွမ်နီ၏ လက်ရေးနှင့် ဆက်ရေးပေးထားသည်ကို တွေ့ရသည်။

သင်္ဘောသားကိစ္စက မောင့်ကိုစတာပါ။ မောင်ထွက်သွားတော့ ကျွန်မ ငိုတယ်။ မောင့်မှာ ပိုက်ဆံ ပိုသေးရင် ပန်းရောင်ထီးကလေးတစ်ချောင်း ဂယ်ခဲ့ပေးပါ။ ဂျပန်ထီးတွေကို ကျွန်မ မြင်ဖူးတယ်။ သိပ်လှ တာပဲ။ ချစ်တဲ့စူဇီ

ရေးထိုးထားသည့် လက်မှတ်ကတော့ ထုံးစံအတိုင်း ဇက်စာလုံးက အကြီးကြီးဖြစ်ပြီး

ပြောင်းပြန်လန်နေသည်ကို တွေ့ရသည်။

နောက်နှစ်ပတ်အကြာ တိုကျိုသို့ ကျွန်တော် ပြန်ရောက်သောအခါ ပို့စကတ်နှစ်ခု ထပ်ရောက်နေသည်။ ဂွမ်နီ၏ လက်ရေးဖြင့် စာအနည်းငယ် ရေးထည့်ထားသည်။ အခြားပို့ စတ်တစ်ခုတွင် နမ်ကောက် မှာရှိနေ သည့် အမျိုးသမီးအားလုံးက စုပြုံလက်မှတ်ရေးထိုးထား ကြသည်။ တရုတ်လို လက်မှတ် ထိုးပြီး အောက်တွင် အင်္ဂလိပ်နာမည်ကို ကွင်းစကွင်းပိတ်ဖြင့် ဖော်ပြထားသည်။ အထင်ရှားဆုံးမှာ ဗုဒ္ဓဟူး လူးလူး နှင့် ဖီဖီတို့၏ လက်မှတ်များဖြစ်သည်။

မဂ္ဂဇင်းတိုက် တိုကျိုရုံးခွဲမှာ ရှိနေကြသည့် ဂျပန်ရုံးသူ ရုံးသားများက မည်သို့ ထင်ကြမည်မသိ။ ထိုကတ်ပြားကို မြင်ရပြီး ကျွန်တော့်အမူအရာ ပြောင်းလဲသွားသည်ကို တွေ့ရသဖြင့်-

"ခင်ဗျားအတွက် ရောက်နေတဲ့စာတွေ ရပြီးပြီလား" ဟု မန်နေဂျာက မေးသည်။ စာများပေးသည်ထင်ပြီး မေးခြင်းဖြစ်သည်။

ထိုနေ့ မွန်းလွဲပိုင်းက ကုန်တိုက်သို့သွားပြီး လက်ဆောင်ပစ္စည်းတွေဂယ်သည်။ နမ်ကောက်မှာ ရှိနေကြသည့် အမျိုးသမီးအားလုံးအတွက် ဂယ်ခြင်းဖြစ်သည်။ စူဇီအတွက် အများဆုံးဂယ်သည်။ သူမှာသည့် ဂျပန်ထီးကလေးတစ်ချောင်းလည်း ဂယ်သည်။ ပန်းရောင်အောက်ခံတွင် အပြာစင်းကလေးတွေ ပါသော ထီးဖြစ်သည်။ အပြာစင်းကလေးတွေက ဖောင်တိန်မှမင်များ စွန်းပေနေသလိုရှိသည်။ အရိုးကို ဖြုတ်ထားလို့ရသည်။ တစ်ပေါင်ပဲ ပေးရသည်။ သို့သော် အလွန်လှသော ထီးဖြစ်သဖြင့် တစ်ပေါင်မျှမက တန်သည်ဟု ထင်ရလောက် ပါသည်။

ရက်အနည်းငယ်ကြာတော့ ဂွမ်နီ၏လက်ရေးဖြင့် စူဇီထံမှ ပို့စကတ်တစ်ခု ထပ်ရောက်လာသည်။

ဆိုးဆိုးရွားရွား အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဟို ကန်တုန်ကောင်မက ကျွန်မ ဒေါသဖြစ်အောင် တော်တော် မကောင်းတာ တစ်ခုလုပ်တယ်။ ဒါပေမဲ့ ကျန်တဲ့ အမျိုးသမီးတွေ အားလုံးက ကျွန်မကို ဝိုင်းပြီး ကူညီကြသည်။ ဒါကြောင့် အခု အားလုံးအဆင်ပြေသွားပါပြီ။ ဂွမ်နီ အပြည့်အစုံရေးပြီး မောင့်ကို ပြောပြပါလိမ့်မယ်။ အဲဒီ ကန်တုန်ကောင်မ မကောင်းဘူး။

ချစ်တဲ့ စူဇီ

ထိုစာဖတ်ရတော့ စိတ်အနှောင့်အယှက် ဖြစ်မိပါသည်။ "အဲဟို ကန်တုန်ကောင်မ" ဆိုသူမှာ ဘက်တီလောင်းကို ဆိုလိုခြင်းဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်းသိပါသည်။ နမ်ကောက်ဟိုတယ်သို့ စူဇီ ပြန်ရောက်လာကတည်းက ဘက်တီလောင်းသည် နေမထိ ထိုင်မသာ ဖြစ်နေသည်။ စူဇီကိုလည်း မျက်စိစပါးမွေး စူနေသည်။ သူနှင့်ကျွန်တော် ပုံမှန်တွဲနေကြပါပြီဟု လူတိုင်းကို လျှောက်ပြောနေရာ စူဇီ ပြန်ရောက်လာ သဖြင့် မဟုတ်မှန်သောအဖြစ်က ပေါ်လောကြီး ပေါ်သွားတော့သည်။

ထိုအချိန်မှစပြီး စူဇီအပေါ်မှာ ရန်ငြိုးထားနေသည်။ သူ၏ ရန်လိုသော အပြောအဆိုကြောင့် စူဇီ ဒေါသ ပေါက်ကွဲခဲ့ဖူးသည်မှာလည်း တစ်ကြိမ် နှစ်ကြိမ် ရှိသည်။ ယခု ကျွန်တော်မရှိသောအခါတွင် စူဇီအပေါ်မှာ ထားသည့် အာဃာတကို အိတ်သွန်ဖာမှောက် သွန်ချလိုက်ပုံရသည်။

ကျွန်တော် အလွန်တရာ စိတ်ပူပြီး ဂွမ်နီ၏ စာကိုသာ မျှော်နေမိပါသည်။ နောက် သုံးရက်အကြာ ဟိုကာအီဒိုသို့ ကျွန်တော် ထွက်ခွာတော့မည့်ဆဲဆဲ မနက်ပိုင်းတွင် စာရောက်လာသည်။ ထိုစာကို ဟီဘီယာပန်းခြံထဲမှာ သွားဖတ်ရန် ရုံးထဲက ကျွန်တော် ထွက်ခဲ့သည်။

စာအိတ်ပေါ်မှ ကျွန်တော့်လိပ်စာမှာ ဂွမ်နီ၏လက်ရေးနှင့် ဖြစ်သည်။ သို့သော်လည်း အတွင်းမှ ထွက်လာသည့် စာမှာ ကျွန်တော် မမြင်ဖူးသော လက်ရေးဖြစ်နေ သည်။ ကျွန်တော် ကောင်းစွာ သဘော ပေါက်စေ လိုသောကြောင့် ရှင်းရှင်းလင်းလင်း ရေးတတ်သူတစ်ဦးကို ခေါ်ပြီး ရေးခိုင်းဟန်တူသည်။

လူကြီးမင်းခင်ဗျား

ဂွမ်နီနှင့်စူဇီတို့၏ မေတ္တာရပ်ခံချက်အရ ယခုစာကို လူကြီးမင်းထံသို့ ရေးသားပေးပို့ အပ်ပါသည်။ အဖြစ်အပျက်ကို လူကြီးမင်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန် ဂွမ်နီနှင့် စူဇီက လိုလားပါသည်။

ယခုအဖြစ်အပျက်ထဲတွင် ကျွန်တော် လုံးဝမပါဝင်ပါ။ တစ်စုံတစ်ရာ သက်ဆိုင်ခြင်း လည်းမရှိပါ။ ကျွန်တော်သည် ဘုရင့် ရေတပ်မတော်မှ အရာခံဗိုလ်တစ်ယောက် ဖြစ်ပါသည်။ အမှန်တရားနှင့် တရားမျှတမှုကို လိုလားသူလည်း ဖြစ်ပါသည်။ ကျွန်တော်သည် အိမ်ထောင်သည် တစ်ယောက်ဖြစ်ရာ အရက်သောက်လိုသော အကြောင်း တစ်ခုတည်းဖြင့် နမ်ကောက်ဘားသို့ ရောက်ခဲ့ပါသည်။
ထိုသို့ ရောက်လာခိုက် အထက်ဖော်ပြပါ အမျိုးသမီးနှစ်ယောက် စိတ်ချောက်ချားနေသည်ကို တွေ့ရပါသည်။ မိမိနှင့် မသက်ဆိုင်သော်လည်း သူတို့ အခက်အခဲ တွေ့နေကြခိုက် ဝင်ရောက် ကူညီခွင့်ရသည့် အတွက် ကျွန်တော် ဂမ်းမြောက် မိပါသည်။

ကျွန်တော့်ကို သူတို့ ပြောပြသည့် အဖြစ်အပျက်မှာ ၁၇ ရက်နေ့ မွန်းလွဲသုံးနာရီအချိန်က ဘက်တီအမည်ရှိ မိန်းကလေးသည် ဘားခန်းထဲမှာ စူဇီကို စော်ကားမော်ကားစကားများ ပြောဆိုပါသည်။

ထိုသို့ အပြောခံရသောကြောင့် စူဇီသည် မခံမရပ်နိုင်ဖြစ်ပြီး ဘက်တီကို ကတ်ကြေးနှင့် ထိုးလိုက်ပါသည်။ ဒဏ်ရာပြင်းသဖြင့် ဘက်တီကို ဆေးရုံတင်လိုက်ရပါသည်။ စူဇီကိုလည်း ရဲတပ်ဖွဲ့က တစ်ညဖမ်းချုပ်ပါသည်။ ၁၇ ရက်နေ့တွင် စူဇီကို အာမခံပေးလိုက်ပါသည်။

ဘက်တီ၏ အပြောအဆိုသည် အလွန်တရာ စော်ကားရာကျကြောင်း၊ ထို့ကြောင့် ယခုလို လုပ်လိုက်သည်မှာ စူဇီမှန်ကြောင်း အမျိုးသမီးများက ယေဘုယျအားဖြင့် မှတ်ချက် ချကြပါသည်။ ထို့ကြောင့် ယခုကိစ္စနှင့်ပတ်သက်၍ လူကြီးမင်းအနေဖြင့် စိတ်ပူရန်မလိုကြောင်း ဂွမ်နီနှင့် စူဇီတို့က ပြောကြပါသည်။ အမျိုးသမီးများက လူကြီးမင်းကို သတိရနေကြကြောင်းလည်း ထည့်ရေးပေးရန် ပြောပါသည်။

နောက်ဆုံးအနေဖြင့် ဖော်ပြလိုသည်မှာ ယခုစာကို ကျွန်တော် ရေးသားရခြင်းသည် တရားမျှတမှုကို လိုလားသူတစ်ယောက်အနေဖြင့် ဝင်ရောက် ကူညီရေးသားပေးခြင်းသာ ဖြစ်ပါသည်။ စူဇီသည် အလွန်

တော်သော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် အခြေအနေများကိုလည်း ကောင်းစွာ သုံးသပ်တတ် သည့် မိန်းကလေးဖြစ်ကြောင်း သူယုံကြည်သည့်အတိုင်းလည်း ဆောင်ရွက် တတ်ကြောင်း ဖော်ပြအပ်ပါသည်။

လေးစားစွာဖြင့်
အာရ်ဒိုဘရစ်

ထိုစာ၏အောက်ဆုံးတွင် "မောင် ဘယ်နေ့ပြန်လာမှာလဲ" ဟူသော မှတ်ချက်ကလေးနှင့် စူဇီ၏ လက်မှတ်ကို တွေ့ရသည်။ လက်မှတ်၏ ပတ်လည်တွင် နှုတ်ခမ်းနီရာတွေ ပိုင်းနေသည်။
သည်စာကို ဖတ်ရသောအခါတွင် ကျွန်တော် ပိုပြီး စိတ်ပူသွားမိပါသည်။ "စူဇီမှန်ကြောင်း အမျိုးသမီးအားလုံးက ယေဘုယျအားဖြင့် မှတ်ချက်ချကြပါသည်" ဆိုသော စကားလုံးကို ကျွန်တော် စဉ်းစားကြည့်နေမိသည်။ ထိုသို့ မှတ်သည်ထင်သူမှာ ဘားခန်းထဲက အမျိုးသမီးများဖြစ်သည်။ သို့သော် တရားရုံးတော်မှ တရားသူကြီးကတော့ သည်လိုထင်မည်မဟုတ်။ အထူးသဖြင့် ကတ်ကြေးနှင့်ထိုးသည် ဆိုသည့်အတွက် မှန်သည် မထင်နိုင်။

ကတ်ကြေးသည် ကျွန်တော့်ကို စိတ်အပူစေဆုံးသောအရာ ဖြစ်လာသည်။ စူဇီသည် ဘားခန်းထဲမှာထိုင်ပြီး ထိုကတ်ကြေးတစ်လတ်နှင့် ဘာတွေ လုပ်နေသနည်း။ သည်ကတ်ကြေးက ဘယ်ကရလာသနည်း။ သူ့ပိုက်ဆံအိတ် ထဲက ထွက်လာသလော။

သို့သော်လည်း သူ့ပိုက်ဆံအိတ်ထဲတွင် ဘယ်တုန်းကမှ ကတ်ကြေးထည့်မထားစဖူး။ အခြား အမျိုးသမီးများ ကတ်ကြေးကိုင်သည်ကိုလည်း ဘားခန်းထဲမှာ ကျွန်တော် မတွေ့ဖူးပါ။ သည်လိုဆိုလျှင် ဘားခန်း ထဲသို့ သူ ယူလာခြင်း ဖြစ်ရမည်။ သည်လိုဆိုလျှင် တမင်ရည်စူးချက်ဖြင့် ကြိုတင်ပြင်ဆင်ပြီး တိုက်ခိုက်ခြင်း ဖြစ်ရမည်။ ဘာမှ သံသယဖြစ်နေစရာမလိုတော့။
ထိုအကြောင်း စဉ်းစားကြည့်လေလေ ပိုပြီးသေချာလေလေ ဖြစ်တော့သည်။ တစ်ချိန်တုန်းက ဘက်တီ၏ မဖြစ်လောက်သော စကားကလေးတစ်ခွန်းကိုပင် စူဇီ အထအနကောက်ကာ ပေါက်ကွဲလုနီးနီး ဖြစ်ခဲ့ဖူးသည်။ ယခုတစ်ကြိမ် တွင် ယခင်က စကားလုံးထက် ပိုမိုပြင်းထန်သည့် စကားလုံး ဖြစ်ရပေလိမ့်မည်။

ယခင်တုန်းကတော့ ကျွန်တော်ရှိနေသည်။ ပန်းချီဆွဲနေသည်။ ထို့ကြောင့် စူဇီအနေဖြင့် တစ်စုံတစ်ရာကို ကိုယ်ထိလက်ရောက် ပြုလုပ်လိုက်သော် ကျွန်တော့်ကို နှောင့်ယှက်ရာ ကျပေလိမ့်မည်။ ထို့ကြောင့် သူ့စိတ်ကိုသူ ချုပ်တီးခဲ့ဟန်တူသည်။ ယခုတော့ ကျွန်တော် မရှိသဖြင့် ဘာမှချုပ်တီးနေစရာ မလိုတော့။ ယခုတစ်ကြိမ် အပြောခံရခြင်းသည် သူ၏ ဂုဏ်သိက္ခာကို တိုက်ရိုက်စော်ကားခြင်းလည်း ဖြစ်ပေလိမ့်မည်။
သူ၏ ဂုဏသိက္ခာကို တန်ဖိုးထားခြင်းနှင့် ပတ်သက်၍ စူဇီသည် သနားစရာလည်း ကောင်းပါ၏။ တကယ်ဆိုတော့ သူအပါအဝင် ဘားခန်းထဲမှ အမျိုးသမီးများမှာ အလွန်နိမ့်ကျသော ဘဝဖြစ်သည်။ ထို့ကြောင့်လည်း သူတို့ဂုဏ်သိက္ခာကို အတတ်နိုင်ဆုံး ပြန်ပြီး သူတို့ အဖတ်ဆည်နေကြခြင်း ဖြစ်သည်။

စူဇီသည် သူ့ကလေး သေပြီးသည့်အချိန်မှစ၍ ကျွန်တော်နှင့် ဆက်ဆံရေးမှာ စိတ်ရောကိုယ်ပါ

မြှုပ်ထားလိုက်သည်။ ကျွန်တော်နှင့် ဆက်ဆံရေးကို ထိပါးစော်ကားလာ မည်ဆိုလျှင် သူ နည်းနည်းကလေးမှ သည်းမခံတတ်။ တကယ်ဆိုတော့ သူ့ဘဝတွင် ဘာမှ တွယ်တာစရာလည်း မရှိတော့။ ယခုလို ကျွန်တော်နှင့် အတူ နေရသည့်အတွက် အခြားအမျိုးသမီးက သူ့အပေါ် အထင်ကြီး လေးစားခြင်းကိုသာ သူ ရယူလိုတော့သည်။ သူနှင့်ကျွန်တော် အတူနေသည်ကိုလည်း ဘက်တီလောင်းက မလိုတမာ ဖြစ်နေသည်။ စူဇီ သိက္ခာရှိရှိ နှင့် နေနိုင်ခြင်းကို မနာလိုဝန်တိုခြင်း ဖြစ်သည်။

သည်အကြောင်းတွေကို စောစောကတည်းက ကျွန်တော် ကြိုတင်မြင်ခဲ့လျှင် ကြိုတင် ကာကွယ်မှု ပေးနိုင်ခဲ့လိမ့်မည်။ သို့သော် ကျွန်တော့် ကိုယ်ကျိုးမှလွဲပြီး အခြားဘာကိုမှ ကျွန်တော် မစဉ်းစားမိခဲ့မိ။ ယခုတော့ ကျွန်တော်၏ အတ္တစိတ်များမှုကြောင့် သည်အဖြစ်အပျက်ကြီး ပေါ်ပေါက်လာရလေတော့သည်။

ဟောင်ကောင်သို့ ပြန်သွားပြီး ထိုအခက်အခဲများထဲမှ စူဇီကို ကယ်တင်ထုတ်ရလျှင် ကောင်းလေ မည်လား ဟု ကျွန်တော် တွေးမိသည်။

တာဝန်အရ ဟိုကာအီဒိုသို့ သွားရမည်လော။ တာဝန်ကို ဖျက်ပြီး စူဇီကို ကယ်တင်ရန် သွားရမည်လော။ တစ်ခုခု တော့ လုပ်ရပေတော့မည်။

သဘောတူစာချုပ်ကို ဖျက်လျှင် ဘာဖြစ်မည်နည်း။ ကျွန်တော့်အပေါ် လုပ်ငန်းသဘောအရ ယုံကြည်မှုထားခြင်းကို ဖျက်ဆီးပစ်ရာ ရောက်ပေမည်။ ပန်းချီဆရာ တစ်ယောက်အနေဖြင့် ကျွန်တော့် ဘဝတွင် ပထမဦးဆုံး ရရှိသော ယုံကြည်မှုအထားခံရခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် တစ်သက်လုံး ကျဆုံးရ ချေတော့မည်။

စူဇီထံ မပြန်လျှင် ဘာဖြစ်မည်နည်း။ စူဇီအပေါ်မှာ ကျွန်တော် အများကြီး သစ္စာထား ခဲ့သည်။ ယခုလို မပြန်ခြင်းအားဖြင့် သစ္စာမထားရာ ကျလေမည်လား။

ဟီဘီယာ ပန်းခြံထဲမှာ ကျွန်တော် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အပြန်ပြန် အလှန်လှန် စဉ်းစား နေမိသည်။

နောက်ဆုံးတွင် တာဝန်အရ ဟိုကာအီဒိုသို့ သွားရန် ဆုံးဖြတ်ချက်ချလိုက်သည်။ အလုပ်ပြီးအောင် လုပ်ရမည်။

အချိန်ကလည်း ဘာမှကြာမည်မဟုတ်။ ရက်သတ္တ နှစ်ပတ်တည်းသာ ဖြစ်သည်။ ထိုအချိန်အတွင်း စူဇီ၏ အမှုကိုလည်း ရုံးတင်ဦးမည်မဟုတ်။ ဘယ်နေ့ ရုံးတင်မည်ဟုလည်း စာထဲမှာ ဖော်ပြမထား။ သည်အတိုင်း ဆိုလျှင် ရုံးတင်ချိန်အမီ ဟောင်ကောင်သို့ ကျွန်တော် ပြန်ရောက်နိုင်သည်။ ထိုအချိန်တွင် လိုအပ်သည် များကို အကူအညီပေးနိုင်သည်။

ပန်းခြံထဲမှထွက်ပြီး အင်ပီရီယယ်ဟိုတယ်ရှိ စာတိုက်သို့ လာခဲ့သည်။ ဟိန်းအမည်ရှိ ရှေ့နေနှင့် အဆက်အသွယ် လုပ်ရန် စူဇီထံသို့ ကြေးနန်းရိုက်သည်။

ဟောင်ကောင်တွင်ရှိသော ရှေ့နေများအနက် ဟိန်းတစ်ယောက်ကိုသာ ကျွန်တော် သိပါသည်။ သိသည်ဆိုရာမှာလည်း လူချင်းသိသည်မဟုတ်။ ဆုံဖူးသည် မဟုတ်။ အမှုတစ်ခုတွင် တရားခံဘက်မှ ဟိန်းက ရှေ့နေလိုက်ပေးကြောင်း သတင်းစာထဲမှာ သတင်းတစ်ပုဒ် ဖတ်ခဲ့ဖူးသည်။ ထိုမျှသာရှိသည်။ ပြီးတော့ မြို့ထဲမှာ

သူ့ရုံးခန်းက ဆိုင်းဘုတ်ကို တစ်ခါတွေ့ခဲ့ဖူးသည်။ ထို့ကြောင့် သူ့အမည်ကို မှတ်မိနေခြင်း ဖြစ်သည်။

ယခုအမှုနှင့် ပတ်သက်၍ ဘာမှပူဖို့မလိုကြောင်း၊ သူ့နောက်မှ ကျွန်တော် မားမား မတ်မတ် ရပ်ပေး နေမည် ဖြစ်ကြောင်းလည်း စူဇီကို ကြေးနန်းနှင့် အားပေးစကားပြောလိုက် သည်။ ဟိန်းထံသို့လည်း ကြေးနန်းတစ်စောင် လှမ်းရိုက်သည်။

ပြီးတော့မှ စူဇီထံသို့ ရိုက်သည့် ကြေးနန်းတွင် ကျွန်တော် ပြန်ရောက်မည့်ရက် မပါကြောင်း သတိရသဖြင့် ဘီအိုအေစီ ရုံးရှိရာသို့ သွားရပြန်သည်။ ကျွန်တော် ပြန်ရက်တွင် ရနိုင်မည့် လေယာဉ်ပတ်ကို စုံစမ်းရသည်။ လေယာဉ်ပျံ လက်မှတ် သေချာပေါက် ရဖို့စီစဉ်ရသည်။ သေချာတော့မှ စာတိုက်သို့ ပြန်သွားပြီး ပြန်ရောက်လာမည့် ရက်အတိအကျကို နောက်ထပ် ကြေးနန်းတစ်စောင် ထပ်ရိုက်လိုက်သည်။ ပန်းရောင်ထီး တစ်ချောင်းပါ ဂယ်ထားပြီးပြီဖြစ်ကြောင်းလည်း ထည့်ရိုက်လိုက်သည်။

ထိုကိစ္စတွေပြီးတော့မှ တက္ကစီတစ်စီးငှားပြီး ဂျပန်ဟိုတယ်သို့ ပြန်ခဲ့သည်။ ဂေးရှားမယ်ကလေးများက နဖူးနှင့် ကြမ်းပြင်ပေါ်မှ လက်ကိုထိပြီး နှုတ်ဆက်ကြပြန်သည်။ ကျွန်တော့်ဖိနပ် ကြိုးဖြေသူကဖြေ၊ အဂတ်ကူလမြေးသူကလဲဖြင့် အလုပ်များနေကြသည်။

ကျွန်တော် ဆွဲထားပြီးဖြစ်သည့် ပန်းချီကားများကို သိမ်းထားပေးရန် ဟိုတယ်ပိုင်ရှင် အမျိုးသမီးလက် အပ်လိုက်သည်။ အထုပ်အပိုးအားလုံး ပြင်ဆင်ပြီးသောအခါ အသင့်စောင့်ခိုင်းထားသည့် တက္ကစီကားဖြင့်ပင် လေယာဉ်ကွင်း သို့ ဆင်းခဲ့သည်။

ဟိုကာအီဒိုသို့ ထွက်မည့် လေယာဉ်ကို မီရုံကလေးသာရှိသဖြင့် တော်ပေသေးတော့သည်။

**အခန်း (၃) မျှော်**

## စာအုပ် (၃) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၃)

**အခန်း(၃)**

"အဲဒီ ရဲသားတွေလေ တော်တော်ဆိုးတယ် သိလား မောင်၊ ဟုတ်တယ်..ကျွန်မကို မျောက်အိမ်ကလေးထဲမှာ တစ်ညလုံး ထည့်ထားတယ်၊ ဟိုလေ.. တကယ့်မျောက်အိမ်အစစ်တော့ မဟုတ်ဘူးပေ့ါ၊ ဒါပေမဲ့ မျောက်အိမ် သေးသေးကလေး အတိုင်းပဲ၊ ရဲစခန်းမှာ ရှိတယ်လေ၊ သိပ်ဆိုးတာပဲ မောင်ရယ်"

ဟောင်ကောင်မြို့ထဲကို သွားရန် ဟောင်ကောင်လေဆိပ် အပြင်ဘက်တွင် ဘတ်စ်ကားစောင့်ရင်း ကျွန်တော်တို့ စကားရပ်ပြောနေကြသည်။ ဂျပန်မှထွက်လာသော လေယာဉ်ပျံသည် သုံးနာရီလုံးလုံး နောက်ကျပြီး မှ ဆိုက်သည်။

ကျွန်တော် လေယာဉ်ပေါ်မှ ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဂျင်းဘောင်းဘီဂတ်ပြီး သံစကာ နောက်မှာ ခုန်ဆွခုန်ဆွ လုပ်နေသော စူဇီကို မြင်ရသည်။ ဟောင်ကောင်မှ ထွက်သွားကတည်းက ယခုအချိန် အထိ ထိုနေရာမှာပင် ကျွန်တော့်ကို တစ်ချိန်လုံး ရပ်စောင့်နေခဲ့သလား ထင်မှတ်ရသည်။

ကျွန်တော် ခရီးထွက်နေစိုက်တွင် ဟောင်ကောင်မှာ နွေရာသီ လုံးလုံးလျားလျား ရောက်ချေပြီ။ သည်မှာ ပူပုံက မလေးရှား နွေရာသီထက်ပင် အဆများစွာ ပိုဆိုးလေသည်။ ကျွန်တော့်ရှပ်အင်္ကျီမှာ ချွေးတွေနစ်နေသည်။ မျက်နှာနှင့်လည်ပင်းမှာလည်း ချွေးရွှဲနေပြီ။ လက်ကိုင်ပဝါနှင့် ကျွန်တော် ချွေးသုတ် နေစိုက် စူဇီကတော့ ရဲတွေဆိုးကြောင်း နာနာကြည်းကြည်း ပြောနေသည်။

"အိုး... သိပ်ဆိုးတာပဲ မောင်ရယ်၊ အဲဒီနေရာလေ လူတွေကလည်း အရမ်းဆိုး၊ အရမ်းညစ်ပတ်၊ ရဲတွေကလည်း သိပ်ဆိုးတာပဲ"

"စူဇီ... ဘက်တီကရော ဘယ်လိုနေသလဲ၊ သူရော ကောင်းသွားပြီလား" ဟု ကျွန်တော်က မေးသည်။

"အဲဟို ကန်တုန်ကောင်မလား၊ အိုး... ကောင်းသွားပါပြီ၊ သူ့အတွက် မောင် ပူဖို့မလိုတော့ပါဘူး"

"မောင်က မင်းအတွက်သာ ပူတာပါ၊ သူ့ဒဏ်ရာ သိပ်ကြီးတယ်ဆိုရင် မင်းအပြစ်ပိုကြီးမှာကို မောင် စိုးရိမ်နေခဲ့ရတာ၊ သူ ဆေးရုံတက်နေရတုန်းပဲလား"

"ဟုတ်တယ်၊ ကျွန်မ ထင်တာပဲ"

သူက ဘာမှမဖြစ်သလို ပြန်ဖြေသည်။

"ဒါဆိုရင် မင်း သေသေချာချာ မသိဘူးလား"

"ဟုတ်တယ်၊ ဆေးရုံတက်နေရတုန်းပဲ၊ ဒါပေမဲ့ မှောက်အိမ်ကလေးဝင်နေရပြီး ဒုက္ခခံခဲ့ရတဲ့ အကြောင်းတွေ မောင့်ကို ပြောတယ်၊ "ကျွန်မကို အခုချက်ချင်း အပြင်ထုတ်ပေး၊ ကျွန်မ အမျိုးသားက အင်္ဂလိပ်လူမျိုး၊ အမေရိကန်ကုမ္ပဏီကြီးတစ်ခုအတွက် အလုပ်လုပ်ပေးဖို့ အခု ဂျပန်ပြည် ရောက်နေတယ်၊ ပိုက်ဆံတွေ အများကြီးရတယ်၊ သူ တစ်ပတ်ရတဲ့ပိုက်ဆံဟာ ရှင်တို့ရဲ့ အဖွဲ့က နံပါတ်တစ် အကြီးဆုံးလူ တစ်လရတာထက် ပိုများတယ်၊ တစ်လမဟုတ်ဘူး၊ တစ်နှစ်ရတာထက် ပိုများတယ်၊ ဟောဒီမှာကြည့်၊ ကျွန်မကို ဟောဒီချက်လက်မှတ်စာအုပ် သူပေးသွားတာ၊ ကျွန်မ ငွေဘယ်လောက်လိုချင်သလဲ၊ ဟောဒီ အပေါ်မှာ ရေးချလိုက်ရုံပဲ၊ ကျွန်မ လိုချင်သလောက်ငွေကို ဘဏ်တိုက်က ထုတ်ပေးမယ်၊ ဟုတ်တယ်၊ ကျွန်မ အမျိုးသားဟာ အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီး၊ သူ ပြန်ရောက်လာရင် ရှင်တို့ အားလုံး မချောင်ဘူး၊ အကြီးအကျယ် ဒုက္ခရောက်ကုန်မယ်၊ ရှင်တို့အတွက် အဆိုးဆုံးအချိန် ဖြစ်သွားမယ်" ကျွန်မ အဲဒီလိုကို ပြောပစ်လိုက်တယ် မောင်ရယ်၊ ဒါပေမဲ့ သူတို့ကတော့အဲဒီနေရာမှာ ကျွန်မကိုတစ်ညလုံးလုံးထည့်ထားတယ်၊ ကျွန်မဖြင့်လေ တစ်မှေးကလေးတောင် အိပ်လို့မပျော်ခဲ့ဘူး"

"စူဇီ၊ မင်းတို့ ဘာဖြစ်ခဲ့ကြတယ်ဆိုတာ အစကနေပြီး အသေးစိတ် ပြန်ပြောပြစမ်း" ဟု ကျွန်တော်က ပြောသည်။

"ကျွန်မ ပြောပြပြီးပြီလေ၊ အဲဒီ ကန်တုန်ကောင်မက ကျွန်မကို မကောင်းတာပြောတယ်၊ ဒါကြောင့် ကျွန်မ ကတ်ကြေးနဲ့ ထိုးပစ်လိုက်တယ်"

"သူက ဘာပြောလို့လဲ"

"အိုး... ကျွန်မ အတိအကျ မမှတ်မိတော့ဘူး" သူက ကမန်းကတန်း ပြန်ပြောသည်။ "သူပြောတဲ့ စကားဟာ မကောင်းဘူးဆိုတာပဲ မှတ်မိတော့တယ်၊ ဒါပဲ၊ သူ့ကို ဒီထက်ပိုနာအောင်တောင် ထိုးပစ် လိုက်ချင်တယ်"

"အဲဒီလို မလုပ်လိုက်မိတာ ဘုရားသခင်ကိုပဲ ကျေးဇူးတင်ရတော့တာ ပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် မင်းက အဲဒီကတ်ကြေးနဲ့ ဘာလုပ်နေတာလဲ"

"ကျွန်မမှာ ရှိနေတယ်လေ"

"ဒါပေမဲ့ မင်းက ဘာဖြစ်လို့..."

ကျွန်တော့် စကားကို အဆက်မခံဘဲ သူက သည်းမခံနိုင်တော့သလို ဖြတ်ဂင်ပြောသည်။

"နေစမ်းပါဦး၊ မောင်က ဘာဖြစ်လို့ အဲဒီကန်တုန်ကောင်မအတွက် ဒါလောက်တောင် ပူပင်သောက ရောက်နေရတာလဲ၊ သူ ဒီလိုလုပ်တာ ခံကို ခံသင့်တယ်၊ အားလုံးကလည်း ဒီအတိုင်း ပြောတာပဲ၊ လူတိုင်းက ကျွန်မကို ဒီအတိုင်းပြောတယ်၊ "စူဇီ မင်းလုပ်တာမှန်တယ်၊ အကောင်းဆုံး အလုပ်ကို မင်း လုပ်လိုက်တာပဲ" လို့ လူတိုင်း ပြောတယ်၊ အားလုံးက ကျွန်မကို ဂမ်းသာအားရ ချီးကျူးကြတယ် မောင်၊ သိလား၊ အဲဒီရဲ တွေက လွှဲလို့ပေါ့လေ"

ဘက်တီက မည်သည့်စကားမျိုးကို ပြောသောကြောင့် ယခုလို ကတ်ကြေးနှင့် ထိုးရသည်ဆိုသော အချက်ကိုပင် ဘတ်စ်ကားပေါ်မှာရော၊ ဂမ်ချိုင်းသို့ကူးသည့် ကူးတို့ သင်္ဘောပေါ်မှာပါ ကျွန်တော် ထပ်ကာ ထပ်ကာ မေးသည်။ သို့သော်လည်း သူ့အဖြေကတော့ အမြဲတမ်း မရေမရာချည်း ဖြစ်နေသည်။

နမ်ကောက် ဟိုတယ်သို့ ပြန်ရောက်သောအခါ ရာသီဥတုက တော်တော်ဆိုးနေသည်။ ဂျပန်မှာ ကျွန်တော် နေခဲ့သည့်အတွက် ယခုရာသီဥတုနှင့် ရုတ်တရက် အထာမကျနိုင်အောင် ဖြစ်သွားသည်။

ကျွန်တော့် ရုပ်အင်္ကျီမှာ ချွေးတွေနစ်နေသည်။ ကျွန်တော့်အပြန်ကို ကြိုဆိုသည့်အနေဖြင့် စူဇီက အခန်းထဲမှာ ပန်းအိုးများထိုးထားသည်။ ကျွန်တော့် အဂတ်အစားများကို ကူချွတ်ပေးသည်။ ရေစင်မှာ ကျွန်တော် မျက်နှာသွားသစ်တော့ ကျွန်တော့်ကျောကို ရေပတ်တိုက်ပေးသည်။ အထိုက် အလျောက် နေသား တကျ ရှိသွားသောအခါ ခုတင်ပေါ်၌ ကျွန်တော့်ဘေးမှာ လဲလျောင်းခိုင်းပြီး ဘက်တီနှင့် ဖြစ်ခဲ့ရသည့် ဇာတ်လမ်း အသေးစိတ်ကို ထပ်မေးသည်။

"ကဲ... အစကနေ ပြန်စကြဦးစို့ စူဇီ၊ အချိန်က ညနေသုံးနာရီ၊ မင်းက ဘားခန်းထဲမှာ ထိုင်နေတယ်၊ မင်း တစ်ယောက်တည်းလား"

"မဟုတ်ဘူး၊ ဂွမ်နီနဲ့ အတူတူထိုင်နေတာ"

"ကောင်းပြီ၊ ဘက်တီက ဘယ်မှာလဲ"

"အဲဒီအချိန်ကျမှ ဘားခန်းထဲကို သူဝင်လာတာ၊ ကျွန်မတို့စားပွဲနားက ဖြတ်လျှောက်သွားတယ်၊ သူ လမ်းလျှောက်သွားပုံက တော်တော်စိတ်ကုန်စရာ ကောင်းတယ်လို့ ထင်တယ်၊ ဒီလိုလျှောက်တာဟာ..."

"ကဲ... ထားလိုက်တော့၊ ဘယ်သူက အရင်စကားစပြောတာလဲ"

"သူ အရင်ပြောတယ်၊ အဲဒီကန်တုန်ကောင်မ၊ ကျွန်မကို မကောင်းတဲ့စကား လှမ်းပြောတယ်"

"ကောင်းပြီ၊ ဘယ်လိုပြောသလဲ"

"ကျွန်မ မမှတ်မိဘူး"

"ဒါပေမဲ့ မင်း မှတ်မိရမှာပေါ့ စူဇီ၊ သူ့ကို ကတ်ကြေးနဲ့ ထထိုးမိလောက်တဲ့အထိ မင်းစိတ်ဆိုးအောင် ပြောတာပဲ၊ ဒီစကားကို မင်း မှတ်မိရမှာပေါ့"

"ပထမနေ့တုန်းက ပြောသွားတဲ့စကားလုံးကို ပြန်ပြောတယ်ဆိုတာပဲ ကျွန်မ မှတ်မိတော့တယ်"

"အဲဒီတော့ သူပြောတာ ဘာစကားလဲ"

"ကျွန်မ မမှတ်မိဘူး"

"စူဇီ မောင့်ကိုကြည့်စမ်း၊ မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး၊ သေသေချာချာကြည့်၊ တည့်တည့်ကြည့်၊ ဟုတ်ပြီ၊ မင်း မောင့်ကို အမှန်ပြောနေတာလား"

"မဟုတ်ပါဘူး"

"မင်း မှတ်မိတယ်လို့ ဆိုလိုတာလား"

သူက မျက်လုံးများကို တစ်ဖက်သို့ လွှဲသွားသည်။

"ကျွန်မ မပြောနိုင်ဘူး"

"ဘာကြောင့် မပြောနိုင်ရမှာလဲ"

သူ ငြိမ်ကျသွားသည်။ ကျွန်တော့်ကို သူ မယုံကြောင်း ပထမဦးဆုံးအကြိမ်အဖြစ် ငြင်းဆိုလိုက်ခြင်းလည်း ဖြစ်သည်ဟု ကျွန်တော် နားလည်သည်။

"ကောင်းပြီ၊ အဲဒီကိစ္စကို ခဏထားကြဦးစို့၊ ပထမဆုံး ဒီစကားကို သူ ပြောတုန်းက ဘာဖြစ်ခဲ့သလဲ"

"နင် နောက်ထပ် ဒီစကားထပ်ပြောရင် နင့်ကို ငါ သတ်မယ်လို့ ပြောလိုက်တယ်"

"မင်း ဒီလိုမပြောပါဘူး စူဇီ၊ ဒီစကားလုံးတွေအတိုင်း မဟုတ်ပါဘူး"

"ဟုတ်တယ်၊ သူ့ကို သတိပေးလိုက်တယ်၊ နင့်ကို ငါ သတ်မယ်လို့ ပြောလိုက်တယ်"

"အို... ဘုရား... ဘုရား"

"သူက ပြန်ပြောတယ်၊ စမ်းကြည့်ပါလားတဲ့၊ ဘာဂရုစိုက်ရမှာလဲတဲ့၊ ငါ ပြောချင်တဲ့အချိန်မှာ ပြောမယ်၊ မနက်ဖြန်လည်း ထပ်ပြောဦးမယ်တဲ့၊ ဒါနဲ့ အပြင်ထွက်ပြီး ကတ်ကြေး ဝယ်လာခဲ့တယ်"

"ဘာ..."

"ဟုတ်တယ်၊ ဟင်နက်ဆီလမ်းထောင့်မှာ ပထမဆုံးတွေ့ရတဲ့ ဆိုင်တစ်ဆိုင်ကနေ ကတ်ကြေးတစ်လက် ဝယ်ခဲ့တယ်၊ အကြီးကြီးပဲ၊ ခြောက်လက်မ၊ ရှစ်လက်မလောက်ရှိမယ်၊ မောင့်ကိုတော့ ကျွန်မ မပြနိုင်တော့ဘူး၊ ရဲတွေက ယူသွားပြီ၊ ဟုတ်တယ်၊ ကျွန်မ ကတ်ကြေးကို သူတို့ ခိုးသွားကြပြီ"

"မင်း အဲဒီလို ကတ်ကြေးဝယ်လာပြီးတော့..."

"အသုံးလိုရင် အဆင်သင့်ရအောင် ပိုက်ဆံအိတ်ထဲမှာ ထည့်ထားတယ်၊ နောက်တစ်နေ့ ညနေကျတော့ စောစောက မောင့်ကို ပြောပြသလို ကန်တုန်ကောင်မ ဘားခန်းထဲ ဝင်လာတယ်၊ စောစောက ပြောတဲ့အတိုင်း မကောင်းတဲ့ စကားပြောတယ်၊ ပြောပြီး တစ်ဖက်လှည့်ထွက်သွားတယ်၊ ကျွန်မက "နင်ဟာတော်တော် စိတ်ထားယုတ်မာတဲ့ကောင်မ၊ တော်တော်ယုတ်မာတဲ့ ကန်တုန်ကောင်မ" လို့ ပြောလိုက်တယ်၊ သူက ပြန်လှည့်လာတယ်၊ ကျွန်မက သူ့ရင်ဘတ်ကို ကတ်ကြေးနဲ့ ထိုးလိုက်တယ်၊ ရင်သားနှစ်ခုကြားကို ဝင်သွား တယ်၊ ဒီလိုစကားမျိုး ပြောတဲ့ကောင်မ၊ ရင်သားထိသွားလည်း အရေးမစိုက်ပေါင်၊ ဒါပေမဲ့ ကတ်ကြေးက အလယ်တည့်တည့်မှာ ဝင်သွားတယ်၊ နောက်တစ်ချက်ထပ်ထိုးဖို့ ကျွန်မဆွဲနုတ်လိုက်တယ်၊ ဒါပေမဲ့ ဂွမ်နီနဲ့ တစ်ယောက်ယောက်က ကျွန်မကို ဆွဲထားတယ်၊ ကန်တုန်ကောင်မ ကြမ်းပေါ်လဲကျသွားတယ်၊ သွေးတွေ အများကြီးထွက်တယ်၊ တအားအော်တာပဲ၊ ဒဏ်ရာက ဒါလောက် မဟုတ်ပါဘူး၊ သက်သက်ပလီတာ"

"အင်း... ဂွမ်နီကိုပဲ ကျေးဇူးတင်ရတော့မှာပဲ၊ မောင်တော့ ဒါပဲ ပြောတတ်တော့တယ်"

"မဟုတ်ဘူး၊ ဒီကောင်မကို ကျွန်မ အသေသတ်ချင်တာ၊ ဂွမ်နီဆွဲလိုက်တော့ ကျွန်မ အရမ်းစိတ်မကောင်း ဖြစ်သွားတယ်"

"ဒါပေမဲ့ အခုတော့ မင်း စိတ်မကောင်းမဖြစ်တော့ဘူး မဟုတ်လား"

"ဖြစ်တယ်၊ တကယ်စိတ်မကောင်း ဖြစ်နေသေးတယ်၊ ပထမနေ့ကတည်းက သူ့ကို ကျွန်မ သတိပေး ပြီးပြီ၊ ဒါကြောင့် သူ ဒီလို ခံကိုခံရမယ်၊ ခံထိုက်တယ်၊ သူ့ကို ဘာမှခွင့်လွှတ်နေစရာ မလိုဘူး၊ ဂွမ်နီ ကျွန်မကို ဆွဲလိုက်တော့ ကျွန်မ စိတ်ဆိုးတယ်"

"ဒီမှာ နားထောင် စူဇီ၊ ဒီအဖြစ်ဟာ ဘယ်လောက်ဆိုးတယ်ဆိုတာ မင်း သဘောပေါက်တယ်လို့ မောင်မထင်ဘူး၊ မင်း သူ့ကို မသတ်ဖြစ်လိုက်ပေမယ့် အင်မတန် ဆိုးတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းကို အာမခံပေးလိုက်တာကိုတောင် မောင် အံ့သြတယ်"ဟု ကျွန်တော်က ပြောပြသည်။

"ကျွန်မကတော့ မပူပါဘူး၊ အောက်ထပ်ကလူတွေကို မောင်ကိုယ်တိုင် မေးကြည့်ပါလား၊ "စူဇီ မင်းဒီလိုလုပ်လိုက်တာ ကောင်းတယ်" လို့ လူတိုင်းက ပြောကြတယ်၊ ရုံးတော်ရောက်ရင်လည်း ဘာတွေ

ဖြစ်တယ်ဆိုတာကို ပြောပြလိုက်ရုံပဲ၊ ပထမနေ့ကတည်းက အဲဒီ ကန်တုန်ကောင်မကို ကျွန်မ သတိပေးထားပြီးသားလို့ ပြောပြမယ်၊ ဒါဆို သူတို့ သဘောပေါက်နားလည်သွားမယ်"

"သူတို့ နားအလည်လွန်သွားမှာ စိုးရတယ်၊ ဒီကိစ္စကို မောင်တို့ အပြင်းအထန် စဉ်းစားရတော့မယ် စူဇီ၊ ဒီတော့ ပထမဆုံးအနေနဲ့ ဘက်တီက ဘာပြောတယ်ဆိုတာ မောင့်ကို အတိအကျ ပြောပြရမယ်၊ အဖြစ်မှန်ကို မောင် မသိဘဲနဲ့တော့ မင်းကို ဘာအကူအညီမှ ပေးနိုင်မှာ မဟုတ်ဘူး၊ ကဲ... ပြော၊ သူပြောတဲ့ စကားက ဘာလဲ"

"ကျွန်မ ပြောနိုင်ဘူး"

"စူဇီ၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ ဒါဟာ ဘာဖြစ်သွားနိုင်တယ်ဆိုတာ မင်း နားမလည်ဘူးလား၊ မင်း ထောင်ကျသွားနိုင်တယ်၊ နားလည်ရဲ့လား"

"ဘာဖြစ်တယ်ဆိုတာ သူတို့ကို ကျွန်မ ပြောလိုက်ရင် ကျွန်မကို မျောက်အိမ်ထဲ သူတို့ မပို့ပါဘူး"

"ပို့မှာပဲ၊ မင်းကို ထောင်ချပစ်မှာပဲ၊ ရုတ်တရက် ဒေါသပေါက်ကွဲပြီး ဘက်တီကို မင်း ထထိုးတာမဟုတ်ဘူး၊ သူ့ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်၊ နောက်ပြီးတော့ ခြိမ်းခြောက်တဲ့အတိုင်း လုပ်ဖြစ်အောင် လုပ်တယ်၊ ဒီတော့ မင်းလွတ်မြောက်ဖို့အတွက် ဇာတ်လမ်း တစ်ခုကို တို့ ဆင်ရမယ်၊ ဒီလို ဇာတ်လမ်းတစ်ခု ဆင်ဖို့အတွက် သူ ဘာပြောသလဲဆိုတာ မောင် ကြိုတင်သိထားဖို့လိုတယ်၊ ကဲ...ပြော၊ သူပြောတာ ဘာစကားလဲ"

"မပြောဘူး"

ကျွန်တော့်စိတ်ကို မထိန်းနိုင်တော့ပါ။ ဒေါသပေါက်ကွဲလေတော့သည်။ ရာသီဥတုက အေးနေမည် ဆိုလျှင် ဒါလောက် ဒေါသဖြစ်ချင်မှ ဖြစ်မည်။ သို့သော်လည်း ဟောင်ကောင် နွေရာသီက ပူပြင်းလှသည်။ ထို့ကြောင့် အလွယ်တကူပင် ဒေါသပေါက်ကွဲမိတော့သည်။

အလွန်ရင့်သီးသော စကားလုံးများဖြင့် သူ့ကို ဆဲရေးတိုင်းထွာသည်။ ကျွန်တော့်စကားလုံးများကြောင့် သူ ငိုတော့သည်။ သို့သော်လည်း ကျွန်တော်က မရပ်။ လျှော့မပေးဘဲ ဆက်ဆဲသည်။ ဆဲရုံမက ကြိမ်းမောင်းမိသည်။ နှစ်ပြားမျှ တန်ဖိုးမရှိသော သူကသိက္ခာကို ဘာကြောင့်ဆည်နေသနည်း။ ဘာသိက္ခာ ရှိသနည်း။ သူလိုမိန်းကလေးတစ်ယောက်မှာ ဘာတန်ဖိုးရှိသနည်း။ ဒါလောက်တောင် ကိုယ့်သိက္ခာ ကိုယ်ထိန်းပြီး ဆက်ငြင်းနေမည်ဆိုလျှင် သူ့အပေါ် ကျွန်တော် ထားရှိခဲ့သော လေးစားမှု့ များအားလုံးကို ဖျက်ဆီး ပစ်နေသည်နှင့်သာ တူကြောင်း ကျွန်တော်က ပြောသည်။ နောက်ဆုံးကျမှ မျက်ရည်လည်ရွဲဖြင့် သူကပြောသည်။

"ကောင်းပါပြီ၊ ကျွန်မ ပြောပါတော့မယ်"

"အင်း... တော်ပါသေးရဲ့၊ ဒီစိတ်ကလေးဝင်လာတာ ဘုရားသခင်ကိုပဲ ကျေးဇူးတင်ရတော့မှာပဲ"

ဘက်တီလောင်းပြောသည့် စကားများကို သူက ပြန်ပြောပြသည်။ ကျွန်တော့် ဒေါသမီးများအားလုံး ချက်ချင်း ငြိမ်းသွားတော့သည်။ ငြိမ်းရုံသာမက အရှက်ကြီးလည်း ရှက်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် စူဇီသည် သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းလုံးဝမဟုတ်။ ကျွန်တော်၏

ဂုဏ်သိက္ခာကို ထိန်းသိမ်း ကာကွယ်ပေးလိုက်ခြင်း ဖြစ်သောကြောင့်ပေတည်း။

ဖြစ်ရသည့်ပြဿနာ အမှိုက်ကစ ပြာသာဒ်မီးလောင်ခြင်းသာ ဖြစ်ပါသည်။ စူဇီအပေါ်မှာ ထားရှိသော အာဃာတတရားကို အကြောင်းပြုပြီး ဘက်တီလောင်းက ကျွန်တော့်အကြောင်း မကောင်းပြောခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် အမျိုးသမီးများနှင့် ဆက်ဆံရာတွင် ညစ်ညမ်းသည့် အကျင့်စရိုက်များနှင့် ဖောက်ပြန် တတ်ကြောင်း သူ့ကိုယ်တွေ့ဖြစ်ပါသည်ဟု ဘက်တီက ပြောသည်။
နောက်နေ့တွင် ဘားခန်းထဲမှာ စူဇီကို ထိုစကားဖြင့် ဆက်လက်ရန်စသည်။ သည်နေရာမှာပင် စူဇီ ပေါက်ကွဲခြင်းဖြစ်သည်။

"မောင့်ဂုဏ်သိက္ခာကို ကျအောင်လုပ်မယ်ဆိုရင် ဘယ်သူ့ကိုမဆို သတ်မှာပဲ၊ သူ့ကို ကျွန်မ ပြောတယ်၊ ငါ့သိက္ခာကို ချချင်သလောက်ချ၊ ဒါပေမဲ့ ငါ့ရည်းစားရဲ့သိက္ခာကို မချရဘူးလို့ ပြောပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယမ်ယမ်ကောင်မလေး တစ်ယောက်အနေနဲ့ ကျွန်မမှာက ဂုဏ်သိက္ခာ အလိုလို ကျပြီးသား၊ ဒါပေမဲ့ မောင်က လူကြီးလူကောင်း၊ ဒါကြောင့် မောင့်ကို ဘယ်နည်းနဲ့မှ ဂုဏ်သိက္ခာ အချ မခံနိုင်ဘူး၊ မောင့်ဂုဏ်သိက္ခာကျအောင် မဟုတ်တာတွေ ပြောလာမယ်ဆိုရင် ဘယ်လိုလူကိုမဆို သတ်မှာပဲ"

"စူဇီ... မောင် ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွယ်၊ အခုလောက်တစ်ခါမှ မောင် စိတ်မဆင်းရဲဖူးဘူး၊ အခုလို စကားမျိုးတွေနဲ့ မင်းကို ပုတ်ခတ်မိတဲ့အတွက် မောင် အရမ်း စိတ်မချမ်းမသာ ဖြစ်သွားတယ်" ဟု ကျွန်တော်က ပြောပါသည်။

"ကိစ္စမရှိပါဘူး မောင်၊ ကျွန်မ လုပ်လိုက်တဲ့အလုပ် မှန်တယ်ဆိုတာ အခုအချိန်ထိ မောင် သဘော မပေါက်သေးဘူး၊ အဲဒီ ကန်တုန်ကောင်မကို ကတ်ကြေးနဲ့ထိုးပစ်လိုက်တာ ကောင်းတဲ့ အလုပ် ဆိုတာ မောင် နားမလည်သေးဘူး"

"မင်း အဲဒီလိုမလုပ်ဖြစ်ရင် ကောင်းဆုံးပဲလို့ အခုအချိန်ထိ မောင့်စိတ်ထဲမှာ ခံစားနေရတယ်၊ ဒီအတွက် မောင် အရမ်း စိတ်ပူနေတယ်"
"အကြောင်းမဲ့ မောင် စိတ်ပူနေတာပဲ"
"ဟိန်းကရော ဘာပြောသေးသလဲ"
"အိုး... သူကလည်းအလကားအဘိုးကြီးပဲ၊ ဘာတစ်ခုမှ သဘောမပေါက်ဘူး၊ မင်းကို လိုင်ချီကောက် ပို့ချင် ပို့လိမ့်မယ်လို့ သူကပြောတယ်၊ လိုင်ချီကောက်ဆိုတာ မိန်းမထောင်လေ၊ ဒါပေမဲ့ ကျွန်မ ကြားဖူးတာကတော့ တရားသူကြီးဟာ သိပ်ကြင်နာတတ်တာပဲတဲ့၊ သိပ်ကောင်းတာပဲတဲ့၊ စိတ်နှလုံးသား သိပ်နူးညံ့တာပဲတဲ့၊ ဒါကြောင့် သူတို့က နားလည်မှာပါ"

"ပြဿနာက အဲဒါပဲ စူဇီ၊ တရားသူကြီးတွေဟာ ဘယ်လောက်ပဲ စိတ်သဘောထား ကောင်းကောင်း တရား ဥပဒေကတော့ စိတ်သဘောထားကောင်းတာ မဟုတ်ဘူး၊ လူတစ်ယောက်ဟာ အသတ်ခံ ထိုက်တဲ့ လူပင် ဖြစ်လင့်ကစား သူ့ကိုသတ်ဖို့ တရားဥပဒေက ခွင့်မပြုဘူး"

သို့သော်လည်း ယခုပြဿနာသည် မည်မျှကြီးမားကြောင်း သူ သဘောပေါက် နားလည်အောင် ကျွန်တော် ဘယ်လိုမျှ မတတ်နိုင်ပါ။ ထို့ကြောင့် လသာဆောင်သို့ ထွက်လာပြီး မိနစ် နှစ်ဆယ်ခန့် ကြာအောင် အမျိုးမျိုး တွေးတောနေမိပါသည်။ ပြီးတော့မှ အခန်းထဲ ပြန်ဝင်လာခဲ့သည်။

"စူဇီ မင်းဆီက မောင်ရထားတဲ့ သင်ခန်းစာတစ်ခု ရှိတယ်၊ လူတစ်ယောက်ဟာ အလုပ်တစ်ခုကို လုပ်တော့မယ်လို့ ဆုံးဖြတ်ရင် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ပြတ်ပြတ်သားသား လုပ်ရမယ်ဆိုတဲ့ သင်ခန်းစာပဲ၊ အဲဒီတော့ ဆိုးတာတစ်ခုကို မောင်တို့ လုပ်ကြရတော့မယ်၊ မောင်တို့ မမှန်သက်သေ ထွက်ကြရတော့မယ်၊ မမှန်တာတွေကို သတိကြီးကြီးနဲ့ ထွက်ဆိုကြရတော့မယ်၊ ကိုယ်ပြောရမယ့် စကား တွေကို အလွတ်ကျက်ရမယ်၊ အဲဒီလို အလွတ်ကျက်ထားတဲ့အတိုင်း ရုံးတော်မှာ တစ်လုံးမကျန် တိတိကျကျ ထွက်ဆိုရတော့မယ်၊ ဒီလို မမှန်သက်သေ မထွက်ဆိုရင် မင်းကို လိုင်ချီကောက်ထောင်ကို ပို့လိုက်လိမ့်မယ်၊ ခြောက်လ ကြာချင်ကြာမယ်၊ တစ်နှစ် ကြာချင်ကြာမယ်၊ ကိုင်း... အဲဒီကတ်ကြေးအကြောင်း စဉ်းစား ကြရအောင်၊ ဒီကတ်ကြေးကို မင်း ဘယ်တုန်းက ဝယ်သလဲ"

"အဲဒီ ကန်တုန်ကောင်မက ညစ်ပတ်တဲ့စကားတွေ ပထမဆုံးအကြိမ် ပြောပြီး ကျွန်မ သွားဝယ်တာပဲ"

"မဟုတ်ဘူး၊ ဒီလိုမဟုတ်ဘူး၊ မင်း ဝယ်ထားတာကြာပြီ၊ မင်း အိမ်ပြိုကျပြီး မင်းပိုင်တဲ့ပစ္စည်းတွေ ဆုံးကုန်ပြီးကတည်းက ဝယ်ခဲ့တာ၊ နောက်ပြီးတော့ လမ်းဘေးဈေးဆိုင်က ဝယ်ခဲ့တယ်၊ ဟင်နက်ဆီလမ်းက ဝယ်ခဲ့တာ မဟုတ်ဘူး၊ ရဲက သွားပြီး စုံစမ်းတာမျိုးတို့ အဖြစ်မခံနိုင်ဘူး"

"ကျွန်မ မလိမ်ချင်ဘူး၊ အမှန်အတိုင်းပဲ ပြောမယ်၊ တကယ်ဖြစ်ခဲ့တဲ့ အတိုင်းပဲ ပြောမယ်"

"စူဇီ... မင်း အဲဒီလိုပြောရင် ထောင်ကျသွားလိမ့်မယ်၊ မောင်ပြောတာကို ယုံပါ၊ မင်း နားမလည် နိုင်ဘူးဆိုရင်လည်း မောင့်ကို ယုံကြည်တဲ့အနေနဲ့ မောင့်စကားကို လက်ခံပါ"

"ကောင်းပြီလေ၊ မောင်က ဖြစ်စေချင်တယ်ဆိုရင်ပေါ့"

"ဒီလိုမှပေါ့ကွယ်၊ ကဲ... ကတ်ကြေးကို မင်း ဘယ်တုန်းက ဝယ်ခဲ့သလဲ"

"ကျွန်မအိမ် ပြိုကျသွားပြီးတဲ့နောက်"

"ဘယ်မှာဝယ်တာလဲ"

"လမ်းဘေးဈေးဆိုင်က"

"အဲဒီကတ်ကြေးကို မင်း ဘယ်မှာသိမ်းထားသလဲ"

"အပေါ်ဆုံး အံဆွဲထဲမှာ"

"မဟုတ်ဘူး၊ မင်း အဲဒီမှာမသိမ်းဘူး၊ ပိုက်ဆံအိတ်ထဲမှာ အမြဲတမ်း ထည့်ထားလေ့ရှိတယ်၊ ဘာကြောင့်လဲဆိုတော့ မင်းဟာ ဘားခန်းထဲမှာထိုင်ပြီး အမြဲတမ်း ဇာထိုး ပန်းထိုး လုပ်နေလို့ပဲ၊ ကိုင်း ... မင်းစားပွဲနား က ဘက်တီဖြတ်လျှောက်သွားရင်း အဲဒီစကားတွေပြောတော့ ကတ်ကြေးက ဘယ်မှာလဲ"

"ပိုက်ဆံအိတ်ထဲမှာ"

"မဟုတ်ဘူး၊ မင်းလက်ထဲမှာ ရှိနေတယ်၊ အင်္ကျီပုံတစ်ခု မင်းညှပ်နေတယ်၊ ဘက်တီ့စကားကြောင့်

မင်းစိတ်ကို မထိန်းနိုင်တဲ့အခါ တစ်စုံတစ်ခုနဲ့ လှမ်းထိုးလိုက်တယ်၊ ဘာနဲ့ ထိုးလိုက်တယ်ဆိုတာ မင်းမသိဘူး၊ ဘာလုပ်လိုက်မိတယ်ဆိုတာတောင် မင်းဘာသာမင်း မသိလိုက်ဘူး"

"ဟာ… ဒီလိုလိမ်တာတော့ မကောင်းဘူး၊ တခြားအမျိုးသမီးတွေ မြင်တယ်၊ အစအဆုံး သူတို့ မြင်နေတာပဲ"

"အမျိုးသမီး ဘယ်နှစ်ယောက်ရှိသလဲ၊ မင်းအနားမှာရှိပြီး သေသေချာချာမြင်တဲ့ အမျိုးသမီးကို ပြောတာ"

"ဂွမ်နီရယ်၊ အဲလစ်ကလေးရယ်၊ ဗုဒ္ဓဟူး လူးလူးရယ်၊ ဒေါရစ်ပူးရယ်၊ အားလုံးလေးယောက်၊ သူတို့ အားလုံး မြင်တယ်"

"ကောင်းပြီ၊ သူတို့ကို သွားခေါ်ခဲ့၊သိပ်အရေးကြီးတဲ့ကိစ္စတစ်ခု ဆွေးနွေးစရာရှိလို့ အပေါ်တက်ခဲ့ပါဦးလို့ သွားပြောချေ"

အမျိုးသမီးလေးယောက် ရောက်လာသည်။ ကျွန်တော် မျှော်လင့်ထားသည်ထက်ပင် ပိုမို လွယ်ကူနေသည်ကို တွေ့ရသည်။ ဗုဒ္ဓဟူး လူးလူးကို မမှန်သက်သေ ခိုင်းဖို့အတွက်တော့ အကြောက် အကန် ပြောရမည်ဟု ကျွန်တော် ထင်ခဲ့မိသည်။ ဗုဒ္ဓဟူး လူးလူးသည် မူးနှင့် နေသူဖြစ်သည်။ မူကို အထိမခံသူ ဖြစ်သည်။ မမှန်ရာကို မလုပ်တတ်သည့် အမျိုးသမီးဖြစ်သည်။

သို့သော်လည်း တကယ်ပြောကြည့်သည့်အခါတွင် ဗုဒ္ဓဟူး လူးလူးသည် အလွယ်ဆုံး ဖြစ်နေသည်ကို တွေ့ရသည်။ သူငယ်ချင်းတစ်ယောက်ယောက် ဒုက္ခရောက်နေသည်ကို မကြည့်နိုင်၊ ထိုသူငယ်ချင်းဒုက္ခထဲမှ လွတ်မြောက်ရေးအတွက် သူ ဘာပဲလုပ်ရလုပ်ရဟု သဘောထားသူ ဖြစ်သည်။ ယခုလည်း ထိုခံယူချက်ဖြင့် အလွယ်တကူပင် လက်ခံလိုက်သည်။ ထိုမျှမကသေး အလွန်ကောင်းမွန်သည့် အကြံဉာဏ်များကိုပင် သူက ထပ်ဆောင်းပေးလိုက်သေးသည်။

ငြင်းနေသည့် အမျိုးသမီးမှာ ဒေါရစ်ပူးဖြစ်သည်။ ဒေါရစ်ပူးက ရုံးတော်တက်ပြီး မမှန် သက်သေ ခံသည့်အတွက် နမ်ကောက်မှ သူ့အလုပ်ပြုတ်သွားနိုင်သည်ဟု ပြောသည်။ သူ့ကို နည်းမျိုး စုံဖြင့် ကျွန်တော် ဖျောင်းဖျရသည်။ မရသည့်အဆုံးတွင် ဒေါ်လာတစ်ရာပေးမည်။ ယခု ကြိုတင်ငွေအဖြစ် ငါးဆယ် ပေးထားမည်။ ရုံးတော်မှ ပြောသည့်အတိုင်း သက်သေခံပြီးလျှင် ကျန်သည့် ငါးဆယ် ထပ်ပေး မည်ဟု ပြောတော့မှ သဘောတူ လက်ခံသွားသည်။

နောက်ဆုံး ရှေ့နေဖြစ်သူ ဟိန်းတစ်ယောက်သာ ကျန်တော့သည်။

ဟင်နက်ဆီလမ်းမှ ဓာတ်ရထားစီးပြီး ဟိန်း၏ ရုံးခန်းသို့ ကျွန်တော် လာခဲ့သည်။ အပြင်မှာ အရမ်း ပူနေသည်။ ဓာတ်ရထား မှတ်တိုင်မှနေ၍ ဟိန်း၏ ရုံးခန်းသို့ နစ်မိနစ်လောက် လမ်းလျှောက် ရသေးသည်။

သူ့ရုံးခန်းသည် ရှေးပုံစံ ရုံးခန်းဖြစ်သည်။ အလွန်ကျယ်သည်။ အမှုနိုင်သော အမှုသည်များက လက်ဆောင် ပေးသည့် မှန်များကို ကာရံထားရာ သူ့ရုံးဟောင်းကြီးနှင့် လူရှိပုံမပေါ်။ စားပွဲနှင့် ကုလားထိုင် တစ်လုံး တွေ့သော်လည်း လူမရှိ။ ခဏကြာတော့မှ တံခါးဖွင့် ပေးသည်။ အတွင်းသို့ ကျွန်တော် ဝင်လိုက်သော အခါ လေအေးစက် တပ်ထားသည်ကို တွေ့ရသည်။ အင်္ကျီမှာ စွဲနေသည့် ချွေးများက ရေခဲလို အေးစက်သွားသည်။ သဘော်စက်ခန်းထဲမှ ထွက်ပြီး ရေခဲသေတ္တာထဲသို့ ဝင်လိုက်ရသလိုရှိသည်။

"တစ်ရုံးလုံးကိုတော့ လေအေးစက် မတပ်နိုင်ဘူးပေါ့ဗျာ၊ ကျုပ်ကလည်း နည်းနည်းကလေးမှ အပူ မခံနိုင်ဘူး၊ အပြင်မှာ ဘယ်လိုနေသလဲ" ဟု ဟိန်းက ဆီးမေးသည်။
"အင်မတန် ပူပါတယ်ဗျာ"
"အင်း... ဒီညနေပိုင်း ရုံးမှာ အမှုစစ်စရာကလည်း ရှိနေသေးတယ်"
သူ့ကိုကြည့်ရတာ တစ်မျိုးဖြစ်နေသည်။ သူ့အရပ်က ရှည်သည်။ ကိုယ်လုံးကိုယ်ပေါက်က ထွားကျိုင်းသည်။ စားပွဲသေးသေး ကလေးအောက်သို့ သူ့ဒူးခေါင်းများ ထိုးသွင်း၍မရနိုင်အောင် ဖြစ်နေသည်။ သူ့ရုံးခန်းအပြင်မှာ မြင်ခဲ့ရသည့် စားပွဲ၏ လေးပုံတစ်ပုံခန့်သာ ရှိသည်။

"အင်း... ကျုပ်မှန်းကြည့်ရတာတော့ တယ်နိုပ်ပုံမပေါ်ဘူး၊ ဖရက်ဒီဂိုး ရုံးကိုရောက်ရင်တော့ မျှော်လင့်ချက်ရှိပါတယ်"ဟု သူက ပြောသည်။
"သူက ဘယ်သူလဲ၊ တရားသူကြီးလား"

"ဟုတ်တယ်၊ အင်မတန်တော်တယ်၊ အထူးသဖြင့်အဲဒီအမျိုးသမီးတွေကို သူ စိတ်ဂင်စားတယ်၊ ချာလီကောက် ဆိုရင်တော့ ဘုရားတရမှာပဲ၊ ချာလီဆိုရင် တစ်လ နှစ်လလောက် ချပစ်လိုက်လိမ့်မယ်"
"ထောင်ကို ဆိုလိုပါသလားခင်ဗျာ" ဟု ကျွန်တော်က မေးသည်။
"သူ့ကိုတော့ ဇာတ်လမ်းတစ်ခု လုပ်ပြနေလို့ ရမှာမဟုတ်ဘူး၊ ခင်ဗျားစဉ်းစားကြည့်လေဗျာ၊ ဒီသူငယ်မ လုပ်ပုံက အဲဒီကတ်ကြေးကို သေသေချာချာ သွားဂယ်ထားတာ"
"ဒီလိုမဟုတ်ပါဘူး၊ ဒီကတ်ကြေးကို သူ ဂယ်ထားတာ ကြာလှပါပြီ"

ကျွန်တော့် စကားကြားတော့ သူက မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး ကျွန်တော့်ကို လှမ်းကြည့်နေသည်။
"ထားလိုက်ပါတော့လေ၊ ဘယ်တုန်းကပဲဂယ်ဂယ်၊ ဒါပေမဲ့ အဲဒီနေ့ကတော့ သူ့ပိုက်ဆံအိတ်ထဲမှာ ထည့်ယူလာတယ်၊ ဒါကိုကြည့်ရင် ရည်စူးချက်နဲ့ လုပ်တယ်ဆိုတာက ပေါ်နေတယ်၊ ကျွန်တော်ဆိုလိုတာက သူ့ပိုက်ဆံအိတ်ကို ဖွင့်ရမယ်၊ ပြီးတော့ ကတ်ကြေးကို ဆွဲထုတ်..."

"မဟုတ်ပါဘူးဗျာ၊ ကတ်ကြေးက အစကတည်းက အပြင်ရောက်နေတာပါ၊ သူ့လက်ထဲမှာ ကိုင်ထား တာပါ၊ အဲဒီကတ်ကြေးနဲ့ သူ အဂတ်ညှပ်နေတုန်း အချိန်မှာဖြစ်တာပါ"
"သူငယ်မပြောတာကတော့ ဒီလိုမဟုတ်ပါလား"
"ခင်ဗျားရဲ့ တရုတ်စကား အခြေအနေက ဘယ်လိုရှိပါသလဲ" ဟု ကျွန်တော်က ပြန်မေးသည်။
"တရုတ်စကားလား၊ တစ်လုံးမှ မပြောတတ်ပါဘူး"

"အမျိုးသမီးရဲ့ အင်္ဂလိပ်စကားဟာလည်း နည်းနည်းကလေးမှ မျှော်လင့်ချက် မရှိပါဘူး၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက် နားလည်မှုတွေ လွဲကုန်ကြတော့တာပေါ့"
ကျွန်တော့်ကို သူ အကြာကြီး စိုက်ကြည့်နေသည်။ ပြီးတော့ မျက်နှာကို အောက်သို့ ငုံ့လိုက်ရင်း စားပွဲသေးသေးကလေးအောက်မှ သူ့ဒူးခေါင်းကို မသိမသာ နေရာရွှေ့နေသည်။

"ဟုတ်ပြီလေ၊ ကျုပ်က ရဲကိုပဲ လန့်နေတာ၊ ရဲက သက်သေခေါ်လိမ့်မယ်၊ သက်သေတွေရဲ့ ထွက်ချက်နဲ့ ကွဲလွဲ နေရင် ခက်မယ်"

"ဒါ မှန်ပါတယ်ခင်ဗျာ၊ အဲဒီလို ဖြစ်တဲ့အချိန်က အနားမှာ လူလေးယောက်ပဲ ရှိပါတယ်၊ ဘာဖြစ်တယ်ဆိုတာ သူတို့မြင်တယ်၊ သူတို့အမြင်တွေကလည်း တစ်ထပ်တည်းပဲဆိုတာ ကျွန်တော် သိခဲ့ပြီးပါပြီ"
"ကောင်းတာပေါ့၊ ဒီလိုဆိုရင် မတူတဲ့ ရှုထောင့်တစ်ခုကနေပြီး ဒီအမှုကို ကျွန်တော်တို့ ကိုင်တွယ်နိုင် တာပဲ"
"ဒီလိုဆိုရင် သူ့အတွက် အဆိုးဆုံး ဘာများဖြစ်နိုင်ပါသလဲခင်ဗျာ"
"အင်း... ချာလီကောက် ဆိုပါတော့၊ ဒေါ်လာသုံးရာလောက် ဒဏ်ရိုက်လိမ့်မယ်"
"တကယ်လို့ ဖရက်ဒီဂိုး ဆိုရင်ကောဗျာ"
"ဒေါ်လာငါးရာ"

"ထောင်တော့ ချမပစ်နိုင်ပါဘူးနော်" ဟု ကျွန်တော်က သေချာအောင် ထပ်မေးသည်။
"သူတို့ ထောင်ချပစ်နိုင်တယ်၊ ဒါပေမဲ့ အင်း... သူတို့ မချပါဘူး"
"အမှုကို ဘယ်တော့လောက် စစ်မယ်လို့ ထင်ပါသလဲ"
"နောက်လေးလ၊ ဒါမှမဟုတ် ငါးလဆိုကြပါစို့"
"လန့်တောင် ချီကြာဦးမှာလားဗျာ"
ကျွန်တော် တအံ့တသြ ပြန်မေးမိသည်။

"ရုံးတွေမှာက အမှုတွေ တန်းစီပြီး ကျပ်နေတယ်"
"ကောင်းပါပြီလေ၊ ဒေါ်လာငါးရာ ဒဏ်ရိုက်ခံရမယ်ဆိုတဲ့အထိ အဆိုးဆုံး ကျွန်တော်တို့ မျှော်လင့်ထားလိုက်ကြတာပေါ့"
အပေါက်ဂ အထိ အခန်းအပြင်အထိ ထွက်မလိုက်ချေ။

"စကားမစပ် ပြောရဦးမယ်၊ ဟိုဒင်းလေ၊ မိန်းကလေးရဲ့ အင်္ဂလိပ်စကား မကျွမ်းကျင်မှုအပေါ်မှာ ကျုပ်အဓိပ္ပာယ် အကောက်လွဲတာပါလို့ စောစောက ခင်ဗျား ပြောတယ်မဟုတ်လား၊ အင်း... ကျုပ်စကား ပြန် နဲ့ ပြောတာပါ"
ကျွန်တော် ဘာပြန်ပြောရမှန်း မသိတော့ပါ။ တစ်စုံတစ်ရာ ပြောနိုင်စွမ်းလည်း မရှိတော့ပါ။
"ကိုင်း... ကျုပ် တံခါးပိတ်တော့မယ်နော်၊ အပြင်က လေပူတွေ ဝင်လာမှာ စိုးလို့ပါ၊ စိတ်မရှိပါနဲ့"

**အခန်း (၄) နက်ဖြန်**

[စာအုပ် (၃) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၄)](#)

# အခန်း(၄)

(၁)

"စူဇီ...အခု လှိုဂ်ပုက်ကိစ္စကြီးမှာ မောင်တို့နှစ်ယောက်ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်ကို အောင်မြင်သွားပြီ၊ ဒီတော့ မောင်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ထပ်ပြီး တိုးချဲ့ကြဖို့လိုပြီလို့ မောင်ထင်တယ်၊ လက်ထပ်တဲ့သဘောမျိုးပေါ့၊မောင်နဲ့မင်းလက်ထပ်မလားစူဇီ" "ဘာရောဂါတက်လာပြန်တာလဲမောင်" "မင်းနဲ့လက်ထပ်ဖို့ မောင်စဉ်းစားနေခဲ့တာ ကြာပါပြီ စူဇီ၊ မောင့်ကို လက်ထပ်မလား" "ဂမ်းနည်းပါတယ် မောင်ရယ်"

"မရူးစမ်းနဲ့ စူဇီ၊ မောင့်ကိုတော့ "ကျွန်မယောက်ျား၊ ကျွန်မယောက်ျား"နဲ့ မင်း ပြောပြောနေတယ်၊ လက်ထပ်ဖို့ကိစ္စကျတော့မင်းငြင်းတယ်၊ ဘာကြောင့်လက်မထပ်နိုင်ရတာလဲ""မောင်ကအင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ တစ်နေ့ကျရင် မောင့်ကို လော့ဒ်ဘွဲ့ ပေးကြလိမ့်မယ်၊ အဲဒီတော့ မောင်ဟာ မစ္စတာလော့ဒ်လို မက်ခ်စ်ဖြစ်သွားမယ်" "မောင် ဂရုမစိုက်ပါဘူးကွယ်၊ မင်း မောင်နဲ့ လက်ထပ်လိုက်ရင် မောင့်မှာ အမြဲတမ်း စံပြမယ် တစ်ယောက် ရသွားတာပေါ့"

ထိုနေ့က သူ့ကို ကျွန်တော် ပန်းချီဆွဲနေသည်။ ခုတင်ပေါ်မှာ ကွာစေ့လော့ တစ်ပန်းကန်နှင့် သူ လဲလျောင်းနေသည့်ပုံကို ဆွဲနေခြင်းဖြစ်သည်။ စုတ်တံများကို ချခဲ့ပြီး ခုတင်ပေါ်မှာ ကျွန်တော် သွားထိုင် သည်။

"စူဇီ၊ မင်းရဲ့ ပေါင်တံကလေးတွေဟာ သိပ်လှတာပဲ၊ ဂျပန်မကလေးတွေရဲ့ ပေါင်တံ အတိုင်းပဲ"

"မောင် ဘယ်လိုလုပ် သိတာလဲ၊ ဂျပန်တုန်းက ဘယ်ဂျပန်မနဲ့မှ မဖြစ်ခဲ့ပါဘူးလို့ မောင်ပြောဖူးတယ် မဟုတ်လား"

"မဖြစ်ခဲ့ပါဘူး"

"မယုံဘူး၊ ကျွန်မ မယုံဘူး၊ မောင် ဂျပန်မတွေနဲ့ ရှုပ်ခဲ့မှာပါ"

"ဟုတ်တယ်၊ တစ်ယောက်တော့ ကြုံခဲ့ဖူးတယ်"

"ဒီလိုဆိုရင် မောင့်ကို သတ်ရမယ်၊ ကျေးဇူးပြုပြီး ကတ်ကြေးတစ်ချောင်းလောက် ပေးစမ်းပါ မောင်ရယ်၊ မောင့်ကို ကတ်ကြေးနဲ့ ထိုးချင်လွန်းလို့ပါ"

"မောင့်ကို လက်ထပ်မလား စူဇီ"

"မဖြစ်ပါဘူး၊ အင်္ဂလိပ်မတစ်ယောက်ကိုပဲ ရှာပြီး မောင်လက်ထပ်ပါ"

(၂)

"အခု မောင် ဖတ်ပြလိုက်တဲ့ စကားလုံးက ဘာအဓိပ္ပာယ်တဲ့လဲ မောင်"

"စပိန် နွားရိုင်းသတ်သမား"

"ဘယ်လို နွားရိုင်းသတ်သမားလဲ"

"နွားရိုင်းနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တာဟာ စပိန်နိုင်ငံမှာ သိပ်ကို လူကြိုက်များတဲ့ အားကစားတစ်မျိုးပေါ့၊ သိပ်ဒေါသဖြစ်နေတဲ့ နွားရိုင်းတစ်ကောင်ကို ပတ်လည်ခြံခတ်ထားတဲ့ ကွင်းတစ်ခုထဲကို လွှတ်လိုက်တယ်၊ သူနဲ့ ယှဉ်ပြိုင်တိုက်ခိုက်မယ့် လူက ဓားတစ်ချောင်းနဲ့ အဂတ်တစ်ထည်ကိုင်ပြီး ဆင်းသွားတယ်၊ ဘေးကကြည့်နေတဲ့ ပွဲကြည့်ပရိသတ် ထောင်ပေါင်းများစွာကလည်း အော်ဟစ်အားပေးကြလို့ပေါ့၊ နွားက အတင်းဝှေ့၊ သူက

အဂေတ်စနဲ့ကွယ်ပြီး ရောင်ပြီး၊ နောက်ဆုံးတော့ သူ့လက်ထဲကဓားနဲ့ နွားကို အသေ သတ်ပြရတယ်"

"စပိန်လူမျိုးတွေဟာ ခရစ်ယာန်ဘာသာဝင်တွေ မဟုတ်ဘူးလားမောင်"
"ဟုတ်တယ်၊ ဘာသာရေးမှာ အင်မတန် ကိုင်းရှိုင်းကြတဲ့လူမျိုးပဲ၊ အင်္ဂလိပ်လူမျိုးတွေလည်း ခရစ်ယာန်ဘာသာဝင်ပဲလေ၊ ဒါပေမဲ့ သူတို့လည်း မြေခွေးတွေ၊ ဖျံတွေကို ခွေးနဲ့လိုက်ကြတာပဲ မဟုတ်လား"

"အရင်အပတ်တုန်းက အစ်ကိုဖတ်ပြတဲ့ စာအုပ်ထဲမှာ ခရစ်ယာန် ဘာသာဝင်တွေဟာ တိရစ္ဆာန် တွေအပေါ် အကြင်နာတရား ထားရမယ်လို့ ဆိုတယ်မဟုတ်လား၊ တိရစ္ဆာန်တွေဟာလည်း လူတွေ လိုပဲ ဘုရားသခင် က ဖန်ဆင်းထားတာဆို"

"ဟုတ်တယ် စူဇီ၊ ဒါပေမဲ့ လူတွေရဲ့ ဦးနှောက်ဟာ အင်မတန် အံ့ဩစရာကောင်းတယ်၊ ဘာကိုမဆို ယုံကြည်နိုင်တယ်၊ အမည်းကို အဖြူလို့လည်း ဒီကနေ့ ယုံကြည်နိုင်တယ်၊ မနက်ဖြန်ကျတော့ အဲဒီအဖြူကို အနီလို့ ယုံချင်လည်း ယုံနေပြန်ရော၊ တစ်ချိန်တည်းမှာပဲ ဖြူလည်းဖြူတယ်၊ နီလည်းနီတယ်လို့ ယုံချင် ယုံနေပြန်တယ်၊ လူတွေ ဦးနှောက်ကို လျှော့ပြီးတွက်လို့ မရဘူး"
"ဒီလိုဆိုရင် တစ်နေ့ကျတော့ ယောက်ျားတစ်ယောက်ဟာ မိန်းမနှစ်ဆယ် ယူခွင့် ရှိတယ်လို့များ လူတွေက ပြောချင် ပြောလာကြမှာပေါ့နော်"

"ဟုတ်တာပေါ့၊ အခုလည်း မိန်းမတွေ အများကြီး ယူခွင့်ရှိတယ်လို့ ယုံကြည်တဲ့ ဘာသာဝင်တွေတောင် ရှိနေတာပဲ"
"ကဲ... ဆက်ဖတ်ပါဦး မောင်"
"နေပါဦးလေ၊ မောင်တို့ စကားနည်းနည်းလောက် ဆက်ပြောကြရအောင်၊ စူဇီ... မင်းနဲ့ အတူတူနေရတာ မောင် သိပ်စိတ်ချမ်းသာတာပဲ၊ မောင်တို့နှစ်ယောက် လက်ထပ်ကြရအောင်ကွယ်"
"မဖြစ်ပါဘူးမောင်ရယ်၊ အပျိုစစ်စစ်ကလေး တစ်ယောက်ကို မောင် ရှာပြီးလက်ထပ်ပါ၊ ခရစ်ယာန်ဘာသာဝင် ယောက်ျားတွေဟာ အပျိုစစ်စစ် ကလေးတွေနဲ့ လက်ထပ်သင့်ပါတယ်"
"နမ်ကောက်မှာ လုပ်သက်နှစ်နှစ် ပြည့်ပြီးတဲ့ မိန်းကလေးကိုမှ လက်ထပ်ရမယ်လို့ တစ်နေ့ ပြောမလာဘူး မဆိုနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းဟာ အပျိုစစ်စစ်ပါပဲ"

"မောင် သည်လိုပဲ ထင်သလား၊ လူတွေရဲ့ အသိဉာဏ်ဟာ ဘာကိုမဆို ယုံကြည်နိုင်တယ်လို့ မောင် ပြောခဲ့သေးတယ် မဟုတ်လား"
"မင်းဟာ စာပေအသိပညာနဲ့ ပတ်သက်လာရင် အပျိုစင်ပါပဲ စူဇီ၊ အဲဒါကလေးကိုပဲ မောင် ချစ်နေရ တာပါ၊ မင်းနဲ့ပတ်သက်လာရင် မောင့်ကိုယ်မောင် ပစ်ဂမာလီယန်လို့တောင် ထင်မိတယ်"
ပစ်ဂမာလီယန်သည် သူ ပန်းပုထုထားသည့် ယမင်းရုပ်ကလေးကို အရူးအမူး ချစ်နေမိသည့် ပန်းပု ဆရာကြီး ဖြစ်သည်။
"အဲဒါက ဘာလဲဟင်"
"ထားလိုက်ပါတော့လေ၊ မောင့်ကို မင်း လက်ထပ်မလား"
"မထပ်ဘူး"

"မငြင်းပါနဲ့တော့ စူဇီရယ်"
"ငြင်းမယ်"

(၃)
တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသောကြောင့် စူဇီက သွားကောက်ကိုင်သည်။
"မဟုတ်ပါဘူး၊ သူ အလုပ်များနေပါတယ်၊ ကောင်းပါပြီ" ဆိုသို့ ပြောပြီး ကျွန်တော့်ထံသို့ တယ်လီဖုန်း လှမ်းပေးသည်။ "အဲလိုလူ.." ဟုလည်း ဆက်ပြောသည်။
ကျွန်တော် ခဏစဉ်းစားနေသည်။ မနစ်မြို့သောလေသံဖြင့် "အဲဟိုလူ"ဟု ပြောလိုက်သည့်အတွက် ရော့ဒ်နေ ပြန်ရောက်လာလေသလားဟု ကျွန်တော် တွေးလိုက်မိပါသည်။ သို့သော် ရှေ့နေဟိန်း ဖြစ်နေ သည်။

"ကျွန်တော်တို့ အချိန်အကြာကြီး စောင့်နေဖို့ မလိုတော့ဘူးဗျ" ဟု ဟိန်းကပြောသည်။ "တရားရုံးမှာ အမှုတွေနဲ့ပတ်သက်ပြီး အစီအစဉ်တစ်မျိုး ပြန်လုပ်လိုက် တယ်၊ ဒါကြောင့် ကျွန်တော်တို့ အမှုကို နောက်အပတ်မှာ စစ်တော့မယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ လိုချင်တဲ့ တရားသူကြီးပဲ ဖြစ်သွားတယ်၊ ချာလီကောက်ရုံးမှာ ကျတယ်"
"ဝမ်းသာလိုက်တာဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ချာလီနဲ့ဆိုတော့ တစ်မျိုးရယ်စရာ ကောင်းတာပေ့ါဗျာ၊ သူကလည်း ဒီလို အမျိုးသမီးကလေးတွေကို စိတ်ဝင်စားတယ်"
ထိုအကြောင်းကို ကျွန်တော် ပြောပြသောအခါ စူဇီ စိတ်ချမ်းသာသွားသည်။ တရားရုံးမှာ အစစ်အဆေး ခံရတော့မည် ဆိုခြင်းသည် သူ့အနေဖြင့် ဘက်တီလောင်း အကြောင်းတွေကို အိတ်သွန်ဖာမှောက် ပြောခွင့်ကြုံ တော့မည်ဟူသော သဘောမျိုးဖြင့် သူက မှတ်ယူထားသည်။

"အဲဒီကောင်မ မကောင်းဘူးဆိုတာ သူတို့ကို ကျွန်မ ပြောပြရမယ်၊ အကုန်လုံး ပြည့်စုံအောင် ပြောပြရမယ်"ဟု စူဇီက ပြောနေသည်။
"မင်း ဒီလိုပြောလို့မဖြစ်ဘူး စူဇီ၊ မောင်သတင်းပေးထားတဲ့အတိုင်းပဲ သူ တို့ကို မင်း ပြောပြရမယ်"
"မောင် သင်ပေးထားတာတွေ မေ့ကုန်ပြီ"
"မပူပါနဲ့လေ၊ ပြန်သင်ပေးတာပေ့ါ"

အမှုစစ်မည့်နေ့မှာ ကြာသပတေးနေ့ဖြစ်သည်။ အမှုမစစ်မီ တစ်နေ့အလို မွန်းလွဲပိုင်းတွင် စူဇီနှင့် အခြား အမျိုးသမီး လေးယောက်တို့ကို ပြန်ခေါ်ကာ ရုံးတော်တွင် သူတို့ ထွက်ဆိုကြရမည့် စကားများကို တစ်လုံး မကျန် ပြန်သင်ပေးသည်။

နောက်နေ့မနက်တွင် ဗဟိုခရိုင်သို့ ဓာတ်ရထားစီးပြီး ကျွန်တော်တို့သွားကြသည်။ အဲလစ်ကလေးတစ်ယောက်တော့ မပါ။ ယနေ့မနက် အချိန်မီ ပြန်ရောက်မလာပေ။
ဓာတ်ရထားမှဆင်းပြီး တရားရုံးရှိရာ တောင်ပေါ်သို့ မတ်စောက်သော လမ်းကျဉ်းကလေးအတိုင်း ကျွန်တော်တို့ တက်လာကြသည်။ တရားရုံးသည် ရဲစခန်းနှင့် ထောင်ဟောင်းအလွန်မှာ ရှိသည်။ ရုံးခန်းတွေ

အများကြီး ရှိသည်။ ရုံးခန်းတိုင်းမှာ လူတွေ ပြည့်ကျပ်နေသည်။

စူဇီကို အာမခံပြန်ရုပ်သိမ်းပြီး အမျိုးသမီးရဲတစ်ဦးက ခေါ်သွားသည်။ ဝွမ်နီတို့ သုံးယောက်မှာ ရုံးအရှိန်ကြောင့် အနည်းငယ် ကြောက်ရွံ့နေကြပုံပေါ်သည်။ ကာယကံရှင် စူဇီထက်ပင် သူတို့က ပိုကြောက်နေကြသည်။ ယူနီဖောင်းဂတ် ရဲသားများကို မသိမသာ ခိုးကြောင်ခိုးပုက် ကြည့်နေကြသည်။

ရုံးခန်းထဲရှိ လွတ်နေသည့် ခုံတန်းတစ်ခုမှာ ကျွန်တော် သွားထိုင်သည်။ ပူအိုက်ခြင်းနှင့် ပန်ကာတွေ တပ်ထားခြင်းမှလွဲပြီး လန်ဒန်ရှိ တရားရုံးခန်းများအတိုင်းဖြစ်သည်။ ယခုမှ မနက်ကိုးနာရီခွဲပဲ ရှိသေးသည်။ သို့သော်လည်း နေရှိန်က အလွန်ပူပြင်းနေပြီ။ ကျွန်တော့် အင်္ကျီများမှာ ချွေးတွေ နစ်နေပြီး အသားနှင့် ကပ်နေသည်။

ခဏကြာတော့ ဟိန်း ရောက်လာသည်။ သူ့မျက်နှာနှင့် လည်ပင်းမှ ချွေးများကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။ အနေရ အထိုင်ရလည်း အတော် ကျပ်ပုံရသည်။
"ဟိုက်ကုတ်မှာစစ်ရင် ဘယ်လောက်ကောင်းမလဲဗျာ" ဟု သူကပြောသည်။
"ဘာဖြစ်လို့ ဟိုက်ကုတ်မှာ စစ်ရမှာလဲ" ဟု ကျွန်တော်က အလန့်တကြား ပြန်မေးမိသည်။

"ဟိုက်ကုတ်က လေအေးစက် တပ်ထားတယ်"
အများထိုင်သည့် ခုံတန်းတစ်ခုမှာ ကျွန်တော် ထိုင်နေရာ သတင်းထောက်များနေရာမှာ သွားထိုင်ဖို့ ဟိန်းက ပြောသည်။ ထိုနေရာက ပိုပြီး နေသာထိုင်သာရှိမည်ဟု ပြောသည်။ ထိုနေရာတွင်လည်း သတင်းထောက် တစ်ယောက်မှ မရှိ။

မကြာမီမှာပင် စတင် စစ်ဆေးတော့သည်။ စောစောက ကျွန်တော် စိတ်ပူခဲ့သလို မဟုတ်ပါ။ အစစ အရာရာ ချောချောမောမောပင် ဖြစ်ပါသည်။ တရားသူကြီး ချာလီကောက်သည် ကန်တုန်တရုတ်လူမျိုး ဖြစ်သည်။ အလွန်အနောက်တိုင်းဆန်သူ ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် သေးသေးကွေးကွေးနှင့် မျက်နှာထား ချိုသည်။

အမှုလိုက်ရဲအရာရှိသည် တရုတ်လူမျိုး လူငယ်ရဲအုပ် ဖြစ်သည်။ သူ့အမှုအရာကလည်း နူးညံ့ သိမ်မွေ့သည်။ လူတစ်ဖက်သားကို ကူညီတတ်သည့် ပုံစံမျိုး ဖြစ်သည်။
ပထမဆုံး သက်သေအဖြစ် ဒေါ်ရစ်ကို စတင်စစ်ဆေးသည်။ ကျွန်တော် ယုံကြည်မှု အနည်းဆုံးသော အမျိုးသမီး ဖြစ်သည်။ ကျွန်တော်တို့ ဇာတ်တိုက်ထားသည့်အတိုင်း အစစ်မခံဘဲ မဟုတ်တာတွေ ဖွင့်ပြောလိုက်လျှင် ခက်ရချည်ရဲ့ဟူသော စိုးရိမ်စိတ်ဖြင့် အသည်းတထိတ်ထိတ် ဖြစ်နေမိသည်။ သို့သော်လည်း စိတ်ပူသလို ဖြစ်မလာပါ။ ကျွန်တော် သင်ပေးထားသည့်အတိုင်း မှန်မှန် ကန်ကန် ထွက်ဆိုသွားသည်။ လေသံကတော့ စိတ်ပါလက်ပါမရှိ။ ခြောက်ကပ်ကပ် ဖြစ်နေသည်။ အမှုလိုက်ရဲ အရာရှိလည်း ကတ်သီးကတ်သတ် မေးခွန်းများမမေး။

အမှုစစ်နေသည်မှာ အချိန်အလွန်ကြာပါသည်။ တရားရုံးက သတ်မှတ်ထားသော ဘာသာသည် အင်္ဂလိပ်ဘာသာဖြစ်သည်။ သို့သော်လည်း သက်သေကို စကားပြန်မှ တစ်ဆင့် တရုတ်လိုစစ်သည်။

ထိုတရုတ်ဘာသာကို စကားပြန်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးနေရသည်။ ထို့ကြောင့် အချိန်ကြာသင့်သည်ထက် ပိုကြာနေသည်။

စကားပြန်သည် တရုတ်လူမျိုး လူငယ်တစ်ယောက်ပင် ဖြစ်သည်။ တရားရုံးသုံး ခက်ခဲသည့် ဥပဒေစကားလုံးများကို သူက အရသာရှိရှိ ပြောဆိုနေသည်။ သူ့အတွက်တော့ ဘာအခက်အခဲမှ ရှိပုံမရ။

ဒေါ်ရစ်ကို စစ်ဆေးသည်မှာ ဆယ့်ငါးမိနစ်ခန့် ကြာသည်။ ဒေါ်ရစ်ထွက်သွားတော့ တရားသူကြီးက အမှုလိုက်ရဲအရာရှိကို ပြုံးပြပြီး လှမ်းနောက်နေသည်။

"ဒီအမျိုးသမီး များများစားစား အလုပ်ဖြစ်မယ့်ပုံမျိုး မဟုတ်ဘူး ထင်တယ်၊ မောင်ရင် ဘယ်လိုထင်သလဲ"

"ကျွန်တော်လည်း မပြောတတ်ပါဘူးခင်ဗျာ" ဟု ရဲအရာရှိက ပြန်ဖြေသည်။

"သူတပ်ထားတဲ့ မျက်မှန်ကို ပြောတာလေ၊ ဒီလို မျက်မှန်တပ်ထားရပြီဆိုရင်တော့ တယ်ပြီး အလုပ်ဖြစ်တော့မှာ မဟုတ်ဘူး၊ ကျွန်တော် လန်ဒန်မှာ ကျောင်းနေတုန်းက အကြောင်းတွေ ပြန်မှတ်မိ နေတယ်၊ ယုံနိုင်စရာတောင် မရှိဘူးဗျ၊ လမ်းပေါ်က အမျိုးသမီးတွေကို ပြောတာလေ၊ ဒါပေမဲ့ အခုလို အသက်ကြီးကြီးတော့ မနိမ့်တော့ပါဘူး၊ လန်ဒန်မှာလည်း ဒီအတိုင်းပါပဲ၊ မဟုတ်ဘူးလား မစ္စတာဟိန်း" ဟု ဟိန်းကို လှမ်းမေးသည်။

"ဗျာ... အင်း... ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်"

"ကဲ ဆက်စစ်လိုက်ကြဦးစို့၊ နောက်ထပ် သက်သေဘယ်သူလဲ"

ဝွမ်နီနှင့် ဗုဒ္ဓဟူး လူးလူးသည်လည်း ချောချောမောမောပင် အစစ်ဆေးခံသွားကြပါသည်။ အမှားအယွင်း တစ်စုံတစ်ရာ မပါပါ။

သက်သေတွေကုန်တော့ ဘက်တီလောင်းကို စစ်သည်။ ရုံးခန်းအတွင်းသို့ ဘက်တီလောင်း ဝင်လာတော့ ရုတ်တရက် ကျွန်တော် မမှတ်မိပါ။ ဆေးရုံမှ သူ ဆင်းလာသည်မှာ ဘာမျှမကြာသေးပါ။ မျက်နှာပေါ်တွင် ဘာမိတ်ကပ်မှ လိမ်းခြယ်မထားသောကြောင့် မမှန်မိခြင်း ဖြစ်ပါသည်။

စူဇီကို ဘာစကားပြောသလဲဟု ဟိန်းက မေးသည်။ ရုတ်တရက် သူ မဖြေ။ ဟိန်းက ထပ်မေးသည်။ နောက်ဆုံး ကျတော့မှ သူ ဖြေသည်။ စကားပြန်က အင်္ဂလိပ်လို ပြန်ပြောသည်။

"သူ့ရည်းစားအကြောင်း ကျွန်မ ကြားဖူးတာကို ပြောပါတယ်၊ သူ့ရည်းစားဟာ ရာဂစိတ် အလွန်ကြီးတယ်လို့၊ အမျိုးသမီးတွေနဲ့ ဆက်ဆံရာမှာလည်း ဖောက်ဖောက်ပြန်ပြန် ရှိတယ်ဆိုတာ ကြားဖူးတယ်လို့ ကျွန်မက ပြောတာပါ"

တရားသူကြီး ချာလီကောက်က ဝင်ပြောသည်။

"သက်သေအမျိုးသမီး အစစ်ခံသွားတာက ဒီလောက်မကပါဘူး၊ ဒါပေမဲ့ စကားလုံး အပြည့်အစုံ ကြားဖို့ မတော်ဘူးလို့ ကျွန်တော်တို့ စကားပြန်က ယူဆပါတယ် မစ္စတာဟိန်း၊ ခင်ဗျား ကျေနပ်ရဲ့လား"

"ဟုတ်ကဲ့၊ ကျေနပ်ပါတယ်၊ သူ လုံလုံလောက်လောက် အစစ်ခံသွားတယ်လို့ ကျွန်တော် ထင်ပါတယ်၊ ရှင်းပါတယ်ခင်ဗျား၊ ဘာမှမေးစရာ မရှိတော့ပါဘူး" ဟု ဟိန်းက ပြန်ဖြေသည်။

ထို့နောက် စူဇီကို စစ်ဆေးရန် ထုတ်လာသည်။ အပြာရောင် တရုတ်ဂါဝန်ကို ဝတ်ထားသော စူဇီသည် အလွန်တရာ ချောမောလှပနေသည်။ ရုံးခန်းထဲသို့ လျှောက်ဝင်လာသောအခါ ချာလီကောက်က မျက်တောင်မခတ် စိုက်ကြည့်နေပြီး အမှုလိုက်ရဲအရာရှိကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ကာ"

"ဒီသူငယ်မကို ဖက်ပြီး အိမ်ပဲခေါ်သွားချင်တော့တယ်ကွာ" ဟု လှမ်းပြောသည်။ ပြီးတော့ အလွန်လှပ ချောမောသည့် တူမကလေးကို ဦးလေးတစ်ယောက်က စိတ်ထိန်းပြီး ပြောရသည့် ပုံစံမျိုးဖြင့် စကားလှမ်း ပြောနေသည်။

မည်သို့ဆိုစေ စူဇီသည် သူ့အမှုကြီးကို သူ ဖျက်ဆီးပစ်တော့မည့် အနေအထားသို့ ရောက်လာသည်။ ဘက်တီကို ကတ်ကြေးနှင့် သူ ထိုးခြင်းသည် တရားမျှတကြောင်း၊ ထိုးသင့်ထိုးထိုက်သောကြောင့် ထိုးခြင်းဖြစ်ကြောင်းများကို ယုံယုံ ကြည်ကြည်ကြီး ပြောနေသည်။

အမှုလိုက် ရဲအရာရှိ၏ ချိုချိုသာသာ မေးခွန်းများကိုလည်း ဂရုမစိုက်တော့ဘဲ တရားသူကြီးကိုသာ တိုက်ရိုက်ပြောနေတော့သည်။ ဘက်တီသည် မည်မျှဆိုးရွားကြောင်းများ ရှင်းပြနေသည်။ သူ ပြောပြနေသည်များကို တရားသူကြီးက သဘောပေါက်နားလည်စွာဖြင့် လက်ခံနေပြီဟုလည်း သူ ယုံကြည်နေပုံရသည်။ နောက်ဆုံး ချာလီက ကောင်းကောင်း အစစ်ခံရန် သတိပေးရတော့သည်။
"ဒီသူငယ်မ တော်တော်သတ္တိကောင်းတာပဲ၊ ဟုတ်တယ်၊ ကျုပ်တော့ ဒီအတိုင်းပဲ ပြောရတော့မှာပဲ" ဟုလည်း ပြုံးပြီး ပြောသည်။

ထို့နောက် ဟိန်းက ပြန်လှန်မေးခွန်းများ မေးသည်။ ဘက်တီကို ကတ်ကြေးနှင့် ထိုးခြင်းမှာ စိတ်လွတ်ပြီး လုပ်မိကြောင်း၊ ဘာလုပ်လိုက်မိသည်ကိုပင် မသိကြောင်း လမ်းကြောင်းပေးပြီး မေးသည်။ ရုတ်တရက် ဒေါသထွက်လာသောကြောင့် ထိုသို့ ပြုလုပ်မိသော်လည်း ယခုအခါ စိတ်မကောင်းဖြစ်ကာ နောင်တရနေပြီ မဟုတ်လားဟု မေးသည်။

ထိုစကားလုံးသည် စူဇီအတွက် ဆေးခါးကြီး ဖြစ်နေလေတော့သည်။ ဘက်တီကို ကတ်ကြေးနှင့် ထိုးမိသည့်အတွက် သူ လုံးဝစိတ်မကောင်းမဖြစ်မိပါ။ လုံးဝ နောက်တမရပါ။ နည်းတောင် နည်းသေး သည်ဟု သူ ထင်သည်။ ထိုအကြောင်းများကို သူ ထုတ်ဖော် ပြောတော့မည်ကဲ့သို့ ရှိနေသည်။

ကျွန်တော် အသက်မရှူပံ့အောင် ဖြစ်နေပြီ။
ခဏကြာတော့ ဒေါသတကြီးဖြင့် သူ တရစပ်လို ပြောနေသည်။ ကျွန်တော် နားမလည်ပါ။ သို့သော်လည်း သူ့အမူအရာနှင့် လေသံကို ကြည့်ခြင်းအားဖြင့် သူ ဂမ်းမနည်းကြောင်း၊ ဘက်တီသည် ထိုက်ထိုက် တန်တန် ခံသွားရခြင်းဖြစ်ကြောင်း ပြောနေမှန်း ကောင်းကောင်း သိသာပါသည်။

ရုတ်တရက် သူ ရပ်ပစ်လိုက်သည်။ ကျွန်တော့်ကို လှမ်းကြည့်သည်။ ပထမပိုင်းကတော့ အာခံသည့် အကြည့်မျိုးဖြင့် ကြည့်နေခြင်း ဖြစ်သည်။ ကျွန်တော်ကလည်း မျက်တောင်မခတ် ပြန်စိုက်ကြည့်နေသည်။ ခဏကြာတော့ သူ့မျက်နှာ အောက်ငုံ့သွားသည်။ မျက်နှာအမူအရာက ရှက်ကိုးရှက်ကန်း ဖြစ်သွားပံ့ရသည်။

ပြီးတော့မှ စကားပြန်ကို လှမ်းကြည့်သည်။ တစ်စုံတစ်ရာ ပြောသည်။ သူ ပြောနေသည့်စကားကို သူ မယုံကြည်ကြောင်း လေသံက ဖော်ပြနေသည်။ မယုံကြည်သော်လည်း သူ ထောင်ကျသွားနိုင်သည်ဟု

ထင်နေသည့် ကျွန်တော် စိတ်ချမ်းသာအောင် ပြောနေရသည့် ပုံမျိုးဖြစ်သည်။
"ဟုတ်ကဲ့၊ ကျွန်မ ဒီလို လုပ်ခဲ့မိတဲ့အတွက် အများကြီး ဝမ်းနည်းပါတယ်"

စကားပြန် တရုတ်လူငယ်က ပြန်ပြောသည်။ သူ့ကို ကျွန်တော် အများကြီး အထင်ကြီး လေးစားသွားပါတော့သည်။ သူ ပြောလိုက်ပုံက လိုက်လိုက်လှဲလှဲကြီး ရှိသည်။ စူဇီ ပြောပုံမျိုးမဟုတ်။ ယုံယုံကြည်ကြည်နှင့် တကယ်ပင် စိတ်မကောင်းဟန်မျိုးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

နေ့လည်စာ စားရင်း အမှုစစ်ခြင်းကို ခေတ္တရပ်နားသည်။ မွန်းလွဲပိုင်းတွင် အမှုဆက်စစ်သင့် မစစ်သင့် ဆွေးနွေးကြသည်။ တရားဝင်ကား မဟုတ်ပါ။ အလွန်သဘော ပြောဆိုကြခြင်းဖြစ်သည်။ ယနေ့ ဆက်မစစ် ဘဲ မနက်ဖြန်ကျမှ စစ်ဆေးလျှင် ကောင်းမည်လားဟု ဆွေးနွေးကြသည်။

တရားသူကြီး ချာလီကောက်က သူ့အဖို့တော့ ယနေ့ပဲစစ်စစ်၊ မနက်ဖြန်ပဲစစ်စစ် အရေးမကြီးကြောင်း၊ ဟိန်းနှင့် အမှုလိုက်ရဲအုပ်အပေါ် တည်ကြောင်းပြောသည်။ ဟိန်းက မျက်နှာကျက်မှပန်ကာများ လည်မှ လည်ပါလေစဟူသော သဘောဖြင့် မော့ကြည့်သည်။ သည်လို မော့ကြည့်သည်မှာ အကြိမ်နှစ်ဆယ်လောက် ရှိပြီထင်သည်။ သူ့တစ်ကိုယ်လုံး မှာလည်း ချွေးတွေရွှဲနေသည်။ သူ့ရုံးမှာ ပြန်နေရလျှင် ကောင်းမည် ထင်ကြောင်း သူက ပြောသည်။ သူ့ရုံးတွင် လေအေးစက် တပ်ထားကြောင်းကိုတော့ မပြော။

သို့သော်လည်း အမှုလိုက် ရဲအုပ်က မနက်ဖြန်မနက်တွင် ကိုလုန်းဘက်ကမ်းသို့ ကူးပြီး အမှုလိုက်စရာတစ်ခု ရှိနေကြောင်း၊ ထို့ကြောင့် ယနေ့ မွန်းလွဲပိုင်းမှာပင် အပြီး ဆက်စစ်စေလိုကြောင်း ပြောသည်။

နေ့လယ်စာ စားချိန်တွင် စူဇီကို ရုံးအချုပ်ခန်းထဲသို့ ပြန်သွင်းထားသည်။ ထို့ကြောင့် ဟိန်းကိုခေါ်ပြီး ပါရီရှန်ဂရေးဟိုတယ်သို့ လာခဲ့သည်။ ထိုဟိုတယ်က လေအေးစက် တပ်ထားသောကြောင့် ဟိန်းက ရွေးခြင်း ဖြစ်သည်။ ဈေးတော့ အတော်ကြီးသည်။ သို့သော်လည်း အမှုကို ကြိုးစားပမ်းစား လိုက်ပေးသော ကြောင့် ဒါလောက်တော့ ပြုစုရပါမည်။ ပိုင်သောက်မလားဟု ကျွန်တော်က မေးသည်။
"အောင်မလေး... မလုပ်လိုက်ပါနဲ့ဗျာ၊ ဒါလောက် ပူနေတာ၊ ပိုင်ထပ်သောက်ရင် သေရုံပဲ ရှိတော့မှာပေါ့" ဟု သူက ပြန်ပြောသည်။

"ဒီညနေ အခြေအနေ ဘယ်လိုနေမလဲ"
"သုံးနာရီလောက်အထိတော့ ကြာသွားမယ်ထင်တယ်၊ ချာလီကောက်က အပြစ်ရှိတယ်လို့မြင်ရင် လျှော့ကလဲချက်ထဲမှာ ပြည့်စုံအောင် ထည့်ရမယ်၊ မိန်းကလေးဟာ အကျင့်စာရိတ္တကောင်းကြောင်း၊ အမှုကိစ္စကလည်း ဒေါသပေါက်ကွဲရာကနေ မတော်တဆ ဖြစ်သွားကြောင်း၊ အခုလည်း ဂုဏ်သရေရှိ အမျိုးသား တစ်ယောက်နဲ့ တည်တည်တံ့တံ့ နေနေကြောင်းတွေ လျှော့ကလဲရမယ်၊ သက်သက်ညှာညှာ စီရင်ဖို့ ပြောရမှာပေါ့၊ သင်ခန်းစာ ပေးတဲ့အနေနဲ့ ဒဏ်ငွေနှစ်ရာလောက်တော့ ရိုက်လိမ့်မယ်ထင်တယ်"

"ခင်ဗျား အရင်ပြောတုန်းက သုံးရာဆို"
"အများဆုံးအထိ ပိုတွက်ထားတာပါ"

နောက် တစ်နာရီမျှကြာတော့ ရုံးခန်းထဲမှာ ကျွန်တော်တို့ ပြန်ရောက်နေကြပြန်ပြီ။ ဟိန်း၏ တွေးထင်ချက်အားလုံး မှားသွားတော့သည်။ စူဇီကို ဒေါ်လာနှစ်ရာ ဒဏ်ငွေမရိုက်ပါ။ ထောင်ချပစ်လိုက်လေသည်။

(၄)

သည်လိုဖြစ်ရသည်မှာ ဟိန်း၏ အပြစ်မပါပါ။ ပြစ်ဒဏ်ကို လျှော့လျှော့ပေါ့ပေါ့ တွက်ခြင်းသည်လည်း သူ့အမှားမဟုတ်ပါ။ မူလခန့်မှန်းထားသည့် ရက်ထက်စောပြီး ဘာကြောင့် အမှုစစ်သနည်းဆိုသည်ကို ဟိန်း မသိသောကြောင့် အတွက်မှားသွားခြင်း ဖြစ်ပါသည်။ ချာလီကောက်က စီရင်ချက်ချတော့မှ ကျွန်တော်တို့ သဘော ပေါက်ကြ ပါတော့သည်။

"ကပွဲခန်းမများနှင့် ဘားခန်းများတွင် အလုပ်လုပ်သည့် အမျိုးသမီးများကြောင့် ယခုအခါတွင် ကျွန်ုပ်တို့ အတော် ဒုက္ခရောက်နေကြရသည်"

ထိုစီရင်ချက်ကို ဖတ်ကြားသောအခါ ချာလီကောက်၏ အမူအရာသည် စောစောတုန်းကလို ရွှတ်နောက်နောက် မဟုတ်တော့။ မျက်နှာတည်တည်ကြီးနှင့် ဖြစ်နေသည်။

"ယခင်တုန်းကဆိုလျှင် ထိုအမျိုးသမီးကလေးများနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ အများကြီး သက်ညှာခဲ့ကြသည်။ ထိုသို့ သက်ညှာသည်ကို အမျိုးသမီးများက အခွင့်ကောင်းယူ အကောက်လွဲကာ တရား ဥပဒေကို မထီလေးစား လုပ်လာကြသည်။ ထိုသို့ အခွင့်ကောင်းယူ အကောက်လွဲသည်မှစပြီး အမှုပေါင်း များစွာ ပေါ်လာသည်။ ဆက်လက် ကြားနာစစ်ဆေးရမည့် အမှုပေါင်းများစွာ ကျွန်ုပ်တို့ တရားရုံးတော် များတွင် တန်းစီရှိနေသည်။

"ထို့ကြောင့် အမှုအချို့ကို စောစောစီးစီး မြန်မြန် ဆန်ဆန် စစ်ဆေးပြီး လိုအပ်သည့်အတိုင်း စီရင်ချက်ချရန် လိုအပ်လာသည်။ သို့မှသာ တရားဥပဒေနှင့် ပတ်သက်ပြီး အယူလွဲနေကြသော အမျိုးသမီးကလေးများကို စောစောစီးစီး ပညာပေးရာ ရောက်လိမ့်မည်။

"ယခုအမှုတွင် ဝေါင်းမီလင်းသည် အခြားအမျိုးသမီးတစ်ယောက်ကို ဒဏ်ရာအကြီးအကျယ်ရအောင် ကတ်ကြေးဖြင့် ထိုးခဲ့သည်။ ရရှိသွားသော ဒဏ်ရာက ကြီးမားသောကြောင့် ယခုရုံးထက် အဆင့်မြင့်သည့် ရုံးမှာပင် စစ်ဆေး သင့်သော အမှုဖြစ်သည်။

"တရားခံမသည် ယခုအမှုကို ကျူးလွန်ခဲ့မိသည့်အတွက် ဝမ်းနည်းကြောင်း လုံးဝမတွေ့ရပါ။ ထို့ကြောင့် ယခုအမကို အလေးအနက်ထားပြီးကျွန်ုပ် လေ့လာသုံးသပ် ကြည့်သည်။ တရားခံမကို ယခုအမှုအတွက် ဒဏ်ငွေ ရိုက်ရုံလောက်ဖြင့် လုံလောက်သော သင်ခန်းစာကို ရနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ထောင်ဒဏ် စီရင်ရန်သာ ရှိတော့သည်ဟု ကျွန်ုပ် သဘောရသည်"

ချာလီကောက်က စကားဖြတ်လိုက်သည်။ တစ်စုံတစ်ရာကို ဆက်ရေးနေသည်။ ပြီးတော့မှ အပေါ်သို့ မော့မကြည့်ဘဲ ပြောသည်။

"ထောင်ဒဏ် သုံးလ"

ရုတ်တရက် ကျွန်တော် အသက်ရှူမှားသွားသည်။ ရုံးတော်၏ စီရင်ချက်သည် ဒဏ်ငွေ ပေးဆောင်ရန်သာ ဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်ခဲ့သည်။ ထို့ကြောင့် ဒဏ်ငွေ ပေးဆောင်ဖို့သာ ကျွန်တော် ပြင်ဆင်ခဲ့သည်။ ထောင်ထဲသွားဖို့ လုံးဝမပြင်ဆင်ခဲ့မိ။

ကျွန်တော်နှင့် မလှမ်းမကမ်းတွင် အပြာရောင် ဂုတ်စုံကလေးနှင့် ရပ်နေသော စူဇီသည် အလွန်တရာ ချောမောလှပသည်။ သည်မိန်းကလေးသည် လိုင်ချီကောက်လို မိန်းမထောင်သို့ မသွားသင့်။ ထောင်ထဲမှာ ထည့်ထားသင့်သော မိန်းကလေးမျိုးမဟုတ်။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။

စကားပြန်က တရားသူကြီး၏ စီရင်ချက်ကို ရုန်ဟဲ တရုတ်ဘာသာဖြင့် ဘာသာပြန်ပေးသည်။

"ထောင်ဒဏ် သုံးလ"

စူဇီ မျက်မှောက်ကုတ်သွားသည်။ စီရင်ချက်ကို ကြားရသော်လည်း သူ့နားသူ မယုံဟန်ဖြစ်သည်။ တစ်စုံတစ်ရာ ရှင်းပြလိုက်ဟန်ဖြင့် တရားသူကြီးကို မော့ကြည့်သည်။ သို့သော်လည်း တရားသူကြီးက စာဆက်ရေးနေသောကြောင့် သူ ပြောခွင့်မကြုံ။

စူဇီ အနားမှာရှိနေသော အမျိုးသမီးရဲတစ်ဦးက စူဇီကို တစ်စုံတစ်ရာ ပြောနေသည်။ စူဇီကတော့ ကြားပုံမရ။ အမျိုးသမီးရဲနှစ်ဦးက သူ့လက်မောင်းကို ဆွဲပြီး အပြင်သို့ခေါ်သည်။ ချောက်ချောက် ချားချားဖြင့် ရုံးခန်းထဲမှာ ကျွန်တော့်ကို လှည့်ရှာနေသည်။ သို့သော်လည်း ဘက်မှားပြီး သူကြည့်နေသည်။ အမျိုးသမီးရဲ၏ ခြေထောက်ကို တက်နင်းမိပြီး လဲမလို ယိုင်သွားသည်။ သူ့ကိုယ်သူ ပြန်ဟန်နိုင်ပြီး နောက်စ်ကြိမ် ပြန်ကြည့်မည်အလုပ်တွင် အပြင်သို့ ဆွဲခေါ်ထုတ်သွားတော့သည်။

ကျွန်တော် ကြက်သေသေနေမိသည်။ တရားသူကြီးက ကုလားထိုင်မှ ထသည်။ သို့သော်လည်း သူ တရားသူကြီး မဟုတ်တော့ပါ။ သူ့ကိုယ်ပေါ်မှ တရားသူကြီး အဆောင်အယောင်များကို ခွာချလိုက်ပြီးဖြစ်သည်။ ရိုးရိုး ချာလီကောက် ဖြစ်သွားတော့သည်။

"အင်း..ကျုပ်လည်း သွားဆရာဝန်ဆီ လစ်လိုက်ဦးမှ၊ သွားတွေ သွားခြစ်ပစ်လိုက်ဦးမယ်လေ၊ သွားမခြစ်ရင် ကျုပ်မိန်းမက ကျုပ်နဲ့ အပြင်ကို တွဲမသွားဘူးလို့ ပြောနေတယ်ဗျာ၊ ဆေးလိပ် အသောက် များတာကြောင့် ဖြစ်တာ" ဟု ချာလီကောက်က ပြောသည်။

"အခု အသစ်ထုတ်တဲ့ ရက်စပေ့ါစီးကရက် သောက်စမ်းကြည့်ပါလားခင်ဗျာ၊ ရက်စပေ့ါက သွားကို ဆေးချေး မစွဲဘူးလို့ ပြောကြတာပဲ" ဟု ရဲအရာရှိက ပြန်ပြောသည်။

"ရက်စပေ့ါလား၊ တို့တောင် မတို့ရဲပါဘူးမောင်ရာ၊ ဘာဆေးတွေနဲ့ လိပ်ထားမှန်းမှ မသိတာ"

တံခါးပေါက်မှ အပြင်သို့ သူ ထွက်သွားသည်။ ဟိန်း ရောက်လာသည်။ သူ့လည်ပင်းမှ ချွေးများကို သုတ်နေသည်။ သူ အတော်စိတ်မကောင်း ဖြစ်နေပုံရသည်။

"ကျွန်တော်တော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ၊ တကယ့်ကို ဘာမှမပြောတတ်တော့ဘူး" ဟု သူကပြောသည်။

"ဒါဟာ ခင်ဗျားအမှား မဟုတ်ပါဘူးဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

"တစ်ခုခု အပြောင်းအလဲ ဖြစ်နေတာကို ကျွန်တော် သိခဲ့ဖို့ကောင်းတယ်၊ အပြောင်းအလဲ ဖြစ်နေတာ ကိုသာ ကြိုသိထားခဲ့ရင် ဘာဖြစ်မယ်ဆိုတာ မှန်းနိုင်တာပေါ့"

"သူတို့ ခေါ်မသွားခင် စုဇီနဲ့ ကျွန်တော် တွေ့လို့ရမလား"

"မရဘူး၊ တွေ့ခွင့်မရှိဘူး၊ သူ့ရှေ့နေပဲ တွေ့ခွင့်ရှိတယ်၊ ခင်ဗျား မှာချင်တာရှိရင် မှာလိုက်လေ၊ ကျွန်တော် ပြောပြလိုက်မယ်"

"သူ့ကို အပြင်ခေါ်ထုတ်သွားတဲ့အခါတော့ မြင်ရမယ်ထင်တယ်"

"အချုပ်ကားကိုပဲ မြင်ရလိမ့်မယ်"

"ကိစ္စမရှိဘူးလေ၊ ကျွန်တော် စောင့်ကြည့်နေမယ်၊ ကျွန်တော် စောင့်ကြည့်နေကြောင်းသာ သူ့ကို ပြောပြလိုက်ပါ"

တရားရုံးအဆောက်အအုံ၏ အပြင်ဘက် ခြံဝင်းတံခါးဝမှာ ဂွမ်နီနှင့် ကျွန်တော် စောင့်နေသည်။ နစ်နာရီ လောက်ကြာအောင် စောင့်နေပြီးမှ အချုပ်ကား ထွက်လာသည်။ လမ်းပေါ်မှာ ရပ်နေသောရဲသားက လက်ပြ လိုက်သဖြင့် အချုပ်ကားက လျင်မြန်စွာ မောင်းထွက်သွားသည်။ ပြူတင်းပေါက်များက အပြာ ရင့်ရောင်မှန်များ တပ်ထားသည်။ အတွင်းသို့ လုံးဝလှမ်းမမြင်နိုင်ပါ။ ဂွမ်နီနှင့် ကျွန်တော်ကမူ စုဇီ မြင်လို့ မြင်ငြား လက်ဟေ့ယမ်းပြလိုက်ကြသည်။

မြို့ထဲသို့ ကျွန်တော်တို့ ထွက်ခဲ့ကြပြီး ကမ်းနားလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ သင်္ဘောဆိပ် ရောက်တော့ တစ်ဖက်ကမ်းသို့ ကူးမည့် မော်တော်ကားများ တန်းစီပြီး မော်တော်ယာဉ် တင်သင်္ဘောကို စောင့်နေကြသည်။ အချုပ်ကားက ရှေ့ဆုံးမှဖြစ်သည်။ ကိုလုန်းဘက်မှ မော်တော်ယာဉ် တင်သင်္ဘောလည်း ကမ်းဘက်သို့ ခုတ်မောင်းလာနေပြီ။

ကမ်းမှာ ကပ်ပြီးသောအခါ ထိုသင်္ဘောပေါ်တွင် ပါလာသည့် မော်တော်ကားများ ကမ်းပေါ်သို့ မောင်းတက် လာသည်။ နောက်ဆုံးကား မောင်းတက်ပြီးသောအခါ အချုပ်ကားက ရှေ့ဆုံးမှမောင်းကာ သင်္ဘော ပေါ်သို့ တက်သွားသည်။ နောက်ကားတွေ တန်းစီလိုက်သွားကြသည်။ ခဏကြာတော့ မော်တော်ယာဉ် တင် သင်္ဘောလည်း ကိုလုန်းဘက်ကမ်းသို့ ခုတ်မောင်းထွက်သွားတော့သည်။

ဂွမ်နီသည် ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ထားကြောင်း သတိထားမိသည်။ မြင်ကွင်းမှ သင်္ဘော ပျောက်သွားတော့မှပင် ကျွန်တော်တို့ နစ်ယောက် တိတ်ဆိတ်စွာဖြင့် ဘုရင်မလမ်းဆီသို့ ဓာတ်ရထား စီးရန် ထွက်လာခဲ့ကြသည်။

**အခန်း (၅) မျှော်**

[စာအုပ် (၃) အထောက်တော် လှအောင် စုဇီဝေါင်း အခန်း(၅)]

## အခန်း(၅)

(၁)

နမ်ကောက် ဟိုတယ်တွင် ရှိနေကြသည့် အမျိုးသမီးများအနက် အဲလစ်ကြီးသည် လိုင်ချီကောက် မိန်းမထောင်မှာ ကျဖူးသည်။ မူးယစ်ဆေးဝါး ရောင်းချမှုဖြင့် ထောင်တစ်လကျခဲ့သည်။

ထိုနေ့ညက အဲလစ်ကြီးကို လိုင်ချီကောက် ထောင်အကြောင်း ကျွန်တော် မေးကြည့်သည်။ အဲလစ်ကြီးက စိတ်ပျက်သည့် အမူအရာဖြင့် ပခုံးကို တွန့်ပြသည်။

"ဆိုးတယ်၊သိပ်ဆိုးတဲ့နေရာ၊ တစ်နေကုန်အောင် အလုပ်လုပ်ရတယ်၊ ရပ်လိုက်တာနဲ့ တစ်ပြိုင်တည်း ရိုက်တော့တာပဲ၊ ဟုတ်တယ်၊ သေသွားလည်း သူတို့ ဂရုစိုက်မှာမဟုတ်ဘူး၊ သေအောင်ရိုက်မှာပဲ"

"မိန်းမတွေကို ရိုက်သလား၊ တကယ်ရော ဟုတ်ရဲ့လား အဲလစ်ရယ်" လို့ ကျွန်တော် မယုံနိုင်ဘူး"

"ငါတော့ မကြားဖူးပါဘူးအေ၊ လိုင်ချီကောက်ဟာ ဒါလောက် မဆိုးပါဘူး၊ ဘယ်သူမှ အရိုက်မခံရပါဘူး" ဟု ဗုဒ္ဓဟူး လူးလူးက ပြောသည်။

"ငါက အဲဒီအထဲမှာ ကိုယ်တိုင် နေခဲ့ရတာပါအေ၊ အင်မတန် ဆိုးတဲ့ အဲဒီထောင်ထဲမှာ တစ်လလုံးလုံး ငါ နေခဲ့ရတာပါ၊ အရိုက်ခံရလို့ သေတဲ့မိန်းမတွေ နေ့တိုင်း ရှိတယ်၊ ငါတောင် ကံကောင်းလို့ အသက်နဲ့ကိုယ် အိုးစား မကွဲဘဲ ထွက်လာနိုင်ခဲ့တာ"

ဇီဇီက ပြုံးသည်။

"သူတို့က ရိုးလည်း ရိုးသားတယ်၊ အဝင်တုန်းက ယူသွားတဲ့ပစ္စည်းတွေကို ပြန်အထွက်ကျတော့ တစ်ခု မကျန် ပြန်ပေးလိုက်သတဲ့"

"စူဇီနဲ့ကိုယ် အစောဆုံး ဘယ်နေ့သွားတွေ့လို့ရမလဲ" ဟု ကျွန်တော်က အဲလစ်ကိုမေးသည်။

"မနက်ဖြန် သွားတွေ့လို့ရတယ်"

"ဒါပေမဲ့ သူက ဒီနေ့မှ ထောင်ထဲကို ဝင်သွားတာပဲ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ မနက်ဖြန်မှာ ရှင် ထောင်ဝင်စာ သွားတွေ့လို့ရတယ်"

"ဒါပေမဲ့ သူက ဒီနေ့မှ ထောင်ထဲကို ဝင်သွားတာပဲ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ မနက်ဖြန်မှာ ရှင် ထောင်ဝင်စာ သွားတွေ့လို့ရတယ်"

အဲလစ်ကြီး၏ စကားများသည် ယုံကြည်ရန် ခက်လှသည်။ ဘာအကြောင်း သူပြောပြော အပိုတွေက များတတ်သည်။ ထို့ကြောင့် လိုင်ချီကောက် ထောင်ထဲမှာ အမျိုးသမီးတွေကို ရိုက်နေသည်ဆိုသည့် အကြောင်းလည်း မယုံကြည်ချင်။

မည်သို့ဆိုစေ ထောင်ကို ကျွန်တော် ဖုန်းလှမ်းဆက်ကြည့်တော့ အဲလစ်ကြီးပြောသည့် အချက်တစ်ချက် မှန်ကန်ကြောင်း တွေ့ရသည်။

မနက်ဖြန် စူဇီကို ထောင်ဝင်စာ သွားတွေ့လို့ရသည်ဟု ဆိုသည်။ ထိုသို့ တွေ့ခွင့်ရခြင်းမှာ အမျိုးသမီး

ဖြစ်သောကြောင့် ခွင့်ပြုခြင်းဖြစ်သည်။ အမျိုးသမီးများမှာ သူတို့ အသုံးအဆောင်တွေ ရှိဖို့လိုသည်။ ထို့ကြောင့် ထောင်ထဲသို့ ချက်ချင်း လက်ငင်းရောက်လာသည့် အမျိုးသမီးများကို လိုအပ်သည့် ပစ္စည်းများ ပေးနိုင်ရန် ချက်ချင်း ထောင်ဝင်စာ တွေ့ခွင့်ပြုခြင်း ဖြစ်သည်ဟု ဆိုသည်။

နောက်နေ့မနက်တွင် ကိုလုန်းဘက်ကမ်းသို့ ကူးတို့သင်္ဘောဖြင့် ကျွန်တော် ကူးခဲ့သည်။ ထိုမှတစ်ဆင့် ဘက်စ်ကားစီးပြီး လိုင်ချီ ကောက်ထောင်သို့ လာခဲ့သည်။

ထောင်ကိုရောက်တော့ ထောင်ဂက ဧည့်ခန်းကလေးထဲမှာ ကျွန်တော့်ကို စောင့်ခိုင်းထားသည်။ ပြီးတော့မှ သံစကာတွေကာထားသော အခန်းကလေးထဲသို့ ခေါ်သွားသည်။ တစ်ဖက်တွင် သံစကာ ကာထားသည့် အခန်းကျဉ်းကလေးတစ်ခုကို တွေ့ရပြန်သည်။ ထိုအခန်းကလေး၏ အပြင်ဘက်တွင် အမျိုးသမီး ထောင်ဂါဒ်တစ်ဦး ရပ်နေသည်ကို တွေ့ရသည်။

သူ့မျက်နှာပေါ်မှာ မိတ်ကပ်လိမ်းခြယ်ထားခြင်းမရှိပါ။ မျက်နှာသည် ဖြူဖပ်ဖြူရော် နှင့် ဂမ်းနည်းကြေကွဲနေပုံရသည်။ သူ့ခန္ဓာကိုယ်ထက် အများကြီး ပိုကြီးသည့် အညိုရောင် ထောင်အဂတ်အစား ကြမ်းကြမ်းကြီး ဂတ်ထားသည်။

"ဟယ်လို စူဇီ" ဟု ကျွန်တော်က နှုတ်ဆက်သည်။

"ဟယ်လို..."

သူ့နှုတ်ခမ်းများ တွဲကျနေသည်။ မျက်လုံးအစုံတွင် မျက်ရည်များ ပြည့်နေသည်။ ဘေးက အခန်းကလေးတစ်ခုထဲမှာ အမျိုးသမီးတစ်ယောက် ငိုကြီးချက်မ ဖြစ်နေသည်။ ထောင်ကျစတွင် ထောင်ဂင်စာ တွေ့ခွင့် မပေးသည့် ဘဂကို သည်တော့မှ ကျွန်တော် ရိပ်စားမိပါတော့သည်။

"မင်းသူငယ်ချင်းတွေက မင်းကို နှုတ်ဆက်လိုက်ကြပါတယ်၊ မင်း အကြောင်းကို ကြားရတော့ သူတို့ အားလုံး တုန်လှုပ်ချောက်ချား သွားကြတယ်၊ မင်း လွတ်လာမယ့် နေ့ကို မောင်တို့အားလုံး လက်ချိုး ရေတွက်နေကြမှာပါပဲ"

သူ စကားတစ်ခွန်းမှ မပြောနိုင်ပါ။ လက်နှစ်ဖက်ကို ဘေးမှာ တွဲလောင်းချရင်း မလှုပ်မယှက် ရပ်နေသည်။ ကြည့်နေရင်းမှာပင် ပါးပြင်ပေါ်သို့ မျက်ရည်များ ဒလဟော စီးကျလာသည်။ ကျွန်တော် စကားဆက်ပြောနေသော်လည်း သူ ဘာမှကြားပုံမရပါ။ တစ်ခွန်းမှလည်း ပြန်မပြောပါ။ သည်ထက်ပိုပြီး သူ ကြာရှည်ရပ်နေနိုင်တော့မည် မဟုတ်ကြောင်း အကဲခတ်မိသည်။

"စူဇီ ... မောင်ပြန်တော့မယ်နော်၊ ဒါပေမဲ့ စက္ကန့်တိုင်း၊ မိနစ်တိုင်း မင်းကို မောင် သတိရနေမှာပါကွယ်"

ကျွန်တော် ထိုစကားကိုပြောပြီး နောက်သို့ ချာခနဲ လှည့်ထွက်ခဲ့တော့သည်။ ထောင်ဂင်စာ ခွင့်ပြုချိန်မှာ မိနစ်နှစ်ဆယ်ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့ တွေ့ခဲ့ကြသည်မှာ ငါးမိနစ်ထက်ပင် ပိုပြီး ကြာမည် မဟုတ်။

ထောင်ဂင်စာ သွားတွေ့ပြီး နောက်နေ့များတွင် ကျွန်တော့်စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေ ပါသည်။ ပန်းချီလည်း ဆွဲလို့မရပါ။ လုံးဂ အာရုံမဂင်စားနိုင်ပါ။ ပန်းချီကားကို ကြည့်နေရင်း ထောင်ထဲက သံစကာနောက်မှာ တွေ့ခဲ့ ရသည့် စူဇီ၏ ဖြူဖပ်ဖြူရော် မျက်နှာကလေးကိုသာ မြင်ယောင်နေမိပါသည်။

နောက်တစ်ပတ် ကြာသောအခါ တစ်နေရာရာမှာ သွားပြီး စိတ်ပြေ လက်ပျောက် အနားယူဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။ ပုံကြမ်းစာအုပ်နှင့် အဂတ်အစား အဟောင်း အချို့ကို အိတ်တစ်လုံးထဲထည့်ကာ မော်တော်စီးပြီး လန်တောင်းကျွန်းကလေးသို့ ကျွန်တော် ထွက်ခဲ့တော့သည်။

တောင်ပေါ်မှာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။ ဘုန်းတော်ကြီး က ကျွန်တော့် အတွက် တည်းခိုစရာနေရာ စီစဉ်ပေးသည်။ အခကြေးငွေသဘောမျိုး မဟုတ်ဘဲ ဘုန်းတော်ကြီးကို ကျွန်တော်က ဂတ္တုအနည်းငယ် ကပ်သည်။

မြို့နှင့်စာလျှင် အလွန်တရာ အေးချမ်းတိတ်ဆိတ်သည်ကို တွေ့ရပါသည်။ ရာသီ ဥတုကလည်း တောင်ပေါ်မှာ ဖြစ်နေသောကြောင့် အတော်ကလေးအေးပါသည်။ တောင် ထိပ်ပေါ်မှာ စေတီတစ်ဆူ ရှိသည်။ တောင်ခြေမှာ စပါးစိုက်သည့် လယ်ကွင်းများရှိသည်။

ကျောင်းပရိဝုဏ်ထဲမှာ အမွှေးတိုင်နံ့များ၊ ဖယောင်းတိုင်မှ ညှော်နံ့များ ဖုံးလွှမ်းနေပါ သည်။ ရုပ်ပွားတော်များရှေ့တွင် သစ်သီးဆွမ်းမျိုးစုံ ကပ်ထားသည်ကိုလည်း မြင်တွေ့ရ သည်။ ခေါင်းလောင်းသံ၊ ကြေးစည်သံကိုလည်း အမြဲလိုလို တလွင်လွင် ကြားနေရပါသည်။

ဘုန်းတော်ကြီးသည် တင်ပျဉ်ခွေထိုင်ကာ တရားဓမ္မများကို ဟောကြားနေသည်။ ကျွန်တော်က ပုံကြမ်းစာအုပ်ယူပြီး ဘုန်းတော်ကြီး တရားဟောနေပုံကို ပုံကြမ်းဆွဲယူနေမိ သည်။ ကျွန်တော် ပုံကြမ်း ဆွဲနေကြောင်းကို ဘုန်းတော်ကြီးက သိပါသည်။ သို့သော်လည်း သူ့အာရုံမပျက်ပါ။ ဣန္ဒြေမပျက် တည်ငြိမ်စွာဖြင့် တရားဟောမြဲ ဟောနေသည်ကိုသာ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။
စနေ၊ တနင်္ဂနွေကျတော့ ဘုရားဖူးတွေ၊ လာရောက်လည်ပတ်သူတွေ မြို့ပေါ်မှ လာ ရောက်ကြသော ကြောင့် ဆိတ်ငြိမ်အေးချမ်းမှုကလေး အတန်ငယ် ပျက်သွားပါသည်။]

ကျွန်တော်လည်း လယ်ကွင်းများဆီသို့ လမ်းလျှောက်ထွက်ခဲ့သည။ ညဘက်တွင် လည်း ဧည့်သည်တွေ များနေသော ကြောင့် လမ်းပဲ ဆက်လျှောက်နေလိုက်မိသည်။ ထိုသို့ လမ်းလျှောက်နေခိုက်မှာလည်း သံစကာ နောက်ကွယ်မှ စူဇီ၏ ဖြူဖပ်ဖြူရော် မျက်နှာကလေးကို မျက်စိထဲမှာ မြင်ယောင်မြဲ မြင်ယောင် နေမိပါသည်။

လန်တောင်းမှာ ရက်သတ္တ နှစ်ပတ်ကြာအောင် ကျွန်တော် နေခဲ့ပါသည်။ အမှန်တော့ သည့်ထက်ပိုပြီး အချိန်ကြာကြာနေဖို့ ဖြစ်သည်။ သို့သော်လည်း ပန်းချီဆွဲရန် ပစ္စည်းများ ကျွန်တော် ယူမလာဖြစ်ခဲ့ပါ။ ယခု အချိန်တွင် ကျွန်တော် အလုပ်ပြန်လည်လုပ်ဦး မှဖြစ်မည်။

ထို့ကြောင့် စနေ၊ တနင်္ဂနွေ ဧည့်သည်များ လာရောက်မနှောင့်ယှက်မီ သောကြာနေ့ တွင် ကျွန်တော် ပြန်လာခဲ့တော့သည်။
နမ်ကောက်ဟိုတယ် ပြန်ရောက်တော့ ရှေ့နေမစ္စတာဟိန်းက ကျွန်တော့်ကို ဖုန်းဆက်ကြောင်း အမှာစာ ရေးထားသည်ကို တွေ့ရပါသည်။ ကျွန်တော် ပြန်ရောက်သည့် အချိန်မှာ ညဦးပိုင်းလည်း ဖြစ်နေသည်။ ထို့ကြောင့် သူ့ဆီသို့ ဖုန်းလှမ်းဆက်လိုက်သည်။

"ခင်ဗျားအတွက် သတင်းကောင်းတစ်ခု ပြောစရာရှိနေလို့၊ တခြားနည်းနဲ့ တွေးမယ် ဆိုရင်တော့ သတင်းဆိုးပဲပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ဒီသတင်းကို ကြားရရင် ခင်ဗျား စိတ်ချမ်း သာမှာပါ၊ ခင်ဗျားရဲ့ အမျိုးသမီး ကလေးကို လိုင်ချီကောက်ထောင်ဆေးရုံပေါ်မှာ ပိုကောင်း တာပေါ့ဗျာ၊ ဆေးရုံမှာ မဟုတ်ရင် ဒါလောက် အနေချောင်မှာ မဟုတ်ဘူး"

လိုင်ချီကောက်ထောင်မှာ ရှိနေသော အမှုသည်တစ်ယောက်ကို ဟိန်းသွားတွေ့ရင်း စူဇီအကြောင်း စုံစမ်းခဲ့သည်။ စူဇီကို ဓာတ်မှန်ရိုက်ကြည့်ရာမှ တီဘီရောဂါ ဖြစ်နေသည်ကို တွေ့ရသည်။ ထိုချိန်မှစပြီး ဆေးရုံ တင်ထားလိုက်ခြင်းဖြစ်သည်။ လွတ်သည့်နေ့အထိ ဆေးရုံမှာနေရမည်။

"ရောဂါကတော့ မပြင်းလှပါဘူး မဟုတ်လား" ဟု ကျွန်တော်က ပြန်မေးသည်။

"စိုးရိမ်စရာ မရှိပါဘူး၊ စောစောကတည်းက ဒီရောဂါ ရနေတာနဲ့ တူတယ်၊ ဒါပေမဲ့ အကောင်းဆုံး ဖြစ်သွားတာပေါ့ဗျာ၊ အပြင်မှာ ဆိုရင် သူ ဆေးရုံတက်ဖို့ မလွယ်ဘူး၊ ခုတင် တစ်နေရာစာရဖို့ မလွယ်ဘူး၊ ဆေးရုံတွ အားလုံးကလည်း လူနာတွေနဲ့ ပြည့်နေတာမဟုတ် လား၊ ဆေးရုံတက်ခွင့်ရဖို့ဟာ ဘဏ်တိုက် ဖောက်ပြီး ဂင်ရတာထက်တောင် ခက်တယ်၊ ဟောင်ကောင်မှာ ဆေးရုံတက်ခွင့်ရနိုင်တဲ့ အကောင်းဆုံး နည်းကတော့ လမ်းပေါ်မှာ လဲအိပ်ချပြီး ကားအတိုက်ခံလိုက်တဲ့ တစ်နည်းပဲ ရှိတယ်ထင်တယ်"

ဟောင်ကောင်မှာ လူဦးရေ မတရားထူထပ်လာသဖြင့် တီဘီရောဂါကလည်း ပြန့်ပွားချင်တိုင်း ပြန့်ပွားနေသည်။ ထို့ကြောင့် ဟိန်းပြောသည့် သတင်းကို ကြားရတော့ ကျွန်တော် အံ့သြခြင်း မဖြစ်မိပါ။

တစ်ခါတုန်းက စူဇီ ချောင်းအလွန်ဆိုးနေသည်။ တီဘီများ ဖြစ်ချင်သလားဟု ကျွန်တော် တွေးခဲ့မိသည်။ သို့သော်လည်း အအေးမိသောကြောင့်ပါဟု စူဇီက ဖြေခဲ့သည်။ သူ့ကလေး အိမ်ပြုကျပြီး ဆုံးခဲ့သည့် ညတုန်းက အလွန်အကျွံ အအေးမိခဲ့ဖူးသည်။ အစိုးရ ဆေးရုံသို့သွားပြီး အခမဲ့ ဓာတ်မှန်ရိုက်ကြည့်ဖို့ ကျွန်တော် တိုက်တွန်းသည်။ ကျွန်တော်တို့ နှစ်ယောက် အတူသွားကြဖို့လည်း စီစဉ်ပြီးဖြစ်သည်။

ထိုအချိန်မှာပင် မစ်ဖို့က ကြေးနန်းရောက်လာပြီး ကျွန်တော် ဂျပန်သွားဖို့ကိစ္စ ပေါ်လာသည်။ သည်လိုဖြင့် အလုပ်ရှုပ်ပြီး အာရုံပြောင်းသွားကာ ဓာတ်မှန်ရိုက်ဖို့ကိစ္စကို မေ့နေကြသည်။ ဂျပန်မှ ကျွန်တော် ပြန်လာတော့ သူ ချောင်းဆိုးပျောက်နေသည်ကို တွေ့ ရသည်။

စိုးရိမ်ရလောက်သည့် အခြေအနေမဟုတ်ကြောင်း သေချာသွားသည်။ တစ်နည်း အားဖြင့် တွေးလျှင် တိုက်ထဲမှာ၊ အဆောင်ထဲမှာ အလုပ်လုပ်မနေရဘဲ ဆေးရုံပေါ်မှာ အေးအေးသက်သာ ဆေးဂါး ကုသခံ နေရမည် ဆိုသောကြောင့် ပိုပြီး စိတ်သက်သာရာ လည်း ရသွားမိပါသည်။

အဲလစ်ကြီး ပြောပြသည့် ဇာတ်လမ်းများကို ကျွန်တော် မယုံကြည်သော်လည်း ထောင်ထဲက အကြောင်း ကို တွေးလိုက်မိလျှင် စူဇီ အလုပ်လုပ်နေရပုံ၊ ဂါဒါအမျိုးသမီးများက ရိုက်နှက်နေပုံများကိုလည်း မျက်စိထဲမှာ မြင်နေမိသည်။

ယခုတော့ စူဇီ ထောင်မှ ထွက်လာလျှင် တီဘီရောဂါလည်း တစ်ခါတည်း ပျောက်ကင်းပြီးသား ဖြစ်သွား

ပေတော့မည်။

သို့သော်လည်း ညဉ်းပိုင်းရောက်တော့ ကျွန်တော့်စိတ်များ ချောက်ချားစရာ အကြောင်း ပေါ်လာပြန် ပါသည်။ စူဇီအကြောင်း ဂွမ်နီကို ကျွန်တော် ပြောပြသည်။ ဂွမ်နီက အံ့သြခြင်း လုံးဝမဖြစ်ပါ။

"ဟုတ်တယ်၊ သူတို့ ဆေးရုံတင်ပေးထားမှာပဲလို့ ကျွန်မလည်း တွေးကြည့်နေမိပါ တယ်၊ ဒါပေမဲ့ သူတို့ ဆေးရုံ မတင်သေးခင်တော့ အစ်ကို့ကို ဘာမှပြောမပြချင်ဘူး၊ စူဇီက ကျွန်မဆီက ကတိတောင်းထားတယ်"

"ကတိတောင်းထားတယ်၊ ဘာကတိလဲ" ဟု ကျွန်တော်က ပြန်မေးသည်။

"သူ့မှာ တီဘီရောဂါဖြစ်နေကြောင်း အစ်ကို့ကို ပြောမပြဘူးဆိုတဲ့ ကတိ"

"လိုင်ချီကောက်ထောင်ကို မရောက်ခင်ကတည်းက ဒီအကြောင်း သူ သိထားတယ်လို့ ဆိုလိုတာလား ဂွမ်နီ၊ ဒါပေမဲ့ ဘယ်လိုလုပ်သိတာလဲ၊ သူမှ ဓာတ်မှန်ရိုက်မကြည့်သေးဘဲ"

"ဓာတ်မှန်ကြောင့် မဟုတ်ဘူး၊ ဆရာဂန်က သူ့ကိုပြောတာ"

"ဘယ်လိုဆရာဂန်လဲ ဂွမ်နီ၊ သူ ဆရာဂန်နဲ့ ပြခဲ့ဖူးလို့လား"

"ဆရာဂန်က ဒီကိုလာကြည့်တာ၊ သူ သိပ်ဖျားနေတယ်၊ အဲဒါက အစ်ကို ဂျပန်ရောက်နေတုန်းက၊ သူနဲ့ ဘက်တီနဲ့ ရန်ဖြစ်ပြီးနောက်မှ သိတာ၊ ကျွန်မတို့နှစ်ယောက် ရုပ်ရှင်အတူသွားကြည့်ကြတယ်၊ ရုပ်ရှင်ရုံ က ထွက်လာတော့ ဓာတ်ရထားတွေ ကျပ်နေတယ်၊ စူဇီက ဓာတ်ရထား မစီးချင်ဘူးတဲ့၊ အသက်ရှူ ရတာ မဝဘူး၊ မွန်းတယ်တဲ့၊ လန်ချားလည်း မရှိဘူး၊ ဒါနဲ့ ကျွန်မတို့ လမ်းလျှောက်ပြန်လာကြတယ်။

"စူဇီ အရမ်းမောနေတာကို တွေ့ရတယ်၊ ဒါနဲ့ ကျွန်မတို့နှစ်ယောက် အအေးဝင် သောက်ကြသေးတယ်၊ အဲဒီအချိန်မှာ သူ ချောင်းအကြီးအကျယ် ဆိုးတော့တာပဲ၊ သူ့လက်တွေ နီရဲနေတာကိုလည်း တွေ့ရတယ်။ ဗုဒ္ဓဟူး လူးလူးနဲ့ ကျွန်မက သူ့ကိုတွဲပြီး အခန်းထဲရောက်အောင် ပို့ပေးရတယ်။

"တရုတ်ဆရာဂန်ကို ကျွန်မ ဖုန်းဆက်ပြီး လှမ်းခေါ်တယ်၊ ဆရာဂန်ရောက်လာတော့ သူ့မှာ အဆုတ်ရောဂါ ဖြစ်နေပြီလို့ပြောတယ်၊ ဆေးရုံတက်ဖို့ ကောင်းတယ်၊ ဒါပေမဲ့ ဆေးရုံတက်ဖို့ဆိုတာကလည်း နေရာရဖို့ မလွယ်ဘူး၊ ဒီတော့ မင်း အိပ်ရာထဲမှာပဲ အနားယူနေပါ၊ ဆေးဆိုင်က ဆေးဝယ်သောက်ဖို့ ဆေးစာရေး ပေးခဲ့မယ်လို့ ဆရာဂန်က ပြောတယ်။

"စူဇီက အစ်ကိုပြန်လာရင် သူကနေတစ်ဆင့် အစ်ကို့ကိုကူးမှာ အရမ်းစိုးရိမ်နေတယ်၊ ဒီအကြောင်း ဆရာဂန်ကို ပြောပြတော့ မင်းပါးစပ်ထဲက ပိုးတွေ ထွက်မလာနိုင်အောင် ဆေးစာရေးပေးမယ်လို့ ပြောတယ်၊ အဲဒီဆေးကို တစ်နေ့ သုံးကြိမ် ရေအေးနဲ့ သောက်ရမယ်တဲ့၊ အစ်ကိုပြန်လာရင် အစ်ကိုမသိအောင် ဆေးသောက် ဖို့ ဆိုတာ သူ့အတွက် ခက်နေတယ်၊ ဒါကြောင့် သူ ဆေးဝင်သောက်တဲ့ အခါမျိုးမှာ ကျွန်မက အစ်ကို့ကို လာသာဆောင်မှာ စကားပြောပေးထားပါလို့ ပြောတယ်"

"ဒါပေမဲ့ကွာ၊ ဘာဖြစ်လို့ ဒီအကြောင်း သူက ကိုယ့်ကို ဖွင့်မပြောတာလဲ ဂွမ်နီ"

"အစ်ကို စိတ်ဆင်းရဲသွားမှာစိုးလို့တဲ့၊ ဘက်တီနဲ့သူ ရန်ဖြစ်တဲ့ကိစ္စကြောင့် အစ်ကို စိတ်ဆင်းရဲနေရပြီတဲ့၊ အစ်ကို အလုပ်လည်း ကောင်းကောင်း မလုပ်နိုင်တော့ဘူးတဲ့၊ ဒီအကြောင်းကို ထပ်သိရင် ပိုစိတ်ဆင်းရဲပြီး

အလုပ်ပို ပျက်တော့မယ်လို့ ပြောတယ်၊ အစ်ကို အလုပ်မလုပ်နိုင်တဲ့အခါမျိုးမှာ အစ်ကိုဟာ စိတ်သိပ်တို တတ်တယ်တဲ့၊ သူ့ကိုလည်း မချစ်တော့ဘူးတဲ့၊ အစ်ကို အလုပ်ကောင်းကောင်း လုပ်နိုင်နေရင် သူ့ကို သိပ်ချစ်တာပဲတဲ့၊ နောက်တစ်ချက်ကလည်း သူ တီဘီဖြစ်နေကြောင်း အစ်ကိုသိလို့လည်း အစ်ကို ဘာမှ တတ်နိုင်တာ မဟုတ်ဘူးတဲ့"

"သူ့ကို ဆေးရုံတစ်ရုံရုံမှာ တင်ပေးနိုင်အောင် ကြိုးစားနိုင်တာပေါ့ကွာ၊ ဒါမှမဟုတ်ရင်လည်း အသုံးမကျတဲ့ တရုတ်ဆေးတွေ စားနေမယ့်အစား စနစ်တကျ အကုသခံဖို့ စီစဉ်ပေးနိုင်တာပေါ့"

"တရုတ်ဆေးတွေဟာ အသုံးမကျဘူးလို့တော့ ကျွန်မ မထင်ဘူးအစ်ကို၊ ဆေးတွေက ဈေးသိပ်ကြီးတာ၊ ဒါကြောင့် ကောင်းမှာတော့ သေချာတယ် ထင်တာပဲ၊ သူ့ပါးစပ်ထဲကပိုးတွေ အပြင်မထွက်အောင် ကာကွယ် တဲ့ဆေးက တစ်အောင်စကို ဆယ့်တစ်ဒေါ်လာတောင်ကျတယ်၊ တစ်နေ့ကို သူ တစ်အောင်စတောင် သောက်နေရတာ"

"ဖြစ်မှ ဖြစ်ရလေကွာ၊ ဒါလောက်တောင်ပဲလား"

"နောက်ပြီးတော့ လူမမာကြီး လုပ်နေရမှာကိုလည်း သူ ရှက်တယ်၊ ကျွန်မကို သူ တစ်ခါပြောဖူးတယ်၊ အစ်ကိုက သူ့ကို သိပ်လှတာပဲလို့ ပြောတဲ့အခါမှာ သူရှက်တယ်တဲ့၊ ငါ့ရင်ထဲမှာ အရုပ်ဆိုးနေတာတွေကို သူ မသိဘူးတဲ့၊ ငါ သွေးတွေအန်ပြီး ရောဂါသည် ဖြစ်နေတာကိုတော့ သူ မသိဘူးလို့ တွေးမိပြီး ရှက်တယ်တဲ့၊ အစ်ကိုနဲ့ သူ လက်ထပ်ဖို့ ငြင်းနေတာဟာလည်း ဒီအကြောင်းကြောင့်ပဲ"

"ဂွမ်နီ၊ အရင်တုန်းက ကိုယ်သိခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲကွာ"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အခု ဆေးရုံတက်နေရပြီဆိုတော့ သူ့ရောဂါ ပျောက်သွားမှာ သေချာပါတယ်"

နောက်နှစ်ပတ်ကြာတော့ လိုင်ချီကောက်ထောင်သို့ သွားပြီး စူဇီနှင့် ထောင်ဂင်စာတွေ့သည်။ အံ့သြဖွယ်ရာ ကောင်းလောက်အောင် ကျန်းမာနေသည်ကိုတွေ့ရသည်။ သူနှင့် စတင်တွေ့ခဲ့ရသည့်အချိန်မှ ယခုအထိ အကျန်းမာဆုံး၊ ကြည့်အကောင်းဆုံး ဖြစ်ပါသည်။

ထောင်ဆေးရုံမှာ အလင်းရောင် ကောင်းကောင်းရသည်။ လေကောင်း လေသန့်ရသည်။ သန့်ရှင်းသည်။ အပြင်ဆေးရုံများ ထက်ပင် ပိုပြီး သန့်ရှင်းနေသည်ကို တွေ့ရသည်။ ပြူတင်းပေါက်နှင့် အဂင်တံခါးများမှာ သံတိုင် တပ်ထားကာ တစ်ခုပဲပြောစရာ ရှိသည်။

စူဇီသည် ရုပ်ပုံစာအုပ်တစ်အုပ်ကို ကိုင်ပြီး ခုတင်ပေါ်မှာ ထိုင်နေသည်။ ဆံပင်များကလည်း ခေါင်းလျှော်ပြီးစလို ရှင်းရှင်းလင်းလင်း ရှိနေသည်။ ပါးကလေးတွေလည်း ပန်းနုရောင်ပြေးနေသည်။ အလွန်တရာလည်း စိတ်ချမ်းသာနေပုံရသည်။

"စူဇီ... မင်း အရမ်းကျန်းမာနေပုံပဲကွာ"

ကျွန်တော်က ဂမ်းသာအားရပြောသည်။ စိတ်ချမ်းသာလွန်းသောကြောင့်လည်း ရယ်မိသည်။ ပထမဦးဆုံးတစ်ခေါက် လာတွေ့တုန်းကလို ဖြစ်မှာလည်း စိုးရိမ်မိသည်။ ထို့ကြောင့် သူ မျက်ရည်ကျ စေမည့်စကားများ မပြောဖြစ်အောင် သတိထားပြီး ဆင်ခြင်နေရ သည်။

"မင်းကို မွေးမွေးပေးဖို့များ မောင့်ကို ခွင့်ပြုကြမယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲနော်"

"အိုး... ရတယ်လေမောင်ရဲ့၊ ကျွန်မ စီစဉ်ထားတယ်၊ ကျွန်မကို မောင် လာတွေ့မယ်လို့ ဟောဟို မိန်းမကြီး ကို ကျွန်မ ပြောထားတယ်" မလှမ်းမကမ်းရှိ အမျိုးသမီး ဂါဒါကို မေးငေါ့ပြသည်။ "မောင်ဟာ တကယ့် လူကြီးလူကောင်းလို့၊ နောက်ပြီးတော့ တကယ့်ပုဂ္ဂိုလ်ကြီးလို့၊ မောင်က ကျွန်မကို မွေးမေးပေးချင် ပေးမှာပဲလို့၊ ဒါကြောင့် ရှင်က မျက်နှာလွှဲထားပါလို့ သူ့ကို ကျွန်မ ပြောထားတယ်"

ကျွန်တော်က မပွံ့မရဲဖြင့် စူဇီကို ပွေ့ယူလိုက်သည်။ ဂါဒါအမျိုးသမီးက အနည်းငယ် မနေတတ် မထိုင်တတ် ဖြစ်သွားပြီး ပြူတင်းပေါက်မှ အပြင်သို့ ကျော်ကြည့်နေသည်။

"ဟုတ်တယ်၊ အဲဒီ ဂါဒါအမျိုးသမီးက သိပ်သဘောကောင်းတာ" ဟု စူဇီက ပြောသည်။

"ဆရာဂန်ကရော ဘယ်လိုဟာမျိုးလဲ"

"သူလည်း ကပြားမပဲ၊ သဘောကောင်းတယ်"

"မင်း ပြောနေတာတွေက အမှန်တွေရော ဟုတ်ရဲ့လား၊ လူတိုင်းက သဘောကောင်း နေကြတာ ချည်းပဲလား"

"မဟုတ်ဘူး၊ တစ်ယောက်ကတော့ မကောင်းဘူး၊ ဂါဒါမတစ်ယောက် ရှိသေးတယ်၊ သိပ်သဘောထား ပုပ်တာပဲ၊ တစ်ခါတရံ သူ ဒီမှာ တာဂန်ကျတတ်တယ်၊ သူက "ဂေါင်းမီလင်း၊ ညည်းအကြောင်းတွေ ငါအကုန် သိတယ်၊ ညည်းဟာ ယောကျ်ားတွေနဲ့ အတူတူသွားတယ်၊ ဟုတ်တယ်၊ ညည်းဟာ အင်မတန် ဆိုးတယ်" လို့ ကျွန်မကို ပြောတယ်"

"အင်း... သူတို့မှာ နေရာအစားထိုးဖို့ တခြားဂါဒါအမျိုးသမီးတွေ မရှိတော့ဘူးနဲ့ တူပါတယ်၊ ထောင်မှူး ကရော ဘယ်လိုနေသလဲ၊ ထောင်မှူးကိုရော မင်း ဒီအတိုင်း ပြောတာပဲလား"

"အိုး ဟုတ်ပါရဲ့၊ ထောင်မှူးမက တရုတ်မ၊ သူလည်း သိပ်သဘောကောင်းတာပဲ"

"ယုံပါပြီဗျာ"

"တစ်ခါတုန်းက သူ ဒီကိုလာတယ်၊ ကျွန်မက "ဂွတ်မောနင်း၊ ရှင့်မျောက်အိမ်ကလေးက သိပ်ကောင်းတာပဲ" လို့ ပြောလိုက်တယ်"

"စူဇီ... မင်း အရမ်းစိတ်ချမ်းသာနေတယ် ထင်တယ်"

"ဟုတ်တယ်၊ ကျွန်မက သူ့ကို ပြောတယ်၊ "ရှင့်မျောက်အိမ်ကလေးကို ကျွန်မ သဘောကျတယ်၊ ရှင် စိတ်မဆိုးဘူးဆိုရင် ကျွန်မ လွတ်တဲ့နေ့မှာ မထွက်သေးဘဲ လေးငါးရက်လောက် ဆက်နေလိုက်ဦးမယ်" လို့ ပြောလိုက်တယ်၊ သူက "ရပါတယ်၊ ဂေါင်းမီလင်း၊ မင်း နေချင်သလောက်နေပါ၊ ဟို ဂါဒါအမျိုးသမီးက မင်းကို ဒုက္ခပေးရင် ငါ့ကို ချက်ချင်းတိုင်" လို့ သူက ပြောတယ်၊ ကျွန်မက "ကျေးဇူးတင်ပါတယ်၊ ရှင့်မျောက်အိမ်ကလေးကို ကျွန်မ အရမ်းသဘောကျတာပဲ၊ ရှင့်မှာ နံပါတ်တစ် အကောင်းဆုံး မျောက်အိမ် ရှိနေတာပဲ" လို့ ပြန်ပြောလိုက်တယ်"

ထိုစကားများကို ပြောပြီး စူဇီသည် ကလေးငယ်တစ်ယောက်လို အတောမသတ်အောင် တခစ်ခစ် ရယ်နေသည်။

"စူဇီ... မင်းကို အခုလို ပြန်မြင်ရတာ ဂမ်းသာလိုက်တာကွယ်" ဟုကျွန်တော်က လှိုက်လှိုက်လှဲလှဲ

ပြောမိသည်။

"ကျွန်မ ဒီနေ့ ပျော်တယ် မောင်၊ မောင်လာလို့ ကျွန်မပျော်တယ်၊ ဂါဒါမကို ကျွန်မက ပြောထားတယ်၊ ဒီနေ့ မောင်လာလိမ့်မယ်လို့၊ မပူပါနဲ့လို့၊ သူဘယ်တော့မှ မမေ့ပါဘူးလို့၊ ဒါပေမဲ့ မောင် မေ့ပြီးမလာဘဲနေမှာ စိတ်ပူလိုက်ရတာ မောင်ရယ်၊ မောင်သာ မလာရင်တော့ ကျွန်မ ကောင်းကောင်းကြီး အရှက်ကွဲပြီ"

"လာမယ်လို့ ပြောထားတာပဲ၊ မဖြစ်ဖြစ်တဲ့ နည်းနဲ့ ရောက်အောင် လာမှာပေါ့ စူဇီ၊ နောက်ပြီးတော့ မင်းကို ပြောစရာရှိနေတဲ့အတွက် မလာလို့လည်း မဖြစ်ဘူးလေ၊ မောင် ဂျပန်သွားနေတုန်းက မင်း နေမကောင်းဖြစ်တာ မောင့်ကို မပြောဘဲ ဖုံးထားတာကို မောင် သိပ်စိတ်ဆိုးတယ်"

"နေမကောင်း ဖြစ်နေတယ်၊ ကျွန်မ နေမကောင်းဖြစ်နေတယ်လို့ မောင့်ကို ဘယ်သူ ပြောသလဲ"

"ဒီလိုဖုံးထားတာ မကောင်းဘူး စူဇီ၊ ဒီအကြောင်းတွေ အားလုံး မောင် သိပြီးပြီ"

အမှန်အတိုင်း ဝန်မခံဘဲ သူ ခေါင်းမာနေသေးသည်။ ပြီးတော့ အရေးမကြီးသလို ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။ နောက်ဆုံးတွင်မှ သည်အကြောင်းတွေ ကျွန်တော် အားလုံးသိထားပြီးဖြစ်ကြောင်း ယုံကြည်သွားသဖြင့် အဖြစ်မှန်ကို ဖွင့်ပြောတော့သည်။

ထောင်ထဲရောက်လာမှ သူ သွေးအန်သေးသည်။ ထောင်ထဲရောက်ပြီး ဒုတိယနေ့တွင် ဖြစ်သည်။ ကျွန်တော် ထောင်ဝင်စာလာတွေ့ပြီး အပြန် သွေးအန်သည်။ အလွန်အမင်း စိတ်ထိခိုက်နေသောကြောင့် ဖြစ်သည်။ ထိုအချိန်မှစပြီး သူ့ကို ဆေးရုံတင်လိုက်ခြင်းဖြစ်သည်။ ဟိန်းပြောသလို ဓာတ်မှန်ရိုက်ကြည့်ရမှ သိသောကြောင့် မဟုတ်။ ယခုတော့ သူ့ရောဂါ သက်သာလာပြီဖြစ်ကြောင်း၊ ထောင်မှ လွတ်သည့်နေ့တွင် လုံးလုံး ပျောက်သွားတော့မည်ဖြစ်ကြောင်း ပြောပြသည်။

သို့သော်လည်း သူပြောသလို မဟုတ်သေးပါ။ ဆေးရုံမှ ကျွန်တော် ထွက်လာပြီး နောက် ထောင်ဆရာဝန်နှင့် သွားတိုးသည်။ ကားသေးသေးကလေးနှင့် ရောက်လာသည်။ အင်္ဂလိပ်-တရုတ် ကပြား ဖြစ်သည်ကို တွေ့ရသောကြောင့် ထောင်ဆရာဝန်ဖြစ်မည်ဟု ခန့်မှန်းလိုက်မိသည်။ ကျွန်တော့်ကို လိုက်ပို့သည့် ဂါဒါအမျိုးသမီးကို မေးကြည့်တော့ ဟုတ် ကြောင်းပြောသည်။

"ဖေါင်းမီလင်းအကြောင်းများ ကျွန်တော် မေးလို့ရနိုင်မလားဗျာ"

ကျွန်တော်က သူ့ဆီလျှောက်သွားပြီး မေးသည်။

"ရှင်က ဘယ်သူလဲ၊ ဒီထောင်နဲ့ ဘယ်လိုပတ်သက်သလဲ"

သူ့အသက် သုံးဆယ်ကျော်လောက်ရှိပြီ။ ကိုယ်လုံးကိုယ်ပေါက် ဖြောင့်သည်။ မိန်းမချောတစ်ယောက် ဖြစ်သည်။ ဘာကိုမဆို ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သည့် ပုံမျိုးလည်းဖြစ်သည်။ အဖြူရောင်ဂါဝန်ကို ဝတ်ထားသည်။ လက်ထဲမှာ ဖန်ဘူးဆို့နှင့် ပုလင်းတစ်လုံး ကိုင်ထားသည်။ အထဲမှာ ဂါဂါအရည်တွေ ရှိသည်။ အက်ဆစ်လား၊ ဆီလား မပြောတတ်ပါ။

"မဟုတ်ပါဘူး၊ ကျွန်တော်က သူ့ကို ထောင်ဝင်စာလာတွေ့တဲ့ သူ့မိတ်ဆွေပါ"

"ဪ... ပန်းချီဆရာ ဆိုတာလား"

ကျွန်တော့်ကို ကြည့်ပြီး သူ အံ့သြသွားပုံရသည်။ ပြီးတော့မှ သူက ဆက်ပြောသည်။
"အို... ဘာမှမပူပါနဲ့၊ ကျွန်မက ရှင့်အကြောင်းကို ရှင့်ထက်တောင် ပိုပြီးသိနေပြီ၊ အဲဒီကလေးမက အင်မတန် စကားပြောနိုင်တဲ့ ကလေးမ၊ ရှင့်အကြောင်းဆို ကုန်ပြီ၊ အင်း... သူ လုံးလုံးကောင်းသွားမှာပါ၊ ဒီရောဂါနဲ့တော့ ဘယ်နည်းနဲ့မှ မသေနိုင်တော့ပါဘူး၊ ကျွန်မ တို့ဆီကို အချိန်မီ ရောက်လာတယ်၊ ဒါပေမဲ့ သူ ဒီမှာ ဘယ်လောက်ကြာကြာ နေရဦးမှာလဲ၊ ခြောက်ပတ်လား၊ ဒါလောက်ဆိုရင်တော့ သိပ်မကောင်းတော့ ဆေးရုံ တက်ကုနေဖို့ လိုဦးမယ် ဒီလိုမှ တက်မကုရင် ဒီရောဂါပြန်ဖြစ်မှာပဲ"
"ဒီထောင် ဆေးရုံကနေပြီး အပြင်ဆေးရုံကို ပြောင်းမပေးနိုင်ဘူးလား ခင်ဗျာ"

"မဖြစ်နိုင်ဘူး" သူက ကျွန်တော့်ကို တည့်တည့် စိုက်ကြည့်လိုက်သည်။ "အပြင်ဆေးရုံတွေက ဒီမိန်းကလေးထက် ရောဂါပိုဆိုးတဲ့ လူနာတွေကိုတောင် မောင်းချပစ်နေတာ မဟုတ်လား၊ အခြေအနေ သိပ်ဆိုးတဲ့လူနာတွေကို နေရာပေးပြီး ကုနိုင်အောင် လုပ်နေကြရတာလေ၊ ရှင် အဆက်အသွယ်ကလေး ဘာလေး မရှာနိုင်ဘူးလား"
စိန့်မာဂရက်ဆေးရုံမှ ကေးဖလက်ချာကို ကျွန်တော် အမှတ်ရပါသည်။ သို့သော်လည်း မိုးရွာနေသည့်ည ညစာအတူစားပြီး နမ်ကောက်ဟိုတယ်သို့ သူ ပြန်ပို့ပေးခဲ့သော အချိန်မှစ၍ ကျွန်တော်နှင့် လုံးဝမတွေ့ရတော့။

"ကြာသပတေးနေ့မှာ တွေ့ကြမယ်" ဟု ကျွန်တော်တို့ အချိန်းအချက်လုပ်ပြီး ကေးလည်း ကားမောင်းပြန်သွားသည်။ ကျွန်တော် အပေါ်ထပ်ရောက်တော့ စူဇီက ဖုန်းဆက်ပြီး သူ့ကလေး သေသွား ကြောင်း ပြောသည်။
ထို့ကြောင့် ကြာသပတေးနေ့ ချိန်းထားခြင်းကို ဖျက်ဖို့ ကျွန်တော် ဖုန်းဆက် အကြောင်းကြားသောအခါ "ကျွန်မ မအံ့သြပါဘူး" ဟု ကြမ်းကြမ်းတမ်းတမ်းပြောကာ တယ်လီဖုန်းကို ပစ်ချသွားခဲ့သည်။ ထို့ကြောင့် ကေးကိုလည်း ကျွန်တော် အကူအညီ တောင်း၍ ဖြစ်နိုင်မည်မဟုတ်ပါ။

"မဖြစ်နိုင်ဘူးထင်တယ်၊ ကျွန်တော့်မှာ ဆေးရုံနဲ့ပတ်သက်တဲ့ အသိအကျွမ်း တစ်ယောက်မှ မရှိပါဘူး"ဟု ထောင်ဆရာဝန်ကို ကျွန်တော် ပြန်ပြောသည်။

"အရေးမကြီးပါဘူးလေ၊ အချိန်တွေအများကြီး ကျန်သေးတာပဲ၊ သူ့အဆုတ်မှာ အနာတွေ ထပ်မဖြစ်စေချင်ရင်တော့ ဒီထောင်က လွတ်သွားတဲ့ နောက်ပိုင်း အပြင်ဆေးရုံတစ်ခုခုမှာ ဆက်တင်ထားပြီး ရှင်းရှင်း လင်းလင်း ပျောက်သွားအောင်တော့ ကုပေးဖို့လိုလိမ့်မယ်၊ ကြိုးစားကြည့်ပါဦး၊ဒီကထွက်သွားပြီး ခဏတော့ အနားယူနေနိုင်ပါသေးတယ်၊ ဆေးရုံ ချက်ချင်း တက်ခွင့်မရဘူးဆိုရင်လည်း အန္တရာယ်တော့ မရှိသေးပါဘူး၊ ကျွန်မတော့ ဒါလောက်ပဲ ပြောနိုင်ပါတယ်၊ ကျွန်မအမြင်တော့ အင်မတန် စိတ်ကောင်းရှိတဲ့ ကလေးမကလေးပါ၊ လိမ်လည်း လိမ္မာပါတယ်၊ တစ်ခုခုတော့ ရှင် လုပ်ပေးနိုင်လိမ့်မယ်ထင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ ဒီမှာ ကြိုးစားပြီး ကုပေးထားတာတွေ သဲထဲရေသွန် ဖြစ်မကုန်စေ ချင်ဘူးလေ"
ထိုမျှပြောပြီး တစ်ဖက်သို့ ခပ်သုတ်သုတ် သူ လှည့်ထွက်သွားသည်။ ဆေးရုံအဝင်ဝရောက်တော့မှ နောက်ပြန်လှည့်ပြီး အပြုံးကလေးစွက်ကာ လှမ်းပြောသည်။

"ကြုံတုန်းပြောလိုက်ရဦးမယ်၊ သူနဲ့ ဆက်ဆံနေရတဲ့သူတွေပါ တီဘီပိုးရှိ မရှိ စစ်ကြည့်ရင်ကောင်းတယ်၊ အဲ... ဟိုတရုတ်ဆေးက ပိုးတကယ် သတ်နိုင်ချင်မှ သတ်နိုင်မှာ မဟုတ်လား"

သူ့လက်ထဲက ပုလင်းကို လှုပ်နေသည်။ အထဲကြာ ဂါဂါအရည်များသည် အက်ဆစ်လေး၊ ဆီလား၊ ယခုထိ ကျွန်တော် သေသေချာချာ မသိသေးပါ။

"ကောင်းပါပြီ၊ ကျွန်တော် စစ်ကြည့်လိုက်ပါ့မယ်"

နောက် ရက်အနည်းငယ်ကြာတော့ ဖမ်ချိုင်းမှ ဆေးခန်းတစ်ခုမှာ အခမဲ့ ဓာတ်မှန်အရိုက်ခံဖို့ တရုတ်တွေကြားထဲမှာ ကျွန်တော်လည်း တန်းဂင်စီနေလိုက်သည်။ အင်္ဂလိပ် ဆရာဝန်က မော့ကြည့်ပြီး ကျွန်တော့်ကိုမြင်တော့ အံ့အားသင့်သွားသည်။

"ဟယ်လို... ခင်ဗျားက အဲဒီအထဲမှာ ဘာဂင်လုပ်နေတာလဲ"ဟု မေးသည်။

ကျွန်တော်က ဖမ်ချိုင်းမှာနေကြောင်း ပြောပြလိုက်သည်။ ထိုအခါကျမှ ကျွန်တော်သည် အခွင့်အရေး ပိုမယူဘဲ အများနည်းတူ တန်းဂင်စီသည်မှာ သဘောထားကြီးသူဖြစ်ကြောင်း သူက ခပ်တည်တည် အမူအရာဖြင့် မှတ်ချက်ချသည်။ နောက်အပတ်တွင် အဖြေသိရန် ကျွန်တော် ပြန်သွားသည်။

"အား... အလွန်ကံကောင်းတဲ့လူပဲ၊ ခင်ဗျားအဆုတ်မှာ အစက်အပြောက်ကလေး တစ်ခုတောင် မတွေ့ဘူး၊ ခင်ဗျား အောင်သွားပါပြီဗျာ"ဟု သူက ဆီးပြောသည်။

(၂)

ဟောင်ကောင်မှာ ဆေးရုံတွ ဒါလောက်ပေါ်များကြောင်း ကျွန်တော် အစက မသိခဲ့ပါ။ ယခု စူဇီအတွက် ခုတင်နေရာကလေး တစ်နေရာရဖို့ လိုက်လံစုံစမ်းသောအခါကျမှ ဆေးရုံတွေ အလွန်တရာ ပေါ်များကြောင်း သိရပါတော့သည်။

အကြီးဆုံးသော အဆုတ်ရောဂါကုဆေးရုံသည် ရှတွန်ကျီဆေးရုံဖြစ်သည်။ သူတို့ဆီမှာလည်း မျှော်လင့်ချက် မရှိပါ။ လပေါင်းများစွာ စောင့်ရမည့် အနေအထားရှိသည်။ ထိုမျှမကသေး၊ စူဇီ၏ အခြေ အနေထက် ပိုဆိုးသော လူနာများကိုသာ သူတို့ လက်ခံပါသည်။

အခြားဆေးရုံများကလည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ ဟောင်ကောင် လူဦးရေမှာ ရုတ်ခြည်းဆိုသလို မတန်တဆ များပြားလာသောကြောင့် ဖျားသူနာသူတွေ များနေသည်။ လူဦးရေကျပ်လွန်းသဖြင့် ကူးစက်ရောဂါတွေကလည်း ဖြစ်ပွားနေသည်။

ဟောင်ကောင်အစိုးရက အကောင်းဆုံးဖြစ်အောင်တော့ အစွမ်းကုန် ကြိုးစားနေသည်။ ဆေးရုံအသစ်တွေ တိုးချဲ့ဆောက်လုပ်နေသည်။ ဆေးပေးခန်းတွေ တိုးချဲ့ဖွင့်လှစ်နေသည်။ ထိုသို့ ဆောက်လုပ်နေသည့် အချိန်တွင် ရောဂါတွေက ဆေးရုံပြီး အောင် စောင့်မနေ။

လူဦးရေနှင့် အဆောက်အအုံများ မမျှမတဖြစ်နေရာ အခန်းကျဉ်းကျဉ်းကလေးတွေထဲမှာ လူတွေအများကြီး ဖြစ်သလို စုပြုံနေကြရသည်။ ထို့ကြောင့် တစ်ယောက် အသက်ရှူထုတ် လိုက်သည့် လေကို အခြားတစ်ယောက်က ပြန်ရှူနေကြရသောကြောင့် ရောဂါပိုးတွေ ကူးစက်ချင်တိုင်း ကူးစက် နေသည်။

နောက်ဆုံးတော့ ကေး၏ အကူအညီကိုသာ မျက်စိမှိတ်ပြီး တောင်းရလေတော့သည်။

စိန့်မာဂရက်ဆေးရုံသို့ ကျွန်တော့်နည်း ကျွန်တော့်ဟန်နှင့် ချဉ်းကပ်ကြိုးစား ကြည့် ပါသေးသည်။ သို့သော်လည်း အခြားဆေးရုံများ၏ အဖြေနှင့် ဘာမှမခြားပါ။ သို့ဖြင့် ကေး၏ အကူအညီကို တောင်းရခြင်း ဖြစ်ပါသည်။

ကေးထံသို့ စာတိုကလေးတစ်စောင် ပို့ခိုင်းလိုက်သည်။ ကျွန်တော် ဘာ့ကြောင့် လာရကြောင်း၊ ယခုလို လာပြီး အကူအညီ တောင်းရသည့်အတွက် ဘယ်လောက် အရှက်ရကြောင်း၊ ကျွန်တော့်ကို ကေး ဆင်းမတွေ့ ဆိုလျှင်လည်း ကျွန်တော် သဘောပေါက် နားလည်ပါကြောင်း၊ မည်သို့ဆိုစေ ကေး ဆင်းလာပြီး ကျွန်တော့်ကို တွေ့ကာ ခွင့်လွှတ်လိမ့်မည် ဆိုသည်ကိုလည်း သိထားကြောင်း အတိုချုပ် ရေးပေး လိုက်သည်။

ဆယ်မိနစ်လောက်ကြာတော့ ကေး ဆင်းလာသည်။ ခန်းမကို ဖြတ်ပြီး လျှောက်လာရင်း ခပ်စိမ်းစိမ်း အပြုံးမျိုးကိုလည်း ပြုံးထားပါသည်။ ထို့နောက် လေသံခပ်မာမာဖြင့် ပြောသည်။
"ရောဘတ်၊ ရှင်ဟာ မျက်နှာတော့ တော်တော်ပြောင်တဲ့လူပဲ၊ ရှင့်အစား ကျွန်မ ရှက်တယ်၊ ဒီကနေ့ ဆေးရုံတွေရဲ့ အခြေအနေကို ရှင် မသိဘူးလား၊ ခုတင်တိုင်း ခုတင်တိုင်းမှာ တန်းစီစောင့်နေကြတဲ့လူတွေ ငါးမိုင်လောက် ရှည်တယ်၊ အမှန်တော့ ရှင့်ကို ကျွန်မ ကူညီနိုင်မှာ မဟုတ်ဘူး၊ ကူညီနိုင်တယ်ပဲထားဦး၊ ဒါဟာ တစ်ယောက်ယောက်ရဲ့ အခွင့်အရေးကို ဆုံးရှုံးသွားအောင် လုပ်လိုက်တာနဲ့ အတူတူပဲ။ ဒါပေမဲ့ ဒါကိုလည်း ရှင် ဂရုမစိုက်ဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ဂရုမစိုက်ပါဘူး"ဟု ကျွန်တော်က ပြန်ပြောသည်။
"ရှင့်အမျိုးသမီး ဆေးရုံတက်ခွင့်ရမယ်ဆိုရင် တခြားလူတွေ ဘာဖြစ်ဖြစ်ဆိုတဲ့ သဘောလား၊ ယုတ်စွအဆုံး ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ သဘောလား"
"ဟုတ်တယ်ပဲဆိုပါတော့၊ ဒါပေမဲ့ အဲဒီစိတ်မျိုးထားနိုင်အောင် အတော်ကြိုးစားရပါတယ်"
ကေးသည် အနည်းငယ် နောက်တွန့်သွားသည်။ ပြီးတော့မှ အနည်းငယ် ပိုမို လှိုက်လှဲသည့်အပြုံးကို ပြုံးသည်။

"အင်း... ရှင် ရိုးရိုးသားသား ဖြေတာကိုတော့ ကျွန်မ သဘောကျပါတယ်၊ ဒါပေမဲ့ ကျွန်မ မတတ်နိုင်ဘူး"
"ကေး... လူတစ်ယောက်ဟာ လူတိုင်းအတွက် တိုက်ပွဲမပေးနိုင်ပါဘူး၊ ဒါကြောင့် ကိုယ်ဟာလည်း စူဇီတစ်ယောက်တည်းအတွက်ပဲ တိုက်ပွဲဝင်ရမှာပါ၊ ဒီသဘောထား မှားတယ်ဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမဲ့ သူ့အခြေအနေ ပိုဆိုးသွားနိုင်တယ်၊ သေတောင် သသွားနိုင်တယ်၊ သူ အသေမခံနိုင်ဘူး၊ စူဇီဟာ ကိုယ်မသိတဲ့လူတွေထက် ပိုပြီး ကိုယ့်အဖို့ အရေးကြီးတယ်၊ သူ ကင်းကင်း ရှင်းရှင်း ရောဂါ ပျောက်သွားတာ ကိုပဲ ကိုယ်လိုချင်တယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ကို ကိုယ် လက်ထပ်တော့မလို့" ဟု ကျွန်တော်က ပြန်ပြောသည်။

ကေး၏ အမူအရာမှာ အံ့သြမှုကြောင့် ကြက်သေသေသွားသည်။
"မဖြစ်နိုင်ပါဘူး"

"အခုအထိတော့ သူက လက်မခံသေးဘူးပေါ့လေ၊ ဒါပေမဲ့ ထောင်က ထွက်လာရင် လက်ခံလိမ့်မယ်လို့ ကိုယ်ထင်တယ်"

"ရှင် ရူးနေပြီထင်တယ်"

"ဟုတ်ပါတယ်၊ ရူးနေတာလည်း ဖြစ်နိုင်ပါတယ်"

"ဟုတ်တယ်၊ ရူးနေတာပဲ၊ အေးလေ... ရှင်ကံကောင်းပါစေလို့ ဆုတောင်းလိုက်ပါတယ်"

ကျွန်တော့်ဆီသို့ သူ လက်ကမ်းပေးလိုက်သည်။ ကျွန်တော့်ကို ပြန်တော့ဟုဆိုသည့် သဘော ဖြစ်ကြောင်း သိလိုက်ပါသည်။ သို့သော်လည်း အပေါက်ဝအထိ လမ်းလျှောက်လိုက်လာသည်။ ထိုသို့ လျှောက်လာရင်း သူ့မှာ အနည်းငယ် စိတ်ကောင်းကလေး ပြန်ဝင်လာကြောင်း သတိပြုမိသည်။ ဆင်းကာနီး လှေကားထိပ်မှာ သူ ခပ်ကြောင်ကြောင် ရပ်နေသည်။ ပြီးတော့မှ ဆက်မေးသည်။

"ရှင် တကယ်ပြောနေတာလား၊ တကယ်အလေးအနက် ပြောနေတာလား ရောဘတ်"

"စူဇီနဲ့ လက်ထပ်မယ်ဆိုတာလား၊ ဟုတ်ပါတယ်"

"ဒီကိစ္စဟာ ကျွန်မနဲ့ ဘာမှမဆိုင်ဘူးဆိုတာကို သိပါတယ်၊ ဒါပေမဲ့ သူ့ကို ဘဝကြင်ဖော်အဖြစ် ရှင်မရွေးရင်ကောင်းမယ်၊ ရှင့်ဘဝ ကျဆုံးသွားလိမ့်မယ်"

"သူနဲ့ ကိုယ် လက်ထပ်ချင်တယ်"

"သနားစိတ်ကို အခြေခံပြီး ဒီစိတ်ထားပေါ်လာတာပဲ၊ သူ ကျင်လည်ခဲ့ရတဲ့ဘဝကို ရှင် သနားနေတယ်"

"မဟုတ်ပါဘူး၊ အဲဒါတွေကို ကိုယ်တစ်ခုမှ မစဉ်းစားပါဘူး၊ သနားစိတ်ကို အခြေခံတာ မဟုတ်ပါဘူး ကေး" ဟု ကျွန်တော်က ပြန်ပြောသည်။

"သူဟာ ရှင်ဖျက်ဆီးတာကို ခံလိုက်ရတဲ့ သာမန်အရောင်းစျေးသည်မကလေးဆိုရင် သူ့ကို ရှင် လက်ထပ်မှာမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ လက်မထပ်ပါဘူး၊ သူဟာ အရောင်းစျေးသည်မကလေးဆိုရင် စူဇီ မဖြစ်နိုင်ဘူး၊ ကိုယ်လက်ထပ် ချင်တာက စူဇီ၊ သူ ဘာတွေ ဖြစ်ခဲ့ဆယ်ဆိုတာနဲ့ မဆိုင်ဘူး"

"ဒီလိုဆိုရင် ဘာဖြစ်လို့ သူနဲ့ ရှင် လက်ထပ်ချင်ရတာလဲ"

"ကေး... ကိုယ်နဲ့ အတူတူ ညစာလိုက်မစားနိုင်ဘူးလား" ဟု ကျွန်တော်က မေးသည်။

"အင်း... စားတာပေါ့လေ"

ထိုနေ့ညက ကျွန်တော်တို့ တရုတ်ထမင်းဟင်း သွားစားကြသည်။ စူဇီကို ကျွန်တော် ဘာကြောင့် လက်ထပ်ယူလိုကြောင်း ကြိုးစားပြီး ရှင်းပြသည်။ ကေးက သဘောပေါက် နားလည်ပုံမရပါ။ ယုံကြည်ပုံလည်း မရပါ။ ခေါင်းကိုသာ တွင်တွင်ယမ်းပါသည်။

"အင်း... ကျွန်မ ဘက်လိုက်နေမိတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ရှင်ဟာ ဘာမှအဓိပ္ပာယ် မရှိတာတွေ လုပ်နေတာကတော့ သေချာတယ်"

သူ့စကား ကြားရသည့်အတွက် အံ့သြခြင်း မဖြစ်မိပါ။ ကျွန်တော် ကိုယ်တိုင်ကလည်း နစ်နစ်ကာကာ မယုံကြည်သောကြောင့် ဖြစ်သည်။ သူ့ကို ကျွန်တော် ပြောပြနေသည့် အကြောင်းပြချက် အားလုံးသည်

လေးနက်မှုမရှိ။ အရေးကြီးသော၊ လေးနက်သော အကြောင်းပြချက်များကိုလည်း ကျွန်တော် ပြနိုင်စွမ်း မရှိကြောင်း စိတ်ထဲမှာ ခံစားနေရသည်။ ထိုအကြောင်းပြချက်မျိုးသည် ဘာတွေဖြစ်မည်ဟုလည်း ကျွန်တော်မသိ။

ညစာစားပြီးသောအခါ သူ့ကို ဖိတ်ထားသည့် ဧည့်ခံပွဲကလေးတစ်ခုသို့ ကျွန်တော့်ကိုပါ ခေါ်သွားသည်။ တောင်ပေါ်ရှိ အိမ်ခန်းတစ်ခန်းမှာ ဖြစ်သည်။ ဧည့်ခံပွဲ ပြုလုပ်ကြသူများမှာ အင်္ဂလန်မှ ဟောင်ကောင်သို့ ရောက်လာစ လူငယ်များဖြစ်သည်။ အားလုံး ပျော်ရွှင်တက်ကြွနေကြသည်။ ဟောင်ကောင်နှင့်လည်း အကျွမ်းတဝင် မရှိကြသေး။

ဓာတ်စက်တစ်လုံးကို အသံကျယ်ကျယ်ဖွင့်ထားရာ တစ်ခန်းလုံး သီချင်းသံဖြင့် ဆူညံနေသည်။ ကျွန်တော်တို့ ကကြသည်။ ပြီးတော့ စကားထိုင်ပြောကြသည်။ ပြောသည့် အကြောင်းအရာများကလည်း ပညာတတ်မျိုး ဖြစ်ကြသည့်အတိုင်း တေးဂီတအကြောင်း၊ စာအုပ်များအကြောင်း၊ ရုပ်ရှင်များ အကြောင်း ဖြစ်သည်။ ကျွန်တော် ဉာဏ်မမီသည့် အကြောင်းအရာတွေ ဖြစ်နေသည်။

မုတ်ဆိတ်မွေးဗရပျစ်နှင့် လူငယ်တစ်ယောက်က ကျွန်တော့်အနား ကပ်လာသည်။ ဟောင်ကောင် တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခဖြစ်သည်။ လန်ဒန်မှာ ခင်းကျင်းပြသခဲ့သည်။ ကျွန်တော်၏ မလေးပန်းချီ ကားများကို သူ ကြည့်ခဲ့ဖူးကြောင်း၊ ကျွန်တော့်နာမည်ကိုလည်း သူ ကောင်းစွာ မှတ်မိနေ ကြောင်း ပြောပြသည်။

ကျွန်တော့် ပန်းချီကားများသည် တစ်စုံတစ်ရာကို ဖော်ပြနေသည်ဟု သူကပြော သည်။ ကျွန်တော် အတော် စိတ်ကြီးဝင်သွားမိပါသည်။ ကျွန်တော့်ကား အတော်များများကို သူ အသေးစိတ်မှတ်မိနေသည်။ အကောင်းနှင့်အဆိုးများကို အတော် တိတိကျကျ ပြန်ပြောပြနိုင်သည်။

ဆက်လက်ပြီး ပန်းချီသဘော၊ ဝေဖန်မှုသဘော၊ ခံစားမှုသဘောနှင့် ခေတ်ပေါ်ပန်းချီဆရာပေါင်း အတော်များများ အကြောင်းကို သူ ဆက်ဆွေးနွေးသည်။ သူ ဆွေးနွေးသည့် အကြောင်းအရာများကို ကျွန်တော် ကောင်းကောင်း နားမလည်ပါ။ ပန်းချီဆရာ အတော်များများ၏ အမည်များကိုလည်း မကြားဘူးပါ။

ကျွန်တော် ပန်းချီဆွဲပုံဆွဲနည်းနှင့် ရည်ရွယ်ချက်ကို သူကမေးသည်။ ကျွန်တော် ပတ်ပတ်နပ်နပ် မဖြေနိုင်ပါ။ မိမိ ဖော်ပြလိုချင်သည့် အကြောင်းအရာပေါ်အောင် ကြိုးစားပြီး ရေးဆွဲပါသည်ဟု သာမန်လောက်သာ ဖြေနိုင်သည်။ ကျွန်တော်၏ ဗဟုသုတ ခေါင်းပါးမှုနှင့် အသိပညာနုံနဲ့မှုကြောင့် များစွာ ရှက်မိပါသည်။ နောက်ပိုင်းတွင် ပါးစပ်ဟဖို့ပင် မရဲတော့ လောက်အောင် ဖြစ်လာမိသည်။

ကိုယ့်ပန်းချီကားများကို အချီးမွမ်းခံရသည့် စောစောက စိတ်ကြီးဝင်နေမှုများလည်း ကြွက်ပျောက် ငှက်ပျောက် ပျောက်ကုန်တော့သည်။ တစ်ဆက်တည်း ငြီးငွေ့မှုကို ခံစားလာ ရသည်။ သည်အခန်း ကလေးသည် ကျန်းမာရေးနှင့် ညီညွတ်သည်။ ခေတ်မီသည်။ ဓာတ်စက်သံတွေ လွှမ်းနေသည်။ မာတီနီ အရက်တွေ ဖောခြင်းသောခြင်း ရှိနေသည်။ ရင့်ကျက်သော ပညာရပ်များအကြောင်း ဆွေးနွေး နေကြသည်။ သည်အခန်းကလေးထဲမှာ ကျွန်တော် ပိတ်လှောင် မွမ်းကျပ်နေပြီဟု စိတ်ထဲမှာ ခံစား လာရသည်။

ထိုအချိန်မှာပင် တရုတ်အမျိုးသား အိမ်ဖော်တစ်ယောက်က ကျွန်တော်၏ ဖန်ခွက်ထဲသို့ မာတီနီ လာဖြည့်ပေးသည်။ လူငယ်တစ်ယောက်ကား မဟုတ်ပါ။ အသက်အတော်ကြီးပါပြီ။ သူ အရက်ဖြည့် ပေးနေသည်ကို ကြည့်နေရင်း သူ့မျက်လုံးများကို သတိပြုမိသည်။ သူ့မျက်လုံးများသည် သည်အခန်း ထဲမှာရှိမနေ။ သည်အခန်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ သီးခြားလိုဖြစ်နေသည်။ သူ့ကိုယ်ပိုင် ဘဝထဲမှာသာ ကျင်လည်သလို ရှိနေသည်။

ထိုမျက်လုံးများကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်တည်း သည်အခန်းကလေးထဲမှာ ပိတ်လှောင်ခံ နေရသည်ဟု ခံစားနေရသောစိတ်က ပြယ်လွင့်သွားသည်။ ရုတ်တရက် ပြူတင်းပေါက်တွေကို ဖွင့်လိုက်ပြီး ပြင်ပမှ ဝင်လာသော လေကောင်းလေသန့်ကို ရှူရှိုက်လိုက်ရသလို ရှိသည်။ အပြင်လောကကြီးကို တွေ့လိုက်ရပြီး ကျွန်တော့်ဘဝ လုံခြုံမှု ပေးသည့် လောကကြီးပါကလားဟုလည်း အတွေးပေါက် လိုက်သည်။

"ဘာမှပူမနေနဲ့၊ ဒီအခန်းကလေးထဲမှာ မင်း ပိတ်လှောင်ခံနေရတာ မဟုတ်ဘူး၊ ဒီအခန်းကလေးဟာ ဘဝမှာ ဘာမှအရေးမကြီးတဲ့ ထောင့်ကလေးတစ်ခုသာ ဖြစ်တယ်၊ တကယ်အရေးကြီးတဲ့ စကြဝဠာ ကြီးတစ်ခုလုံးက မင်းကို အပြင်မှာ စောင့်နေတယ်၊ အရေးကြီးတဲ့ စကြဝဠာကြီးကို မင်း ရှာဖွေတွေ့ ရှိလိမ့်မယ်" ဟု ပြောနေသလိုလည်း ခံစား လာရသည်။
ကျွန်တော် ရှာဖွေနေသည့် အဖြေကိုရတော့မည်ဟု ကျွန်တော် သဘောပေါက်လိုက်ပါသည်။

ကေးနှင့် ကျွန်တော် လက်ထပ်မည်ဆိုလျှင် သို့တည်းမဟုတ် "ဟုတ်တယ်၊ အဲဒီ ရုပ်ရှင်ရုံကိုတော့ ကျွန်မ မရောက်ဖူးသေးဘူး" ဟု ပြောနေသော ဂါဂန် ရောင်စုံဝတ် အင်္ဂလိပ်မကလေးနှင့် လက်ထပ်မည်ဆိုလျှင် ကျွန်တော့်ကိုယ် ကျွန်တော် ကျဉ်းမြောင်းသော သည်အခန်းကလေးထဲမှာ ပိတ်လှောင်ခြင်း ခံနေရသည်နှင့် ဘာမှခြားတော့မည် မဟုတ်ပါ။ အခန်းတံခါးနှင့် ပြူတင်းပေါက်များကို ကိုယ်တိုင် ပိတ်လိုက်ပြီး မင်းတုပ်ထိုးနေခြင်းနှင့် ခြားမည်မဟုတ်ပါ။

သို့သော် စူဇီနှင့် လက်ထပ်မည်ဆိုလျှင် (ကေးကတော့ ကိုယ့်ဟာကိုယ် သတ်သေခြင်းသာဟု ပြောလိမ့်မည်။) ပြူတင်းပေါက်ခုံပေါ်တက်ကာ မဟာစကြဝဠာကြီးထဲသို့ ခုန်ပျံထွက်လိုက်ခြင်းနှင့်သာ အတူတူ ဖြစ်ပေတော့မည်။

ပါတီပွဲကလေးကို ကြည့်ရသည်မှာ မိုးလင်းပေါက် နေကြမည့် ပုံစံမျိုး ဖြစ်နေသည်။
ကေးသည် သူ့ကို သဘောကျနစ်သက်နေသည့် လူငယ်တစ်ယောက်နှင့်အတူ ဆိုဖာပေါ်မှာ အမြိန့်သား ထိုင်နေသည်။ နာရီပေါင်းများစွာ ဆက်ထိုင်နေဦးမည်ဟု ခန့်မှန်း ရသည်။
ကျွန်တော် တစ်ယောက်တည်းပင် လမ်းလျှောက်ပြန်ခဲ့သည်။ ခေတ်မီသပ်ရပ်သည့် အခန်းကလေးကို ကျောခိုင်းပြီး ပြူတင်းပေါက်မှတစ်ဆင့် မဟာစကြဝဠာကြီးထဲသို့ ခုန်ထွက် လိုက်သလို ဖြစ်သည်။

ထိုအချိန်မှာပင် စူဇီ၏ ရုပ်ပုံတစ်ခုသည် ကျွန်တော့်ခေါင်းထဲသို့ ရုတ်တရက် ရောက် လာသည်။ ထိုနေ့က အပြင်မှ ကျွန်တော် လမ်းလျှောက်ပြန်ခဲ့သည်။ စူဇီသည် အပေါ်ထပ်မှ ဆင်းလာပြီး သဘော်သားနှင့်

လူချင်းခွဲကာစ ကျွန်တော်နှင့် သွားဆုံခြင်း ဖြစ်သည်။ သဘော်သား၏ မျက်နှာကိုတော့ ခပ်ဝါးဝါးသာ မှတ်မိတော့သည်။ လက်တစ်ဖက်က သူ့ဦးထုပ်ကို မ တော့မလိုရှိသည်။

စုဇီက သူ့ကို ကျောခိုင်းစဖြစ်သည်။ မျက်နှာ အတန်ငယ် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ပင်ပန်းနွမ်းနယ်နေပုံလည်း ရသည်။ သဘော်သား ရှိနေသည်ကို သူ မေ့သွား ပုံရသည်။ ထိုအချိန်မှာပင် ကျွန်တော့်ကို မြင်သွားသည်။ သူ့အမူအရာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

ကျွန်တော့်အပေါ် သူ စိတ်တိမ်းညွတ်နေချိန် ဖြစ်သည်။ ကျွန်တော်နှင့် အတူ နေလိုသည့် စိတ်များ အတောမသတ် ပေါ်နေသည်။ သူ့အလုပ်နှင့် ပတ်သက်ပြီး ကျွန်တော် မည်သို့ ခံစားနေရသည်ကိုလည်း သူ သိနေသည်။ ထို့ကြောင့် တစ်စက္ကန့် နှစ်စက္ကန့်လောက်များ နောက်ကျပြီး ကျွန်တော် ရောက်လာလျှင် ဘယ်လောက်ကောင်း လိုက်မည်နည်းဟု စိတ်ကူးပေါ်သွားပုံလည်းရသည်။

ချက်ချင်းဆိုသလိုပင် ရှက်ကိုးရှက်ကန်း အမူအရာ ပျောက်သွားသည်။ ရှက်နေစရာ အကြောင်း မရှိ။ အဖြစ်မှန်ကို ရင်ဆိုင်ရမည်ဆိုသော သဘောဖြစ်သည်။ ထိုမှတစ်ဆင့် ရှက်ကိုးရှက်ကန်း အမူအရာ ခံစားချက်အသစ်တစ်မျိုး သူ့မျက်နှာပေါ်မှာ ပေါ်လာသည်ကို မြင်ရသည်။ ထိုအမူအရာက -

"ကျွန်မနောက်မှာ တစ်ကမ္ဘာလုံးရှိနေတယ်၊ ရင့်ကျက်တဲ့ အတွေ့အကြုံတွေ အားလုံးရှိနေတယ်၊ ဒါတွေကို ကျွန်မနဲ့ပဲဆိုင်တယ်၊ ကျွန်မဟာ တခြားအမျိုးသမီး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒီလိုဖြစ်ရ တဲ့အတွက် ရှင့်ကို လက်လွှတ်ဆုံးရှုံးရမယ်ဆိုလည်း ဆုံးရှုံးရပါစေတော့" ဟူသော စကားလုံး များကိုလည်း ပြောဆိုနေသယောင် ထင်မှတ်ရသည်။

ပြီးတော့ သူ့မျက်လုံးများထဲမှာ နာကြည်းမှု၊ ဂမ်းနည်းကြေကွဲမှုများကို တွေ့ရသည်။ ထိုမျှမကသေးပါ။ မာန်တက်သည့်၊ ဂုဏ်ယူဟင့်ကြွားသည့် အမူအရာကိုပါ မြင်တွေ့ရပြန်ပါသည်။

ထိုအာရုံစိတ်ကလေး ပေါ်လာသည့်အတွက် ကျွန်တော် အလွန် ပျော်သွားပါသည်။ အလွန် တက်ကြွသွားပါသည်။ ထိုမြင်ကွင်းကလေးကို အာရုံဖမ်းပြီး ပန်းချီကားတစ်ကား တော့ ရေးဆွဲရ ပေတော့မည်။

ပန်းချီကားအသစ်တစ်ခု ရေးဆွဲရမည်ဟု စိတ်ကူးပေါက်လိုက်သည်နှင့် တစ်ပြိုင်တည်း ပတ်ဂန်းကျင်ကိုလည်း ကမန်းကတန်း လှည့်ကြည့်မိသည်။ လမ်းမအလယ်မှာ ကျွန်တော် ရောက်နေသည်။ ပန်းချီ အာရုံရနေခိုက် လမ်းမအလယ်မှာ ရှိခြင်းအားဖြင့် မော်တော်ကားအတိုက်ခံရပြီး သေသွားဖွယ် ရာရှိသည်။ သည်လိုဆိုလျှင် စိတ်ကူးအာရုံမှ ပန်းချီကားကလေးသည် အကောင်အထည် အဖြစ် မွေးဖွား လာနိုင်မည် မဟုတ်တော့။

ပလက်ဖောင်းပေါ်သို့ တက်လိုက်သည်။ တက်သုတ်နှင်မှ ဖြစ်တော့မည်။ ညဘက်တွင် ကျွန်တော် ပန်းချီရေး ဆွဲလေ့ မရှိပါ။ လျှပ်စစ်မီးရောင်သည် သဘာဂအလင်းရောင် မဟုတ်သောကြောင့် ပန်းချီကား၏ အရောင်တန်ဖိုးများ လွဲမှားသွား နိုင်သည်။

သို့သော်လည်း ယခုတော့ မတတ်နိုင်ပြီ။ အာရုံကလေး ပျောက်မသွားခင် မဖြစ်မနေ ရေးဆွဲပေတော့မည်။

အခန်းသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်တည်း တစ်စက္ကန့်ပင် မဆိုင်းတော့ဘဲ စတင်ရေးဆွဲတော့သည်။

ညလုံးပေါက် မနားတမ်း ကျွန်တော် ရေးဆွဲပါသည်။ အာရုံအမြင်က ထက်သန်လွန်းမက ထက်သန်နေသောကြောင့် စုဇီကို ကိုယ်ဟန်ပြခိုင်းပြီး ရေးဆွဲရသည်ထက် ပိုမိုကောင်းမွန်အောင် ရေးဆွဲနိုင်နေသည်။ အိပ်ချင်စိတ်လည်း လုံးဝမရှိပါ။ နံနက်အရုဏ်တက်တော့ ကျွန်တော် အသုံးပြု ထားသည့် ဆေးရောင်များကို ကြည့်ပြီး ပီတိဖြစ်မိသည်။ ကျွန်တော် ရည်စူးထားသော ဆေးရောင်များ မဟုတ်ပါ။ သို့သော် တစ်နည်းတစ်ဖုံအားဖြင့် ပိုမိုထိရောက်ကာ ဆွဲဆောင်မှု ရှိနေသည်ကို အံ့ဩဖွယ်ကောင်း လောက်အောင် တွေ့ရပါတော့သည်။

မနက်ဆယ်နာရီထိုးတော့ အောင်မြင်စွာ ရေးဆွဲပြီးစီးသွားပါတော့သည်။ ကျွန်တော့် စိတ်အာရုံထဲမှာ ပေါ်လာသည့်အတိုင်း အတိအကျ ရေးဆွဲလိုက်ခြင်း ဖြစ်ပါသည်။
နောက်ဘက်မှာ သင်္ဘောသားရှိသည်။ လက်တစ်ဖက်ဖြင့် သူ့ခေါင်းပေါ်မှ ဦးထုပ်ကို မနေသည်။ စုဇီက သူ့ကို ကျောခိုင်းစဖြစ်သည်။ သူ့မျက်လုံးထဲမှာ နာကြည်းမှု၊ ဂမ်းနည်းကြေကွဲမှု၊ မာန်မာနတက်မှုများကို တစ်ပြိုင်တည်း မြင်တွေ့နေရသည်။

စတုတ္ထအကြိမ်မြောက် အတောင်း ရေနွေးကြမ်းလာပို့တော့ ပန်းချီကားရှေ့မှာ သူ အကြာကြီး ရပ်နေသည်။ မျက်တောင်မခတ် စိုက်ကြည့်နေသည်။ သူ လှုပ်ရှားနိုင်စွမ်း မရှိတော့ဟုပင် ထင်မိပါသည်။ ထိုအချိန်မှာပင် တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသည်။ ဆက်သူမှာ ကေး ဖြစ်သည်။

"ရှင့်အတွက် ကျွန်မ အစွမ်းကုန် ကြိုးစားလုပ်ပေးပါတယ်၊ ဘာကြောင့် ဒီလို လုပ်ပေးမိတယ်ဆိုတာ ကျွန်မကိုယ်တောင် ကျွန်မ နားမလည်နိုင်ဘူး၊ ဆေးရုံမော်ကွန်းထိန်းကို တစ်နာရီလောက်ကြာအောင် အတော်ချော့ယူရတယ်၊ ရက်သတ္တခြောက်ပတ်အတွင်း ခုတင်တစ်လုံးရအောင် သူ လုပ်ပေးပွဲမယ်လို့ ကတိ ပေးတယ်" ဟု ကေးက ပြောသည်။
"ကေး... ကျေးဇူးတင်လိုက်တာ ကေးရယ်"

"တခြားတစ်ယောက်ယောက်က အကြီးအကျယ် ဒုက္ခမရောက်အောင်လည်း သတိထားရသေးတယ်၊ အခုဟာကတော့ အစောနိုင်သမျှ အစောဆုံးဖြစ်အောင် သူလုပ်ပေးတာပဲ၊ အဲဒီလောက်အထိ ရှင့်အမျိုးသမီး ကို စောင့်နိုင်ပါ့မလား"

"စောင့်နိုင်ပါတယ် ကေး၊ ထောင်ဆရာဝန်က ပြောတယ်၊ အချိန်နည်းနည်းလောက် အနားယူလိုက်ရင် သူ့အတွက် ပိုတောင်ကောင်းနိုင်သေးတယ်လို့ ပြောတယ်၊ သူ့ကို မကာအို ခေါ်သွားမလားလို့ ကိုယ် စဉ်းစားနေတယ်"ဟု ကျွန်တော်က ပြန်ပြောသည်။

"ကျွန်မလည်း မကာအိုကို သိပ်သွားချင်တာပဲ"
"လိုက်ချင်ရင် ကိုယ်တို့နဲ့အတူတူ လိုက်ခဲ့ပါလား ကေး"
"ရှင့်အဖို့ ရယ်စရာကြီး ဖြစ်နေမှာပါလေ"

ကျွန်တော် တယ်လီဖုန်း ချထားပြီးခဲ့သည့် အချိန်အထိ ပန်းချီကားကို အတောင်း ကြည့်နေဆဲဖြစ်သည်။
"ဒီပန်းချီ သိပ်ကောင်းတာပဲ ဆရာ၊ စူဇီဟာ အရမ်းစိတ်ထိခိုက်နေပုံပဲ၊ ကျွန်တော့်ကို သူ စိုက်ကြည့်နေတယ်ဆရာ၊ ကြည့်ပုံက တစ်မျိုးပဲ၊ အဲဒီနေရာမှာ ရပ်နေတုန်းကလည်း ကျွန်တော့်ကို သူ ကြည့်နေတယ်၊ ကျွန်တော် ဒီဘက် လျှောက်လာတော့လည်း လိုက် ကြည့်နေတယ်၊ သူ့မျက်လုံးတွေက ကျွန်တော့်ကို စကားပြောနေသလိုပဲ" ဟု အတောင်းက ပြောသည်။

"ဘာစကားတွေများ ပြောနေသလဲ အတောင်း"
"ကျွန်မ အသည်းနှလုံးထဲမှာ ပြဿနာတွေ အများကြီး ပြည့်ကျပ်နေတယ်တဲ့၊ ဒါပေမဲ့ ဘယ်လိုလုပ် ရှင်းပြရမှန်း ကျွန်မ မသိဘူးတဲ့၊ ဆရာ ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကလည်း အဲဒီအတိုင်းပဲလား ဆရာ"
"ဟုတ်ပါတယ် အတောင်း၊ ငါဆိုလိုချင်တာလည်း အဲဒီအတိုင်း အတိအကျပါပဲ" ဟု ကျွန်တော်က ပြန်ပြောသည်။

(၃)
လိုင်ချီကောက်ထောင်မှ စူဇီ လွတ်တော့မည့်ရက်သို့ တဖြည်းဖြည်း နီးကပ်လာသည်။ အတောင်းက အခန်းထဲသို့ ဝင်လာတိုင်း "ဆယ်ရက်ပဲ လိုတော့တယ်ဆရာ၊ ကိုးရက်ပဲ ကျန်တော့တယ်ဆရာ"ဟုလည်း ပြောတတ်သည်။

ဗေဒင်ဆရာကို သူ သွားမေးသည်။ စူဇီ ထောင်မှ လွတ်မည့်နေ့သည် တရုတ်ပြက္ခဒိန်တွင် ဆယ်လမြောက် လဆန်းဆယ့်လေးရက်နေ့ ဖြစ်သည်။ ထိုနေ့မှာ လွတ်မြောက်ခြင်းအားဖြင့် အိမ်ထောင် ပရိဘောဂ အသစ်အဆန်းရမည်။ အိမ်ခြေရာခြေ ပြောင်းရွှေ့နေထိုင်ရတတ်သည်ဟု ပြောသည်။

"ဒီနေ့မှာ ထောင်ကလွတ်ရတာ သိပ်ကံကောင်းတာပဲဆရာ"ဟုလည်း ပြောသည်။
"ထောင်ကလွတ်ရမယ်ဆိုရင် ဘယ်နေ့ပဲဖြစ်ဖြစ် ကောင်းတာချည်းပဲလို့ ငါ ထင်ပါတယ် အတောင်းရယ်"ဟု ကျွန်တော်က ပြန်ပြောသည်။

"မဟုတ်ပါဘူး ဆရာ၊ ဆယ်ရက် ဒါမှတဟုတ် ဆယ့်သုံးရက်နေ့မှာ ထောင်က လွတ်မယ်ဆိုရင် စိတ်မချမ်းသာစရာနဲ့ တွေ့မယ်၊ အခုတော့ သူ ပျော်မယ်၊ ဒီနေ့ဟာ ရက်ရာဇာပဲ ဆရာ"
စိတ်မရှည်နိုင်စွာ ထိုင်စောင့်နေရင်းပင် စူဇီ လွတ်မည့်နေ့သို့ ရောက်လာသည်။ ထောင်ဘူးဂါမှာ ကျွန်တော် သွားကြိုမည်။ ကျွန်တော့်ကို စောင့်နေပါဟုလည်း စူဇီကို ကြိုတင် ပြောထားသည်။
ပို၍သေချာအောင် နမ်ကောက်မှ ကျွန်တော် အစောကြီးထွက်ခဲ့သည်။ သို့သော် ကံကြမ္မာအလှည့်အပြောင်းက မကောင်းချင်တော့ မဖြစ်သင့်တာနှင့် သွားကြုံရသည်။

ကိုလုန်းဘက်ကမ်းသို့ ကျွန်တော် စီးနင်းလိုက်ပါလာသည့် ကူးဆို့သင်္ဘောသည် ဆွဲသင်္ဘောကြီးတစ်စီးနှင့် ဝင်တိုက်မိသည်။ ဆွဲသင်္ဘောကို မောင်းလာသည့် ဆလင်က မူးနေသည်။ ထို့ကြောင့် ကူးတို့သင်္ဘော ဥသြဆွဲသံကို သူ မကြား။ သင်္ဘောတစ်နှစ်စီးစလုံးမှာ အနည်းငယ်စီ ပျက်စီးသွားသည်။

စစ်ကြဆေးကြ ပြောကြဆိုကြဖြင့် ရေလယ်မှာ တစ်နာရီလောက် အချိန်ကြာသွား သည်။ ကျွန်တော် ငိုချင်စိတ် ပေါက်သွားပါသည်။ တစ်ဖက်မှ ခုန်ချပြီး လက်ပစ်ကူးရလျှင် ကောင်းမည်လားဟုပင် တွေးမိသည်။ သို့သော်လည်း ကျွန်တော့်မှာ ပစ္စည်းတွေ တစ်ထမ်းကြီး ပါလာသည်။ လိုင်ချီ ကောက်ထောင်မှ မကာအိုသို့ တောက်လျှောက် တန်းသွားနိုင်ရန် တစ်ပါတည်း ယူလာခဲ့ခြင်း ဖြစ်သည်။
ကိစ္စပြီးတော့မှ ကူးဆို့သင်္ဘော ဆက်ထွက်သည်။ ကိုလုန်းဘက်ကမ်း ရောက်တော့ ကုန်းဘောင်ထိုးသည်နှင့် တစ်ပြိုင်တည်း လူအုပ်ကြားထဲမှ တွန်းတိုး ထွက်လာခဲ့သည်။ ကျွန်တော့် လက်ထဲမှာ အဝတ်အစားသေတ္တာက နှစ်လုံး၊ ပန်းချီဆွဲရန် အသင့် ဘောင်ကြတ်ထားသည့် ပတ္တူစကား ချပ်ကြီးများနှင့် အတော်တော့ ကသီလင်တ နိုင်လှသည်။ ကားပေါ်သို့ ဒယီးဒယိုင် တက်လာခဲ့သည်။
အငှားကားတစ်စီး ခေါ်ပြီး လိုင်ချီကောက်သို့ မောင်းနိုင်းလိုက်သည်။ ထောင်ဘူးဂ ရောက်တော့ စူဇီ၏ အရိပ်အရောင်ကို မတွေ့ရတော့ပါ။ နာရီဝက်လောက် စောင့်နေပြီး မစောင့်နိုင်တော့သည့်အဆုံး သူ့ဟာသူ ထွက်သွားပြီဟု ထောင်အမထမ်းတွေက ဆီးပြောသည်။

ဘတ်စ်ကားမှတ်တိုင်မှာ သွားရှာကြည့်ပါဦးဟု တက္ကစီဒရိုင်ဘာက အကြံပေးသည်။ ဘတ်စ်ကား မှတ်တိုင်သို့ လာခဲ့ကြသည်။ တွေ့ပါပြီ။ အပြာရောင်ဘေးကွဲ တရုတ်ဂါဝန်ကလေး ဝတ်ပြီး တစ်ကိုယ်တည်း စိတ်ပျက်ငြီးငွေ့စွာ ရပ်နေသော စူဇီကို တွေ့ရပါပြီ။ အဖြူရောင် ပိုက်ဆံအိတ်ကို ကိုင်ထားသည်။ ထောင်ဒဏ်စီရင်ချမှတ်ခြင်း ခံရသည့်နေ့က တရားရုံးတွင် စီးခဲ့သော ဒေါက်မြင့်ဖိနပ် အဖြူ ကလေးနှင့် ဖြစ်သည်။

"စူဇီ ... မောင် အရမ်း စိတ်မကောင်းဖြစ်ရပါတယ်ကွယ်" ဟု ပြောရင်း လမ်းမှာ တွေ့ခဲ့ရသည့် ဒုက္ခကို ကျွန်တော်က ရှင်းပြသည်။
"အရေးမကြီးပါဘူးလေ"

စူဇီက ခပ်ဆတ်ဆတ် ပြန်ပြောသည်။ တယ်ပြီးတော့လည်း ဂရုစိုက်နေပုံမရ။ ထောင်မှ လွတ်သည့်ရက်ကို ရှည်လျားစွာ စောင့်ဆိုင်းခဲ့ရသည်။ တကယ်လွတ်သည့်နေ့သို့ ရောက်ပြန်တော့လည်း ထင်ထားသလို မဟုတ်ဘဲ အလွဲလွဲ အချော်ချော်တွေ ဖြစ်ကုန်သဖြင့် သူ စိတ်မကောင်းဖြစ်သွားကြောင်း သိသာပါသည်။

"စူဇီ ... မောင်တို့ မကာအိုကို သွားကြမလို့" ဟု ကျွန်တော်က ပြောပြသည်။
"မကာအိုကို ဘာလုပ်ဖို့လဲ"
"မင်းဆေးရုံတက်ဖို့ မောင် အစီအစဉ်လုပ်ထားတယ်၊ ဒါပေမဲ့ ဆေးရုံမတက်ခင် ခဏတော့ မင်း အနားယူလိုက်ရင် ကောင်းမယ်ထင်တယ်၊ မင်းရဲ့ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ ဝေးတဲ့နေရာမှာ နားလိုက်တာ ကောင်းတယ်"

"သဘောပဲလေ"
"စူဇီ... မင်းပြောပုံက စိတ်မပါသလိုဘဲ"
"အရေးမကြီးပါဘူး၊ မောင်သွားချင်တယ်ဆိုရင်လည်း လိုက်တာပေါ့"

သဘော်ဆိပ် ဖော်ယာရောက်တော့ မကာအိုသို့ ထွက်မည့် သင်္ဘော အဆင်သင့် ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။ သင်္ဘောထွက်ဖို့ အချိန် တစ်နာရီလောက် လိုသေးသည်။ လူမရှိသည့် စားသောက်ခန်းထဲမှ စားပွဲတစ်လုံးမှာ ဝင်ထိုင်ကြသည်။ စူဇီက ကိုကာကိုလာသောက်ပြီး ကျွန်တော်က ကော်ဖီ သောက်သည်။

ခရီးသည်အချို့ ဝင်လာကြပြီး ဘေးက စားပွဲတစ်လုံးမှာ ဝင်ထိုင်ကြသည်။ စူဇီက သူတို့ကိုတစ်ချက်လှမ်းကြည့်ပြီး မျက်နှာလွှဲထားသည်။ ရှက်ကိုး ရှက်ကန်းနှင့် မနေတတ် မထိုင်တတ် သလိုလည်း ဖြစ်နေသည်။

"စိတ်မပူပါနဲ့ စူဇီ၊ မင်းဘယ်က ပြန်လာတယ်ဆိုတာ ဘယ်သူမှမသိပါဘူး၊ ခန့်မှန်းလို့ရနိုင်တဲ့ ပုံစံမျိုးလည်း မဟုတ်ပါဘူး" ဟု ကျွန်တော်က ပြောရသည်။

သူ ဘာမှ ပြန်မပြောပါ။ တိတ်ဆိတ်စွာဖြင့် မိနစ်ပေါင်းများစွာ ကြာအောင် ထိုင်နေ သည်။ ထို့နောက်မှ သူက ပြောသည်။

"ကောင်းပြီလေ၊ ကျွန်မ သွားတော့မယ်"

"သွားတော့မယ်၊ ဘာပြောတာလဲ"

"မကာအိုကို ကျွန်မ မလိုက်ချင်ဘူး၊ မောင်တစ်ယောက်တည်းသွား"

"မောင် နားမလည်ဘူး စူဇီ၊ ဘာဖြစ်တာလဲ"

"မျောက်အိမ်ထဲမှာတုန်းက ကျွန်မ အမျိုးမျိုး စဉ်းစားခဲ့တယ်၊ စဉ်းစားဖို့ အချိန်တွေလည်း အများကြီးရခဲ့တယ် မဟုတ်လား၊ မောင်ဟာ အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးစပါ၊ မောင်လိုချင်ရင် ဘယ်လို မိန်းကလေးမျိုးမဆို မောင် ရနိုင်ပါတယ်၊ ငွေတွေ အင်မတန်ချမ်းသာတဲ့ အင်္ဂလိပ်မ ချောချောကလေးကို လိုချင်တယ်ဆိုရင်လည်း ရနိုင်တယ်၊ ဆွေကြီးမျိုးကြီးထဲက တရုတ်မချောချော ကလေးကိုလည်း မောင်လိုချင်ရင် ရနိုင်တယ်၊ မောင့်မှာ နှလုံးကောင်း ရှိပါတယ်၊ မောင့်စိတ်ထဲမှာ "စူဇီ စိတ်ဆင်းရဲ အောင် ငါမလုပ်ဘူး၊ သူ့အပေါ်မှာ ငါကောင်းရမယ်၊ အလိုလိုက်ရမယ်"လို့ တွေးနေတာ ကျွန်မ သိတယ်၊ ဒါဟာ မကောင်းပါဘူး မောင်၊ ဒါကြောင့် ကျွန်မ သွားတော့မယ်၊ မောင့်ကို ထားခဲ့တော့မယ်"

"စူဇီ.. ဘာအဓိပ္ပာယ်မှ မရှိပါဘူးကွာ"

ကျွန်တော် ဒါပဲပြောတတ်တော့သည်။ သူ ထွက်မသွားအောင် သည်စကားလောက်ပဲ ပြောနိုင်တော့သည်။

သို့သော် ကျွန်တော် ကံကောင်းသွားပါသည်။ ထိုအချိန်မှာပင် ကုန်းဘောင် ပြန်တင်လိုက်သည်။ သင်္ဘော ပေါ်မှ သူ ပြန်မဆင်းနိုင်တော့ပေ။

ဟောင်ကောင်သည် ကျွန်တော်တို့နောက်မှာ တဖြည်းဖြည်း ဝေးကျန်ခဲ့သည်။ စူဇီလည်း ခရီးသွားရသည်ကို တဖြည်းဖြည်း စိတ်ဝင်စားလာပုံရသည်။ သူ့အဝတ်အစား သွားလဲလိုက်ဖို့ ကျွန်တော်က ပြောသည်။

သင်္ဘောဧည့်ကြို အမျိုးသမီးနှင့်အတူ အခန်းတစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားသည်။ ခဏကြာတော့ ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီနှင့် ခြေညှပ် ဖိနပ်ကလေးစီးပြီး ပြန်ထွက်လာသည်။ သူ့မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်နေသည်။ တခစ်ခစ်ဖြင့် လည်း သဘောကျစွာ ရယ်နေသည်။

"အဲဟိုဒေသွကြီးအမျိုးသမီးက ကျွန်မကို ဘာပြောသလဲ၊ မောင် သိသလား၊ ရှင့်အဂတ်အစားတွေဟာ သိပ်လှတာပဲတဲ့၊ ရှင်ဟာ သိပ်ချမ်းသာရမယ်တဲ့"

ပြီးတော့ သင်္ဘောလက်တန်းများဆီသို့ ပြေးသွားသည်။ တစ်နေရာမှ တစ်နေရာသို့ ပြောင်းပြီး ပတ်ဂန်းကျင်ကို ကြည့်နေသည်။ တရိပ်ရိပ် ကျန်ခဲ့သည့် ကျွန်းကလေးတွေကို ကြည့်နေသည်။ ငါးဖမ်းလှေကြီးများကို ငေးနေသည်။

"ဒီနေ့မနက်လေ၊ အဲဒီမျောက်အိမ်ထဲက ကျွန်မ မထွက်ချင်ဘူး သိလား၊ ဒီထဲမှာနေရတာ ငါ့အတွက် ဘာမှပူပင်ကြောင့်ကြစရာ မလိုဘူးလို့ တွေးမိတယ်၊ အပြင်ပြန် ရောက်ရင် သူများပစ္စည်းတွေကို ခိုးချင်ခိုးမိမယ်၊ အဲဟို ကန်တုန်ကောင်မကို ကတ်ကြေးနဲ့ ထပ်ထိုးဖြစ်ရင် ထိုးဖြစ်မယ်၊ ဒီလိုထိုးရင် သူတို့က ကျွန်မကို မျောက်အိမ်ထဲ ပြန်ပို့ကြဦးမယ်လို့ တွေးနေမိတယ်၊ အခုတော့ ကျွန်မ စိတ်ချမ်းသာသွားပြီ၊ အရမ်း ပျော်သွားပြီ"

ရွှက်ရှစ်ထည် ပြိုင်တူလွှင့်ကာ ဂင့်ဂင့်ကြွားကြွားကြီး လွင့်မျောသွားသော ရောမတုံ ကင်းကြီးကို ကျွန်တော်တို့ ပျော်ရွှင်စွာ ကြည့်နေမိကြသည်။ ခဏကြာတော့ ရေတွေက ရွှံ့ ရောင်သို့ ပြောင်းလာသည်။ ပုလဲမြစ်ဂဖြစ်သောကြောင့် မြစ်ထဲမှ ရွှံ့ရေများ စီးဂင်လာခြင်း ဖြစ်သည်။

"မကာအိုရောက်ဖို့ ဘယ်လောက်လိုသေးသလဲဟင်" ဟု စူဇီက မေးသည်။

"နောက်တစ်နာရီလောက် လိုဦးမယ်ထင်တယ်၊ ဒါထက် ကြံ့တုန်း ပြောရဦးမယ်၊ မင်းကို ပြောဖို့မေ့နေတယ်၊ မကာအိုမှာ မောင်တို့ လက်ထပ်ကြမလို့လေ" ဟု ကျွန်တော်က ပြောချလိုက်သည်။

"လက်ထပ်မယ်၊ ဘယ်သူက ပြောသလဲ"

"မကာအိုဟာ လက်ထပ်ဖို့ အင်မတန်ကောင်းတဲ့နေရာ၊ မောင့်ကို မင်းလက်ထပ်မယ် မဟုတ်လား"

"မထပ်ဘူး"

"ဒီလိုဆိုရင် မင်းကို အကျပ်ကိုင်ပြီး မောင် လက်ထပ်မယ်၊ မကာအိုဟာ အင်မတန် ကောက်ကျစ်တဲ့နေရာ အဲဒီမှာ လက်ထပ်ဖို့ဆိုတာ အလွတ်ကလေးရယ်၊ သက်ဆိုင်တဲ့ အရာရှိကို တိတ်တိတ်ကလေး လာဘ်ထိုးထားလိုက်ရုံပဲ၊ လာဘ်ထိုးထားရင် သူက အသည်းကြော်ကလေး ထပ်ယူဦးမလားလို့ မေးမယ်၊ မင်းက ယူဦးမယ်လို့ ဖြေမယ်၊ ဒီတော့ အရာရှိက ခေါင်းထောင်ကြည့်ပြီး "ကျေးဇူးတင်ပါတယ်၊ ဟောဒီမှာ ခင်ဗျားတို့ရဲ့ လက်ထပ်စာချုပ်၊ ငွတ်အီးဗနင်း" လို့ ပြောလိမ့်မယ်"

သူ တခစ်ခစ် ရယ်သည်။

"နောက်နေ့ကျတော့ မောင့်ကို "ထမင်းကြော်ကလေး နည်းနည်းလောက် ထပ်ယူပါဦးလား မောင်ရေ" လို့ ကျွန်မက မေးမယ်၊ ဒီတော့ မောင်က "ယူဦးမယ်" လို့ ဖြေမယ်၊ ဒီတော့ အရာရှိက ခေါင်းငုံ့ လိုက်ပြီး" ကျေးဇူးတင်ပါတယ်၊ ဟောဒီမှာ ခင်ဗျားတို့ နှစ်ယောက် ကွာရှင်းပြတ်စဲပြီးကြောင်း စာချုပ်၊ ငွတ်ဘိုင်" လို့ ပြောလိမ့်မယ်"

ထို့နောက် သူ ငြိမ်သွားသည်။ လက်တန်းကိုကျော်ပြီး ပင်လယ်ပြင်ကို လှမ်းကြည့် နေသည်။ ခဏကြာတော့မှ ကျွန်တော့်ကို လှည့်ပြောသည်။

"ကျွန်မတို့နှစ်ယောက် လက်ထပ်ထားတယ်လို့ တစ်ခါတုန်းက ကျွန်မ အိပ်မက် မက်ဖူးတယ်၊ ကျွန်မက လမ်းပေါ်ရောက်နေတယ်၊ လူတွေလည်း အများကြီးပဲ၊ မောင့်ကို လှမ်းမြင်ရတယ်၊ ဒါပေမဲ့ လူအုပ်ကြီး ကခံနေလို့ မောင့်ဆီရောက်အောင် မလာနိုင်ဘူး၊ ဒါနဲ့ ကျွန်မ ငိုချလိုက်မိတယ်၊ မောင်က လူတွေကို အတင်း တွန်းပစ်ပြီး "ဖယ်ကြစမ်း၊ အလကားလူတွေ၊ ဖယ်ကြစမ်း၊ ဟောဒီမှာ စူဇီ ကျုပ်မိန်းမ"လို့ အော်ပြောတယ်၊ လူတွေလည်း ဘေးဖယ်သွားကြတယ်၊ အဲဒီအချိန်မှာ ကျွန်မ လန့်နိုးသွားရော"

"လန့်နိုးသွားတော့ မင်းဟာ မောင့်မိန်းမ မဟုတ်သေးတာ သိသွားရော မဟုတ်လား၊ ဒီတော့ မင်း ဝမ်းသာသလား၊ ဝမ်းနည်းသလား"

သူ ပြန်မဖြေပါ။ ခဏကြာအောင် ငြိမ်နေပြီးမှ ပြန်ပြောသည်။

"ကျွန်မက ကျန်းမာတာ မဟုတ်ဘူးမောင်၊ ဒါကြောင့် မောင့်ကို လက်မထပ်နိုင်ဘူး၊ ကျွန်မရောဂါတွေက မောင့်ကို ကူးလိမ့်မယ်၊ လိုင်ချီကောက် ထောင်ဆရာဝန်က အဲဒီအတိုင်း ကျွန်မကို ပြောလိုက်တယ်"

"အခုထက်ထိ မောင့်ကိုမှ ရောဂါမကူးသေးဘဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ နှစ်ပတ်အတွင်း စိန့်မာဂရက်ဆေးရုံကို မင်းတက်ရတော့မှာပဲ၊ မင်းရောဂါ လုံးလုံး ပျောက်သွားတော့မှာပါ"

"ကျွန်မတော့ မထင်ဘူးမောင်၊ တီဘီရောဂါ ဖြစ်ဖူးတဲ့လူတွေဟာ လုံးဝ ပျောက်သွားလိမ့်မယ်လို့ ကျွန်မ မထင်ဘူး"

"သေသေချာချာ ပျောက်ပါတယ် စူဇီ၊ အခုတောင် ပျောက်ကာနီးနေပြီပဲ၊ ဆေးရုံပေါ်မှာ တစ်လ နှစ်လ အကုခံလိုက်ရင် လုံးဝပျောက်သွားမှာပါ" ဟု ကျွန်တော်က ပြန်ပြောသည်။

သူ ငြိမ်ကျသွားပြန်သည်။ လက်တန်းဆီသို့ လျှောက်သွားပြီး ရပ်နေသည်။ ခဏကြာတော့မှ ပြန်လာသည်။

"မောင် ...မောင့်လို စိတ်ကောင်းရှိတဲ့လူမျိုး ကျွန်မ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ မောင့်ကို ကျွန်မ အရမ်း သဘောကျပါတယ်"

"ကျေးဇူးတင်ပါတယ် စူဇီ၊ ဒီစကားဟာ သဘောတူပါပြီဆိုတဲ့ အဓိပ္ပာယ်လား"

"ဟုတ်ပါတယ် မောင်၊ မောင်က လက်ထပ်ချင်ပါတယ်ဆိုရင် ကျွန်မ သဘောတူပါပြီ၊ မောင်ဖြစ်စေ ချင်တာ ဘာမဆိုလုပ်ပေးမယ်၊ မောင်က လက်ထပ်ချင်တယ်ဆိုရင် လက်ထပ်ပေးမယ်၊ ဟောဒီ ပင်လယ်ထဲ ခုန်ချ ဆိုရင်လည်း ခုန်ချပါမယ်၊ ဘာမဆိုလုပ်ပေးမယ်"

"ဒီရေတွေက နောက်လွန်းပါတယ်ကွယ်၊ ဒီနေရာမှာတော့ ခုန်မချလိုက်ပါနဲ့၊ မောင်တို့ အရင် လက်ထပ် လိုက်ပါရစေဦး"

မကာအိုရောက်တော့ ဆိုက်ကားစီးပြီး ဟိုတယ်သို့ လာကြသည်။ ဆိုက်ကားသည် လန်ချားလိုမဟုတ်။ တစ်စီးတည်းမှာ နှစ်ယောက်အတူတူ စီးနိုင်သည်။ သေတ္တာများကို ခြေပေါ်မှာ တင်ထားလိုက်သည်။

ဟောင်ကောင်နှင့်စာလျှင် မကာအိုက ခြောက်ကပ်ကပ်နိုင်လှသည်။ ပျက်စီးယိုယွင်းစပြုနေသော မြို့ကြီးတစ်မြို့နှင့် တူနေသည်။ ကက်သလစ် ဘုရားရှိခိုး ကျောင်းကြီးကို ကျော်လာသည်။ ဟိုတယ် ရောက်တော့ အထုပ်အပိုးများချပြီး ဗြိတိသျှ ကောင်စစ်ဝန်ရုံးသို့ ပို့ပေးရန် ဆိုက်ကားဆရာကို ပြောလိုက်သည်။

နောက် ငါးမိနစ်ကြာတော့ ရိုင်ဖယ် သေနတ်ကိုင် ပေါ်တူဂီစစ်သားတစ်ယောက် စောင့်နေသော အဆောက်အအုံတစ်ခုရှေ့မှာ ကျွန်တော်တို့ကို ချပေးသည်။

"ကောင်းတယ်နော်" ဟု ဆိုက်ကားဆရာက မေးသည်။
"မကောင်းဘူး၊ ဒါ ပေါ်တူဂီသံရုံး၊ တို့သွားချင်တာက ဗြိတိသျှ ကောင်စစ်ဝန်ရုံး" ဟု ကျွန်တော်က ပြောသည်။
"ကောင်းပြီ၊ ကျွန်တော် သိတယ်"
ဂမ်းသာအားရဖြင့် သူ ဆက်နင်းပြန်သည်။ ခဏကြာတော့ တကျည်ကျည် အသံမြည်နေသော ပန်ကာတွေ လည်နေသည့် ဗြိတိသျှ ကောင်စစ်ဝန်ရုံးဟောင်းကြီးသို့ ရောက်လာကြသည်။ ပန်ကာကြီး တွေက ဘယ်အချိန်တွင် ဘယ်သူ့ခေါင်းပေါ် ပြုတ်ကျမလဲဟု ထင်မှတ်ရသည်။

ချောမောလှပသော အင်္ဂလိပ်တရုတ်ကပြား လက်နှိပ်စက် စာရေးမကလေးတစ်ယောက်သည် လက်နှိပ်စက် စားပွဲမှာ ထိုင်နေသည်။ နက်မှောင်သည့် ဆံပင်များက ပခုံးပေါ်မှာ ဝဲပုံကျနေသည်။ ရွှေနှင့်ပြုလုပ်ထားသော လက်ဂါးကပ်တိုင်ကလေးကို လည်ပင်းမှာ ဆွဲထားသည်။ မျက်နှာဖြူဖြူကလေးက အရက် အကြောက်ကြီးသည့် ပုံမျိုးဖြစ်သည်။

ကောင်စစ်ဝန်က ဂဂကြီးဖြစ်သည်။ ခေါင်းကလည်း ဆံပင်တစ်ချောင်းမှ မပေါက်ဘဲ ပြောင်နေသည်။ သူ့နဖူးနှင့် မျက်နှာမှာ ချွေးတွေရွှဲနေသည်။ ရှပ်အင်္ကျီမှာလည်း ချွေးရွှဲနေ သည်။ ကျွန်တော်တို့ ရောက်သွားချိန်တွင် ကိုယ်ရေးကိုယ်တာ စာတစ်စောင် ရေးနေသည်။ ကျွန်တော်တို့ ရှင်းပြသည်ကို မသက် မသာဖြင့် နားထောင်နေသည်။

"ခင်ဗျားတို့အတွက် အကောင်းဆုံး အစီအစဉ်ကို ကျုပ်ပြောပြမယ်၊ ဟောင်ကောင်ကိုသွား၊ ဟိုမှာ လက်ထပ်ကြ၊ အဲဒါ အကောင်းဆုံးပဲ" ဟု သူက ပြောသည်။
"ကျွန်တော်တို့ အခုပဲ ဟောင်ကောင်က ရောက်လာကြတာပါခင်ဗျာ၊ မဟာအိုမှာ ကျွန်တော်တို့ လက်ထပ် ချင်လို့ပါ၊ ကောင်စစ်ဝန်ကြီးမှာ လက်ထပ်ပေးနိုင်ခွင့် အာဏာရှိတယ်လို့ ကျွန်တော်တို့ ထင်ပါတယ်"

"ဒီလိုဆိုရင်တော့ ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေတော့၊ ဒါဟာ ကျုပ်အဖို့ ပထမဆုံး အတွေ့အကြုံပါပဲ၊ ဘယ်သူ့ကိုမှ လက်ထပ်မပေးဖူးသေးပါဘူး၊ ဒါကြောင့် ထုံးတမ်းစဉ်လာတွေကိုလည်း ကျုပ်မသိဘူး၊ ဘယ်လိုလက်ထပ်ပေးရမယ်ဆိုတာ ကျုပ်လည်း မပြောတတ်တော့ဘူး"

"လုပ်ထုံးလုပ်နည်းတွေကို ကျွန်တော်တို့ရှာရင် ရနိုင်ပါတယ်ခင်ဗျာ၊ သတ်မှတ်ထားတဲ့ နည်းလမ်း အချက်အလက် တွေ ဒီရုံးမှာ ရှိနိုင်တယ်လို့ ထင်ပါတယ်"ဟု ကျွန်တော်က ပြန်ပြောသည်။
"ကျုပ်မှာ အချိန်လည်းမရှိဘူး၊ ကျုပ်က အလုပ်သိပ်များတယ်၊ ရှာချိန်ရမှာ မဟုတ်ဘူး" ဟု သူက ပြန်ပြောသည်။ ရေးလက်စ စာကိုလည်း သတိရသွားပုံပေါ်သည်။ ရေးလက်စ စာထိပ်မှ "ချစ်သော ဟပ်ဂီရေ"ဟူသည့် စာလုံးကလေးများကို လှမ်းမြင်နေရသည်။ စာရွက်ပေါ်သို့ မင်စုပ်စက္ကူ ဖုံးလိုက်သည်။ ပြီးတော့ ကိုယ်ကို နောက်သို့ မှီချလိုက်သည်။ သူ့စိတ် ပြောင်းသွားဟန်တူသည်။
စူဇီသည် မနေတတ် မထိုင်တတ် ဖြစ်နေသည်။ ကောင်စစ်ဝန်ရုံးတွင်းသို့ ဝင်လာကတည်းက သူ

စိတ်လှုပ်ရှားနေခဲ့သည်။ ထို့ကြောင့် ကောင်စစ်ဝန်ကြီးကို ကျွန်တော် ထပ်တောင်းပန်မိပြန်သည်။ ကောင်စစ်ဝန်ကြီးသည် သဘောကောင်းကြောင်း ပြောသံကြားဖူးသဖြင့် ယခုလို အားကိုးတကြီး လာခြင်း ဖြစ်ပါသည် ဟု ကျွန်တော်က ရှင်းပြ သည်။

"ကောင်းပါပြီလေ၊ ဘယ်လိုလုပ်ရမလဲ ဆိုတာတော့ ကျုပ်မသိတာ အမှန်ပဲ၊ ဒါပေမဲ့ ကြိုးစားရှာကြည့်ဦးမယ်"

နောက်ဆုံးတွင် လက်ထပ်ပေးခြင်းနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို တွေ့ သည်။ ထိုစည်းကမ်းချက်အရဆိုလျှင် လက်ထပ်လိုသူသည် ပထမလျှောက်ထားရမည်။ ခွင့်ပြုမိန့်ကို ရက်သတ္တသုံးပတ် စောင့်ရမည်ဟုဆိုသည်။ ကျွန်တော်တို့ အတော်စိတ်ပျက် သွားသည်။ ကောင်စစ်ဝန်ကြီးလည်း အတော် စိတ်ပျက်သွားပုံရသည်။

"အဲဒီအချိန်အထိ ခင်ဗျားတို့ ဒီမှာ ရှိနေကြမှာလား၊ ခင်ဗျားတို့ မပြန်သေးပါဘူးနော်" ဟု သူက စိတ်ပူ သလိုမေးသည်။

"မပြန်သေးပါဘူးခင်ဗျာ၊ အဲဒီအချိန်အထိ ကျွန်တော်တို့ ဒီမှာ ရှိနေကြဦးမှာပါပဲ"

"ကောင်းတယ်... ကောင်းတယ်၊ ဒါဆိုရင် ကျုပ် ကြည့်လိုက်ဦးမယ်၊ မစ္စရူဂရော်နီ၊ ၎င်းဒိုင်ယာရီ မင်းဆီမှာလား၊ ဩော်... ဒီမှာ တွေ့ပြီ ... တွေ့ပြီ၊ ဟုတ်တယ်၊ ဗုဒ္ဓဟူးနေ့ မနက်ပိုင်းဆိုရင် ခင်ဗျားတို့ အတွက် အဆင်ပြေပ့ါမလား၊ ဆယ့်တစ်နာရီခွဲပေ့ါ" ဟု သူက ပြောသည်။

ရုံးပေါက်ဝရောက်အောင် ကျွန်တော်တို့ကို လိုက်ပို့သည်။ စိတ်ပါလက်ပါ လက်ဆွဲ နှုတ်ဆက်သည်။ လက်ထပ် ရမည့်အချိန်အထိ ကျွန်တော်တို့ နှစ်ယောက် ကောင်းကောင်း မွန်မွန် နေထိုင်ကြရန်ပါ ဟာသ ကလေး နှောပြီး ပြောပြလိုက်သေးသည်။ ပူအိုက်သော လမ်းမပေါ်သို့ ကျွန်တော်တို့ ရောက်လာကြသည်။

**အခန်း (၆) နက်ဖြန်**

## စာအုပ် (၃) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၆)

**အခန်း(၆)**

နောက်ရက်များတွင် စူဇီ အလွန်ပျော်နေသည်။ အမူအရာအားလုံးကလည်း အလွန်တရာ ရွှင်လန်း တက်ကြွနေသည်။ မစ္စက်လိုမက်ခ်ဇ် ဖြစ်လာသောအခါ လူတွေနှင့် ဘယ်လိုဆက်ဆံမည်၊ ဘယ်လိုစကား ပြောမည် ဟု လေ့ကျင့်နေသည်။

"နေကောင်းပါသလားရှင်၊ ကျွန်မဟာ မစ္စက်လော့ဒ်လိုမက်ခ်ဇ် ဖြစ်ပါတယ်၊ ကျွန်မ ယောကျ်ားဟာ အင်မတန် နာမည်ကြီးတဲ့ လော့ဒ်ဘွဲ့ ရပုဂ္ဂိုလ်ကြီးပေ့ါ၊ သိတယ်မဟုတ်လား၊ ရှင်က ကျွန်မကို စော်ကား မော်ကား

လုပ်လိုက်တာလား၊ ကောင်းပြီ၊ ကျွန်မယောက်ျားကို ပြန်တိုင်ရမယ်၊ ကျွန်မယောက်ျားက ရှင့်ကို မျောက်အိမ်ထဲမှာ ဆယ်နှစ် ထည့်ထားလိုက်လိမ့်မယ်"

သူ တခစ်ခစ် ရယ်နေသည်။ ထို့နောက် တစ်စုံတစ်ရာကို သတိရသွားပြီး ချက်ချင်း သူ စိတ်ပူသွားသည်။ ကျွန်တော်တို့ လက်မထပ်မီ ခုတင်နေရာအားပြီဖြစ်ကြောင်း ကေးထံမှ ကြေးနန်းများ ရောက်လာလေ မလားဟု ပူပင်သောက ရောက်သွားခြင်း ဖြစ်သည်။

"မောင် ဒီနေ့များ ကြေးနန်းရောက်မလားဟင်"

"ဒီနေ့တော့ ရောက်ဦးမယ် မထင်ပါဘူး"

"ရောက်မယ် မထင်ဘူးလား"

ထိုမျှ ပြန်ပြောပြီး သူ့အမူအရာ ရွှင်လန်းသွားပြန်သည်။ ပြီးတော့ ထုံးစံအတိုင်း ဆက်လုပ်နေပြန်သည်။

"ကောင်းသော မွန်းလွဲပိုင်းပါ၊ မစ္စတာလော့ဒ်ပစ်ကယ်ဒလီ မရှိပါဘူးရှင်၊ ဂမ်းနည်း ပါတယ်၊ ကျွန်မယောက်ျားက ဘုရင်မကြီးနဲ့အတူတူ ဂက်စ်မင်စတာ ဘက်ဘေးမှာ လက်ဖက်ရည် သွားသောက်နေပါတယ်ရှင်"

"ဂက်စ်မင်စတာအက်ဘေးမှာ လက်ဖက်ရည်သောက်လို့မရဘူး စူဇီ" ဟု ကျွန်တော်က လှမ်းပြောရသည်။

"အို… ကျွန်မ ဂမ်းနည်းပါတယ် မစ္စတာလော့ဒ် ပစ်ကယ်ဒလီ၊ ဘုရင်မကြီးနဲ့အတူတူ နန်းတော်မှာ လက်ဖက်ရည် သွားသောက်နေပါတယ်"

သည်လိုဖြင့် တစ်ရက်ပြီးတစ်ရက် အချိန်ကုန်လာသည်။

မကာအိုသည် ကျွန်းဆွယ်အစွန်းတွင် တည်ရှိသော မြို့ဖြစ်သည်။ အလယ်လမ်းမကြီးမှဖဲ့ပြီး တစ်ဖက်သို့ ဆယ်မိနစ်လောက် လျှောက်သွားလျှင် ပင်လယ် ကမ်းခြေသို့ ရောက်သည်။ ဆန့်ကျင်ရာဘက်သို့ မိနစ်နှစ်ဆယ်ခန့် လျှောက်သွားလျှင် တရုတ်ပြည်ကြီး၏ နယ်စပ်သို့ရောက်မည်။ သို့သော်လည်း ပူအိုက်လွန်းသောကြောင့် လမ်းမလျှောက်နိုင်ပါ။ ဟိုနားသည်နားသွားလျှင် ဆိုက်ကားကိုသာ အားကိုးနေရသည်။

မကာအိုသည် တရုတ်ပြည်မကြီးအတွင်းသို့ ဂင်ပေါက်အဖြစ် ရာစုနှစ်ပေါင်းများစွာ စည်ကားခဲ့သည်။ ယခုမူ ပြည်မကြီးအတွင်းသို့ ဂင်ပေါက်ကို ပိတ်လိုက်ပြီဖြစ်သောကြောင့် မကာအိုသည် ခြောက်ကပ် သွားသည်။ ကုန်သွယ်မှု မရှိတော့။ စက်မှုလက်မှုလုပ်ငန်းများ မရှိတော့။ စီးပွားရေး လုပ်ငန်းများ မရှိတော့။

ဘိန်းအရောင်းအဝယ်၊ လောင်းကစားဝိုင်းများနှင့် မိန်းမပျက်များသာ ရှိသည်။ ထိုလုပ်ငန်းသုံးခုဖြင့် မြို့သက်ရှည်နေခြင်း ဖြစ်သည်။ ယခု ကျွန်တော်တို့ တည်းနေသည့် ဟိုတယ်မှာလည်း ထိုအရာသုံးခုကို အလွယ်တကူရနိုင်သည်။ ဟိုတယ်အထပ် နှစ်ထပ်တွင် ကာစီနိုကစားဝိုင်းတွေ ရှိသည်။ အခန်းထဲရှိ ဘဲလ်ကလေးကို နှိပ်လိုက်ရုံဖြင့် ဘိန်းနှင့် မိန်းမပျက်က အခန်းထဲသို့ ရောက်လာမည်။

ဘိန်းနှင့်မိန်းမပျက် ရောက်လာအောင် စီစဉ်ပေးရသည့်အတွက် အခန်းစောင့် ကလေးများက ကော်မရှင်ရကြသည်။ အခန်းထဲမှာ ဘိန်းရှူရင်း မိန်းမပျက်နှင့် အတူနေကာ ကာစီနိုလောင်းကစားဝိုင်းမှာ

အလောင်းအစား လုပ်လိုသည်ဆိုလျှင်လည်း ဖြစ်သေးသည်။ အခန်းစောင့်ကို သွားအထိုးခိုင်းလိုက်ရုံသာ ဖြစ်သည်။ ထိုနည်းအားဖြင့် မကောင်းမှု ဒုစရိုက်သုံးမျိုးကို တစ်ပြိုင်တည်း ကျူးလွန်နိုင်သည်။

ကျွန်တော်တို့ တည်းနေသည့် အထပ်မှ အခန်းစောင့်၏ အမည်မှာ အာနတ်ဖြစ်သည်။ မျက်လုံးတစ်ဖက်က စောင်းနေသည်။ ကျန်မျက်လုံးတစ်ဖက်က နေ့ရော ညပါ လောဘခိုးတွေ မွှန်နေ တတ်သည်။ ကျွန်တော် တစ်ယောက်တည်း ရှိနေသည့်အခါ အနားသို့ ကပ်လာပြီး အသက် ဆယ့်ခြောက်နှစ် သာ ရှိသေးသော ပေါ်တူဂီ အမျိုးသမီးတစ် ယောက်နှင့် စီစဉ်ပေးနိုင်ကြောင်း လေသံဖြင့် ပြောတတ်သည်။

စူဇီနှင့်သူ နှစ်ယောက်တည်း တွေ့သောအခါတွင်မူ ကျွန်တော့်ထက် ယောကျ်ားပီသသော လူတစ်ယောက်နှင့် သူ ဆက်ပေးနိုင်ကြောင်း၊ ငွေတွေ အများကြီး ရနိုင်ကြောင်း၊ အောက်ထပ်မှာရှိနေသည့် ပေါ်တူဂီအရာရှိနှစ်ယောက်နှင့် မိတ်ဆက်ပေးမည် ဖြစ်ကြောင်း ဆွယ်တရား ဟောပြန်သည်။

ဒုတိယပတ်သို့ ရောက်သောအခါ စူဇီ၏ တက်ကြွပျော်ရွှင်နေသော စိတ်ဓာတ်များ ပျက်ပြယ်စ ပြုလာသည်။ အလွန်အမင်းလည်း စိတ်ဆင်းရဲနေပုံ ရသည်။ တစ်ခါ အခန်းထဲသို့ ကျွန်တော် ဝင်သွား သည်တွင် သူ ငိုနေသည်ကို တွေ့ရသည်။ ထိုနေ့ည ညစာ စားတော့လည်း တစ်ကြိမ်ငိုပြန်သည်။

အကျိုးအကြောင်းကို ကျွန်တော် မေးသောအခါ ဘာမှပြန်မဖြေဘဲ ခေါင်းကိုသာ တွင်တွင်ခါသည်။ လက်ထပ်ရမည့် ရက်ရောက်အောင် အကြာကြီး ထိုင်စောင့်နေရသည့် အတွက် သူ စိတ်မချမ်းမသာ ဖြစ်နေသည်ဟု ကျွန်တော် ထင်သည်။ ယခုလို ထိုင်နေရင်း သူ့ဘဂအကြောင်းကိုလည်း သူ ပြန်စဉ်းစား နေပုံရသည်။

ယခုရက်ပိုင်းတွင် ယခင်ကလို သူ့နောက်ကြောင်းတွေကို ပြန်မပြောတော့။ သူ့အတွေ့အကြုံများကို ပြောမပြတော့။ နမ်ကောက်ဟိုတယ်၏ အမည်ကိုပင် ထုတ်ဖော် မပြောမိအောင် သတိထားရှောင်နေသည်။
သူ့နောက်ကြောင်းများနှင့် ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲမှာ မည်သို့မှ မရှိကြောင်း ပြောပြသောအခါ မကြားယောင်ဆောင်နေတတ်သည်။ စောစောတုန်းက ကေးထံမှ ကြေးနန်းရောက်လာမှာ သူ စိုးရိမ် နေခဲ့သည်။ ယခုတော့ ကေး၏ ကြေးနန်းကို အမျှော်ကြီး မျှော်နေပြန်သည်။

တတိယပတ်သို့ ရောက်သောအခါ ပိုဆိုးလာသည်။ အချိန်ရှိသမျှ ငိုကြွေးနေတတ် သည်။ သည်လို သူစိတ်မချမ်းမသာ ဖြစ်နေခြင်းသည် ကျွန်တော့်အဖို့လည်း ထူးဆန်းနေ တော့သည်။ လက်ထပ်ဖို့ကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်ကိုယ် ကျွန်တော်လည်း မသေချာသလို ဖြစ်လာသည်။
တစ်နေ့တွင် ကျွန်တော်နှင့် လက်မထပ်နိုင်တော့ကြောင်း၊ ဟောင်ကောင်သို့ ပြန်လိုကြောင်း၊ သူ့ဘဂဟောင်းသို့ ပြန်သွားလိုကြောင်း၊ နမ်ကောက်ဟိုတယ် ပြန်ပြီး သူ့အပေါင်းအသင်း အမျိုးသမီး များနှင့် အတူ အလုပ်ဟောင်းကိုပင် ပြန်လုပ်လိုကြောင်း၊ သူ့စိတ်ကိုသူ ပိုင်းဖြတ်လိုက်ပြီဖြစ်ကြောင်းများ ပြောသည်။

"မင်း ဖြစ်ချင်တာက ဒီအတိုင်းပဲဆိုရင် မောင် မတားတော့ပါဘူး စူဇီ၊ ဒါပေမဲ့ မင်းရဲ့ ဆန္ဒအမှန်ဟာ အဲဒါပဲလို့တော့ မောင် မထင်ဘူး၊ မင်းဘဂဟောင်းကို ပြန်သွားရင် မင်းဘာလုပ်ရမယ်ဆိုတာ မင်းစိတ်ထဲမှာ

သေသေချာချာ သိနေတယ်၊ ဒါပေမဲ့ မောင်နဲ့ လက်ထပ်ရင် ဘာတွေ ဖြစ်လာမယ်ဆိုတာ မသေချာဘူး၊ အခက်အခဲတွေ ပေါ်ချင်ပေါ်လာ နိုင်တယ်လို့ ထင်နေတယ်၊ အဲဒီစိတ်က မင်းကို ခြောက်လှန့်နေတာပါ" ဟု ကျွန်တော်က ပြောပြသည်။

ထိုမှုမက ထိုနေ့မနက်ပိုင်းက ကြုံတွေ့ခဲ့ရသည့် အဖြစ်ကလေးကိုပါ ကျွန်တော်က ပြန်ပြောပြသည်။
ထိုနေ့မနက်က ကျွန်တော်တို့နှစ်ယောက် လမ်းအတူလျှောက်ကြသည်။ ဟောင်ကောင်မှ လာလည် နေသော အင်္ဂလိပ် လင်မယားငယ်ငယ် တစ်တွဲနှင့် လမ်းမှာတွေ့သည်။ ကာစီနိုကစားပိုင်းများတွင် သူတို့ လင်မယားနှင့် ဆုံနေကျဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ နှုတ်ဆက်စကား ပြောကြသည်။ စူဇီနှင့် မိတ်ဆက် ပေးရန် လှည့်ကြည့်လိုက်တော့ သူ မရှိပြီ။ ဆိပ်ကမ်းဘက်မှာ သွားပြီး ကျွန်တော်တို့ကို ကျောခိုင်း ရပ်နေသည်။

အင်္ဂလိပ် လင်မယားနှင့် မိတ်ဆက်ပေးရန် သူ့ကို ကျွန်တော် သွားခေါ်သည်။ ဘယ်လို ခေါ်လို့မှမရ။ အလွန် ခေါင်းမာလှသည်။ ပြီးတော့ ငိုပါလေတော့သည်။ အင်္ဂလိပ် လင်မယားသည် သူ့ကို မုန်းတီးကြောင်း၊ ထိုလင်မယားနှင့် ကျွန်တော်က ဘာကြောင့် မိတ်ဆွေဖြစ်လိုသည်ကို သူ နားမလည်ကြောင်း ပြောသည်။
တကယ်ဆိုတော့ အင်္ဂလိပ်လင်မယားက သူ့အပေါ် မနှစ်မြို့မည်ကို အလိုလို ကြောက်နေခြင်း သာဖြစ်ကြောင်း ကျွန်တော် သဘောပေါက်ပါသည်။ ထို့ကြောင့် လူတွေကို ကြောက်ဖို့မလိုကြောင်း၊ ရဲရဲ တင်းတင်း စိတ်ထားသန့်သန့်ဖြင့် ဆက်ဆံရမည်ဖြစ်ကြောင်း ပြောပြသည်။

"မင်းဟာ သိပ်ချစ်စရာကောင်းတာပဲလို့ ကစားပိုင်းမှာ မောင့်ကို သူတို့က ပြောတယ်၊ တကယ်ပြောတာပါ၊ မောင် မလိမ်ပါဘူး၊ မင်းကို သူတို့ မမုန်းပါဘူး၊ ဒါပေမဲ့ လူတွေက မင်းကို မုန်းမှာပဲလို့ မင်းစိတ်ထဲမှာ ထင်နေရင် အဲဒါတွေဟာ မင်းမျက်နှာပေါ်မှာ ပေါ်နေတယ်၊ လူတွေရဲ့ မျက်နှာဟာ မုန်းလို့ပဲ၊ သူတို့က မင်းကို တကယ်မုန်းတီးနေတယ် ဆိုရင်တောင် မင်းရင်ဆိုင်ရမှာပေါ့။
"မင်းက သူတို့ကို ဆက်ဆံသလို သူတို့ကလည်း မင်းကို ပြန်ဆက်ဆံလိမ့်မယ်၊ တကယ်ကတော့ မင့်အနေနဲ့ လူတွေကို ဘာမှကြောက်နေစရာ မလိုဘူး၊ ဘာမှရှက်နေစရာ မလိုဘူး၊ မင်းဟာ နမ်ကောက်မှာ အလုပ်လုပ်ခဲ့တဲ့ မိန်းကလေးဖြစ်ပေမယ့် ဒါကြောင့်တော့ ဘာဖြစ်လို့ ငါရှက်ရမှာလဲဆိုတဲ့ စိတ်မျိုးထားရမယ်၊ ကျွန်မလည်း ရှင်တို့လို သာမန် လူသားပါပဲဆိုတဲ့ စိတ်မျိုးထားရမယ်၊ အဲဒီလို သဘောလာထားမျိုးနဲ့ သူတို့ကို ဆက်ဆံနိုင်ရင် သူတို့ကလည်း မင်းကို လေးစားလာကြမှာပဲ။

"ဒီသဘောထားမျိုး မောင် ထားတတ်လာအောင် ဘယ်သူက သင်ပေးတယ် ထင်သလဲ၊ မင်းကပဲ မောင့်ကို သင်ပေးခဲ့တာပါ၊ မင်းဟာ လူတွေကို မျက်လုံးချင်း ဆိုင်ပြီး ကြည့်ရဲတဲ့ မိန်းကလေး၊ မင်းမှာ သတ္တိရှိခဲ့တယ်၊ အခုလည်း အဲဒီသတ္တိတွေ ရှိနေတာပဲ၊ ဒါပေမဲ့ မင်းရဲ့ ပူပင်သောကစိတ်တွေက မင်းရဲ့ သတ္တိကို ဖုံးကွယ်ထားတယ်၊ သေးသိမ်အောင် လုပ်ထားတယ်၊ အဲဒါကို မင်း သဘောပေါက်ရမယ်၊ ပူပင် သောကစိတ်တွေကို ဖျောက်ဖျက်ပစ်ပြီး သတ္တိတွေ ပြန်ပေါ် လာအောင် ကြိုးစားရမယ်" ဟု ကျွန်တော်က ရှည်လျားစွာ ရှင်းပြသည်။

ဘာမှပြန်မပြောဘဲ သူ ငြိမ်နေသည်။ အငိုလည်း ရပ်သွားသည်။ ခဏလောက် သူ တစ်ယောက်တည်း နေချင်ပါသည်ဟု ပြောသည် ထို့ကြောင့် အပေါ်ထပ်ရှိ ကာစီနိုကစား ပိုင်းသို့ ကျွန်တော် တက်ခဲ့သည်။

တစ်နာရီလောက်ကြာတော့ ကျွန်တော့်နောက်သို့ သူ လိုက်လာသည်။ လျှောက်လာပုံက ခပ်တောင့်တောင့် ဖြစ်နေသည်။ သူ့ရင်ထဲမှာ ဘယ်လောက် တင်းကျပ်နေကြောင်းနှင့် ဘယ်လောက် စိတ်ထိန်းထားရကြောင်း သိသာ သည်။ ကြောက်ရွံ့စိတ်နှင့် သံသယစိတ်များကို ပင်ပန်းကြီးစွာ ခုခံတွန်းထုတ်နေရကြောင်း သိသာသည်။ ကျွန်တော့် မျက်လုံးများကို သူ တည့်တည့်စိုက်ကြည့်သည်။
"ကျွန်မကို အခုထက်ထိ မောင် လက်ထပ်ချင်တုန်းပဲလား" ဟု သူက မေးသည်။

"လက်ထပ်ချင်တုန်းပဲပေါ့ စူဇီ"
"သေချာရဲ့လား မောင်၊ ကျွန်မအခုလို ဖြစ်နေတာတောင် မောင် လက်ထပ်ချင်တုန်းပဲလား"
"အင်မတန် သေချာပါတယ် စူဇီ"
ကျွန်တော့်စိတ်ထဲမှာ အမှန်တကယ် ရှိနေသည့်အတိုင်း ပြောခြင်းဖြစ်ပါသည်။ စူဇီမှာ သတ္တိတွေ ပြန်လည်ရရှိလာပြီဖြစ်ကြောင်း ကျွန်တော် သိပါသည်။
"ကောင်းပြီ၊ မောင်နဲ့ လက်ထပ်ပါ့မယ်"
"ကျေးဇူးတင်ပါတယ် စူဇီ၊ ဒီလိုဆိုရင် မောင်တို့ အဂတ်အသစ် တစ်ထည်တော့ ပြေးဝယ်ကြဦးမှ၊ လက်ထပ်တဲ့နေ့မှာ မင်းဝတ်ဖို့ အသစ်တစ်ထည်တော့ ဝယ်မှ ဖြစ်မယ်"
ထိုနေ့တစ်နေ့လုံး သူ စကားနည်းနေသည်။

နောက်နေ့မနက်တွင် သူ တစ်ယောက်တည်း အဂတ်အစား လဲလိုပါသည် ဆိုသောကြောင့် ကော်ဖီသောက်ဖို့ ကျွန်တော် အပြင်ထွက်ခဲ့သည်။ ဆယ့်တစ်နာရီထိုးတော့ ဟိုတယ်ပြန်လာပြီး ခန်းမထဲမှာ ထိုင်စောင့်နေလိုက်သည်။ မိနစ်နှစ်ဆယ်လောက်ကြာတော့ ဓာတ်လှေကားထဲမှ စူဇီ ထွက်လာသည်ကို တွေ့ရသည်။ အဖါရောင်ဖြောင် ဘေးကွဲ တရုတ်ဂါဂန် အသစ်ကလေးမှာ သူ့ကခန္ဓာကိုယ်နှင့် လိုက်ဖက် လှသည်။
"မောင့်ကို စောင့်ခိုင်းထားရသလို ဖြစ်နေပြီနော်" ဟု သူက ပြောသည်။

"စူဇီ... မင်းသိပ်လှတာပဲကွယ်၊ မောင်တော့ ဂုဏ်ယူလို့မဆုံးတော့ဘူး၊ မောင်တို့ နှစ်ယောက်ဟာ အရေးကြီးတဲ့ စုံတွဲဖြစ်ချင်လိုက်တာ၊ ဒါမှ လူတွေကလည်း ကြိတ်ကြိတ် တိုးပိုင်းကြည့်၊ သတင်းရုပ်ရှင်ကားတွေလည်း ရိုက်လို့"
"မကြိုက်ဘူး၊ တခြားဘယ်သူတွေ ရှိနေတာကိုမှ ကျွန်မ မကြိုက်ဘူး"
"တစ်ကမ္ဘာလုံးက မင်းကို မြင်စေချင်တယ်၊ မင်းဘယ်လောက် လှတယ်ဆိုတာ လူတိုင်း မြင်စေချင်တယ်၊ ယောကျ်ား တွေအားလုံးက မင်းကို လိုစေချင်တယ်၊ ပြီးတော့မှ မင်းကို မောင် ပိုင်တဲ့အတွက် သူတို့ မရနိုင် တော့ဘူး ဆိုတာကိုလည်း သိစေချယ်တယ်"
သူ့အတွက် သစ်ခွပန်းသုံးပွင့် ကျွန်တော် ဝယ်ခဲ့သည်။ ထိုပန်းသုံးပွင့်ကို သူ့အင်္ကျီပေါ်မှာ ထိုးပေးလိုက်သည်။ အလှက ပို၍ပင် ဂင့်ကြွားလာသယောင် ထလိုက်ရသည်။ အပြင်ထွက်လာပြီး ဆိုက်ကားစီးကာ ကောင်စစ်ဝန်ရုံးသို့ လာကြသည်။

သူ့ကိုယ်မှ ရေမွှေးနံ့သည် ကျွန်တော့်နာခေါင်းမှာ ယဉ်ပါးနေပြီ ဖြစ်သော သူ့ဆံပင်နံ့ကလေးနှင့် ရောပြီး လွင့်ပါးလာသည်။ သူ့လက်တစ်ဖက်ကို ကျွန်တော် ဆုပ်ထားသည်။ သူ့စိတ်ထဲမှာ လှုပ်ရှားနေကြောင်း၊

လက်ကို ကိုင်ကြည့်ခြင်းအားဖြင့် သိသာပါသည်။ စိတ်လှုပ်ရှားနေလွန်းသောကြောင့် သူ စကားတစ်ခွန်းမှ မပြော နိုင်တော့ပါ။

ကောင်စစ်ဝန်ရုံးထဲသို့ ကျွန်တော်တို့ ဝင်ခဲ့ကြသည်။ ထိုသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်တည်း သူ့အမူအရာ ချက်ချင်း ပြောင်းလဲသွားပြန်သည်။ ရင်ကိုကော့၊ ခေါင်းကို မော့ထားသည်။ မျက်နှာ အမူအရာက အလွန်တရာငြိမ်နေပြန်သည်။ ဘယ်လိုမှ နားမလည် နိုင်တော့။ အကဲဖမ်း၍ မရနိုင်တော့။ သူ့ကို ယခု ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်မည်ဆိုလျှင် သူ့စိတ်ထဲမှာ ဘာတွေ ခံစားနေရသည်ကို မည်သည့်နည်းနှင့်မျှ ကျွန်တော် ခန့်မှန်းနိုင်မည် မဟုတ်ပါ။

ကျွန်တော်တို့ နှစ်ယောက်ကို မြင်တော့ ကောင်စစ်ဝန်ကြီး အတော်ဝမ်းသာသွားသည်။ ကျွန်တော်တို့ ပြန်လာတော့မည် မဟုတ်ဟု သူ ထင်သည်။ ထင်သည့်အတိုင်း ပြန်မလာလျှင် အရေးကြီးသည့် လူမှုရေး လုပ်ငန်းကြီး တစ်ခုကို သူ ဆောင်ရွက်ပေးခွင့်မရတော့ဘဲ လက်လွတ်ဆုံးရှုံးရတော့မည်ဟု ထင်နေသည်။ ယနေ့ မွန်းလွဲပိုင်းတွင် ဟောင်ကောင်ဘုရင်ခံ မကာအိုသို့ လာဖို့ ရှိသည်။ ဘုရင်ခံရောက်လာလျှင် မည်သည့် နည်းနှင့်မျှ သူ အချိန်မပေးနိုင်တော့။

"ကောင်းတယ်၊ အားလုံးအဆင်သင့်ဖြစ်ပြီ မဟုတ်လား"

ထိုင်နေရာမှ သူ မတ်တပ်ထရပ်သည်။ ထိုင်လျက်နှင့် လက်ထပ်ပေးရခြင်းသည် မလေးမစားပြုမူရာ ရောက်သည်ဟု သူ တွေးထင်ပုံရသည်။ သူ့နှုတ်ခမ်းမွေးသည် ချွေးများနှင့် ပြောင်ချောနေသည်။ ရှပ်အင်္ကျီမှာလည်း ချွေးတွေရွှဲနေသည်။

သူနှင့် မျက်နှာချင်းဆိုင်မှာ ကျွန်တော်တို့နှစ်ယောက် ရပ်ကြသည်။ မျက်နှာကျက်မှ ပန်ကာက တကျည်ကျည် မြည်နေပြီး ပြုတ်ကျလာတော့မလားဟု ထင်ရသည်။

ကျွန်တော်တို့ နောက်မှာ သက်သေနှစ်ယောက် ရပ်နေကြသည်။ တစ်ယောက်က မစ္စရှုဂရော်နီ။ နက်မှောင်သည့် ဆံပင်တွေက သူ့ပခုံးပေါ်မှာ ဝဲကျနေသည်။ လည်ပင်းမှာ ရွှေလက်ဝါးတိုင်ကလေးကို ဆွဲထား သည်။ အင်္ဂလိပ်တရုတ်ကပြား မျက်နှာဖြူဖြူကလေးက ချောမောလှပသည်။

နောက်တစ်ယောက်က တက်ရိုစ်။ ဆင်းရဲမွဲတေပြီး လမ်းပေါ်မှာ လေလွင့်နေသော အင်္ဂလိပ်လူမျိုးတစ်ယောက် ဖြစ်သည်။ လမ်းပေါ်မှာ ကျွန်တော်တို့နှင့်တွေ့တိုင်း သူ့ဘဝ အကြောင်းကံနည်းလှသည့်အကြောင်းကို မမောနိုင် မပန်းနိုင် ပြောပြလေ့ရှိသည်။ ကျွန်တော်တို့ လက်ထပ်ရာတွင် သက်သေ အဖြစ် လိုက်ပေးပါက ဒေါ်လာနှစ်ဆယ်ပေးမည် ဟု ကျွန်တော် ပြောထားသည်။

ကောင်စစ်ဝန်ကြီးက ထုံးတမ်းစဉ်လာအတိုင်း လက်ထပ်မင်္ဂလာပွဲ အကြောင်း ပြောပြနေသည်။ သူ့မှာ အတွေ့ အကြုံမရှိသဖြင့် မသက်မသာဖြင့် ပြောနေရမှန်း သိသာလှသည်။ သူ လုပ်နေသည်မှာ နေရာမှ ကျပါလေရဲ့ လားဟုလည်း မသေချာသလို ဖြစ်နေသည်။

ကျွန်တော်တို့က မေးခွန်းများကို ထုံးစံနှင့်အညီ ဖြေကြသည်။

ကျွန်တော်က ရွှေလက်စွပ်ကလေး တစ်ကွင်းကို စူဇီလက်မှာ စွပ်ပေးလိုက်သည်။ သူ အံ့အား

သင့်သွားသည်။ သူနှင့် ကျွန်တော် အချိန်အကြာကြီး အတူနေခဲ့ကြသော်လည်း လက်စွပ် အကြောင်းကို လုံးဝဖွင့်မပြောခဲ့။ ယခု သူ့လက်ကို ဆွဲယူပြီး ကျွန်တော် စွပ်ပေးနေ ကြောင်း သူသိသည်။ သူ့ မျက်ရည် မဆည်နိုင်တော့ပါ။ ဂမ်းသာလွန်းသဖြင့် ကျရသည့် မျက်ရည်များ ကန်ဘောင်ကျိုး ကျသလို ဒလဟော စီးဆင်း လာလေတော့သည်။

ထို့နောက် ကျွန်တော်တို့ လက်မှတ်ရေးထိုးကြသည်။ စုဇီက မျက်လုံးမှ မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက်ပြီး လက်မှတ်ထိုးသည်။ ဝေါင်းမီလင်းဟူသော အမည်ကို တရုတ်ဘာသာဖြင့် ရေးသည်။ နောက်ဆုံး စုဇီဝေါင်းအမည်ကို အင်္ဂလိပ်လို ရေး သည်။

"အင်း... သတို့သမီးက အရမ်း စိတ်လှုပ်ရှားနေတာကိုး" ဟု ကောင်စစ်ဝန်ကြီးက ပြောသည်။ သူ့လုပ်ငန်းအောင်မြင်သွားပြီ ဖြစ်သောကြောင့် ပြုံးနိုင်ရယ်နိုင်လည်း ရှိလာ သည်။

"ဟုတ်တာပေါ့လေ၊ ဒီအချိန်မှာ မိန်းကလေးတိုင်း စိတ်လှုပ်ရှားကြတာပဲ၊ ကြည့်ပါလား၊ သူ့နာမည်က (Z)စာလုံးကို တောင် ပြောင်းပြန်ရေးမိနေပြီ" ဟု ဆက်ပြော သည်။

"ဒါဟာ သူ့ရဲ့ ကိုယ်ပိုင်အမှတ်တံဆိပ်ပါခင်ဗျာ၊ (Z) စာလုံးကို သူ အတည်ရေးတဲ့နေ့မှာ သူ့ကို ကျွန်တော် ကွာရှင်းပစ်မှာပါပဲ"ဟု ကျွန်တော်က ဂင်ပြောရ သည်။

"ကဲ... မင်းတို့ကို ခပ်မြန်မြန် နှင်ထုတ်ရမလို ဖြစ်နေပြီ၊ ကျုပ်မှာက အလုပ်ရှိနေပြန်ပြီ မဟုတ်လား၊ ဒါပေမဲ့ မင်းတို့ ကံကောင်းကြဖို့ အတွက်တော့ ကျုပ် ဆုတောင်းရမယ်"

အံဆွဲကို ဖွင့်ပြီး ပေါ်တူဂီ ဝိုင်အရက်တစ်ပုလင်း ဆွဲထုတ်လိုက်သည်။ သူ၏ အလိုက် သိတတ်မှု၊ ဩ့ဂုတ်ကျေပွန်မှု၊ ကြင်နာသနားတတ်မှုကြောင့် ကျွန်တော် နေမထိ ထိုင်မသာ ဖြစ်သွားသည်။ စိတ်ထဲမှာလည်း ကျေးဇူးတင်မဆုံး ဖြစ်သွားမိသည်။

ပုလင်းဖုံးကို သူ ဖွင့်လိုက်သည်။ မစ္စရှူဂရော်နီ ယူလာပေးသည့် ဖန်ခွက်များထဲသို့ ငှဲ့ထည့်ပေးသည်။ ကျွန်တော်တို့ အားလုံး ခွက်မြှောက်ချိန်တွင် သူက ဆုတောင်းစကား ပြောသည်။

"မင်းတို့နှစ်ယောက် အင်မတန် ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေလို့ လှိုက်လှိုက်လှဲလှဲ ဆုတောင်းပါတယ်၊ မင်းတို့နှစ်ယောက်ဟာ အင်မတန်ကို ရှေ့သွားနောက်လိုက် ညီပါပေတယ်၊ ဒီစကားကို အခုမှ ကျုပ်ပြောတာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ မင်းတို့ နှစ်ယောက်ဟာ အင်မတန် ရှေ့သွားနောက်လိုက် ညီပေတာပဲ"

ထိုစကားကို သူ လှိုက်လှိုက်လှဲလှဲ ပြောသည်။ ထပ်ခါတလဲလဲ ပြောသည်။

"ကျုပ် အမှန်အတိုင်း ပြောတာပါ၊ မင်းတို့နှစ်ယောက် ကျုပ်နဲ့ ပထမဆုံး အခေါက လာတွေ့ပြီးတဲ့နောက် မစ္စရှူဂရော်နီကို ကျုပ် ပြောပြဖူးတယ်၊ ကျုပ် ဘာပြောတယ်ဆိုတာ မစ္စရှူဂရော်နီက မောင်တို့ကို ပြောပြ ပါလိမ့်မယ်၊ ကဲ... မစ္စရှူဂရော်နီ၊ သူတို့နှစ်ယောက်နဲ့ ပတ်သက်ပြီး မင်းကို ကျုပ် ဘာပြောဖူးသလဲ"

"ဟုတ်ကဲ့၊ သူတို့နှစ်ယောက် နေနဲ့လ ရွှေနဲ့မြလိုပဲ အင်မတန် ရှေ့သွားနောက်လိုက် ညီပါပေတယ်လို့ ပြောပါတယ်ရှင်"

မစ္စရှူဂရော်နီက ခပ်ဂဲဂဲကလေး ပြောသည်။

"အမှန်ပဲ... အမှန်ပဲ၊ မင်းတို့နှစ်ယောက်ဟာ နတ်ဖက်တဲ့အတွဲပဲ၊ မင်းတို့ကို ပထမဆုံး အခေါက် စမြင်လိုက် ကတည်းက ကျုပ်သိတယ်၊ ကဲ... မင်းတို့အတွက် ထပ်ပြီး ဆုတောင်းကြဦးစို့"

စူဇီသည် သူ့လက်မှ လက်စွပ်ကို မသိမသာ ခိုးကြည့်နေသည်။ မစ္စရှုဂရော်နီက စူဇီကို အားကျနေပုံရသည်။ တက်ရှိစ်က အကွက်ချောင်းသလို ကောင်စစ်ဝန်ကြီးကို ကြည့် နေသည်။ အကွက်ပေါ်သည်နှင့် တစ်ပြိုင်တည်း သူဘယ်လောက် ကံဆိုးကြောင်း၊ ဘယ် လောက် ဒုက္ခရောက်နေကြောင်းများကို စက်သေနတ်ပစ်သလို မရပ်မနား ပြောဆိုလေတော့သည်။

"အဘိုးကြီး၊ ခင်ဗျားဟာတွေ ထားလိုက်စမ်း၊ ကျုပ်ကို ဒါတွေလာပြောပြနေလို့ လည်း အပိုပဲ၊ ကဲ... လင်မယားအသစ်ကျပ်ချွတ်ကလေး၊ ကျန်တဲ့ထက်ဂက် ကုန်အောင် ရှင်းလိုက်ကြဦးစို့"

ကျွန်တော်တို့၏ ဖန်ခွက်များထဲသို့ ပုလင်းလက်ကျန် ဝိုင်အရက်များကို အကုန်သွန် ထည့်ပေးသည်။ ကျွန်တော်က အကုန်သောက်လိုက်သည်။ သို့သော်လည်း အရက်မကြိုက်တတ်သည့် စူဇီအဖို့ ခက်နေ သည်။ ထို့ကြောင့် ပြောင်သွားသော ကျွန်တော့် ခွက်နှင့် သူ့ခွက်ကို လဲလိုက်သည်။

ကောင်စစ်ဝန်ကြီးက ရုံးပေါက်ဝရောက်အောင် ကျွန်တော်တို့ နှစ်ယောက်ကို ပျူပျူ ငှာငှာ လိုက်ပို့ပေးသည်။

"ကျုပ်လက်ထပ်ပေးလိုက်တာ အမှားအယွင်းမပါဘူးလို့ ထင်ရတာပဲ၊ ဒီအလုပ်မျိုး မလုပ်ဖူးတော့ စိတ်ထဲမှာ မနေတတ် မထိုင်တတ်သလို ဖြစ်နေတယ်၊ တကယ်လို့ ကျုပ်လုပ်တဲ့အထဲမှာ တစ်ခုခု အမှား အယွင်း ပါသွားရင်တော့ မောင်တို့ လက်ထပ်တာဟာ အထမမြောက်ဘူးလို့ ဆိုရတော့မှာပဲ"

တက်ရှိစ်က ကျွန်တော်တို့ ထွက်သွားပြီးသည့်နောက်တွင် သူ့ကို အမိဖမ်းရန် အကွက်ချောင်းနေဆဲပင် ဖြစ်သည်။ မစ္စရှုဂရော်နီက တစ်စုံတစ်ရာကို ရုတ်တရက် သတိရလိုက်သည့်အလား သူ့စားပွဲရှိရာသို့ ပြေးသည်။ ပြီးတော့ ချက်ချင်း ပြန်လာသည်။

"ဒီဟာလေးဟာ ဘယ်လောက်မှ အဖိုးမတန်ပါဘူးရှင်၊ အဖိုးမတန်ရုံမကဘူး၊ အသစ်လည်း မဟုတ်ပါဘူး၊ သုံးပြီးသားပါ၊ ဒါပေမဲ့လောလောဆယ် ကျွန်မမှာ လက်ဖွဲ့ စရာဆိုလို့ ဒါပဲရှိပါတယ်၊ ကျွန်မရဲ့ လက်ဖွဲ့ ပစ္စည်းအဖြစ်နဲ့ လက်ခံပါနော်၊ နောက်တော့မှ လွှင့်ပစ်ချင်လည်း လွှင့်ပစ်ပါ"ဟု ပြောရင်း ရွှေရောင် ပေါင်ဒါဘူးလေးကို စူဇီ၏ လက်ထဲသို့ ထိုးထည့်ပေးသည်။

ကောင်စစ်ဝန်ရုံး၏ အပြင်ဘက်သို့ ကျွန်တော်တို့ ရောက်လာကြပြီ။ တက်ရှိ့စ်က ပါးစပ်မှ မြည်တွန်တောက်တီးနေသည်။ ကောင်စစ်ဝန်ကြီးက သူ့ကို စော်ကားမော်ကား လုပ်သည်ဆိုကာ ဝမ်းနည်း ပက်လက် ဖြစ်နေသည်။

"ဒီကောင်ကြီးဟာ ကောင်စစ်ဝန် ဖြစ်နေလို့သာပေါ့၊ ကောင်စစ်ဝန်သာ မဟုတ်ရင် ကျုပ်ဖိနပ်ကို လျှာနဲ့ ကုန်းလျက်လောက်အောင်တောင် တန်ဖိုးရှိမှာမဟုတ်ဘူး" ဟု ပြော နေသည်။

ကျွန်တော်က သူ့လက်ထဲသို့ နှစ်ဆယ့်ငါးဒေါ်လာ ထည့်ပေးလိုက်သည်။ မူလသဘော တူညီထားသည်ထက် ငါးဒေါ်လာ ပိုပေးလိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း သူ သတိထားမိပုံမရပါ။

"ခင်ဗျား ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ" ဟု ကျွန်တော်က ပြောပြီး အသင့်စောင့်နေသော ဆိုက်ကားပေါ်တက်ကာ စူဇီဘေးမှာ ထိုင်သည်။ ဆိုက်ကားသမားကခြေနင်းပေါ်မှာ တစ်ကိုယ်လုံး အလေးချိန်ရအောင် မတ်တပ်ရင်း နင်းပြီး ထွက်လာခဲ့သည်။ နောက်ပြန်ကြည့်တော့ အနားမှာ ကျွန်တော်တို့ `ဂ္ဂိုနေသေးသည် အထင်ဖြင့် စကားပြောနေဆဲဖြစ်သော တက်ရှိ့စ်ကို မြင်ရသည်။

ဘီကိုဒါ ဖယ်လီစီဒါဒီ ဟိုတယ်သို့သွားကာ နေ့လည်စာ မှာလိုက်သည်။ ထိုဟိုတယ်ရှိ လမ်းကို ရှင်ပျော်ပျော်

လမ်းဟု အမည်ပေးထားသည်။

ထိုဟိုတယ်သည် ခိုကြော်ကောင်းကြောင်း နာမည်ကြီးသည်။ ပေါ်တူဂီ ဝိုင် အကောင်းစားကိုလည်း ဈေးပေါပေါနှင့် ရနိုင်သည်။ လှေကားကျဉ်းကျဉ်းကလေးအတိုင်း ကျွန်တော်တို့ တက်လာကြပြီး အခန်းတစ်ခုထဲမှာ နေရာယူသည်။ အခန်းပတ်လည်တွင် မှန်အချပ်ပေါင်းများစွာ ချိတ်ဆွဲထားသည်။ မှန်များ အားလုံးမှာ အရုပ်များ၊ စာများ ရေးထား သည်။ မှန်များကို ထိုသို့ ချိတ်ဆွဲထားခြင်းအားဖြင့် လာဘ်ကောင်း ကြောင်း တရုတ်လူမျိုးများ အယူအစွဲရှိကြသည်။

စားပွဲထိုးတစ်ယောက်က ရေနွေးနှင့်ပေါင်းထားသော မျက်နှာသုတ်ပဝါများကို ဗန်းပေါ်မှာတင်ပြီး ယူလာသည်။ ပိုးသတ်ဆေးအနံ့က တထောင်းထောင်းထွက်နေသည်။ မျက်နှာသုတ်ပဝါကို တူနှင့်ညှပ်ပြီး ကျွန်တော်တို့ကို တစ်ထည်စီပေးသည်။ လက်နှင့် မျက်နှာများကို သုတ်ကြသည်။ ပန်းကန်ထမြှာ ရေနွေးကြမ်း ထည့်ပေးပြီး မျက်နှာသုတ်ပဝါများကို ပြန်ယူသွားသည်။
ပန်းကန်ပြားကလေးထဲမှ ကွာစေ့လှော်များကို နှိုက်စားရင်း အစားအသောက်များကို ကျွန်တော်တို့ စောင့်နေကြသည်။ ပတ်လည်က မှန်များထဲမှာ စူဇီ၏ အရိပ်များ ပေါ်နေသည်။ စားပွဲပေါ်မှာ သူ့လက်ကလေး ကို ဟန်မပျက် တင်ထားရင်း လက်စွပ်ကို မကြာခဏ လှမ်းကြည့်နေသည်။

"ပတ်လည်က မောင့်မယားတွေကို ကြည့်လိုက်စမ်းပါဦး၊ ဒီမနက်ပိုင်းမှာ ပင်ပင်ပန်း ပန်း ဘာတစ်ခုမှ မလုပ်ခဲ့ပရသလိုဘဲ" ဟု ကျွန်တော်က ပြောရင်း မှန်များထဲမှာ ပေါ်နေသည့် သူ့ အရိပ်များကို မေးငေါ့ ပြသည်။
"မောင့်မယားတွေ အကုန်လုံးကို လက်စွပ်တွေ အစေ့အင ပေးတာပဲလားဟင်" ဟု စူဇီက ပြန်မေးသည်။
"အိုး... ဟုတ်တာပေါ့၊ မောင့်မယားတွေကို တန်းတူပဲ မောင်ထားတယ်၊ ဘယ်သူမှ မလျှော့ရဘူး"
"သူတို့အားလုံးအတွက် လက်စွပ်တွေ အများကြီးဝယ်ရတော့ ပိုက်ဆံတွေ အများကြီး ကုန်မှာပေါ့"

"မှန်တွေ အများကြီး ချိတ်ထားတဲ့ဆိုင်ထဲမှာ မောင်သွားဝယ်တာ၊ ပိုက်ဆံတွေကလည်း မှန်တွေထဲမှာ အများကြီး ဖြစ်သွားတာပေါ့"
"တစ်ခုပြောရဦးမယ် မောင်ရယ်၊ ကျွန်မတို့ တကယ်လက်ထပ်လိုက်ကြပြီဆိုတာ မယုံနိုင်သလို ဖြစ်နေတယ်"
"မောင်သိပါတယ်၊ တစ်မျိုးတော့လည်း ရယ်စရာပေါ့၊ စိတ်ထဲမှာ တစ်မျိုး ဖြစ်နေတတ်တယ်၊ လူတိုင်း ဒီလိုခံစားကြရတာပဲ"
"မောင်ဟာ တကယ်ပဲ ကျွန်မရဲ့ ယောက်ျား ဖြစ်သွားပြီလားဟင်"
"ဟုတ်တယ်လေ၊ မောင့်ဆီမှာ လကထပ်စာချုပ် ရှိနေပြီပဲ၊ သက်သေခံ အထောက်အထားကို မောင်ပြ နိုင်နေပြီ"

"မောင်က ပြောပြရင်တော့ ကျွန်မ ယုံမှာပါပဲ၊ စူဇီ... မောင်ဟာ မင်းရဲ့ တရားဝင် ယောက်ျားပဲလို့ ကျွန်မကို မောင်ကိုယ်တိုင် ပြောပြစမ်းပါကွယ်"
"စူဇီ.. မောင်ဟာ မင်းရဲ့ တရားဝင်ယောက်ျား ဖြစ်သွားပြီလေ၊ မင်းဟာလည်း မောင် အင်မတန်ချစ်တဲ့ မောင်ရဲ့ ဇနီးချောကလေး၊ မယားအလှကလေးပေါ့၊ အဲဒီဂါဝန်ကလေး မင်းဝတ်ထားတာ မောင် သိပ်သဘော ကျတာပဲ၊ မောင့်စိတ်ထဲမှာ စိတ်ကူးတစ်မျိုး ပေါ်လာတယ်၊ မောင်တို့နှစ်ယောက် အခု တရားဝင်

လက်ထပ်ပြီးကြပြီ ဆိုတော့ မရေမရာတွေလည်း စိတ်ကူးနေဖို့ မလိုတော့ဘူးပေါ့"
"အဲ... အခုချိန်ကစပြီး ကျွန်မနဲ့ အတူတူ မအိပ်ချင်ဘူးဆိုရင်လည်း မအိပ်ပါနဲ့၊ ကျွန်မကတော့ အဖတ်လျှော်၊ ထမင်းချက်နဲ့ အိမ်မှုကိစ္စတွေပဲ လုပ်ပေးမယ်၊ အဲဟို မိန်းမတွေနဲ့ မောင် အတူတူ သွားအိပ်ပါနော်"

"အောင်မယ်လေး... ဒါလောက် မိန်းမတွေ အများကြီးနဲ့ ဘယ်ဖြစ်ပါ့မလဲကွယ်"
"ဘယ်မိန်းမကို မောင် အကြိုက်ဆုံးလဲ၊ အဲဟို မုန်အပိုင်းထဲက မိန်းမကို ကြိုက်သလား"
"မကြိုက်ဘူး၊ သူက ကိုင်လို့တွယ်လို့ ရတာမဟုတ်ဘူး၊ ဟောဒီ စားပွဲမှာ ထိုင်နေတဲ့ မယားကိုပဲ မောင် အကြိုက်ဆုံး၊ သူနဲ့ပဲ နေတော့မယ်"
ထိုနေ့ညနေက ကေးထံမှ ကြေးနန်းရောက်လာသည်။ ခုတင်နေရာရရေးနှင့် ပတ်သက်ပြီး လွန်ခဲ့သည့် သုံးရက်က ကျွန်တော် ကြေးနန်းရိုက် စုံစမ်းသည်ကို အကြောင်း ပြန်ခြင်းဖြစ်သည်။ တစ်ပတ်အတွင်း နေရာအားနိုင်သည်ဟု ဆိုသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကို သူ မမေ့မသွားသေးကြောင်း သိရသဖြင့် စိတ်အေးသွားရပါသည်။ နောကထပ် တစ်ပတ်လောက် ဆက်ပြီး အေးအေးဆေးဆေး နေနိုင်ကြဦးမည် ဖြစ်သဖြင့် လည်း စိတ်ချမ်းသာသွားပါသည်။ ဆေးရုံသို့ ချက်ချင်း တန်းမတက်ရဘဲ စိတ်အေး ချမ်းသာ အနား ယူနိုင်မည်။ စုဇီ၏ အခြေအနေသည် ချက်ချင်းလက်ငင်း ဆေးရုံပြန်တက်ရန် လိုအပ်သည့် အခြေအနေ လည်း မဟုတ်ပါ။

ဘာပဲဖြစ်ဖြစ် သူ့ကို ကောင်းကောင်း နားခိုင်းသည်။ ညဘက်တွင် စောစော အိပ်ရာ ဝင်သည်။ လက်ရွေးစင်စာအုပ် တော်တော်များများ ကျွန်တော် ယူလာခဲ့သည်။ သို့သော်လည်း လက်မထပ်မီတုန်းက စုဇီ၏ စိတ်တွေ မတည်ငြိမ်သောကြောင့် စာမဖတ်နိုင်ခဲ့ပါ။ ယခုတော့ သူ့စိတ်များလည်း တည်ငြိမ်လာပြီမို့ ကျွန်တော်တို့ စာကောင်းကောင်း ဖတ်နိုင်ကြသည်။
ကျွန်တော် ဖတ်ပြသည်များကိုလည်း အလွန်စိတ်ဝင်စားစွာ သူ နားထောင်သည်။ ပြီးတော့ စာအုပ်အကြောင်း ဆွေးနွေးကြသည်။ စာအုပ်ပါ အကြောင်းအရာနှင့် ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ကြသည်။ လူတို့၏ ကျင့်ဝတ်တရားများနှင့် ပတ်သက်ပြီး ကျွန်တော်တို့ အများကြီး ဆွေးနွေး ဖြစ်ကြသည်။

ဘက်တီလောင်းနှင့် သူ ရန်ဖြစ်သည့် အကြောင်းကိုလည်း ကျွန်တော်တို့ ပြန်ဆွေး နွေးကြသည်။ ဘက်တီကို ကတ်ကြေးနှင့် သူ ထိုးသောကြောင့် ထောင်ကျခဲ့သော်လည်း သူ နောင်တမရသည်ကို တွေ့ရသည်။ ထိုသို့ ပြုလုပ်ခြင်းသည် မှားယွင်းကြောင်း သူ လက်မခံနိုင်အောင် ဖြစ်နေသည်။
"ဒီထက်ပိုနာအောင် ထိုးပစ်သင့်တယ်လို့ အခုအထိ ကျွန်မ ယုံကြည်နေတုန်းပဲ၊ ဘာကြောင့်လဲဆိုတော့ သူ ခံကို ခံသင့်တယ်၊ ထိုက်ထိုက်တန်တန် ခံရတာပဲ" ဟု ပြော သည်။
"အခုအထိ မင်း သဘောမပေါက်နိုင်သေးပါလား စုဇီရယ်"

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ သူဟာ မောင်နဲ့အတူ အိပ်ခဲ့ဖူးတယ်၊ မောင်နဲ့ ဆက်ဆံတဲ့ မိန်းကလေးတိုင်းအပေါ်မှာ ကျွန်မ သဝန်တိုတယ်"
"မင်းနဲ့ ဆက်ဆံတဲ့ ယောကျ်ားတွေအပေါ်မှာ မောင်က အဲဒီလို သဝန်မတိုမိတာ ခပ်ကောင်းကောင်းပဲ ဖြစ်နေသေးတော့တယ်"
"မောင်ဟာ အခုထက်ထိ အချစ်အကြောင်းကို သဘောမပေါက်သေးဘူး၊ နားမလည်သေးဘူး၊

ယောက်ျားတွေနဲ့ ကျွန်မ ဆက်ဆံတာက ဒါနဲ့ မတူဘူးလေ"
ထိုအကြောင်း စကားစပ်မိတိုင်း အနည်းဆုံး နစ်နာရီလောက်ကြာအောင် စကားကြော ရှည်တတ်ကြစမြဲ ဖြစ်သည်။ အမြင်ချင်း ကွဲလွဲနေစမြဲဖြစ်သည်။

လက်ထပ်ပြီးသည့် နောက်ပိုင်းတွင် ကျွန်တော် ပန်းချီလည်းကောင်းကောင်း ဆွဲနိုင်လာသည်။ ကျွန်တော်တို့ အခန်းသည် အလင်းရောင် လုံလုံလောက်လောက် ရသည့် အခန်းတော့မဟုတ်ပါ။ နမ်ကောက်မှာ ကျန်ရစ်ခဲ့သည့် ကျွန်တော့်အခန်းမှ လသာဆောင် ကလေးကို လွမ်းမိပါသည်။
သို့သော်လည်း စိတ်လက်ကြည်လင်ချမ်းမြေ့နေသောကြောင့် အခန်းနေရာ ကောင်း မကောင်းသည် အကြောင်း မဟုတ်တော့ပါ။ ဒါတွေကို ဂရုစိုက်မနေတော့ပါ။
မကာအိုဟိုတယ်ရှိ အိပ်ခန်းကလေးထဲမှ ကျွန်တော် ဆွဲခဲ့သော စူဇီ၏ ပုံတူပန်းချီ ကားသည် ကျွန်တော် ရေးဆွဲခဲ့ဖူးသမျှသော ကားများ အားလုံးအနက် အကောင်းဆုံးကား ဖြစ်သည်ဟု ကျွန်တော် ယခုတိုင် ယုံကြည်နေပါသည်။

ထိုကားကို ကျွန်တော်တို့ လက်ထပ်ပြီး သုံးရက်မြောက်နေ့ မွန်းလွဲပိုင်းမှာ စတင်ရေးဆွဲခြင်း ဖြစ်သည်။
တွန့်ကြေနေသော အိပ်ရာပေါ်မှာ သူ လဲလျောင်းနေသည်။ သူလဲလျောင်းနေပုံကိုလည်း အရိုးအသားတွေ ကျိုးကြေနေသလိုရှိသည်။ အမြင့်ကြီးမှ ကျလာသလို ရှိသည်။ လှုပ်ရှားလိုစိတ်လည်း ရှိပုံမပေါ်ပါ။ သူ့တစ်ကိုယ်လုံး အရိုးအသားတွေ ကျိုးကြေသွားသည့်အတွက်လည်း ကျေနပ် နစ်သက်နေပုံမျိုး ဖြစ်သည်။ ရင်သားများသည် သားသည်အမေ၏ ရင်သားများကဲ့သို့ မိခင်နို့ရည်ဖြည့် ပြည့်တင်းကာ မိန်းမပီသသော ခံစားမှုအရိပ်အရောင်များကလည်း ဖြာထွက်နေသည်ဟု ထင်မှတ်ရသည်။

ကျွန်တော် ဆွဲချင်သည့် အနေအထားကလည်း သည်အတိုင်းပင် ဖြစ်ပါသည်။ သို့သော်လည်း သူ့ကို ကျွန်တော် ကြည့်နေဆဲမှာပင် အမူအရာ ပြောင်းသွားသည်ကို သတိ ထားလိုက်မိသည်။
ကျွန်တော် အကျေနပ်ကြီး ကျေနပ်သွားပါသည်။ ကျွန်တော် ရေးဆွဲဖို့ ရည်စူးထား သည့် ပုံဟန်ပျက်သွားသည်မှာ မှန်ပါသည်။ ယခုပေါ်လာသည့် အမူအရာက သူ့အပေါ်တွင် ကျွန်တော်က အနိုင်ရလိုက်သလို၊ အနိုင်ရလိုက်သော ကျွန်တော့်ကို သူက အားခံကြည့် ကလေးဖြင့် ပြန်ကြည့်နေသလို၊ အားခံကြည့်ကလေးဖြင့် ကြည့်နေရုံသာမက "ကောင်းပြီလေ၊ ကျွန်မကို ရှင် အနိုင်ရသွားတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မက ရှင်နိုင်တာကို ခံချင်လို့ ဒီဘဂရောက်သွားတာပါ၊ ပြီးတော့ တစ်မိနစ်လောက် ကျွန်မရဲ့ ကျိုးကြေသွားတဲ့ အရိုးအသားတွေကို ဆက်ပြီး ထိန်းထားနိုင်မယ်ဆိုရင် ကျွန်မ လွတ်လပ် သွားပြီ"ဟုလည်း နှုတ်ဖျားမှ စကားလုံးများ ထွက်လာသလို ထင်မှတ်ရသည်။

ထိုပုံကိုပင် ကျွန်တော် စိတ်ရှိလက်ရှိ ရေးဆွဲပစ်လိုက်မိတော့သည်။
လောင်းကစားဝိုင်းတွေမှာလည်း ကျွန်တော်တို့ အချိန်သွားဖြုန်းကြသည်။ ကစားဝိုင်းထဲမှာ မထိုင်ချင်လျှင် ကားစီနိုစားပွဲကြီးကို စီးမြင်နေရသည့် အပေါ် ဆောင်များမှာ ထိုင်နိုင်သည်။ ကိုယ်ထိုးလိုသည့် ဂဏန်းပေါ်သို့ ပိုက်ဆံကို ကြိုးချည်ထား သော ခြင်းကလေးများနှင့် ချပေးလိုက်ရုံသာ ဖြစ်သည်။

တစ်ခါတရံကျတော့ ဘီကိုဒါဖယ်လီစီဒါဒီဟိုတယ်က ကစားဝိုင်းတွေမှာ သွားကစား သည်။

ထိုကစားပိုင်းများက ဘဂနှင့် ပိုနီးစပ်သည်ဟု ထင်သည်။ ဆင်းရဲသားတွေ၊ ကူလီတွေ၊ ဖိနပ်မှ မစီးနိုင်သူတွေကို တွေ့ရသည်။ ဘိန်းခိုးနံ့တွေကလည်း မွှန်ထူနေ တတ်သည်။ သူတို့ကြားထဲ တိုးဝင်ပြီး ပျော်ပျော် ပါးပါး ကစားကြသည်။

ကျွန်တော်သည် အလောင်းကစားကိစ္စတွင် ကံမလိုက်ပါ။ အမြဲလိုလို ရှုံးလေ့ရှိသည်။ စူဇီကတော့ သည်လိုမဟုတ်။ စနစ်တကျ ကစားသည်။ ထို့ကြောင့်လည်း အမြဲတမ်းလိုလို သူနိုင်သည်။ သို့သော် ဆေးလိပ်ခိုးတွေ၊ ဘီယာနံ့တွေကို သူ မခံနိုင်ပါ။ ထိုအနံ့မျိုးရလျှင် သူ့ကျန်းမာရေးကို ထိခိုက်ချင်သလိုလို ဖြစ်လာသည်။ ထို့ကြောင့် အပြင် ကစားပိုင်းများကို မသွားစေတော့ဘဲ ရံဖန်ရံခါကျမှသာ ကျွန်တော်တို့ ဟိုတယ်ရှိ ကာစီနိုပိုင်းသို့ သွားကစားစေသည်။

ဟောင်ကောင်မှလာသော အင်္ဂလိပ်လူမျိုးများနှင့်လည်း ကာစီနိုပိုင်းမှာ မကြာခဏ တွေ့ရသည်။ ထိုသို့ တွေ့သည့်အခါတိုင်း စူဇီသည် စကားပြောရမှာ နောက်တွန့်နေတတ်သည်။ သူ့စိတ်တွေ လှုပ်ရှားနေတတ်စမြဲပင် ဖြစ်သည်။ ထို့ကြောင့် -
"ငါ့မှာ ဘာမှရှက်စရာအကြောင်း မရှိဘူး၊ ငါ ဂုဏ်ယူနေတာပဲ၊ ငါ့မှာလည်း မာနရှိတာပဲ၊ ငါဟာလည်း သူတို့လို လူကောင်းသူကောင်းပဲ၊ ဘာအမှားအယွင်း ရှိတာလိုက် လို့" ဟူသော စိတ်ထားမျိုးမွေးရန် ကျွန်တော်က အားပေးတိုက်တွန်းရပြန်သည်။

"ဒါပေမဲ့ ကျွန်မရှက်တယ် မောင်ရယ်၊ ကျွန်မစိတ်ထဲက တကယ်ရှက်နေရက်သားနဲ့ မရှက်ပါဘူးလို့ ကိုယ့်ဟာကိုယ် ပြန်ပြောရတာ မကောင်းပါဘူး" ဟု သူက ပြန်ပြောသည်။
"ဒီလိုဆိုရင် မင်း မရှက်ဘူးဆိုတာကို စိတ်ကူးကြည့်၊ မရှက်တဲ့အဖြစ်ကို စိတ်ကူး ကြည့်၊ ငါရှက်ချင်လည်း ရှက်နေလိမ့်မယ်၊ မရှက်ဘဲလည်း နေချင်နေမယ်၊ ဒါပေမဲ့တခြားလူတွေ မရှက်တဲ့အခါမှာ ဘယ်လိုများ နေမလဲလို့ စိတ်ကူးကြည့်" ဟု ကျွန်တော်က ပြောသည်။

သည်လိုဖြင့်ပင် အချိန်အနည်းငယ် အတောအတွင်း စူဇီမှာ ဂုဏ်ယူဝင့်ကြွား သည့် မာန်မာနထားသည့် အမူအရာကလေးများကို မြင်တွေ့လာရသည်။ ကျွန်တော့်ကိုလည်း "ကျွန်မယောက်ျား"ဆိုသော အခေါ်မျိုး မခေါ်တော့။ လိုအပ်၍ သုံးနှုန်းရမည်ဆိုလျှင်လည်း ယခင်တုန်းကလို အပေါ်ယံကြောသဘောမျိုး မဟုတ်တော့။ ယုံယုံကြည်ကြည် ခေါ်ခြင်း ဖြစ်သည်။
"ကျွန်မ ယောက်ျားက ပန်းချီဆရာပါ" ဟု တစ်ခါတုန်းက ပြောနေသံကို ကျွန်တော် ကြားလိုက်ဖူးသည်။ အလွန် စပ်စပ်စုစုနိုင်သော အင်္ဂလိပ်မကြီးတစ်ယောက်နှင့် တွေ့ပြီး ထိုမိန်းမကြီးက စပ်စုသောကြောင့် စူဇီက ပြန်ဖြေခြင်းဖြစ်သည်။

"ဟုတ်လား၊ ဘယ်လောက်ကောင်းသလဲနော်၊ ဒါထက် သူက ဘယ်လိုပန်းချီကား တွေ ဆွဲသလဲ"ဟု မေးပြန်သည်။
"အခုပဲ ကျွန်မပုံကို ဆွဲနေတယ်" ဟု စူဇီက ပြန်ဖြေသည်။
"အင်း ဒီအတိုင်း အဝတ်အစားနဲ့တော့ ဟုတ်မယ်မထင်ဘူး၊ ပန်းချီဆရာတွေ အကြောင်း ကျုပ်သိတယ်၊ ခင်ဗျားရဲ့ ဝတ်လစ်စလစ်ပုံကို ဆွဲတာ မဟုတ်လား" ဟု မိန်းမကြီး၏ ယောက်ျားက ဝင်မေးသည်။

"ဟုတ်ပါတယ်ရှင်"

စူဇီပြန်ဖြေလိုက်သော "ဟုတ်ပါတယ်ရှင်"သည် အလွန်တရာ ရိုးသားလှပါသည်။ ပြီးတော့ ဂုဏ်ယူဂင့်ကြွားဟန်လည်း ပါပါသည်။ သူ့မျက်လုံးများသည် အရောင်တောက် နေကြ၏။ ရှက်ရွံ့သော အမူအရာ လုံးဝမရှိ။ ယောကျ်ားကြီးကိုလည်း ဣန္ဒြေရရ ပြန်စိုက် ကြည့်နေသည်။ တကယ်ဆိုတော့ ယောကျ်ားကြီးက သူ့ကို ရွတ်နောက်နောက် လုပ်ချင် သည့်သဘောဖြစ်သည်။ သို့သော် စူဇီ၏ တည်ကြည်သော အမူအရာ၊ လေးနက်သော အမူအရာများကြောင့် ဘာမှဆက်မပြောသာတော့ပေ။

ထိုအချိန်က သူခံစားနေရသည့် ဂုဏ်ယူဂင့်ကြွားသော စိတ်ဓာတ်ကို ကျွန်တော် အလွန်တရာ သဘောကျမိပါသည်။

ကျွန်တော်တို့ တရားဝင်လက်ထပ်ပြီးသည့် အချိန်မှစ၍ ဘယ်တုန်းကနင့်မှ မတူအောင် စူဇီအပေါ်တွင် ကျွန်တော် ယုယကြင်နာမိသည်။ တစ်ပြိုင်တည်းမှာလည်း ပိုင်ဆိုင်လိုစိတ်တွေ ကြီးထွားလာသည်။ ပိုင်ဆိုင်လိုစိတ်တွေ ကြီးထွားလာရာမှ ချုပ်ချယ်မှုတွေ လုပ်ချင်လာသည်။

မျက်စိအောက်မှလည်း အပျောက်မခံနိုင်တော့ပါ။ ကျွန်တော့်အတွက် စီးကရက်ဝယ်ရန် အပြင်ထွက်သွားပြီး ဆယ်မိနစ်အတွင်း ပြန်ရောက်မလာလျှင် အကြီးအကျယ် စိတ်ပူမိတော့သည်။ တစ်စုံတစ်ရာသော ဘေးအန္တရာယ်နှင့် တွေ့နေပြီလားဟု စိုးရိမ်မိသည်။ အခန်းထဲသို့ သူပြန်ဝင်လာလျှင် နှစ်ပေါင်းများစွာ ခွဲခွာနေရပြီးမှ ပြန်တွေ့ရဘိသည့်အလား၊ သို့တည်းမဟုတ် သေရွာမှ ပြန်လာဘိသည့် အလား ဝမ်းသာအားရ ဖြင့် အော်ဟစ်ပြီး ပြေးဆက်မိသည်။

သူနှင့် လက်မထပ်မီတုန်းကတော့ လက်ထပ်ပြီး တစ်ချိန်ချိန်တွင် "ငါမှားပြီ"ဟု နောင်တများ ရနေဦးမလားဟု တစ်ခါတရံ အတွေးပေါ်ခဲ့ဖူးသည်။ ယခုလက်တွေ့တွင်တော့ ထိုသို့ မဟုတ်တော့ပါ။ သူနှင့် ပတ်သက်လာလျှင် မနာလိုစိတ်တွေ၊ သဝန်တိုစိတ်တွေပင် ပေါ်လာလေတော့သည်။

ကျွန်တောတို့ အထပ်မှ အခန်းစောင့် အာနတ်သည် ယခင်တုန်းက စူဇီနှင့်တွေ့လျှင် ထွေရာလေးပါး စကားပြောသည်။ အခြားယောကျ်ား တစ်ယောက်ယောက်နှင့်လည်း ဆွယ်တတ်သည်။ ထိုအဖြစ်သည် ကျွန်တော့်အတွက် ပျော်စရာကလေးတစ်မျိုး ဖြစ်ခဲ့သည်။ ရယ်စရာတစ်မျိုး ဖြစ်ခဲ့သည်။

ယခုတော့ ကျွန်တော် မပျော်နိုင်တော့ပါ။ မရယ်နိုင်တော့ပါ။ စူဇီနှင့်စကားပြောနေ သည်ကို တွေ့လျှင် ကျွန်တော် ဒေါသပေါက်ကွဲပါတော့သည်။ သူ့ကိုလည်း ပြောင်ပြောင် ပြောပြီး အခန်းထဲမှ ကန်ထုတ်ပစ် လိုက်မိသည်။

ကာစီနို လောင်းကစားပိုင်းတွင် စူဇီကို စိုက်ကြည့်နေတတ်သော လူတစ်ယောက်ကို ကျွန်တော် သတိထားမိသည်။ သူကြည့်နေသော အကြည့်သည် ရိုးသားသောအကြည့်မျိုး မဟုတ်ပါ။ လော်မာဖောက်ပြားသော အကြည့်မျိုးဖြင့် ကြည့်နေခြင်း ဖြစ်ကြောင်း ကောင်းကောင်း သိသာပါသည်။ ထိုလူကြောင့်ပင် မကာအိုတွင် ကျွန်တော်တို့ နေခဲ့ကြရသည့် နောက်ဆုံးညကလေး ပျက်စီးသွားခဲ့ရပါတော့သည်။

ထိုသူကို ကစားပိုင်းမှာ မကြာခဏ တွေ့ရတတ်သည်။ အမြဲတမ်းအဝတ်ကောင်း အစားကောင်းများကို ဝတ်သည်။ အမျိုးကောင်း အဂတအစားများပင် ဖြစ်သော်လည်း အဆင်ကတော့ အလွန်တရာ ကလက် တက်တက်နိုင်သည်။ အင်္ကလိပ်တရုတ်ကပြားဖြစ် သည်။ လက်ထဲမှာ ရာတန်တွေ တစ်ထပ်ကြီးကိုင်ပြီး ကစား တတ်သည်။ ရှုံးသည် နိုင်သည်ကိုလည်း အရေးစိုက်ပုံမပြ။
ပုံပန်းသဏ္ဍာန်ကို ကြည့်ခြင်းအားဖြင့် လူရှုပ်လူပွေ တစ်ယောက်ဖြစ်ကြောင်း သိသာ သည်။ ကစားပိုင်းရှိ သူ့စားပွဲမှာထိုင်ပြီး စူဇီကို အမြဲတမ်း ထိုအကြည့်မျိုးဖြင့် ကြည့်မြဲဖြစ် သည်။ ပိုက်ဆံအရှုံးအနိုင်ကို သူ အရေးမစိုက်သကဲ့သို့ပင် စူဇီ၏ ဘေးမှာ ရှိနေသော ကျွန်တော့်ကိုလည်း အရေးစိုက်ပုံ လုံးဝမပြ။

"မင်းမိတ်ဆွေ လုပ်နေပုံကို မောင် သည်းမခံနိုင်တော့ဘူး"
တစ်ချိန်တွင် ကစားပိုင်းမှ ကျွန်တော်တို့ ပြန်ထွက်လာကြရင်း စူဇီကို ကျွန်တော်က ပြောသည်။ ကျွန်တော်ပြောသည်ကို စူဇီ သဘောပေါက်နားလည်ဟန် မတူပါ။ ထို့ကြောင့် ရှင်းပြရသည်။
"ဂျာကင်အကျီ အပြာရောင်ဝတ်ထားတဲ့ အကောင်ပေါ့၊ လူရှုပ်လူပွေ ကောင်လေ၊ မင်းဆီကနေ တစ်ချက် ကလေးတောင် မျက်နှာမလွှဲနိုင်ဘူး၊ မျက်တောင်လုံးဝမခတ်ဘဲ ခေါ်တောကြည့် ထိုင်ကြည့်နေတယ်"
"ကျွန်မကိုလား၊ ကျွန်မဖြင့် လုံးလုံးတောင် သတိမထားမိပါဘူး မောင်ရယ်"

သူ တကယ်ပဲ သတိမထားမိခြင်း ဖြစ်ပါသည်။ ကစားပိုင်းထဲမှာ သူ အလွန်အမင်း စိတ်ဝင်စားနေသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း နောက်တစ်နေ့ညမှာ ပြဿနာပေါ် ပါတော့ သည်။ ထိုညက စူဇီ ကံမကောင်းပါ။ ထိုးတိုင်း ဒိုင်စားခံနေရသည်။
စားပွဲတစ်ဖက်ခြမ်းမှာရှိသော လူတစ်ယောက်ကို စူဇီက လက်ညှိုးထိုးပြသည်။ ထိုသူသည် လွန်ခဲ့သည့် တစ်နာရီ လောက်မှစပြီး တစ်ကြိမ်တစ်ခါမှ အစားမခံရဘဲ တောက်လျှောက်နိုင်နေကြောင်း ပြောပြသည်။
"မောင်ပြောတာ အဲဒီအကောင်ပေါ့" ဟု ကျွန်တော်က ပြန်ပြောသည်။
"သူ စိုက်ကြည့်နေတာ ကျွန်မဖြင့် လုံးလုံး သတိမထားမိဘူး"
"ကဲ… ဟိုမှာကြည့်၊ စိုက်ကြည့်နေပြန်ပြီ"

စူဇီက စိတ်မဝင်စားသလို စားပွဲတစ်ဖက်ခြမ်းသို့ လှမ်းကြည့်သည်။ ထိုသူ ပိုက်ဆံချထိုးသည့်နေရာကိုသာ စိတ်ဝင်တစား စိုက်ကြည့်နေသည်။ ထိုအခိုက် ထိုလူက ဒေါ်လာငါးရာတန် နှစ်ရွက်ကို လေးထောင့်သေးသေးကလေး ဖြစ်သွားအောင် ခေါက်ပြီး စားပွဲပေါ်သို့ လှမ်းပစ်လိုက်သည်။ ပစ်စလက်ခတ် တင်လိုက်ခြင်းဖြစ်သောကြောင့် အပြာ ရောင်ဝတ်စုံ ဝတ်ထားသော အလျော်အစားလုပ်သူ အမျိုးသမီးက သူ့ပိုက်ဆံကို ကောက်ပြီး နေရာတကျ တင်ပေးသည်။

ပြီးတော့ ထိုသူသည် စူဇီကို မျက်စိစားပွဲ ထိုင်ပြန်တော့သည်။ "မင်းလည်း တခြား ကောင်မတွေလိုပဲ လွယ်လွယ်ကလေးနဲ့ ရနိုင်တဲ့ ကောင်မပါကွာ" ဟု သူ့မျက်လုံးများက ပြောနေသယောင် ရှိသည်။ ထိုအလှည့် ကလည်း သူနိုင်သည်။ အလျော်အစားလုပ်သည့် အမျိုးသမီးက ငါးရာတန်ခြောက်ရွက်နှင့်အတူ သူ့ငွေကို ပြန်ပေးသည်။
"မြင်တယ်မဟုတ်လား၊ အဲဟို ပိုက်ဆံတွေ မြင်တယ်မဟုတ်လား"

စူဇီက အံ့သြတကြီး ပြောသည်။ ထိုသူကတော့ ဘာကိုမှ အရေးမစိုက်သလို ပိုက်ဆံများကို ကောက်ယူနေသည်။ စူဇီနှင့် မျက်လုံးချင်း ဆိုင်မိသွားပြန်သည်။ စူဇီက ပြုံးပြသည်။
"နောက်တစ်လှည့်ကျရင် ရှင်ထိုးတာကိုပဲ ကျွန်မ လိုက်ထိုးမယ်" ဟုလည်း သူ့ကို လှမ်းပြောသည်။
စူဇီ၏ မှတ်ချက်ကို အသိအမှတ်ပြုသည့် သဘောမျိုးဖြင့် လက်ကို ဖေ့ယမ်းပြသည်။ သူ့အပေါ် စူဇီ အာရုံဝင်စားနေသည်ကို အရေးမစိုက်သည့်ပုံမျိုးလည်း ဖြစ်သည်။ ဘာစကားမှတော့ ပြန်မပြော။ သို့သော်လည်း သူ့မျက်လုံးများကမူ "ငါထင်တာထက်တောင် ပိုပြီး အညာလွယ်နေတဲ့ ကောင်မပါလား"ဟု ပြောနေသယောင် ထင်မှတ်ရသည်။

"စူဇီ... မောင် အရမ်း အရက်သောက်ချင်နေပြီ၊ လာ... သွားကြစို့"
"မသွားနိုင်သေးဘူး၊ ကျွန်မရှုံးထားတဲ့ ပိုက်ဆံတွေ ပြန်နိုင်မှဖြစ်မယ်၊ ဒါတွေ ပြန်မနိုင်သေးဘဲနဲ့တော့ ကျွန်မ မသွားနိုင်ဘူး"
"နောက်တစ်ခေါက် မောင်တို့ ပြန်လာပြီး ကစားကြတာပေါ့ကွာ"
"မဖြစ်ဘူး မောင်၊ ဟိုလူထိုးတဲ့အတိုင်း ကျွန်မ လိုက်ထိုးမယ်၊ သူ သိပ်လာဘ် ကောင်းနေတယ်"
"ဒီလိုဆိုရင် မောင် သွားတော့မယ်၊ မင်း မလိုက်ဘူးနော်"
"မလိုက်ဘူး မောင်၊ ရှုံးထားတဲ့ ကျွန်မပိုက်ဆတွေ ပြန်ရမှ ဖြစ်မယ်"

သူ့ကို တစ်ယောက်တည်း ကျွန်တော် မထားခဲ့ချင်ပါ။ သို့သော်လည်း သူ့ကိုထားခဲ့ပြီး သွားတော့မည်ဟု ပြောမိလျက်သား ဖြစ်နေသည်။ ထို့ကြောင့် ဆက်မနေသာတော့ဘဲ အပြင်သို့ ထွက်လာခဲ့ရတော့သည်။
ဘားခန်းထဲမှာ အရက်ရောင်းသူကလွဲပြီး မည်သူမျှမရှိ။ ခြောက်ကပ်နေသည်။ ကောင်တာမှ ခွေးခြေမှာ ကျွန်တော် သွားထိုင်ပြီး ဘရန်ဒီနှစ်ခွက်မှာလိုက်သည်။ အရက်သောက်လိုက်မိတော့ နေသာထိုင်သာရှိသွားသည်။ စိတ်တည်ငြိမ်မှုလည်း အထိုက် အလျောက် ရလာသည်။ ကျွန်တော် သက်သက် စိတ်ရှုပ်ပေါက်ခြင်းသာ ဖြစ်သည်ဟုလည်း တွေးမိလာသည်။ လူရှုပ်လူပွေနှင့် စူဇီ ဘာမှ မဖြစ်နိုင်။ စူဇီထံ ပြန်သွား ပြီး ကောင်းကောင်း မွန်မွန် ဆက်ဆံဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

ဘရန်ဒီဖိုး ကျသင့်ငွေ ရှင်းပေးပြီး ကာစီနိုကစားဝိုင်းရှိရာ အခန်းထဲသို့ ပြန်ဝင်လာ ခဲ့သည်။ အခန်းဝရောက်တော့ တုံ့ခနဲ ကျွန်တော် ရပ်လိုက်ပါသည်။ လူရှုပ်သည် စားပွဲ၏ သည်ဘက်ခြမ်းသို့ ပြောင်းလာပြီး စူဇီ၏ ဘေးကခုံမှာ ဝင်ထိုင်နေသည်။ သူတို့နှစ်ယောက် အလွန်ပျော်နေကြပုံပေါက်သည်။ စူဇီလည်း မြူးထူးနေသည်။
ကျွန်တော် နောက်ပြန်လှည့်ပြီး ဘားခန်းထဲသို့ ပြန်ဝင်လာခဲ့မိသည်။

စူဇ ရောက်မလာမီ နောက်ထပ် ဘရန်ဒီနှစ်ခွက် ကျွန်တော် သောက်မိပြန်သည်။ စူဇီ ရောက်လာတော့ စိတ်အား တက်ကြွပြီး ပျော်နေသည်ကို မြင်ရသည်။
"ကျွန်မ ရှုံးတာတွေ အားလုံးပြန်ရတယ်၊ ပြန်ရရုံမကဘူး၊ ဒေါ်လာငါးရာတောင် အနိုင်ရလိုက်သေးတယ် မောင်၊ ကြည့် ... ဟောဒီမှာကြည့်၊ သည်ပိုက်ဆံတွေအားလုံး အနိုင်တွေချည်းပဲ"
"အံ့သြစရာပါပဲ" ဟု ကျွန်တော်က ပြန်ပြောသည်။
စူဇီသည် စိတ်အားထက်သန်နေသည့် သူ့အပြုအမူများကို ရပ်ပစ်လိုက်သည်။ ပြီးတော့ ကျွန်တော့်ကို

ငုံ့ကြည့်သည်။
"ဘာဖြစ်တာလဲ မောင်၊ မောင် စိတ်ဆိုးနေသလား"
"ဘာကြောင့် စိတ်ဆိုးရမှာလဲ၊ စိတ်ဆိုးစရာ ဘာရှိသလဲ"

"ကျွန်မ ရှုံးသွားတဲ့ ပိုက်ဆံတွေ ပြန်ရအောင် ဆက်ကစားနေလို့ မောင် စိတ်ဆိုးသွားတယ် ထင်တယ်"
"မင်း ဘာအတွက် ကစားဝိုင်းမှာ ဆက်နေနေတယ်ဆိုတာ သိရလို့ ဂမ်းသာပါတယ်ကွာ"
"မောင် ဘာသဘောနဲ့ ပြောတာလဲ" ဟု သူက မေးသည်။
"ဘာမှ မဟုတ်ပါဘူး၊ ဘာသဘောမှ မဟုတ်ပါဘူး၊ မောင် ထမင်းဆာနေပြီ၊ ကဲ... လာ ထမင်းသွားစားကြစို့"

ထိုင်ရာမှထပြီး ဓာတ်လှေကားရှိရာသို့ ကျွန်တော်တို့ လျှောက်သွားကြသည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ခပ်ခွာခွာ လျှောက်ခဲ့ကြသည်။ ယခုအဖြစ်သည် ရယ်စရာလည်းကောင်းသည်ဟု ကျွန်တော် ထင်ပါသည်။ သို့သော်လည်း ကိုယ့်စိတ်ကိုယ် ပြောင်းလို့မရပါ။ သည်လို အချိန်မျိုးတွင် စကား ပြောလျှင် ဆိုးဆိုးရွားရွားတွေကိုသာ ပြောမိ ပေလိမ့်မည်။ ထို့ကြောင့် စကားမပြောပဲ ဆိတ်ဆိတ် နေလိုက်သည်။

စိန့်မာဂရက်ဆေးရုံမှ ခုတင်နေရာ မနက်ဖြန် လွတ်သွားပြီဖြစ်ကြောင်း ကေးရိုက်လိုက်သည့် ကြေးနန်းပင် ဖြစ်ပါသည်။ ကျွန်တော်က စူဇီကို အကျိုး အကြောင်း ပြောပြသည်။
"ဒီအတိုင်း ဆိုရင် မနက်ဖြန်မနက် သင်္ဘောနဲ့ မောင်တို့ လိုက်သွားမှ ဖြစ်မယ်"
စူဇီ စိတ်ထိခိုက်သွားပုံရသည်။ ဆေးရုံပေါ်မှာ ဘယ်လောက်ကြာအောင် နေရမည်ကို သူ မသိ။ ကျွန်တော်တို့ နှစ်ယောက် ဘယ်လောက်ကြာအောင် ခွဲခွာနေရဦးမည်ကို သူ မသိ။
"တစ်ရက်လောက် ကျွန်မတို့ ဆက်နေလို့မဖြစ်ဘူးလား မောင်" ဟု မေးသည်။

"မဖြစ်ဘူး၊ ခုတင်ကို ဒီအတိုင်းထားပြီး မင်းကို စောင့်နေမှာ မဟုတ်ဘူး"
"ဒီလိုဆိုရင် ဒီနေ့ညဟာ ကျွန်မတို့အတွက် နောက်ဆုံးညပေါ့နော်"
"ဟုတ်တယ်၊ မကာအိုမှာ မောင်တို့ရဲ့ နောက်ဆုံးညပဲ"

ဘီကိုဒါဖယ်လီစီဒါ ဒီဟိုတယ်တွင် ခိုသားကြော်နှင့် ညစာစားရန် ကျွန်တော်တို့ ဆိုက်ကားစီးလာကြသည်။ ဆိုက်ကားပေါ်တွင် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ထားရင်း ကျွန်တော်၏ ရင်ထဲမှ မနာလိုဂန်တိုစိတ်တွေ အားလုံး လွင့်စဉ် ပျောက်ပျက်သွားတော့သည်။

စူဇီကို ကျွန်တော် ပြန်ချစ်လာသည်။ ကျွန်တော်တို့နှစ်ယောက် ခွဲခွာကြရတော့မည့် အရေးကို မစဉ်းစားမိအောင် စိတ်ထိန်းထားရသည်။ ထိုညက ပေါ်တူဂီ ဝိုင်တစ်ပုလင်းလုံး ကုန်အောင် သောက်လိုက် မိသည်။ စောစောက ဘရန်ဒီလေးခွက်လည်း သောက်ထား သောကြောင့် ကျွန်တော် မူးသွားသည်။ သို့လည်း လွန်လွန်ကျံကျံ မူးခြင်းကား မဟုတ်ပါ။ ကျွန်တော်တို့နှစ်ယောက် အလွန်ပျော်ကြပါသည်။

မကာအိုမှာ ကျွန်တော်တို့ နေကြရသည့် နောက်ဆုံးည ဖြစ်သောကြောင့် နောက်ဆုံးအကြိမ်အဖြစ် ကစားဝိုင်းသို့ သွားချင်သေးသည်ဟု စူဇီက ပြောသည်။ နောက်ဆုံးညမို့ ကျွန်တော်ကလည်း မကန့်ကွက်

ချင်တော့ပါ။ အစွမ်းကုန် အလိုလိုက်ထား ချင်ပါသည်။ ကျွန်တော်တို့ ညစာစားသည့် ဟိုတယ်၏ လမ်းတစ်ဖက်ခြမ်းမှာရှိသော ကစား ဂိုင်းသို့ လာခဲ့ကြသည်။ နာရီဂက်ထက် ပိုမနေရန်လည်း ပြောထား သည်။

သို့သော်လည်း အချိန်ဘယ်လောက်ကြာသွားသည်ကို သတိမထားလိုက်မိပါ။ နာရီကို ငုံ့ကြည့်လိုက်သော တစ်နာရီလောက် ကြာသွားသည်ကို တွေ့ရသည်။ ထိုအချိန်တွင် စူဇီလည်း ဒေါ်လာလေးရာလောက် ရှုံးနေသည်။ အရှုံးပြန်ရအောင် နေချင်သေးသည်ဟု ပြောသည်။ နောက်ထပ် တစ်နာရီလောက် ဆက်နေလိုက်ရပြန်သည်။ ကစားဝိုင်းမှ ကျွန်တော်တို့ ပြန်လာတော့ သန်းခေါင် ကျော်နေပြီ။

အပြင်မှာ ဆိုက်ကားတစ်စီးမှ မရှိတော့ပါ။ ထို့ကြောင့် ဟိုတယ်အရောက် လမ်း လျှောက်ပြန် လာခဲ့ကြရသည်။ အပြန်လမ်းတွင် စူဇီ၏ ဒေါက်မြင့် ဖိနပ်မှ ခုံကွာထွက်သွား သည်။ ထို့ကြောင့် တစ်လမ်း လုံး ကျွန်တော့်လက်ကို မှီတွဲပြီး ထော့နင်းထော့နင်း လျှောက်လာရသည်။

ဟိုတယ်ရောက်ပြီး အပေါ်ထပ်သို့ ဓာတ်လှေကားဖြင့် တက်ခဲ့သည်။ ဓာတ်လှေ ကားထဲမှ ထွက်လိုက်သောအခါ အခန်းစောင့်အာနတ် မတ်တပ်ရပ်နေသည်ကို တွေ့ရ သည်။ ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်နေသူတစ်ယောက်နှင့် သူ စကားပြောနေသည်။ ကျွန်တော်တို့ကို မြင်လိုက်သောအခါ စကား ဆက်မပြောတော့ဘဲ ကျွန်တော်တို့ကို အကဲခတ် ကြည့်နေသည်။ သူ့ မျက်လုံးအမူအရာကလည်း တစ်မျိုးဖြစ်နေသည်။

ကလားထိုင်က မှောင်ရိပ်ထဲ ရောက်နေသည်။ ထို့ကြောင့် ထိုင်နေသူ၏ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရပါ။ သို့သော်လည်း အဂတ်အစားကို မြင်ရခြင်းအားဖြင့် အင်္ဂလိပ်တရုတ်ကပြား လူရှုပ်ဖြစ်ကြောင်း သိလိုက်ရပါသည်။ သူ့ရှေ့မှ ကျွန်တော်တို့ ဖြတ်လျှောက်လာခဲ့သည်။ အထင်အမြင်သေးသည့် မျက်လုံးများဖြင့် ကျွန်တော်တို့ကို ကြည့်ရှုအကဲခတ်နေလိမ့်မည်ဟု ထင်ပါသည်။ အာနတ်၏ ထူးဆန်းသော မျက်လုံး အမူအရာများကို မြင်ရခြင်းအားဖြင့် ကျွန်တော်တို့ အပြန်ကို သူတို့ စောင့်နေကြသည်ဟု ထင်မှတ် ရသည်။

ထိုသူ ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို စူဇီလည်း သတိထားလိုက်မိသည်။ ကျွန်တော့် လက်မောင်း ကို ဆုပ်ကိုင်သည့် အမူအရာမျိုး တစ်ယောက်ကို တစ်ယောက် မပြကြပါ။ စောစော တုန်းကတော့ ကစားဝိုင်းကစားပွဲမှာ သူတို့ နှစ်ယောက် အတူထိုင်ခဲ့ကြ သည်။ ပိုက်ဆံတွေ အတူတူ နိုင်ခဲ့ကြသည်။ အလွန ်ရင်းနှီးသည့် ချစ်သူများသဖွယ် ဖြစ်သည်။ ထိုအကြောင်းကို ကျွန်တော် ပြန်စဉ်းစား မိသည်။

"အဲဟိုမှာ မင်းသူငယ်ချင်းလေ" ဟု ကျွန်တော်က ပြောလိုက်သည်။

"ဘာသူငယ်ချင်းလဲ"

"ကာစီနိုဂိုင်းမှာ အတူတူကစားခဲ့တဲ့ မင်းရဲ့သူငယ်ချင်းလေ"

"အို… ကျွန်မဖြင့် သတိတောင် မထားမိပါဘူး မောင်ရယ်၊ သူ့ကို တစ်ဖက်ခြမ်း မျက်နှာချင်းဆိုင်မှာ တွေ့ခဲ့ ရတာပါ" ဟု စူဇီက မရွှင်မပျ ပြန်ပြောသည်။

"မောင်က မင်းတို့နှစ်ယောက် အတူတူ တွဲထိုင်နေခဲ့ကြတယ်လို့ ထင်တာ"

"မထိုင်ပါဘူး"

သို့သော်လည်း သူ ဆက်မငြင်းတော့ပါ။ သူတို့နှစ်ယောက် အတူတွဲထိုင်နေကြ သည်ကို ကျွန်တော် မြင်ချင်လည်း မြင်သွားပေလိမ့်မည်ဟု သူ တွေးကောင်း တွေးမိပေမည်။ ကျွန်တော့်လက်မောင်းပေါ်မှ သူ့လက်များ နောက်တစ်ကြိမ် တောင့်သွား ပြန်သည်ကို သတိပြုလိုက်မိသည်။ သူ့မျက်နှာပေါ်မှ သွေးရောင်လွှမ်းသွားလိမ့်မည် ဆိုသည်ကို လှည့်မကြည့်ဘဲ သိလိုက်ပါသည်။

ကျွန်တော်တို့ အခန်းတံခါးဖွင့်ပြီး ဝင်ခဲ့သည်။ ယခုမှ စိတ်သက်သာရာ ရသွားသူလို ကျွန်တော့်အနားမှ သူ ခွာသွား သည်။ သို့သော်လည်း မျက်နှာကို တစ်ဖက်သို့ လွှဲထားသည်။

သူ့မျက်နှာပေါ်မှ အမူအရာကို ကျွန်တော် အကဲခတ်မိသွားမှာ စိုးရိမ်သည့် သဘောမျိုး ဖြစ်သည်။ အဂတ်အစား မြန်မြန်လဲပြီး အိပ်ရာထဲဝင်သွားသည်။ ကျွန်တော့်ကို တော့ ကျောခိုင်းထားမြဲဖြစ်သည်။

"ကစားပိုင်းမှာ ကျွန်မတို့ သိပ်ကြာသွားတယ်၊ မီးခိုးတွေ ဘိန်းနံ့တွေ မွှန်ထူနေတဲ့ အဲဒီအခန်းထဲမှာ အကြာကြီး ထိုင်ခဲ့မိတယ်" ဟု သူက ကျွန်တော့်ကို လှမ်းပြောသည်။

"ဟုတ်တယ်၊ မောင်တို့ တော်တော် မိုက်တာပဲ"

ကျွန်တော်က အဂတ်လဲနေရာမှ ထိုသို့ ပြန်ပြောပြီး သူ့အမူအရာကို အကဲခတ်ကြည့် နေမိသည်။ သူ တကယ် ပြောနေတာလား၊ ဟန်ဆောင်နေတာလား စဉ်းစား နေမိသည်။ ထိုအခိုက် တံခါးခေါက်သံ ကြားရသည်။ ဓာတ်ဘူးတစ်လုံး ကိုင်ပြီး အာနတ် ဝင်လာသည်။

"ဆရာတို့ဖို့ ရေနွေးကြမ်းပူပူ လာပို့တာပါခင်ဗျာ" ဟု ပြောသည်။ မျက်နှာပေါ်က အပြုံးက တစ်မျိုးဖြစ်နေသည်။

ရေနွေးကြမ်းကို မတောင်းဘဲနှင့် ဘယ်တုန်းကမှ လာမပို့စဖူး။ ယခု ပထမဆုံးအကြိမ် အဖြစ် မတောင်းဘဲ သူ့အလိုအလျောက် လာပို့ခြင်းဖြစ်သည်။

"မှန်တင်ခုံပေါ်မှာ တင်ထားလိုက်" ဟု ကျွန်တော်က လှမ်းပြောသည်။

"ကောင်းပါပြီ ဆရာ"

သို့သော်လည်း ကျွန်တော် ခိုင်းသည့်အတိုင်း မလုပ်ဘဲ အခန်းကို ဖြတ်လျှောက်သွားပြီး ခုတင်ဘေးက စားပွဲပေါ်မှာ သွားတင်သည်။ တစ်ချိန်တည်းမှာပင် လောဘရမ္မက်ကြီးသည့် မျက်လုံးဖြင့် စူဇီကို ကြည့်ရင်း ကန်တုန် တရုတ်စကားဖြင့် ခပ်မြန် မြန် ပြောသည်။ စွေနေသည့် မျက်လုံးတစ်ဖက်ကတော့ အပေါ်မှ မျက်နှာကျက် သို့ မော့ကြည့်နေသလိုရှိသည်။ ကန်တုန်ဘာသာဖြင့် ဂဏန်းအခေါ်အဝေါ်များကို ကျွန်တော် နားလည်ပါသည်။ ဂဏန်းတစ်ခု သူ ပြောသံကြားလိုက်ရသည်။ ထိုဂဏန်းကို ထပ်ပြောပြ နေသည်။ ဂဏန်းက သုံးလုံးဖြစ်ပြီး အခန်းတစ်ခန်း၏ နံပါတ်ကို ပြောနေပုံရသည်။

"ဟေ့ကောင်... ထွက်သွား"

ကျွန်တော်က ဒေါသတကြီး အော်လိုက်သည်။

"ဆရာ ကျွန်တော်..."

"ထွက်သွား"

သူ့မျက်နှာပေါ်က အပြုံးမပျက်ဘဲ အခန်းအပြင်သို့ ထွက်သွားသည်။ စူဇီက သက်ပြင်းရှည်ကြီးတစ်ချက်

ချလိုက်ရင်း ပင်ပန်းနွမ်းနယ်စွာဖြင့် မျက်လုံးအစုံကို အသာ အယာ မှိတ်လိုက်သည်။
"ဒီကောင် ဘာလိုချင်လို့တဲ့လဲ" ဟု ကျွန်တော်က မေးသည်။

"ကျွန်မ မသိဘူး၊ ဘာမှမဟုတ်ပါဘူး"
"ကဲ... မှန်တဲ့အတိုင်း ပြောစမ်း"
"ရာသီဥတုအကြောင်းပဲ ပြောသွားတာပါ။ မကာအိုဟာ သိပ်ပူတယ်တဲ့"

"အခန်းနံပါတ် ၃၄၃ ထဲမှာမှ ရွေးပြီး ရာသီဥတုက ပူနေတာလား"
စူဇီက မျက်လုံးများကို ဖွင့်ပြီး စိတ်ထိခိုက်သည့် အမူအရာမျိုးဖြင့် ကျွန်တော့်ကို ငေး ကြည့်နေသည်။
"ဒီနေ့ ကျွန်မကို မောင် ဘာဖြစ်လို့ မုန်းနေတာလဲ"
"မင်းကို ငါ မမုန်းဘူး"

"ဟုတ်တယ်၊ မုန်းတယ်၊ ကျွန်မကိုမောင် မုန်းနေတယ်၊ ဒီနေ့ည ဘားခန်းထဲကို ကျွန်မ ဝင်လာတုန်းက မောင့်မျက်နှာကို မြင်ရတာနဲ့ ကျွန်မသိတယ်၊ ကျွန်မကို မောင် ကြည့်နေတဲ့ မျက်လုံးတွေကြောင့် ကျွန်မ သိတယ်၊ ငါ့ယောကျ်ား ကတော့ ငါ့ကို မုန်းသွားပြီ လို့ ကျွန်မ တွေးနေခဲ့မိတယ်"
"ငါ့ကို လိမ်ပြောနေတာ မုန်းတယ်၊ မမှန်တာတွေ ညာပြောနေတာ မုန်းတယ်၊ ဒါပဲ"

ထို့နောက် သူ စတင်ငိုကြွေးတော့သည်။ ပြီးတော့ အင်္ဂလိပ်တရုတ်ကပြားက သူ့ဘက်သို့ ရွှေ့လာပြီး သူ့ဘေးမှာ အတူတူ လာထိုင်ကြောင်း၊ သူ့ကိုလည်း ချောကြောင်း လှကြောင်း မြှောက်လုံးပင့်လုံးတွေ ပြောကြောင်း၊ တစ်ကြိမ် ထပ်တွေ့ဖို့ ဖွတ်ချိန်းနေကြောင်း၊ ထိုအကြောင်းတွေကို သူ ပြောပြချင်နေကြောင်း၊ ပြောပြ ရန်လည်း ရည်စူးခဲ့ကြောင်း၊ သို့သော်လည်း ဘားခန်းထဲတွင် ကျွန်တော့် အမူအရာကို မြင်လိုက် ရသော အခါ အလွန်အမင်း ကြောက်ရွံ့ စိုးရိမ်သွားမိကြောင်း၊ ကျွန်တော်တို့၏ နောက်ဆုံး ညကလေး ပျက်စီး သွားမှာကိုလည်း မလိုလားကြောင်း။

ဓာတ်လှေကားနားမှာ ထိုလူထိုင်နေသည်ကို သူ သတိထားမိကြောင်း၊ အခန်းစောင့် အာနတ်လာခြင်းမှာ ထိုသူက လွှတ်လိုက်သဖြင့် လာခြင်းဖြစ်ကြောင်း၊ ယနေ့ တစ်ညအတွက် ဒေါ်လာငါးရာ ပေးမည်ဟု ပြောကြောင်း၊ ကျွန်တော်က သဘောတူ မည်ဆိုလျှင် ကျွန်တော့်ကိုလည်း ငွေနှစ်ရာ့ငါးဆယ် ပေးဦး မည်ဖြစ်ကြောင်း၊ မကာအိုတွင် ထိုသို့သော အဖြစ်အပျက်မျိုးသည် ရိုးနေပြီဖြစ်ကြောင်းဖြင့် အာနတ်က ပြောဆို သွားကြောင်း နောက်ဆုံးတွင် စူဇီက ဝန်ခံပြောဆိုလေသည်။

ကျွန်တော် အားပါးတရ ရယ်မိသည်။ သူ့ကိုလည်း ခွင့်လွှတ်လိုက်သည်။
"ဘုရား...ဘုရား၊ တကယ့်မြို့ပါလား၊ မောင်တို့ ကိုယ်တိုင်မပျက်စီးခင်၊ ပြီးတော့ အာနတ်လည်ပင်းကို မောင် မညှစ်သတ်မိသေးခင် ဒီမြို့က ခွာဖြစ်တာ တော်သေးတာပေါ့ကွယ်"
"ကျွန်မ လိမ်ပြောမိတဲ့အတွက် ဝမ်းနည်းပါတယ်မောင်၊ ဒါပေမဲ့ ကျွန်မ အရမ်း ကြောက်နေတယ်"ဟု စူဇီက ပြောသည်။ အငိုကား မတိတ်သေး။

"ဘာကို ကြောက်တာလဲ"

"မောင့်ကို ဆုံးရှုံးလိုက်ရမှာ ကြောက်တယ်၊ အို... မောင်ရယ်၊ ကျွန်မ အမြဲတမ်း စိုးရိမ်နေရတာပါ"

အိပ်ရာထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ကျွန်တော့်ကို သူ တင်းကျပ်စွာ ဖက်ထားသည်။ သူ အလွန်တရာ မောပန်း နွမ်းနယ်နေပါသည်ဟုလည်း ပြောသည်။

မီးပိတ်လိုက်သည်။ ကျွန်တော်လည်း စိတ်ပန်းလူပန်း ဖြစ်နေရာ ချက်ချင်းပင် အိပ် ပျော်သွားတော့သည်။ စူဇီ အိပ်မပျော်ဘဲ နိုးနေသည်ဟု ဂိုးတဂါး ကျွန်တော် သိနေသည်။ ကျွန်တော့်ကို လိမ်ညာ ပြောခဲ့မိသည့်အတွက် သူ ပူပန်သောက ရောက်နေသည်ဟု ထင် သည်။ ထို့ကြောင့် သူ့ကို ချစ်ကြောင်း၊ သူနှင့်အတူ နေရသည့် အတွက် ပျော်ကြောင်း တိုးတိုးကလေး ပြောပြကာ သူ့မျက်လုံးကလေးများကို ပိတ်ပေးပြီး နမ်းလိုက်မိပါသည်။

ကျွန်တော် အိပ်ပျော်သွားသည်။ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားမှန်းမသိပါ။ အခန်းထဲမှာ လှုပ်ရှားသံကြားသဖြင့် ကျွန်တော် နိုးလာပြန်သည်။ ဘေးကစူဇီကို စမ်းကြည့် သည်။ မရှိတော့ပါ။ အိပ်ချင်မူးတူး ဖြစ်နေရာမှ ကျွန်တော် ကောင်းကောင်း နိုးသွားသည်။ မျက်လုံးများ ဖွင့်ကြည့်လိုက်သည်။

ပြူတင်းပေါက်မှ ဝင်နေသော အလင်းရောင်ကြောင့် မှန်တင်ခုံနားမှာ စူဇီ ရပ်နေသည်ကို မြင်ရသည်။ ကျွန်တော် နိုးသွားမည်စိုးသောကြောင့် အသံမမြည်အောင် သတိထားပြီး တစ်စုံတစ်ရာ လုပ်ကိုင် နေပုံရသည်။ ဘာလုပ်နေသလဲဟု ကျွန်တော် လှမ်းမေးလုဆဲဆဲ ဖြစ်သွားသည်။ သို့သော်လည်း သူ ဂါဂန် အင်္ကျီ ဝတ်နေသည်ကို မြင်ရသဖြင့် ကျွန်တော့်ပါးစပ် အလိုလို ပြန်ပိတ်သွားသည်။

မဖြစ်နိုင်ပါ။ ဟို လူရှုပ်ဆီသို့ သူသွားဖို့ မဖြစ်နိုင်ပါဟု ကျွန်တော် တွေးနေမိသည်။

သံသယစိတ်တွေ ကျွန်တော့်တစ်ကိုယ်လုံး ဖုံးလွှမ်းလာသည်။ ပါးစပ်မှလည်း ဘာသံမှ ထွက်မလာနိုင်တော့ပါ။ သူ လှုပ်ရှားနေသည်များကိုသာ သတိကြီးစွာဖြင့် အကဲခတ် ကြည့်ရှုနေမိပါသည်။ ရှေ့သို့ ကုန်းပြီး ဖိနပ်စီးနေသည်။ ဆန့်ကျင်ဘက် အလင်းရောင်နှင့် သူ၏ ကိုယ်ခန္ဓာကောက်ကြောင်းကို ကောင်းစွာ မှတ်မိနေသည်။

ရုတ်တရက် စိတ်သက်သာရာ ရသွားသည်။ ရေချိုးခန်းသွားဖို့ ပြင်ဆင်နေခြင်းဖြစ် ကြောင်း သဘောပေါက်နားလည်လိုက်ပါသည်။ ခန်းနေဂါဂန်ကို သွားယူလျှင် မီးဖွင့်ရမည်။ မီးဖွင့်လျှင် ကျွန်တော် နိုးသွားမည်။ ကျွန်တော် မနိုးစေလိုသောကြောင့် အလွယ်ရှိနေသည့် ဘေးကွဲတရုတ်ဂါဂန်ကို ယူဂတ ်နေခြင်းဖြစ်သည်။

တံခါးကို သာသာကလေး ဖွင့်သည်။ စင်္ကြံမှ မီးရောင်က အခန်းထဲသို့ တိုးဝင်လာ သောကြောင့် သူ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသေးသည်။ ခုတင်ဖက်သို့ တစ်ချက်လှည့်ကြည့် သည်။ တံခါးကို မြန်မြန်ဖွင့်ပြီး မြန်မြန် ထွက်သွားသည်။ တံခါးလက်ကိုင်ကို အသံမမြည်အောင် သာသာကလေးလှည့်ပြီး ပိတ်ထားခဲ့သည်။ ကျွန်တော့် စိတ်များလည်း ပြန်လည် တည်ငြိမ်လာပါတော့သည်။ ဘယ်ဘက်မှာရှိသော ရေချိုးခန်းသို့ လျှောက်သွား မည့် သူ့ခြေသံကို ကျွန်တော် ကြားရမည် ဖြစ်ပါသည်။

နားစွင့်နေလိုက်သည်။ အသက်ပြင်းပြင်း မရှူပံ့အောင် ဖြစ်နေမိသည်။ ထိုအချိန်မှာပင် သူ့ခြေသံကို ကြားရသည်။ ဒေါက်မြင့်ဖိနပ်တစ်ဖက်က ခွာပြုတ်ထွက်နေရာ တစ်ဖက်နှင့်တစ်ဖက် အသံချင်း မညီသော ခြေသံဖြစ်သည်။ ထိုခြေသံသည် ဘယ်ဘက်သို့ မသွား၊ ညာဘက်သို့ သွားနေသည်။ ရေချိုးခန်းဆီသို့ မဟုတ်။ ဓာတ်လှေကားနှင့် ရိုးရိုးလှေကား ရှိရာဘက်သို့ သွားနေခြင်းဖြစ်သည်။ စီတြစ်လျှောက် တဖြည်းဖြည်း ဝေးသွားသည်။ ပြီးတော့ တိတ်သွားသည်။

မိနစ် အနည်းငယ်ကြာအောင် ကျွန်တော်မလှုပ်မယှက် ငြိမ်နေမိသည်။ ယုံလည်း မယုံကြည်နိုင်ပါ။
ပြီးတော့ ကျွန်တော် ထထိုင်သည်။ မီးဖွင့်လိုက်သည်။ အိပ်ရာထဲတွင် ကျွန်တော့် ဘေးမှာ သူ မရှိတော့သည်ကို မြင်ရသောအခါ အကြီးအကျယ် စိတ်ဆင်းရဲမိသည်။ ကျွန်တော့်ဘေးမှာ သူရှိနေရမည်ဟု စိတ်ထဲက ထင်ယောင် မြင်ယောင် ဖြစ်နေမိသည်။

ထိုအချိန်မှာပင် အတွေးတစ်ခု ဝင်လာပြန်သည်။ ရေချိုးခန်းထဲမှာ အခြားလူ ရှိနေနိုင်သည်။ တံခါးပိတ်ထားသည်ကို တွေ့ရသောကြောင့် အပေါ်ထပ်ရှိ ရေချိုးခန်းသို့ တက်သွားခြင်း ဖြစ်နိုင်သည်။ သည်အတိုင်း မှန်လျှင် ရေချိုးခန်းတံခါးသည် ပိတ်နေဆဲ ဖြစ်ရမည်။ သို့တည်းမဟုတ် တစ်စုံတစ်ယောက် ထွက်လာ သည့် ခြေသံကို ကျွန်တော် ကြားရမည်။
ခုတင်ပေါ်မှ ခုန်ဆင်းခဲ့ပြီး စင်္ကြံထဲသို့ ထွက်ခဲ့သည်။ ရေချိုးခန်းကို လှမ်းကြည့်လိုက်တော့ တံခါး ပွင့်နေသည်ကို မြင်ရသည်။ မီးလည်း မှောင်နေသည်။ အသည်းနှလုံးတွေ နာကျင်လာပြန်သည်။ အခန်းထဲသို့ ပြန်ဝင်လာခဲ့ပြီး အင်္ကျီနှင့် ဘောင်းဘီဝတ်သည်။ ပြီးတော့ သော့ချိတ်သည့် ဘုတ်ကို ခေါင်းမှီပြီး သူ့စားပွဲမှာ အိပ်ပျော်နေသည်။

သူ့ကို ကျွန်တော် လှုပ်နှိုးလိုက်သည်။ မျက်လုံးတစ်ဖက် ပွင့်လာသည်။
"သူ ဘယ်မှာလဲ၊ ငါ့မိန်းမ ဘယ်မှာလဲ" ဟု ကျွန်တော်က မေးသည်။
"ဟာ ..."
သူ ထထိုင်သည်။ စိတ်ဝင်စားလာပုံရသည်။ စောစောက သူတို့ ပြောသည့် အစီအစဉ်ကို ကျွန်တော် သဘောတူလိုက်ပြီဟု ထင်ပုံရသည်။ ခဏကြာတော့မှ ကျွန်တော့် မျက်လုံးများ မီးဝင်းဝင်းတောက်ပြီး ဒေါသဖြစ်နေသည်ကို သူ သတိပြုမိသွားတော့သည်။

"ကျွန်တော် မသိပါဘူးခင်ဗျာ၊ ကျွန်တော် အိပ်ပျော်နေတာပါ"
စူဇီ၏ ပိုက်ဆံအိတ်ကို ကျွန်တော် ချက်ချင်း သတိရလိုက်သည်။ လူရှုပ်ဆီသို့ သွားမည်ဆိုလျှင် သူ့ပိုက်ဆံအိတ်ကို ယူသွားရမည်။ သို့သော် သူ့ပိုက်ဆံအိတ်သည် အခန်းထဲမှာပင် ရှိနေသေးသလော။ ကျွန်တော် မမှတ်မိပါ။ စင်္ကြံအတိုင်း အခန်းရှိရာသို့ သုတ်ခြေတင် ပြန်ခဲ့သည်။

သို့သော် ပိုက်ဆံအိတ်ကို မတွေ့ပါ။ မှန်တင်ခုံပေါ်မှာ မရှိပါ။ ကုလားထိုင်ပေါ်မှာလည်း မရှိပါ။ ခုတင်ဘေးက စားပွဲပေါ်မှာလည်း မရှိပါ။
အခန်းထဲမှာ မွှေနှောက် ရှာသည်။ ဗီရိုကို ဖွင့်ရှာသည်။ အံဆွဲတွေ ဆွဲဖွင့်သည်။ အိပ်ရာခင်းတွေ ဆွဲဖယ်ပစ်သည်။ ဘုရား... ဘုရား။ သူ့ပိုက်ဆံအိတ်ကို တွေ့ပါရစေ။ ဒီအခန်းထဲမှာ သူ့ပိုက်ဆံအိတ်

ရှိနေတာကို တွေ့ပါရစေ။ သူ့ပိုက်ဆံအိတ် ဒီအခန်းထဲမှာပဲ ရှိနေပါစေ။

တစ်ခန်းလုံး ပြောင်းဆန်နေသည်။ အားလုံး ဖရိုဖရဲနှင့် ပွစကြဲနေသည်။ ပိုက်ဆံအိတ်ကိုကားမတွေ့ရတော့ပါ။ ဟိုအင်္ဂလိပ်တရုတ်ကပြား လူရှုပ်ဆီသို့ သူ သွားပြီ ဖြစ်ကြောင်း ကျွန်တော် သဘောပေါက် နားလည်လိုက်ပါပြီ။ ထို့ကြောင့် သူ့ပိုက်ဆံအိတ်ကို ယူသွားခြင်းဖြစ်သည်။ ပိုက်ဆံအိတ် ထဲမှာ ဘီးရှိသည်။ ပေါင်ဒါဘူးရှိသည်။ နှုတ်ခမ်းနီ ဆိုးဆေး ရှိသည်။ ဒါတွေကို သုံးရမည်။ ပြီးတော့ ဟိုလူရှုပ်ပေးသည့်ငွေကို ထည့်ဖို့ ပိုက်ဆံ အိတ်လိုသည်။

ကုလားထိုင်ပေါ်သို့ ကျွန်တော် အရုပ်ကြိုးပြတ် ကျသွားသည်။ ကျွန်တော့် အသည်းနှလုံးတွေ အလွန်တရာ နာကျင်လာသည်။ ထို့ကြောင့် ခေါင်းကို နောက်ဘက်သို့ လှန်ချလိုက်ရင်း နာနာကြည်းကြည်း ညည်းမိသည်။

ထိုကုလားထိုင်ပေါ်မှာ ဘယ်လောက်ကြာအောင် ထိုင်နေမိသည် မသိပါ။ ရင်ထဲက နာကျင်နေသည်ကိုသာ သိသည်။ အခြားဘာကိုမှ မစဉ်းစားပါ။ စူဇီ အကြောင်းကိုလည်း မစဉ်းစားပါ။ အသည်းနှလုံးတွေ မခံမရပ်နိုင်လောက်အောင် နာကျင်နေသည်ကိုသာ သိပါသည်။ ဒါတစ်ခုပဲ စဉ်းစား ပါသည်။

ရှေ့မှာ ရှိနေသည့် စူဇီ၏ ပန်းချီကားကို လှမ်းမြင်သည်။ ပန်းချီကားကို ကျွန်တော် စိုက်ကြည့်နေမိသည်။ အိပ်ရာပေါ်မှာ လဲလျောင်းနေပုံဖြစ်သည်။ အိပ်ရာခင်းတွေက ကြေမွတွန့်လိပ်နေသည်။ သူ့ပန်းချီကားကို စိုက်ကြည့်နေရင်း တဖြည်းဖြည်း ကျွန်တော် သဘောပေါက်လာသည်။ ချေးမြီးကောက် ကျည်တောက်စွပ်သည့် သဘောသာဖြစ်သည်။

စူဇီသည် အခြားအခြားသော မိန်းမတွေနှင့် ဘာမှမခြား။ မူလအကျင့်စရိုက်ကို ဖျောက်ဖျက်နိုင်သူမဟုတ်။ ပြည့်တန်ဆာဟူသည်မှာ ပြည့်တန်ဆာပဲဖြစ်သည်။ သူတို့ အဆင့်အတန်းကို မြှင့်တင်ပေးလို့မရ။ ဆွဲချပစ်လို့လည်းမရ။ ကောင်းအောင်ပြုပြင်ပေးလို့မရ။ ထို့ကြောင့် ငွေတွေ တစ်ထွေး ကြီးဖြင့် ထင်သလို သုံးနေသော လူရှုပ်ကို မြင်သောအခါ သူ၏ ပင်ကိုစရိုက်ကို မစွန့်နိုင်တော့။ သည်လိုဖြင့် ထိုလူ့ထံသို့ သူသွားခြင်း ဖြစ်ရမည်။

တံခါးကို သတိကြီးစွာ ဖွင့်သံကြားရသည့် အချိန်အထိ မလှုပ်မယှက် ကျွန်တော် ထိုင်နေမိသည်။ တံခါးဖွင့်သံ ရပ်သွားသည်။ အခန်းထဲမှာ မီးဖွင့်ထားသည်ကို မြင်တွေ့ သွားပုံရသည်။ ကျွန်တော် အိပ်ရာမှ နိုးနေပြီဟု သိသွားပုံရသည်။ ထို့နောက် တံခါးကို ကျယ်ကျယ် ထပ်ဖွင့်လိုက်သည်။ အပေါက်ဝမှာ သူ ရပ်နေသည်။ အခန်းထဲမှာ ဖြစ်ချင်တိုင်း ဖြစ်နေသည်ကို မြင်တွေ့သွားသည်။

သူ့တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ ကျွန်တော် တစ်ခုခု လုပ်တော့မည်ကို အကြီးအကျယ် စိုးရိမ်ကြောက်လန့်နေပုံမျိုး ဖြစ်သည်။ တံခါးလက်ကိုင်ကို အားပြုကိုင်ထားရင်း မျက်လုံးကို ခဏမှိတ်လိုက်သည်။ ထို့နောက် ခုတင်ဆီသို့ လျှောက်သွားပြီး အစွန်းမှာ ဝင်ထိုင်သည်။ မျက်လုံးများကို မှိတ်လိုက်ပြန်သည်။

"ကျွန်မဟာ မကောင်းပါဘူးလို့ မောင့်ကို ပြောခဲ့ဖူးပါတယ် မောင်ရယ်၊ မောင့်ကို ဒုက္ခပေးမိမှာပဲလို့ ကျွန်မ

ပြောခဲ့ဖူး ပါတယ်" ဟု သူက ပြောသည်။
သူ့မျက်လုံးအစုံအောက်မှာ ကြီးမားသည့် အပြာရောင် အကွက်ကြီးများကို တွေ့ရသည်။ ဟုတ်ပါပြီ။ ဘာမှအံ့သြစရာ အကြောင်းမရှိပါ။ ဘာမှစဉ်းစားနေစရာ အပြင်ထွက်ခဲ့ပြီး အခန်းတံခါး ဆောင့်ပိတ်ထားခဲ့သည်။
လူသူ ကင်းမဲ့သော လမ်းမများပေါ်မှာ ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။ ဘယ်ဆီဘယ်ဂယ် သွားနေမိမှန်း လည်း မသိပါ။ လေကလည်း ကောင်းကောင်း မတိုက်။ ပူလောင်အိုက်စပ်နေသည်။ ဘောင်းဘီ ခြေထောက်မှလည်း ချွေးတွေရွှဲနေသည်။

ကျွန်တော်တို့ ဆင်းခဲ့သည့် သင်္ဘောဆိပ်တွင် ကြီးမားသော အဖြူရောင် သင်္ဘောကြီးတစ်စီး ဆိုက်ကပ်ထားသည်ကို မြင်ရသည်။ မနက်ဖြန် ဟောင်ကောင်သို့ ထွက်မည့် သင်္ဘောဖြစ်သည်။
ဘုရားရှိခိုးကျောင်း ဟောင်းကြီးကို တွေ့ရသည်။ ပြူတင်းပေါက်တွေ ပွင့်နေသည်။ ထိုပြူတင်းပေါက်များမှ တစ်ဆင့် တစ်ဖက်က မိုးကုပ်စက်ဝိုင်းကို တိုးလျှိုပေါက် မြင်နေရသည်။ တစ်ဖက်တွင် ဘာနံရံမှမရှိတော့ပါ။ မီးလောင်သောကြောင့် ပြိုကျသွားပြီ။

ကျွန်တော် ဆက်လျှောက်လာရင်း ရှေ့တိုးမရတော့ပါ။ လက်နက်ကိုင် အစောင့်များက ကျွန်တော့်ကို ဆီးတားထားသည်။ ထိတားထားသည့် နေရာ၏ ဟိုမှာဘက်တွင် တရုတ်ပြည်မကြီး။
ဟုတ်ပါသည်။ ကွန်မြူနစ်အစိုးရ အုပ်စိုးနေသော တရုတ်ပြည်မကြီး ဖြစ်ပါသည်။

တရုတ်ပြည်မကြီးထဲတွင် ပြည့်တန်ဆာခန်းများကို ပိတ်ပစ်လိုက်ပြီ။ အမျိုးသမီး ကလေးများကို စက်ရုံများထဲသို့ ပြောင်းပို့လိုက်ပြီ။ လယ်ယာနှင့် ကောက်ပဲသီးနှံ စိုက်ကွင်း များထဲသို့ ရွှေ့ပြောင်းပေးလိုက်ပြီ။ အကယ်၍များ ပြည်မကြီးထဲမှာ စူဇီ ရှိနေမည်ဆိုလျှင် သူ့ကိုယ်ကို ငွေကြေးနှင့် ရောင်းစားနေမည့်အစား လယ်ထွန်စက်ကို မောင်းကောင်း မောင်းနေပေလိမ့်မည်။
နောက်ဘက်သို့ ကျွန်တော် ပြန်လှည့်လာခဲ့သည်။ နံရံတစ်ဖက်သာရှိသည့် ဘုရားရှိခိုးကျောင်းကြီးဆီသို့ ပြန်ရောက် လာသည်။ နံရံဘေးမှာ ထိုင်ချလိုက်သည်။ တစ်ကိုယ်လုံး နုံးချည့်နေသည်။ နေထွက် လာသည်အထိ ငြိမ်ငြိမ်ကလေး ထိုင်နေမိသည်။ လက်ပတ်နာရီကို ကြည့်လိုက်တော့ ရှစ်နာရီခွဲနေပြီကို တွေ့ရသည်။ ထိုင်ရာမှထပြီး ဟိုတယ်သို့ ပြန်လာခဲ့သည်။

အခန်းထဲရောက်တော့ ခုတင်ပေါ်မှာ လှဲနေသည့် စူဇီကို တွေ့ရသည်။ သူ အကြီးအကျယ် ငိုထားသည်။ တစ်မျက်နှာလုံး နီရဲပြီး ရောင်ကိုင်းနေသည်။ မျက်လုံးထဲမှာ ဘာအမူအရာမှမရှိ။ ကိစ္စအားလုံး ပြီးသွားပြီဖြစ်သောကြောင့် သေလိုက်တာကမှ ကောင်းသေးသည်ဆိုသည့် သဘောမျိုးဖြစ်နေသည်။

"သင်္ဘောက ဆယ်နာရီခွဲထွက်မယ်၊ မင်း အဆင်သင့် ဖြစ်နိုင်ပါ့မလား" ဟု ကျွန်တော်က မေးသည်။
အဖြေပြန်ပေးမလို လုပ်လိုက်သေးသည်။ သို့သော် ဘာမှ ပြန်မဖြေတော့ဘဲ ငိုပြန်သည်။ ပြောမည့် စကားလုံးတွေ လည်ချောင်းထဲမှာ တစ်ဆို့နေပုံရသည်။ ရေဘုံပိုင်ခေါင်းကို ဖွင့်ချလိုက်သလို သူ့မျက်လုံး အစုံမှ မျက်ရည်တွေ ဒလဟော စီးကျလာ သည်။

အီတလီ နိုင်ငံမှာ မြင်ခဲ့ဖူးသည့် မယ်တော်မေရီ ရုပ်တုတစ်ခုကို ပြန်သတိရနေမိသည်။ ဘုန်းကြီးတစ်ပါးက လျှို့ဝှက်ရေဘုံပိုင်ခေါင်းကို ဖွင့်လိုက်သည်။ မယ်တော် မေရီ၏ မျက်လုံးအစုံမှ ရေများ ပန်းထွက်လာကာ အဖြူရောင် တောက်ပနေသော ပါးပြင်ပေါ်သို့ စီးကျသွားသည်။

"ငိုနေတဲ့ အပျိုစင်" ဟု ဘုန်းတော်ကြီးက ဂုဏ်ယူစွာပြောသည်။ ငိုနေတဲ့ အပျိုစင်။ လွန်စွာ ကောင်းပါသည်။ "ကိုယ် ရေသွားချိုးလိုက်ဦးမယ်"ဟု ကျွန်တော်က ပြောသည်။

မှတ်ဆိတ်ရိတ်ဓား၊ ဆပ်ပြာနှင့် လိုအပ်သည်များ ယူပြီး ရေချိုးခန်းသို့ ထွက်ခဲ့သည်။ စူဇီက ခုတင်ပေါ်မှာ ငိုလျက် ကျန်ခဲ့သည်။
ကျွန်တော်တို့ အခန်းဘေးက ရေချိုးခန်းမှာ လူရှိနေသည်။ ထို့ကြောင့် အပေါ်ထပ်မှ ရေချိုးခန်းသို့ သွားရန် စကြံအတိုင်း လျှောက်လာခဲ့သည်။ အခန်းစောင့် အာနတ်ကို သူ့စားပွဲနားမှာ တွေ့သည်။ အမျိုးသမီးတစ်ယောက်နှင့် ကော်မရှင်ကိစ္စ အငြင်းအခုံ ဖြစ်နေ ကြသည်။ အပေါ်ထပ် ရေချိုးခန်းသို့ တက်ခဲ့ပြီး တံခါးကို အတွင်းမှ ပိတ်လိုက်သည်။

ရေပန်းအောက်သို့ ဝင်လိုက်သောအခါ ကြမ်းပေါ်မှာ သွေးတွေစွန်းနေသည်ကို တွေ့ရသည်။ ရေထွက်ပေါက်မှာလည်း သွေးတွေ တွေ့ရသည်။ သည်အခန်းထဲမှာ တစ်ယောက်ယောက် ကိုယ့်လည်ပင်းကိုယ် လှီးသွားသည်ဟု ထင်မိသည်။ မကာအိုလို နေရာမျိုးတွင် သည်အဖြစ်မျိုးသည် ဘာမှအံ့ဩစရာမရှိပါ။

ထို့နောက် ထောင့်တစ်နေရာရှိ အဂါရောင် ကြွေထွေးခံတစ်လုံးကို သတိပြုမိသည်။ ထိုအထဲတွင်လည်း သွေးတွေ တွေ့နေရသည်။ မိန်းမလက်ကိုင်ပဝါကလေး တစ်ထည်ကိုလည်း တွေ့ရသည်။ စူဇီ၏ လက်ကိုင်ပဝါဟု ထင်မိသည်။ ကျွန်တော့်ဒူးများ တဆတ်ဆတ် တုန်လာသည်။ ဆက်ရင်နေဖို့ပင် ခပ်ခက်ခက် ဖြစ်လာသည်။

ပို၍ သေချာအောင် လက်ကိုင်ပဝါကလေးကို ကောက်ယူကြည့်သည်။ ထောင့်တွင် ပန်းပွင့်ကလေး ရိုက်ထားသည်ကို တွေ့ရသည်။ နှင်းဆီပန်းနှင့် တူသည်ဟု တစ်ခါတုန်းက ကျွန်တော် ပြောဖူးသည်။ စူဇီက နှင်းဆီပန်းမဟုတ်ကြောင်း၊ ပန်းအမည်ကို တရုတ်လိုသာ ခေါ်တတ်ကြောင်း ပြန်ပြောဖူးသည့် လက်ကိုင်ပဝါ ဖြစ်သည်။ သေချာသွားပါပြီ။

ဘုရား...ဘုရား၊ ဖြစ်မှဖြစ်ရလေတယ်။
လက်ထဲမှ သွေးများ ပေကျံနေသည့် လက်ကိုင်ပဝါကလေးကို ငေးကြည့်နေမိသည်။
တကယ်တော့ အင်္ဂလိပ်တရုတ်ကပြား လူရှုပ်ဆီသို့ စူဇီ သွားခြင်းမဟုတ်။ သူ့အဆုတ်ရောဂါ ပြန်ဆိုး လာခြင်းသာ ဖြစ်သည်။ သို့သော်လည်း သူ နေမကောင်းသည်ကို ကျွန်တော် မသိစေလို။ ကျွန်တော်တို့ အခန်းဘေးမှ ရေချိုးခန်းသို့ သွားလျှင် သူ ချောင်းဆိုးသံ၊ သွေးအန်သံများကို ကျွန်တော် ကြားရမည်။ ကျွန်တော် မကြားစေလိုသောကြောင့် အပေါ်ထပ် ရေချိုးခန်းသို့ တက်ခဲ့ခြင်း ဖြစ်သည်။ သည်အခန်းထဲမှာ

သူတစ်ယောက် တည်း သွေးတွေ အန်နေပေလိမ့်မည်။ သူတစ်ယောက်တည်း သေကောင် ပေါင်းလဲ ဝေဒနာကို ခံစားခဲ့ရရှာပေလိမ့်မည်။

အခန်းထဲသို့ သူ ပြန်လာသည့်ပုံကို ကျွန်တော် ပြန်လည် မြင်ယောင်နေမိသည်။ သူ့တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ သူ့မျက်လုံးအစုံအောက်မှာ ကြီးမားသည့် အပြာကွက်ကြီးများကို တွေ့ရသည်။ ပြီးတော့-

"ကျွန်မဟာ မကောင်းပါဘူးလို့ မောင့်ကို ပြောခဲ့ဖူးပါတယ် မောင်ရယ်မောင့်ကို ဒုက္ခပေးမိမှာပဲလို့ ကျွန်မ ပြောခဲ့ဖူးပါတယ်" ဟု သူပြောသော စကားများကိုလည်း ပြန်လည် ကြားယောင်လာမိသည်။

ဘုရား... ဘုရား... ဘုရား ... ကယ်တော်မူပါ"

ကျွန်တော့် တစ်ကိုယ်လုံးမှာ အားအင်များ ကုန်ခန်းလာသည်။ ထို့ကြောင့် နံရံကို လှမ်းကိုင်ပြီး ထိန်းထားလိုက်ရသည်။ မျက်လုံးများကို မှိတ်ပြီး နံရံမှာ မျက်နှာအပ်ထားမိသည်။ ရေပန်းမှ ရေကျနေသံနှင့် ရေထွက်ပေါက်မှ စီးဆင်းသွားသံများကို ကြားနေရသည်။

အို... စူဇီ၊ သနားစရာကောင်းလိုက်တဲ့ စူဇီလေးရယ်၊ မောင့်ကို မင်း ခွင့်လွှတ်နိုင်မှာ မဟုတ် တော့ပါဘူး ကွယ်။

မျက်လုံးများကို ကျွန်တော် ဖွင့်လိုက်မိသည်။ လက်ထဲမှ လက်ကိုင်ပဝါ ကလေးကို မြင်ရပြန်သည်။ သူ သေများ သေသွားတော့မှာလား။ ကျွန်တော့်လက်များ တဆတ်ဆတ် တုန်နေသည်ကို တွေ့ရသည်။ ကြောက်စိတ်၊ စိုးရိမ်စိတ်များကြောင့် ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ အဝတ်အစားများကို လှမ်းဆွဲလိုက်ပြီး ပြန်ဝတ်သည်။ တစ်ကိုယ်လုံးမှာ ချွေးစီးတွေ ရွှဲနေသည်။ ချွေးတွေနှင့် ကပ်နေသောကြောင့် တော်တော်နှင့် အကျီဝတ်လို့မရ။

မှန်ထဲမှာ ကြည့်မိသည်။ တစ်နေ့ မရိတ်ရသေးသဖြင့် မုတ်ဆိတ်မွှေးတွေ ထိုးထိုး ထောင်ထောင် ရှိနေသည်။ ဇောချွေးတွေ ပြန်နေသည်။ မျက်လုံးအစုံထဲမှာ ကြောက်ရွံ့စိုးရိမ်ရိပ်တွေ ဖုံးလွှမ်းနေသည်။

ဘောင်းဘီဆွဲဝတ်တာ ကြယ်သီးတပ်ပြီး အောက်ထပ်သို့ အပြေး ပြန်ဆင်းခဲ့သည်။

**အခန်း (၇) နက်ဖြန်**

## စာအုပ် (၃) အထောက်တော် လှအောင် စူဇီဝေါင်း အခန်း(၇)

**အခန်း(၇)**

"စူဇီ...မင်းသိပ်လှတာပဲကွယ်" "မလှပါဘူး၊ ကျွန်မ အရုပ်ဆိုးတယ်၊ ကျွန်မ အရမ်းပိုထားတယ်၊ ဒါကြောင့် ပါးတွေရောင်ကိုင်းနေပြီ၊ ကျွန်မ မြင်နေရတယ်၊ မျက်စိရှေ့ရောက်အောင် ဖောင်းထွက်နေကြတာ" "မောင် ဂရုမစိုက်ပါဘူးကွယ်၊ မင်း သိပ်လှတာပဲ"

ကျွန်တော်တို့နှစ်ယောက် အပြန်အလှန် တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားမိကြသည်။ အခန်းထဲသို့ ကျွန်တော် ပြန်ရောက်လာတော့ ကျွန်တော်တို့နှစ်ယောက်စလုံး စကားမပြောနိုင်ကြပါ။ ကျွန်တော့် မျက်နှာကို မြင်သည်နှင့် တစ်ပြိုင်တည်းအဖြစ်မှန်ကို သိခဲ့ပြီဖြစ်ကြောင်း စူဇီကအတပ်သိလိုက်သည်။ သူ ငိုပြန်သည်။

သူ့ဆီသို့ကျွန်တော် ပြေးသွားလိုက်ချင်ပါသည်။ သို့သော်လည်းကျွန်တော်၏မိုက်မဲမှုမဆင်ခြင်မှုကြောင့် အရှက် ကြီး ရှက်နေမိပါသည်။ သူ့အသားကို ထိရကိုင်ရမှာကိုပင် မထိန်းသိမ်းနိုင်လောက်အောင် ရှက်လှပါသည်။

သို့သော်လည်း ဖြုန်းခနဲ သူ့ဆီပြေးသွားပြီး ရင်ခွင်ထဲမှာ ဆွဲပွေ့ထားလိုက်မိသည်။ သူ့လက်ကလေးများ ကိုယူပြီး ပါးနှင့် အပ်ထားမိသည်။ သူ့မျက်နှာကိုလည်း နမ်းမိသည်။ စူဇီကလည်း ကျွန်တော့်မျက်နှာကို ပြန်နမ်း ရင်း မဆုံးနိုင်အောင် ငိုကြွေးလေသည်။

ထိုအချိန်မှာပင် အလွန်တရာ ကြီးမားသည့် စိတ်ချမ်းသာမှုကြီးက ကျွန်တော်တို့ နှစ်ယောက်စလုံးကို ဖုံးလွှမ်း လိုက်သည်။ မပြည့်စုံသော "တစ်ခြမ်း"များ ဘဝမှပြည့်စုံသည့် "တစ်ခု"ဘဝသို့ ပြန် ရောက်လာတော့သည်။ "ဝမ်းသာလိုက်တာမောင်ရယ်၊ ကျွန်မ စိတ်ချမ်းသာလိုက်တာ"

သို့သော်လည်း သူ အလွန်အားနည်းနေသည်။ အသက်ကိုတောင် မနည်းကြိုးစား ရှူနေရရှာသည်။

"အချိန်သာရမယ်ဆိုရင် မောင် ဆရာဝန်ပြေးခေါ်ပါတယ်ကွယ်၊ ဒါပေမဲ့ မင်းအနေရ သက်သာတယ် ဆိုရင် မောင်တို့ သွားကြတာက ပိုကောင်းမယ်"

"နေကောင်းပါတယ် မောင်၊ မောင့်ကို ပြောတယ်မဟုတ်လား၊ ကျွန်မ စိတ်ချမ်းသာလိုက်တာလို့"

"ကောင်းပြီလေ၊ ဒီလိုဆိုရင် မင်း မလှုပ်နဲ့နော်၊ မောင် ပစ္စည်းတွေ သိမ်းနေတုန်း ငြိမ်ငြိမ်ကလေး လှဲ နေလိုက်"

သင်္ဘောဆိပ်သို့ ဆိုက်ကားငှားပြီး လာကြသည်။ စူဇီကို ကြည့်ရသည်မှာ အတော်ကလေး နေသာထိုင်သာ ရှိ လာပုံရှိသည်။ ကျွန်တော်က သင်္ဘောပေါ်မှာ အခန်းငှားသည်။ မလိုအပ်ဘဲ ငွေအကုန်အကျများသည်ဟု စူဇီက ကန့်ကွက်သေးသည်။ သို့သော်လည်းကျွန်တော်က ဇွတ်ငှားပြီး အခန်းထဲ အိပ်စင်မှာ လှဲခိုင်းထားသည်။

ကျွန်တော်တို့ အခန်းထဲမှာ အင်္ဂလိပ်ကျောင်းဆရာမကြီး တစ်ယောက်လည်းရှိသည်။ ဟောင်ကောင်မှ ဖြစ် သည်။ လှိုင်းမူးတတ်သောကြောင့် အမြဲတမ်းအခန်းငှားစီးလေ့ရှိသည်။ အခန်းထဲမှာလွတ်လွတ်လပ်လပ် လှိုင်းမူး နိုင်သည်။ အန်နိုင်သည်။ ယနေ့ရာသီဥတု ဆိုးနိုင်သလားဟု သင်္ဘောအမှုထမ်းတစ်ယောက်ကို သူ မေးကြည့် နေမိသည်။

"မဆိုးနိုင်ပါဘူး၊ ဒီနေ့ ရာသီဥတု အင်မတန် ကောင်းပါတယ်"ဟု ပြောသည်။ ထိုသူ ထွက်သွား တော့-

"သူ အမှန်အတိုင်း ပြောသွားတယ် ထင်သလား၊ သူ ပြောသွားတာ ကြားတယ်မဟုတ်လား"ဟု ကျွန်တော့် ကို လှမ်းမေးသည်။
"ရေကန် ထဲကရေကို အင်မတန်ငြိမ်မယ်လို့ ကျွန်တော် ထင်ပါတယ် ခင်ဗျာ"ဟု ပြန်ဖြေမိသည်။

ယနေ့ရာသီဥတုသည် အလွန်တရာ ပူပြင်းခြောက်သွေ့လှသည်။ ဆိပ်ကမ်းတွင် လေကလည်း မတိုက်။ သို့သော်လည်း ပုလဲမြစ်ဂကိုဖြတ်လာတော့ လေခပ်ကြမ်းကြမ်းတိုက်လာသည်။ ခဏကြာတော့ သင်္ဘောလူး လာသည်။ အခန်းထဲသို့ကျွန်တော် ပြန်လာကြည့်သည်။ စူဇီသည် အိပ်စင် ပေါ်မှာ အိပ်ပျော်လုပျော်ဆဲ ဖြစ်နေသည်။ ကျောင်းဆရာမကြီးကတော့ ထွေးခံတစ်လုံးထဲမှာ သွားပြီး အန်နေပြီ။

ဘားခန်းသို့ ကျွန်တော်ပြန်လာခဲ့သည်။ ဘရန်ဒီ မှာသောက်နေသည်။ တစ်နာရီလောက်ကြာတော့ သင်္ဘောသည် ရုတ်တရက် လမ်းကြောင်းပြောင်းသွားသည်။ သမ္ဗန်တစ်စီး မှောက်သည်ကို မြင်ရ ကြောင်း၊ လူအချို့က ရရာပစ္စည်းများကို တွယ်ပြီး မျောနေကြောင်း အသံချဲ့စက်မှ ကြေညာသံ ကြားရသည်။

ကုန်းပတ်ပေါ်သို့ ကျွန်တော် ထွက်ခဲ့သည်။ သင်္ဘောစက်ရှိန်ကို လျှော့ချလိုက်သံ ကြားရသည်။ အသက်ကယ်လှေကို ချနေသည်။ ခရီးသည်အားလုံး လက်တန်းဆီသို့ သွားပြီး ကြည့်နေကြသည်။ ကျွန်တော့် ဘေးမှာ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူထွားကြီးတစ်ယောက် ရှိသည်။ နှုတ်ခမ်းမွေး တွေက နီကြောင်ကြောင်ဖြစ်သည်။

တရုတ်သင်္ဘောသားများ အသက်ကယ်လှေကို ကိုးရိုးကားရား ကိုင်တွယ်နေပုံကြည့်ပြီး ထိုလူကြီး က ရေရွတ်ကျိန်ဆဲနေသည်။ သမ္ဗန်သမားများသည် မိုက်မဲကြောင်း၊ ယခုလို ရာသီဥတု ဆိုးနေချိန် တွင် ပင်လယ်ထဲသို့ ဒါလောက်ဝေးဝေး မလာသင့်ကြောင်း၊ မကာအိုနှင့် ဟောင်ကောင်သို့ သူ ကူးသန်း ခဲ့သည့်တစ်လျှောက်တွင် ယခုလိုအဖြစ်မျိုး တွေ့ရသည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း ပြော ပြနေသည်။ ထိုအချိန်မှာပင် ခရီးသည်များထဲ၌ ဆရာဝန်ပါမည်ဆိုလျှင် အောက်ထပ်သို့ အရေးတကြီး ကြွ ရောက်စေ လိုကြောင်း အသံချဲ့စက်ဖြင့် ကြေညာသံကို ကြားလိုက်ရသည်။

"အလကားကောင်တွေ၊ ကျုပ်ကို ဒီလိုခေါ်လို့ ဘယ်ရမလဲ၊ အခုလို သမ္ဗန်နစ်တာဟာ သူတို့မိုက် ပြစ်နဲ့ သူတို့ပဲ၊ အကုန် ရေနစ်သေကြစမ်းပါစေ"ဟု ထိုလူကြီးက ပြောသည်။
သို့သော်လည်း သူ့ဂသီအတိုင်း ပြောခြင်းသာ ဖြစ်ပုံရသည်။ ခဏအကြာ ကျွန်တော် လှည့်ကြည့် တော့ အောက်ထပ်သို့ သူ ဆင်းသွားချေပြီ။ သင်္ဘောပေါ်သို့ အဘွားကြီးတစ်ယောက်ကို တင်ပေး သည်။ သူ့ကိုယ်လုံး သေးသေးကလေးဖြစ်သည်။ ငှက်မွေးကလေးတစ်ချောင်းလို ပေါ့ပေါ့ပါးပါး ပါ လာသည်။ အဝတ် အစားတွေက ရေရွှဲပြီး အသားမှာကပ်နေသည်။ အဘွားကြီး ပြီးတော့ လူငယ် တစ်ယောက်ကို တင်ပေးသည်။

ထိုအခိုက် တစ်စုံတစ်ယောက်က ကျွန်တော့်လက်မောင်းကို လာတို့သဖြင့် လှည့်ကြည့်လိုက်သည်။ ကျောင်းဆရာမကြီးကို တွေ့ရသည်။ မျက်နှာအပျက်ကြီး ပျက်နေသည်။
"ရှင်မြန်မြန်လာရင် ကောင်းမယ်ထင်တယ်"
"ဘာဖြစ်လို့လဲဗျာ"

သူ့နှုတ်ခမ်းများ လှုပ်လာသည်။ သို့သော်လည်း စကားလုံး ထွက်မလာပါ။ လှိုင်းမူးနေသောကြောင့် လော၊ သို့တည်းမဟုတ် အဖြေက စိတ်မချမ်းသာစရာ ကောင်းလွန်းသောကြောင့်လော ကျွန်တော် မပြောတတ်ပါ။ နောက်ကြောင်းလှည့်ပြီး လူတွေကြားထဲမှာ ကျွန်တော် တအားပြေးခဲ့သည်။

အခန်းထဲဝင်လိုက်တော့ ခြေချော်ပြီး လဲမလိုဖြစ်သွားသည်။ ကြမ်းပြင်ပေါ်တွင် အန်ဖတ်တွေ ပွစာ ကြဲနေသည်။ တစ်ခန်းလုံးလည်း အန်ဖတ်စော်နံနေသည်။ ထွေးခံလေးသည် သင်္ဘောလူးသွားတိုင်း အခန်းထဲမှာ ဟိုမှသည်မှ လိမ့်နေသည်။

စူဇီ၏ အိပ်စင်အနားသို့ ကျွန်တော် ကပ်သွားသောအခါ သူ့မျက်လုံးများကို မှိတ်ထားသည်။ မျက် နာက သွေးမရှိသလို ဖြူနေသည်။ နှုတ်ခမ်းထောင့်မှ သွေးစပါသော ပန်းရောင်အမြှုပ်များသည် ခေါင်းအုံးပေါ်သို့ စီးကျနေသည်ကို တွေ့ရသည်။

"စူဇီ"
သူ့မျက်လုံးများ ပွင့်လာသည်။ ပြန်မှိတ်သွားသည်။ ဘာစကားမှမပြော။
"မောင် ဆရာဝန်သွားခေါ်လိုက်မယ်၊ မကြာဘူး၊ အခုပြန်လာမယ်"

အောက်ထပ်သို့ ဆင်းခဲ့သည်။ တရုတ်သင်္ဘောသားများသည် နောက်ထပ် ဆယ်ယူရသူတစ် ယောက်ကို သယ်လာသည်။ အခြားလူတွေက ကုန်းပတ်ပေါ်မှာ လဲနေကြသည်။
"အကုန် ရေနစ်သေကြစမ်းပါစေ"ဟု ပြောသွားသော နှုတ်ခမ်းမွေးနီကြောင်ကြောင်နှင့် ဆရာဝန်လူ ထွားကြီးသည် မိန်းမတစ်ယောက်ကို သူ့ဒူးနှစ်ဖက်ပေါ်မှာ ကားရာခွတင်ထားသည်။ မိန်းမ၏ကျော ပေါ်သို့ သူ့လက်နှင့် ဖိချနေသည်။ နံရိုးတွေပေါ်မှာလည်း ဖိပေးနေသည်။ မိန်းမက သတိလစ်နေ သည်။ ဆရာဝန်က သူ့ကိုယ်အလေးချိန်နှင့် ဖိပေးပြီး ပြန်ကြွလိုက်သောအခါ မိန်းမ၏အဆုတ်ထဲ သို့ လေဝင် သွားပြီး ပါးစပ်ဟကာ တစ်ချက်ညည်းလိုက်သည်။ ငွေသွားများပေါ်လာသည်ကို တွေ့ လိုက်ရသည်။

"ဒေါက်တာ ကျွန်တော့်မိန်းမ နေမကောင်းလို့"ဟု ကျွန်တော်က ပြောသည်။
"မင်းမိန်းမ သေလိုက်ပါလားကွ၊ ဒီမိန်းမ သေမလိုဖြစ်နေတာ မင်းမမြင်ဘူးလား"ဟု သူက မော့မကြည့်ဘဲ ပြန်အော်သည်။
"ကျွန်တော့်မိန်းမလည်း သတိလစ်နေပါတယ်ခင်ဗျာ"ဟု ကျွန်တော်က ထပ်ပြောသည်။

သူ ဘာမှပြန်မပြောဘဲ သူ့ဒူးပေါ်မှ မိန်းမ အသက်ရှင်ရေးအတွက်သာ လုံးပန်းနေသည်။ မိန်းမ၏ ဗိုက်ထဲမှ ရေများ အန်ထွက်အောင်၊ အဆုတ်ထဲသို့ လေဝင်သွားနိုင်အောင် လုပ်ပေးနေသည်။ တစ် မိနစ်လောက် ကြာတော့ ထိုမိန်းမကိုယ်ပေါ်မှ မျက်လုံးကိုမခွာဘဲ-
"ဒီလို ဘယ်သူ ဆက်လုပ်ပေးတတ်သလဲ၊ ဒီနားမှာ ဒီလိုလုပ်တတ်တဲ့ သူရှိသလား"ဟု မေးသည်။
"ကျွန်တော် လုပ်တတ်ပါတယ်ဆရာ၊ ရှေးဦးသူနာပြုသင်တန်း ကျွန်တော် တတ်ဖူးပါတယ်၊ ကျွန် တော့်မှာ အောင်လက်မှတ်နဲ့ ဆုတံဆိပ်ရှိပါတယ်"ဟု တရုတ်သင်္ဘောသားတစ်ယောက်က ဖျတ် ဖျတ်လတ်လတ် ပြန်ဖြေသည်။

"ဒီကိုလာ"
မေ့နေသည့် အမျိုးသမီးကို ရှေ့တိုးနောက်ငင် လုပ်နေသည်။ ဒူးတစ်ဖက်ကို ရုပ်လိုက်သည်။ တရုတ် သဘော်သားက တစ်ဖက်တွင် ဒူးထောက်လျက် ဂင်ထိုင်သည်။ ဆရာဂန်၏ လက်ကဲ့သို့ပင် သူ့လက်ကို လည်း ဖြန့်ပြီး မိန်းမ၏ ကျောပေါ်မှာတင်သည်။ ရှေ့တိုးနောက်ငင် လုပ်ပေးသည်။ စနစ်ကျမကျ ဆရာဂန်က စောင့်ကြည့်နေသည်။ ပြီးတော့မှ ကျေနပ်စွာဖြင့် သူ့လက်များကို ပြန်ရုပ် လိုက်သည်။ သဘော်သား လုပ်ပုံကို ဆက်ကြည့်နေသေးသည်။ စိတ်တိုင်းကျတော့မှ ထိုင်ရာမှ ထ ရပ်သည်။

"ကျုပ်ကိုခေါ်တာ ဘယ်သူလဲ၊ အခုနတုန်းက သူ့မိန်းမအကြောင်း ပြောတာ ဘယ်သူလဲ"
"ကျွန်တော်ပါ ဒေါက်တာ၊ ကျွန်တော် ဂမ်းနည်းပါတယ်၊ ဒါပေမဲ့ အခြေအနေက တော်တော်ဆိုးနေ လို့ပါ"ဟု ကျွန်တော်က ပြောသည်။
ကျွန်တော့်ကို မယုံကြည်သလို စိုက်ကြည့်နေသေးသည်။ ရိုးရိုးလှိုင်းမူးသည်ဟု ထင်ပုံရသည်။ ရိုးရိုး လှိုင်းမူးသူ အတွက် အသက်ဘေးအန္တရာယ် ကြုံတွေ့နေရသော တရုတ်မကိုပစ်ပြီး လိုက်ဖို့စဉ်းစား နေသည်။

"ကောင်းသွားမှာပါ"ဟု ပြောပြီး ကျွန်တော့်နောက် လိုက်လာသည်။
အပေါ်ထပ် ကျွန်တော်တို့အခန်းထဲ ရောက်သွားတော့ စူဇီဘေးမှာ ဘာလုပ်ရမှန်းမသိဘဲ သည် အတိုင်း ရပ်နေသည့် ကျောင်းဆရာမကြီးကို တွေ့ရသည်။ နောက်ထပ် အသစ်အန်ထားသည့် အန် ဖတ်နံ့များ ရပြန်သည်။ ဆရာဂန်က စူဇီနားသို့ကပ်သွားပြီး နှုတ်ခမ်းမှ စီးကျနေသောသွေးနှင့် ရော နေသည့် အမြှုပ်များကို စစ်ဆေးကြည့်သည်။ ထို့နောက် မော့ကြည့်ပြီး နှာခေါင်းရှုံ့ကာ ပြောသည်။
"လေကလေး များ ရှူခွင့်ပေးကြပါဦး၊ ပိတ်လှောင်နေပြီ၊ ခင်ဗျားတို့နှစ်ယောက် အပြင်ထွက်"

ကျောင်းဆရာမကြီးနောက်မှ အခန်းအပြင်သို့ ကျွန်တော် ထွက်လိုက်လာခဲ့သည်။ အပြင်မှာ လေပူ တိုက်နေသည်။ နစ်သည့်သမ္ဘန်မှ နောက်ဆုံးလူတစ်ယောက်ကို ဆယ်တင်ပြီးပြီ။ အသက်ကယ်လှေ ကို သဘော်ပေါ်သို့ ပြန်တင်သည်။ သဘော်စက်ရှိန်မြှင့်ပြီး ဆက်လက် ခုတ်မောင်းလာသည်။
"အခန်းထဲမှာ ညစ်ပတ်ပေကျံကုန်တဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူးဗျာ"ဟု ကျွန်တော်က ပြောသည်။

"အို ကိစ္စမရှိပါဘူး၊ အခန်းက အရေးမကြီးပါဘူး၊ ကျွန်မက ဒီထက်ပိုပြီး အကူအညီ ပေးချင်တာပါ၊ ကျွန်မ ဘာမှ မဖြစ်တဲ့အချိန်မှာဆိုရင် ကောင်းကောင်း အကူအညီ ပေးတတ်ပါတယ်၊ အခုတော့ လှိုင်းမူးနေလို့ ကျွန်မ လည်း ဘာမှအသုံးမဂင်တော့ဘူး"ဟု ပြန်ဖြေသည်။

အခန်းထဲမှ ဆရာဂနထွက်လာသည်။ သဘော်က တစ်ဖက်သို့ စောင်းသွားသောကြောင့် သူလည်း ယိုင်သွားသည်။ သဘော်လက်တန်းကို လှမ်းကိုင်လိုက်သည်။ သစ်သားသေတ္တာတစ်လုံးကို ခြေ ထောက်နှင့် ဂင်တိုက်မိသည်။ သူ့ကို ကျွန်တော်စောင့်ကြည့်နေသည်။ သူက မျက်နှာတစ်ချက် ရှုံ့ လိုက်ပြီး သူ့ဒူးခေါင်းကို သူ ပြန်နှိပ်နေသည်။
အခြေအနေကတော့ဆိုးပြီဟု ကျွန်တော် တွေးလိုက်မိပါသည်။ အဘယ်၍ စူဇီ့အခြေအနေ ကောင်း နေမည် ဆိုလျှင် သူ့စကားကြောရှည်ပြီး အချိန်ဖြုန်းနေဦးမည်ဟု ထင်ပါသည်။

"အင်း...သင်္ဘောဆက်ထွက်လာတာ ကောင်းတယ်၊ အဆင်ပြေသွားတယ်၊ သူ့ကို အေးသွားအောင် လုပ်ပေးဖို့ကလွဲပြီး တခြား ဘာမှမတတ်နိုင်တော့ဘူး၊ သင်္ဘောသားဆီမှာ သွားပြီး ရေခဲတောင်းပါ၊ ရေခဲအိတ် လုပ်ပြီး တင်ပေးပါ၊ ဟောဒီနေရာ အဆုတ်နေရာ"
"ကျွန်မ လုပ်ပေးပါ့မယ်၊ ရေခဲ ကျွန်မ သွားတောင်းမယ်၊ ခေါင်းအုံးစွပ်နဲ့ ရေခဲအိတ် လုပ်လိုက်မယ်၊ အရင်တုန်းကလည်း ဒါမျိုး ကျွန်မ လုပ်ဖူးပါတယ်"ဟု ကျောင်းဆရာမကြီးက စိတ်အားထက်သန်စွာ ပြောသည်။

"ရေခဲနည်းနည်းကိုလည်း စုပ်နေပစေ"ဟု ဆရာဂန်က ပြောသည်။
"အခြေအနေ ဘယ်လောက်တောင် ဆိုးပါသလဲခင်ဗျာ"
"ဆေးရုံရောက်ရင် ကောင်းသွားမှာပါ၊ သွေးတော်တော် အန်ပစ်လိုက်တာပဲ၊ ဆေးရုံရောက်မှဖြစ် မယ်၊ ဆေးရုံရောက်မှ လုပ်လို့ရမယ်၊ ရေနစ်တဲ့လူနာတွေတင်ဖို့ လူနာတင်ကား လာလိမ့်မယ်၊ သူ တို့နဲ့အတူ ကင်းဆေးရုံကို ပို့နိုင်တာပေါ့"
"စိန့်မာဂရက်ဆေးရုံမှာ သူ့အတွက် ခုတင်တစ်လုံး အသင့်စီစဉ်ထားပြီးသားပါ ဒေါက်တာ၊ တီဘီ အထူးကုဆောင် ရှိပါတယ်"ဟု ကျွန်တော်က ပြန်ဖြေသည်။
"ကျုပ် ဘာမှတော့ ကတိမပေးနိုင်ဘူး"

သူ ထိုသို့ပြောချိန်မှာပင် အသံချဲ့စက်မှ ကြေညာသံထွက်လာသဖြင့် သူ နားစွင့်လိုက်သည်။ သမ္မန် နစ်သူများသည် ထိုသမ္မန်နှင့် လုပ်ကိုင်စားရသူများဖြစ်ကြောင်း၊ ယခု သူတို့တွင် ရှိသမျှပစ္စည်းအား လုံး ဆုံးရှုံးကုန်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့အတွက် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ် ပါဝင်တော် မူကြပါရန် ဦးထုပ်တစ်လုံးနှင့် သင်္ဘောပေါ်မှာ အလှူခံထွက်မည် ဖြစ်ကြောင်း ကြေညာ ခြင်းဖြစ်သည်။

"အလကားကောင်တွေ၊ ငါ့စိတ်ထဲက တစ်ပြားတောင်မထွက်ဘူးမှတ်"
ထိုသို့ပြောပြီး သူ့ပိုက်ဆံအိတ်ထဲမှာ နှိုက်နေသည်။ ဒေါ်လာငါးဆယ် ထွက်လာသည်။ ထိုငါးဆယ် ကို သူ လှူပေဦးမည်။
"အင်း...ကျုပ် အောက်ထပ်ဆင်းပြီး လူနာတွေ သွားကြည့်လိုက်ဦးမယ်၊ မောင့်ရင့်မိန်းမကို ကင်း ဆေးရုံမှာ တင်နိုင်ရင်တော့ကောင်းမယ်"ဟု ပြောပြီး ထွက်သွားတော့သည်။
သို့သော်လည်း ဟောင်ကောင်ရောက်တော့ စူဇီကို ထမ်းစင်နှင့် သယ်သွားပြီး အသင့်စောင့်နေ သည့် လူနာတင်ကား သုံးစီးအနက် တစ်စီးပေါ်မှာ တင်သည်။ ဆရာဂန်က ကျွန်တော့်ဆီလျှောက် လာပြီး မျက်လုံး တစ်ဖက်မှိတ်ပြကာ ပြောသည်။

"ရေနစ်တဲ့လူနာတွေအားလုံး တခြားလူနာတင်ကားပေါ် တင်ခိုင်းလိုက်တယ်၊ မောင်ရင်နဲ့ မောင်ရင့် မိန်းမကို စိန့်မာဂရက်ဆေးရုံ သပ်သပ်လိုက်ပို့ပေးဖို့ ဒရိုင်ဘာကို ကျုပ်ပြောထားပြီးပြီ"
"ဒေါက်တာ့ ကျေးဇူး ကြီးမားပါပေတယ်ခင်ဗျာ၊ ဒေါက်တာ့ကို ကျွန်တော် ဘယ်လောက်ကန်တော့ရ မလဲ အမိန့်ရှိပါဗျာ"
"ထားလိုက်စမ်းပါ ကိုယ့်လူရာ"
ပြောပြောဆိုဆိုဖြင့် သူ ထွက်သွားတော့သည်။

ကားပေါ်သို့ ကျွန်တော်တက်သည်။ အလုပ်သမားက တံခါးကိုပိတ်သည်။ ပြီးတော့-
"ကောင်းပြီ၊ ကင်းဆေးရုံကိုမောင်း"ဟု သတိနှင့်ပြောသည်။
"မဟုတ်ဘူး၊ စိန့်မာဂရက်ဆေးရုံ"ဟု ကျွန်တော်က ပြောသည်။
သူက ခေါင်းယမ်းသည်။
"ဒီကားက ကင်းဆေးရုံကိုသွားမှာ"

"ဒါပေမဲ့ စိန့်မားဂရက်ဆေးရုံကို မင်းတို့ လိုက်ပို့ပေးရမယ်လို့ ဆရာဂန်က ပြောသွားတာပဲ" ဒရိုင်ဘာက အလုပ်သမားနောက်မှ တက်လိုက်သွားသည်။ ကျွန်တော့်ကို တိတ်ဆိတ်စွာ အကဲခတ်ကြည့်နေကြသည်။ တစ်စုံတစ်ရာကို မျှော်လင့်ပုံရသည်။ အိတ်ထဲမှာစမ်းပြီး ငါးဒေါ်လာတန် တစ် ရွက် ထုတ်ပေးလိုက်သည်။

"ဖြစ်ပြီ၊ ဒါဆို စိန့်မာဂရက်ကို သွားလို့ရရောပေါ့"ဟု ကျွန်တော်က လှမ်းပြောလိုက်သည်။ အလုပ်သမားက ပိုက်ဆံကို လှမ်းယူရင်း စဉ်းစားနေသည်။ ပိုက်ဆံကို လေးထောင့်ခေါက်ပြီး သူ့ အိတ်ထဲသို့ ထည့်ထားလိုက်သည်။ ကားတံခါးပိတ်သည်။ သို့သော် စက်နှိုးသံမကြားရ။ အခြားလူနာတင်ကားများ ဖောင်းထွက်သွားကြပြီ။ စူဇီသည် မျက်လုံးမှိတ်ပြီး ငြိမ်သက်စွာ လဲလျောင်း နေသည်။ ရေခဲ၏အစွမ်းကြောင့် သွေးမအန်တော့ပါ။ သို့သော်လည်း အလွန်တရာ အား နည်းနေသည်။ မျက်လုံးမဖွင့်နိုင်လောက်အောင်ကို အားနည်းနေခြင်းဖြစ်သည်။ ကမ်းပေါ်သို့ သူ့ ကို သယ်လာကြောင်း ပင် သူ သိမည်မထင်။ ကားထဲမှာ အသက်ရှူရကျပ်နေသည်။ ရှေ့ခန်းသို့ ကျွန်တော် လှမ်းကြည့်သည်။ အလုပ်သမားနှင့် ဒရိုင်ဘာ အချီအချ ပြောနေသည်ကို တွေ့ရသည်။ ကျွန်တော်က မှန်ကိုလက်နှင့်ခေါက်ပြီး မြန်မြန် ထွက်ရန် ခြေဟန်လက်ဟန် ပြလိုက်သည်။ ခဏကြာတော့ အလုပ်သမားက တံခါးဖွင့်ဆင်းသည်။ နောက်ဘက်သို့ လျှောက်လာပြီး တံခါးဖွင့် သည်။

"ဂမ်းနည်းပါတယ်ဗျာ၊ စိန့်မာဂရက်ဆေးရုံက သိပ်ဝေးတယ်"
"ဟ...တစ်မိုင်တောင်မှ မရှိတာဘဲ၊ ကင်းဆေးရုံထက်တောင် နီးသေးတာပဲ"ဟု ကျွန်တော်က ပြန် ပြောသည်။
"သိပ်ဝေးတယ်ဗျာ"
"မင်း...ပိုက်ဆံထပ်လိုချင်သေးလို့လား၊ ကိုင်း...ဘယ်လောက်လိုချင်သလဲ ပြော"
"ဓာတ်ဆီဖိုးအတွက် ဆယ်ဓေလာ လိုချင်တယ်"
ကျွန်တော်က ဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။

"မင်း...ပီကင်းအထိ မောင်းသွားလောက်အောင်ကို ဓာတ်ဆီဂယ်လို့ရတယ်" ဆယ့်ငါးဒေါ်လာရတော့ အတော်ပျော်သွားပုံရသည်။ မော်တော်ကားတွေ လမ်းရှင်းပေးနိုင်အောင် ဥသြကို အဆက် မပြတ်ဆွဲကာ တောက်လျှောက် မောင်းထွက်လာတော့သည်။ စူဇီ၏လက်ကလေးကို ကျွန်တော် ဆုပ်ကိုင်လာခဲ့သည်။ သူ့ခန္ဓာကိုယ်ထဲတွင် သွေးတစ်စက်မှ မ ကျန်တော့သလို ပါးကလေးတွေ ဖြူဖွေးနေသည်။ သူ့ခန္ဓာကိုယ်အတွင်းမှ သွေးတွေ ပုလင်းပေါင်း ဘယ်လောက် များများ ထွက်သွားသနည်းဟု ကျွန်တော် စဉ်းစားကြည့်နေမိသည်။ သူ့ခန္ဓာကိုယ်ထဲ မှာ

လိုအပ်သည့် သွေးပုလင်းပေါင်း ဘယ်လောက်များများ ရှိသနည်းဟုလည်း တွေးကြည့်မိသည်။ စိန့်မာဂရက်ဆေးရုံရှေ့မှာ လူနာတင်မော်တော်ကား ထိုးရပ်လိုက်သည်။ စူဇီကို ထမ်းစင်နှင့် သယ် သွားသည်။

ကေး၏ ရက်အားဖြစ်ကြောင်း၊ သို့သော်လည်း တီဘီဆောင်မှ စစ္စတာဒန်းကို အသေအချာ မှာထား ခဲ့ကြောင်း၊ မစ္စတာဒန်းသည် အလွန်တော်ကြောင်း၊ သူတတ်နိုင်သမျှ အစွမ်းကုန် ကူညီဆောင်ရွက် ပေးလိမ့်မည် ဖြစ်ကြောင်း ကေးရေးထားခဲ့သည့် စာကလေးကို ဖတ်ရသည်။

"ခဏကြာရင် သူထွက်လာပါလိမ့်မယ်၊ ဒါပေမဲ့ အထဲကို ရှင်ဝင်သွားလို့တော့ မဖြစ်ဘူးနော်၊ အမျိုး သမီးတချို့ သန့်ရှင်းရေးလုပ်နေကြတယ်"ဟု တီဘီဆောင်ဘဂမှာ တွေ့သည့် ဆရာမတစ် ယောက်ကို စစ္စတာဒန်း အကြောင်း မေးကြည့်တော့ သူက ပြန်ဖြေသည်။

စကြ်ံန်ထဲမှာပင် ကျွန်တော် စောင့်နေရသည်။ ခဏကြာတော့ စစ္စတာဒန်း ထွက်လာသည်။ ပြုံး တော့ ပြုံးထားပါ၏။ သို့သော်လည်း ရင်းနှီးသော အပြုံးမျိုးမဟုတ်။
"မပူပါနဲ့၊ ကျွန်မတို့ ဂရုစိုက်ကြည့်ပေးပါ့မယ်၊ ရှင် အိမ်ကိုပြန်ပါ၊ သူ့ကို ကျွန်မတို့ဆီမှာ ထားခဲ့ပါ၊ မနက်ဖြန်ညနေကျတော့ ရှင့်ကို ပြုံးပြုံးရွှင်ရွှင် ဆီးကြိုနိုင်လိမ့်မယ်လို့ ထင်ပါတယ်"
"မနက်ဖြန် ညနေထိတောင်လားဗျာ"

"ည့်သည်တွေ့ချိန်ကို ညနေသုံးနာရီက လေးနာရီအထိ သတ်မှတ်ထားပါတယ်"
သူ ပြုံးပြန်သည်။ သို့သော်လည်း ပိုးသတ်ထားသည့် အပြုံးမျိုးဖြစ်သည်။ အလွန်တော်သည်ဟု စကား ပြောသည်မှာ ယခုလို အေးတိအေးစက်နိုင်သော အပြုံးမျိုးကိုပင် ပြောခြင်းဖြစ်လေသလားဟု ကျွန်တော် စဉ်းစားကြည့်လိုက်မိပါသည်။ တာဂန်ဂတ္တာရား ကျေပွန်သည့် သည်လိုအပြုံးမျိုးကို ကေး ကတော့ ကြိုက်ကောင်း ကြိုက်ပါလိမ့်မည်။ သို့သော် ကျွန်တော်ကတော့ အားမရပါ။

"သူ့ကို ဆရာဂန် စစ်ဆေးကြည့်ရှုတဲ့အချိန်အထိ ကျွန်တော် စောင့်နေချင်ပါတယ်ခင်ဗျာ"
"ဒီလိုဆိုရင် ဒီကတော့ စောင့်လို့ရမှာမဟုတ်ဘူး၊ ခန်းမထဲကနေ သွားစောင့်နေပါ"
"ထူးရင် ကျွန်တော့်ကို အသိပေးပါနော်"
"ကောင်းပါပြီ၊ ခန်းမထဲကသာ သွားစောင့်နေပါ"

တစ်နာရီလောက် ကျွန်တော်စောင့်နေသည်။ သို့သော် မည်သူမှ ရောက်မလာပါ။ နောက်ထပ် ဆယ့်ငါးမိနစ်လောက် စောင့်နေသေးသည်။ မည်သူမှ ပေါ်မလာသည့်အဆုံးတွင် အပေါ်ထပ်သို့ တက်ခဲ့သည်။ လူနာဆောင် အခန်းတံခါးများကို ဖွင့်ထားသည်။ ထို့ကြောင့် ရှည်လျားသော အခန်းကြီးအတွင်းသို့ လှမ်းမြင်နေရသည်။ ဖယောင်းတိုက်ထားသည့် ကြမ်းပြင်က ပြောင်လက်နေသည်။ မျက်နှာကြက် မှာ ပန်ကာ တွေလည်နေသည်။ ခုတင်တွေ ဟိုဘက်သည်ဘက် ချထားသည်။ လူနာတရုတ်မများ၏ မျက်နှာ သေများကို မြင်ရသည်။

စူဇီကို ကျွန်တော် လှမ်းမြင်ရပါသည်။ အပေါ်မှာ ပုလင်းတစ်လုံး ချိတ်ထားပြီး ထိုပုလင်းမှပိုက်နှင့် စူဇီ၏လက်ကို

ဆက်ထားသည်။
စကြ်ံန်ထဲမှာ စစ္စတာဒန်းကို ကျွန်တော် လိုက်ရှာသည်။ ထိုအချိန်မှာ စစ္စတာဒန်း ထွက်လာသည်။ ကျွန်တော့်ကိုမြင်တော့ ရပ်လိုက်သည်။
"အိုး…စိတ်မကောင်းလိုက်တာရှင်၊ ကျွန်မ ရှင့်ကို မေ့သွားတယ်၊ ကျွန်မ မေ့သွားတာ စိတ်မကောင်း လိုက်တာ"ဟု ပြောသည်။ စောစောက ပိုးသတ်ထားသည့် အမူအရာ လျော့ပါးသွားသည်။ အတော် အတန် လှိုက်လှိုက် လှဲလှဲ ရှိလာသည်။

"သူ ဘယ်လိုနေပါသလဲ"
"သူ သိပ်အားနည်းနေတယ်၊ ဒါပေမဲ့ ကျွန်မတို့ သွေးသွင်းပေးထားပါတယ်၊ မျှော်လင့်ချက်ရှိပါ တယ်"ဟု ပြောသည်။ သူ့အမူအရာက မသက်မသာ ဖြစ်နေသည်။
"မျှော်လင့်ချက်ကို မစွန့်လွှတ်ဖြစ်အောင် ကျွန်တော် ကြိုးစားပါ့မယ် ခင်ဗျာ"
စူဇီကို ဆေးရုံတင်ထားသည့် ပထမ ရက်သတ္တပတ် သုံးပတ်လုံးလုံး ကျွန်တော် နေမထိ ထိုင်မသာ ဖြစ်နေ သည်။ ကောင်းကောင်းလည်း မစားနိုင်၊ ကောင်းကောင်းလည်း မအိပ်နိုင်။ သည်တောင်ကိုမှ စူဇီ ကျော်နိုင် ပါမည်လားဟု ကယောင်ချောက်ချား တွေးမိသည့်အခါလည်း တွေးမိနေသည်။ စူဇီ မသေပါစေ နှင့်ဟုလည်း အထပ်ထပ် အခါခါ ဆုတောင်းမိပါသည်။

တစ်နေ့တွင် လူတွေကျပ်နေသည့် ဓာတ်ရထား စီးသွားမိသည်။ ထိုအချိန်တွင် တန်ခိုးရှင်တစ်ဦးက "စူဇီရဲ့အသက်ကို ငါကယ်တင်ပေးမယ်၊ ဒါပေမဲ့ ဒီဓာတ်ရထားပေါ်က မင်း ဆင်းသွားပြီးတဲ့နောက် မှာ ဓာတ်ရထား မှောက်ပစ်မယ်၊ ဒီပေါ်မှာ ပါလာသူတွေအားလုံး အသက်ဆုံးရှုံးမယ်၊ အဲဒီနှစ်လမ်း အနက် ဘယ်လမ်း ကို မင်းရွေးမလဲ"ဟု ကျွန်တော့်ကို မေးနေသယောင် ထင်မိသည်။ ကျွန်တော် ဘာလုပ်ရမှန်း မသိတော့ပါ။

တတိယအပတ် နောက်ဆုံးတစ်ရက်တွင် ဆေးရုံသို့ ကျွန်တော် ရောက်သွားသည်။ စူဇီသည် ဝေဒနာကို အပြင်းအထန် ခံစားနေရသည်။ သူ့ခုတင်ဘေးမှာ ကျွန်တော်ရပ်နေသော်လည်း မျက် လုံးများ ဖွင့်မကြည့် နိုင်ပါ။ ကျွန်တော့်လက်ကို ဆွဲပြီး စောင်အောက်သို့သွင်းကာ သူ့ရင်ဘတ်ပေါ် မှာ တင်ထားစေသည်။

"မောင်ရယ်…ကျွန်မကြောက်လိုက်တာ၊ ကျွန်မ မသေချင်ဘူးမောင်ရယ်၊ အရမ်းကြောက်တယ်"ဟု ပြောနေသည်။ ပြီးတော့ ငိုတော့သည်။ တစ်နာရီလောက်ကြာအောင် မရပ်မနား ငိုနေသည်။ ယနေ့ ညသည် သူ့ဘဝ၏ နောက်ဆုံးညများ ဖြစ်လေမည်လားဟု ကျွန်တော် စိုးရိမ်တကြီး တွေးနေမိ သည်။

ကေးကိုတွေ့ရန် သူနေသည့်အဆောင်သို့ ကျွန်တော်လာခဲ့သည်။ တင်းနစ်ရိုက်နေသော ကေးက ကျွန်တော် နှင့် စကားပြောရန် ကွင်းထဲမှ ထွက်လာသည်။ ဘောင်းဘီတိုကလေး ဝတ်ထားသည်။ သူ့ပေါင်တံ များမှာ နေလောင်ထားသဖြင့် ကြည့်ကောင်းနေသည်။ သူ့မျက်နှာအမူအရာမှာ အလွန်တရာ စိတ်ချမ်းသာ နေပုံရသည်။ ချစ်သူတစ်ယောက်နှင့် သူတွေ့ပြီး သူတို့အချစ်ရေးမှာ အလွန် တရာ အဆင် ပြေနေသည်။

"ကျွန်မ ဒီနေ့ည ဂျူတီကျတယ်၊ သူ့ကို သွားကြည့်လိုက်မယ်လေ"ဟု ကေးကပြောသည်။

"သွားကြည့်ပေးပါ ကေးရယ်၊ တစ်ခုခုဖြစ်ရင် ကိုယ့်ကို ဘယ်သူကမှ အကြောင်းကြားပေးမှာ မဟုတ် ဘူး"
"မပူပါနဲ့၊ ကျွန်မ ကြည့်ပေးပါ့မယ်၊ တစ်ခုခုဖြစ်ရင်လည်း ကျွန်မ အကြောင်းကြားမှာပေါ့"

ထိုနေ့ညက ကိုးနာရီထိုးသည်အထိ ကျွန်တော် အခန်းထဲမှာ ထိုင်ပြီး တယ်လီဖုန်း စောင့်နေမိ သည်။ လမ်းပေါ်မှ စက်ဘီးဘဲလ်တီးသံ ကြားတိုင်း ဖုန်းမြည်သည်ထင်ပြီး ခုန်ခုန်ထနေမိသည်။ အခန်းထဲမှာ သည်အတိုင်းထိုင်ပြီး တစ်ယောက်တည်း စောင့်နေနိုင်စွမ်း မရှိတော့ပါ။ ထို့ကြောင့် ကျွန်တော့်ထံ ဖုန်းလာ လျှင် ဘားခန်းထဲသို့ ပြောင်းပေးရန် အော်ပရေတာကိုမှာပြီး ဘားခန်းထဲသို့ ဆင်းခဲ့သည်။ ထိုညက ဘရန်ဒီ အတော်များများ သောက်မိသည်။ ဝွမ်နီလာပြီး စကားပြောနေသည်။ စူဇီ အကြောင်း မေးသည်။ သူ့ညီမကလေး စေ့စပ်ကြောင်းလမ်းလိုက်ပြီဖြစ်ကြောင်းလည်း ပြောပြသည်။
"ဟုတ်လား ဝွမ်နီ၊ ဂမ်းသာလိုက်တာကွယ်၊ ယောကျ်ားကလေးဟာ ပိုက်ဆံတော်တော်ချမ်းသာ တယ်နဲ့ တူတယ်"ဟု ကျွန်တော်က ပြန်ပြောသည်။

"ဒါလောက်တော့ မချမ်းသာပါဘူး၊ မော်တော်ကားနစ်စီးပဲ ရှိတယ်"
"ဒါလည်း ဘယ်ဆိုးလို့လဲ၊ ဒီအတိုင်းဆိုရင် ဒီလုပ်ငန်းကို မင်းစွန့်လွှတ်ရတော့မှာပေါ့နော်"
သူနှင့် စကားပြောမည့်သာ ပြောနေရသည်။ နားကတော့ ဖုန်းမြည်သံကိုသာ စွင့်နေမိသည်။
"ဟုတ်တယ်၊ ညီမလေး လက်ထပ်ပြီးရင် ဒီဘဂကေ ကျွန်မလွှတ်ပြီး ကျွန်မ သိပ်ပျော်တာပဲ၊ စူဇီ နေကောင်းလာတဲ့အခါမှာ ကျွန်မတို့ ပွဲကလေးလုပ်နိုင်ကြတာပေါ့"
ဘားကောင်တာပေါ်ရှိ ဖုန်းမြည်သံကြားရသည်။ ကျွန်တော့်တစ်ကိုယ်လုံး တောင့်သွားသည်။ တိုင် ဖူးက ကောက်ကိုင်သည်။ စကားပြောခွက်ကို ဘေးမှာချသည်။ ဘားခန်းထဲသို့ လှည့်ကြည့်သည်။ ကျွန်တော့်ကို မြင်သွားတော့ ပြုံးပြသည်။

"ဟေး...ထမင်းကြော်ကြီး၊ အမျိုးသမီးတစ်ယောက် ဖုန်းဆက်နေတယ်၊ ရှင်မိန်းမရသွားတာ အခုပဲ သိလို့ ရှင့်ကို ဒုက္ခပေးတော့မလို့နဲ့တူတယ်"ဟု လှမ်းပြောသည်။
ကျွန်တော့်ဒူးရော မခိုင်တော့ပါ။ တယ်လီဖုန်းရှိရာ ဘားကောင်တာရောက်အောင် အတော်ကြိုးစား ပြီး လျှောက်သွားရသည်။ ဖုန်းကို ကျွန်တော်ကောက်ကိုင်သည်။ ကေး၏အသံ ကြားရသည်။
"ဟယ်လို...ရောဘတ်လား၊ လန့်မသွားနဲ့ဦး၊ အခုပဲ သူ့ကို ကျွန်မသွားကြည့်ခဲ့တယ်၊ ဒီအကြောင်း ပြောမလို့၊ သူ့ကို သွေးထပ်သွင်းပေးထားတာ တွေ့ရတယ်"
"သွေးမသွင်းတော့ဘူးလို့ သူတို့ ဆုံးဖြတ်ထားကြတာ မဟုတ်လား"

ပထမတစ်ကြိမ် သွေးသွင်းစဉ်က စူဇီ၏ခန္ဓာကိုယ်သည် ပြင်ပသွေးကို လက်မခံ။ စူဇီကိုယ်တိုင်က လည်း လက်မှ ပိုက်ကို ဆွဲဖြုတ်ပစ်ရန် ရုန်းကန်ခဲ့သည်။ စိတ်ဓာတ်ရေးရာအရပါ ငြင်းဆန်နေသဖြင့် သူ့တစ်ကိုယ်လုံး တုန်လာသည်။ ရက်ပေါင်းအတော်ကြာအောင် ထိုဝေဒနာကို သူ ခံစားနေခဲ့ရ သည်။
"ဆရာဂန်က နောက်ထပ် သူ မစွန့်စားရဲတော့ဘူးလို့ ကိုယ့်ကိုပြောဖူးတယ် ကေး"ဟု ကျွန်တော် က ဆက်ပြော သည်။

"ကျွန်မ သိတယ်၊ ဒါပေမဲ့ ဒီတစ်နည်းပဲ မျှော်လင့်ချက် ရှိတော့တယ်လို့ သူ ဆုံးဖြတ်လိုက်တယ်နဲ့ တူတယ်၊

ဘာပဲဖြစ်ဖြစ်လေ တစ်ခုခု ထူးရင် ကျွန်မ ဖုန်းဆက်ပြီး ပြောပါ့မယ်"ဟု ကေးက ပြန်ပြော သည်။ ဘားခန်းထဲမှာ ညသန်းခေါင်တိုင်အောင် ကျွန်တော်ထိုင်နေခဲ့သည်။ ထို့နောက်မှ အခန်းသို့ ပြန် တက်ခဲ့သည်။ လသာဆောင်မှာ ထွက်ထိုင်ရင်း တယ်လီဖုန်းခေါင်းလောင်းသံကိုသာ နားစွင့်နေမိ သည်။ အခြား အခန်းမှ ဖုန်းမြည်သံ ကြားသောအခါ ခုန်ထမိတော့မလို ဖြစ်သွားသည်။

မတတ်နိုင်တော့သည့် အဆုံးတွင် အိပ်ရာထဲသို့ ဝင်လှဲနေမိသည်။ စူဇီသေပြီထင်သည်။ ကျွန်တော့် ကို ဖုန်းဆက်ဖို့ သူတို့ မေ့နေကြဟန်တူသည်။ ဆေးရုံသို့ ဆက်ကြည့်ရန် ဖုန်းကိုကောက်ကိုင်မိ သည်။ ပြီးတော့မှ ပြန်ချထားခဲ့သည်။

ကျွန်တော် တစ်မှေးမှ အိပ်မပျော်ပါ။ အခန်းထဲသို့ လင်းအရုဏ်၏ ရောင်ခြည်ဦး ဝင်လာသည်။ နေ့ သစ် တစ်နေ့ မွေးဖွားလေပြီ။ သို့သော် စူဇီ၏ အသစ်မွေးဖွားလာသည့် နေ့သစ်ကလေးကို မြင်တွေ့ မသွားရ ရှာတော့ဟု ကျွန်တော် တွေးနေမိသည်။

အိပ်ရာမှထပြီး လသာဆောင်သို့ ထွက်ခဲ့သည်။ ဟောင်ကောင်မြို့ကြီးသည် အသက်ဝင်လှုပ်ရှားစ ပြုနေပြီ။ ကိုလုန်း ဘက်ကမ်းသို့ ကူးသည့် ကူးတို့သင်္ဘော ပထမခေါက် ထွက်ခွာသွားသည်ကို မြင် ရသည်။ ခရီးသည် တွေက သင်္ဘောလက်တန်းနားမှာ ရပ်ရင်း ဟိုဟိုသည်သည် လက်ညှိုးထိုးပြနေ ကြသည်။

ရုတ်တရက် ကျွန်တော် ပျော်သွားသည်။ စူဇီ မသေဟူသော အသိဝင်လာသည်။ တစ်ခုခုဖြစ်လျှင် သူတို့ သေချာပေါက် ဖုန်းဆက်မည်။ ယခု မဆက်ခြင်းအားဖြင့် စူဇီ နေကောင်းနေသောကြောင့် သာ ဖြစ်ရမည်။ မုတ်ဆိတ်ရိတ်၊ ရေချိုး၊ အဝတ်အစားလဲပြီး ပိုက်ဆံအလုံအလောက်ပါ ယူခဲ့သည်။ စူဇီအတွက် ပန်း တွေ ဝယ်သွား ပေးရမည်။ တံခါးပေါက်နားသို့အရောက်တွင် တယ်လီဖုန်းခေါင်းလောင်းမြည်သံ ကြားရသည်။

တံခါးဖွင့်လျက်သားဖြင့် ကျွန်တော် ကြောင်ပြီး ရပ်နေမိသည်။ တယ်လီဖုန်းကိုလည်း ငေးကြည့်နေမိ သည်။ နောက်ထပ် ခေါင်းလောင်းသံကြားရသည်။ အကြာကြီး မြည်နေသည်။ ရပ်သွားသည်။ ကျွန် တော် နေရာမှ ရွေ့မရသေး။ နောက်ထပ် မြည်ပြန်သည်။ သည်တစ်ခါတော့ အော်ပရေတာက စိတ်မရှည် တော့သည့် ဟန်မျိုးဖြင့် မနားတမ်း ဆက်ကာဆက်ကာ မြည်နေသည်။ ကျွန်တော် ကောက်ကိုင်လိုက်သည်။ အော်ပရေတာ၏အသံကို ကြားရသည်။ တစ်ဆက်တည်း ကေး၏အသံ ကြားရသည်။

"ဟယ်လို...ဟယ်လို...ရောဘတ်လား"
"ဟုတ်ပါတယ်၊ ဟယ်လို..."
"အိုး...ရောဘတ်ကိုး၊ ရှင့်ကို သတင်းကောင်းပြောမလို့၊ သွေးသွင်းတာ အောင်မြင်သွားပြီ၊ ဒီနေ့ မနက် သူ သိပ်ကို လန်းနေတယ်၊ ဟယ်လို...ဟယ်လို ကြားရရဲ့လား"
"ကြားပါတယ် ကေး၊ ကိုယ် နားထောင်နေပါတယ်"

တန်းစီပြီး ဓာတ်ရထား စောင့်နေသူတွေ တစ်ပြုံကြီး မြင်ရသည်။ အငှားကားလည်း တစ်စီးမှမတွေ့။ ထို့ကြောင့်

ဆေးရုံသို့ လန်ချာစီးပြီး လာခဲ့ရသည်။ ဆေးရုံရောက်တော့ ကျွန်တော့်တစ်ကိုယ်လုံး ဖောချွေး တွေ ပျံနေသည်။ ဆံပင်တွေလည်း ရွဲနေသည်။ ဆေးရုံပေါ် သို့ အပြေးတက်သွားရာ အမျိုးသမီး တစ်ယောက် နှင့် တိုက်မိမလို ဖြစ်သွားသေးသည်။
စူဇီကိုတွေ့တော့ ကျွန်တော် ဝမ်းသာအားရရယ်မိသည်။ သူ့နဖူးကလေးကိုလည်း ကုန်းနမ်းမိ သည်။

"မင်္ဂလာပါမောင်ရေ၊ ကျွန်မ ဒီနေ့ သိပ်နေကောင်းတာပဲ မောင်ရယ်"
"စူဇီ...မင်း သိပ်လှတာပဲ"
"ဟုတ်တယ် မောင်၊ ဒီတစ်ခါ သွေးသွင်းရတာ ကျွန်မစိတ်ထဲမှာ ဘယ်လိုမှ မနေဘူး၊ ဒီတစ်ခါသွေး ကတော့ လူကောင်း တစ်ယောက်ရဲ့ သွေးတွေနဲ့ တူတယ်၊ ဟုတ်တယ် မောင်၊ ဒီတစ်ခါ သွင်းတဲ့ သွေးက သိပ်ကောင်းတာပဲ"

## အခန်း(၈)

(၁)

" စူဇီ.......ဆရာဝန်ကပြောတယ်၊ မင်းဆေးရုံကဆင်းပြီးရင် မောင်တို့ တောင်ပေါ်စခန်း တစ်ခုမှာ သွားနေနိုင်ရင်ကောင်းမယ်တဲ့၊ ဂျပန်ပြည်မှာ မင်းနေချင်သလားဟင်၊ မောင် အဲဒီကို ပြန်သွားပြီး ပန်းချီဆွဲချင် တယ်၊ အင်မတန်လှတဲ့ တောင်တွေလည်း အများကြီးရှိတယ်"

" ဟုတ်ကဲ့မောင်၊ ကောင်းမှပါ၊ ကျွန်မတို့ ဂျပန်ကို တန်းသွားမှာလား" စူဇီက တုံ့ဆိုင်း ဆိုင်း ပြန်မေးသည်။

" ဟုတ်တယ်၊ ဟောင်ကောင်းကနေပြီး ဂျပန်ကို မောင်တို့ တန်းသွားကြမယ်"

စိတ်ပျက်သည့်အမှုအရာမပေါ် အောင်သူကြိုးစားဟန်ဆောင်နေသည်။ ပထမဆုံးခရီးအဖြစ် အင်္ဂလန်ကို သွားချင်ကြောင်း ကျွန်တော်သိပါသည်၊ လန်ဒန်ကို သူမြင်ချင်လှပြီ။ ပစ်ကယ်ဒလီ ဆက်ကပ်။ ပြီးတော့ ဆိုင်ကြီးတွေ၊ နောက်ပြီးတော့ ဘုရင်မ၊ ဒါတွေကို သူ မြင်ချင်လှပြီ။

သို့သော်လည်း ကျွန်တော်ခေါ် သွားနိုင်မည် မဟုတ်ပါ။ စူဇီသည် အမျိုးကောင်းသမီး ကလေး တစ်ယောက် ဖြစ်ကြောင်း ကျွန်တော် ဟန်ဆောင်ရတော့မည်။ လိမ်ညာရတော့မည်။ အဖြစ်မှန်ကိုသိသွားရင် "ခင်ဗျား ကြားပြီး ပြီလား"ဟု လူတွေက အချင်းချင်း လက်တို့ကြမည်။ ထို့ကြောင့် စူဇီကိုခေါ်ပြီး အင်္ဂလန်ကို သွားလို့မဖြစ်ပါ။
သို့သော်လည်း လန်ဒန်တွင် ကျွန်တော့် ပန်းချီကားများကို ပြပွဲခင်းကျင်းပြသဖို့ အစီအစဉ် ရှိသည်။ ရှိုင်းအူလ်မန်က ကမကထပြုလုပ်မည်။ ကျွန်တော့်ကိုလည်း ပြပွဲတွင် ရှိနေစေချင်သည်။ အင်္ဂလန်သို့ သွားနိုင် သည့် ငွေကြေးလည်း ကျွန်တော့်မှာ အလုံအလောက်ရှိနေပါသည်။

တစ်ညတွင် ထိုအကြောင်းကို ကျွန်တော်စဉ်းစားနေမိသည်။ စူဇီသွားလိုသည်ဆိုပါက ပြီးတော့ ထိုအဖြစ်များ ကို ရင်ဆိုင်ရဲသည့်သတ္တိလည်း သူ့မှာရှိနေသည်ဆိုပါက ဘာကြောင့် မသွားဘဲနေရမည်နည်း။

ကျွန်တော်တို့ အင်္ဂလန်သွားပြီး ရက်သတ္တခြောက်ပတ် နေမည်ဖြစ်ကြောင်း နောက်နေ့တွင် စူဇီကို ဆေးရုံမှာ ကျွန်တော် ပြောပြလိုက်တော့သည်။

နောက်သုံးလကြာတော့ ဆေးရုံမှ စူဇီဆင်းသည်။ ရောဂါလည်း ကင်းကင်းရှင်းရှင်း ပျောက်ပြီ။

သင်္ဘောစီးပြီး အင်္ဂလန်သို့ ကျွန်တော်သို့ လာခဲ့ကြသည်။ နွေဦးရာသီတွင် အင်္ဂလန်သို့ ကျွန်တော်တို့ ရောက်သွားကြသည်။

ရှိုင်းအူလ်မန် စီစဉ်ပေးသည့် ဖူလ်ဟမ်လမ်းမှ စတူဒီယိုတွင် ကျွန်တော်တို့ နေကြသည်။ စတူဒီယိုထဲမှာ အိမ်ထောင်ပရိဘောဂ အပြည့်အစုံရှိသည်။

ပထမတစ်ပတ်မှာတော့ ကျွန်တော် ပန်းချီမဆွဲနိုင်ပါ။ စူဇီနှင့်အတူ မြို့လုံးပတ်လည် သွားလာကြည့်ရှု နေသည့်အတွက် ပန်းချီမဆွဲချိန်မရပါ။ လန်ဒန်မျှော်စင်၊ ဂက်စ်မင်းစတာအက်ဘေး၊ စိန့်ပေါလ် ဘုရားရှိခိုး ကျောင်း၊ တိရစ္ဆာန်ရုံစသည်များကို စိတ်ဝင်စားစွာကြည့်သည်။ သည်လို ကြည့်နေရသည့် အတွက် လည်း သူအလွန်ပျော်နေပုံ ရပါသည်။

ပြဇာတ်လည်း ကြည့်ကြသည်။ ရုပ်ရှင်လည်း ကြည့်ကြသည်။ စောစောပိုင်းက ပြဇာတ်များ ကိုဒါလောက်မကြည့်ဖြစ်ပါ။ ဇာတ်ကောင်းများ ပြောဆိုသည့် စကားလုံးများကို စူဇီ နားမလည်မည် စိုးသောကြောင့် ဖြစ်ပါသည်။ နောက်ဆုံးတော့ ဂါတာလူးလမ်းရှိ အိုးလ်ဗစ်ဇာတ်ရုံသို့ သူကိုခေါ် သွားသည်။ ဟင်းမ်လင်ပြဇာတ်ကို ဝင်ကြည့်ကြသည်။

ပြဇာတ်အကြောင်းကို သူနားလည်းအောင် ကျွန်တော် ရှင်းပြသောအခါ သူသိမ်မကြိုက်ပါ။ " မြင်ပါတယ်၊ ကျွန်မမှာ မျက်စိရှိတာပဲ" ဟု ပြန်ပြောတတ်သည်။ အားလပ်ချိန်ပေးသောအခါ ပြဇာတ်အကြောင်းကို ပြန်သုံးသပ် သည်။

" အဲဒီလူကြီး အရမ်းစိတ်သောက ရောက်နေတယ်၊ ကျွန်မ သေသေချာချာ သဘော ပေါက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာလည်း သူ့လိုပဲ အင်မတန်ဆိုးတဲ့ ဦးလေးတစ် ယောက်ရှိခဲ့တယ် မဟုတ်လား၊ ဒါကြောင့် ကျွန်မတွေးနေမိတယ်၊ အဖေဟာ ပင်လယ်ထဲမှာ သင်္ဘောနဲ့နစ်သွားတာ မဟုတ် ဘူးလို့၊ အမေ့ကိုလိုချင်လို့ ဦးလေးက အဖေ့ကို သတ်ပစ်တာ ဖြစ်နိုင်တယ်လို့၊ အမေက ဒီအကြောင်း ကိုသိပေမယ့် ဦးလေးကို လက်ထပ်လိုက်ရတယ်လို့၊ ဒီအဖြစ်တွေကိုလည်း ကျွန်မ သိနေတယ် လို့ တွေးကြည့်လိုက်မိတယ်၊ အဲဒီအတိုင်းဆိုရင် ကျွန်မ လည်းအရမ်းသောကရောက်ရမှာပဲ၊ အဲဒီဇာတ်လိုက် လိုပဲ ရူးသွားမိမှာပဲ"

" ဒီလိုဆိုရင် ဘာလုပ်မလဲ၊ ဘာဖြစ်ရင်ကောင်းမယ်လို့ မင်းထင်သလဲ"

" အင်မတန်းဆိုးတဲ့ သူ့ဦးလေးကို ဇာတ်လိုက်က သတ်ပစ်လိုက်ရင်ကောင်းမယ်၊ ဒါပေမဲ့ သူ့အမေကိုတော့ မသတ်ရဘူး၊ အဲဒါကို ကျွန်မ စိတ်ပူနေတာပဲ၊ သူက စဉ်းစားရမယ်၊ အမေဟာ အမှား တွေကို ကျူးလွန် တယ်၊ ဒါပေမဲ့ သူဟာ ငါ့အမေပဲ၊ ငါ့ကို နို့ချိုတိုက်ကျွေးခဲ့တယ်၊ ဒါကြောင့် အမေ့ကိုတော့ ငါ မသတ်နိုင် ဘူး တွေ့ရမယ်"

" စူဇီရယ်.........ကောင်းလိုက်တဲ့ စိတ်ကူးကလေးကွာ"

" ဒီစာရေးဆရာမှာ အင်မတန် စိတ်ထားနုလုံးထားကောင်း ရှိတယ်၊ အားလုံးကို သူနား လည်းတယ်၊ ဟောကို အပေါ်ထပ်မှာများ သူရှိနေမလား မသိဘူး"

စူဇီကပြောရင်း အပေါ်ထပ်သို့ မော့ကြည့်သည်။

ကျွန်တော် အားပါးတရ ရယ်မိသည်။ ပြီးတော့မှ ထိုပြဇာတ်ကို ရေးသည့် စာရေးဆရာကြီး ရှိတ်စပီးယား ကွယ်လွန် ခဲ့သည်မှာ နှစ်ပေါင်း သုံးရာလောက် ရှိသွားပြီဖြစ်ကြောင်း ရှင်းပြရသည်။

ဘုရင်မကို သူအရမ်းမြင်ချင်တွေ့ချင်နေသည်။ ဘုရင်မကို မမြင်ရဘဲနှင့်တော့ အင်္ဂလန်က မပြန်ဟု ဆိုနေသည်။ တစ်ညတွင် ကိုးဗင့်ပန်းခြံသို့ ဘုရင်မ ရောက်လာဖို့ရှိသည်။ ကျွန်တော်တို ကလည်း စောင့်နေကြ သည်။ သို့သော်လူတွေများလွန်းသောကြောင့် မမြင်ခဲ့ရ။

ထို့ကြောင့် တိုင်းမ်သတင်းစာကို နေ့စဉ်ဂယ်ပြီ ဘုရင်မ၏ အသွားအလာ အစီစဉ်များကို ရှာဖွေဖတ်ရသည်။ တစ်နေ့တွင် မြို့တွင်းရှိ ဧည့်ခံပွဲတစ်ခုသို့ ဘုရင်မတက်ရန် ရှိသည်။ ကျွန်တော် တို့နှစ်ယောက် ဘက်ကင်ဟမ်နန်တော်သို့ အစောကြီးလာကြသည်။ နန်းတော်မှ ဘုရင်မ ထွက်ခွာ သည်ကို စောင့်ကြည့်ရန်ဖြစ်သည်။

သဘောကောင်းပုံရသော ရဲသားတစ်ယောက်က ကျွန်တော်တို့ကို နေရာကောင်းကောင်း ပေးသည်။ ဘုရင်မကို ကြည့်လိုသည့် နိုင်ငံခြားသားပေါင်းစုံ လူအုပ်ကြီးလည်း ရှိနေသည်။ ဘုရင်မ စီးနင်း လိုက်ပါလာသည့် မော်တော်ကားကြီး ထွက်လာသည်။ စူဇီက ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ် ဖြင့်ကြည့် နေသည်။ ဘုရင်မက နောက်ခုံမှာ ထိုင်လိုက်သွားသည်။ အလွန်လှပါသည်။ စက္ကန့်ပိုင်း ကလေးမျှသာ မြင်လိုက် ရခြင်း ဖြစ်သည်။ လူအုပ်ကြီးလည်း ကွဲသွားသည်။ စူဇီ အကျေနပ်ကြီး ကျေနပ်နေသည်။

" တစ်ယောက်ကျန်းသေးလား"

" မာဂရက်မင်းသမီး"

ကျွန်တော် ရယ်ရပြန်သည်။ ကြိုးစားကြသေးတာပေါ့ဟု ပြန်ပြောမိသည်။ သို့သော်လည်း မာဂရက်မင်းသမီးသည် လန်ဒန်မှ ထွက်ခွာသွားကြောင်း၊ တစ်လအတွင်း ပြန်ရောက်ဦးမည် မဟုတ် ကြောင်း သတင်းစာ ထဲတွင် ဖတ်ရသည်။ စူဇီအတော်စိတ်ပျက်သွားသည်။ သို့သော် ဘုရင်ကို မြင်လိုက်ရပြီမို့ တော်သေးသည်။

ကျွန်တော်တို့ အင်္ဂလန်ရောက်ပြီး သုံးပတ်အကြာတွင် အူလ်မန်စီစဉ်သည့် ကျွန်တော့်ပန်း ချီပြပွဲ စတင်ဖွင့်လှစ်သည်။ ဆောက်သ် အော်ဒရေလမ်းရှိရှိုင်းအူလ်မန်၏ ပြပွဲခန်းမှာ ကျင်းပခြင်း ဖြစ်သည်။ ပန်းချီကားအားလုံးသည် ဟောင်ကောင်မှာ ဆွဲခဲ့သည့် ကားများချည်းဖြစ်သည်။ အများဆုံးကတော့ စူဇီ၏ ကားများ ဖြစ်ပါသည်။

နမ်ကောက်ဟိုတယ်မှာ စူဇီနှင့် သဘော်သားများ တွေ့ဆုံကြသည်ကို ထောင့်မျိုးစုံမှ ရေးဆွဲထားသည်။ စူဇီ၏ အတိတ်ဘဝနှင့် ပတ်သက်ပြီး ဘာမှဟန်ဆောင်စရာ မလိုပါ။ ဖုံးကွယ်နေစ ရာမလိုပါ။

ပြပွဲဖွင့်သည့်နေ့တွင် စူဇီ တက်သင့်သည်ဟု မတင်ကြောင်း ကျွန်တော်က ပြောပြသည်။ စိတ်ထိန်းနိုင်ဖို့ ခက်ခဲသောကြောင့် ဖြစ်သည်။ သို့သော်လည်း ပြပွဲမဖွင့်မီ တစ်ရက်တွင် စူဇီသည် တစ်နေကုန် စဉ်းစား နေသည်။ ဖွင့်ပွဲနေ့မနက်ရောက်တော့ ဘေးကွဲတရုတ် ဂါဝန် နှစ်ထည်ကိုယူပြီး ကျွန်တော့်ကို လာပြသည်။

"ဘယ်ဟာဝတ်ရင် ကောင်းမလဲမောင်"

"မင်းလိုက်ဖို့ မတော်ဘူး စူဇီ"

"လိုက်မယ်"

"အဲဒီလိုဆိုရင် အငါကလေးက ပိုကောင်းမယ်၊ မောင်တို့ လက်ထပ်တဲ့နေ့က ဝတ်တာလေ"

သို့သော်လည်း ပြပွဲရှိရာသို့ တက္ကစီနှင့် လာကြသည့် လမ်းတစ်လျှောက်တွင် သူ့စိတ်တွေ ဖောက် လာသည်။ မတည်မငြိမ် ဖြစ်လာသည်။ နောက်ဆုံးတွင် သူ မလိုက်နိုင်တော့ကြောင်း၊ သည်နေရာမှ ဆင်းပြီး ပြန်တော့ မည်ဖြစ်ကြောင်း ပြောသည်။ ကျွန်တော်က ဒရိုင်ဘာကို ကားရပ်ခိုင်းလိုက်သည်။ ပြပွဲထဲမှာ ကျွန်တော်တို့ ခဏထိုင်ပြီး စကားနည်းနည်းပါးပါး ပြောရုံကလေးသာ ဖြစ်ကြောင်း သူ့ကို ရှင်းပြသည်။

"ဟင့်အင်း...ဟင့်အင်း...ကျွန်မ ပြန်ချင်တယ်၊ ကားထဲက ဆင်းပါရစေ၊ ပြန်ပါရစေ၊ ကျွန်မ စိတ်မ ကောင်းပါဘူး မောင်ရယ်၊ ဒါပေမဲ့ ကျွန်မကြောက်တယ်၊ ကျွန်မရှက်တယ်" သူ့စိတ်ကို မထိန်းနိုင်တော့ဘဲ ကြောက်လန့် တကြီး ပြောနေသည်။

"ဘာမှရှက်စရာမလိုပါဘူး စူဇီ၊ မင်းဟာ လူတိုင်းလိုပဲ လူကောင်းတစ်ယောက်ပါပဲ"

"ဟင့်အင်း...ကျွန်မရှက်တယ်၊ သူတို့က ယမ်ယမ်ကောင်မကလေးလို့ ပြောကြလိမ့်မယ်၊ ဒါ မှန် လည်း မှန်တယ်၊ ကျွန်မက လူကောင်းမှမဟုတ်ဘဲ"

ထိုအခိုက် ကျွန်တော်တို့အနားမှ ဖြတ်လျှောက်သွားသော အမျိုးသမီးတစ်ယောက်ကို ကျွန်တော် က မေးငေါ့ပြသည်။ အလယ်အလတ်တန်းစား အမျိုးသမီးဖြစ်သည်။

"ဟောဟို အမျိုးသမီးကို မြင်တယ်မဟုတ်လား၊ မင်းလည်း သူနဲ့အတူတူပါပဲ၊ သူ့လိုပဲ မိန်းမကောင်း

တစ် ယောက်ပါ စူဇီ"
"မဟုတ်ဘူး"

"မင်းဟာ မိန်းမကောင်းတစ်ယောက်ပါ စူဇီ၊ မင်းဘဝ ဘာဖြစ်ခဲ့ဖြစ်ခဲ့ အခုကောင်းနေဖို့ အရေးကြီးတယ်၊ အခု မင်းဟာ မိန်းမကောင်းပဲ၊ မင်းဘဝအမှန်ကို ဖုံးကွယ်မထားဘူး၊ ဟန်မဆောင် ဘူးဆိုတဲ့ သတ္တိကိုက ဘယ်လောက်တန်ဖိုးရှိသလဲ၊ ဘယ်လောက်ဂုဏ်ယူဖို့ကောင်းသလဲ၊ မင်း ကိုယ်မင်း ဂုဏ်ယူစမ်းပါ စူဇီ"
နောက်ဆုံးမှာတော့ သူ တဖြည်းဖြည်း ပြုံးလာသည်။ တရုတ်လူမျိုးတို့၏ ထုံးစံအတိုင်း ကိုယ့်ကို မတ်မတ်ထိုင်လိုက်သည်။ မာန်မာနတွေ ဂင်လာသည်။ မျက်နှာကို ချီထားသည်။

ပြပွဲခန်းထဲသို့ ကျွန်တော်တို့ ဂင်သွားသောအခါ ကြွန္တေရရကြီးဖြင့် ဂင်သွားနိုင်သည်။ ပြပွဲခန်းထဲ ရောက်တော့ ကျွန်တော့်အနားမှ သူ မခွာ။ ကျွန်တော်က သူ့လက်ကို တင်းတင်းဆုပ်ထားသည်။ တစ်ချိန်လုံး မလွှတ်တမ်း ဆုပ်ကိုင်ထားမိသည်။ တစ်ခါတရံတော့ သူ့လက် တောင့်တောင့်ကြီးဖြစ် သွားသည်ကို ခံစား ရသည်။ သို့သော်လည်း မျက်လုံးအစုံနှင့် မျက်နှာကမူ အလွန်တရာ တည်ငြိမ် နေသည်ကို တွေ့ရသည်။

အူလ်မန်က လူပေါင်းများစွာနှင့် ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။ စူဇီသည် လူ အားလုံးကို ရဲရဲတင်းတင်း ရင်ဆိုင်ကာ မျက်လုံးချင်း ဆိုင်ကြည့်ပုံ့သည်။ အမျိုးသမီးကြီး တစ် ယောက်က စူဇီကို လာနှုတ်ဆက်သည်။
"မင်းကို မနာလိုလိုက်တာကွယ်၊ မင်းရဲ့ ဘဝအတွေ့အကြုံတွေကို တကယ်ပဲ မနာလိုဖြစ်မိတာပါ၊ မင်းရဲ့ ဘဝအကြောင်းကို သိရတော့ ဒေါ်ဒေါ်ဖြင့် ကိုယ့်ဘဝဟာ ပိုပြီး ကျဉ်းမြောင်းသွားသလားလို့ တောင် ထင်ရတယ်၊ အခန်းတစ်ခုခုထဲမှာ အလုံပိတ်ထားတာ ခံနေရသလိုပဲ"

ဆံပင်ဖြူဖြူနှင့် အဘွားကြီးတစ်ယောက်ကလည်း စူစီအလွန်ချောမောလှပကြောင်း လာပြောသည်။
"သမီးဟာ အင်မတန် ချောတာပါပဲကွယ်၊ ဒါပေမဲ့ ဒီပန်းချီကားတွေက မင်းရဲ့ တကယ့်အလှကို မမီသေးဘူး"
ထိုစကားကြားတော့ စူဇီက ကျွန်တော့်ဘက် လှည့်လာသည်။

"ဟုတ်တယ်၊ မောင် မိအောင်မဖမ်းနိုင်ဘူး၊ မောင့်ပန်းချီကားတွေ တစ်ကားမှ မမီဘူး"ဟု ပြော သည်။ ထိုစကား မှန်ပါသည်။ ယခုပြပွဲတင်သော စူဇီ၏ကားများသည် နမ်ကောက်ဟိုတယ်သို့ ကျွန်တော် ရောက်သည့် စောစောပိုင်းအချိန်များတုန်းက ရေးဆွဲခဲ့သည့် ကားများဖြစ်သည်။ အမှန်တော့ စူဇီ၏ အလှသည် ယခုမှပိုပြီး ပွင့်လန်းလာခဲ့သည်။ အထူးသဖြင့် ထောင်ကျ၊ ဆေးရုံတက်၊ ရောဂါပျောက် ကင်းပြီးမှ မိန်းမပီသသော သူ၏အလှက ပိုမိုထူးခြားလာခဲ့သည်။

ထိုအဘွားကြီးက စူဇီ၏ပုံတူပန်းချီကားနှစ်ချပ်ကို ဂယ်သည်။

"ကျွန်မ ကြိုက်လှလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တစ်နေ့မှာ ရှင့်ပန်းချီကားတွေဟာ သိပ်အဖိုးတန်လာလိမ့်မယ်"ဟုလည်း ပြောသည်။
ကြည့်ရှုသူတွေ ပြန်သွားကြသည်။ ရှိုင်းအူလ်မန်က ကျွန်တော်တို့ဆီ လျှောက်လာသည်။ သူ့မျက်နှာကြီး ပြုံးနေသည်။
"အောင်မြင်တယ်၊ သိပ်ကိုအောင်မြင်တယ်၊ ဟောဟိုမှာ အနီပိုင်းကလေးတွေ ကပ်ထားတဲ့ကားတွေ ဘယ်လောက်များသလဲ၊ ကြည့်လိုက်စမ်းပါ၊ ခင်ဗျားအရမ်းအောင်မြင်သွားပြီ"ဟု ပြောသည်။
ဂယ်ယူပြီးကြောင်း အမှတ်အသားအဖြစ် ပန်းချီကားဘောင်ပေါ်တွင် အနီပိုင်းကလေးများ ကပ်ထားသော ပန်းချီ များက များပြားလှသည်။
"ဒီကနေ့ တကယ်အောင်မြင်တာကတော့ စူဇီပါဗျာ"ဟု ကျွန်တော်က ပြောသည်။

"ဟုတ်ပါတယ်၊ တစ်ပိုင်းတော့ မှန်ပါတယ်၊ လူတိုင်းက စူဇီ အင်မတန်လှကြောင်း ပြောကြပါတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ ပန်းချီကားတွေက ကောင်းလွန်းလို့ပါ"
အမှန်တော့ ယနေ့ လူပုံအလယ်တွင် စူဇီ မည်မျှထိ အောင့်အည်းသည်းခံနိုင်စွမ်းရှိခဲ့သည်ကို သူ မသိပါ။ ယခုတော့ စူဇီ အောင်မြင်သွားပါပြီ။ လူတွေနှင့် မျက်နှာချင်းဆိုင်ရဲသွားပါပြီ။ စူဇီနှင့်ပတ်သက်ပြီး ကျွန်တော် အများကြီး ဂုဏ်ယူလိုက်မိပါသည်။ စိတ်လည်း ချမ်းသာသွားပါပြီ။

ပန်းချီပြပွဲ ဖွင့်ပြီးသည့်နေ့မှစ၍ ကျွန်တော်တို့မှာ ဧည့်ခံပွဲတွေမပြတ် တက်ရတော့သည်။ တစ်ခါ တစ်ရံ တစ်နေ့ တည်းမှာပင် သုံးလေးပွဲလောက် ဆက်တက်နေရသည်။ ဧည့်ခံပွဲတစ်ခုတွင် အမျိုး သမီးကြီး တစ်ယောက် ၏ စော်စော်ကားကား မေးမြန်းခြင်းကို တစ်ကြိမ်ခံခဲ့ရဖူးသည်။

နမ်ကောက်တွင် စူဇီနှင့် ဆက်ဆံခဲ့ဖူးသည့် သင်္ဘောသားတစ်ယောက်ယောက်နှင့် လန်ဒန်မှာဆုံ လျှင် ဘာလုပ်မည်နည်းဟု စူဇီကို သူကမေးသည်။ ပိုင်းထဲမှာ ရှိနေကြသူများအားလုံး ကြက်သေ သေသွားကြသည်။ အံ့အားသင့်ခြင်း၊ အားနာခြင်းများကြောင့် စကားမပြောနိုင်ကြအောင် ဖြစ်သွား သည်။ သို့သော် စူဇီက-

"လွယ်ပါတယ်ရှင်၊ 'ဟယ်လို-ဂွတ်မောနင်း'လို့ ပြောလိုက်ရုံပေါ့"ဟု ပြန်ဖြေသည်။
တစ်ပိုင်းလုံး အံ့းခနဲ့ ပွဲကျသွားသည်။ အမှန်တော့ စူဇီသည် ဟာသနှောလိုက်ခြင်း မဟုတ်ပါ။ ရုတ်တရက် မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စော်ကားမော်ကား မေးခွန်းကြောင့် အရှက်ကြီးရှက် သွားသည်။ ထို့ကြောင့် ပါးစပ်ထဲမှာ တွေ့ရာကို ပြောချလိုက်ခြင်း ဖြစ်သည်။ သို့သော် အများက တော့ စူဇီမှာ တခ်နပ္ပတ္တိ ဉာဏ်ရှိကြောင်း မှတ်ချက်ချကြသည်။

ပြပွဲ၏အောင်မြင်မှုကြောင့် ကျွန်တော် လူရာဝင်လာသည်။ နေရာတကာမှာ အလေးပေးခံရသည်။ လူတိုင်းက ကျွန်တော့်အမည်ကို သိလာကြသည်။ ကျွန်တော့်ပန်းချီကားများကိုလည်း လှိုက်လှိုက်လှဲလှဲ ချီးကျူးကြသည်။ သည်လို ကြုံလာရသောအခါ ကျွန်တော်ကိုယ်တိုင်လည်း စိတ်ကြီးဝင်လာမိသည်။ တယ်တော်တဲ့ ငါပါလား၊ တယ်ဟုတ်ကဲ့ ငါပါလားဟူသော အတွေးမျိုးကိုလည်း ကျွန်တော့်ဘဝတွင် ပထမဦးဆုံးအကြိမ်အဖြစ်နှင့် တွေးမိ ပါတော့သည်။

ထိုမျှမကသေး။ ပန်းချီအကြောင်းနှင့် ပတ်သက်၍လည်း ကောင်းကောင်းပြောနိုင်လာသည်။ ယခင် က ပန်းချီဆွဲရုံသာဆွဲသည်။ ပန်းချီအကြောင်း မပြောတတ်။ ယခုတော့ အများသူငါနှင့် အချေ အ တင် ဆွေးနွေးနိုင်လာသည်။ "ကျွန်တော့်စိတ်ထဲမှာ ခံစားလာရတာကလေးကို သရုပ်ပေါ်အောင် ရေးဆွဲကြည့်တာပါ ခင်ဗျာ"ဆိုတာမျိုးတွေ မရှိတော့။ အနုပညာသဘော၊ အတွေးအခေါ်သဘော၊ ခံစားချက်သဘောများကို ရွှန်းရွှန်းဝေအောင် ပြောနိုင်လာသည်။

ညှော်ခံပွဲတိုင်းတွင် ကျွန်တော်သည် ပင်တိုင်ဖြစ်နေသည်။ အဓိကနေရာမှာ ရောက်နေသည်။ လူတိုင်းပြောသည့် အကြောင်းအရာသည် ကျွန်တော်ဖြစ်နေသည်။ ကျွန်တော့်ပန်းချီကားများ ဖြစ်လာ သည်။ သည်လိုဖြင့် ကျွန်တော်သည် အရေးကြီးသောပုဂ္ဂိုလ်ဖြစ်လာသည်။ သာမန်လူတစ်ယောက် မဟုတ်တော့။ သာမန် ပန်းချီဆရာ မဟုတ်တော့။

တစ်ညတွင် အူလ်မန်၏အိမ်မှာ ညှော်ခံပွဲတစ်ခုလုပ်သည်။ ထုံးစံအတိုင်းပင် ထိုညှော်ခံပွဲသည်လည်း ကျွန်တော့်အကြောင်းများနှင့်သာ ဖုံးလွှမ်းနေသည်။ အမျိုးသမီးများ အခြားအခန်းတွင် သွားရောက်အနားယူ နေကြခိုက် ရုပ်မြင်သံကြား ထုတ်လွှင့်သူတစ်ယောက်နှင့် ကျွန်တော်စကားပြောနေသည်။ ရုပ်မြင် သံကြားမှ ကျွန်တော်ထုတ်လွှင့်ရန် သူက အဆိုပြုသည်။ "ပန်းချီအကြောင်း ကျွန်တော်တို့ ဆွေးနွေးကြတဲ့အခန်းမျိုး လွှင့်ရင် ကောင်းမယ်ဗျာ"ဟု သူက ပြောသည်။

ကျွန်တော်ကမူ အချိန်နောက်ကျသွားပြီဖြစ်ကြောင်း၊ လွန်ခဲ့သည့် တစ်လလောက်ကသာ ယခုလိုကမ်းလှမ်း မည်ဆိုက အဆင်ပြေနိုင်စရာရှိကြောင်း၊ ယခုမူ ကျွန်တော်တို့ ဟောင်ကောင်မှတစ်ဆင့် ဂျပန်သို့သွားဖို့ သုံးရက်သာလိုတော့ကြောင်း၊ လေယာဉ်ပျံလက်မှတ်လည်း ယူထားပြီးပြီဖြစ် ကြောင်း ပြန်ပြော လိုက်သည်။
"အင်း...ကျွန်တော့်အနေနဲ့ ခင်ဗျားကို ဖွတ်မတိုက်တွန်းလိုပါဘူး၊ ဒါပေမဲ့ အနုပညာရှင်တစ်ယောက်ဟာ သူ့ပရိသတ်ကို မထီမဲ့မြင် မလုပ်သင့်ပါဘူး၊ နောင်ရေးအတွက်ပါ စဉ်းစားကြည့်မယ်ဆိုရင် လန်ဒန်မှာ ခင်ဗျားကြာကြာနေနိုင်လေ ကောင်းလေပါပဲ၊ ရုပ်မြင်သံကြားကနေပြီး ပန်းချီအကြောင်း ဆွေးနွေးဖို့ဆိုတာ အင်မတန်ကောင်းတဲ့ အခွင့်အရေးပါ"ဟု အူလ်မန်က ဝင်ပြောသည်။
ခဏကြာတော့ စူဇီရောက်လာသည်။ ကျွန်တော်က အကျိုးအကြောင်း ပြောပြသည်။ စူဇီ က

ထက်ထက် သန်သန် တော့ မရှိလှ။ သို့သော်-
"မောင့်သဘောပဲလေ"ဟု ပြန်ပြောသည်။

"ဟော...တွေ့တယ်မဟုတ်လား၊ ခင်ဗျားအမျိုးသမီးကလည်း သဘောတူနေပြီပဲ"ဟု အူလ်မန်က အားတက် သရော ပြောသည်။
အူလ်မန်ကပင် လေယာဉ်ရုံးသို့ ဖုန်းဆက်ပြီး ကျွန်တော်တို့ ကြိုတင်လက်မှတ်ယူထားသည်ကို ပယ်ဖျက် ပေးရန် အကြောင်းကြားသည်။
အိမ်ပြန်လာကြတော့ စူဇီသည် တစ်လမ်းလုံး တိတ်လာသည်။ ကျွန်တော်ကတော့ ရုပ်မြင်သံကြားမှ လွှင့်ခွင့်အတောင်းခံရသည့်အတွက် ဝမ်းသာမဆုံး၊ စိတ်ကြီးဝင်မဆုံး ဖြစ်နေသည်။
နောက်နေ့တွင် ဆွဲလက်စတန်းလန်း ဖြစ်နေသော စူဇီ၏ ပုံတူကားကို ကျွန်တော်ဆက်ရေးဆွဲနေ သည်။ လန်ဒန်သို့ရောက်နေခိုက် ထိုတစ်ကားတည်းသာ ကျွန်တော် ရေးဆွဲဖူးသည်။ စူဇီသည် မနေ့တုန်းကနှင့် မတူ။ ယနေ့ အတော်ကလေး ရွှင်ပျနေသည်ကို တွေ့ရသည်။ ထို့ကြောင့် အကျိုးအကြောင်း မေးကြည့် မိသည်။

"မောင့်ကို ဒီကနေ့ ကျွန်မ သဘောကျတယ်၊ ဆေးရောင်နဲ့ စွန်းပေနေတဲ့ အဲဒီဝတ်စုံကြီးဝတ်ပြီး မောင် အလုပ်လုပ်နေရင် ကျွန်မ သိပ်သဘောကျတယ်"
"ဘယ်အခါမျိုးမှာ မောင့်ကို သဘောမကျတာလဲ"
"မောင် စကားပြောနေတဲ့အခါမျိုးပေါ့၊ လူတွေနဲ့အတူ ထိုင်ပြီး မဆုံးနိုင်အောင် စကားပြောနေတဲ့ အခါမျိုးမှာ မောင့်ကို သဘောမကျဘူး"
လူတွေနှင့်ပန်းချီအကြောင်း ပြောဆိုဆွေးနွေးခြင်းမှာ မှန်ကြောင်း၊ အရှေ့ဖျားတိုင်းပြည်တွင် အချိန် ကာလ ကြာမြင့်စွာ ပန်းချီရေးဆွဲနေရာမှ ယခုကိုယ့်တိုင်းပြည် ပြန်လာပြီး ကိုယ့်လူမျိုးများနှင့် စကား ပြောရသည်မှာ အရသာထူးကြောင်း၊ ကိုယ်နှင့်စကားပြောနေသူများကလည်း ကိုယ့်ပန်းချီကားကို သဘောကျသူများ ဖြစ်နေသည့်အတွက် ပိုကောင်းကြောင်း ကျွန်တော်က ပြောပြသည်။
"ကျွန်မကတော့ ဒီလိုမထင်ဘူး၊ အင်္ဂလန်ရောက်တော့ မောင် စိတ်ကြီးဝင်လာတယ်၊ လူတွေအများ ကြီးနဲ့ တွေ့နေတယ်၊ စကားတွေအများကြီးပြောနေတယ်၊ မောင့်ရင်ထဲမှာ ဒါတွေကို အသည်းစွဲ ဖြစ်နေပြီ"

"မင်းစိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကိုရော မင်းသိသလား စူဇီ၊ မင်း မနာလိုဖြစ်နေတယ်၊ ဧည့်ခံပွဲ တွေမှာ မောင် အောင်မြင်နေတာကို မင်း မနာလိုဖြစ်နေတယ်၊ မိန်းမချောကလေးတွေက မောင် တော်ကြောင်း လာပြီးချီးကျူးစကား ပြောနေကြတာတွေကို မင်း မနာလိုဖြစ်နေတယ်"ဟု ကျွန်တော်က ပြန်ပြော သည်။
စူဇီက ခေါင်းကိုခါယမ်းနေသည်။

"ဒီသဘောမျိုး မဟုတ်ပါဘူးမောင်၊ မောင့်စိတ် ပြောင်းလဲသွားတာကို ပြောတာပါ၊ မှန်ထဲမှာ မောင့်မျက်လုံးတွေကို သွားပြန်ကြည့်စမ်းပါ"ဟု ပြောသည်။
ထိုညက ကျွန်တော် တော်တော်နှင့်အိပ်မပျော်ပါ။ ကျွန်တော်၏ လက်ရှိအဖြစ်နှင့် စူဇီ၏ ပြောစကားများကို ပြန်စဉ်းစား ကြည့်နေမိသည်။ အောင်မြင်မှုများကြောင့် ကျွန်တော် စိတ်ကြီးဝင်လာမိသည်မှာ မှန်သည်။

စိတ်ကြီးဝင်လာရာမှ အလုပ်လုပ်ခြင်းအစား စကားတွေသာ အများကြီး ပြောလာသည်။ ဖန်တီးတီထွင်ခြင်း အစား ဂေဖန်ရေးတွေသာ လုပ်နေမိသည်။
ထိုအသိ ဝင်လာသည်နှင့် တစ်ပြိုင်တည်း ကျွန်တော် အလွန်တရာ တုန်လှုပ်သွားမိပါတော့သည်။ သည်အဖြစ်ဆိုးကြီးထဲမှ အချိန်မနှောင်းမီ ရုန်းထွက်မှ ဖြစ်ပေတော့မည်။ ကျွန်တော် မီးထဖွင့်သည်။ ပြီးတော့ စူဇီကိုနှိုးသည်။

"စူဇီ...မောင် တကယ်ရှုံးခဲ့တာပဲ၊ နည်းနည်းမှ အသုံးမကျတာတွေကို လုပ်ခဲ့မိတာပဲ"
"ဘာလဲ မောင်၊ ဘာဖြစ်တာလဲ"ဟု စူဇီက ဘာမှန်းမသိ ညာမှန်းမသိ မေးသည်။
"မင်းမှန်တယ် စူဇီ၊ မောင်ဟာ ဒီမှာနေပြီး မောင့်ကိုယ်မောင် ပြန်ဖျက်ဆီးနေတာပဲ၊ မောင်တို့ ဒီမှာ လုံးလုံးမနေသင့်တော့ဘူး၊ လုံးဝ ဆက်မနေသင့်တော့ဘူး"
"မောင် ရုပ်မြင်သံကြားလွှင့်ဖို့ အစီအစဉ် ဘယ်လိုလုပ်မလဲ"
"ဖြစ်ချင်ရာဖြစ်ပစေ၊ ကျောခိုင်းလိုက်ရုံပေါ့"

"ဒါပေမဲ့ မောင် စကားပြောချင်တယ် မဟုတ်လား၊ ရုပ်မြင်သံကြားလွှင့်ချင်တယ်မဟုတ်လား၊ ဂျပန် မှာ ဒီအခွင့် အရေးမျိုး မောင် ရမှာမဟုတ်ဘူး"
"မောင် စကားမပြောချင်ဘူး၊ ပန်းချီဆွဲချင်တယ်"ဟု ကျွန်တော်က ပြန်ပြောလိုက်မိသည်။
နောက်နေ့မနက်တွင် လေယာဉ်ရုံးသို့သွားပြီး ကျွန်တော်တို့ လက်မှတ်များကို ပြန်ယူလိုက်သည်။ နောက် ငါးရက်ကြာတော့ နမ်ကောက်ဟိုတယ်မှာ ကျွန်တော်တို့ ပြန်ရောက်နေကြပြီ။

(၂)
နမ်ကောက်ဟိုတယ်တွင် သည်လိုအဖြစ်အပျက်မျိုးကို တစ်ကြိမ်တစ်ခါမှ ကျွန်တော် မမြင်တွေ့ခဲ့ရဖူးပါ။ စူဇီပြန်ရောက်လာသည့်အတွက် အမျိုးသမီးအားလုံး ဂမ်းသာလုံးဆို့နေကြသည်။ သူတို့ အလုပ်မှန်သမျှ အားလုံးကို စွန့်ပစ်ထားလိုက်ကြသည်။ သင်္ဘောသားများကို ကျောခိုင်းပြီး ကျွန်တော်တို့စားပွဲမှာ လာခိုင်း နေကြသည်။ သူတို့ ပိုင်းနေသောကြောင့် ကျွန်တော်တို့မှာ အသက်ရှုပင် ကျပ်နေတော့သည်။

"သင်္ဘောသားတွေက ဘယ်လောက်ခေါ်ခေါ် သူတို့မထ။ သို့သော်လည်း "အထီးကျန်ခုနစ်ရက်"

သီချင်း ဆုံးသွားတိုင်း ထိုသီချင်းပြန်ဖွင့်ရန် ပိုက်ဆံသွားထည့်ဖို့တော့ ဘယ်သူမှမမေ့။ ကျွန်တော်တို့နှစ်ယောက် ၏ အထိမ်းအမှတ် သီချင်းဖြစ်သောကြောင့် အဆက်မပြတ် ဖွင့်ပေးနေခြင်းဖြစ် သည်။

အမျိုးသမီးတိုင်းအတွက် လက်ဆောင်ပစ္စည်းများကို စူဇီ ယူလာခဲ့သည်။ သူတို့ရသည့် လက်ဆောင်ပစ္စည်းများကို စူဇီယူလာခဲ့သည်။ သူတို့ရသည့် လက်ဆောင်ပစ္စည်းထုပ်ကလေးများ ကို ဖြေကြည့်ရင်း အံ့သြမဆုံး၊ ဂမ်းသာမဆုံး ဖြစ်နေကြသည်။ ကျွန်တော်တို့ ပိုင်းထဲသို့ လာမထိုင် သူမှာ ဒေါရစ်ပူး တစ်ယောက်သာ ရှိသည်။ ထောင့်တစ်ထောင့်မှ စားပွဲတစ်လုံးတွင် သူတစ်ယောက် တည်း သွားထိုင ်နေသည်။ အားနေသည့် အမျိုးသမီးမှာ သူတစ်ယောက်တည်း ဖြစ်သောကြောင့် သဘော်သား တွေက သူ့အနားမှာ ပိုင်းနေကြသည်။

သဘော်သားတစ်ယောက်နှင့် အပေါ်ထပ်တက်ဖို့ ထိုင်ရာမှ သူ ထသောအခါ စူဇီက လှမ်းခေါ် သည်။ အခြားအမျိုးသမီးများက လမ်းဖယ်ပေးသည်။
"ငါ ဘာမှမလိုချင်ဘူး၊ ဒါက ဘယ်သူ့အတွက်လဲ"ဟု သံပြတ်ဖြင့် မေးသည်။

"ရှင့်အတွက်လေ၊ ရှင့်အတွက် လန်ဒန်က ယူလာခဲ့တဲ့လက်ဆောင်ပါ" ဒေါရစ်ပူးက အထုပ်ကလေးကို စိတ်မပါသလိုဖြေသည်။ အထဲက သားရေအိတ်ကလေး ထွက်လာ သည်။ "ဒေါရစ်ပူး" ဟူသော အမည်ကိုလည်း ရွှေစာလုံးနှင့် ရေးထားသည်။ ဒါကိုမြင်တော့ သူ မအံ့သြဘဲ မနေနိုင်တော့ပါ။ အရက်မူးနေသည့် သဘော်သားက အပေါ်ထပ်ကို တက်ကြစို့ဟု လာ ခေါ်သည်။ ဒေါရစ်ပူးက ခေါင်းခါပြသည်။ အခြားအမျိုးသမီးများက သဘော်သားကို ပိုင်းတွန်းလွှတ် လိုက်ကြသည်။
"လန်ဒန်မှာ တရုတ်လူမျိုးတွေ အများကြီးရှိသလား"ဟု တိုင်ဖူးက မေးသည်။

စူဇီက ကျွန်တော်တို့ တရုတ်ဟိုတယ်မှာ ထမင်းသွားစားကြောင်း၊ စားပွဲထိုးကအစ ထမင်းချက် အထိ တရုတ်လူမျိုးတွေဖြစ်ကြောင်း၊ သို့သော်လည်း တရုတ်အစားအစာ မည်ကာမတ္တသာဖြစ် ကြောင်း ပြန်ဖြေသည်။

ဂျင်နီက လန်ဒန်တွင် တရုတ်ဘားခန်း အမျိုးသမီးတွေ၊ ကပွဲခန်းမှာ အလုပ်လုပ်သည့် အမျိုးသမီး တွေ ရှိသလားဟု မေးသည်။
"လန်ဒန်မှာ ဒါမျိုးတွေမရှိဘူး၊ လမ်းပေါ်က ကောင်မတွေပဲရှိတယ်၊ သူတို့အားလုံး အင်္ဂလိပ်မတွေ ချည်းပဲ၊ တချို့သိပ်ချောတယ်"ဟု စူဇီက ပြန်ဖြေသည်။
"ပိုက်ဆံ ကျတော့ရော ဘယ်လောက်ယူသလဲ"

"ကိုယ့်အထင်တော့ အင်း...တို့ထက် ပိုယူတယ်ထင်တာပဲ"ဟု စူဇီက ပြန်ဖြေသည်။

"မင်းထက်"ဟု ပြောမည် ပြင်လိုက်ပုံရသည်။ ပြီးတော့မှ "တို့ထက် ပိုယူတယ်"ဟု ပြောသည်။ သူ့ကိုယ်သူ လူကောင်းသူကောင်းကြီး လုပ်ပြီး သူတို့နှင့် ဘဂချင်း ခွဲမပစ်လိုသည့် သဘောမျိုးဖြစ်သည်။

"ဘုရင်မအကြောင်း ပြောပါဦး၊ ဘုရင်မကိုရော မင်း မြင်ခဲ့သလား"ဟု လီလီလောင်းက ရှေ့တိုးလာ ပြီး ဝင်မေးသည်။

"မြင်ခဲ့တယ်၊ အခု ရှင်နဲ့ကျွန်မလောက် နီးနီးကလေးကပ်ပြီး မြင်ခဲ့ရတာ၊ သိပ်ချောတာပဲ"

"ဟုတ်တယ်၊ ရုပ်ရှင်ထဲမှာ ငါ ကြည့်ဖူးတယ်" လီလီလောင်းက အခြားအမျိုးသမီးများဘက် လှည့်ပြီး ဆက်ပြောသည်။ "စူဇီပြောတာ မှန်တယ်၊ သိပ်ချောတာပဲ၊ မာဂရက်ဘုရင်မကြီးလေ" ထိုစကားကြားတော့ အားလုံးပိုင်းရယ်ကြသည်။ မာဂရက်ဘုရင်မမဟုတ်ကြောင်း၊ အယ်လီဇဘက် ဘုရင်မ သာဖြစ်ကြောင်း ဝိုင်းပြောကြသည်။

"ငါသိပါတယ်၊ ညည်းတို့ပြောပြဖို့ မလိုပါဘူး"

ကျွန်တော်က ဂွမ်နီ့ကို လှမ်းကြည့်သည်။

"ဂွမ်နီ၊ မင်းညီမလေးရော၊ သူ အိမ်ထောင်ကျသွားပြီလား"

"မကျသေးဘူး၊ ကျွန်မ ဒီမှာအလုပ်လုပ်နေတာကို ယောက်ျားလေးမိဘတွေက သိသွားတယ်လေ၊ ဒါကြောင့် စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်ပစ်လိုက်တယ်၊ ဒါပေမဲ့ အခြားတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ ်ထားတယ်၊ နောက်လထဲမှာ ဖြစ်မယ်"

"အဲဒီတော့မှာပဲ ဒီအလုပ်က မင်း အနားယူနိုင်တော့မှာပေါ့နော်" ဂွမ်နီက ခေါင်းယမ်းသည်။

"အနားမယူနိုင်သေးပါဘူး"

"ဟင်...ဘာဖြစ်လို့လဲ ဂွမ်နီ"

"အမျိုးသားက သိပ်ဆင်းရဲတယ်၊ သူတို့ကို ကျွန်မက ရှာဖွေကျွေးရမယ်၊ ကျွန်မက ရှာဖွေကျွေးမွေး ပါ့မယ် ဆိုတဲ့ စည်းကမ်းနဲ့ ညီမလေးကို သူ လက်ထပ်မှာ"

"အဖြစ်ဆိုး လှချည်လား ဂွမ်နီရယ်"ဟု စူဇီက ဝင်ပြောသည်။

"သူ ယောက်ျားရတော့မယ်လေ၊ အရေးအကြီးဆုံးက ယောက်ျားရဖို့ပဲ"ဟု ဂွမ်နီကပြောပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

ကျွန်တော်တို့ စားပွဲပတ်လည်မှာ စက္ကူစုတ်တွေ ပြန့်ကြဲနေသည်။ လက်ဆောင်ထုပ်များမှ ဖြေချလိုက်သော စက္ကူစုတ်များဖြစ်သည်။ စားပွဲပေါ်မှာ မဖွင့်ရသေးသော အထုပ်ကလေးတစ်စုံသာ ကျန်တော့သည်။ ဗုဒ္ဓဟူးလူးလူး အတွက် ကျွန်တော်တို့ ဂယ်ခဲ့သည့် ပိုက်ဆံအိတ်ဖြစ်သည်။

သို့သော် ကျွန်တော်တို့ အရောက်နောက်ကျသွားပါသည်။ ဗုဒ္ဓဟူးလူးလူးသည် လွန်ခဲ့သော အပတ်ကပင် တရုတ်ပြည်မကြီးသို့ ပြန်သွားပြီ။ သူ့အမေနှင့် အတူတူနေရင်း စက်ရုံတစ်ခုခုမှာ သော်လည်းကောင်း ဂင်ရောက်လုပ်ကိုင်တော့မည်ဟု ဆိုသည်။

"ဝွမ်နီ...ဟိုကန်တုန်ကောင်မ ဘယ်မှာနေသလဲ မင်းသိသလား၊ ဘက်တီလောင်းလေ၊ ကိုယ် ကတ်ကြေးနဲ့ ထိုးလိုက်တဲ့ ကောင်မ"ဟု စူဇီက မေးသည်။ ဝွမ်နီက ခေါင်းညိတ်ပြတော့ ဗုဒ္ဓဟူးလူး လူးအတွက် လက်ဆောင်ထုပ် ကို သူ့ဘက်သို့ တွန်းပေးလိုက်သည်။

"သူလိုချင်ရင် ဒီအထုပ် သူ့ကို ပေးလိုက်ပါ"ဟုလည်း ဆက်ပြောသည်။
"သူ့ကို မင်း ခွင့်လွှတ်လိုက်ပြီလား စူဇီ"ဟု ဝွမ်နီက ပြန်မေးသည်။
"ခွင့်မလွှတ်ပါဘူး၊ မဟုတ်တာတွေ ပြောဖူးတဲ့ ဒီကောင်မကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ဒါပေမဲ့ ဒီ ပစ္စည်းကို ကိုယ် မလိုချင်တော့ဘူး၊ စိတ်အနှောင့်အယှက်ဖြစ်သလိုပဲ၊ ဟုတ်တယ်နော် မောင်"
"တကယ် စိတ်အနှောင့်အယှက် ဖြစ်စရာပေါ့ကွယ်"

ကျွန်တော်က ဗုဒ္ဓဟူးလူးလူးအမည်အစား ဘက်တီလောင်းအမည် ပြန်ရေးခိုင်းပေးရန် ဝွမ်နီကို ဆယ်ဒေါ်လာ ထုတ်ပေးလိုက်သည်။
"ကဲ...ကိုယ်လည်း အိမ်ပြန်တော့မယ်၊ မနက်ဖြန်မနက်ကျရင် မင်းတို့ကို လေယာဉ်ပျံကွင်း လိုက်ပို့ ပေးမယ်နော်"ဟု ပြောပြီး ဝွမ်နီ ထွက်သွားသည်။
"ဝွမ်နီကလေးကို သနားလိုက်တာမောင်ရယ်၊ သူ့ညီမလေး လင်ကောင်းသားကောင်းရလို့ ဒီဘဂ ကြီးက သူ လွတ်မြောက်နေပြီလို့ ကျွန်မ ထင်နေတာ၊ ကျွန်မလိုပဲ သူလည်း ဟန်ကျနေပြီလို့ တွေး ထားမိတာ"ဟု စူဇီက စိတ်မသက်မသာဖြင့် ပြောသည်။

"ကိုင်း...အပေါ်တက်ကြစို့ စူဇီ"
အခန်းသို့ ပြန်ရောက်သောအခါ တစ်နေကုန် ပင်ပန်းထားသဖြင့် စူဇီသည် ခေါင်းနှင့်ခေါင်းအုံး ထိ သည်နှင့် တစ်ပြိုင်တည်း အိပ်ပျော်သွားတော့သည်။ ကျွန်တော်လည်း အလားတူပင် အိပ်ရာထဲ ရောက်သည် နှင့် ချက်ချင်းပင် အိပ်ပျော်သွားတော့သည်။

သို့သော် စူဇီ၏ တသိမ့်သိမ့်ငိုသံကြောင့် ကျွန်တော် အိပ်ရာမှ လန့်နိုးလာသည်။ သူ အိပ်မက် မက် နေပုံရသည်။ ထို့ကြောင့် ကျွန်တော်က လှုပ်နှိုးလိုက်သည်။ စူဇီက ကျွန်တော့ကို ကြမ်းကြမ်းတမ်း တမ်း ပြန်တွန်းပစ်သည်။
"ဘယ်သူလဲ၊ ရှင်ဘယ်သူလဲ"ဟု မေးသည်။

"မောင်ပါ"

သည်တော့မှ သူ စိတ်သက်သာရာ ရသွားပြီး ကျွန်တော့်လည်ပင်းမှာ မျက်နှာအပ်ကာ သာသာ ကလေး ရှိုက်နေပါသည်။
"ကျွန်မကို မောင် ပစ်သွားပြီထင်လို့၊ မောင် ထွက်သွားပြီလို့ အိပ်မက်မက်နေတာ"
"အခု ဘာမှမဖြစ်တော့ဘူး မဟုတ်လား၊ မောင် ဒီမှာရှိနေတာပဲကွယ်"

"ဟုတ်တယ်၊ ကျွန်မယောက်ျား...ကျွန်မယောက်ျား၊ လေယာဉ်ပျံလက်မှတ်တွေ ရှိသေးရဲ့လား ကွယ်"
"ရှိပါတယ် စူဇီ၊ မပျောက်ပါဘူး"
"သေချာရဲ့လား ကျွန်မယောက်ျားရယ်၊ မောင် ဖျောက်မပစ်လိုက်ပါဘူးနော်"

ကျွန်တော် ရယ်မိပါသည်။ ပြီးတော့ မီးထဖွင့်လိုက်သည်။ ပိုက်ဆံအိတ်ထဲမှ လေယာဉ်ပျံလက်မှတ် နှစ်စောင်ကို ထုတ်ယူပြီး သူ့ဘက်သို့ ကမ်းပေးသည်။
လေယာဉ်လက်မှတ်ကို သူ သေသေချာချာ စစ်ဆေးကြည့်ရှုနေသည်။ ကျွန်တော်တို့နှစ်ယောက်၏ နာမည်မှတစ်ပါး ဘာစာမှမဖတ်တတ်သော်လည်း စာရွက်များကို တစ်ရွက်ချင်း လှန်ကြည့်နေ သည်။
စိတ်တိုင်းကျတော့မှ ကျွန်တော့်ကို ပြန်ပေးသည်။ ကျွန်တော်က သူ့ကိုပဲ သိမ်းခိုင်းထားလိုက်သည်။
သူ့မျက်နှာလေး ပြုံးသွားပြီး လက်မှတ်နှစ်စောင်ကို ခေါင်းအုံးအောက်သို့ ထိုးထည့်ထားလိုက် သည်။
ပြီးတော့ ခေါင်းအုံးကို အားပါးတရ ဖက်ထားသည်။

သူ့မျက်နှာကလေး ငြိမ်းချမ်းနေပြန်ပါသည်။
သူ့ကို နမ်းပြီး ကျွန်တော် မီးပိတ်လိုက်မိပါတော့သည်။

**The End**

**ပြီးပါပြီ**